၁၇၂၉၀

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန
ကျမ်းပြုဌာနစု (ဘာသာပြန်)

# ဗုဒ္ဓအဘိဓမ္မာ

## စေတသိက်များအဖွင့်

အတွဲ-၁

[ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ၊ ဧကဂ္ဂတာ၊ ဇီဝိတိန္ဒြေ၊ မနသိကာရ]

ကျမ်းပြုမှူး ဦးအေးနိုင်၊ ဒု-ကျမ်းပြုမှူး ဦးညွန့်ဇော်တို့
ရေးသားပြုစုသည်။

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၂၉ ကောဇာ ၁၃၄၇ ဧပြီလ ၁၉၈၆

၁၆၂၉၀

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန
ကျမ်းပြုဌာနစု (ဘာသာပြန်)

# ဗုဒ္ဓအဘိဓမ္မာ

## စေတသိက်များအဖွင့်

အတွဲ-၁

[ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ၊ ဧကဂ္ဂတာ၊ ဇီဝိတိန္ဒြေ၊ မနသိကာရ]

ကျမ်းပြုမှူး ဦးအေးနိုင်၊ ဒု-ကျမ်းပြုမှူး ဦးညွန့်ဇော်တို့
ရေးသားပြုစုသည်။

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၂၉ ကောဇာ ၁၃၄၇ ဧပြီလ ၁၉၈၅

၄၀၀၀

၁၇၂၉၀

4000

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန
ကျမ်းပြုဌာနစု (ဘာသာပြန်)

# ဗုဒ္ဓအဘိဓမ္မာ

## စေတသိက်များအဖွင့်

အတွဲ-၁

[ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ၊ ဧကဂ္ဂတာ၊ ဇီဝိတိန္ဒြေ၊ မနသိကာရ]

ကျမ်းပြုမှူး ဦးအေးနိုင်၊ ဒု-ကျမ်းပြုမှူး ဦးညွန့်ဇော်တို့
ရေးသားပြုစုသည်။

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၂၈ ကောဇာ ၁၃၄၆ ဧပြီလ ၁၉၈၄

၁၇၂၉၀

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန
ကျမ်းပြုဌာနစု (ဘာသာပြန်)

# ပုဂ္ဂလ ပညတ် အဘိဓမ္မာ

ဓေတသိက်များအဖွင့်

အတွဲ–၁

[ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ၊ ဧကဂ္ဂတာ၊ ဇီဝိတိန္ဒြေ၊ မနသိကာရ]

ကျမ်းပြုမှူး ဦးဘအေးနိုင်၊ ဒု-ကျမ်းပြုမှူး ဦးညွန့်ဇော်တို့
ရေးသားပြုစုသည်။

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၂၇ ကောဇာ ၁၃၄၅ ဧပြီလ ၁၉၈၄

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်တွင်
ဒုတိယ ညွှန်ကြားရေးမှူး ဦးမြင့်မောင်
( မှတ်ပုံတင်အမှတ်-၀၂၄၀၅/၀၂၅၂၈ ) က ပုံနှိပ်ထုတ်ဝေသည်။

# နိဒါန်း

## မျက်မှောက်ခေတ်နှင့် အဘိဓမ္မာ

ဗုဒ္ဓရှင်တော်မြတ်ဘုရား ဟောကြားတော်မူခဲ့သည့် ပိဋကသုံးပုံတွင် အဘိဓမ္မာပိဋကသည် သုတ္တန်ပိဋက၊ ဝိနည်း ပိဋကဘို့ထက်ပို၍ ခက်ခဲသည်၊ နက်နဲသည်၊ သဘောတရားရေးရာ တရားတော်ဖြစ်၍ သင်ကြားပို့ချသူ မလိမ္မာ မပါးနပ်လျှင် သင်ယူလေ့လာရာ၌ စိတ်ဝင်စားမှုမရှိ၊ ပျင်းရိငြီးငွေ့စရာကောင်းပေသည်၊ ထို့ကြောင့် ရှေးအခါက လူပုဂ္ဂိုလ်များ အဘိဓမ္မာကို လေ့လာလိုက်စားမှု နည်းပါးကြခြင်းဖြစ်ပေသည်။

မှန်ပါသည်၊ အဘိဓမ္မာသည် သဗ္ဗညုတဉာဏ်တော်ကြီး၏ ကျက်စားရာ တရားတော်ဖြစ်၍ နက်လည်းနက်နဲပါသည်၊ ခက်လည်း ခက်ခဲပါသည်။ သို့သော် သင်ကြားပို့ချသူ နည်းပရိယာယ်ကြွယ်ဝ၍ လိမ္မာပါးနပ်လျှင် စိတ်ဝင်စားစရာ အလွန်ကောင်းသော သဘာဝတရားကြီး ဖြစ်သည်။ ရှင်တော်ဘုရား ကိုယ်တိုင်ပင်လျှင် တာဝတိံသာ နတ်ပြည်၌ အဘိဓမ္မာတရားကို ဟောတော်မူစဉ်အတွင်းမှာပင် ကျွတ်ထိုက်သည့် နတ်ဗြဟ္မာတို့ ကျွတ်တမ်းဝင်နိုင်ရန် သုတ္တန်နည်းများကို ကြားညှပ်ကာ ဟောတော်မူခဲ့ရပါသည်။ ထို့ကြောင့် အဘိဓမ္မာတရားသည် နက်နဲခက်ခဲသော်ငြားလည်း သင်ကြားပို့ချသူ တော်လျှင် တော်သလို စိတ်ဝင်စားစရာ လေ့လာစရာကောင်းသည့် သဘာဝတရားဖြစ်သည်။

အဘိဓမ္မာကား ရုပ်အကြောင်း နာမ်အကြောင်းတို့ကို အသေးစိတ်ခွဲခြမ်းစိတ်ဖြာ၍ ဟောကြားထားသည့် တရားတော်ဖြစ်သည်။အဘိဓမ္မာကို လေ့လာလျှင် ရုပ်တရား နာမ်တရားတို့၏ သဘာဝကို အမှန်အတိုင်း သိမြင်လာသဖြင့် ရုပ်ဝါဒသမား နာမ်ဝါဒသမားဟူသော တဖက်စွန်းသို့လည်း မရောက်ရှိနိုင်၊ တွေးခေါ်မြော်မြင်ရေး အပိုင်းတွင်လည်း ထက်

မြောက်စူးရှလာနိုင်၏၊ ကမ္မဋ္ဌာန်းဘာဝနာ စီးဖြန်းရာ၌လည်း ရုပ်နာမ်တို့၏ သဘာဝကို လျင်မြန်စွာ ထိုးဖောက်သိမြင်နိုင်၏၊ တရားနာကြားသည့် အခါ၌လည်း တရားသဘောကို အဘိဓမ္မာ မတတ်သူများထက် ပိုမို နားလည် သဘောပေါက်နိုင်ပါသည်။ပဋိသမ္ဘိဒါဉာဏ်ရရန် ပါရမီမျိုးစေ့လည်း ဖြစ်ပေသည်။

ယခုမျက်မှောက်ခေတ်ကိုကြည့်လျှင် တောရောမြို့ပါ အဘိဓမ္မာ သင်တန်းများ ဖွင့်လှစ် သင်ကြားပေးလျက်ရှိသည်ကို တွေ့ရသည်။ ရန်ကုန်မြို့၌ဆိုလျှင် ဆူးလေဘုရား အဘိဓမ္မာ ပြန့်ပွားရေးအသင်း အဘိဓမ္မာသင်တန်း၊ ဝိုင် အမ် ဘီ အေ အသင်း အဘိဓမ္မာသင်တန်း၊မဇ္ဈိုသကာတိုက် အဘိဓမ္မာသင်တန်း စသော သင်တန်းများနှင့် မထင်ရှားသောအဘိဓမ္မာ သင်တန်းများ အများအပြား ရှိပေသည်။ ပြည်ထဲရေးနှင့် သာသနာရေး ဝန်ကြီးဌာန၊ သာသနာရေး ဦးစီးဌာန ကလည်း ၁၃၁၅-ခုနှစ်မှ စ၍ တနိုင်ငံလုံး အဘိဓမ္မာစာမေးပွဲများ ကျင်းပပေးခြင်း၊အောင်မြင်သူများ အား အဆင့်အလိုက် အောင်လက်မှတ်များ၊ ဆုစာအုပ်များ၊ ဆုငွေများ၊ ဆုတံဆိပ်များ ထောက်ပံ့ချီးမြှင့်ခြင်းတို့ဖြင့် အဘိဓမ္မာ လိုက်စားရေးကို အားပေးလျက်ရှိပေသည်။ ထို့ကြောင့် လူပုဂ္ဂိုလ်များ အဘိဓမ္မာကို ရှေးကထက် ပိုမိုလေ့လာ လိုက်စားလာကြသည်။

ဤကျမ်းသည် အဘိဓမ္မာကို ကျယ်ကျယ်ပြန့်ပြန့် လေ့လာလိုက်စားသူများ ဖတ်ရှုလေ့လာနိုင်ရန်အတွက် အထူးအစီအစဉ်ဖြင့် ရေးသားပြုစုထားသည့် ကျမ်းတကျမ်းဖြစ်သည်။ ဤကျမ်းကို ဖတ်ရှုလေ့လာသူတို့ လွယ်ကူစွာ နားလည်သဘောပေါက်နိုင်ရန် ပါဠိဝေါဟာရတို့ကို ရှောင်နိုင်သမျှရှောင်၍ မြန်မာစကားပြေ သက်သက်ဖြင့် ရေးသားပြုစုထားပါသည်။

ဤကျမ်းကို လေ့လာမိလျှင် ဤကျမ်းက လေ့လာဖတ်ရှုသူများအား အဘိဓမ္မာ သဘောရေးရာနှင့် ပတ်သက်၍ မည်မျှ အကူအညီပေးသည် မည်မျှအသုံးဝင်တန်ဖိုးရှိသည်ကိုကို လေ့လာသူများကိုယ်တိုင် သိရှိလာမည်ဖြစ်ပါသည်။

ဤကျမ်းမှာ အဘိဓမ္မာအဖွင့် ကျမ်းတကျမ်းဖြစ်၍ကျမ်းရင်းကို မဖတ်ရှု မလေ့လာမိ အဘိဓမ္မာပိဋကအကြောင်းနှင့်ကျမ်းရင်းလာ အကြောင်းအချို့တို့ကို စာရှုသူနှင့် မိတ်ဆက်ပေးလိုပါသည်။

## အဘိဓမ္မပိဋက

**ပိဋကမည်ပုံ**[၁]။ ။အဘိဓမ္မပိဋက ဟူသော ပုဒ်၌ ပိဋကဟူသော ပါဠိဝေါဟာရသည် "သင်ယူအပ်သော ပါဠိတော်" (ပရိယတ္တိပါဠိကျမ်း)ဟူသော အနက်အဓိပ္ပာယ်ကို ပေါ်ပြ၏။ဤအဓိပ္ပာယ်ဖြင့် အဘိဓမ္မတရားတော်များသည် သင်ယူသင့် သင်ယူထိုက်သည့် တရားတော်များဖြစ်ကြောင်း ပိဋကသဒ္ဒါက ညွှန်ပြလေသည်။ ထို့ကြောင့် အဘိဓမ္မပိဋကဆိုသည်မှာ အဘိဓမ္မပရိယတ္တိပါဠိကျမ်း (ဝါ)သင်ယူထိုက်သော အဘိဓမ္မပါဠိကျမ်းဟု ဆိုလိုပေသည်။ (ပိဋက=ပရိယတ္တိ=သင်ယူအပ်သော ပါဠိကျမ်း)။

တနည်းအားဖြင့် ပိဋကသဒ္ဒါသည် မြန်မာလို 'တောင်း'ဟု အဓိပ္ပာယ်ရသည်။ တောင်းဆိုသည်မှာ ပစ္စည်းဝတ္ထုများ ထည့်သွင်းသိမ်းဆည်းရာဖြစ်၍ ပစ္စည်းဝတ္ထုတို့၏တည်ရာမှီရာ အသုံးအဆောင်တခုဖြစ်၏။ထို့အတူ ဘုရားဟောပါဠိတော်များသည်လည်း အနက်အဓိပ္ပာယ် အမျိုးမျိုးတို့ကို ထည့်သွင်းသိုမှီး ထားရာဖြစ်၍ အနက်အဓိပ္ပာယ်များ၏ တည်ရာမှီရာ ဖြစ်သည်။ ထို့ကြောင့် ဘုရားဟောပါဠိတော်များကို တောင်းနှင့် တည်ရာမှီရာ သဘောချင်းတူ၍ ပိဋကဟု ပါဠိလို ခေါ်ဆိုထားခြင်း ဖြစ်သည်၊ (ပိဋက =ဘာဇန=တောင်း။ အနက်အမျိုးမျိုးတို့၏တည်ရာ)။

**အဘိဓမ္မာမည်ပုံ**[၂]။ ။ဗုဒ္ဓရှင်တော်ဘုရားဟောကြားတော်မူခဲ့သည့် တရားတော်များအားလုံးကို ဒုကနည်းဖြင့် အကျဉ်းချုပ်သိုက်သျှင် ဓမ္မ, ဝိနယဟူ၍ နှစ်မျိုးရသည်။ ဝိနယမှာ ဝိနည်းပိဋကဖြစ်၍ ဓမ္မတွင် သုတ္တန်ဓမ္မနှင့် အဘိဓမ္မာဓမ္မဟူ၍နှစ်မျိုးပါဝင်သည်။

---

၁။ အဘိ၊ဋ္ဌ၊၁၊၂၂။

၂။ အဘိ၊ဋ္ဌ၊၁၊၃၊ ၄။ ဓမ္မသင်္ဂဏီမူလဋီကာ၊ ၁၂။၁၃။

အဘိဓမ္မာပုဒ်တွင် အဘိ(ဥပသာဂ)ပုဒ်သည် အနက်များစွာကိုဟော သော်လည်း ဤနေရာ၌ "သာလွန်သော၊ ထူးဆန်းသော"ဆိုသည့် အနက် နှစ်မျိုးကိုသာ ဟော၏။ ဓမ္မသဒ္ဒါသည် သဘာဝအနက်၊ ပရိယတ္တိအနက် စသည်ဖြင့် အနက်များစွာကို ဟောသော်လည်း ဤနေရာ၌ သင်ယူအပ် သောပါဠိ(ပရိယတ္တိ)ဟူသောအနက်ကိုဟော၏။ထို့ကြောင့် အဘိဓမ္မာဆို သည်မှာ"သာလွန်သောပါဠိ၊ထူးဆန်းသောပါဠိ"ဟုအဓိပ္ပာယ်ရသည်။

ဓမ္မနှစ်မျိုးရှိသည့်အနက် သုတ္တန်ဓမ္မထက် သာလွန်သောဓမ္မ(ဝါ)သုတ္တန် ဓမ္မထက် ထူးဆန်းသောဓမ္မ ဖြစ်သောကြောင့် ပါဠိလိုအဘိဓမ္မ၊ မြန်မာလို "အဘိဓမ္မာ"ခေါ်သည်ဟု ဆိုလိုပါသည်။ အချုပ်ဆိုရသော် အဘိဓမ္မာ ဟူသည် ဓမ္မအမျိုးအစားချင်းတူသော သုတ္တန်ဓမ္မထက် သာလွန်သော ပါဠိတော် (ဝါ) ထူးဆန်းသော ပါဠိတော်ပင်ဖြစ်သည်။ (အဘိ=သာလွန် သော၊ ထူးဆန်းသော+ဓမ္မ=သင်ယူထိုက်သည့်ပါဠိ)။

မှန်၏၊ အဘိဓမ္မာပါဠိတော်သည် သုတ္တန်ပါဠိတော်ထက် သာလွန်၏၊ ထူးလည်းထူးဆန်း၏။ ဤနေရာ၌ သုတ္တန်ပါဠိတော်ထက် ပိုမိုရှည်လျား သည်ကို သာလွန်သည်ဟု ဆိုပေသည်။ ထူးဆန်းသည်ဆိုသည်မှာ အဘိ- ဓမ္မာပါဠိတော်သည် သုတ္တန်ပါဠိတော်ကဲ့သို့ သုတ္တန်နည်းတနည်းတည်းဖြင့် သာ ဟောကြားသည့် ပါဠိတော်မဟုတ်၊ သုတ္တန်နည်း၊ အဘိဓမ္မာနည်း၊ အမေးအဖြေနည်းဟူသော နည်းသုံးနည်းတို့ဖြင့် ဆန်းဆန်းကြယ်ကြယ် ဝေဖန်ပိုင်းခြားဟောကြားထားသည့် ပါဠိတော် ဖြစ်၍ သုတ္တန်ပါဠိတော် ထက် ထူးဆန်းသောပါဠိတော်ဟု ဆိုခြင်းဖြစ်ပေသည်။

သုတ္တန်တရားတော်များမှာ ကျွတ်ဆိုက်သည့် ဝေနေယျသတ္တဝါတို့၏ အဇ္ဈာသယ, ဝါသနာ, စရိုက်တို့အလိုက် ထိုက်သင့်သလို ဟောကြား ထားသည့် အစိတ်အပိုင်း တရားတော်မျိုးဖြစ်သည်။ ခန္ဓာ, အာယတန, ဓာတ်, သစ္စာ, ဣန္ဒြေ, ဗိုလ်, ဗောဇ္ဈင်, မဂ္ဂင်စသောတရားတို့ကို ဟောကြား ရာ၌ ပြည့်ပြည့်စုံစုံ ဟောကြားတော်မမူပဲ တရားနာပုဂ္ဂိုလ်တို့နှင့် လျော်ရုံ

တစိတ်တဒေသအားဖြင့်သာ ဝေဖန်ဟောကြားတော်မူသည်။ တခါတရံ တဂါထာတည်းဖြင့် သို့မဟုတ်နှစ်ဂါထာ၊ သုံးဂါထာမျှလောက်ဖြင့်လည်း သုတ္တန်တရားတပုဒ် ပြီးဆုံးသွားသည်လည်း ရှိပေသည်။

အဘိဓမ္မာတရားတော်များမှာမူ သုတ္တန်တရားတော်များကဲ့သို့ သတ္တဝါတို့၏ အဇ္ဈာသယ, ဝါသနာ, စရိုက်တို့ကိုမလိုက်ပဲ သဘာဝတရားသက်သက်ကိုသာ ပဓာနထား၍ ဟောကြားထားသည့် တရားတော်မျိုးဖြစ်သည်။ ဘုရားရှင်သည် အဘိဓမ္မာတရားတော်များကို ဟောကြားတော်မူရာတွင် သဗ္ဗညုတဉာဏ်တော် အစွမ်းရှိတိုင်း သဘာဝလောကဓာတ်တခုလုံးကို မွှေနှောက်ချောက်ချားလျက် ခန္ဓာ,အာယတနစသော တရားတို့၏ သဘာဝဖြစ်စဉ်ကို သုတ္တန်နည်း၊ အဘိဓမ္မာနည်း၊ အမေးအဖြေနည်းဟူသော နည်းသုံးနည်းတို့ဖြင့် အကြွင်းအကျန်မရှိ အကုန်အစင် ဝေဖန်ပိုင်းခြား ဟောကြားတော်မူပါသည်။

အဘိဓမ္မာတရားတော်များသည် ကျမ်းအားဖြင့် ၇-ကျမ်းရှိသော်လည်း တနေရာတည်း၌ တထိုင်တည်းဖြင့် တခုတည်းသောပရိသတ်အား တဆက်တည်း ဟောထားသော တရားရှည်ကြီး တပုဒ်သာဖြစ်၏။ အဘိဓမ္မာတရားတော်များကို အစမှ အဆုံးတိုင်အောင် ဆက်တိုက် နာကြား ရမှ အရေလည်၏။ နားလည်သဘောပေါက်နိုင်၏၊ တပိုင်းဖြတ်ဟောခြင်း၊ တပိုင်းဖြတ်နာကြားခြင်းတို့ဖြင့် အဘိဓမ္မာတရားတော်များကို သဘော မပေါက်နိုင်၊ အရေမလည်နိုင်၊ ကုသလတိက်တခုကို ဓမ္မသင်္ဂဏီကျမ်းမှ အစ ပြု၍ ဟောကြားတော်မူလျှင် 'တန္ဒယ်ငင်၊ တခင်ပါ'ဆိုသကဲ့သို့ ခုနစ်ကျမ်း မြောက်ဖြစ်သော ပဋ္ဌာန်းကျမ်းကြီးသို့ရောက်မှ ကုသလတိက်၏ သဘော အဓိပ္ပာယ်များ အားလုံး ပြီးဆုံးတော့၏။

အဓိပ္ပာယ်မှာ– အဘိဓမ္မာ သဘာဝတရားတခုကို ဟောမည်ဆိုလျှင် ဓမ္မသင်္ဂဏီနည်းတနည်းမျှဖြင့်ဟော၍ အဓိပ္ပာယ်မပြည့်စုံနိုင်၊ ဝိဘင်းနည်း၊ ဓာတုကထာနည်း၊ ပုဂ္ဂလပညတ်နည်း၊ ကထာဝတ္ထုနည်း၊ ယမိုက်နည်း၊

ပဋ္ဌာန်းနည်းတို့ဖြင့် နည်းပေါင်းစုံခင်း၍ သဘာဝတရားစဥ်ရှိသည့်အတိုင်း သဗ္ဗညုတဉာဏ်တော်အဟုန်ကို အစွမ်းကုန်လွှတ်ကာ ဟောကြားတော်မူပါမှ သဘောတရားတခု၏ အဓိပ္ပာယ်အားလုံး ပြီးပြည့်စုံနိုင်သည်ဟု ဆိုလိုပါသည်။

ထို့ကြောင့် ရှင်တော်ဗုဒ္ဓသည် အဘိဓမ္မာတည်းဟူသော တရားရှည်ကြီးကို လူ့ပြည်၌ မဟာပဲ တာဝတိံသာနတ်ပြည်သို့တက်၍ ဝါတွင်း သုံးလပတ်လုံး ဣရိယာပုထ်တခုတည်းဖြင့် ဟောကြားတော် မူရသည်။ လူသားတို့အဖို့ ဝါတွင်းသုံးလပတ်လုံး ဣရိယာပုထ်တခုတည်းဖြင့် တရားအဆုံးနာယူရန် မည်သို့မျှတတ်နိုင်မည် မဟုတ်ပါချေ။ နတ်ဗြဟ္မာတို့သာ အစမှအဆုံးအထိ ဣရိယာပုထ်တခုတည်းဖြင့် နာကြားနိုင်ကြပါသည်၊ ဝါတွင်းသုံးလဆိုသည်မှာ တာဝတိံသာနတ်တို့ အရေအတွက်အားဖြင့် မိနစ်ပိုင်းမျှသာ ကြာပေသည်။

ဤသို့ဆိုသဖြင့် မြတ်စွာဘုရားသည် အဘိဓမ္မာတရားတော်ကို လူ့ပြည်၌ မဟောကြားခဲ့ဟု မမှတ်ယူသင့်ချေ။ ထိုဝါတွင်း၌ပင် ရှင်တော်ဘုရားသည် လူ့ပြည်၌လည်း ဓမ္မသေနာပတိရှင်သာရိပုတ္တရာအား အဘိဓမ္မာတရားကို နည်းရရုံ အကျဉ်းချုပ်နည်းပေး ဟောကြားတော်မူခဲ့ပါသည်။ တရားစစ်သူကြီးရှင်သာရိပုတ္တရာက မိမိ၏အတူနေ တပည့်ရင်း ငါးရာတို့အား ထိုအဘိဓမ္မာတရားကို လူ့လောကနှင့်တန်ရုံ မကျဉ်းမကျယ် တဆင့်ဟောကြားပို့ချခဲ့ပါသည်။ ယခုရှိနေသော အဘိဓမ္မာပိဋကကား တရားစစ်သူကြီး ရှင်သာရိပုတ္တရာ ဟောကြားပို့ချခဲ့သည့် ပိဋကပင်ဖြစ်ပါသည်။

ပရမတ္ထဒေသနာ။　　။အဘိဓမ္မာတရားတော်များသည် ဝိနည်းကဲ့သို့ အာဏာကို အများဆုံးအသုံးပြုသည့် အာဏာဒေသနာမျိုး၊ သုတ္တန်ကဲ့သို့ ဝေနေယျတို့၏ အသိဉာဏ်နှင့်တိုက်ဆိုင်ညီညွတ်သည့် ဝေါဟာရအသုံးအနှုန်းများကို အများဆုံးဦးစားပေးဟောကြားသော ဝေါဟာရဒေသနာမျိုးမဟုတ်ချေ။ အမှန်စင်စစ်ဖြစ်ပျက်နေသည့်

ပရမတ္ထသဘာဝတရားများကို ဖြစ်စဉ်အတိုင်း အကြွင်းမရှိပြည့်စုံစွာ ဟောကြားတော်မူခဲ့သော "ပရမတ္ထဒေသနာ"မျိုးဖြစ်ပေသည်။

**ယထာဓမ္မသာသနာ။** ။သာသနာဆိုသည်မှာ ဘုရားရှင်တို့၏ အဆုံးအမ တရားတော်ဖြစ်သည်။ ဘုရားရှင်၏ အဆုံးအမ တရပ်ဖြစ်သော အဘိဓမ္မာတရားတော်သည် ဝိနည်းအဆုံးအမတရားတော်ကဲ့သို့ လွန်ကျူးသည့်အပြစ်အားလျော်စွာ ဆုံးမပညတ်ထားသည့်'ယထာ-ပရာဓသာသနာ'[၁] မျိုးလည်းမဟုတ်၊ သုတ္တန်အဆုံးအမတရားတော်ကဲ့သို့ သတ္တဝါတို့၏ ဝါသနာဒိုက်အားလျော်စွာ ဆုံးမလမ်းညွှန် သွန်သင်ထားသော'ယထာနုလောမသာသနာ'[၂] မျိုးလည်းမဟုတ်။ အနုန်စဝင်စစ် ခန္ဓာ ငါးပါး ရုပ်နာမ်ဓမ္မအစုသ္မှ ငါဟူသောဟူ[illegible] ငါ့ဥစ္စာဟူသော[illegible] အတ္တဂ္ဂါဟိဟူသော ဒိဋ္ဌိတို့ကို ဖြုန်ခွဲနိုင်[illegible] ရုပ်နာမ်[illegible] သဘာဝဖြစ်စဉ်ကိုသိမြင်နိုင်စေရန် သဘာဝ[illegible]အားလျော်စွာဆုံးမတော်မူသည့်'ယထာဓမ္မသာသနာ'[၃] မျိုးဖြစ်ပေသည်။

**နာမရူပပရိစ္ဆေဒကထာ။** ။ဖြစ်ပျက်ကြီးငယ်အ[illegible] စေရန် [illegible] သတ်မှတ် ပညတ်ထားရာဖြစ်၍ ဝိနည်း[illegible] "[illegible]-ကထာ"[၄]ဟု ခေါ်၏။

အယူဝါဒအမျိုးမျိုးတို့ကို လက်ခံယုံကြည်ယားကြသူ[illegible] ကို သန္တာန်၌ ရစ်ပတ်ထုံးဖွဲ့နေသော မိစ္ဆာဒိဋ္ဌိ [illegible]ပါးတို့ကို ဖြေရှင်းဟော ကြားရာဖြစ်၍ သုတ္တန်တရားတော်ကို "[illegible]" [illegible]ဟုခေါ်သည်။

၁။ ယထာ=အားလျော်စွာ+အပရာဓ=အပြစ်+သာသနာ=[illegible]အမ။

၂။ ယထာ = အားလျော်စွာ+ [illegible] [illegible] = သာသနာ = အဆုံးအမ။

၃။ ယထာ = အားလျော်စွာ+ဓမ္မ=[illegible]

၄။ [illegible] = ငယ်သော[illegible]ထိန်း[illegible] + [illegible] ကထာ ဟောကြား[illegible]တရား။

၅။ ဒိဋ္ဌိ=မှားသော အယူဝါဒ+ဝိနိဝေဌန [illegible]

## [က] ဗုဒ္ဓအဘိဓမ္မာ စေတသိက်များ အဖွင့်

အဘိဓမ္မာတရားတော်ကား ဝိနည်းတရား, သုတ္တန်တရားများနှင့် မတူ၊ ပုဂ္ဂိုလ်, သတ္တဝါစသည့် အပေါ်ယံပညတ်ကို ဖောက်ထွင်း၍ အတွင်းခံတတ်ဖြစ်သည့် ရုပ်တရား၊ နာမ်တရား နှစ်ပါးတို့ကို ကွဲကွဲ ပြားပြား ပိုင်းခြား သိမြင်နိုင်စေရန် နည်းလမ်းအမျိုးမျိုးတို့ဖြင့် ဟောထားသည့်တရားတော် ဖြစ်သည်။ ထို့ကြောင့် အဘိဓမ္မာတရားတော်သည် " နာမရူပပရိစ္ဆေဒကထာ" ဟူသော နာမည်ထူးကို ရပေသည်။

ဤသို့ သုတ်, ဝိနည်း, အဘိဓမ္မာဟူသော တရားသုံးမျိုးကို ဟောပုံ ဟောနည်းအားဖြင့်လည်းကောင်း (ဒေသနာ)၊ ဆုံးမပုံ ဆုံးမနည်းအား ဖြင့်လည်းကောင်း (သာသနာ)၊ ဟောကြားထားသည့် တရားတော်အား ဖြင့်လည်းကောင်း (ကထာ)၊ နှိုင်းယှဉ်ဝေဖန်ပြခြင်းသည် အဘိဓမ္မာ တရားတော်၏ ထူးခြားသည့် ဂုဏ်အင်္ဂါများကို ပို၍သိမြင်လာစေရန် ဖြစ်ပေသည်။

### အဘိဓမ္မာ ၇-ကျမ်း

ကျမ်းအမည်များ။ ။ထိုအဘိဓမ္မာတရားတော်သည် တနေ့ရာတည်း၌ တခုတည်းသော ပရိသတ်အား ဤလရိယာပုထ်တခု တည်းဖြင့် ဆက်တိုက် ဟောကြားထားသည့် တရားရှည်ကြီးတပုဒ် ဖြစ်သော်လည်း ဟောပုံ ဟောနည်း ကွဲပြား ခြားနားရကား ဟောနည်း အားလျော်စွာ–

(၁) ဓမ္မသင်္ဂဏီ

(၂) ဝိဘင်း (ဝိဘင်္ဂ)

(၃) ဓာတုကထာ

(၄) ပုဂ္ဂလပညတ် (ပုဂ္ဂလပညတ္တိ)

---

၃။ နာမရူပ=နာမ်နှင့်ရုပ်ကို+ပရိစ္ဆေဒ=ပိုင်းခြားကြောင်း+ကထာ=တရား။

(၅) ကထာဝတ္ထု
(၆) ယမိုက် (ယမက)
(၇) ပဋ္ဌာန်း (ပဋ္ဌာန)

ဟူ၍ ကျမ်းပေါင်း ၇-ကျမ်းရှိသည်၊

ဓမ္မသင်္ဂဏီ။ ။ထိုတွင် ဓမ္မသင်္ဂဏီကျမ်းဆိုသည်မှာ ကုသိုလ်စသည့် သဘာဝ တရားတို့ကို ကောင်းမွန် ပြည့်စုံစွာ ရေတွက်ပြသောကျမ်း (ဝါ) အကျဉ်းချုပ် ဟောတော်မူသောကျမ်းဖြစ်သည်။ (ဓမ္မ=သဘော တရား+သင်္ဂဏီ=ကောင်းစွာ ရေတွက်ပြခြင်း)။

ဓမ္မသင်္ဂဏီကျမ်း၌ စိတ်, စေတသိက်စသည့် သဘာဝတရားတို့ကို ဤ ရွေ့ ဤမျှ ရှိသည်ဟု အပြည့်အစုံ ရေတွက်ပြသား၏။ အမှန်အားဖြင့် ဤ ကျမ်းသည် ကျန်အဘိဓမ္မာ ခြောက်ကျမ်းတို့၏ ခေါင်းစဉ်မာတိကာပင် ဖြစ်သည်။ ဓမ္မသင်္ဂဏီကျမ်း၌ ချမှတ်ထားသည့် ခေါင်းစဉ် မာတိကာ အတိုင်း ကျန်အဘိဓမ္မာကျမ်းများကို ဝေဖန်ဟောကြားသည်။

မာတိကာစဉ်ရာ၌ ပရမတ်တရားတို့ကို သုံးခု သုံးပုံ စု၍ တိကမာတိကာ, နှစ်ခု နှစ်ပုံစု၍ ဒုကမာတိကာဟု မာတိကာနှစ်မျိုးစဉ်၍ ဟောသည်။ ဒုက-မာတိကာ၌လည်း အဘိဓမ္မာနည်း ဒုကမာတိကာ၊ သုတ္တန်နည်း ဒုက-မာတိကာဟု နှစ်မျိုးခွဲ ဟောသည်။ တိက (တိက်) မာတိကာ ၂၂-ခုရှိ၍ ဒုက (ဒုက်)မာတိကာ ၁၄၂-ခု ရှိသည်။

ယင်းတိက်, ဒုက်တို့ကို မူထား၍–

(၁) စိတ္တုပ္ပါဒကဏ္ဍ (စိတ်စေတသိက်ပိုင်း)
(၂) ရူပကဏ္ဍ (ရုပ်ပိုင်း)
(၃) နိက္ခေပကဏ္ဍ (အကျဉ်း အရကောက်ပိုင်း)
(၄) အဋ္ဌကထာကဏ္ဍ (အကျယ် အရကောက်ပိုင်း)

ဟူ၍ အပိုင်းကြီး လေးပိုင်း ပိုင်းကာ ဟောတော်မူသည်။

ဓမ္မသင်္ဂဏီပါဠိ‌ဟောနည်းမှာ မာတိကာ ခေါင်းစဉ်အားဖြင့် အကျဉ်းချုပ် ဟောသည်ဆိုသော်လည်း ဖဿစသော နာမ်တရား, ပထဝီစသော ရုပ်တရားတို့၏ အနက်အဓိပ္ပာယ်တို့ကို အမျိုးမျိုး အစားစားသော ဝေါဟာရ ပရိယာယ်တို့ဖြင့် ထပ်ဆင့် ဝေဖန် ဟောနည်းများလည်း ပါရှိပေသည်။

ဝိဘင်း (ဝိဘင်္ဂ)။ ။ပါဠိလိုဝိဘင်္ဂကို မြန်မာလို ဝိဘင်းဟု ခေါ်သည်။ ခွဲခြမ်းစိတ်ဖြာ ဝေဖန်ပြသော ကျမ်းဟု အဓိပ္ပာယ်ရသည်။ ဓမ္မသင်္ဂဏီကျမ်း၌ ရေတွက်ပြထားသည့် မာတိကာ ခေါင်းစဉ်အပိုင်း တိက် ၂၂-တိက်နှင့် ဒုက် ၁၀၀ ဒုက်တို့ကိုပင် ခန္ဓဝိဘင်း, အာယတနဝိဘင်း, ဓာတုဝိဘင်း, ဣန္ဒြိယဝိဘင်း, ပဋိစ္စသမုပ္ပါဒ်ဝိဘင်းစသည်ဖြင့် ခေါင်းစဉ်ကြီး ၁၈-ခုထားကာ သုတ္တန်နည်း, အဘိဓမ္မာနည်း, အမေးအဖြေနည်းဟူသော နည်းသုံးနည်းတို့ဖြင့် ခွဲခြမ်း စိတ်ဖြာ၍ အသေးစိတ် ဟောတော်မူသည်။

ဓမ္မသင်္ဂဏီကျမ်း၌ ဝေဒနာစေတသိက်ကို ၅-ပါး၊ ၆-ပါး၊ ၁၂-ပါးစသည်အားဖြင့်သာ ဝေဖန်ဟောထားသော်လည်း ဝိဘင်းကျမ်း၌မူ ဝေဒနာမျိုးပေါင်း (၁၁၇၀၇၆)ပါးအထိ ခွဲခြမ်းစိတ်ဖြာ၍ အသေးစိတ် ဟောကြားထားသည်။ သညာစေတသိက်ကိုလည်း သညာပေါင်း (၁၂၂၃၆၄)ပါးအထိ ဝေဖန်ဟောကြားထားသည်[၁]။

ဓာတုကထာ။ ။ဝိဘင်းနည်းဖြင့် ဟောကြားပြီးနောက် ထိုတရားများကိုပင် ဓာတုကထာနည်းဖြင့် ဆက်လက်ဟောကြားပါသည်။ ဓာတုကထာကား- ခန္ဓာစသော ဓာတ်တရားများကို "သင်္ဂဟောအသင်္ဂဟော" စသောနည်း ၁၄-နည်းတို့ဖြင့် တစ်မျိုးဝေဖန်ဟောကြားတော်မူပြန်သည်။(ဓာတု၊ ခန္ဓာစသော ဓာတ်တရား၊ကထာ၊ ဟောကြားသောကျမ်း)။

---

၁။ ဝိဘင်း ပါဠိတော် [illegible] ၁၁၂။

ဟောပုံအကျဉ်းမှာ-ရူပက္ခန္ဓာကိုမူတည်လျှင် ရူပက္ခန္ဓာကို ခန္ဓာမည်မျှ အာယတနမည်မျှ, ဓာတ်မည်မျှတို့ဖြင့် ရေတွက်ရမည်။မည်မျှသော ခန္ဓာ, အာယတန, ဓာတ်တို့ဖြင့်မရေတွက်ဟုလည်းကောင်း၊ ရူပက္ခန္ဓာသည် ခန္ဓာမည်မျှ,အာယတနမည်မျှ, ဓာတ်မည်မျှတို့ဖြင့် ယှဉ်သည်၊မည်မျှသော ခန္ဓာ, အာယတန, ဓာတ်တို့ဖြင့်မယှဉ်ဟုလည်းကောင်း အကျယ်ဝေဖန် ဟောကြားတော်မူသည်။

အမှန်အားဖြင့် ဓမ္မသင်္ဂဏီကျမ်း၌ ဟောကြားခဲ့သည့် တိက်,ဒုက်တို့ကို ပင် မူတည်၍ ခန္ဓာ ၅-ပါး၊ အာယတန ၁၂-ပါး၊ ဓာတ် ၁၈-ပါးတို့ကို နည်းပေါင်း ၁၄-နည်းတို့ဖြင့် စက်လှည့်ကာ ဟောကြားထားလေသည်။

ပုဂ္ဂလပညတ်။ ။ဓာတုကထာနည်းဖြင့် ဟောကြားပြီးနောက် ပုဂ္ဂလ ပညတ်နည်းကိုဆက်လက်ဟောကြားပါသည်။ပုဂ္ဂလပညတ် ဆိုသည်မှာ လူ,နတ်,ဗြဟ္မာ, ယောကျ်ား, မိန်းမစသောပုဂ္ဂိုလ်သတ္တဝါတို့ကို လူနတ်ဗြဟ္မာ စသည်ဖြင့် ခေါ်ဝေါ် ပညတ်ခြင်းဟု အဓိပ္ပာယ် ရသည်။ (ပုဂ္ဂလ=လူနတ်ဗြဟ္မာစသော ပုဂ္ဂိုလ်+ပညတ္တိ=အမည်မှည့်ခေါ် ပညတ် ခြင်း။)

ဤပုဂ္ဂလပညတ်ကျမ်း၌ ခန္ဓာပညတ်,အာယတနပညတ်,ဓာတုပညတ်, သစ္စပညတ်, ဣန္ဒြိယပညတ်ဟူသောသဘာဝပညတ်ငါးမျိုးနှင့်ပုဂ္ဂလပညတ် ဟူသော အသဘာဝပညတ်၊ ပေါင်း ပညတ် ၆-မျိုးကို ဝေဖန်ဟောကြား ပါသည်။အခြား ပညတ်များထက် ပုဂ္ဂိုလ်ပညတ်အကြောင်းကိုအကျယ် ဝေဖန် ဟောကြားထားသောကြောင့် ဤကျမ်းကို ပုဂ္ဂလပညတ်ကျမ်းဟု ခေါ်သည်။

ဓမ္မသင်္ဂဏီနည်း၊ ဝိဘင်းနည်း၊ ဓာတုကထာနည်းတို့ဖြင့် ဘုရားရှင် ဟောကြားသည့် တရားတော်များမှာ ကုသိုလ်,အကုသိုလ်, အဗျာကတ စသော ပရမတ္ထသဘာဝတရားသက်သက်တို့သာ ဖြစ်ပေသည်။ ယင်းကျမ်း များ၌ လူနတ်ဗြဟ္မာ ပုဂ္ဂိုလ်သတ္တဝါ၊ ယောကျ်ား မိန်းမစသည့် ပညတ်

တရားများကို ထင်ထင်ရှားရှား မဟောကြားခဲ့ပါချေ။ ထို့ကြောင့် အချို့ နတ်ဗြဟ္မာများအဖို့ "ကမ္ဘာလောကကြီးမှာ ပရမတ်သဘာဝတရား ချည်းသာရှိလေသလော၊ လူနတ်ဗြဟ္မာပုဂ္ဂိုလ်သတ္တဝါ ဟူသော ပညတ် တရားမရှိလေသလော"ဟု သံသယဝင်လာနိုင်စရာ ရှိပေသည်။ ပညတ်ဆို သည်မှာ အမှန်တရား မဟုတ်သောကြောင့် အသုံးကျသည့် တရားမျိုး မဟုတ်ဟူ၍လည်း ပရမတ်လွန်တဖက်စွန်းသို့ ရောက်သွားနိုင်ပေသည်။ထို့ ကြောင့် ဤသို့သော သံသယမျိုး၊ တဖက်စွန်းမျိုးသို့ မရောက်စေနိုင်ရန် ဤပုဂ္ဂလပညတ်ကျမ်းကို ဆက်လက်ဟောရခြင်းဖြစ်ပေသည်။

လောက၌ ပရမတ္ထ သဘာဝတရားချည်းသာ ရှိသည်မဟုတ်၊ ပုဂ္ဂလ ပညတ်စသည့် ပညတ်တရားများလည်း ရှိသေးသည်။ ထို ပညတ်တရား များသည် လောကီဘုံသား လူအများတို့ အညီအညွတ် အမှန်ပြု၍ ခေါ် ဝေါ် ပြောဆိုသောတရားဖြစ်သောကြောင့် သမုတိသစ္စာ အမှန်တရားမျိုး ပင် ဖြစ်၏။ အကယ်၍ ပရမတ်တဖက်စွန်းသို့ရောက်၍ အမိ, အဖ, ဆရာ သမား, သားသမီး, မောင်နှမ, မိန်းမ, ယောကျ်ားစသည့် ပညတ်များကို ပယ်လိုက်လျှင် လောကကြီးတခုလုံး စည်းမဲ့ကမ်းမဲ့ ပရမ်းပတာ လောက ကြီး ဖြစ်သွားနိုင်သည်။

အမိ အဖ ဆရာသမားတို့အား ကျေးဇူးဆပ်ခြင်း၊ ရိုသေလေးစား ခြင်း၊ သားသမီးတို့အား ကျွေးမွေးပြုစုစောင့်ရှောက်ခြင်း၊အသက်ကြီးသူ တို့အား အရိုအသေပေးရခြင်း၊ ကျေးဇူးရှင်တို့အား ကျေးဇူးဆပ်ရခြင်း၊ လှူဒါန်းပေးကမ်းခြင်း၊ သူတပါး အသက်ကို မသတ်ပါ စသည်ဖြင့် သီလ ဆောက်တည်ခြင်း၊ သတ္တဝါပညတ်ကို အာရုံပြု၍ မေတ္တာပွားမှု စသော သမထဘာဝနာပွားများခြင်း စသည်တို့သည် ပညတ်တရားပေါ် အမှီပြု၍ ဖြစ်ကြရသည်။

အယုတ်ဆုံးအားဖြင့် ကုသိုလ်,အကုသိုလ်, ခန္ဓာ, အာယတန စသော အမည်များသည်ပင် ပညတ်တရားများဖြစ်ကြလေသည်။ ဤပညတ်တရား

များ ကျေးဇူးကြောင့် ဘုရားရှင်လည်း တရားဟောတော်မူနိုင်၏၊ နတ်ဗြဟ္မာများလည်း တရားနာယူနိုင်ကြ၏။ဤသို့ ပညတ်တရားသည်လည်း သူနေရာနှင့်သူ အရေးပါ အသုံးဝင်ပေသည်။

တလောကလုံး ရုပ်နာမ်ပရမတ်တရားချည်းဖြင့် တည်ဆောက်ထားသဖြင့် အယုတ် အလတ် အမြတ် မကွဲပြားပဲ တပြေးညီစွာတည်ရှိသည်ဟု မမှတ်ယူရချေ။ သီလရှိသောပုဂ္ဂိုလ်, သီလမဲ့သောပုဂ္ဂိုလ်, ယုတ်မာသောပုဂ္ဂိုလ်, မြင့်မြတ်သောပုဂ္ဂိုလ်, ကိလေသာထူသောပုဂ္ဂိုလ်, ကိလေသာနည်းသောပုဂ္ဂိုလ်, ကိလေသာမရှိသောပုဂ္ဂိုလ် စသည်ဖြင့် အမျိုးမျိုး အစားစား ကွဲပြားမှုကို ပညတ်တရားဖြင့် သတ်မှတ်ဖော်ပြရပေသည်။

ဤသို့ လောကလူမှုရေးနယ်၌ ပညတ်တရား၏အရေးပါပုံ, အမှန်တရားဖြစ်ပုံ, ဒါနအဆင့်၊ သီလအဆင့်၊သမထဘာဝနာအဆင့်တို့၌ ပညတ်တရားကို မပယ်ရသေးပုံတို့ကိုဝေနေယျသတ္တဝါတို့ထင်ရှားကွဲပြားအောင် ပုဂ္ဂလပညတ်နည်းဖြင့် ဆက်လက်ဟောကြားရသည်။

ကထာဝတ္ထု။ ။ပုဂ္ဂလပညတ်ကျမ်းကို ဟောပြီးနောက် ကထာဝတ္ထုကျမ်းကို ဆက်လက်ဟောပါသည်။ကထာဝတ္ထုဆိုသည်မှာအယူဝါဒနှင့်ဆိုင်သော ပုဂ္ဂိုလ်ရေးရာ စသော စကားတို့၏ တည်ရာဖြစ်သောကျမ်းဟုအဓိပ္ပါယ်ရ၏။ (ကထာ=အယူဝါဒနှင့်ဆိုင်သော စကား+ဝတ္ထု=တည်ရာ)။

ဘုရားရှင်သည် ဤကျမ်းကို အပြည့်အစုံ ဟောကြားခဲ့သည်မဟုတ်။ "နောင်သောအခါ၌ ငါ့တပည့်ပညာရှိကြီး အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်သည် ဖြစ်ပေါ်လာမည့်သာသနာ့ အညစ်အကြေးတို့ကို ဆေးကြောသုတ်သင်ကာ တတိယသံဂါယနာ တင်ပေလိမ့်မည်။ ထိုအခါ ထိုအရှင်သည် ရဟန်းသံဃာများအလယ်၌ သိတင်းသုံးလျက် မိမိဝါဒဘက်က သုတ်ပေါင်းငါးရာ၊ သူတပါးဝါဒဘက်က သုတ်ပေါင်းငါးရာ၊

ပေါင်းသုတ်ပေါင်းတထောင်တို့ဖြင့် တန်ဆာဆင်ကာ ဤကျမ်းကို ဝေဖန်ဟောကြားလိမ့်မည်”ဟု မိန့်တော်မူပြီး နည်းရရုံမာတိကာမျှကိုသာ ဟောကြားထားခဲ့ပေသည်။

ဘုရားရှင်မိန့်မြွက်ထားတော်မူသည့်အတိုင်းပင် ဘုရားရှင် ပရိနိဗ္ဗာန်ဝင်စံပြီးနောက် နှစ်ပေါင်း (၂၃၅)နှစ်ကြာသောအခါ ရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်သည် ရဟန္တာတထောင်တို့နှင့်အတူ တတိယသံဂါယနာတင်ကာ ဤကထာဝတ္ထုကျမ်းကို ဘုရားရှင်ပေးခဲ့သောနည်းကိုမှီ၍ ဝေဖန်ဟောကြားခဲ့ပေသည်။

ဤကထာဝတ္ထုဟောနည်းမှာ ပြဿနာတရပ်ကို သူ့ဘက်(ပရဝါဒီမိစ္ဆာဒိဋ္ဌိ)၊ ကိုယ့်ဘက်(သကဝါဒီသမ္မာဒိဋ္ဌိ) အပြန်အလှန်အခြေအတင် မေးဖြေဟောပြောခြင်းဖြစ်သည်၊ဤကျမ်း၌မူဘည်ဆွေးနွေးဖြေရှင်းသည့်ပြဿနာရပ်ခေါင်းစဉ်(ကထာ)ပေါင်းမှာ ၂၂၆-ခုရှိပေသည်။

ဝမ္မသင်္ဂဏီ,ဝိဘင်း,ဓာတုကထာနည်းတို့ဖြင့် ပရမတ်တရားသက်သက်ကိုဟော၍ ပုဂ္ဂလပညတ်နည်းဖြင့် ပညတ်တရားကိုဟောကြားရာ မည်သည့်အတိုင်းအတာအထိ ပညတ်နည်းကိုသုံး၍ မည်သည့်အတိုင်းအတာအထိ ပရမတ်နည်းသုံးရမည်ကို တရားနာနတ်ဗြဟ္မာတို့စိတ်၌ ဝေခွဲနိုင်မည်မဟုတ်၊ သံသယအမျိုးမျိုးဝင်၍ ပြဿနာမေးခွန်းအချိုးမျိုး ပေါ်လာနိုင်ပေသည်။

ယို့ကြောင့် မြတ်စွာဘုရားဟောထားခဲ့သည့် သုတ္တန်ပါဠိတော်များ၌ မည်သည့်အရာကို ပရမတ္ထသဘာဝအထိယူရမည်၊ မည်သည့်အရာကိုပညတ်ယူရမည်ဟု ပရမတ္ထသစ္စာနှင့် သမုတိသစ္စာတို့ကိုအယူမလွဲအောင် ဤကထာဝတ္ထုအဘိဓမ္မာနည်းဖြင့် ပြန်၍ညှိနှိုင်းဟောကြားရပေသည်။

ဉပမာ– ပိမိအကျိုးစီးပွားကို ကျင့်သောပုဂ္ဂိုလ်သည်ရှိ၏ဟု ဘုရားဟော သုတ္တန်ရှိသောကြောင့် ပုဂ္ဂိုလ်သည် အမှန်တကယ်ရှိ၏ဟု ပရဝါဒိက ..ိ၏။

ထိုဟောကြားချက်မှာ သမုတိသစ္စာအားဖြင့် ဟောကြားခြင်းဖြစ်၍ ပုဂ္ဂိုလ်သည် သမုတိသစ္စာအားဖြင့်သာရှိ၏။ ပရမတ္ထသစ္စာအားဖြင့်ကား ပုဂ္ဂိုလ်ဆိုသည်မှာ လုံးဝမရှိဟု သကဝါဒီက ပြန်လည်ဖြေရှင်းပြခြင်းမျိုး ဖြစ်ပေသည်။

ယမိုက်။ ။ကထာဝတ္ထုကျမ်းကို ဟောတော်မူပြီးသည့်နောက် ယမိုက်ကျမ်းကို ဆက်လက်ဟောကြားပါသည်။ ယမိုက်ဆိုသည်မှာ ယမကဟူသောပါဠိမှ ဆင်း သက် လာ သော ဝေါ ဟာ ရဖြစ်၍ "အစုံ"ဟု အဓိပ္ပာယ်ရသည်။အနုလုံနှင့်ပဋိလုံ၊ အမေးနှင့်အဖြေ၊ သန္နိဋ္ဌာန်နှင့်သံသယ စသည်ဖြင့် အစုံအစုံဟောကြားထားသည့်ကျမ်းဟု ဆိုလိုပေသည်။(ယမက =ယမိုက်=အစုံ)။

အမှန်စင်စစ် ခန္ဓာ,အာယတန,ဓာတ်,သစ္စာစသောတရားတို့ကို–

(က) ပုဂ္ဂိုလ်အားဖြင့်လည်းကောင်း၊

(ခ) ဘုံဋ္ဌာနအားဖြင့်လည်းကောင်း၊

(ဂ) ပုဂ္ဂိုလ်,ဘုံနှစ်မျိုးရောသောအားဖြင့်လည်းကောင်း၊

ခွဲခြမ်းစိတ်ဖြာ ဝေဖန်ဟောကြားထားသည့်ကျမ်း ဖြစ်ပေသည်။

ဘုရားရှင်သည် အထက်အဘိဓမ္မာငါးကျမ်းတို့ဖြင့် ပရမတ္ထတရားနှင့် သမုတိသစ္စာတရားနှစ်ပါးတို့ကို ပြည့်ပြည့်စုံစုံ ဝေဖန်ပိုင်းခြား ဟောကြားတော်မူလေသည်။သို့ရာတွင် ပုဂ္ဂိုလ်သတ္တဝါဟူသော သမုတိသစ္စာတရားနှင့် ခန္ဓာ, အာယတနစသော ပရမတ္ထသစ္စာတရားနှစ်ပါးတို့ အချင်းချင်း ဆ က် သွ ယ် ကြ ပုံ၊ သုံးဆယ့်တဘုံဟူသော ဩကာသလောကကြီးနှင့် ထိုသစ္စာတရားနှစ်ပါးတို့ ဆက်သွယ်ပုံတို့ကို ဟောရန်ကျန်နေပေသည်။ ထို့ကြောင့် ၎င်းတို့အချင်းချင်း မည်သို့မည်ပုံ ဆက်သွယ်တည်ရှိနေကြပုံကို ယမိုက်နည်းဖြင့် ဆက်လက်ဟောရခြင်းဖြစ်ပေသည်။

ဗုဒ္ဓအဘိဓမ္မာ (၁)(ခ)—ပ-မ-သ-စ

**ပဋ္ဌာန်း။**　။ယမိုက်ကျမ်းကိုဟောပြီးသည့်အခါ ပဋ္ဌာန်းကျမ်းကို နောက်ဆုံး ဟောကြားတော်မူပါသည်။ ပဋ္ဌာနဟူသော ပါဠိပုဒ်ကို မြန်မာလို ပဋ္ဌာန်းဟုခေါ်ဝေါ်ခြင်းဖြစ်၏။ အမျိုးမျိုးသောအကြောင်းတရားများဟု အဓိပ္ပာယ်ရသည် (ပ=အမျိုးမျိုးသော+ဌာန=အကြောင်းတရား)။

ပဋ္ဌာန်းကျမ်းတွင် ၂၄-ပါးသော အကြောင်းပစ္စည်းတရားတို့ကြောင့် စကြာဝဠာလောကပဝတ်အတွင်းရှိ သဘာဝတရားတို့ ဖြစ်ပေါ်တည်ရှိနေပုံကို အပြည့်အစုံ ရှင်းလင်းဟောကြားထားသည်။

ပုဂ္ဂိုလ်,သတ္တဝါဟူသော သတ္တလောကသည်လည်းကောင်း၊ ရုပ်နာမ်တရားဟူသော သင်္ခါရလောကသည် လည်းကောင်း၊ ဥဒ-ဘုံဟူသော ဩကာသလောကသည် လည်းကောင်း ယည့်သို့သောအကြောင်းကြောင့် ဖြစ်ပေါ်လာကြသနည်း။တန်ခိုးရှင်တဦးကဖန်ဆင်း၍ ဖြစ်လာကြသလော။ အကြောင်းမဲ့သက်သက် ဖြစ်လာကြသလောဟူသော ပြဿနာရပ်များကို ဖြေရှင်းရန် ဤ၂၄-ပစ္စည်း ပဋ္ဌာန်းနည်းဖြင့် အကြောင်းအကျိုးဆက်စပ် ဟောကြားရခြင်းဖြစ်သည်။

လောကသုံးပါးသည် တန်ခိုးရှင်၏ဖန်ဆင်းမှုကြောင့် ဖြစ်ပေါ်လာသည်လည်းမဟုတ်၊ အကြောင်းမဲ့၍လည်း ဖြစ်ပေါ်လာသည်လည်းမဟုတ်၊ ရုပ်နာမ်တရားတို့အချင်းချင်း ကြောင်းကျိုးဆက်ကာ ဖြစ်ပေါ်လာကြခြင်းဖြစ်သည်ဟုအသေးစိတ်ဝေဖန်ရှင်းလင်းပြသော နည်းဖြစ်သည်။

ဤသို့ကုသိုလ်စသည့် ပရမတ္ထသဘာဝတရားများကို ဓမ္မသင်္ဂဏိနည်းဖြင့် စ၍ဟောလျှင် နောက်ဆုံးပဋ္ဌာန်းနည်းဖြင့်ဟောပြီးမှသာ အဘိဓမ္မာတရားတော် ပြီးဆုံးလေသည်။

## အဘိဓမ္မာအဖွင့်ကျမ်းများ

အထက်တွင်ရှင်းလင်းတင်ပြခဲ့သည့်အတိုင်း အဘိဓမ္မာတရားတော်များသည် ပညတ်တည်းဟူသော အပေါ်ယံအကာများဖုံးအုပ်နေသည့် ရုပ်နာမ်သဘောတရားများဖြစ်၍ နက်လည်းနက်ပေသည်၊ခက်လည်းခက်ပေသည်။

ထို့ကြောင့် ရှေးရှေးအဘိဓမ္မာပါရဂူ ဆရာတော်ဘုရားကြီးများသည် ပညာမျက်စိဖြင့် ပညတ်အပေါ်ယံအလွှာကိုခွာ၍ပရမတ်အတွင်းခေတ်သား အထိ ထိုးဖောက်မြင်နိုင်ရန် (၀၊) အဘိဓမ္မာသဘောတရားများကို လွယ် လွယ်ကူကူသဘောပေါက်နားလည်နိုင်ရန် အဋ္ဌကထာ၊ ဋီကာ၊ အနု၊ မဓု၊ ယောဇနာ၊ဂဏ္ဌိ၊အရကောက်၊ နိဿယ၊ မြန်မာပြန်စသည့် အဘိဓမ္မာအဖွင့် ကျမ်းပေါင်းများစွာတို့ကို ခေတ်အဆက်ဆက်တွင် နည်းအမျိုးမျိုးတို့ဖြင့် ဖွင့်ဆိုရေးသားခဲ့ကြပေသည်။

ထိုအဖွင့်ကျမ်းများအနက် မြန်မာပြည်ပြု အဘိဓမ္မာအဖွင့်ကျမ်းတို့မှာ ပါဠိဘာသာအားဖြင့် ၄၃-ကျမ်း၊ နိဿယနှင့် မြန်မာပြန် ၁၁၂-ကျမ်း၊ အထွေထွေ ၁၇၈-ကျမ်းအားဖြင့် စုစုပေါင်း ၃၃၃-ကျမ်းအထိ ရှာဖွေ တွေ့ ရှိရပေသည်[၁]။

ဗုဒ္ဓအဘိဓမ္မာ စေတသိက်များ အဖွင့်ကျမ်း

ရည်မှန်းချက်များ။ ။သာသနာရေးဦးစီးဌာန၊သုတေသနနှင့် ကျမ်းပြုဌာန ခွဲ၊ကျမ်းပြုဌာနစု (ဘာသာပြန်)က ပြုစုသည့် ဤ ဗုဒ္ဓအဘိဓမ္မာစေတသိက်များအဖွင့်ကျမ်းသည်လည်း အဘိဓမ္မာအဖွင့်ကျမ်း တကျမ်းပင် ဖြစ်ပါသည်။ ဤအဖွင့်ကျမ်းသည် ရှေးရှေး အဘိဓမ္မာအဖွင့် ကျမ်းများနှင့် အဖွင့်ကျမ်းချင်းတူသော်လည်း ဖွင့်နည်း ဖွင့်ဟန် အလွန် ခြားနားပါသည်။

"ဗုဒ္ဓအဘိဓမ္မာစေတသိက်များအဖွင့်"ဟူသော နာမည်အရ အဘိဓမ္မာ ပိဋကတ်၌လာရှိသည့် ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ၊ ဧကဂ္ဂတာ၊ ဇီဝိ- တိန္ဒြိယ၊ မနသိကာရ စေတသိက်တရားများကို ထူးခြားသော အစီအစဉ် ဖြင့် ဖွင့်ဆိုထားသည့် ကျမ်းဖြစ်သည်။ ဤကဲ့သို့သော အဖွင့်ကျမ်းမျိုး ရှေးက တကြိမ်တခါမျှ မပေါ်ခဲ့ဘူးသေးချေ။

---

၁။ အဘိဓမ္မာသမိုင်းချုပ် (နှာ-၆၈)၌ ကျမ်းအမည်များ ဖော်ပြထားသည်။

ဤအဖွင့်ကျမ်းကို ပြုစုထုတ်ဝေရာ၌ သာသနာရေးဦးစီးဌာနအနေဖြင့် ပဓာနရည်မှန်းချက်ကြီး (၅)ချက် ထားရှိပါသည်။ယင်း ရည်မှန်းချက်ကြီးများမှာ–

(၁) ဤကျမ်းကို ဖတ်ရှုလေ့လာသူများအဖို့ လောဘဖြစ်စရာ၊ ဒေါသဖြစ်စရာအာရုံများနှင့် တွေ့ကြုံရသည့်အခါ လောဘ, ဒေါသ, အကုသိုလ်တရားတို့ မဖြစ်ပွားအောင် စိတ်ကို ထိန်းတတ် သိမ်းတတ်ရန်။

(၂) သက္ကာယဒိဋ္ဌိ၊ အတ္တဒိဋ္ဌိတို့မှ ကင်းစင်၍ ဒိဋ္ဌိဝိသုဒ္ဓိဉာဏ်အမြင် သန့်ရန်။

(၃) ရုပ်နာမ်တို့ကို မသိမြင်သောအန္ဓ (အကန်း) ပုထုဇဉ်အဆင့်မှ ရုပ်နာမ် သိမြင်သည့်ကလျာဏ (အကောင်း) ပုထုဇဉ် အဆင့်သို့ တက်လှမ်းနိုင်ရန်။

(၄) ပစ္စယပရိဂ္ဂဟဉာဏ်ဖြင့် ကင်္ခါဝိတရဏဝိသုဒ္ဓိစခန်းသို့ ရောက်၍ စူဠသောတာပန် ဖြစ်ရန်။

(၅) ပဋိသမ္ဘိဒါဉာဏ်အတွက် ပါရမီမျိုးစေ့ ရရှိရန်တို့ဖြစ်ပါသည်။

အကုသိုလ်မဖြစ်အောင် စိတ်ကိုထိန်းသိမ်းနိုင်ခြင်း

**စိတ်အရေးပါပုံ။** ။ဤရည်မှန်းချက်ကြီး ၅-ခုအနက်၊ အမှတ်(၁) ရည်မှန်းချက်ကို ရှင်းပြပါမည်။ လောကတွင် ရှိရှိသမျှ သင်္ခါရတရားများကို အနှစ်ချုပ်လိုက်လျှင် ရုပ်နှင့် နာမ် နှစ်မျိုးသာရှိ၏။ ရုပ်နာမ်မှတပါး ငါ,သူတပါး, ယောကျ်ား, မိန်းမ,ပုဂ္ဂိုလ်, သတ္တဝါဟူ၍မရှိချေ။ ထိုနှစ်မျိုးတွင် ရုပ်တရားသည် အာရုံကို မယူနိုင်၊ မသိနိုင်သဖြင့် အကန်းနှင့် တူ၏။ နာမ်တရားကား အာရုံကို ယူနိုင်သော်လည်း စားခြင်း, သောက်ခြင်း, သွားခြင်း, လာခြင်း, ရပ်ခြင်း, ထိုင်ခြင်း စသည်တို့ကို မပြု

လုပ်နိုင်သောကြောင့် အကျိုးနှင့်တူ၏။ ထိုတရားနှစ်မျိုးတို့သည် သူ့နေရာနှင့်သူ ပဓာနဖြစ်ကြသော်လည်း အကန်းနှင့်တူသော ရုပ်တရားကို အကျိုးနှင့်တူသော နာမ်တရားက အမြဲရှေ့ဆောင်လျက်ရှိသည်။

နာမ်တရားများတွင် စိတ်သည် ပဓာနအကျဆုံးဖြစ်၏၊ အတူဖြစ်ဖော်ဖြစ်ဖက် နာမ်တရားများ၏ ခေါင်းဆောင် အကြီးအကဲဖြစ်သည်၊ စိတ်ညစ်နွမ်းလျှင် သတ္တဝါများသည် ညစ်နွမ်းကြရသည်။ စိတ်ဖြူစင်သန့်ရှင်းလျှင် သတ္တဝါများ သန့်ရှင်းစင်ကြယ်ကြရသည်။ စိတ်တခုတည်းကို သတိဖြင့် စောင့်ရှောက် ထိန်းသိမ်းထားနိုင်လျှင် အကုသိုလ်ဒုစရိုက်တရားများ မဖြစ်ပွားနိုင်၊ သံသရာဝဋ္ဋဒုက္ခမှ မုချလွတ်မြောက်နိုင်၏။ ဤသို့စသည်ဖြင့် စိတ်အလွန်အရေးပါပုံကို ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်၊ ဒုတိယဂဒ္ဒုလဗန္ဓသုတ်နှင့် တိကအင်္ဂုတ္တိုရ်ပါဠိတော်၊ အရက္ခိတသုတ်တို့၌ ရှင်တော်ဘုရား ဟောကြားထားပေသည်။ ဤအချက်နှင့် ပတ်သက်၍ ဗုဒ္ဓရှင်တော်ဘုရား၏ ဩဝါဒဒေသနာတော်တခုကို သတိပြုနိုင်ရန် တင်ပြပါမည်။

ရဟန်းဘဝတွင်စောင့်ထိန်းရမှုများလှသဖြင့် လူထွက်လိုသောရဟန်း

ဘုရားရှင်လက်ထက်တော်က သာဝတ္ထိပြည်သား သဌေးသားတယောက်သည် မိမိကိုးကွယ် ဆည်းကပ်နေသည့် ဆရာ မထေရ်အား–

"အရှင်မြတ်ဘုရား .... တပည့်တော်သည် ဝဋ္ဋဒုက္ခအပေါင်းမှ လွတ်မြောက်လိုပါသည်၊ ဝဋ္ဋဒုက္ခမှ လွတ်မြောက်ကြောင်းတရား တခုကို တပည့်တော်အား ဟောကြားတော်မူပါဘုရား"-

ဟု လျှောက်ထား၏။

ဆရာမထေရ်က–

"ဝဋ္ဋဒုက္ခအပေါင်းမှ လွတ်မြောက်လိုလျှင် စာရေးတံ ဆွမ်းကို ကပ်လှူရမည်၊ လဆန်းပက္ခ လဆုတ်ပက္ခတို့၌ ဆွမ်းကပ်လှူရမည်၊ ဝါဆိုသင်္ကန်းကိုလည်း ကပ်လှူရမည်၊ သင်္ကန်းစသော ပစ္စည်းတို့

ကိုလည်း ကပ်လှူရမည်၊ မိမိ၏ ရှိပစ္စည်းကို သုံးပုံ ပုံ၍ တပုံကို ဘုရားသာသနာတော်သို့ လှူဒါန်းရမည်၊ တပုံကို ရောင်းဝယ်မှု၌ အရင်းအနှီးပြု၍ ကျန်တပုံကို သားမယားလုပ်ကျွေးမှု၌ အသုံးချရမည်”-

ဟု ညွှန်ကြားလေသည်။

သဋ္ဌေးသားသည် ဆရာမထေရ်အမိန့်ရှိသည့်အတိုင်း အားလုံးကို ဆက်ကပ်လှူဒါန်းသည်။ “ထို့နောက် ထိုအလှူဒါနများအပြင် အခြားမည်သည့် ကုသိုလ်ကောင်းမှုမျိုးကို ပြုလုပ်ရပါဦးမည်နည်း”ဟု လျှောက်ထားပြန်သည်။

ဆရာမထေရ်က—

“သရဏဂုံသုံးပါးကို ဆောက်တည်၍ ငါးပါးသီလကို ခံယူကျင့်သုံးရမည်”-

ဟု အမိန့်ရှိ၏။

သရဏဂုံသုံးပါးနှင့် ငါးပါးသီလကို ခံယူဆောက်တည်ပြီးသည့် အခါ၌လည်း “ထိုကုသိုလ်အပြင် အခြားမည်သည့်ကုသိုလ်မျိုးကို ပြုလုပ်ရပါမည်နည်း”ဟု လျှောက်ထားပြန်သည်။

ဆရာမထေရ်က—

“ဆယ်ပါးသီလကို ခံယူဆောက်တည်ရန်”

ညွှန်ကြား၍ ဆယ်ပါးသီလကိုခံယူဆောက်တည်ပြန်လေသည်။

ထိုသဋ္ဌေးသားသည် ဆရာမထေရ်ပြတ်ညွှန်ကြားသကဲ့သို့အစဉ်အတိုင်း ကုသိုလ်ကောင်းမှုကို တခုပြီးတခုပြုလုပ်သည်။ ထို့ကြောင့် ထိုသဋ္ဌေးသားကို “အနုပုဗ္ဗသဋ္ဌေးသား”ဟု ခေါ်ဝေါ်ကြသည်။ (အနုပုဗ္ဗ=အစဉ်အတိုင်း ကုသိုလ်ပြုသူ)။

ထို့နောက် ဆရာမထေရ်အား ရှေးနည်းအတိုင်း လျှောက်ထားပြန်ရာ ဆရာမထေရ်က ရဟန်းပြုရန် ညွှန်ကြားတော်မူလိုက်လေသည်။ သဒ္ဓေးသားသည်လည်း ဆရာမထေရ်ညွှန်ကြားသည့်အတိုင်းရဟန်းပြုလေသည်။

ထိုသဒ္ဓေးသားရဟန်း၏ ဥပဇ္ဈာယ်ဆရာကား ဝိနည်းအရာ၌ လိမ္မာကျွမ်းကျင်သည့် ဝိနည်းဓိုရ်ဆရာတော်တပါးဖြစ်၏။ နိဿယည်းဆရာမှာမူ အဘိဓမ္မာအရာ၌ လိမ္မာကျွမ်းကျင်သည့် အဘိဓမ္မာဆောင် ဆရာတော်တပါးဖြစ်သည်။

သဒ္ဓေးသားရဟန်းသည် ဥပဇ္ဈာယ်ဆရာထံတော်ပါးသို့ ချဉ်းကပ်သွားသည့်အခါ ဥပဇ္ဈာယ်ဆရာတော်က ရဟန်းများ မပြုလုပ်ကောင်းသည့် အသွားအလာ, အနေအထိုင်, အပြောအဆို, အစားအသောက်, အဝတ်အရုံ စသည်တို့ကို ဝိနည်းဥပဒေရှိသည့်အတိုင်း သွန်သင် ဆုံးမ၏၊ နိဿယည်းဆရာထံရောက်သည့်အခါ၌လည်း ဘုရားသာသနာတော်တွင် ရှောင်ကြဉ်ရမည့်အမှုကိစ္စ၊ ပြုလုပ်ရမည့်အမှုကိစ္စတို့ကို အဘိဓမ္မာ တရားတော်၌ လာရှိသည့်အတိုင်း ဩဝါဒပေးတော်မူသည်။

ဤသို့ ရဟန်းဘဝတွင် ရှောင်ကြဉ်ရမည့်အရာ၊ ဆောင်ရမည့် အရာတို့ကို ဥပဇ္ဈာယ်ဆရာက ဝိနည်းဥပဒေဖြင့်တမျိုး၊ နိဿယည်း ဆရာက အဘိဓမ္မာနည်းဖြင့်တဖုံ ဆုံးမဩဝါဒပေးတော်မူသည်ကို ကြားနာရသည့်အခါ သဒ္ဓေးသားရဟန်းမှာ အလွန် စိတ်ရှုပ်သွားလေတော့သည်။ ဗုဒ္ဓရှင်တော်ဘုရား၏ သာသနာတော်မြက်ကြီးကို အကျဉ်းထောင်ကြီးအဖြစ် မြင်၍ရဟန်းဘဝကို ထောင်သားအသွင် ထင်သွားဟန်ရှိပေသည်။

ဤရဟန်းအလုပ်ကား အလွန်တာဝန်ကြီးလေစွတကား၊ ငါသည် ဆင်းရဲဒုက္ခမှ လွတ်မြောက်လို၍ ရဟန်းပြုခဲ့သည်။ ယခု ဤရဟန်းဘဝသည် လက်ဆန့်တန်းဖို့နေရာပင် မရှိလောက်အောင်ကျဉ်းမြောင်းလှ၏၊ (ဝါ)လက်ကိုပင် မဆန့်ရဲအောင် ကြပ်တည်းလှ၏။ လူ့ဘဝကပင် ဆင်းရဲဒုက္ခမှ လွတ်မြောက်အောင် လုပ်နိုင်ပေလိမ့်ဦးမည်။ ငါလူထွက်မှတော်မည်ဟု အကြံဖြစ်လေသည်။

ထိုအချိန်မှစ၍ ထိုရဟန်းကား ရဟန်းဘ၀ကို စိတ်အပျက်ကြီး ပျက်သွား၏။ သာသနာတော်၌ လုံး၀ မပျော်ပိုက်တော့ချေ။ ကမ္မဋ္ဌာန်းကိုလည်း မစီးဖြန်းနိုင်၊ စာပေပရိယတ္တိကိုလည်း မသင်ယူနိုင်၊ တမှိုင်မှိုင်တတွေတွေဖြစ်နေပေရာ တဖြည်းဖြည်း ပိန်ချုံးလာ၏။ အကြောများပင် အပြိုင်းပြိုင်း ထလာ၏။ ပွေးနာ ယားနာများလည်း တကိုယ်လုံး ပေါက်လာလေသည်။

တနေ့တွင် ထိုရဟန်း၏ ဖြစ်ပုံကို သတိထားမိသောသာမဏေငယ်လေးတစုက–

"အရှင်ဘုရားမှာ အားနည်းတဲ့ရောဂါရှိပုံရတယ်၊ ပိန်လည်းပိန်တယ်၊ အသားအရေလည်းခြောက်တယ်၊ အကြောတွေလည်း အထင်းသားပေါ်နေတယ်၊ ပျင်းတဲ့လူတွေမှာပေါက်လေ့ရှိတဲ့ဝဲနာ ပွေးနာတွေလည်း ပေါက်နေတယ်၊တမှိုင်မှိုင်တတွေတွေလည်း ဖြစ်နေတာတွေ့ရပါတယ်၊ အရှင်ဘုရား ဘယ်အလုပ်ကိုပြုလုပ်မိပါသလဲ"ဟု ဝိုင်းမေးကြ၏။

သဒ္ဓေးသားရဟန်းက ရဟန်းဘ၀ကို စိတ်ပျက်ပုံ၊ သာသနာတော်မှာ နေရတာ မပျော်ပိုက်ပုံတို့ကို အကြောင်းနှင့်တကွ ရှင်းပြလိုက်လေသည်။

ထိုအခါ ကိုရင်လေးများသည် ထိုရဟန်း၏ ဥပဇ္ဈာယ်ဆရာနှင့် နိဿယည်း ဆရာတို့ထံသွား၍ ထိုရဟန်း၏အကြောင်းကို လျှောက်ကြလေသည်။ဆရာနှစ်ပါးတို့သည် တပည့်ရဟန်းကို ဗုဒ္ဓရှင်တော်ဘုရားထံ ခေါ်ဆောင်သွား၍ အဖြစ်အပျက်အလုံးစုံကို လျှောက်ထားကြလေသည်။

မြတ်စွာဘုရားသည် ထိုသဒ္ဓေးသား ရဟန်းအား ကိုယ်တော်တိုင် စစ်မေးတော်မူပြီး–

"ချစ်သား....သင်သည် တရားအများကြီးကို စောင့်ထိန်းနေစရာမလို၊ တပါးတည်းကိုသာ စောင့်ထိန်းရမည်၊ အဲဒီ တရားတပါးကို စောင့်ထိန်းနိုင်မည်လား"

ဟု မေးတော်မူ၏။

"ရှင်တော်မြတ်ဘုရား.... တရားတပါး ဆိုသည်မှာ ဘယ်လို တရားမျိုးပါလဲဘုရား"

ဟု လျှောက်၏။

"တရားတပါးဆိုသည်မှာ သင်ချစ်သား၏ စိတ်တခုတည်းပင် ဖြစ်သည်၊ သင့်စိတ်ကို စောင့်ထိန်းနိုင်မည်လား"

"စောင့်ထိန်းနိုင်ပါမည်ဘုရား"

"ဒီလိုဆိုလျှင် သင်ချစ်သားရဲ့စိတ်တခုတည်းကို စောင့်ထိန်းပေတော့၊ ဆင်းရဲဒုက္ခအားလုံးမှ မကြာမီ လွတ်မြောက်သွားလိမ့်မည်"

ဟု ညွှန်ကြားတော်မူကာ အောက်ပါဆုံးမဩဝါဒကိုပေးတော်မူပါသည်။

အလွန်အကဲ၊ မြင်နိုင်ခဲသည့်၊ ကြည့်လဲမမြင်၊ ရှာလျှင်မရ၊ သိမ်မွေ့လှသည့်၊ ငါးဝအာရုံ၊ ကာမဂုဏ်လျှင်၊ ခုံမင်ပျော်မွေ့၊ ကျရောက်လေ့ရှိ၊ စိတ်အသိကို၊ ပဏ္ဍိမည်မှတ်၊ ပုဂ္ဂိုလ်မြတ်သည်၊ မလပ်မကွာ၊ စောင့်ရှောက်ရာ၏၊စောင့်ကာတားဆီး၊လုံခြုံပြီးငြား၊ စိတ်တရားသည်၊ထက်ဖျားဟုဆို၊ မဂ်ဖိုလ်နိဗ္ဗာန်၊ သုံးတန်သတ်မှတ်၊ ချမ်းသာမြတ်ကို၊ ဆတ်ဆတ်မသွေ ဆောင်သတည်း။

သုဒုဒ္ဒသံ သုနိပုဏံ၊ ယတ္ထကာမနိပါတိနံ၊
စိတ္တံ ရက္ခေထ မေဓာဝီ၊ စိတ္တံ ဂုတ္တံ သုခါဝဟံ။

ဤဒေသနာတော်အဆုံး၌ သဒ္ဓေးသားရဟန်းနှင့်တကွ များစွာသော ပရိသတ်တို့သည် သောတာပန်တည်သွားကြပေသည်။[၁]

**စိတ်နှင့်စေတသိက်။** ။ဤသို့ စိတ်သည် အလွန်အရေးပါသည်။ စိတ်တခုတည်းကို ချုပ်ထိန်းနိုင်ပါလျှင် (ဝါ) ယဉ်ကျေးအောင် ဆုံးမ ထားနိုင်လျှင်၊ "ဒန္တံ၊ ဆုံးမထားသဖြင့်ယဉ်ကျေးပြီးသော။ စိတ္တံ၊ စိတ်သည်။ သုခါဝဟံ၊ မဂ်ဖိုလ်နိဗ္ဗာန် သုံးတန်ချမ်းသာကို ဆောင်နိုင်

၁။ ဓမ္မပဒ၊၁။၁၇၉။

၏” (စိတ္တံ ဒန္တံ သုခါဝဟံ)ဟု ဘုရားရှင် ဟောတော်မူထားသည့်အတိုင်း ချမ်းသာသုံးပါးကို ရနိုင်ပေသည်။

သတ္တဝါများ၌ ပဋိသန္ဓေတည်ကတည်းက ပါလာ ခဲ့သော ထို စိတ်သည် ပင်ကိုသဘာဝအားဖြင့် ညစ်ကြေး မတင် အလွန်စင်ကြယ်သန့်ရှင်းလျက် ရှိပေသည်။ ယင်းသို့ဖြူစင်သန့်ရှင်းသော သဘောရှိသောကြောင့် ထိုစိတ်ကို ဓမ္မသင်္ဂဏီပါဠိတော်၌ “ပဏ္ဍရ”[၁] ဟု ဟောထား၏။ သို့ရာတွင် စိတ်၏ သန့်ရှင်း စင်ကြယ်ခြင်းသည် ထာဝစဉ်တည်မြဲမှုမရှိချေ။ (ဝါ) ထိုသန့်ရှင်း စင်ကြယ်သည့်ဘဝင်စိတ်အတိုင်း အမြဲထားရန်မဖြစ်နိုင်ချေ။ မိမိကို အခိုက် အတန့်အားဖြင့် လာမိုကြသည့်ဧည့်သည် (အာဂန္တုက) စေတသိက်တရား များကြောင့် ညစ်နွမ်းသည့်အခါ ညစ်နွမ်းရလေသည်။

ထို့ကြောင့် အင်္ဂုတ္တိုရ်ပါဠိတော်၊ ပဏိဟိတအစ္ဆရာဂ်၌—

> “ရဟန်းတို့ ... ဤဘဝင်စိတ်သည် ဖြူစင်သန့်ရှင်းသောကြောင့် ပြိုးပြိုးပြက်ပြက် အရောင်ထွက်သကဲ့သို့ရှိ၏။ ထိုစိတ်သည်ပင်(ဇော ခဏ၌) ဧည့်သည်အာဂန္တုက ဖြစ်ကုန်သော (ဝါ) အခိုက်အတန့် အားဖြင့်လာမိုကြကုန်သော ညစ်ညူးကြောင်း ကိလေသာတရား တို့ကြောင့် ညစ်နွမ်းရပေသည်”

ဟုလည်းကောင်း—

ခန္ဓဝဂ္ဂသံယုတ်ပါဠိတော် (၂၃)၌လည်း

> “ရဟန်းတို့ ဤစိတ်ကို ရာဂ၊ ဒေါသ၊ မောဟတို့က ညစ်ညူး အောင်ပြုထားသည်မှာ အချိန်ကြာလှပြီဟု အမြဲမပြတ် မိမိစိတ်ကို ဆင်ခြင်ရမည်ဟု လည်းကောင်း—ဟောတော်မူထားပေသည်။

မှန်ပါသည်၊ စိတ်ညစ်နွမ်းမှုသည် လောဘ၊ ဒေါသ၊ မောဟ စသော အကုသိုလ်စေတသိက်များကြောင့်ဖြစ်၏။ စေတသိက်ဆိုသည်မှာ သူချည်း သက်သက်ဖြစ်လာနိုင်၊ အာရုံကိုယူနိုင်သောတရားမျိုးမဟုတ်၊စိတ်ဖြစ်ပေါ် လာမှ စိတ်ကိုမှီ၍ အာရုံကိုယူနိုင်သော တရားမျိုးဖြစ်သည်။ စိတ်နှင့်

---

၁။ ပဏ္ဍရ = ဖြူစင်သောသဘော၊

တပြိုင်နက်ဖြစ်၊ တပြိုင်နက်ပျက်၍ စိတ်မှီသောဝတ္ထုရုပ်ကိုမှီကာ စိတ်ယူသောအာရုံကိုသာ ယူနိုင်ကြသည်။ ပင်ကိုပကတိ ဖြူစင်သန့်ရှင်းနေသည့် စိတ်အစဉ်တွင် ဓောခဏ၌ ညစ်နွမ်းသည့် လောဘ ဒေါသစသော စေတသိက်များ ပူးဝင်ယှဉ်တွဲခဲ့လျှင် စိတ်အစဉ်သည် ညစ်နွမ်းသွားရသည်။

ထို့ကြောင့်စိတ်အစဉ်တွင် လောဘ ဒေါသ မောဟ စသော စေတသိက်များ ဝင်မလာအောင် ထိန်းသိမ်းတတ်ရန် အလွန် အရေးကြီး၏၊ လောဘ ဒေါသ မောဟ ဖြစ်ရေအာရုံတို့နှင့် တွေ့ကြုံဆုံဆည်းရသည့်အခါ၌ လောဘ ဒေါသ မောဟတို့မဖြစ်အောင် ထိန်းသိမ်းထားနိုင်မှသာ စိတ်အစဉ် ဖြူစင်သန့်ရှင်းနေပေမည်။

ဤသို့ဒေါသ သောကတို့ ဖြစ်ဖွယ်ရာအနိဋ္ဌာရုံတို့နှင့် တွေ့ကြုံရသည့်အခါ ဒေါသ သောကသည် အကုသိုလ်တရားများ မဖြစ်ပွားအောင် စိတ်ကိုထိန်းသိမ်းနိုင်သည့်နေရာ၌ "မလ္လိကာ" ဒေါ်ဗန္ဓုလစစ်သူကြီးကတော်ကို စံနမူနာယူသင့်ကြ၏။

အတုယူစရာမလ္လိကာ။ ။ဗန္ဓုလစစ်သူကြီးကား သာဝတ္ထိပြည်၊ ပသေနဒိကောသလမင်းကြီး၏ စစ်သူကြီးဖြစ်သည်။ ဘုရင်၏ငယ်သူငယ်ချင်းဖြစ်သည့်ပြင် လက်ရုံးရည် နှလုံးရည်တို့နှင့် အလွန်ပြည့်စုံသူဖြစ်သောကြောင့် ဘုရင်ကိုယ်တိုင်စစ်သူကြီးအရာထား၍ အားပေးမြှောက်စားခြင်းကိုခံရသူဖြစ်သည်။ ထိုဗန္ဓုလစစ်သူကြီး၏ဇနီးကား မလ္လိကာဖြစ်သည်။ မလ္လိကာ၌ ဖခင်ကဲ့သို့ ရဲရင့်ပြင်းထန်သတ္တိနှင့်ပြည့်စုံသည့် သားသုံးကျိပ်နှစ်ယောက် ထွန်းကားသည်။

တနေ့တွင် မတရားအဆုံးအဖြတ်ခံရသည့် တရားရှုံးသူများ၏ တိုင်တန်းချက်အရ ဗန္ဓုလစစ်သူကြီးကိုယ်တိုင် တရားစီရင်ရေးကို ဝင်ရောက်ကိုင်တွယ်ရာ ပြည်သူတို့၏ နှစ်သက်လေးစားမှုကိုရရှိခဲ့သည်။ ထိုအကြောင်းကို မင်းကြီးသိသဖြင့် လာဘ်စား၍ တရားဆုံးဖြတ်သည့်အမတ်များကို ရာထူးမှ နှုတ်ပယ်ပစ်လိုက်သည်၊ တရားစီရင်ရေးကိုလည်း ဗန္ဓုလစစ်သူကြီးအား လုံး၀ အပ်နှင်းလိုက်သည်။

ထိုအခါ ရာထူးချခံရသည့် အမတ်ဟောင်းများသည် စစ်သူကြီးဗန္ဓုလ အား ရန်ညိုးဖွဲ့ကြတော့သည်။ သူတို့သည်အခြေအနေပေးသည်နှင့်“စစ်သူ ကြီးဗန္ဓုလသည်မင်းဖြစ်ရန်ကြိုးစားနေပါသည်”ဟု မင်းကြီးအား ချောပစ် ကုန်းတိုက်ကြသည်၊ မင်းကြီးသည် ထိုသူတို့၏စကားကိုယုံကြည်ပြီး စစ် သူကြီးဗန္ဓုလကို သားသုံးကျိပ် နှစ်ယောက်နှင့်အတူ သတ်ဖြတ်ရန် စီမံ လေသည်။

မင်းကြီး၏ စီမံချက်ကား စစ်သူကြီးကို ဤသာဝတ္ထိပြည်ထဲတွင် သတ် ပါက ပြည်သူလူထု၏ အကဲ့ရဲ့ကို ခံရမည်။ သို့အတွက် ရွာစွန်များ၌ သူပုန် ထပြန်ပြုစေ၍ ထိုသူပုန်များကို သားများနှင့်အတူ သွားရောက်နှိမ်နင်း ရန် ဗန္ဓုလကို တာဝန်ပေးမည်။ တာဝန်ထမ်းဆောင်ရာမှအပြန် မြို့ပြင် တွင် ဗန္ဓုလစစ်သူကြီးကို သားသုံးကျိပ်နှစ်ယောက်နှင့်အတူလုပ်ကြံ သတ် ဖြတ်ရန် အခြားသူရဲကောင်းများကို တာဝန်ပေးမည်ဟူ၍ ဖြစ်သည်။

ထိုစီမံချက်အတိုင်း အမိန့်ပေးပြုလုပ်စေရာ လုပ်ကြံသတ်ဖြတ်မှုကြီး ထမြောက် အောင်မြင်သွားခဲ့သည်။ ထိုလုပ်ကြံသည့်နေ့၌ပင် မလ္လိကာ သည် အဂ္ဂသာဝကကြီးနှစ်ပါးနှင့်အတူ ရဟန်းငါးရာကို ဆွမ်းကပ်ရန် ပင့် ဖိတ်ထား၏။ ထိုနေ့နံနက်စောစော၌ စစ်သူကြီးကတော် မလ္လိကာထံသို့ အကြောင်းကြား စာတစောင် ရောက်လာသည်။ ထိုစာကား “သင်၏ သားသုံးကျိပ်နှစ်ယောက်တို့နှင့်အတူ အရှင်သခင် စစ်သူကြီးဗန္ဓုလ၏ ဦးခေါင်းကို ဖြတ်လိုက်ပြီ”ဟူ၍ ဖြစ်၏။

မလ္လိကာသည် ထိုအကြောင်းကို မည်သူ့အားမျှ အသိမပေးပဲ စာကို ရင်ခွင်၌ သိမ်းကာ ရဟန်းသံဃာများကိုသာ ဂရုဓြေရရ ဆွမ်းကျွေးပြုစု လေသည်။ မလ္လိကာ၏ အလုပ်အကျွေး အိမ်ဖော်အမျိုးသမီးကလေးများ သည် ဆွမ်းကပ်ပြီး၍ ထောပတ်အိုးများကို သယ်ယူလာကြစဉ် သံဃာ တော်များ ရှေ့မှာပင် ထောပတ်အိုးကျကွဲသွား၏။ ထိုအခါ တရား

စစ်သူကြီး အရှင်သာရိပုတ္တရာက "ကွဲတတ် ပျက်တတ်တဲ့ သဘောတရား သည် ကွဲရ ပျက်ရ၏၊ဟိုဟို ဒီဒီ မကြံမစည် မတွေးတောရ"ဟု ဆုံးမတော် မူလိုက်သည်။

ထိုအခါမလ္လိကာက ရင်ခွင်မှစာကို ထုတ်၍ "အရှင်မြတ်ဘုရား ....သား သုံးကျိပ်နှစ်ယောက်နှင့်အတူ ဖခင်ဖြစ်သူ စစ်သူကြီးဗန္ဓုလရဲ့ ဦးခေါင်းကို ဖြတ်လိုက်ကြပြီဆိုတဲ့ ဒီစာကို ယခုမနက်ပဲ တပည့်တော်မ ရရှိခဲ့ပါတယ်၊ ဒါပေမဲ့ တပည့်တော်မှာ တစုံတရာ စိုးရိမ်ပူဆွေး တွေးတော ကြံစည် ခြင်း မရှိပါ၊ ဒီသဘောပတ်အိုးကလေးကွဲသည့် ကိစ္စမှာ အဘယ်မှာ တွေး တော ကြံစည်ပါ့မလဲဘုရား"ဟု လျှောက်ထားသည်။ ထို့နောက် အရှင် သာရိပုတ္တရာမထေရ်မြတ်သည် သွမ်းအနုမောဒနာတရားဒေသနာချီးမြှင့် ၍ သံဃာတော်များနှင့်အတူ ကျောင်းတော်သို့ ပြန်ကြွသွားလေသည်။

စစ်သူကြီးကတော် မလ္လိကာသည် ချွေးမသုံးကျိပ်နှစ်ယောက်တို့ကို ခေါ် ပြီး "ချစ်သမီးတို့....သင်တို့၏ ခင်ပွန်းယောကျ်ားတို့သည် မျက်မှောက် လောကတွင် အပြစ်မရှိကြပဲလျှက် ရှေးဘဝက သူတို့ပြုခဲ့ဖူးသည့် အကုသိုလ်ကံ၏အကျိုးကို မလွှဲမရှောင်သာ ခံစားကြရလေပြီ။ ချစ်သမီး တို့....မစိုးရိမ်ကြနဲ့၊ မပူဆွေး မငိုကြွေးကြနဲ့၊ဘုရင်မင်းမြတ်အပေါ်၌လည်း စိတ်ဖြင့် ပြစ်မှားမှုကိုမပြုကြနဲ့"ဟု ဆုံးမစကား ပြောကြားလိုက်လေသည်။

ထိုစစ်သူကြီးကတော် မလ္လိကာကား အရိယာပုဂ္ဂိုလ်၊ ပုထုဇဉ်မျှသာ ဖြစ်ပေသည်။ သို့သော် မိမိစိတ်ကို အကုသိုလ်မဖြစ်အောင် ထိန်းတတ် သိမ်းတတ်သည့် အထက်တန်းစား ပုထုဇဉ်ဖြစ်သည်။ ဘုရားရှင်နှင့် သာ ဝကတို့၏ ဆုံးမဩဝါဒကို နည်းနာ ကျကျ လက်တွေ့ကျင့်သုံးသူ ဖြစ်၏။ ထို့ကြောင့် ယခုကဲ့သို့ ဒေါသ, သောက ဖြစ်ဖွယ်ရာ အနိဋ္ဌာရုံတို့နှင့်တွေ့ ကြုံရခိုက်၌ ဒေါသ သောကတို့ ဝင်မလာနိုင်အောင် စိတ်နှလုံးကိုထိန်းသိမ်း စောင့်ရှောက်နိုင်ခြင်းဖြစ်သည်။ အရှင်သခင် လင်ယောကျ်ားနှင့် သား များ သေဆုံးကြရခြင်းသည် ဘယ်သူပပြု မိမိမှုဆိုသကဲ့သို့ ရှေးအတိတ်ဘဝ

က သူတို့ ပြုလုပ်ခဲ့သည့် အကုသိုလ်ကံဘာကြောင့် ဖြစ်သည်။ မည်သူကို မျှ အပြစ်တင်စရာ စိတ်ဆိုးစရာ တရားခံလုပ်စရာမလို၊ ပူဆွေးသောက ဖြစ် နေဖို့လည်း မဟုတ်''ဟု အမှန်အတိုင်း နှလုံးသွင်းနိုင်ခြင်းဖြစ်သည်။

## ၂။ သက္ကာယကွာသော ဒိဋ္ဌိဝိသုဒ္ဓိစခန်း

ရုပ်နာမ်ဓမ္မ ပရမတ္ထသဘာဝတရားများ၌ လက္ခဏ(သဘောလက္ခဏာ)၊ ရသ (ဆောင်ရွက်ရသည့် လုပ်ငန်းကိစ္စ)၊ ပစ္စုပဋ္ဌာန် (မိမိကြောင့် ဖြစ် ပေါ်လာသည့် အကျိုးတရား)၊ ပဒဋ္ဌာန် (မိမိကို) ဖြစ်ပေါ်စေသည့် အကြောင်းတရား)ဟူသော သဘောတရား လေးမျိုးတို့ ရှိကြစမြဲဖြစ် သည်။ ထိုလက္ခဏာ ရသ စသော သဘောတရားလေးမျိုးတို့ဖြင့် ရုပ်တရား နာမ်တရားတို့ကို ပိုင်းခြားယူငင် သိမြင်နိုင်ခြင်းသည် အတ္တဒိဋ္ဌိ၊ သက္ကာယ ဒိဋ္ဌိတို့မှ ကင်းစင်သောကြောင့် ဒိဋ္ဌိဝိသုဒ္ဓိမည်၏ဟု အဘိဓမ္မတ္ထသင်္ဂဟ အဋ္ဌ ကထာ၌ မိန့်ဆိုထားပါသည်။

ရုပ်တရား နာမ်တရားတို့ကို လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်တင်၍ ဆင်ခြင်လိုက်သည့်အခါ သိမှုသည် ဝိညာဉ်၊ ခံစားမှုသည် ဝေဒနာ၊ မှတ် သားမှုကား သညာ၊ ပြုလုပ်အားထုတ်မှုကား သင်္ခါရ၊ ဖောက်ပြန်တတ် သည့် ဤခန္ဓာကိုယ်ကြီးကား ရုပ်ဟူသည်းဟု ပိုင်းခြား သိမြင်ရန်လိုပေသည်။ ယင်းသို့ သဘောလက္ခဏာစသည်ဖြင့် ပိုင်းခြား သိမြင်နိုင်လျှင် ဤရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ဝိညာဉ်တို့မှတပါး အခြားအတ္တဟူသောတရား၊ ငါ၊ သူတပါး၊ ယောကျ်ား၊ မိန်းမဟူသော တရားများမရှိဟု အမှန် အတိုင်း (ဝါ) ပကတိအရှိအတိုင်း သိမြင်နိုင်၏။

ယင်းသို့ သိမြင်ခြင်းသည် အတ္တဟု စွဲလမ်းယူမှု (အတ္တဒိဋ္ဌိ)၊ ငါ၊ သူ တပါး၊ယောကျ်ား မိန်းမဟု စွဲလမ်းယူမှု (သက္ကာယဒိဋ္ဌိ) မိစ္ဆာအညစ် အကြေးတို့မှ ကင်းဝေးစင်ကြယ်သောကြောင့် ဒိဋ္ဌိဝိသုဒ္ဓိညာဏ်စခန်းသို့ ရောက်ပြီဟုဆိုရသည်။

ဤအဖွင့်ကျမ်းတွင် ရှေဦးစွာ ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ၊ ဧကဂ္ဂတာ၊ ဇီဝိတိန္ဒြိယ၊ မနသိကာရစေတသိက်တရားတို့၏ သဘောလက္ခဏာများကို သိလွယ်၊ မြင်လွယ်၊ သဘောပေါက်လွယ်စေရန် ယင်း စေတသိက်တို့ကို လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်–ဟူသော ရှုထောင့်လေးထောင့်ကနေ၍ လေးဘက်မြင် အသီးသီးရှုမြင် သုံးသပ်တင်ပြထားပါသည်၊ယင်းသို့တင်ပြရာ၌ "ဥပမာယ မိဓေကစ္စေ၊အတ္ထံ ဇာနန္တိ ပဏ္ဍိတာ" ဟူသော ဩဝါဒဒေသနာတော်နှင့်အညီ လူသာမန်များပင် လွယ်ကူစွာ သဘောပေါက် နားလည်နိုင်စေရန် ထင်ရှားသော ဥပမာများဖြင့်ပုံဆောင် တင်ပြထားပါသည်။

ထိုရှင်းလင်းတင်ပြချက်များကို ဖတ်ရှု လေ့လာသည့် သူတော်သူဂ္ဂိုလ်တို့အား ဖတ်ရှုလေ့လာခြင်းဖြင့် နားလည်သိမြင်လာသော သုတမယဉာဏ်၊ ထိုသုတမယဉာဏ်ကို အခြေခံလျက် မိမိကိုယ်တိုင် တွေးတောကြံစည်ခြင်းဖြင့် တိုးတက်ပွင့်လင်းသိမြင်လာသည့် စိန္တာမယဉာဏ်များ ဖြစ်ပွားပေါ်ပေါက်လာနိုင်ပါသည်။ ထိုသုတမယဉာဏ် စိန္တာမယဉာဏ်တို့ဖြင့် ဖဿစသော စေတသိက်နာမ်တရားတို့၏ သဘောလက္ခဏာများကို သိမြင်လာသည့်အခါ အထက်တွင် ဖော်ပြခဲ့ပြီးသည့်အတိုင်း အတ္တဟု မှားယွင်းစွာ ယူမှု၊ ငါသူတပါး ယောကျ်ား မိန်းမဟု မှားယွင်းစွာယူမှု ဒိဋ္ဌိအညစ်အကြေးတို့မှ ကင်းဝေးစင်ကြယ်ပြီး ဒိဋ္ဌိဝိသုဒ္ဓိဉာဏ်အဆင့်သို့ ရောက်နိုင်ပေသည်။

### ၃။ အန္ဓပုထုဇဉ်အဆင့်မှ ကလျာဏပုထုဇဉ်အဆင့်သို့

ပုထုဇဉ်ဟူသော ဝေါဟာရသည် ပုထုဇ္ဇန ပါဠိမှ ဆင်းသက်လာသည့် မြန်မာဝေါဟာရဖြစ်သည်။ကိလေသာထူပြောသော ပုဂ္ဂိုလ်ဟု အဓိပ္ပါယ်ရ၏ (ပုထု=များစွာသော ကိလေသာတို့ကို+ဇန=ဖြစ်စေသူ)။

ထိုပုထုဇဉ်သည်–

(၁) အန္ဓပုထုဇဉ်

(၂) ကလျာဏပုထုဇဉ်–

ဟု နှစ်မျိုးရှိကြောင်း ဘုရားရှင်ဟောထား၏။

ထိုတွင် အန္ဓပုထုဇဉ်ဆိုသည်မှာ ခန္ဓာ, အာယတန စသော ရုပ်တရား နာမ်တရားတို့အကြောင်းကို သင်ယူခြင်း၊ မေးမြန်းခြင်း၊ ကြားနာ မှတ်သားခြင်း၊ ကြံစည်စဉ်းစားခြင်းတို့ မရှိသဖြင့် ထိုရုပ်တရား နာမ်တရားတို့နှင့်စပ်၍ အသိဉာဏ် ဗဟုသုတကင်းမဲ့သော ပုဂ္ဂိုလ်မျိုးဖြစ်၏။ (ဝါ)ရုပ်တရား နာမ်တရားများ၌ ဉာဏ်ပညာမျက်စိ ကန်းနေသော ပုဂ္ဂိုလ်မျိုး ဖြစ်၏။ ထိုပုဂ္ဂိုလ်မျိုးကို ထိုသိုပါဠိတော်ကြီးများ၌ အသုတဝါပုထုဇဉ် (သုတမရှိသော ပုထုဇဉ်)ဟု ဟောထားပေသည် (အန္ဓ=ဉာဏ်ပညာ မျက်စိကန်းသော+ပုထုဇဉ်=ကိလေသာများသူ)။

ကလျာဏပုထုဇဉ်ဆိုသည်မှာ ခန္ဓာစသော ရုပ်တရား နာမ်တရားတို့ကို ခွဲခြားသိမြင်သည့်ဉာဏ်မျက်စိရှိသော(ဝါ)ဉာဏ်ပညာမျက်စိကောင်းသော ပုဂ္ဂိုလ်မျိုးဖြစ်သည် (ကလျာဏ=ဉာဏ်ပညာ မျက်စိကောင်းသော+ပုထုဇဉ်=ကိလေသာများသူ)။

ချဲ့ပြဦးအံ့။ အကြင်ပုဂ္ဂိုလ်သည် ခန္ဓာ, အာယတန, ဓာတ်, ပဋိစ္စသမုပ္ပါဒ်, သတိပဋ္ဌာန် စသည့် ရုပ်နာမ်အကြောင်းအရာများကို သင်ယူလေ့လာခြင်း၊ သဘောအဓိပ္ပာယ်ဘို့ကို အကြိမ်ကြိမ် မေးမြန်းဆွေးနွေးခြင်း၊ ကြားနာမှတ်သားခြင်း၊ ဆောင်ထားခြင်း၊ ခက်ခဲဆစ်တို့၌ပင် အဆုံးအဖြတ်ပေးနိုင်ခြင်း စသည်တို့ဖြင့် ရုပ်တရား၊ နာမ်တရားတို့၌လိမ်မာ ကျွမ်းကျင်သိမြင်သော သုတမယဉာဏ်လည်း ရှိ၏။ ထိုသုတမယဉာဏ်ကို အခြေပြုလျက် ခန္ဓာစသော ရုပ်တရား နာမ်တရားတို့၏သဘောသဘာဝကို မိမိဉာဏ်စွမ်းဖြင့် ကြံစည်စဉ်းစား၍ "ဤလောက၌ ရုပ်နာမ် ခန္ဓာသာရှိ၏။ ပုဂ္ဂိုလ်, သတ္တဝါ,ငါ, သူတပါးမရှိ၊ အတ္တမရှိ"ဟု တိုးတက်သိမြင်လာသည့် စိန္တာမယဉာဏ် အသိမျိုးလည်းရှိ၏။ ထိုပုဂ္ဂိုလ်မျိုးကို ရုပ်နာမ်ဓမ္မ

တို့၌ ပကတိအရှိအတိုင်း သိမြင်သည့် ဉာဏ်မျက်စိ ရှိသောကြောင့် ကလျာဏပုထုဇဉ်ဟုခေါ်သည်[၁]။

ထိုကလျာဏပုထုဇဉ်သည်လည်း အနုအရင့်အားဖြင့် နှစ်မျိုးနှစ်စား ရှိပါသည်။ ခန္ဓာစသော ရုပ်နာမ်တရားတို့ကို ခွဲခြား သိမြင် ဉာဏ်အမြင် မျှသာရှိ၍ သီလကျင့်စဉ်၊ သမာဓိကျင့်စဉ်၊ ပညာကျင့်စဉ်ဟူသော ကျင့်စဉ်ကြီးသုံးရပ်ကို အားထုတ်ဆဲမဟုတ်သော ပုထုဇဉ်မျိုးသည် "နုသော ကလျာဏပုထုဇဉ်" ပုဂ္ဂိုလ်မျိုးဖြစ်သည်။

ခန္ဓာစသော ရုပ်နာမ်တရားတို့ကို ပိုင်းခြားသိမြင်သည့်အပြင် မဂ်ဖိုလ် တရားများကိုရရန် ဝိပဿနာတရား (ပညာကျင့်စဉ်)ကို အားထုတ် ကျင့် ကြံနေသော ပုထုဇဉ်မျိုးသည် "ရင့်သောကလျာဏပုထုဇဉ်" ပုဂ္ဂိုလ်မျိုးဖြစ် သည်[၂]။

တနည်းအားဖြင့် ခန္ဓာ စသော ရုပ်နာမ်တရားတို့ကို ခွဲခြားသိမြင်၍ သီလကျင့်စဉ် စသည့် ကျင့်စဉ်ကြီးသုံးရပ်ကို အားထုတ်ဆဲ ပုထုဇဉ်မျိုးကို လည်း "ရင့်သောကလျာဏပုထုဇဉ်" ဟု ခေါ်သည်။ အယုတ်ဆုံးအား ဖြင့် ရုပ်နာမ်ကိုမြင်၍ ကျင့်စဉ်ကြီးသုံးပါးတွင် တပါးပါးကို ကျင့်နေလျှင် ပင် "ရင့်သောကလျာဏပုထုဇဉ်" အဆင့်သို့ ရောက်ပြီဟု ဆိုနိုင်ပါသည်။ ထိုကလျာဏပုထုဇဉ်အဆင့်ကို သေက္ခပုဂ္ဂိုလ်ထဲတွင် (ဝါ) သောတာပန် ပုဂ္ဂိုလ်ထဲတွင် ထည့်သွင်းရေတွက်ရမည်ဟု အဋ္ဌကထာကြီးများ၌ ဖွင့်ဆို ထားပါသည်[၃]။

အထက်တွင် တင်ပြခဲ့သည့်အတိုင်း ဤအဘိဓမ္မာ အဖွင့်ကျမ်းကို လေ့ လာ ဖတ်ရှုရခြင်းဖြင့် နာမ်တရားတို့၏ သဘောလက္ခဏာများကိုသုတမယ ဉာဏ်, စိန္တာမယဉာဏ်တို့ဖြင့် သိမြင်၍ ဒိဋ္ဌိဝိသုဒ္ဓိဉာဏ်အဆင့်သို့ ရောက်နေ

---

၁။ အဘိ၊ဋ္ဌ၊၁၊၃၀၄။ ဒီ၊ဋ္ဌ၊၁၊၅၀။

၂။ သာရတ္ထ ဓီပနီဋီကာ၊ ၂၅၄။ ယပိုက်အဖြေကျမ်း၊ ၆၅။

၃။ ဝိ၊ဋ္ဌ၊၁၊၂၇၀။ အံ၊ဋ္ဌ၊၂၊၂၉။

ခံသော ပုဂ္ဂိုလ်မျိုးကို သီလ စံသောကျင့်စဉ်သုံးရပ်တို့ကို ဖြည့်ကျင့်နေသူ မဟုတ်ပါက "နူသောကလျာဏပုထုဇဉ်" ခေါ်ရ၍ ယင်းကျင့်စဉ်သုံးရပ်ကို ဖြည့်ကျင့်နေသူဖြစ်ပါက "ရင့်သောကလျာဏပုထုဇဉ်" အဆင့်သို့ရောက်နေသူဟုဆိုရသည်။

နုသောကလျာဏ ပုထုဇဉ်ပုဂ္ဂိုလ်သည် နောက်ဘဝတွင် နတ်ပြည် စသော သုဂတိဘုံများသို့ရောက်ရန် (ဝါ)အပါယ်လေးပါးမှ လွတ်ရန် စိတ်မချရသေးသော်လည်း အန္ဓပုထုဇဉ်ပုဂ္ဂိုလ်ထက် အခွင့်အလမ်း သာလျက်ရှိပေသည်။ ရင့်သောကလျာဏပုထုဇဉ်ပုဂ္ဂိုလ်မျိုးကား သောတာပန်နှင့် အလားတူသောကြောင့် သုဂတိဘုံများသို့ လားရောက်ရန် သေချာလျက်ရှိပေသည်။

လက်ရှိဘဝတွင် တရားထူးမရသေးသော်လည်း နတ်ပြည်သို့ရောက်သည့်အခါ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို လွယ်ကူစွာ ရရှိနိုင်၏။ လွန်ခဲ့သည့်ဘဝက လေ့ကျင့်အားထုတ်ဖူးသော ဝိပဿနာအာရုံနှင့် ဘာဝနာအထုံတို့သည်လည်း အလုံးစုံပွင့်လင်းခြင်းသို့ရောက်လာတတ်ပေသည်[၁]။

### ၄။ ကာမါဝစရဏာဝိသုဒ္ဓိနှင့် စူဠသောတာပန်

ပထဝီဓာတ်တလုံးကိုဖြစ်စေ၊ လောဘဓာတ်တလုံးကိုဖြစ်စေ၊ ပဋိစ္စ-သမုပ္ပါဒ်အချက်ကိုဖြစ်စေ အကြောင်းအကျိုးနှင့် ဟုတ်တိုင်းမှန်စွာ နေရာတကျသိမှုသည် ယထာဘူတဉာဏ်အသိမျိုးဖြစ်သည်။ ထိုယထာဘူတဉာဏ်ဖြင့် ရုပ်တရား နာမ်တရားတို့ကား အကြောင်းမဲ့ ဖြစ်ပေါ်လာကြသော တရားများမဟုတ်၊ ဆိုင်ရာအကြောင်းများကြောင့် ဖြစ်လာရသည့်တရားများတည်းဟု ရုပ်နာမ်တို့၏ဖြစ်ကြောင်းကိုသိမြင်၏။ ထို့ကြောင့် ထိုဉာဏ်ကို ပစ္စယပရိဂ္ဂဟဉာဏ်ဟုလည်း ခေါ်သည်။ (ပစ္စယ=အကြောင်းတရား+ပရိဂ္ဂဟ=သိမ်းဆည်းသောဉာဏ်)။

---

၁။ အံ၊၁၊၅၀၅ (သောတာနုဂတသုတ်)။

ဤသို့လက်ရှိဘဝ၌ ရုပ်နာမ်တို့၏ဖြစ်ကြောင်းကို ကောင်းကောင်း သိမြင်သည့်အခါ "ရှေးဘဝတုန်းကလည်း အကြောင်းအားလျော်စွာ ရုပ် နာမ်ခန္ဓာတို့ဖြစ်ခဲ့လှပြီ၊ ရဟန္တာမဖြစ်သေးသမျှ နောက်နောက်ဘဝတို့၌ လည်း အကြောင်းအားလျော်စွာ ရုပ်နာ မ်ခန္ဓာတို့ ဖြစ်ကြလိမ့်ဦးမည်ဟု သဘောကျသဖြင့် "ငါသည် ရှေးအတိတ်က ဖြစ်မှုဖြစ်ခဲ့ဘူးလေရဲ့လား" စသောယုံမှားဖြစ်မှု "အလုံးစုံကို အကုန်သိမြင်နိုင်သော ဘုရားရှင်ဆိုတာ ရှိမှုရှိနိုင်ပါ့မလား" စသော ယုံမှားဖြစ်မှုများ လုံးဝကင်းပျောက်သွား၏။

ရုပ်နာမ်တရားများသည် အကြောင်းမရှိပဲ ဘာသိဘာသာ ဖြစ်ပေါ် လာ၏ဟု ယူသောအယူများကို အဟေတုကဒိဋ္ဌိဟုခေါ်၏။ ထာဝရ ဘုရားစသော တန်ခိုးရှင်တို့ ဖန်ဆင်းမှုကြောင့် ဤရုပ်နာမ်ခန္ဓာများ ဖြစ်ပေါ်လာရသည်ဟု ယူဆသော အယူသည် ဝိသမဟေတုကဒိဋ္ဌိ ဖြစ်၏။ ရုပ်နာမ်တို့၏ တကယ့်ဖြစ်ကြောင်း ဟရားများကို ကောင်းစွာ သိမြင် လာရသည့်အခါ ထိုအဟေတုကဒိဋ္ဌိ (အကြောင်းမဲ့ဝါဒ) ဝိသမဟေတု- ဒိဋ္ဌိ(ဖန်ဆင်းဝါဒတို့)ဖြစ်ရန် အကြောင်းမရှိတော့ချေ။ ထိုမိစ္ဆာအယူမျိုး တို့မှ ကင်းစင်သွား၏။

ဤသို့ ယုံမှားမှုအားလုံးကို လွန်မြောက်၍ အဟေတုကဒိဋ္ဌိ၊ ဝိသမ- ဟေတုဒိဋ္ဌိ အညစ်အကြေးတို့မှ ကင်းဝေး စင်ကြယ်သည့်အခါ ကင်္ခါ- ဝိတရဏဝိသုဒ္ဓိစခန်းသို့ ရောက်ပြီဟု ဆိုရပေမည်။ (ကင်္ခါ=ယုံမှားဖြစ်မှု+ ဝိတရဏ=လွန်မြောက်ခြင်း+ဝိသုဒ္ဓိ=ဒိဋ္ဌိနှစ်ပါးအယူမှားမှ စင်ကြယ်ခြင်း)

ဒိဋ္ဌိဝိသုဒ္ဓိအဆင့်၌ ရုပ်နာမ်ဘို၏ သဘောလက္ခဏာမျှကိုသာ သိ၏။ ရုပ်နာမ်ဘို၏ အကြောင်းတရားကိုမသိသေး။ ဤကင်္ခါဝိတရဏဝိသုဒ္ဓိကျမှ အကြောင်းနှင့်တကွရုပ်နာမ်စုံကို သိလေသည်။

ဤဝိသုဒ္ဓိကိုရသောပုဂ္ဂိုလ်သည် သောတာပန်အစစ်ကဲ့သို့ဒိဋ္ဌိ(သက္ကာယ) နှင့် ဝိစိကိစ္ဆာ (ရုပ်နာမ်နှင့်ဘုရားစသည်တို့၌ ယုံမှားဖြစ်မှု)တို့ကို ပဋိဝေဓ မဂ်ဉာဏ်ဖြင့် အကြွင်းမဲ့မပယ်သတ်နိုင်သေးစေကာမူ ယခုဘူတဉာဏ်စွမ်း ဖြင့် ကြာရှည်လေးမြင့်စွာဖယ်ရှားထားနိုင်ပါသည်။ ထို့ကြောင့်ယင်းပုဂ္ဂိုလ်

မျိုးကို သောတာပန်နှင့်အလားတူရကား သောတာပန်အငယ်စား စူဠသောတာပန်ဖြစ်ပြီဟု ဆိုရသည်။သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိတို့ဖြင့် စင်ကြယ်ပြီး တည်တံ့ခိုင်မြဲပြီးသော သီလ, သမာဓိတို့ရှိပြီးဖြစ်ရကား ကမ္မပထမြောက်သည့် အကုသိုလ်ဒုစရိုက်များကို မပြုတော့သဖြင့် လာမည့်ဘဝ၌ ကေန်မုချ အပါယ်မကျရန် သေချာနေလေသည်။

ဤကျမ်းတွင် ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ၊ကေဂ္ဂတာ၊ ဇီဝိတိန္ဒြိယ၊ မနသိကာရဟူသော နာမ်တရားတို့၏ အကြောင်းတရား (ပဒဋ္ဌာန်) တို့ကို နားလည်လွယ်အောင် နည်းအပျိုးမျိုးတို့ဖြင့် ဝေဖန်တင်ပြထားပါသည်။ ဤ ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ၊ ကေဂ္ဂတာ၊ ဇီဝိတိန္ဒြိယ၊ မနသိကာရတို့၏ အကြောင်းတရားတို့ကို လေ့လာဖတ်ရှုရသည့်အခါ ဖဿစသော နာမ်တရားများသည် အကြောင်းမဲ့ ဖြစ်ပေါ်လာကြသည် လည်းမဟုတ်၊ တစုံတယောက်သော တန်ခိုးရှင်ကြီးက ဖန်ဆင်းလိုက်သဖြင့် ပေါ်လာကြသည်လည်းမဟုတ်၊ ဆိုင်ရာ (ရုပ်နာမ်) ဟူသော အကြောင်းတရားတို့ကြောင့်သာ ပေါ်လာရခြင်းဖြစ်သည်ဟု ဟုတ်တိုင်း မှန်စွာ ယထာဘူတဉာဏ်ဖြင့်သိနိုင်၏။

ထို့အတူ လူသူချင်းတူကြသော်လည်း ရုပ်ခန္ဓာအချင်းချင်းမတူကြပုံ၊ အချို့ကအသက်ရှည်၍ အချို့ကအသက်တိုပုံ၊ အချို့ကရောဂါထူ၍ အချို့က ရောဂါကင်းပုံ၊ ယောက်ျား, မိန်းမကွဲပြားပုံ စသောအကျိုးတရားတို့ကို ထောက်လျှင် ကေန် အကြောင်းမဲ့မဖြစ်ရာ၊ ဆိုင်ရာအကြောင်းအသီးသီး ရှိရမည်စသည်ဖြင့်လည်း တိုးချဲ့စဉ်းစားကာ အသိဉာဏ်ပွားလာနိုင်ပါသည်။

ဤကျမ်းတွင် ဖဿစသော စေတသိက်များ အဖွင့်၌ ဖဿစသော စေတသိက်များကြောင့် ဘဝစက်ဝန်း(သံသရာ)လည်ပတ်ပုံ၊ ဖဿစသော စေတသိက်များ ပြတ်သဖြင့် ဘဝစက်ဝန်း (သံသရာ) အလည်ရပ်ပုံဟူ သောခေါင်းစဉ်များဖြင့် ပဋိစ္စသမုပ္ပါဒ် ကြောင်းကျိုးပြနည်းကို အနုလုံ, ပဋိလုံ အစုံအလင်ဖွင့်ဆိုရေးသားထားရာ ပဋိစ္စသမုပ္ပါဒ်နည်းအရ သခါရ

ဝိညာဉ် ရုပ်နာမ်စသောတရားတို့၏ အကြောင်းများကို သိမ်းဆည်းသိမြင်နိုင်သည့် ပစ္စယပရိဂ္ဂဟဉာဏ် (ဝါ) ဓမ္မဋ္ဌိတိဉာဏ်များ ဖြစ်ပွားလာနိုင်ပါသည်။

ထိုဉာဏ်များ ဖြစ်ပွားလာသည့်အခါ အထက်တွင်တင်ပြခဲ့သကဲ့သို့ ယုံမှားခြင်း အားလုံးကိုလွန်မြောက်၍ အကြောင်းမဲ့ဝါဒ၊ ဖန်ဆင်းဝါဒဟူသော ဒိဋ္ဌိနှစ်ပါးမှစင်ကြယ်သွားသောကြောင့် ကင်္ခါဝိတရဏဝိသုဒ္ဓိ စခန်းသို့ရောက်ပြီဟုဆိုရပါသည်။ ထိုဝိသုဒ္ဓိသို့ ရောက်သောသူသည် ဒိဋ္ဌိနှင့်ဝိစိကိစ္ဆာတရားတို့ကို ကြာမြင့်စွာဖယ်ရှား နိုင်သောကြောင့် သောတာပန် အငယ်စား စူဠသောတာပန်ဖြစ်ပြီဟုဆိုနိုင်ပါသည်။စူဠသောတာပန်အဆင့် ရောက်သူသည် နောက်ဘဝ၌ သုဂတိဘဝသို့ရောက်ရန် သေချာနေပေပြီ ဟု ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ ဒုတိယအုပ်(၂၄၀) ၌ ဖွင့်ဆိုထားပါသည်။

### ၅။ ပဋိသမ္ဘိဒါဉာဏ်အတွက် ပါရမီမျိုးစေ့ရှိနိုင်ခြင်း

ဗုဒ္ဓရှင်တော်ဘုရား၏ သာသနာတော်တွင်—

(၁) ပါရမီပတ္တရဟန္တာ

(၂) ပဋိသမ္ဘိဒါပတ္တရဟန္တာ

(၃) ဆဠဘိညရဟန္တာ

(၄) တေဝိဇ္ဇရဟန္တာ

(၅) သုက္ခဝိပဿက ရဟန္တာ

ဟူ၍ ရဟန္တာ (၅)မျိုး ရှိပါသည်[၁]။

ထိုတွင် ပါရမီပတ္တရဟန္တာဆိုသည်မှာ အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလ္လာန်တို့ကဲ့သို့ သာဝကပါရမီဉာဏ်အရာ၌ အထွတ်အထိပ်သို့ ရောက်သည့် ရဟန္တာမျိုးဖြစ်သည်။

---

၁။ ဒေသနာဋ္ဌ၊ ၂။၅၄၅။ (ဝင်္ဂီသတ္ထေရ)

ရဟန္တာဖြစ်သည်နှင့် တပြိုင်နက် (ဝါ) အရိယမဂ်ကို ရသည်နှင့် တပြိုင်နက် ပဋိသမ္ဘိဒါဉာဏ်လေးပါးကိုရသည့် ရဟန္တာမျိုးကို ပဋိသမ္ဘိဒါပတ္တ ရဟန္တာဟု ခေါ်သည်။

ပုဗ္ဗေနိဝါသာနုဿတိဉာဏ်၊ ဒိဗ္ဗစက္ခုဉာဏ်၊ အာသဝက္ခယဉာဏ်ဟူသော ဉာဏ်သုံးပါးနှင့် ပြည့်စုံသည့် ရဟန္တာကို တေဝိဇ္ဇရဟန္တာဟု ခေါ်သည်။

ဈာန်မရသော ရဟန္တာမျိုးကို သုက္ခဝိပဿကရဟန္တာဟု ခေါ်သည်။

ထိုငါးမျိုးတွင် ပဋိသမ္ဘိဒါပတ္တရဟန္တာတို့ ရရှိသော ပဋိသမ္ဘိဒါဉာဏ်လေးပါးမှာ—

(၁) အကျိုးတရား စသည်ကို သိမြင်သော အတ္ထပဋိသမ္ဘိဒါဉာဏ်၊

(၂) အကြောင်းတရားစသည်ကို သိမြင်သော ဓမ္မပဋိသမ္ဘိဒါဉာဏ်၊

(၃) သဒ္ဒါအမျိုးမျိုး၊ ဘာသာအမျိုးမျိုး၊ ဝေါဟာရပညတ်အမျိုးမျိုးကို သိမြင်သော နိရုတ္တိပဋိသမ္ဘိဒါဉာဏ်၊

(၄) အခါအခွင့်ကြုံလာသည့်အခါ သက်ဆိုင်ရာဥပမာ၊ ဥပမေယျတို့နှင့်တကွ ရှင်းလင်းပြရန် အလိုလိုထင်လာ မြင်လာသော ပဋိဘာနပဋိသမ္ဘိဒါဉာဏ်၊

တို့ဖြစ်ပါသည်။

ပဋိသမ္ဘိဒါပတ္တရဟန္တာတို့ကား ရဟန္တာဖြစ်သည်နှင့်တပြိုင်နက် ထိုဉာဏ်လေးပါးတို့ကိုပါ တခါတည်းရရှိကြသည်။ သို့ရာတွင် အရှင်အာနန္ဒာနှင့် ခုဇ္ဇုတ္တရာထေရီမတို့ကဲ့သို့ ရဟန္တာမဖြစ်မီ သောတာပတ္တိမဂ်ရချိန်ကပင် ထိုဉာဏ်လေးပါးကို ရရှိကြသည့် ပုဂ္ဂိုလ်ထူးများလည်း ရှိကြသေးသည်။

ဘုရားသာသနာတော်တွင် အကျွတ်တရား ရကြကုန်သော ရဟန်း, ရှင် လူအပေါင်းတို့တွင် ပဋိသမ္ဘိဒါပတ္တဖြစ်ကြကုန်သူတို့သည် အထွတ်အထိပ် ဖြစ်ကြကုန်၏၊ ထိုပုဂ္ဂိုလ်တို့မှာ—

၁။ အရှင်သာရိပုတ္တရာ၊
၂။ အရှင်မဟာမောဂ္ဂလ္လာန်၊
၃။ အရှင်အာနန္ဒာ၊ } (ရဟန်းယောကျ်ား)။
၄။ ခေမာထေရီ၊
၅။ ဓမ္မဒိန္နာထေရီ၊ } (ရဟန်းမိန်းမ)။
၆။ စိတ္တသူကြွယ်၊
၇။ ဥဂ္ဂသူကြွယ်၊
၈။ ဥပါလိသူကြွယ်၊ } (လူယောကျ်ား)
၉။ ဝေဠုကဏ္ဍကီ၊
၁၀။ ဥတ္တရာ (လူမိန်းမ) တို့ ဖြစ်ကြသည်။

ပဋိသမ္ဘိဒါဉာဏ်ကား အလွန်ခဲသောဉာဏ်တည်း။ ဘုရားရှင်လက်ထက် တော်ကပင် ပဋိသမ္ဘိဒါဉာဏ်ရသူများ အလွန်နည်းပါး၏။ ရဟန္တာဖြစ် တိုင်းလည်း ပဋိသမ္ဘိဒါဉာဏ်ကို မရနိုင်။ ဈာန်အဘိညာဉ်ကို ရတိုင်းလည်း ပဋိသမ္ဘိဒါဉာဏ်နှင့် မပြည့်စုံနိုင်။ ရှေးရှေးဘဝတို့က အဘိဓမ္မာတရားကို လေ့လာလိုက်စား သင်ကြားဖူးသော ပါရမီအခံရှိခဲ့ပါမှ ပဋိသမ္ဘိဒါဉာဏ် တော်ကြီး လေးပါးနှင့် ပြည့်စုံနိုင်ပါသည်။ ဥပမာအားဖြင့် ဟောဘိုက္ကု ရဟန်းအဖြစ်နှင့်တူပါသည်၊ ရှေးရှေးဘဝက သက်န်းလှူခဲ့ဖူးသူဖြစ်ပါမှ သာသနာတော်တွင် ဟောဘိက္ခု ရဟန်းဖြစ်ခွင့်ရှိသည်။ မလှူခဲ့ဘူးသူမှာ ဟောဘိက္ခုရဟန်းဖြစ်နိုင်ခွင့် မရှိသကဲ့သို့ ဖြစ်သည်။

အနုမတဂ္ဂသံသရာတွင် ဈာန်အဘိညာဉ်တရားတို့ကို လေ့လာကြိုးစား နိုင်ချိန်ကား အလွန်များ၏။ သာသနာပ, သာသနာတော်တွင်းအချိန် နှစ်ချိန်လုံး လေ့လာအားထုတ်နိုင်ကြသည်။ အဘိဓမ္မာတရားကို လေ့လာ

လိုက်စားနိုင်ဘို့အချိန်ကား အလွန်နည်း၏။ သာသနာတော်တွင်းအချိန်၌သာ လေ့လာလိုက်စားနိုင်သည်၊ ယင်းသို့ ဈာန်အဘိညာဉ်ကို လေ့လာအားထုတ်နိုင်ချိန်ကများ၍ အဘိဓမ္မာတရားကို လေ့လာလိုက်စားခွင့်ရချိန်က အလွန်နည်းသဖြင့် ကျတ်တမ်းဝင်ကြသည့်အခါ ဆဋ္ဌဘိညခေါ် အဘိ-ညာဉ်ရပုဂ္ဂိုလ်များ များပြား၍ ပဋိသမ္ဘိဒါပတ္တပုဂ္ဂိုလ်များ ရှားပါးရခြင်းဖြစ်သည်။

ဤအဓိပ္ပာယ်သဘောတရားအရ နောင်ကျွတ်တမ်းဝင်သည့်အခါ ပဋိသမ္ဘိဒါဉာဏ်နှင့် ပြည့်စုံကြရလေအောင် ယခုလိုဗုဒ္ဓသာသနာတော်ကြီးနှင့် ကြုံကြိုက်နေသည့် ခေတ်ကောင်း ကာလကောင်းကြီးတွင် အဘိဓမ္မာထွန်းကားသည့် တိုင်းပြည်တွင် လူဖြစ်ရခိုက် အဘိဓမ္မာတရားများကို လေ့လာလိုက်စားခြင်းဖြင့် ပါရမီမျိုးစေ့ကို ပျိုးထောင်သင့်ကြပေသည်။

ဤကျမ်းစာအုပ် ဖြစ်ပေါ်လာပုံ

ဤကျမ်းကား ဖော်ပြပါ ရည်မှန်းချက်ကြီးများကို အကြောင်းပြု၍ ဒုတိယကျမ်းစာအဖြစ် ပေါ်ထွက်လာသော ကျမ်းတည်း။ သို့သော် ဤကျမ်းစာအုပ် ထွက်ပေါ်လာရာတွင် စိမ်ကိန်းချမှတ်သည်မှစ၍ ပုံနှိပ်ထုတ်ဝေသည့် အဆင့်အထိ ကွင်းဆက်အကြောင်းများ များစွာရှိပါသေးသည်။

မှန်ပါသည်။ ဤကျမ်းစာအုပ်ကို ယခုလို ထွက်ပေါ်လာနိုင်ရန် ရှေးဦးစွာ ဦးဆောင်ညွှန်ကြားသူမှာ ဆရာဦးလှမောင် (နိုင်ငံတော်ကောင်စီဝင်ဟောင်း)ဖြစ်ပါသည်။ ထိုစဉ်အခါက ဆရာဦးလှမောင်မှာ ဗုဒ္ဓသာသနာအဖွဲ့ စုံစမ်းစစ်ဆေးရေး ကော်မရှင်အတွင်းရေးမှူးနှင့် ဗုဒ္ဓသာသနအဖွဲ့ အုပ်ချုပ်ရေးအရာရှိချုပ်ဖြစ်ပါသည်။

တနေ့တွင် ဆရာဦးလှမောင်သည် နိုင်ငံတော်ဗုဒ္ဓသာသနအဖွဲ့ ဘာသာပြန်ဌာန အယ်ဒီတာချုပ် ဦးကျော်လှုိက် (အစိုးရပထမဆုံး ဓမ္မာစရိယနှင့် သက်ျသီဟ ဓမ္မာစရိယ)စသူတို့နှင့် ဗုဒ္ဓအဘိဓမ္မာလာ စိတ်, စေတသိက်

များအကြောင်းကို ဆွေးနွေးကြပါသည်၊ ထိုဆွေးနွေးပွဲတွင် စိတ်စေတသိက်တရားများကို သုတေသနပြုလိုသူ အဘိဓမ္မာသုတေသီများအဖို့ စိတ်အကြောင်းနှင့် ဖဿစသော စေတသိက်တပါးစီ၏ အဓိပ္ပာယ် အကြောင်းအရာများကို တထိုင်တည်းဖြင့် အပြည့်အစုံလေ့လာနိုင်မည့် ကျမ်းစာအုပ်မျိုးရှိရန် လိုအပ်ကြောင်း အပြေထွက်လာပါသည်။

ထို့ကြောင့် ဆရာဦးလှမောင်က ဆရာကြီး ဦးကျော်ထွတ်အား ဘာသာပြန်ဌာနရှိ ပညာရှင်ဝန်ထမ်းများဖြင့်စေတသိက်တပါးစီတပါးစီ၏ အဓိပ္ပာယ်အကြောင်းအရာများကို ပိဋကသုံးပုံ နိကာယ်ငါးစုံ၌လာရှိသမျှ အားလုံးစုဆောင်း၍ လူသာမန်များ နားလည်နိုင်သောမြန်မာစကားပြေ ရေးသားဟန်ဖြင့် အပြည့်အစုံ ရေးသားပြုစုရန် ညွှန်ကြားပါသည်။

ဤကဲ့သို့သော ကျမ်းမျိုးကိုပြုစုရန် လုပ်ငန်းကား ညွှန်ကြားရန်လွယ်ကူသလောက် စုဆောင်းရေးသားပြုစုရာတွင် အ ခက်ခဲသော လုပ်ငန်း ဖြစ်ပါသည်။ နိကာယ်ငါးစုံ ပိဋကသုံးပုံတွင် ပြန့်ကျဲတည်ရှိနေသော စေတသိက်တပါးစီ၏ အဓိပ္ပာယ်များကို ရှာဖွေစုဆောင်းရသည်မှာ မည်မျှ ခက်ခဲသည်ကို စာရှုပရိသတ်များ ခန့်မှန်းနိုင်ပါသည်။ ဘာသာရပ်အနေအားဖြင့်သည်း ပိဋကသုံးပုံတွင် အခက်ခဲဆုံး အနက်နဲဆုံး အဘိဓမ္မာ ဘာသာရပ်ဖြစ်၍ ရေးသားပြုစုရသည်မှာ ပို၍ခက်လှပါသည်။

သို့ဖြစ်၍ ဤကျမ်းစာမျိုးကို ရေးသားပြုစုရသည့် ပညာရှင်နှင့်တည်း ဖြတ်ပြင်ဆင်ရသည့် ပညာရှင်များမှာ—

(၁) ပါဠိဘာသာကို နိုင်နိုင်နင်းနင်း တတ်မြောက်ရခြင်း၊

(၂) မြန်မာဘာသာ၌လည်း ကျွမ်းကျင်လိမ္မာရခြင်း၊

(၃) အဘိဓမ္မာ သဘောတရားများကိုလည်း အခြေခံကျကျ တတ်မြောက် နားလည်ထားရခြင်း၊

(၄) အများနားလည် သဘောပေါက်အောင်လည်း ရေးသားတင်ပြ တတ်ချခြင်း–

ဟူသော အင်္ဂါရပ်များနှင့်ပြည့်စုံမှ ရေးသားပြုစုနိုင်မည်၊တည်းဖြတ် ပြင်ဆင်နိုင်မည်ဖြစ်ပါသည်။

ထို့ကြောင့် ဆရာကြီးဦးကျော်ထွတ်သည် ဆရာဦးလှမောင်၏ ညွှန်ကြားချက်အတိုင်း ဤကျမ်းစာအုပ်ဖြစ်ပေါ်လာရေးအတွက်–

(၁) စာစုလုပ်ငန်းအဆင့်၊

(၂) စာပြုလုပ်ငန်းအဆင့်၊

(၃) စာတည်းလုပ်ငန်းအဆင့်၊

ဟု လုပ်ငန်းစဉ်အဆင့်သုံးဆင့် ချမှတ်ကာ ၁၉၆၇-ခုနှစ်တွင် စာစုလုပ်ငန်းအဆင့်ကို စတင်ဆောင်ရွက်စေပါသည်။

စာစုလုပ်ငန်းမှာ ဖဿ စသော စေတသိက် တပါးစီ၏ အဓိပ္ပာယ် အကြောင်းအရာများကို ရှေးရှေးဆရာတော်ဘုရားကြီးများ မြန်မာဘာသာဖြင့် ဖွင့်ဆိုရေးသားထားကြသည့် အဘိဓမ္မတ္ထဒီပကကျမ်း၊ ပရမတ္ထသရူပအနုဝဏ္ဏနာကျမ်း၊ ပရမတ္ထသံခိပ်ဋီကာ စသော အဘိဓမ္မာကျမ်းကြီးများနှင့် အဘိဓမ္မာပါဠိတော်မြန်မာပြန်၊သုတ္တန်ပါဠိတော်မြန်မာပြန် စသော မြန်မာပြန်ကျမ်းကြီးများမှ ထုတ်နုတ် ရေးကူးကြရပါသည်။ ရေးကူးရာတွင် ကျမ်းအမည်နှင့် စာမျက်နှာနံပါတ်တို့ကိုပါ ဖော်ပြရပါသည်။

ရေးကူးပြီးသည့် လက်ရေးစာမူများကို ကျမ်းရင်းနှင့် ပြန်လည်တိုက်ဆိုင်တည်းဖြတ်၍ စေတသိက်တပါးလျှင် ငါးမူစီ လက်နှိပ်စက်ဖြင့် ရိုက်ကူးကြရသည်။ လက်နှိပ်စက်မူများကို ငါးဖိုင်စီ တွဲချုပ်ထားရာ စေတသိက် (၅၂)ပါးအတွက် ဖိုင်ပေါင်း (၂၆၀)ရှိပါသည်။ ထို စေတသိက်များတွင် သုတ်, အဘိဓမ္မာကျမ်းပေါင်း (၂၀)ကျော်မှ လက်နှိပ်စက် စာမျက်နှာ

(၁၆၀)ကျော်အထိ စုဆောင်းရသည့် လောဘကဲ့သို့သော စေတသိက် မျိုးလည်း ပါဝင်ပေသည်။

စာစုလုပ်ငန်းပြီးဆုံးသည့်အခါ စာပြုလုပ်ငန်းကို ဆက်လက်ထမ်း ဆောင်ရပါသည်။ ဤလုပ်ငန်းကား ကျမ်းစာအုပ်ပေါ်ထွက်လာရေး အတွက် အချက်အချာပဓာနအကျဆုံး လုပ်ငန်းဖြစ်ပါသည်။ ထို့ကြောင့် လုပ်ငန်းအောင်မြင်ရေးအတွက် အောက်ပါမူများကို ချမှတ်၍ဆောင်ရွက် ရပြုန်ပါသည်။

စာပြုပညာရှင်များသည် စေတသိက်အသီးသီး၏ သဘောအဓိပ္ပာယ် များကို ဖွင့်ဆိုရေးသားကြရာ၌–

(၁) စေတသိက်တို့၏ ဖဿ စသော နာမည်အသီးသီးကိုရပုံ၊

(၂) (က) စေတသိက်၏ သဘောလက္ခဏာ(လက္ခဏ)၊

(ခ) စေတသိက်၏ ဆောင်ရွက်ချက်(ရသ)၊

(ဂ) စေတသိက်ကြောင့် ဖြစ်ပေါ်လာသည့် အကျိုးတရား (ပစ္စုပဋ္ဌာန်)

(ဃ) စေတသိက်၏ အနီးဆုံးအကြောင်းတရား (ပဒဋ္ဌာန်)၊

တို့ကို နားလည်လွယ်အောင် ဥပမာ၊ ဥပမေယျတို့ဖြင့် တန်ဆာဆင် ရေးသားရမည်။

(၃) စေတသိက်၏ အမျိုးအမည်များကိုရေတွက် ရှင်းလင်းပြရမည်။

(၄) စေတသိက်၏ နာမည်အမျိုးမျိုးရပုံကို ဖွင့်ဆိုရမည်။

(၅) စေတသိက်အကြောင်း အခြားသိကောင်းစရာများကို ပိဋက တော်၌လာရှိသမျှ စုံစုံလင်လင်တင်ပြရမည်။

(၆) အကုသိုလ်စေတသိက်ဖြစ်လျှင် ထိုစေတသိက်ကို ပယ်သတ်ရန် နည်းလမ်းများ၊ ပယ်သတ်နိုင်လျှင် သံသရာနှုတ်ထွက်မြောက်ပုံ၊ မပယ်သတ်နိုင်လျှင် သံသရာလည်ပုံတို့ကို ရှင်းပြရမည်။

(၇) ကုသိုလ်စေတသိက်ဖြစ်လျှင် ထိုစေတသိက်အကောင်းကျိုးများ၊ ထိုစေတသိက်ကြောင့် သံသရာမှ ထွက်မြောက်ပုံတို့ကိုရေးသားရမည်–

ဟူသော မူစည်းကမ်းများနှင့်အညီ ဤပိတာဝန်ကျခဲ့သော စေတသိက်ကို ရေးသားကြရပါသည်။

စာပြုပညာရှင်များသည် စေတသိက်အကြောင်းကို ပထမဦးစွာရေးသားပြီး စာစုပညာရှင်များ ရေးသားကာ သက်ဆိုင်ရာစေတသိက်ပိုင်းဆိုင်ရာ အကြောင်းအရာများကို ကြည့်ရှုစစ်ဆေးကာ လေ့လာကြရသည်။ ထို့နောက် ပိဋကတ်သုံးပုံ နိကာယ်ငါးရပ်ပါ ... ... အနုဋီကာ၊ မဟာဋီကာ၊ ယောဇနာ ... ... ... ... ... တွင် ပါဝင်သော စေတသိက်၏ အကြောင်းအရာများကို ... ... ... သုတေသနပြုကြရသည်။

မြန်မာ့အဘိဓမ္မာကျမ်းတော်၊ ပိဋကတ်တော်စသည့် အဘိဓမ္မာကျမ်းကြီးများလာ အဓိပ္ပာယ်တို့ကို သတိပြုရ ... ... အဖွင့်များဖြစ်သည့် ... ... အဓိပ္ပာယ်များကို ... ဋီကာ၊ အနုဋီကာ၊ ယောဇနာ၊ ဒီပနီနှင့်ဆိုင်ရာများဖြင့် ... ... ... အဓိပ္ပာယ် သဘောတရားများကို ကောက်နုတ်ရေးသား ... ... သွားရပါသည်။

တခါတရံ ပရမတ်ပိုင်း ... ... ... သဘောအဓိပ္ပာယ်များနှင့် တွေ့ကြုံလာလျှင် အချင်းချင်းဆွေးနွေး ... ... ... ... ... ချုပ်နှင့် ... ... ... ... ... ... ကျမ်းကြီးများကို ကြည့်ရှုလေ့လာ ... ... ... ... ... ရှင်းလင်း ပြတ်သားစွာ နားလည်သဘောပေါက်သည်အထိ ကြိုးစားရသည်။

ယင်းသို့ မိမိတာဝန်ကျသည့်ခေတ်သိက်၏ အဓိပ္ပာယ်သဘောတရားများကို အပြက်ဖက်က ပြည့်စုံအောင် လေ့လာဘုတေသနပြုကြပြီးမှ အထက်ပါချမှတ်ထားသည့်မူအတိုင်း စာမူကြမ်းကို စတင်ရေးသားကြရသည်၊ သက်ဆိုင်ရာစာပိုဒ်များနောက်၌သည်း ရည်ညွှန်း ကိုး ကား သည့် ကျမ်းဂန်အမည်နှင့် စာမျက်နှာတို့ကိုပါဖော်ပြရသည်။ ယင်းစာမူကြမ်းကို သိုင်းရုံးမှူးကျမ်းများနှင့် ပြန်လည်တိုက်ဆိုင်၍ ဝေါဟာရအသုံးအနှုန်း၊ ပါကျယ်ဆောက်တည်ပုံ၊ သတ်ပုံသတ်ညွှန်းတို့မှအစ အားလုံးပြင်ဆင်ပြီး စာမူချောသတ်မှတ်ရေးသားရသည်၊ စာမူချောရေးသားပြီးသည့်အခါ ထိုစာမူချောကိုတည်းဖြတ်ပြင်ဆင်ရန် အယ်ဒီတာချုပ်ထံတင်ပြရပါသည်။

စာတည်းလုပ်ငန်းကို အယ်ဒီတာချုပ်တာဝန် တာဝန်ယူရပါသည်။ အယ်ဒီတာချုပ်သည် ပြုစုသူတင်ပြသောစာမူချောကို ရင်းတို့ ညီညွှန်း၍ ဖတ်ရှုစစ်ဆေး၍ ပြင်ဆင်တည်းဖြတ်ရသည်။ သတ်ပုံသတ်ညွှန်း၊ ဝေါဟာရအသုံးအနှုန်းတို့၌ ပါကျယ်ဖွဲ့စည်းပုံ၊ စာပိုဒ်ခွဲ၍ အဓိပ္ပာယ်အတိအကျ မြင်သာစေရန် အလျှော်အသင့်ပြင်ဆင်သင့်သည့် အရာများကို တွေ့ရှိရသည့်အခါ အနှစ်ချုပ် ရင်းနှင့် ပေါင်းစပ်ညှိနှိုင်းရသည်၊ အကြံပေးလမ်းညွှန်ရသည်။ ဖြည့်စွက်ရေးသားရမည့်အချက်များနှင့် ပိုနေသည့်အချက်များကိုလည်း ညွှန်ကြားရသည်။

ဤနည်းဖြင့် ဥမ္မာ၃ ဆရာတို့၏ လုပ်ငန်းစဉ်ကြီးသုံးရပ် ပြုလုပ်ဆောင်ရွက်ခဲ့သော်ငြားလည်း ပညာရှင်ပမာဏများပလုံလောက်ခြင်း၊ အချိန်အခါအရ အရေးကြီးသည့် အခြားစာ လုပ်ငန်းများကိုပါ ပူးတွဲဆောင်ရွက်ရခြင်း စသည်တို့ကြောင့် ယခုအခါမှ "ကျိုကမ္မဘတိပ္ပာ ခေတ်သိက်များ အဖွင့် အတွဲ ၁၊ (ဇေယာ၊ ဝေဒနာ၊ သညာ၊ စေတနာ၊ ဖောဂ္ဂဏာ၊ ဇီဝိတိန္ဒြိယ၊ မနသိကာရ) ကျမ်းစာအုပ်" သည် ဒုတိယကျမ်းစာအဖြစ် ပေါ်ထွက်လာရခြင်းဖြစ်ပါသည်။ အတွဲ ၂၊ ၃၊ ၄ စသည့်ကျမ်းစာအုပ်များလည်း ဖြစ်ပေါ်သကဲ့သို့ ဆက်ကာဆက်ကာ ထွက်လာမည်ဖြစ်ပါသည်။

## ဗုဒ္ဓအဘိဓမ္မာအတွဲ (၃)ကို ရှေးဦးစွာထုတ်ဝေရခြင်း

ဗုဒ္ဓအဘိဓမ္မာ စေတသိက်များအဖွင့်၊ အတွဲ-၃ (လောဘ, ဒေါသ, မောဟ) ကို ၁၉၇၀-ခုနှစ်၊ ဇွန်လတွင် ပထမကျမ်းစာအဖြစ် ထုတ်ဝေဖြန့်ချိခဲ့ပြီးဖြစ်ပါသည်။ ဤနေရာ၌ ဤအတွဲ-၁-ကို အတွဲ-၃-နောက်မှထုတ်ဝေဖြန့်ချီရသည့်အကြောင်းကို အနည်းငယ်တင်ပြပါမည်။ ဤကျမ်းပြုဌာနစု (ဘာသာပြန်) သည် ဗုဒ္ဓအဘိဓမ္မာ စေတသိက်အဖွင့်ကျမ်းများကို ရေးသားပြုစုရာတွင် အဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်း စေတသိက်ပိုင်း၌ ပြဆိုထားသည့် အစဉ်အတိုင်း-

(၁) သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇-ပျိုး (ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ၊ ဧကဂ္ဂတာ၊ ဇီဝိတိန္ဒြေ၊ ပနသိကာရ) ကို အတွဲ(၁)၊

(၂) ပကိဏ်း စေတသိက်-၆-မျိုး(ဝိတက်၊ ဝိစာရ၊ အဓိမောက္ခ၊ ဝီရိယ၊ ပီတိ၊ ဆန္ဒ ) ကို အတွဲ-၂၊

(၃) ဒ. ကုသိုလ်စေတသိက်-၃-မျိုး (လောဘ၊ ဒေါသ၊ မောဟ) ကို အတွဲ-၃၊ စသည်ဖြင့် ထုတ်ဝေ ဖြန့်ချိသွားရန် မူလကသတ်မှတ်ထားခဲ့ပါသည်။

ထိုသတ်မှတ်ချက်အတိုင်း ကျမ်းပြုဝန်ထမ်းများသည် စေတသိက်များကိုခွဲဝေ၍ ပြုစုရေးသားကြရာ အတွဲ (၃) သတ်မှတ်ထားသော လောဘ ဒေါသ၊ မောဟစေတသိက်များက ရှေးဦးစွာပြီးသဖြင့် ထိုစေတသိက်-၃-မျိုးကို မူလရာထားချက်အတိုင်း ဗုဒ္ဓအဘိဓမ္မာ စေတသိက်များအဖွင့်-အတွဲ(၃) အဖြစ်ဖြင့် ရှေးဦးစွာထုတ်ဝေဖြန့်ချိ လိုက်ရခြင်းဖြစ်ပါသည်။

အတွဲ-၃-ကိုထုတ်ဝေပြီး(၃) နှစ်ကျော်ကြာမှ ဤဗုဒ္ဓအဘိဓမ္မာအတွဲ-၁-ကို ရိုက်နှိပ်ထုတ်ဝေရခြင်းမှာလည်း—

(၁) သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းဝေးကြီး ဖြစ်မြောက်ရေးကိစ္စအဝဝတွင် ကျမ်းပြုဝန်ထမ်းများ ပါဝင်ဆောင်ရွက်နေကြရခြင်း၊

( ၂ ) နက်နဲခက်ခဲသော အဘိဓမ္မာသဘောတရားရေးရာများဖြစ်၍ အလျင်အမြန် ရေးသားရန်မလွယ်ကူခြင်း၊

(၃) ပုံနှိပ်ရာ၌အချိန်ကြာမြင့်ခြင်း –
စသော အကြောင်းများကြောင့်ဖြစ်ပါသည်။

ဤဗုဒ္ဓအဘိဓမ္မာ စေတသိက်များအဖွင့် အတွဲ-၁ (ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ၊ ဧကဂ္ဂတာ၊ ဇီဝိတိန္ဒြိယ၊ မနသိကာရ) ကို သာသနာရေးဦးစီးဌာန၊ သုတေသနနှင့်ကျမ်းပြုဌာနခွဲကျမ်းပြုဌာနစု(ဘာသာပြန်) က လက်ထောက်ကျမ်းပြုမှူးများဖြစ်ကြသော ဦးအောင်မြင်(ယခုကယား ပြည်နယ်သာသနာရေးဦးစီးမှူး)၊ဦးညွန့်မောင်(ယခု ပဲခူးတိုင်း သာသနာရေးဦးစီးမှူး)၊ဦးထွန်းလှ(ယခုတနင်္သာရီတိုင်းသာသနာရေးဦးစီးမှူး)တို့၏ အကျဉ်းရေးသားချက်များကို အောက်ပါကျမ်းပြုမှူး-၂-ဦးတို့က အကျယ် ရေးသားပြုစုကြ၍၊ ကျမ်းပြုမှူးဦးအေးနိုင်၊အစိုးရဓမ္မာစရိယနှင့်စေတိယင်္ဂဏ (ရွှေကတိပ်ရအင်္ဂလိပ်ဘာသာပြန်အကျော်) ဓမ္မာစရိယ–ဘိဓေယျ တည်း ဖြတ်ပြင်ဆင်ပြီး သာသနာရေးဦးစီးဌာနက ရိုက်နှိပ်ဖြန့်ချီ လိုက်ပါသည်။

(၁) ဦးအေးနိုင် (ကျမ်းပြုမှူး)ဓမ္မာစရိယ-ဘိဓေယျ (ဖဿ၊ဝေဒနာ၊ စေတနာ)

(၂) ဦးညွန့်ဖေ (ဒု-ကျမ်းပြုမှူး) ဓ-အ-ဓမ္မာစရိယ (သညာ၊ ဧကဂ္ဂတာ၊ ဇီဝိတိန္ဒြိယ၊ မနသိကာရ)

ဦးအေးနိုင် (ကျမ်းပြုမှူး)
ကျမ်းပြုဌာနစု (ဘာသာပြန်)
သာသနာရေးဦးစီးဌာန

ဗုဒ္ဓအဘိဓမ္မာ

စေတသိက်များအဖွင့်

# မာတိကာ


အကြောင်းအရာ — စာမျက်နှာ

ပရမတ်တရားလေ့လာစိစစ်နည်းလေးမျိုး .... .... ၁

ဖဿစေတသိက်

တွေ့ထိပုံ(၃)မျိုး .... .... .... ၃
ဖဿစေတသိက်၏သဘောလက္ခဏာ .... .... ၉
ဖဿ၏ရသ (၂)မျိုး .... .... .... ၁၀

(၁) ဖဿ၏ဆောင်ရွက်မှုကိစ္စရသ .... .... ၁၁

(၂) ဖဿ၏အပြည့်အစုံဖြစ်မှုဟူသော သမ္ပတ္တိရသ .... ၁၁

ဖဿစေတသိက်၏ပစ္စုပဋ္ဌာန် .... .... .... ၁၂

(၁) [illegible]မျိုး(ဖလ)ပစ္စုပဋ္ဌာန် .... .... ၁၂

(က) စက္ခုဒွါရ၌ဖြစ်သော ဖဿကြောင့် ....
ဝေဒနာသုံးမျိုးဖြစ်ပုံ .... .... ၁၃
(ခ) သောတဒွါရ၌ ဖြစ်သောဖဿကြောင့် ....
ဝေဒနာသုံးမျိုးဖြစ်ပုံ .... .... ၁၄
(ဂ) ဃာနဒွါရ၌ ဖြစ်သောဖဿကြောင့် ....
ဝေဒနာသုံးမျိုးဖြစ်ပုံ .... .... ၁၅
(ဃ) ဥပမာဂဏ္ဍိနှင့်သိဂိမင်း .... .... ၁၆

# ဗုဒ္ဓအဘိဓမ္မာ စေတသိက်များ အဖွင့်


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| (၂) ဉာဏ်တွင်ထင်မြင်လာသော သဘောချင်းရာ .... | |
| (ဥပဋ္ဌာနာကာရ)ပစ္စုပဋ္ဌာန် .... .... | ၁၈ |
| ဖဿ၏အနီးကပ်ဆုံး အကြောင်းတရား(ပဒဋ္ဌာန်)၂-မျိုး .... | ၁၉ |
| (၁) အာရုံ ၆-ပါး .... .... .... | ၁၉ |
| (၂) ဖဿ၏ အနီးကပ်ဆုံးအကြောင်းတရားအာယတန ၆-ပါး | ၂၀ |
| ဖဿစေတသိက်အမျိုးမျိုးပြားပုံ .... .... | ၂၂ |
| (၁) ဖဿ ၆-မျိုး .... .... .... | ၂၂ |
| (က) စက္ခုသမ္ဖဿနှင့်ဘုရားလောင်းရသေ့ကြီး.... | ၂၂ |
| (ခ) သောတသမ္ဖဿနှင့်ပုဏ္ဏကနတ်ဘီလူး .... | ၂၃ |
| (ဂ) ကာယသမ္ဖဿနှင့် ဣသိသိင်္ဂရသေ့ .... | ၂၆ |
| (ဃ) မနောသမ္ဖဿ .... .... .... | ၂၇ |
| (င) အနိဋ္ဌဖဿများ .... .... | ၂၇ |
| (စ) ဖဿစွမ်းရည် .... .... | ၂၉ |
| (၂) ဖဿ ၃၂-မျိုး .... .... .... | ၂၉ |
| (၃) ဖဿ ၈၉-မျိုး .... .... .... | ၃၀ |
| ဖဿအကြောင်း အခြားသိကောင်းစရာများ .... | ၃၀ |
| (၁) ဖဿကို အာဟာရဟုခေါ်ရပုံ .... .... | ၃၀ |
| (၂) ဖဿကြောင့် အယူဝါဒ(ဒိဋ္ဌိ)အမျိုးမျိုးပေါ်လာပုံ | ၃၂ |
| (၃) ဘေးဒုက္ခအပေါင်း၏ အကြောင်းရင်းဖဿ .... | ၃၃ |
| (၄) ဖဿကြောင့် စစ်ပွဲကြီးများ ဆင်နွှဲကြရခြင်း .... | ၃၆ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| (၅) ဖဿနှင့်ပဋိစ္စသမုပ္ပါဒ် .... .... — | ၃၈ |
| (၆) ဖဿနှင့်ပဋ္ဌာန်း .... .... .... | ၃၉ |
| ဖဿစေတသိက်ကို ရှေးဦးစွာဟောရပုံ .... .... | ၄၀ |
| (၁) မဟာသံဃိကာဂိုဏ်းဝါဒ သို့မဟုတ် မဟာအဋ္ဌကထာဝါဒ | ၄၀ |
| (၂) အဋ္ဌကထာဝါဒ .... .... .... | ၄၁ |
| (၃) ဋီကာဝါဒ .... .... .... | ၄၂ |
| (၄) အနုဒီပနီဝါဒ .... .... .... | ၄၄ |
| ဖဿကြောင့် သံသရာလည်ပုံ .... .... .... | ၄၅ |
| ဖဿပြတ်က သံသရာအလည်ရပ်ပုံ .... .... | ၄၆ |


## ဝေဒနာစေတသိက်


| | |
|---|---|
| ခံစားပုံ(၃)မျိုး.... .... .... .... | ၄၉ |
| ဝေဒနာစေတသိက်၏သဘောလက္ခဏာ .... .... | ၄၉ |
| (၁) ခံစားပုံ .... .... .... | ၄၉ |
| (၂) သုခဝေဒနာနှင့် သောမနဿဝေဒနာဖြစ်ပုံ .... | ၅၀ |
| (၃) ဒုက္ခဝေဒနာနှင့် ဒေါမနဿဝေဒနာဖြစ်ပုံ .... | ၅၁ |
| (၄) မနောဒွါရ၌ ဝေဒနာသုံးမျိုးဖြစ်ပုံ.... .... | ၅၃ |
| (၅) စက္ခုဒွါရစသည့် ဝေဒနာသုံးမျိုးဖြစ်ပုံ .... | ၅၃ |
| (၆) သုတ္တန်နှင့် အဘိဓမ္မာ .... .... | ၅၄ |
| ဝေဒနာ၏ ဆောင်ရွက်မှုကိစ္စ (ရသ) .... .... | ၅၅ |
| (၁) သုခဝေဒနာနှင့် သောရေယျသဌေးသား .... | ၅၅ |
| (၂) ပဋာစာရီသဌေးသမီးနှင့် ဒုက္ခဝေဒနာ .... | ၅၆ |
| (၃) ဥပေက္ခာဝေဒနာနှင့် မဟာသခ်ပုဏ္ဏား .... | ၅၇ |
| (၄) ဖဿစသည်တို့ ဝေဒနာအမည်မရနိုင်ပုံ .... | ၅၈ |

| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| ဝေဒနာစေတသိက်၏ ပစ္စုပဋ္ဌာန် .... .... | ၅၉ |
| (၁) သာယာအပ်သောတရားဟုထင်ပုံ.... .... | ၆၁ |
| (၂) နှိပ်စက်နာကျင်တတ်သော တရားဟုထင်ပုံ .... | ၆၁ |
| (၃) ငြိမ်သက်သောသုခဟု ထင်မြင်ပုံ .... | ၆၁ |
| ဝေဒနာစေတသိက်၏ အနီးကပ်သုံးအကြောင်း(ပဒဋ္ဌာန်) .... | ၆၂ |
| ဝေဒနာစေတသိက်အမျိုးမျိုးပြားပုံ .... .... | ၆၆ |
| (၁) ဝေဒနာ ၁-မျိုး .... .... .... | ၆၆ |
| (၂) ဝေဒနာ ၂-မျိုး .... .... .... | ၆၇ |
| (၃) ဝေဒနာ ၂-မျိုးနှင့် ရေကန်ကြီးဥပမာ .... | ၆၈ |
| (၄) ဝေဒနာ ၃-မျိုး .... .... .... | ၇၁ |
| (၅) ဝေဒနာ ၅-မျိုး .... .... .... | ၇၂ |
| (၆) ဝေဒနာ ၆-မျိုး .... .... .... | ၇၃ |
| (က) သာမိသသုခဝေဒနာ .... .... | ၇၇ |
| (ခ) နိရာမိသသုခဝေဒနာ .... .... | ၇၈ |
| (ဂ) သာမိသဒုက္ခဝေဒနာ .... .... | ၇၉ |
| (ဃ) နိရာမိသဒုက္ခဝေဒနာ .... .... | ၈၀ |
| (င) အရှင်မဟာသီဝမထေရ်ကြီး ပုစ္ဆာ .... | ၈၀ |
| (စ) သာမိသ အဒုက္ခမသုခဝေဒနာ .... | ၈၃ |
| (ဆ) နိရာမိသ အဒုက္ခမသုခဝေဒနာ .... | ၈၄ |
| (၇) ဝေဒနာ ၁၈-မျိုး .... .... .... | ၈၄ |
| (၈) ဝေဒနာ ၃၆-မျိုး .... .... .... | ၈၅ |
| (၉) ဝေဒနာ ၁၀၈-မျိုး .... .... | ၈၉ |

**အကြောင်းအရာ** **စာမျက်နှာ**

ဝေဒနာအကြောင်း အခြားသိကောင်းစရာများ— ၉၀

(၁) စိတ်နှင့်အမြဲတမ်းဖြစ်သောတရား .... ၉၀
(၂) ရုပဿာဒနှင့်ဒုက္ခဝေဒနာ .... .... ၉၁
(၃) ပုထုဇဉ်နှင့် အရိယာတို့ ဝေဒနာခံစားပုံချင်း မတူပုံ ၉၂
(၄) သဘ်သမ္မာဉာဏ်ရှိသူတို့ ဝေဒနာသုံးပါးနှင့်ရှုပုံ .... ၉၆
(၅) ဝေဒနာတို့၏ဖြစ်ကြောင်း ချုပ်ကြောင်းတရားစသည်များ ၉၉
(၆) သုခဝေဒနာအချင်းချင်း အဆင့်အတန်းကွာခြားပုံ ၁၀၀
(၇) ဝေဒနာနှင့် ဉတ္တမပုရိသ .... .... ၁၀၂

(က) ဝေဒနာ ၆-ပါးကို သိရခြင်း .... ၁၀၃
(ခ) ဝေဒနာဖြစ်ကြောင်းတရားကိုသိရခြင်း .... ၁၀၃
(ဂ) ဝေဒနာချုပ်ဆုံးခြင်းကိုသိရခြင်း .... ၁၀၄
(ဃ) ဝေဒနာချုပ်ဆုံးကြောင်းအကျင့်ကိုသိရခြင်း ၁၀၆
(င) ဝေဒနာ၏သာယာဖွယ်ကိုသိရခြင်း ၁၀၈
(စ) ဝေဒနာ၏ကြောက်မက်ဖွယ်အားကို
သိရခြင်း .... .... .... ၁၀၉
(ဆ) ဝေဒနာ၏ ကျွတ်လွတ်ခွင့်ကို သိရခြင်း .... ၁၁၁

(၈) သဘ်ပဋ္ဌာန်တရားနှင့် ဝေဒနာ .... .... ၁၁၂
စိတ္တသတောင်မကောသေရ်ဝတ္ထု .... .... ၁၁၄

ဝေဒနာကြောင့် ဘဝစက်ဝန်း (သံသရာ)လည်ပတ်ပုံ .... ၁၁၆

(၁) ဝေဒနာကြောင့် တဏှာဖြစ်ပုံ .... ၁၁၆
(၂) တဏှာကြောင့် ဥပါဒါန်ဖြစ်ပုံ.... .... ၁၁၈
(၃) ဥပါဒါန်ကြောင့် ဘဝဖြစ်ပုံ .... .... ၁၁၉
(၄) ဘဝကြောင့် ဇာတိစသည်ဖြစ်ပုံ .... ၁၂၀
(၅) သံသရာဘဝစက်ဝန်းလည်ပုံ .... .... ၁၂၁

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ဝေဒနာကို အစွဲပြု၍ ဘဝစက်ဝန်း(သံသရာ) အလည်ရပ်ပုံ .... .... .... .... | ၁၂၁ |

## သညာစေတသိက်


| | |
|---|---|
| မှတ်သားပုံ ၃-မျိုး– .... .... .... | ၁၂၅ |
| သညာ၏ သဘောလက္ခဏာ .... .... .... | ၁၂၅ |
| (၁) အာရုံအမျိုးမျိုးကို မှတ်သားပုံ .... .... | ၁၂၅ |
| (၂) သညာသိ ပညာသိ ဝိညာဏ်သိအထူး .... | ၁၂၇ |
| (၃) ဝိပဿနာကမ္မဋ္ဌာန်းအရာ အသိ ၃-မျိုးအထူး .... | ၁၂၈ |
| (၄) ပင်လယ်ပမာ သညာသဘော .... .... | ၁၂၉ |
| (၅) သတိနှင့်သညာအထူး .... .... | ၁၃၁ |
| သညာစေတသိက်၏ ဆောင်ရွက်မှုကိစ္စ(ရသ) .... | ၁၃၁ |
| (၁) နောက်ထပ်သိရန်မှတ်သားပုံ .... .... | ၁၃၁ |
| (၂) လက်သမားဥပမာ.... .... .... | ၁၃၁ |
| (၃) ပစ္စည်းထိန်းဥပမာ.... .... .... | ၁၃၂ |
| (၄) လက္ခဏာနှင့်ကိစ္စအထူး .... .... | ၁၃၂ |
| (၅) ဘုရားအဆူဆူချတ်၍ မကျွတ်နိုင်ပုံ .... | ၁၃၂ |
| (၆) သညာ၏သဘောအကျဉ်းချုပ် .... .... | ၁၃၃ |
| (၇) သညာ၏ပစ္စုပဋ္ဌာန် .... .... | ၁၃၄ |
| (၈) မှားမှားမှန်မှန် စွဲလမ်းတတ်ပုံ .... .... | ၁၃၄ |
| (၉) မျက်မမြင်ခြောက်ယောက်ဥပမာ .... .... | ၁၃၄ |
| သညာ၏ ပဒဋ္ဌာန် .... .... .... | ၁၃၅ |
| (၁) အနီးကပ်ဆုံး အကြောင်းဖြစ်ပုံ .... .... | ၁၃၅ |
| (၂) တောစောင့်ယောကျ်ားရုပ်(စာခြောက်ရုပ်)ဥပမာ | ၁၃၆ |

| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| (၃) မိန်းမရှာ၊ ယောကျ်ားရှာ ဥပမာ .... .... | ၁၃၆ |
| (၄) သညာ၏ နီးသောအကြောင်းနှင့်ဝေးသော အကြောင်း .... .... .... | ၁၃၆ |
| သညာစေတသိက်အမျိုးမျိုး ပြားပုံ .... .... | ၁၃၇ |
| (၁) သညာ–၂-မျိုး .... .... | ၁၃၇ |
| (၂) သညာ–၂-မျိုး .... .... | ၁၃၈ |
| (၃) သစ္စာသညာ–၃-မျိုး .... .... | ၁၃၈ |
| (၄) တနည်းဘညာ–၃-မျိုး .... | ၁၃၉ |
| သမ္မာသညာ–၃-မျိုးကို ပွားများသဖြင့် ရအပ်သော အကျိုး–၇-ပါး .... — | ၁၄၁ |
| (၅) သညာ–၄-မျိုး .... .... .... | ၁၄၁ |
| (၆) သညာ၌ ဝေဖန်ပုံ–၆-မျိုး .... .... | ၁၄၂ |
| (၇) သညာတို့ကို သိခြင်း .... .... | ၁၄၂ |
| (၈) သညာတို့၏ ဖြစ်ကြောင်း .... .... | ၁၄၃ |
| (၉) သညာတို့၏ ထူးသောအဖြစ် .... .... | ၁၄၃ |
| (၁၀) သညာတို့၏ အကျိုး .... .... | ၁၄၃ |
| (၁၁) သညာတို့၏ ချုပ်ငြိမ်းမှု .... .... | ၁၄၃ |
| (၁၂) သညာချုပ်ငြိမ်းစေနိုင်သည့်အကျင့် .... | ၁၄၄ |
| (၁၃) တနည်းသညာ–၆-မျိုး .... .... | ၁၄၄ |
| (၁၄) ဘေ္ဒဘေဒ (မှိုရာအပြား)သညာ ၆-မျိုး .... | ၁၄၅ |
| (၁၅) သညာ–၇-မျိုး , .... .... .... | ၁၄၆ |
| ပစ္စေကဗုဒ္ဓါဖြစ်သွားသော ဗာရာဏသီမင်း .... | ၁၄၇ |
| (၁၆) သညာ–၇-မျိုး .... .... | ၁၄၆ |
| (က) ကြက်တောင် အကြောတုံးများကို မီးရှို့သည့် ဥပမာ .... .... | ၁၄၈ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| (ခ) သန်လျက်မြှောက်ချီသည့်ဥပမာ | .... | ၁၄၉ |
| (ဂ) အာဟာရေ ပဋိကူလသညာ | .... | ၁၅၀ |
| (ဃ) အကျိုးဆက် (နိဿန္ဒ)အားဖြင့် ဆင်ခြင်ခြင်း | | ၁၅၁ |
| (၁၇) သညာ—၁၀-မျိုး .... | .... .... | ၁၅၁ |
| အရှင်ဝင်္ဂီသ ပဟာနသညာဖြစ်ပုံ.... | .... | ၁၅၂ |
| (၁၈) သညာ–၁၀-မျိုး (တနည်း) | .... .... | ၁၅၄ |
| (က) ဂိရိမာနန္ဒထေရ်၏ ဆေးဂါကို သညာဖြင့် ကုသပေးပုံ | .... .... | ၁၅၅ |
| (ခ) အနိစ္စသညာ ပွားခြင်းကြောင့် ရအပ်သောအကျိုး ၆-မျိုး | .... .... | ၁၅၅ |
| (ဂ) အရှင်အာနန္ဒာ၏တပည့် အရှင်ဝင်္ဂီသ အသုဘသညာဖြစ်ပုံ | .... .... | ၁၅၆ |
| (၁၉) သညာ–၁၁-မျိုး .... | .... .... | ၁၅၇ |
| (၂၀) သညာ–၁၂-မျိုး .... | .... .... | ၁၅၈ |
| သညာအကြောင်း အခြားသိကောင်းစရာများ | .... | ၁၅၈ |
| (၁) သညာ ဝိညာဏ် ပညာအသုံးအဖြတ် | .... | ၁၅၈ |
| (၂) သစ္စာနှင့် မိစ္ဆာ .... | .... .... | ၁၇၂ |
| (၃) သညာနှင့် ခန္ဓဒေသနာ | .... .... | ၁၇၃ |
| (၄) သညာကို သီးခြား ဟောခြင်းအကြောင်း | .... | ၁၇၃ |
| (၅) ဝိပလ္လာသတရားသုံးပါး | .... .... | ၁၇၃ |
| (၆) သညာဝိပလ္လာသ၌ တောသမင်ဥပမာ | .... | ၁၇၄ |
| (၇) ကြောင်ကြောင်မြင်လျက်နှင့် မှားကြပုံ | .... | ၁၇၅ |
| (၈) လွန်ကဲသောတရားများ | .... .... | ၁၇၅ |

အကြောင်းအရာ စာမျက်နှာ

(၉) သညာကို သီးခြားဟောရခြင်း အကြောင်းတစ်မျိုး ၁၇၆
(က) သညာက ဝေဒနာအရသာ ပေါ်အောင် ကျေးဇူးပြုပုံ .... .... ၁၇၆
(ခ) တီကောင်ကို ကြာဘုံတင်မှတ်သည့်ဥပမာ ၁၇၇
(ဂ) မျက်မှန်စိမ်းတပ်၍ အစာကျွေးသည့် ဥပမာ ၁၇၇
(၁၀) သတ္တဂါနှင့် သညာ .... .... .... ၁၇၇
(၁၁) တံသျှုပ်ဥပမာနှင့် သညာ .... .... ၁၇၈
(၁၂) သညာပွကဒုက္ခဝေမည် .... .... ၁၇၉
သညာအထပ်ထပ် ရစ်ပတ်ပွလိမ်ပုံ .... .... ၁၈၀
သညာကို သိမ်းသျှင် ဒုက္ခငြိမ်းမည့် ကြော .... .... ၁၈၀

စေတနာ စေတသိက်

ဆက်သွယ်ပေးပုံ (ဝါ) နှိုးဆော်ပုံ (၃)မျိုး .... .... ၁၈၂
စေတနာစေတသိက်၏ သဘောလက္ခဏာ .... .... ၁၈၂
(၁) စေ့ဆော်တိုက်တွန်းပုံ .... .... ၁၈၃
(၂) ပြုပြင် စီမံပုံ .... .... .... ၁၈၄
စေတနာ၏ သောင်ရှက်ပူဘိစ္စ (ရသ) .... .... ၁၈၅
စေတနာနှင့် လယ်ပိုင်ရှင် .... .... ၁၈၅
စေတနာ၏ ပစ္စုပဋ္ဌာန် .... .... ၁၈၆
စေတနာနှင့် လက်သမားဆရာကြီး .... .... ၁၈၆
စေတနာစေတသိက်၏ ပဒဋ္ဌာန် .... .... ၁၈၇
စေတနာ စေတသိက်၏ နာမည်ထူးများ .... .... ၁၈၈

# ဗုဒ္ဓအဘိဓမ္မာ စေတသိက်များ အဖွင့်


| အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|
| (၁) ကမ္မ | .... | .... | ၁၈၈ |
| (၂) ပစ္စယ | .... | .... | ၁၈၉ |
| (၃) အာဟာရ | .... | .... | ၁၉၁ |
| (၄) သင်္ခါရ | .... | .... | ၁၉၃ |
| (၅) ဘဝ (ကမ္မဘဝ) | .... | .... | ၁၉၄ |
| (၆) သင်္ခါရနှင့် ဘဝအထူး | .... | .... | ၁၉၅ |
| (၇) ဒါန | .... | .... | ၁၉၅ |
| စေတနာစေတသိက် အပျိုးမျိုးပြားပုံ | | | ၁၉၆ |
| (၁) စေတနာ ၂-မျိုး | .... | .... | ၁၉၆ |
| (၂) စေတနာ–၃-မျိုး | .... | .... | ၁၉၉ |
| (က) စေတနာသုံးတန်နှင့် ပဋိသန္ဓေအကျိုး | .... | | ၂၀၁ |
| (ခ) စေတနာသုံးတန် ပြည့်ဝသော သုမနပန်းသည် | .... | .... | ၂၀၂ |
| (ဂ) ပုဗ္ဗစေတနာ၏ အကျိုး | .... | .... | ၂၀၃ |
| (ဃ) ပုဗ္ဗစေတနာ ချို့တဲ့ခဲ့သော ပဥ္စပါပီနှင့် မင်းကုသ .... | .... | .... | ၂၀၃ |
| (င) အပရ စေတနာချို့တဲ့သော အပုတ္တက သဌေးကြီး | .... | .... | ၂၀၄ |
| (စ) ကုသိုလ်ကံ အကုသိုလ်ကံနှင့် စေတနာသုံးတန် | .... | .... | ၂၀၅ |

အကြောင်းအရာ ... စာမျက်နှာ

(၄) ကိစ္စအားဖြင့် စေတနာ–၄-မျိုး.... .... ၂၀၉
(က) ဇနကကံ .... .... .... ၂၀၉
(ခ) ဥပတ္ထမ္ဘကကံ .... .... ၂၁၀
ဇနကကံကိုအမျိုးမျိုးထောက်ပံ့ပုံ .... ၂၁၁
ကုသိုလ်က အကုသိုလ်ကို၊ အကုသိုလ်က ကုသိုလ်ကို ထောက်ပံ့ပုံ .... .... ၂၁၂
(ဂ) ဥပပီဠကကံ .... .... ၂၁၂
နှိပ်စက်ပုံ–၃-မျိုး .... .... ၂၁၄
(ဃ) ဥပဃာတကကံ .... .... ၂၁၆
သတ်ဖြတ်ပုံ–၃-မျိုး .... .... ၂၁၈
(၆) အကျိုးပေးစဉ်အားဖြင့် စေတနာ–၄-မျိုး .... ၂၂၀
(က) ဂရုကကံ .... .... ၂၂၀
ကုသိုလ်ဂရုကကံနှင့်
အကုသိုလ်ဂရုကကံများ .... .... ၂၂၀
အကုသိုလ် ဂရုကကံ–၅-မျိုး.... .... ၂၂၁
(ခ) အာသန္နကံ .... .... ၂၂၄
(ဂ) အာစိဏ္ဏကံ .... .... ၂၂၅
(ဃ) ကဋတ္တာကံ .... .... ၂၂၅
(င) ကံလေးမျိုးတို့အကျိုးပေးပုံ .... ၂၂၅
(စ) အာသန္နကံနှင့် အာစိဏ္ဏကံပြဿနာ .... ၂၂၆

[ ငေါ် ]　ဗုဒ္ဓအဘိဓမ္မာ စေတသိက်များ အဖွင့်

အကြောင်းအရာ　　　　　　　　　　　　　　　　　စာမျက်နှာ


(၇) အကျိုးပေးကာလအားဖြင့် စေတနာ–၄-မျိုး .... ၂၂၈

(က) ဒိဋ္ဌဓမ္မဝေဒနီယကံ .... .... ၂၂၈
ဒိဋ္ဌဓမ္မဝေဒနီယကံနှင့် ပဝတ္တိကျိုး .... ၂၂၉
ဒိဋ္ဌဓမ္မဝေဒနီယကံ အကျိုးပေးပုံ .... ၂၂၉
ဒိဋ္ဌဓမ္မဝေဒနီယကံ၏ အင်္ဂါ–၄-ပါး .... ၂၃၁
(ခ) ဥပပဇ္ဇ ဝေဒနီယကံ .... .... ၂၃၂
(ဂ) အပရာပရိယာယ ဝေဒနီယကံ .... ၂၃၃
(ဃ) အဟောသိကံ .... .... ၂၃၄
(င) အကျိုးပေးခြင်း နှိုင်းယှဉ်ပုံ .... ၂၃၅

(၈) အကျိုးပေးရာဌာနအားဖြင့် စေတနာ–၄-မျိုး .... ၂၃၈

(က) အကုသိုလ်ကံ .... .... ၂၃၉

(ခ) ကာမာဝစရကုသိုလ်ကံ ၂၄၀
တိဟိတ်ကုသိုလ်နှင့် ဒွိဟိတ်ကုသိုလ် .... ၂၄၂
အယုတ်အမြတ် ကုသိုလ်ကံ–၄-မျိုး .... ၂၄၃
အယုတ် အမြတ်ကုသိုလ်ကံ–၃-မျိုး .... ၂၄၆
ကာမာဝစရကုသိုလ်ကံများအကျိုးပေးပုံ.... ၂၅၁

(ဂ) ရူပါဝစရကုသိုလ်ကံ .... .... ၂၅၄
ရူပကုသိုလ်ကံ–၃-မျိုးစိတ်ခွဲပြားပုံ .... ၂၅၆
ရူပကုသိုလ်ကံများ အကျိုးပေးပုံ .... ၂၅၇
အဘိညာဉ်နှင့် ပရိယာယ်ကျော်း .... ၂၅၉
ရူပကုသိုလ်ကံများနှင့် ဂြိုဟ်တာရာ .... ၂၆၀

(ဃ) အရူပါဝစရကုသိုလ်ကံ .... .... ၂၆၁
အင်္ဂါတိက္ကမချဉ်နှင့် အာလမ္ဗနာတိက္ကမချဉ် ၂၆၄

| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| အရူပဈာန် အားထုတ်ရာ၌ ရည်မှန်းချက်များ .... .... | ၂၆၄ |
| အရူပဈာန်များရအောင်အားထုတ်နည်းများ.... | ၂၆၅ |
| အရူပကုသိုလ်ကံများ အကျိုးပေးပုံ .... | ၂၆၈ |
| (၉) ပြုလုပ်ပုံ အားဖြင့် စေတနာ လေးမျိုး .... | ၂၆၉ |
| (က) ကဏှကဏှဝိပါကကံ .... .... | ၂၆၉ |
| (ခ) သုက္ကသုက္ကဝိပါကကံ .... .... | ၂၆၉ |
| (ဂ) ကဏှသုက္ကကဏှသုက္ကဝိပါကကံ .... | ၂၇၀ |
| (ဃ) အကဏှအသုက္ကအကဏှအသုက္ကဝိပါကကံ .... | ၂၇၀ |
| (၁၀) ပြစ်ရှာမှု စသောအားဖြင့် စေတနာ လေးမျိုး .... | ၂၇၁ |
| (က) ဂတိသမ္ပတ္တိ ပဋိဗာဠှအကုသိုလ်ကံ .. | ၂၇၁ |
| (ခ) ဥပဓိသမ္ပတ္တိပဋိဗာဠှ အကုသိုလ်ကံ .... | ၂၇၂ |
| (ဂ) ကာလသမ္ပတ္တိ ပဋိဗာဠှအကုသိုလ်ကံ .... | ၂၇၃ |
| (ဃ) ပယောဂသမ္ပတ္တိ ပဋိဗာဠှအကုသိုလ်ကံ .... | ၂၇၃ |
| (င) ဂတိဝိပတ္တိ အကုသိုလ်ကံ .... .... | ၂၇၃ |
| (စ) ဥပဓိဝိပတ္တိ အကုသိုလ်ကံ .... .... | ၂၇၄ |
| (ဆ) ကာလဝိပတ္တိ အကုသိုလ်ကံ .... .... | ၂၇၄ |
| (ဇ) ပယောဂဝိပတ္တိ အကုသိုလ်ကံ .... | ၂၇၅ |
| (ဈ) ဂတိဝိပတ္တိ ပဋိဗာဠှကုသိုလ်ကံ .... | ၂၇၆ |
| (ည) ဥပဓိဝိပတ္တိ ပဋိဗာဠှကုသိုလ်ကံ .... | ၂၇၆ |
| (ဋ) ကာလဝိပတ္တိ ပဋိဗာဠှကုသိုလ်ကံ .... | ၂၇၇ |
| (ဌ) ပယောဂဝိပတ္တိ ပဋိဗာဠှကုသိုလ်ကံ .... | ၂၇၈ |
| (ဍ) ဂတိသမ္ပတ္တိကုသိုလ်ကံ .... .... | ၂၇၈ |

[ ငါး ] ဗုဒ္ဓအဘိဓမ္မာ စေတသိက်များ အဖွင့်


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| (စ) ဥပဓိသမ္ပတ္တိကုသိုလ်ကံ | .... .... | ၂၇၉ |
| (ဆ) ကာလသမ္ပတ္တိ ကုသိုလ်ကံ | .... .... | ၂၇၉ |
| (ဇ) ပယောဂသမ္ပတ္တိ ကုသိုလ်ကံ | .... .... | ၂၈၁ |
| စေတနာအကြောင်း အခြားသိကောင်းစရာများ | .... | ၂၈၁ |
| ( ၁ ) ရှေးဘဝကံက ယခုဘဝ၌ အကျိုးပေးနိုင်ပုံ | .... | ၂၈၁ |
| ( ၂ ) ဝေးကွာသောအရပ်၌ ကံတို့အကျိုးပေးနိုင်ပုံ | .... | ၂၈၇ |
| ( ၃ ) ကံတရားနှင့် မျိုးစေ့ | .... .... | ၂၉၀ |
| ( ၄ ) ကံကိုချည်းသာ အားမကိုးရာ | .... .... | ၂၉၀ |
| ( ၅ ) ကံယုံကြည်မှုနှင့် ပုဗ္ဗေကတဟေတုဒိဋ္ဌိ | .... | ၂၉၃ |
| ( ၆ ) စေတနာ ပါမပါသာ ပဓာန | .... .... | ၂၉၇ |
| ( ၇ ) ဒိပ်မက်စေတနာနှင့် မိဘာလင်သားတို့စေပ်ာနာ | .... | ၂၉၉ |
| ( ၈ ) ကံတူအကျိုးပေးပုံ | .... .... | ၃၀၀ |
| ( ၉ ) တယောက်ကုသိုလ်ကံကြောင့် အများစံရပုံ | .... | ၃၀၂ |
| (၁၀) တယောက်အကုသိုလ်ကံကြောင့် အများခံရပုံ | .... | ၃၀၃ |
| (၁၁) ဒဏ်ခံရတတ်ပုံ | .... .... .... | ၃၀၈ |
| (၁၂) ကုသိုလ်ကံများသူနှင့် နည်းသူ | .... .... | ၃၀၈ |
| (၁၃) ကုသိုလ်က အကုသိုလ်ထက် အားကြီးပုံ | .... | ၃၀၉ |
| (၁၄) ကံအကျိုးပေးဆန်းကြယ်ပုံ | .... .... | ၃၁၁ |
| (က) သူတို့သုံးဦး | .... .... | ၃၁၃ |
| (ခ) သေကံမရောက် သက်မပျောက်သူနှစ်ဦး | .... | ၃၁၅ |
| (ဂ) အမိနိုင်ငံပြန်လိုသည့်သဘောသား | .... | ၃၁၅ |
| (ဃ) လက်မှတ်မရမက ဝယ်သောဘုန်းတော်ကြီး | | ၃၁၆ |
| စေတနာကြောင့် ဘဝစက်ဝန်း(သံသရာ)လည်ပုံ | .... | ၃၁၈ |
| (၁) ဝိညာဉ်ကြောင့် နာမ်ရုပ်ဖြစ်သည် | .... | ၃၁၈ |

အကြောင်းအရာ — စာမျက်နှာ

(၂) နာမ်ရုပ်ကြောင့် အာယတန (၆)ပါး စသည်ဖြစ်ခြင်း ၃၁၉
(၃) အာသဝကြောင့် အဝိဇ္ဇာဖြစ်သည် .... ၃၁၉
(၄) အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်သည် .... .... ၃၂၀

စေတနာချုပ်ငြိမ်းကင်းပြတ်သဖြင့် ဘဝစက်ဝန်း(သံသရာ)
အလည်ရပ်ပုံ .... .... .... .... ၃၂၀

ဧကဂ္ဂတာစေတသိက်

စိတ်၏ တည်ကြည်ခြင်းသဘော ၃-မျိုး .... .... ၃၂၂

ဧကဂ္ဂတာစေတသိက်၏ လက္ခဏာ .... .... ၃၂၂

(၁) သဘောသဘာအားဖြင့် မရွေ့ရှားပုံ .... .... ၃၂၃
(၂) သုတ္တန်ဧကဂ္ဂတာနှင့် အဘိဓမ္မာဧကဂ္ဂတာ .... ၃၂၃
(၃) သမ္ပယုတ်တရားတို့ကို မပျံ့လွင့်အောင်ပြုပုံ .... ၃၂၅
(၄) ဧကဂ္ဂတာသမာဓိနှင့် ဈာန်ကုသိုလ် .... ၃၂၆
(၅) သိဒ်ဖြစ်ပိုင်း ဧကဂ္ဂတာဖြစ်ပုံ .... .... ၃၂၆

ဧကဂ္ဂတာသမာဓိ၏ လက္ခဏာတမျိုး .... .... ၃၂၈

(၁) အကြီးအမှူးပဓာနဖြစ်ပုံ .... .... ၃၂၈
(၂) သမာဓိနှင့် စုသစ်မှမ်းချွန်ဥပမာ.... .... ၃၂၉
(၃) သမာဓိနှင့် ပြည့်ရှင်မင်း ဥပမာ .... .... ၃၂၉
(၄) သမာဓိနှင့် ထီးဖြူရှုံဥပမာ .... .... ၃၂၉

ဧကဂ္ဂတာ၏ ဆောင်ရွက်မှု ရသ ၂-မျိုး .... .... ၃၃၀

အကျွဲဖြစ်ဖက်နာမ်တရားတို့ကို ပေါင်းစုပေးခြင်းကိစ္စ .... ၃၃၁

(၁) ပေါင်းစုပေးပုံနှင့် ရေဥပမာ .... .... ၃၃၀
(၂) ဘုရင်မင်းမြတ်ဥပမာ .... .... ၃၃၁

| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| ပျံ့လွင့်မှုဥဒ္ဓစ္စကို ဖျက်ဆီးခြင်းကိစ္စ .... .... | ၃၃၁ |
| (၁) ဥဒ္ဓစ္စကို ဖျက်ဆီးပုံ .... .... | ၃၃၁ |
| (၂) သမ္ပတ္တိရသ(အကျိုးရသ) .... .... | ၃၃၂ |
| ဧကဂ္ဂတာ၏ ပစ္စုပဋ္ဌာန် ၂ မျိုး .... .... | ၃၃၂ |
| ငြိမ်သက်သောတရားဟု ရှေးရှုထင်ခြင်း .... .... | ၃၃၂ |
| (၁) အာရုံ၌ ငြိမ်သက်ပုံ .... .... | ၃၃၂ |
| (၂) ဆီမီးတိုင်၏ငြိမ်သက်ခြင်းနှင့်တူပုံ .... .... | ၃၃၃ |
| ဉာဏ်ပညာသော အသမျိုးတရားကိုဖြစ်ပွားစေသည်ဟု ရှေးရှုထင်ခြင်း | ၃၃၃ |
| သမာဓိကဉာဏ်ကို ဖြစ်စေနိုင်ပုံ .... .... | ၃၃၄ |
| ဧကဂ္ဂတာ၏ အနီးကပ်ဆုံးအကြောင်း (ပဒဋ္ဌာန်) .... | ၃၃၅ |
| (၁) အနီးကပ်ဆုံးအကြောင်းဖြစ်ပုံ .... .... | ၃၃၅ |
| (၂) သုခပဒဋ္ဌာန် .... .... | ၃၃၅ |
| (၃) သုခသည် ဧကဂ္ဂတာ၏ အနီးကပ်ဆုံးသော အကြောင်းပဒဋ္ဌာန်ဖြစ်ပုံ .... .... | ၃၃၆ |
| (၄) သုခနှင့် စတုတ္ထဈာန် .... .... | ၃၃၆ |
| (၅) စတုတ္ထဈာန်၌ရှိသော ဧကဂ္ဂတာ၏ အနီးကပ်ဆုံးသော အကြောင်း .... .... ... .... | ၃၃၇ |
| (၆) သုခသည် သမာဓိ၏ နီးစွာသောအကြောင်း ... | ၃၃၈ |
| ဧကဂ္ဂတာစေတသိက်အမျိုးမျိုးပြားပုံ | ၃၃၉ |
| (၁) ဇာတ်အားဖြင့် ဧကဂ္ဂတာ ၃ မျိုး.... .... | ၃၃၉ |
| (က) အကုသိုလ်ဧကဂ္ဂတာ .... .... | ၃၃၉ |
| သတ်မှုအိုင်ရာ .... .... | ၃၃၉ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ခိုးမှုဆိုင်ရာ .... .... | ၃၄၀ |
| မိစ္ဆာစာရမှုဆိုင်ရာ .... .... | ၃၄၀ |
| (၂) ကုသိုလ် ကေဂ္ဂတာ .... .... | ၃၄၂ |
| (၃) အဗျာကတ ကေဂ္ဂတာ .... .... | ၃၄၂ |
| (က) အဗျာကတ ကေဂ္ဂတာဖြစ်ပုံ .... | ၃၄၂ |
| (ခ) အဗျာကတ ကေဂ္ဂတာနှင့် အားနည်းမှု .... | ၃၄၂ |
| (၄) အကုသိုလ်ကေဂ္ဂတာနှင့် ကုသိုလ်ကေဂ္ဂတာ နှိုင်းယှဉ်ပုံ .... .... | ၃၄၃ |
| (၅) သမာဓိ ၂-မျိုး .... .... | ၃၄၄ |
| (၆) သမာဓိ ၃-မျိုး .... .... | ၃၄၅ |
| (၇) သမာဓိ ၄-မျိုး .... .... | ၃၄၇ |
| (၈) သမာဓိ ၅-မျိုး .... .... .... | ၃၄၇ |
| သမာဓိ၏အပြည့်ထူးများ .... | ၃၄၈ |
| (၁) သဘာဝအမည်ကိုရခြင်း .... .... | ၃၄၈ |
| (က) ပုထုဇဉ်သမာဓိ .... .... | ၃၄၈ |
| (ခ) ရဟန္တာသမာဓိ .... .... | ၃၄၉ |
| (ဂ) ဒုတိယဈာန်စသည်၌ရှိသောသမာဓိ .... | ၃၄၉ |
| (၂) အမိစိတ္တာအမည်ကိုရခြင်း .... .... | ၃၄၉ |
| (၃) အပ္ပနာအမည်ကိုရခြင်း ... .... .... | ၃၅၀ |
| (၄) ဣန္ဒြေဗိုလ် စသောအမည်ကိုရခြင်း .... | ၃၅၀ |
| (၅) ဣန္ဒြေမည်ပုံ .... .... | ၃၅၀ |
| (၆) ဉဒ္ဓစ္စသည် သမာဓိအလိုသို့ လိုက်မလိုက် .... | ၃၅၀ |
| (၇) မဏိသာရ မဥ္ဇူအဆို .... | ၃၅၀ |
| (၈) ပရမတ္ထ သရူပ အနုပဏ္ဍနာအလို .... | ၃၅၁ |

# ဗုဒ္ဓအဘိဓမ္မာ စေတသိက်များ အဖွင့်


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| (၉) ဒိပနီအလို | .... | ၃၅၂ |
| (၁၀) ဗိုလ်မည်ပုံ .... .... | .... | ၃၅၂ |
| (၁၁) ဗောဇ္ဈင်မည်ပုံ .... .... | .... | ၃၅၂ |
| (၁၂) မဂ္ဂင်မည်ပုံ .... .... | .... | ၃၅၃ |
| (၁၃) ဣန္ဒြေ ဗိုလ် မဂ္ဂင် မမည်သော ကောဋ္ဌာသ | .... | ၃၅၃ |
| (၁၄) ဈာနင်မည်ပုံ .... .... | .... | ၃၅၃ |
| (က) ဈာနင်အမည်မရသော ကောဋ္ဌာသ | .... | ၃၅၃ |
| (ခ) ဈာနင်အမည်ရသော သမာဓိ၏ သမာဓာနသဘော .... | .... | ၃၅၄ |
| (ဂ) အာရုံ၌စိတ်ကို ကောင်းစွာထားခြင်း | .... | ၃၅၄ |
| (ဃ) အာရုံ၌စိတ်ကို အညီအမျှထားခြင်း | .... | ၃၅၅ |
| (င) ဣန္ဒြေတို့ကို အညီအမျှထားရှိခြင်း | .... | ၃၅၅ |
| (၁၅) မဇ္ဈိမပဏ္ဏာသပါဠိလပ်းစဉ် .... | .... | ၃၅၇ |
| သမာဓိအကြောင်း အခြားသိကောင်းစရာများ | .... | ၃၅၇ |
| (၁) သမာဓိ သမာဓာနနှင့်သီလသမာဓာနအထူး ၂-ပါး | | ၃၅၇ |
| (၂) ဥပစာရသမာဓိနှင့် အပ္ပနာသမာဓိအထူး | .... | ၃၅၈ |
| (၃) တည်ကြည်မှုသမာဓိကိုပွားပုံ .... | .... | ၃၅၈ |
| (၄) သမာဓိ၏အကျိုးအာနိသင် .... | .... | ၃၅၉ |
| (၅) သမာဓိ၏တန်ခိုး .... | .... | ၃၆၁ |
| (၆) သမာဓိဝိပ္ဖာရဣဒ္ဓိ .... | .... | ၃၆၂ |
| (၇) သမာဓိဝိပ္ဖာရဣဒ္ဓိဖြစ်ပေါ်သော ပုဂ္ဂိုလ်များ | .... | ၃၆၂ |
| (၈) အရှင်သာရိပုတ္တရာ၏ သမာဓိတန်ခိုး | .... | ၃၆၂ |
| (၉) အရှင်သဉ္စိဝမထေရ်၏ သမာဓိတန်ခိုး | .... | ၃၆၃ |
| (၁၀) အရှင်ခါဏုကောဏ္ဍည၏ သမာဓိတန်ခိုး | .... | ၃၆၃ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| (၁၁) မယ်ဥတ္တရာ၏ သမာဓိတန်ခိုး .... .... | ၃၆၄ |
| (၁၂) မိဖုရားခေါင်ကြီးသာမာဝတီ၏ သမာဓိတန်ခိုး .... | ၃၆၅ |
| သမာဓိကိုမထူထောင်နိုင်ကသံသရာ၌အကြောင်းကြောင်းဖြစ်မည် | ၃၆၆ |
| (၁) စိတ်ကိုအစိုးမရသူ အရူးနှင့်တူ .... .... | ၃၆၇ |
| (၂) စိတ်ကိုအစိုးမရသူ ခွေးရူးပြန်သူနှင့်တူ .... | ၃၆၇ |
| (၃) ဤတိပိသော တပုဒ်ဆုံးအောင် သမာဓိမရှိကြ .... | ၃၆၈ |
| (၄) နှုတ်နှင့်သာအဆုံးသတ်ကြရန် .... .... | ၃၆၈ |
| (၅) စိတ်မခိုင်သူနှင့် ပဲ့မနိုင်သည့်လှေသူကြီးဥပမာ .... | ၃၆၈ |
| သမာဓိကိုထူထောင်ပုံ အကြောင်းကြောင်းဘဝမှလွတ်မည် .... | ၃၆၉ |
| (၁) သမာဓိကို ထူထောင်ကြပါစို့ .... .... | ၃၆၉ |
| (၂) အာနာပါနဖြင့် သမာဓိကိုထူထောင်ပုံ .... | ၃၇၀ |
| (၃) ဣရိယာ ၂-ပါး .... | ၃၇၀ |
| (၄) စိတ်အမှတ်ဖြူ ဖြူအောင်လုပ် .... | ၃၇၁ |
| (၅) စိတ်ရှူးစိတ်နောက်ပျောက်နိုင်ပုံ .... | ၃၇၁ |


## ဇီဝိတိန္ဒြေစေတသိက်


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ဇီဝိတိန္ဒြေပြည်ပုံ .... .... .... | ၃၇၃ |
| ဇီဝိတိန္ဒြေ၏သဘောတာ .... .... | ၃၇၃ |
| (၁) နာဂ်တသျှားတို့ကို ကဲ့ရဲ့ရှောက်ပုံ .... | ၃၇၃ |
| (၂) ရေဥပမာ .... .... .... | ၃၇၄ |
| (၃) တင်ရှားရှိခိုက်သာ စောင့်ရှောက်ပုံ .... | ၃၇၅ |
| (၄) ရေကန်ရှိရေ .... | ၃၇၅ |
| (၅) ကြာရိုးကြာစွယ်ကတွင်းရှိရေ .... | ၃၇၅ |
| (၆) နို့ထိန်း(ကလေးထိန်း)ဥပမာ .... .... | ၃၇၆ |

| အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|


(၇) လှေ့ရလှော်သူဥပမာ .... .... ၃၇၆

ဇိဝိတိန္ဒြေစေတသိက်၏ရသ .... .... ၃၇၇

နာမ်အစဉ်ဖြစ်အောင် ဆောင်ရွက်ပုံ .... .... ၃၇၇

ဇိဝိတိန္ဒြေစေတသိက်၏ ပစ္စုပဋ္ဌာန် .... .... ၃၇၈

(၁) ဘင်ခဏမတိုင်မီ တည်တံ့အောင်ထားပုံ .... ၃၇၈

(၂) ဆိမ်းဥပမာ .... .... .... ၃၇၉

ဇိဝိတိန္ဒြေစေတသိက်၏ ပဒဋ္ဌာန် .... .... ၃၇၉

နာမ်တရားများ နိုးစွာသောအကြောင်းဖြင့်ပုံ .... ၃၇၉

ဇိဝိတိန္ဒြေအကြောင်း အခြားသိကောင်းစရာများ .... ၃၈၁

(၁) ဇိဝိတိန္ဒြေ ၂-မျိုး .... .... .... ၃၈၁

(၂) သက်ရှိသတ္တဝါတို့၏အသက် .... .... ၃၈၁

(၃) အသက်နှင့်ရုပ်နာမ် .... .... ၃၈၂

(၄) သဝိညာဏကနှင့် အဝိညာဏက .... .... ၃၈၃

(၅) သစ်ပင်သည် သက်ရှိလော၊ သက်မဲ့လော .... ၃၈၃

(က) သာရတ္ထဒီပနီဋီကာရှင်းလင်းချက် .... ၃၈၅

(ခ) အဘိဓမ္မာအဆို .... .... ၃၈၆

(ဂ) စိတ်ရှိသည်အသက်ရှိသည်ဟုမှတ်ရအောင်

ရှမ်းဆောင်ပုံ .... .... ၃၈၈

(ဃ) အသေအချင်ပြဿနာ .... .... ၃၈၈

(င) အကျဉ်းချုပ်မှတ်သားရန်.... .... ၃၉၀

(၆) ဇိဝိတိန္ဒြေ၏ စောင့်ရှောက်ရာကာလအသုံးအဖြစ် ၃၉၀

(၇) နာမ်ဇိဝိတိန္ဒြေသည် နာမ်ရုပ်နှစ်ပါးလုံးကို

စောင့်ရှောက်သလော .... .... ၃၉၁

(၈) စိတ္တဇရုပ်၊ ဥတုဇရုပ်နှင့်ဩဇာဇရုပ်တို့ကိုလည်း

စောင့်ရှောက်သည်မဟုတ်လော.... .... ၃၉၁

| အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|
| ( ၉ ) ရုပ်နာမ်ဇီဝိတိန္ဒြေတို့ အတူချုပ်ကြပုံ | | .... | ၃၉၂ |
| (၁၀) ဇီဝိတိန္ဒြေအစဉ် ၂-မျိုး | .... | .... | ၃၉၃ |
| (၁၁) ဇီဝိတိန္ဒြေအစဉ် ၂-မျိုးပျက်စီးပုံ | .... | .... | ၃၉၃ |
| (၁၂) ကာလသုံးပါးနှင့် ဇီဝိတိန္ဒြေ | .... | .... | ၃၉၅ |
| (၁၃) ဦးခေါင်းပြတ်နှင့် ဇီဝိတိန္ဒြေ | .... | .... | ၃၉၇ |
| (၁၄) ကိုယ်စောင့်ဇီဝိတိန္ဒြေ | .... | .... | ၃၉၉ |
| (၁၅) ဇီဝိတိန္ဒြေသည် ဝဋ္ဋဒုက္ခတို့၏ဦးခေါင်း | | .... | ၄၀၀ |
| (၁၆) ဇီဝိတိန္ဒြေ၏အစွမ်း.... | .... | .... | ၄၀၁ |
| (၁၇) ဇီဝိတိန္ဒြေကြာမြင့်စွာရှင်သန်ရေး | .... | .... | ၄၀၁ |
| (၁၈) ပြင်ချုပ်ခြင်းလက္ခဏာနှင့် ဇီဝိတိန္ဒြေ | | .... | ၄၁၀ |


## မနသိကာရစေတသိက်


| | | | |
|---|---|---|---|
| နှလုံးသွင်းပုံ ၃-မျိုး | .... | .... | ၄၁၄ |
| မနသိကာရစေတသိက်၏လက္ခဏာ | .... | .... | ၄၁၄ |
| (၁) အာရုံသို့ ဖြောင့်စွာသွားစေပုံ | .... | .... | ၄၁၄ |
| (၂) ရထားထိန်းဥပမာ .... | .... | .... | ၄၁၆ |
| မနသိကာရစေတသိက်၏ရသ.... | .... | .... | ၄၁၆ |
| (၁) အာရုံနှင့်ယှဉ်စေပုံ .... | .... | .... | ၄၁၆ |
| (၂) ဝီတက်၊ စေတနာ၊ မနသိကာရအထူး | | .... | ၄၁၇ |
| (၃) လှေပိုင်သူဥပမာ .... | .... | .... | ၄၁၇ |
| မနသိကာရစေတသိက်၏ ပစ္စုပဋ္ဌာန် | .... | .... | ၄၁၈ |
| (၁) အာရုံရှိရာသို့ရှေ့ရှုပုံ | .... | .... | ၄၁၈ |
| (၂) သတိနှင့် မနသိကာရအထူး | .... | .... | ၄၁၈ |
| (၃) တိဿရဟန်းကြီး၏ မကောင်းသောနှလုံးသွင်း | | .... | ၄၁၉ |
| (၄) မြောက်မင်း၏သတိနှင့်မနသိကာရ | | .... | ၄၂၀ |

အကြောင်းအရာ ... စာမျက်နှာ

မနသိကာရ စေတသိက်၏ပဒဋ္ဌာန် .... .... ၄၂၀
အာရုံသည် အနီးကပ်ဆုံးအကြောင်းဖြစ်ပုံ .... .... ၄၂၀
မနသိကာရအမျိုးမျိုး .... .... .... ၄၂၁
(၁) မနသိကာရ ၃-မျိုး .... .... ၄၂၁
(က) ဝီထိပဋိပါဒက မနသိကာရ .... ၄၂၂
(ခ) ဇဝနပဋိပါဒက မနသိကာရ.... .... ၄၂၃
(ဂ) အာရမ္မဏပဋိပါဒက မနသိကာရ .... ၄၂၄
(၂) မနသိကာရ ၃-မျိုး အထူးထပ်မံရှင်းပြခြင်း .... ၄၂၄
(၃) မနသိကာရ ၂-မျိုး .... .... ၄၂၆
(က) အသုံးများသော မနသိကာရ .... ၄၂၆
သင့်လျော်အောင်နှလုံးသွင်းရပုံ .... ၄၂၈
စိတ်နာဖွယ်မဟုတ် .... .... ၄၂၉
ဘုရားအသုံးအနှုန်းခံနိုင်ရမည် .... ၄၃၀
ရန်ဘုံမှုသည်နှင့်တူ .... .... ၄၃၀
နှလုံးသွင်းမကောင်းမှု .... .... ၄၃၁
ဒါးပိုက်နိုက် ၂-ဦး နှလုံးသွင်း .... ၄၃၂
နှလုံးသွင်းပြောင်းပါ .... .... ၄၃၃
ကုသိုလ်မပြတ်ဖြစ်ပါစေ .... .... ၄၃၄
လိုတရနေသည့် ရက္ခဖိုးနတ်ကြီး .... ၄၃၄
အလည်အျုပ်သမားဘဝ .... .... ၄၃၅
အဖြင်အဆင်မကောင်းသောပြဿာ .... ၄၃၅
မနသိကာရနှင့် အရိယာမဂ်.... .... ၄၃၆
နှလုံးသွင်းကောင်းတော့ သောတာပန်ဖြစ် ၄၃၇
ငါးများသမားအရိယ .... .... ၄၃၇
မလ္လိကာမိဖုရားကြီးနှင့် နှလုံးသွင်း .... ၄၃၈

•

| အကြောင်းအရာ | စာမျက်နှာ |
|---|---|


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ယောနိသောနှင့် ကောင်းရာသုဂတိ .... | ၄၄၁ |
| သေခါနီးရှင်ပြု .... .... | ၄၄၁ |
| အမျိုးသမီးပါးရာနှင့် နှလုံးသွင်း .... | ၄၄၂ |
| (ခ) နှလုံးသွင်းမကောင်းပုံကြောင့် ကြေကွဲဖွယ်ရာ ဖြစ်ရပ်များ .... .... .... | ၄၄၄ |
| သေခါနီးငယ် .... .... | ၄၄၆ |
| ကြောင်နှင့်ကြက် .... .... | ၄၄၆ |
| ကျားသစ်မနှင့် သမင်မ .... .... | ၄၄၇ |
| ဘီလူးနှင့်လူ .... .... .... | ၄၄၇ |
| ဘီလူးမရှာပုံဟောဘ်ဟက် .... .... | ၄၄၈ |
| ဘုရားထံတော်သို့ .... .... | ၄၄၈ |
| ဘီလူးမသောတာပန်တည် .... | ၄၄၈ |
| ဘီလူးမကျေးဇူးဆပ်ခြင်း .... .... | ၄၄၉ |
| နှလုံးသွင်းပုံသက်ပြုဆင်ခြင်.... .... | ၄၅၀ |
| (ဂ) အယောနိသောနှင့်ပြေမြို့တွာ .... | ၄၅၀ |
| သဋ္ဌေးကြီးလက်ခမောင်းခတ်ခြင်း .... | ၄၅၁ |
| သဋ္ဌေးကြီးနှလုံးသွင်းကောင်းပုံ .... | ၄၅၁ |
| ရန်သူအား ရှေးဦးစွာဟပ္ပဝေခြင်း .... | ၄၅၂ |
| သူခိုးက တောင်းပန်ပုံ .... .... | ၄၅၃ |
| (ဃ) အပ္ပမဝေ ကုသိုလ်မရ .... .... | ၄၅၃ |
| အဝတ်မဆီး ကိုယ်လုံးပါးသာဝ .... | ၄၅၄ |
| အယောနိသောနှင့် ပြိတ္တာပုံ .... | ၄၅၅ |
| (င) နှလုံးသွင်းမကောင်းလျှင်ကျားကောင်းလျှင် ဘာဝနာ .... .... .... | ၄၅၆ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| အစုံဘဏ္ဍာနှင့် အဆန်ဘာဝနာ | .... | ၄၅၆ |
| ပွဲကြည့်ဘတ်၍ ရဟန္တာဖြစ်ပုံ | .... | ၄၅၇ |
| မတ္တရာဆရာတော် .... | .... | ၄၅၈ |
| မနသိကောင်းမှ အယူမှန်မည် | .... | ၄၅၈ |
| ယောနိသောနှင့်ဘုရားရှင် .... | .... | ၄၅၈ |
| ဘုရားဖြစ်ရန် မနသိကာရအကြောင်းခံပုံ | .... | ၄၅၉ |
| နှလုံးသွင်းကောင်းအောင်ကြိုးပမ်းကြစို့ | .... | ၄၅၉ |
| နှလုံးသွင်းမကောင်းလျှင် အပါယ်ကျ၍ သံသရာလည်မည် .... | .... | ၄၆၀ |
| နှလုံးသွင်းကောင်းလျှင် နိဗ္ဗာန်ရ၍ သံသရာစက်ရပ်မည် .... | .... | ၄၆၂ |
| ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်သံသရာ | .... | ၄၆၄ |
| (၁) အနုလုံ .... .... | .... | ၄၆၄ |
| (၂) ပဋိလုံ .... .... | .... | ၄၆၅ |
| နိဂုံး .... .... .... | .... | ၄၆၆ |

# ဗုဒ္ဓအဘိဓမ္မာ မဟာသင်္ချိုက်များ

# အဖွင့်

## အတွဲ (၁)

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

### ပရမတ်တရား လေ့လာစိစစ်နည်း လေးမျိုး

လေ့လာစိစစ်နည်းလေးပုံ။ ။ရုပ်နာမ်ဓမ္မ ပရမတ္ထသဘာဝတရားအားလုံး၌ လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်ဟူသော သဘောတရားလေးမျိုး အသီးသီး ကြစ်ပြဲ ဖြစ်သည်။ ရုပ်တရား နာမ်တရားများကို လေ့လာရာ၌ လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်ဟူသော ရှုထောင့်လေးဘက်မှ ရှုမြင်လေ့လာနိုင်မှ ဒိဋ္ဌိဝိသုဒ္ဓိအဆင့်သို့ ရောက်နိုင်ပါသည်။ ဤသို့ ပရမတ်တရားတို့ကို လေ့လာစိစစ်ရာ၌ အသုံးပြုသော နည်းများဖြစ်၍ ဤလက္ခဏာစသော ရှုထောင့်လေးခုတို့ကို "ပရမတ်တရား လေ့လာစိစစ်နည်းလေးမျိုး" ဟု အမည်ပေးထားခြင်း ဖြစ်ပါသည်။

ဤရုပ် နာမ်တရားတို့ကို ရှုမှတ်ရာ၌ သုတမယဉာဏ် အဖြစ်ဖြင့် အထောက်အကူ ရနိုင်ရန် ဤသာသနာရေးဦးစီးဌာနမှ ပြုစုထုတ်ဝေသော "ဗုဒ္ဓအဘိဓမ္မာအဖွင့်ကျမ်းများ"၌ ရုပ်နာမ်တို့၏ သဘောတရားများကို တင်ပြရာတွင် လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန် ဟူသော အချက်ကြီး လေးချက်ကို ပမာဏပြု၍ တင်ပြထားပါသည်။ ထို့ကြောင့်

ရုပ်နာမ်တို့၏ သဘောတရားများကို မှားလှလာမိ ဤလက္ခဏာစသော အချက်ကြီး လေးချက်တို့၏ အဓိပ္ပာယ်အသီးသီးကို သိသာရန် တခုစီ ရှင်းပြပါမည်။

လက္ခဏ။ ။လက္ခဏာဆိုသည်မှာ မြန်မာလို အမှတ်အသားဟု အဓိပ္ပာယ်ရ၏၊ ပါဠိသက်အားဖြင့် လက္ခဏာဟု ရေးထုံးပြုကြ၏၊ ဤနေရာ၌ ပရမတ်တရားတို့၏ အမှတ်အသားကို လက္ခဏာဟု ခေါ်၏။ ထိုအမှတ်အသားလက္ခဏာသည် –

(၁) တရားအများနှင့် သက်ဆိုင်သည့် သာမညလက္ခဏာ၊

(၂) အများနှင့်မဆိုင် ကိုယ်ပိုင်သီးခြား အမှတ်အသားဖြစ်သော သဘာဝလက္ခဏာ၊

ဟု နှစ်မျိုးရှိ၏။

ထိုတွင် မမြဲခြင်း(အနိစ္စ)၊ဆင်းရဲခြင်း(ဒုက္ခ)၊ အစိုးမရခြင်း(အနတ္တ)၊ လက္ခဏာအမှတ်အသားများသည် ရုပ်တရား နာမ်တရား အားလုံးတို့နှင့် သက်ဆိုင်သောကြောင့် သာမညလက္ခဏာ မည်၏။ ရုပ်တရားအားလုံးတို့နှင့် သက်ဆိုင်သော(ရုပ္ပန) လက္ခဏာနှင့် နာမ်တရားအားလုံးတို့နှင့် သက်ဆိုင်သော အာရုံသို့ညွတ်ကိုင်းခြင်း(နမန) လက္ခဏာတို့သည်လည်း "သာမညလက္ခဏာ"များဖြစ်ကြသည်။

ရုပ်တရားများတွင် ခက်မာမှုသဘောသည် ပထဝီဓာတ်၏ ကိုယ်ပိုင် သီးခြားလက္ခဏာဖြစ်၏။ ဖွဲ့စည်းမှု ယိုစီးမှုသဘောသည် အာပေါဓာတ်၏ ကိုယ်ပိုင်လက္ခဏာဖြစ်သည်။ နာမ်တရားများတွင်လည်း အာရုံကိုသိခြင်း ယူခြင်းသည် စိတ်၏ သီးခြားလက္ခဏာဖြစ်၍ အာရုံကိုတွေ့ထိခြင်းသည် ဖဿစေတသိက် တမျိုးတည်းနှင့်သာ ဆိုင်သော ကိုယ်ပိုင်လက္ခဏာဖြစ်သည်။ ထိုကိုယ်ပိုင် သီးခြားလက္ခဏာများကို "သဘာဝလက္ခဏာ" ဟု ခေါ်သည်။

ဤ "ဗုဒ္ဓအဘိဓမ္မာ အဖွင့်ကျမ်းများ" ၌ တရားတပါးစီ တပါးစီ၏ ကိုယ်ပိုင်သီးခြား လက္ခဏာဖြစ်သော "သဘာဝလက္ခဏာ"ဖြင့်သာ စိစစ် တင်ပြထားပါသည်။

ရသ။ ။ရသသဒ္ဒါသည် ဤနေရာ၌ (၁)ပြုဖွယ်လုပ်ငန်း (ကိစ္စ)နှင့်(၂) ပြည့်စုံခြင်း(သမ္ပတ္တိ) ဟူသော အဓိပ္ပာယ်နှစ်မျိုးကိုဟောသည်။ ယင်းအဓိပ္ပာယ်များအရ ရသသည် (၁)ကိစ္စရသ၊ (၂) သမ္ပတ္တိရသဟု နှစ်မျိုးပြား၏။ ထိုတွင် ကိစ္စရသဆိုသည်မှာ ပရမတ်တရားတို့၏ ကိုယ်ပိုင် ပြုမူဆောင်ရွက်ရသည့် လုပ်ငန်းဖြစ်သည်။ ဥပမာ–အာရုံ၏သဘောမှန်ကို ဖုံးကွယ်ထားခြင်းသည် မောဟစေတသိက်၏ ဆောင်ရွက်ရသည့် လုပ်ငန်း ဖြစ်၍ မိမိဖြစ်ရာပုဂ္ဂိုလ်နှင့် ဟဒယဝတ္ထုရုပ်တို့ကို လောင်ကျွမ်းခြင်းသည် ဒေါသစေတသိက်လုပ်ငန်းဖြစ်သည်။ ယင်းကိစ္စရသကို အကျိုးပစ္စုပဋ္ဌာန် တရားကို ဖြစ်ပေါ်စေနိုင်သဖြင့် အကြောင်းရသဟူ၍လည်း ဆိုနိုင်သည်။

အကြောင်းစုံညီသဖြင့် ဖြစ်ပေါ်လာရခြင်းကို သမ္ပတ္တိရသဟုခေါ်သည်။ ယင်းရသကို အကျိုးရသဟူ၍လည်း ခေါ်နိုင်သည်။ဥပမာ–ဒေါသကြောင့် ခြေတုန်လက်တုန်ဖြစ်ခြင်း၊ အသံကုန်ခြင်း မျက်နှာထားခက်ထန်ကြမ်း တမ်းလာခြင်း စသော တကိုယ်လုံး၌ မလိုလားအပ်သော အနိဋ္ဌရုပ်များ ဖြစ်ပေါ်လာခြင်းသည် ဒေါသစေတသိက်၏ သမ္ပတ္တိရသပင် ဖြစ်ပါသည်။

ပစ္စုပဋ္ဌာန်။ ။ပစ္စုပဋ္ဌာန်[၁] ဆိုသည်မှာ ဉာဏ်တွင် ရှေးရှုထင်ခြင်းဟု အဓိပ္ပာယ်ရသည်။ ထိုပစ္စုပဋ္ဌာန်သည်(၁) အကျိုး(ဖလ) ပစ္စုပဋ္ဌာန်၊ (၂) ဉာဏ်တွင်ထင်မြင်လာသော သဘောခြင်းရာ (ဥပဋ္ဌာ- နာကာရ[၂]) ပစ္စုပဋ္ဌာန်ဟု နှစ်မျိုးရှိသည်။

---

၁။ ပစ္စုပဋ္ဌာန=ပတိ+ဥပဋ္ဌာန။ ပတိ=ရှေးရှု။ ဥပဋ္ဌာန=ထင်ခြင်း။

၂။ ဥပဋ္ဌာနာကာရ=ထင်သောအခြင်းအရာ။

ထိုတွင် အကျိုးပစ္စုပ္ပဋ္ဌာန်ဆိုသည်မှာ ကိစ္စ ၁ခုကို လုပ်ကိုင်ဆောင်ရွက်သည့်အခါ ထိုကိစ္စကြောင့် အကျိုးတမျိုးမျိုးရလာသကဲ့သို့ ပရမတ်တရားတို့၏ ပြုမူဆောင်ရွက်မှု ကိစ္စရသကြောင့် ဖြစ်ပေါ်လာရသည့် အကျိုးတရားမျိုးဖြစ်၏။ ဥပမာ—ကောင်းမွန်ဖြောင့်မှန်စွာ မကျင့်နိုင်ခြင်းဟူသော မောဟစေတသိက်၏ ပစ္စုပ္ပဋ္ဌာန်နှင့်တူသည်။ မောဟစေတသိက်၏ ကိစ္စရသသည် အာရုံ၏သဘောမှန်ကို ဖုံးကွယ်ထားခြင်းဖြစ်၏၊ ကောင်းမွန်ဖြောင့်မှန်စွာ မကျင့်နိုင်ခြင်းသည် အာရုံ၏သဘောမှန်ကို ဖုံးကွယ်ထားခြင်း ကိစ္စရသကြောင့်ဖြစ်၍ အကျိုးပစ္စုပ္ပဋ္ဌာန်ဟုခေါ်သည်။

ဉာဏ်တွင်ထင်မြင်လာသော သဘောခြင်းရာ ပစ္စုပ္ပဋ္ဌာန်ကား ပရမတ်တရားတခု၏ သဘောထားကို ဉာဏ်ဖြင့်သက်ဝင် နက်နက်နဲနဲဆင်ခြင်လိုက်သည့်အခါ စူးစူးစိုက်စိုက် လေ့လာရှုမြင်သူတို့၏ ဉာဏ်တွင် ထိုပရမတ်တရား၏ သဘောလက္ခဏာဖြစ်စေ၊ ကိစ္စဖြစ်စေ၊ အကြောင်းတရားဖြစ်စေ၊ အအကျိုးတရားဖြစ်စေ ထင်လာတတ်သည်။ ယင်းသို့ထင်မြင်လာသော ပရမတ်တရား၏ သဘောလက္ခဏာစသော ခြင်းအရာသည်ပင် ဥပဋ္ဌာနာကာရ-ပစ္စုပ္ပဋ္ဌာန်ဖြစ်သည်။ ဥပမာ—တစုံတယောက်သောသူ၏ အပြင် ဟန်ပန် အမူအရာတို့ကိုကြည့်၍ အကဲခတ်သည့်အခါ အကဲခတ်သူ၏ဉာဏ်တွင် ထိုသူ၏ စိတ်နေသဘောထားတမျိုး ထင်မြင်လာသကဲ့သို့ပင် ဖြစ်ပါသည်။

**ပဒဋ္ဌာန်။** ။ပဒဋ္ဌာန်[1] ဆိုသည်မှာ ပရမတ်တရားတို့၏ အနီးကပ်ဆုံးသောအကြောင်းတရားဖြစ်သည်။ အကျိုးတရားတခု ဖြစ်ပေါ်လာမှုတွင် အကြောင်းတခုသာ ရှိသည်မဟုတ်၊ ဝေးကွဲဆင့်ကဲ အထောက်အကူပြုနေကြသည့် ကွင်းဆက်အကြောင်းများ အမြောက်အမြားရှိ၏။ ယင်းအကြောင်းများကို နီးသောအကြောင်း ဝေးသောအကြောင်းဟု ကျမ်းဂန်များ၌ နှစ်မျိုးခွဲသည်။ ယခု ပဒဋ္ဌာန် ဆိုသည်မှာ ထိုနှစ်မျိုးအနက် အကျိုးတရား၏ အနီးကပ်ဆုံးသောအကြောင်းပင်

---

၁။ ပဒဋ္ဌာန် = ပဒ + ဋ္ဌာန။ ပဒ = အကြောင်း၊ ဋ္ဌာန = အကြောင်း။

ဖြစ်သည်။ဥပမာ ဒေါသဖြစ်စရာအနိဋ္ဌာရုံတခုနှင့် တွေ့ကြုံ၍ ဒေါသဖြစ်ပေါ်လာရာ၌ ဒေါသဖြစ်ခြင်းအကြောင်းတရားကို စိစစ်လျှင်(၁)အနိဋ္ဌာရုံနှင့် (၂) နှလုံးသွင်းမကောင်းမှု (အယောနိသောမနသိကာရ[1])ဟူသော အကြောင်းနှစ်ခုကို တွေ့ရ၏။ထိုတွင် အနိဋ္ဌာရုံနှင့် တွေ့ကြုံနေရစေကာမူ နှလုံးသွင်းမကောင်းမှုသာ ဒေါသဖြစ်လာနိုင်စရာ ရှိသောကြောင့် နှလုံးသွင်း မကောင်းမှု (အယောနိသော မနသိကာရ)သည်သာ နီးသော အကြောင်း ပဒဋ္ဌာန်ဖြစ်၍ အနိဋ္ဌာရုံမှာ ဝေးသောအကြောင်း မျှသာ ဖြစ်သည်။

---

၁။ အယောနိသော = နည်းမှန်လမ်းမှန် မဟုတ်သောအားဖြင့် (ဝါ) မသင့်လျော်သောအားဖြင့် + မနသိကာရ = နှလုံးသွင်းခြင်း။

# ဖဿ စေတသိက်

**ဖဿ = တွေ့ထိခြင်း**

**တွေ့ထိ ပုံ (၃)မျိုး**

(က) အာရုံကို တွေ့ထိခြင်းမျှ သဘောသည်လည်းကောင်း၊

(ခ) အာရုံကို တွေ့ထိတတ်သော သဘောသည်လည်းကောင်း၊

(ဂ) မိမိနှင့်အတူ ဖြစ်ပေါ်ဖြစ်ဖက် နာမ်တရားများအား အာရုံနှင့် တွေ့ထိအောင် ပြုလုပ်တတ်သော သဘောသည်လည်းကောင်း ဖဿမည်၏။

အထက်ဖော်ပြပါ တွေ့ထိပုံ [illegible]မျိုးတွင် (က)၌ ဖော်ပြထားသော "အာရုံကို တွေ့ထိခြင်းမျှ [illegible] သည်သာ ဖဿ၏အမှန်သဘော မုချ သဘောဖြစ်သည်။(၁) (ခ) (ဂ)၌ [illegible]ထားသော သဘောတို့သည် ဖဿ၏ အမှန်သဘော မုချ[illegible] [illegible]ကျတ်ကြပေ။ [illegible]လမ်းသူတို့၏ အယူကိုပယ်ဖျက်ရေး [illegible] ပြဆောင်၍ ဖော်ပြထားသော သဘောအစိမ့်ပွားများ ဖြစ်[illegible]။

ချဲ့ဦးအံ့–ပရမတ္ထသဘော [illegible]သည် အနုအလွန်ရာကြီးယာ သက်သက်မျှသာဖြစ်သော တရား[illegible] [illegible]သဘောတရားများ၌ ဒြဗ်,သဏ္ဌာန်,ကိုယ်ဟန်ပုံသ[illegible]၊ ဖြစ်ပေါ်မှု အကြောင်းတို့နှင့် စပ်၍သာ ဖြစ်ကြမှုတန်၏၊ [illegible] သဘောတွင်းသက်ဖြင့် ဖြစ်ပေါ်လာနိုင်ကြသည်မဟုတ်ကြကုန်၊ [illegible] ဟည်ဟုနိုင်ကြကုန်၏၊ သူတပါး အလိုသို့လိုက်နိုင်သော [illegible] အနတ္တသမ္ဘတို့သာ ဖြစ်ကုန်၏၊ ဖဿစေတသိက်သည်လည်း [illegible] သဘော တရားဖြစ်၍ အာရုံကို တွေ့ထိခြင်း အမှုအရာကြီးယာသဘောသည်သာ ဖဿ၏အမှန်သဘော, မုချ သဘောဖြစ်ပါသည်။

---

၁။ အဘိဓမ္မာဝတာရဋီကာသစ်၊ ပ၊၂၉၀။

သို့သော် ပရမတ်အရာတွင် မကျွမ်းကျင်သော ပုထုဇဉ် အချို့က ခန္ဓာကိုယ်တွင်း၌ ထိုထိုအမှုကိုပြုလုပ်စီမံတတ်၍ ကာရက, ခံစားတတ်၍ ဝေဒက ခေါ်သော အတ္တသည်ရှိ၏၊ အာရုံကိုတွေ့ထိရာ၌ တွေ့ထိခြင်းကြိယာကား ဖဿတည်း၊ ထိုတွေ့ထိခြင်းကြိယာကိုဖြစ်စေတတ်သော(ဝါ)အာရုံကို တွေ့ထိတတ်သော ကတ္တားမှာ-အတ္တဖြစ်သည်ဟု စွဲလမ်း မှတ်ထင်ကြလေသည်။ ထိုယူမှားချက်ကို ပယ်ဖျက်ဖို့ရာ ဖဿ၌ တွေ့ထိတတ်သော ကတ္တားသဘောမရှိသော်လည်း ရှိသကဲ့သို့ ပရိယာယ်ဆင် ဥပစာတင်၍ (ခ) အဓိပ္ပာယ်ကို ပြဆိုထားခြင်း ဖြစ်ပါသည်။

အဓိပ္ပာယ်မှာ အာရုံကို တွေ့ထိရာ၌ အတ္တက တွေ့ထိသည်မဟုတ်၊ အတ္တဆိုသည်ပင် အထင်အရှား မရှိ၊ ဖဿကသာ တွေ့ထိသည်၊ ဖဿဟူသောသဘောတရားမှ တပါး အခြား တွေ့ထိတတ်သောကတ္တား တမျိုး မရှိဟု ဆိုလိုပါသည်။

အချို့ကလည်း "ဝေဒနာစသော တရားဟူသည် အတ္တကြောင့်သာ အာရုံကိုတွေ့ထိကြရ၏၊ အတ္တသည်တွေ့ထိခြင်း ကြိယာကို ပြီးစေနိုင်သော သတ္တိရှိ၏"ဟု စွဲလမ်း ကြပြန်၏၊ ထိုစွဲလမ်းချက်ကို ပယ်ဖျက်ဖို့ရာ ဖဿ၌ အာရုံကို တွေ့ထိကြောင်း သတ္တိမရှိ သော်လည်း ရှိသကဲ့သို့ ဥပစာတင် ပရိယာယ်ဆင်၍ (ဂ) အဓိပ္ပာယ်ကို ပြဆိုထားခြင်း ဖြစ်ပါသည်။

အဓိပ္ပာယ်မှာ—ဖဿနှင့် ဖြစ်ဖော် ဖြစ်ဖက်ဖြစ်ကြသော ဝေဒနာစသည့် နာမ်တရားတို့၏ အာရုံကို တွေ့ထိခြင်း အကြောင်းမှာ အတ္တမဟုတ်, အတ္တဟုပင် အထင်အရှား မရှိ၊ ဖဿသည်သာလျှင် ဝေဒနာစသော ဖြစ်ဖော်ဖြစ်ဖက် တရားတို့၏ အာရုံကို တွေ့ထိကြောင်း ဖြစ်သည်ဟု ဆိုလိုပါသည်။

ဤသို့ ပရမတ္ထတရားတိုင်း၌ အဓိပ္ပာယ်သုံးမျိုး ဖွင့်ဆိုရခြင်း အကြောင်းကို အခြား စေတသိက် အဖွင့်များ၌လည်း ဤနည်းအတိုင်း သိရန် ဖြစ်ပါသည်။

## (၁) ဖဿစေတသိက်၏ သဘောလက္ခဏာ

ဖဿသည် အာရုံကို တွေ့ထိခြင်း သဘောလက္ခဏာရှိ၏[၁]၊

အာရုံကို တွေ့ထိခြင်း ဆိုသည်မှာ အာရုံ၏ ကောင်းသော (ဣဋ္ဌ) အရသာနှင့် မကောင်းသော (အနိဋ္ဌ) အရသာသို့ ဆိုက်ရောက်အောင် ထိထိခိုက်ခိုက် ယူမှုမျိုးဖြစ်သည်[၂]။

တွေ့ထိမှု သဘောသည် ရုပ်တရား အချင်းချင်း၌သာ ရှိနိုင်ဖြစ်နိုင်၏၊ နာမ်တရားများ၌ မရှိနိုင်၊ မဖြစ်နိုင်၊ ထိုသို့ဖြစ်နိုင်ပါလျက် ဖဿဟူသော နာမ်တရားသည် အဘယ်ကြောင့် အာရုံကို တွေ့ထိနိုင်ပါသနည်းဟု မေးဖွယ်ရှိ၏။

အဖြေကား—ဖဿက အာရုံကို တွေ့ထိနိုင်သည်ဟုဆိုရာ၌ ရုပ်ဝတ္ထုအချင်းချင်း တွေ့ထိသကဲ့သို့ ကိုယ်ထိလက်ရောက် ဟိုက်ရိုက် တွေ့ထိခြင်းမျိုး မဟုတ်၊ နာမ်သဘောတို့၏ [illegible] အာရုံတခု၌ တွေ့ထိသော အချင်း [illegible] အားဖြင့် [illegible] ဖြစ်ခြင်းမျိုးကို တွေ့ထိသည်ဟု ဆိုပါသည်၊ [illegible] ရုပ်ပါရှိသည့် ဖျက်စီ အကြည်ခေတ်ကို ထိခိုက်ရာ၌ [illegible] မထိမစပ်ပဲ ခေတ်ခိုက်သည့် သဘော [illegible] ဖြင့် ထိခိုက်း [illegible] မငြိမကပ်မထိမစပ်ပဲ စိတ်နှင့်အာရုံနှစ်ပါးကိုခေတ်ခိုက်သည့်သဘောဖြင့် ထိခိုက်ခြင်းဖြစ်သည်။[၃]

ထိခေတ်ခိုက်မှုမျိုးသည် [illegible] အလွန်ကင်ရှား၏၊ ဥပမာ—

(၁) ချဉ်သီးစားနေသူကို မြင်ရသောသူသည် မိမိကိုယ်တိုင် မစား ရသော်လည်း စားရဘိသကဲ့သို့ တံတွေး လျှာရည်ယိုခြင်း၊

---

(၁+၃) [illegible] အဋ္ဌကထာ [illegible]။

၂။ သင်္ဂြိုဟ်မဟာဋီကာသစ်၊ ၉၀။

(၂) ကြင်နာသနား တတ်သူသည် သူတပါး သတ်ပုတ်ညှဥ်းဆဲခံနေရသည်ကို မြင်ရသောအခါ မိမိကိုယ်တိုင်မခံရသော်လည်း ခံနေရဘိသကဲ့သို့ ကြက်သီးမွေးညှင်းထခြင်း၊ ခန္ဓာကိုယ်တုန်လှုပ်ခြင်း၊

(၃) ကြောက်လန့်တတ်သူသည် သစ်ပင်ထိပ်ဖျားသို့ ရောက်နေသူကို မြင်ရသည့်အခါ မြေပေါ်မှာ ရပ်နေပါလျက် မိမိကိုယ်တိုင်သစ်ပင်ထိပ်ဖျားသို့ ရောက်နေဘိသကဲ့သို့ ကြောက်ဒူးတုန်ခြင်း၊

(၄) မွေးစသောသတ္တဝါတို့သည် ခြင်္သေ့ ကျား စသည့်တို့ကိုမြင်သည့်အခါ ကြက်တရက်မပြေးနိုင်ပဲ ဖင်သိနေသကဲ့သို့ ကြောက်မက်ဖွယ်ရာ အာရုံများနှင့် တွေ့ကြုံရသည့်အခါ ခြေလက်မသယ်နိုင် မင်သက်မိနေခြင်း, စသည်တို့ကဲ့သို့ ဖြစ်သည်[၁]။

အထက်ပါ ဥပမာများ အတိုင်း ကိုယ်တိုင်ကိုယ်ကျ တွေ့ကြုံရခြင်း မဟုတ်သော်ငြားလည်း ဓာတ်သဘော အလိုက် ထိခိုက်မှုမျိုး ဖြစ်နိုင်သကဲ့သို့ နာမ်ဓာတ်တို့၏ သဘာဝအတိုင်း ထိခိုက်တွေ့ထိမှု သဘောကိုပင် ဖဿဟု ခေါ်ဆိုခြင်း ဖြစ်သည်။

(၁) ဖဿ၏ ရသ (၂) မျိုး

ဖဿ စေတသိက်၌–

(က) ဆောင်ရွက်မှု လုပ်ငန်း ဟူသော ကိစ္စရသ၊

(ခ) အပြည့်အစုံဖြစ်ပေါ်ခြင်း ဟူသော သမ္ပတ္တိရသ၊

နှစ်မျိုးလုံးရှိ၏။

---

၁။ အဘိဓမ္မာဝတာရဋီကာသစ်၊ ပ။ ၂၉၁။

## (က) ဖဿ၏ ဆောင်ရွက်မှုကိစ္စရသ

ဖဿ၏ ဆောင်ရွက်မှုလုပ်ငန်း ကိစ္စမှာ စိတ်နှင့်အာရုံကို တွေ့ထိပေးခြင်း ဖြစ်၏[၁]။

စိတ်သည်ဖဿနှင့်ကင်း၍ မိမိအလိုလို အာရုံကို မယူနိုင်ချေ၊ ဖဿက စိတ်ကို အာရုံနှင့်ဆက်စပ်ပေးမှု တွေ့ထိပေးမှုကြောင့်သာ စိတ်သည်အာရုံကို ယူနိုင်၏၊ မြင်သိစိတ်(စက္ခုဝိညာဏ်)ကို အဆင်းအာရုံ(ရူပါရုံ)နှင့်ဆက်စပ်ပေး၏။ပ။ လျက်သိစိတ်(ဇိဝှါဝိညာဏ်)ကို အရသာအာရုံ(ရသာရုံ) နှင့်ဆက်စပ်ပေး၏၊ ထိသိစိတ် (ကာယဝိညာဏ်)ကို အတွေ့ အထိအာရုံ (ဖောဋ္ဌဗ္ဗာရုံ)နှင့် ဆက်စပ်ပေး၏၊ ကြံသိစိတ်(မနောဝိညာဏ်)ကို သဘောတရား အာရုံ(ဓမ္မာရုံ)နှင့် ဆက်စပ်ပေး၏။ ဤသို့ ဖဿစေတသိက်သည် ဝိညာဏ်ခြောက်ပါးကို အာရုံခြောက်ပါးနှင့် ဆက်စပ်ပေးခြင်း လုပ်ငန်းကို ဆောင်ရွက်သည်။

### (၁) ဖဿ၏ အပြည့်အစုံဖြစ်မှုဟူသော သမ္ပတ္တိရသ

ဖဿဖြစ်ပေါ်မှုဟူသည် ဝတ္ထုရုပ်နှင့် အာရုံရုပ်တို့ တွေ့ဆုံထိခိုက်မှုကြောင့် ဖြစ်၏၊ မျက်စိအကြည်ဓာတ် (စက္ခုပသာဒ) စသောဝတ္ထုရုပ်များနှင့် အဆင်းအာရုံ(ရူပါရုံ)စသောအာရုံတရားတို့ ထိခိုက်မှုကြောင့် ဖဿဟူသော အကျိုးတရား ပေါ်လာခြင်းဖြစ်သည်။[၁]

ဝတ္ထုရုပ်နှင့် အာရုံရုပ်တို့ တွေ့ဆုံထိခိုက်မှုကြောင့် ဖဿဖြစ်ပေါ်ပုံကို ဆိတ်နှစ်ကောင် ဝှေ့ခတ်သောဥပမာ၊ လင်းကွင်းနှစ်ခုတီးသော ဥပမာ၊ လက်ဝါးနှစ်ဘက်တီးသော ဥပမာတို့ဖြင့် ဝိသုဒ္ဓိမဂ္ဂပါဠိတော်၌ ရှင်းလင်းဟောကြားထား၏၊ ဆိတ်နှစ်ကောင်ခတ်သော ဥပမာ၌ ဆိတ်တကောင်သည် ရူပါရုံစသော အာရုံတရားနှင့်တူ၍ အခြားဆိတ်တကောင်က မျက်စိ

---

၁။ အဋ္ဌသာလိနီအဋ္ဌကထာ၊ ၁၅၁။

အကြည်ဓာတ်စသော ဝတ္ထုရုပ်နှင့်တူ၏၊ ထိုဆိုင်နှစ်ကောင် ထိတွေ့ခတ်ခြင်းသည် ဖဿဖြစ်ပုံနှင့်တူ၏၊ လင်းကွင်းတီးသော ဥပမာ၊ လက်ဝါးတီးသော ဥပမာတို့၌လည်း ဖခုသောလင်းကွင်း၊ တဘက်သောလက်ဝါးတို့သည် အာရုံကရားနှင့်တူ၍ အခြားလင်းကွင်းနှင့် လက်ဝါးတို့သည် ဝတ္ထုရုပ်များနှင့်တူကြ၏၊ လင်းကွင်းနှစ်ခု၊ လက်ဝါးနှစ်ဘက်တို့ ထွေ့ဆုံတီးခတ်မိခြင်းသည် ဖဿဖြစ်ပေါ်ခြင်းနှင့်တူ၏ဟု ဖော်ပြထားပါသည်[၁]။

## (၃) ဖဿစေတသိက်၏ ပစ္စုပဋ္ဌာန်

ဖဿစေတသိက်၏ ပစ္စုပဋ္ဌာန်သည်—

(က) အကျိုး(ဖလ)ပစ္စုပဋ္ဌာန်နှင့်

(ခ) ဉာဏ်တွင် ထင်ပြင်လာသော သဘောချင်းရာ (ဥပဋ္ဌာနာ-ကာရ)ပစ္စုပဋ္ဌာန်

ဟူ၍ နှစ်မျိုးရှိသည်[၂]။

### (က) အကျိုး (ဖလ)ပစ္စုပဋ္ဌာန်

ဖဿ၏အကျိုး ပစ္စုပဋ္ဌာန်သည် ဝေဒနာဟူသော အကျိုးတရားဖြစ်၏[၃]။

အာရုံကို ထိတွေ့မှုဖဿကြောင့် အာရုံ၏အရသာကို ခံစားမှု(ဝေဒနာ)ဟူသော အကျိုးတရား ပေါ်လာ၏၊ အာရုံတခုခုကို ခံစားရာ၌ ရှေးဦးစွာ ထိုအာရုံနှင့် ထိတွေ့မှုရှိမှသာ ထိုအာရုံကို ခံစားနိုင်၏၊ ဖဿသည် မိမိနှင့်ပေါင်းဆုံမိသော ရူပါရုံစသော အာရုံခြောက်ပါးတို့၏ ကောင်းသောရသ ဂုဏ်၊ မကောင်းသော ရသဂုဏ် ပေါ်အောင် ကြိတ်နယ်ထိခိုက်ပေး၏၊ ယင်းသို့ ဖဿ ကြိတ်နယ် ထိခိုက်ပေးမှုကြောင့် ပေါ်လာသည့်အရသာကို ဝေဒနာက ခံစားခြင်း ဖြစ်ပါသည်[၃]။

---

၁။ မိလိန္ဒပဉှပါဠိတော်၊ ၆၆။

၂။ အဋ္ဌသာလိနီ အဋ္ဌကထာ၊ ၁၅၂။

၃။ ပရမတ္ထသံခိပ်ဋီကာ ၊ ၃၇၄။

ဖဿသည် ဝေဒနာဟူသောအကျိုးတရားကို ဖြစ်စေရာ၌ စိတ်၌သာ ဖြစ်စေပေသည်၊ ဥပမာ—မီးကျီးခဲ၊ ချိတ်၊ အပူငွေ့တို့နှင့် အလားတူသည်၊ မီးကျီးခဲကား မြင့်ပဝတ္ထုဖြစ်သော အကြောင်းတည်း၊ ယိုမီးကျီးခဲဖြင့် ချိတ်ကို ကင်သောအခါ ချိတ်၌အပူငွေ့ ဖြစ်ပေါ်လာ၏၊ ထိုအပူငွေ့သည် မီးကျီးခဲကြောင့်ဖြစ်ရသော်လည်း မီးကျီးခဲကို နူးညံ့ပျော့ပြောင်းအောင် မပြု။ မိမိမှီရာ ချိတ်ကိုသာ နူးညံ့ပျော့ပြောင်းအောင် ပြုသကဲ့သို့ ကို့ အတူ ဝတ္ထုအာရုံဟူသော ပြင်ပအကြောင်းနှင့် စိတ်ဟူသော အတွင်း အကြောင်း သုံးမျိုးတွင် တွေ့အာရုံ ကြောင့် ဖြစ်ရသော ဖဿသည် ယိုဝတ္ထုအာရုံတို့၌ ဝေဒနာကို မဖြစ်၊ မိမိမှီရာ စိတ်၌သာ ဝေဒနာကို ဖြစ်ပေခြင်း ဖြစ်သည်။

ဤဥပမာ၌ ဝတ္ထုအာရုံတို့သည် မီးကျီးခဲနှင့်တူ၏၊ စိတ်သည် ချိတ်နှင့် တူ၏၊ ဖဿသည် အပူငွေ့နှင့်တူ၏၊ ဖဿကြောင့်ဖြစ်သော ဝေဒနာသည် ချိတ်၏ ပျော့ပြောင်းနူးညံ့ပုံနှင့် တူ၏[၁]။

**စက္ခုဒွါရ၌ဖြစ်သော ဖဿကြောင့် ဝေဒနာသုံးမျိုး ဖြစ်ပုံ**

မျက်စိ ကြည်ဝတ်၊ အဆင်း အာရုံနှင့်မြင်သိမှုဝိညာဏ်စိတ်တို့ သုံးပါး ပေါင်းဆုံ မိသည့်အခါ အာရုံကို တွေ့ထိခြင်းဆိုသည့် ဖဿသဘော ပေါ်လာပါသည်၊ ၎င်း နေရာ၌ မြင်သိမှု စက္ခုဝိညာဏ်စိတ်က အဆင်းလှမှန်း, သဏ္ဌာန်မှန်း, ဖြူလျှင်ဖြူမှန်း, နီလျှင်နီမှန်း ဖျတ်ခနဲ သိသည်၊ ကောင်းသောအရသာ မကောင်းသောအရသာ ထင်ရှားပေါ်လာ၍ ဆောင်တွေ့ဝိညာဏ်က ဖမ်းနိုင်၊ အရသာပေါ်လာအောင် အာရုံကို ဖိညှစ်ကြိတ်နယ်မှုကား ဖဿ၏ ကိစ္စဖြစ်သည်၊ ဖဿကြိတ်နယ်မှုကြောင့် အာရုံအရသာ ပေါ်လာ သည့်အခါ အာရုံအပျို့အာားလိုက် အာရုံအရသာကို ခံစားသည့် ဝေဒနာတရား အစားစား ပေါ်လာရသည်။

---

၁။ အဋ္ဌသာလိနီအဋ္ဌကထာ၊၁၅၂။

အဆင်းအာရုံက လှလှပပ တင့်တင့်တယ်တယ် ကောင်းသည့်အာရုံ ဖြစ်လျှင် ကောင်းသည်ကို ခံစားသည့် သုခဝေဒနာ ဖြစ်လာသည်။

မြင်တွေ့ရသည့်အဆင်းက ဆိုးသည့်အဆင်း အာရုံ, ရွံရှာစရာ မုန်းစရာ ကောင်းသည့် အဆင်းအာရုံဖြစ်လျှင် ဆိုးသည်ကို ခံစားသည့် ဒုက္ခဝေဒနာ ဖြစ်လာသည်။

အဆင်းအာရုံက အကောင်းအဆိုး မထင်ရှားသည့် ရိုးရိုးအဆင်း အာရုံဖြစ်လျှင် ခံစားမှုသဘော ပယင်မှုသည့် ဥပေက္ခာ ဝေဒနာ ဖြစ် လာသည်။

**သောတဒွါရ၌ ဖြစ်သော ဖဿကြောင့် ဝေဒနာသုံးမျိုးဖြစ်ပုံ**

လုံ့အတူ နားအကြည်ဓာတ်, အသံအာရုံ, ကြားသိမှု သောတဝိညာဏ်တို့ ပေါင်းဆုံမိ၍ ဖဿဖြစ်ပေါ်လာသည့်အခါ၌လည်း ကြားရသည့် အသံအာရုံ၏ အကောင်း အဆိုးကို လိုက်၍ ခံစားမှုဝေဒနာ အကောင်း အဆိုးများ ထိုက်သလို ဖြစ်လာရပေသည်။

သီချင်းသံ, တူရိယာသံ, သာယာနာပျော်ဖွယ် ကောင်းသည့်အသံ, ချိုသာအေးမြသည့်အသံများကို ကြားရသည့်အခါ နားထဲမှာ ခံသာသည့် သုခဝေဒနာဖြစ်သည်။ နားထောင်ပို့ကောင်းသည့် သဘော, နားဝင် ချိုသည့် သဘောမျိုးပင် ဖြစ်ပါသည်။

[illegible]စူးရှသည့်အသံ, ကြိမ်းမောင်း ဆဲဆိုသံများကို ကြားရသည့်အခါ နားထဲမှာ မခံသာသည့် ဒုက္ခဝေဒနာဖြစ်ပေါ်လာသည်။ နားမခံသာသည့် သဘော အခံရခက်သည့် သဘောမျိုးဖြစ်ပါသည်။

ကောင်းဆိုးနှစ်ပါး မထင်ရှားသည့် ရိုးရိုးအသံများကို ကြားရသည့် အခါ၌ မကောင်းမဆိုး ရိုးရိုးခံစားမှု ဥပေက္ခာဝေဒနာ ဖြစ်ပေါ်လာ သည်။ ယင်းဥပေက္ခာဝေဒနာသည် အလွန်သိမ်မွေ့ ငြိမ်သက်သည့်အတွက် ခံစားမှု မထင်ရှားချေ။ ခံစားသည်ကိုပင် မသိပဲ ဖြစ်တတ်ပေသည်။

နှာခေါင်းအကြည်ဓာတ် အနံ့အာရုံဃာနဝိညာဏ်၊ လျှာအကြည်ဓာတ် ရသာရုံဇိဝှာဝိညာဏ် ကိုယ်အကြည်ဓာတ် ဖောဋ္ဌဗ္ဗာရုံ ကာယဝိညာဏ် ထိုသုံးပါးစီ သုံးပါးစီ ဆုံမိသည့်အခါ၌လည်း ဖဿဓာတ်ဖြစ်ပေါ်လာပြီး ယင်းဖဿကြောင့် ခံစားမှုဝေဒနာသုံးမျိုး ဖြစ်ပေါ်ပုံတို့ကိုလည်းအထက်ပါ နည်းကိုမှီ၍ သိနိုင်ကြပေသည်။

**မနောဒွါရ၌မှီသော ဖဿကြောင့် ဝေဒနာသုံးမျိုးဖြစ်ပုံ**

စိတ်နှလုံးနှင့် သဘောအာရုံကို မှီပြီး ကြံသိမှု ဖြစ်တိုင်း ဖြစ်တိုင်းမှာ မနောဒွါရ ခေါ်သည့် စိတ်နှလုံး၊ သဘောအာရုံဆိုသည့် စိတ်ကူးအာရုံနှင့် ကြံသိမှုခေါ်သည့် မနောဝိညာဏ် ဓာတ်တို့ ဆုံမိကြသည်။ ယင်းသုံးပါးတို့ ဆုံမိသည့်အခါ စိတ်ကူးထဲမှာ အာရုံကို တွေ့မှုဖဿ ဖြစ်ပေါ်လာပါသည်။ စိတ်ကူးထဲမှာ အာရုံကို တွေ့ လျှင် ထိုအာရုံကို ခံစားသည့်ဝေဒနာများ ထိုက်သလိုဖြစ်ပေါ်လာပါသည်။

ကိုယ်အလိုရှိသည့် အာရုံကောင်းများနှင့်တွေ့လျှင် သုခဝေဒနာဖြစ် လာပုံမှာ၊ ရှေးတုန်းက ကောင်းစားချမ်းသာခဲ့ဖူးသည်များကို ပြန် လည်တွေးတောပြီး စိတ်ထဲ၌ချမ်းသာပျော်ရွှင်နေတတ်ပေသည်။ နောင် အခါ ကြီးပွားချမ်းသာမည့် အကြောင်းများကိုလည်း မျှော်တွေးကြံစည်ပြီး ဝမ်းသာပျော်ရွှင် နေတတ်ပေသည်။ ယခုလောလောဆယ် ကြီးပွားချမ်း သာနေပုံများကိုလည်း စဉ်းစားကြံပြီး ပျော်ရွှင်ချမ်းသာနေတတ်ပေသည်။ ဤသည်ကား ကောင်းသော အာရုံများကြောင့် သုခဝေဒနာ ဖြစ်လာ ပုံ ဖြစ်သည်။

မိမိအလိုမရှိသည့် အနိဋ္ဌာရုံများနှင့် တွေ့လျှင်ကား ဆင်းရဲဒုက္ခ ဝေဒနာ ဖြစ်လာ၏။ ဒုက္ခဝေဒနာ ဖြစ်ပုံကား ရှေးအခါက ဆင်းရဲခဲ့ရပုံ ဘေးဒုက္ခ ရောက်ခဲ့ရပုံများကို ပြန်လည်စဉ်းစားတွေးတောရ၍သော်လည်း ကောင်း၊ နောင်အခါ ဆင်းရဲဒုက္ခရောက်ရမှာ ဘေးရန်နှင့်တွေ့ရမှာ အကြပ် အတည်းနှင့် ရင်ဆိုင်ရမှာများကို စဉ်းစားကြံတွေး၍သော်လည်းကောင်း၊

ယခုလောလောဆယ် ဆင်းရဲနေပုံ ဘေးရန်နှင့် တွေ့နေပုံတို့ကို စဉ်းစား ကြံတွေး၍သော်လည်းကောင်း စိတ်မချမ်းမသာ ဝမ်းနည်းစိတ်ပျက်စွာ ဖြစ်နေတတ်ပေသည်။ ဤသို့ဖြစ်ခြင်းသည် မကောင်းသော ဖဿအတွေ့ ကြောင့် ဒုက္ခဝေဒနာဖြစ်ပုံ ဖြစ်ပါသည်။

ဤသို့အာရုံက ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ စိတ်ကူးထဲမှာ အာရုံကောင်းနှင့် တွေ့လျှင် ဝမ်းသာရွှင်ပြသည့် သုခဝေဒနာဖြစ်သည်။ အာရုံဆိုးနှင့် တွေ့လျှင် စိတ်နှလုံး မသာယာတဲ့ ဒုက္ခဝေဒနာဖြစ်သည်။ သို့ရာတွင် အာရုံက မထင်မရှား မှေးမှေးမှိန်မှိန်ဖြစ်နေလျှင် ဝေဒနာက လည်း နည်းနည်းသာ ဖြစ်သည်။ အာရုံက ပီပီသသ ထင်ထင်ရှားရှားဖြစ် လျှင်ကား ဝေဒနာကလည်း အလွန်အကဲ ဖြစ်လာပေသည်။

မဆိုးမကောင်း သာမန်အာရုံနှင့် တွေ့လျှင်တော့ ဥပေက္ခာဝေဒနာ ဖြစ်လာသည်။ ယင်းဝေဒနာသည် ချမ်းသာမှုလည်းမပါ၊ ဆင်းရဲမှုလည်း မပါ၊ ခံစားမှုသဘောပင် မထင်ရှားသည့် အလွန်သိမ်မွေ့သော ဝေဒနာ မျိုး ဖြစ်ပေသည်။

**ဥမ္မာဒန္တီနှင့် သိဝိဘုရင်။** ။ပဏ္ဏာသနိပါတ် ဥမ္မာဒန္တီဇာတ်၌ ဘုရားလောင်း သိဝိဘုရင်ကြီးသည် ဥမ္မာဒန္တီသူဌေးသမီးကို မြင် တွေ့ရသည့်ဖဿကြောင့် ရူးနောက်သွားသည်အထိ ဒုက္ခရောက်သွားရပေ သည်၊ ဇာတ်လမ်းအကျဉ်းချုပ်မှာ–

သိဝိဘုရင်ကြီးသည် တန်ဆောင်မုန်းလပြည့် တခုသောကျွတ်ပွဲသဘင် နေ့မှာ ဆီမီးရောင်ရှိန် တထိန်ထိန်ထွန်းညှိ အလှဆင်ထားသည့် အရိဋ္ဌပုရ မြို့တော်ကြီးကို လှည့်လည်ရှုစားရန် ထွက်တော်မူလာခဲ့ပေသည်။ ရှေးဦး စွာ စစ်သေနာပတိကြီး အဘိပါရက၏ အိမ်ရှေ့သို့ရောက်သွား၏၊ ထိုအခါ မှာ စစ်သေနာပတိကြီးကတော် ဥမ္မာဒန္တီသူဌေးသမီးသည် ကိန္နရီကလေး သဖွယ် လေသာပြူတင်းပေါက်မှာရပ်လျက် မင်းကြီးအား ပန်းပွင့်ပန်းပိုး တို့ဖြင့် ကြဲချယင်း မိမိရဲ့အလှအပကို ပြသလိုက်၏။

ယင်းသို့ အလှူအပပြုခြင်းမှာ အကြောင်း ရှိပေသည်။ ဥမ္မာဒန္တီသဌေး သမီးကလေးအရွယ်ရောက်သာချိန်တွင် ဖခင်သဌေးကြီးက "မိမိမှာဘုရင် နှင့်သာထိုက်တန်သည့် သမီးရတနာထွန်းကားခဲ့ပါသည်။ လက္ခဏာတတ် ပုဏ္ဏားတော်ကြီးများကို စေလွှတ်စုံစမ်းပြီး အရှင်မင်းကြီးအလိုရှိတိုင်းစီမံ ပါ"ဟု သိဝိဘုရင်ကြီးအား လျှောက်ထားခဲ့ဖူးသည်။ ထိုစဉ်အခါက မင်းကြီးသည် သဌေးကြီး လျှောက်တင်သည့်အတိုင်း ပုဏ္ဏားတော်ကြီး များကို သွားရောက်စုံစမ်းရန် စေလွှတ်လိုက်သည်။ ပုဏ္ဏားတော်ကြီးများ သည်ဥမ္မာဒန္တီကို မြင်ရသည်နှင့်တပြိုင်နက် သတိလွတ်ကင်းပြီး ဣန္ဒြေ မဆောင်နိုင်ပဲ စားသောက်သည့်နေရာမှာပင် အမှားမှားအယွင်းယွင်း ဖြစ် ခဲ့ကြရသည်၊ ထိုအခါ ဥမ္မာဒန္တီက ကျက်သရေမဲ့တယ်ဆိုပြီး ပုဏ္ဏားတော် ကြီးများကို အိမ်မှခဲ့ကြရသည်။ နှင်ထုတ်စေခဲ့သည်။

ဤပြုမူချက်ကြောင့် ပုဏ္ဏားတော်ကြီးများသည် ဥမ္မာဒန္တီအပေါ် ရန်ငြိုး ဖွဲ့ကြသည်၊ ဘုရင့်ထံသို့ ရောက်ကြသည့်အခါ "ဥမ္မာဒန္တီဟာ ယုတ်မာပဲ့ အမျိုးသမီးဖြစ်ပါတယ်၊ မိဖုရား မဖြစ်ထိုက်ပါဘူး" လို့ လျှောက်တင်ကြ၏။ မင်းကြီးကလည်း ယုံကြည်ပြီး ဥမ္မာဒန္တီကို လျစ်လျူရှုထားခဲ့သည်။ ထို အကြောင်းကို သိရသည့်အခါ ဥမ္မာဒန္တီက "နေဦးပေါ့၊ ဘုရင်ကြီးကို ဖူး မြော်ခွင့်ရတဲ့တနေ့မှာ ဘုရင်ကြီးကကိုယ်လိုဖြစ်မယ်ဆိုတာ သိရပါလိမ့်မယ်" လို့ ဘုရင်ကြီးအပေါ် စိတ်နာကျမှုမနည်းဖြစ်နေခဲ့သည်၊ ထို့နောက် ဖခင် သဌေးကြီးက သမီးချော ဥမ္မာဒန္တီကို စစ်သေနာပတိကြီးအဘိပါရကထံ ဆက်သလိုက်လေသည်။ ထို့နောက် စစ်သူကြီးကတော် ဖြစ်လာသည့် ဥမ္မာဒန္တီသည် ဘုရင်ကြီး မြို့လှည့်လည်လာသည့်အခါမှာ ဤကဲ့သို့ မိမိ၏ အလှကျက်သရေများကို အထင်းကျန် ပြသလိုက်ခြင်း ဖြစ်ပေသည်။

ထိုအခါ သိဝိဘုရင်ကြီးမှာ ဥမ္မာဒန္တီ၏ ရုပ်အင်းအင်္ဂါလက္ခဏာများကို မြင်တွေ့လိုက်ရသည်နှင့်တပြိုင်နက် စိတ်ရူးနောက်သွား၏။ မြို့ကိုဆက်လက် မရှုစားနိုင်တော့ပဲ ထိုအိမ်ရှေ့မှပင် နန်းတော်သို့ ပြန်လှည့်လာခဲ့ရသည်။ နန်းတော်သို့ ရောက်သော်လည်း မအိပ်နိုင် မစားနိုင် ဥမ္မာဒန္တီ၏ ရုပ်ဆင်း

အင်္ဂါကိုသာ မျက်စိထဲမှာဖျောက်မရပဲ သူရှုံးပမာ မြည်တမ်းပြော်ဆိုနေလေသည်၊ သိကြားမင်းကသာ လိုရာဆုကို ပေးမယ် ဖြစ်လဲဖြစ်နိုင်မယ်ဆိုယင် "တည့နှစ်ညလောက် အဘိပါရက စစ်သူကြီးဖြစ်ပါရစေ၊ ဥမ္မာဒန္တီနဲ့ တညနှစ်ညလောက် ပျော်မွေ့ပြီးတော့မှ သီဝိမင်းကြီးပြန်ဖြစ်ပါရစေ" လို့ ဆုတောင်းမယ်ဟု မဖြစ်နိုင်သည်ကို ယောင်ယမ်းပြောဆိုနေပါသတဲ့။

ဤကဲ့သို့ သိဝိဘုရင်ကြီး ဒုက္ခဝေဒနာ ခံစားနေရသည်မှာ ဥမ္မာဒန္တီ၏ အဆင်းအာရုံကို သူ့စိတ်ထဲမှာ တွေ့နေတဲ့ ဖဿကြောင့်ပင် ဖြစ်ပါသည်။

## (ခ) ဉာဏ်တွင် ထင်မြင်လာသော သဘောချင်းရာ (ဥပဋ္ဌာနာကာရ) ပစ္စုပဋ္ဌာန်

ဖဿသည် (၁) မျက်ပိအကြည်ဓာတ်စသော ဝတ္ထုရုပ် (၂) အဆင်းအာရုံ (ရူပါရုံ)စသော ရုပ်ဘာများများနှင့်(၃) မြင်သိမှုဟ် (စက္ခုဝိညာဏ်) စသောဝိညာဏ်၊ ထိုသုံးပါးတို့အပေါင်းဆုံတိုက်ဆိုင်မှုကြောင့် ဖြစ်ပေါ်လာသောတရားဟု အဘိဓမ္မာသဘောကို ခလလာသူ ပုဂ္ဂိုလ်၏ဉာဏ်တွင် သဘောပေါက်ထင်မြင်လာသော အချင်းအရာရှိ၏[၁]။

ဥပမာ- ကောင်းကင်ပြင်၌ ဟိပ်တိုက်နှစ်ခုတို့ ဂျွေးယုံတိုက်ခိုက်မိသောအခါ လျှပ်စစ် ဝင်းပြောင်လာသကဲ့သို့ လည်းကောင်း၊ ကျောက်ခဲနှင့် မီးခတ်သံတုံးတို့ တွေ့ဆုံထိခိုက်မိသောအခါ မီးပွားမီးတောက်ပေါ်လာသကဲ့သို့လည်းကောင်း၊ မျက်စိအကြည်ဓာတ်စသော ဝတ္ထုရုပ်များနှင့် အဆင်းအာရုံစသော အာရုံရုပ်တို့ထိခိုက်မိသောအခါ မြင်သိပိုဝ်စသော အသိစိတ်ဓာတ်(ဝိညာဏ်)ဖြစ်ပေါ်လာပါသည်၊ ထိုဝတ္ထုအာရုံ ဝိညာဏ်သုံးပါး ဆုံမိကြသောအခါမှ ဖဿပေါ်လာပါသည်။

---

၁။ အဋ္ဌသာလိနီအဋ္ဌကထာ၊ ၁၅၂။

အဘိဓမ္မာ ရုပ်နာမ်တရားကို စူးစူးစိုက်စိုက် လေ့လာသူသည် ဖဿ၏ သဘောကို ဆင်ခြင်လေ့လာလိုက်သည့်အခါ "ဖဿဆိုသည်မှာ ဝတ္ထု၊ အာရုံ ဝိညာဏ်သုံးပါးတို့ ပေါင်းဆုံမိသောကြောင့် ဖြစ်ပေါ်လာသော တရား" ဟု ဉာဏ်တွင်ထင်မြင်လာခြင်းဖြစ်ပါသည်။

## ၄။ ဖဿ၏ အနီးကပ်ဆုံး အကြောင်းတရား (ပဒဋ္ဌာန်) ၂-မျိုး

### (၁) အာရုံခြောက်ပါး

ဖဿစေတသိက်၏ အနီးကပ်ဆုံး အကြောင်းတရားသည် မျက်စိ အကြည်ဓာတ်စသောဝတ္ထုရုပ်ခြောက်ပါး၌ ရှေးရှုထင်လာသော အာရုံ ခြောက်ပါးဖြစ်၏[၁]။

ဖဿသည် ပစ္စုပဋ္ဌာန်ခန်းတွင်ပြဆိုခဲ့သည့်အတိုင်း ဝတ္ထု၊ အာရုံ၊ ဝိညာဏ် သုံးပါးတို့ ပေါင်းဆုံမိခြင်းကြောင့် ဖြစ်ပေါ်လာသောတရားဖြစ်၏၊ ထိုသုံးပါးတွင် မျက်စိ အကြည်ဓာတ်စသော ဝတ္ထုရုပ်များ၌ အဆင်းအာရုံ (ရူပါရုံ)စသောအာရုံများ ရှေးရှု ထင်လာမှုသည် အရေးအကြီးဆုံး သော အကြောင်းဖြစ်သည်၊ ဝတ္ထုရုပ် အကြည်ဓာတ်များ၌ အာရုံထင်လာလျှင် ထိုအာရုံကို ဆင်ခြင်နှလုံးသွင်းမှု (အာဝဇ္ဇန်း)ရှိပါက မြင်သိစိတ်စသော စိတ်ဝိညာဏ်များ ကေန် ဖြစ်ပေါ်လာရ၏။ စိတ်ဖြစ်လျှင် ထိုစိတ်နှင့် တပါတည်း ဖဿသည်းဖြစ်လာရသည်။

ဤသို့ ဝတ္ထုအကြည်ဓာတ်များ၌ အာရုံထင်လာလျှင် ကေန်အမှန် ဖဿဖြစ်တော့ရကား ဖဿဖြစ်ဖို့ရာ အနီးဆုံးအကြောင်းမှာ ရှေးရှုထင် လာသော အာရုံပင်ဖြစ်သည်[၂]။

---

၁။ အဋ္ဌသာလိနီအဋ္ဌကထာ၊၁၅၂။

၂။ မဟာဋီကာ၊ ၁၈၆။

## (၂) ဖဿ၏ အနီးဆုံးအကြောင်းတရား အာယတန ၆-ပါး

ဖဿစေတသိက်ကို ဖြစ်ပေါ်စေနိုင်သော အနီးကပ်ဆုံး အကြောင်းတရားသည် တနည်းအားဖြင့်"သဠာယတနပစ္စယာ ဖဿော" ဟူသော ပဋိစ္စသမုပ္ပါဒ် ဝိဘင်းပါဠိတော်အရ အာယတန(၆)ပါး ဖြစ်ပါသည်[၁]။

အာယတန(၆)ပါးအရ မျက်စိ, နား, နှာခေါင်း, လျှာ, ကိုယ်, စိတ် ဟူသော ကိုယ်တွင်းအာယတန(၆)ပါးနှင့် အဆင်း,အသံ, အနံ့,အရသာ, အတွေ့ သဘောဟူသော ပြင်ပအာယတန(၆)ပါး နှစ်မျိုးလုံးပင် ဖဿ ဖြစ်ပေါ်လာခြင်း အနီးဆုံး အကြောင်းများဖြစ်ပါသည်။

> မျက်စိ အကြည်ခါတ်ကိုလည်းကောင်း၊ အဆင်း ရူပါရုံတို့ကို လည်းကောင်း စွဲမှီ၍ မြင်သိမှု စက္ခုဝိညာဏ်စိတ် ဖြစ်ပေါ်လာ၏၊ မျက်စိ,အဆင်း,မြင်သိမှု သုံးခုတို့ ပေါင်းဆုံမိခြင်းကြောင့် အာရုံတို့ကို ဓာတ်ခိုက်သကဲ့သို့ တွေ့ထိခြင်းဆိုသည့် ဖဿစေတသိက်ဖြစ် ပေါ်လာသည်[၂]--

ဟု ဗုဒ္ဓရှင်တော်ဘုရား ဟောကြားတော်မူခဲ့ပါသည်။

မှန်ပါသည်၊ မီးခြစ်ဆံခံဘေး၌ ယမ်းသုတ်ထားသည့် စက္ကူပြား ကလေးကို မီးခြစ်ဆံနှင့် ခြစ်လိုက်သည့်အခါ မီးတောက်မီးလျှံ ပေါ်လာ သကဲ့သို့ မျက်စိအကြည်စသည့် အကြည်ဓာတ်(၆)ပါး၌ အဆင်းစသည့် အာရုံ (၆) ပါးတို့ အသီးသီး ထင်လာသည့်အခါ စက္ခုဝိညာဏ်စသော ဝိညာဏဓာတ်(၆)ပါးတို့ ပေါ်လာကြပါသည်။

ယင်းသို့ စက္ခုအကြည်ဓာတ်၌ လူရုပ်စသော အဆင်းအာရုံတို့တင်လာ ထိခိုက်လာသည်နှင့် ဟပ်ပုံင်နက် စက္ခုဝိညာဏ်ခေါ်သော မြင်သိစိတ်သည် ထိုအဆင်းအာရုံကို အာရုံပြု၍ ဖြစ်ပေါ်လာ၏၊ ထိုအခါ ယင်းစက္ခုဝိညာဏ် စိတ်နှင့်အတူ အာရုံကို တွေ့ထိကာသည့် စက္ခုသမ္ဖဿခေါ်သော ဖဿ စေတသိက်လည်း ဖြစ်ပေါ်လာ၏။

---

၁။ အဘိ၊၂။ ၁၄၃။

၂။ သံ၊၁၊၃၀၀။

ထို့အတူ နားအကြည့်သဒ္ဒါရုံ့ သောတဝိညာဏ် သုံးပါးပေါင်းဆုံမိသည်နှင့် တပြိုင်နက် သောတသမ္ဖဿ ဖြစ်ပေါ်လာ၏၊ နှာခေါင်းအကြည့် ဂန္ဓာရုံ့ ဃာနဝိညာဏ် သုံးပါးပေါင်းဆုံမိသည်နှင့် တပြိုင်နက် ဃာနသမ္ဖဿ ဖြစ်ပေါ်လာ၏၊ လျှာအကြည့် ရသာရုံ ဇိဝှာဝိညာဏ် သုံးပါးပေါင်းဆုံမိသည်နှင့် တပြိုင်နက် ဇိဝှာသမ္ဖဿဖြစ်ပေါ်လာ၏၊ ကိုယ်အကြည့် ဖောဋ္ဌဗ္ဗာရုံ့ ကာယဝိညာဏ် သုံးပါးပေါင်းဆုံမိသည်နှင့် တပြိုင်နက် ကာယသမ္ဖဿ ဖြစ်ပေါ်လာ၏၊ ဘဝင် မနော၊ အာရုံခြောက်ပါးတွင် တပါးပါး၊ မနောဝိညာဏ်ဆိုတဲ့ ဓာတ်သုံးပါး ပေါင်းဆုံမိသည်နှင့် တပြိုင်နက် မနောသမ္ဖဿ ဖြစ်ပေါ်လာ၏။

စက္ခုသမ္ဖဿဆိုသည်မှာ မျက်စိအတွေ့ ဖြစ်သည်၊ မျက်စိအတွေ့ဆိုသည်မှာ မျက်စိတွင် ထင်လာတိုက်လာသော အဆင်းအာရုံ၏ ကောင်းမကောင်းသော ရသာကို ကြိုတင် ခံစားရန်ကြောင်း၊ ညှိ၍ထုတ်ခြင်းတည်း။

မျက်စိအကြည်ဓာတ်သည် မြင်ပေါ်လာသည့် အဆင်းကို လက်ခံရုံမျှသာ စွမ်းနိုင်သည်၊ ထိုအဆင်းကို အာရုံမပြုနိုင်၊ စက္ခုဝိညာဏ်သည် ထိုအဆင်းကို အာရုံပြုရုံမျှသာ ပြုနိုင်သည်၊ ကောင်းသောရသ၊ မကောင်းသောရသ ပေါ်လာ ထင်လာအောင် ကြိုတ်နယ်ခြင်းကိုမပြုတတ်၊ ဖဿစေတသိကသာ အာရုံကောင်းလျှင် ကောင်းသလောက်၊ မကောင်းလျှင် မကောင်းသလောက် ဣဋ္ဌအရသာ၊ အနိဋ္ဌအရသာ အကုန်ထွက်လာအောင် ကြိတ်နယ်ဖိညှစ်၍ ထုတ်နိုင်သည်၊

ဥပမာအားဖြင့်ဆိုသော် ကြံကိုကြိတ်သည်နှင့် တူ၏၊ ဆီကြိတ်ရာတွင် ကြိတ်ဆုံသည် မျက်စိအကြည်ဓာတ်နှင့်တူ၏၊ နှမ်းဆန်သည် ရူပါရုံ စသည်နှင့်တူ၏၊ ကြိတ်ဆုံတွင်းသို့ နှမ်းတည့်ပေးသောသူ ဝိညာဏ်နှင့် တူ၏၊ ဆီထွက်အောင်ဖိကြိတ်သော နွားသည် စက္ခုသမ္ဖဿနှင့်တူ၏၊ နှမ်းဆီသည် ကောင်းသောအရသာ၊ မကောင်းသောအရသာတို့နှင့်တူ၏။

သာသနာ့ရေးဦးစီး
၁၂၁၉၀ စာကြည့်တိုက်

ဤသို့ ဖဿသည် မျက်စိစသော အတွင်းအာယတန ခြောက်ပါး၊ အဆင်းအာရုံစသော အပြင်အာယတန ခြောက်ပါးတို့ကြောင့် ဖြစ်ပေါ်လာရသည်။

### ဖဿစေတသိက် အမျိုးမျိုးပြားပုံ

**ဖဿ(၆)မျိုး[၁]။** ။ဖဿ စေတသိက်သည် အာရုံကို တွေ့ထိခြင်းသဘော လက္ခဏာအားဖြင့် တပါးတည်းဖြစ်သော်လည်း စက္ခုဝိညာဏ်စသော ဝိညာဏ်ခာတ်များနှင့်အတူ ဖြစ်ရခြင်းကြောင့် စက္ခုဝိညာဏ် စသော ဝိညာဏ်ဓာတ်တို့ကို အစွဲပြု၍ အကျဉ်းအားဖြင့် (၆)ပါး ပြားပါသည်၊ ယင်း(၆)ပါးမှာ–

(၁) စက္ခုသမ္ဖဿ = စက္ခုဝိညာဏ်နှင့်အတူဖြစ်သောဖဿ၊
(၂) သောတသမ္ဖဿ = သောတဝိညာဏ်နှင့်အတူဖြစ်သော ဖဿ၊
(၃) ဃာနသမ္ဖဿ = ဃာနဝိညာဏ်နှင့်အတူဖြစ်သော ဖဿ၊
(၄) ဇိဝှါသမ္ဖဿ = ဇိဝှါဝိညာဏ်နှင့်အတူဖြစ်သော ဖဿ၊
(၅) ကာယသမ္ဖဿ = ကာယဝိညာဏ်နှင့်အတူဖြစ်သော ဖဿ၊
(၆) မနောသမ္ဖဿ = ဒွေပဉ္စဝိညာဏ်မှတပါးလောကီဝိပါက်(၂၂) ပါးနှင့်အတူဖြစ်သော ဖဿ၊

တို့ဖြစ်ပါသည်။

**စက္ခုသမ္ဖဿနှင့်ဘုရားလောင်း ရသေ့ကြီး[၂]။** ။စက္ခုသမ္ဖဿ ဆိုသည်မှာ မျက်စိ အတွေ့တည်း၊ မျက်စိအတွေ့ဆိုသည်ကား မျက်စိတွင်ထင်လာ ကိုခိုက်လာသော အဆင်းသဏ္ဌာန်၏ကောင်း မကောင်းသောအရသာကို ကြိတ်နယ်၍ယူခြင်းတည်း၊ တနည်းဆိုရသော် အာရုံ၏အရသာကို ကြိတ်နယ်၍ ထုတ်ပေးခြင်းပင် ဖြစ်သည်။

---

၁။ အဘိ၊ ၂။၁၄၃။
၂။ ဇာတက၊ ၄၊၁။၃၂၀။

ဖဿဖြင့်အာရုံကိုတွေ့၍ ဝေဒနာဖြင့် ခံစားရာ၌ဖြစ်စေ၊ စက်ဆုပ်ရွံရှာရာ၌ဖြစ်စေ၊ ကြောက်လန့်ရာ၌ဖြစ်စေ၊ တဏှာဖြင့်သာယာရာ၌ဖြစ်စေ၊ ဖဿသည် အချုပ်အချာပဓာနဖြစ်၏၊ ဖဿအားကောင်းလျှင် ဝေဒနာအားကောင်း၏၊ တဏှာအားကောင်း၏၊ဖဿပျော့လျှင် ဝေဒနာပျော့၏၊ တဏှာပျော့၏၊ ဥပမာ–အဆင်းသဏ္ဌာန် လှပသည့်အရာဝတ္ထုကို ကြည့်ရှုရာ၌ ထိုအရာဝတ္ထုက ဝေးနေခဲ့သော်လည်းကောင်း၊အလင်းရောင် နည်းခဲ့သော်လည်းကောင်း ဖဿ အားပျော့၏၊ ထိုအခါ ဝေဒနာနှင့်တဏှာလည်း အားသေးသွား၏၊ ထိုအဆင်းအာရုံကို နီးနီးကပ်ကပ်ထင်ထင်လင်းလင်း ကြည့်ရှုရသည့်အခါ၌မူ ဖဿအားကောင်း၍ ခံစားမှုဝေဒနာ၊ သာယာမှုတဏှာတို့လည်း အားကြီးလာပေသည်။

ယောကျ်ားတို့၏ စက္ခုသမ္ဖဿသော် မျက်စိအကြောများအနက် မိန်းမတို့၏အဆင်းသဏ္ဌာန်နှင့်စပ်သော မျက်စိအကြောသည် အပြင်းထန်ဆုံး အားအကောင်းဆုံးဖြစ်သကဲ့သို့ မိန်းမတို့၏ မျက်စိအကြောတွင်လည်း ယောကျ်ားတို့၏အဆင်းသဏ္ဌာန်နှင့်စပ်သော မျက်စိအကြောသည် အပြင်းထန်ဆုံး အားအကောင်းဆုံးဖြစ်ပေသည်၊ စက္ခုအကြောမှ လျှောက်၍ မနောအတွေ့၌ ခိုက်လေသည်။ ရှင်လန်းရုံမျှ ဝေဒနာဇောတွင် ပရပ်မှု၍ ဝေဒနာမှတဆင့် တဏှာအထိ အကြောင်းအကျိုးဆက် ဖြစ်လာ၏၊ ထို့ကြောင့် ဗုဒ္ဓရှင်တော်ဘုရားက–

"မိန်းမတို့၏ အဆင်းသဏ္ဌာန်ကဲ့သို့ယောကျ်ား၏စိတ်ကို သိမ်းကျုံးဆွဲငင်ယူနိုင်စွမ်းသော အသင်းသဏ္ဌာန်ပည်သည်ကို လောကတွင် တစုံတခုသော အဆင်းသဏ္ဌာန်ကိုမျှ ငါဘုရားမြင်တော်မမူ၊မိန်းမ အဆင်းသည်လည်း ယောကျ်ား၏စိတ်ကို သိမ်းကျုံးဆွဲငင်၍ ယူနိုင်၏"

စသည်ဖြင့် အင်္ဂုတ္တိုရ်ပါဠိတော် ရူပါဒိဝဂ်၌ဟောတော်မူခဲ့ခြင်းဖြစ်ပေသည်။

ကျိန်နေရာ၌ သမာပတ်ရှစ်တန်, ဈာန်အဘိညာဉ်ရပြီးပုဂ္ဂိုလ်ကြီးဖြစ်ပါလျက် မိန်းမ၏ရုပ်ခြင်းအင်္ဂါကိုတွေ့ရသည့် စက္ခုသမ္ဖဿဇာချက်ကြောင့် ဈာန်အဘိညာဉ်များ ကွယ်ပျောက်၍ ဒုက္ခရောက်ရပုံကို အကျဉ်းချုပ်ဖော်ပြပါမည်။

ရှေးအခါက ဘုရားအလောင်းသည် ရသေ့ပတ်၍ ကသိုဏ်းပရိကံကို ပွားများ အားထုတ်ခဲ့ရာ သမာပတ်ရှစ်တန်,ဈာန်အဘိညာဉ်ကို ရရှိ၍ ဟိမဝန္တာတောင်ခြေ၌ ချမ်းမြေ့သဖြင့် ချမ်းသာစွာ နေထိုင်လေသတဲ့။ တနေ့တွင် ဆားဓာတ်,အချဉ်ဓာတ်များကို မှီဝဲရန် ဗာရာဏသီဘုရင်၏ ဥယျာဉ်တော်သို့ ကောင်းကင်ခရီးဖြင့် ရောက်လာခဲ့လေသည်၊ ဘုရင်က ကြည်ညိုသဖြင့် ဥယျာဉ်တော်၌ပင် သီတင်းသုံးစေကာ နန်းတော်သို့ နေ့တိုင်း ဆွမ်းခံကြွပြီး [illegible] ပေးရန် ဖိတ်ကြားလေသည်။ ဘုရားလောင်းရသေ့သည် [illegible] ကို [illegible] သီတင်းသုံးနေခဲ့ရာ (၁၆)နှစ်အထိပင် ကြာခဲ့လေသည်။

တနေ့တွင် ဘုရင်ကြီးသည် မိဖုရားကြီး မုဒုလက္ခဏာအား ရသေ့ကြီးအား ပြုစုရန် မှာကြားပြီး သူပုန်ရန်ကိုနှိမ်နင်းရန် နယ်စွန်နယ်ဖျားသို့ ကြွသွားလေသည်၊ မိဖုရားကြီးသည် ဘုရင်ကြီး မှာကြားခဲ့သည့် အတိုင်း ရသေ့ကြီးအား ဆွမ်းဝတ်မှန်မှန်ပြုခဲ့လေသည်၊ တနေ့မှာတော့ မိဖုရားကြီးသည် ဘုရားလောင်းရသေ့ကြီး ဆွမ်းခံဝင်နောက်ကျနေသဖြင့် နံ့သာရေဖြင့် ရေမိုးချိုးပြီး ပန်းလိမ်းပြင်ဆင်ကာ အခန်းငယ်ကလေးတွင် လဲလျောင်းယင်း ရသေ့ကြီးအလာကို စောင့်နေပါသည်၊ မကြာမီ နန်းတော်လေသာပြူတင်း, ဘုရားလောင်းရသေ့ ကြွလာသည်ကို အသံကြား၍ လဲလျောင်းရာမှ ကပျာကရာ ထလိုက်ရာ ခါးဝတ်ထမိ လျောကျသွားသတဲ့။

ရသေ့ကြီးသည် ထိုဝိသဘာဂအာရုံကို ဣန္ဒြေမစောင့်စည်းပဲ ကြည့်လိုက်မိသည့် စက္ခုသမ္ဖဿဇာချက်ကြောင့် နှစ်ပေါင်းများစွာ ချမ်းသာ[illegible] အစွမ်းဖြင့် ပယ်ခွာထားခဲ့သည့် နီဝရဏကိလေသာများ ပြန်ပေါ်လာခဲ့ရာ

ရရှိထားသည့် ဈာန်အဘိညာဉ်များ ပျောက်ကွယ်သွားရရှာလေသည်၊ ခါတိုင်းကဲ့သို့ နန်းတော်တွင် ဆွမ်းမစားနိုင်ရှာတော့ပဲ ဆွမ်းကိုသပိတ်နှင့် ခံပြီး ကျောင်းအရောက်မြေပြင်ကပင် ခြေလျင်လျှောက်ပြန်လာခဲ့ရသည်။

ကျောင်းပြန်ရောက်တော့လဲ ဆွမ်းမစားနိုင်ရှာပဲ သပိတ်ကို ခုံအောက်မှာ သာချပြီး ပျဉ်ချပ်ခုံပေါ်မှာ ၇ နှစ်ရက်ပတ်လုံး ကိလေသာမီး လောင်ကာ လဲလျောင်း နေရှာသတဲ့၊ ဘုရင်ကြီး တိုင်းပြည်သို့ ပြန်လာသောအခါ နန်း တော်သို့ မသွားသေးပဲ ရသေ့ကြီး ကျောင်းသို့ရှေ့ဦးစွာ ဝင်ရောက်ဖူး မြော်ကန်တော့၏၊ထိုအခါ ရသေ့ကြီး၏ အတ္တုပ္ပတ်ကိုကြား သိရတဲ့အတွက် ရသေ့ကြီးကို နန်းတော်သို့ပင့်ဆောင် သွားခဲ့သည်၊နန်းတော်သို့ ရောက် သည့်အခါ မိဖုရားကြီးကို ရသေ့ကြီးအား သဘောယားကြီးကြီးနှဲ့ ပေးလှူ လိုက်လေသည်၊ နောက်ဆုံးတွင် မိဖုရားကြီးမှဒုလက္ခဏ – မိန်းမတို့၏ ကလိမ္မာဉာဏ်ဖြင့် ဆုံးမလိုက်သည့်အခါမှ သတိသံဝေဂရပြီး မိဖုရားကြီးကို ဘုရင်ကြီးပံ ပြန်အပ်လိုက်သည်၊ ထို့နောက် ဟိမဝန္တာသို့ပြန်ပြီး သမထ- ဘာဝနာကို ပြန် လည်အားထုတ်ရ ဈာန်အဘိညာဉ်များကို ပြန်လည်ရရှိ သွားလေသည်။

ဤသို့ စက္ခုသမ္ဖဿဒဏ်ချက်ကြောင့် ဘုရားလောင်း ရသေ့ကြီးမှာ ဒုက္ခဝေဒနာအမျိုးမျိုးကို ခံစားရလေသည်။

**သောတသမ္ဖဿနှင့် ပုဏ္ဏကနတ်ဘီလူး။** ။ဝေဿဝဏ် နတ်မင်းကြီး ၏ ကျွန်ဖြစ်သော ပုဏ္ဏက နတ်ဘီလူးသည် ဣရန္ဒတီ နဂါးပျိုမ၏ သီချင်းသံကိုကြားရသည့်အခါ ဖြစ် ပေါ်လာသော သောတသမ္ဖဿဝေဒနာအတွေ့သည် တကိုယ်လုံးပျံ့နှံ့ပြီး ရိုးတွင်းခြင်ဆီကိုဆိုက်သည်ဟု ဝိဓုရဇာတ်တော်၌ လာပါသည်၊ သီဟိုဠ် ကျွန်း၌ ကြာအိုင်ကြီးတအိုင်တွင် ကြာဖူး ချိုးနေသောမိန်းမပျိုလေးတဦး ၏သီချင်းသံကို ကြားရသဖြင့် ကောင်းကင်ပျံသာမဏေမှာ ဖြစ်ပေါ်လာ

သောနားအတွေ့ကြောင့် အခတောင်ကျိုး၍ကျလာသော ငှက်ပမာ ဈာန်ကျိုး၍ မြေသို့ ကျရလေသည်။ ဃာနအတွေ့ , ဇိဝှာအတွေ့တို့မှာလည်း ဤနည်းကို မှီ၍သိနိုင်ပေသည်။

ကာယသမ္ဖဿနှင့် ဠသိသိဂ်ရသေ့။ ။ရှေးအခါက ဠသိသိဂ်ခေါ်ရသေ့လေးတပါးသည် ဈာန်ကစားလျက် (ဝါ)ဈာန် ချမ်းသာကို ခံစားလျက် ဟိမဝန္တာ၌ နေလေသည်၊ ထိုရသေ့ကလေးသည် ကာသိတိုင်း ဘုရားလောင်းပုဏ္ဏား ရသေ့ကြီး၏သားဖြစ်၏၊ သမင်ပျိုမတကောင်က ဘုရားလောင်းရသေ့ကြီး၏ ကျင်ငယ်စွန့်ရာ ဌာနရှိ ရသေ့ကြီးသုက်သွေး ပေကျံလိမ်းကပ်နေသည့် မြက်များကို စားမိရာမှ ကိုယ်ဝန်ရှိကာ ထိုဠသိသိဂ်ရသေ့ကလေးကို ဖွေးဖွားခဲ့ခြင်း ဖြစ်ပေသည်။

ဖခင်ရသေ့ကြီးသည် သားငယ်ကိုကြီးပြင်းအောင် မွေးမြူ၍ အရွယ်ရောက်လာသည့်အခါ"ဠသိသိဂ်"ဟု နာမည်ပေးကာ ရသေ့ပြုပေးထား၏၊ထိုရသေ့ငယ်ကလေးကား ဟိမဝန္တာအရပ်၌ ကြီးပြင်းရ၍ အမျိုးသမီးများကို တခါတရံမျှ မမြင်ဘူး မတွေ့ဘူးပါချေ။ တချိန်က ဖခင်ကြီးခေါ်ဆောင်ပြသဖြင့် အပျိုးသမီးနှင့် ပုံသဏ္ဌာန်တူသည့်ပန်းများကိုသာ မြင်ဖူးတွေ့ဖူးပေသည်၊ ဖခင်ရသေ့ကြီးက ဟိမဝန္တာမှာ ရှိသည့် ထိုပန်းများကိုပြသ၍"လောကမှာ ဤပန်းများနှင့် ပုံသဏ္ဌာန်တူသည့် မိန်းမဆိုတာ ရှိတယ်၊ ထိုမိန်းမများရဲ့ အလိုကိုလိုက်တဲ့သူမှန်သမျှ အားလုံး ပျက်စီးလေ့ရှိကြတယ်၊ အဲဒီမိန်းမများ၏ အလိုကို ဘယ်အခါမှ မလိုက်ပါနဲ့ငါ့သား"လို့ ဆုံးမထားခဲ့သည်။

ဖခင်ရသေ့ကြီး ဗြဟ္မာ့ပြည်လားပြီး နောက် ဠသိသိဂ် ရသေ့လေးဟာ သီလအကျင့်ကို ပြင်းထန်စွာ ကျင့်ခဲ့လေသည်၊ ကျင့်သည့်အတွက် ဈာန်များလည်း အလွန်ရင့်ကျက်ဘည်ငြိမ်လျက်ရှိပေသည်၊ ထိုရသေ့ငယ်၏ သီလတန်ခိုးကြောင့် သိကြားမင်း၏ ဘုံပိဿန်တုန်လှုပ်လေသည်၊ သိကြားမင်းက ဆင်ခြင်ကြည့်သည့်အခါ ရသေ့ကလေးကိုတွေ့သည်။ "ဤရသေ့ငယ်သည် ငါ၏သိကြားမင်း စည်းစိမ်ကိုလုယူမည့်ရသေ့ငယ်ဖြစ်သည်၊ ထို

ရသေ့ငယ်၏သီလကို ဖျက်ဆီးမှုတော်ပေမည်'' ဟု ကြံစည်ပြီး မိမိ၏ အလုပ်အကျွေး နတ်သမီးများအထဲမှ အလမ္ဗုသာ နတ်သမီးကို ရွေးချယ် ခေါ်ယူ၍ ရသေ့ငယ်ကလေး၏ သီလကို ဖျက်ဆီးရန် တာဝန်ပေး လိုက်လေ သည်။

အလမ္ဗုသာ နတ်သမီးကလေးသည် ဝတ်စားပြင်ဆင် တန်ဆာဆင် ယင်၍ရသေ့ကလေး၏ ကျောင်း သင်္ခမ်းသို့ ရောက်လာခဲ့လေသည်၊ ထို အချိန်တွင် ရသေ့ကလေးမှာ နံနက်စောစော ရေမိုးချိုးကာ ဈာန်ချမ်းသာ ဖြင့်နေပြီးနောက် ကျောင်းသင်္ခမ်းမှ ထွက်ကာ မီးဖိုချောင်ကို တံမြက်စီး လှည်းနေခိုက်ဖြစ်သည်၊ နတ်သမီးသည် မီးဖိုချောင်အပြင်မှ နတ်အသွင်ဖြင့် မိန်းမရိပ်ကိုပြ၏၊ ရသေ့ကလေးမြင်သွား၍ စက္ခုသမ္ဖဿမျက်စိ အတွေ့ ကြောင့်ကျောင်းတံခါးဝသို့ထွက်ကြည့်၏၊ နတ်သမီးက အတန်ငယ် ဆုတ် ယောင်ပြု၍ပျောက်၏၊ ရသေ့ကလေးမှာ တံခါးပြင်ပသို့အနည်းငယ်ထွက်လာ၏၊ နတ်သမီးလည်း နောက်သို့ ဆုတ်ယောင်ပြုကာ မျှားပြန်၏၊ စက္ခုအတွေ့ သည်အားရှိလာ၍ ရသေ့ကလေးသည် နတ်သမီးကိုလိုက်၍တားလေသည်၊ နတ်သမီးလည်း နောက်ဆုတ်ဟန်ပြု၍ ရသေ့ငယ်က အပြေးလှမ်း၍ ဖမ်း ဆည်အခါ ရသေ့ငယ်ကို နတ်အတွေ့နှင့် ပွေ့ပိုက်၍ သီလပျက်စေလေ သည်။

ထိုခဏမှာ သ်ကြားမင်းလာ၍ ထိုနေရာ၌ အကာအရံ ဖန်ဆင်းပေးရ လေသည်၊ ရသေ့ငယ်သည် နတ်သမီး၏ ဖောဋ္ဌဗ္ဗအတွေ့ကြောင့် သုံးနှစ် တိုင်တိုင် သတိမရပဲ နတ်သမီး အတွေ့နှင့် နေရလေသည်၊ နတ်သမီး၏ ဖောဋ္ဌဗ္ဗအတွေ့နှင့်ပင် အာဟာရကိစ္စလည်း ပြီးစီးလေသည်၊ သုံးနှစ်ကြာ၍ နတ်သမီး လွှတ်လိုက်သည့်အခါမှ သတိရ၍ ကြည့်ရှုရာ သင်္ခမ်း ကျောင်းမှာ တောခြုံပုပ်ပွောင်းများ ဖုံးလွှမ်းနေသည်ကို တွေ့ရလေသည်၊ နတ်သမီးသည် မိမိကိုယ်ကိုကွယ်ပြီး ရသေ့ကလေး၏ အမူအရာကို အကဲခတ်နေ၏၊ ရသေ့က လေးသည် ပိပိ၌ သီလသိက္ခာ, ဈာန်သမာပတ် အကုန်ပျက်စီးသွားပြီ ဖြစ်ကြောင်း သိရ၍ ငိုကြွေးလေတော့သည်။

ထိုအခါ နတ်သမီးသည် ကိုယ်ထင်ပြ၍ "ရှင်ရသေ့-ကျွန်တော်မ ပြုလိုရ၍ ပြုရသည်မဟုတ်ပါ၊ သိကြားမင်း၏အမိန့်အာဏာနှင့် ပြုရပါသည်၊ ကျွန်တော်မကို သည်းခံတော်မူပါ၊ ရှင်ရသေ့လည်း အားထုတ်မြဲ အားထုတ်တော်မူပါ၊ သိလသိကွာ, ဈာန်သမာပတ်ကို ရမြဲရပါလိမ့်မည်" ဟု ကန်တော့၍နတ်ပြည်သို့ ပြန်လေသည်၊ သိကြားမင်းလည်း အားရတော်မူ၍ "သင်အလိုရှိရာအခွင့်ကိုတောင်းတော့" ဟု ဆို၏။ "တခြားအခွင့်ကိုအလို မရှိပါ၊ နောင်ရသေ့သူတော်ကောင်း, ရဟန်းသူတော်ကောင်းများကို ဖျက်ဆီးမှုမှ လွတ်ပါရစေ" ဟု ခွင့်တောင်း လေသည်။

**မနောသမ္ဖဿ။** ။မနောသမ္ဖဿဆိုသည်မှာ ဘဝင်ခိုက်မှု, နှလုံးခိုက်မှု သဘောမျိုးဖြစ်သည်၊ တစုံတယောက်သော သူသည် တပ်နှစ်သက်ဖွယ်ကောင်းသူလေးကို ဆေ့ခါခါမြင်ခဲ့ရဖူး၏၊ ထိုသူကလေးနှင့် ရင်းရင်းနှီးနှီးစကားပြောသော်လည်း ပြောခဲ့ဖူး၏၊ ကိုယ်အင်္ဂါ ရောယှက်ခြင်းသို့လည်း ရောက်ခဲ့ဖူး၏၊ နောက်ညအချိန်တွင် စိတ်ကူးယဉ်စရာကောင်းသည့် မှောင်မိုက်သော တိုက်ခန်းထဲတွင် တယောက်တည်း နေရသည့်အခါ ထိုအတိတ် အာရုံဟောင်းများကို ပြန်လည်စိတ်ကူး အာရုံပြုသော စိတ်ဝိညာဉ်များ ပေါ်လာကြ၏၊ ထိုအခါ ဘဝင်ခိုက်မှုဟူသော မနောသမ္ဖဿတို့သည် ထိုအာရုံများနှင့် ဘော်ကြိုးရောယှက်စဉ်ကကဲ့သို့ စက္ခုအတွေ့, သောတအတွေ့, ဃာနအတွေ့, ဇိဝှာအတွေ့, ကာယအတွေ့အမျိုးမျိုးတို့ကို တဖန် မနောအတွေ့ဖြင့် တွေ့ဆုံပိုက်ကျုံး၍ အမျိုးမျိုးသောရုပ်ဓာတ်, နာမ်ဓာတ်ဘို့ကို လှုံ့ဆော်ထကြွ စေကုန်၏။

ဤသည်တို့ကား လူ့ဖြစ်သော ဖဿခြောက်ပါးတို့ အာရုံခြောက်ပါး၌ ထိခိုက်ပုံ, တွေ့ဆုံပုံသဘောများ ဖြစ်ပါသည်။

**အနိဋ္ဌဖဿများ[၁]။** ။အနိဋ္ဌအရာ၌ အသွန် ရွံရှာဖွယ် စက်ဆုပ်ဖွယ် ကောင်းသော အာရုံများကို မြင်ရသည့်အခါ စက္ခုအတွေ့မှ နှလုံးအခြားသို့ ခိုက်၍ ပျို့ခြင်း, အံခြင်း, ပကြိုက်စေ, ထိပ်

၁။ ပဋ္ဌိစ္စသမုပ္ပါဒဒီပနီ၊ ၇၇။

လန့်စရာ အာရုံကိုမြင်ရ၍ စက္ခုအတွေ့မှ နှလုံးအတွေ့သို့ခိုက်၍ အထိတ်တလန့်ဖြစ်ခြင်း၊ လန့်၍ ထိတ်၍ သေဆုံးခြင်းတို့သည် စက္ခုအတွေ့ (စက္ခုသမ္ဖဿ)ခိုက်မှုဖြစ်ပေသည်။

ထို့အတူ ကြောက်မက်ဖွယ်ကောင်းသံကို ကြားရ၍ လန့်ခြင်း, ထိတ်ခြင်း၊ ခြသေ့သံကိုကြားရ၍ တောသားအပေါင်းတို့ သေဆုံးခြင်း စသည်တို့သည် သောတအတွေ့ (သောတသမ္ဖဿ)ခိုက်မှုပေတည်း၊ ကြွင်းသောဃာနအတွေ့, ဇိဝှာအတွေ့, ကာယအတွေ့, မနောအတွေ့တို့ကိုလည်း ဤနည်းအတိုင်း သိနိုင်ပေသည်။

ပဿဝှပ်းရည်။ ။လောက၌ အဆင်းသဏ္ဌာန်မှာ ကြည့်ရှု၍ကောင်းသည် မကောင်းသည်ဟု မျက်စိမာ နှစ်သော့ ဖြစ်ကြရသည်ကား စက္ခုသမ္ဖဿ၏ အစွမ်းဖြစ်သည်၊ အဆင်းသဏ္ဌာန်ကိုမြင်ရ၍ ချစ်ငင်စုံမက်ဖွယ်, မုန်းဖွယ်, မြင်ပြင်းဖွယ်ဟု မျက်စိမှာ နှစ်သော့ ဖြစ်ကြရသည်မှာလည်း စက္ခုသမ္ဖဿ၏ အစွမ်းပေတည်း၊ နားသောတစသည်တို့၌လည်း ဤနည်းအတူပင် ဖြစ်လေသည်၊ ဤသည်ကို ရည်၍—

ခြောက်ပါးဖဿ၊ ဖြန်းဖြန်းထ၍၊ ရသခြောက်မည်၊ အာရုံရည်ကုံ၊ ကြိတ်နယ်သောအား၊ တွေ့ထိငြားက၊ ဤကားဏ္ဍ၊ အနိဋ္ဌနှင့်၊ ဤပျမကောင်း၊ ဤမျှကောင်းဟု၊ အကြောင်းသွေးဆော်၊ အရေးပေါ်လျက်၊ ခြောက်ဖော်အာရုံ၊ ရသဂုဏ်တို့၊ အကုန်ပေါ်ထွက်၊ ရွှန်းရွှန်းတက်၍၊ မက်ဖွယ်မုန်းဖွယ်၊ အနှုန်းခြယ်သည် ...ခြောက်သွယ်ဖဿ စွမ်းရည်တည်း—

ဟု ကျေးဖူးရှင် လယ်တီဆရာတော်ဘုရားကြီး ရေးသား ခဲ့ပေသည်။

ပဿ ၃၂-မျိုး[၁]။ ။အထက်ပါ ဖဿ ၆-မျိုးကား သင်္ခါယတနပစ္စယာဖဿောဟူသော ပဋိစ္စသမုပ္ပါဒ် ဝိဘင်းပါဠိတော်၌

---

၁။ အဘိ၊ ၂၊၁၆၈။

ဘုရားရှင်ဟောတော်မူထားသော ဖဿအမျိုးအစားဖြစ်ပါသည်၊ ဘုရားရှင်သည် ဤဖဿ ၆-မျိုးကို မျိုးတူရာပေါင်း၍ အကျဉ်းနည်းဖြင့် ဟောတော်မူထားခြင်း ဖြစ်သည်၊ အကျယ်အားဖြင့်မူ–

(၁) အဟိတ်ကုသလဝိပါက် စက္ခုဝိညာဏ်, သောတဝိညာဏ်, ဃာနဝိညာဏ်, ဇိဝှာဝိညာဏ်, ကာယဝိညာဏ်တို့နှင့် အတူဖြစ်သော စက္ခုသမ္ဖဿစသည့်ဖဿ ၅-ပါး၊

(၂) အဟိတ်အကုသလဝိပါက် စက္ခုဝိညာဏ်, စသည်တို့နှင့်အတူဖြစ်သော စက္ခုသမ္ဖဿစသော ဖဿ ၅-ပါး၊

(၃) ကျန်လောကီဝိပါက်ဝိညာဏ် ၂၂-ပါးနှင့်အတူ ဖြစ်သောမနောသမ္ဖဿ ၂၂-ပါး–

ဟူ၍ ဖဿပေါင်း ၃၂-ပါးဖြစ်သည်။

ဖဿ ၈၉-ပျိုး။ ။ဖဿသည် ၃၂-ပါးသာ ရှိသည်မဟုတ်၊ သဗ္ဗစိတ္တသာဓာရဏစေတသိက်ဖြစ်သည့်အတိုင်း စိတ် ၈၉-ပါးလုံးနှင့် အမြဲတမ်း အတူဖြစ်နိုင်သဖြင့် တနည်းအားဖြင့် ဖဿပေါင်း (၈၉)ပါး ရှိပါသည်။

## ဖဿ အကြောင်း အခြားသိကောင်းစရာများ

**ဖဿကိုအာဟာရခေါ်ရပုံ။** ။သတ္တဝါများ ကြာရှည်လေးမြင့် တည်တံ့အောင် (ဝါ)အသက်ရှည်အောင် လွန်စွာ ဆောင်တတ်, လွန်စွာ အားပေးတတ်, လွန်စွာ ကျေးဇူးပြုတတ်သည့် အကြောင်းတရားများကို "အာဟာရ"ဟု ခေါ်ပါသည်။ (အာဟာရ= အကျိုးကိုဆောင်ယူတတ်သော အကြောင်းတရား)။

ထိုအာဟာရအမည်ရသော တရားများသည် "ကဗဠီဖဿော၊ မနောသဉ္စေ၊ ဝိညာဏော၊ လေးထွေအာဟာရ" ဆိုသည့်အတိုင်း လေးပါးရှိကြောင်း နိဒါနဝဂ္ဂသံယုတ်ပါဠိတော် အာဟာရသုတ်၌ ဘုရားရှင် ဟောတော်မူထားပါသည်။ ထိုလေးပါးမှာ—

(၁) ဩဇာရုပ်ဟူသော ကဗဠီကာရအာဟာရ၊

(၂) ဖဿစေတသိက်ဟူသော ဖဿအာဟာရ၊

(၃) စေတနာစေတသိက်ဟူသော မနောသဉ္စေတနာအာဟာရ၊

(၄) စိတ် ၈၉-ပါး (ဝါ) ပဋိသန္ဓေဝိညာဏ်ဟူသော ဝိညာဏအာဟာရတို့ဖြစ်ပါသည်[၁]။

ထိုလေးမျိုးတွင် ကဗဠီကာရ အာဟာရကို ရုပ်အာဟာရခေါ်၍ ဖဿအာဟာရ, မနောသဉ္စေတနာအာဟာရ, ဝိညာဏအာဟာရတို့ကို နာမ်အာဟာရ(၃)ပါးဟုခေါ်သည်၊ ထိုလေးပါးတို့၏အကျိုး အသီးသီးဆောင်ပုံမှာ—

ကဗဠီကာရ အာဟာရသည် ဩဇာရုပ်လျှင် ၈ခုမြောက်ဖြစ်သော ဩဇာဋ္ဌမကရုပ်ဟူသော အကျိုးတရားကို ဆောင်သည်၊ ဖြစ်စေသည်။

ဖဿအာဟာရသည် ဝေဒနာသုံးပါးဟူသော အကျိုးတရားကိုဆောင်သည်၊ ဖြစ်စေသည်။

မနောသဉ္စေတနာအာဟာရသည် ဘဝသုံးပါးတို့၌ ပဋိသန္ဓေဝိညာဏ်ဟူသော အကျိုးတရားကို ဆောင်သည်၊ ဖြစ်စေသည်။

ဝိညာဏအာဟာရသည် ဝိပါက်နှင့်အတူ ဖြစ်ဖော်ဖြစ်ဖက် နာမ်ရုပ်တရားဟူသော အကျိုးတရားများကို ဆောင်သည်၊ ဖြစ်စေသည်[၂]။

---

၁။ သံ၊၁၊၂၅၃။ သံ၊ဋ္ဌ၊၂၊၂၁၊
၂။ ဝိဘာဝိနီဋီကာ၊၂၂၄။

ထိုနာမ်အာဟာရသုံးပါးတွင် ဖဿအာဟာရသည် ငှက်တို့၏နှုတ်သီး နှင့်တူ၏။ ငှက်စသောသတ္တဝါတို့သည်နှုတ်သီးဖြင့် အစာအာဟာရကို ယူ၍ မိမိခန္ဓာကိုယ်ကို မွေးမြူကြရသည်။ နှုတ်သီးမရှိချေသော် အာဟာရကို မရကြသဖြင့် သေဖွယ်ရာ သာရှိကြသကဲ့သို့ သတ္တဝါတို့သည်လည်း ဖဿဖြင့် သာလျှင် အာရုံ၏အရသာတို့ကို ယူ၍ ဝေဒနာဟူသော ခံစားမှုအမျိုးမျိုး တို့ကို ဖြစ်ပေါ် စေနိုင်ပေသည်။ ဖဿဖြစ်မှု မရှိခဲ့သော် အာရုံအရသာကို မယူနိုင် မရနိုင်သဖြင့် ခံစားမှုဝေဒနာများလည်း မပေါ် ပေါက်နိုင်ပေ၊ ဤ ကဲ့သို့ ဖဿသည် ဝေဒနာဟူသော အကျိုးတရားကို ဆောင်နိုင် ဖြစ် ပေါ် စေနိုင် သောကြောင့် "အာဟာရ"ဟူသောနာမည်ကို ရခြင်းဖြစ် ပါသည်[၁]။

သံသရာကျင်လည်ရသော သတ္တဝါတို့၏ဘဝဆက် ရှည်ရာမှာ ဖဿအာဟာရဟူသော အတွေ့သာလျှင် အချုပ်အခြာဖြစ်၏၊ ဖဿမဖြစ်လျှင် ဝေဒနာလည်း မဖြစ်နိုင်။ ဝေဒနာမဖြစ်က တဏှာလည်း မရစ်ဝဲတော့ သဖြင့် သံသရာပြတ်စဲဖို့သာရှိ၏။ ယခုမှာကား ရူပါရုံနှင့် စက္ခုပသာဒတို့ ရှေ့ရှုမိရာဝယ် ဖဿဟူသော အတွေ့ခေတ်ဖြစ်ပေါ်လာသဖြင့် "ဖဿပစ္စယာဝေဒနာ"ဟူသည့်အတိုင်း ဣဋ္ဌအနိဋ္ဌအရသာကို ခံစားတတ်သော ဝေဒနာဖြစ်ပေါ်လာသည့်အတွက် တောင့်တမှုတဏှာများ တိုးပွားလျက် ထိုအရသာမျိုးရနိုင်ဖို့ အကြောင်း ကောင်းကောင်းဆိုးဆိုး ကံအမျိုးမျိုး ကိုပြုကာ သံသရာဝဋ်ကြွေးတက်၍ ဘဝသက်ရှည်ရပြန်သည်။ ထို့ကြောင့် သံသရာတွင် ခန္ဓာအစဉ်ရှည်ဖို့ရာ ဖဿကံက ဆောင်ထားသဖြင့် ဖဿကို အာဟာရနာမည်နှင့် ဟောတော်မူခြင်းဖြစ်ပါသည်[၂]၊

**ဖဿကြောင့် အယူဝါဒ(ဒိဋ္ဌိ)အမျိုးမျိုး ပေါ်လာပုံ**

ဤလောက၌ အယူဝါဒ အမျိုးမျိုး ရှိကြသည်။ အကြောင်းနှင့်အကျိုးသည် နှစ်ခုမပြား တခုတည်းသာဖြစ်၏ဟု ခံယူတဲ့

၁။ သင်္ဂဟမဟာဋီကာ(လယ်တီ) ၃၄၈။

၂။ သင်္ဂြိုဟ်ဘာသာဋီကာ၊၅၇၂။

ကိုင်ထားသူများ (ကေတ္တဝါဒီ)ရှိသကဲ့သို့ အကြောင်းနှင့် အကျိုးသည် တစုံတရာ ဆက်စပ်မှုမရှိ၊ တသီးတခြားစီ အဆက်အစပ် မရှိဖြစ်နေကြ သည်ဟု အယူဝါဒရှိသူများ (နာနာတ္တဝါဒီ)လည်း ၎င်းကြသည်။ အချို့က အရာရာကို ထာဝရဘုရားသခင်က ဖန်ဆင်းပေးသည်ဟု အယူရှိကြသည်။ (ဣဿရနိမ္မာနဝါဒီ)အချို့က ခန္ဓာကိုယ်ကြီး ပျက်စီး သေဆုံးသွားသော် လည်း အသက်ဝိညာဏ်ကောင်သည် ပျက်စီးသေဆုံးခြင်းမရှိ၊ အခြားခန္ဓာ သစ်တခုသို့ ပြောင်းရွှေ့သွားသည်ဟု ယူဆကြသော်လည်း(သဿတဝါဒီ) အချို့ကဘဝဆိုသည်မှာ မီးခင်ဝမ်းဗိုက်မှ သင်္ချိုင်းအထိသာဖြစ်၍ သေ လျှင်ပြတ်၏၊ နောက်ဘဝမရှိဟု ယူဆကြသူ (ဥစ္ဆေဒဝါဒီ)များလည်း ရှိကြပေသည်။

ဤသို့ကမ္ဘာတွင် အယူဝါဒအပျိုးမျိုး ပေါ်လာရခြင်းသည် "အရင်း စစ် အမြစ်မြေက"ဆိုသကဲ့သို့ ဖဿဟူသော အကြောင်းရင်းကြောင့် ဖြစ်သည်ဟု သုတ်သီလက္ခန်ပါဠိတော် ဗြဟ္မဇာလသုတ်၌ ဘုရားရှင်ဟော တော်မူထားပါသည်။ မှန်ပါသည်"တိဏ္ဏံ သင်္ဂတိ ဖဿော"ဟူသောဒေသ- နာတော်အရ ဝတ္ထု,အာရုံ,ဝိညာဏ် သုံးပါးတို့ ဆုံမိသောအခါ၌ သတ္တဝါ များသဏ္ဍာန်၌ ဖဿဓာတ်ပေါ်လာပါသည်။ ထိုဖဿဓာတ်သည် "ဖဿ ခြောက်မည်၊ သွေ့စွမ်းရည်ဖြင့်၊ ကြိတ်နယ်သောအား၊ စက်ရှိန်ဝါး၍ ခြောက်ပါးအာရုံ၊ မြေ့မြေ့ တုန်လျက်၊ ခြောက်စုံရသ၊ အနိဋ္ဌနှင့်၊ ဣဋ္ဌဟူသည် အရည်စီးမိး၊ ယိုထွက်စီးသော်၊ ဓာတ်သီးခြောက်ဖြာ၊ ဝေဒနာဟု၊ ထွေလာအထူး၊ ထွက်ပေါ်မြူး၍"လက်ာလာသည့် အတိုင်း ကောင်းသော ဣဋ္ဌအရသာ၊ မကောင်းသော အနိဋ္ဌအရသာတို့ကို အရည် စီးမိး ယိုစီးထွက်သကဲ့သို့ ထင်ရှားပေါ်ထွက်အောင် အာရုံကို ဖိညှစ်ကြိတ် နယ်ပေး၏။ ထိုဖဿကြိတ်နယ်မှုကြောင့် အာရုံမှကောင်းသောအရသာ ပေါ်လာသောအခါ ထိုအရသာကို ဝမ်းသာစွာခံစားသည့် သုခဝေဒနာဖြစ် လာ၏၊ မကောင်းသော အရသာပေါ်လာသောအခါ ထိုအရသာကိုမသာ မယာညှိုးနွမ်းစွာ ခံစားရသော ဒုက္ခဝေဒနာဖြစ်ပေါ်လာ၏။

ဗုဒ္ဓအဘိဓမ္မာ (၁) ၃-ပ-မ-သ-စ

ထိုအခါ ချမ်းသာမှုကို တပ်မက်စွဲလမ်းခြင်း တဏှာ၊ ဆင်းရဲခြင်းမှ လွတ်မြောက်လိုခြင်း တဏှာဖြစ်လာ၏၊ ထိုတဏှာတို့ကို အရင်းခံကာ မိမိချမ်းသာတည်မြဲရေး လက်မလွတ်ရေးတို့ကို အကူအညီ အကာအကွယ် ပေးမည့် အယူအဆဝါဒတခုကို တွေးတော ကြံစည်ကြတော့သည်။

ကုသိုလ်ကောင်းမှုများစွာ ပြုလုပ်ထားသူသည် မိမိလုပ်ဆောင်ချက်များကို ပျောက်ပျက်မသွားစေလိုပေ၊ ဤကောင်းမှုများကြောင့် အနာဂတ်တွင် ကောင်းကျိုးချမ်းသာကို ခံစားလိုပေသေးသည်၊ ထို့ကြောင့် အနာဂတ်ဘဝရှိခြင်းကို နှစ်သက်သဘောကျ၏၊ အကြောင်းအကျိုး ဆက်စပ်မှုရှိခြင်းကို နှစ်သက်၏။

မကောင်းမှုများစွာကိုသာ ပြုလုပ် လွန်ကျူးထားသူသည် မိမိကျူးလွန်မှုများကြောင့် ဖြစ်ပေါ်လာမည့် အပြစ်ကို မခံယူလိုချေ၊ ထို့ကြောင့် အပြစ်ခံရမည့် နောက်ဘဝတခုရှိမှုကို မလိုလားပေ၊ အကြောင်းအကျိုး ဆက်စပ်မှုကို မလိုလားချေ။

သို့ဖြစ်၍ မိမိပြုခဲ့သော ကောင်းမှု၏ အကျိုးကို ခံစားလို၍ အနာဂတ်ဘဝရှိ၏ဟူသော အယူဝါဒ(သဿတဝါဒ)၊ မိမိပြုခဲ့သော မကောင်းမှု၏ အကျိုးကို မခံစားလို၍ အနာဂတ်ဘဝမရှိဟူသော အယူဝါဒ (ဥစ္ဆေဒဝါဒ)များကို တီထွင်ကြံဆကြ၏၊လက်ခံယုံကြည်ကြ၏၊ ဤသို့အယူဝါဒမှန်သမျှသည် မိမိ တွေ့ကြုံရမှု (ဖဿ)ကို အကြောင်းပြု၍ ပေါ်လာရခြင်း ဖြစ်သည်။

ဤသို့လျှင် ပဋိစ္စသမုပ္ပါဒ်နည်းအတိုင်း အာရုံ၏ထိခိုက်တွေ့ကြုံမှုဖဿကြောင့် ခံစားမှုဝေဒနာဖြစ်လာ၏၊ ထိုဝေဒနာကြောင့် တဏှာဖြစ်ပေါ်လာ၏၊ ထိုတဏှာကြောင့် ဒိဋ္ဌိ (ဥပါဒါန်) ဟူသော အယူဝါဒများ ဖြစ်ပေါ်လာရပေသည်။ အမှန်ဆိုရသော် ဖဿကြောင့် ပေါ်လာသော ဝေဒနာကို ငပ်းငမ်းတက် စုံမက်တွယ်တာသော တဏှာ၏ ပြင်းစွာ မှတ်သိပ်

သော ဆာလောင်မှုကြောင့် ဒိဋ္ဌိလှိုင်းဂယက်ထ၍ တုန်လှုပ်ခြင်းသာ ဖြစ်ပေသည်၊ ထို့ကြောင့် ဖဿသည် ဒိဋ္ဌိ(ခေါ်)အယူဝါဒအမျိုးမျိုးပေါ်လာခြင်း၏မူလအကြောင်းရင်း ဖြစ်လေသည်။[၁]

ဘေးဒုက္ခအပေါင်း၏အကြောင်းရင်း ဖဿ။ ။သတ္တဝါတို့သည် ချမ်းသာခံစားမှုကို အလွန် စုံမက်ကြ၏၊ ချမ်းသာခံစားရေးအတွက် ချမ်းသာမှုပေးနိုင်မည့် အာရုံကို တွေ့ထိရန် အမြဲ ကြိုးပမ်းနေကြ၏။

လှပသော အဆင်းကို မြင်ရလျှင် ချမ်းသာမှု ဖြစ်ပေါ်၏၊ ထို့ကြောင့် လှပသော အဆင်းကို မြင်တွေ့မှု(စက္ခုသမ္ဖဿ)အတွက် ထိုအဆင်း ရူပါရုံရှိရာသို့ သွားရ၏၊ ထိုအဆင်းရူပါရုံ ရရှိရေးအတွက် ဒုက္ခခံကြရ၏၊ သာယာသော အသံကို ကြားတွေ့မှု(သောတသမ္ဖဿ) မွှေးကြိုင်သောရနံ့ကို နံတွေ့မှု (ဃာနသမ္ဖဿ)၊ လျှာပေါ်၌ မြက်မြက်ကလေးတွေ့မှု (ဇိဝှါသမ္ဖဿ)၊နူးညံ့သောအိပ်ရာ နေရာ အဝတ်အထည် ယောကျ်ား မိန်းမ၊ အတွေ့အထိ (ကာယသမ္ဖဿ)၊ ပိတ်ကူးယဉ်ကြည်နူးမှု (မနောသမ္ဖဿ) ဤဖဿများ ဖြစ်ပေါ်ရေးအတွက် ကြိုးပမ်းနေစဉ် အဆုံးအပိုင်းအခြားမရှိသော ဒုက္ခများကို ခံစားနေကြရ၏၊ မြင်တွေ့မှု၊ ကြားတွေ့မှု၊ နံတွေ့မှု၊ လျက်တွေ့မှု၊ ထိတွေ့မှု၊ စိတ်ကူးတွေ့မှုများ ဖြစ်ပေါ်လာရေးအတွက် ထိုထိုအာရုံများနောက်သို့ တကောက်ကောက် လိုက်နေကြ၏၊ ထိုသို့အာရုံများနှင့် ထိတွေ့နိုင်ရေးအတွက် တရားသဖြင့် ကြိုးပမ်းအားထုတ်၍ မရနိုင်သောအခါ ဖြတ်သမ်းမှ လိုက်၍ ခိုးဝှက်လုယက်၏၊ သူတပါး သားမယားပြစ်မှား၏၊ ထိုအခါ ခိုးသူကို ပိုင်ရှင်တို့က ဖမ်းဆီးသတ်ဖြတ်ကုန်၏၊ အစိုးရမင်းတို့က အပြစ်ဒဏ်ခတ်၊ နှိပ်စက် ညှဉ်းဆဲကုန်၏၊ သေလွန်သောအခါ၌လည်း အပါယ်လေးပါးသို့ လားရ၏၊ ထို့ကြောင့် ပစ္စုပ္ပန်၊ တမလွန် နှစ်တန်သော ဘေးဒုက္ခအပေါင်းသည် ဖဿသာလျှင် အကြောင်းရင်းမူလ ရှိ၏။

---

၁။ဒီ၊၁။၃၇၊၄၁။ ဒီ၊ဋ္ဌ၊၁၊၁၁၄ ဒီ၊ဋီ၊၁၊၁၇၁။ ဒီ၊ဋီ၊သစ်၊၄၆၀။

သာသနာပ ကမ္မဝါဒီပုဂ္ဂိုလ်တို့သည် သတ္တဝါတို့၏ချမ်းသာမှု ဆင်းရဲမှု၏ အကြောင်းရင်းကို အမျိုးမျိုးယူဆလာကြကုန်၏၊ အချို့သော ကမ္မဝါဒီ ပုဂ္ဂိုလ်တို့က သတ္တဝါတို့၏ ချမ်းသာ ဆင်းရဲဖြစ်ခြင်းသည် မိမိကြောင့် သာဖြစ်၏ဟုယူဆကြ၏၊ အချို့က မိမိကြောင့်ဖြစ်သည်မဟုတ်၊ သူတပါး ကြောင့်သာဖြစ်၏ဟု ယူဆကြ၏၊အချို့က မိမိသူတပါးအကြောင်း နှစ်မျိုး ကြောင့်ဖြစ်၏ဟု ယူဆကြ၏၊အချို့ကမူ အကြောင်းတရားကင်း၍ အလိုလို ဖြစ်၏ဟု ယူဆကြ၏။

ဗုဒ္ဓဘုရားရှင်၏အလိုတော်အရကား သတ္တဝါတို့၏ ချမ်းသာဆင်းရဲဖြစ်ရခြင်းမှာ မိမိ, သူတပါးစသော အကြောင်းလည်းမဟုတ်၊ အကြောင်း ကင်း၍လည်း ဖြစ်သည်မဟုတ်၊ အမှန်မူ ချမ်းသာမှု ဆင်းရဲမှုဟူသော အကျိုးတရားတို့သည် အကြောင်းတရားတို့ကို စွဲမှီ၍ ဖြစ်ပေါ်ကြရ၏၊ ဖဿဟူသော အကြောင်းကြောင့်သာ ချမ်းသာမှု၊ ဆင်းရဲမှုဟူသော ဝေဒနာအမျိုးမျိုးတို့ ဖြစ်ပေါ်လာကြကုန်၏၊ ချမ်းသာမှု ဆင်းရဲမှုတို့၏ အရင်းခံအကြောင်းတရားကား ဖဿသာလျှင် ဖြစ်တော့၏ ဖဿတွေ့ထိမှု မရှိပဲ ချမ်းသာဆင်းရဲမှုဟူသောမည်သည့်ဝေဒနာမျိုးမျှမဖြစ်ပေါ် နိုင်ချေ[၁]။

**ဖဿကြောင့်စစ်ပွဲကြီးများဆင်နွှဲကြရခြင်း။**

ကောင်းမြတ်သော အဆင်း ရူပါရုံစသည်ဖြင့် တွေ့ထိမှု ဖဿဖြစ်သောအခါ သာယာသော ခံစားမှုသုခဝေဒနာဖြစ်၏၊ မကောင်းသော အဆင်းရူပါရုံ စသည်နှင့် တွေ့ထိမှုဖဿ ဖြစ်သောအခါ မသာယာသောခံစားမှု ဒုက္ခဝေဒနာ ဖြစ်ရ၏၊ ထိုသာယာသောခံစားမှု သုခဝေဒနာကို ပြင်းစွာတပ်မက်စွဲလမ်းခြင်း တဏှာဖြစ်ရ၏၊ မသာယာသော ခံစားမှု ဒုက္ခဝေဒနာ ဖြစ်ပေါ်ချိန်၌ ထိုဒုက္ခမှလွတ်မြောက်လိုမှုနှင့် သုခဝေဒနာကို ပြင်းစွာလိုလားတောင့်တမှု တဏှာဖြစ်၏၊ ထိုတပ်မက်စွဲလမ်းမှု တဏှာကြောင့် မိမိနှစ်သက်သော ရူပါရုံစသော အာရုံပစ္စည်းဝတ္ထုကို ရရှိရန် ရှာဖွေမှု (ပရိယေသန)ဖြစ်၏၊ ထိုသို့ရှာဖွေမှုကြောင့် ထိုအာရုံ

---

၁။ သံ။၁။၂၇၀။

ပစ္စည်းဝတ္ထုများကိုရခြင်း(ပဋိလာဘ)ဖြစ်၏၊ ထိုရရှိလာသော[ ]အခရုံ ပစ္စည်းဝတ္ထု အစုစုတို့ကို ဤပစ္စည်းစုကား ငါ့အတွက်၊ ဤပစ္စည်းစုကား သူတပါးအတွက် ဖြစ်လတ္တံ့၊ ဤမျှသော ပစ္စည်းကို သုံးဆောင်အံ့၊ ဤမျှသော ပစ္စည်းကို သိမ်းသိမ်းဆည်းထားအံ့စသည်ဖြင့် ကြံစည်ဆုံးဖြတ်မှု (ဝိနိစ္ဆယ)ဖြစ်၏၊ ထိုသို့ ဆုံးဖြတ်ပြီးသောအခါ မိမိသုံးဆောင်ခံစားမည့် ပစ္စည်းဝတ္ထုများကို သိမ်းသိမ်းဆည်းထားမည့် ပစ္စည်းဝတ္ထုများအပေါ်၌ တွယ်တာတပ်မက်မှု (ဆန္ဒရာဂ)ဖြစ်၏။ ထိုသို့တွယ်တာတပ်မက်အပ်သော ပစ္စည်းဝတ္ထုတို့ကို ငါ့ပစ္စည်း ငါပိုင်ဟု အပြီးအပိုင်သိမ်းပိုက်မှု (ပရိဂ္ဂဟ) ဖြစ်၏။ ထိုသို့ ငါပိုင်သိမ်းပိုက်ပြီးသော ပစ္စည်းတို့ကို အခြားသူတို့နှင့် ဆက်ဆံမည်ကို သည်းမခံနိုင်မှု၊ ဤမျှထူးခြားကောင်းမွန်သော ပစ္စည်းဝတ္ထုတို့ကို မည်သူနှင့်မျှ ဝေခွဲ၍ မသုံးဆောင်လိုမှု၊ ငါတယောက်တည်း သုံးဆောင်မည် စသည်ဖြင့် နှမြောတွန့်တိုမှု ဝန်တိုမှု (မစ္ဆရိယ) ဖြစ်၏။ ထိုသို့ နှမြောတွန့်တိုမှုကြောင့် ဘဏ္ဍာတိုက် သေတ္တာစသည်တို့တွင် ထည့်သွင်းပိတ်ဆို့၍ စောင့်ရှောက်မှု (အာရက္ခ) ဖြစ်၏။ ထိုသို့ ပစ္စည်းဥစ္စာများကို ငါပိုင်သိမ်းဆည်းစောင့်ရှောက်ရာတွင် ခိုးသားဓားပြရန် ကာကွယ်ရန် ဒုတ် ဓား စသော သေနတ် စသော လက်နက်စွဲကိုင်မှု၊ မိုက်ရိုင်းစော်ကားသော စကားများကို ပြောဆိုမှု၊ လိမ်လည်မှု၊ ကုန်းတိုက်မှု၊ သူပိုင်ငါပိုင် ငြင်းခုံမှု၊ ကိုယ်ထိလက်ရောက် ကျူးလွန်မှုများ ခိုက်ရန်ဖြစ်ပွားမှုများ စစ်ပွဲကြီးငယ်များအထိ ဖြစ်ပွားရလေသည်။ ပိုင်ဆိုင်မှုကို ချိုးဖောက်လုယက်သူနှင့် ပိုင်ဆိုင်မှုကို ခုခံကာကွယ်သူတို့၏ရန်ပွဲ နယ်မြေကျူးကျော်ရေး စစ်ပွဲများ , နယ်မြေပိုင်ဆိုင်မှုအတွက် ခုခံရေးစစ်ပွဲများ ဝါဒစစ်ပွဲများ စသည်ဖြင့် အာရုံကိုတွေ့ထိမှုဖဿအစုကို အရင်းခံပြု၍ အတိုင်းမသိသော ယုတ်မာမှု အကုသိုလ်တရားများ ဖြစ်ပေါ်လာလေတော့သည်။[၁]

---

၁။ (ဒီ၊၂၊၅၀။ သုတ္တနိ၊၄၁၃-၅။ ဒီဋ္ဌ၊၂၊၉၀။ မဟာနိ၊ ၁၉၆-၂၂၀။)

ဖဿနှင့် ပဋိစ္စသမုပ္ပါဒ်။ ။ဝိဘင်းပါဠိတော် ပဋိစ္စသမုပ္ပါဒ်ဝိဘင်း၌ ပဋိစ္စသမုပ္ပါဒ်ကြောင်းကျိုးဆက် နည်းကို သုတ္တန်နည်း၊ အဘိဓမ္မာနည်း နည်းနှစ်ပါးတို့ဖြင့် ဝေဖန်ဟောကြားတော်မူပါသည်။

သုတ္တန်နည်းဖြင့် ဝေဖန်ဟောကြားရာ၌ သဠာယတန ပစ္စယာ ဖဿော "စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ, မန" ဟူသော အာယတနခြောက်ပါးကြောင့် စက္ခုသမ္ဖဿ, သောတသမ္ဖဿ, ဃာနသမ္ဖဿ, ဇိဝှာသမ္ဖဿ, ကာယသမ္ဖဿ, မနောသမ္ဖဿ ဟူသော ဖဿခြောက်ပါးတို့ ဖြစ်ပေါ်လာကုန်၏။ "ဖဿပစ္စယာ ဝေဒနာ" ထိုဖဿ ခြောက်ပါးတို့ကြောင့် ဒွါရ ခြောက်ပါးတို့၌ ဝေဒနာ ခြောက်မျိုးတို့ ဖြစ်ပေါ်လာကုန်၏။ ဤသို့လျှင် ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ကြီး လည်ပတ်စေရန် ဖဿသည် အရေးကြီးသော ကွင်းဆက်ကြီးတခု ဖြစ်ပေသည်။ မီးပွတ်ဆုံ၌ ကျည်ပွေ့တပ်၍ ပြင်းစွာဖိနှိပ်မှုကြောင့် မီးနှင့်မီးပွားများ ပေါ်လာသကဲ့သို့ ဝတ္ထုအာရုံ ထိခိုက်မှုကြောင့် ဖဿ ဖြစ်ပေါ်လာ၏။ မီးပွင့်မီးပွားကြောင့် ပူလောင်မှု ဖြစ်ရသကဲ့သို့ ဖဿကြောင့် ခံစားမှုဝေဒနာ ဖြစ်ပေါ်လာ၏[၁]။

အဘိဓမ္မာနည်းအားဖြင့် ဝေဖန်ဟောကြားရာ၌ "နာမ ပစ္စယာ ဖဿော" မနောဝိညာဏဓာတ်ဟူသော နာမ်တရားကြောင့် ဖဿဖြစ်၏။ "သဠာယတန ပစ္စယာ ဖဿော" မနာယတနကြောင့် ဖဿဖြစ်၏။ "ဝေဒနာ ပစ္စယာ ဖဿော" ဝေဒနာကြောင့် ဖဿဖြစ်၏။ "ဖဿ ပစ္စယာ နာမံ" ဖဿကြောင့် မနောဝိညာဏဓာတ်ဖြစ်၏။ "ဖဿ ပစ္စယာ ဆဋ္ဌာ-ယတနံ" ဖဿကြောင့် မနာယတနဖြစ်၏။ "ဖဿ ပစ္စယာ ဝေဒနာ" ဖဿကြောင့် ဝေဒနာဖြစ်၏၊ ဤသို့ အကြောင်းအကျိုး အပြန်အလှန် ဆက်စပ်ဟောကြားတော်မူ၏။[၂]

---

၁။ အဘိ၊ ၄၊ ၂၊ ၁၇၆။
၂။ အဘိ၊ ဝိ၊ ၁၄၇။

ဤသို့ သုတ္တန်နည်း အဘိဓမ္မာနည်း နှစ်မျိုးကွဲပြားရခြင်းမှာ သုတ္တန်နည်းသည် စိတ္တက္ခဏအားဖြင့် ရှေ့နောက် ကာလကွဲပြားသော တရားတို့ကို အကြောင်းအကျိုး ဆက်စပ်ပြခြင်းဖြစ်၍ အဘိဓမ္မာနည်းမှာမူ စိတ္တက္ခဏတခုအတွင်း၌ အတူဖြစ်ဖက်တရားများကို အနုစိတ်အကြောင်းအကျိုး ဆက်စပ်ပြခြင်းဖြစ်သောကြောင့် နည်းနှစ်ပါးမတူပဲ ကွဲပြားရပါသည်။[၁]

အဘိဓမ္မာနည်းအားဖြင့် အနုစိတ် အကြောင်းအကျိုး ဆက်စပ်ပုံကို ပို၍ရှင်းသင်းစေရန် ပဋ္ဌာန်းနည်း ကျေးဇူးပြုပုံကို ပြဦးအံ့။

ဖဿနှင့်ပဋ္ဌာန်း။ ။"သဠာယတန ပစ္စယာ ဖဿော"၌ ပဋ္ဌာန်းနည်းကြောင်းကျိုး ဆက်စပ်ဟန်ကား စက္ခုပသာဒရုပ်သည် စက္ခုဒွါရဖြစ်သော ဖဿအား နိဿယ၊ ပုရေဇာတ၊ ဣန္ဒြိယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတဟူ၍ ပစ္စယသတ္တိ ခြောက်ပါးတို့ဖြင့်ကျေးဇူးပြု၏၊ သောတ,ဃာန,ဇိဝှာ, ကာယ,ပသာဒတို့၌လည်း ဤနည်းတူ သိအပ်၏။ မနာယတနဖြစ်သော လောကီဝိပါက် စိတ်သည် သမ္ပယုတ် ဖြစ်သော ပနောသမ္ဖဿအား သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ အာဟာရ၊ ဣန္ဒြိယ၊သမ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတဟူ၍ပစ္စယသတ္တိကိုးပါးတို့ဖြင့် ကျေးဇူးပြု၏။

ရူပါရုံသည် စက္ခုသမ္ဖဿအား အာရမ္မဏ၊ ပုရေဇာတ၊ အတ္ထိ၊အဝိဂတဟူ၍ ပစ္စယသတ္တိလေးပါးတို့ဖြင့် ကျေးဇူးပြု၏။ သဒ္ဒါရုံစသည်၌လည်း ဤနည်းအတူပင် သိအပ်၏၊ ပစ္စုပ္ပန်ဖြစ်သော ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံတို့သည် မနောသမ္ဖဿအား အာရမ္မဏ၊ပုရေဇာတ၊အတ္ထိ၊အဝိဂတ ဟူသော ပစ္စယသတ္တိလေးပါးတို့ဖြင့် ကျေးဇူးပြု၏၊ အတိတ်,အနာဂတ်,ကာလဝိမုတ်ဖြစ်သော အာရုံခြောက်ပါးသည် မနောသမ္ဖဿအား အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

---

၁။ အဘိ၊ဋ္ဌ၊ ၂။၁၇၉။ မူလဋီ၊ ၂။၁၃၃။

ဖဿပစ္စယာ ဝေဒနာ၌ ပဋ္ဌာန်းပစ္စည်းဖြင့် ကျေးဇူးပြုပုံကား— စက္ခုသမ္ဖဿဇသော ဖဿငါးပါးသည် မိမိယှဉ်ဖက်ဖြစ်သော ဝေဒနာငါးပါးအား သဟဇာတ၊အညမည၊နိဿယ၊ဝိပါက၊အာဟာရ၊သမ္ပယုတ္တ၊ အတ္ထိ၊အဝိဂတဟူ၍ ပစ္စယသတ္တိရှစ်ပါးဖြင့် အသီးသီးကျေးဇူးပြု၏၊စက္ခု-သမ္ဖဿဇသော ဖဿငါးပါးသည် သမ္ပဋိစ္ဆိုင်း၌ယှဉ်သော ဝေဒနာအား အနန္တရ၊ သမနန္တရ၊ဥပနိဿယ၊ နတ္ထိ၊ ဝိဂတဟူ၍ ပစ္စယသတ္တိငါးပါးတို့ဖြင့် ကျေးဇူးပြု၏၊ စက္ခုသမ္ဖဿဇသော ဖဿငါးပါးသည် သန္တီရဏ,တဒါရုံ၌ ယှဉ်သော ဝေဒနာအား ဥပနိဿယ ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏၊ မနောဒွါရဝီထိ၌ တဒါရုံ၌ယှဉ်သော မနောသမ္ဖဿသည် ထိုတဒါရုံ၌ယှဉ်သော ဝေဒနာအား သဟဇာတ၊ အညမည၊နိဿယ၊ ဝိပါက၊ အာဟာရ၊ သမ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတဟူသော ပစ္စယသတ္တိရှစ်ပါးတို့ဖြင့် ကျေးဇူးပြု၏၊ ပဋိသန္ဓေ ဘဝင် စုတိစိတ်တို့၌ယှဉ်သော မနောသမ္ဖဿသည် မိမိယှဉ်ဖက်ဝေဒနာအား ထိုနည်းအတူ ရှစ်ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏၊ မနောဒွါရာဝဇ္ဇန်း၌ ယှဉ်သော မနောသမ္ဖဿသည် တဒါရုံ၌ယှဉ်သော ဝေဒနာအား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏၊ ဤကား နည်းရ ရုံမျှ သဲလွန်စ ပြခြင်းဖြစ်၏[၁]။

### ဖဿစေတသိက်ကို ရှေးဦးစွာဟောရပုံ

မဟာသံဃိကဂိုဏ်းဝါဒ(သို့မဟုတ်)။ မဟာအဋ္ဌကထာဝါဒ

။အာရုံ၌ စိတ်ပထမဆုံးကျရောက်ခြင်း သဘောကို ဖဿဟုခေါ်၏၊ ထို့ပြင် "ဖုဋ္ဌော ဘိက္ခဝေ ဝေ-ဒေတိ၊ ဖုဋ္ဌော စေတေတိ ဖုဋ္ဌော သဥ္ဇာနာတိ"ဖဿဖြင့် တွေ့ထိပြီးသော အာရုံကို ခံစား၏၊ လှုံ့ဆော်၏၊ မှတ်သား၏[၂]၊ဟူသော ပါဠိတော်ကို ကိုးကား၍ အာရုံတခု ရှေ့ရှုထင်လာရာ၌ ဖဿသည် ရှေးဦးစွာဖြစ်၏၊ဖဿဖြစ်ပြီးမှ ဝေဒနာ၊ သညာစသော သမ္ပယုတ်တရားများ ဖြစ်ကြသည်၊

---

၁။ အဘိ။ဋ္ဌ ၂၊၁၆၃။၁၇၀။မူလဋီ၊ ၂၊၁၁၉။၁၂၀။အနုဋီ၊၂၊၁၃၁၊၁၃၂။
၂။ သံ၊၂၊၂၉၁။

ဤသို့လျှင် ဖဿာသည် ယှဉ်ဖက်စေတသိက်တို့ထက် အလျင်စော၍ ပထမ ဖြစ်သောကြောင့် "တသ္မိံ သမယေ ဖဿော ဟောတိ၊ ဝေဒနာဟောတိ" စသည်ဖြင့် ဓမ္မသင်္ဂဏီပါဠိတော်၌ ဖဿကို ရှေးဦးစွာဟောခြင်း ဖြစ်သည် ဟု ဖွင့်ဆိုကြလေသည်။

ထို့ပြင် နန်းပြာသာဒ်ကြီးတခု၌ တိုင်သာလျှင်ပဓာနဖြစ်၍ ထုပ် သျောက်, ဒိုင်း, မြားတန်းတို့သည် တိုင်ကိုမှီကြရ၍ တိုင်သည် အားကြီး သော အကြောင်းဖြစ်၍ ထိုနည်းအတူ ဖဿာနှင့်ယှဉ်ဖက် စေတသိက်တရား များသည် ဖဿက အာရုံကို တွေ့ထိပေးမှသာလျှင် မိမိတို့လုပ်ငန်း အသီး သီးကို လုပ်ဆောင်နိုင်ကြသည်၊ ထို့ကြောင့် သမ္ပယုတ်တရားအပေါင်း သည် ဖဿကိုမှီကြရ၍ ဖဿသည် ယှဉ်ဖက်စိတ်, စေတသိက်တို့၏ အားကြီးသော အကြောင်း(ဗလဝပစ္စယ)ဖြစ်သည်၊ ထို့ကြောင့် ဓမ္မ- သင်္ဂဏီပါဠိတော်၌ ဖဿကို ရှေးဦးပထမဟောခြင်းဖြစ်သည်ဟု ဖွင့်ဆိုကြ လေသည်၊ ဤဝါဒနှစ်ခုကို အဘိဓမ္မာဝတာရဋီကာသစ်[၁]၌ မဟာသံဃိက ဝါဒဟုဆို၍ အနုဒိပနီ[၂]၌ မဟာအဋ္ဌကထာဝါဒဟု ဆိုလေသည်။

ဤဝါဒကို အဋ္ဌကထာဆရာ ရှင်မဟာဗုဒ္ဓဃောသနှင့် အရှင်ဗုဒ္ဓဒတ္တ တို့က မနှစ်သက်သဖြင့် ပယ်ခဲ့ကြသည်။

အဋ္ဌကထာဝါဒ။ ။စိတ်တခုဖြစ်ပေါ်လာရာ၌ ယှဉ်ဖော်ယှဉ်ဖက် စိတ် စေတသိက်တရားအားလုံးသည် တပြိုင်နက်ဖြစ်ပေါ် ချုပ်ပျက်ကြ၏၊ ဖဿသည် ရှေးဦးဖြစ်၍ ဝေဒနာသည် နောက်မှဖြစ်သည် စသည်ဖြင့် ရှေ့နောက်ခွဲခြား၍ မရနိုင်ချေ၊ ထို့ကြောင့် သမ္ပယုတ်တရား တို့ထက် ရှေးဦးစွာ ဖြစ်သောကြောင့် ဖဿကို ရှေးဦးစွာ ဟောတော် မူသည်ဟု ဆိုခြင်းမှာယုတ္တိမရှိချေ။

---

၁။ အဘိဓမ္မာဝတာရဋီ၊၁၊၂၇၉။
၂။ အနုဒိပနီ၊၇၂။

ထို့ပြင် ဖဿသည် ဝေဒနာစသော တရားတို့၏ အားကြီးသောအကြောင်းတရား(ဗလဝပစ္စယ)ဖြစ်သည်ဟု ဆိုရန်မှာလည်း အကြောင်းပြချက်အထောက်အထား အခိုင်အမာမရှိချေ၊ ထို့ကြောင့်သမ္ပယုတ်တရားအပေါင်း၏ အားကြီးသော အကြောင်းတရား(ဗလဝပစ္စယ)ဖြစ်သောကြောင့် ဖဿကို ရှေးဦးစွာ ဟောတော်မူသည်ဟု ဆိုခြင်းမှာလည်း ယုတ္တိမရှိဟု ပယ်ချခဲ့သည်။

ဖဿကို ရှေးဦးစွာ ဟောရခြင်း၏ အကြောင်းပြချက် တစုံတရာရှာရန်မလိုချေ၊ ဟောချီးဟောစဉ် (ဒေသနာက္ကမ)မျှသာ ဖြစ်သည်၊ မြတ်စွာဘုရား၏ တရားတော်များမှာ ကျင့်စဉ်၊ဖြစ်စဉ် ဒေသနာစဉ် စသည်ဖြင့် အစီအစဉ်ထားနည်း အမျိုးမျိုးရှိသေးသည်၊ သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိ၊ ဒိဋ္ဌိဝိသုဒ္ဓိ စသည်ဖြင့် ဝိသုဒ္ဓိ ခုနစ်ပါးသည် အစဉ်အတိုင်း ကျင့်ရသော ကျင့်စဉ်(ပဋိပတ္တိက္ကမ)များဖြစ်ပါသည်၊ဂဗ္ဘသေယျကသတ္တဝါတို့အား ပဋိသန္ဓေအခါ၌ ကလလရေကြည်၊ အမြှုပ်၊ သားတစ်၊အသားစိုင်စသောသဏ္ဍာဟများသည် ဖြစ်စဉ်(ဥပ္ပတ္တိက္ကမ)များ ဖြစ်ပါသည်၊တသို့ သမဒေယ ဖဿော ဟောတိ၊ဝေဒနာ ဟောတိ၊သညာ ဟောတိ စသည်ဘို့သည်ဟောစဉ်များ(ဒေသနာက္ကမ)ဖြစ်ပါသည်၊ ဖဿကအလျင်ဖြစ်၍ ဝေဒနာက နောက်မှဖြစ်ခြင်းကြောင့် ဖဿကို ရှေးဦးစွာဟောသည်မဟုတ်ပေ၊တသို့ သမယေ ဝေဒနာ ဟောတိ၊ ဖဿော ဟောတိ၊ သညာ ဟောတိ၊စေတနာ ဟောတိ စသည်ဖြင့် ဝေဒနာ သညာတို့ကို ရှေးကထား၍ ဟောလိုက ဟောနိုင်ပေသည်၊ဤသို့လျှင် ဒေသနာစဉ်အားဖြင့်သာ ဖဿကို ရှေးဦးစွာ ဟောတော်မူခြင်းဖြစ်၍ ရှေ့နောက်အစီအစဉ်ကို မရှာကြံသင့်ဟု ပယ်မြစ်ခဲ့လေသည်[၁]။

ဋီကာ ၁၊၁။ ။အဆက်ပါ ရှင်မဟာဗုဒ္ဓဃောသနှင့်အရှင်ဗုဒ္ဓဒတ္တ အဋ္ဌကထာဆရာကြီးများ၏ အယူအဆကို မနှစ်သက်သဖြင့်

---

၁။ အဘိ၊ဋ္ဌ၊၁၊၁၅၀။ အဘိဝတာ၁၊၂၁။

ဖဿသည်ဝေဒနာ၏ အားကြီးသောအကြောင်း (ဗလဝပစ္စယ)တရားဖြစ်သည်ဟူသော မဟာအဋ္ဌကထာ အယူဝါဒကို ဋီကာဆရာကြီးများက ထပ်ဆင့်ထောက်ခံ ဖွင့်ပြကြပြန်သည်။

ဖဿအပါအဝင်ဖြစ်သော စိတ်စေတသိက်တရားစုသည်အာရုံနှင့် တွေ့ထိသောအခါ တပြိုင်နက်တည်းဖြစ်ပေါ်ချုပ်ပျက်ကြသည်၊ ဖဿကြောင့်ဖြစ်သော ဝေဒနာသည်လည်း တပြိုင်နက်တည်း ဖြစ်ကြပျက်ကြသည်၊ သို့ရာတွင် အလင်းရောင်နှင့်ဆီမီးသည် တပြိုင်နက်ဖြစ်ပေါ်ကြသော်လည်း ဆီမီးသည် အလင်းရောင်၏ အကြောင်းထူး တခုဖြစ်သကဲ့သို့ ဖဿသည်လည်း ဝေဒနာ၏အကြောင်းတခု ဖြစ်သောကြောင့် ဖဿသည် ဝေဒနာထက်ရှေးဦးစွာ ဖြစ်သကဲ့သို့ ပြဆိုခြင်း ဖြစ်ပေသည်။

ဝေဒနာသည် စက္ခုစသောရုပ်တို့နှင့် ရံခါကင်း၍ ဖြစ်နိုင်၏၊ ဝိတက်လောဘစသော အချို့သောယှဉ်ဖက် စေတသိက်များနှင့် ရံခါကင်း၍လည်းဖြစ်နိုင်၏၊ ဖဿနှင့်ကင်း၍မူကား ဝေဒနာသည် တကြိမ်တခါမျှ မဖြစ်နိုင်ချေ၊ ထို့ကြောင့်ဖဿသည် ဝေဒနာ၏ အားကြီးသောအကြောင်း(ဗလဝပစ္စယ)ဟု ဆိုနိုင်သည်၊ ဖဿသည် ဝေဒနာအတွက်သာ အားကြီးသောအကြောင်းတရားမဟုတ်သေး၊ ယှဉ်ဖက်စေတသိက်တရားအားလုံးအတွက်အားကြီးသော အကြောင်းထူးတခု ဖြစ်ပေသည်၊ စိတ်စေတသိက်တရားတို့မှာ တွေ့ထိသောအခြင်းအရာ ဖဿသာမရှိပါကအာရုံသည် ထိုစိတ်စေတသိက်တရားတို့အား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုနိုင်မည်မဟုတ်ချေ၊ ထို့ကြောင့် ဖဿသည် ယှဉ်ဖော်ယှဉ်ဖက် နာမ်တရားတို့အတွက် အားကြီးသော အကြောင်းထူးတခုဖြစ်ကြောင်း ထင်ရှား၏၊ ထို့ကြောင့် ဓမ္မသင်္ဂဏီပါဠိတော်၌ စိတ္တုပ္ပါဒ်ကို ဝေဖန်တော်မူသော မြတ်စွာဘုရားသည် ဖဿကိုပထမဆုံးထုတ်ဖော်ဟောကြားတော်မူသည်[၁]။

---

၁။ မူလဋီ ၁၊၈၆။ ဒီဋီ၊၁၊၁၇၂။ သီဋီ၊သစ်၊၁၊၄၆၀။

အနုဒီပနီဝါဒ။ ။လယ်တီဆရာတော်ဘုရားကြီး သည်လည်း မဟာ-
အဋ္ဌကထာ ဝါဒကိုထောက်ခံရေးသားတော်မူခဲ့သည်။

အာရုံ၌ စိတ်ပထမဆုံးကျရောက်သောအခြင်းအရာသည် ဖဿ စေတ-
သိက်က အာရုံကို တွေ့ထိသည်မည်၏ဟု မဟာအဋ္ဌကထာဆရာ ပြဆိုခြင်း
မှာ ဖဿက အခြားသောစေတသိက်တို့ထက်စော၍ ပထမဦးစွာ ဖြစ်
ခြင်းကို ဆိုလိုသည်မဟုတ်၊ ဖဿစေတသိက် အာရုံကို တွေ့ထိမှုကိစ္စက
ပဓာနဖြစ်သောကြောင့် ပထမဖြစ်သည်ဟု ဆိုလိုသည်၊ ဥပမာ–မနော-
ပုဗ္ဗင်္ဂမာဟုဆိုရာ၌ စိတ်သည် စေတသိက်တရားတို့၏ ဦးစီးခေါင်းဆောင်
ပဓာနဖြစ်မှုကို ရှေ့သွား(ပုဗ္ဗင်္ဂမ)ဟု ဆိုလိုသည်၊ စိတ်သည် စေတသိက်
တရားတို့ထက် အချိန်ကာလစော၍ ရှေးဦးစွာဖြစ်သည်ကို ရှေ့သွား
(ပုဗ္ဗင်္ဂမ)ဟုဆိုလိုသည်မဟုတ်၊ ဤနည်းတူ ဝေဒနာ၏အာရုံအရသာခံစား
မှု၊ သညာ၏ မှတ်သားမှုကိစ္စဘို့ထက် ဖဿ၏ အာရုံကို တွေ့ထိမှုက ပဓာန
ကျသောကြောင့် ဖဿကို ရှေးဦးစွာ ဟောရခြင်းဖြစ်သည်။

ထို့ပြင်ဖဿ၏အားကြီးသောအကြောင်း(ဗလဝပစ္စယ)ဖြစ်ရာ၌"ဝေဒ-
နက္ခန္ဓာ,သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာဟူသော နာမ်ခန္ဓာသုံးပါးတို့ကို အမည်
သညာ ထုတ်ဖော်ပညတ်ရန်အကြောင်းတရားကား ဖဿသာလျှင်ဖြစ်၏"
ဟု ဟောတော်မူခြင်းကြောင့် ဖဿ၏အားကြီးသောအကြောင်း (ဗလ-
ဝပစ္စယ)ဖြစ်ပုံမှာ သိသာလှပေသည်၊ စိတ်သည် အာရုံကိုသိခြင်းသဘော
အားဖြင့် အလုံးစုံသောစေတသိက်တို့၏ ရှေ့သွားခေါင်းဆောင်ဖြစ်သကဲ့သို့
ဖဿသည်လည်း အာရုံကို တွေ့ထိခြင်းသဘောအားဖြင့် ကြွင်းသော
စေတသိက်တရားတို့၏ ရှေ့သွားဦးစီးခေါင်းဆောင်ဖြစ်သည် စသည်ဖြင့်
ဖဿ၏ ရှေ့ဦးစွာဖြစ်ပုံ (ပဌမာဘိနိပါတ)နှင့် အားကြီးသောအကြောင်း
(ဗလဝပစ္စယ) ဖြစ်ပုံများကို ထောက်ခံထားပေသည်[၂]။

---

၁။ မ၊၃၊ပါ၊၆၇။

၂။ အံ၊၂၊၃၆၃။

## ဖဿကြောင့် သံသရာလည်ပုံ

ဝတ္ထု၊ အာရုံ၊ ဝိညာဏ်သုံးပါးတို့ ပေါင်းဆုံထိခိုက်မှု ဖဿဖြစ်လတ်သော် ခံစားမှုဝေဒနာဖြစ်၏၊ ဝေဒနာဖြစ်သည့်အခါ သာယာတပ်မက်မှု၊ တောင့်တမှုတဏှာဖြစ်၏၊ ထိုတပ်မက်မှုတဏှာကြောင့် ပြင်းစွာစွဲလမ်းမှု ဥပါဒါန်ဖြစ်၏၊ ထိုဥပါဒါန်ကြောင့် ထိုအာရုံများကို တွေ့ထိခံစားနိုင်ရေးအတွက် ကောင်းကောင်းဆိုးဆိုး ကံအမျိုးမျိုးကိုပြု၏၊ ထိုကံကြောင့် ဘဝသစ်၌ ဆက်ကာဆက်ကာ ဖြစ်ရပြန်၏။ထိုကုသိုလ်ကံ အကုသိုလ်ကံတို့၏ အကြောင်းရင်းကား ဖဿပင်ဖြစ်ပေသည်[၁]။

အာရုံကိုတွေ့ထိမှု ဖဿအရင်းခံ၍ သုခဝေဒနာ၊ဒုက္ခဝေဒနာ၊ဥပေက္ခာဝေဒနာတို့ဖြစ်ရ၏၊ ထိုတွင် သုခဝေဒနာကို သာယာစွဲလမ်းသောသူအား ရာဂါနုသယဖြစ်၏၊ ဒုက္ခဝေဒနာကို ခံစားရသောအခါ စိုးရိမ်ပင်ပန်းရ၏ ရင်ဘတ်စည်တီး ငိုကြွေးရ၏၊ ထိုသူအား ပဋိဃာနုသယဖြစ်၏၊ ဥပေက္ခာဝေဒနာခံစားရသော အခါ၌ ထိုဥပေက္ခာဝေဒနာ၏ ဖြစ်ကြောင်းကိုလည်းကောင်း၊ လွတ်မြောက်ရာကို လည်းကောင်း၊ ဟုတ်တိုင်းမှန်ရာမသိ၊ ထိုသူအား အဝိဇ္ဇာနုသယဖြစ်၏၊ ရာဂါနုသယ၊ ပဋိဃာနုသယ၊ အဝိဇ္ဇာနုသယသုံးကိုမပယ်နိုင်လျှင် ဝဋ်ဆင်းရဲ၌ ရှည်ကြာဦးမည်သာ ဖြစ်ပေသည်[၂]။

ဖဿအာဟာရ၌ တပ်မက်မှုတဏှာဖြစ်လျှင် ဝိညာဏ်သည် ထိုဖဿ၌ ထောက်ရာတည်ရာရ၍ စည်ပင်ကြီးပွါး၏၊ ထိုအခါ (ဝိညာဏပစ္စယာ နာမရူပံ)အရ နာမ်ရုပ် နှစ်ပါးဖြစ်ပေါ်၏၊ ထိုနာမ်ရုပ် ၂-ပါး၌ စေတနာကံသင်္ခါရတို့တိုးပွားလာ၏၊ ကံသင်္ခါရတို့တိုးပွါးလျှင် နောက်ဘဝ၌ ပဋိသန္ဓေနေမှု၊ အိုမှု၊ နာမှု၊ သေမှုစသည်တို့ ဖြစ်ပေါ်လာ၏၊ ဉပမာအားဖြင့် ပန်းချီဆရာသည် အရုပ်ရေးရန် ဆေးရောင်စုံ ရှိသော်ငြားလည်း နံရံ၊ ပျဉ်ချပ်၊

---

၁။ ဒ၊နိဒါ၊၈၂။
၂။ မ၊၃၊၃၃၃။

အဝတ်စသော အောက်ခံကားချပ်ရှိပါမှ အင်္ဂါကြီးငယ် တင့်တယ်ပြည့်စုံသော ယောကျ်ားရုပ်, မိန်းမရုပ်စသည့်တို့ကို ဖန်ဆင်းရေးခြယ်နိုင်ပေသည်၊ ထို့အတူ ဖဿရှိမှ တဏှာဖြစ်မည်၊ တဏှာဖြစ်မှ ဝိညာဏ်နာမ်ရုပ် စသော တရားများ ဆက်လက်ဖြစ်၍ သံသရာစက်လည်တော့သည်[၁]။

ဖဿကို ဟုတ်တိုင်းမှန်စွာ မသိသောကြောင့် ဖဿ၌တပ်မက်၏၊ တပ်မက်မှုနှင့်ယှဉ်၍ တွေ့ဝေလျက် သာယာမှုကို ရှုမြင်နေသောသူအား နောင်အခါဥပါဒါနက္ခန္ဓာ ငါးပါးတို့သည် ဆည်းပူးစုံဆောင်းမိ၏၊ ဘဝသစ်ကိုဖြစ်စေတတ်သော တပ်မက်မှု တဏှာရာဂသည် တိုးပွါးလာ၏၊ ကိုယ်စိတ်နှစ်ပါး ပူပန်ဆင်းရဲခြင်း တို့သည် တိုးပွါးကုန်၏[၂]။

ဖဿက အာရုံကိုတွေ့ထိမှု မပြုလျှင် ခံစားမှုဝေဒနာ၊ မှတ်သားမှုသညာ၊ စေ့ဆော်မှုစေတနာ၊ သာယာတပ်မက်မှုတဏှာ အစရှိသော သံသရာရှည်ကြောင်း နာမ်တရား အပေါင်းသည် ဖြစ်ပေါ်နိုင်ပည် မဟုတ်ချေ၊ ထို့ကြောင့် "နာမ်တရားတို့အစ ဖဿက၊ သံသရာလည်မှု ဖဿပြု" ဟုဆိုနိုင်ပေသည်။ ထို့ကြောင့် "ဖဿ သမုဒယာ သငွှာခမ္မာ" ဟု ဟောတော်မူပေသည်[၃]။

## ဖဿပြတ်က သံသရာအလည်ရပ်ပုံ

ဖဿချုပ်လျှင် ဝေဒနာချုပ်၏၊ ဝေဒနာချုပ်လျှင် တဏှာ, ဥပါဒါန်, ဘဝ ချုပ်ငြိမ်း၍ သံသရာဇာတ်သိမ်းပေပြီ၊ ထိုတဏှာချုပ်ရာ ဌာနသည်လည်း ချစ်အပ်သော၊ သာယာအပ်သော ဖဿပင် ဖြစ်လေသည်[၄]။

ဖဿ၌ တပ်မက်စွဲလမ်းမှု တဏှာရာဂ မရှိသောအခါ ဝိညာဏ်သည် ထောက်တည်ရာမရှိတော့ချေ၊ ထိုအခါ နာမ်ရုပ်နှစ်ပါး ဖြစ်ပေါ်ခြင်းမရှိနိုင် စေတနာ, ကံ, သင်္ခါရ တို့သည်လည်း မတိုးပွါးတော့ချေ၊ ထိုသို့ ကံ သင်္ခါရတို့

---

၁။ အံ၊ ၁၊ ၃၂၅။
၂။ မ၊ ၃၊ ၃၃၅။
၃။ အံ၊ ၃၊ ၁၅၃၊ ၂၄၁။
၄။ အဘိ၊ ၂၊ ၁၀၉။

တိုးပွါးခြင်း မရှိလျှင် ဘဝသစ်၌ ဖြစ်ခြင်း၊ နောက်ဘဝ၌ ပဋိသန္ဓေနေရခြင်း၊ အိုရခြင်း၊ နာရခြင်း၊ သေရခြင်း စသည်တို့ မဖြစ်တော့ပါချေ၊ ဥပမာဆိုရသော် စုလစ်မွမ်းချွန် အထွဋ်တပ်ထားသော အိမ်၏ အရှေ့ဘက် လေသာပြူတင်းပေါက်ကို ဖွင့်ထားလျှင် အရှေ့မှ နေထွက်လာသောအခါ ပြူတင်းပေါက်မှ ထိုး ဖောက် ဝင် ရောက် လာ သော နေရောင်ခြည်သည် အနောက်ဖက်နံရံ၌တည်၏၊ အကယ်၍ထိုနံရံမရှိမူ ထိုနေရောင်သည်။ မဟာ ပထဝီမြေကြီး၌ တည်၏။ အကယ်၍ မြေကြီးမရှိမူ ရေ၌တည်၏၊ အကယ်၍ရေမရှိမူ ထိုနေရောင်ခြည်သည် တည်ရာမရှိတော့ချေ၊ ထို့အတူ ဖဿ မဖြစ်လျှင် တပ်မက်မှုရာဂ မရှိ၊ တပ်မက်မှုမရှိလျှင် ဝိညာဏ်, နာမ်ရုပ်, သင်္ခါရ ဘဝသစ်၌ ဖြစ်ပေါ်မှုများ မရှိတော့ချေ။[1]

ထိုသို့ မူလအကြောင်းရင်းဖြစ်သော ဖဿချုပ်ငြိမ်းလျှင် အကျိုးဆက်ဖြစ်သော ဝေဒနာ,တဏှာစသည်တို့ ချုပ်ငြိမ်းပုံကို ဤဥပမာဖြင့် သိအပ်၏၊ ထင်းချောင်းနှစ်ချောင်း ပွတ်တိုက်လျှင် အပူဝါတ် မီး ဓာတ် ဖြစ်ပေါ်လာ၏၊ ထိုထင်းချောင်းတို့ တခြားစီထားလျှင် အပူဓာတ် ချုပ်ငြိမ်းသွား၏။ ဤနည်းတူ ဖဿ မဖြစ်လျှင် ဝေဒနာစသည်တို့လည်း မဖြစ်တော့ချေ။[2]

ဝေဒနာသည် ဖဿကို စွဲ၍ဖြစ်၏၊ ထိုဖဿသည်လည်းအာယတန ၆-ပါး စသောအကြောင်းတရားကို စွဲ၍ဖြစ်သောတရားတည်း၊ အကြောင်းတရားတို့သည် ပြုပြင်စီရင်အပ်သော သင်္ခတတရားတည်း၊ ထို့ကြောင့် ဖဿသည် မမြဲသောအနိစ္စတရားဖြစ်၏၊ အကြောင်း ဖဿမမြဲလျှင် အကျိုးဖြစ်သော ဝေဒနာသည် အဘယ်မှာမြဲအံ့နည်း၊ ဤသို့ ဖဿ ဝေဒနာတို့၏မမြဲခြင်း၊

၁။ သံ၊ ၃၊ ၃၂၇။
၂။ သံ၊ ၂၊ ၄၁၆။

ပျက်စီးခြင်း၊ ချုပ်ငြိမ်းခြင်း၊ တပ်မက်ဖွယ်မရှိခြင်း၊ စွန့်ပစ်စရာဖြစ်ခြင်းကို ရှုဆင်ခြင်သော ယောဂီပုဂ္ဂိုလ်အား ဖဿဝေဒနာဘို့၌ တပ်မက်မှု(ရာဂါနုသယ)မကြေနပ်မှု(ပဋိဃာနုသယ)၊ တွေဝေမှု(အဝိဇ္ဇာနုသယ)တို့ကို ပယ်နိုင်၏၊ထိုပုဂ္ဂိုလ်သည် ဤခန္ဓာကိုယ် ပျက်စီးသေဆုံးသောအခါ ဤဘဝ၌ပင် အလုံးစုံသော ဝေဒနာတို့သည် ချုပ်ငြိမ်းလေပြီ။[၁]

ဤသို့လျှင် ဖဿချုပ်ငြိမ်းက ဝဋ်ဒုက္ခကုန်ဆုံး၍ သံသရာဆိတ်သုဉ်းလေတော့သည်။

---

၁။ သံ၊၂၊ ၄၁၅။

# ၆။ ဝေဒနာ စေတသိက်

ဝေဒနာ=ခံစားခြင်း

ခံစားပုံ (၃)မျိုး

(က) အာရုံ၏အရသာကို ခံစားတတ်သော သဘောသည်လည်းကောင်း၊

(ခ) မိမိနှင့်အတူ ဖြစ်ဖော်ဖြစ်ဖက် နာမ်တရားများအား အာရုံ၏အရသာကို ခံစားအောင် ပြုလုပ်တတ်သော သဘောသည်လည်းကောင်း၊

(ဂ) အာရုံ၏ အရသာကို ခံစားကာမျှဖြစ်သော သဘောသည်လည်းကောင်း–

ဝေဒနာမည်၏။

## (၁)ဝေဒနာစေတသိက်၏ သဘောလက္ခဏာ

ဝေဒနာသည်အာရုံ၏ အရသာကို ခံစားခြင်း သဘောလက္ခဏာရှိ၏[၁]။

ခံစားပုံ။ ။ခံစားခြင်းဆိုသည်မှာ အာရုံနှင့် တွေ့ဆုံရသည့်အခါ အာရုံအလိုက် ကိုယ်စိတ်နှစ်ပါးတို့၌ ခံသာသည့်သဘော၊ မခံသာသည့်သဘောပင် ဖြစ်ပါသည်။ တွေ့ကြုံရသည့်အာရုံက ကောင်းသောအာရုံ(ဣဋ္ဌာရုံ)၊ မကောင်းသောအာရုံ(အနိဋ္ဌာရုံ) အလယ် အလတ် ရိုးရိုး အာရုံ (မဇ္ဈတ္တာရုံ)ဟု သုံးမျိုးရှိသောကြောင့် ထိုခံစားခြင်းသဘောသည်လည်း သုံးမျိုး ရှိပါသည်။

---

၁။ အဘိ၊ဋ္ဌ၊၁၊၁၅၂။ ဝိသုဒ္ဓိ၊၂၊၉၁။

ယင်းသုံးမျိုးမှာ—

(၁) အာရုံကောင်းကို ခံစားသည့်သုခဝေဒနာ (သုခ=ချမ်းသာကို+ဝေဒနာ=ခံစားခြင်း)၊

(၂) အာရုံဆိုးကို ခံစားသည့် ဒုက္ခဝေဒနာ (ဒုက္ခ=ဆင်းရဲကို+ဝေဒနာ=ခံစားခြင်း)၊

(၃) မကောင်းမဆိုး အလယ်အလတ် ရိုးရိုးအာရုံကို ခံစားသည့် ဥပေက္ခာဝေဒနာ (ဥပေက္ခာ=မကောင်းမဆိုး ရိုးရိုးအာရုံကို ခံစားခြင်း+ဝေဒနာ=ခံစားခြင်း)။

ဟူ၍ ဖြစ်ပါသည်။

တနည်းအားဖြင့် ကိုယ်၌ ခံသာသည့်သဘော, မခံသာသည့်သဘော၊ စိတ်၌ခံသာသည့်သဘော, မခံသာသည့်သဘောတို့ကို လိုက်၍လည်းခံစားခြင်းသည် ငါးမျိုးရှိပါသည်၊ ယင်းငါးမျိုးမှာ—

(၁) ကိုယ်၌ ခံသာသည့်သဘော (သုခ ဝေဒနာ)၊

(၂) ကိုယ်၌ မခံသာသည့်သဘော (ဒုက္ခ ဝေဒနာ)၊

(၃) စိတ်၌ ခံသာသည့်သဘော (သောမနဿ ဝေဒနာ)၊

(၄) စိတ်၌ မခံသာသည့် သဘော (ဒေါမနဿ ဝေဒနာ)၊

(၅) ခံသာ မခံသာ မရှိ၊ အလယ်အလတ် ရိုးရိုး အာရုံကို ခံစားသည့်သဘော (ဥပေက္ခာ ဝေဒနာ)၊

တို့ဖြစ်ပါသည်။

**သုခဝေဒနာနှင့် သောမနဿဝေဒနာဖြစ်ပုံ။** ။ယင်း ဝေဒနာစေတသိက်သည် ဒွါရခြောက်ပါးလုံး၌ဖြစ်သော်လည်း ကာယဒွါရ၌ ဖြစ်ပုံမှာ အထူး သိသာထင်ရှားပေသည်၊ ထို့ကြောင့် ကာယဒွါရ၌ ဝေဒနာဖြစ်ပုံကို ရှေးဦးစွာ ပြဆိုပါမည်၊ မည်သူမဆို ပူအိုက်နေစဉ် ခန္ဓာကိုယ်ကို လေအေး လေအေးကလေးများနှင့်

ဓေတွေ့ထိလိုက်ရသည့်အခါ၌ဖြစ်စေ၊ အလွန်ချမ်းအေးနေစဉ် မီးလှုံရ,စောင်ခြုံရ,အနွေးထည် ဝတ်ဆင်ရသည့်အခါ၌ဖြင်စေ၊ ရာသီဥတုသာယာသည့်အခါ၌ဖြစ်စေ၊ နူးညံ့အိစက်သည့်အိပ်ရာ၌ အိပ်စက်ရသည့်အခါ၌ ဖြစ်စေ၊ လေ,ရေ,မီးရှိန်,ဥတုငွေ့,အိပ်ရာနေရာတို့၏·အတွေ့ဖောဋ္ဌဗ္ဗာရုံသည် ကာယပသာဒရုပ်ကို ထိခိုက်၍ မနောဒွါရကိုပါ ထိခိုက်လေသည်။

ထိုအခါ ကာယပသာဒရုပ်အိမ်တွင် ခံသာသည့်သဘောများ ဖြစ်ပေါ်လာသလို မနောဒွါရခေါ် သောနှလုံးအိမ်တွင်လည်း ဝမ်းမြောက်ခြင်း,ချမ်းသာခြင်း ကြည်နူးခြင်းဟု ဆိုရသော ခံသာသည့် သဘောများ ဖြစ်ပေါ်လာပေသည်၊ ထိုခံသာသည့် သဘောများကို သုခဝေဒနာဟု ခေါ်သည်၊ တနည်းအားဖြင့် ခန္ဓာကိုယ် (ကာယပသာဒ)၌ ခံသာသည့် သဘောကို သုခဝေဒနာခေါ်၍ နှလုံးအိမ်၌ ခံသာသည့် သဘောကို သောမနဿဝေ-ဒနာဟု ခေါ်ဆိုပါသေးသည်။

ယင်းသုခဝေဒနာများသည် ခြင်သိ,အရိုးအကြော, အသား,အသွေးအရေတို့လည်းမဟုတ်၊ ထိခိုက်လာသည့် ဖောဋ္ဌဗ္ဗာရုံလည်း မဟုတ်ကြချေ၊ မီးခြစ်အိမ်နှင့် မီးခြစ်ဆံတို့ ထိခိုက်သည့်ကြားမှ ပေါ်လာသည့်မီးတောက်မီးပွားကဲ့သို့ ကာယဒွါရနှင့် ဖောဋ္ဌဗ္ဗာရုံတို့ ထိခိုက်မှုကြောင့် ဖြစ်ပေါ်လာသော ဝေဒနာစေတသိက် နာမ်တရားပင် ဖြစ်ပါသည်။

ဒုက္ခဝေဒနာနှင့် ဒေါမနဿဝေဒနာဖြစ်ပုံ။[1]

။မည်သူမဆို မကောင်းသော အတွေ့ရှိသည့် မီး,လေ,နေပူ, သစ်,သံ,ကျောက်စသော တစုံတခုနှင့်ယိမိ ဟိုက်ခိုက်မိသည့်အခါ ထိုအရာဝတ္ထုတို့၏ အတွေ့ဖောဋ္ဌဗ္ဗာရုံသည် ကာယပသာဒရုပ်များကို ထိခိုက်၍ မနောဒွါရကို တိုက်ခိုက်လေသည်၊ ယိုအခါ ကာယပသာဒရုပ်တွင် နာကျင်ကိုက်ခဲခြင်း,ညောင်းညာခြင်း,ပူလောင်ခြင်း,ဖေားစိပ်ပြီး အခံရခက်ခြင်း,

---

[1] ၁။ပရမတ္ထစ.ဘွ၊၁၄၇။

ယားယံခြင်းစသည့် မခံသာသော သဘောများဖြစ်ပေါ်လာ၍ နှလုံးအိမ်၌လည်း မနေသာမထိုင်သာခြင်း, စိတ်ဆင်းရဲခြင်း စသော မခံသာသည့် သဘောများ ဖြစ်ပေါ်လာလေသည်။ ထိုမခံသာသည့် သဘောများကို ဒုက္ခဝေဒနာဟု ခေါ်ပါသည်။

တနည်းအားဖြင့် ခန္ဓာကိုယ်(ကာယပသာဒ)၌ ဖြစ်သော မခံသာသည့် သဘောကို ဒုက္ခဝေဒနာဟုခေါ်၍ နှလုံးအိမ် (မနောဒွါရ)၌ ဖြစ်သော မခံသာသည့် သဘောကို ဒေါမနဿဝေဒနာဟု ခေါ်ဆိုပါသေးသည်။ ဤသည်မှာ ပြင်ပ ဖောဋ္ဌဗ္ဗာရုံကြောင့် ဒုက္ခဝေဒနာ ဖြစ်ပုံဖြစ်ပါသည်။

ကိုယ်တွင်း ဖောဋ္ဌဗ္ဗာရုံကြောင့် ဒုက္ခဝေဒနာဖြစ်ပုံကို ဆက်လက် ရှင်းပြပါမည်။ ဥတုမညီညွတ်သည့် အတွက်ကြောင့်ဖြစ်စေ၊ ဣရိယာပုထ်မမျှတသည့်အတွက်ကြောင့်ဖြစ်စေ၊ မသင့်သော အစာအဟာရကြောင့်ဖြစ်စေ၊ သံ့ကျောက်,လက်နက်စသော မာသည့် အရာဝတ္ထုတခုနှင့် ထိခိုက်မိသောကြောင့်ဖြစ်စေ ကိုယ်တွင်း အဇ္ဈတ္တတေဇောဓာတ် ပျက်သွားလေသည်။ ယင်း တေဇောဓာတ် ပျက်သည် ဝါယောဓာတ်ကိုဖြစ်စေ၍ တေဇော ဝါယောဓာတ်ပျက်အငွေ့အရှိန်ဖောဋ္ဌဗ္ဗာရုံဖြစ်လာ၏၊ယင်းဓာတ်ပျက်အငွေ့အရှိန်ဖောဋ္ဌဗ္ဗာရုံသည် ဓာတ်တပါးကိုလည်း ဖောက်ပြန်ပျက်ပြားစေ၏၊ ကိုယ်လုံးရှိ ကာယပသာဒရုပ်များကို ထိခိုက်၍ မနောဒွါရကိုလည်း ထိခိုက်၏။

ထိုအခါ ကိုယ်ခန္ဓာ(ကာယဒွါရ)၌ အောင့်,ကိုက်,နာကျင်ခြင်းစသော မခံသာသည့် သဘောဖြစ်ပေါ်လာသကဲ့သို့ နှလုံးအိမ် (မနောဒွါရ)၌လည်း ဆင်းရဲပင်ပန်းစွာ မနေသာ,မထိုင်သာ,မခံသာသည့် သဘောများ ဖြစ်ပေါ်လာလေသည်။

ယင်း တေဇော, ဝါယောဓာတ်ပျက်အငွေ့အရှိန် ဖောဋ္ဌဗ္ဗာရုံသည် ဦးခေါင်း, မျက်စိ, နား, သွား, ခါး, ဝမ်း, ရင်, အကြောအချဉ်စသည်တို့ကို ထိခိုက်တိုးဝှေ့ခဲ့ပါက ခေါင်းခဲနာ, မျက်စိနာ, နားနာ, သွားနာ,

ခါးနာ, ဝမ်းနာ,ရင်နာ,ညောင်းကိုက်သည့်အနာစသော ရောဂါအမျိုးမျိုး ဖြစ်ပေါ်လာ၏၊ ထိုဖောဋ္ဌဗ္ဗာရုံသည် တခုတည်းသော္ခနေရာ၌ ထိခိုက်စုဝေး၍ အသွေး,အသားဟူသော ဓာတ်တပါးကို ပျက်ပြားစေခဲ့သော် အနာ ပေါက်သည်ဟု ဆိုရပြန်လေသည်၊ ဤသို့စုသည်ဖြင့် ဆိုးဝါးသော ဖော-ဋ္ဌဗ္ဗာရုံကြောင့် မခံသာသည့် ဒုက္ခဝေဒနာများဖြစ်ပေါ်လာရလေသည်။

မနောဒွါရ၌ ဝေဒနာသုံးမျိုးဖြစ်ပုံ။ ။မနောဒွါရဟုခေါ်သော စိတ်ထဲ၌ သုခဝေဒနာ, ဒုက္ခဝေဒနာ, ဥပေက္ခာဝေဒနာဖြစ်ပေါ်လာပုံမှာ ရှေကခံစားရခဲ့ဖူးသော ဝမ်းသာကြည်နူးဖွယ် ကောင်းသည့် အာရုံများကိုဖြစ်စေ၊ ခံစားရမည့် အာရုံကောင်းများကိုဖြစ်စေ စဉ်းစား စိတ်ကူးသည့်အခါ၌ စိတ်ထဲတွင် ရှင်လန်းဝမ်းသာမှု၊ ချမ်းသာမှု သုခဝေဒနာများ ဖြစ်လာပါသည်။

တွေ့ကြုံပြီး တွေ့ကြုံရလတ္တံ့သော စိတ်ညစ်စရာ, စိတ်ပျက်စရာ, ဝမ်းနည်းစရာ, လွမ်းဆွတ်ပူဆွေးစရာ, ကြောက်လန့်စရာစသည့် အာရုံဆိုးများကို စဉ်းစား စိတ်ကူးမိသည့်အခါ၌ စိတ်ထဲတွင် နှလုံးမသာယာမှု, ဆင်းရဲညှိုးနွမ်းမှု ဒုက္ခဝေဒနာများ ဖြစ်လာပါသည်။

ကောင်းသည်လည်း မဟုတ်၊ ဆိုးသည်လည်း မမည်၊ အလယ်အလတ်၌တည်သော သာမန်ရိုးရိုး အကြောင်းအရာများကို စဉ်းစားကြံစည်နေသည့်အခါ၌မူ မကောင်းမကိုး ရိုးရိုးခံစားမှု ဥပေက္ခာဝေဒနာများ ဖြစ်ပေါ်လာပါသည်။

စက္ခုဒွါရစသည်၌ ဝေဒနာသုံးမျိုးဖြစ်ပုံ။ ။နှစ်သက်မြတ်နိုးဖွယ် ကောင်းသည့် အာရုံကောင်းများကို မြင်ရ, ကြားရ, နံရ, စားရသည့်အခါ ကောင်းသည့်ခံစားမှု သုခဝေဒနာများ ဖြစ်ပေါ်လာသကဲ့သို့ မလိုလားဖွယ်, စက်ဆုပ်ရွံရှာဖွယ် ကောင်းသည့် အာရုံဆိုးများကို မြင်ရ, ကြားရ, နံရ စားရသည့်အခါ၌လည်း မခံသာသည့် (ဝါ) ဆင်းရဲသည့် ဒုက္ခဝေဒနာများ ဖြစ်ပေါ်လာပေသည်။

မကောင်းမဆိုး အလယ်အလတ်ရိုးရိုး မြင်နေကျ, ကြားနေကျ, နံနေကျ စသည့် အာရုံတို့ကို မြင်ရ, ကြားရ, နံရ, စားရသည့်အခါ၌ ကောင်းသည့်သဘော, မကောင်းသည့်သဘော, ခံသာသည့်သဘော, မခံသာသည့်သဘောများ မထင်ရှားချေ၊ သို့သော် အာရုံကို ခံစားကာမျှ သဘောကား ရှိပေသည်၊ ယင်းကဲ့သို့ မကောင်းမဆိုး ရိုးရိုးအလယ်အလတ် ခံစားမှုသဘောသည် ဥပေက္ခာဝေဒနာပင် ဖြစ်ပါသည်။

သုတ္တန်နှင့် အဘိဓမ္မာ။[၁] ။အထက်တွင် စက္ခုဒွါရ စသော ဒွါရခြောက်ပါး လုံး၌ ဝေဒနာသုံးမျိုးလုံး ဖြစ်ပုံကိုဖော်ပြထားခြင်းမှာ သုတ္တန်ဒေသနာတော်များအရ ဖော်ပြခြင်း ဖြစ်ပါသည်၊ မဇ္ဈိမ-နိကာယ်,ဥပရိပဏ္ဏာသပါဠိတော်ဆဠာယတနသုတ်စသည်၌မြင်ခိုက်,ကြားခိုက်, နံခိုက် စသည်တို့၌ ဝေဒနာသုံးမျိုးလုံး ဖြစ်ပုံကို ဘုရားရှင်ဟောတော်မူထားပါသည်၊ သို့ရာတွင် အဘိဓမ္မာဒေသနာ၌မူ စက္ခုဒွါရ၊သည်၌ မြင်သိစိတ် စသည်တို့ဖြစ်လာသည့်အခါ ယင်းမြင်သိစိတ် စသည်နှင့်အတူ ယှဉ်တွဲပါရှိသည့်ဝေဒနာမှာ သုခလည်း မဟုတ်၊ ဒုက္ခလည်း မဟုတ်၊ ဥပေက္ခာဝေဒနာသာ ဖြစ်သည်၊ သုခဝေဒနာနှင့် ဒုက္ခဝေဒနာတို့သည် ကာယဒွါရ၌ ဖြစ်သည့် တွေ့သိစိတ် (ကာယဝိညာဏ်) နှင့် သာ ဖြစ်သည်ဟု ဟောတော်မူထားပါသည်။

သို့ဖြစ်၍ ကျမ်းနေရာတွင် သုတ္တန်နှင့် အဘိဓမ္မာ မညီသကဲ့သို့ ရှိနေပါသည်၊ အမှန်စင်စစ် အဘိဓမ္မာဒေသနာတွင် စက္ခုဝိညာဏ် (မြင်သိစိတ်) ဖြစ်ခိုက်ကို ရည်ညွှန်းဟောထားခြင်းဖြစ်၍ သုတ္တန်ဒေသနာ၌မူ စက္ခုဝိညာဏ် ခေါင်းဆောင်သော စိတ်ဖြစ်စဉ် (စက္ခုဝိညာဏဝီထိ)တွင် ပါဝင်သော ဇောအခိုက်အတန့်ကို ရည်ညွှန်းဟောထားခြင်း ဖြစ်ရကား တရားတော်နှစ်ခု ညီညွတ်ပါသည်၊ ဇောအခိုက်၌မူ ဝေဒနာသုံးမျိုးလုံး ဖြစ်နိုင်ပါသည်။

---

၁။ အနုတ္တလက္ခဏသုက် တရားတော်ကြီး၊ ၃၅။

## ၂။ ဝေဒနာ၏ ဆောင်ရွက်မှုကိစ္စ(ရသ)

**ဝေဒနာစေတသိက်သည် အာရုံ၏အရသာခံစားမှုကို ဆောင်ရွက်သည်။[၁]**

ဤ၌ ဝေဒနာစေတသိက်၏ သဘောလက္ခဏာနှင့် ဆောင်ရွက်မှုကိစ္စ (ရသ) တို့သည် "အာရုံ၏ အရသာကို ခံစားမှု" တခုတည်းဖြစ်၍ တူညီကြသည်၊ သို့ဖြစ်၍ ဝေဒနာ၏ ရသကို မရှင်းပြတော့ပါ၊ လက္ခဏာပိုင်းတွင် ရှင်းပြခဲ့သည့်အတိုင်း မှတ်သားရန် ဖြစ်ပါသည်၊ သို့ရာတွင် လက္ခဏာပိုင်းတွင် မပါရှိသေးသည့် အမိပ္ပာယ်များကိုမူ ဤရသပိုင်းတွင် ဖြည့်စွက်ရှင်းလင်း ရေးသားပါမည်။

ဝေဒနာစေတသိက်သည် အာရုံ၏အရသာကို ခံစားသည်ဟု ဆိုခြင်းမှာ–သာမန်အားဖြင့် ဆိုခြင်းဖြင်ပေသည်၊ အထူးအားဖြင့်ကား– သုခဝေဒနာသည် အာရုံကောင်းကိုခံစား၍ ဒုက္ခဝေဒနာက အာရုံဆိုးတို့ကို ခံစားခြင်းကိစ္စကို ဆောင်ရွက်သည်၊ ဥပေက္ခာဝေဒနာကမူ မကောင်း မဆိုး သာပန်ပိုးပိုးအာရုံကို ခံစားကာပျ သဘောဖြစ်ပါသည်၊ ဤနေရာ၌ ထိုဝေဒနာသုံးပါးတို့ ဖြစ်ပေါ်ပွားပုံကို ဥပမာပုံဆောင်၍ ဆက်လက် ရှင်းပြပါမည်။

**သုခဝေဒနာနှင့် သောရေယျသဌေးသား။[၂]** ။ဗုဒ္ဓရှင်တော်ဘုရား သက်တော်ထင်ရှားရှိစဉ်အခါက သောရေယျမြို့၌ သောရေယျအမည်ရှိသော သဌေးသားတဦး ရှိပါသည်၊ မိဘများနှင့်အတူနေသော်လည်း အိမ်ထောင်သည်ဖြစ်၍ သားနှစ်ယောက်ဖခင်ဖြစ်ပါသည်၊ တနေ့တွင် သောရေယျ သဌေးသားသည် သူငယ်ချင်း တယောက်ကိုခေါ်၍ ယာဉ်စီးကာ အခြံအရံများနှင့် ရေကူးရန် မြို့မှ ထွက်လာခဲ့၏၊ ထိုအချိန်တွင် အရှင်မဟာကစ္စည်းမထေရ်သည် သောရေယျမြို့တွင်းသို့ ဆွမ်းခံဝင်ရန် မြို့ပြင်တွင်သင်္ကန်းရုံနေခိုက် ဖြစ်သည်။ အရှင်

---

၁။ အဘိ၊ ၄၊ ၁၊ ၁၅၂။
၂။ ဓမ္မပဒ၊ ၄၊ ၁၊ ၂၀၇။

မဟာကစ္စည်းမထေရ်ကား အလွန်ချောမောလှပ၏၊ အသားအရေမှာ ရွှေအဆင်းကဲ့သို့ ဝါဝင်းနေသည်၊ သောရေယျ သဋ္ဌေးသားသည် မြို့ပြင် အထွက်တွင် အရှင်မဟာကစ္စည်းမထေရ်ကို ရုတ်တရက် မြင်လိုက်ရာ နှလုံး သားတွင် တမျိုးခံစားလိုက်ရ၏၊ စိတ်နှလုံး ချမ်းမြေ့သွား၏၊ ကြည့်လို့ မြင်လို့မဝအောင် ဖြစ်၏၊ ယင်းကဲ့သို့ သောရေယျ သဋ္ဌေးသားသန္တာန်၌ ကြည့်လို့ မြင်လို့ကောင်းခြင်း, စိတ်ချမ်းသာခြင်းသည် သုခဝေဒနာပင် ဖြစ်သည်။

ယင်းသို့ သုခဝေဒနာဖြစ်ပေါ်ပြီးမှ "ဝေဒနာ ပစ္စယာ တဏှာ" ဆိုသည့် ပဋိစ္စသမုပ္ပါဒ် တရားတော်အတိုင်း ထိုအရှင်မဟာကစ္စည်း မထေရ်ကဲ့သို့ ချောမောလှပသူမျိုးကို လိုချင်ခြင်း၊ အရှင်မဟာ ကစ္စည်းမထေရ်ကိုပင် လိုချင်ခြင်းဆိုသည့် တဏှာ ဖြစ်ပေါ်လာသည်၊ ထို့ကြောင့် သောရေယျ သဋ္ဌေးသားသည် "ဒီပထေရ်သည် ငါ့အမျိုးသမီးဖြစ်ယင် ကောင်းမှာပဲ၊ ငါ့အမျိုးသမီးဟာ ဒီမထေရ်လို လှပချောမောယင် သိပ်ကောင်းမှာပဲ" လို့ စိတ်ထဲတွင် ဖြစ်မှားမိလိုက်သည်၊ ဤသို့ ရဟန္တာမထေရ်မြတ်ကို ဖြစ်မှားမိတဲ့မနောကံကြောင့် သောရေယျသဋ္ဌေးသားမှာ ယောကျ်ားဘဝမှ မိန်းမဘဝသို့ ချက်ခြင်း ပြောင်းလဲသွားရလေသည်။

**ပဋာစာရီသဋ္ဌေးသမီးနှင့်ဒုက္ခဝေဒနာ**[၁]။ ။ပဋာစာရီသဋ္ဌေးသမီးဆိုလျှင် ဗုဒ္ဓဘာသာဝင်တိုင်းလိုလို သိကြပါသည်၊ ပဋာစာရီသဋ္ဌေးသမီး ခံစားရသည့် ဒုက္ခဝေဒနာဇာတ်ချက်ကား အလွန်ပြင်းထန်လှပါသည်၊ အဝတ်မကပ် ရူးသွပ်သည့်ဘဝသို့ရောက်သည့်အထိ ဒုက္ခဝေဒနာကို ခံစားရသည်၊ သူသည် ဒုတိယသားကို မွေးဖွားရန်အတွက် မိဘဆွေမျိုးများထံ ပြန်လာစဉ် လမ်းတွင်လေကြီးမိုးကြီး မိပြီး အားကိုးရာလင်ယောကျ်ားမှာမြွေကိုက်ခံရ၍သေဆုံးသွားရရှာသည်၊ မိဘများထံ ဆက်လက်ပြန်လာသည့်အခါ မှာလည်း လမ်းတွင်ဖွားပြီးစ သားငယ်ကို စွန်ချီသွား၍ သားကြီးမှာ ရေကဲမျောပါ သွားပြန်သည်၊

---

၁။ ဓမ္မပဒ၊ဋ္ဌ၊ပ၊၄၃၇။

နောက် လွန်ခဲ့တဲ့ညကပင် မိဘနှစ်ပါးနှင့် မောင်ဖြစ်သူပါ သုံးယောက်လုံး အိမ်ပိသေဆုံးသွားသည့်သတင်းကို ကြားရပြန်သည်၊ ထိုအခါ ပဋ္ဌာစာရီမှာ အဝတ်မကပ် ရူးသွပ်သည့်ဘဝသို့ ရောက်သွားရရှာသည်၊ ဤသို့ ဒုက္ခဝေဒနာဖြစ်ပေါ်ပုံသည် ပဋ္ဌာစာရီသဒ္ဓေးသမီး၌ အလွန်ထင်ရှားသိသာပါသည်။

ဥပေက္ခာဝေဒနာနှင့် မဟာသခ်ပုဏ္ဏား။ ။စိတ်ချမ်းသာ သည်လည်း မဟုတ်၊ စိတ်ဆင်းရဲသည် သည်းမဟုတ်, ဝမ်းသာသည်လည်းမဟုတ်, ဝမ်းနည်းသည်လည်းမဟုတ်ပဲ မထင်မရှား ခံစားရသည့် ဝေဒနာကား ဥပေက္ခာဝေဒနာဖြစ်သည်။

အကုသိုလ်အရာတွင် စိတ်မပါပဲ ဝတ်ကျေတန်းကျေ ပြုလုပ်ရသည့် မကောင်းမှုမျိုး၊အလှူဒါနပြုရာတွင် ပင်ကိုယ်က သဒ္ဓါတရားနည်းပါးသော်လည်း အများလုပ်၍ မနေသာ မလွှဲသာသည့်အတွက် ရောစွက်ပြုလုပ်ရသောကုသိုလ်မျိုး၊ပင်ကိုယ်က သဒ္ဓါတရားကောင်းသူ ဖြစ်ပါသော်လည်း မိမိဘာသာသဒ္ဓါ ပြုရသည်မဟုတ်ပဲ မနေသာအောင် သူတပါးတို့က ပြောဟောသဖြင့် ငါးမူး,တကျပ်,နှစ်ကျပ်စသည်တို့ကို အောင့်အည်း ပါဝင်လှူဒါန်းရသည့် ကုသိုလ်မျိုး၊အမိ,အဖညီအစ်ကို မောင်နှမတို့သေ၍ မလွှဲသာ မရှောင်သာပဲ ပြုရသည့် ကုသိုလ်မျိုးတို့သည် ဥပေက္ခာဝေဒနာ ကုသိုလ်မျိုးဖြစ်သည်။

သီလကုသိုလ်ခံယူရာတွင် သူတပါးအလှူပွဲ၌ တခါတရံ စိတ်မပါလှပဲ အများနှင့်တွဲ၍ ခံယူဆောက်တည်ရသော ငါးပါးသီလမျိုး၊ သူတပါးတိုက်တွန်းလွန်းသဖြင့် စိတ်မပါတပါ ခံယူဆောက်တည်ရသော ဥပုသ်သီလမျိုး၊ မိဘဆရာသမားကို၏ ဝေယျာဝစ္စများကို ဝမ်းဝယ်မဖြောင့် စိတ်မှာဘောင့်၍ ဆောင်ရွက်ရသည့် သီလကုသိုလ်မျိုးတို့သည်သည်း ဥပေက္ခာဝေဒနာကုသိုလ်မျိုးဖြစ်ပါသည်။

ဘာဝနာကုသိုလ်အရာ၌လည်း ပျင်းပျင်းရိရိနှင့် အနိစ္စ ,ဒုက္ခ, အနတ္တလက္ခဏာရေးသုံးပါးကို ပွားများခြင်း၊ ရတနာသုံးပါးဂုဏ်ကို အောင့်မေ့တချက်၊ မေ့တချက်နှင့် ပုတီးစိပ်ခြင်း၊ တသမ်းသမ်းတဝေဝေနှင့် ပရိတ်ရွတ်ခြင်း၊ မေတ္တာပို့ခြင်း၊ တငိုက်ငိုက်နှင့် ဘုရားရှိခိုးခြင်း၊ ပျင်းပျင်းရိရိနှင့် ပရိယတ္တိစာပေကျက်အံခြင်း စသည်တို့သည် ဥပေက္ခာဝေဒနာများဖြစ်ကြသည်၊ ဤဥပေက္ခာဝေဒနာများကား အညံ့စားဥပေက္ခာဝေဒနာများ ဖြစ်ပါသည်။

ကုသိုလ်ရေး၌ အားမရနိုင်လောက်အောင် အကြီးအကျယ် အလိုဆန္ဒရှိသောပုဂ္ဂိုလ်တို့၏သန္တာန်၌ ဖြစ်သောဥပေက္ခာဝေဒနာမျိုးကား အမြတ်စား ဥပေက္ခာဝေဒနာပင်ဖြစ်သည်။

ဥပမာ–အလောင်းတော် ပဟာသံပုဏ္ဏားကြီးသည် သပာဝိတရားကြီးမား၍ ကုသိုလ်ရေး၌ပို၍ အားမရနိုင်လောက်အောင် အဇ္ဈာသယဆန္ဒ ခေါင်းထန်သူ ဖြစ်သည်၊ ဗာဟိရဝတ္ထုပစ္စည်းများကို လှူဒါန်းရသည်ကို မရောင့်ရဲ မကျေနပ်နိုင်၊ ခန္ဓာကိုယ်တွင်း ပစ္စည်းများဖြစ်သည့် ခြေ,လက်, အင်္ဂါ,နား, နှာခေါင်း,မျက်စိစသည်တို့ကို လှူရမှ ရောင့်ရဲတင်းတိမ်နိုင်သူဖြစ်သည်၊ ထို့ ကြောင့် သိကြားမင်းဖန်ဆင်းပေးသော ရတနာ မဏ္ဍပ်ကြီး၌ ဘုရားအမှူးရှိသော သံဃာတော် လေးသိန်းတို့ကို ခုနစ်ရက်ပတ်လုံး ဂဏာနို့ ဆွမ်းဖြင့်လှူဒါန်းပါသော်လည်း ဝမ်းမြောက်မှု သောမနဿဝေဒနာ မဖြစ်၊ သာမန်ခံစားမှု ဥပေက္ခာဝေဒနာသာ ဖြစ်ရလေသည်။

ထို့ အတူ ပဟာသိဝိရာဇ်မင်းကြီးသည်လည်း တနေ့လျှင် အသပြာ ငါးသိန်းကုန်,ငါးသိန်းကုန်အသက်ဆက်ဆုံး လှူဒါန်းရသော်သည်း တကြိမ်တခါမျှဝမ်းမြောက်ဝမ်းသာမှုမဖြစ်၊ ဥပေက္ခာဝေဒနာသာဖြစ်ရလေသည်။

**ဖဿစသည်တို့ ဝေဒနာအမည်မရနိုင်ပုံ[၁]။**

။ ဤနေရာ၌ အာရုံ၏အရသာ ခံစားမှုကို ဝေဒနာဟု ခေါ်လျှင် ဝေဒနာနှင့်အတူ ဖြစ်ကြသည့် ဖဿ,သညာစသော စေတသိက်များ

---

၁။ အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ၊၁၀၅။

သည်လည်း အာရုံ၏အရသာကို ခံစားကြသည်ဖြစ်၍ ယင်းစေတသိက်တို့ကိုလည်း ဝေဒနာဟုခေါ်သင့်သည်မဟုတ်လောဟု မေးနိုင်၏၊အဖြေကားဖဿ,သညာစသော စေတသိက်တို့သည် အာရုံ၏ အရသာကို ခံစားကြသည်ဟုဆိုရသော်လည်း မိမိတို့၏အာရုံကို တွေ့ထိမှုကိစ္စ၊ အမှတ်ပြုမှုကိစ္စစသည်တို့ကို ငဲ့နေရသောကြောင့် မပြောပဖွယ် အနည်းငယ် တစိတ်တဒေသမျှကိုသာ ခံစားနိုင်ကြသည်၊ ဝေဒနာစေတသိက်မှာမူကား ခံစားမှုသည်ပင် မိမိကိစ္စဖြစ်၍ အာရုံ၏အရသာကို အားရှိပါးရှိ အစိုးတရအလုံးစုံကို ခံစား၏၊ ထို့ကြောင့် ထိုစေတသိက်ကိုသာ ဝေဒနာဟုခေါ်ခြင်းဖြစ်ပါသည်။

ဥပမာအားဖြင့် ဘုရင်မင်းမြတ် စားတော်ကဲတို့နှင့်တူပါသည်၊ တူပုံမှာ ဘုရင်မင်းမြတ်အား နေ့စဉ်မပြတ် ပွဲတော်ဆက်ရသော စားတော်ကဲသည် ဘုရင့်ရှေ့တော်မှောက်သို့ ရောက်သောအခါ ပွဲတော်များ၌အဆိပ်အတောက်များပါ,မပါကို ဘုရင်သိဖို့ရန် ပွဲတော်ပါ ထမင်းဟင်းလျာတို့မှ အနည်းငယ်,အနည်းငယ်စီယူ၍ စားပြရလေသည်၊ ယင်းကဲ့သို့ စားတော်ကဲက စားပြပြီး အဆိပ်မပါမှန်းသိမှ ဘုရင်မင်းမြတ်သည် ပွဲတော်ပါ ဘောဇဉ်များကို အားပါးတရ ဝအောင်ပွဲတော် တည်လေသည်။

ဤဥပမာ၌ ပွဲတော်ပါဘောဇဉ်များကို အားပါးတရ ဝဝလင်လင်မစားရ၊ အနည်းငယ် မြည်းရုံသာမြည်းရသော စားတော်ကဲနှင့် အာရုံ၏အရသာကို တစိတ်တဒေသ ခံစားရသော ဖဿ, သညာစေတသိက်တို့ တူကြသည်၊ အလိုရှိတိုင်း အစိုးတရ ပွဲတော်တည်ရသော ဘုရင်မင်းမြတ်နှင့် အာရုံ၏အရသာကို အစိုးတရပိုင်ပိုင်နိုင်နိုင် ခံစားရသော ဝေဒနာ စေတသိက်တို့တူကြပါသည်။

### ၃။ ဝေဒနာစေတသိက်၏ပစ္စုပဋ္ဌာန်

ဝေဒနာစေတသိက်သည် "ကိုယ်,စိတ်တို့၌ဖြစ်၍ သာယာအပ်သောတရား၊ နှိပ်စက်နာကျင်တတ်သောတရား၊ ငြိမ်သက်သောတရားဟု လေ့လာရှုမှတ်သူတို့၏ဉာဏ်၌ ရှေးရှုထင်မြင်လာသော အခြင်းအရာရှိ၏။"[၁]

၁။ ဝိသုဒ္ဓိ၊၂၉၁။

ဤပြဆိုချက်သည် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ ခန္ဓနိဒ္ဒေသ၌ ဖွင့်ဆိုထားသည့် ဝေဒနာငါးမျိုး၏ ပစ္စုပဋ္ဌာန်တို့ကို တခုတည်းပေါင်း၍ စုစည်းပြထားခြင်းဖြစ်ပါသည်။ ထိုစုစည်းပြဆိုချက်ကို ခွဲခြားစိတ်ဖြာ၍ ပြရလျှင်–

(၁) သုခဝေဒနာသည် ကိုယ်၌ဖြစ်၍ သာယာအပ်သော တရားဟုလည်းကောင်း၊

(၂) ဒုက္ခဝေဒနာသည် ကိုယ်၌ဖြစ်၍ နှိပ်စက်တတ် နာကျင်တတ်သော တရားဟုလည်းကောင်း၊

(၃) သောမနဿ ဝေဒနာသည် စိတ်၌ဖြစ်၍ သာယာအပ်သော တရားဟုလည်းကောင်း၊

(၄) ဒေါမနဿဝေဒနာသည် စိတ်၌ဖြစ်၍ နှိပ်စက်နာကျင်တတ်သော တရားဟုလည်းကောင်း၊

(၅) ဥပေက္ခာဝေဒနာသည် ငြိမ်သက်သောတရားဟုလည်းကောင်း၊ လေ့လာရှုမှတ်သူတို့၏ ဉာဏ်တွင် ရှေးရှုတင်ပြင်လာသော အခြင်းအရာရှိပေသည်။

**သာယာအပ်သောတရားဟုထင်ပုံ။** ။ပူအိုက်နေစဉ် လေအေး, ရေအေး ကလေးများဖြင့် တွေ့ထိလိုက်ရသည့် အခါ နေသာထိုင်သာရှိပြီး ကောင်းသွား၏၊အလွန်ချမ်းအေးနေစဉ် ပူနွေးသည့် ဂွမ်းစောင်,သိုးမွေးစောင်ကြီးပျားကို ခြုံလိုက်ရသည့်အခါ၌လည်း နွေးသွား ချမ်းသာသွား၏၊ ယင်းသို့ကောင်းမွန်သော အတွေ့ ဖောဋ္ဌဗ္ဗာရုံသည် ကာယပသာဒရုပ်များကိုတွေ့ထိ၍ ကိုယ်ခန္ဓာ၌ ဖြစ်ပေါ်လာသော ခံသာသောသဘော၊ ချမ်းသာသော သဘော၊ နေသာထိုင်သာရှိသော သဘောများကို သုခဝေဒနာဟုခေါ်၍ နှလုံးအိမ်၌ ဖြစ်ပေါ်လာသော ဝမ်းမြောက်မှု, ချမ်းသာမှုများကို သောမနဿ ဝေဒနာဟု ခေါ်သည်။ ဤကဲ့သို့ ကိုယ်ထဲ,စိတ်ထဲ၌ ခံသာမှု, ချမ်းသာမှုသဘော ပေါ်လာသည့်

အခါ ဝေဒနာသဘောကို ရှုမှတ်လေ့လာနေသည့် ပုဂ္ဂိုလ်၏ဉာဏ်၌ ဤ သုခဝေဒနာ, သောမနဿဝေဒနာများသည် သာယာဖွယ်ကောင်းသည့် တရားများပေတည်းဟု ထင်မြင်လာပေသည်။

**နှိပ်စက်နာကျင်တတ်သော တရားဟုထင်ပုံ။** ။မကောင်းသော အတွေ့များနှင့် တွေ့ထိပြီး နာကျင်ကိုက်ခဲမှု, မူးဝေမှု, ညောင်းမှု, ပူမှု, ချမ်းမှု, မောပန်းမှု, ယားယံမှု ထုံကျင်မှု, အောင့်မှုအစရှိသော ကိုယ်ထဲ၌မခံသာမှုဟူသမျှတို့ကို ဒုက္ခဝေဒနာဟုခေါ်သည်။ စိတ်နှလုံးထဲ၌ မချမ်းသာမှု,စိတ်ဆင်းရဲမှုတို့ကို ဒေါမနဿဝေဒနာဟုခေါ်သည်။

ဤသို့ ကိုယ်ထဲ, စိတ်ထဲ၌ မခံသာမှု, ဆင်းရဲမှု သဘောပေါ်လာသည့် အခါ ဝေဒနာသဘောကို ရှုမှတ်လေ့လာနေသည့် ပုဂ္ဂိုလ်၏ဉာဏ်၌ ဤ ဒုက္ခဝေဒနာ,ဒေါမနဿဝေဒနာများသည် နာကျင်တတ်သောတရား, နှိပ်စက်တတ်သောတရားများပေတည်းဟု ထင်မြင်လာပေသည်။

**ငြိမ်သက်သောတရားဟု ထင်မြင်ပုံ[၁]။** ။မကောင်းမဆိုး အလယ်အလတ် ရိုးရိုး မြင်နေကြ, ကြားနေကြ အာရုံစသည်တို့ကို မြင်ရ, ကြားရသည့်အခါ စသည်မှာတော့ ကောင်းသည်, ခံသာသည်ဟူ၍လည်း မထင်ရှား၊ အခံရခက်သည်, ဆင်းရဲသည်ဟူ၍လည်း မထင်ရှားချေ။သို့သော် မကောင်းမဆိုး ရိုးရိုးအလယ်အလတ် ခံစားမှုသဘောကတော့ ရှိပေသည်၊ထိုသို့ဆင်းရဲသည်လည်း မဟုတ်၊ ချမ်းသာသည်လည်းမဟုတ်သော ခံစားမှုသဘောကို ဥပေက္ခာဝေဒနာဟု ခေါ်သည်၊ ထိုဥပေက္ခာဝေဒနာသည် အမိုက်မှောင်ကဲ့သို့ (ဝါ) မှောင်ထဲရှိသော ဝတ္ထုပစ္စည်းကဲ့သို့ မထင်မရှားချေ၊ပစ္စက္ခဉာဏ်ဖြင့်သိနိုင်ခဲ၏၊သို့သော် ချမ်းသာမှု,ဆင်းရဲမှုတို့ ပျောက်ကင်းသွားသည့်အခါ၌ ပျောက်ကင်းသွား

---

၁။ မဋ္ဌ၊၁၊၂၈၂။

သော ချမ်းသာမှု, ဆင်းရဲမှုတို့မှ တခြားတပါးဖြစ်သော အလတ်စား ခံစားမှုသဘောသည် ဥပေက္ခာဝေဒနာတည်းဟု မိဂပဒဝဠဉ္ဇနည်းဖြင့် မှန်းဆ၍သိရသည်။

မိဂပဒဝဠဉ္ဇနနည်းဆိုသည်မှာ "ကျောက်ဖျာကြီး၏တဘက်တွင် သမင်၏အတက်ခြေရာ အခြားတဘက်တွင် အဆင်းခြေရာတို့ကိုတွေ့ရလျှင် ကျောက်ဖျာပေါ်၌ သမင်ခြေရာ မတွေ့ရသော်လည်း ကျောက်ဖျာပေါ်၌ ခြေရာမတင်ကောင်း၍ ခြေရာမထင်သည်၊ သမင်က ကျောက်ဖျာပေါ်တွင် ဖြတ်သွားသည်" ဟု မှန်းဆသိရသောနည်းဖြစ်သည်။ (မိဂ=သမင် + ပဒဝဠဉ္ဇန=ခြေရာ။)

ဤနေရာ၌ ဥပေက္ခာဝေဒနာဖြစ်ပေါ်မှုသည် အလွန်သိမ်မွေ့ ငြိမ်သက်သောကြောင့် မထင်ရှား မသိသာသော်ငြားလည်း နာမှု, ကျင်မှုစသော ဒုက္ခဝေဒနာ ပျောက်ကင်းသွားပြီး နောက်တဖန်ခံသာမှု သုခဝေဒနာ သို့မဟုတ် မခံသာမှု ဒုက္ခဝေဒနာ မဖြစ်ပေါ်သေးမီအတွင်း၌ ခံစားမှုမထင် ရှားသော်လည်း အလတ်စားအားဖြင့် အလတ်စား အခြင်းအရာအားဖြင့် ခံစားသောဝေဒနာတမျိုးရှိရာသည်၊ ထိုဝေဒနာသည် ဥပေက္ခာဝေဒနာပင် တည်းဟု(မျက်မှောက်ထင်ရှားသိရသော သုခဝေဒနာ, ဒုက္ခဝေဒနာတို့ကို ထောက်ဆ၍)သိရပေသည်။

ဤဥပမာ၌ သမင်၏အတက်ခြေရာ, အဆင်းခြေရာတို့နှင့် ဒုက္ခဝေဒနာ သုခဝေဒနာတို့တူကြသည်။ ကျောက်ဖျာပေါ်တွင်ဖြတ်သွားသော မမြင်ရသည့်သမင် ခြေရာနှင့် ခံစားမှုမထင်ရှားသော ဥပေက္ခာ ဝေဒနာတို့ တူကြသည်။

ဤကဲ့သို့ ဥပေက္ခာဝေဒနာ ဖြစ်ပေါ်မှုသည် အလွန်သိမ်မွေ့နူးညံ့လှသောကြောင့် ဝေဒနာသဘောကို ရှုမှတ်လေ့လာနေသည့် ပုဂ္ဂိုလ်၏ဉာဏ်၌ ဤဥပေက္ခာဝေဒနာသည် ငြိမ်သက်သော သဘောတဆူးပေတည်းဟု ထင်ပြင်လာပေသည်။

## ၄။ ဝေဒနာစေတသိက်၏အနီးဆုံးအကြောင်း(ပဒဋ္ဌာန်)

ဝေဒနာစေတသိက်ကို ဖြစ်ပေါ်လာစေသော အကြောင်းများအနက် အနီးကပ်ဆုံး သော အကြောင်းတရားမှာ ဖဿ စေတသိက်ဖြစ်ပါသည်။[၁]

ဖဿကြောင့် ဝေဒနာဖြစ်ပေါ်ပုံကို ဖဿစေတသိက်၏အကျိုး ပစ္စုပ္ပဋ္ဌာန်အခန်း၌ အကျယ်ရှင်းပြခဲ့ပါသည်။ သို့အတွက် ဤနေရာ၌ သဘော ချင်းတူသဖြင့် သိသာရုံမျှသာ ဖော်ပြပါတော့မည်။

"မျက်စိအကြည်ဓာတ်နှင့် ရူပါရုံတို့ကိုလည်းကောင်း၊ နား အကြည်ဓာတ်နှင့် သဒ္ဒါရုံတို့ကိုလည်းကောင်း၊ နှာခေါင်းအကြည် ဓာတ်နှင့် ဂန္ဓာရုံတို့ကိုလည်းကောင်း၊ လျှာအကြည်ဓာတ်နှင့်ရသာရုံ တို့ကိုလည်းကောင်း၊ ကိုယ်အကြည်ဓာတ်နှင့် ဖောဋ္ဌဗ္ဗာရုံတို့ကို လည်းကောင်း၊ စိတ်နှလုံးနှင့် စိတ်ကူးအာရုံတို့ကိုလည်းကောင်း၊ အစုံပြု၍ မြင်သိစိတ်၊ ကြားသိစိတ်၊ နံသိစိတ်၊ စားသိစိတ်၊ ကြားသိ စိတ်၊ ထိသိစိတ်၊ ကြံသိစိတ်ဟူသော ဝိညာဏ်ခြောက်ပါး ဖြစ်ပေါ် လာသည်၊ ဝတ္ထု၊ အာရုံ၊ ဝိညာဏ်သုံးပါး ဆုံမိခြင်းကြောင့် အာရုံကို တွေ့ထိမှု ဖဿဖြစ်ပေါ်လာ၏၊ ဖဿ ဖြစ်ပေါ်လာသောကြောင့် ခံစားမှုဝေဒနာဖြစ်လာ၏[၂]။"

"သူရိယကန္တာ၊ ကျောက်လောင်စာနှင့်၊ ရောင်ဝါဝင်းထိန်၊ နေအရှိန်သည်၊ အကြောင်းစုံ၍ ပေါင်းဆုံမိသည်ရှိသော် ကျောက် နှင့် နေတို့မှာ မီးမရှိသော်ငြားသည်း ဓာတ်သဘောအလျောက် မီးထတောက်လာသကဲ့သို့ ထို့အတူ၊ အာရုံစုံ၊ သိမှုသဘော၊ စိတ်ဟူသောဓာတ်တမျိုးသည် အခွင့်သာလျှင်၊ သင့်ရာပေါ်ရေး၊ စုဝေးသောအား၊ 'ထင်ရှားရှိနေပြီ မဟုတ်ပါသော်လည်း၊ ဝတ္ထု၊ အာရုံ၊ စသည်ဆုံ၍၊ ကြုံတွေ့ကြသည်ရှိသော်၊ မကြုံစတောင်း၊ ပယ်ကောင်းမျှ၊အကြောင်းလျော်စွာဖြစ်ပေါ်၍လာရပေသည်"။[၃]

---

၁။ အဘိ၊၄၊၂၁၂၉။ ဝိသုဒ္ဓိ၊၂၊၁၇၉။

၂။ သံ၊၁၊၃၀၀။

၃။ သင်္ခေပ၊၂၈။

အထက်ပါဒေသနာတော်နှင့် အဆိုအမိန့်များအရ ဝတ္ထုရုပ်(သို့မဟုတ်) ပသာဒခေါ်သော အကြည်ဓာတ်အခံဓာတ်များတွင် ရူပါရုံစသော အာရုံဓာတ်အတိုက်ရဓာတ်များလာတိုက်၊ လာထင်သည့်အခါမူလက အခံဓာတ်နှင့် အတိုက်ဓာတ်တို့တွင် စိတ်ဝိညာဏ်ဟုခေါ်သည့်ဓာတ်တမျိုး မရှိသော်ငြားလည်း ဓာတ်သဘောအလျောက် မီးထတောက်သည့်ပမာ သိမှုခေါ်သည့် ဝိညာဏဓာတ်တမျိုး ဖြစ်ပေါ်လာပေသည်။ ဤသို့ အခံဓာတ်( ဝတ္ထု ) အတိုက်ဓာတ်(အာရုံ) နှင့်အသိဓာတ်(ဝိညာဏ်)တို့သုံးမျိုးပေါင်းဆုံမိသည့် အခါ အာရုံကိုဓာတ်ခိုက်သကဲ့သို့ တွေ့ထိမှုဆိုသည့် ဖဿသဘောတရားလည်း ပေါ်လာပါသည်၊ဤနေရာ၌ ဖဿစေတသိက်ဖြစ်ပေါ်လာခြင်းသည် ထိုဝတ္ထု၊ အာရုံ၊ ဝိညာဏ်သုံးပါးတို့ ပေါင်းဆုံမိပြီးမှ ပေါ်လာသည်မဟုတ်၊ ဖဿသည် စေတသိက်ဖြစ်သောကြောင့် ဝိညာဏဓာတ်ပေါ်သည်နှင့်တပြိုင်နက် ထိုဝိညာဏဓာတ်နှင့်အတူ ဖဿပါလာခြင်း ဖြစ်သည်။ ထိုသုံးပါး ဆုံမိသည်နှင့် တပြိုင်နက် ဖဿက မိမိတွေ့ထိရသော အာရုံ၏ အရသာကို မပေါ်ပေါ်အောင် ကြိတ်နယ်ထုတ်ဆောင် ပေးသည်။

ဖဿကြိတ်နယ် ထုတ်ပေးသဖြင့် ပေါ်ထွက်လာသည့်အာရုံ၏ အရသာကို ကောင်းလျှင် ကောင်းသည့် အလျောက်၊ မကောင်းလျှင် မကောင်းသည့်အလျောက် ခံစားသည့် ဝေဒနာ တရား ပေါ်လာရသည်၊ နှစ်သက်သာယာဖွယ် ကောင်းသော ဣဋ္ဌာရုံနှင့် တွေ့လျှင် ရွှင်ရွှင်လန်းလန်း ဝမ်းမြောက် ဝပ်းသာ ခံစားသော သုခဝေဒနာ၊ သောမနဿ ဝေဒနာများ ဖြစ်၏၊ ထိုအခါ ယင်းဝေဒနာတို့နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် ပြုံးပြုံး ရွှင်ရွှင် ကြည်ကြည်လင်လင် ဖြစ်နေပေသည်။

မသာယာဖွယ်၊မုန်းဖွယ်၊ရွံဖွယ်ကောင်းသောအနိဋ္ဌာရုံနှင့် တွေ့ကြုံလျှင် ညှိုးညှိုးနွမ်းနွမ်း ကိုယ်စိတ်မချမ်းပသာ ဖြစ်မှုကို ခံစားသော ဒုက္ခဝေဒနာ ဒေါမနဿ ဝေဒနာများဖြစ်၏၊ ထိုအခါ ယင်းဝေဒနာ တို့နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် ညှိုးညှိုးနွမ်းနွမ်းနှင့် မျက်နှာ မသာမယာ ဖြစ်၍နေပေသည်။

ဤသို့ ဖဿက အာရုံကို တွေ့ထိမှုအာရုံ၏ အရသာပေါ်အောင် ဖိညှစ် ကြိတ်နယ်ပေးပါမှ အာရုံ၏ အရသာကို ခံစားမှုဆိုသည့် ဝေဒနာ ဖြစ် လာနိုင်ပါသည်၊

ဖဿက ဤသို့မျှက်ဆောင်ပါက (ဝါ)ဖဿတရား မဖြစ်ပေါ်လာပါက အာရုံ၏ အရသာကို ခံစားမှုဆိုသည့် ဝေဒနာတရားလည်း ဖြစ်မလာနိုင်ပေ၊ ထို့ကြောင့် ဖဿစေတသိက်သည် ဝေဒနာစေတသိက် ဖြစ်ပေါ်ခြင်း၏ အနီးကပ်ဆုံးသော အကြောင်း ပဒဋ္ဌာန်တရား ဖြစ်ပေသည်။

ထို့ကြောင့် သဠာယတနဝဂ္ဂသံယုတ် ပါဠိတော် ဝေဒနာသံယုတ် ဖဿ မူလကသုတ်၌ အောက်ပါအတိုင်း ဟောတော်မူခဲ့ခြင်း ဖြစ်ပါသည်။

"ရဟန်းတို့၊ ဖဿကြောင့်ဖြစ်ကုန်သော၊ ဖဿလျှင် အရင်းမူလ ရှိကုန်သော၊ ဖဿဟူသော အကြောင်းရှိကုန်သော၊ ဖဿဟူသော အထောက်အပံ့ရှိကုန်သော ဝေဒနာတို့သည် သုံးမျိုးတို့တည်း၊ အဘယ်သုံးမျိုးတို့နည်း၊ သုခဝေဒနာ, ဒုက္ခဝေဒနာ, ဥပေက္ခာ ဝေဒနာတို့တည်း"။

"ရဟန်းတို့၊ ချမ်းသာသော ခံစားမှု၏ အကြောင်း ဖြစ်သော ဖဿကို စွဲ၍ သုခဝေဒနာ ဖြစ်ပေါ်လာရ၏၊ ထိုသုခဝေဒနာ ဖြစ်ပေါ်ကြောင်း ဖြစ်သော ဖဿတရား ချုပ် ငြိမ်း သွားမှသာ သုခဝေဒနာ ချုပ်ငြိမ်း၏။"

"ရဟန်းတို့၊ ဆင်းရဲသော ခံစားမှု၏ အကြောင်းဖြစ်သော ဖဿ ကို အစွဲပြု၍ ဒုက္ခဝေဒနာ ဖြစ်ပေါ်လာရ၏၊ ထိုဒုက္ခဝေဒနာ ဖြစ်ပေါ်ကြောင်း ဖြစ်သော ဖဿတရား ချုပ်ငြိမ်းသွားမှသာ ဒုက္ခဝေဒနာ ချုပ်ငြိမ်း၏"။

"ရဟန်းတို့၊ အသင့်အတင့် ခံစားမှု၏ အကြောင်းဖြစ်သော ဖဿကို စွဲပြု၍ ဥပေက္ခာဝေဒနာ ဖြစ်ပေါ်လာရ၏၊ ထိုဥပေက္ခာ ဝေဒနာ ဖြစ်ပေါ်ကြောင်း ဖြစ်သော ဖဿတရား ချုပ်ငြိမ်းသွား မှသာ ဥပေက္ခာဝေဒနာ ချုပ်ငြိမ်း၏"။

"ရဟန်းတို့၊ ဥပမာအားဖြင့် ထင်းချောင်းနှစ်ချောင်းတို့၏ အချင်းချင်းထိခိုက်မှု ပေါင်းဆုံမှုကြောင့် အပူငွေ့ဖြစ်ပေါ်လာရ၏၊ မီးဖြစ်ပေါ်လာရ၏၊ ထိုထင်းချောင်း နှစ်ချောင်းကို တခြားစီခွဲ ထားလိုက်လျှင် ထိုထင်းချောင်း နှစ်ချောင်း ထိခိုက်ပေါင်းဆုံမှု ကြောင့် ဖြစ်ပေါ်လာသည့် အပူငွေ့သည် ချုပ်ငြိမ်း သွား၏ (မဖြစ်ပေါ်လာနိုင်)"။

"ရဟန်းတို့၊ ဤအတူပင် ဤဝေဒနာ သုံးမျိုးတို့သည် ဖဿ ကြောင့် ဖြစ်ကုန်၏၊ ဖဿလျှင် အရင်းမူလရှိကုန်၏၊ ဖဿဟူသော အကြောင်းရှိကုန်၏၊ ဖဿဟူသော အထောက်အပံ့ရှိကုန်၏၊ ဖဿ ကို အစွဲပြု၍ ဝေဒနာတို့ ဖြစ်ကုန်၏၊ ထိုဝေဒနာအား လျော် သော ဖဿ၏ချုပ်ငြိမ်းခြင်းကြောင့် ထိုဖဿကြောင့် ဖြစ်သော ဝေဒနာတို့ ချုပ်ငြိမ်းကြကုန်၏"။

### ၅။ ဝေဒနာ စေတသိက်အပျိုးမျိုးပြားပုံ

**ဝေဒနာတပျိုး**[၁]။ ။သခါရတရားတို့၏ အပြဲမရှိသည့် သဘောအားဖြင့် ခံစားမှု ဝေဒနာဟူသမျှသည် "ဒုက္ခဝေဒနာ" တမျိုး တည်းသာ ဖြစ်ပေသည်။

မှန်၏။ အခါတပါး၌ ရဟန်းတပါးသည် ဘုရားရှင်၏ မျက်မှောက်သို့ သွားရောက်၍—

"မြတ်စွာဘုရား၊ မြတ်စွာဘုရားသည် ဒုက္ခဝေဒနာ, သုခဝေဒနာ, ဥပေက္ခာဝေဒနာ ဟူ၍ ဝေဒနာသုံးမျိုး ရှိကြောင်း ဟော တော်မူခဲ့ပါသည်။ နောက် ထပ်မံ၍ 'ဝေဒနာမှန်သမျှ ဒုက္ခဝေဒနာချည်း ဖြစ်သည်' ဟု ဟောတော်မူပြန်သည်၊ ဤသို့ဟောရာ၌ ရှင်တော်မြတ်ဘုရား၏ ရည်ရွယ်ချက်ကို သိလိုပါသည် ဘုရား" ဟု လျှောက်၏။

---

[၁] သံ၊ ၂။ ၃၁၇။

ဘုရားရှင်က—

"ချစ်သား၊ ဝေဒနာသုံးမျိုး ဟောသားပြီးလျက် နောက်တဖန် ဝေဒနာဟူသမျှ ဒုက္ခဝေဒနာချည်းဖြစ်သည်ဟု ထပ်မံဟောခြင်းမှာ ပြုပြင်ပြောင်းလဲမှု ရှိသော သင်္ခါရတရားတို့၏ မမြဲခြင်း သဘော၊ ကုန်ခမ်းခြင်းသဘော၊ ပျက်စီးခြင်း သဘော၊ စွဲမက်စရာမရှိခြင်း သဘော၊ ချုပ်ငြိမ်းခြင်းသဘော၊ ဖောက်ပြန် ပြောင်းလဲခြင်း သဘောတို့ကို ရည်ရွယ်၍ ငါဘုရားဟောတော်မူခြင်း ဖြစ်သည်။"

ဟု မိန့်တော်မူပါသည်။

ဤသို့ ဟောတော်မူသိုခြင်းမှာ — ဆင်းရဲမှုကို ခံစားသည် ဖြစ်စေ၊ ချမ်းသာမှုကို ခံစားသည်ဖြစ်စေ ခံစားမှုဟူသမျှသည် ပျက်စီးမှု၊ မမြဲမှု၊ ပြုပြင်ပြောင်းလဲမှု သဘောရှိသောကြောင့် သင်္ခါရ ဒုက္ခချည်းသာ ဖြစ်သည်ဟု အဓိပ္ပါယ်ရပါသည်၊

**ဝေဒနာနှစ်မျိုး**[၁]။ ။ဝေဒနာစေတသိက်သည် အာရုံ၏ အရသာကို ခံစားခြင်း သဘောလက္ခဏာ အားဖြင့် တမျိုးတည်း ဖြစ်သော်လည်း ဖြစ်ပေါ်ရာ ဒွါရ၏ အစွမ်းအားဖြင့်—

(၁) ပဉ္စဒွါရိက ဝေဒနာ

(၂) မနောဒွါရိက ဝေဒနာ

ဟု နှစ်မျိုးရှိပါသည်။

ထိုနှစ်ပါးတွင် ပဉ္စဒွါရိက ဝေဒနာဆိုသည်မှာ—ဒွါရငါးပါး ထင်ရှားရှိနေသမျှ ကာလပတ်လုံး စက္ခုဒွါရ, သောတဒွါရ, ဃာနဒွါရ, ဇိဝှါဒွါရ, ကာယဒွါရဟူသော ဒွါရငါးပါးကို အစွဲပြု၍ ဖြစ်ပေါ်နေသော ဝေဒနာ ဖြစ်သည်။

မနောဒွါရိက ဝေဒနာကား အသက်ထင်ရှားရှိနေသမျှ ကာလပတ်လုံး မနောဒွါရ၌ ဖြစ်ပေါ်နေသော ဝေဒနာ ဖြစ်သည်။

---

၁။ သံ၊ ၄၊ ၂၄၄၊ ၃၃။ ဆုံ၊ ၄၊ ၂။ ၃၆၀။

ဒွိရင်းပါး၌ ဖြစ်သော ပဋ္ဌဒွါရိကဝေဒနာသည် မနောဒွါရိက ဝေဒနာ နောက်မှ ဖြစ်ပေါ်ပြီး ရှေးဦးစွာ ချုပ်ဆုံးသွားသည်၊ မနောဒွါရိက ဝေဒ-နာမှာမူ ပဋ္ဌဒွါရိက ဝေဒနာ မဖြစ်မီ ရှေးဦးစွာဖြစ်၍ ပဋ္ဌဒွါရိက ဝေဒနာချုပ် ဆုံးပြီးနောက်မှ ချုပ်ဆုံးပေသည်။

မှန်၏။ ထိုမနောဒွါရိက ဝေဒနာသည် ပဋိသန္ဓေနေချိန်၌ ပဋိသန္ဓေစိတ် နှင့်အတူ ဟဒယဝတ္ထုရုပ်ကိုမှီ၍ ဖြစ်ပေါ်လာသည်။ ပဋ္ဌဒွါရိက ဝေဒနာ သည် စက္ခုဒွါရစသည်တို့ ဖြစ်ပေါ်ရာ ပဝတ္တိအခါမှသာ ဖြစ်၍ မနောဒွါရိက ဝေဒနာထက် အဖြစ်နောက်ကျသည်။

ပထမအရွယ် အသက်(၂၀)တွင် တပ်မက်ခြင်း(လောဘ)၊ပြစ်မှားခြင်း (ဒေါသ)၊ တွေဝေခြင်း(မောဟ)တို့ လွန်ကဲသဖြင့် ပဋ္ဌဒွါရိက၌ ဖြစ်သော (ပဋ္ဌဒွါရိက) သုခ, ဒုက္ခ, ဥပေက္ခာ ဝေဒနာတို့သည် အလွန်အားရှိကြ၏။ အသက်(၅၀) အရွယ် ရောက်သည့်အခါ၌မူ ထိုဝေဒနာသည် တန့်နေ၏၊ အသက်( ၆၀ ) အရွယ်မှစပြီး ထိုဝေဒနာဖြစ်မှု ဆုတ်ယုတ် သွားပေ သည်။ အသက်(၇၀) (၈၀) အရွယ်၌မူ ခံစားမှု ဝေဒနာ အလွန်အလွန် အားနည်းသွားတော့သည်။ ထိုအရွယ်တွင် သဏ္ဌာဝါတို့သည် သတိသွတ်၍ ခံစားမှုဝေဒနာလည်း မပေါ်လွင် မထင်ရှားတော့ချေ။ ကြာမြင့်စွာ အတူ နေထိုင်ဘူးသူတို့ကိုပင်မသိကြတော့ကုန်။အလွန်ထင်ရှားသော ရုပါရုံစသည့် အာရုံများကိုလည်း မမြင်ကြတော့၊ အနံ့ကောင်းနှင့် အနံ့ဆိုးတို့ကိုလည်း ကောင်း၊ သာယာဖွယ်နှင့် ရွံရှာဖွယ်တို့ကိုလည်းကောင်း၊ အကြမ်းနှင့် အနုတို့ကို လည်းကောင်း ခွဲခြား မသိကြတော့ကုန်၊ ထို(သူငယ်ပြန်)သည့်အ ချိန်တွင် အရွယ်ကြီးသူတို့အား ပဋ္ဌဒွါရိက ဝေဒနာသည် ပျက်စီးသွား ပေသည်။

မနောဒွါရိက ဝေဒနာမှာမူ ဆက်လက်ဖြစ်လျက် ရှိသေးသည်။ သို့သော် ထိုဝေဒနာသည်လည်း အစဉ်အတိုင်း ယုတ်လျော့သွား၍ သေခါ နီးအချိန်တွင် နှလုံးအိမ်ကိုမှီ၍ တည်နေ၏၊ ထိုဝေဒနာ ဆက်လက်ဖြစ်နေ သရွေ့ သတ္တဝါ အသက်ရှင် နေသေးသည်ဟုဆိုရ၏၊ထိုဝေဒနာ ဆက်လက် မဖြစ်တော့မှပင် သတ္တဝါ သေသည် ချုပ်သည်ဟု ဆိုရပေမည်။

## ဝေဒနာ (၂)မျိုးနှင့် ရေကန်ကြီး ဉပမာ

ဤအဓိပ္ပာယ် ပေါ်လွင်အောင် ဉပမာ ဆောင်ပြပါမည်၊ ရေဝင် ပေါက်သမ်း ငါးခုရှိသော ရေကန်ကြီး တကန်ရှိပါသည်၊ ပထမ မိုးစတင်ရွာသည့်အခါ မိုးရေသည် ရေဝင်လမ်း ငါးသွယ်တို့ဖြင့် ကန်ထဲသို့ ကန်အတွင်းရှိတွင်းများ ပြည့်သွားအောင် စီးဝင်၏၊ မိုးအကြိမ်ကြိမ် ရွာသည့်အခါ ရေဝင်လမ်းတို့ ပြည့်လျှံသွားပြီး တစ်ဂါဝုတ်၊ နှစ်ဂါဝုတ်အထိ ရေလွှမ်းမိုးသွားလေသည်။

ထိုအချိန်တွင် ရေလွှတ်ပေါက်တို့ကို ဖွင့်၍ လယ်ယာလုပ်ငန်းတို့ကို ပြုလုပ်သည့်အခါ ကန်မှရေများ ထွက်လာ၏၊ ကောက်ရိတ်ချိန် ရောက်သည့်အခါ၌မူ ကန်မှ ရေထွက်ယုတ်လျော့ အားနည်းသွားပေသည်၊ကန်တွင်ရေနည်းသွားသဖြင့် ငါးဖမ်းလိုရမည့်အခြေပင် ရောက်လာ၏။ထို့နောက် တွင်းထဲတွင် နှစ်ရက်သုံးရက်အထိ ရေရှိနေပေသေးသည်၊တွင်းများထဲ၌ ရေရှိနေသေးသရွေ့ ရေကန်ကြီး၌ ရေရှိ၏ဟု ဆိုရ၏၊တွင်းထဲ၌ရေများ ခန်းသွားမှ ကန်ကြီး၌ ရေမရှိတော့ဟု ဆိုရလေသည်။

ဤဉပမာ၌ ပထမအကြိမ် မိုးစတင်ရွာ၍ ရေဝင်ပေါက်ငါးသွယ်တို့ဖြင့် မိုးရေဝင်ပြီး ကန်အတွင်းရှိ တွင်းများပြည့်သည်နှင့် ပထမဆုံးပဋိသန္ဓေနေချိန်တွင် ဟဒယဝတ္ထုံရုပ်ကိုမှီ၍ မနောဒွါရိကဝေဒနာ ဖြစ်ပေါ်လာခြင်းတို့ တူပါသည်။ မိုးအကြိမ်ကြိမ် ရွာသဖြင့် ရေဝင်လမ်းငါးသွယ်တို့ ပြည့်သွားခြင်းနှင့် ပဉ္စဒွါရိကဝေဒနာ ဖြစ်ပေါ်လာခြင်းတို့ တူကြပါသည်၊ တစ်ဂါဝုတ်၊နှစ်ဂါဝုတ်မျှ ရေလွှမ်းမိုးခြင်းနှင့် ပထမအရွယ် အသက်နှစ်ဆယ်အချိန်၌ တပ်မက်ခြင်းစသည်တို့ကြောင့် ထိုပဉ္စဒွါရိကသုခဝေဒနာစသည်တို့ လွန်ကဲအားကောင်းခြင်းတို့ တူပါသည်၊ ကန်မှ ရေမထွက်သေးပဲ ကန်တွင်ရေအပြည့် တည်ရှိနေခြင်းနှင့် အသက်ငါးဆယ်အရွယ်တွင် ထိုပဉ္စဒွါရိကဝေဒနာတို့မယုတ်လျော့ ရပ်တည်နေခြင်းတို့ တူပါသည်။

ရေလွှတ်ပေါက်များကို ဖွင့်၍ လယ်ယာလုပ်ငန်းတို့ဖြင့် ပြုလုပ်သည့်အခါ ရေများ ထွက်ကုန်သဖြင့် လျော့နည်းသွားခြင်းနှင့် အသက်ခြောက်ဆယ် အရွယ်မှစ၍ ထိုဝေဒနာ ဆုတ်ယုတ်လျော့နည်းသွားခြင်းတို့ တူပါသည်၊ ရေလျော့နည်းသွား၍ ရေလမ်းများ၌ ရေအနည်းငယ်သာ တည်ရှိတော့ခြင်းနှင့် အသက်ရှစ်ဆယ် ကိုးဆယ်အရွယ် ပဋ္ဌဒွါရိကဝေဒနာ အားနည်းသွားခြင်းတို့ တူပါသည်။

တွင်းများ၌သာ ရေရှိတော့ခြင်းနှင့် ဟဒယဝတ္ထုရုပ်ကိုမှီ၍ မနောဒွါရိကဝေဒနာသာ ဖြစ်တော့ခြင်းတို့ တူ၏၊ တွင်းများ၌ ရေအနည်းငယ်မျှသာ ကျန်စေကာမူ ကန်တွင် ရေရှိနေသေးသည်ဟု ဆိုရသကဲ့သို့ ထိုအတူ မနောဒွါရိကဝေဒနာ ဆက်လက်ဖြစ်နေသေးသရွေ့ သတ္တဝါအသက်ရှင်နေသေးသည်ဟု ဆိုရပေမည်။ တွင်းများထဲ၌ ရေလုံးဝ ခန်းသွားပါလျှင် ကန်တွင် ရေမရှိတော့ဟု ဆိုရသကဲ့သို့ ထို့အတူ မနောဒွါရိကဝေဒနာ လုံးဝမဖြစ်တော့လျှင် သေကြပါးသည်ဟု ဆိုရပေတော့သည်။

တနည်းအားဖြင့် ဝေဒနာသည်—

(၁) ကာယိကဝေဒနာ၊

(၂) စေတသိကဝေဒနာ၊

ဟူ၍ နှစ်မျိုးရှိပါသည်[၁]။ ထိုတွင် ဖောဋ္ဌဗ္ဗာရုံကို စွဲ၍ ကိုယ်၌ဖြစ်သော ခံစားမှုသည် ကာယိကဝေဒနာ ဖြစ်သည်၊ အာရုံခြောက်ပါးကို အာရုံပြု၍ စိတ်ထဲ၌ဖြစ်သော ခံစားမှုသည် စေတသိကဝေဒနာ ဖြစ်သည်။

ကာယိကဝေဒနာသည် ဒုက္ခဝေဒနာ, သုခဝေဒနာဟု နှစ်မျိုးရှိသကဲ့သို့ စေတသိကဝေဒနာသည်လည်း ဒုက္ခဝေဒနာ, သုခဝေဒနာဟူ၍ နှစ်မျိုးရှိပေသည်။

---

၁။ ထီ၊ ၂၄၂၉။

တနည်းအားဖြင့် ဝေဒနာသည်–

(၁) သာတဝေဒနာ၊

(၂) အသာတဝေဒနာ၊

အားဖြင့် နှစ်ပါးရှိ၏၊ ထိုတွင် သာယာနှစ်သက်ဖွယ်ကောင်းသော အာရုံကို ခံစားခြင်းသည် သာတဝေဒနာ မည်၏၊ မသာယာဖွယ်၊ မနှစ်သက်ဖွယ် ကောင်းသော အာရုံကို ခံစားခြင်းသည် အသာတဝေဒနာ မည်၏။

ထိုသာတဝေဒနာသည် ကာယိကသာတဝေဒနာ၊ မာနသိကသာတ ဝေဒနာအားဖြင့် နှစ်မျိုးရှိသကဲ့သို့ အသာတဝေဒနာသည်လည်း ကာယိက အသာတဝေဒနာ၊မာနသိကအသာတဝေဒနာအားဖြင့် နှစ်မျိုးရှိပေသည်။

ဝေဒနာ(၃)မျိုး[၁]။ ။ဝေဒနာ စေတသိက်သည် အာရုံကို ခံစားခြင်း သဘောလက္ခဏာရှိသော်လည်း အာရုံခံစားပုံ(၃) မျိုး ကွဲပြားသောကြောင့် ဝေဒနာလည်း အောက်ပါအတိုင်း သုံးမျိုးရှိ ပါသည်။

(၁) သုခဝေဒနာ (ချမ်းသာသုခကို ခံစားခြင်း)

(၂) ဒုက္ခဝေဒနာ (ဆင်းရဲဒုက္ခကို ခံစားခြင်း)

(၃) အဒုက္ခမသုခဝေဒနာ (ချမ်းသာလည်း မဟုတ်၊ ဆင်းရဲ လည်း မဟုတ်သည်ကို ခံစားခြင်း)

ထိုသုံးမျိုးတွင် သုခဝေဒနာဆိုသည်မှာ–မိမိ အလိုရှိအပ် နှစ်သက် မြတ်နိုးအပ်သော ဣဋ္ဌာရုံတို့နှင့် တွေ့ကြုံ ဆုံဆည်းရသည့်အခါ ထိုဣဋ္ဌာရုံ ကို ခံစားခြင်းသဘော၊ ကိုယ်ယဲ့ဝိဝ်ထဲ၌ ခံသာသောသဘော၊ ရွှင်လန်း ချမ်းမြေ့သော သဘောများပင် ဖြစ်သည်။

---

၁။ အဘိ၊၁၊၁။ အဘိ၊၂၊၃။ သံ၊၂၊၄၀၇။

မိမိတို့ အလိုမရှိအပ်၊ မနှစ်သက်မမြတ်နိုးအပ်သော အနိဋ္ဌာရုံတို့နှင့် တွေ့ကြုံဆုံဆည်းရသည့်အခါ ထိုအနိဋ္ဌာရုံ ခံစားခြင်း၊ ကိုယ်ထဲစိတ်ထဲ၌ မခံသာသောသဘော၊ မရွှင်လန်း မချမ်းမြေ့သောသဘော၊ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲမှုသဘောတို့ကို ဒုက္ခဝေဒနာဟု ခေါ်သည်။

အဒုက္ခမသုခဝေဒနာဆိုသည်မှာ–ဒုက္ခလည်းမဟုတ် သုခလည်း မဟုတ် သော ဝေဒနာဖြစ်သည်၊ ထိုဝေဒနာကိုဥပေက္ခာဝေဒနာဟုလည်း ခေါ်သည်၊ ဣဋ္ဌာရုံလည်းမဟုတ် အနိဋ္ဌာရုံလည်းမမည်၊ ရိုးရိုးအလယ်အလတ်ဖြစ်သော သာမန်အာရုံများနှင့် တွေ့ကြုံရသည့်အခါ မသိမသာမထင်မရှား ခံစားမှု ဖြစ်ပေါ်သည့် အဒုက္ခမသုခဝေဒနာခေါ် ဥပေက္ခာဝေဒနာပင် ဖြစ်သည်။ ထိုဝေဒနာသုံးမျိုး၏ သဘော လက္ခဏာများကို ဖော်ပြပြီးခဲ့သော လက္ခဏာခန်းနှင့်ရသခန်းတို့တွင် ထွေထွေထူးထူး ရှင်းလင်း ခဲ့ပြီး ဖြစ်ပါသည်။

ဝေဒနာ(၃)မျိုး။ ။ဝေဒနာ၏ အာရုံ၏ အရသာကို ခံစားပုံသည် သာယာ နှစ်သက်သောအားဖြင့်လည်း အာရုံ၏ အရသာကို ခံစား၏၊ မသာမယာမခံသာသောအားဖြင့်လည်း အာရုံ၏ အရသာကို ခံစား၏၊ သာယာသည်လည်းမဟုတ် မသာယာသည်လည်း မဟုတ် အလယ်အလတ်အားဖြင့်လည်း အာရုံ၏ အရသာကို ခံစား၏၊ ဤသုံးမျိုးမှတပါးသော အာရုံ၏ခံစားမှုမည်သည် မရှိချေ၊ ထို့ကြောင့် ခံစားပုံ(၃)မျိုး ကွဲပြား(အနုဘဝနဘေဒ)သောကြောင့် ဝေဒနာသုံးမျိုး ရှိပုံကို အထက်တွင် ပြဆိုခဲ့ခြင်းဖြစ်သည်။

သို့သော်ဗုဒ္ဓရှင်တော်ဘုရားသည် ဣန္ဒြိယဂိုဏ်းပါဠိတော်၌ "သုခိန္ဒြိယံ၊ ဒုက္ခိန္ဒြိယံ၊ သောမနဿိန္ဒြိယံ၊ ဒေါမနဿိန္ဒြိယံ၊ ဥပေက္ခိန္ဒြိယံ" ဟု ငါးပါး ခွဲခြားဝေဖန် ဟောတော်မူပြန်သောကြောင့် ထိုဝေဒနာသည် ဣန္ဒြေ အပြား(ဣန္ဒြိယဘေဒ)အားဖြင့် အောက်ပါအတိုင်း ငါးပါးရှိကြပြန်သည်။

(၁) သုခဝေဒနာ (ကိုယ်၌ဖြစ်သော ချမ်းသာခံစားမှု)

(၂) ဒုက္ခဝေဒနာ (ကိုယ်၌ဖြစ်သော ဆင်းရဲခံစားမှု)

(၃) သောမနဿဝေဒနာ(စိတ်၌ဖြစ်သော ချမ်းသာခံစားမှု)

(၄) ဒေါမနဿ ဝေဒနာ (စိတ်၌ဖြစ်သော ဆင်းရဲခံစားမှု)

(၅) ဥပေက္ခာဝေဒနာ (အလယ်အလတ်အားဖြင့် ခံစားမှု)

အဘယ်ကြောင့် ဝေဒနာသုံးပါးက ငါးပါး ဖြစ်လာရသနည်း ဆိုသော် သုခဝေဒနာ တမျိုးတည်း ဖြစ်သော်လည်း ချမ်းသာခံစားမှု (သုခဝေဒနာ) သည် ကိုယ်၌ဖြစ်သော ချမ်းသာခံစားမှု၊ စိတ်၌ဖြစ်သော ချမ်းသာခံစားမှု ဟု နှစ်မျိုးကွဲပြားပါသည်၊ ထို့ကြောင့် ကိုယ်၌ဖြစ်သော ချမ်းသာခံစားမှုကို သုခဝေဒနာဟု ခေါ်၍ စိတ်၌ဖြစ်သော ချမ်းသာ ခံစားမှုကို သောမနဿဝေဒနာဟု ခေါ်ရလေသည်။

ထို့အတူ ဆင်းရဲခံစားမှု (ဒုက္ခဝေဒနာ) သည်လည်း တပါးတည်း ဖြစ်သော်လည်း ကိုယ်၌ဖြစ်သော ဆင်းရဲခံစားမှု၊ စိတ်၌ဖြစ်သော ဆင်းရဲ ခံစားမှုဟု နှစ်မျိုးပြားသောကြောင့် ကိုယ်၌ဖြစ်သော ဆင်းရဲခံစားမှုကို ဒုက္ခဝေဒနာဟုခေါ်၍ စိတ်၌ဖြစ်သော ဆင်းရဲခံစားမှုကို ဒေါမနဿ ဝေဒနာဟု ခေါ်ပါသည်။

**ဝေဒနာ ၆-မျိုး။** ။ဝေဒနာသည် ဖြစ်ပေါ်ရာ ဒွါရအပြား (ဒွါရဘေဒ) အားဖြင့် အောက်ပါအတိုင်း (၆) မျိုးရှိသည်။

(၁) စက္ခုသမ္ဖဿဇာဝေဒနာ (မျက်စိအတွေ့ကြောင့် ဖြစ်လာသော ခံစားမှု)၊

(၂) သောတသမ္ဖဿဇာဝေဒနာ (နားအတွေ့ကြောင့် ဖြစ်လာသော ခံစားမှု)၊

(၃) ဃာနသမ္ဖဿဇာ ဝေဒနာ (နှာခေါင်းအတွေ့ကြောင့် ဖြစ်လာ သော ခံစားမှု)၊

(၄) ဇိဝှါသမ္ဖဿဇာ ဝေဒနာ (လျှာအတွေ့ကြောင့် ဖြစ်လာသော ခံစားမှု)၊

(၅) ကာယသမ္ဖဿဇာ ဝေဒနာ (ကိုယ်အတွေ့ကြောင့် ဖြစ်လာသော ခံစားမှု)၊

(၆) မနောသမ္ဖဿဇာ ဝေဒနာ (နှလုံးအတွေ့ကြောင့် ဖြစ်လာသော ခံစားမှု)၊

ထိုခြောက်ပါးတွင် စက္ခုဝိညာဏ်ဒွေ့၌ရှိသော ဝေဒနာသည် စက္ခုအတွေ့ (စက္ခုသမ္ဖဿ) ကြောင့် ဖြစ်ပေါ်လာသော ဝေဒနာဖြစ်၍ စက္ခုသမ္ဖဿဇာ ဝေဒနာမည်၏။

သောတဝိညာဏ်ဒွေ့၌ရှိသော ဝေဒနာသည် သောတအတွေ့ (သောတသမ္ဖဿ) ကြောင့် ဖြစ်ပေါ်လာသော ဝေဒနာဖြစ်၍ သောတသမ္ဖဿဇာ ဝေဒနာမည်၏။

ဃာနဝိညာဏ်ဒွေ့၌ရှိသော ဝေဒနာသည် ဃာနအတွေ့ (ဃာနသမ္ဖဿ) ကြောင့် ဖြစ်ပေါ်လာသော ဝေဒနာဖြစ်၍ ဃာနသမ္ဖဿဇာ ဝေဒနာမည်၏။

ဇိဝှါဝိညာဏ်ဒွေ့၌ရှိသော ဝေဒနာသည် ဇိဝှါအတွေ့ (ဇိဝှါသမ္ဖဿ) ကြောင့် ဖြစ်ပေါ်လာသော ဝေဒနာဖြစ်၍ ဇိဝှာသမ္ဖဿဇာဝေဒနာ ဖြစ်သည်။

ကာယဝိညာဏ်ဒွေ့၌ရှိသော ဝေဒနာသည် ကာယအတွေ့ (ကာယသမ္ဖဿ) ကြောင့် ဖြစ်ပေါ်လာ၍ ကာယသမ္ဖဿဇာ ဝေဒနာမည်၏။

ဒွေပဉ္စဝိညာဏ် တဆယ်ကြဉ်သော လောကီဝိပါက် ၂၂-ပါး၌ရှိသော ဝေဒနာသည် (ဝါ) ဒွေပဉ္စဝိညာဏ်ကြဉ်သော စိတ် ၇၉-ပါး၌ ရှိသော ဝေဒနာသည် မနောနှလုံးအတွေ့ (မနောသမ္ဖဿ) ကြောင့် ဖြစ်ပေါ်လာသော ဝေဒနာဖြစ်၍ မနောသမ္ဖဿဇာ ဝေဒနာမည်၏။

ဝေဒနာခြောက်ပါး ဖြစ်ပုံကို အနည်းငယ် ရှင်းပြဦးအံ့။ ဣဋ္ဌ အဆင်း အာရုံကို မြင်သည့်အခါ မျက်စိအတွေ့ခေါ်သော စက္ခုသမ္ဖဿ၏ အာနုဘော်ကြောင့် ထိုအာရုံ၌ရှုချင်ဖွယ်ကောင်းသော ဣဋ္ဌရသသည် ပေါ်ထွက်လာ၏၊ ထိုအခါ ပေါ်လာသော ဣဋ္ဌရသကို ကောင်းစွ ကောင်းစွ၊ လှပတင့်တယ်စွဟု ခံစားစံစားသော စက္ခုသမ္ဖဿဇာသုခဝေဒနာသည် စိတ်သန္တာန်မှာ ဖြစ်ပေါ်လာ၏၊ ခြောက်သွေ့သော ထမင်းကို ထောပတ်ရည်ဆမ်းလိုက်ဘိသကဲ့သို့ စိတ်သန္တာန်မှာ ငြှမ်းရှမ်းစို၍ လာ၏၊ညှိုးနွမ်းနေသော ပဒုမ္မာကြာကို သီတာရေချမ်း ဆွတ်ဖျန်းလိုက်သဖြင့် လန်းဆန်းဖွံ့ဖြိုးလာသကဲ့သို့ စိတ်သန္တာန်၌ ရွှင်လန်း ဖွံ့ဖြိုးလာ၏၊ မျက်နှာရွှန်း၍ စို၍ အသွေးအရည်တက်၍လာ၏။ ထိုသို့ စက္ခုအမြင် စိတ်အစဉ်မှာ ရွှန်းရွှန်းစိုတက်၍လာသော သုခဝေဒနာသည် စက္ခုသမ္ဖဿဇာ သုခဝေဒနာ ဖြစ်သည်။

မြင်တွေ့လိုက်ရသည့် အဆင်းအာရုံက မကြည့်ချင်စရာ၊ ရွံစရာ၊ မုန်းစရာ အနိဋ္ဌာရုံမျိုးဖြစ်ပါက စိတ်မချမ်းသာမှု၊ စိတ်ဆင်းရဲမှု ဟူသော ဒုက္ခဝေဒနာ ဖြစ်လာသည်၊ ထိုဝေဒနာသည် မျက်စိအတွေ့ကြောင့် ဖြစ်ပေါ်လာသော ဝေဒနာဖြစ်၍ စက္ခုသမ္ဖဿဇာ ဒုက္ခဝေဒနာဖြစ်သည်။

ကောင်း၊ မကောင်း မထင်ရှားသည့် ရိုးရိုးမြင်နေကျ အဆင်းအာရုံကို မြင်ရသည့်အခါ၌မူ ခံစားမှုသဘော မထင်ရှားသည့် ဥပေက္ခာဝေဒနာ ဖြစ်လာသည်၊ ထိုဝေဒနာသည် စက္ခုသမ္ဖဿဇာ ဥပေက္ခာဝေဒနာ ဖြစ်သည်။

သာယာဖွယ်အသံကိုကြား၍ သောတ အတွေ့ကြောင့် ဖြစ်ပေါ်လာသော နားအရသာ၊ နားမြိန်ယှက်မှု၊ နားချမ်းသာမှု၊ နားဆိမ့်အိန္ဒြမှုသည် သောတသမ္ဖဿဇာ သုခဝေဒနာဖြစ်သည်။

မသာယာဖွယ် အသံကိုကြားရ၍ သောတအတွေ့ကြောင့် ဖြစ်ပေါ်လာသော နားမချမ်းသာမှုသည် သောတသမ္ဖဿဇာ ဒုက္ခဝေဒနာ ဖြစ်သည်။

အနံ့ကို နံ၍ ဃာနအတွေ့ကြောင့် ဖြစ်ပေါ်လာသော ခံစားမှု၊ ဃာနသမ္ဖဿဇာ ဝေဒနာများ ရသာစုံကို သုံးဆောင်ရ၍ ဇိဝှါအတွေ့ကြောင့် ဖြစ်ပေါ်လာသော ခံစားမှု ဇိဝှါသမ္ဖဿဇာ ဝေဒနာများ၊ ဖောဋ္ဌဗ္ဗာရုံတို့နှင့် ပေါင်းဆုံမိ၍ ကိုယ်အတွေ့ကြောင့် ဖြစ်ပေါ်လာသော ခံစားမှု ကာယသမ္ဖဿဇာ ဝေဒနာများ၊ အာရုံခြောက်ပါးတွင် တပါးပါးသော အာရုံကို အာရုံပြု၍ စိတ်အတွေ့ နှလုံးအတွေ့ကြောင့် ဖြစ်ပေါ်လာသော ခံစားမှု မနောသမ္ဖဿဇာ ဝေဒနာများ ဖြစ်ပုံကိုလည်း စက္ခုသမ္ဖဿဇာ ဝေဒနာ၊ သောတသမ္ဖဿဇာ ဝေဒနာများနည်းကိုမှီး၍ သိနိုင်ကြပေသည်။

တနည်းအားဖြင့် ဝေဒနာသည်

(၁) သာမိသ သုခဝေဒနာ (ကာမဂုဏ် အစာနှင့် စပ်ဆိုင်သော ချမ်းသာမှု)

(၂) နိရာမိသ သုခဝေဒနာ (ကာမဂုဏ်အစာနှင့် မစပ်ဆိုင်သော ချမ်းသာမှု)

(၃) သာမိသ ဒုက္ခဝေဒနာ (ကာမဂုဏ် အစာနှင့် စပ်ဆိုင်သော ဆင်းရဲမှု)

(၄) နိရာမိသ ဒုက္ခဝေဒနာ (ကာမဂုဏ်အစာနှင့် မစပ်ဆိုင်သော ဆင်းရဲမှု)

(၅) သာမိသ အဒုက္ခမသုခဝေဒနာ(ကာမဂုဏ်အစာနှင့် စပ်ဆိုင်သော မသင်မရှား ခံစားမှု)

(၆) နိရာမိသအဒုက္ခမသုခဝေဒနာ (ကာမဂုဏ်အစာနှင့် မစပ်ဆိုင်သော မထင်မရှား ခံစားမှု)

ဟူ၍ (၆)မျိုးရှိပါသည်။[၁]

---

၁။ မ၊၂၊၂၃၆။

(၁)သာမိသသုခဝေဒနာ[၁]။ ။ကျွဲနွားမျိုးတွင် အလိုရှိအပ်,ချစ်ခင်အပ်, နှစ်သက်သာယာအပ်သော လင်မယား သား သမီး,အဝတ်အစား,အိမ်,ယာ,ကျွဲ, နွား, ဆင်, မြင်း,ရွှေ,ငွေစသည့်ဘို့ကိုလည်းကောင်း၊ ကိုယ်တွင်း၌ရှိသော အဆင်း၊ မျက်စိမြင်ပုံ၊ ချမ်းသာပုံ တုတ်သိလိမ္မာမှု စသည်တို့ကိုလည်းကောင်း အကြောင်းပြု၍ ဝမ်းသာခြင်းသည် သာမိသသုခမည်ပါသည်၊ ကာမဂုဏ်အစာနှင့်ဆိုင်သော ချမ်းသာ ဟု ဆိုလိုပါသည်။

ထိုချမ်းသာမှုကို ဂေဟဿိတသောမနဿဟုလည်း ခေါ်ပါ၏၊ ကာမဂုဏ်နေအိမ်ကို မှီသော ရွှင်လန်းဝမ်းသာမှုဟု ဆိုလို၏၊ ဤ၌ဂေဟဆိုသည်မှာ အိမ်ဟု အဓိပ္ပာယ်ရ၏၊ အဆင်း,အသံ,အနံ့,အရသာ,အတွေ့အထိ ဓမ္မာရုံဟူသော အာရုံခြောက်ပါး ကာမဂုဏ်တရားများကို ကာမတဏှာ၏ နေအိမ်ကြီးသဖွယ်ဖြစ်သောကြောင့် ဂေဟဟုခေါ်၏၊ ထိုဂေဟဟူသော ကာမဂုဏ်ခြောက်ပါးကာမဂုဏ်တရားကို အကြောင်းပြု၍ ကာမတဏှာနှင့်အတူဖြစ်ပေါ်လာသော ဝမ်းမြောက်ခြင်း သောမနဿဝေဒနာကို ဂေဟဿိတသောမနဿဝေဒနာဟု ခေါ်ပါသည်။

ဤသာမိသသုခဝေဒနာသည် လှပသောအခင်းကို အကြောင်းရင်းပြု၍ လင်မယားစသော ကာမဂုဏ်ဝတ္ထုကို အာရုံပြုလျက် ဝမ်းသာသောအခါ၌ ရူပါရုံကို မှီ၍ဖြစ်သည်မည်၏။ သာယာချိုမြိန်သော စကားသံစသည်ကို အကြောင်းရင်းပြု၍ လင်မယား စသော ကာမဂုဏ်ဝတ္ထုကို အာရုံပြုလျက် ဝမ်းသာသောအခါ၌ သဒ္ဒါရုံစသည်ကို မှီ၍ ဖြစ်သည်မည်၏၊ ထိုသို့သော ကာမဂုဏ်ဝတ္ထုတို့နှင့် လောလောဆယ် ပြည့်စုံသည်ကို နှလုံးသွင်းမိ၍လည်း ဝမ်းသာမှုဖြစ်တတ်၏၊ ရှေးက ပြည့်စုံစွာခံစားခဲ့ဖူးသည်ကို ဆင်ခြင်အောက်မေ့၍လည်း ဝမ်းသာမှုဖြစ်တတ်၏၊ ထိုဝမ်းသာမှု အားလုံးသည် သာမိသသုခဝေဒနာဖြစ်ပါသည်။

---

၁။ သာမိသ=ကာမဂုဏ်အစာနှင့်ယှဉ်သော + သုခဝေဒနာ=ချမ်းသာခံစားမှု။

(၂) နိရာမိသသုခဝေဒနာ[၁]။ ။သီလ, သမာဓိ, ပညာ ၊ စ ကုသိုလ်တရား တို့ကို ကျိုးစားအားထုတ်သောသူအား ထိုကုသိုလ်လုပ်ငန်းရပ်ကို အကြောင်းပြု၍ ရွှင်လန်းဝမ်းမြောက်မှုကို နိရာမိသသုခဝေဒနာဟု ခေါ်၏။ ဥပမာ ဒွါရခြောက်ပါး၌ ထင်လာသော အာရုံခြောက်ပါးတို့ကို မပြတ်မစဲအမြဲရှုမှတ်နေသောသူသည် ဉာဏ်ရင့်လာသောအခါ၌ ထိုအာရုံခြောက်ပါး၏ ဖြစ်မှု,ပျက်မှုကို မျက်မှောက်တွေ့မြင်၍ မမြဲသော အချင်းအရာကိုလည်း သိမြင်၏၊ထိုအခါ၌ မျက်မှောက်မြင်အပ်သော ပစ္စုပ္ပန်အာရုံနှင့်နှိုင်းဆ၍ တွေ့ကြုံခဲ့ဖူးသည့် အတိတ်အာရုံခြောက်ပါးတို့ကိုလည်းကောင်း၊ တွေ့ကြုံဆဲ အာရုံတို့ကိုလည်းကောင်း မမြဲဆင်းရဲ ပြောင်းလဲဖောက်ပြန်သော တရားချည်းသာဟု သိမြင်ဆုံးဖြတ်၏၊ ဤသို့သိမြင်သောသူအား မှတ်သိတိုင်း မှတ်သိတိုင်း ဝမ်းသာမှု ဖြစ်ပေါ်တတ်၏၊ ဤဝမ်းသာမှုသည် နိရာမိသသုခဝေဒနာမည်၏၊ "ကာမဂုဏ်အစာနှင့် မစပ်ဆိုင်သော ချမ်းသာ"ဟု ဆိုလို၏။

ယင်းချမ်းသာမှုကို "နေက္ခမ္မသိတသောမနဿ" ဟုလည်း ခေါ်၏၊ အိမ်ရာ အနှောင်အဖွဲ့ နီဝရဏသော ဆန့်ကျင်ဘက်တရားတို့မှ လွတ်မြောက်ကြောင်း နေက္ခမ္မပဋိပတ်လုပ်ငန်းကို မှီသော ရွှင်လန်းဝမ်းသာမှုဟု ဆိုလို၏။ ဤ၌ "နေက္ခမ္မ" ဆိုသည်မှာ ရှင်ရဟန်းပြုခြင်း၊ ပထမဈာန် နိဗ္ဗာန် ဝိပဿနာတို့နှင့်တကွ ခပ်သိမ်းသော ကုသိုလ်တရားတို့ကို ထိုအိမ်ရာ အနှောင်အဖွဲ့ နီဝရဏ စသော ဆန့်ကျင်ဘက်တရားတို့မှ လွတ်မြောက်သောကြောင့် နေက္ခမ္မဟူ၍ခေါ်၏။

ထင်ရှားစေဦးအံ့။ "သံသရာဝဋ်ဒုက္ခမှ ငါလွတ်မြောက်ရတော့မည်"ဟု ရည်မှန်းကာ ရှင်ရဟန်းပြုရန် ရဟန်းများထံသို့ သွားသူ၊ သွားရောက်ပြီး ရှင်ရဟန်းပြုသောသူ၊ ရှင်ရဟန်းပြုပြီး စတုပါရိသုဒ္ဓိသီလ၌ တည်သောသူ၊ ဓုတင်ပဋိပတ်တို့ကို ဆောက်တည်ကျင့်ကြံသောသူ၊ ကသိုဏ်း ပရိကံစိမ်ပွားများအားထုတ်သူ၊ ယင်းသို့ ပွားများအားထုတ်သဖြင့် ရူပါဝစရပထမ

၁။ နိရာမိသ=ကာမဂုဏ်အစာ၌ မမှီသော+သုခဝေဒနာ=ချမ်းသာခံစားမှု။

ချွန် စသည်ကို ရသောသူ၊ ထိုချွန်ကို အခြေပါဒပြု၍ ဝိပဿနာတရား ပွားသောသူတို့၏ ပဋိပတ်လုပ်ငန်းရပ်များကို နေက္ခမ္မဟုခေါ်၏၊ ယင်း နေက္ခမ္မလုပ်ငန်းရပ်ကို အကြောင်းပြု၍ဖြစ်သော ဝမ်းမြောက်ခြင်း သောမနဿဝေဒနာကို နေက္ခမ္မသိတသောမနဿဝေဒနာဟု ခေါ်ပါသည်။

ဤဝမ်းသာမှု ဝမ်းမြောက်မှုသည် ဥဒယဗ္ဗယဉာဏ်သို့ ရောက်ခါစ၌ တား ဆီး၍ မရနိုင်လောက်အောင် အလွန်ထက်သန်စွာ ဖြစ်ပေါ်တတ်၏။

**ဒောမနဿဂေဟသိတဝေဒနာ။** ။အလိုရှိအပ်သော ကိုယ်တွင်းကိုယ်ပ ကာမဂုဏ် စည်းစိမ်တို့နှင့် လောလောဆယ် မပြည့်စုံမှုကို စဉ်းစားမိသောသူအား "ငါ့မှာ ကံဆိုးလေစွ"ဟု ဝမ်းနည်းမှု ပူပန်ချမ်းသာမှု ဖြစ်ပေါ်တတ်၏၊ ရှေးက မပြည့်စုံခဲ့၍ ဆင်းရဲဒုက္ခအမျိုးမျိုးနှင့် တွေ့ခဲ့ဖူး သည်ကို စဉ်းစားမိ၍လည်း ဝမ်းနည်းမှု ဖြစ်ပေါ်တတ်၏၊ ဤသို့ လိုအပ်သော (ဝါ) လိုချင်သော ကာမဂုဏ်စည်းစိမ်တို့နှင့် မပြည့်စုံခြင်းကို အကြောင်း ပြု၍ ဖြစ်ပေါ်လာသော ဝမ်းနည်းမှု နှလုံးမသာယာမှု၊ စိတ်ညစ်မှု၊ လွမ်းဆွတ် မှု၊ ပူဆွေးမှုဟူသမျှသည် ဒောမနဿဒုက္ခမည်၏။

ထိုဝမ်းနည်းမှုအစုစုကို ဂေဟသိတဒေါမနဿဟုလည်း ခေါ်၏၊ ကာမဂုဏ် နေအိမ်ကို မှီ၍ဖြစ်သော ဝမ်းနည်းမှုဟု ဆိုလိုသည်။ ဤ၌ ပါဠိလို ဂေဟသည် မြန်မာလို အိမ်ဟု အဓိပ္ပာယ်ရသည်၊ အဆင်း၊ အသံ၊ အနံ့၊ အရသာ အတွေ့ အထိ မှုသဘောဟူသော ခြောက်ဖြာအာရုံ ကာမဂုဏ်တရားစုကို ကာမ တဏှာ၏နေအိမ်ကြီးသဖွယ် ဖြစ်သောကြောင့် ဂေဟဟုခေါ်ပါသည်၊ ထို ဂေဟဟုခေါ်သော အာရုံခြောက်ပါး ကာမဂုဏ်တရားတို့ကို တောင့်တ တိုင်းမရသဖြင့် "ငါ့မှာ ဤကာမတရားတို့ကို မရလေခြင်း"ဟု နှလုံးပူပန် သောသူ၊ ရပြီးသော ကာမဂုဏ်စည်းစိမ်ချမ်းသာများ ဆုံးရှုံးပျက်စီးသွား သည့်အခါ "ငါ့မှာ လက်ရှိစည်းစိမ်ဥစ္စာများ ဆုတ်ယုတ်လျော့ပါးပျက်စီး သွားကုန်ပြီ"ဟု နှလုံးပူပန်သောသူတို့၏ သန္တာန်၌ ကာမဂုဏ်စည်းစိမ် ချမ်းသာကို မှီ၍(အာရုံပြု၍)ဖြစ်သော နှလုံးမသာယာမှု စိတ်ဆင်းရဲမှုကို **ဂေဟသိတဒေါမနဿဝေဒနာ**ဟု ခေါ်ပါသည်။

နိရာမိသဒုက္ခဝေဒနာ။ ။ဉဒယဗ္ဗယ စသော ဝိပဿနာဉာဏ်ထူးများသို့ ရောက်ပြီးသော ယောဂီပုဂ္ဂိုလ်သည် အားထုတ်သည့်အချိန်ကာလ ကြာမြင့်လာသည့်အခါ 'အရိယာတို့ သိအပ်သည့် မဂ်တရား, ဖိုလ်တရားကို ဘယ်သောအခါမှ သိရပါမလဲ'ဟု ကြံစည် တောင့်တမိတတ်၏၊ ကြာမြင့်စွာအားထုတ်ပါသော်လည်း တောင့်တတိုင်း မပြည့်စုံလာသည့်အခါ 'ဒီဘဝမှာတော့မဂ်,ဖိုလ်ကို မရတော့ဘူးထင်ပါရဲ့'ဟု ကြံတွေးလျက် ဝမ်းနည်းပူဆွေးမှု ဖြစ်လာတတ်၏၊ ကြာမြင့်စွာအားထုတ် ပါသော်လည်း ဝိပဿနာဉာဏ် အထူးများသို့ပင် မရောက်နိုင်သောသူအား လည်း ဤဝမ်းနည်းမှုမျိုး ဖြစ်ပေါ်တတ်ပေသည်၊ ဤနိရာမိသဒုက္ခဖြစ်ပုံကို ပေါ်လွင်ထင်ရှားစေရာင် သုတ်မဟာဝါအဋ္ဌကထာ၊ သက္ကပဉှသုတ်လာ အရှင်မဟာသိဝ မထေရ်ကြီး ဝတ္ထုကို အကျဉ်းချုပ် ထုတ်ပြပါမည်။

## အရှင်မဟာသိဝမထေရ်ကြီးဝတ္ထု

ရှေးအခါက အရှင်မဟာသိဝမည်သော မထေရ်ကြီးသည် ဂိုဏ်းကြီး (၁၈)ဂိုဏ်းရှိ သံဃာ့ပရိသတ်အား စာပေကျမ်းဂန်တို့ကို ပို့ချနေလေ သည်၊ ထိုမထေရ်ကြီး၏သမ်းညွှန်နည်း၊ပေးမှုဖြင့် ရဟန္တာဖြစ်သွားကြသည့် ရဟန်းတော်များမှာ သုံးသောင်းမျှ ရှိသတဲ့၊ ထိုရဟန်းတို့ထဲတွင် တပည့် ရဟန်းတော်တပါးက ဆရာမထေရ်၏ သီလဂုဏ်အဆင့်ကို ဆင်ခြင်ကြည့်ရာ ပုထုဇဉ်မျှသာ ရှိသေးကြောင်း သိရ၍ "ဩော် ငါ့ဆရာတော်ကြီးတော့ တပါးသူတို့ရဲ့ ကိုးကွယ်ရာသာဖြစ်ပြီး သူကိုယ်တိုင် ကိုးကွယ်ရာဖြစ်အောင် မဆွမ်းဆောင်နိုင်သေးပါတကား၊ ငါကိုယ်တိုင်သွားပြီး သတိပေး ဆုံးမ စကား ပြောကြားမည်"ဟု စဉ်းစားပြီး ကောင်းကင်ခရီးဖြင့် ကြွသွား၏။

ကျောင်းအနီးတွင် ဆင်းသက်၍ ဆရာတော် မထေရ်ကြီး အနီးသို့ သွား၏၊'ဘာကိစ္စအတွက် ကြွလာပါသလဲ'လို့ ထိုမထေရ်ကြီးက မေးသည့် အခါ အနုမောဒနာတရားတပုဒ်ကိုသင်ယူလို၍ လာပါသည်ဟုလျှောက်၏၊ အားလပ်ချိန် မရှိဟု မထေရ်ကြီးက အမိန့်ရှိသည့်အခါ ဆွမ်းခံသွားရန် တန်ဆောင်းတွင် ရပ်နေခိုက် မေးပါမည်ဟု လျှောက်၏၊ထိုနေရာ၌ အခြား

ရဟန်းတို့က မေးနေကြသည်ဟုဆိုရာ ဆွမ်းခံရွာသို့ဝင်စဉ် လမ်းမှာ မေးပါမည်ဟု လျှောက်ပြန်၏၊ အဲသည်လမ်းမှာလဲပဲ မေးမည့်သူများ ရှိနေကြသည်ဟုဆိုရာ သင်္ကန်းရုံချိန် သပိတ်ကိုအိပ်ထဲမှ ထုတ်ချိန် ယာဂုသောက်ပြီးချိန်တို့မှာ မေးပါမည်ဟု လျှောက်ပြန်၏၊ အဲဒီအချိန်တွေမှာလဲ အဋ္ဌကထာကို လေ့လာကြတဲ့ မထေရ်များက မေးနေကြသည်ဟု ဆိုပြန်၏။

ဤသို့အားဖြင့် ဆွမ်းခံရွာမှ ပြန်လာချိန်၊ ဆွမ်းစားပြီးစအချိန်၊ နေ့လယ်ချိန်၊ အိပ်ယာဝင်ခါနီး ခြေဆေးချိန်၊ နံနက် မျက်နှာသစ်ရန် သွားချိန်၊ မျက်နှာသစ်ပြီး ပြန်လာချိန်၊ ကျောင်းခန်းတွင်း၌ ခေတ္တ နေထိုင်ချိန်တို့၌ မေးပါမည်ဟု တချိန်ပြီးတချိန် ခွင့်တောင်း၏၊ ဤအချိန်များ၌လည်း မေးမည့်သူများ ရှိနေသည်ဟု မိန့်တော်မူလေသည်။

တပည့် ရဟန္တာပထေရ်က "အရှင်ဘုရား—မျက်နှာသစ်ပြီးသည့်အခါ ကျောင်းခန်းတွင်းသို့ဝင်၍ သုံးလေးထိုင်ခန့်မျှ ဖင်နွေးအောင်ထိုင်ပြီ တရားနှလုံးသွင်းတဲ့ အချိန်ကလေးတော့ ထားခွင့်ရှိသင့်ပါသေးသည်၊ ယခု အတိုင်းဆိုလျှင် အရှင်ဘုရားတို့မှာ သေဖို့ အချိန်ကိုပင် မရကြတော့ပါလားဘုရား၊ အရှင်ဘုရားသည် နောက်မှီခုံကြီးနှင့် တူပါသည်၊သူတပါး တို့၏ ပို့ဂုသာဖြစ်ပြီး မိမိကိုယ်တိုင်၏ ပို့ရာတော့ မဖြစ်နိုင်၊ မတတ်နိုင်ပါ၊ အရှင်ဘုရား၏ အနုမောဒနာ တရားကိုလည်း မနာကြားလိုတော့ပါ" ဟု လျှောက်ပြီး ကောင်းကင်သို့ ပျံတက်ကြွသွားလေတော့သည်။

ထိုအခါ ပထေရ်ကြီးက 'ထိုရဟန်းလာခြင်းမှာ စာသင်ဖို့ မဟုတ်၊ ငါ့ကို သတိပေးဖို့ဖြစ်ပယ်'ဟု သိရှိရပ်မိပြီး နောက်တနေ့နံနက် စောစောတွင် သပိတ်, သင်္ကန်းများကိုယူကာ တရား အားထုတ်ရန် ကျောင်းမှထွက်ခွာသွားလေတော့သည်။

မူဒွအာဘိဓမ္မာ (၁)၆—ပ·ဖ·သာ·စ

ယင်းသို့ ထွက်ခွာသွားသည်ကို မည်သည့်တပည့်ကိုမျှ အသိမပေးခဲ့ပေ၊ အသိမပေးခြင်းမှာလည်း 'မိမိလို ပုဂ္ဂိုလ်မျိုးအတွက် အရဟတ္တမဂ် အရဟတ္တဖိုလ်ကို ရရန် မခဲယဉ်း၊ နှစ်ရက် သုံးရက် အားထုတ်ရုံမျှဖြင့် ရဟန္တာဖြစ်ပြီး ပြန်လာနိုင်မည်' ဟု အထင်ကြီးမိသောကြောင့် ဖြစ်၏။

ဤသို့ဖြင့် ရွာအနီး တောင်ချိုင့်တခုၣ်နေပြီး ဝါဆိုလဆန်း ၁၃-ရက်နေ့မှစ၍ တရားအားထုတ်လေရာ ဝါဆိုလပြည့်နေ့အထိ တရားထူးကို မရရှိသေးသောကြောင့် 'ဪ–ငါသည် နှစ်ရက် သုံးရက်မျှဖြင့် အရဟတ္တဖိုလ်ကို ရမည်ဟု မျှော်လင့်လာခဲ့၏၊ သို့သော် ယခု မျှော်လင့်သလို မရခဲ့ချေ၊ ရှိပါစေတော့ ဤဝါတွင်း သုံးလကို သုံးရက်လောက် သဘောထားပြီး အားထုတ်ပင်မည်၊ ဝါကျွတ်လျှင် သိရအံ့ပေါ့' ဟု နှလုံးသွင်းပြီး ဆက်လက်အားထုတ်ပြန်လေသည်။

ဝါကျွတ်သည့်အခါမှာလည်း မဂ် ဖိုလ်ကို မရသေးသောကြောင့် ဪ နှစ်ရက် သုံးရက်မျှဖြင့် ကိစ္စပြီးမည်ဟုထင်လာခဲ့ပါ ၃-လကြာသော်လည်း ကိစ္စမပြီးသေးပါတကား၊ သီတင်းသုံးဖော်များကတော့ ရဟန္တာအဖြစ်ဖြင့် ပဝါရဏာပြုကြပေလိမ့်မည်" ဟု တွေးတောစဉ်းစားနေစဉ် မထေရ်မြတ်၏မျက်လုံးအိမ်ထဲမှ မျက်ရည်အယဉ်တို့သည် တသွင်သွင်ယိုစီးကျလာကုန်၏။

ထို့နောက် အိပ်ရာဝင်ခါနီး ခြေဆေးရခြင်း၊ ခုတင်ပေါ်၌ လဲလျောင်းနေရခြင်းများကြောင့် မဂ် ဖိုလ်ကို မရနိုင်ခြင်းဖြစ်မည်၊ ရဟန္တာမဖြစ်သရွေ့ ကျောလဲမခင်း၊ ခြေလည်းမဆေးတော့အံ့ဟု ထုံးဖြတ်ကာ ခုတင်ကို သိမ်းထားလိုက်လေသည်။ ထိုင် ရပ် သွား ဣရိယာပုထ်သုံးပါးဖြင့်သာ အားထုတ်ခဲ့ရာ ၂၉-နှစ်တိုင်တိုင် ကြာခဲ့သော်လည်း မဂ် ဖိုလ်ကို မရနိုင်ပဲ ရှိလေသည်။ ထို ၂၉-နှစ်အတွင်း ပဝါရဏာနေ့ ရောက်တိုင်းရောက်တိုင်း မထေရ်ကြီးမှာ မျက်ရည်အဖြာဖြာ ကျဆင်းခဲ့ရလေသည်။

အနှစ် ၃၀-မြောက်၊ ပဝါရဏာနေ့သို့ ရောက်သည့်အခါမှာလည်း မဂ်, ဖိုလ်ကို မရသေးသောကြောင့် "ဪ….ငါတရားအားထုတ်ခဲ့သည်မှာ နှစ်ပေါင်း ၃၀-ကြာခဲ့ပြီ၊အရဟတ္တဖိုလ်ကိုလည်း မရသေး၊ အမှန်ပါပဲ ငါ့မှာ သည်ဘဝတွင် မဂ်,ဖိုလ်ရပုံမပေါ်ပါဖူး"ဟု တွေးတောမိစဉ် ဝမ်းနည်းလာပြီး မျက်ရည်များ စီးကျလာလေတော့သည်။

ထိုအခါ နတ်သမီးတယောက်က သတိပေးလိုသဖြင့် မနီးမဝေးတွင် ဖတ်တပ်ရပ်ကာ ငိုကြွေးနေလေသည်၊ ဟဲ့–ဒီမှာငိုကြွေးနေတာ ဘယ်သူလဲ ဟု မထေရ်ကြီးက မေးသည့်အခါ 'တပည့်တော် နတ်သမီးပါဘုရား'လို့ လျှောက်၏၊ ဘာကြောင့် ငိုနေရတာလဲဟု မေးလျှင် 'အရှင်ဘုရား ငိုနေသည်ကိုမြင်ရ၍ ငိုလျှင်လဲ မဂ်,ဖိုလ်ရနိုင်သည်ဟု ထင်မှတ်သည့်အတွက် ငါလဲ တမဂ်တဖိုလ်၊ နှစ်မဂ်နှစ်ဖိုလ်လောက် ဖြစ်စေမည်ဟုကြံပြီး ငိုနေပါသည်အရှင်ဘုရား'ဟု နတ်သမီးက လျှောက်၏။

နတ်သမီးက ဤသို့လျှောက်မှပင် မဟာသိဝမထေရ်ကြီးသည် သတိသံဝေဂရပြီး မိမိကိုယ်ကို ဤသို့ဆုံးမ၏။ "အို–အမောင်မဟာသိဝ–နတ်သမီးကပင် မင်းကိုပျက်ရယ်ပြုနေချေပြီ၊ သည်အပြုအမူသည် မင်းနှင့် သင့်လျော်ပါသလား"ဟု ဆင်ခြင်ဆုံးမ၍ သမ္မပ္ပဓာန်လုံ့လကို ရှေးကထက် ထက်သန်စေလျက် ဝိပဿနာတရားကို ပွားများအားထုတ်တော်မူရာ ပဋိသမ္ဘိဒါပတ္တ ရဟန္တာအဖြစ်သို့ ရောက်တော်မူသွားပါသည်။

ဤဝတ္ထုနှ၌ အနှစ်သုံးဆယ်တိုင်တိုင် ပဝါရဏာနေ့ရောက်တိုင်း ရောက်တိုင်း မဟာသိဝမထေရ်ကြီး ဝမ်းနည်း၍ ငိုကြွေးရခြင်းသည် နိရာမိသဒုက္ခဝေဒနာပင် ဖြစ်ပါသည်။

သာမိသအဒုက္ခမသုခဝေဒနာ။ ။ဝိပဿနာကင်းသော အန္ဓပုထုဇဉ်အား ကိုယ်ကျင့်ကိုယ်ပဲ့ ရှိသော မကောင်း မဆိုး ရှိးရိုးကာမဂုဏ်ဝတ္ထုတို့ကို မြင်သောကာလစသည်၌ ' ဝမ်းသာမှုလဲ

မထင်ရှား၊ နှလုံးမသာမှုလဲမဖြစ်၊ ထိုအာရုံဝတ္ထုကို စွန့်ပစ်နိုင်သည်လဲ မဟုတ်၊ အမှန်အားဖြင့် ထိုအာရုံဝတ္ထု၌ သာယာတပ်မက်သော လောဘနှင့်ယှဉ်တွ မကောင်းမဆိုး ရိုးရိုးခံစားမှု ဖြစ်ပေါ်လျက်ရှိ၏၊ ဤအလတ်စားခံစားမှုသည် သာမိသအဒုက္ခမသုခမည်၏၊ ဂေဟာဿိတဥပေက္ခာလည်း မည်၏၊ အညာဏုပေက္ခာဟူ၍လည်း ခေါ်၏၊ မောဟနှင့်တကွဖြစ်သော လျစ်လျူရှုမှုဟုဆိုလို၏၊ ဤဝေဒနာသည် ဝိပဿနာယောဂီအားလည်း ရှုမှုတို၏ အကြားအကြား၌ ဝင်၍ဖြစ်တတ်၏၊ ဖြစ်သော်လည်း ပြခဲ့သည့် အတိုင်းပင် မထင်ရှားပဲ ရှိတတ်၏။

**နိရာမိသအဒုက္ခမသုခဝေဒနာ။** ။ဝိပဿနာ၏ ညစ်ညူးကြောင်းဘေး ရန်တို့မှ စင်ကြယ်ပြီးသော အခါ၌ ထင်တိုင်းသော အာရုံခြောက်ပါးတို့ကို မှတ်တိုင်းမှတ်တိုင်း သိမှုဝိပဿနာ ဉာဏ်နှင့် ယှဉ်တွဲလျက် အလတ်စားခံစားမှုသည် ထင်ရှားစွာဖြစ်တတ်၏၊ ဘင်္ဂဉာဏ် ထက်သန်သည်မှစ၍ အထူးထင်ရှားတတ်၏။ သင်္ခါရုပေက္ခာ ဉာဏ်၌ကား သာ၍ပင် ထင်ရှားစွာဖြစ်တတ်၏၊ဤအလတ်စားခံစားမှုသည် နိရာမိသအဒုက္ခမသုခမည်၏၊ နေက္ခမ္မဿိတဥပေက္ခာလည်း ပည်ပေသည်။

**ဝေဒနာ(၁၈)မျိုး။**[၁] ။ဝေဒနာသည် ဣဋ္ဌာရုံကို ဆင်ခြင်သုံးသပ်သည့် ဝိစာရနှင့် အတူဖြစ်သော–

(၁) သောမနဿူပဝိစာရဝေဒနာ ၆–ပါး
(၂) ဒေါမနဿူပဝိစာရဝေဒနာ ၆–ပါး
(၃) ဥပေက္ခူပဝိစာရဝေဒနာ ၆–ပါး

အားဖြင့် ဝေဒနာ(၁၈)ပါး ရှိပါသည်။

ထိုတွင် သောမနဿူပဝိစာရဝေဒနာဆိုသည်မှာ အလိုရှိအပ် နှစ်သက်အပ်သော ရူပါရုံစသည့် ဣဋ္ဌာရုံ(၆)မျိုး၌ ဆင်ခြင်သုံးသပ်မှု ဝိစာရနှင့် တကွ ဖြစ်သည့် ဝမ်းမြောက်ခြင်း သောမနဿူပဝိစာရ ဝေဒနာ(၆)ပါး ဖြစ်ပါသည်။

၁။ သံ၊၄၂၉။ သံ၊၂၃၁၂၃....၄။

ဒေါမနဿူပဝိစာရဝေဒနာ ဆိုသည်မှာလည်း အလိုမရှိအပ် မနှစ်သက် မမြတ်နိုးအပ်သော ရူပါရုံ၊ သဒ္ဒါရုံစသည့် အနိဋ္ဌာရုံ(၆)မျိုး၌ ဆင်ခြင်သုံးသပ်မှု ဝိစာရနှင့် တကွဖြစ်သော မသက်မသာဖြစ်ခြင်း၊ မခံသာခြင်း ဒေါမနဿူပဝိစာရ ဝေဒနာ(၆)ပါး ဖြစ်ပါသည်။

ဥပေက္ခူပဝိစာရ ဆိုသည်မှာလည်း အလိုရှိအပ်သည်လည်း မဟုတ် အလိုမရှိအပ်သည်လည်း မဟုတ်သော ရူပါရုံ၊ သဒ္ဒါရုံစသည့် ဣဋ္ဌမဇ္ဈတ္တာရုံ (၆)မျိုး၌ ဆင်ခြင်သုံးသပ်မှု ဝိစာရနှင့် တကွဖြစ်သော လျစ်လျူရှုခြင်း မသိမသာ အလယ်အလတ် ခံစားခြင်း ဥပေက္ခူပ ဝိစာရဝေဒနာ(၆)ပါး ဖြစ်ပါသည်။

ဝေဒနာ(၃၆)မျိုး[၁]။ ။ထိုဝေဒနာသည်–

(၁) ကာမဂုဏ်၌မှီသော ဂေဟဿိတ သောမနဿဝေဒနာ[၂]– ၆-ပါး

(၂) ကာမဂုဏ် ထွက်မြောက်မှု၌မှီသော နေက္ခမ္မဿိတ သောမနဿဝေဒနာ– ၆-ပါး

(၃) ကာမဂုဏ်၌မှီသော ဂေဟဿိတဒေါမနဿဝေဒနာ– ၆-ပါး

(၄) ကာမဂုဏ် ထွက်မြောက်မှု၌ မှီသော နေက္ခမ္မဿိတ ဒေါမနဿဝေဒနာ– ၆-ပါး

(၅) ကာမဂုဏ်၌မှီသော ဂေဟဿိတဥပေက္ခာဝေဒနာ– ၆-ပါး

(၆) ကာမဂုဏ် ထွက်မြောက်မှု၌ မှီသောနေက္ခမ္မဿိတ ဥပေက္ခာဝေဒနာ– ၆-ပါး

အားဖြင့်(၃၆)ပါး ရှိလေသည်။

---

၁။ သံ၊၂၊၄၂၉။ သံ၊၄၊၄၂၉။ သံ၊၄၊၃၁၁၂၃-၄။

၂။ ဂေဟ၊ တဏှာ၏ အိမ်သဖွယ်ဖြစ်သော ကာမဂုဏ်တရား+ သိတ၊ မှီသော။ သောမနဿဝေဒနာ=ဝမ်းမြောက်ဝမ်းသာ ဖြစ်ပေါ် ခံစားမှု။

(၁) ထိုတွင် ဂေဟဿိတ သောမနဿ ဝေဒနာဆိုသည်မှာ လိုချင်ဖွယ်၊ နှစ်သက်မြတ်နိုးဖွယ်၊ စိတ်နှလုံး ရွှင်ပြုံးကြည်နူးဖွယ် ကောင်းသည့် အဆင်းအာရုံ စသည်တို့နှင့် တွေ့ကြုံဆုံစည်းရသည့် အခါ၌ ဖြစ်ပေါ်လာတတ်သော ဝမ်းသာမှု၊ ချမ်းသာမှု သဘောသည်လည်းကောင်း၊ ရှေးက မြင်ခဲ့ တွေ့ကြုံခဲ့ဖူးသည့် နှစ်သက် မြတ်နိုးဖွယ် အဆင်းအာရုံ စသည်တို့ကို ပြန်လည်စဉ်းစား တွေးတောလိုက်သည့် အခါ၌ ဖြစ်သော ကြည်နူးခြင်း ဝမ်းသာ ရွှင်လန်းခြင်း စသည်တို့သည်လည်းကောင်း ဂေဟဿိတ သောမနဿဝေဒနာမည်ပါသည်။

ထိုဝေဒနာသည် ရှေ့တွင်ပြဆိုခဲ့ပြီးသော "သာမိသသုခ" ဝေဒနာနှင့် တူပါသည်၊ ဂေဟဿိတ၌ ဂေဟမည်ပုံကို ရှေးနည်းအတိုင်း မှတ်သားရန် ဖြစ်ပါသည်။

ထိုဂေဟဿိတသောမနဿ ဝေဒနာသည် လိုလားနှစ်သက်ဖွယ်ကောင်းသော ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံဟူသော အာရုံတို့ကိုမြင်ရ၍၊ ကြားရ၍၊ အနံ့ရရ၍၊ စားရ၍၊ တွေ့ထိရ၍၊ တွေးတောစဉ်းစားရ၍၊ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ၊ မနဟူသော ဒွါရခြောက်ပါး၌ ဖြစ်သော အားဖြင့် ဂေဟဿိတသောမနဿဝေဒနာ ခြောက်ပါးဖြစ်ပါသည်။

(၂) နေက္ခမ္မဿိတသောမနဿဝေဒနာ[၁] ဆိုသည်မှာ ရူပါရုံတို့သဘောသည် တည်မြဲသော သဘောမရှိ၊ ဖောက်ပြန်ပျက်စီး၍ ချုပ်ငြိမ်းသွားသော သဘောရှိ၏ဟု သိမြင်ထားသူသည် ရူပါရုံကို တွေ့မြင်သည့်အခါ "ယခုရှေ့တွင် တွေ့မြင်နေရသည့် ရူပါရုံသည်လည်းကောင်း၊ ရှေးက တွေ့မြင်ဖူးသော ရူပါရုံသည်လည်းကောင်း၊ အားလုံးသော ရူပါရုံတို့သည် အမြဲမရှိကြ၊ ဆင်းရဲကြ၏၊ နောက်ဆုံး ဖောက်ပြန် ပျက်စီးသွားရသော သဘောရှိကြ၏" ဟု အမှန်သဘောအတိုင်း ပညာဖြင့် ရှုမြင်သည့်ပုဂ္ဂိုလ်အား စိတ်ချမ်းသာမှု၊ ရွှင်လန်းဝမ်းမြောက်မှုဖြစ်၏။

---

၁။ နေက္ခမ္မ= ကာမဂုဏ်မှလွတ်သော ပဋိပတ္တိသုံးပါးနှင့်+ သိတ=မှီသော+ သောမနဿဝေဒနာ= ဝမ်းမြောက် ဝမ်းသာ ဖြစ်ပေါ်ခံစားမှု။

ထိုဝမ်းမြောက်ရွှင်လန်းခြင်းသည် ကာမဂုဏ်နှင့်မစပ်ဆိုင်၊မပတ်သက်သည့် ဝိပဿနာအာရုံကိုမှီ၍ဖြစ်သော ဝမ်းမြောက်ခြင်းမျိုးဖြစ်၍နေက္ခမ္မသိတ သောမနဿဝေဒနာဖြစ်သည်၊ ထိုဝေဒနာသည် ရှေ့တွင်ပြဆိုခဲ့ပြီးသော နိရာမိသသုခဝေဒနာနှင့်တူပါသည်။

ထိုနေက္ခမ္မသိတသောမနဿ ဝေဒနာသည်လည်း ရူပါရုံ၊သဒ္ဒါရုံ၊ဂန္ဓာရုံ၊ ရသာရုံ၊ဖောဋ္ဌဗ္ဗာရုံ၊ဓမ္မာရုံဟူသော အာရုံခြောက်ပါးတို့ကို မြင်၍ကြား၍ အနံ့ရ၍၊စားရ၍၊ တွေ့ထိရ၍၊ တွေးတောစဉ်းစား၍ စက္ခုဒွါရစသော ဒွါရခြောက်ပါး၌ဖြစ်သောအားဖြင့် နေက္ခမ္မသိတ သောမနဿဝေဒနာ ခြောက်ပါးဖြစ်ပါသည်။

(၃) ဂေဟဿိတဒေါမနဿဝေဒနာကား–ထိုချစ်ဖွယ်၊ နှစ်သက်မြတ်နိုးဖွယ် စိတ်နှလုံး ရွှင်ပြုံးဖွယ်ကောင်းသော ရူပါရုံ စသောအာရုံကောင်းများကို မရရှိခြင်းကြောင့်လည်းကောင်း၊ထိုအာရုံကောင်းများကို"ငါမရပါကလား"ဟု ကြံစည်စဉ်းစားမိသောကြောင့်လည်းကောင်း၊ရှေးကဆုံစည်းခဲ့ဖူး၍ ချုပ်ဆုံး ပျက်စီးသွားပြီးသော အာရုံကောင်းများကို ပြန်လည်စဉ်းစားမိသောကြောင့်လည်းကောင်း နှလုံးမသာယာမှု၊ စိတ်မချမ်းသာမှုတို့ဖြစ်ရသည်။ထိုစိတ်နှလုံးမသာယာမှုသည် ကာမဂုဏ်ကိုအကြောင်းပြု၍ဖြစ်ပေါ်သော ဂေဟဿိတ ဒေါမနဿဝေဒနာဖြစ်ပါသည်။

ထိုဂေဟဿိတဒေါမနဿ ဝေဒနာသည် ဂေဟဿိတသောမနဿဝေဒနာနည်းတူ အာရုံခြောက်ပါး၊ ဒွါရခြောက်မျိုးအလိုက် ခြောက်မျိုးရှိပါသည်။

(၄) နေက္ခမ္မသိတ ဒေါမနဿဝေဒနာဆိုသည်မှာ"ရူပါရုံဆိုတာ တည်မြဲတဲ့သဘောမရှိ၊ ဖောက်ပြန်ပျက်စီးပြီး ချုပ်သွားတတ်တဲ့သဘော ရှိ၏"ဟု သိမြင်ထားသူသည် ရှေးကတွေ့ခဲ့ဖူးသည့် ရူပါရုံ၊ယခုတွေ့မြင်နေရသည့်ရူပါရုံစသော ရူပါရုံမှန်သမျှတို့သည် အမြဲမရှိကြ၊ဆင်းရဲကြ၏၊ နောက်ဆုံးတွင် ပျက်စီးရသည့်သဘောရှိ၏ဟု ဟုတ်တိုင်းမှန်စွာ သိမြင်၍ အရဟတ္တဖိုလ်ကို လိုချင်တောင့်တလျက်ရှိ၏။

သို့သော် ဒွါရခြောက်ပါးတို့၌ ဣဋ္ဌာရုံများထင်လာသည့် အခါ အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု ဝိပဿနာရှုရ၍ ကြိုးစား အားထုတ်ရန် မစွမ်းနိုင်သောကြောင့် "ဒီလဆန်းပိုင်းမှာလည်း (သို့မဟုတ်) ဒီလဆုတ်ပိုင်းမှာလည်း အရဟတ္တဖိုလ်ရအောင် ဝိပဿနာဘာဝနာကို အားမထုတ်နိုင်သေး၊ ဒီလမှာလည်း အားမထုတ်နိုင်သေး၊ ဒီနှစ်မှာလည်း အားမထုတ်နိုင်သေး ဟုစိုးရိမ်ပူဆွေးသောသူအားဖြစ်သော နှလုံးမသာယာမှုမျိုးသည် နေက္ခမ္မ- သိတ ဒေါမနဿဝေဒနာဖြစ်ပါသည်။ တနည်းအားဖြင့် နိရာမိသဒုက္ခ ဝေဒနာအဖွင့်တွင် တင်ပြခဲ့သည့် မဟာသိဝမထေရ်ကြီးသန္တာန်မှာ ဖြစ်သည့် နိရာမိသဒုက္ခဝေဒနာမျိုးနှင့်တူပါသည်။

ထိုနေက္ခမ္မသိတ ဒေါမနဿဝေဒနာသည် နေက္ခမ္မသိတသောမနဿ ဝေဒနာနည်းတူ ဒွါရခြောက်ရုံ၊ အာရုံခြောက်ပါးအလိုက် ခြောက်မျိုး ရှိပါသည်။

(၅) ကာမဂုဏ်၌မှီသော ဂေဟသိတဥပေက္ခာ ဝေဒနာသည် ခန္ဓာ၊ အာယတန စသော ရုပ်နာမ်တရားတို့၌ အကြားအမြင်မရှိသော အန္ဓပုထုဇဉ် ပုဂ္ဂိုလ်အား မျက်စိဖြင့် ရူပါရုံကို မြင်ရသည့်အခါ ဝမ်းသာမှုလည်း မထင် ရှား၊ နှလုံးမသာယာမှုလည်းမဖြစ်၊ ရူပါရုံကို စွန့်ပစ်နိုင်သည်လည်းမဟုတ်၊ ထန်းလျက်ခဲဝယ်ပုံးကွယ်နားနေသည့် ယင်ကောင်ပမာ ထိုရူပါရုံစသည်၌ သာယာတပ်မက်သော လောဘနှင့်တကွ ပကောင်းပဆိုး ငြီးငြီးခံစားမှု သည် ဖြစ်ပေါ်လာ၏၊ ဤအလတ်စား ခံစားမှုသည် ကာမဂုဏ်ကိုမှီ၍ဖြစ် သောကြောင့် ဂေဟသိတ ဥပေက္ခာဝေဒနာဖြစ်ပါသည်။ ဤဝေဒနာသည် လည်း ဂေဟသိတ ဒေါမနဿဝေဒနာနည်းတူ အာရုံဒွါရအားဖြင့်ခြောက် မျိုးပြားသည်။

(၆) နေက္ခမ္မသိတဥပေက္ခာ ဝေဒနာသည် ရူပါရုံကို မျက်စိဖြင့် မြင်ရ သည့်အခါ ရူပါရုံတို့၏ မမြဲသောသဘော၊ ဖောက်ပြန်သည့်သဘော၊ တပ် မက်ဖွယ်မဟုတ်သည့်သဘော၊ချုပ်ဆုံး ကွယ်ပျောက်တတ်သည့် သဘော

တို့ကို ကောင်းစွာ သိမြင်ပြီးဖြစ်သောကြောင့်ရူပါရုံမှန်သမျှ အမြဲမရှိကုန်၊ ဆင်းရဲကြကုန်၏၊ ဖောက်ပြန်ပျက်စီးတတ်သောသဘောရှိကုန်၏-ဟုဟုတ်တိုင်းမှန်စွာ ဝိပဿနာဉာဏ်ဖြင့် ရှုမြင်သော ပုဂ္ဂိုလ်အား ဝိပဿနာဉာဏ်နှင့်ယှဉ်တွဲလျက် အလတ်စား ခံစားမှုသည် ထင်ရှားစွာဖြစ်တတ်၏၊ ထိုခံစားမှုမျိုးသည် ရူပါရုံ၏ ဆွဲဆောင်မှုဘို့မပါ၊ ရူပါရုံကို မတပ်မက်သောအားဖြင့် ဖြစ်သောခံစားမှုမျိုးဖြစ်သောကြောင့် နေက္ခမ္မသိတဥပေက္ခာဝေဒနာဖြစ်ပါသည်။

ထိုနေက္ခမ္မသိတဥပေက္ခာ ဝေဒနာသည် ဒွါရခြောက်ပါး၌ ဣဋ္ဌာရုံများထင်လာသည့်အခါ ထိုဣဋ္ဌာရုံများ၌ မတပ်မက်မစွဲလမ်းသော ပုဂ္ဂိုလ်၏သန္တာန်၌လည်းကောင်း၊ အနိဋ္ဌာရုံများ ထင်လာသည့်အခါ ထိုအနိဋ္ဌာရုံများ၌ ဒေါသမဖြစ်သော ပုဂ္ဂိုလ်၏သန္တာန်၌လည်းကောင်း ဖြစ်ပေါ်လာသောဝိပဿနာဉာဏ်နှင့်အတူဖြစ်သော အလတ်စား ခံစားမှုမျိုးဖြစ်သည်။

ထိုဝေဒနာသည် ရှေ့ဝေဒနာများနည်းတူ ဒွါရခြောက်ပုံ အာရုံခြောက်ပါးအားဖြင့်ခြောက်မျိုးရှိပါသည်။

**ဝေဒနာ(၁၀၈)မျိုး။**[၁] အထက်ပေါ်ပြပါ ဝေဒနာ (၃၆)ပါးသည်-

(၁) အတိတ်၌ဖြစ်သောဝေဒနာ .... ၃၆-ပါး

(၂) ပစ္စုပ္ပန်၌ဖြစ်သောဝေဒနာ .... ၃၆-ပါး

(၃) အနာဂတ်၌ ဖြစ်သောဝေဒနာ .... ၃၆-ပါး

အားဖြင့် ဝေဒနာ(၁၀၈)ပါးဖြစ်လာပါသည်။

ယင်းကဲ့သို့ဝေဒနာအမျိုးမျိုးပြားပုံကို ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီးက ဤသို့ လင်္ကာဖွဲ့ဆိုခဲ့ပါသည်။

---

၁။ သံ။ ၂။ ၄၂၉။

"ခံစား စံစား၊ စကားနှစ်ထွေ၊ တရားနေမှာ၊ ဝေဒနာခေတ်၊
ခန္ဓာမှတ်လော၊သုံးရပ်ဝေခွဲ၊ ဆင်းရဲဒုက္ခ၊ သုခချမ်းသာ၊ ဥပေက္ခာ
ဟူ၊ လျစ်လျူခံစား၊ မထင်ရှားတည်း၊ ငါးပါးအလို၊တပုံဆိုသော်၊
ကိုယ်စိတ်နှစ်ဖြာ၊ချမ်းသာဆင်းရဲ၊ လျစ်လျူခွဲလော၊ တနဲ့ထို့ပြင်၊
အမြင်အကြား၊ အနံ့အားနှင့်၊ စားလျက်တွေ့ထိ၊ ကြံသိခြောက်
မြာ၊ချမ်းသာဆင်းရဲ၊ လျစ်လျူခွဲငြား၊ ဆယ့်ရှစ်ပါးတည်း၊ သုံးပါး
ကာလ၊ ပွားထတိုသေး၊ ငါးဆယ့်လေးတည်း၊ တရေးသဏ္ဍာန်၊
နှစ်ပွားပြန်က၊ တရာ့ရှစ်ပင်၊ အကျယ်မြင်လော"

## ၆။ ဝေဒနာအကြောင်း အခြားသိကောင်းစရာများ

**စိတ်နှင့်အမြဲတမ်းဖြစ်သောတရား။** ။ဝေဒနာစေတသိက်သည် စိတ်ဖြစ်တိုင်းပါရသောစေတသိက်ဖြစ်သည်။
စိတ် ၈၉-ပါးတွင် မည်သည့်စိတ်မဆို ဝေဒနာပါရမြဲဖြစ်၏၊ စိတ်ဆိုသည်မှာ အာရုံနှင့်ကင်း၍ ဖြစ်ပေါ်နိုင်ကောင်းသော တရားမဟုတ်၊ အာရုံဟူသမျှကိုအမှီပြု၍ ဖြစ်ပေါ်ရမြဲပင်ဖြစ်၏။

အလိုရှိအပ်, နှစ်သက်မြတ်နိုးအပ်သော ဣဋ္ဌာရုံကိုစွဲမှီ၍ စိတ်ဖြစ်ပေါ်လာရလျှင် ထိုစိတ်နှင့်အတူ ထိုဣဋ္ဌာရုံကို ခံစားမှုသုခဝေဒနာ, သောမနဿဝေဒနာတို့ ဖြစ်ပေါ်လာသည်။ မလိုလားအပ် မတောင့်တအပ်သော အနိဋ္ဌာရုံကိုအာရုံပြု၍ စိတ်ဖြစ်ပေါ်လာလျှင် ထိုစိတ်နှင့်အတူ ယင်းအနိဋ္ဌာရုံကိုခံစားသော ဒုက္ခဝေဒနာ, ဒေါမနဿဝေဒနာတို့ ဖြစ်ပေါ်လာသည်။

ကောင်းသည်လည်းမဟုတ်၊ ဆိုးသည်လည်းမဟုတ်သော ဣဋ္ဌမဇ္ဈတ္တာရုံကိုစွဲ၍ စိတ်ဖြစ်ပေါ်လာသောအခါ ထိုစိတ်နှင့်အတူ ယင်းဣဋ္ဌမဇ္ဈတ္တာရုံကို ခံစားသောဝေဒနာဖြစ်သည်။ ထိုဝေဒနာကို ဥပေက္ခာဝေဒနာဟု ခေါ်သည်၊ ဤသို့ဝေဒနာသည် ကုသိုလ်စိတ်ဖြစ်သောအခါ၌လည်း ပါသည်၊ အကုသိုလ်စိတ်ဖြစ်သောအခါ၌လည်း ပါသည်၊ အဗျာကတစိတ်ဖြစ်သည့်အခါ၌လည်း ပါသည်။

သို့သော် သုခဝေဒနာ, ဒုက္ခဝေဒနာဖြစ်သောအခါ၌ ဝေဒနာ၏သဘော ထင်ရှား၍ ဥပေက္ခာဝေဒနာဖြစ်သောအခါ၌ ဝေဒနာ၏သဘောမထင်ရှား ချေ၊ ဤမျှသာထူးပေသည်။ ဤသို့ စိတ်ဖြစ်တိုင်းပါသောကြောင့် ဝေဒနာ စေတသိက်ကို အဘိဓမ္မာဝတာရအဋ္ဌကထာ၊ နာမရူပပရိစ္ဆေဒအဋ္ဌကထာ များ၌ "သဗ္ဗသာဓာရဏစေတသိက်" ဟု လည်းကောင်း၊ အဘိဓမ္မတ္ထသင်္ဂဟ အဋ္ဌကထာ၌ "သဗ္ဗစိတ္တသာဓာရဏ စေတသိက်" ဟု လည်းကောင်း အမည် ပေးထားခြင်း ဖြစ်သည်။

ရဟန္တာနှင့် ဒုက္ခဝေဒနာ[၁]။ ။ရဟန္တာပုဂ္ဂိုလ်သည် နောက်ထပ်အသစ် ဝန်းနှ ပဋိသန္ဓေမနေတော့ပါ၊ ထိုပုဂ္ဂိုလ် သည် တစုံတခုသော ဒုက္ခဝေဒနာကို ခံစားဦးမည်လော၊

အချို့သောဝေဒနာကို ခံစား၍ အချို့သော ဝေဒနာကို မခံစားရ တော့ပါ။

အဘယ်ဝေဒနာကို ခံစား၍ အဘယ်ဝေဒနာကို မခံစားတော့သနည်း။

ကိုယ်၌ဖြစ်သော ကာယိကဒုက္ခဝေဒနာကိုသာ ခံစား၍ စိတ်၌ဖြစ်သော စေတသိကဒုက္ခဝေဒနာကို မခံစားတော့ပါ။

အဘယ်ကြောင့် ကာယိကဒုက္ခဝေဒနာကိုခံစား၍ စေတသိကဒုက္ခ- ဝေဒနာကို မခံစားတော့သနည်း။

ရဟန္တာပုဂ္ဂိုလ်သည် ကာယိကဝေဒနာဖြစ်ကြောင်း၊ အကြောင်းတရား များကို မပယ်ရသေးသောကြောင့် ကာယိကဒုက္ခဝေဒနာကို ခံစားရသေး ၏။ စေတသိကဒုက္ခဝေဒနာကို ဖြစ်ကြောင်း တရားများကိုမူ ပယ်သတ်ပြီး ဖြစ်သောကြောင့် စေတသိကဒုက္ခဝေဒနာကို မခံစားရတော့ပါ။

ဤကား မိလိန္ဒပဉှာကျမ်း၏ [illegible] နှင့် အရှင်နာဂသေနမထေရ်မြတ်၏ အဖြေများဖြစ်ပါသည်။

---

၁။ မိလိန္ဒ၊ ၄၄။

မှန်ပါသည်။ အနိဋ္ဌဖောဋ္ဌဗ္ဗာရုံနှင့် တွေ့ကြုံဆုံဆည်းရသည့်အခါ၌ ဒုက္ခ-သဟဂုတ် ကာယဝိညာဏ် စိတ်သည် ကာယဒွါရကို အမှီပြု၍ ဖြစ်ပေါ်လာသည်။ ထိုဒုက္ခသဟဂုတ် ကာယဝိညာဏ်စိတ်နှင့်အတူ ထိုအနိဋ္ဌဖောဋ္ဌ-ဗ္ဗာရုံကိုခံစားသော ကာယိကဒုက္ခဝေဒနာစေတသိက်ပါမြဲဖြစ်ပါသည်။ ထိုကာယိက ဒုက္ခဝေဒနာဖြစ်ကြောင်း ဒုဗ္ဗာကတတရားများကို သောတာ-ပတ္တိမဂ်စသော လောကုတ္တရာကုသိုလ်စိတ်များဖြင့် မပယ်သတ်ပါ။ ထို-ကြောင့် ရဟန္တာပုဂ္ဂိုလ်သန္တာန်၌ ကာယိကဒုက္ခဝေဒနာ ဖြစ်ပေါ်ပါသေးသည်။

ရဟန္တာပုဂ္ဂိုလ် မဆိုထားဘိ ဘုရားရှင် ကိုယ်တော်မြတ်ကြီးပင်လျှင် ထိုတရားများကို မပယ်သောကြောင့် ဘုရားရှင်အား ကျောက်ကုန်းတော်ကိုက်ခဲခြင်း[1] နှင့် လေနာရောဂါစွဲကပ်ခြင်း[2]ဟူသော ကာယိကဒုက္ခဝေဒနာများကို ခံစားရပေသေးသည်။

စေတသိကဒုက္ခဝေဒနာမှာကား– ဒေါသစိတ်ဖြစ်ပေါ်လာမှ ထိုဒေါသစိတ်နှင့်အတူဖြစ်ရသော ဝေဒနာမျိုးဖြစ်သည်။ ဒေါသစိတ် မဖြစ်လျှင် ထိုစေတသိကဒုက္ခဝေဒနာလည်း မဖြစ်ပေါ်နိုင်တော့ချေ။ ရဟန္တာပုဂ္ဂိုလ်တို့သည် စေတသိကဒုက္ခဝေဒနာ၏ အကြောင်းဖြစ်သော ဒေါသစိတ်ကိုအကြွင်းမဲ့ ပယ်သတ်ခဲ့ပြီးဖြစ်သောကြောင့် ရဟန္တာပုဂ္ဂိုလ်များသန္တာန်၌ စိတ်နှလုံးမသာယာခြင်း၊ စိတ်ညစ်ခြင်း၊ စိတ်ဆိုးခြင်းစသော စေတသိကဒုက္ခဝေဒနာမျိုး လုံးဝမဖြစ်ပေါ်တော့ချေ။

**ပုထုဇဉ်နှင့် အရိယာတို့ ဝေဒနာခံစားပုံခြင်း မတူပုံ[3]။** ။ပုထုဇဉ်ပုဂ္ဂိုလ်သည် ဝေဒနာသုံးမျိုးလုံးကို ခံစားသကဲ့သို့ အရိယာပုဂ္ဂိုလ်သည်လည်း သုခဝေဒနာကိုလည်း ခံစား၏၊ ဒုက္ခဝေဒနာကိုလည်း ခံစား၏၊ ဥပေက္ခာဝေဒနာကိုလည်း

---

၁။ မ၊၂၊၁၇။ ပါဋ္ဌ၊၃၊၂၀။

၂။ သံ၊၁၊၁၇၆။ သံ၊ဋ္ဌ၊၁၊၂၃၇။

၃။ သံ၊၂၊၄၀၉(သလ္လသုတ်)

ခံစား၏၊ ထိုသော် ပုထုဇဉ်နှင့် အရိယာပုဂ္ဂိုလ်တို့ ဝေဒနာခံစားပုံသည် တဦးနှင့်တဦးမတူကြ၊ ကွဲပြားခြားနားကြသည်၊ ယင်းသို့ ကွဲပြားခြားနား ပုံကို ဘုရားရှင်သည် သဠာယတနဝဂ္ဂသံယုတ်ပါဠိတော်၊ ဝေဒနာသံယုတ် သလ္လသုတ်၌ ဤသို့ ဟောကြားတော် မူပါသည်။

"ရဟန်းတို့ အကြားအမြင်မရှိသောပုထုဇဉ်သည် ဒုက္ခဝေဒနာ နှင့် တွေ့ကြုံရသော် စိုးရိမ်ပူဆွေးပူပန်မှုဖြစ်၏၊ ကိုယ်စိတ်ပင်ပန်း၏၊ ငိုကြွေးမြည်တမ်း၏၊ မေ့မြော့သွား၏၊ ကိုယ်ဆင်းရဲမှု၊ စိတ်ဆင်းရဲမှု ဝေဒနာနှစ်ခုကိုခံစားရ၏၊ ဥပမာအားဖြင့်ပထမအကြိမ် မြောင့်စူး ခံရသော ယောကျ်ားအား ထိုမြောင့်အနီး၌ပင် ဒုတိယအကြိမ် ထပ်မံမြောင့်စူးခံရ၍ မြောင့်နှစ်ချောင်းဖြင့် ဝေဒနာခံစား နေရ သူနှင့် တူပေသည်။

ရဟန်းတို့– ထိုမြောင့် နှစ်ချောင်း အစူးခံရသော ယောကျ်ားကဲ့သို့ အကြား အမြင်မရှိသော ပုထုဇဉ် ပုဂ္ဂိုလ်သည် ဒုက္ခဝေဒနာနှင့် တွေ့ကြုံရ သည့်အခါ အမျက် ဒေါသ ထွက်၏၊ ထိုအခါ ယင်းပုထုဇဉ်ပုဂ္ဂိုလ်၏ သန္တာန်၌ ဒုက္ခဝေဒနာကြောင့် ဖြစ်သောပဋိဃာနုသယ (ဒေါသဟူသော အနုသယတရား) သည်ကိန်းလာ ဖြစ်ပေါ် လာ၏၊

ပုထုဇဉ် ပုဂ္ဂိုလ်သည် ယင်းဒုက္ခဝေဒနာနှင့် တွေ့ကြုံရသည့်အခါ၌ ကာမချမ်းသာမှတပါး ဒုက္ခဝေဒနာမှ လွတ်မြောက်ရာကို မသိမမြင်သော ကြောင့် ကာမချမ်းသာကို လိုချင်နှစ်သက်၏၊ ထိုကာမချမ်းသာကို လို ချင်နှစ်သက်သော ပုထုဇဉ်ပုဂ္ဂိုလ်အား သုခဝေဒနာကြောင့် ဖြစ်သော ရာဂါနုသယသည် ကိန်းလာ ဖြစ်ပေါ် လာ၏။

ထိုပုထုဇဉ်ပုဂ္ဂိုလ်သည် ထိုဝေဒနာတို့၏ ဖြစ်ကြောင်းကို လည်းကောင်း၊ ချုပ်ကြောင်းကို လည်းကောင်း၊ သာယာဖွယ်ကို လည်းကောင်း၊ အပြစ် ကိုလည်းကောင်း၊ လွတ်မြောက်ရာကို လည်းကောင်း၊ ဟုတ်တိုင်းမှန်စွာ မသိမြင်ချေ၊ ယင်းသို့ဟုတ်တိုင်းမှန်စွာ မသိမြင်သောပုထုဇဉ်အား ဥပေက္ခာ ဝေဒနာကြောင့် ဖြစ်သော အဝိဇ္ဇာနုသယသည် ကိန်းလာဖြစ်ပေါ် လာ၏။

ထိုပုထုဇဉ်ပုဂ္ဂိုလ်သည် ဒုက္ခဝေဒနာကို ခံစားရသည့် အခါမှာလည်း ကိလေသာနှင့်ယှဉ်၍ ဒုက္ခဝေဒနာကို ခံစားရ၏၊ သုခဝေဒနာကို ခံစားသည့် အခါမှာလည်း ကိလေသာနှင့် ယှဉ်၍ သုခဝေဒနာကို ခံစားရ၏၊ ဥပေက္ခာ ဝေဒနာကို ခံစားသည့်အခါမှာလည်း ကိလေသာနှင့်ယှဉ်၍ ဥပေက္ခာ ဝေဒနာကိုခံစား၏။

ရဟန်းတို့–အကြားအမြင်မရှိသော ဤပုထုဇဉ်ပုဂ္ဂိုလ်ကို ပဋိသန္ဓေနေမှု၊ အိုမှု၊ သေမှု၊ စိုးရိမ်ပူဆွေး ငိုကြွေးမှု၊ ကိုယ်စိတ်ဆင်းရဲမှု၊ ပြင်းစွာ ပူပန်မှုတို့နှင့် ယှဉ်စပ်နေသူ၊ ဆင်းရဲဒုက္ခနှင့် ယှဉ်စပ်နေသူဟု ငါဘုရား ဟောပေသည်။

ရဟန်းတို့–အကြားအမြင်ရှိသော အရိယာတပည့်[၁] မှာ မူကား ဒုက္ခဝေဒနာနှင့် တွေ့ကြုံရသည့်အခါ စိုးရိမ်၊ ပူဆွေး၊ ငိုကြွေး၊ မြည်တမ်း၊ စိတ်ပင်ပန်းခြင်းလည်း မဖြစ်၊ မေ့မြော့သွားခြင်းလည်း မရှိ၊ စိတ်ဆင်းရဲခြင်း စိတ်ညစ်ခြင်း စသော စိတ်ဝေဒနာကို မခံစားရသော်လည်း ကိုယ်ဆင်းရဲမှု၊ ကိုယ်ပင်ပန်းမှု စသည့် ကိုယ်၌ဖြစ်သော ဒုက္ခဝေဒနာကိုမူ ခံစားရပေသေးသည်။

ရဟန်းတို့-ဥပမာအားဖြင့်ဆိုသော် ပထမအကြိမ်သာ မြှောင့်စူးခံရ၍ ထိုမြှောင့်တချောင်း တည်းဖြင့်သာ ဝေဒနာခံစားရသော ယောကျ်ားနှင့် တူပေသည်။

ရဟန်းတို့–ထိုမြှောင့်တချောင်းသာ အစူးခံရသော ယောကျ်ားကဲ့သို့ အကြားအမြင်ရှိသော အရိယာသာဝကသည် ဒုက္ခဝေဒနာနှင့် တွေ့ကြုံရသည့်အခါ၌တွင် စိုးရိမ်၊ ပူဆွေး၊ ငိုကြွေး၊ မြည်တမ်း၊ စိတ်ပင်ပန်းခြင်းလည်းမရှိ၊ မေ့မြော့သွားခြင်းလည်းမရှိ၊ စိတ်ဆင်းရဲမှု စိတ်ညစ်မှု စသော စိတ်ဝေဒနာကို မခံစားရ သော်လည်း ကိုယ်ဆင်းရဲပင်ပန်းမှု စသော ကာယိကဒုက္ခဝေဒနာကိုမူ ခံစားရပေသေးသည်။

---

၁။ ရဟန္တာအရိယာဖြစ်သည်၊ ဟနာဂါမ် အရိယာဟုလည်း ဆိုကြသည်။ ( သံ၊ ၄၊ ၃။၁၁၇၊ )

အရိယာသာဝကသည် ဒုက္ခဝေဒနာနှင့် တွေ့ကြုံရသည့်အခါတွင် အမျက်ဒေါသထွက်ခြင်း၊ စိတ်ဆိုးခြင်းများမဖြစ်တော့။ ထို့ကြောင့် ထို အရိယာသာဝကအား ဒုက္ခဝေဒနာကြောင့်ဖြစ်သည့် ပဋိဃာနုသယလည်း မကိန်းတော့၊ မဖြစ်ပေါ်တော့ချေ။ ထိုအရိယာသာဝကသည် ယင်းဒုက္ခ-ဝေဒနာနှင့်တွေ့ကြုံရသည့် အခါတွင် ကာမချမ်းသာမှတပါး ဒုက္ခ-ဝေဒနာ၏ လွတ်မြောက်ရာကို သိသောကြောင့် ကာမချမ်းသာကို မနှစ်သက် မလိုချင်၊ ထို့ကြောင့် ထိုအရိယာသာဝကအား သုခဝေဒနာကြောင့် ဖြစ်သော ရာဂါနုသယသည် မကိန်းတော့ မဖြစ်ပေါ်တော့ချေ။

ထိုအရိယာသာဝကသည် ဝေဒနာတို့၏ဖြစ်ကြောင်းကို လည်းကောင်း၊ ချုပ်ကြောင်းကို လည်းကောင်း၊ သာယာဖွယ်ကိုလည်းကောင်း၊ အပြစ်ကို လည်းကောင်း၊ ထွက်မြောက်ရာကို လည်းကောင်း ဟုတ်တိုင်းမှန်စွာသိ၏၊ ယင်းသို့ သိသောကြောင့် ထိုအရိယာသာဝကအား ဥပေက္ခာဝေဒနာကြောင့်ဖြစ်သော အဝိဇ္ဇာနုသယသည် မကိန်းတော့ မဖြစ်ပေါ်တော့ချေ။

ထိုအရိယာသာဝကသည် ဒုက္ခဝေဒနာကို ခံစားသည့် အခါမှာလည်း ကိလေသာနှင့် မယှဉ်မူ၍ ဒုက္ခဝေဒနာကို ခံစား၏၊ သုခဝေဒနာကို ခံစားသည့်အခါမှာလည်း ကိလေသာနှင့်မယှဉ်မူ၍ သုခဝေဒနာကိုခံစား၏၊ ဥပေ-က္ခာဝေဒနာကိုခံစားသည့် အခါမှာလည်း ကိလေသာနှင့်မယှဉ်မူ၍ ဥပေ-က္ခာဝေဒနာကိုခံစား၏။

ရဟန်းတို့—အကြားအမြင်ရှိသော အရိယာသာဝကကို ပဋိသန္ဓေနေမှု, အိုမှု, သေမှု, စိုးရိမ်ပူဆွေး ငိုကြွေးမှု, စိတ်ဆင်းရဲမှု, ပြင်းစွာပင်ပန်းမှုတို့နှင့် မယှဉ်စပ်သူ၊ ဆင်းရဲဒုက္ခနှင့် မယှဉ်စပ်သူဟု ငါဘုရားဟော၏။

ရဟန်းတို့—ဤကား အရိယာသာဝကနှင့် ပုထုဇဉ်ပုဂ္ဂိုလ်တို့နှစ်ဦး, ဝေဒနာ ခံစားပုံ အထူးတည်း။

သတိသမ္ပဇညရှိသူတို့ ဝေဒနာသုံးပါး၌ရှုပုံ¹။ ။အခါတပါး၌ ဗုဒ္ဓရှင်တော်ဘုရားသည် ဝေသာလီပြည်၊ မဟာဝုန်တော၊ ကူဋာဂါရကျောင်းတော်၌ သီတင်းသုံးနေတော်မူ၏၊ တခုသော ညနေချမ်းအချိန်တွင် ရှင်တော်ဘုရားသည် သူနာ ရဟန်း ရှိသောကျောင်း သို့ကြွတော်မူပြီး "ရဟန်းတို့၊ ရဟန်းဆိုသည်မှာ အချိန်ရှိသရွေ့ သတိသမ္ပဇဉတရား လက်ကိုင်ထားလျက် နေထိုင်ရမည်" ဟု ဆုံးမတော်မူပါသည်။

ရဟန်းတို့— အဘယ်သို့ နေထိုင်ခြင်းသည် ရဟန်းတော်များအား သတိရှိသော နေထိုင်ခြင်းမည်သနည်း။

ရဟန်းတို့— ဤငါဘုရား သာသနာတော်၌ ရဟန်းသည် ရုပ်အပေါင်း၌ ရုပ်အပေါင်းဟု အကြိမ်ကြိမ်ရှုမှတ်လျက်နေ၏။ ပြင်းစွာအားထုတ်သော လုံ့လဝီရိယရှိ၏၊ သတိသမ္ပဇဉ် ဆင်ခြင်ဉာဏ်ရှိ၏၊ လောက၌မက်မောခြင်း အဘိဇ္ဈာ၊ နှလုံးမသာယာခြင်း ဒေါမနဿတို့ကို ပယ်ဖျောက်၍နေထိုင်၏၊ ဝေဒနာတို့၌။ပ။ ဒေါမနဿတို့ကို ပယ်ဖျောက်၍ နေထိုင်၏၊ စိတ်၌။ပ။ ဒေါမနဿတို့ကို ပယ်ဖျောက်၍ နေထိုင်၏၊ သဘောတရားတို့၌ ။ပ။ ဒေါမနဿတို့ကို ပယ်ဖျောက်၍ နေထိုင်၏၊ ဤသို့နေထိုင်ခြင်းသည် သတိရှိသော နေထိုင်ခြင်းမည်၏။

ရဟန်းတို့— အဘယ်သို့ နေထိုင်ခြင်းသည် ရဟန်းတော်များအား ဆင်ခြင်ဉာဏ် သမ္ပဇဉ်ရှိသော နေထိုင်ခြင်း ဖြစ်သနည်း။

ရဟန်းတို့— ဤ ငါဘုရား သာသနာတော်၌ ရဟန်းသည် ရှေ့သို့လှမ်းရာ, နောက်သို့ဆုတ်ရာတို့၌ သိလျက် လှမ်းလေ့, ဆုတ်လေ့ရှိ၏၊ တည့်တည့်ကြည့်ရာ, စောင်းကြည့်ရာတို့၌ သိလျက်နှင့် ကြည့်လေ့ရှိ၏၊ ကွေးရာ, ဆန့်ရာတို့၌ သိလျက်နှင့် ကွေးလေ့, ဆန့်လေ့ရှိ၏၊ ဒုကုဋ်, သပိတ်, သင်္ကန်းတို့ကို ဆောင်ရွက်ရာတို့၌ သိလျက်ဆောင်လေ့ရှိ၏၊ စားရာ သောက်ရာ, ခဲရာ,

---

၁။ သံ၊ ၂။၄၁၂။ ( ပဌမ ဂေလညသုတ် )

လျက်ရာတို့၌ သိလျက်နှင့် စားသောက်လေ၏၊ ခံလေ၏၊ မျိုလေ၏၊ ကျင်ကြီး ကျင်ငယ် စွန့်ရာတို့၌ သိလျက်နှင့် စွန့်လေ၏၊ သွားရာ ရပ်ရာ ထိုင်ရာ အိပ်ရာတို့၌ သိလျက် သွားလေ၏၊ ရပ်လေ၏၊ ထိုင်လေ၏၊ အိပ်လေ၏၊ နိုးရာ စကားပြောရာ ဆိတ်ဆိတ်နေရာတို့၌ သိလျက် နိုးလေ၏၊ စကားပြောလေ၏၊ ဆိတ်ဆိတ်နေလေ၏၊ ရဟန်းတို့ ဤသို့သိလျက် နေထိုင်ခြင်းသည် ဆင်ခြင်ဉာဏ် သမ္ပဇဉ်ဉာဏ်ရှိသော နေထိုင်ခြင်းမည်၏။

ရဟန်းတို့ သတိသမ္ပဇဉ် ဆင်ခြင်ဉာဏ်နှင့် မမေ့မလျော့ ပြင်းစွာ အားထုတ်လျက် နိဗ္ဗာန်ရောက်ဖို့စိတ်သာ ရှိနေသောသူအား သုခဝေဒနာ ဖြစ်ပေါ်လာသည့်အခါ ထိုသူသည် "ငါ့အား ဤသုခဝေဒနာ ဖြစ်ပေါ်လာခဲ့ပေပြီ၊ ဤသုခဝေဒနာသည် အစွဲပြု၍သာ ဖြစ်သည်၊ အစွဲမပြုပဲ ဖြစ်လာသည်မဟုတ်၊ အဘယ်ကို အစွဲပြု၍ ဖြစ်ပေါ်လာသနည်း၊ ဤခန္ဓာကိုယ်ကိုပင် အစွဲပြု၍ ဖြစ်ပေါ်လာ၏၊ ဤခန္ဓာကိုယ်သည်လည်း မမြဲသောသဘော ပြုပြင်အပ်သောသဘော အကြောင်းကိုအစွဲပြု၍ ဖြစ်ပေါ်ခြင်းသဘောရှိ၏၊ ဤသို့ သဘောရှိသော ခန္ဓာကိုယ်ကို အစွဲပြုပြီး ဖြစ်ပေါ်လာရသော သုခဝေဒနာကား အဘယ်သို့ မြဲနိုင်မည်နည်း" ဟု သိ၏။ ထိုသူသည် ခန္ဓာကိုယ်၌လည်းကောင်း၊ သုခဝေဒနာ၌ လည်းကောင်း မမြဲခြင်းသဘောကို မပြတ်ရှုနေ၏၊ ပျက်စီးတတ်သောသဘောကို မပြတ်ရှုနေ၏၊ ငြိမ်းအပ်သည့် သဘောကို မပြတ်ရှုနေ၏၊ ချုပ်ပျောက်တတ်သည့်သဘောကို မပြတ်ရှုနေ၏၊ စွန့်ပစ်ဖွယ်သဘောကို မပြတ်ရှုနေ၏၊ ခန္ဓာကိုယ်၌လည်းကောင်း၊ သုခဝေဒနာ၌လည်းကောင်း၊ ယင်းသို့ မပြတ်ရှုနေသော ရဟန်းအား ခန္ဓာကိုယ်နှင့် သုခဝေဒနာတို့၌ ရာဂါနုသယသည် မပျောက်ကုန်၏။

ရဟန်းတို့ သတိသမ္ပဇဉ် ဆင်ခြင်ဉာဏ်ရှိ၍ မမေ့မလျော့ ပြင်းစွာ အားထုတ်လျက် နိဗ္ဗာန်ရောက်ဖို့စိတ်သာ ရှိနေသောသူအား ဒုက္ခဝေဒနာ ဖြစ်ပေါ်လာသည့်အခါ ထိုသူသည် "ငါ့အား ဤဒုက္ခဝေဒနာ ဖြစ်ပေါ်လာခဲ့ပြီ၊ ဤဒုက္ခဝေဒနာသည် အစွဲပြု၍သာ ဖြစ်လာ၏၊ အစွဲမပြုပဲ

ဖြစ်လာသည်မဟုတ်၊ အဘယ်ကို အစွဲပြု၍ ဖြစ်ပေါ်လာသနည်း၊ ဤခန္ဓာကိုယ်ကိုပင် အစွဲပြု၍ ဖြစ်ပေါ်လာ၏၊ ဤခန္ဓာကိုယ် သည်လည်း မမြဲသောသဘော၊ ပြုပြင်အပ်သောသဘော အကြောင်းကို အစွဲပြု၍ ဖြစ်ပေါ်လာခြင်း သဘောရှိ၏၊ ဤသို့ သဘောရှိသော ခန္ဓာကိုယ်ကို အစွဲပြုပြီး ဖြစ်ပေါ်လာရသော ဒုက္ခဝေဒနာကား အဘယ်သို့ မြဲနိုင်မည်နည်း" ဟု သိ၏။

ထိုသူသည် ခန္ဓာကိုယ်၌လည်းကောင်း၊ ဒုက္ခဝေဒနာ၌လည်းကောင်း မမြဲခြင်းသဘောကို မပြတ်ရှုနေ၏၊ ပျက်စီးတတ်သော သဘောကို မပြတ်ရှုနေ၏၊ စွဲမက်ဖွယ်ရာမရှိသည့် သဘောကို မပြတ်ရှုနေ၏၊ ချုပ်ပျောက်တတ်ခြင်းသဘောကို မပြတ်ရှုနေ၏၊ စွန့်ပစ်ဖွယ်သဘောကို မပြတ်ရှုနေ၏၊ ခန္ဓာကိုယ်၌ လည်းကောင်း၊ ဒုက္ခဝေဒနာ၌လည်းကောင်း ယင်းသို့ မပြတ်ရှုနေသော ထိုရဟန်းအား ခန္ဓာကိုယ်နှင့် ဒုက္ခဝေဒနာတို့၌ ပဋိဃာနုသယသည် ပျောက်ကင်း၏။

ရဟန်းတို့— သတိသမ္ပဇဉ် ဆင်ခြင်ဉာဏ်ရှိ၍ မမေ့မလျော့ ပြင်းစွာ အားထုတ်လျက် နိဗ္ဗာန်ရောက်ဖို့စိတ်သာ ရှိနေသောသူအား ဥပေက္ခာဝေဒနာ ဖြစ်ပေါ်လာသည့်အခါ ထိုသူသည် "ငါ့အား ။ပ။ ဥပေက္ခာဝေဒနာအား အဘယ်သို့မြဲနိုင်မည်နည်း" ဟု သိအပ်၏။

ထိုသူသည် ခန္ဓာကိုယ်၌ လည်းကောင်း၊ ဥပေက္ခာဝေဒနာ၌ လည်းကောင်း၊ မမြဲခြင်းသဘောကို မပြတ်ရှုနေ၏။ပ။ စွန့်ပစ်ဖွယ်သဘောကို မပြတ်ရှုနေ၏၊ ခန္ဓာကိုယ်၌လည်းကောင်း၊ ဥပေက္ခာဝေဒနာ၌ လည်းကောင်း၊ ယင်းသို့ မပြတ်ရှုနေသော ထိုရဟန်းအား ခန္ဓာကိုယ်၌ လည်းကောင်း၊ ဥပေက္ခာဝေဒနာ၌လည်းကောင်း အဝိဇ္ဇာနုသယသည် ပျောက်ကင်း၏။

ထိုသူသည် သုခဝေဒနာကို ခံစားရသည့်အခါ ထိုသုခဝေဒနာကား မမြဲဟုသိ၏။ လွှမ်းမိုး၍ မဖြစ်သောတရားဟု သိ၏၊ မနှစ်သက်အပ်သော တရားဟုသိ၏၊ ဒုက္ခဝေဒနာ ဥပေက္ခာဝေဒနာတို့ကို ခံစားရသည့်အခါ၌

လည်း ထို့အတူသိ၏၊ ထိုသူသည် သုခဝေဒနာ ဒုက္ခဝေဒနာ ဥပေက္ခာဝေဒနာတို့ကို ခံစားရသည့်အခါ (ကိလေသာနှင့်) မယှဉ်စပ်သည်ဖြစ်၍ ထိုဝေဒနာတို့ကို ခံစား၏။

ထိုသူသည် ခန္ဓာကိုယ် အပိုင်းအခြားရှိသော ဝေဒနာကို ခံစားရသည် ရှိသော် ခန္ဓာကိုယ် အပိုင်းအခြားရှိသော ဝေဒနာကို ခံစား၏ဟု သိ၏၊ အသက်အပိုင်းအခြားရှိသော (ဝါ) အသက်ကို ရန်ရှာသော ဝေဒနာကို ခံစားရသည်ရှိသော် အသက်အပိုင်းအခြားရှိသော ဝေဒနာကို ခံစား၏ဟု သိ၏၊ ခန္ဓာကိုယ်ပျက်စီးရ၍ အသက်ကုန်ဆုံးသည်မှ အထက်ကာလ၌ (ဝါ) ခန္ဓာကိုယ် ပျက်စီးခါနီး အသက်ကုန်ဆုံးခါနီး၌ ဤဘဝ၌ပင် ခံစားမှုဟူသမျှတို့သည်မနှစ်သက်အပ်ကုန်သည်ဖြစ်၍ ငြိမ်းအေးကုန်လတ္တံ့ဟုသိ၏။

ရဟန်းတို့– ဥပမာအားဖြင့် ဆီကိုစွဲ၍လည်းကောင်း၊ မီးစာကိုစွဲ၍လည်းကောင်း ဆီမီးသည်တောက်ရာ၏၊ ထိုဆီနှင့် မီးစာကို ကုန်ခမ်းခြင်းကြောင့်ပင်လျှင် မီးသည်လောင်စာမရှိသည်ဖြစ်၍ငြိမ်းလေသကဲ့သို့တည်း။

**ဝေဒနာတို့၏ ဖြစ်ကြောင်း၊ ချုပ်ကြောင်းတရားစသည်များ**[1]

အခါတပါး၌ အရှင်အာနန္ဒာသည် မြတ်စွာဘုရားထံချဉ်းကပ်၍—

"အရှင်ဘုရား ဝေဒနာတို့သည် အဘယ်မျှရှိပါကုန်သနည်း၊ ဝေဒနာ၏ ဖြစ်ကြောင်းကား အဘယ်ပါနည်း၊ ဝေဒနာ၏ချုပ်ငြိမ်းကြောင်းကား အဘယ်ပါနည်း။ ဝေဒနာချုပ်ငြိမ်းကြောင်းသို့ ရောက်ကြောင်းအကျင့်ကောင်းကား အဘယ်ပါနည်း၊ ဝေဒနာ၏ သာယာဖွယ် (အဿာဒ)ကား အဘယ်ပါနည်း။ အပြစ် (အာဒီနဝ)ကား အဘယ်ပါနည်း။ ထွက်မြောက်ရာ (နိဿရဏ) ကား အဘယ်ပါနည်း"

ဟု အမေးပုစ္ဆာ (၇)ချက်ကို မေးမြန်းလျှောက်ထားပါသည်။

---

၁။ သံ၊ ၂၊၄၂၀၊၄၂၁။

ဒုက္ခပေါင်းအနန္တဖြင့် ဆက်လက်ရှာဖွေရဦးမည်ဖြစ်သည်၊ ဤသို့ ဝေဒနာ အည် သတ္တဝါအပေါင်းတို့ကို အနိစ္စဒဏ်ချက်ဖြင့် အမြဲတစေ နှိပ်စက် ညှဉ်းပမ်း၍ နေပေသည်။

ဝေဒနာသည် သတ္တဝါအပေါင်းတို့ကို မမြဲမှု အနိစ္စဒဏ်ချက်ဖြင့်သာ နှိပ်စက်သည်မဟုတ်သေး၊ ဆင်းရဲမှု ဒုက္ခဒဏ်ချက်တို့ဖြင့်လည်း အစဉ် နှိပ်စက်ညှဉ်းပမ်းလျက်ရှိသည်၊ ယခုလက်ရှိဘဝ၌ မိမိအလိုရှိရာ နှစ်သက်ရာ အာရုံများနှင့် တပြုံးပြုံး တရွှင်ရွှင် ကြည်လင်ချမ်းမြနေရခြင်း အခွင့် အရေးသည် အလိုအလျောက် ပေါ်ပေါက်လာသော အခွင့်အရေး မဟုတ်၊ ထိုအခွင့်အရေးကို ရဖို့ရန် ရှေးရှေးဘဝတို့က ကြိုတင်၍ ဒါနမှုနှင့် ဒုက္ခခံကာ ရင်းနှီးခဲ့ရခြင်း၊ သီလမှုနှင့် ဒုက္ခစိုက်ရခြင်း၊ ဘာဝနာမှုနှင့် ဒုက္ခ စိုက်ရခြင်းစသည်ဖြင့် အမျိုးမျိုးဒုက္ခခံကာ ရင်းနှီးခဲ့ရပေသည်။

ထိုသို့ကြိုတင်ကာ ဒုက္ခနှင့်ရင်းနှီး၍ ထိုအခွင့်အရေးကို ရပါသော်လည်း မိမိသန္တာန်၌ အမြဲအစွဲ အပင်စိုက်၍နေသော ဓာတ်မျိုးမဟုတ်၊ မိဒ္ဓိတို့၏ အတွင်းအကြည်ဓာတ်ခြောက်ပါးနှင့် ပြင်ပအာရုံခြောက်ပါးတို့ တွေ့ဆုံ ခိုက်မှာမှ ဒွါရခြောက်ပါးတွင် ဖြစ်ပေါ်လာသော အခိုက်အတန့် ယာယီ ဓာတ်သဘောမျိုး ဖြစ်ပေသည်။ ထို့ကြောင့် အာရုံကောင်းတို့ကို ရရှိဖို့ရန် နေ့ရှိသမျှ ဒုက္ခစိုက်နေရပေသည်။

ကြောင့်ကြစိုက်နိုင်၍ အလိုရှိရာ နှစ်သက်ရာအာရုံနှင့် ပြုံးကာ ရွှင်ကာ နေရပါသော်လည်း မမြဲသောတရားဖြစ်၍ ပြုံး ပြီးကွယ်ပျောက်ကုန်ခန်း၍ သွား၏၊ ထို့ကြောင့် ပြုံးလိုသေးသမျှကာလပတ်လုံး အာရုံကောင်းများ အတွက် ဒုက္ခစိုက်ခွင့်မှ လွတ်ခွင့်မရပြီ၊ ဒုက္ခစိုက်၍ နေဆဲမှာပင် ချုပ် ပျောက်ပျက်စီးသွား၏၊ ပကတိအခါ၌ မပျက်စီးသော်လည်း သေဆုံးသည့် အခါ၌ ကုန်ပျက်စီးရလေသည်၊ ယင်းသို့ ကေန်ပျက်စီးသည်ကို သိသော ကြောင့်လည်း နောင်ဘဝတွင် သုခ သောမနဿ ဝေဒနာများကို အသစ် ထူထောင်နိုင်ရန် ယခုဘဝကပင် ဒါနမှု သီလမှု ဘာဝနာမှုတို့ဖြင့် ဒုက္ခ စိုက်ကာ ရင်းနှီးကြရ၏။

(၄) အလိုရှိအပ်။ပ။စွဲမက်အပ်ကုန်သော ရသာရုံများ၊

(၅) အလိုရှိအပ်။ပ။ စွဲမက်အပ်ကုန်သော ဖောဋ္ဌဗ္ဗာရုံ များဖြစ်ကြသည်။

အာနန္ဒာ၊ ဤကာမဂုဏ်ငါးပါးကို အစွဲပြု၍ ဖြစ်ပေါ်လာသော ကိုယ်စိတ် ချမ်းသာမှုကို ကာမချမ်းသာဟုခေါ်၏။

အာနန္ဒာ၊ ဤသာသနာတော်၌ ရဟန်းသည် ကာမဂုဏ်တို့မှ ကင်းဆိတ်၍ အကုသိုလ်တရားများကင်းလျက် ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာဟူသော ဈာန်အင်္ဂါငါးပါးရှိသော ပထမဈာန်ချမ်းသာသို့ ရောက်နေ၏။ အာနန္ဒာ၊ ဤပထမဈာန်ချမ်းသာသည် ဆိုခဲ့ပြီးသော ကာမချမ်းသာထက် အထူးသဖြင့် သာလွန်မွန်မြတ်လှ၏။

အာနန္ဒာ၊ ထိုပထမဈာန်ချမ်းသာထက် ဒုတိယဈာန်ချမ်းသာကလည်းကောင်း၊ ဒုတိယဈာန်ချမ်းသာထက် တတိယဈာန် ချမ်းသာကလည်းကောင်း၊ တတိယဈာန် ချမ်းသာထက် စတုတ္ထဈာန် ချမ်းသာကလည်းကောင်း၊ စတုတ္ထဈာန် ချမ်းသာထက် အာကာသာနဉ္စာယတနဈာန် ချမ်းသာကလည်းကောင်း။ ထို့ထက် ဝိညာဏဉ္စာယတနဈာန် ချမ်းသာကလည်းကောင်း၊ ထို့ထက် အာကိဉ္စညာယတန ဈာန်ချမ်းသာကလည်းကောင်း။ထို့ထက် နေဝသညာနာသညာယတန ဈာန်ချမ်းသာကလည်းကောင်း သာလွန်မွန်မြတ်လှပေသည်။

အာနန္ဒာ– ထိုနေဝသညာနာသညာယတနဈာန်ချမ်းသာထက်သညာဝေဒနာတို့ချုပ်ရာ နိရောဓသမာပတ်ချမ်းသာသည် သာလွန်မွန်မြတ်လှပေသည်။

အာနန္ဒာ–အယူတပါးရှိကြသော ပရိဗိုဇ်တို့က သညာ,ဝေဒနာတို့ချုပ်ခြင်း, ငြိမ်းခြင်းကို ချမ်းသာဟု ရဟန်းဂေါတမသည် ခေါ်ဆိုပညတ်၏။ အဘယ်ကြောင့် ယင်းသို့ ဆိုသနည်းဟု မေးဖွယ်ရှိ၏။

အာနန္ဒာ–ဤသို့မေးသော ပရိဗိုဇ်တို့ကို "ငါ့ရှင်တို့၊ ရှင်တော်ဘုရားသည် ချမ်းသာခံစားမှုကိုသာ ရည်ရွယ်၍ချမ်းသာဟု ပညတ်သည်မဟုတ်၊ အကြောင်းအကြောင်းအရပ်၌ ခံစားမှုရှိသောချမ်းသာ (ဝေဒယိတသုခ)တို့ ဖြစ်စေ၊ ခံစားမှုမရှိသောချမ်းသာ (အဝေဒယိတသုခ) ကို ဖြစ်စေရအပ်၏။ထို ချမ်းသာဟူသမျှကို ရှင်တော်ဘုရားသည် ချမ်းသာသုခဟုပညတ်၏" ဟု ပြန်လည်ဖြေဆိုရမည်၊ ပြန်လည်ပြောဆိုကြရမည်။

မှတ်ချက်[၁]။ ။ငါးပါးသော ကာမဂုဏ်ချမ်းသာနှင့် ရှစ်ပါးသော ဈာန်သမာပတ် ချမ်းသာတို့သည် ခံစားမှုရှိသော ဝေဒယိတသုခမည်ကုန်၏။ နိရောဓသမာပတ်ချမ်းသာသည် ခံစားမှုမရှိသော အဝေဒယိတသုခ မည်၏။ ခံစားမှုရှိသော ဝေဒယိတသုခဖြစ်စေ၊ခံစားမှုမရှိသော အဝေဒယိတသုခဖြစ်စေ၊ ဆင်းရဲကင်းမှု သုခသဘော ကြောင့် အမှန်စင်စစ် ချမ်းသာကေန် ဖြစ်ပေသည်။

ဝေဒနာနှင့်ဥတ္တမပုရိသ[၂]။ ။ဥတ္တမပုရိသဆိုသည်မှာ ယောကျ်ားမြတ်၊ ယောကျ်ား အာဇာနည်ဖြစ်သည်။ဝေဒနာနှင့် သက်ဆိုင်သည့် '၇'ဌာနတို့၌ လိမ္မာကျွမ်းကျင် ဉာဏ်မြင်မှုရှိသောပုဂ္ဂိုလ်ကို "ဥတ္တမပုရိသ"ဟု ခန္ဓဝဂ္ဂသံယုတ်ပါဠိတော် သတ္တဋ္ဌာနသုတ်၌ ဘုရားရှင်ဟောတော်မူပါသည်။ လိမ္မာကျွမ်းကျင် ဉာဏ်ဖြင့် သိမြင်ရမည့်(၇) ဌာနမှာ–

(၁) စက္ခုသမ္ဖဿဇာဝေဒနာ။ပ။မနောသမ္ဖဿဇာဝေဒနာ ဟူသော ဝေဒနာခြောက်ပါးကိုသိရခြင်း၊

(၂) ဝေဒနာဖြစ်ပွားခြင်းအကြောင်းတရားကို သိရခြင်း၊

(၃) ဝေဒနာ၏ ချုပ်ဆုံးခြင်းကို သိရခြင်း၊

---

၁။ သံ၊၄၊၇၊၁၂၀။

၂။ သံ၊၁။၅၀။

(၄) ဝေဒနာချုပ်ဆုံးခြင်းသို့ ဆိုက်ရောက်စေတတ်သော အကျင့်ကို သိရခြင်း၊

(၅) ဝေဒနာ၏ နှစ်သက်သာယာဖွယ်ကို သိရခြင်း၊

(၆) ဝေဒနာ၏ ကြောက်မက်ဖွယ် ဘေးကို သိရခြင်း၊

(၇) ဝေဒနာ၏ ကျွတ်လွတ်ခွင့်ကို သိရခြင်း

တို့ဖြစ်ပါသည်။

ဤနေရာ၌ သိခြင်းဆိုရာဝယ် နှုတ်ဖြင့် ပြောတတ် ဟောတတ်ရုံမျှကို အမှတ်သိ သညာသိသာဖြစ်သောကြောင့် သိသည်ဟု မဆိုရ၊ ကိုယ်တွင်းမှာ အလင်းပေါက်အောင် သိသည်ကိုသာ သိသည်ဟု ဆိုရသည်။

## ၁။ ဝေဒနာ ၆-ပါးကို သိရခြင်း

စက္ခုသမ္ဖဿဇာ ဝေဒနာစသော ဝေဒနာခြောက်ပါးအကြောင်းကို ဝေဒနာ စေတသိက်အမျိုးမျိုးပြားပုံအခန်း၌ အကျယ်ရှင်းလင်းခဲ့ပြီးဖြစ်၍ ဤနေရာ၌ ရှင်းလင်းပြရန် မလိုဟု ယူဆပါသည်။

## ၂။ ဝေဒနာဖြစ်ကြောင်းတရားကို သိရခြင်း

ဖဿစေတသိက်သည် ထိုဝေဒနာခြောက်ပါးဖြစ်ပွားကြောင်း တရားဖြစ်သည်။ ပြင်ပမှ အဆင်း, အသံ, အနံ့စသည့် အာရုံတရားတို့နှင့် ကိုယ်တွင်းရှိ မျက်စိအကြည်ဓာတ် (စက္ခုပသာဒ)၊ နားအကြည်ဓာတ် (သောတပသာဒ)စသည်တို့ တွေ့ကြုံဆုံဆည်းကြသည့်အခါ ထိုအဆင်း အသံ အစရှိသောအာရုံတို့ကို ဖဿက ဖိနှိပ်ကြိတ်နယ်ပေးသည်၊ ယင်းသို့ ဖိနှိပ်ကြိတ်နယ်ပေးမှ အာရုံအရသာပေါ်သည်၊ ထိုအရသာပေါ်မှ ထိုအရသာကို ခံစားသော ဝေဒနာဖြစ်လာသည်၊ ဤသို့ ဝေဒနာမှန်သမျှ ဖဿရှိမှ ဖြစ်ပေါ်လာနိုင်သောကြောင့် ဖဿသည် ဝေဒနာဖြစ်ပေါ်ရန် အကြောင်းတရားဖြစ်သည်။

### ၉။ ဝေဒနာချုပ်ဆုံးခွင့်ကို သိရခြင်း

ဖဿချုပ်ငြိမ်းလျှင်လည်း ဖဿကြောင့် ဖြစ်ပေါ်လာရသည့် ဝေဒနာသည်လည်း "အရင်းလဲ အဖျား ထင်းဖြစ်"ဆိုသကဲ့သို့ လုံးဝ ချုပ်ငြိမ်းသွားပေသည်။ ထို့ကြောင့် ဝေဒနာချုပ်ဆုံးခွင့်တရားသည် ဖဿပင် ဖြစ်ပါသည်။

ချဉ်းအုံ–အဆင်းအရောင်ဆိုသည့် ရူပါရုံသည် စက္ခုပသာဒဆိုသည့် ခေတ်မှန်ဘီလာထင်သည့်အခါ စက္ခုသမ္ဖဿဇာဝေဒနာ တဖွားဖွား ပေါ်လာ၏၊ ရူပါရုံအဆင်းခေတ်ပျောက်ကွယ်သွားလျှင် စက္ခုပသာဒ၌ ဖြစ်ပေါ်သိမျှသော ဝေဒနာများ အကုန်လုံး ပျောက်ကွယ်သွားပါသည်။ ထို့အတူ သောတသမ္ဖဿဇာ ဝေဒနာ ဃာနသမ္ဖဿဇာ ဝေဒနာ ဇိဝှါသမ္ဖဿဇာ ဝေဒနာ ကာယသမ္ဖဿဇာ ဝေဒနာတို့သည်လည်း ပြင်ပမှ အတိုက်အာရုံခေတ်နှင့် ကိုယ်တွင်းမှ အခံပသာဒဝတ်တို့ ကိုက်ဆိုင်မိချိန်တွင် ပေါ်လာ၍ အာရုံများ ပျောက်ကွယ်သည်နှင့် တပြိုင်နက် အားလုံး ပျောက်ကွယ်သွားကြကုန်၏။

မနောမှာလည်း မိမိအလိုရှိသော အာရုံနှင့် တွေ့ရှိနေဆဲအခါ မနောသမ္ဖဿဇာဝေဒနာများ တဖွားဖွားပေါ်နေ၏၊ အာရုံနှင့် စိတ်မျက်နှာလွဲပြန်လျှင် ထိုဝေဒနာအားလုံး ကွယ်ပျောက်ပြန်၏။

ဤသို့ ဝေဒနာခြောက်မျိုး ဖြစ်ပေါ်မှု ပျောက်ကွယ်ပျက်ဆုံးမှုတို့သည် မိမိတို့ ခန္ဓာကိုယ်မှာ တနာရီမစဲ ကိုယ်တွေ့စိတ်တွေ့ချည်း ဖြစ်ကုန်၏၊ ဝိပဿနာသမ္မာဒိဋ္ဌိညာဏ်မရှိကုန်သောသူတို့သည် ထိုဝေဒနာတို့ကို ငါဟုလည်းကောင်း၊ ငါ၏အတ္တဟုလည်းကောင်း သက္ကာယဒိဋ္ဌိအစွဲအလမ်း ပြင်းထန်နေကြ၏၊ ဆင်းရဲလျှင်လည်း ငါဆင်းရဲ၏၊ ငါနာသည်၊ ငါကျင်သည်၊ ငါပူပင်သည်၊ ငါကိုက်ခဲသည်ဟု စွဲလမ်း၏၊ ချမ်းသာလျှင်လည်း ငါချမ်းသာ၏၊ ငါဝမ်းမြောက်၏၊ ငါခံစား၏ ငါအေးချမ်း၏ဟု စွဲလမ်း၏။

ဝိပဿနာသမ္မာဒိဋ္ဌိဉာဏ်ဖြင့် ထိုဝေဒနာတို့ကို အနားအို အနာပျက်ကြီး၌ ကျနေသော ပိုးလောက်ယောင်များကို မှန်ဘီလူးဖြင့် ကြည့်သည့်အခါ ငြိမ်ငြိမ်နေကြသည်ကို မြင်သကဲ့သို့ ဒုက္ခကြည်ဒါရုံ ခြောက်ဌာနတို့၌ အာရုံ

ခြောက်ပါး ဆက်တိုက်နေသောအခါ၌သာ တဖွားဖွား ဖြစ်ပေါ်နေမှု၊ အာရုံခြောက်ပါး ကွယ်ပျောက်သွားပြန်လျှင် ပျောက်ကွယ်ကုန်ခမ်း၍ သွားမှုတို့ကို မြင်သည့်အခါမှ ထိုသင်္ကာယဒိဋ္ဌိကို ပယ်နိုင်ပေသည်။

ဤသို့ ဖဿတရားဖြစ်ပွားခြင်းကြောင့် ဝေဒနာတရား ဖြစ်ပွားလာရသည်၊ ဖဿတရားချုပ်ငြိမ်းသွားသည့်အခါ ဝေဒနာတရားလည်း တခါတည်း ချုပ်ငြိမ်းသွားရသည်ဟု ဝေဒနာ၏ ချုပ်ဆုံးခြင်းကိုလည်းသိရသည်။

ထိုကြောင့် သဠာယတနဝဂ္ဂသံယုတ်ပါဠိတော်၊ ဝေဒနာသံယုတ်၊ ဖဿမူလကသုတ်၌ အောက်ပါအတိုင်း ဟောတော်မူခဲ့ခြင်းဖြစ်ပါသည်။

"ရဟန်းတို့ ဖဿကြောင့်ဖြစ်ကုန်သော၊ ဖဿလျှင် အရင်းမူလရှိကုန်သော ဖဿဟူသော အကြောင်းရှိကုန်သော၊ ဖဿဟူသော အထောက်အပံ့ရှိကုန်သော ဝေဒနာတို့သည် ဤသုံးမျိုးတို့တည်း။ အဘယ်သုံးမျိုးတို့နည်း၊ သုခဝေဒနာ, ဒုက္ခဝေဒနာ, ဥပေက္ခာဝေဒနာတို့တည်း။

ရဟန်းတို့...ချမ်းချမ်းသာသာခံစားမှု၏ အကြောင်းဖြစ်သော ဖဿကို အစွဲပြု၍ သုခဝေဒနာဖြစ်ပေါ်လာရ၏၊ ထိုသုခဝေဒနာ ဖြစ်ပေါ်ကြောင်းဖြစ်သော ဖဿတရားချုပ်ငြိမ်းသွားမှသာ သုခဝေဒနာချုပ်ငြိမ်း၏။

ရဟန်းတို့...ဆင်းရဲစွာ ခံစားမှု၏အကြောင်းဖြစ်သော ဖဿကို အစွဲပြု၍ ဒုက္ခဝေဒနာဖြစ်ပေါ်လာ၏၊ ထိုဒုက္ခဝေဒနာဖြစ်ပေါ်ကြောင်းဖြစ်သော ဖဿတရားချုပ်ငြိမ်းသွားမှသာ ဒုက္ခဝေဒနာ ချုပ်ငြိမ်း၏။

ရဟန်းတို့...အသင့်တင့်ခံစားမှု၏ အကြောင်းဖြစ်သော ဖဿကို အစွဲပြု၍ ဥပေက္ခာဝေဒနာ ဖြစ်ပေါ်လာရ၏၊ ထိုဥပေက္ခာဝေဒနာဖြစ်ပေါ်ကြောင်း ဖြစ်သော ဖဿတရား ချုပ်ငြိမ်းသွားမှ ဥပေက္ခာဝေဒနာချုပ်ငြိမ်း၏။

ရဟန်းတို့...ဥပမာအားဖြင့် ထင်းချောင်းနှစ်ချောင်းတို့၏ အချင်းချင်းထိခိုက်မှု၊ ပေါင်းဆုံမှုကြောင့် အပူငွေ့ဖြစ်ပေါ်လာ၏။ မီးဖြစ်ပေါ်လာ၏၊ ထိုထင်းချောင်း နှစ်ချောင်းကို တစ်ချောင်းစီ ခွဲထားလိုက်လျှင် ထိုထင်းနှစ်ချောင်း ထိခိုက်မှုကြောင့် ဖြစ်ပေါ်လာသည့် အပူငွေ့သည် ချုပ်ငြိမ်းသွား၏၊ (မဖြစ်ပေါ်လာနိုင်)။

ရဟန်းတို့...ဤအတူပင် ဤဝေဒနာသုံးမျိုးတို့သည် ဖဿကြောင့် ဖြစ်ကုန်၏၊ ဖဿလျှင် အရင်းမူလ ရှိကုန်၏၊ ဖဿဟူသောအကြောင်း ရှိကုန်၏၊ ဖဿဟူသော အထောက်အပံ့ ရှိကုန်၏၊ ဖဿကိုအစွဲပြု၍ ဝေဒနာတို့ ဖြစ်ကြကုန်၏၊ ထို ဝေဒနာ အားလျော်သောဖဿ၏ ချုပ်ငြိမ်းခြင်းကြောင့် ထိုဖဿကြောင့် ဖြစ်သော ဝေဒနာတို့ ချုပ်ငြိမ်းကြကုန်၏။"

၄။ ဝေဒနာချုပ်ဆုံးကြောင်း အကျင့်ကို သိရခြင်း[၁]

ဝေဒနာ ချုပ်ဆုံးခြင်းသို့ ရောက်စေတတ်သော အကျင့်ဆိုသည်မှာ၊ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပစသော မဂ္ဂင်တရား-၈-ပါးဖြစ်သည်။

ထိုမဂ္ဂင်-၈-ပါးတွင် သမ္မာဒိဋ္ဌိမဂ္ဂင်သည် ပုဗ္ဗဘာဂသမ္မာဒိဋ္ဌိမဂ္ဂင်၊ လောကုတ္တရာသမ္မာဒိဋ္ဌိမဂ္ဂင်ဟု နှစ်မျိုးရှိသည်၊ ဝေဒနာခြောက်ပါးသဘောတရားတို့ကို လည်းကောင်း၊ ဝေဒနာတို့၏ ဖြစ်ကြောင်း ချုပ်ကြောင်းတရားကိုလည်းကောင်း၊ အဟုတ်မြင်အောင် ကြည့်နိုင်သော ဉာဏ်သည် 'ပုဗ္ဗဘာဂသမ္မာဒိဋ္ဌိမဂ္ဂင်'' မည်၏၊ ထိုပုဗ္ဗဘာဂသမ္မာဒိဋ္ဌိမဂ္ဂင်သည် ကြည့်ရှုဖန်များ၍ အလွန်ကြည်လင်ထက်သန်ခြင်းသို့ ရောက်သောအခါ "လောကုတ္တရာသမ္မာဒိဋ္ဌိ" ဖြစ်လာသည်။

သမ္မာသင်္ကပ္ပသည်လည်း ထိုအတူနှစ်ပါးပင်ရှိသည်၊ သမ္မာဒိဋ္ဌိ၏ အဖော်သဟဲကြီးဖြစ်သည်၊ ကိုယ်ခန္ဓာ၌ ဝေဒနာတို့၏ ဖြစ်ပေါ်လာမှု၊ ချုပ်ပျောက်သွားမှုတို့ကို မျက်စိနှင့် ကြည့်သလို မြင်မှုကား သမ္မာဒိဋ္ဌိ

၁။ ဥတ္တမပုရိသဒီပနီ၊ ၇၂။

တည်း။ မြင်ကွက်ပေါ်အောင် အချက်ရှာကြံ၍ ပေးတတ်သည်ကား သမ္မာသင်္ကပ္ပဖြစ်သည်။ အချက်ရှာကြံမှုကောင်းမှ၊ စေ့စပ်မှုမြင်ကွက် ပေါ်သည်။

ဤခန္ဓာကိုယ်၌ တနေ့တနေ့လျှင် အခါများစွာ ဝေဒနာပြောင်းလဲမှု အခါများစွာ ဝေဒနာအသစ်အသစ်ဖြစ်ပေါ်မှု၊ အဟောင်းအဟောင်း ချုပ်ပျောက်မှုတို့ကို ထင်လင်းစွာမြင်မှုကား သမ္မာဒိဋ္ဌိ၏ ကိစ္စဖြစ်သည်။ မြင်ကွက်ပေါ်အောင် ကိုယ်တွေ့ပျက်မြင်ဖြစ်သော အချက်တွေကို ရှာကြံ ပေးမှုကား သမ္မာသင်္ကပ္ပမဂ္ဂင်၏ ကိစ္စဖြစ်သည်၊ သမ္မာသင်္ကပ္ပမဂ္ဂင် အချက် ပေးကောင်းမှ သမ္မာဒိဋ္ဌိမဂ္ဂင် ပွင့်လင်းနိုင်သည်။

သမ္မာဒိဋ္ဌိမဂ္ဂင်၊ သမ္မာသင်္ကပ္ပမဂ္ဂင်နှစ်ပါး တနေ့တခြား တိုးပွား၍ လောကုတ္တရာသို့ ကူးသည်နှင့်တပြိုင်နက် ရှေးရှေးက စိတ်သန္တာန်၌ အစဉ်ပါ၍လာခဲ့သော ကာယဒုစရိုက်မျိုး, ဝစီဒုစရိုက်မျိုးတို့ကို အကြွင်းမဲ့ သတ်နိုင်သောဓာတ်သုံးခု ပေါ်လာ၏၊ ယင်းဓာတ်သုံးခုကား-သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ မဂ္ဂင်သုံးပါးတို့ဖြစ်သည်။

သမ္မာဝါယာမမဂ္ဂင်ကား ဤအလုပ် အထမြောက်သမျှ မနားမနေ စက်ကုန်လွှတ်၍ အားထုတ်သော ဝီရိယတည်း။ ယင်းကို သမ္မပ္ပဓာန်ဟုလည်း ခေါ်သည်၊ အာတာပဟုလည်း ခေါ်သည်။

အာရမ္ဘဓာတ်, နိက္ကမဓာတ်, ပရက္ကမဓာတ်ဟူ၍လည်း သုံးပါးရှိ၏၊ အာတာပဆိုသည်မှာ ကိလေသာတို့ကို ပူပန်ခြောက်သွေ့စေနိုင်သော ဝီရိယဖြစ်သည်ဟု ဖွင့်ကြသည်။ ထိုအလုပ်အထမြောက်သမျှ ရက်လ အရှည် မအိပ်မနေ အပူအပြင်း အပင်ပန်းခံသော ဝီရိယမျိုးဖြစ်သည်။

အကျိုးနှင့်တကွ လုပ်ခွင့်လုပ်လမ်းကို ကြားသိရလျှင် နွဲချင်းညဲချင်း ထ၍လုပ်နိုင်သော ဝီရိယကို "အာရမ္ဘဓာတ်" ဆိုသည်။ လုပ်စဉ်အခါ နှောက်ယှက်လာသော ထိနမိဒ္ဓ, ကောသဇ္ဇစသော စိတ်ရောဂါတို့ကို ပယ် ဖျက်တွန်းလှန် လုပ်အားသန်သော ဝီရိယကို "နိက္ကမဓာတ်" ဆိုသည်။ အထက်အထက်၌ အလုပ်မှဆုတ်နစ်ရန် စိတ်သန္တာန်မှာပေါ်လာသမျှသော

ဘေးရန်တို့ကို တွန်းလှန်နိုင်းနှံယ်၍ သွားနိုင်သောဝီရိယကို "ပရက္ကမဓာတ်" ဟု ခေါ်သည်။ ယခုကာလ ဤဝီရိယချိုး မရှိကြ၍ ဈာန်,မဂ်,ဖိုလ်ထူး အရ နည်းကြခြင်း ဖြစ်သည်။

၇။ ကမ္မဋ္ဌာန်းမှု၌ တခုဟုတ်မျှမလစ်ရအောင် စိတ်အစဉ်ကို အတွင်တိုက် တွန်းသော သတိသည် "သမ္မာသတိ"မည်၏။ ကမ္မဋ္ဌာန်းအာရုံကိုလွှတ်၍ အာရုံတပါးသို့ စိတ်မသွားမှုသည် "သမ္မာသမာဓိ"မည်၏။

၃။ ဤရှစ်ပါးတွင် သမ္မာဝါစာ, သမ္မာကမ္မန္တ,သမ္မာအာဇီဝ ဤသုံးပါးကား လောကုတ္တရာဘက်သို့ ကူးပြောင်းသောအခါမှ အလိုလိုပေါ်လာသော အင်္ဂါသုံးပါးတည်း။ မိမိခန္ဓာကိုယ်၌ တကိုယ်လုံး သမ္မာဒိဋ္ဌိဉာဏ်အလင်း ပေါက်အောင် မွှေနှောက်ဖောက်ထွင်း ရှုခြင်းဟူသော ဝိပဿနာဘာဝနာ အမှု၌ကား သမ္မာသတိ, သမ္မာဝါယာမ, သမ္မာသမာဓိ, သမ္မာသင်္ကပ္ပ ဟူသော စက်ကိရိယာလေးခု တပ်ဆင်ထားသည့် သမ္မာဒိဋ္ဌိဟူသော မီးရထားကြီးကို တလံချဲလောက်သော ကိုယ်ခန္ဓာရထားလမ်း၌ ဆံဖျားမှ ခြေဖျားတိုင်အောင် ခြေဖျားမှ ဆံဖျားတိုင်အောင် အထက်အမြင် အတွင် ခုတ်ခိုင်းပါလျှင် ခုနစ်ရက်နှင့် လောကုတ္တရာနိဗ္ဗာန်ပြည်ကြီးသို့ ဆိုက်သောသူ၊ တလနှင့်ဆိုက်သောသူ၊ တနှစ်နှင့်ဆိုက်ရသောသူ၊ နှစ်နှစ်၊သုံးနှစ်၊လေးနှစ်, ငါးနှစ်၊ ခြောက်နှစ်၊ ခုနစ်နှစ်နှင့်ဆိုက်သောသူများ ရှိပုံကို ကျမ်းဂန်တို့၌ အမျိုးမျိုးဟောတော်မူသည်။

## ၅။ ဝေဒနာ၏ နှစ်သက်သာယာဖွယ်ကို သိရခြင်း

ဝေဒနာကိုစွဲ၍ ဖြစ်ပေါ်လာသော ချမ်းသာမှု(သုခ)၊ ဝမ်းသာ ရွှင်လန်းမှု(သောမနဿ)တို့သည် ဝေဒနာ၏ နှစ်သက်သာယာဖွယ်များ ဖြစ်သည်။ မိမိတို့အလိုရှိသော အာရုံဝတ္ထုအမှုအခွင့်တို့နှင့် ဆုံဆည်းကြရ၍ စိတ်နှလုံး ပြုံးပြုံးရွှင်ရွှင် ကြည်လင်ချမ်းမြ သုခသောမနဿများနှင့် နေရမှုသည် သာယာဖွယ်အဿာဒမည်ပေသည်။ မျက်စိနှင့်ရူပါရုံတို့ တိုက်ဆိုင် တွေ့ဆုံမိသည့်အခါ၊ နှစ်သက်ဖွယ် ဣဋ္ဌရူပါရုံမျိုးဖြစ်ပါက စိတ်နှလုံး ရွှင်ပြုံးချမ်းသာသော သုခဝေဒနာစေတ်နှင့် သောမနဿဝေဒနာစေတ်

လည်း ထို့အတူသိ၏၊ ထိုသူသည် သုခဝေဒနာ ဒုက္ခဝေဒနာ ဥပေက္ခာဝေဒနာတို့ကို ခံစားရသည့်အခါ (ကိလေသာနှင့်) မယှဉ်စပ်သည်ဖြစ်၍ ထိုဝေဒနာတို့ကို ခံစား၏။

ထိုသူသည် ခန္ဓာကိုယ် အပိုင်းအခြားရှိသော ဝေဒနာကို ခံစားရသည် ရှိသော် ခန္ဓာကိုယ် အပိုင်းအခြားရှိသော ဝေဒနာကို ခံစား၏ဟု သိ၏၊ အသက်အပိုင်းအခြားရှိသော (ဝါ) အသက်ကို ရန်ရှာသော ဝေဒနာကို ခံစားရသည်ရှိသော် အသက်အပိုင်းအခြားရှိသော ဝေဒနာကို ခံစား၏ဟု သိ၏၊ ခန္ဓာကိုယ်ပျက်စီးရ၍ အသက်ကုန်ဆုံးသည်မှ အထက်ကာလ၌ (ဝါ) ခန္ဓာကိုယ် ပျက်စီးခါနီး အသက်ကုန်ဆုံးခါနီး၌ ဤဘဝ၌ပင် ခံစားမှုဟူသမျှတို့သည်မနှစ်သက်အပ်ကုန်သည်ဖြစ်၍ ငြိမ်းအေးကုန်လတ္တံ့ဟုသိ၏။

ရဟန်းတို့– ဥပမာအားဖြင့် ဆီကိုစွဲ၍လည်းကောင်း၊ မီးစာကိုစွဲ၍လည်းကောင်း ဆီမီးသည်တောက်ရာ၏၊ ထိုဆီနှင့် မီးစာတို့ ကုန်ခမ်းခြင်းကြောင့်ပင်လျှင် မီးသည်လောင်စာမရှိသည်ဖြစ်၍ငြိမ်းလေသကဲ့သို့တည်း။

ဝေဒနာတို့၏ ဖြစ်ကြောင်း၊ ချုပ်ကြောင်းတရားစသည်များ၊[၁] အခါတပါး၌ အရှင်အာနန္ဒာသည် မြတ်စွာဘုရား ထံချဉ်းကပ်၍–

"အရှင်ဘုရား ဝေဒနာတို့သည် အဘယ်မျှရှိပါကုန်သနည်း၊ ဝေဒနာ၏ ဖြစ်ကြောင်းကား အဘယ်ပါနည်း၊ ဝေဒနာ၏ချုပ်ငြိမ်းကြောင်းကား အဘယ်ပါနည်း။ ဝေဒနာချုပ်ငြိမ်းကြောင်းသို့ ရောက်ကြောင်းအကျင့်ကောင်းကား အဘယ်ပါနည်း၊ ဝေဒနာ၏ သာယာဖွယ် (အဿာဒ)ကား အဘယ်ပါနည်း။ အပြစ် (အာဒီနဝ)ကား အဘယ်ပါနည်း။ ထွက်မြောက်ရာ (နိဿရဏ) ကား အဘယ်ပါနည်း"

ဟု အမေးပုစ္ဆာ (၇)ချက်ကို မေးမြန်းလျှောက်ထားပါသည်။

၁။ သံ၊ ၂၊ ၄၂၀၊ ၄၂၁။

ဒုက္ခပေါင်းအနန္တဖြင့် ဆက်လက်ရှာဖွေရဦးမည်ဖြစ်သည်၊ ဤသို့ ဝေဒနာ အသည် သတ္တဝါအပေါင်းတို့ကို အနိစ္စဒဏ်ချက်ဖြင့် အမြဲတစေ နှိပ်စက် ညှဉ်းပမ်း၍ နေပေသည်။

ဝေဒနာသည် သတ္တဝါအပေါင်းတို့ကို မမြဲမှု အနိစ္စဒဏ်ချက်ဖြင့်သာ နှိပ်စက်သည်မဟုတ်သေး၊ ဆင်းရဲမှု ဒုက္ခဒဏ်ချက်တို့ဖြင့်လည်း အစဉ် နှိပ်စက်ညှဉ်းပမ်းလျက်ရှိသည်၊ ယခုလက်ရှိဘဝ၌ မိမိအလိုရှိရာ နှစ်သက်ရာ အာရုံများနှင့် တပြုံးပြုံး တရွှင်ရွှင် ကြည်လင်ချမ်းမြေ့နေရခြင်း အခွင့် အရေးသည် အလိုအလျောက် ပေါ်ပေါက်လာသော အခွင့်အရေး မဟုတ်၊ ထိုအခွင့်အရေးကို ရဖို့ရန် ရှေးရှေးဘဝတို့က ကြိုးပမ်း၍ ဒါနမှုနှင့် ဒုက္ခခံကာ ရင်းနှီးခဲ့ရခြင်း၊ သီလမှုနှင့် ဒုက္ခစိုက်ရခြင်း၊ ဘာဝနာမှုနှင့် ဒုက္ခ စိုက်ရခြင်းစသည်ဖြင့် အမျိုးမျိုးဒုက္ခခံကာ ရင်းနှီးခဲ့ရပေသည်။

ထိုသို့ကြိုတင်ကာ ဒုက္ခနှင့်ရင်းနှီး၍ ယိုအခွင့်အရေးကို ရပါသော်လည်း မိမိသန္တာန်၌ အမြဲအစွဲ အပင်စိုက်၍နေသော ဓာတ်မျိုးမဟုတ်၊ မိမိတို့၏ အတွင်းအကြည်ဓာတ်ခြောက်ပါးနှင့် ပြင်ပအာရုံခြောက်ပါးတို့ တွေ့ဆုံ ခိုက်မှာမှ ဒွါရခြောက်ပါးတွင် ဖြစ်ပေါ်လာသော အခိုက်အတန့် ယာယီ ဓာတ်သဘောမျိုး ဖြစ်ပေသည်။ ထို့ကြောင့် အာရုံကောင်းတို့ကို ရရှိဖို့ရန် နေ့ရှိသမျှ ဒုက္ခစိုက်နေရပေသည်။

ကြောင့်ကြစိုက်နိုင်၍ အလိုရှိရာ နှစ်သက်ရာအာရုံနှင့် ပြုံးကာ ရွှင်ကာ နေရပါသော်လည်း မမြဲသောတရားဖြစ်၍ ပြုံး ပြီးကွယ်ပျောက်ကုန်ခန်း၍ သွား၏၊ ထို့ကြောင့် ပြုံးလိုသေးသမျှကာလပတ်လုံး အာရုံကောင်းများ အတွက် ဒုက္ခစိုက်ခွင့်မှ လွတ်ခွင့်မရပြီ၊ ဒုက္ခစိုက်၍ နေဆဲမှာပင် ချုပ် ပျောက်ပျက်စီးသွား၏၊ ပကတိအခါ၌ မပျက်စီးသော်လည်း သေဆုံးသည့် အခါ၌ ကေန်ပျက်စီးရလေသည်၊ ယင်းသို့ ကေန်ပျက်စီးသည်ကို သိသော ကြောင့်လည်း နောင်ဘဝတွင် သုခသောမနဿ ဝေဒနာများကို အသစ် ထူထောင်နိုင်ရန် ယခုဘဝကပင် ဒါနမှု သီလမှု ဘာဝနာမှုတို့ဖြင့် ဒုက္ခ စိုက်ကာ ရင်းနှီးကြရ၏။

ဤသို့ ဝေဒနာသည် သံသရာတလျှောက်လုံး၌ သတ္တဝါများကို ဒါနမှု၊ သီလမှုတို့ဖြင့် နှိပ်စက်၏၊ ရဟန်းအလုပ်ဖြင့် နှိပ်စက်၏၊ ရသေ့အလုပ်ဖြင့် နှိပ်စက်၏၊ အသက်မွေးမှုအလုပ်ဖြင့် နှိပ်စက်၏။

ဤသို့အားဖြင့် မိမိအလိုရှိအပ်သော အာရုံဝတ္ထုတို့နှင့် တွေ့ကြုံ၍ စိတ်နှလုံးပြုံးပြုံးရွှင်ရွှင် ကြည်လင်ချမ်းမြေ့သုခသောမနသများနှင့် နေရမှုသည် ဝေဒနာ၏ သာယာဖွယ် နှစ်သက်ဖွယ် အဿာဒဖြစ်သည်။ ထိုဝေဒနာ၏ အမြဲမတည်မှု ဆင်းရဲဒုက္ခပေါင်း များစွာဖြင့် အရင်းစိုက်ရမှုတို့သည် မလိုလားအပ်သော ပြစ်ချက်(အာဒီနဝ)များဖြစ်၏၊

ဤနေရာ၌ ဥပမာအားဖြင့် ဝေဒနာသည် ခွေးလေခွေးလွင့်များကို သုတ်သင်ရှင်းလင်းသည့်နေရာ၌ အသုံးပြုသည့် အမဲသားတုံးနှင့် တူပေသည်၊ ထိုအမဲသားတုံးများကား စားမိသည်နှင့်တပြိုင်နက် အသက်သေစေနိုင်သည့် အဆိပ်များကိုထည့်၍ မွေးကြိုင်စွာချက်ထားသော အမဲတုံးများဖြစ်သည်၊ ထိုအမဲတုံး၏ မွှေးကြိုင်သော အနံ့အရသာများသည် သာယာဖွယ် နှစ်သက်ဖွယ်ကောင်းသော အဿာဒပေတည်း၊ ထိုအမဲတုံးအတွင်း၌ ဝင်နေသောအဆိပ်သည် ထိုအမဲတုံး၏ ကြောက်မက်ဖွယ်ရာကောင်းသော အပြစ်အာဒီနဝဓာတ်ဖြစ်၏၊ မွှေးကြိုင်သော အနံ့အရသာဟူသော သာယာနှစ်သက်ဖွယ်သော အဿာဒဖြင့် မိအောင်ဖမ်း၍ အဆိပ်တည်းဟူသော ကြောက်မက်ဖွယ်ရာ အာဒီနဝနှင့် သတ်ခြင်းပင် ဖြစ်သည်။

ဤသို့ ဥတ္တမပုရိသခေါ် ယောကျ်ားမြတ်တို့သည် ဝေဒနာတို့၏ ကြောက်မက်ဖွယ်ဘေးကို ကောင်းစွာမြင်ကြသည်။

၇။ ဝေဒနာ၏ ကျွတ်လွတ်ခွင့်ကိုသိရခြင်း

ဝေဒနာမှ ကျွတ်လွတ်ထွက်မြောက်ရာ လမ်းကား ထိုဝေဒနာတို့၌ သာယာတပ်စွဲသော ဆန္ဒရာဂခေါ်သည့် တဏှာကို စွန့်ပယ်ခြင်းဖြစ်သည်။ မှန်၏၊ လောက၌ ရွှေငွေကို သာယာတွယ်တာသော သူကိုသာ ရွှေငွေနှင့်စပ်သော ဒုက္ခဘေးက နှိပ်စက်နိုင်သည်၊ ရွှေငွေကို သာယာ

တွယ်တာသော တဏှာမရှိလျှင် ရွှေငွေနှင့်စပ်သော ဒုက္ခဝေဒနာမှ လွတ်၏၊ ဆင်မြင်း ကျွဲနွားကို သာယာတွယ်တာသူကို ဆင် မြင်း ကျွဲ နွားနှင့်စပ်သော ဒုက္ခဝေဒနာကနှိပ်စက်နိုင်၏၊ မသာယာ မတွယ်တာလျှင် ထိုဒုက္ခဝေဒနာမှ ကျွတ်လွတ်၏။ ထို့အတူ ဝေဒနာ၌ သာယာတွယ်တာမှု တဏှာရှိသူကို ဝေဒနာနှင့်စပ်သော ဒုက္ခဝေဒနာတို့ နှိပ်စက်နိုင်၏၊ ဝေဒနာ၌ သာယာ တွယ်တာမှုတဏှာကို ပယ်နိုင်လျှင် ထိုဒုက္ခဝေဒနာတို့မှ ကျွတ်လွတ်နိုင်၏။

ဝေဒနာ၌ သာယာမက်မောမှုကြောင့် ဖြစ်ပေါ်လာသည့် ဝေဒနာ၏ အဿာဒတရား၊ ထိုဝေဒနာတို့၏ အမြဲမတည်ပဲ ပျက်စီးချုပ်ငြိမ်းသွားမှု စသည်တို့ဖြင့် နှိပ်စက်ခြင်း အာဒီနဝတရားတို့ကား ချုပ်တရားကြီး၏ အဿာဒတရား၊ အာဒီနဝတရားတို့သက်လွန်စွာကြီးကျယ်လှ၏။ သံသရာတလျှောက်လုံး၌ မိမိကိုယ်ကို ဝေဒနာ၏ အဿာဒတရား၊ အာဒီနဝတရားတို့ မပြတ်မစဲ အမြဲနှိပ်စက်နေကြောင်းကို သမ္မာဒိဋ္ဌိဉာဏ်အမြင်ပေါက်သည့်အခါမှ ကျွတ်လွတ်ခွင့်ကို သိနိုင်ပေသည်။ ထိုဝေဒနာ၏ ကျွတ်လွတ်ခွင့်ကား ထိုဝေဒနာတို့၌ သာယာတွယ်တာသည့် တဏှာကိုပယ်စွန့်ခြင်းပင်ဖြစ်သည်။

ဤသို့ ဥတ္တမပုရိသခေါ် ယောကျ်ားအာဇာနည်သည် ဝေဒနာတို့၏ ကျွတ်လွတ်ခွင့်ကို ကောင်းစွာ သိမြင်ကြရပေသည်။

သတိပဋ္ဌာန်တရားနှင့်ဝေဒနာ။ ။မြင်တော်ဘုရားသည် ကုရုတိုင်း၊ ကမ္မာသဒမ္မမြို့ကလေး၌ ဟောပြည့်ရဟန်းများအား သံသရာထွက်ရပ်လမ်းတရားထူးကို ဟောကြားညွှန်ပြတော်မူပါသည်။ ထိုတရားတော်မှာ သတိပဋ္ဌာန်တရားတော်ဖြစ်၏၊ ဘုရားရှင် ညွှန်ပြသည့်အတိုင်း ထိုသတိပဋ္ဌာန်တရားကို ပွားများအားထုတ်လျှင် အားထုတ်သည့်အတိုင်း ဗြဲလိုသော ဒေါသ၊ စသော စိတ်အညစ်အကြေးများ ပယ်ရှားနိုင်သည်ဖြစ်၍ စိုးရိမ်ပူဆွေး ငိုကြွေးမြည်တမ်းရခြင်းဆိုသည့် သောကမီးများလည်း ငြိမ်းသွားမည်၊ ဒုက္ခ ဒေါမနဿ တရားများကိုလည်း ငြိမ်းသွားပြီး ဝိဝေကိုသီစိတ်နှလုံးရွှင်ပြုံးချမ်းသာမည်၊

နောက်ဆုံးတွင် အရိယာမဂ်ကိုရရှိပြီး နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်မည်ဟု အကျိုးတရားများကို ဒေသနာတော်၌ ညွှန်ပြထားပေသည်။ ထိုသတိပဋ္ဌာန် တရားမှာ—

(၁) ကာယာနုပဿနာသတိပဋ္ဌာန်၊
(၂) ဝေဒနာနုပဿနာသတိပဋ္ဌာန်၊
(၃) စိတ္တာနုပဿနာသတိပဋ္ဌာန်၊
(၄) ဓမ္မာနုပဿနာသတိပဋ္ဌာန်—

ဟု လေးပါးရှိပါသည်။ ယင်းလေးပါးတွင် ဝေဒနာတရား၌ သတိပဋ္ဌာန် ရှုမှတ်ပွားများပုံကို ဖော်ပြပါမည်။

ကိုယ်ထဲစိတ်ထဲ၌ ချမ်းသာမှုဆင်းရဲမှုတို့ ပေါ်လာသည့်အခါ ချမ်းသာတယ်၊ ခံသာတယ်၊ ကောင်းတယ်၊ ပေါ့ပါးတယ် စသည်ဖြင့် ရှုမှတ်ရမည်၊ ရှုမှတ်ဖန်များသောအခါ ခံသာသော အခြင်းအရာ ကောင်းသော အခြင်းအရာအားဖြင့်ဖြစ်သော သုခဝေဒနာကို အမှန်အတိုင်းသိလာမည်၊ ညောင်းမှု ကိုက်ခဲမှု ဆင်းရဲမှု ပေါ်လာသည့်အခါ၌လည်း ညောင်းတယ်၊ ကိုက်ခဲတယ်၊ စိတ်ဆင်းရဲတယ် စသည်ဖြင့် ရှုမှတ်ရမည်၊ ရှုမှတ်ဖန်များလာသည့်အခါ ညောင်းသော အခြင်းအရာ၊ ဆင်းရဲသော အခြင်းအရာ အားဖြင့်ဖြစ်သော ဒုက္ခဝေဒနာကို အမှန်အတိုင်း သိလာမည်။

ဤကဲ့သို့ မပြတ်မစဲရှုမှတ်သော ယောဂီပုဂ္ဂိုလ်အား ချမ်းသာမှုကို ဖြစ်တိုင်းဖြစ်တိုင်းလည်းသိ၏၊ ချမ်းသာမှု၏ကောင်းသောအတွေ့ကိုခံစားမှု စသည်ဖြင့် သဘောတရားတခုမျှသာ ဖြစ်၍လည်း သိ၏၊ ရှေးရှေးချမ်းသာမှုတို့သည် နောက်နောက်ချမ်းသာမှုတို့နှင့်မဆက်မစပ် အပိုင်းပိုင်း ပြတ်လျက် ကုန်ဆုံးကုန်ဆုံးသွားကြသည်ဟူ၍လည်းသိ၏၊ ထိုအခါ တဆက်တည်း တခုတည်းဟုထင်မြင်ရသော သန္တတိပညတ်ကွာ၍ မမြဲခြင်းသဘော၊ ဆင်းရဲခြင်းသဘော၊ ငါကောင်မဟုတ်ဟူသောသဘောကိုလည်းသိ၏၊ ဤအသိမျိုးသည် သတ္တဝါဟူသောအယူ ငါကောင်ဟူသော ထင်မှတ်ခြင်းတို့ကို ပယ်ရှင်းနိုင်သောကမ္မဋ္ဌာန်းလည်းမည်၏၊ သတိပဋ္ဌာန်ဘာဝနာလည်း ဖြစ်၏။

ညောင်းညာကိုက်ခဲမှုစသော ဒုက္ခဝေဒနာကို ခွဲ့ဘ်ချာ၍သည်း ထိုနည်း အတိုင်းပင်ဖြစ်သည်။

စိတ္တလတောင် မဟာသေရ်ဝတ္ထု[1]။ ။အခါတပါး၌ စိတ္တလတောင်၌သီတင်း သုံးနေတော်မူသော မထေရ်တပါး

သည် မကျန်းမမာဖြစ်ချိန်၌ ဝေဒနာဖြင်းထန်လှ၍သဖြင့် တညည်းညည်း တညူညူဖြင့် လူးလိမ့်နေသောသည်၊ ထိုအခါ ပုဏ္ဏားလယ်တပါးက "အရှင် ဘုရား၊ ဘယ်နေရာက နာကျင်ပါသလဲ"ဟု မေးပြီး၊ ငါ့ရှင် ဘယ်နေရာက နာသည်ဟု ကွဲကွဲပြားပြားမပြောနိုင်၊ တကိုယ်လုံးပင်ဘဏ္ဍကို အာရုံပြုကာ ဝေဒနာကသာ ခံစားလျက်ရှိသည်ဟုပြော၏၊ အရှင်ဘုရား ဝေဒနာကသာ ခံစားနေရသည်ဟုသိချိန်မှစ၍ သည်းခံသင့်ပါ၏ မဟုတ်ပါလောဟု လျှောက်၏၊ ငါ့ရှင် သည်းခံပါတော့မည်ဟု ပြောကြား၏၊ အရှင်ဘုရား သည်းခံခြင်းသည် အလွန်ကောင်းမွန်ပါသည်ဟု လျှောက်၏၊ မထေရ် လည်း မညည်းမတွားတော့ဘဲ ကြိတ်မှိတ်၍ သည်းခံတော်မူလေသည်။ လေ ရောဂါသည် မထေရ်၏နှလုံးသားအထိ ခွဲ၍ထိုးလေသည်၊ မထေရ်၏ ဝမ်းဗိုက်မှထွက်လာသော အူတို့သည် ညောင်စောင်းပေါ်တွင် ပုံနေလေ သည်၊ ငါ့ရှင် ဤမျှသည်းခံလျှင် သင့်ပြီလားဟု အူတို့ကိုပြ၍ မေး၏၊ ရဟန်းငယ်ကား ဘာမျှပြန်မလျှောက်တော့ဘဲ ဆိတ်ဆိတ်နေလေသည်။ မထေရ်သည် ဝီရိယနှင့်သမာဓိကို ညီအောင်ထား၍ ပဋိသမ္ဘိဒါလေးပါးနှင့်တကွ အရဟတ္တဖိုလ်သို့ရောက်၍ ဝါရသမသီသီရဟန္တာအဖြစ်ဖြင့် ပရိနိဗ္ဗာန် ပြုတော်မူ၏။

ဝါရသမသီသီရဟန္တာ ဆိုသည်ကား–မဂ်ကိုဆင်ခြင်သော ပစ္စဝေက္ခဏာ၊ ဖိုလ်ကို ဆင်ခြင်သော ပစ္စဝေက္ခဏာ၊ နိဗ္ဗာန်ကို ဆင်ခြင်သော ပစ္စဝေ- က္ခဏာ၊ ပယ်ပြီးသော ကိလေသာကို ဆင်ခြင်သော ပစ္စဝေက္ခဏာ၊ အကြိမ် အလှည့်၏ အခြားမဲ့၌ ပရိနိဗ္ဗာန်ပြုတော်မူသော ရဟန္တာမျိုးဖြစ်ပေသည်။

---

၁။ ဒီ၊ဋ္ဌ၊ ၂၊ ၃၆၄။ အဘိ၊ဋ္ဌ၊ ၂၊ ၁၅၁။

ဤဝတ္ထု၌ မခထင်ရှ်၏ သည်းခံနိုင်ခြင်းသည် ဝေဒနာကို နှလုံးမသွင်းပဲ ကမ္မဋ္ဌာန်းအာရုံကို ဆင်ခြင်ပွားများသည် ဖြစ်သောကြောင့် သည်းခံနိုင်ခြင်းဖြစ်သည်။ တနည်းအားဖြင့် ဤဒုက္ခဝေဒနာ၏ တည်ရာဖြစ်သော ကောဋ္ဌာသအာရုံကို အာရုံပြု၍ ဝေဒနာကသာ ခံစားသည်၊ငါခံစားသည် မဟုတ်၊ ငါ၏ဝေဒနာမဟုတ်၊ ငါ၌ ဝေဒနာမရှိ၊ ဝေဒနာ၌လည်း ငါမရှိ၊ ဤဝေဒနာသည်လည်း မမြဲခြင်းအနိစ္စသဘောရှိ၏၊ ဆင်းရဲအစစ်ဖြစ်၏၊ အလိုသို့မပါ၊ အတ္တလည်း မဟုတ်သည်ဖြင့် ဆင်ခြင်နှလုံးသွင်းနေသော ကြောင့် သည်းခံနိုင်သည်ဟု မှတ်ရမည်။

ဤသို့သည်း ဆင်ခြင်ရှုမှတ်နေမည်၊ သုခဝေဒနာဖြစ်ပေါ်၍ သုခဝေဒနာ ကို ခံစားဆဲအချိန်၌ ဒုက္ခဝေဒနာမရှိခြင်းကြောင့် သုခဝေဒနာကို ခံစား စဉ်၌ သုခဝေဒနာကိုသာ ခံစားသည်ဟုသိရမည်၊ ရှေးကဖြစ်ဖူးသော ဒုက္ခ ဝေဒနာသည် ယခု သုခဝေဒနာကို ခံစားချိန်၌မရှိတော့၊ခံစားဆဲဖြစ်သော သုခဝေဒနာသည်လည်း ယခုဖြစ်ဆဲအချိန်တွင် ပထမ၌မရှိသေး၊ ထို့ကြောင့် ဝေဒနာဟူသောသဘောတရားသည် မမြဲ၊ ဖောက်ပြန်၊ ပျက်စီးခြင်း သဘော ရှိ၏ဟု ဆင်ခြင်သိမြင်ရမည်။

ဣဋ္ဌာရုံကိုအာရုံပြု၍ သုခဝေဒနာဖြစ်လျှင် ဣဋ္ဌာရုံကိုအကြောင်းပြု၍ သုခဝေဒနာဖြစ်သည်ဟုသိရမည်၊ ဣဋ္ဌာရုံချုပ်ပျောက် သွားသောအခါ၌ အကြောင်း ဣဋ္ဌာရုံချုပ်သဖြင့် အကျိုးဖြစ်သော သုခဝေဒနာလည်း ချုပ်ကွယ်တော့မည်ကို သိရမည်၊ ဣဋ္ဌာရုံတည်နေသမျှ အချိန်ကာလ အတွင်း၌ သုခဝေဒနာတပါးတည်းသာလျှင် တည်မြဲ၍ အာရုံကိုခံစား နေသည်မဟုတ်၊ သုခဝေဒနာပေါင်းများစွာတို့သည် ခဏတိုင်းဖြစ်၍ ခဏ တိုင်းချုပ်ကာ သုခဝေဒနာအစဉ်အတန်းကြီး တခုပြီးတခု ဆက်ကာ ဆက် ကာ ခံစားခြင်းဖြစ်သည်ဟုသိ၍ သုခဝေဒနာ၏ မမြဲသောသဘောကိုလည်း ဆင်ခြင်ရမည်။

ဣဋ္ဌာရုံကိုမြဲစေချင်လျက် မမြဲ၊ သုခဝေဒနာကိုလည်း မြဲစေချင်လျက် မမြဲ၊ မြဲအောင်တောင့်တ၍မရခြင်းကြောင့် ဆင်းရဲသောသဘောရှိသည်ဟု ဆင်ခြင်ရမည်၊ ဣဋ္ဌာရုံနှင့် သုခဝေဒနာတို့၏ မမြဲခြင်း၊ မြဲအောင်တောင့်တ

၍ မရခြင်းကြောင့် ငါပိုင်မဟုတ်၊ ငါအစိုးမရ၊ ပရမတ္ထ ရုပ်နာမ်တို့၏ သဘာဝ အလျောက် အကြောင်းအကျိုးစပ်ကာ ဖြစ်ပျက်နေကြခြင်းသာ ဖြစ်သည် ဟု ဆင်ခြင်ရမည်။

ယင်းသို့ အမှန်သဘောကို ဆင်ခြင်သိမြင်သော ယောဂီသည် ဣဋ္ဌာရုံ၌ လည်းကောင်း၊ သုခဝေဒနာ၌လည်းကောင်း ငြီးငွေ့လာမည်၊ နှစ်သက် သာယာခြင်းကင်းလာမည်၊ နှစ်သက်သာယာခြင်းကင်းလျှင် တပ်မက်သော တဏှာမှ လွတ်မြောက်မည်၊ တဏှာမှ လွတ်မြောက်လျှင် ဥပါဒါန်မဖြစ်၊ ဥပါ ဒါန်မဖြစ်က ဘဝမဖြစ်၊ ဘဝမဖြစ်လျှင်လည်း ကမ္မဘဝသစ်၌ ဇာတိဖြစ် ရန်မရှိ၊ ဇာတိမဖြစ်က ဇာတိ၏အကျိုးရင်း ဇရာမရဏ၊ အကျိုးဗျား သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသတို့သည်လည်း ဖြစ်ခွင့် မရှိနိုင်ကြချေ၊ သောကစသည်တို့ကင်းလျှင် အာသဝေါတရားတို့လည်း မပေါ်နိုင်ကြကုန်၊ အာသဝေါတရားတို့ မပေါ်ခြင်းကြောင့် သံသရာ လည်ခြင်း၏စက်ခေါင်းကြီး ဖြစ်သော အဝိဇ္ဇာသည်လည်း ပုံးပေါ်မလာတော့ ချေ၊ သံသရာစက်ခေါင်းကြီး မပေါ်လာ ... ဒုက္ခ ပေါင်းစုံတို့မှ ကင်းလွတ်၍ သံသရာဆင်းရဲမှ လွတ်မြောက်ပါတော့သည်။

## ၇။ ဝေဒနာကြောင့် ဘဝစက်ဝန်း(သံသရာ)

## လည်ပတ်ပုံ

**ဝေဒနာကြောင့်တဏှာဖြစ်ပုံ။** ။ဝေဒနာကြောင့် ဘဝစက်ဝန်းလည်ပတ် ပုံကို ပဋိစ္စသမုပ္ပါဒ်တော်တွင် မြတ်စွာဗုဒ္ဓ ဟောကြားခဲ့သည့် ပဋိစ္စသမုပ္ပါဒ် ကြောင်းကျိုးပြ ဒေသနာတော်အတိုင်း သိသာရုံ ဖော်ပြပါမည်၊ဝေဒနာဆိုသည်မှာ အာရုံ၏အရသာကို ခံစားသည့် သဘောဖြစ်ကြောင်း ရှေ့ပိုင်းတွင် ဖော်ပြခဲ့ပြီ၊ မိမိနှစ်သက်လိုလား သည့်အာရုံနှင့် တွေ့ကြုံရသည့်အခါ ကိုယ်၌ဖြစ်စေ စိတ်၌ဖြစ်စေ ခံသာ သည့်သဘော၊ ချမ်းမြေ့ရွှင်လန်းသည့်သဘော ပေါ်လာသည်။ ထို သဘောကို သုခဝေဒနာဟုလည်းကောင်း၊ သောမနဿဝေဒနာဟုလည်း

ကောင်း ခေါ်သည်၊ ထိုခံသာအညီအသဘော၊ ချမ်းမြေ့ရွှင်လန်းသည့် သဘောများ ပေါ်လာသည့်အခါ ထိုသဘော ထိုခံစားမှုဝေဒနာများ၌ သာယာတပ်မက်မှုတဏှာဖြစ်လာ၏၊ ထိုတဏှာသည် ခံစားမှုဝေဒနာ၌သာ မရပ်ပဲ ထိုခံစားမှုကိုဖန်တီးပေးသည့် ရူပါရုံစသော အာရုံများကိုလည်း ' တန္ဒယ်ငင် တစင်ပါ ' ဆိုသကဲ့သို့ ဆက်၍တပ်မက်၏။

ဥပမာအားဖြင့် သတ္တဝါတို့သည်အသက်ခန္ဓာကို အလွန်တွယ်တာကြ၏၊ အသက်ကို တွယ်တာသည့်အတွက် အသက်ကို ဆက်လက်တည်မြဲ စေနိုင်သောထမင်းအစာကို တွယ်တာကြ၏၊ ထမင်းကိုတွယ်တာသည့်အတွက် ဆန်ကို တွယ်တာ၏၊ ဆန်ကို တွယ်တာသည့်အတွက် စပါးကို တွယ်တာ၏၊ စပါးကို တွယ်တာသည့်အတွက် ကျွဲ၊ နွား၊ လယ်၊ ယာ၊ မိုး၊ မြေကို တွယ်တာ၏၊ ထိုအလုံးစုံကို တွယ်တာသည့်အတွက် ကြေးငွေကို တွယ်တာ၏၊ ဤသို့ တဏှာရာဂမည်သည် ဝတ္ထုကာမကို တွယ်တာပါလျှင် ထိုဝတ္ထုနှင့်ဆက်စပ်သမျှ အရာမက အဆောင်မကသော အာရုံအဆင့်တွယ်တာမှု တဏှာရာဂ တရား ပြန့်ပွားရှိသွားတော့၏။

ထို့အတူ စက္ခုသမ္ဖဿဇာ ဝေဒနာဟုဆိုအပ်သော မျက်စိအရသာ တခုကို တွယ်တာမက်မောမိလျှင် ကောင်းသောအဆင်း သဏ္ဌာန်ကိုလည်း ကောင်း၊ ထိုအဆင်းသဏ္ဌာန် တည်ရှိသော သက်ရှိ သက်မဲ့အထည်ဝတ္ထု ကိုလည်းကောင်း၊ ထိုအထည်ဝတ္ထုနှင့် စပ်လျဉ်းသမျှကို လည်းကောင်း တွယ်တာမက်မောမှု အဆင့်ဆင့်ဖြစ်ပွား၍ သွားတော့သည်။

ထို့အတူ သောတသမ္ဖဿဇာ ဝေဒနာ (နားအတွေ့ကြောင့်ဖြစ်သော ခံစားမှု) စသော ကျန်ဝေဒနာငါးပါးတို့ကြောင့် တွယ်တာမက်မောမှု တဏှာဖြစ်ပုံကိုလည်း စက္ခုသမ္ဖဿဇာဝေဒနာကို နည်းမှီ၍ သိနိုင်ပေသည်။ ဤသို့ သုခသောမနဿဝေဒနာများ ဖြစ်နေခိုက်မှာလည်း ထိုသုခသော- မနဿဝေဒနာကို တဏှာဖြင့်သာသာယာမှုဖြင့် ထို့ထက်သာလွန် သော သုခသောမနဿဝေဒနာကို တဏှာက မျှော်လင့် တောင့်တလျက်နေပြန် ၏။

ဒုက္ခဝေဒနာ, ဒေါမနဿဝေဒနာ, ဥပေက္ခာဝေဒနာတို့ကြောင့် တဏှာဖြစ်ပုံကား-ဒုက္ခဝေဒနာ, ဒေါမနဿဝေဒနာကို ခံစားရသည့်အခါ ထိုဒုက္ခဝေဒနာ, ဒေါမနဿဝေဒနာတို့မှ လွတ်မြောက်၍ ဘယ်တော့များမှ ချမ်းသာသုခကို ရပါတော့မှာနည်းဟု သုခနှင့်သုခဖြစ်စေသော အရာကို လှမ်း၍ တောင့်တသည့် တဏှာဖြစ်လာ၏။

ဥပေက္ခာဝေဒနာခံစားရသည့် အခါ၌လည်း သုခလိုပင် ငြိမ်သက်အေးမြသည်ဟု ထိုဝေဒနာ၌ စုံမက်သည့် တဏှာဖြစ်ပေါ်လာသည်။

ဤသို့ ခံစားမှုဝေဒနာကို အကြောင်းပြု၍ တဏှာ ၆-မျိုး-မျိုး ဖြစ်ပေါ်လာရပေသည်။

**တဏှာကြောင့် ဥပါဒါန်ဖြစ်ပုံ။** ။ပုဂ္ဂိုလ်တဦးတယောက် [illegible] တဏှာဖြစ်လာလျှင် ဥပါဒါန်ဖြစ်ရန် လွယ်ကူသွားတော့၏။ အနည်းငယ် [illegible] တဏှာဖြစ်သည်၊ လွန်လွန်ကဲကဲ စွဲလမ်းမှုသည် ဥပါဒါန်ပေတည်း ( ဥပ=လွန်လွန်ကဲကဲ + အာဒါန =ယူခြင်း )။ [illegible] တဏှာဖြစ်၏၊ [illegible] ဥပါဒါန် [illegible] တဏှာဖြစ်ပုံ၊ ဥပါဒါန်ဖြစ်ပုံတို့ကိုလည်း ဤနည်းကိုမှီ၍ သိနိုင်ပေသည်။ "ဖုတ်ကြီးလျှင် မိကျောင်း၊ မြွေကြီးလျှင် နဂါး၊ တစ္ဆေကြီးလျှင် ဘီလူး၊ [illegible] ကြီးလျှင် သိကြား" ဆိုဘိသကဲ့သို့ တဏှာခေတ်မှ အဆင့်တက်၍ ဖြစ်ပေါ်လာသော ပြင်းထန်သော စွဲလမ်းမှုကိုပင် ဥပါဒါန်ဟု ဆိုရပါသည်။

ထိုဥပါဒါန်သည် ရူပါရုံစသော ကာမအာရုံ ၆-ပါး၌ အလွန်အမင်း တပ်မက်စွဲလမ်းခြင်း ကာမုပါဒါန်၊ သက္ကာယဒိဋ္ဌိ, သီလဗ္ဗတုပါဒါန်တို့မှ တပါး အခြား မိစ္ဆာအယူများကို စွဲလမ်းသော [illegible] ဒိဋ္ဌုပါဒါန်၊ နွားကျင့် ခွေးကျင့် စသည်တို့သည် သံသရာထွက်ရပ်လမ်း ဖြစ်သည်ဟု အပြင်းအထန် စွဲယူခြင်း သီလဗ္ဗတုပါဒါန်၊ သက္ကာယ အယူကို စွဲလမ်းစွာယူခြင်း အတ္တဝါဒုပါဒါန် ဟူ၍ လေးမျိုးရှိသည်။

ဒိဋ္ဌိမှန်လျှင် ငယ်သည်ဖြစ်စေ ကြီးသည်ဖြစ်စေ ဤအယူအစွဲပြင်းထန်သောကြောင့် ဥပါဒါန် အမည်ရတော့သည်။ ဒိဋ္ဌိအမျိုးမျိုးတွင် "အတ္တဝါဒုပါဒါန်သည်" ခန္ဓာငါးပါး၌ အတ္တခေါ်သော အသက်ရှိ၏ဟု စွဲလမ်းသော ဒိဋ္ဌိတမျိုးဖြစ်၏၊ သက္ကာယဒိဋ္ဌိ ဟူ၍လည်းခေါ်၏၊ ထိုသက္ကာယဒိဋ္ဌိဖြင့် မိမိခန္ဓာကိုယ်ကို ငါ၊ ငါဟု စွဲလမ်းခြင်းသည် ပင်ကိုက မိမိကိုယ်ကို တဏှာဖြင့် တပ်မက် ခင်မင်လျက်ရှိခြင်းကြောင့် ဖြစ်၏။

သီလဗ္ဗတုပါဒါန် ဆိုသည်မှာ ခွေးကျင့်၊ နွားကျင့် စသည်ဖြင့် သံသရာဝဋ်ဒုက္ခမှ လွတ်မြောက် နိုင်သည်ဟု အပြင်းအထန် ယုံကြည်စွဲလမ်းသော ဒိဋ္ဌိဖြစ်သည်၊ မိမိကိုယ်ကို တဏှာဖြင့် တပ်မက် ခင်မင်လျက်ရှိသောကြောင့် နောက်နောက်ဘဝ၌ မိမိချမ်းသာဖို့ရန် တောင့်တလျက် ခွေးကျင့်၊ နွားကျင့်များကို ပြင်းထန်စွာ ကျင့်ခြင်းဖြစ်သည်။ ဒိဋ္ဌုပါဒါန်နှင့် ဆိုင်သော ဒိဋ္ဌိများကိုလည်း တဏှာအကူအကြောင့်သာ ကောင်းနိုးရာရာထင်၍ ယူမှားမိကြလေသည်။ ထို့ကြောင့် အနည်းငယ် တွယ်တာမှုတဏှာကြောင့် ပြင်းပြင်းထန်ထန် စွဲလမ်းတပ်မက်မှု ဥပါဒါန် ဖြစ်ပေါ်လာရပေသည်။

**ဥပါဒါန်ကြောင့် ဘဝဖြစ်ပုံ။** ။သတ္တဝါများသန္တာန်၌ ဥပါဒါန်တရားဖြစ်ပွားလာခဲ့လျှင် ထိုဥပါဒါန်ကြောင့် ဘဝခေါ်သော အကျိုးတရား ပေါ်လာပေသည်၊ ဘဝမှာ ကမ္မဘဝ၊ ဥပပတ္တိဘဝဟု နှစ်မျိုးရှိ၏၊ သတ္တဝါတို့ နေ့စဉ်နှင့်အမျှ လှုပ်ရှား ပြုလုပ်နေကြသော ကောင်းသောအလုပ်၊ မကောင်းသော အလုပ်တို့ကို ကမ္မဘဝဟုခေါ်၏၊ တရားကိုယ်မှာ လောကီကုသိုလ် (၁၇) ခု၊ အကုသိုလ် (၁၂) ခု၌ ရှိသော စေတနာ(ကံ) ၂၉-ခုဖြစ်သည်၊ ဥပပတ္တိဘဝ ဆိုသည်မှာ ထိုကံကြောင့် ထိုထိုဘုံဘဝတို့၌ လူ၊ နတ်၊ တိရစ္ဆာန် စသော သတ္တဝါများ ဖြစ်ပေါ်လာခြင်း ဖြစ်သည်၊ တရားကိုယ်မှာ-ပဋိသန္ဓေကျင်း ပေါ်လာသည့် လောကီဝိပါက်စိတ်၊ စေတသိက်နှင့် ကမ္မဇရုပ်တို့ ဖြစ်သည်။

ဆတ္တဝါတို့ လူချမ်းသာ၊ နတ်ချမ်းသာ စသည်တို့ကို လိုချင်မှုသည် ကာမုပါဒါန်မည်၏၊ ထိုကာမုပါဒါန်ကြောင့် လူချမ်းသာ နတ်ချမ်းသာ များကို ရကြောင်းဖြစ်သည့် ဒါနကုသိုလ် သီလကုသိုလ် စသည့်ကောင်းမှု ကံ(ကမ္မဘဝ) တို့ကိုကြိုးစားအားထုတ် ကြရသည်။ ထိုဒါနကုသိုလ်, သီလ ကုသိုလ်,ဟူသော ကမ္မဘဝကြောင့် လူ့ဘုံ နတ်ဘုံတို့၌ ပဋိသန္ဓေတည်နေရ ခြင်း၊ ဥပပတ္တိဘဝ ဖြစ်လာရသည်၊ ထို့အတူ ယခုဘဝမှာပင် ကာမ ချမ်းသာကို ခံစားရ၍ သတ်ဖြတ်လုယက်ခြင်း၊ ခိုးယူခြင်းစသောမကောင်းမှု ဒုစရိုက်အမျိုးမျိုး (ကမ္မဘဝ)ကို ပြုကြရ၏၊ ထိုအကုသိုလ် ကမ္မဘဝကြောင့် အပါယ်ဘုံ၌ ဥပပတ္တိဘဝဖြစ်ရလေသည်။ ဤသည်မှာ ကာမုပါဒါန် ကြောင့် ကမ္မဘဝ, ဥပပတ္တိနှစ်မျိုးဖြစ်ပုံပင် ဖြစ်သည်။

ဥစ္ဆေဒဒိဋ္ဌိ အယူရှိသူများသည် " ငါ၏အတ္တသည် နတ်ဘုံဗြဟ္မာဘုံတို့၌ ဖြတ်စဲရလျှင် ကောင်းသော ဖြတ်ပဲခြင်းပေတည်း" ဟူ၍ ဥစ္ဆေဒဒိဋ္ဌိဟူသော ဒိဋ္ဌုပါဒါန်အရင်းခံ၍ ထိုဘုံများသို့ ရောက်ဖို့ရန် ကုသိုလ်ကမ္မဘဝ ကိုပြုစိမ့်၏၊ သဿတ ဒိဋ္ဌိအယူရှိသူတို့က ငါ၏ အတ္တသည် နတ်ဘုံ ဗြဟ္မာဘုံ တို့၌ဖြစ်ရလျှင် ကောင်းချမ်းသာခြင်း ရပေလိမ့်မည် " ဟု ဒိဋ္ဌုပါဒါန် အရင်းခံလျက် ထိုဘုံများသို့ ရောက်ဖို့ရန် ကံကိုပြု၏၊ သီလဗ္ဗတုပါဒါန်အယူ ရှိသူတို့ကလည်း "ငါယခု ကျင့်နေသော အလေ့အကျင့်ကို နတ်ပြည်, ဗြဟ္မာ့ ပြည့်တို့၌ ကျင့်ရလျှင် လွယ်ကူစွာ ပြည့်စုံပေလိမ့်မည်" ဟု သီလဗ္ဗတုပါဒါန် အရင်းခံလျက် ထိုဘုံများသို့ ရောက်ဖို့ရန် ကံကိုပြု၏။ ထိုကံပြုရာ၌ လမ်းမှန်ကျင့်မိလျှင် ရည်ရွယ်ရင်း ဘုံဂတိဘုံ၌ ဥပပတ္တိဘဝဖြစ်၍ ပေမ်းလွဲ ကျင့်မိလျှင်အပါယ်ဘုံ၌ ဥပပတ္တိဘဝ ဖြစ်ရလေသည်။ ဤသို့ဒိဋ္ဌုပါဒါန် စသည်တို့ကြောင့် ကမ္မဘဝ, ဥပပတ္တိဘဝ နှစ်မျိုး ဖြစ်ရလေသည်။

ဘဝကြောင့်ဇာတိ စသည်ဖြစ်ပုံ။ ။ဇာတိဆိုသည်မှာ ဘဝသစ်၌ ပဋိသန္ဓေ ရုပ်နာမ် နှစ်ပါး ဖြစ်ပေါ် လာရခြင်းဖြစ်သည်။ ထိုဇာတိသည် လောဘီကုသိုလ်ကံ, အကုသိုလ်ကံ ဟူသော ကမ္မဘဝကြောင့် ဖြစ်လာရ၏။ ဇာတိဖြစ်ခြင်းကြောင့်၊ အိုခြင်း၊

(ဇရာ)၊ သေခြင်း (မရဏ)၊ စိုးရိမ်ကြောင့်ကြခြင်း (သောက)၊ ငိုကြွေး မြည်တမ်းခြင်း (ပရိဒေဝ)၊ ကိုယ်ဆင်းရဲခြင်း (ဒုက္ခ)၊ စိတ်ဆင်းရဲခြင်း(ဒေါမနဿ)၊ အလွန်အမင်း ပြင်းစွာ ပင်ပန်း ဆင်းရဲခြင်း (ဥပါယာသ)ဟူသော အကျိုးဆက်များ ဆက်တိုက် ဖြစ်ပေါ်လာကြသည်။

**သံသရာ ဘဝစက်ဝန်းလည်ပုံ။** ။စိုးရိမ်ကြောင့်ကြမှု၊ စိတ်ဆင်းရဲမှု၊ ပြင်းစွာ ပင်ပန်းဆင်းရဲမှု တို့သည် ဒေါသစိတ်၏ တွဲဖော်တွဲဖက် အပေါင်းအသင်း စေတသိက်များဖြစ်သည်။ ထို့ကြောင့် စိုးရိမ်ကြောင့်ကြမှု သောက စသည်တို့ဖြစ်တိုင်း အဝိဇ္ဇာဟူသော မောဟလည်း အမြဲတွဲလျက်ပါရှိသည်။ ပရိဒေဝခေါ် ငိုကြွေးမြည်တမ်းမှုမှာလည်း အဝိဇ္ဇာမကင်းသူတို့သာ ဖြစ်လေ့ရှိသည်၊ ကိုယ်ဆင်းရဲမှု (ဒုက္ခ) ဖြစ်လာသည့်အခါ စိတ်ဆင်းရဲမှု ဒေါမနဿနှင့်အတူ မောဟလည်း ယှဉ်တွဲပါလာသည်၊ မောဟဟူသော အဝိဇ္ဇာဖြစ်လာပြန်လျှင် သင်္ခါရ စသောတရားများလည်း ကြောင်းကျိုးဆက်ကာ ဖြစ်လာရပြန်သည်၊ ဤနည်းအားဖြင့် ဝေဒနာကြောင့် ဘဝစက်ဝန်းသည် ချားရဟတ်ပမာ မပြတ်မစဲ တလည်ပြီးလည်ပတ် နေပေသည်။

**ဝေဒနာကိုအစွဲပြု၍ဘဝစက်ဝန်း (သံသရာ)အလည်ရပ်ပုံ။** ။ဘဝသံသရာ လည်ပတ်ရေးတွင် မောဟခေါ် အဝိဇ္ဇာနှင့် လောဘခေါ် တဏှာတို့သည် ပင်မအကြောင်းကြီးနှစ်ရပ် ဖြစ်ကြသည်။ ထိုနှစ်ပါးသည် ဘဝစက်ဝန်းကြီး လည်ရာ၌ စက်ခေါင်းကြီး နှစ်လုံးဖြစ်သည်၊ အဝိဇ္ဇာမှ ဝေဒနာအထိ ရှေ့ပိုင်းဘဝ စက်ကြီးတခု၊ တဏှာမှ ဇာတိအထိ နောက်ပိုင်း ဘဝစက်ကြီး တခု ဟူ၍ စက်ကြီးနှစ်လုံး ရှိသည်၊ ရှေ့ပိုင်းစက်ကြီးတွင် အဝိဇ္ဇာသည် စက်ခေါင်းဖြစ်၍ နောက်ပိုင်းစက်ကြီးတွင်တဏှာသည် စက်ခေါင်းဖြစ်သည်။

ဤသို့ ဘဝစက်ဝန်း လည်ပတ်ပုံသည် ရှေ့စက်ခေါင်းတစ်လုံး၊ နောက်စက်ခေါင်းတစ်လုံး တပ်ထားသော မီးရထားကြီး သွားလာလည်ပတ်ပုံနှင့် တူပေသည်။ စက်ခေါင်းနှစ်လုံး တပ်ထားသော မီးရထားကြီးသည်

တော်ကြိုတောင်ကြား တောင်နံပါး စသည့်လမ်းကောက် လမ်းကျဉ်း များတွင် တက်တုံဆုတ်တုံ ကွေ့ကောက်တုံဖြင့် တသုန်သုန်သွားလာ နေဘိသကဲ့သို့ အဝိဇ္ဇာတဏှာတည်းဟူသော ရှေးစက်ခေါင်း နောက်စက်ခေါင်း နှစ်လုံးတပ်ထားသော ဘဝယန္တယားသံအရှည်ရထားကြီးသည်လည်း တက်တုံ ဆုတ်တုံကွေ့ကောက်တုံဖြင့် တသုန်သုန်လှည့်လည် သွားလာ၍သာ နေနေလေသည်။

ဤဘဝသံသရာ လည်ပတ်ကြောင်း အဝိဇ္ဇာ, တဏှာဆိုထည့် သံသရာ စက်ခေါင်းကြီး နှစ်လုံးတွင် တလုံးလုံးကို လုံးဝပြတ်အောင် ရပ်အောင် လုပ်နိုင်ပါမှ သံသရာ အလည် ရပ်ပေသည်။ ဤနေရာ၌ တဏှာစက်ခေါင်း၏ အကြောင်းဟူ၍ဖြစ်သည့် ဝေဒနာအရေးကို ရှေ့တွင်ဆိုခဲ့သည့်အတိုင်း သတိပဋ္ဌာန်နည်းဖြင့် ရှုမှတ်ပွါးများခြင်း တဏှာစက်ကြီး အလည်ရပ် မည်ဟု ဘုရားရှင်က ကောက်ပါးတိုင်း ညွှန်ကြားတော်မူခဲ့ပေသည်။

> "ဝေဒနာနုပဿနာ သတိပဋ္ဌာန်တရားကို ပွါးများအား ထုတ်ကြသော ယောဂီပုဂ္ဂိုလ်တို့သည် သတိပဋ္ဌာန်တရား လေးပါး လုံးကို ပြည့်စုံစေနိုင်ကုန်၏၊ ထိုသတိပဋ္ဌာန်တရား လေးပါးနှင့် ပြည့်စုံသော ယောဂီပုဂ္ဂိုလ်တို့သည် မဂ်လေးပါးဟူသော ဝိဇ္ဇာ ဉာဏ်၊ ဖိုလ်လေးပါးဟူသော ဝိမုတ္တိအကျိုးတရားတို့ကို ရရှိ၍ သံသရာစက်ရပ်လမ်း ပေါက်နိုင်ကြကုန်၏။"

ထို့ကြောင့်ဝေဒနာနုပဿနာသတိပဋ္ဌာန်တရားဖြင့် တဏှာမဖြစ်ပေါ်လာအောင် တားဆီးပိတ်ပင်နိုင်လျှင်တဏှာတည်းဟူသော သံသရာစက်ခေါင်း ပြတ်၍ ဘဝသံသရာ အလည်ရပ်နိုင်ပေသည်။ ဝေဒနာနုပဿနာ သတိပဋ္ဌာန်ကို ပွါးများအားထုတ်သော ယောဂီပုဂ္ဂိုလ်သည် သုခဝေဒနာ ပေါ်လာလျှင်ဖြစ်စေ၊ ဒုက္ခဝေဒနာ ပေါ်လာလျှင်ဖြစ်စေ ဥပေက္ခာဝေဒနာ ပေါ်လာလျှင်ဖြစ်စေ ဖြစ်ပေါ်လာသမျှ ဝေဒနာတို့ကို ဝေဒနာဟူ၍သာ ရှုမှတ်

ရမည်၊ ဝေဒနာဟူ၍သာ သိရမည်၊ ဝေဒနာမှတပါး ခံစားတတ်သော သတ္တဝါမရှိ။ ဝေဒနာကသာ ခံစားခြင်းဖြင့် ဝေဒနာသာရှိသည်၊ ထိုဝေဒနာ ဗ်သည်လည်း တည်မြဲနေသည် မဟုတ်၊ မြစ်ရေယဉ်ကဲ့သို့ တဝဲဝဲတတန်း ကြီးရှေ့ချုပ် နောက်ကအာ [illegible] ရှေ့ချုပ် နောက်ကအာအသစ်ဖြစ်၍ တဖွဲဖွဲ ချင်း ပျောက်ပျက်နေကြသော ဝေဒနာတရားဟူ၍ သကားဟု အမြဲ မပြတ်ဉာဏ်သတိဖြင့် ဆင်ခြင်ရှုမှတ်နေလျှင် ထိုဝေဒနာကို အကြောင်း ပြုပြီး တဏှာမဖြစ်ပေါ်နိုင်တော့ပေ။

ထိုဝေဒနာတရားတို့၌ အနိစ္စအစရိက်ကို မြင်နိုင်သော အနိစ္စဝိပဿနာဉာဏ် ဒုက္ခအစစ်ကို မြင်နိုင်သော ဒုက္ခဝိပဿနာဉာဏ်၊ အနတ္တလက္ခဏာကို မြင်နိုင်သော အနတ္တဝိပဿနာဉာဏ် [illegible] ပေါ်လာအောင် အားထုတ်ရ မည်။ [illegible]

# သညာစေတသိက်

သညာ[1]= အမှတ်ပြု၍သိခြင်း၊ မှတ်ထားခြင်း၊

မှတ်သားပုံ ၃-မျိုး

(က) အာရုံကို မှတ်သားခြင်းမျှဖြစ်သော သဘောသည် လည်းကောင်း၊

(ခ) မိမိဖြစ်ရာ တည်ရာ သတ္တဝါများကို ဖြစ်စေ၊ မိမိနှင့် အတူတကွ ဖြစ်ဖော်ဖြစ်ဖက် နာမ်တရားများကို ဖြစ်စေ အာရုံကို မှတ်သားအောင် ပြုတတ်သော သဘောသည်လည်းကောင်း၊

(ဂ) မိမိကိုယ်တိုင် အာရုံကို မှတ်သားတတ်သော သဘောသည် လည်းကောင်း၊ သညာ စေတသိက် မည်ပါသည်။

## (၁) သညာစေတသိက်၏ လက္ခဏာ

သညာစေတသိက်သည် အဖြူ, အနီ အစရှိသော အာရုံအမျိုးမျိုးကို မှတ်သားမိ၍ သိခြင်းသဘော လက္ခဏာရှိသည်[၂]။

**အာရုံ အမျိုးမျိုးကို မှတ်သားပုံ။** ။သညာဆိုသည်မှာ အဖြူ, အနီ အစရှိသော အာရုံအမျိုးမျိုးကို မှတ်သားတတ်သော သဘောဖြစ်သည်၊ သညာ၏ သဘောလက္ခဏာနှင့် စပ်လျဉ်း၍ မူလပဏ္ဏာသပါဠိတော်[၃]၌ဘုရားလက်ထက်တော်က ရှင်မဟာကောဋ္ဌိကနှင့် ရှင်သာရိပုတ္တရာမထေရ်ဘို့ ဆွေးနွေးချက်ကို ညှိသို့တွေ့ရသည်။

---

၁။ သံ+ဉာ၊သညာ၊ သံ=အမှတ်ပြု၍ +ဉာ=သိခြင်း၊ သညာ=အမှတ်ပြု၍သိခြင်း မှတ်သားခြင်း။ မဏိမဉ္ဇူ၊ ပ၊၃၁၅။

၂။ အဘိဓ္ဌ၊၁၁၅၃။

၃။ မ၊၀၊၃၈၉။

ရှင်မဟာကောဋ္ဌိက။ ငါ့ရှင် "သညာ သညာ" ဟု ဆို၏၊ အဘယ် အကြောင်းကြောင့် "သညာ" မည်ပါသနည်း။

ရှင်သာရိပုတ္တရာ။ မှတ်သားတတ်၊ မှတ်သားတတ်သောကြောင့် "သညာ" မည်ပေ၏ ငါ့ရှင်။

ရှင်မဟာကောဋ္ဌိက။ အဘယ်ကို မှတ်သားတတ်ပါသနည်း ငါ့ရှင်။

ရှင်သာရိပုတ္တရာ။ ညိုသော အရာကိုလည်း မှတ်သားတတ်၏၊ ရွှေသော အရာကိုလည်း မှတ်သားတတ်၏၊ နီသော အရာကိုလည်း မှတ်သားတတ်၏၊ ဖြူသောအရာကိုလည်း မှတ်သားတတ်၏၊ ငါ့ရှင် မှတ်သားတတ်၊ မှတ်သားတတ်သော အကြောင်းကြောင့် သညာဟု ခေါ်ဆိုအပ်၏။

ဟူ၍ ဖြစ်သည်။

ဤပါဠိတော်အရ သတ္တဝါတို့သည် မှတ်သားတတ်သော ဤသညာဖြင့် အာရုံအမျိုးမျိုးကို မှတ်သားကြ၏၊ ဤသို့ မှတ်သားရာတွင် ပုဂ္ဂိုလ်သတ္တဝါတို့က မှတ်သားခြင်းမဟုတ်၊ ပုဂ္ဂိုလ်သတ္တဝါတို့၏ သန္တာန်မှာ ဖြစ်ပေါ်လာသည့် မှတ်သားမှုသဘောရှိသော ဤသညာကသာ မှတ်သားခြင်း ဖြစ်သည်။

မှန်၏။ ဤသညာသည် စက္ခုပသာဒ (မျက်စိအကြည်) သောတပသာဒ (နားအကြည်) အစရှိသည့် အတွင်းပသာဒ ဝတ္ထုများနှင့် ရူပါရုံ အစရှိသည့် ပြင်ပ အာရုံတို့ တွေ့ထိရာမှ သတ္တဝါတို့သန္တာန်ဝယ် မှတ်သားတတ်သည့်သညာ ဖြစ်ပေါ်လာခြင်းဖြစ်သည်၊ သတ္တဝါတို့သည် ယင်းသညာဖြင့် ရုပ်ပိုင်းဆိုင်ရာ နာမ်ပိုင်းဆိုင်ရာ အာရုံအမျိုးမျိုးကို အမှတ်ပြုလေသည်၊ ဖြူသောအဆင်းအာရုံကို "အဖြူ" ဟု မှတ်သား၏၊ နီသောအဆင်းအာရုံကို "အနီ" ဟု မှတ်သား၏၊ ထို့အတူ အချို၊ အချဉ် စသော အရသာ၊ အရှည်၊ အတို စသော သဏ္ဌာန် အစရှိသည်တို့ကိုလည်း "အချိုပဲ၊ အချဉ်ပဲ၊ အရှည်ပဲ၊ အတိုပဲ" စသည်ဖြင့် မှတ်သား၏။

ဤ၌ မှတ်သားခြင်းဆိုသည်မှာ မှတ်သောအားဖြင့် သိခြင်း၊ မှတ်သိ သိခြင်းဖြစ်သည်။ အမိအဖကို "အမိ,အဖ" ဟူ၍သိခြင်း၊ (မိမှန်း,ဖမှန်း သိခြင်း) "အရှေ့, အနောက်, တောင်, မြောက်" ဟူ၍သိခြင်း၊ အခေါ် အဝေါ် အမည်နာမများကို "ယသ်သူ့ ဖည်ဝါ၊ မောင်ဖြူ, မောင်နီ" ဟု သိခြင်း အစရှိသဖြင့် မျက်စိဖြင့် မြင်သမျှအာရုံ၊ နားဖြင့်ကြားသမျှ အာရုံ စသည့် အာရုံအပျိုးမျိုးကို မှတ်သိ သိခြင်းဖြစ်သည်။

သညာက သိ[illegible]ည်းဟု [illegible] ပညာသိ, ဝိညာဏ်သိတို့နှင့် သိပုံခြင်း မတူပါ၊ ခြားနားကြပါသည်။

သညာသိ, ပညာသိ, ဝိညာဏ်သိအထူး။ ။သညာ၏ [illegible] ဂုဏ်ပုံမှာ—မှား သည်[illegible] မှန်သည်ဖြစ်စေ မှတ်မိရုံသာသိခြင်းမျိုး ဖြစ်သည်၊ အကြောင်းကျိုး [illegible] ယုံး ဝင်း၍ သိခြင်းမျိုးမှာ ပညာသိဖြစ်သည်၊ ဝိညာဏ် [illegible] ရအောင်ယူခြင်း ဖြစ်သည်၊ ထို့ကြောင့်—

[illegible] လည်းမျိုး၊ [illegible]နှိုင်း၍၊ [illegible]၊ သိသည်မှာ ပျင်း၊
သညာ [illegible]၊ [illegible]၊ ပိုးထိုးယှဉ်[illegible]၊ ချင်းရှင်းသချာ၊
သိပညာတည်း၊ ဝိညာဏ်တုံ၊ စိတ်သိပုံကား၊ [illegible]၊ ရအောင်ပြု
သည်၊ ဒသဘာ မှတ်ဖွယ် အချုပ်တည်း—

ဟု ဆရာကြီးတို့ ပိန္နဆိုကြလေသည်။

ဤကားစိတ္တုပ္ပါဒကဏ္ဍမူလဋီကာ[၂]နှင့်အညီ ရိုးရိုးဖြစ်လေ့ရှိသော သညာ- ပညာ- ဝိညာဏ်အားလုံးနှင့် ဆက်ဆိုင်သည့်ထူးခြားပုံဖြစ်သည်၊ဤထူးခြား ပုံ၏ဆိုလိုရင်းမှာ အနီရောင်အဆင်းတခုကို မျက်စိဖြင့် တွေ့မြင်ရသောအခါ မြင်သိစိတ်(စက္ခုဝိညာဏ်) ဖြစ်ပေါ်လာပြီး ယင်းစိတ်ဝိညာဏ်သည် အာရုံ ကိုရအောင်ယူ၏၊ အာရုံ၏အရောင်အဆင်းကိုမူ ဤသည်အရောင်ဟု မသိ ပေ၊ အာရုံအခုရှိနေကြောင်း သိရုံမျှသာဖြစ်သည်။ ဤသည်ပင်လျှင်

၁။ ဘာသာဋီကာ၊၁၂။ ၂။ ပုလဲပ္ပါ၊၆၂။

ဝိညာဏ်၏အာရုံသိပုံဖြစ်သည်၊ မျက်စိတွင်ထင်လာသည့် အနီရောင်ကို အနီရောင်ဟုသိခြင်းမှာ သညာသိဖြစ်သည်၊ သညာကသာလျှင် " အနီရောင်" ဟု အသိအမှတ်ပြု မှတ်သားထားလေသည်။ ဤသို့ သညာက "အနီရောင်"ဟု အသိအမှတ်ပြုသော်လည်း အဘယ်ပုံနီသည်၊ အဘယ့်ကြောင့်နီသည်ဟု ဝေဖန်ပိုင်းခြား၍သိခြင်းမျိုး မဟုတ်၊ ပညာကသာ အဘယ်ပုံနီသည်၊အဘယ့်ကြောင့်နီသည်ဟုဝေဖန်ပိုင်းခြားသိနိုင်သည်ဟုဆိုလိုရင်းဖြစ်သည်။ ဤအသိသုံးမျိုး အထူးကို ဝိသုဒ္ဓိမဂ်စသော ကျမ်းများ၌လည်း[၁] အသပြာသိပုံဥပမာဖြင့်ပွင့်ဆိုလျက်ရှိ၏၊ ဝိသုဒ္ဓိမဂ်လာ အသိသုံးမျိုးအထူးမှာ ဝိပဿနာ ကမ္မဋ္ဌာန်းစီးဖြန်းသည့်အခါ ဖြစ်ပေါ်သည့် သညာ-ပညာ ဝိညာဏ်တို့၏ ခြားနားပုံအထူးဖြစ်သည်။

**ဝိပဿနာကမ္မဋ္ဌာန်းအရ အသိသုံးမျိုးအထူး**

သညာသိပုံမှာ သူငယ်၏အသပြာသိပုံနှင့်တူ၏၊ လောက အသုံးကို မသိသေးသော သူငယ်သည် အတုံးအခဲဖြစ်သောအသပြာကို မြင်သောအခါ အညို (သို့မဟုတ်) အဝါ အရွှေဟု မြင်ရပိုင်းသော အဆင်းကိုသာ သိ၏၊ အသပြာဖြစ်ကြောင်းမသိ၊ထို့အတူ သညာလည်း မြင်ရသောအာရုံ၏အညို၊ အရွှေစသော အဆင်းလောက်ကိုသာသိ၏၊ မှတ်၏၊ အနိစ္စစသော အခြင်းအရာတိုင်အောင် မသိနိုင်။

ဝိညာဏ်သိပုံသည် ရွာသူရွာသားတို့ သိပုံနှင့်တူ၏၊ ရွာသူရွာသားသည် ထိုအတုံးအခဲကို အညို၊အရွှေစသော အဆင်းနှင့်တကွ အသပြာဖြစ်ကြောင်းကိုသိ၏၊ သို့သော် မည်မျှအဖိုးတန်သည် အသပြာစစ်သည် မစစ်သည်ကိုကား မသိနိုင်၊ထို့အတူ ဉာဏ်ဝိပ္ပယုတ် ဝိညာဏ်သည်လည်း အာရုံ၏အညို၊အရွှေစသော အဆင်းနှင့်တကွ အနိစ္စစသော အခြင်းအရာတိုင်အောင်ကား သိ၏။ သို့သော် တိုးတက်အားထုတ်၍ မဂ်ဖိုလ်ရအောင်ကား မစွမ်းနိုင်။

---

၁။ ဝိသုဒ္ဓိ၊ ၂၊၆၆၊၆၇။

ပညာသိပုံသည် ရွှေပန်းထိမ်သည်၏သိပုံနှင့် တူ၏၊ပန်းထိမ်ဆရာသည် အညို့အရွှေစသော အဆင်း, အသပြာမှန်ကန်ကြောင်းနှင့် မည်မျှထိုက်တန်ကြောင်း စသည်ဖြင့် အလုံးစုံကိုသိ၏၊ ထို့အတူ ပညာလည်း အာရုံ၏ အဆင်း, အနိစ္စစသော အခြင်းအရာနှင့်မှက်, ဖိုလ်ပေါ် လာသည့်တိုင်အောင် ပင် အလုံးစုံကိုသိနိုင်သည်၊ဤသဘောအဓိပ္ပါယ်ကိုယူ၍သင်္ဂြိုဟ်ဋီကာတွင်သစ်၌-

သူငယ်အသပြာ၊ မြင်သောအခါ၌၊ ညို့ဝါအရွှေ၊ သိလေမှန်စွာ၊ အသပြာဟူ၊ သေချာမသိ၊ ဂါမိကဟူ၊ ရွာသူမူကား၊ဖြူဝါတထွေ၊ ညို့ရွှေလည်းကောင်း၊ တကြောင်းအသပြာ၊ သိရှိသာတည်း၊ တန်ရာအင်္ဂါ၊ မည်မျှအဖိုး၊ သိရိုးမရှိ၊ ဟေရညိကာ၊ နာမအမည်၊ပန်းထိမ်သည်ကား၊ တပါးမကြွင်း၊ ခပင်းဥဿုံ၊ အလုံးစုံကို၊ အကုန်မှန်စွာ၊ သိလေရာ၏၊ သညာ,ဝိညာဉ်၊ ပညာယှဉ်လျက်၊ ဤသုံးချက်နှင့်၊ ယထာက္ကမ၊ တူလေစွဟု၊ မိန့်ဟဋီကာဆိုသတည်း-

ဟု မိန့်တော်မူလေသည်။ ဤသို့လျှင် သညာသည် အာရုံကိုသိရာ၌ သူငယ်များမှတ်သားသကဲ့သို့ မှတ်သားမိရုံသာဖြစ်သည်၊ ထို့ကြောင့်သညာသည် မှတ်သားမိရုံ သိခြင်းလက္ခဏာရှိသည်ဟု ဖွင့်ဆိုကြလေသည်။

**ပင်လယ်ပမာသညာသဘော။** ။သညာ၏ မှတ်သားမှု သဘောများမှာ များစွာပင် အဓိပ္ပါယ်နယ်ကျယ်လှပါသည်။ သညာသည် ပညာကဲ့သို့ အမှန်ကိုသာသိသည်မဟုတ်၊ အမှားကိုလည်း သိမှတ်ပါသည်၊ တစ္ဆေကြောက်သူသည် ညဥ့်မှောင်မိုက်တွင် ထန်းပင်ငုတ်ကို "တစ္ဆေ"ဟု မှတ်ထင်ရာ၌ အမှားကို မှတ်ခြင်းဖြစ်သည်၊ မှားယွင်းသောတရားတွေကို တရားမှန်ဟုထင်မှတ်ရာ၌လည်း ဒိဋ္ဌိသာမက မှားသောသညာလည်း ပါဝင်ပါသည်၊ မှားသောအရာ၌ သညာအမှတ်ကြပ်ကြပ်စွဲနေသူကို အမှန်သိအောင်ပြုပြင်ရန် ခဲယဉ်းပါသည်[၁]။ အမှားကိုအမှန်ဟု ထင်မှတ်နေသောသညာသည် သမုဒ္ဒရာပင်လယ်ပမာ လွန်စွာပင်

---

၁။ ကိုယ်ကျင့်အဘိဓမ္မာ၊ ၁၀၁။

နယ်ကျယ်ပါသည်။သံသရာတွင် ကြာရှည်စွာကျင်လည်ရာ၌ အဝိဇ္ဇာတဏှာ အတွက်သာမက သညာ၏အမှတ်လွဲမှုများလည်း ပါဝင်ပါသည်။ မစင်ကို လူတို့က စက်ဆုပ်ဖွယ်ဟု အမှန်အတိုင်း မှတ်သားကြသော်လည်း ခွေး, ဝက်,ကြက်နှင့် ပိုးလောက်စသော သတ္တဝါတို့ကမူ အလွန်ကောင်းသော အာဟာရဟု မှတ်ထင်ကြသည်၊ လင်းတစသည်တို့ကလည်း ခွေးသေ ကောင်ပုပ်ကို အလွန်းတူပင် ကောင်းသောအာဟာရဟုမှတ်ထင်ကြသည်။

ဘုရားရဟန္တာတို့သည်ကား ကာမဂုဏ် အာရုံတွေကို စက်ဆုပ်ဖွယ်ဟု အမှန်အတိုင်း ထင်မှတ်တော်မူကြသည်၊ "ဟီနော၊ အယုတ်တမာတည်း။ ဂမ္မော၊ ရွာသူရွာသားတို့ဥစ္စာတည်း။ ပေါထုဇ္ဇနိကော၊မဖြူစင် မသန့်ရှင်း သော ပုထုဇဉ်တို့ဥစ္စာတည်း။ အနရိယော၊ ဖြူစင်သူတို့၏ ဥစ္စာမဟုတ်။ အနတ္ထသံဟိတော၊ ကောင်းကျိုးမစပ်"ဟု ပြတ်ပြတ်သားသားပင် ရှုတ်ချ တော်မူသည်။ လောကီလူသားတို့ကမူ ထိုတရားတို့ကို နားမဝင်ပဲ ကာမ ဂုဏ်အာရုံတွေကို မရပနေ ရှာဖွေလျက်ပင် နေကြပါသည်[၁]။

ထိုမှတပါး သညာ၏ မှတ်သားမှုသဘောများကို စဉ်းစားလျှင် များစွာ ပင်ရှိပါသေးသည်။ ဆွေမျိုး မိတ်သင်္ဂဟများကို အောက်မေ့ သတိရမှု၊ သူငယ်ချင်းချင်း ချိန်းချက်ထားသည်ကို သတိရမှု၊ မိမိအားဂရုတစိုက် လက်ဆောင်ပေးလိုက်သည်ကို အမှတ်ရမှု ဤသို့စသည်ဖြင့် တဏှာပေမ ဆိုင်ရာ အမှတ်ရမှုများသည်လည်းကောင်း၊ ထို့ပြင် မိမိအားနှိပ်စက်ဖူး သူကို လက်စားချေရန်အမှတ်ရနေမှု၊သတ်ချိန်ဖြတ်ချိန်ကို အမှတ်ရနေမှု၊ သွားလာရာ၌ ဘေးရန်အန္တရာယ်ကို သတိထားမှု ဤသို့ စသည်ဖြင့် ဒေါသ ဒေါမနဿ ဆိုင်ရာအမှတ်ရမှုများသည်လည်းကောင်း၊ သာမန် အားဖြင့် သတိဟု မှတ်ထင်ရသော်လည်း စင်စစ်မှာ သတိသဘော မဟုတ် ပါချေ။ သညာ၏ အမှတ်အသား ကောင်းသောသဘောများသာ ဖြစ် ထိုက်ပါသည်[၂]။ ဤတွင် သတိနှင့်သညာ(၂)မျိုး အထူးကို မှတ်သားရန် လိုအပ်ပါသည်။

---

၁။ ကိုယ်ကျင့်အဘိဓမ္မာ၊၁၀၂။
၂။ ကိုယ်ကျင့်အဘိဓမ္မာ၊၇၁။၇၃။

**သတိနှင့်သညာအထူး** ။သတိအစစ်အမှန်သဘောမှာ ကုသိုလ်ကောင်းမှု ဆိုင်ရာ၌သာ ဖြစ်နိုင်ပါသည်၊ သညာကား ကောင်းမှုကုသိုလ်ပိုင်းဆိုင်ရာ၌လည်း ပါဝင်နိုင်ပြီး၊ မကောင်းမှုအကုသိုလ် ပိုင်းဆိုင်ရာ၌လည်း ပါဝင်နိုင်ပါသည်၊ ကောင်းမှုဆိုင်ရာတွင် ကောင်းသော သညာများဖြစ်နိုင်ပြီး မကောင်းမှုဆိုင်ရာတွင် မကောင်းသော သညာဆိုး များဖြစ်နိုင်ကြလေသည်[၁]။

## (၂) သညာစေတသိက်၏ ဆောင်ရွက်မှုကိစ္စ (ရသ)

သညာသည် နောက်ထပ်တဖန် သိခြင်း၏ အကြောင်းဖြစ်သော အမှတ်အသားကို ပြုခြင်းကိစ္စရှိ၏[၂]။

**နောက်ထပ်သိရန် မှတ်သားပုံ**။ ။နောက်ထပ်တဖန်သိခြင်း၏ အကြောင်း ဖြစ်သော အမှတ်အသားကို ပြုခြင်း- ဟူသော အထက်ပါဖော်ပြချက်သည်အဋ္ဌကထာ ဖွင့်ဆိုချက်အတိုင်း မြန်မာ ပြန်ထားခြင်းဖြစ်ပါသည်၊ သိလွယ်အောင် ရေးသားရလျှင် သညာသည် အာရုံအမျိုးမျိုးကို သိရုံသာမဟုတ်၊ ထိုအာရုံကို နောက်ထပ်တဖန် ပြန်တွေ့ ရသည့်အခါ ပြန်လည် သိရှိနိုင်ရန်မှတ်သားခြင်းကိစ္စကိုလည်း ဆောင်ရွက် သည်ဟု ဆိုလိုပါသည်။

**လက်သမားဥပမာ**။[၂] ။သညာ၏ ယင်းကိစ္စဆောင်ရွက်ပုံကို လက်သမား ဥပမာစသည်တို့ဖြင့် ကျမ်းဂန်များ၌ ဖော်ပြ ထား၏၊ လက်သမားသည် အိမ်ဆောက်ရန်အတွက် တံခါးရွက် စသည့် အိမ်ဆောက်ပစ္စည်းများကို ပြုလုပ်ပြီးလျှင် နောင်တံခါးပေါင်ပေါ်၌ တပ် ဆင်လိုသည့်အခါ အထက်အောက် လွယ်ကူစွာ မှတ်မိစေရန် "ဤတံခါး ရွက်ကို အထက်ဘက်၌ တပ်ဆင်ရန်၊ ဤတံခါးရွက်ကို အောက်ဘက်၌ တပ် ဆင်ရန်" စသည်ဖြင့် ခဲကြောင်းကဒလေးများ အသီးသီး ရေးမှတ်သကဲ့သို့

---

၁။ ကိုယ်ကျင့်အဘိဓမ္မာ၊၁၀၂။

၂။ အဘိ။၁၊၁၅၄။

ထို့အတူ သညာသည် တကြိမ်တခါ တွေ့ကြုံရသော အာရုံကို နောက်တကြိမ်ထပ်တွေ့သည့်အခါ လွယ်ကူစွာ ပြန်လည်သိရှိနိုင်ရန် "အဖြူပဲ အနီပဲ"စသည်ဖြင့် မှတ်သားခြင်း ကိစ္စကို ဆောင်ရွက်လေသည်။

**ပစ္စည်းထိန်းဥပမာ။**[၁] ။ကျမ်းဂန်များ၌ လက်သမားဥပမာအပြင် ပစ္စည်းထိန်း၏ပစ္စည်းများကို မှတ်သားပုံနှင့်လည်း ဥပမာ ဆောင်ပြပါသေးသည်။ ပစ္စည်းထိန်းသည် တာဝန်အရ မိမိထိန်းသိမ်းထားသော အဝတ်တန်ဆာပစ္စည်းဥစ္စာ အမျိုးမျိုးကို နောင်အခါ အလွယ်တကူ သိ၍ အသုံးပြုနိုင်ရန် စာရင်းဇယားများပြုလုပ် မှတ်သားထားသည်။ ထို့အတူ သညာသည်လည်း နောက်ထပ်တကြိမ် တွေ့လျှင် ပြန်လည် သိရှိနိုင်ရန် မှတ်သားခြင်းကိစ္စကို ဆောင်ရွက်သည်။

**လက္ခဏာနှင့် ကိစ္စအထူး။** ။သညာ၏ လက္ခဏာနှင့် ကိစ္စအထူးမှာ အကျဉ်းချုပ်အားဖြင့် အာရုံတခုကို အသိအမှတ်ပြုမှုကို လက္ခဏာဟုခေါ်ပြီး နောင်သိလွယ်ရန် အမှတ်ပြုမှုကို ကိစ္စဟု ခေါ်သည်။ မှန်၏။ လူတယောက်ကို ကြွေ့မြင်သည့်အခါ ထိုသူ၏ အမူအရာ ပုံပန်းသဏ္ဌာန်ကို စိတ်ထဲက အသိအမှတ်ပြုလိုက်၏၊ ယင်းသို့ အသိအမှတ်ပြုခြင်းသည် ရှေးဦးစွာ ပထမသညာဖြစ်ခြင်းတည်း။ ဤသို့ လူတယောက်ကို အသိအမှတ်ပြုမှု = ပထမသညာဖြစ်မှုသည် ထိုလူအား နောင်အခြား တနေရာတွင် တွေ့ရသောအခါ လွယ်ကူစွာသိနိုင်ရန် အတွက်လည်း အမှတ်ပြုရာရောက်၏၊ ဤသို့ ရှေးဦးစွာ အသိအမှတ်ပြုမှု နောင်လွယ်ကူစွာ သိနိုင်ရန်အမှတ်ပြုမှု (၂) မျိုးအနက် ရှေးဦးစွာ အသိအမှတ်ပြုမှုသည် သညာ၏ လက္ခဏာဖြစ်ပြီး နောင်လွယ်ကူစွာ သိနိုင်ရန် အမှတ်ပြုမှုကား သညာ၏ ကိစ္စလုပ်ငန်း ဖြစ်လေသည်။

**ဘုရားအဆူဆူချွတ်၍ မကျွတ်နိုင်ပုံ။** ။သညာ၏ လက္ခဏာနှင့် ကိစ္စ (၂) ရပ်ကို ဆက်စပ်၍ ကောက်ချက်ချလျှင် သညာသည် အာရုံအမျိုးမျိုးကို အသိအမှတ်လည်း ပြုတတ်၏၊

---

၁။ အဘိ၊ဋ္ဌ၊၁၊၁၅၄။

နောင်သိလွယ်ရန်လည်း အမှတ်ပြုတတ်၏၊ ထိုအမှတ်ပြုသည့်အတိုင်း လည်း နောက်ထပ်သိတတ်၏ဟု အဓိပ္ပာယ်ပေါ်ထွက်လေသည်။ ဤသည် ကိုပင် နောက်၌ သိခြင်း၏အကြောင်းဖြစ်သော အမှတ်ကို ပြု၍ သိတတ် သောကြောင့် သညာမည်၏ဟု ဖွင့်ဆိုကြခြင်းဖြစ်လေသည်။

ဤ၌ နောင်သိလွယ်ရန် အမှတ်ပြု၍ သိတတ်သောကြောင့် သညာ မည်၏ဟုဆိုလျှင် ဤပထမသညာက သိလွယ်အောင် အမှတ်ပြုလိုက်သည့် အတိုင်း ထိုအမှတ်အတိုင်းကြည့်၍နောက်ထပ်သိသော ဒုတိယသညာသည် အဘယ်သို့ သညာမည်နိုင်ပါသနည်းဟု မေးဖွယ်ရှိ၏၊ ဤ ဒုတိယသညာ သည်လည်း နောက်တဖန် သိလတ္တံ့ဖြစ်သော တတိယသညာကို သိလွယ် အောင် အမှတ်ပြု၍ပင်ဖြစ်သောကြောင့် သညာမည်နိုင်လေသည်။

ဤသို့ အဆက်ဆက်သော သညာများသည် နောင်အခါ တဖန်သိလွယ် ရန် မှတ်၍ မှတ်၍ သိမှုကြောင့် မြဲမြံသော သညာအဖြစ်သို့ ရောက်ပြီး အာရုံတခုခု၌ စွဲမြဲကာ တသက်ပတ်လုံး အသက်ဆုံးသည့်တိုင်အောင် လည်းကောင်း၊ ဘဝတပါးသို့တိုင်အောင်လည်းကောင်း မမေ့မပျောက် နိုင်ပဲ ခိုင်ခိုင်မြဲမြဲမှတ်သားမှုကို ဖြစ်စေနိုင်ပေသည်၊ သညာသည် အထက် တွင်ဆိုခဲ့သည့်အတိုင်း မှားမှားမှန်မှန် မှတ်သားတတ်သော သဘောရှိ ပေရာ ဤခိုင်မြဲစွာ မှတ်သားမှုသည် အကောင်းဘက်တွင်ဖြစ်ပါက များ စွာ အကျိုးရှိသော်လည်း အဆိုးဘက်တွင် မိစ္ဆာသညာသို့ ရောက်သွား ပါမူ ဘုရားအဆူဆူ ချွတ်၍ မကျွတ်နိုင်သောအဖြစ်သို့ ရောက်စေနိုင် လေသည်။[၁]

**သညာ၏ သဘောအကျဉ်းချုပ်။** ။ဖော်ပြပါ သညာ၏ သဘော အဓိပ္ပာယ်တို့မှာ– အဘိဓမ္မာအရာ လိမ္မာတော်မူကြသည့် အဘိဓမ္မာအင်္ဂုံကျမ်းဆရာမြတ်တို့၏ အဆိုအမိန့် များပြစ်သည်။စင်စစ်အားဖြင့် သညာ၏ သဘောအဓိပ္ပာယ် အတိုချုပ်မှာ သညာသည် အာရုံကို သိရာ၌ မှားသည်လည်း ရှိ၏၊ မှန်သည်

---

၁။ မဏိမဥ္ဇူ၊ပ၊၃၁၆၊၃၁၇။ ပရမတ္ထသံခိပ်၊ဋီ၊ပ၊၁၁၃။ ဋီကာကျော်၊၁၀၅။

လည်း ရှိ၏၊ အများအမှန်ကို ဝေဖန်ပိုင်းခြားခြင်းမရှိ၊ ထင်လာသည့်အာရုံကို ထင်လာသည့်အတိုင်း မှတ်သားမိရုံ သိခြင်းသာဖြစ်သည်၊ (ဝါ)အာရုံကို မှတ်သားမိရုံ သိခြင်းသဘောကို သညာဟု ခေါ်ဆိုလေသည်။

## (၃) သညာ၏ ပစ္စုပဋ္ဌာန်

သညာသည် ရှေးက မှတ်သားခဲ့ဖူးသော အမှတ်အသားအာတိုင်း မှားမှားမှန်မှန် နှလုံးသွင်းတတ် စွဲလမ်းတတ်သော အခြင်းအရာ (ပစ္စုပဋ္ဌာန်)ရှိ၏။[၁]

**မှားမှားမှန်မှန် စွဲလမ်းတတ်ပုံ။** ။သညာ၏ အာရုံကို မှတ်သားမှုမှာ စဉ်းစဉ်းစားစား နှိုင်းနှိုင်းချိန်ချိန် မှတ်သားခြင်းမျိုးမဟုတ်၊ ယထာဘူတကျကျ သိမြင်၍ မှတ်သားနည်းမျိုးမဟုတ်(အမေမှာသည့် ဆန်တခွဲ သုံးစိတ်နှင့်ဖလဲ) ဆိုသကဲ့သို့ ရှေးကမှတ်သားဖူးသော အမှတ်အသားအာတိုင်း မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ မှတ်သားနည်းမျိုးသာ ဖြစ်သည်။

**မျက်မမြင် ခြောက်ယောက်ဥပမာ။** ။သညာသည် မှားသောအရာ၌ စွဲလမ်းမှတ်သားတတ်ပုံကို မျက်မမြင်ခြောက်ယောက် ဥပမာဖြင့် ကျမ်းဂန်များ၌ ဖွင့်ဆိုထားသည်ကိုတွေ့ရ၏။

အခါတပါး၌ မျက်မမြင်(၆)ယောက်တို့သည် ဆင်ပြောင်ကြီးကို စမ်းသပ်ကြသည်၊ တဦးက လှုပ်လှုပ်ရှားရှားနေသော နှာမောင်းကို စမ်းမိ၍ အခြား(၅)ဦးတို့မှာလည်း အစွယ်၊ နားရွက်၊ ကိုယ်၊ ခြေထောက်နှင့်အမြီးတို့ကိုစမ်းမိကြပြီး ကိုယ့်နည်း ကိုယ်ဟန် ကိုယ့်မှတ်သညာဖြင့် မှတ်သားပြီးနောက် ၎င်းတို့ ခြောက်ဦး စုဝေးပါင်း၍ ဆင်အကြောင်းကို ဤသို့ပြောဆိုကြသည်။

---

၁။ အဘိ၊ ဋ္ဌ၊ ၁၊ ၁၅၄။

[a]နှာမောင်းကို စမ်းမိသူက "ဆင်ဆိုတာ–ငါတို့ မျက်လုံးမကွယ်မီက တွေ့မြင်ခဲ့ရသော မြွေကြီးနှင့်တူသည်" ဟု ပြော၏၊ အစွယ်စမ်းသူက "ဆင်ဆိုတာ–စပါးထောင်းသောကျည်ပွေ့ နှင့်တူ၏" ဟူ၍လည်းကောင်း၊ ကိုယ်စမ်းမိသူက "ဆင်ဆိုတာ–အိမ်နံရံနှင့်တူ၏" ဟူ၍ လည်းကောင်း၊ နားရွက်စမ်းမိသူက "ဆင်ဆိုတာ–ဖျာသင်ဖြူးနှင့်တူ၏" ဟူ၍ လည်းကောင်း၊ ခြေထောက်စမ်းမိသူက "ဆင်ဆိုတာအိမ်တိုင်နှင့်တူ၏" ဟူ၍လည်းကောင်း၊ အမြီးစမ်းမိသူက "ဆင်ဆိုတာ–တံမြက်စည်းနှင့်တူ၏" ဟူ၍လည်းကောင်း အသီးသီး ကိုယ့်အမြင် ကိုယ့်အမှတ်အသားအတိုင်း ပြောဆိုကြတော့သည်၊ ဤသို့ဖြင့် သညာသည် ရှေးကမှတ်သားခဲ့ဖူးသော အမှတ်အသားအတိုင်း မှားမှားမှန်မှန် စွဲလမ်းမှတ်ယူတတ်၏၊ ထို့ကြောင့် သညာသည် ရှေးကမှတ်သားခဲ့ဖူးသည့် အမှတ်အသားအတိုင်း စွဲလမ်းမှတ်ယူတတ်သော အခြင်းအရာ (ပစ္စုပဋ္ဌာန်)ရှိသည်ဟု ဖွင့်ဆိုကြလေသည်။

## (၄) သညာ၏ပဒဋ္ဌာန်

သညာသည် ထင်လာသော အာရုံလျှင် နီးစွာသောအကြောင်း (ပဒဋ္ဌာန်)ရှိ၏[၁]။

အနီးကပ်ဆုံးအကြောင်းဖြစ်ပုံ။ ။သညာသည် ထင်လာ မြင်လာသော အာရုံကို အထူးမစဉ်းစားပဲ ထင်မြင်တိုင်း မှတ်သားတတ်၏၊ ဖြူသောအဆင်း အာရုံထင်လာလျှင် အဖြူဟု မှတ်သားပြီး၊ နီသောအဆင်း အာရုံထင်လာလျှင် အနီဟုမှတ်သား၏။ အာရုံထင်လာမှုသည် မည်သည့်ပုံစံဖြင့် မည်သို့ပင် ထင်သည်ဖြစ်စေ ထင်လာသည့် ပုံစံအတိုင်း သညာက မှတ်သား၏။

---

၁။ အဘိ၊ဋ္ဌ၊၁၊၁၅၄။

**တောစောင့်ယောကျ်ားရုပ် (စာခြောက်ရုပ်)ဥပမာ** တောသမင်သည် မြက်ဖြင့် ပြုလုပ်အပ်သော တောစောင့် ယောကျ်ားရုပ် (စာခြောက်ရုပ်)ကို တွေ့မြင်ရာ ယောကျ်ားသဏ္ဌာန် ထင်လာသည့်အတိုင်း တကယ် တောစောင့်ယောကျ်ား ဟု အမှတ်မှားသကဲ့သို့ သညာသည် ထင်လာမြင်လာသော အာရုံကို အမှား အမှန် အထူးမစဉ်းစားပဲ အာရုံထင်လာသည့် ပုံစံအတိုင်း မှတ်သားတတ်၏။

**မိန်းမရှာ၊ ယောကျ်ားရှာဥပမာ။** ။အလားတူပင် မိန်းမစိတ်ပေါက်နေသည့်မိန်းမရှာနှင့် ယောကျ်ားစိတ်ပေါက်နေသည့် ယောကျ်ားရှာတို့ကို တွေ့မြင်ရသောအခါ မိန်းမရှာယောကျ်ားသည် တကယ်မိန်းမ မဟုတ်သော်လည်း မိန်းမသဏ္ဌာန်ထင်လာ၏။ယောကျ်ားရှာ မိန်းမသည် တကယ် ယောကျ်ားမဟုတ်သော်လည်း ယောကျ်ားသဏ္ဌာန်ထင်လာ၏၊ ထိုသို့ထင်လာသည့်အတိုင်း အချို့သူတို့မှာ မဆင်ခြင် မစဉ်းစားမိသဖြင့် မိန်းမရှာ ယောကျ်ားကို မိန်းမအစစ်ဟုလည်းကောင်း၊ ယောကျ်ားရှာ မိန်းမကို တကယ်ယောကျ်ားအစစ်ဟုလည်းကောင်း အမှတ်မှားသကဲ့သို့ သညာသည် ထင်လာသောအာရုံကို အထူးမစဉ်းစားပဲ ထင်မြင်လာသည့် ပုံစံအတိုင်း မှတ်သားတတ်၏။ ထို့ကြောင့် ထင်မြင်လာသောအာရုံသည် သညာ၏အနီးကပ်ဆုံးအကြောင်း ဖြစ်သည်။

**သညာ၏နီးသောအကြောင်းနှင့် ဝေးသောအကြောင်း** တောသမင်သည် တောစောင့်ယောကျ်ားရုပ်ကိုတကယ်ယောကျ်ားဟု မှတ်ထင်ရာ၌ တောစောင့်ယောကျ်ားရုပ် ထင်လာပါမှ ယောကျ်ားအစစ်ဟု အမှတ်မှားမှု သညာဖြစ်လာ၏၊ မထင်သော် မဖြစ်နိုင်၊ ထို့ကြောင့် ဤအမှတ်မှားမှု သညာဖြစ်လာခြင်း၏ အနီးကပ်ဆုံးအကြောင်းကို ရှာသော် တောစောင့်ယောကျ်ားရုပ်တည်းဟူသော ထင်လာမြင်လာသော အာရုံသာဖြစ်သည်။

အလှူးတူပင် မိန်းမရှာယောကျ်ားက မိန်းမသဏ္ဍာန်၊ ယောကျ်ားရှာ မိန်းမက ယောကျ်ားသဏ္ဍာန် ထင်လာရာတို့၌လည်း ဆိုင်ရာမိန်းမသဏ္ဍာန်၊ ယောကျ်ားသဏ္ဍာန် ထင်လာပါမှ ယောကျ်ားကို မိန်းမ၊ မိန်းမကို ယောကျ်ားဟု အမှတ်မှားမှုသညာများ ဖြစ်လာနိုင်၏၊ မထင်သော်မဖြစ်လာနိုင်၊ ထို့ကြောင့် ထိုအမှတ်မှားမှုသညာများ ဖြစ်လာနိုင်ခြင်း၏ အနီးကပ်ဆုံးအကြောင်းကိုရှာသော် ဆိုခဲ့သည့်အတိုင်း မိန်းမရှာသဏ္ဍာန်၊ ယောကျ်ားရှာသဏ္ဍာန်များ ထင်မြင်လာခြင်းတို့သာဖြစ်သည်။

ဤသို့လျှင် ထင်လာသောအာရုံကို သညာက မှတ်သား၏၊ ယင်းသို့မှတ်သားခဲ့သော် ထင်လာသောအာရုံရှိပါမှ သညာဖြစ်နိုင်မည်ဖြစ်၏၊ မရှိသော်မဖြစ်နိုင်၊ ထို့ကြောင့် သညာဖြစ်ခြင်း၏ အနီးကပ်ဆုံးအကြောင်းကို ရှာသော် ထင်လာသောအာရုံကိုသာ တွေ့ရပါမည်၊ ယင်းမှတပါး သင့်လျော်သောအားဖြင့် နှလုံးသွင်းမှု၊ (ယောနိသော မနသိကာရ)၊ မသင့်မလျော်နှလုံးသွင်းမှု (အယောနိသော မနသိကာရ) စသည်တို့မှာ သညာဖြစ်ခြင်း၏ ဝေးကွာသော(ဒူရ) အကြောင်းများသာ ဖြစ်သည်။ ထို့ကြောင့် ထင်လာဘိုင်းသော အာရုံသည် သညာဖြစ်ခြင်း၏ အနီးကပ်ဆုံးအကြောင်း(ပဒဋ္ဌာန်)ဖြစ်သည်ဟု ဖွင့်ဆိုကြသည်။

## သညာစေတသိက် အမျိုးမျိုးပြားပုံ

### သညာ ၂-မျိုး

(၁) ဉာဏသမ္ပယုတ်သညာ (အသိဉာဏ်နှင့်ယှဉ်သော မှတ်သားမှု သညာ)

(၂) ဉာဏဝိပ္ပယုတ်သညာ (အသိဉာဏ်နှင့်မယှဉ်သော မှတ်သားမှု သညာ)

ဉာဏသမ္ပယုတ်သညာမှာ အသိဉာဏ်၏ ဦးဆောင်မှုဖြင့် မှန်ကန်သော မှတ်သားမှုသညာများသာဖြစ်နိုင်၏။

စူးစမ်းမှုအသိဉာဏ်ကင်းသော ဉာဏဝိပ္ပယုတ်သညာများကားဖောက်ပြန်မှုသဘောများဖြစ်လာနိုင်သည်၊ အထက်တွင်ဆိုခဲ့သည့် မျက်မမြင်ခြောက်ယောက်တို့ မှားယွင်းစွာ စွဲလမ်းနှလုံးသွင်းခြင်းကိုပြုမှု၊ လယ်စောင့်ယောကျ်ားရုပ်ကို လူသားယောကျ်ားအစစ်ဟု အမှတ်မှားမှု၊ မိန်းမရုပ်ကို မိန်းမသားအစစ်ဟု အမှတ်မှားမှု၊ ယောကျ်ားရုပ်ကို ယောကျ်ားအစစ်ဟု အမှတ်မှားမှု အစရှိသည်တို့မှာ စူးစမ်းမှု အသိဉာဏ်ကင်းသော ဉာဏဝိပ္ပယုတ်သညာများဖြစ်သည်။ ဉာဏသမ္ပယုတ် သညာမှာ ဤဖောက်ပြန်မှုသဘောများ မဖြစ်နိုင်[၁]။

အလားတူပင် သမာဓိနှင့်ယှဉ်သော သညာမှာလည်း ဉာဏသမ္ပယုတ်သညာကဲ့သို့ သမာဓိနောက်သို့ အစဉ်လိုက်၏။ သမာဓိက ဦးဆောင်၏။ မှန်၏။ အင်္ဂုတ္တိုရ်ပါဠိတော်တွင် သမာဓိအားကောင်းနေသော ပုဂ္ဂိုလ်များမှာ သညာရှိသော်လည်း မရှိသကဲ့သို့ဖြစ်တတ်ကြောင်း ဟောတော်မူသည်။[၂]

## တနည်း

(၁) မဖောက်မပြန် မှန်ကန်သော မှတ်သားမှု=သစ္စာသညာ၊
(၂) ဖောက်ပြန်မှားယွင်းသောမှတ်သားမှု =မိစ္ဆာသညာ၊

ဤသညာ ၂-မျိုးအနက် သစ္စာသညာမှာ ၃-မျိုးရှိကြောင်း ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ၌ဆို၏။[၃]

## သစ္စာသညာ ၃-မျိုး

(၁) မမြဲဟု မှတ်သားမှု = (အနိစ္စသညာ)၊
(၂) ဆင်းရဲဟု မှတ်သားမှု = (ဒုက္ခသညာ)၊
(၃) အနှစ်သာရအတ္တမဟုတ်ဟု မှတ်သားမှု = (အနတ္တသညာ)၊

---

၁။ အဘိ၊ဋ္ဌ၊၁၊၁၅၄။
၂။ အံ၊၃၊၅၂၂။
၃။ ပဋိသမ္ဘိဒါမဂ်၊ဋ္ဌ၊၁၄၄။

ဤသညာ ၃-မျိုးမှာ လက္ခဏာရေးသုံးပါးကို မှတ်သားသော သညာများဖြစ်သည်[၁]။

## တနည်း သညာ ၃-မျိုး

(၁) မြဲသည်ဟုမှတ်သားမှုသညာ=(နိစ္စသညာ)၊

(၂) ချမ်းသာဟုမှတ်သားမှုသညာ=(သုခသညာ)၊

(၃) အနှစ်သာရ အတ္တဟုမှတ်သားမှုသညာ=(အတ္တသညာ)၊

မဟာဝဂ္ဂသံယုတ် အဋ္ဌကထာ၌ကွင် ဤခန္ဓာကိုယ်ကို အနိစ္စအားဖြင့် ဆင်ခြင်သော် နိစ္စသညာကို ပယ်စွန့်နိုင်ကြောင်းကို လည်းကောင်း၊ ဒုက္ခအားဖြင့် ရှုဆင်ခြင်သော် သုခသညာကို ပယ်စွန့်နိုင်ကြောင်းကို လည်းကောင်း၊ အနတ္တအားဖြင့် ရှုဆင်ခြင်သော် အတ္တသညာကို ပယ်စွန့်နိုင်ကြောင်းကို လည်းကောင်း ဖွင့်ဆိုထားသည်။

## တနည်း

(၁) ညိုသောအဝတ်၊ ညိုသောပန်းစသည်၌ ရှေးဦးစွာ စိုးဖြန်းမှုကို မှတ်သောသညာ=(ပရိကမ္မသညာ)၊

(၂) အပ္ပနာ၏ အနီးဖြစ်သော မှတ်သားမှုသညာ=(ဥပစာရသညာ)၊

(၃) ပရိကမ္မ၏အခြားမဲ့ဖြစ်သော ဈာန်သို့သက်ဝင်၍ တည်ခြင်းကို မှတ်သားသောသညာ=(အပ္ပနာသညာ)[၃]၊

---

၁။ ပရမတ္ထသံခိပ်ပြို၊ပ၊၁၄၄။

၂။ သံဋ္ဌ၊၃၊၂၅၁။

၃။ သံဋ္ဌ၊၂၊၂၆၉။

တနည်း

(၁) ကာမဂုဏ်ကို မှတ်သားသောသညာ=(ကာမသညာ)၊
(၂) ပျက်စီးစေရန် မှတ်သားသောသညာ=(ဗျာပါဒသညာ)၊
(၃) ညှဉ်းဆဲရန် မှတ်သားသောသညာ=(ဝိဟိံသ သညာ)၊
ဤသညာ-၃-မျိုးတို့သည် ပယ်အပ်သော သညာများဖြစ်သည်။

တနည်း

(၁) ထွက်မြောက်ရန် မှတ်သားသောသညာ=(နေက္ခမ္မသညာ)၊
(၂) မပျက်စီးစေရန် မှတ်သားသော သညာ = (အဗျာပါဒ သညာ)၊
(၃) မညှဉ်းဆဲရန် မှတ်သားသောသညာ=(အဝိဟိံသ သညာ)၊
ဤသညာ-၃-မျိုးတို့သည် ပွားများအပ်သော သညာများ ဖြစ်သည်။

ဘုရားရှင်သည် ဆိုခဲ့သည့် ကာမ, ဗျာပါဒ, ဝိဟိံသ သညာတို့ကို ပယ်နိုင်ရန် နေက္ခမ္မ, အဗျာပါဒ, အဝိဟိံသ သညာတို့ကို ပွားများရမည်ဟု ဆက္ကအင်္ဂုတ္တိုရ်ပါဠိတော်၌ ဟောတော်မူသည်။[၁]

တနည်း

(၁) ငါသည် အဆင်းဖောက်ပြန်မှုသို့ ရောက်၍ နေ၏ဟု မှတ်သားမှုသညာ၊
(၂) ငါ၏ အသက်မွေးမှုသည် သူတပါးတို့နှင့် ဆက်စပ်နေ၏ဟု မှတ်သားမှုသညာ၊
(၃) ငါသည် လူ့အသွင်အပြင်မှ အခြားသော ရဟန်းအသွင်အပြင်ကို ပြုအပ်၏ဟု မှတ်သားမှုသညာ၊
ဤသညာ ၃-မျိုးကို ရဟန်းအား ဖြစ်ထိုက်သည့် သမဏသညာ ၃-မျိုးဟု ခေါ်သည်၊ ၎င်းသညာ ၃-မျိုးကို ရဟန်းတို့ပွားများရန် ကြိမ်ဖန်များစွာ

၁။ အံ၊မြန်၊၂၊၄၉၁။၄၉၂။

ပြုလုပ်ကြရန် ဟောတော်မူသည်၊ ၎င်းသညာ ၁-မျိုးတို့သည် တရား ၇-မျိုးကို ပြည့်စေနိုင်ကြောင်းကိုလည်း ဟောတော်မူသည်[၁]။

သမဏသညာ ၃-မျိုးကို ပွားများသဖြင့်

ရအပ်သောအကျိုး ၇-ပါး

(၁) သီလတို့၌ မပြတ်ဖြစ်ခြင်း၊ မပြတ်ဖြည့်ကျင့်လေ့ရှိခြင်း၊

(၂) အဘိဇ္ဈာ မများခြင်း၊

(၃) ဆင်းရဲ မရှိခြင်း၊

(၄) အလွန်မာန်မူမှု မရှိခြင်း၊

(၅) သိက္ခာ ၃-ပါးကို လိုလားခြင်း၊

(၆) ထိုရဟန်းအား အသက်၏ အရံအတားဖြစ်သော ပစ္စည်းတို့၌ ဤအကျိုးငှာတည်းဟု ဆင်ခြင်ခြင်း၊

(၇) ထက်သန်သော လုံ့လရှိသည်ဖြစ်၍လည်း နေခြင်း—

ဤတရား ၇-ပါးတို့မှာ သမဏသညာ ၃-မျိုးတို့ကို ရဟန်းတို့ ပွားများအပ်၊ ကြိမ်ဖန်များစွာ ပြုအပ်သဖြင့် ရအပ်သည့် အကျိုးတရားများ ဖြစ်သည်[၁]။

သညာ ၄-မျိုး

(၁) နည်းသော အာနုဘော်ရှိသောသညာ = (ကာမာဝစရ သညာ)၊

(၂) မြတ်သည်၏အဖြစ်သို့ ရောက်သောသညာ = (ရူပါဝစရ သညာ)၊

---

၁။ ဆံ။၃၄၂၇။

(၃) အတိုင်းအရှည် မရှိသောသညာ=(လောကုတ္တရာသညာ)၊

(၄) "တစုံတခုမျှ မရှိ"ဟူသော သညာ= (အာကိဉ္စညာယတန သညာ)၊

ဤသညာ ၄-မျိုးတို့တွင် အာကိဉ္စညာယတနသညာသည် အမြတ်ဆုံး တည်းဟု ဟောတော်မူသည်[၁]။ အဘယ်ကြောင့်ဆိုသော် ဤအာကိဉ္စညာ-ယတနသညာမှနောက်၌ သညာဟု ပညတ်ခြင်းမည်သည်မရှိသောကြောင့် ပင်ဖြစ်သည်ဟု အဋ္ဌကထာ[၂]၌ ဖွင့်ဆိုလေသည်။

## သညာ၌ ဝေဖန်ပုံ ၆-မျိုး

(၁) သညာတို့ကို သိခြင်း၊

(၂) သညာတို့၏ ဖြစ်ကြောင်းကို သိခြင်း၊

(၃) သညာတို့၏ ထူးသောအဖြစ်ကို သိခြင်း၊

(၄) သညာတို့၏ အကျိုးကို သိခြင်း၊

(၅) သညာတို့၏ ချုပ်ငြိမ်းရာကို သိခြင်း၊

(၆) သညာတို့၏ ချုပ်ငြိမ်းရာသို့ ရောက်ကြောင်း အကျင့်ကို သိခြင်း၊

သညာတို့ကို သိခြင်း။ ။သညာတို့ကို သိခြင်းဟူသည် ရူပသညာ စသည့် သညာ ၆-မျိုးတို့ကို သိခြင်းကိုဆိုလို၏၊ ၎င်းတို့မှာ-

(၁) ရူပသညာ (အဆင်း၌ မှတ်သားမှု)၊

(၂) သဒ္ဒသညာ (အသံ၌ မှတ်သားမှု)၊

(၃) ဂန္ဓသညာ (အနံ့၌ မှတ်သားမှု)၊

(၄) ရသ သညာ (အရသာ၌ မှတ်သားမှု)။

---

၁။ အံ ၃၊၃၀၆။ ၂။ အံ၊ ဋ္ဌ၊၃၊၁၀၅။

(၅) ဖောဋ္ဌဗ္ဗသညာ(အတွေ့၌ မှတ်သားမှု)၊

(၆) ဓမ္မသညာ (သဘောတရား၌ မှတ်သားမှု)၊
ဟူ၍ ၆-မျိုးရှိပါသည်။

သညာတို့၏ဖြစ်ကြောင်း။ ။သညာတို့၏ ဖြစ်ကြောင်းဆိုသည်မှာ ဖဿကိုပင် ဆိုလို၏၊ တွေ့ထိမှု ဖဿကြောင့် ဤသညာများဖြစ်ပေါ်လာ၏၊ "စက္ခုသမ္ဖဿဇာသညာ"(စက္ခုဝိညာဏ်စိတ်နှင့်အတူဖြစ်သော ဖဿကြောင့်ဖြစ်သောသညာ) စသည်ဖြင့် ဘုရားရှင်ဟောတော်မူထားသည်ကို ကြည့်က ဖဿသည် သညာတို့၏ဖြစ်ကြောင်းဖြစ်သည်မှာ ထင်ရှားပါသည်။

သညာတို့၏ထူးသောအဖြစ်။ ။သညာတို့၏ထူးသောဖြစ်ခြင်းဆိုသည်မှာ ရူပါရုံ၌မှတ်သားမှု ရူပသညာသည် တမျိုးတခြားဖြစ်၍ သဒ္ဒါရုံ၌ မှတ်သားမှု သဒ္ဒသညာသည် တမျိုးတခြားသာဖြစ်သည်၊ ထို့အတူ ဂန္ဓသညာ၊ ရသသညာ၊ ဖောဋ္ဌဗ္ဗသညာ၊ ဓမ္မသညာတို့လည်း တမျိုးတခြားသာ ဖြစ်သည်၊ ဤသည်ကိုပင် သညာတို့၏ထူးသောအဖြစ်ဟု ဆိုပေသည်။

သညာတို့၏အကျိုး။ ။သညာတို့၏အကျိုးဆိုသည်မှာ "ဤသို့ မှတ်သားမှုသညာ ရှိသူဖြစ်ခဲ့၏" ဟူ၍ သိနိုင်လောက်သည့် အခြင်းအရာအားဖြင့် ခေါ်ဝေါ်ပြောဆိုနိုင်သောကြောင့် သညာကို ခေါ်ဝေါ်ရခြင်း အကျိုး၏ဟု ငါဆို၏၊ ရဟန်းတို့ ဤသည်ကိုပင် သညာတို့၏ အကျိုးဟု ဆိုအပ်ခြင်းဟူ၍ ဘုရားရှင်ဟောတော်မူသည်။

သညာတို့၏ချုပ်ငြိမ်းမှု။ ။သညာတို့၏ ချုပ်ငြိမ်းမှုဆိုသည်မှာ တွေ့ထိမှု ဖဿ၏ ချုပ်ငြိမ်းမှုပင် ဖြစ်သည်၊ တွေ့ထိမှု ဖဿချုပ်လေသော် မှတ်သားမှုသညာတို့လည်း ချုပ်ငြိမ်းလေတော့သည်။

သညာချုပ်ငြိမ်းစေနိုင်သည့်အကျင့်။ ။ဤအကျင့်တရားဟူသည် အင်္ဂါ ၈-ပါးရှိသော မဂ္ဂင်တရားများပင် ဖြစ်သည်၊ မဂ္ဂင်တရား ၈-ပါးမှာ—

(၁) မှန်ကန်စွာသိမြင်မှု = (သမ္မာဒိဋ္ဌိ)၊
(၂) မှန်ကန်စွာပြောဆိုမှု = (သမ္မာဝါစာ)၊
(၃) မှန်ကန်စွာကြံစည်မှု = (သမ္မာသင်္ကပ္ပ)၊
(၄) မှန်ကန်စွာပြုလုပ်မှု = (သမ္မာကမ္မန္တ)၊
(၅) မှန်ကန်စွာအသက်မွေးမှု = (သမ္မာအာဇီဝ)၊
(၆) မှန်ကန်စွာအားထုတ်မှု = (သမ္မာဝါယာမ)၊
(၇) မှန်ကန်စွာအောက်မေ့မှု = (သမ္မာသတိ)၊
(၈) မှန်ကန်စွာတည်ကြည်မှု = (သမ္မာသမာဓိ)-

ဟူ၍ဖြစ်သည်၊ ဤသို့အားဖြင့် ဘုရားရှင်သည် သညာတို့၏ဖြစ်ကြောင်း စသည်ဖြင့် ဝေဖန်၍ ဟောတော်မူ၏၊ ဤသို့ဟောတော်မူသော ဒေသနာကို ကိလေသာကို ဖောက်ခွဲကြောင်း၊ (နိဗ္ဗေဓိက ပရိယာယ)တရားဒေသ-နာဟု ခေါ်၏၊ ဤဒေသနာတော်ကို "နာကြကုန်၊ ကောင်းစွာ နှလုံးသွင်းကြကုန်" ဟု ဘုရားရှင် တိုက်တွန်းတော်မူသည်[၁]။

## တနည်းသညာ ၆-ပျိုး

(၁) ရူပသညာ = (အဆင်း၌ မှတ်သားမှု)
(၂) သဒ္ဒသညာ = (အသံ၌ မှတ်သားမှု)
(၃) ဂန္ဓသညာ = (အနံ့၌ မှတ်သားမှု)
(၄) ရသသညာ = (အရသာ၌ မှတ်သားမှု)
(၅) ဖောဋ္ဌဗ္ဗသညာ = (အတွေ့၌ မှတ်သားမှု)
(၆) ဓမ္မသညာ = (သဘောတရား၌ မှတ်သားမှု)

---

၁။ အံ၊ ၂၊ ၃၆၁။

ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် အရှင်ရာဟုလာ လျှောက်ထားတောင်းပန်ချက်အရ "ရူပသညာသည် မြဲသလော၊ မမြဲသလော"စသည်ဖြင့် ဤသညာ(၆)မျိုးကို လက္ခဏာရေး (၃)ပါးဖြင့် စိစစ်ပြတော်မူကာ ထိုသညာများ၌ ငြီးငွေ့သော် တပ်ခြင်းကင်းသော် အရဟတ္တဖိုလ်ရနိုင်ကြောင်း ဟောတော်မူသည်။

## တနည်းသညာ(၆)မျိုး

ဝတ္ထုဘေဒ(မှီရာအပြား)သညာ ၆-မျိုး။ ။မှီရာအပြား ( ဝတ္ထုဘေဒ ) အားဖြင့် သညာ(၆)မျိုးရှိ၏။

(၁) မျက်စိအကြည်ဓာတ်တွင် ထိခိုက်မှုကြောင့်ဖြစ်သော မှတ်သားမှု(စက္ခုသမ္ဖဿဇာသညာ)၊

(၂) နားအကြည်ဓာတ်တွင် ထိခိုက်မှုကြောင့်ဖြစ်သော မှတ်သားမှု (သောတ သမ္ဖဿဇာသညာ)၊

(၃) နှာခေါင်းအကြည်ဓာတ်တွင် ထိခိုက်မှုကြောင့်ဖြစ်သော မှတ်သားမှု(ဃာနသမ္ဖဿဇာသညာ)၊

(၄) လျှာအကြည်ဓာတ်တွင် ထိခိုက်မှုကြောင့်ဖြစ်သော မှတ်သားမှု (ဇိဝှာသမ္ဖဿဇာသညာ)၊

(၅) ကိုယ်အကြည်ဓာတ်တွင် ထိခိုက်မှုကြောင့်ဖြစ်သော မှတ်သားမှု (ကာယသမ္ဖဿဇာသညာ)၊

(၆) မနောအကြည်ဓာတ်တွင် ထိခိုက်မှုကြောင့်ဖြစ်သော မှတ်သားမှု (မနောသမ္ဖဿဇာသညာ)၊

ဤသညာ(၆)မျိုးတို့ကို ဝိဘင်းပါဠိတော်၊ အဘိဓမ္မာဘာဇနီယတွင်[၁] သညာက္ခန္ဓာ၌ အကျုံးဝင်သော သညာများအဖြစ် ဘုရားရှင်ဟောတော်မူသည်။

---

၁၊ အဘိ၊ ဝိ၊ ၂၇။

ဗုဒ္ဓအဘိဓမ္မာ (၁)၁၀—ပ—မ—သ—စ

## သညာ (၇)မျိုး

(၁) မမြဲဟု မှတ်သားမှုသညာ =(အနိစ္စသညာ)၊

(၂) အနှစ်သာရ အတ္တမဟုတ်ဟု မှတ်သားမှုသညာ =(အနတ္တသညာ)၊

(၃) မတင့်တယ်ဟု မှတ်သားမှုသညာ =(အသုဘသညာ)၊

(၄) အပြစ်ကို မှတ်သားမှုသညာ =(အာဒီနဝသညာ)၊

(၅) ပယ်ရန်မှတ်သားမှုသညာ =(ပဟာနသညာ)၊

(၆) တပ်မက်မှုကင်းရန် မှတ်သားမှုသညာ =(ဝိရာဂသညာ)

(၇) ချုပ်ငြိမ်းမှုကို မှတ်သားမှုသညာ =(နိရောဓသညာ)[၁]

ဘုရားရှင် ရာဇဂြိုဟ်ပြည်၊ ဂိဇ္ဈကုဋ်တောင်၌ သီတင်းသုံးတော်မူစဉ် မဆုတ်ယုတ်ကြောင်း (ကြီးပွားကြောင်း)အပရိဟာနိယတရား(၇)ပါးကို ဟောတော်မူရာ—

"ငါ၏ချစ်သား၊ ချစ်သမီးတို့သည် ဖော်ပြပါ သညာ(၇)မျိုးတို့၌ ပွားများနေသမျှ သင်တို့အား ကြီးပွားရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန်ကား မရှိပေ"—

ဟု ဟောတော်မူလေသည်[၂]။

ဖော်ပြပါ သညာ(၇)မျိုးအနက် အာဒီနဝသညာဆိုသည်မှာ အချုပ်အားဖြင့် ခန္ဓာကိုယ်၏ ဆိုးကျိုး ဆိုးပြစ်များကို မှတ်သားသော သညာဖြစ်သည်၊ သုတ္တနိပါတ်အဋ္ဌကထာတွင်[၃] အာဒီနဝသညာကြောင့် အရှင်ပစ္စေကဗုဒ္ဓါဖြစ်ကာ ဂန္ဓမာဒနတောင်၊ နန္ဒမူလိုဏ်သို့ ကြွတော်မူကြောင်း ဖွင့်ဆိုထားပုံကို တွေ့ရသည်။

---

၁။ ဒီ၊၃၊၂၀၉၊

၂။ အံ၊မြန်၊၂၅၂၁။

၃။ သုတ္တနိပါတ်အဋ္ဌကထာ၊ပ၊၇၉။

**ပစ္စေကဗုဒ္ဓါဖြစ်သွားသော ဗာရာဏသီမင်း။** ။ရှေးအခါဗာရာဏသီပြည်၌ ဗာရာဏသီမင်းကြီးတွင် အိုင်းအမာနာခေါ် မြင်းဖုနာပေါက်သဖြင့် မခံသာအောင် နာကျင်ကိုက်ခဲနေ၏၊ ဆေးဆရာသမားတော်ကြီးများက မင်းကြီး၏မြင်းဖုနာကို ခွဲစိပ်ကုသပေးကြကာ ထောပတ်ဆီဦး စသော မသင့်သော အစာများကို မသုံးဆောင်ရန် တားမြစ်လျှောက်ထားခဲ့ကြ၏၊ ဤသို့ဖြင့် မြင်းဖုနာမှာ သက်သာရာရသော်လည်း အစားရှောင်၍ သုံးဆောင်နေရသဖြင့် အာဟာရချို့တဲ့ကာ အားအင်နဲပြီး ခန္ဓာကိုယ် ပိန်ချုံးလာတော့၏၊ မင်းကြီးသည် မိမိ၏အနာ ပျောက်ကင်းနိုင်လောက်ပြီဟု ထင်မှတ်ကာ အားအင်ပြည့်ဖြိုးစေသည့် ထောပတ်၊ ဆီဦး၊ ပျားသကာတို့ကို ပြန်လည်သုံးဆောင်လေ၏၊ ထိုအခါ မြင်းဖုနာမှာ တဖြည်းဖြည်း ပြန်ယင်းလာပြီး မခံသာအောင် ကိုက်ခဲ နာကျင်လျက်ရှိလေသည်၊ သမားတော်ကြီးများသည် ဗာရာဏသီမင်း၏ မြင်းဖုနာကို သုံးကြိမ်တိုင်အောင်ပင် ပြန်လည်ခွဲစိပ်ကုသပေးကြရလေသည်၊ မင်းကြီးသည် ထိုအခါ မိမိခံစားရသည့် ရောဂါဝေဒနာကို အကြောင်းပြု၍—

> ငါ့မှာ ဤခန္ဓာကိုယ်ရလာမှုကြောင့် ဒုက္ခများလှချေ၏၊ ဤခန္ဓာကိုယ်သည် အနာရောဂါများလှစွာ ဖြစ်ပေါ်တတ်၏၊ အပြစ်အနာအဆာတို့ဖြင့် စက်ဆုပ်ရွံရှာဖွယ်ကောင်းလှပေသည်—

အစရှိ နည်းဖြင့် ခန္ဓာကိုယ်ပေါ် အပြစ်ဟူ၍မှတ်သားမှု=(**အာဒီနဝသညာ**) ဖြစ်ပြီး မင်းစည်းစိမ်ကိုစွန့်၍ ရဟန်းပြုကာ ဝိပဿနာတရား ပွားများအားထုတ်လေ၏၊ ခုနစ်နှစ်ကာလ ကြာမြင့်သောအခါ ပစ္စေကဗောဓိဉာဏ်ကို ရပြီး အရှင်ပစ္စေကဗုဒ္ဓါဘုရားငယ်တဆူဖြစ်ကာ ပစ္စေကဗုဒ္ဓါအရှင်တို့၏ သီတင်းသုံးတော်မူရာ ဂန္ဓမာဒနတောင်၊နန္ဒမူလိုဏ်သို့ ကြွတော်မူလေသည်။

## တနည်း

(၁) ဖောက်ကယ်ဟု မှတ်သားမှုသညာ= (အသုဘသညာ)၊

(၂) သေခြင်း၌ မှတ်သားမှုသညာ= (မရဏသညာ)၊

(၃) စားဖွယ်၌ စက်ဆုပ်ဖွယ်ဟု မှတ်သားမှုသညာ = (အာဟာရေပဋိကူလသညာ)၊

(၄) လောကအားလုံး၌ မမွေ့လျော်ဖွယ်ဟု မှတ်သားမှုသညာ= (သဗ္ဗလောကေအနဘိရတိသညာ)၊

(၅) မမြဲဟု မှတ်သားမှုသညာ = (အနိစ္စသညာ)၊

(၆) မမြဲမှု၌ ဆင်းရဲပုံ မှတ်သားမှုသညာ = (အနိစ္စေဒုက္ခသညာ)၊

(၇) ဆင်းရဲခြင်း၌ အစိုးမရ အနတ္တဟု မှတ်သားမှုသညာ = (ဒုက္ခေအနတ္တသညာ)[၁]၊

ကြက်တောင် အကြောထုံးများကို ဖော်ပြပါသည်။ (၇)မျိုးတို့တွင် မီးရှို့သည့် ဥပမာ ကြက်တောင်ကို လည်းကောင်း၊ အကြောထုံးကိုလည်းကောင်း မီးဖြင့် ရှို့အပ်လေသော် တွန့်ရှုတ်ခြင်း၊ ဆုတ်နစ်ခြင်း၊ မပျံ့နှံ့ခြင်းများ ဖြစ်သကဲ့သို့ ထို့အတူ အသုဘသညာ၌ လေ့လာသောစိတ်ဖြင့် ကြိမ်ဖန်များစွာ ပွားများအားထုတ်သော ရဟန်းအား မေထုန်အကျင့်သို့ရောက်ခြင်းမှတွန့်ဆုတ်ခြင်း၊မပျံ့နှံ့ခြင်း၊ လျစ်လျူရှုခြင်း၊ စက်ဆုပ်ရွံရှာခြင်းဖြစ်၏။ ထိုအသုဘသညာကို ကြိမ်ဖန်များစွာ ပွားသော်လည်း မေထုန်နှင့်စပ်၍ စက်ဆုပ်ရွံရှာမှု မရှိခဲ့သော်–

ငါသည် အသုဘသညာ၌ မပွားများရသေး၊ ငါ့အား ယင်းသညာကို မပွားမီရှေ့နှင့် ပွားပြီးနောက် ထူးခြားမှု မရှိပါ၊ ငါသည် ဘာဝနာ၏ အားအစွမ်းသို့ မရောက်သေး–

ဟု သဘောပေါက်နားလည်နိုင်၏၊ ယင်းသညာ၌ ကြိမ်ဖန်များစွာ ပွားသဖြင့် မေထုန်မှု၌ စက်ဆုပ်ခဲ့သော် အသုဘသညာကို ပွားများပြီး ဖြစ်ကြောင်းကို လည်းကောင်း၊ ရှေ့နှင့် နောက် ထူးခြားမှု ရှိကြောင်းကို လည်းကောင်း၊ ဘာဝနာ၏ အားအစွမ်းသို့ ရောက်နေပြီဖြစ်ကြောင်းကို လည်းကောင်း သဘောပေါက် နားလည်နိုင်၏။

---

၁။ အံ၊ မြန်၊ ၂၊၅၄၇။

ထို့အတူ—

— မရဏသညာ၌ အသက်ရှင်ခြင်းကို နှစ်သက်မှု၊

— သဗ္ဗလောကေအနဘိရတိသညာ၌ လောက၏ ဆန်းကြယ်မှု၊

— အာဟာရေပဋိကူလသညာ၌ အရသာကို တပ်မက်မှု၊

— အနိစ္စသညာ၌ လာဘ်ပူဇော်သော အကျော်အစောလိုလားမှု—

တို့၌ မစက်ဆုပ်မရွံရှာခဲ့သော် ဆိုခဲ့သည့်သညာတို့၌ မပွားများရသေးကြောင်းကို လည်းကောင်း၊ ရှေးနောက် ထူးခြားမှု မရှိကြောင်းကို လည်းကောင်း၊ ဘာဝနာ၏ အားအစွမ်းသို့ မရောက်သေးကြောင်းကို လည်းကောင်း သဘောပေါက် သိရှိနိုင်၏၊ အကယ်၍ စက်ဆုပ်ခြင်းရှိခဲ့သော် ဆိုင်ရာ သညာအသီးသီးတို့၌ "ဘာဝနာ၏ အားအစွမ်း အသီးသီးသို့ရောက်ပြီ" ဟု သိနိုင်လေသည်။

သန်လျက် မြှောက်ချီသည့် ဥပမာ။ ။အနိစ္စေ ဒုက္ခသညာ၌ သန်လျက်မြှောက်ချီသော လူသတ်သမား၌ ပြင်းထန်အားကြီးသော ဘေးဟူသော သညာသည် ရှေးရှုတည်သကဲ့သို့ ဘေးဟူသော သညာသည်အကယ်၍တည်ခဲ့မှုအနိစ္စေဒုက္ခသညာကို အားထုတ်ပွားများသောသူအား ပျင်းရိမှု, ပေါ့ဆမှု, မရဲရင့်မှု, မေ့လျော့မှု, အားမထုတ်မှု မဆင်ခြင်မှုတို့ ပြင်းထန်အားကြီးသော ဘေးဟူသော သညာတည်သောအခါ 'ဘာဝနာ၏ အားအစွမ်းသို့ရောက်ပြီ' ဟု သိနိုင်၏။

ထို့အတူ ဒုက္ခေအနတ္တသညာကို ပွားများအားထုတ်သောအခါ ဝိညာဉ်ဆိုသော ကိုယ်ခန္ဓာ၌လည်းကောင်း၊ အပဖြစ်သော အလုံးစုံသော အာရုံတို့၌လည်းကောင်း ငါဟူသော အခြင်းအရာဖြင့် စွဲလမ်းမှုဒိဋ္ဌိ၊ ငါ၏ ဥစ္စာဟူသော စွဲလမ်းမှုတဏှာနှင့် ထောင်လွှားမှု မာနကင်းသောစိတ်သည် မာနသုံးပါးကို ကောင်းစွာလွန်မြောက်ခြင်းဖြစ်ခဲ့မှု 'ဘာဝနာအားအစွမ်းသို့ ရောက်ပြီ' ဟု သိနိုင်လေသည်။

ဤသို့လျှင် ဆိုခဲ့သည့်သညာ (၇) ပါးကို ပွားများခြင်း၊ ကြိမ်ဖန်များစွာ လေ့လာခြင်းအားဖြင့် အကျိုးအာနိသင် ကြီးမားပုံ၊ နိဗ္ဗာန်လျှင် တည်ရာရှိပုံ၊ နိဗ္ဗာန်လျှင် အဆုံးရှိပုံတို့ကို ဘုရားရှင် ဟောတော်မူသည်[၁]။

**အာဟာရေပဋိကူလသညာ။** ။ဆိုခဲ့သည့်သညာ (၇) မျိုးအနက် အာဟာရေပဋိကူလ သညာမှာ စားသောက်ဖွယ် အစာအာဟာရ ဟူသမျှကို 'စက်ဆုပ်ရွံရှာဖွယ်ရာ' ဟု မှတ်ထင်လာအောင် ဆင်ခြင်မှုကို 'အာဟာရေ ပဋိကူလ သညာ' ဟု ခေါ်၏၊ ထိုကဲ့သို့ ပဋိကူလသညာ ဖြစ်ပေါ်လာအောင် ဆင်ခြင်ရာ၌ နည်း (၁၀)မျိုး ရှိ၏[၂]။ ထို (၁၀)မျိုးမှာ–

(၁) အာဟာရကိုရနိုင်ရာအရပ်သို့ အရောက်သွားရခြင်း (ဂမန)၊
(၂) ရှာဖွေရခြင်း (ပေသန)၊
(၃) စားသောက် သုံးဆောင်ရခြင်း (ဘောဂ)၊
(၄) သလိပ်, သည်းခြေ, သွေး, ပြည် ဟူသော အာသယ ၄-ပါး (အာသယ)၊
(၅) စုဝေးတည်ရာ အစာသစ်အိမ် (နိဓာန)၊
(၆) မကြေမကျက်ခင် (အပက္က)၊
(၇) ကြေကျက်ပြီး (ပက္က)၊
(၈) အကျိုးရင်း (ဖလ)၊
(၉) အကျိုးဆက်(နိဿန္ဒ)၊
(၁၀) အလူးလူး အလဲလဲဖြစ်ပုံ (မက္ခန)၊

ဤဆင်ခြင်နည်း(၁၀)မျိုးတို့ဖြင့် စက်ဆုပ်ရွံရှာဖွယ်၏ အဖြစ်ကို မျိုအပ် စားအပ်, သောက်အပ်, လျက်အပ်သပျှသော ဆွမ်း, ခဲဖွယ်, ဘောဇဉ် စသောအာဟာရ၌ ရှုဆင်ခြင်ရပါမည်။

---

၁။ အံ၊ မြန်၊ ၂။၅၄၇၊၄၈၊၄၉။
၂။ ဝိသုဒ္ဓိ၊ပ၊၃၃၆။

အကျိုးဆက်(နိဿန္ဒ)အားဖြင့် ဆင်ခြင်ခြင်း။ ။ဆင်ခြင်းနည်း (၁၀) မျိုးအနက် အထူးထင်ရှားသိလွယ်သည့် အကျိုးဆက်(နိဿန္ဒ)အားဖြင့် ဆင်ခြင်ပုံကို သိသာရုံ ဖော်ပြပါမည်။

မှန်မြတ်လှတဲ့ ခဲဖွယ်, ဘောဇဉ်သည် တပေါက်သောဒွါရဖြင့် ကိုယ်တွင်းသို့ဝင်ပြီး ဒွါရကိုးဖြာတို့မှ ယိုစီးခဲ့၏၊ ထိုဘောဇဉ်ကို အခြံအရံများနှင့်အတူ သုံးဆောင်စားသောက်ကြ၏၊ စွန့်ပစ်ကြသောအခါ မိမိကိုယ်ကို မမြင်ရအောင် ပုံးအောင်း စွန့်ပစ်ကြရလေသည်၊ထိုဘောဇဉ်ကို ရသတဏှာဖြင့် လွန်စွာတပ်မက် သုံးဆောင်ကြ၏၊စွန့်ပစ်သောအခါ ရွံ့ရှာဝက်ဆုပ်ဖွယ် ကောင်းလှပေသည်၊ထိုဘောဇဉ်သည် တညဥ့်မျှကိုယ်တွင်း၌ အောင်းကာမျှဖြင့် ရွံဖွယ် စက်ဆုပ်ဖွယ်အတိဖြစ်လေ၏-

ဟူ၍ ဆင်ခြင်ရသည်[၁]။

ခန္ဓာကိုယ်၌ ပုဂ္ဂိုလ်, သတ္တဝါ,ငါ, သူတပါး,ယောကျ်ား, မိန်းမဟူသော အမှတ်သညာ ကင်းပျောက်၍ ခတ်လေးပါး အစုအဝေး မျှသာထင်မြင်လာအောင်လည်း ဆင်ခြင်ရပေသည်။

## သညာ '၁၀' မျိုး

(၁) မတင့်တယ်ဟု မှတ်သားမှုသညာ (အသုဘသညာ)၊
(၂) သေခြင်း၌မှတ်သားမှုသညာ (မရဏသညာ)၊
(၃) စားဖွယ်၌ စက်ဆုပ်ဖွယ်ဟု မှတ်သားမှုသညာ (အာဟာရေပဋိကူလသညာ)၊
(၄) လောကသုံးပါး၌ မမွေ့လျော်ဖွယ်ဟု မှတ်သားမှုသညာ (သဗ္ဗလောကေအနဘိရတိသညာ)၊
(၅) မမြဲဟုမှတ်သားမှုသညာ (အနိစ္စသညာ)၊

၁။ ဝိသုဒ္ဓိ၊ပ၊၃၄၀။

(၆) မမြဲမှု၌ ဆင်းရဲဟုမှတ်သားမှုသညာ (အနိစ္စေဒုက္ခသညာ)၊

(၇) ဆင်းရဲခြင်း၌ အစိုးမရ အနတ္တဟုမှတ်သားမှုသညာ (ဒုက္ခေ-အနတ္တသညာ)၊

(၈) ပယ်ရန်မှတ်သားမှုသညာ (ပဟာနသညာ)၊

(၉) တပ်မက်မှုကင်းရန် မှတ်သားမှုသညာ (ဝိရာဂသညာ)[၁]

(၁၀) ဆိုခဲ့သည့်သညာ (၉)ပါးတွင် နိရောဓသညာ (ချုပ်ငြိမ်းခြင်းကို မှတ်သားမှု) သညာတပါးကိုထည့်၍ သညာ(၁၀)မျိုးဖြစ်သည်[၂]။

**အရှင်ဝင်္ဂီသ ပဟာနသညာဖြစ်ပုံ။** ။ဖော်ပြပါ သညာများအနက်ပဟာနသညာဆိုသည်မှာ ဖြစ်ပေါ်လာသော မကောင်းမှုအကုသိုလ်တရားများကို ပယ်စွန့်ခြင်း၌ မှတ်သားသောသညာဖြစ်သည်၊ မိမိသန္တာန်သို့ မကောင်းမှုအကုသိုလ်တရားများ ဝင်လာသည့်အခါ လက်ခံထားခြင်းမပြုပဲ တဒင်္ဂပဟာန်စသည်ဖြင့် ပယ်စွန့်ခြင်း၌ မှတ်သားသောသညာကို ပဟာနသညာဟုခေါ်သည်။

ဝင်္ဂီသသံယုတ်ပါဠိတော်တွင် အရှင်ဝင်္ဂီသ ပဟာနသညာဖြစ်ပေါ်လာပုံမှာ အတုယူလိုက်နာဖွယ်ရာ ကောင်းလှပေသည်၊ ထိုအချိန်က အရှင်ဝင်္ဂီသမှာ ရဟန်းဘောင်သို့ ရောက်လာစ ရဟန်းငယ်ဦးပဉ္စင်းငယ်သာရှိသေး၏၊ ဥပဇ္ဈာယ်ဆရာဖြစ်သော အာဠဝိပြည်၊အဂ္ဂါဠဝစေတီကျောင်းဆရာတော် အရှင်နိဂြောဓကပ္ပထံတော်၌ သိတင်းသုံးနေထိုင်ရ၏၊ တနေ့တွင်ဥပဇ္ဈာယ်ဆရာတော် မရှိခိုက် တပါးတည်း ကျောင်းစောင့်နေစဉ် အမျိုးသမီးတစု ကျောင်းလှည့်လည်ကြည့်ရှုရန်ရောက်လာကြ၏၊ ထိုအခါ အရှင်ဝင်္ဂီသသည်၊ အမျိုးသမီးတို့ ရုပါရုံအဆင်းအလှကိုတွေ့မြင်ရသဖြင့် သာသနာတော်၌ မမွေ့လျော်ပဲဖြစ်လာ၏၊ ရဟန်းဖြစ်စအရှင်ဝင်္ဂီသကို

---

၁။ ဒီ၊၃၊၂၅၄။

၂။ ဒီ၊ ၃၊ ၂၅၉။

တပ်မက်ခြင်းရာဂသည် နှိပ်စက်ဖျက်ဆီးလေပြီ၊ ထိုအခါ အရှင်ဝင်္ဂီသသည် မိမိ၏ ရဟန်းဘဝ အရ မတော်ဖြစ်ရသည့်ဘေးကို တွေးမိပြီး မိမိစိတ်၌ဖြစ်ပေါ်လာသည့် အကုသိုလ်ရာဂကို 'တွန်းလှန်တော့အံ့'ဟု အကြံဖြစ်ကာ ဝိပဿနာတရားစမှဖြင့် ထိုရာဂကို ပယ်ဖျောက်၏၊ အရှင်ဝင်္ဂီသသည် ထိုကဲ့သို့ အကုသိုလ်ရာဂကို ပယ်ဖျောက်ခြင်း၌ အမှတ်သညာကို ဖြစ်စေပြီး အောက်ပါအတိုင်း ထုတ်ဖော်ကျူးရင့်လေသည်။

– "လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်၍ ငြိမ်သက်နေသော ငါ့ကို ကာမဝိတက်တို့သည် ပြေးဝင်လာကုန်ပြီတကား၊ ဤခက်ထန်ကြမ်းကြုတ်မှုတို့သည် ပြေးဝင်လာကုန်ပြီတကား၊ ဤခက်ထန်ကြမ်းကြုတ်မှုတို့သည် မည်းနက်သော ပာရီ၏ အသင်းအပင်းမှ ပြေးဝင်လာကုန်ပြီတကား။

– သင်ပြီးသော လေးအတတ်ရှိကုန်သော ခိုင်ခန့်သောလေးကို စွဲကိုင်ကုန်သော လေးသမားကြီးများဖြစ်ကုန်သော မပြေးတတ်ကုန်သော တထောင်မျှသော ထင်ရှားသောမင်းသားတို့သည် ထက်ဝန်းကျင်မှ ဝိုင်းအုံပစ်ကြကုန်ရာ၏။

– ဤလေးသည်တော် တယောင်အလွန်ရှိကုန်သော (ရှုပါရုံစသော မြားငါးစင်းတို့ကို တပြိုင်နက်ပစ်ခြင်းငှာ စွမ်းနိုင်ကုန်သော)မိန်းမတို့သည် အကယ်၍ လာကုန်လတ္တံ့ (ဤသို့လာကုန်သော်လည်း)မိမိတရား၌တည်နေသောငါ့ကို တုန်လှုပ်ခြင်းငှာ မစွမ်းနိုင်ကုန်လတ္တံ့။

– ထိုစကားမှန်၏၊ ငါသည် နိဗ္ဗာန်ကို ရကြောင်း၊ ဝိပဿနာကို နေမင်း၏ အဆွေဖြစ်တော်မူသော မြတ်စွာဘုရား၏ (မျက်မှောက်တော်မှ) ဤသို့ကြားနာဖူး၏၊ နိဗ္ဗာန်ကို ရကြောင်းဖြစ်သော ဝိပဿနာ၌ ငါ၏စိတ်သည် မွေ့လျော်ခြင်းရှိ၏။

– ဟယ်...ကိလေသာယုတ်၊ ဤသို့ နေသော ငါ့ကို အကယ်၍ ကပ်လာငြားအံ့၊ ဤသို့ကပ်လာသည်ရှိသော်၊ ဟယ်....သေစေတတ်သော ကိလေသာယုတ်၊ အကြင်အခြင်းအရာအားဖြင့် ပြုသည်ရှိသော် ငါ၏ သွားရာလမ်းကို မမြင်ရလတ္တံ့၊ ထိုအခြင်းအရာအားဖြင့် ငါပြုလတ္တံ့”–

ဟူ၍ ကျူးရင့်လေသည်၊ဤသို့ တဒင်္ဂပဟာန် စသည်ဖြင့် အကုသိုလ်ကို ပယ်ခြင်း၌ မှတ်သားသော သညာကို ပဟာနသညာဟု ခေါ်သည်[၁]။

တနည်း

(၁) မမြဲဟု မှတ်သားမှုသညာ (အနိစ္စသညာ)၊

(၂) အနှစ်သာရ အတ္တမဟုတ်ဟု မှတ်သားမှုသညာ (အနတ္တသညာ)၊

(၄) မတင့်တယ်ဟု မှတ်သားမှုသညာ၊ (အသုဘသညာ)၊

(၄) အပြစ်ကို မှတ်သားမှုသညာ (အာဒီနဝသညာ)၊

(၅) ပယ်ရန်မှတ်သားမှုသညာ (ပဟာနသညာ)၊

(၆) တပ်မက်မှုကင်းရန် မှတ်သားမှုသညာ (ဝိရာဂသညာ)၊

(၇) ချုပ်ငြိမ်းမှုကို မှတ်သားမှုသညာ (နိရောဓသညာ)၊

(၈) လောကသုံးပါး၌ မမွေ့လျော်ဖွယ်ဟု မှတ်သားမှုသညာ (သဗ္ဗလောကေအနဘိရတိသညာ)၊

(၉) သင်္ခါရအားလုံး၌ အလိုမရှိအပ်ဟူသော အမှတ်သညာ (သဗ္ဗသင်္ခါရေသုအနိစ္စာသညာ)၊

(၁၀) ထွက်သက် ဝင်သက်ကို အာရုံပြု၍ အောက်မေ့ခြင်းသညာ (အာနာပါနဿတိသညာ)

---

၁။ သံ၊၁၊၁၇၇။ မြန်၊၁၇၅။

**ဂိရိမာနန္ဒထေရ်၏ရောဂါကို သညာဖြင့် ကုသပေးပုံ** ဘုရားရှင်လက်ထက်တော်က အရှင်ဂိရိမာနန္ဒထေရ် အသဲအသနီးမာမကျန်း ဖြစ်နေ၏၊ထိုအကြောင်းကို အရှင်အာနန္ဒာမထေရ်မြတ်က ဘုရားရှင်အား လျှောက်ထား၏၊ ဘုရားရှင်က–

"ချစ်သား....အာနန္ဒာ...၊ ဂိရိမာနန္ဒရဟန်းတော်သည် ဆိုခဲ့သည့် သညာ(၁၀)မျိုးကို ပွားများအားထုတ်ပါက ပျောက်ကင်းချမ်းသာပါလိမ့်မည်" ဟု မိန့်တော်မူ၏၊ ထိုအခါ အရှင်အာနန္ဒာထေရ်သည် ဖော်ပြပါ သညာ(၁၀)မျိုးတို့ကို ဘုရားရှင်ထံမှ သင်ယူပြီး ဂိရိမာနန္ဒထေရ်အား ဟောတော်မူ၏၊ ဂိရိမာနန္ဒထေရ်သည် အရှင်အာနန္ဒာဟောတော်မူသည့်အတိုင်း ဖော်ပြပါ သညာ (၁၀) မျိုးကို အနိစ္စသညာမှစ၍–

"ရူပံ=ဖောက်ပြန်တတ်သော ရုပ်သည်။ အနိစ္စံ=အမြဲမရှိ။
ဝေဒနာ=ခံစားမှုဝေဒနာသည်။ အနိစ္စာ=အမြဲမရှိ။
သညာ = မှတ်သားမှုသညာသည်။ အနိစ္စာ = အမြဲမရှိ

စသည်ဖြင့် ပွားများတော်မူရာ အရှင်ဂိရိမာနန္ဒ၏ ရောဂါမှာ တခဏချင်း ပျောက်ကင်းချမ်းသာလေတော့သည်။[၁]

**အနိစ္စသညာပွားခြင်းကြောင့် ရအပ်သော အကျိုး ၆-မျိုး** ဖော်ပြပါ သညာများအနက် အနိစ္စသညာကို ပွားခြင်းကြောင့် ၆-မျိုးသော အာနိသင် များကို ရနိုင်ကြောင်း အင်္ဂုတ္တိုရ်ပါဠိတော်[၂]တွင် တွေ့ရသည်၊ ယင်းမှာ–

(၁) သင်္ခါရတရားတို့ကို အပိုင်းအခြားမရှိ ထင်မြင်လာနိုင်ခြင်း၊
(၂) သင်္ခါရလောကကို မမွေ့မလျော်ဖွယ်ဟု ထင်မြင်လာနိုင်ခြင်း၊
(၃) အလုံးစုံသော သင်္ခါရဒုက္ခမှ လွန်မြောက်နိုင်ခြင်း၊
(၄) နိဗ္ဗာန်သို့ ညွတ်ကိုင်းသောစိတ် ဖြစ်ပေါ်လာနိုင်ခြင်း၊

---

၁။ အံ၊၃၊၄၅၂။ ၂။ အံ၊၂၊၃၈၅။

(၅) လောဘ, ဒေါသ စသည့် သံယောဇဉ် တရားများကို ပယ်ဖျောက်နိုင်ခြင်း၊

(၆) လောဘ, ဒေါသ စသည့် ကိလေသာမီးများ ငြိမ်းအေးခြင်းနှင့် ပြည့်စုံနိုင်ခြင်း—

ဟူ၍ ၆-ပါးသော အကျိုးကို ရရှိနိုင်သည်၊ အနိစ္စသညာကို ပွားများကြရန် ဘုရားရှင်ကိုယ်တိုင် တိုက်တွန်းတော်မူခဲ့သည်၊ အနတ္တသညာအကျိုးကို အင်္ဂုတ္တိုရ်ပါဠိတော်တွင် ရှုပါ[၁]။

## အရှင်အာနန္ဒာ၏ တပည့် အရှင်ဝင်္ဂီသ အသုဘသညာဖြစ်ပုံ

ဘုရားရှင်လက်ထက်တော်က ရဟန်းငယ် အရှင် ဝင်္ဂီသ သည် အရှင်အာနန္ဒာမထေရ်မြတ်၏ တပည့်တဦးဖြစ်သည်၊ သာသနာတော်တွင် ထင်ရှားလှသည့် အရှင်အာနန္ဒာမထေရ်မြတ်အား လူမျိုးပေါင်းစုံက ကြည်ညိုမြတ်နိုးကြသဖြင့် ပင့်ဖိတ်ကြသောအခါ အရှင်ဝင်္ဂီသသည် မထေရ်မြတ်၏ နောက်ကော်ပါအဖြစ် အမြဲပင်လိုက်ပါရလေသည်၊ မထေရ်မြတ်ကြွလာသည့်အခါတွင် လူအများ တရားနာလာရောက်ကြပြီး မရှင်းလင်းသည့် ဓမ္မသဘောများကို မေးမြန်းကြ၏၊ အမျိုးသမီးများကလည်း အရှင်မြတ်၏ အနီးအနား ချဉ်းကပ်ကြကာ ယပ်လေခပ်ခြင်း စသည်ဖြင့် ရှိခိုးကြည်ညိုကြ၏၊ ထိုရဟန်းငယ်အရှင်ဝင်္ဂီသသည် အမျိုးသမီးတို့၏ ရုပ်ရုံအဆင်းအလှကို အနီးကပ်တွေ့မြင်ရလေရာ ရာဂမီးတောက်လောင်လေ၏၊ အရှင်ဝင်္ဂီသသည် မြင့်မြတ်သော ရဟန်းဘဝ၏ ပစ္စုပ္ပန် သံသရာနှစ်ဖြာသောအကျိုးစီးပွားကို တွေးမိကာ ထိုရာဂကို ပယ်ဖျောက်ရန် စဉ်းစားမိ၏၊ သို့ရာတွင် မည်သို့မည်ပုံ ပယ်ဖျောက်ရမည်ကို နည်းလမ်းရှာမရပဲ ဖြစ်နေ၏၊ ထို့ကြောင့် အရှင်ဝင်္ဂီသသည် မထေရ်မြတ် အရှင်အာနန္ဒာအား ဖွင့်ဟ၍ လျှောက်ထားရလေသည်။ ထိုအခါ အရှင်အာနန္ဒာမထေရ်မြတ်က—

---

၁။ အံ၊ ၂၊ ၃၇၆။

ငါ့ရှင်-သင်ကား အမှတ်သညာ မှားနေပါပကော၊ မာတုဂါမတို့၏ မတင့်မတယ် စက်ဆုပ်ဖွယ်သော ရုပ်အဆင်းကို တင့်တယ်လှပသည်ဟု အမှတ်မှား နေမှုကြောင့် ကာမရာဂစီး ေတာက်လောင်မှုကို ခံရပါလေသည်၊ ထိုရာဂကို အသုဘသညာဖြင့် မတင့်မတယ် စက်ဆုပ်ဖွယ်ဟု နှလုံးသွင်း ရှုမှတ်ပါလေ၊ ထိုကဲ့သို့ ရှုမှတ်လျှင် ရာဂမီး ငြိမ်းအေးပါလိမ့်မည်" –

ဟု မိန့်တော်မူ၏၊ ဤသို့ဖြင့် ရဟန်းငယ် အရှင်ဝင်္ဂီသသည် အသုဘသညာဖြင့် ဖြစ်ပေါ်လာသည့် ကာမရာဂကို ငြိမ်းစေခဲ့ရလေသည်[၁]။

သညာ-၁၁-မျိုး

(၁) ဖြစ်ပြီးမှတ်သားမှု (အတီတသညာ)၊
(၂) ဖြစ်လတ္တံ့မှတ်သားမှု (အနာဂတသညာ)၊
(၃) ဖြစ်ဆဲမှတ်သားမှု (ပစ္စုပ္ပန္နသညာ)၊
(၄) အတွင်းသန္တာန်၌ ဖြစ်သောမှတ်သားမှု (အဇ္ဈတ္တသညာ)၊
(၅) အပသန္တာန်၌ဖြစ်သောမှတ်သားမှု (ဗဟိဒ္ဓသညာ)၊
(၆) ကြမ်းတမ်းသော မှတ်သားမှု (ဩဠာရိကသညာ)၊
(၇) နူးညံ့သောမှတ်သားမှု (သုခုမသညာ)၊
(၈) ယုတ်ညံ့သောမှတ်သားမှု (ဟီနသညာ)၊
(၉) မြင့်မြတ်သောမှတ်သားမှု (ပဏီတသညာ)၊
(၁၀) ဝေးသောမှတ်သားမှု (ဒူရေသညာ)၊
(၁၁) နီးသောမှတ်သားမှု (သန္တိကေသညာ)[၂]၊

ဤသညာ ၁၁-မျိုးကို ဝိဘင်းပါဠိတော် သုတ္တန္တဘာဇနီယတွင် ဘုရားရှင် ဟောတော်မူသည်၊ယင်းသညာ (၁၁)မျိုးကို စုပေါင်း၍ သညာက္ခန္ဓာ သညာအစုဟု ခေါ်ဆိုကြောင်း ဟောတော်မူသည်။

---

၁။ သံ၊၁၊၁၈၉။ သံ၊၄၊၁၊၂၄၈။
၂။ အဘိ၊ဝိ၊၅။

## သညာ ၁၂-မျိုး

(၁) ကာမဂုဏ်၌ မှတ်သားမှုသညာ (ကာမသညာ)၊
(၂) ပျက်စီးစေရန် မှတ်သားမှုသညာ (ဗျာပါဒသညာ)၊
(၃) ညှဉ်းဆဲရန် မှတ်သားမှုသညာ (ဝိဟိံသသညာ)၊
(၄) ထွက်မြောက်ရန် မှတ်သားမှုသညာ (နေက္ခမ္မသညာ)၊
(၅) ပျက်စီးစေရန် မှတ်သားမှုသညာ (အဗျာပါဒသညာ)၊
(၆) မညှဉ်းဆဲရန် မှတ်သားမှုသညာ (အဝိဟိံသသညာ)၊
(၇) အဆင်း၌ မှတ်သားမှုသညာ (ရူပသညာ)၊
(၈) အသံ၌ မှတ်သားမှုသညာ (သဒ္ဒသညာ)၊
(၉) အနံ့၌ မှတ်သားမှုသညာ (ဂန္ဓသညာ)၊
(၁၀) အရသာ၌ မှတ်သားမှုသညာ (ရသသညာ)၊
(၁၁) အတွေ့၌ မှတ်သားမှုသညာ (ဖောဋ္ဌဗ္ဗသညာ)၊
(၁၂) သဘောတရား၌ မှတ်သားမှုသညာ (ဓမ္မသညာ)၊

ဖော်ပြပါ သညာ(၁၂)ပါးတို့ကို မဟာနိဒ္ဒေသပါဠိတော်တွင်[၁] ပရိညာ (၃)ပါးဖြင့် ပိုင်းခြား၍ ဘုရားရှင်ဟောတော်မူသည်။

### သညာအကြောင်း အခြားသိကောင်းစရာများ

သညာ, ဝိညာဏ်, ပညာအဆုံးအဖြတ်။ ။သာသနဝိသောဓနီကျမ်း ဒုတိယတွဲ၌ သညာ, ဝိညာဏ်, ပညာတို့ ခြားနားပုံ အဆုံးအဖြတ်ကို တွေ့ရ၏။ တချိန်က ခြောင်းမြမြို့၊ နယ်ပိုင်ဝန်ထောက် ဦးရွှေစံအောင်က လျှောက်ထား သဖြင့် လယ်တီဆရာတော်ဘုရားကြီး ဖြေဆိုတော်မူသော အဆုံး

---
၁။ မဟာနိဒ္ဒေသပါဠိ၊၄၃။

အဖြတ်ဖြစ်သည်၊ ဤအဆုံးအဖြတ်ကိုထောက်၍ ထိုခေတ်က လူဒါယကာတို့ အဘိဓမ္မာလေ့လာလိုက်စားကြသည်ကိုလည်းကောင်း၊ ထိုသူတို့၏အဘိဓမ္မာ ဉာဏ်အတိမ်အနက်ကိုလည်းကောင်း၊ အဘိဓမ္မာသာသနာပြန့်ပွားခဲ့သည်ကို လည်းကောင်း မှန်းဆသိရသည့်ပြင် ဗဟုသုတဖြစ်ဖွယ်၊ စိတ်ဝင်စားဖွယ်၊ မှတ်သားဖွယ်လည်း ကောင်းလှသဖြင့် ဤ၌ မူရင်းအတိုင်း ဖော်ပြအပ်ပါသည်။

သညာ, ဝိညာဏ်, ပညာသုံးပါးတို့၏ အထူးကိုပြဆိုသော အဋ္ဌကထာဋီကာများ၌ ဉာဏ်သဘောမကြေမလည်ရှိရာကို ထုတ်ဆိုလျှောက်ထားချက်မှာ—

၁။ သညာ၊

၂။ ဝိညာဏ်၊

၃။ ပညာ၊

ဤအမည်သုံးပါးတို့သည် သိခြင်းအနက်ကိုဟောသော ဉာ-ဓာတ်ဖြင့်ပြီးကြကုန်၏၊ သံ, ဝိ,ပဟူသော ဥပသာရပုဒ်အတွက်သာ ထူးကြကုန်၏။ ထိုသုံးပါးတို့တွင်—

သညာ၌ သံသဒ္ဒါသည် = သင္ဂအနက်ကိုဟော၏၊ ကောင်းကောင်းသိခြင်းကို ဆိုလို၏၊ ကောင်းကောင်း သိခြင်းဆိုသည်မှာလည်း မမေ့မပျောက်သည့်ကို ဆိုလိုသည်၊ မှတ်မိသည်ကိုဆိုလိုသည်၊ ထိုသညာသည်သာ အားနည်းခဲ့သော် ခဏမျှသာမှတ်မိ၏၊ မကြာမီမေ့ပျောက်၏၊ အတန်အားရှိခဲ့သော် အတန်ကြာမှတ်မိ၏၊ အတန်ကြာလျှင် မေ့ပျောက်၏၊ အလွန်အားရှိခဲ့သော် အလွန်ကြာမြင့်စွာ ပှတ်မိ၏။

ဝိညာဏ်၌ ဝိသဒ္ဒါသည် = ဝိဝိဓအနက်ကိုဟော၏၊ ထွေထွေလာလာ သိခြင်းကိုဆိုလို၏၊ ထွေထွေလာလာသိခြင်းဆိုသည်မှာလည်း—

၁။ မျက်စိမြင်ပှု

၂။ နားကြားပှု

၃။ နှာခေါင်းနံမှု၊

၄။ လျှာ၏သိမှု၊

၅။ ကိုယ်အင်္ဂါတို့၏ အတွေ့အထိကို သိမှု၊

၆။ စိတ်မနော၏ အတွေးအကြံကို သိမှု၊

၇။ ဟုတ်သည်မှန်သည်ကို ဟုတ်မှန်တိုင်းသိမှု၊

၈။ ဟုတ်သည်မှန်သည်ကို မဟုတ်မမှန်သိမှု၊

၉။ မဟုတ်မမှန်သည်ကို မဟုတ်မမှန်သိမှု၊

၁၀။ မဟုတ်မမှန်သည်ကို ဟုတ်မှန်သည်ဟု သိမှု–

စသည်တို့ကို ဆိုလိုသည်။

ထိုစကား၌ ဟုတ်သည်မှန်သည်ကို ဟုတ်မှန်တိုင်းသိမှုဆိုသည်ကား နေ့အခါ၌ တုံးကိုတုံးမှန်းသိမှု၊ တိုင်ကိုတိုင်မှန်းသိမှုစသည်တည်း။ ဟုတ်သည်မှန်သည်ကို မဟုတ်မမှန်သိမှုဆိုသည်ကား ညဥ့်မှောင်တွင်း၌ တုံး,တိုင်ကိုပင် ဓားပြဟုသိမှုစသည်တည်း။

ထို့အတူ မျက်စိမလည်သူမှာ အရှေ့ကို အရှေ့ဟု, အနောက်ကို အနောက်ဟု သိမှုစသည်တည်း။ မျက်စိလည်သူမှာ အရှေ့ကိုအနောက်ဟု, အနောက်ကိုအရှေ့ဟုသိမှု၊ လူကောင်းတို့မှာ မီးကိုမီးဟု၊ ရွှေကိုရွှေဟုသိမှု၊ လူရူးတို့မှာ မီးကိုရွှေဟု, ရွှေကိုမီးဟုသိမှု စသည်တည်း။

ပညာ၃၌ ပသဒ္ဒါသည် = ပကာရအနက်ကို ဟော၏၊ အထူးအပြား သိခြင်းကိုဆိုလို၏၊ အထူးအပြားသိခြင်းဆိုသည်မှာလည်း သညာ၏သိခြင်း ဝိညာဏ်၏သိခြင်းတို့သည် ခပ်သိမ်းသောသတ္တဝါတို့၏ ပကတိအရိုးသိ အစဉ်သိဖြစ်ကြကုန်၏၊ ထိုအသိနှစ်မျိုးတို့ကိုလွန်၍ ခက်ခဲနက်နဲသော

အရေးအခွင့်တို့၌ အမှန်အကန်သိခြင်းကို အထူးအပြားသိခြင်းဆိုသည်။ ဤသိခြင်းကို သညာသိ, ဝိညာဏ်သိတို့က ရှီးမွမ်းအံ့သြကြရ၏၊ သညာ သိခြင်းသည်လည်း—

၁။ မိရိုးဖလာနှင့်ပြီးသောသညာသိ၊

၂။ ပိဋကတ်ကျမ်းဂန်ရှိတိုင်းကို သင်ကြားအားထုတ်သဖြင့် ပိဋကတ်ကျမ်းဂန်ရှိသည့်အတိုင်းကို အစေ့အစပ် မှတ်မိသဖြင့် ပြီးသောသညာသိ—

ဟူ၍နှစ်မျိုးရှိ၏။

ထိုသင်ကြားအားထုတ်သဖြင့် ပိဋကသုံးပုံကို အကုန်အစင်တတ်သော်လည်း သဘောဘက်ကို ပေါက်ရောက်အောင် မကြံမစည်နိုင်မူ၍ ကျမ်းဂန်ရှိတိုင်း ပြောတတ် ဟောဘတ်ရုံမျှသာ တတ်ခဲ့သော် သညာတတ်သညာသိပင်ဖြစ်၏၊ ထိုသုံးမျိုးတို့တွင်—

ဝိညာဏ်ပညာဟူသည် မိမိ၏အရေးတို့၌ မိမိတို့နှင့် ဆိုက်တိုက်လာသမျှ အာရုံတို့ကို ဖော်ပြတတ်ကြကုန်၏၊ မှတ်မိအောင်ကား မပြုတတ်ကြကုန်။

၁။ စက္ခုဝိညာဏ်သည် စက္ခုဒွါရတို့၌ ဆိုက်တိုက်လာသမျှသော ရူပါရုံတို့ကို မြင်မှုနှင့်ဖော်ပြ၏။

၂။ သောတဝိညာဏ်သည် သောတဒွါရတို့၌ ဆိုက်တိုက်လာသမျှ သော သဒ္ဒါရုံတို့ကို ကြားမှုနှင့်ဖော်ပြ၏။

၃။ ဃာနဝိညာဏ်သည် ဃာနဒွါရ၌ ဆိုက်တိုက်လာသမျှသော ဂန္ဓာရုံတို့ကို နံမှုနှင့်ဖော်ပြ၏။

၄။ ဇိဝှါဝိညာဏ်သည် ဇိဝှါဒွါရတို့၌ ဆိုက်တိုက်လာသမျှသော ရသာရုံတို့ကိုလျက်မှုနှင့် ဖော်ပြ၏။

၅။ ကာယဝိညာဏ်သည် ကိုယ်အင်္ဂါတို့၌ ဆိုက်တိုက်လာသမျှ သော ဖောဋ္ဌဗ္ဗာရုံတို့ကို ထိမှုသိမှုနှင့်ဖော်ပြ၏။

၆။ မနောဝိညာဏ်သည် ဘဝင်ဟူသော မနောဒွါရ၌ ဆိုက်တိုက် လာသမျှသော ဓမ္မာရုံတို့ကို ကြံမှုသိမှုနှင့်ဖော်ပြ၏။

(ဝိညာဏ်ခြောက်ပါးတို့က ဖော်ပြသမျှဘို့ကို သညာကအမှတ် ပြု၏)

ပညာသည်လည်း–မိမိအရာ၌ ဆိုက်တိုက်လာသမျှတို့ကို ဖြောင့်မှန်စွာ ဖော်ပြ၏။ ပညာဖော်ပြသမျှတို့ကို သညာက အမှတ်ပြု၏။

ဒိဋ္ဌိသည် ပညာ၏အရာဘို့၌ မဟုတ်, မမှန်ရာတို့ကို ဖော်ပြ၏၊ ဒိဋ္ဌိဖော် ပြသမျှကို သညာက အမှတ်ပြု၏။

(ဤသို့လျှင် သညာသည် ဒိဋ္ဌိတို့၏ နောက်လိုက်နောက်ပါဖြစ်၏)

စားပွဲထိုင်ကြရာ၌– စားပွဲပေါ်တွင်ရှိသမျှသော စားဖွယ်သောက်ဖွယ် ဝတ္ထုတို့ကို ဘယ်နေရာ၌ ရှိသည်ဟု စက္ခုဝိညာဏ်ကဖော်ပြ၏၊ စက္ခု ဝိညာဏ်၏အလိုမှာ စားဆဲသောက်ဆဲအခါ၌ ထိုဘိုဝတ္ထုကို မြင်ရ၏၊ စား သောက်၍ပြီးသောအခါ၌ ဘယ်ဟာများကို စားသောက်ရသည်ဟု ပြန်၍ ပြောဆိုနိုင်ကြရန် မရှိ၊ သညာ၏ အတွက်ကြောင့်သာ ပြန်၍ ပြောဆိုနိုင် ကြ၏။

စာပေကျမ်းဂန်တို့ကို ကျက်အံကြရာ၌–စက္ခုဝိညာဏ်သည် စာလုံးဘို့ကို အစဉ် အတိုင်း ဖော်ပြ၏၊ သညာက အစဉ်အတိုင်း အမှတ်ပြု၏၊ စက္ခု ဝိညာဏ်အလိုသော် အစဉ်အတိုင်း မြင်ရရုံမျှသာ ရှိရာ၏။ ပြီးလျှင်အကုန် အစဉ် ကွယ်ပျောက်ရာ၏၊ အနှစ်တရာတိုင်တိုင် ကျက်အံ နေသော်လည်း စာရသည်ဟူ၍မရှိရာ၊ သညာအတွက်ကြောင့်သာ တခေါက်ထက်တခေါက် မှတ်မိသဖြင့် စာရမှု ဖြစ်လာ၏။

( ပညာ ဒိဋ္ဌိအရာတို့မှာလည်း ဤနည်းတူမှတ်လေ )

ဝိညာဏ်နှင့်ပညာဒိဋ္ဌိတို့၌– " မနောပုဗ္ဗင်္ဂမာဓမ္မာ၊ မနောသေဋ္ဌာ မနောမယာ" ဟူသော မွေပဒပါဠိတော်နှင့် အညီ ပညာဒိဋ္ဌိတို့၏ အရာတို့၌ လည်း ဝိညာဏ်သည် ပညာဒိဋ္ဌိတို့၏ ရှေ့ဆောင်ရှေ့သွားဖြစ်၍ ပညာဒိဋ္ဌိတို့ ၏အာချဲ့တို့ကို ထွန်းပြ၏၊ ဥပမာကား– .

၁။ ညဉ့်အခါ၌ မီးထွန်းကြရာ ဝိညာဏ်သည် မီးတောက်နှင့်တူ၏၊

၂။ ပညာဒိဋ္ဌိတို့သည် အိမ်သူအိမ်သားတို့နှင့် တူကုန်၏၊

၃။ အာရုံခြောက်ပါး တရားသဘောတို့သည် အိမ်တွင်းရှိအထည် ဝတ္ထုတို့နှင့်တူကုန်၏၊

ထိုသုံးမျိုးတို့တွင်—

မီးတောက်သည် ထိုအထည်ဝတ္ထုတို့ကို ထွန်းပြလေ၏၊မိမိသည်မူကား တစုံတခုကိုမျှ မမြင်တတ်၊ မသိတတ်၊ အိမ်သူအိမ်သား တို့သည်ကား ထို အထည်ဝတ္ထုတို့ကို အကုန်မြင်ကြ သိကြကုန်၏။

ထိုအတူ–

ဝိညာဏ်သည် အာရုံ ၆ ပါး တရားသဘောတို့ကို ရှေ့ဆောင်ရှေ့သွား ကိစ္စနှင့် ထွန်းပြ၏၊ မိမိသည်မူကား ပညာအမြင်မျိုး ဒိဋ္ဌိအမြင်မျိုးနှင့် မြင်တတ် သိတတ်သည်မဟုတ်။

သဗ္ဗညုတဉာဏ် ဘော်ကြီးပင်ဖြစ်သော်လည်း ဝိညာဏ်ရှေ့ဆောင်ရှေ့ သွား မရှိက တစုံတခုသောဓမ္မကိုမျှ အာရုံမပြုနိုင်၊ ဥပါဒ်ကိစ္စနှင့် ဖြစ်ခြင်း ငှာပင် မတတ်နိုင်။

ဤဥပမာ၌ မီးတောက်သည် ရုပ်တရားဖြစ်၍ အထည်ဝတ္ထုတို့ကို အလင်းကိစ္စနှင့် ထွန်းပြ၏၊ သိမှုကိစ္စနှင့် မပြနိုင်၊ဝိညာဏ်သည်မူကား နာမ် တရားဖြစ်ပေ၍ အာရုံကို သိမှုကိစ္စနှင့် ထွန်းပြပေ၏၊ မနက်နဲသော ပညာ၊ ဒိဋ္ဌိတို့၏နောက်လိုက်ဖြစ်သော သညာရှေ့သွားဖြစ်သော ဝိညာဏ်တို့သည်

မနက်နဲကြကုန်၊ နက်နဲသော ပညာ,ဒိဋ္ဌိ၏ နောက်လိုက်ဖြစ်သော သညာ ၏ရှေ့သွားဖြစ်သော ဝိညာဏ်တို့သည် နက်နဲကြကုန်၏ ပညာ, ဒိဋ္ဌိနှင့် မယှဉ်သော သညာဝိညာဏ်တို့သည်လည်း ရှိကြကုန်၏၊ ဤစကား၌ ဒိဋ္ဌိကိုထည့်သွင်း၍ ဆိုသည်မှာ မှားသောအဖို့၌ သိမှုမြင်မှုမျိုးဖြစ်၍ ထည့်သွင်းလိုက်သည်။

(ဤကား-သညာ, ဝိညာဏ်, ပညာဟူ သော သိမှု ၃-ပါးတို့၏ခြားနား ပုံကိုပြဆိုခြင်းတည်း)

## အဋ္ဌကထာ, ဋီကာတို့၏ အာဘော်

အဋ္ဌကထာ, ဋီကာတို့၌ သညာ၏သိခြင်းသည် သူငယ်တို့၏ ရွှေကို သိခြင်းနှင့်တူ၏၊ဝိညာဏ်၏သိခြင်းသည် ရပ်သူရွာသား လူကြီးလူကောင်း တို့၏ ရွှေကိုသိခြင်းနှင့်တူ၏၊ ပညာ၏သိခြင်းသည် ရွှေပန်းထိမ်သည်တို့၏ ရွှေကိုသိခြင်းနှင့်တူ၏ဟူ၍—တရပ်။

သညာသည် လောကီရေးရာ၌ သိ၏၊ အနိစ္စသဘော၊ ဒုက္ခသဘော၊ အနတ္တသဘောတို့ကို ပေါက်ရောက်အောင် မသိနိုင်၊ဝိညာဏ်သည် လောကီ ရေးရာ၌လည်း သိတတ်၏၊ အနိစ္စသဘော၊ ဒုက္ခသဘော၊ အနတ္တသဘော တို့ကိုလည်း ပေါက်ရောက်အောင် ကြံနိုင်သိနိုင်၏၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ် သို့မူကား မပေါက်မရောက်နိုင်၊ ပညာသည်မူကား လောကီရေးရာတို့၌ လည်း သိတတ်၏၊ အနိစ္စသဘော, ဒုက္ခသဘော, အနတ္တသဘောတို့ကို လည်း ပေါက်ရောက်အောင် သိနိုင်၏၊ မဂ်ဉာဏ်,ဖိုလ်ဉာဏ်ကိုလည်း ပေါက် ရောက်နိုင်၏-ဟူ၍—တရပ်လာ၏။

မောင်ရွှေစံအောင် ထင်မြင်ချက်မှာမူကား—သညာ သည် အာရုံကို သိတတ်ရုံမျှသာဖြစ်၏၊ အာရုံ၏ နက်နဲသော သဘောကို ထိုးထွင်း၍ သိတတ်သည်မဟုတ်၊ အာရုံ၏သဘောပျိုးတို့တွင်လည်း ရုပ်တရား, နာမ်

တရားဟူသော ပရမတ္ထတရားတို့၏ အနိစ္စ, ဒုက္ခ, အနတ္တသဘောများသည် အလွန်နက်နဲ၏၊ ထိုးထွင်းသော ပဋိဝေဓဉာဏ်၏ အရာသာဖြစ်၏၊ ထိုအရာများကို ဝိညာဏ်သည် ပေါက်ရောက်အောင် သိနိုင်လိမ့်မည်မထင်၏။

(ဤကား မောင်ရွှေစံအောင်၏ ထင်မြင်ချက်တည်း)

အဖြေမှုကား—ဝိပလ္လာသတရား ၃-ပါးတို့တွင် သညာဝိပလ္လာသထက် စိတ္တဝိပလ္လာသ နက်နဲ၏၊ ထို့ကြောင့် သညာဝိပလ္လာသကို "မရိစိကုပမာသညာ" ဟူ၍ ဟောတော်မူ၏။

(သညာသည် တံလျှပ်နှင့် တူ၏ ဟူလို)

စိတ္တဝိပလ္လာသကို "မာယုပမဥ္စဝိညာဏံ"ဟူ၍ ဟောတော်မူ၏။

(ဝိညာဏ်သည် မျက်လှည့်နှင့်တူ၏ ဟူလို)

တံလျှပ်ဥပမာသည် တိမ်၏၊ မျက်လှည့်ဥပမာသည် နက်နဲ၏၊ ဤသို့လျှင် မိစ္ဆာပက္ခ၌ သညာ၏သိမှုသည် သေးငယ်၏၊ ထွေထွေလာလာကြံဖန်တတ်သည်မဟုတ်၊ ဝိညာဏ်၏ သိမှုသည် ကြီးမား၏၊ ထွေထွေလာလာ မှောက်မှားစွာ ကြံဖန်တတ်၏။

ထို့ကြောင့် ဗောဓိပက္ခိယဘရားတို့၌ ဝိညာဏ်သည်သာလျှင် စိတ္တိဒ္ဓိပါဒ အမည်နှင့်ပါဝင်၏၊ သညာသည် တစုံတခုသောကိစ္စနှင့်မျှ မပါဝင်လေ၊ အဋ္ဌကထာဋီကာတို့၌ သညာ၏အသိထက် ဝိညာဏ်၏ အသိက ကြီးမားသည်ကို ပြဆိုကြပေကုန်သည်။

"ဝိညာဏ်သည် အနိစ္စသဘော, ဒုက္ခသဘော, အနတ္တသဘောတို့ကို ပေါက်ရောက်အောင် ကြံနိုင်, သိနိုင်သည်"ဟူသောစကား၌လည်း အနိစ္စသဘောသည် အကြမ်း, အလတ်, အနု ၃-မျိုးရှိ၏၊ ထို ၃-မျိုးတို့တွင်—

၁။ မျက်မြင် ကိုယ်တွေ့တို့ကို သက်သေပြု၍ သိမြင်ထင်လင်းနိုင်ကောင်းသော ရုပ်အနိစ္စ, နာမ်အနိစ္စများသည် အကြမ်းမည်၏၊

ဥပမာကား—

လူ့ဘို၏ ခန္ဓာကိုယ်ဘို၌ အဆင်း, အသံ, အပူ, အအေး, သုခဝေဒနာ ဒုက္ခဝေဒနာ,သောမနဿ,ဒေါမနဿ အစရှိသည်တို့သည် ဖောက်ပြန် ပျက်ပြား ပြောင်းလဲခွင့်ရှိတိုင်း ပြောင်းလဲ၍ နေကြမှုတို့ပေတည်း၊ ဤကဲ့သို့သော အနိစ္စအကြမ်းများသည် မျက်မြင်ကိုယ်တွေ့ဟု ဆိုအပ်သော ဝိညာဉ်၏ အရာမှာပင် ထင်လင်းစွာ သိမြင်နိုင်ကောင်း၏၊ သညာသည်မူကား ထွေထွေလာလာ ကြံဖန်ခြင်းမရှိဖြစ်၍ ဤကဲ့သို့သော အနိစ္စအကြမ်းကိုမျှ မိမိ၏ အစွမ်းသတ္တိအားဖြင့် ပေါက်ရောက်အောင် ကြံဖန်ဘတ်သော တရားမဟုတ်။

၂။ အနိစ္စလတ်ဆိုသည်ကား – ဏ္ဍရိယာဂုဏ်တို့၏ ပြောင်းလဲမှုတို့ကို ကိုယ်တွေ့ မျက်မြင်တွေ့ ထင်ကြရသဖြင့် ယင်ရှားလှက်နေသော ရုပ်, နာမ်, ဓမ္မတို့၏ အနိစ္စသဘောမျိုးကို ဆိုသတည်း၊ ထို အနိစ္စလတ်မျိုးသည်လည်း ကိုယ်တွေ့မျက်မြင် ဝိညာဏ်၏ ကြံဖန်မှုနှင့်ပင် ထင်ရှားနိုင်ရာ၏၊ ဝိညာဏ်ဆိုသော်လည်း ဘုရားဟော ဒေသနာကို ကြားနာဖူးသူတို့၏ ဝိညာဏ်ကိုယူလေ။

၃။ အနိစ္စနုဆိုသည်ကား– ဝိညာဏ်၏ အရာဖြစ်သော အနိစ္စကြမ်း, အနိစ္စလတ်တို့ကို အထောက်အထားပြု၍ အနု, အနုထက်အနုတို့ကို အဆင့်ဆင့်သိမြင်ကြရာ၌၊ ထင်မြင်ရသော အနိစ္စသဘောမျိုးကို ဆိုသတည်း။ ဥပမာကား—

ကြာမြင့်စွာ နေထိုင်ရာ၌ အတော်ကြာခဲ့လျှင် ညှောင်းညာမှု ထင်ရှား၍လာ၏၊ ထိုသို့ထင်ရှား၍ လာသောညှောင်းညာမှုကို ကိုယ်တွေ့ဒိဋ္ဌဟုခေါ်၏၊ ဝိညာဏ်၏သိမှုနှင့်ပင် သိနိုင်၏၊ ထိုသို့ ထင်ရှား၍လာသော ညှောင်းညာမှုကိုတွေ့ကြုံကြရသဖြင့် ထိုင်စ၊

စ၍ ညှောင်းရုပ်မျိုး၊ ညာရုပ်မျိုး အစဉ်အတိုင်း အဆင့်ဆင့်ဖြစ်ပေါ်ပွားများ ပြောင်းလဲ၍ အနိစ္စအချက်ဆော့ တရှူရှူဖြစ်နေသည်ကို ညာဏ်ထဲတွင် သိမြင်နိုင်၏။

ဤကား အနိစ္စအနုတည်း၊ သိမ်မွေ့နက်နဲသည်ကို အနုဟုဆိုသည်၊ ဤအနိစ္စ အနုဆိုသည်ကား – ဝိညာဏ်၏ အရသာမဟုတ်၊ ပညာ၏ အရသာပေတည်း။

(အနိစ္စကြမ်းကို ထင်မြင်ခဲ့လျှင် ဒုက္ခကြမ်း၊ အနတ္တကြမ်းတို့ကို ထင်မြင်တော့သည်၊ အနိစ္စလတ်ကို ထင်မြင်ခဲ့လျှင် ဒုက္ခလတ် အနတ္တလတ်ဘို့ကို ထင်မြင်ခဲ့တော့သည်၊ အနိစ္စနုကို ထင်မြင်ခဲ့လျှင် ဒုက္ခနု အနတ္တနုတို့ကို ထင်မြင်တော့သည်)

ဒုက္ခဆိုသည်ကား။ ။ဘယဋ္ဌေန ဒုက္ခကို ဆိုလိုသည်၊ ဥပမာကား–ပင်လယ် ကျွန်း၌ ပျက်လတ္တံ့သော သင်္ဘောကို စီးမိသောသူတို့သည် မြန်မြန်ကြီးပျက်မည်ကို မြင်ကြလေလေ စိတ်အပူကြီးပူရန် ဘယဋ္ဌ ဒုက္ခ ကြီးကြီးမားမား ဖြစ်လေသကဲ့သို့ အနမတဂ္ဂသံသရာ ထိုသမုဒ္ဒရာကြီးအတွင်း၌ ပဋိစ္စသမုပ္ပါဒ်ဝက်သင်္ဘောကိုစီး၍ နေကြရကုန်သောသူတို့သည် ရုပ်, နာမ် ခန္ဓာတို့၏ မြန်မြန်ကြီးပျက်မှုကို ထင်မြင်လေလေ သခါရဒုက္ခဘေး၊ ဝိပရိဏာမ ဒုက္ခဘေး ကြီးမားလေလေ ထင်မြင်ကြကုန်၏၊ ထိုသုံးပါးတို့တွင် အကြမ်း အလတ်ကို့ကို ထင်မြင်နိုင်ရုံမျှနှင့် အနုသယ ကိလေသာတို့ကို မပယ်နိုင်သေး၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ်မပေါက်နိုင်သေး၊ အနုကို ထင်မြင်နိုင်ကြမှသာလျှင် အနုသယကိလေသာတို့ကို ပယ်နိုင်၏၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ပေါက်နိုင်၏၊ထို့ကြောင့် အဋ္ဌကထာဋီကာတို့၌–

ဝိညာဏ်၏ သိမှုသည် လက္ခဏာရေးသုံးပါးကို ပေါက်နိုင်၏၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ်သို့မူကား မပေါက်နိုင်၊ ပညာ၏သိမှုသည်သာလျှင် မဂ်ဉာဏ်, ဖိုလ်ဉာဏ်သို့ ပေါက်ရောက်နိုင်သည်–

ဟူ၍ ဖွင့်ဆိုကြလေကုန်သည်။

(ဤကား=အဋ္ဌကထာဋီကာကျမ်းတို့၏ အာဘော်ကို ပြဆိုချက်ပေတည်း)

ဤအရာ၌ စောဒနာရန်ရှိသည်ကား– သတ္တင်္ဂုတ္တရပါဠိတော်နောက်ဆုံးဝဂ်၌–

ရာဂဿ ဘိက္ခဝေ အဘိညာယ သတ္တဓမ္မာ ဘာဝေတဗ္ဗာ၊
ကတမေ သတ္တ အနိစ္စသညာ အနတ္တသညာ အသုဘသညာ အာဒီ-
နဝသညာ ပဟာနသညာ ဝိရာဂသညာ နိရောဓသညာ–

စသည်ဖြင့်လည်းကောင်း။ ဆက္ကင်္ဂုတ္တရပါဠိတော် နောက်ဆုံးဝဂ်၌လည်း–

ရာဂဿ ဘိက္ခဝေ အဘိညာယ ဆဓမ္မာ ဘာဝေတဗ္ဗာ၊ ကတ-
မေ ဆ အနိစ္စသညာ အနိစ္စေဒုက္ခသညာ ဒုက္ခေအနတ္တသညာ၊
ပဟာနသညာ ဝိရာဂသညာ နိရောဓသညာ–

စသည်ဖြင့်လည်းကောင်း သုတ်ပေါင်းများစွာလာ၏။ ဤသို့လာသော ကြောင့် သညာ၏ သိခြင်းသည်လည်း ဝိညာဏ်၏ သိခြင်းကဲ့သို့ လက္ခဏာ ရေးသုံးပါးကို ပေါက်ရောက်နိုင်၏ဟူ၍ ဆိုရန်ရှိ၏။

အဖြေကား = သညာ၏သိခြင်းမည်သည် ဝိညာဏ်၏သိခြင်း ပညာ၏ သိခြင်းဘို့ကို စွဲမြဲစေတတ်၏၊ ထို့ကြောင့် လက္ခဏာရေးသုံးပါးအရာ၌ ထို နှစ်ပါးသော သိခြင်းတို့ကို စွဲမြဲစေခြင်းငှာ သညာကိုပွားစေရမည်ဟူ၍ ဟောတော်မူသည်၊ အသိအမြင်မပေါက်သေးသော လက္ခဏာရေးအချက် တို့၌ သညာ၏ကိစ္စသက်သက်နှင့် အသစ်အသစ် အသိအမြင်တိုးပွားစေရန် ဟောတော်မူသည်မဟုတ်။

အနိစ္စသညာ ဘာဝေတဗ္ဗာ ဟူသည်ကား အသိအမြင် အသစ်အသစ် တိုးပွားအောင် ပွားများစေမှုကို ဆိုလိုရင်းမဟုတ်၊ သတိပဋ္ဌာန်အရာ၌ သတိပဋ္ဌာန်ကို ပွားများစေမှုကဲ့သို့ မမေ့မပျောက် မလစ်မလပ်ရအောင် အထပ်ထပ်ပွားများစေမှုကို ဆိုလိုသည်၊ သညာကို အထပ်ထပ်ပွားများ စေခဲ့လျှင် အသစ်အသစ် အသိအမြင် တိုးပွားစေမှုဟူသော ဝိညာဏ်ကိစ္စ ပညာကိစ္စတို့လည်း အထူးအားရှိကြကုန်လတ္တံ့။

(ဤကား အဋ္ဌကထာဋီကာကျမ်းဂန်တို့နှင့် ပါဠိတော်တို့ကို ညှိနှိုင်းချက်တည်း)

### နယ်ပိုင်ဝန်ထောက် မောင်ရွှေစံအောင်ထံ ပြန်ကြားချက်

မောင်ရွှေစံအောင်ထံမှ ရောက်ရှိသည့် သညာ, ဝိညာဏ်, ပညာ၏ သုံးပါးစိစစ်ချက်များကို အသေအချာကြည့်ရှုရာ မောင်ရွှေစံအောင် အလိုမှာ–

> "အနိစ္စ,ဒုက္ခ,အနတ္တ လက္ခဏာရေးမည်သည် အကြမ်းပင်ဖြစ်သော်လည်း ပညာသိ၏ အရာသာ ဖြစ်သင့်သည်၊ ဝိညာဏ်၏ အရာ မဖြစ်သင့်ရာ"။တချက်။

အဋ္ဌကထာ၌–

> "ဝိညာဏ်သည် လက္ခဏာရေးသုံးပါးကို ပေါက်ရောက်စေနိုင်၏၊ မဂ်ဖိုလ်ပေါ် ပေါက်၍ လာအောင်ကား မစွမ်းနိုင်"

ဟူသော စကားမှာလည်း လက္ခဏာရေးအလင်းပေါက်မှု, မဂ်ပေါက်, ဖိုလ်ပေါက်မှုသည် ပညာသိ၏ အရာသာဖြစ်သော်လည်း ဝိညာဏ်သည် ထိုပေါက်မှုနှစ်ပါးမှာလည်း ပညာ၏ ဇွဲဆောင် ရှေ့သွား ကိစ္စနှင့်ပါရလျက် ရှိ၏၊ ထိုနှစ်ပါးတွင်မူကား လက္ခဏာရေးအရာမှာ ဝိညာဏ်၏ ကိစ္စသည် ပြောစလောက်အောင်ပင် ရှိသေး၏၊ မဂ်,ဖိုလ်ပေါက်မှုမှာမူကား ဝိညာဏ်ကိစ္စသည် ပြောစလောက်အောင် မရှိပြီ။

ဥပမာကား–ညဥ့်အခါ ရွှေလသာခိုက်မှာ ပိုးစုန်းကြူး၏ အရောင်သည် လရောင်တွင်းမှာပင် ပြောစလောက်အောင် ပေါ်နိုင်သေး၏၊ နေ့အခါ နေရောင်တွင်းမှာမူ ပြောစလောက်အောင် မပေါ်နိုင်ပြီ။

(ဤဥပမာအတိုင်း ရင်းအဋ္ဌကထာစကားမှာယူလို၏ မောင်ရွှေစံအောင်)

ဆရာတော်၏ ဉာဏ်မှာလည်း မောင်ရွှေစံအောင် ဉာဏ်နှင့် ယှဉ်ကာ ပင် သွား၏၊ သို့ရာတွင်–

(၁) လက္ခဏာပစ္စုပ္ပဋ္ဌာနရသ ပါပေတုံ သက္ကောတိ၊ မဂ္ဂဖလာပါတုဘာဝံ ပါပေတုံ န သက္ကောတိ–

ဟူသော အဋ္ဌကထာ၏ ပြဋ္ဌာန်းချက်ကြီးကို အလွန် ပေါ့လျော့၍ သွားအောင် မရှောင်ရှားသာချေဟု မြော်မိသည်။တချက်။

(၂) စိတ်ဝိညာဏ်မည်သည် အာရုံအသစ်အသစ်ကိုလည်းရှာကြံတတ်သည်ဖြစ်၍ ဒိဋ္ဌ,သုတ,ဥပနိဿယ အားပေး အားမြှောက်ကောင်းခဲ့လျှင် လက်နက်ကိရိယာ အဆန်းတကြယ် ကြံဖန်လုပ်ဆောင်ခြင်း အစရှိသော မိစ္ဆာဉာဏ်၏အရာဖြစ်သော အကုသိုလ်အမှုမျိုးတို့၌လည်း လောကတွင် ခက်ခဲနက်နဲသောအရာကြီးများကိုပင် ပေါက်ရောက် အထမြောက်အောင် ကြံဖန်လုပ်ဆောင်နိုင်ကြသည်များကိုလည်း တွေ့မြင် ကြားသိ ရှိနေကြသည်။တချက်။

(ဤစကား၌ "မိစ္ဆာဉာဏ်"ပုဒ်ကိုဖွင့်ရာ အဋ္ဌကထာမှာ "ပါပကြိယာသု ဥပါယစိန္တာဝသေန ပဝတ္တော မောဟော မိစ္ဆာဉာဏံ နာမ" ဟူ၍မောဟကို မိစ္ဆာဉာဏ်ဆိုလို၏၊ မူလဋီကာဆရာကား ဆန်းကြယ်သောစိတ်ကို မိစ္ဆာဉာဏ်ဆိုလို၏၊ ဆရာတော်၏ အလိုကား ဆန်းကြယ်သော စိတ်ဝိညာဏ်ကို မိစ္ဆာဉာဏ်ဆိုလို၏။)

(၃) မြတ်စွာဘုရားသည်လည်း တိရစ္ဆာန်သတ္တဝါတို့၏ အဆင်မျိုး၊ သဏ္ဌာန်မျိုး၊ အနန္တဆန်းကြယ်မှုကို ဥဒါဟရဏ်ထုတ်ပြတော်မူ၍ ထို တိရစ္ဆာန်သတ္တဝါစု အနန္တဆန်းကြယ်မှုကို စိတ်သည်ပင်ပြုလေ၏၊ ထို တိရစ္ဆာန်သတ္တဝါစု အနန္တဆန်းကြယ်မှုထက်ပင် စိတ်သည် ပိုလွန်၍ ဆန်းကြယ်နိုင်သေးသည်ဟု ဟောတော်မူသည်များကို မြော်ပိသည်။ တချက်။

အနိစ္စကြမ်း, ဒုက္ခကြမ်း, အနတ္တကြမ်းဆိုသည်မှာလည်း ဝိညာဏ်၏နယ်တွင်းမှာပင် သိမြင်တွေ့ရှိ၍နေကြသော အနိစ္စမျိုး, ဒုက္ခမျိုး, အနတ္တမျိုးတို့ကို ဆိုလိုပေသည်၊ ကိုယ်တွေ့မျက်မြင် နားကြားတို့နှင့် အများသိကြသော အနိစ္စမှု, ဒုက္ခမှု, အနတ္တမှုတို့ကား ဝိညာဏ်၏ နယ်တွင်း၌ရှိသည်၊ သေလောက်သော ဘေးနှင့် တွေ့ရှိခဲ့လျှင် ဘယ်အခါမဆို သေရခြင်း၊ အိုခွင့်ဆိုက်လျှင် အိုရခြင်း၊ နာခွင့်ဆိုက်လျှင် နာရခြင်းတို့ပေတည်း။

အလတ်ဆိုသည်ကား–ထိုအကြမ်းတို့ထက် အတန်ငယ် သိမ်မွေ့သော ဣရိယာပုထ် ကြီးငယ်ပြောင်းလဲခြင်း၊ အပူအအေး ပြောင်းလဲခြင်း၊ အာဟာရအတွက် ပြောင်းလဲခြင်း၊ သောမနဿ, ဒေါမနဿအတွက် ပြောင်းလဲခြင်း၊ ဤကဲ့သို့သော ရုပ်,နာမ်တို့၏ပြောင်းလဲခြင်းများကို အနိစ္စလတ်, ဒုက္ခလတ်, အနတ္တလတ်ဟု ဆိုသည်၊ ထိုသို့ပြောင်းလဲခြင်းသည် ကိုယ်တွေ့ဒိဋ္ဌဖြစ်ကြ၍ ဝိညာဏ်နယ်ဟူ၍ ဆိုပေသည်။

သို့ရာတွင် ပကတိ မိမွေးတိုင်း, ဖမွေးတိုင်း အနေအထားအားဖြင့် ရုပ်ဟူ၍ နာမ်ဟူ၍ မသိကြ၊ ရုပ်နာမ်တို့၏ အနိစ္စမှု, ဒုက္ခမှု, အနတ္တမှုဟူ၍ မသိကြ၊ မသိကြသော်လည်း အမှုမှာ ဝိညာဏ်သိ၏ နယ်တွင်းမှာဖြစ်၍ ရုပ်နာမ်ပေါ်အောင် ခွဲခြမ်း၍ ပြောခဲ့လျှင် ဝိညာဏ်သိနှင့် ကွဲပြားစွာ သိနိုင်ရန်ရှိပါ၏။

(“အာရမ္မဏဝိဇာနနလက္ခဏံ ဝိညာဏံ”ဟူသော စကား၌ အာရမ္မဏပုဒ်ကို ကံပုဒ်ထားသည်မှာ အာရုံဟူ၍ သိကာမတ္တပျ ဖြစ်၍ထားသည်မဟုတ်၊ နာမ်တရားတို့၏ သဘောသတ္တိကိုပြဆိုရာ တို့၌ ‘အာရမ္မဏ ဖုသနလက္ခဏော ဖဿော၊ အာရမ္မဏ ဝေဒယိတ လက္ခဏာ ဝေဒနာ” အစရှိသဖြင့် များသောအားဖြင့် အာရုံကို ကံပုဒ် အာဓာရပုဒ် ထားမြဲဖြစ်ပေသည်။)

အာရမ္မဏသဒ္ဒါနှင့် ဆိုသည်ကို ပြော၍ ဝိညာဏ်သည် အာရုံကို အာရုံ ယူ၍ သိကာမျှသာဟု မသိသာပေ၊ ပနေ ဝိညာဏ်သည်မှုကား သုခကို သုခဟူ၍၊ ဒုက္ခကို ဒုက္ခဟူ၍၊ ဣဋ္ဌကို ဣဋ္ဌဟူ၍ အနိဋ္ဌကို အနိဋ္ဌဟူ၍ဖြစ်

သည်ကို အဖြစ်ဟူ၍၊ ပျက်သည်ကို အပျက်ဟူ၍၊ လူကို လူဟူ၍၊ နွားကို နွားဟူ၍၊ မြေကို မြေဟူ၍၊ ရေကို ရေဟူ၍၊ မီးကို မီးဟူ၍၊ ရွှေကို ရွှေဟူ၍၊ ငွေကို ငွေဟူ၍ သိသည်သာဖြစ်သည်။

သူတော်ကောင်းတရားကို ကြားနာရသော သူ၏ ဝိညာဏ်သည် ကုသိုလ်ကို ကုသိုလ်ဟူ၍၊ အကုသိုလ်ကို အကုသိုလ်ဟူ၍၊ လောဘကို လောဘဟူ၍၊ ဒေါသကို ဒေါသဟူ၍ သိသည်သာ ဖြစ်သည်။

လူ့လောက၌ အရပ်ဒေသအားလျော်စွာ အမျိုးအရိုးအားလျော်စွာ လုပ်ရေး ဆောင်ရေး ပြောရေး ဆိုရေးအသက်မွေးမှုအမျိုးမျိုးတို့မှစ၍ အချင်းချင်း ဒိဋ္ဌသုဘာဂျီနှင့် ပြီးစီးကြသော အသိအလိမ္မာမျိုးသည် သညာ ဝိညာဏ်တို့၏ကိစ္စပေတည်း။

ထိုအရေးတို့၏ အတွင်းမှာမူကား အချို့အချို့သော အချက်အရာ တို့၌ဉာဏ်၏အချက်သည်း ပါ၏၊ ဉာဏ်၏အချက်မည်သည်ကား ကြံနိုင် ပေစွဟု ချီးမွမ်းရ နည်းယူ၍ နည်းခိုးရသော အရာမျိုးပေတည်း။

(ဤမျှလောက်သော စကားရပ်တို့ဖြင့် ဝိညာဏ်သည် အနိစ္စကြမ်း အနိစ္စလတ်တို့ကို ကြံနိုင်၏ဟူသောစကားရပ်တို့ကို အတည်ပြုလိုက်သည်။)

(သညာ,ဝိညာဏ် ပညာအဆုံးအဖြတ်ပြီး၏)

သစ္စာနှင့်ပိစ္စာ။ ။ပရမတ္ထသံခိပ် ဋီကာ[၁]တွင် မှန်သော သစ္စာသညာမှာ အနိစ္စသညာ၊ ဒုက္ခသညာနှင့် အနတ္တသညာဟူ၍ သုံးပါးမျှသာရှိကြောင်းကို လည်းကောင်း၊ ချွတ်ယွင်း ဖောက်ပြန် မမှန် သောသညာများမှာ နိစ္စသညာ, သုခသညာ, အတ္တသညာ, သတ္တသညာ, ဇီဝသညာ, ပုရိသသညာ စသောအားဖြင့် များပြားလှကြောင်းကို လည်းကောင်း ဖွင့်ဆိုထားသည်။

---

၁။ ပရမတ္ထသံခိပ်ဋီ၊ပ၊၁၄၄။

သညာနှင့်ခန္ဓဒေသနာ။ ။မှတ်သားမှုသညာကို ဆိုခဲ့သည့်အတိတ်သညာ အနာဂတ်သညာ အစရှိသည့် သညာအမျိုးမျိုးကို ဉာဏ်ဖြင့်စုစည်းတော်မူကာ မှတ်သားမှုသညာအစု(သညာက္ခန္ဓာ) အဖြစ် ခန္ဓဒေသနာ (ခန္ဓာငါးပါး)တွင် သီးခြားထည့်သွင်း ဟောတော်မူသည်။

သညာကိုသီးခြားဟောခြင်းအကြောင်း။ ။ဒေ့ွထိမှုဖဿ စသည်တို့ကဲ့သို့ ပြုပြင်မှုအစု (သင်္ခါရက္ခန္ဓာ) တွင် ထည့်သွင်းဟောသင့်ပါလျက် မဟောဘဲ သီးခြားဟောတော်မူရခြင်းမှာ သတ္တဝါတို့အား အနှစ်သာရ ရှာမရသည့် အနတ္တသဘောကို အထည်ကိုယ်အမာခံ အနှစ်သာရအတ္တဟူ၍ ဖောက်ဖောက်ပြန်ပြန် ထင်စေတတ်သော တရားစုတွင် မှတ်သားမှုသညာသည် အလွန်ကဲဆုံးဖြစ်၏၊ မှတ်သားမှုသညာအတွက်ကြောင့် အနတ္တကိုအတ္တဟု ဖောက်ဖောက်ပြန်ပြန်ထင်မှတ်မှုများ ဖြစ်ရသည်[၁]၊ ဤသို့ ဖောက်ဖောက်ပြန်ပြန်မှားယွင်းသော တရားဆိုသည်မှာ ဝိပ္ပလ္လာသတရားတည်း။ ဖောက်ဖောက်ပြန်ပြန် မှားယွင်းခြင်းကို (ဝါ) ဟုတ်သည် မှန်သည်ကို မဟုတ်မမှန်ဟု မှားယွင်းခြင်း၊ မဟုတ်မမှန်သည်ကို ဟုတ်မှန်သည်ဟု မှားယွင်းခြင်းကို ဝိပ္ပလ္လာသသညာဟုခေါ်သည်။

ဝိပ္ပလ္လာသတရား(၃)ပါး

(၁) အမှတ်မှားမှု (သညာဝိပ္ပလ္လာသ)

(၂) အကြံအသိမှားမှု (စိတ္တဝိပ္ပလ္လာသ)

---

၁။ ပရမတ္ထသံခိပ်၊ ဋီ၊ဒု၊၃၂၅၊၃၂၆၊၃၂၇။

(၃) အမြင်အယူမှားမှု (ဒိဋ္ဌိဝိပ္ပလ္လာသ)

ဟူ၍ သုံးမျိုးရှိ၏။ ထိုသုံးမျိုးတို့တွင် သညာဝိပ္ပလ္လာသဒ္ဓ–

(၁) အနိစ္စ၌ နိစ္စဟု အမှတ်မှားခြင်း၊

(၂) အသုဘ၌ သုဘဟု အမှတ်မှားခြင်း၊

(၃) ဒုက္ခ၌ သုခဟု အမှတ်မှားခြင်း၊

(၄) အနတ္တ၌ အတ္တဟု အမှတ်မှားခြင်း၊

ဟူ၍ လေးမျိုးရှိ၏။ ထို့အတူ စိတ္တ, ဒိဋ္ဌိ ဝိပ္ပလ္လာသ တို့၌လည်း လေးမျိုးစီပင် ရှိသည်။

သညာဝိပ္ပလ္လာသဒ္ဓ တောသမင်ဥပမာ။ ။သညာ၏အမှတ်မှားပုံမှာ တခုသော တောကြီးအလယ်တွင် လယ်သမားတို့သည် စပါးခင်းများလုပ်ကိုင်ထားကြ၏၊ တောသမင်တို့သည် လယ်နှင့် ဝေးကျားမရှိခင် စပါးခင်းသို့ လာ၍ အသီးအနှံတို့ကို စားတတ်ကြသည်၊ လယ်ရှင်သည် တောသမင်တို့ကို ကြောက်လန့်စေခြင်းငှာ မြက်ခြောက်တို့ကို လူသဏ္ဌာန်ပြုလုပ်၍ စပါးခင်းအလယ်၌ စိုက်ထား၏၊ ထိုလူရုပ်၌ မြက်ခြောက်တို့ကို လျှော်ဖြင့် ဖွဲ့စည်း၍ ကိုယ်သဏ္ဌာန် ဦးခေါင်းသဏ္ဌာန်,လက်သဏ္ဌာန်လုပ်၏၊ အိုးငယ်ကို ထုံးဖြူဖြင့် မျက်နှာသဏ္ဌာန်ရေး၍ ဦးခေါင်း၌ စွပ်ထား၏။ အဝတ်ဟောင်း, အကျီဟောင်းတို့ကို စွတ်၍ထား၏၊ လက်တို့၌ လေးမြားတို့ကို ကိုင်ခဲ့၏၊ တောသမင်တို့သည် စပါးခင်းသို့ စားသောက်ရန် ရောက်လာကြသောအခါ ယိုမြက်ခြောက်ရုပ်ကို မြင်ရလျှင် လူပဲ့ဟုတ်သည်ကို လူအဟုဘ်သင်မှတ်၍ ကြောက်လန့်ပြီး ထွက်ပြေးကြလေသည်။

ဤဥပမာဘွင် တောသမင်တို့၌ ပကတိလူအသွင်ကို ရှေးအခါက မှတ်ခဲ့ဖူးကြ၏၊ ယိုအမှတ်သညာအတိုင်း မြက်ရုပ်ကို လူဟူ၍ မှတ်ကြပြန်၏၊ အမှတ်မှားကြ၏၊ သညာဝိပ္ပလ္လာသသည် ဤသို့ တောသမင်ဥပမာနှင့်တူလေသည်။

ကြောင်ကြောင်မြင်လျက်နှင့် မှားကြပုံ။ ။တောသမင်တို့ ဤသို့ မှားကြပုံမှာ မျက်စိလယ် သောသူသည် နေထွက်နေဝင်ကြောင်ကြောင်မြင်လျက်နှင့် မှားကြခြင်း ဖြစ်သည်၊ ကိုယ်ခန္ဓာတွင် အသုဘသဘော၊ အနိစ္စ၊ ဒုက္ခ အနတ္တသဘော တို့သည် ကိုယ်တွေ့မျက်မြင် အလွန် ထင်ရှား၏၊ ကြောင်ကြောင်မြင်မျိုး ပင်ဖြစ်ပါသည်- သညာဝိပ္ပလ္လာသသည် တောသမင်ကဲ့သို့ ကြောင်ကြောင် မြင်လျက် မှားတတ်၏၊ မှားမိပြန်လျှင်လည်း အလွန်ခိုင်မြဲတတ်ပါသည်၊ ပြောင်းလဲ၍ မရနိုင်အောင် ရှိတတ်ပါသည်၊ ထို့ကြောင့် မိစ္ဆာသညာများ သည် ဘုရားအဆူဆူချွတ်သော်လည်း ကျွတ်ရန် ခဲယဉ်းလှကြောင်း မိန့်ဆို ကြသည်၊ စိတ္တဝိပ္ပလ္လာသသည်မဟုတ်သည်ကို အဟုတ်ဟု၍ လှည့်စားတတ် သောကြောင့် ဤသညာဝိပ္ပလ္လာသထက် နက်နဲ၏၊ သို့ရာတွင် အကြောင်း ယုတ္တိနှင့် ဖြေဖျောက်လျှင် ပြေပျောက်နိုင်ပါသေးသည်၊ သညာဝိပ္ပလ္လာသ ကဲ့သို့ မခိုင်မြဲတတ်ပေ။

လွန်ကဲသောတရားများ။ ။သတ္တဝါတို့အား အသည်ကို အမာခံအနှစ် သာရမဟုတ်သော အနတ္တကို အထည်ကိုယ် အမာခံအနှစ်သာရ အတ္တဟု ဖောက်ဖောက်ပြန်ပြန် ထင်စေတတ်သော တရားတို့တွင် သညာသည် အလွန်ကဲဆုံးဖြစ်၏၊ သညာအတွက်ကြောင့် အတ္တဝိပ္ပလ္လာသဖြစ်ရသည်၊ သတ္တဝါတို့အား သုခဟူ၍ ဖောက်ဖောက်ပြန် ပြန် ထင်စေတတ်သော တရားတို့တွင် ဝေဒနာသည် အလွန်ကဲဆုံး ဖြစ် သည်၊ ဝေဒနာအတွက်ကြောင့် သုခဝိပ္ပလ္လာသဖြစ်ရသည်၊ သတ္တဝါတို့အား နိစ္စဟူ၍ ဖောက်ဖောက်ပြန်ပြန်ထင်စေတတ်သော တရားတို့တွင် စိတ် သည် အလွန်ကဲဆုံး ဖြစ်သည်၊ စိတ်အတွက်ကြောင့် နိစ္စဝိပ္ပလ္လာသဖြစ်ရ သည်၊ ဤသို့အားဖြင့် သညာသည် အနတ္တကို အတ္တဟု ထင်မှတ်ရာ၌

---

၁။ ဒီပနီပေါင်းချုပ်၊ ၁။၂။

အလွန်ကဲဆုံးဖြစ်သောကြောင့် သတ္တဝါကို အတ္တဟုစွဲလမ်းကြရာ၌ အားထားအပ်သော အားကိုးအပ်သော တရားစုတွင် သညာသည် အားအထားရဆုံး အားအကိုးရဆုံးဖြစ်၏၊

မှန်၏၊ လောကသားတို့သည် မိမိတို့ သိသင့်သိထိုက်သည့်အရာ အတတ်ပညာများကို မှတ်သားခြင်းသညာဖြင့် အပြည့်အစုံတတ်မြောက်အောင် သင်ကြား မှတ်သားကြပြီး သိကြားလိမ္မာသော အတတ်ပညာရှင် အဖြစ်သို့ ရောက်သောအခါ မိမိကိုယ်ကို အထင်ကြီးလာကာ "ငါသည်လည်း အများနည်းတူ တတ်သည်ပင် အဘယ်သူက ငါ့ထက်သာလွန်တတ်ဦးမည်နည်း" ဟု ထင်မြင်ကြွားမောက် ဘဝင် မြင့်လာကြ၏၊ ဤသည်မှာ သိကြားလိမ္မာမှု၊ မှတ်သားသိရှိမှုဟု ဆိုအပ်သည့်သညာကို အပွန်အမြတ်အတွကြီး တခု ပြုလုပ်ခြင်းပင် ဖြစ်၏၊ ထို့ကြောင့် အတ္တဟူ၍ မှတ်ထင်အားကိုး အပ်သော တရားတို့တွင်သညာသည် အထွတ်အထိပ်ဖြစ်သည်၊ ထို့ကြောင့် မြတ်စွာဘုရားသည် ယင်းသညာကို အသီးအခြား ထုတ်နုတ်တော်မူ၍ ခန္ဓာတခုအဖြစ် သီးခြား ဟောခဲ့လေသည်[၁]။

## သညာကို သီးခြားဟောရခြင်း အကြောင်းတမျိုး

| | |
|---|---|
| သညာက ဝေဒနာအရသာပေါ်အောင် ကျေးဇူးပြုပုံ | နာမရူပပရိစ္ဆေဒကျမ်းအဆိုအရ သညာကို သီးခြားခန္ဓာတခု အဖြစ် ဟောရခြင်းမှာ သာယာ |

တပ်မက်မှုတဏှာ၏အကြောင်းရင်းမှာ ခံစားမှုဝေဒနာဖြစ်သည်၊ ဝေဒနာက အရသာကို ခံစားသည့်အခါ မှတ်သားမှုသညာ အရေးကြီးသည်၊ သညာက အမျိုးမျိုး မှတ်လေလေ ခံစားမှုဝေဒနာမှာ အရသာရှိလေလေဖြစ်သည်[၂]။

---

၁။ ပရမတ္ထသံခိပ်၊ ဋီ၊ ဒု၊ ၃၂၆။ ၃၂၇။

၂။ နာမရူပပရိစ္ဆေဒ။

**တိကောင်ကို ကြာဆံထင်မှတ်သည့်ဥပမာ။** ။ရှေးအခါက ကုန်သည်တစု တို့ ညမှောင်မှောင် ထမင်းတောင်းစားကြရာ အမျှင်အမျှင်သဏ္ဌာန်ရှိသော တီကောင်ဟင်းချိုကို ကြာဆံဟင်းထင်မှတ်သဖြင့် ကြာဆံဟင်းဟူသောသညာဖြင့် မြိန်ရှက်စွာ စားသောက်ကြပြီးနောက် အရသာ ရှိလှသောကြောင့် ကျန်သမျှကို နံနက်စာအတွက် ချန်ထားကြ၏၊ နံနက်လင်းသောအခါ တီကောင်တွေကိုမြင်ရ၍ အော့အန်ကြသည်ဟုဆိုသည်၊ ဤ၌ မှားသည်ဖြစ်စေ မှန်သည်ဖြစ်စေ သညာက မှတ်သားတိုင်း ဝေဒနာမှာ အရသာရှိလေသည်[၁]။

**မျက်မှန်စိမ်းတပ်၍ အစာကျွေးသည့်ဥပမာ။** ။တိရစ္ဆာန်ရုံမှမြင်းကျားကို အစာကျွေးနေပုံ တမျိုးကို တွေ့ရဖူးသည်၊ ပထမ ကောက်ရိုးကျွေးသည်၊ မြင်းသည် အနည်းငယ်သာ စားသည်၊ ထိုအခါ အလုပ်သမားသည် ယင်းမြင်းကို မျက်မှန်စိမ်းတပ်ပေးပြီး ယခင်ကောက်ရိုးကိုပင် ပြန်ကျွေးရာ မြင်းသည် အားပါးတရ များစွာ စားသောက်သည်၊ ဤ၌ ပထမတကြိမ် ကောက်ရိုးကျွေးစဉ်က ခံစားမှုဝေဒနာမှာ အရသာမပေါ်ပဲဖြစ်နေရာ မျက်မှန်စိမ်းတပ်ပေးလိုက်သောအခါ မှတ်သားမှုသညာက မျက်စိအကြည်တွင် ထင်လာသည့်အတိုင်း စိမ်းစိုသော မြက်ပင်ကလေးများဟု မှတ်သားပေးလိုက်သဖြင့် ဝေဒနာမှာ အရသာပေါ်သွားလေသည်။

ဤသို့ ခံစားမှုဝေဒနာ အရသာပေါ်အောင် မှတ်သားမှုသညာက ကျေးဇူးပြုတတ်လေသည်၊ ထို့ကြောင့် သညာကို သီးခြားထုတ်တော်မူ၍ ခန္ဓဒေသနာကို ဟောတော်မူလေသည်။

**သတ္တဝါနှင့်သညာ။** ။သတ္တဝါတို့သည် အာရုံအမျိုးမျိုးကို သညာဖြင့် အမှတ်ပြုကြ မှတ်သားကြ၏၊ ကောင်းမှုကုသိုလ်ဆိုင်ရာကိုသည်း မှတ်သား၍ မကောင်းမှုအကုသိုလ်ဆိုင်ရာကိုလည်း မှတ်

---

၁။ သင်္ဂြိုဟ်ဘာသာဋီကာ၊ ၅၈၆-၈၉။

သွားကြ၏၊ စင်စစ်အားဖြင့် သတ္တဝါတို့၏ ဤမှတ်သားမှုသညာသည် ရေငတ်နေကြသော သားသမင်တို့အား ရေအသွင် ထင်မှတ်အောင် ဟန်ရှိဆောင်တတ်သည့် တံလျှပ်နှင့်တူသော သဘောတရားသာဖြစ်သည်၊ တရားသဘောအရ အမာခံအနှစ်သာရ ရှာမရပဲ ဆိုင်ရာဝတ္ထုအာရုံတို့ ပေါင်းဆုံသောအခါ ရုတ်တရက် ဖြစ်ပေါ်၍ ကွယ်ပျောက်တတ်သော သဘောမျှသာဖြစ်သည်။

တံလျှပ်ဥပမာနှင့်သညာ။ ။နေပူရှိန်ပြင်းထန်လှသည့် နွေကာလတွင် မြစ်ကမ်းပါးတလျှောက် သဲသောင်ပြင်တို့၏ထက်ဝန်းကျင်ဝယ် ရေဟုထင်မှတ်ရသည့် တံလျှပ်ခေါ် နေရောင်လှိုင်းတွန့်များ ထနေသောအခါ အပူဒဏ်ကြောင့် ရေငတ်နေကြသည့် သားသမင်များသည် ထိုတံလျှပ်ကို ရေထင်မှတ်ပြီး တံလျှပ်ရှိရာသို့ အပြေးအလွှားသွားရောက်ကြကုန်၏၊ တံလျှပ်သည် ရေမဟုတ်ပဲ ရေအသွင် ထင်နေရသော နေရောင် လှိုင်းတွန့်များသာဖြစ်၍ အစိုင်အခဲ အနှစ်ရှိသော အရာဝတ္ထုမဟုတ်၊ သားသမင်တို့ ရေထင်မှတ်ပြီး ထို့ကြောင့် ပြေးလွှား ရှာဖွေကြသော်လည်း ရေတွေ့လိမ့်မည်မဟုတ်ပဲ နောက်ဆုံး မောဟိုက်ပင်ပန်းပြီး သေပွဲဝင်ရသည့်အထိ ဒုက္ခရောက်ကြရလေသည်။

အလားတူပင် မှတ်သားမှု သညာအစုသည် ဆိုင်ရာဝတ္ထုအာရုံတို့ ပေါင်းဆုံကြသည့်အခါ ရုတ်တရက်ဖြစ်ပေါ်လာပြီး ကွယ်ပျောက်သွားသော သဘောသာဖြစ်သည်၊ အထည်ကိုယ် အမာခံအနှစ်သာရရှိသော တရားမဟုတ်၊ သတ္တဝါတို့အား ငါ၊ သူတပါး ယောကျ်ား မိန်းမ စသည်ဖြင့် အမျိုးမျိုးထင်မှတ်အောင် ပြုလုပ်တတ်သော သဘောတရားသာဖြစ်သည်၊ ယင်းသည် တဆင့်ထက်တဆင့် ယောကျ်ား မိန်းမ စသော အမှတ်သညာကို ရင့်စေကာ သံသရာဝဋ္ဋအတွင်းမှ မလွတ်ကင်းနိုင်အောင် ဒိုပ်စက်ဘတ်၏၊ စင်စစ်အားဖြင့် ငါ၊ သူတပါး ယောကျ်ား မိန်းမစသည် ဟူ၍မှာလည်း အမာခံအနှစ်သာရ ရှာမရသော ရုပ်၊ နာမ်အစုမျှသာဖြစ်သည်။

---

၁။ သံခိပ်၊ ၄၊ ဒု၊ ၃၂၉၊ ၃၃၀။

သညာပွေက ဒုက္ခဝေမည်။ ။မှတ်သားမှုသညာ အမျိုးအစား များကို သညာအကြောင်း သိကောင်းစရာများ အဖြစ် ဖော်ပြခဲ့သည်၊ ထိုဆိုခဲ့သည့် သညာအမျိုးအစားများ အနက် အောက်ဖော်ပြပါ သညာလေးမျိုးတို့၏ သဘောကို နောက်ဆုံးအနေဖြင့် ရှင်းလင်းလိုပါသည်၊ ယင်းလေးမျိုးမှာ—

(၁) ဤကိုယ်ကာယ ခန္ဓာကိုယ်သည် ကျင်ကြီး, ကျင်ငယ်, ချွေး, တံတွေး, ချေးညှော်တို့ဖြင့်လည်းကောင်း၊ ပိုးမျိုးရှစ်ဆယ်တို့ ဖြင့်လည်းကောင်း အခါခပ်သိမ်း မတင့်တယ်၊ စက်ဆုပ်ဖွယ် ဖြစ်ပါလျက် တင့်တယ်လှပသည်ဟု အမှတ်မှားမှု =(အသုဘေ- သုဘသညာ)၊

(၂) လူ့ဘဝ, လူ့အသွင် လူတို့အနေအထားအားဖြင့်ဖြစ်စေ၊ နတ် ဘဝ, နတ်အသွင်, နတ်တို့အနေအထားအားဖြင့်ဖြစ်စေ၊ ဗြဟ္မာ ဘဝ,ဗြဟ္မာအသွင်,ဗြဟ္မာတို့အနေအထားအားဖြင့်ဖြစ်စေ၊ မည် သည့်ဘဝ မည်သည့်အသွင် မည်သည့်အနေအထား မည်သည့် အဆင့်အတန်းမျိုးနှင့်ဖြစ်စေကာ ရုပ်နှင့်နာမ် နှစ်တန်သော ဖြစ် ပေါ်ခြင်းမျိုးသာဖြစ်နေကြောင်း တွေ့နိုင်၏၊ ဤရုပ် ဤနာမ် ဖြစ်ပေါ်နေမှုသည် ဝဋ္ဋဒုက္ခအစစ်သာ ဖြစ်ပါချေသည်။ ယင်းသို့ ဖြစ်ပါလျက် တမျိုးတဖုံ နည်းမျိုးစုံအောင် ကြိုးစား ပါက ချမ်းသာသုခကို ရနိုင် ခံစားနိုင်သည်ဟု အထင်မှား အမှတ်မှားနေမှု (ဒုက္ခေ သုခသညာ)၊

(၃) သုံးဆယ့်တဘုံ သင်္ခါရလောက အတွင်းဝယ် လူဟူ၍လည်း ကောင်း၊ နတ်ဟူ၍လည်းကောင်း၊ ဗြဟ္မာဟူ၍လည်းကောင်း၊ ယောကျ်ား,မိန်းမ,ပုဂ္ဂိုလ်,သတ္တဝါ ဟူ၍လည်းကောင်း အထည် ကိုယ် အတုံးအခဲ မြဲသော အမာခံ အနှစ်သာရ မရှိပါပဲလျက် နည်းမျိုးစုံအောင် ကြိုးစားပါက အမှန်မြဲသောသဘော ရှိနိုင် သည်ဟု အထင်မှား အမှတ်မှားမှု(အနိစ္စေနိစ္စသညာ)၊

(၄) သုံးဆယ့်ဘုံ သင်္ခါရလောကအတွင်းဝယ် အရိယာအရှင်တို့ အမြင်အားဖြင့် ပြုလုပ်သူ၊ စီမံဖန်တီးသူ၊ စံစား ခံစားသူ၊ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး အတ္တ အနေအထားမရှိပါပဲလျက် ရှိနိုင် တွေ့နိုင်သည်ဟု အသင်မှား အမှတ်မှားနေမှု (အနတ္တနိအတ္တ သညာ)–

ဟူ၍ အမှတ်သညာ လေးမျိုးဖြစ်သည်။

သညာအထပ်ထပ် ရစ်ပတ်ပွေလိမ်ပုံ။ ။ဖော်ပြပါ သညာလေးမျိုးတို့ ပုထုဇဉ်လောကတွင် ရှုပ်ပွေကြ ပုံကို အများနားလည်သော နည်းဖြင့် ရှင်းလင်းရသော်–လောက ဤလူ့နယ်တွင် ရုပ်နှင့်နာမ် နှစ်ခုသာ ပေါင်းစုနေသည့် ဤကိုယ်ကာယ ခန္ဓာငါးပါးကို ပထမ 'လူ'ဟု သညာဖြင့် မှတ်သားကြသည်၊ ထိုမှတဆင့် ယင်းလူ ကိုပင် 'ယောကျ်ား၊ မိန်းမ'ဟု မှတ်သားကြပြန်သည်၊ ထိုမှတဆင့် ယောကျ်ား၊ မိန်းမကိုပင် 'ပုသည်၊ ကွသည်၊ ချောသည်၊ လှသည်၊ဝသည်၊ ဂုဏ်ရှိသည်၊ ဂုဏ်မဲ့သည်' အစရှိသည်ဖြင့် မှတ်သားကြပြန်သည်၊ ဤသို့ မှတ်သားမှုသညာ ပွေရှုပ်ကြသဖြင့် သားဒုက္ခ၊ သမီးဒုက္ခ၊ ပစ္စည်းဒုက္ခ၊ အပေါင်းအသင်းဒုက္ခအစရှိသည်ဖြင့် ဆင်းရဲဒုက္ခတွေ ရှုပ်ပွေလျက် ဝေချင် တိုင်း ဝေနေကြပါတော့သည်၊ ဤဒုက္ခ ထိုဒုက္ခတို့မှ ဆင့်ပွား၍ သံသရာ လောကထဲတွင် မရပ်မနား ပြေးသွားလျက်သာ နေကြရလေသည်။

သညာကိုသိမ်းလျှင် ဒုက္ခငြိမ်းမည်ကေန်။ ။အမှတ်မှားမှု မှတ်သားမှု သညာများ လောကသံသ- ရာတွင် ရှုပ်ပွေနေကြပုံကို သိမြင်လာကြသဖြင့် ခေတ်အဆက်ဆက်မှ ပညာရှင် သူတော်စင်တို့ နည်းကောင်း နည်းမှန် ရနိုင်ရန် ရှာဖွေစူးစမ်း ခဲ့ကြသည်၊ သို့ရာတွင် သာသနာပ ထိုကာလများ၌ နည်းမှန် လမ်းမှန် မတွေ့နိုင်ကြပဲ သံသရာလောကထဲဝယ် တဝဲလယ်လယ်ဖြစ်၍သာ နေခဲ့ ကြရပေသည်၊ ဗုဒ္ဓမြတ်စွာ ပွင့်တော်မူလာ၍ သာသနာတော်နှင့်ကြုံကြိုက် သော အခါကျမှသာ–

(၁) တင့်တယ်၏ဟူ၍ ထင်မှတ်မှု (သုဘသညာ) ကို ပျက်ပြယ်စေနိုင်သော ကာယာနုပဿနာသတိပဋ္ဌာန် နည်းကိုလည်းကောင်း၊

(၂) ချမ်းသာသုခရှိ၏ဟု ထင်မှတ်မှု (သုခသညာ) ကို ပျက်ပြယ်စေနိုင်သော ဝေဒနာနုပဿနာ သတိပဋ္ဌာန် နည်းကိုလည်းကောင်း၊

(၃) မြဲ၏ဟု ထင်မှတ်မှု ( နိစ္စသညာ ) ကို ပျက်ပြယ်စေနိုင်သော စိတ္တာနုပဿနာ သတိပဋ္ဌာန်နည်းကိုလည်းကောင်း၊

(၄) ငါရှိ၏ဟု ထင်မှတ်မှု (အတ္တသညာ)ကို ပျက်ပြယ်စေနိုင်သော ဓမ္မာနုပဿနာ သတိပဋ္ဌာန်ကို လည်းကောင်း—

တွေ့လာကြရလေသည်၊ ယိုသတိပဋ္ဌာန် နည်းလေးတန်ကို သတိပဋ္ဌာန် ဝိဘင်း ပါဠိတော်တွင် မြတ်စွာဘုရား ဟောကြားတော်မူသည်။

ဤသတိပဋ္ဌာန် နည်းလေးတန်သည် လောကဝယ် လောကီသားတို့၏ အထပ်ထပ် အကြိမ်ကြိမ် ရှုပ်ထွေးပွေလိမ်နေသည့် အမှတ်သညာများကို ပယ်ဖျောက်စေနိုင်သော နည်းကောင်း နည်းမှန် ကိုယ်တွေ့ လက်တွေ့ တရားတော်ကြီး ဖြစ်သည်၊ ဤ တရားတော်ကြီးကို လေ့လာကြိုးပမ်း အားထုတ်ခြင်းအားဖြင့် ဝဋ္ဋဒုက္ခသံသရာမှ လွတ်မြောက်နိုင်ကြမည်မှာ မုချကေန်ပင် ဖြစ်ပါသတည်း။

# စေတနာစေတသိက်

စေတနာ=ဆက်စပ်ဆက်သွယ်ပေးခြင်း၊ နှိုးဆော်တိုက်တွန်းခြင်း

ဆက်သွယ်ပေးပုံ(ဝါ)နှိုးဆော်ပုံ(၃)မျိုး

(က) မိမိနှင့်အတူ ဖြစ်ဖော်ဖြစ်ဖက် တရားများကို အာရုံနှင့်ဆက်စပ်ပေးတတ်၊ ဆက်သွယ်ပေးတတ်သော သဘောသည်လည်းကောင်း၊ (ဝါ) အတူဖြစ်ဖက် ဖဿ စသောတရားတို့ကို တွေ့ထိမှုစသော မိမိတို့၏ကိစ္စကို ရွက်ဆောင်ရန် ကြောင့်ကြစိုက်တတ် နှိုးဆော်တတ်သော သဘောသည်လည်းကောင်း၊

(ခ) မိမိနှင့်အတူ ဖြစ်ဖော်ဖြစ်ဖက် တရားများ၏ မိမိတို့ကိစ္စကို ရွက်ဆောင်ကြောင်းဖြစ်သောသဘောသည်လည်းကောင်း၊

(ဂ) မိမိနှင့်အတူ ဖြစ်ဖော်ဖြစ်ဖက် တရားများကို အာရုံနှင့် ဆက်စပ် ဆက်သွယ်ပေးကာမျှ သဘောသည်လည်းကောင်း၊ မိမိတို့၏ ကိစ္စကို ဆောင်ရွက်အောင် နှိုးဆော်တိုက်တွန်းကာမျှ သဘောသည် လည်းကောင်း–

စေတနာမည်၏။

## (၁) စေတနာစေတသိက်၏ သဘောလက္ခဏာ

စေတနာသည် မိမိနှင့်အတူ ဖြစ်ဖော်ဖြစ်ဖက် ဖဿစသော တရားတို့ကို မိမိတို့၏ အာရုံကိုတွေ့ထိမှု စသော ကိစ္စ၌ နှိုးဆော်တိုက်တွန်းမှု သဘော "စေတယိတလက္ခဏာ"[၁] ရှိသည်။

---

၁။ အဘိ၊ဋ္ဌ။၁၊၁၅၄။

ဟနည်းအားဖြင့် ဖဿစသော အတူဖြစ်ဖော်ဖြစ်ဖက် တရားတို့ကို ဒွါရရုံနှင့် စေ့စပ် ဆက်သွယ်ပေးမှုသဘော "အဘိသန္ဒဟနလက္ခဏာ" ရှိသည်[၁]။

တနည်းအားဖြင့် ဖဿစသော အတူဖြစ်ဖော်ဖြစ်ဖက် တရားတို့ကို မြှုံမြှင်စီမံမှုသဘော "အဘိသင်္ခါရဏလက္ခဏာ" ရှိသည်[၂]ဟု ကျမ်းဂန်များ၌ ဖွင့်ဆိုထားပေသည်။

စေ့ဆော်တိုက်တွန်းပုံ

ချုံဦးအံ့—စေတနာစေတသိက်သည် စိတ်ဖြစ်သည့် အခါတိုင်း စိတ်နှင့် အတူ ဖြစ်ပေါ်လာရသည့် စေတသိက်တခု ဖြစ်သည်။ ထို့ကြောင့် ထိုစေတသိက်ကို စိတ်အားလုံးနှင့် ဆက်ဆံသော စေတသိက်(ဝါ) စိတ် ဖြစ်တိုင်းပါ (သဗ္ဗစိတ္တသာဓာရဏ) စေတသိက်ဟု အဘိဓမ္မတ္ထသင်္ဂဟ အဋ္ဌကထာကျမ်း စသည်တို့၌ ဖော်ပြထားခြင်း ဖြစ်ပါသည်။ ထိုစေတနာ စေတသိက်သည် မိမိလည်းအာရုံကိုယူသည်၊ မိမိနှင့်အတူ ဖြစ်ဖော်ဖြစ်ဖက် စိတ်စေတသိက်တို့ကိုလည်း အာရုံနှင့် ဆက်စပ်ပေးသည်။ ထို့ အတူ ဖြစ်ဖက် စိတ်စေတသိက် တရားများ ဆိုင်ရာ ကိစ္စများကို ရွက်ဆောင် အောင်လည်း တိုက်တွန်းနှိုးဆော်ပေးသည်။

ဥပမာအားဖြင့် စေတနာစေတသိက်သည် ကျောင်းတွင် ပညာသင် ကြားနေသော ခေါင်းဆောင် တပည့်ကြီးနှင့် သဘောတူပေသည်။ ခေါင်းဆောင် တပည့်ကြီးသည် ဆရာလာနေသည်ကို အဝေးမှ မြင်သည် နှင့် တပြိုင်နက် မိမိကိုယ်တိုင်လည်း စာအံစာကျက်၏၊ အခြားအတူနေ တပည့်ငယ်များကိုလည်း "ဟိုမှာ ဆရာလာနေပြီ"စသည် ပြောဆို၍ စာအံ စာကျက်ရန် တိုက်တွန်းနှိုးဆော်၏။ ထိုခေါင်းဆောင် တပည့်ကြီးနည်းတူ စေတနာစေတသိက်သည် မိမိလည်း အာရုံကိုယူသည်၊ မိမိနှင့်အတူဖြစ်ဖက်

---

[၁] မဏိမဉ္ဇူ၊၁၊၃၁၈။ [၂]။ ဝိလိန္န၊၆၂။

စိတ်စေတသိက် တရားတို့ကို အာရုံ၌ ဆက်စပ်ပေးမှုကိုလည်းပြုသည်။ ဖဿာ စသော အတူဖြစ်ဖော်ဖြစ်ဖက် တရားတို့ကို ဆိုင်ရာကိစ္စများ ရွက်ဆောင်ကြရန်လည်း တိုက်တွန်းနှိုးဆော်ပေးသည်[၁]။

ဤသို့ မိမိကိစ္စ သူတပါးကိစ္စတို့ကို ပြီးစေတတ်သောကြောင့် (ဝါ) မိမိလည်း အာရုံကိုယူတတ်၊ အတူဖြစ်ဖက်တရားတို့ကိုလည်း မိမိကဲ့သို့ အာရုံကိုယူပြီး ဆိုင်ရာကိစ္စကို ဆောင်ရွက်ကြရန်နှိုးဆော်သကဲ့သို့ဖြစ်သောကြောင့် စေတနာကို ခေါင်းဆောင် တပည့်ကြီးနှင့် တူသောတရားဟု အဋ္ဌကထာဋီကာများ၌ ဖွင့်ဆိုကြပေသည်။

ပြုပြင်စီမံပုံ။ ။တနည်းအားဖြင့် စေတနာ စေတသိက်သည် အတူဖြစ်ဖော်ဖြစ်ဖက် တရားတို့ကို ပြုပြင်စီမံတတ်သော သဘော ရှိသည်၊ ဥပမာအားဖြင့် စေတနာ စေတသိက်သည် စစ်ဗိုလ်ချုပ်ကြီးနှင့် တူပါသည်။ စစ်မြေပြင်တွင် တိုက်ပွဲဝင်နေသော စစ်ဗိုလ်ချုပ်ကြီးသည် မိမိကိုယ်တိုင်လည်း ရန်သူများကို တက်တက်ကြွကြွ မနေမနား ကြိုးစား တိုက်ခိုက်သည်၊ နောက်လိုက်ငယ်သား တပည့်စစ်သားများကိုလည်း မိမိ ကဲ့သို့ မနေမနားကြိုးစား တိုက်ခိုက်ကြရန် ပြုပြင်စီမံ ကွပ်ကဲရသည်။ ထို စစ်ဗိုလ်ချုပ်ကြီးနည်းတူ စေတနာစေတသိက်သည် မိမိလည်း အာရုံကိုယူ သည် (ဝါ)အာရုံ၌ယှဉ်စပ်ထားသည်၊ မိမိနှင့်အတူဖြစ်ဖက် စိတ်စေတသိက် တရားတို့ကိုလည်း အာရုံ၌ ယှဉ်စပ်ပေးသည်၊ ထို့အတူ ဖြစ်ဖော်ဖြစ်ဖက် တရားတို့အား ဆိုင်ရာဆိုင်ရာကိစ္စတို့ကို ရွက်ဆောင်ကြရန်လည်း စီမံပေး သည်။

ဤသို့ စီမံတတ်သောကြောင့် စေတနာစေတသိက်ကို စစ်ဗိုလ်ချုပ် ကြီးနှင့် တူသောတရားဟု ဖွင့်ဆိုကြပေသည်။

## (၂) စေတနာ၏ ဆောင်ရွက်မှုကိစ္စ ရသ

မိမိနှင့်အတူ ဖြစ်ဖော်ဖြစ်ဖက် တရားများ ဆိုင်ရာ ကိစ္စများကို ရွက် ဆောင်နိုင်ကြမှု၌ ကြောင့်ကြ ဗျာပါရပြုမှုဟူသော လုပ်ငန်းကိစ္စကို ဆောင်ရွက်ခြင်း သဘောရှိသည်[၂]။

---

၁။ အဋ္ဌသာလိနီအဋ္ဌကထာ၊ ၁၅၅။ ၂။ အဋ္ဌသာလိနီအဋ္ဌကထာ၊ ၁၅၄။

မှန်၏၊ စေတနာစေတသိက်သည် ထိုထိုအာရုံကိုယူရာ၌ မိမိကိုယ်တိုင် အာရုံ၌ယှဉ်စပ်မိဖို့ရန်လည်းကောင်း၊ မိမိနှင့်အတူဖြစ်ဖော်ဖြစ်ဖက် တရားတို့ကိုလည်း ယှဉ်စပ်မိဖို့ရန်လည်းကောင်း လွန်စွာကြောင့်ကြ ဗျာပါရမျှားလှ၏၊ စေတနာသည် ကောင်းမှုကုသိုလ်ကိုပြုရာ၌လည်းကောင်း၊ မကောင်းမှုအကုသိုလ်ကိုပြုရာ၌လည်းကောင်း အလွန်ကြောင့်ကြ ဗျာပါရ များသည်။ ထို့ကြောင့် စေတနာထက်သန်လျှင် ထက်သန်သလောက် ခန္ဓာကိုယ်တခုလုံး သွက်သွက်လက်လက် ထက်ထက်မြက်မြက်ရှိ၍စေတနာသသဘောပေါ်လွင်ထင်ရှားသည်၊ အခြားယှဉ်ဖက်တရားများမှာ စေတနာသဘောလောက် မထင်ရှားကြချေ။

**စေတနာနှင့် လယ်ပိုင်ရှင်။** ။ဥပမာအားဖြင့် စေတနာ စေတသိက်၏ ကြောင့်ကြ ဗျာပါရမျှားပုံသည် လယ်လုပ်သားများနှင့်အတူ ကိုယ်တိုင်ထွက်၍ လယ်ရိတ်သိမ်းသော လယ်ပိုင်ရှင်ကြီးနှင့် တူပေသည်။ လယ်ပိုင်ရှင်ကြီးတို့မည်သည် စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းပြီးသော လယ်ယာသီးနှံများကို ရိတ်သိမ်းရာတွင် မိမိပိုင်ပစ္စည်းများမပျက်မစီး စေရန်၊ အဒသအလွင့်နည်းပါးစေရန်၊ အချိန်မီပြီးစီးရန်၊ "ဥစ္စာရှင်လို ဥစ္စာရှင်ခဲ"ဆိုသလိုလယ်လုပ်သားများထက် ပိုမို၍ကြောင့်ကြ ဗျာပါရ စိုက်ရမည်မှာ ဓမ္မတာဖြစ်ပေသည်။

သို့ဖြစ်၍ လယ်ပိုင်ရှင်သည် ရှေးဦးစွာ လယ်ရိတ်သွားရန် လယ်လုပ်သားများကို ဆော်သြ၍ ခေါ်ဝေါ်စုဆောင်းရ၏၊ ထို့နောက် မိမိနှင့်တပေါင်းတစည်းတည်း လယ်ရိတ် ဆင်းကြသည်၊ ကောက်ရိတ်သည့်အခါ၌လည်း "ယူကြပါ၊ငင်ကြပါ၊ရိတ်ကြပါ"ဟု အမြဲမပြတ် နှိုးဆော်ရ၏။ မည်သည့်နေရာအထိ ရိတ်ရမည်ဟုလည်း အပိုင်းအခြားကို ညွှန်ကြားရ၏။ ကောက်ရိတ်သမားတို့ကြိုးကြိုးစားစား ရိတ်ကြရန် သူတို့အား ထမင်းယမကာ နံ့သာ ပန်းမာလ်စသည်တို့ဖြင့် အလိုက်သိစွာ တိုက်ကျွေးပေးကမ်းရ၏၊ ရိတ်ရမည့် လမ်းကိုလည်းညီမျှအောင် ဆောင်ရွက်ပေးရ၏။

ဟု အဟူ စေတနာ စေတသိက်သည်မိမိနှင့်အတူ ဖြစ်ဖော်ဖြစ်ဖက်တရား ကို အာရုံ၌ယှဉ်စပ်မိရန် လွန်စွာ ကြောင့်ကြဗျာပါရများလှ၏[၁]။

ဤဥပမာ၌ လယ်ပိုင်ရှင်ကြီးသည် စေတနာ စေတသိက်နှင့်တူ၍ ကောက်ရိတ်သမား လယ်လုပ်သားများသည် စေတနာနှင့်အတူ ဖြစ်ကြသည့် တရားများနှင့် တူသည်။ လယ်လုပ်သားများ ကြိုးကြိုးစားစား ကောက်ရိတ်အောင် လယ်ပိုင်ရှင်ကြီး၏ ကြောင့်ကြဗျာပါရ များခြင်းသည် မိမိနှင့်အတူ ဖြစ်ဖော်ဖြစ်ဖက် တရားတို့ အာရုံ၌ ယှဉ်စပ်မိရန် စေတနာ၏ ကြောင့်ကြဗျာပါရများပုံတို့ တူကြပါသည်[၁]။

## (၃) စေတနာ စေတသိက်၏ ပစ္စုပဋ္ဌာန်

စေတနာစေတသိက်သည် ပြုပြင်စီမံတတ်သောတရားဟုလေ့လာရှုမှတ်သူတို့၏ဉာဏ်၌ ရှေးရှုထင်လာသော အခြင်းအရာရှိ၏[၂]။

ရှင်းလင်းချက်—ပစ္စုပဋ္ဌာန်ဆိုသည်မှာ ရှေတွင် ဖော်ပြခဲ့သည့်အတိုင်းပရမတ် သဘောတရားဟုခေါ်၏ သဘောကို ဉာဏ်ဖြင့် သက်ဝင် နက်နက်နဲနဲဆင်ခြင် ရှုမှတ်ဖန် များသည့်အခါ လေ့လာရှုမှတ်သူတို့၏ ဉာဏ်တွင် ထိုပရမတ် သဘောတရား၏ သဘောလက္ခဏာဖြစ်စေ၊ ဆောင်ရွက်သည့်ကိစ္စ ဖြစ်စေ၊ အကျိုးဖြစ်စေ၊အကြောင်းဖြစ်စေ ထင်မြင်လာခြင်းမျိုးဖြစ်သည်။ ယင်းသို့ ထင်မြင်လာခြင်းကို ဥပဋ္ဌာနာကာရ ပစ္စုပဋ္ဌာန်ဟု ခေါ်သည်။ ဤစေတနာ စေတသိက်၏ "ပြုပြင်စီမံတတ်သောတရား" ဆိုသည့် ပစ္စုပဋ္ဌာန်မှာလည်း ဥပဋ္ဌာနာကာရပစ္စုပဋ္ဌာန်မျိုးဖြစ်၍ စေတနာ စေတသိက်၏ လက္ခဏာပိုင်း တွင် ပြခဲ့သော လက္ခဏာသုံးမျိုးအနက် တမျိုးထင်လာခြင်းဖြစ်သည်။

**စေတနာနှင့် လက်သပားသရာကြီး။** ။ယို ကြောင့် လက္ခဏာပိုင်းတွင် ဖော်ပြခဲ့သည့် စစ်ဗိုလ်ချုပ်ကြီး ဥပမာအတိုင်း စေတနာစေတသိက်၏ ပြုပြင်စီမံပုံကို မှတ်သားသင့်ပေ

၁။ အဋ္ဌသာလိနီ အဋ္ဌကထာ၊ ၁၅၄၊၁၅၅။
၂။ အဋ္ဌသာလိနီအဋ္ဌကထာ၊၁၅၅။

သည်။ ဤနေရာတွင် စေတနာစေတသိက်၏ စိမ်ပုံသဘောကို ခေါင်းဆောင် လက်သမားကြီးနှင့်ပမာဆောင်၍ ရှင်းပြပါမည်။ ခေါင်းဆောင်လက်သမားကြီးသည် ခေါင်းဆောင်ဖြစ်သည့်အတိုင်း ထကြွနိုးကြား၊ ကြောင့်ကြမျှပါရမျှားလှ၏၊ မိမိကိုယ်တိုင် သစ်များကို ရွေဘော်ထိုးခြင်း စသည်ကိုပြုသည့်ပြင် လက်အောက်ငယ်သားများကိုလည်း မိမိကဲ့သို့ သစ်များကို ရွေဘော်ထိုးခြင်းစသည့်ကိစ္စများ ဒျက်ဆောင်ရန်စိမ်၏၊

ထို့အတူ စေတနာစေတသိက်သည်လည်း မိမိကိုယ်တိုင်လည်း အာရုံကိုယူ၏၊ အတူဖြစ်ဖော်ဖြစ်ဖက် တရားများကိုလည်း အာရုံ၌ ယှဉ်စပ်၍ ဆိုင်ရာကိစ္စတို့ကိုရွက်ဆောင်ရန် ကြောင့်ကြစိုက်ကာ စိမ်၏။ ဤသို့စေတနာစေတသိက်၏ သဘောလက္ခဏာများကို အဖန်ဖန်အထပ်ထပ် ရှုမှတ်လေ့လာပွါးများသူတို့၏ ဉာဏ်၌ စေတနာစေတသိက်သည် ခေါင်းဆောင်လက်သမားကြီးပမာ ပြုပြင်စိမ်ကတတ်သော သဘောတရားပင်တည်းဟု ထင်မြင်လာတတ်သော သဘောရှိပေသည်[၁]။

## (၄) စေတနာစေတသိက်၏ ပဒဋ္ဌာန်

ပဒဋ္ဌာန်ဆိုသည်မှာ တရားတခု ဖြစ်ပေါ်လာဖို့ရာ အနီးကပ်ဆုံး အကြောင်းတရားပင်ဖြစ်သည်။ ဤ၌ စေတနာစေတသိက်၏အနီးကပ်ဆုံး အကြောင်းတရားဟူသော ပဒဋ္ဌာန်ကား ဝိညာဏ်ခေါ်သောစိတ် ၈၉-ပါး ဖြစ်သည်။

မှန်၏။ စေတနာကား စေတသိက်တရား ဖြစ်သည်၊ စေတသိက် ဆိုသည်မှာ စိတ်နှင့်ကင်း၍ အာရုံကိုမယူနိုင်ချေ။ စိတ်ဖြစ်ပေါ်လာမှ စိတ်ကို အမှီပြု၍ အာရုံကိုယူနိုင်ကြသည်။ စိတ်သည်သာ အချို့သော စေတသိက်များနှင့် ကင်း၍ အာရုံကိုယူနိုင်သည်၊ ထိုစေတနာစေတသိက် သည်လည်း ဝိညာဉ်ခေါ်သော စိတ်ဖြစ်ပေါ်လာမှသာ ဝိညာဉ်ကိုမှီ၍ ဖြစ်ပေါ်လာရသည်။ ထို့ကြောင့် စေတနာစေတသိက် ဖြစ်ပေါ်လာရန်၌ ဝိညာဉ်သည် အနီးကပ်ဆုံးသော အကြောင်း(ပဒဋ္ဌာန်)ဖြစ်ပေသည်။

---

၁။ အဋ္ဌသာလိနီအဋ္ဌကထာ၊ ၁၅၅။

### (၅) စေတနာစေတသိက်၏ နာမည်ထူးများ

စေတနာစေတသိက်သည် ကောင်းမှုကုသိုလ်ကို ပြုလုပ်ရာ၌လည်း ကောင်း၊ မကောင်းမှု အကုသိုလ်ကို ပြုလုပ်ရာ၌လည်းကောင်း ရှေ့တန်းကပါဝင်ရသော စေတသိက်ဖြစ်သည်။ ထို့ကြောင့် ကောင်းမှု မကောင်းမှု ပြုရာတို့၌ မိမိဆောင်ရွက်ရသည့် သဘောသတ္တိအလိုက် စေတနာဟူသော နာမည်မှတပါး အခြားနာမည်ထူးများကိုလည်း ရရှိသေးသည်။ ထိုနာမည်ထူးများမှာ "ကမ္မ၊ ပစ္စယ၊ အာဟာရ၊ သင်္ခါရ၊ ဘဝ၊ ဥာဏ" ဟူသော နာမည်များဖြစ်သည်။စေတနာစေတသိက်၏ ထိုနာမည်ထူးများရပုံကို အနည်းငယ်စီ ရှင်းပြပါမည်။

ကမ္မ။ ။ကမ္မဟူသော ပါဠိကို မြန်မာလို "ကံ"ဟု ခေါ်ကြသည်။ အမှု အလုပ်ဟု အဓိပ္ပာယ်ရ၏။ ထိုအလုပ်သည် ကိုယ်အလုပ်၊ နှုတ်အလုပ်၊ စိတ်အလုပ်ဟူ၍ သုံးမျိုးရှိသည်၊ ကိုယ်အလုပ်ဆိုသည်မှာ လက်ခြေစသောကိုယ်အင်္ဂါတို့ဖြင့် ပြုလုပ်ရသော အမှုကိစ္စများ ဖြစ်သည်။ ဥပမာ—သူ့အသက်ကို ကိုယ်တိုင်သတ်ခြင်း၊ ကိုယ်တိုင်လှူဒါန်းပေးကမ်းခြင်းစသည်တို့ ဖြစ်သည်။

နှုတ်အလုပ်ဆိုသည်မှာ နှုတ်ဖြင့် ပြောဆိုပြုလုပ်ရသော အမှုကိစ္စမျိုး ဖြစ်သည်။ ဥပမာ— သူ့ကိုကြိုးပေးသတ်လိုက်ပါ၊ ဘုရားရှိခိုးပါ စသည်ဖြင့် စေခိုင်းတိုက်တွန်းမှု၊ လိမ်လည်ပြောဆိုမှု၊ စာပေသင်ကြားပို့ချမှု၊ တရားဟောပြောမှု စသည်တို့ဖြစ်သည်။

စိတ်အလုပ်ဆိုသည်မှာ ကိုယ်လည်းမလှုပ် နှုတ်လည်းမပါ စိတ်ထဲ၌သာ တွေးတောကြံစည် စိတ်ကူးမှုများဖြစ်သည်။ ဥပမာ— "ဒီလူသေသွားယင် ကောင်းမှာပဲ" စသည်ဖြင့် မကောင်းကြံခြင်း၊ ပြုခဲ့ဖူးသော ဒါနကုသိုလ်၊ သီလကုသိုလ်တို့ကို ပြန်လည်စဉ်းစားအောက်မေ့ခြင်း၊ ဘုရားဂုဏ်ကို စိတ်ဖြင့် အာရုံပြု ပွားများခြင်း စသည်တို့ ဖြစ်ပါသည်။

အချုပ်ဆိုရသော် ကံဆိုသည်မှာ ကိုယ်အလုပ်၊ နှုတ်အလုပ်၊ စိတ်အလုပ်တို့ပင် ဖြစ်ပါသည်။ (ကမ္မ=ကံ=အလုပ်)

ထိုကိုယ်အလုပ် နှုတ်အလုပ် စိတ်အလုပ်ဆိုသည့် ကံတရားများသည် လှုံ့ဆော်သည့် အကြောင်းတရားမရှိပဲ ဘာသိဘာသာအလိုလို ဖြစ်ပေါ်လာကြသည်မဟုတ်၊ စိတ်နှင့်အတူ အမြဲယှဉ်တွဲဖြစ်ပေါ်နေသည့် စေတနာစေတသိက်တရား၏ လှုံ့ဆော်ပေးမှုကြောင့် ဖြစ်ပေါ်လာကြခြင်း ဖြစ်သည်။ စေတနာသည် ကောင်းကောင်းဆိုးဆိုး အမျိုးမျိုးသော ကိုယ်မှု နှုတ်မှု စိတ်မှုတို့ကို ပြုလုပ်ရာ၌ လိုရင်းပဓာန အချက်အချာကျသော အကြောင်းတရားဖြစ်သည်။ မည်သည့်အလုပ်ကိစ္စမဆို စေတနာမပါလျှင် မထမြောက် မအောင်မြင်နိုင်။ စေတနာပါရှိမှသာ ထမြောက်အောင်မြင်နိုင်သည်။ ထိုကိုယ်မှု နှုတ်မှု စိတ်မှုဟူသော ကံတရားမှန်သမျှစေတနာရှိမှ ဖြစ်ပေါ်လာကြရသောကြောင့်—

> ချစ်သားရဟန်းတို့— စေတနာကို ကံဟူ၍ ငါဘုရားဟောတော်မူ၏၊ စေတနာက စေ့ဆော်တိုက်တွန်းသောကြောင့် ကိုယ်မှု နှုတ်မှု စိတ်မှုတို့ကိုပြုရ၏[၁]—

ဟု ဘုရားရှင် ဟောတော်မူခြင်းဖြစ်သည်။

အမှန်အားဖြင့် ကံဆိုသည်မှာ ကိုယ်မှု နှုတ်မှု စိတ်မှုတို့ကိုပင် ခေါ်ပါသည်။ သို့သော် ထိုကိုယ်မှု နှုတ်မှု စိတ်မှုများသည် စေတနာကြောင့်သာ ထမြောက်အောင်မြင်ကြရသောကြောင့် အကျိုးတရားများဖြစ်သော ကိုယ်မှု နှုတ်မှု စိတ်မှုတို့၏ "ကံ" ဟူသော နာမည်ကိုအကြောင်းရင်း စေတနာပေါ် တင်စား၍ ဖလူပစာရနည်းအားဖြင့် အကြောင်းရင်းစေတနာကိုပင် ကံတရားဟု ခေါ်ရသည်။ ထို့ကြောင့် စေတနာသက်သျှင် ကံထက်၏၊ စေတနာညံ့လျှင် ကံညံ့ရလေသည်[၂]။

ပစ္စယ။ ။ကံအမည်ရသောစေတနာသည် အကျိုးတရားတို့ကိုဖြစ်ပေါ်စေရန်(ဝါ)အတူဖြစ်ဖော် ဖြစ်ဖက်တရားတို့တည်တံ့နိုင်ရန် ကျေးဇူးပြုနိုင်သောကြောင့် အကြောင်းတရားဟူသော အဓိပ္ပာယ်ဖြင့်ထိုစေတနာကို

---

၁။ အံ၊ ၂၊ ၃၆၃။

၂။ မဋ္ဌ၊ ၃၊ ၃၇။ မူလဋီကာ၊ ၁၊ ၇၇။

"ပစ္စယ"ဟုခေါ်ဝေါ်ရသည်။ ထိုပစ္စယသည် နာနာက္ခဏိက ကမ္မပစ္စယ၊ သဟဇာတကမ္မပစ္စယဟု ၂-မျိုးရှိသည်။အကျိုး(ပစ္စယုပ္ပန်)တရားမဖြစ်ပေါ်မီကြိုတင်ဖြစ်ပေါ်၍၊ အကျိုး (ပစ္စယုပ္ပန်)တရားနှင့် ဖြစ်ရာကာလကွဲပြားသောအတိတ်ကုသိုလ် အကုသိုလ်စေတနာ ၃၃-ခုကို နာနာက္ခဏိက ကမ္မပစ္စည်းဟုခေါ်သည်။အကျိုး(ပစ္စယုပ္ပန်)တရားနှင့်ပြိုင်တူဖြစ်ပေါ်လာသော ကုသိုလ်အကုသိုလ် ဝိပါက် ကြိယာ စေတနာအားလုံးကို သဟဇာတကမ္မပစ္စယ ဟုခေါ်သည်[၁]။

နာနာက္ခဏိက ကမ္မပစ္စည်းသည် မိမိဖြစ်ပေါ် ချုပ်ပျောက်ပြီးနောက် ဝိပါက်စိတ်စေတသိက် နာမ်တရားနှင့် ပဝတ္တိ ပဋိသန္ဓေကမ္မဇရုပ် တရားတို့အား ဖြစ်ပေါ်တည်တံ့စေသောအားဖြင့် ကျေးဇူးပြုသည်၊ သဟဇာတကမ္မပစ္စည်းသည် ပြိုင်တူဖြစ်ဖက်စိတ်စေတသိက်နာမ်တရားနှင့် စိတ္တဇပဋိသန္ဓေကမ္မဇရုပ်တို့အား ဖြစ်ပေါ်တည်တံ့ စေသောအားဖြင့် ကျေးဇူးပြုသည်။ ကုသိုလ် အကုသိုလ် စေတနာ ၃၃-ခုသည် သဟဇာတကမ္မသတ္တိဖြင့်လည်းကောင်း၊ နာနာက္ခဏိကကမ္မသတ္တိဖြင့် လည်းကောင်း ကျေးဇူးပြုသည်၊ ဝိပါက်ကြိယာ စေတနာသည်ကား သဟဇာတကမ္မသတ္တိဖြင့်သာ ကျေးဇူးပြုသည်[၂]။

နာနာက္ခဏိကကမ္မစေတနာသည် မိမိဖြစ်ပေါ် ချုပ်ပျောက်သွားပြီးဖြစ်သော်လည်း ဂတိ ဥပဓိ ကာလ ပယောဂ စသောအခြားအကြောင်းများနှင့် ပေါင်းဆုံညီညွတ်လျှင် ဝိပါက်စိတ် စေတသိက်နာမ်တရားနှင့် ပဝတ္တိပဋိသန္ဓေကမ္မဇရုပ်အကျိုးတရားတို့ဖြစ်ပေါ်လာစေရန် မိမိဖြစ်ပေါ်ရာ ပုဂ္ဂိုလ်၏ခန္ဓာအစဉ်၌ သတ္တိထူးကိုမြှုပ်နှံထားသကဲ့သို့သော သတ္တိထူးမျိုးရှိ၏[၃]။

---

၁။ အဘိ၊ဋ္ဌ၊၁။၃၄၉။
၂။ အဘိ၊ဋ္ဌ၊၁။၃၇၅။ မူလဋီ၊၁-၁၇၂။ အနုဋီ၊၁။၂၇၂။ ပရမတ္ထဒီပနီ၊၃၉၁။
၃။ မူလဋီ၊၁။၁၇၂။ အနုဋီ၊၁။၂၇၂။ ပရမတ္ထဒီပနီ၊၃၉၁။

ထို့ကြောင့် နာနာက္ခဏိက ကမ္မစေတနာသည် ဖြစ်ပေါ်ချုပ်ပျောက်ပြီး၍ထင်ရှားမရှိတော့သော်လည်း နောင်အခါဝယ်ကမ္ဘာ့ပေါင်းကုဋေများစွာ ကွာခြားစေကာမူအကျိုးတရားများဖြစ်ပေါ်လာစေရန်စွမ်းဆောင်နိုင်ပေသည်။ ဥပမာ ရှေးရှေး သင်ယူထားသော အတတ်ပညာသည် ဖြစ်ပေါ် ချုပ်ပျောက်ပြီး၍ ထင်ရှားမရှိသော်လည်း နောက်နောက် သင်ယူသော အတတ်ပညာများ တိုးတက်ဖြစ်ပွားစေရန် စွမ်းဆောင်နိုင်သကဲ့သို့ ဖြစ်ပေသည်[၁]။

အာဟာရ။ ။မိမိနှင့် စပ်ဆိုင်သော အကျိုးတရားတို့ကို လွန်စွာဆောင်တတ်၊ လွန်စွာအားထုတ်ပေးတတ်၊ လွန်စွာကျေးဇူးပြုတတ်သော အကြောင်းတရားကို ပါဠိလို "အာဟာရ"ဟု ခေါ်၏၊ ထိုအာဟာရအမည်ရသော တရားကား ကဗဠီကာရ အာဟာရစသော အားဖြင့် လေးပါးရှိပေသည်။ထိုလေးပါးတွင် စေတနာသည်လည်း "မနောသဉ္စေတနာဟာရ"ဟူသောနာမည်ဖြင့် ပါဝင်၏၊စေတနာသည်ငှက်စသော သတ္တဝါတို့၏ အတောင်နှင့် တူပေသည်။ ငှက်စသော သတ္တဝါတို့သည် အတောင်ရှိ၍သာ သစ်ပင် တပင်မှ တပင်သို့၊ တောတခုမှ တခုသို့ လှည့်လည်ပြီး မိမိတို့ခန္ဓာကိုယ်ကို ထိန်းကျောင်း မွေးမြူနိုင်ကြ၏။ အကယ်၍ ထိုသတ္တဝါများ၌ အတောင်မရှိခဲ့ပါလျှင် မပျံသန်းနိုင်ကြပဲ သေကြဖို့သာ ရှိပေသည်[၂]။

ထို့အတူသတ္တဝါအပေါင်းတို့၌လည်း အတောင်နှင့်တူသော စေတနာရှိ၍သာ စေတနာ၏ လှုံ့ဆော်တိုက်တွန်းမှုကြောင့် ကံကြီး ကံငယ်အသွယ်သွယ်တို့ ဖြစ်ပေါ်လာကြပြီးလျှင် ဘဝတခုမှ ဘဝတခုသို့၊ ဘုံတခုမှ ဘုံတခုသို့ လှည့်လည်နိုင်ကြပေသည်။ အကယ်၍ စေတနာမရှိပါက ကံတရားလည်း မပေါ်လာနိုင်၊ ကံတရားမပေါ်ပါက အကျိုးဝိပါကဝဋ်လည်း မဖြစ်လာနိုင်၊ အကျိုးဝိပါကဝဋ် မဖြစ်လာကလည်း ယုံဝိပါကဝဋ်အတွင်း၌

---

၁။ အဘိ၊ဋ္ဌ၊၁၊၃၇၄။

၂။ မ၊ဋ္ဌ၊၁၊၂၁၀-၂၁၄။

ထောက်တည် ကိန်းအောင်းနေကြသည့် ကိုလေသာဝဋ်တို့လည်း မရှိနိုင်၊ ထိုအခါ ဝဋ်သုံးပါး ပြတ်သွားဖို့ရာပင် ဖြစ်သည်။ ထို့ကြောင့် ဝဋ်သုံးပါး၌ ကျင်လည်နေရမှုသည် စေတနာ၏ အစွမ်းသတ္တိဖြစ်ကြောင်း သိသာထင်ရှားပေသည်၊ ထို့ကြောင့် စေတနာသည် အာဟာရဆိုသည့် နာမည်ထူး တမျိုးကို ရရှိခြင်း ဖြစ်သည်[၁]။

မနောသဉ္စေတနာဟာရ အမည်ရသော စေတနာသည် ကာမပဋိသန္ဓေဝိညာဉ်ဟူသော ကာမဘဝ၊ ရူပပဋိသန္ဓေဝိညာဉ်ဟူသော ရူပဘဝ၊ အရူပပဋိသန္ဓေဝိညာဉ်ဟူသော အရူပဘဝအားဖြင့် ဘဝသုံးပါးကို ဖြစ်စေသည်။ ထိုမနောသဉ္စေတနာဟာရ၌ ကြောက်မက်ဖွယ်ရာ ဘေးကြီးတခုရှိသည်၊ ထိုဘေးကြီးကား သံသရာဝဋ်ဒုက္ခများပြည့်နှက်လျက်ရှိသော ဘဝသုံးပါးကို ဖြစ်စေနိုင်သည့်ကုသိုလ်, အကုသိုလ်ကံတို့ကို ပြုလုပ်အားထုတ်မိခြင်းပင် ဖြစ်သည်။ ထိုပြုလုပ် အားထုတ်မိခြင်းကြောင့် ဘဝ ၃-ပါးကို ရရှိကာ အမျိုးမျိုးသော သံသရာဝဋ်ဒုက္ခကို ရရှိခံစားကြရပေသည်[၂]။

မနောသဉ္စေတနာဟာရကို မီးကျီးတွင်း ဥပမာဖြင့် နှိုင်းယှဉ် မှတ်သားသင့်၏။ အခိုးအလျှံမရှိ ရဲရဲညီးသော မီးကျီးခဲတို့ဖြင့် ပြည့်နေသော မီးကျီးတွင်းသို့ အသက်ရှည်ကြာ အနာမဲ့လျက် ချမ်းချမ်း သာသာ နေလိုသော ယောကျ်ားတယောက်ကို ခွန်အားကြီးသည့်ယောကျ်ားနှစ်ယောက်တို့က ဆွဲငင်တွန်းချသကဲ့သို့ မနောသဉ္စေတနာဟာရခေါ် ကုသိုလ် အကုသိုလ်စေတနာသည် ပြုလုပ်အားထုတ်သူ ဗာလပုထုဇဉ်တို့ကို ဘဝ (၃) ပါးသို့သာ ဆွဲငင် တွန်းချပေးသည်။ ဤဥပမာ၌ မီးကျီးတွင်းနှင့် ဘဝ ၃-ပါး၊ ချမ်းသာစွာ နေလိုသော ယောကျ်ားနှင့် ဝဋ်တရားကို လိုလားတောင့်တသူ ဗာလပုထုဇဉ်၊ ဆွဲငင်တွန်းချသူ ယောကျ်ား ၂-ယောက်နှင့် ကုသိုလ်အကုသိုလ် စေတနာ၊ ဆွဲငင်ရာအခါနှင့် ကုသိုလ် အကုသိုလ် စေတနာကို ပြုလုပ်အားထုတ်ရာအခါတို့ တူကြသည်[၃]။

---

၁။ ပရမတ္ထသံခိပ်ဋီကာ၊ဒု၊၃၀၅-၆။ ၂။ သံဋ္ဌ၊၂၊၂၄-၂၆။

၃။ မဋ္ဌ၊၁။၂၁၇။ သံဋ္ဌ၊၂။၁၀၄။

ဤ၌ ထူးခြားသော အကြောင်းတရားဖြစ်သည့် ဘဝ ၃-ပါးကို ဖြစ်စေနိုင်သော လောကီကုသိုလ် အကုသိုလ် စေတနာ ၂၉-ခုကိုသာ မနောသဉ္စေတနာဟာရဟု ဆိုရသော်လည်း သာမညအားဖြင့် ယှဉ်ဘက်စိတ် စေတသိက်နာမ်တရားနှင့် စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်တို့ကို ဖြစ်စေနိုင်သော ကုသိုလ် အကုသိုလ် ဝိပါက်ကိရိယာ စေတနာအားလုံးကိုလည်း မနောသဉ္စေတနာဟာရဟုပင် ခေါ်ဆိုထိုက်ပေသည်[၁]။

မနောသဉ္စေတနာဟာရသည် ဘဝ ၃-ပါးကို ဖြစ်စေ၏ဟု ဆိုရာ၌ သုတ္တန်နည်းအားဖြင့်သာ ဆိုခြင်းဖြစ်သည်။ အဘိဓမ္မာပဋ္ဌာန်း ပါဠိတော်၌ကား တပြိုင်နက် အတူတကွ ဖြစ်ကြသည့် စိတ် စေတသိက်နာမ်တရားနှင့် စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်တရားတို့ကို ဖြစ်စေနိုင်သည့် သဟဇာတ စေတနာသည်သာ "အာဟာရပစ္စည်း" အဖြစ်ဖြင့်လာရှိ၍ အတူတကွ မဖြစ်ပဲ နောက်မှ ဖြစ်ပေါ်လာမည့် အကျိုးတရားတို့ကို ဖြစ်စေနိုင်သော နာနာက္ခဏိကစေတနာသည် "အာဟာရပစ္စည်း"အဖြစ်ဖြင့် မလာရှိပေ[၂]။

ဤသို့အားဖြင့် စေတနာသည် မနောသဉ္စေတနာဟာရဟူသော နာမည်ဖြင့် "အာဟာရ"ဟူသော နာမည်ထူးကို ရရှိပေသည်။

သင်္ခါရ။ ။စေတနာ စေတသိက်သည် ကမ္မ ပစ္စယ အာဟာရဟူသော နာမည်ထူးများအပြင် "သင်္ခါရ"ဟူသော နာမည်ထူးကိုလည်း ရရှိသေးသည်။ အကျိုးဖြစ်သော ရုပ်နာမ် သင်္ခတတရားစုကို ပြုပြင် စီမံတတ်သည့် အကြောင်းတရားကို ပါဠိလို "သင်္ခါရ"ဟုခေါ်သည်။ ထိုသင်္ခါရမည်သော တရားသည် တရားကိုယ်အားဖြင့် လောကီကုသိုလ် စေတနာ ၁၇-ခု၊ အကုသိုလ်စေတနာ ၁၂-ခု၊ ပေါင်း ၂၉-ခု ဖြစ်သည်။ ထိုစေတနာ၏ လှုံ့ဆော်စီမံမှုကြောင့် မကောင်းသောကိုယ်မှု နှုတ်မှု စိတ်မှုတို့သည်လည်းကောင်း၊ ကောင်းသောကိုယ်မှု နှုတ်မှု စိတ်မှုတို့သည် လည်းကောင်း ဖြစ်ပေါ်လာကြရသည်။

---

၁။ အဘိဋ္ဌ၊၁။၁၉၇။ မဋ္ဌ၊၁။၂၁၃။
၂။ ပရမတ္ထဒီပနီ။၃၅၀။

ထိုကောင်းမကောင်းသော ကုသိုလ်ကံ အကုသိုလ်ကံ များကြောင့် ဒုဂ္ဂတိဘုံ သုဂတိဘုံများ၌ ငရဲသား တိရစ္ဆာန် ပြိတ္တာ အသူရကာယ် လူ နတ် စသည်တို့ ဖြစ်လာရခြင်းဆိုသည့် အကျိုးတရားများ ဖြစ်ပေါ်လာရသည်။ ထိုသို့အကျိုးဖြစ်သော ရုပ်နာမ်ဘဝအစုများ ဖြစ်ပေါ်လာအောင် စိမ့်ဖန်တီးပေးလိုက်သည့် ဝရားကား "အရင်းစစ် အမြစ်မြေက" ဆိုသကဲ့သို့ စေတနာဟူသော အရင်းခံမူလဘာရားပင် ဖြစ်ပါသည်။ ထို့ကြောင့် စေတနာစေတသိက်ကို "သင်္ခါရ" ဟူသော နာမည်ထူး တမျိုးဖြင့် ဟောတော်မူထားခြင်းဖြစ်ပါသည်။

ဘဝ (ကမ္မဘဝ)။ ။ရှင်တော်ဗုဒ္ဓသည် ပဋိစ္စသမုပ္ပါဒ် ဝိဘင်းပါဠိတော် စသည်၌ စေတနာ စေတသိက်ကို "ဥပါဒါန-ပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ" ဟူ၍ ဘဝဟူသောနာမည်တမျိုး ဖြင့် ဟောတော်မူထားပေသည်၊ အဓိပ္ပါယ်မှာ ဆိုခဲ့ပြီးသော လောကီကုသိုလ် ၁၇-ပါး၊ အကုသိုလ်စိတ် ၁၂-ပါး၊ ပေါင်း ၂၉-ပါး၌ ရှိသော လောကီကုသိုလ် အကုသိုလ်စေတနာ ၂၉ ပါးသည် ဝိပါက်နာမက္ခန္ဓာ၊ ကမ္မဇ ရုပ်ဟူသော အကျိုးတရားတို့ ဖြစ်ပေါ်ကြောင်း ဖြစ်သောကြောင့် ဘဝဟူသောနာမည်ကိုရသည်။ အားကြီးသော တဏှာဒေါ်သည့် ဥပါဒါန် ကြောင့် ထိုဘဝဖြစ်လာရသည်။ ထိုဘဝဟူသော အကြောင်းကြောင့် ဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ်ဟူသော ဇာတိဖြစ်လာရသည်ဟု ဆိုလိုပေသည်[၁]။

တနည်းအားဖြင့် ဘဝဆိုသည်မှာ ကံကြောင့်ဖြစ်ပေါ်လာသည့်အကျိုး ရုပ် နာမ်တရားတို့၏ အမည်ဖြစ်သည်။ သို့သော် အကျိုးရုပ်နာမ်တရား တို့၏ ဘဝဟူသောနာမည်ကို အကြောင်းစေတနာကံ၌ တင်စား၍ ဖလူ ပစာရနည်းအားဖြင့် အကြောင်းကံကို ဘဝဟုခေါ်ပေသည်[၂]။

---

၁။ ဝိဘာဝိနီဋီကာ၊ ၂၃၆၊

၂။ အဘိ၊ဋ္ဌ၊ ၂။ ၁၇၄။

ဘဝကား ကမ္မဘဝ၊ ဥပပတ္တိဘဝဟု နှစ်မျိုးရှိ၏။ လောကီကုသိုလ် အကုသိုလ်စေတနာ ၂၉-ပါးကို ကမ္မဘဝခေါ်၍ ထိုစေတနာ ကမ္မဘဝ ကြောင့် ဖြစ်ပေါ်လာသော လောကီဝိပါက် နာမက္ခန္ဓာ ကမ္မဇရုပ်များကို ဥပပတ္တိဘဝဟု ခေါ်ပါသည်။ ဤနေရာ၌ ဘဝဆိုသည်မှာ ဤဘဝနှစ်မျိုး တွင် ကမ္မဘဝပင်ဖြစ်ပါသည်။

သင်္ခါရနှင့်ဘဝအထူး။ ။သင်္ခါရနှင့်ဘဝသည် စေတနာကိုချည်းကောက် ယူရသော်လည်း ထူးခြားကွဲပြားမှုရှိပေသည်။ မှန်၏၊ ပစ္စုပ္ပန်ပဋိသန္ဓေ၏ အကြောင်းဖြစ်သော အတိတ်စေတနာသည် သင်္ခါရမည်၏၊ အနာဂတ်ပဋိသန္ဓေ၏ အကြောင်းဖြစ်သော ပစ္စုပ္ပန်စေတ-နာသည် ဘဝမည်၏။ တနည်းအားဖြင့် စေတနာသက်သက်သည် သင်္ခါရ မည်၏၊ စေတနာ ထိုစေတနာနှင့်အတူ ဖြစ်သောဝိပါက်စေတသိက်တို့သည် ဘဝမည်၏[၁]။

တနည်းအားဖြင့် ထိုထိုကုသိုလ် အကုသိုလ်ကိုးကို ပြုလုပ်ရာ၌ အထ မမြောက်မီ ရှေ့အဖို့၌ဖြစ်သော ပုဗ္ဗစေတနာသည် သင်္ခါရမည်၏၊ အထ မြောက်သော မုဉ္စစေတနာသည် ဘဝမည်၏၊ တနည်းသော်ကား ဇော ၇-ကြိမ်တွင် ရှေ့ဇော ၆-ကြိမ်နှင့် ယှဉ်သော စေတနာသည် သင်္ခါရမည်၏။ သတ္တမဇောနှင့်ယှဉ်သောစေတနာသည် ဘဝမည်၏[၂]။

ဒါန။ ။စေတနာသည် ဖော်ပြပါနာမည်များအပြင် "ဒါန"ဟူသော နာမည်ကိုလည်း ရသေးသည်။ ဒါနဟူသော ပါဠိသည် ပေးကမ်း လှူဒါန်းကြောင်း (ဝါ) လှူဖွယ်ပစ္စည်းကို စွန့်လွှတ်ကြောင်း တရားဟုအဓိပ္ပါယ်ရသည်။ထိုတရားကား စေတနာစေတသိက်ပင်ဖြစ်သည်။ ထိုစေတနာစေတသိက်၏လှုံ့ဆော်မှုကြောင့် ပေးကမ်းစွန့်ကြဲလှူဒါန်းမှုဆို သည့် ကံတရားပေါ်လာရသည်။ ထိုစေတနာမျိုးရှိမှ ဒါနမှု အထမြောက်

၁။ အဘိ၊ဋ္ဌ၊၂။၁၇၅။
၂။ အဘိ၊ဋ္ဌ၊၂။၁၀၂-၃။ ဒုလာဋီ၊၂။၁၂၃၊

သည်၊ ထို ကြောင့်လှူဖွယ်ဝတ္ထုပစ္စည်းတို့ကို ပေးကမ်းလှူဒါန်းသောသူ၏ သန္တာန်၌ ထိုဝတ္ထုပစ္စည်းတို့ ဖြစ်ရကာလမှစ၍ မလှူမီရှေးအဖို့၌ဖြစ်စေ၊ လှူဒါန်းပေးကမ်းဆဲ၌ဖြစ်စေ၊ လှူဒါန်းပေးကမ်းပြီးနောက်၌ဖြစ်စေအချိန် သုံးမျိုးလုံး၌ ဖြစ်ပေါ်လာသော စေတနာသည် ဒါနခေါ် "ပုညကိရိယာဝတ္ထုမည်၏" ဟု အဋ္ဌသာလိနီ အဋ္ဌကထာ၌ ဖွင့်ဆိုထားခြင်းဖြစ်သည်[၁]။

၂။ စေတနာစေတသိက် အမျိုးမျိုးပြားပုံ

စေတနာ ၂ မျိုး[၂]။ ။စေတနာစေတသိက်သည် သဘောလက္ခဏာအားဖြင့် မိမိနှင့်အတူ ဖြစ်ဖော်ဖြစ်ဖက် ဖဿစသောတရားတို့ကို အာရုံတွေ့ထိမှုစသော ကိစ္စအသီးသီး၌ နှိုးဆော် တိုက်တွန်းမှု သဘောတမျိုးတည်းသာ ရှိသော်လည်း အကျိုးတရားကို ဖြစ်ပေါ်လာစေနိုင်မှု အကျိုးတရားကို မဖြစ်ပေါ်လာနိုင်စေမှုသဘောအားဖြင့်–

(၁) သဝိပါက စေတနာ၊

(၂) အဝိပါက စေတနာ–

ဟူ၍ နှစ်မျိုးနှစ်စား ကွဲပြားပါသည်။

ထိုတွင် သဝိပါကစေတနာဆိုသည်မှာ ကောင်းကျိုး မကောင်းကျိုး နှစ်မျိုးလုံးကို ဖြစ်ပွါးပေါ်ပေါက်လာစေနိုင်သည့် စေတနာမျိုးဖြစ်သည်။ (သ=ရှိသော+ဝိပါက=အကျိုးတရား)။ ထိုစေတနာသည် ကုသိုလ်စိတ် ၂၁ မျိုး, အကုသိုလ်စိတ် ၁၂-မျိုးတို့နှင့်အတူ ယှဉ်တွဲ ဖြစ်ပေါ်လာသော စေတနာ ၃၃-မျိုး ဖြစ်သည်။ ကုသိုလ်စိတ်နှင့် အတူ ဖြစ်ပေါ်လာသော ကုသိုလ်စေတနာ ၂၁-မျိုးသည် ကောင်းမွန်သော ပဋိသန္ဓေကျိုး ပဝတ္တိကျိုး နှစ်မျိုးလုံးကိုထိုက်သလို ဖြစ်ပေါ်စေသည်။ ထို့အတူ အကုသိုလ်စိတ်များနှင့်အတူ ဖြစ်ပေါ်လာသောအကုသိုလ်စေတနာ ၁၂-မျိုးသည်လည်း မကောင်းသောပဋိသန္ဓေကျိုး ပဝတ္တိကျိုးနှစ်မျိုးလုံးကို ထိုက်သလိုဖြစ်ပေါ်စေသည်။

---

၁။ အဘိဋ္ဌ၊၁။ ၂၀၁-၂။ ၂။ အဘိဋ္ဌ၊၃။ ၂၃၀။

အဝိပါကစေတနာကား ပဋိသန္ဓေအခါ၌လည်းကောင်း၊ ပဝတ္တိအခါ၌လည်းကောင်း အကျိုးတရား ဖြစ်ပွားစေမှုမရှိသော စေတနာမျိုးတည်း။ (အ=မရှိ+ဝိပါက=အကျိုးတရား) ထိုစေတနာသည် ဝိပါက်စိတ် ၃၆-ခု ကြိယာစိတ် ၂၀-တို့ ဖြစ်သည့်အခါ အတူယှဉ်တွဲပါလာသော စေတနာ ၅၆-မျိုး ဖြစ်သည်။

သဝိပါက စေတနာ ၂-မျိုး[၁]။ ။သဝိပါက စေတနာသည်လည်း အကျိုးပေး မြဲမမြဲအားဖြင့်–

၁။ ဓုဝဝိပါက စေတနာ၊

၂။ အဓုဝဝိပါက စေတနာ–

ဟူ၍ နှစ်မျိုးရှိပြန်သည်။

ထိုတွင် ဓုဝဝိပါကစေတနာဟူသည် အကျိုးပေးမြဲသော စေတနာမျိုး ဖြစ်သည်  (ဓုဝ=မြဲသော+ဝိပါက=အကျိုးတရား) အကျိုးပေးမြဲခြင်း ဆိုသည်မှာ ထိုစေတနာ ဖြစ်ပေါ်ပြီးသည်၏ အခြားမဲ့ကာလ၌ ပဋိသန္ဓေကျိုး ပဝတ္တိကျိုးတို့ကို မုချဧကန်သတ် ကေန်အကျိုးပေးခြင်း သဘောပင် ဖြစ်သည်။ ထိုစေတနာသည်လည်း–

၁။ ပဉ္စာနန္တရိယ စေတနာ၊

၂။ မဟဂ္ဂုတ်စေတနာ၊

၃။ မဂ်စေတနာ၊

၄။ နိယတမိစ္ဆာဒိဋ္ဌိစေတနာ-

ဟူ၍ လေးမျိုးရှိသည်။

ထိုတွင် ပဉ္စာနန္တရိယစေတနာဟူသည်မှာ မိခင်ကိုသတ်ခြင်း (မာတုဃာတက) ဖခင်ကိုသတ်ခြင်း (ပိတုဃာတက) ရဟန္တာအရှင်မြတ်ကို သတ်ခြင်း (အရဟန္တဃာတက) ဘုရားရှင်အား သွေးစိမ်းတည်အောင်

---

၁။ အဘိ၊ဋ္ဌ၊၁။၇၉၃။ အနုဋီ၊၁။၁၈၁။

ပြုလုပ်ခြင်း (လောဟိတုပ္ပါဒက) သံဃာအချင်းချင်း သင်းခွဲခြင်း (သံဃဘေဒက) ငါးမျိုးတွင် တမျိုးမျိုးကို ပြုလုပ်အားထုတ်ရာ၌ ပါဝင်သော အကုသိုလ်စေတနာမျိုး ဖြစ်သည်။

မဟဂ္ဂုတ်စေတနာဆိုသည်မှာ ရူပကုသိုလ်ဈာန် ၅-ပါး၊ အရူပကုသိုလ်ဈာန် ၄-ပါး၊ပေါင်း မဟဂ္ဂုတ်ကုသိုလ်ဈာန် ၉-ပါးနှင့်အတူ ယှဉ်တွဲဖြစ်ပေါ်သော မဟဂ္ဂုတ်ကုသိုလ်စေတနာ ၉ ပါးဖြစ်သည်။ ရူပစိတ် အရူပစိတ်များကို မြင့်မြတ်သောစိတ်များ ဖြစ်သောကြောင့် ပါဠိလို မဟဂ္ဂတခေါ်၍ မြန်မာလို မဟဂ္ဂုတ်ဟု ပြန်ဆိုကြသည်။ (မဟာ=မြင့်မြတ်ခြင်းသို့+ဂတ=ရောက်သောစိတ်=မဟဂ္ဂတ=မြင့်မြတ်ခြင်းသို့ ရောက်သော မဟဂ္ဂုတ်စိတ်–)။

မဂ်စေတနာဆိုသည်မှာ သောတာပတ္တိမဂ်စိတ်၊ သကဒါဂါမိမဂ်စိတ်၊ အနာဂါမိမဂ်စိတ်၊ အရဟတ္တမဂ်စိတ်တို့နှင့် အတူယှဉ်တွဲဖြစ်ပေါ်လာသည့် စေတနာမျိုးဖြစ်သည်။

နိယတမိစ္ဆာဒိဋ္ဌိစေတနာကား ဘုရားပေါင်းများစွာ ချွတ်ကုစား၍ မရအောင် အယူမှားကို ခိုင်မြဲစွာယူသော ဒိဋ္ဌိနှင့်အတူဖြစ်သည့် စေတနာမျိုးဖြစ်သည်။ သက္ကာယဒိဋ္ဌိစသော အယူမှားသည့် ဒိဋ္ဌိများအနက် နတ္ထိကဒိဋ္ဌိ၊ အဟေတုကဒိဋ္ဌိ၊ အကိရိယဒိဋ္ဌိဟူသော ဒိဋ္ဌိကြီးသုံးမျိုးသာ ကမ္မပထမြောက်၍ အပါယ်ပဋိသန္ဓေကျိုးကို ပေးနိုင်သည်။

အဇိတတိက္ကဆရာကြီးတို့ကဲ့သို့ ပေးကမ်းလှူဒါန်းခြင်းသည် အကျိုးမရှိ စသည်ဖြင့် အကျိုးတရားကိုပယ်သော အယူသည် နတ္ထိကဒိဋ္ဌိဖြစ်သည်။ မက္ခလိဂေါသာလပိဋ္ဋကို ဆရာကြီး ယူသကဲ့သို့ အကြောင်းလည်း မရှိ၊ အကျိုးလည်းမရှိဟု အကြောင်းကျိုး နှစ်မျိုးလုံးကို ပယ်သောအယူသည် အဟေတုကဒိဋ္ဌိဖြစ်သည်။ ပုရာဏကဿပ ဟိုဆရာကြီး၏ အယူကဲ့သို့ ကောင်းမှု မကောင်းမှုကို ပြုသော်လည်း ပြုသည်မမည်။ ပြုရာမရောက်ဟု အကြောင်းကံကို တားမြစ်သောအယူသည် အကိရိယဒိဋ္ဌိဖြစ်သည်။ ထို ဆရာကြီးတို့၏ ယူဆပုံသည် မှားသောအယူ ဖြစ်သောကြောင့် မိစ္ဆာဒိဋ္ဌိ

မည်၏။ ထိုအယူ၌ ဘုရားရှင်ချွတ်မရလောက်အောင် ခိုင်မြဲသောကြောင့် နိယတဟုခေါ်၏။ ထိုခိုင်မြဲသောအယူမှား (နိယတမိစ္ဆာဒိဋ္ဌိ) နှင့်အတူဖြစ်သော စေတနာကို နိယတမိစ္ဆာဒိဋ္ဌိ စေတနာဟုခေါ်သည်။

ဤဆိုအပ်ခဲ့ပြီးသော ကုသိုလ်စေတနာ အကုသိုလ်စေတနာ ၄-မျိုးမှ တပါးသော ကုသိုလ်စေတနာ အကုသိုလ်စေတနာတို့ကား အကျိုးပေးမမြဲသောကြောင့် အဓုဝဝိပါက စေတနာများ ဖြစ်ပါသည်။

စေတနာ ၃-မျိုး။ ။စေတနာကို—

၁။ ကာယသဉ္စေတနာ၊

၂။ ဝစီသဉ္စေတနာ၊

၃။ မနောသဉ္စေတနာ-

ဟု ကျမ်းဂန်များ၌ သုံးမျိုးခွဲခြားပြထားသေးသည်။

ထိုတွင် ကာယသဉ္စေတနာဆိုသည်မှာ ကာယဒွါရ (ကိုယ်)၌ ဖြစ်သော စေတနာ (ဝါ) ကာယဝိညတ်ကို ဖြစ်စေသော စေတနာဖြစ်သည်။ ထိုစေတနာသည်လည်း အကုသိုလ် ကာယသဉ္စေတနာ၊ ကုသိုလ်ကာယသဉ္စေတနာဟု နှစ်မျိုးပြားသည်။

သူ့အသက်သတ်မှု သူ့ဥစ္စာခိုးယူမှု သူ့သားမယား ကျူးလွန်မှုတို့ကို ဖြစ်စေတတ်သော စေတနာသည် အကုသိုလ်ကာယသဉ္စေတနာမည်၏။ ထိုသုံးပါးမှ ရှောင်ကြဉ်မှုကို ဖြစ်စေတတ်သော စေတနာသည် ကုသိုလ် ကာယသဉ္စေတနာမည်၏။

ဝစီသဉ္စေတနာမှာသည်း ဝစီဒွါရ(နှုတ်)၌ဖြစ်ပေါ်သောစေတနာ(ဝါ) ဝစီဝိညတ်ကိုဖြစ်ပေါ်စေသော စေတနာပင်တည်း။ ထိုဝစီသဉ္စေတနာသည်လည်း အကုသိုလ်ဝစီသဉ္စေတနာ၊ ကုသိုလ်ဝစီသဉ္စေတနာဟု နှစ်မျိုးပြားသည်။

---

၁။ အဘိ၊၂၊၁၄၂။ အဘိ၊၄။၂၉၀။ အံ၊၃၊၂။၃၄၇။

လိမ်လည်ပြောဆိုမှု၊ ချောပြစ်ကုန်းတိုက်မှု၊ ကြမ်းတမ်းစွာဆဲရေးတိုင်းထွာမှု၊ အကျိုးမရှိသောစကားပြောဆိုမှုတို့ကို ဖြစ်စေတတ်သောစေတနာသည် အကုသိုလ်ဝစီသဉ္စေတနာမည်၏။ ထိုလေးပါးမှ ရှောင်ကြဉ်မှုကိုဖြစ်စေတတ်သော စေတနာသည် ကုသိုလ်ဝစီသဉ္စေတနာမည်၏။

မနောသဉ္စေတနာဆိုသည်မှာ မနောဒွါရ၌ဖြစ်ပေါ်လာသောစေတနာဖြစ်သည်။ ထိုစေတနာသည်လည်း အကုသိုလ်မနောသဉ္စေတနာ၊ ကုသိုလ်မနောသဉ္စေတနာဟု နှစ်မျိုးရှိသည်။ ထိုတွင် သူတပါးစည်းစိမ်ဥစ္စာကို မိမိစည်းစိမ်ဥစ္စာဖြစ်စေလိုမှု (အဘိဇ္ဈာ)၊ သူတပါးကို ပျက်စီးစေလိုမှု (ဗျာပါဒ)၊ မှားယွင်းသော အယူဝါဒကို လက်ခံယုံကြည်မှု (မိစ္ဆာဒိဋ္ဌိ) တို့ကို ဖြစ်စေတတ်သောစေတနာသည် အကုသိုလ်မနော သဉ္စေတနာမည်၏၊ သူတပါးစည်းစိမ်ဥစ္စာကို မိမိဥစ္စာပဖြစ်စေလိုခြင်း (အနဘိဇ္ဈာ)၊ သူတပါးကို မပျက်စီးစေလိုခြင်း (အဗျာပါဒ)၊ မှန်ကန်သော အယူဝါဒကို လက်ခံယုံကြည်ခြင်း (သမ္မာဒိဋ္ဌိ)တို့ကို ဖြစ်စေတတ်သော စေတနာသည် ကုသိုလ်မနောသဉ္စေတနာမည်၏။

ဤစေတနာသုံးမျိုးကိုပင် ကံသုံးမျိုးဟု ခေါ်ပါသည်။ ကာယသဉ္စေတနာသည် ကာယကံ၊ ဝစီသဉ္စေတနာသည် ဝစီကံ၊ မနောသဉ္စေတနာသည် မနောကံဖြစ်ပါသည်။

တနည်းအားဖြင့် စေတနာသည် ပေးကမ်းလှူဒါန်းခြင်း ဒါနအရာ၌-

၁။ ပုဗ္ဗ စေတနာ၊

၂။ ပုဉ္ဉ စေတနာ၊

၃။ အပရစေတနာ-

ဟူ၍ စေတနာသုံးမျိုးရှိသည်။

ထိုတွင် လှူဒါန်းပေးကမ်းမည်ဟု ကြံစည်သည်မှစ၍ (ဝါ) လှူဖွယ်ဝတ္ထုမရှိသေးလျှင် လှူဖွယ်ဝတ္ထုကို ရှာဖွေစုဆောင်းသည်မှစ၍ ''လှူပါ၏''ဟု မဆိုမီ၊ မစွန့်လွှတ် မဆက်ကပ်မီ ရှေးအဖို့၌ ဒါနနှင့်ဆက်သွယ်၍

ဒွါရသုံးပါးလုံး၌ ဖြစ်ဖြစ်သမျှကုသိုလ်စေတနာများကို ပုဗ္ဗစေတနာဟုခေါ်သည်။ မဆက်ဆပ် မလှူဒါန်းမီ ရှေးအဖို့၌ဖြစ်သော်လည်း ဒါနကိစ္စနှင့် မဆက်သွယ်ပဲ အခြားကိစ္စအတွက်ဖြစ်သော စေတနာများကို ပုဗ္ဗစေတနာဟု မခေါ်ရချေ။ (ပုဗ္ဗ=မလှူမီ ရှေးအဖို့၌ဖြစ်သော+စေတနာ=စေတနာ)။

မုဉ္စစေတနာ ဆိုသည်မှာ အလှူခံပုဂ္ဂိုလ်၏လက်သို့ အလှူဝတ္ထုကို ဒေမိ=လှူဒါန်းပါ၏ဟု လျှောက်ဆဲ ဆက်ဆပ်ပေးကမ်းဆဲ စွန့်လွှတ်လှူဒါန်းဆဲအခိုက်မှာဖြစ်သော စေတနာမျိုးဖြစ်သည်။ အလှူဒါန ပြီးဆုံးသည့်အခိုက်၌ဖြစ်သော စေတနာဖြစ်၍ ထိုစေတနာကို သန္နိဋ္ဌာနစေတနာဟုလည်း ခေါ်ပါသည်။ (မုဉ္စ=လှူဆဲကာလ၌ ဖြစ်သော+စေတနာ=စေတနာ)။

အပရစေတနာကား-လှူဒါန်းပေးကမ်း စွန့်ကြဲပြီးသည့်နောက် ထိုဒါနကို အဖန်ဖန် မပြတ်ဆင်ခြင်အောက်မေ့မှု၊ ဝမ်းသာအားရဖြစ်မှုများ၌ ပါဝင်သော ကုသိုလ်စေတနာမျိုးဖြစ်ပေသည်။

ထိုစေတနာသုံးတန် ထက်သန်ညီညွတ်နေခြင်းကို အလှူဒါနပြည့်စုံခြင်း (ယညသမ္ပဒါ)ဟု ခေါ်သည်။ ယင်းစေတနာသုံးတန်၏ ပြည့်စုံခြင်း (ယညသမ္ပဒါ)သည် မျက်မှောက်ဘဝ၌ပင် လက်ငင်း အကျိုးပေးနိုင်သော တရားသဖြင့်ရရှိသော လှူဖွယ်ဝတ္ထုပစ္စည်း၏ ပြည့်စုံခြင်း (ပစ္စယသမ္ပဒါ)စသည့် သမ္ပဒါလေးပါးတို့တွင် တပါးအပါအဝင်ဖြစ်သည်[၁]။

**စေတနာသုံးတန်နှင့် ပဋိသန္ဓေကျိုး**

ထိုစေတနာသုံးပါးတွင် ပုဗ္ဗစေတနာ၊ အပရစေတနာတို့သည် မုဉ္စစေတနာထက်သန် မွန်မြတ်ခြင်း၏ အကြောင်းသာဖြစ်သောကြောင့် မုဉ္စစေတနာသည်သာ ပဋိသန္ဓေကျိုးကိုပေးသည်။ ပုဗ္ဗစေတနာ အပရစေတနာတို့သည်ကား ပဋိသန္ဓေအကျိုးကို မပေးနိုင်။ ပဝတ္တိအကျိုးကိုသာ

၁။ အဘိဋ္ဌ၊၁။၂၀၆။

ပေးစွမ်းနိုင်၏။ ထို ကြောင့် ဥပရိပဏ္ဏာသ အင်္ဂုတ္တရ၊ စူဠကမ္မဝိဘင်္ဂ သုတ်အဖွင့်၌ "ဆုံးဖြတ်သော သန္နိဋ္ဌာနစေတနာ၏ အစွမ်းကြောင့်လည်း နတ်ပြည်တိုင်၌ဖြစ်ရ၏။ ပုဗ္ဗစေတနာ အပရစေတနာတို့ကြောင့် ဆိုအပ်ပြီး သောနည်းဖြင့်အသက်ရှည်ခြင်းဖြစ်ပေသည်" ဟူသောအဆိုကို ကိုးကား၍ ကေတုမာလာဘိဓဇသော ရာဇဂုရုဘွဲ့တံဆိပ်တော်ရ စလင်းဆရာတော် ဘုရားကြီး ဆုံးဖြတ်တော်မူပေသည်။

ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးကမူ စေတနာသုံးပါးတွင် မည်သည့်စေတနာမဆို အားကောင်းလျှင် ပဋိသန္ဓေကျိုးကိုပေးနိုင်သည်ဟု ပရမတ္ထဒီပနီအမည်ရှိသော သင်္ဂဟမဟာဋီကာ၌ ဖွင့်ဆိုထားပေသည်။

စေတနာသုံးတန်ပြည့်ဝသော သုမနပန်းသည်[၁]။

ဗိမ္ဗိသာရမင်းအား နေ့စဉ် ပန်းဆက်သရသော သုမနပန်းသည် ယောကျ်ားသည် တနေ့တွင် မင်းကြီးအား ပန်းဆက်သရန်လာရာ ရောင် ခြည်တော်ခြောက်သွယ်ဖြင့် တင့်တယ်စွာဆွမ်းခံဝင်တော်မူလာသည့်ဘုရား ရှင်အား ဖူးမြင်ရသည့်အခါ အလွန်ကြည်ညိုသဖြင့် မင်းအားဆက်သရန် ယူဆောင်လာသည့် ပန်းရှစ်ဆုပ်ကို ပေးလှူလိုက်လေသည်။ ပေးလှူပြီး နောက် စိတ်သဲတွင်ကြည်နူးဝမ်းမြောက်နေပေသည်။ထိုစေတနာ သုံးတန် ထက်သန် ပြည့်ဝသော ပန်းဒါနကြောင့် ထိုနေ့မှာပင် ဆင်ရှစ်စီး၊ မြင်းရှစ်စီး၊ ကျွန်ယောကျ်ားရှစ်ယောက်၊ ကျွန်မိန်းမရှစ်ယောက်၊ ကောင်း မြတ်သောအဆင်း တန်ဆာရှစ်မျိုး၊ အသပြာရှစ်ထောင်၊ မင်းမျိုးမှပေး ဖွားသည့် အမျိုးသမီးရှစ်ယောက်၊ ရွာကြီးရှစ်ရွာ ဟူသော ရှစ်မျိုးရှစ်လီ သောဆု 'သဗ္ဗဋ္ဌကဒါန' ကိုရရှိသည်။ ထိုဘဝမှစုတေပြီး နောက် ကမ္ဘာတ သိန်းပတ်လုံး ဒုဂ္ဂတိဘဝသို့မလားရပဲလူ နတ်စည်း စိမ်တို့ကို ခံစားပြီးလျှင် နောက်ဆုံးဘဝ၌ သုမနမည်သော ပစ္စေကဗုဒ္ဓါအဖြစ်ဖြင့် ပရိနိဗ္ဗာန်ဝင်စံ ရပေသည်။

---

၁။ ဓမ္မပဒ၊ ဋ္ဌ၊ ၁။ ၃၀၄-၃၁၀။

### ပုပ္ဖစေတနာ၏အကျိုး[၁]

စေတနာသုံးတန်ပြည့်စုံသည်ကို မဆိုထားဘိ မိမိ၏ ပစ္စည်း ဥစ္စာကို မပေးလှူမီ ပုဗ္ဗစေတနာဖြစ်ရုံမျှဖြင့်ပင် ကြီးမြတ်သောအကျိုးကို ရရှိနိုင်သည်။ ရာဇဂြိုဟ်ပြည်၌ အမျိုးသမီးတယောက်သည် ဝါဝင်းသော သပွတ်ခါးပန်းလေးပွင့်ကို စေတီတော်အားတင်လှူရန် အိမ်မှထွက်ခဲ့သည်။စေတီတော်သို့မရောက်မီလမ်းခရီးအကြား၌ နွားမကြီးဝှေ့သဖြင့်ထိုအမျိုးသမီးမှာ စုတေရှာသည်။ ထိုအမျိုးသမီးကလေးမှာ စေတီတော်အား ပန်းလှူမှုအထမမြောက်သော်သည်း တင်လှူလိုသော ပုဗ္ဗစေတနာကြောင့် တာဝတိံသာ နတ်ပြည်၌ သိကြားမင်း၏ အခြံအရံနတ်သမီးဖြစ်ရသည်။ ထိုနတ်သမီးသည်သိကြားမင်း၏ရံရွေတော်နတ်သမီး အပေါင်းတို့တွင် ရွှေသားအဆောင် ဝင်းပါတောက်ပြောင်သော ကိုယ်ရောင်ကိုယ်ဝါတို့ဖြင့် အခြား နတ်သမီး တို့ထက်သာလွန်သော နတ်သမီး တယောက်ဖြစ်ရသည်။

### ပုဗ္ဗစေတနာချို့တဲ့ခဲ့သော ပဉ္စပါပိ နှင့် ပင်းကုသ

စေတနာသုံးတန်တွင် ပုဗ္ဗစေတနာချို့တဲ့ချွတ်ယွင်းပါလျှင် ပဋိသန္ဓေ၌ ဆင်းရဲနွမ်းပါးခြင်း၊ ရုပ်ဆင်းအဂ်ါမလှခြင်းစသော အကျိုးများ ဖြစ်ရတတ်သည်။ဘုရားရှင်လက်ထက်တော်က အဘေ့အယ် ဗာရာဏသီအရပ်၌ ထင်ရှား ကျော်ကြားသည့် ဆင်းရဲသူမကလေး ပဥ္စပါပိသည် ရှေးတခုသောဘဝ၌ ဆင်းရဲသူမကလေးဖြစ်၍ မြေညက်များကို နယ်ပြီး အိမ်နံရံများကို လိမ်းကျံရသော အလုပ်ကိုလုပ်၏။ ၎င်းနေ့တွင် ပစ္စေကဗုဒ္ဓါတပါးသည် ကုဋီကျောင်းလိမ်းကျံရန် မြေညက်လိုသဖြင့် သပိတ်ပိုက်ကာ ထိုဆင်းရဲသူမကလေးအနီးတွင် လာရပ်သည်။ထိုအခါ ဆင်းရဲသူမကလေးက "ဒီကိုယ်တော်ကြီးဟာ မြေညက်တောင်းဖို့ အလှူခံတယ်" လို့ ဒေါသစိတ်ဖြင့် ပြောကြားပြီး မျက်စောင်းထိုး၍ကြည့်နေသည်။ သို့သော်လည်း မလှုပ်မရှက်

---

၁။ ဝိမာန။ ၆၂။ ဝိမာန၊ ၄၊ ၁၀၄။

ငြိမ်သက်စွာ ရပ်မြဲရပ်နေသည်ကို မြင်ရသည့်အခါ တဖန် ကြည်ညိုစိတ်ဖြစ်ပေါ်လာပြီး ပစ္စေကဗုဒ္ဓါ အရှင်မြတ်၏ သပိတ်ထဲသို့ မြေညက်ခဲကြီးကို ထည့်၍ စေတနာထက်သန်စွာဖြင့် လှူဒါန်းလိုက်လေသည်။

ထိုဆင်းရဲသူမကလေးသည် ပဉ္စပါပီဘဝ ရောက်သောအခါ မြေညက်လှူခဲ့သောဒါန စေတနာကြောင့် ကိုယ်အတွေ့ အလွန်ကောင်းသော အမျိုးသမီးကလေးဖြစ်ရသော်လည်း မလှူမီ ရှေ့အဖို့၌ ဒေါသစိတ်ဖြင့် မကောင်း ပြောကြားမှု ကြည့်မှု ဆိုသည့် ပုဗ္ဗစေတနာချို့တဲ့မှုကြောင့် လက်၊ ခြေ၊ ပါးစပ်၊ မျက်စိ၊ နှာခေါင်း အင်္ဂါငါးပါးလုံး အချိုးအစားမကျ အရုပ်ဆိုးလှသော အမျိုးသမီးကလေး ဖြစ်ရလေသည်[၁]။

ဘုရားအလောင်းတော် ကုသမင်းသည် ကုသမင်းမဖြစ်မီဘဝတခု၌ မိမိအတွက် ဝေစုရသောမုန့်ကို မရိုးဖြစ်သူက ပစ္စေကဗုဒ္ဓါတပါးအား ပေးလှူလိုက်ရာ အမျက်ထွက်ပြီး မုန့်ကိုပြန်၍လုယူလိုက်သည်။ နောက်မှ ထိုမုန့်ကို ပစ္စေကဗုဒ္ဓါအား ပြန်လှူသည်။ မုန့်ကိုလှူခဲ့သော ဒါနစေတနာကြောင့် တန်ခိုးကြီးသော မင်းတပါး ဖြစ်ရသော်လည်း ပုဗ္ဗစေတနာချို့တဲ့ ပျက်ကွက်ခဲ့သောကြောင့် ရုပ်ဆိုးသူ ဖြစ်ရလေသည်[၂]။

## အပရစေတနာချို့တဲ့သော အပုတ္တကသဌေးကြီး[၃]

အပရစေတနာ ချို့တဲ့ခဲ့လျှင် ကောင်းမြတ်သော အသုံးအဆောင် ပစ္စည်းဘဏ္ဍာတို့ မိမိလက်ဝယ်၌နေလင့်ကစား ထိုပစ္စည်းဘဏ္ဍာများကို မသုံးစွဲလိုခြင်း မသုံးစွဲရခြင်းစသော မကောင်းကျိုးများ ဖြစ်ရတတ်လေသည်။ ရှေးအခါက အပုတ္တကမည်သော သဌေးသည် တဂ္ဂရသိခိအမည်ရှိသော ပစ္စေကဗုဒ္ဓါအား ဆွမ်းလှူရန် မှာကြားသွား၏။ အရပ်တပါးမှ ပြန်လာ၍ ဇနီးဖြစ်သူ သောင်းလှူလိုက်သည့် မွန်မြတ်သော ဘောဇဉ်ကို မြင်ရသည့်အခါ "ဤမွန်မြတ်သော ဘောဇဉ်ကို ငါ၏ အစေအပါးကျေး

၁။ ဇာတကဋ္ဌ၊၅။၄၇၅-၄၇၆။ ၂။ ဇာတကဋ္ဌ၊၅။၃၀၆။
၃။ သံ၊၁။၉၂။ သံ၊ဋ္ဌ၊၁၊၁၄၇-၈။

ကျွန်များအား ကျွေးမွေးလိုက်လျှင် ကောင်းပေမည်၊ အလုပ်သမား ကျေးကျွန်များသည် ဤဘောဇဉ်ကို စားရသည့်အတွက် ငါ့အမှုကိစ္စများကို ပြုလုပ်ကြလိမ့်မည်။ ဤ့ရဟန်းကား မိမိနေရာသို့ပြန်ပြီး ဤဘောဇဉ်ကိုစားကာ အိပ်နေပေလိမ့်မည်”ဟု နှလုံးမသာမယာဖြစ်ကာ အပရစေတနာ ချို့ယွင်းခဲ့လေသည်။

ထိုသဌေးသည် ပစ္စေကဗုဒ္ဓါအား ဆွမ်းလှူခဲ့သော ဒါနစေတနာကြောင့် နတ်ပြည်၌ နတ်သား ၇ ကြိမ်၊ လူ့ပြည်၌ သဌေး ၇-ကြိမ်ဖြစ်ရသည်။ အပရစေတနာ ချို့တဲ့ပျက်ကွက်ခဲ့သောကြောင့် စည်းစိမ်ဥစ္စာ ရတနာ သုံးဆောင်ဖွယ်ရာ အဖြာဖြာတို့နှင့် ပြည့်စုံသည့် သဌေးကြီးဖြစ်ရသော်လည်း ထိုမွန်မြတ်သည့် ပစ္စည်းဥစ္စာ အသုံးအဆောင်တို့ကို မသုံးစွဲရက်ပဲ ဆန်ကွဲထမင်းနှင့် ပုန်းရည်ဟင်းကိုသာ စား၍ သုံးစပ်, စပ်ချုပ်ထားသော ပိုက်ဆံလျှော်အဝတ်ကိုသာ ဝတ်ဆင်သည်၊ သွားသည့်အခါ၌လည်း သစ်ရွက်ထီးမျှကိုသာ ဆောင်းကာ ရထားအို ရထားဟောင်းကလေးဖြင့် သွားရလေသည်။

## ကုသိုလ်ကံအကုသိုလ်ကံနှင့် စေတနာသုံးတန်[၁]

ဒါနပြုရာ၌ ပုဗ္ဗ၊ မုဉ္စ၊ အပရစေတနာသုံးမျိုး အကြိမ်များစွာ ဖြစ်ပေါ်သကဲ့သို့ အခြားသော ပုညကြိယာဝတ္ထု၊ သုစရိုက်မှု၊ ဒုစရိုက်မှုတို့ကို ပြုလုပ်ရာ၌လည်း ထိုစေတနာသုံးမျိုးတို့ အကြိမ်များစွာ ဖြစ်ပေါ်လေ့ရှိပေသည်၊ သို့ဖြစ်၍ ကုသိုလ်မှု အကုသိုလ်မှု တခုခုကိုပြုလုပ်ရာ၌ ပုဗ္ဗ မုဉ္စ အပရစေတနာ သုံးမျိုးရနိုင်သည်သာ ဖြစ်ပေသည်။ ယင်းစေတနာ သုံးမျိုးတွင် မုဉ္စစေတနာကို သန္နိဋ္ဌာပက စေတနာဟုလည်း ခေါ်သည်။

တနည်းအားဖြင့် စေတနာသည် မိမိဆိုင်ရာအကျိုးတရားကို အထူးသဖြင့် ပြုပြင်ခိုင်းခြင်း“အဘိသင်္ခါရ”ကိုစွဲ၍–

၁။ ပုညာဘိသင်္ခါရ၊

---

၁။ အဘိ၊ဋ္ဌ၊၁။၂၀၁-၂။မ၊ဋ္ဌ၊၄။၁၇၉-၁၈၀။

၂။ အပုညာဘိသင်္ခါရ၊

၃။ အာနေဉ္ဇာဘိသင်္ခါရ–

ဟု ၃-မျိုးရှိသည်။

ထိုသုံးမျိုးတွင် ကာမကုသိုလ်စိတ် ၈-ပါးနှင့်အတူဖြစ်သော ကာမကုသိုလ်စေတနာ ၈-ပါး၊ ရူပကုသိုလ်စိတ် ၅-ပါးနှင့်အတူဖြစ်သော ရူပကုသိုလ်စေတနာ ၅-ပါး၊ ပေါင်း စေတနာ ၁၃-ပါးသည် "ပုညာဘိသင်္ခါရ" မည်၏။ အကုသိုလ်စိတ် ၁၂-ပါးနှင့်အတူဖြစ်သောအကုသိုလ်စေတနာ ၁၂-ပါးသည် "အပုညာဘိသင်္ခါရ" မည်၏။ အရူပကုသိုလ်စိတ်၄-ပါးနှင့်အတူဖြစ်သော အရူပကုသိုလ်စေတနာ ၄-ပါးသည် "အာနေဉ္ဇာဘိသင်္ခါရ" မည်၏[၁]။

ပုညာဘိသင်္ခါရ အပုညာဘိသင်္ခါရ ၂-ပါးတို့၌ ကာယသင်္ခါရ ဝစီသင်္ခါရ စိတ္တသင်္ခါရ သုံးပါးစုံ ရနိုင်ဖြစ်နိုင်ကြသော်လည်း အာနေဉ္ဇာဘိသင်္ခါရ၌ကား စိတ္တသင်္ခါရတပါးသာ ဖြစ်နိုင်ပါသည်[၂]။

ဤဖော်ပြခဲ့ပြီးသော သင်္ခါရတို့သည် "အဝိဇ္ဇာပစ္စယာ သင်္ခါရာ" ပါဠိတော်အရ အဝိဇ္ဇာကြောင့် ဖြစ်ပေါ်ကြသည်။ အဝိဇ္ဇာမရှိလျှင် ထိုသင်္ခါရတရားများ မဖြစ်ပွားနိုင်ချေ၊ မှန်၏၊ အဝိဇ္ဇာမကင်းသေးသော ပုဂ္ဂိုလ်တို့သည်သာ ပုညာဘိသင်္ခါရ အပုညာဘိသင်္ခါရ အာနေဉ္ဇာဘိသင်္ခါရတို့ကို ပြုလုပ်အားထုတ်သည့်ကြသည်၊ အဝိဇ္ဇာကင်းပြီးသော ရဟန္တာပုဂ္ဂိုလ်များမှာမူ ထိုပုညာဘိသင်္ခါရ အပုညာဘိသင်္ခါရ အာနေဉ္ဇာဘိသင်္ခါရတို့ကို မပြုလုပ် အားမထုတ်ကြတော့ချေ[၃]။

ချဲ့ပြဦးအံ့–တကွဲ့သင်းရဲအမှန်ဟူသော ဒုက္ခသစ္စာနှင့် ထိုဒုက္ခသစ္စာဖြစ်ပေါ်လာကြောင်းတဏှာသိုသည့် သမုဒယသစ္စာတို့ကိုမသိမှု အဝိဇ္ဇာတရားကြောင့်သာသံသရာဝဋ်ဆင်းရဲကိုဆင်းရဲဟုမသိမြင်ပဲချမ်းသာဟု မှတ်ဆင်

---

၁။ အဘိ၊၂။၁၃၃၊၄၂၃။ အဘိ၊ဋ္ဌ၊၂၊၁၃၄-၁၃၆၊

၂။ အဘိ၊ဋ္ဌ၊၂။၁၃၇။

၃။ ဝိသုဒ္ဓိ၊၂။၁၆၃။ အဘိ၊ဌ၊၂။၁၃၀။

ကာဝဋ်ဆင်းရဲကို ဖြစ်စေတတ်သည့် ကုသိုလ် အကုသိုလ်သင်္ခါရတို့ကို ပြုလုပ်အားထုတ်ကြသည်။ သံသရာဝဋ်ဆင်းရဲ၏ ချုပ်ငြိမ်းရာအမှန် နိဗ္ဗာန်ဟူသော နိရောဓသစ္စာနှင့် ထိုနိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်း လမ်းကောင်း လမ်းမှန်ဖြစ်သော မဂ္ဂသစ္စာတို့ကို မသိမှုအဝိဇ္ဇာကြောင့် သံသရာဝဋ်ဆင်းရဲ၏ ချုပ်ငြိမ်းရာမဟုတ်သော ဗြဟ္မာ့ပြည်စသော ဘုံထူးများကို ဝဋ်ဆင်းရဲ၏ ချုပ်ငြိမ်းရာနိဗ္ဗာန်ဟု မှတ်ထင်၍လည်းကောင်း၊ နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်းမဟုတ်သော ကြက် ငှက် ဆိတ်နွား စသော သတ္တဝါများကို သတ်ဖြတ်၍ ယင်ပူဇော်မှုစသည်ကို နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်း အကျင့်မှန်ဟု မှတ်ထင်၍လည်းကောင်း၊ ဝဋ်ဆင်းရဲ၏ ချုပ်ငြိမ်းရာကို တောင့်တကာ ကုသိုလ် အကုသိုလ်သင်္ခါရတို့ကို ပြုလုပ်အားထုတ်ကြသည်။

တနည်းအားဖြင့် ပဋိသန္ဓေနေခြင်း, အိုခြင်း, နာခြင်း, သေခြင်းစသော ဘေးများဒုက္ခတို့ဖြင့် ရောပြွမ်းနေသည့် လူ့ဘဝ လူ့ခန္ဓာ နတ်ဘဝ နတ်ခန္ဓာဟူသော သံသရာဝဋ်ဆင်းရဲကို ဆင်းရဲဟု မသိမြင် ချမ်းသာဟုမှတ်ထင်ကာ လူ့ဘဝ လူ့ခန္ဓာ, နတ်ဘဝ နတ်ခန္ဓာကို ရရှိရန် ကာမကုသိုလ်ဟုခေါ်သော ပုညာဘိသင်္ခါရကို ပြုလုပ်အားထုတ်ကြသည်။ ဥပမာ–နတ်သမီးအလိုရှိသောသူသည် နဘ်တောင်ဟုခေါ်သော ဖောင်ကမ်းပါးသို့ ခုန်ချသကဲ့သို့ဖြစ်သည်။

ကမ္ဘာပေါင်း ရာထောင်ချီ၍ အသက်ရှည်ကြသော ရူပဗြဟ္မာဘဝ ရူပဗြဟ္မာ့ခန္ဓာသည် အလွန်မြင့်မြတ်သာသည်ဟု ဆိုရသော်လည်း နောက်ဆုံးတွင် ဖောက်ပြန်ပျက်စီးရခြင်း (ဝိပရိဏာမ) ဒုက္ခသဘော၊ သာယာနှစ်သက်ဖွယ်မရှိခြင်း အသာဒသဘောတို့ရှိနေကြပေသည်။ ယင်းသဘောတို့ကို မသိမြင်သောကြောင့် ရူပဗြဟ္မာဘဝ ရူပဗြဟ္မာ့ခန္ဓာကိုရရှိရန် ရူပကုသိုလ်ခေါ်သော ပုညာဘိသင်္ခါရကို ပြုလုပ်အားထုတ်နေကြခြင်း ဖြစ်

သည်။ဥပမာ်အားဖြင့်သတ္တဝါတို့သည် မီးလျှံကိုတိုးနေကြသောပိုးဖလံတို့နှင့်လည်းကောင်း၊ပျားရည်ကိုစုံမက်သဖြင့် ပျားရည်လူးထားသောသန်လျက်သွားကို လျှာဖြင့်လျက်သူနှင့်လည်းကောင်း လွန်စွာတူလှပေသည်။

သူ့အသက်သတ်မှု သူ့ဥစ္စာခိုးယူမှုစသော ဒုစရိုက်မှုများသည် အပြစ်များစွာရှိသော်လည်း အပြစ်ကို မသိမြင်သောသူသည် အသက်မွေးမှု၏ ချမ်းသာကြောင်းဟု မှတ်ထင်သောကြောင့်လည်းကောင်း၊ လောဘ ဒေါသ စသော ကိလေသာနှိပ်စက်သောကြောင့်လည်းကောင်း၊အကုသိုလ်ခေါ်သော အပုညာဘိသင်္ခါရကို ပြုလုပ်အားထုတ်ကြသည်။ ဥပမာ–မသိနားမလည်သေးသော ကလေးငယ်ကလေးသည် မစင်ပျော့ကိုကိုင်ဆော့ကစားသကဲ့သို့ လည်းကောင်း၊ သေလိုသောသူသည် အဆိပ်သောက်သကဲ့သို့လည်းကောင်းဖြစ်သည်။

ကမ္ဘာပေါင်း သောင်းနှင့်ချီ၍ အသက်ရှည်ကြသော အရူပဗြဟ္မာ့ဘဝ အရူပဗြဟ္မာ့ခန္ဓာ၌ သင်္ခါရဒုက္ခသဘော ဝိပရိဏာမဒုက္ခသဘောကို မသိမြင်သောသူသည် အရူပဗြဟ္မာ့ဘဝ အရူပဗြဟ္မာခန္ဓာသည် သေကျေပျက်စီးမှုမရှိ၊ မြဲစွာတည်နေ၏ဟု မှားသောအယူဖြင့် ယူဆယုံကြည်ကာ အရူပဗြဟ္မာ့ဘဝ အရူပဗြဟ္မာ့ခန္ဓာကို ရရှိရန် အရူပကုသိုလ်ခေါ်သော အာနေဉ္ဇာဘိသင်္ခါရကို ပြုလုပ်အားထုတ်ကြသည်။ ဥပမာ– မျက်စိလည်လမ်းမှားသောသူသည် ဘီလူးတို့နေထိုင်ရာမြို့သို့ ဖြောင့်စွာသွားသောလမ်းခရီးကို လိုက်မှားမိသကဲ့သို့ဖြစ်သည်[၁]။

ဆည်းပူးအားထုတ်ပြုလုပ်ထားသော သင်္ခါရရှိက ဝိညာဉ်ခေါ်သော အကျိုးတရားများဖြစ်ပေါ်လာမြဲဖြစ်သည်။ ဆည်းပူးအားထုတ် ပြုလုပ်ထားသော သင်္ခါရမရှိက ဝိညာဉ်ခေါ်သော အကျိုးတရားများ မဖြစ်ပေါ်နိုင်။ မှန်၏၊ ကာမပုညာဘိသင်္ခါရကြောင့် ကာမသုဂတိ ၇-ဘုံ၌ အဟိတ်ကုသလဝိပါက် ၈-ပါး၊ မဟာဝိပါက် ၈-ပါး ပေါင်း ၁၆-ပါးသော

---

၁။ အဘိ၊ဋ္ဌ၊၂၊၁၃၈။

ဝိညာဉ်တရားများဖြစ်ပေါ်လာရသည်။ ရူပပုညာဘိသင်္ခါရကြောင့်ရူပဘုံ၌ ရူပဝိပါက် ၅-ပါးဟူသော ဝိညာဉ်တရားများဖြစ်ပေါ်လာရသည်။ အပုညာဘိသင်္ခါရကြောင့် အပါယ် ၄-ဘုံ၌ အကုသလဝိပါက် ၇-ပါးဟူသော ဝိညာဉ်တရားများဖြစ်ပေါ်လာကြရသည်။ အာနေဉ္ဇာဘိသင်္ခါရကြောင့် အရူပဘုံ၌ အရူပဝိပါက် ၄-ပါးဟူသော ဝိညာဉ်တရားများ ဖြစ်ပေါ်လာကြရသည်[၁]။

## ကိစ္စအားဖြင့် စေတနာ ၄-မျိုး

စေတနာမည်သော ကံတရားသည် မိမိဆောင်ရွက်သည့်ကိစ္စကိုလိုက်၍-

၁။ ဇနကကံ = အကျိုးအပြစ်ကိုဖြစ်စေသောကံ၊

၂။ ဥပတ္ထမ္ဘကကံ= အထောက်အကူပေးသောကံ၊

၃။ ဥပပီဠကကံ = နှိပ်စက်သောကံ၊

၄။ ဥပဃာတကကံ= သတ်ဖြတ်သောကံ-

ဟူ၍ ၄-မျိုးရှိသည်။

## ဇနကကံ

(၁) ထိုတွင် ပဋိသန္ဓေအခါ ပဝတ္တိအခါတို့၌ ဝိပါက်နာမက္ခန္ဓာ၊ကမ္မဇရုပ်၊ကမ္မပစ္စယဥတုဇရုပ်တို့ကို ဖြစ်စေတတ်သော ကုသိုလ် အကုသိုလ် စေတနာသည် "ဇနကကံ" မည်၏။ ခွဲဦးအံ့-ထိုဇနကကံသည် ပဋိသန္ဓေအခါ၌ ပဋိသန္ဓေစိတ် စေတသိက် ကမ္မဇရုပ်များကိုလည်းကောင်း၊ နတ်ပြည်၌ နတ်ဘုံ၏ဘုံဗိမာန်များ၊ ငရဲပြည်၌ သင်ခုန်းစက်စသော ကမ္မပစ္စယဥတုဇရုပ်များကိုလည်းကောင်း ဖြစ်စေနိုင်ပါသည်[၂]။

ပဝတ္တိအခါ၌ ဒွေပဉ္စဝိညာဉ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ တဒါရုံ မဟာဝိပါက် စသော နာမ်ဝိပါက်များကိုလည်းကောင်း၊စိတ်ဖြစ်တိုင်း ဖြစ်တိုင်း ကမ္မဇရုပ်များကိုလည်းကောင်းဖြစ်စေပါသည်။ အထူးအားဖြင့် အကုသိုလ်

---

၁။ အဘိ၊ဋ္ဌ၊၂။ ၁၄၃-၄၊ ၁၅၇-၁၊ ၂။ အံ၊ဋ္ဌ၊၂။၁၀၉။မ၊ဋ္ဌ၊၄။၁၇၈။

ဇနကကံကြောင့် တိရစ္ဆာန်ဘုံ၌ နဂါး ဂဠုန် စသည် ဖြစ်ရသော်ငြားလည်း ပဝတ္တိအခါတွင် လူပသောအဆင်းနှင့် ဘုံဗိမာန် စသည်တို့ကိုရရှိအောင် ပဝတ္တိကုသိုလ်ဇနကကံကဖြစ်စေပါသည်။ ကုသိုလ်ဇနကကံကြောင့် လူ့ဘုံ၊ နတ်ဘုံ စသည်တို့၌ဖြစ်ရသော်ငြားလည်း ပဝတ္တိအခါ ရုပ်ဆင်းအင်္ဂါလုပခြင်းမရှိအောင်၊ ဝေမာနိကပြိတ္တာတို့ကဲ့သို့ နေ့၌ ချမ်းသာသုခကို ခံစားရသော်လည်း ညအခါတွင် ဆင်းရဲဒုက္ခခံရအောင် ပဝတ္တိဇနကကံက ဖြစ်စေပေသည်[၁]။

ထိုဇနကကံသည် ကမ္မပထမြောက်မှသာ ပဋိသန္ဓေအကျိုး ပဝတ္တိအကျိုးနှစ်မျိုးလုံးကို ပေးစွမ်းနိုင်သည်။ ကမ္မပထမမြောက်လျှင် ပဝတ္တိအကျိုးမျှကိုသာပေးသည်ဟု ပရမတ္ထဒီပနီမဟာဋီကာ၌ ဆို၏။ သို့ရာတွင် အင်္ဂုတ္တိုရ်အဋ္ဌကထာ၊ ဒုတိယအုပ်၊ နိဒါနသုတ်အဖွင့်၌ကား ဇနကကံသည် ပဋိသန္ဓေအကျိုးကိုသာဖြစ်စေနိုင်၍ ပဝတ္တိအကျိုးကို မဖြစ်စေနိုင်ဟုဆိုသေး၏။

## ဥပတ္ထမ္ဘကကံ

ဥပတ္ထမ္ဘကကံဆိုသည်မှာ ဇနကကံကို လည်းကောင်း၊ ဇနကကံ၏ အကျိုးကို လည်းကောင်း ကူညီထောက်ပံ့ပေးသော ကုသိုလ် အကုသိုလ်စေတနာများ ဖြစ်ပါသည်။ ထိုစေတနာများသည်–

(က) ဇနကကံကို အကျိုးပေးခွင့်ရအောင်လည်း ကူညီထောက်ပံ့သည်။

(ခ) အကျိုးပေးခွင့်ရသည့် ဇနကကံကို အကျိုးပေး ထက်သန်အောင်လည်း ကူညီထောက်ပံ့သည်။

(ဂ) ဇနကကံ၏ အကျိုးကို ကြာရှည်စွာ တည်တံ့အောင်လည်း ကူညီထောက်ပံ့သည်[၂]။

---

၁။ ပရမတ္ထဒီပနီမဟာဋီကာ၊ ၂၀၉။

၂။ ပရမတ္ထဒီပနီဋီကာ၊ ၂၀၇၊၉။ အံဋ္ဌ၊ ၂။၁၀။

## ဇနကကံကို အမျိုးမျိုးထောက်ပံ့ပုံ

ချဲ့ဦးအံ့–သေခါနီးအချိန်၌ ကုသိုလ်ဇောစောလျှင် နောက်ဘဝ၌ ကုသိုလ်ကံ အကျိုးပေးခွင့်ရ၏။ သေခါနီးအချိန်၌ အကုသိုလ်ဇော စောလျှင် နောက်ဘဝ၌ အကုသိုလ်ကံအကျိုး ပေးခွင့်ရ၏။ ဤနေရာ၌ သေခါနီးအချိန်တွင် စောသော ကုသိုလ်ဇော အကုသိုလ်ဇောတို့သည် ကိုယ်တိုင် အကျိုးမပေးပဲ ရေလာမြောင်းပေးသိုသလို အခြားကံများ အခွင့်သာအောင် ထောက်ပံ့သော ဥပတ္ထမ္ဘကကံများဖြစ်သည်။ ရိုးရိုးပဝတ္တိအခါ၌လည်း ကုသိုလ်များစွာ ပြုလုပ်နေလျှင် ထိုကုသိုလ်ဥပတ္ထမ္ဘကကံများက အခွင့်သာအောင် ထောက်ပံ့မှုကြောင့် ရှေးရှေး ကုသိုလ်ဇနကကံများ အကျိုးပေးခွင့်ရကြ၏။ အကုသိုလ်များစွာပြုလုပ်နေလျှင်လည်း ရှေးရှေးက အကုသိုလ်ဇနကကံများ အကျိုးပေးခွင့် ရပြန်မှာလာသည်[၁]။

ဇနကကံတို့ အကျိုးပေးဖို့ အခွင့်မသာနေသည့်အခါ အကျိုးပေး ထက်သန်အောင်လည်း ထောက်ပံ့၏၊ ဘုရားအလောင်းတော်သို့ ပဉ္စသန္ဓေ နေရာ၌ ပဋိသန္ဓေကျိုးကို ပေးမည့် ဇနကကံတပါးပါး အားရှိအောင် (ဝါ)အကျိုးပေးထက်သန်အောင် များစွာသော ပါရမီကုသိုလ်များက ဝိုင်းဝန်းထောက်ပံ့ကြ၏။ ဥပမာ–လူ့လောက၌ ပြစ်ချက်များစွာ ရှိဘူးသူများသည် အပြစ်တခုပေါ်ပေါက် ထင်ရှားလာသောအခါ ထိုရှေ့က ပြစ်ချက်များ၏ ထောက်ပံ့ချက်ကြောင့် ကြီးလေးသော အပြစ်ဒဏ်ကို ခံရ၏။ ဤသည်မှာ ဇနကကံကို ဥပတ္ထမ္ဘကကံက ထောက်ပံ့ပုံဖြစ်သည်။

ဇနကကံက ဒီမံဖြစ်စေသောအကျိုးဝိပါက်အစဉ်ကို (ဝါ) ရုပ္ပ အနိဋ္ဌ ဖြစ်သော အကျိုးနာမ်ရုပ်တရားများကို ကြာရှည်စွာ တည်တံ့နိုင်အောင်လည်း အထောက်အကူပြု၏။ ကုသိုလ်ဇနကကံ၏ အစွမ်းကြောင့် လူ့ဘဝ နတ်ဘဝကိုရရှိလေရာ ထိုလူ နတ်အဖြစ်၌ တာရှည်မှာ တည်နိုင်အောင် ကုသိုလ်ဥပတ္ထမ္ဘကကံက ဘေးအန္တရာယ်ရန်အသွယ်သွယ်တို့ကို ကာကွယ်

---

၁။ ပရမတ္ထဒီပနီမဟာဋီကာ၊ ၂၀၈၊ ၉။ အဘိ၊ ဋ္ဌ၊ ၂။ ၁၀၉။

ပေး၏။ အသက်ရှည်ရာ ရှည်ကြောင်း ဆေးဝါးကောင်းများကို ရရှိအောင် သောက်ပံ့၏။ အကုသိုလ်ဇနကကံအစွမ်းကြောင့် ခွေးဘဝကိုရရှိလေရာ ထိုခွေးဘဝ၌ ခွေးပိန် ခွေးချီအဖြစ်ဖြင့်တာရှည်အောင်အကုသိုလ် ဥပတ္ထမ္ဘကကံက ထောက်ပံ့ပေး၏။ ဤကား ဇနကကံ၏ အကျိုးဝိပါက်အစဉ်ကိုအရှည်ရှည်စွာ တည်လေအောင် ဥပတ္ထမ္ဘကကံက အထောက်အကူပြုပုံတည်း[၁]။

## ကုသိုလ်က အကုသိုလ်ကို၊ အကုသိုလ်က ကုသိုလ်ကို ထောက်ပံ့ပုံ

ဤနေရာ၌ ကုသိုလ်ဥပတ္ထမ္ဘကကံက အကုသိုလ် ဇနကကံကြောင့် ဖြစ်သော ရုပ်နာမ်ခန္ဓာအစဉ်ကို လည်းကောင်း၊ အကုသိုလ်ဥပတ္ထမ္ဘကကံက ကုသိုလ်ဇနကကံကြောင့်ဖြစ်သော ရုပ်နာမ်ခန္ဓာအစဉ်ကို လည်းကောင်း ထောက်ပံ့နိုင်ပေသေးသည်။ ရှင်းဦးအံ့၊ နဂါး ဂဠုန်စသော သတ္တဝါတို့၏ ရုပ်နာမ်ခန္ဓာအစဉ်ကို ရရှိခြင်းကား အကုသိုလ်ဇနကကံကြောင့်ဖြစ်သည်။ ထိုနဂါး ဂဠုန်စသည်တို့ ပဝတ္တိအခါ၌ တန်ခိုးအာနုဘော် ကြီးခြင်းစသော အကျိုးတရားများကို ရရှိခြင်းသည် ရှေးအတိတ်ကပြုခဲ့ဖူးသော ကုသိုလ်ဥပတ္ထမ္ဘကကံ၏ ကူညီထောက်ပံ့မှုပင်ဖြစ်သည်။ ထို့ပြင် ဝိနိပါတိကအသူရာဘဝကို ရောက်ရခြင်းသည် ကုသိုလ်ဇနကကံကြောင့်ဖြစ်သည်။ ထိုဘဝ၌ ဆင်းရဲခံရခြင်းစသော အနိဋ္ဌကျိုးများကို ကြာရှည်လေးမြင့် ခံစားနေရခြင်းကား ရှေးဘဝက ပြုခဲ့သော အကုသိုလ်ဥပတ္ထမ္ဘကကံ၏ ကူညီထောက်ပံ့မှုဖြစ်သည်[၂]။

## ဥပပီဠကကံ

ဥပပီဠကကံကား ဇနကကံကိုလည်းကောင်း၊ ထိုဇနကကံကြောင့်ဖြစ်သော အကျိုးခန္ဓာအစဉ်ကိုလည်းကောင်း ဆုတ်ယုတ်လျော့ပါး ညှိုးနွမ်းသိမ်ငယ်သွားအောင် ဖိစီးနှိပ်စက် နှောင့်ယှက် တားမြစ်တတ်သော ကုသိုလ်စေတနာ အကုသိုလ်စေတနာများတည်း။

---

၁။ ပရမတ္ထဒီပနီမဟာဋီကာ၊ ၂၀၀၊ ၉။
၂။ ပရမတ္ထဒီပနီမဟာဋီကာ၊ ၂၀၉။

ထိုဥပပီဠကကံသည်—

(က) ကုသိုလ်ဇနကကံကို တားမြစ် နှိပ်စက်တတ်သော အကုသိုလ်ဥပပီဠကကံ၊

(ခ) အကုသိုလ်ဇနကကံကို တားမြစ် နှိပ်စက်တတ်သော ကုသိုလ်ဥပပီဠကကံဟု နှစ်မျိုးရှိသည်။

ထိုတွင် အထက်အထက်ဘုံ၌ အကျိုးပေးနိုင်သော ကုသိုလ်ကံရှိသော်လည်း အကုသိုလ်ဥပပီဠကကံ၏ နှိပ်စက်မှုကြောင့် အောက်အောက်ဘုံတို့၌ အကျိုးပေးရခြင်း၊ တန်ခိုးကြီးသော ဌာနတို့၌ အကျိုးပေးနိုင်သော ကုသိုလ်ကံရှိသော်လည်း အကုသိုလ်ဥပပီဠကကံ၏ တားမြစ် နှိပ်စက်မှုကြောင့် ဘုန်းတန်ခိုးငယ်သော ဌာနတို့၌ အကျိုးပေးရခြင်း၊ မြတ်သော အမျိုး၌ အကျိုးပေးနိုင်သော ကုသိုလ်ကံရှိသော်လည်း အကုသိုလ် ဥပပီဠကကံ၏ တားမြစ်နှိပ်စက်မှုကြောင့် ယုတ်ညံ့သော အမျိုး၌ အကျိုး ပေးရခြင်း၊ အသက်ရှည်၍ ဥစ္စာပစ္စည်း ကြွယ်ဝချမ်းသာသော အမျိုး၌ အကျိုးပေးနိုင်သော ကုသိုလ်ကံရှိသော်လည်း အကုသိုလ်ဥပပီဠကကံ၏ တားမြစ်နှိပ်စက်မှုကြောင့် အသက်တို၍ ဥစ္စာ နည်းပါးသော အမျိုး၌ ဖြစ်ရခြင်းစသည်တို့ကား အကုသိုလ်ဥပပီဠကကံက တပါးသော ကုသိုလ်ဇနကကံကို တားမြစ်နှိပ်စက်ခြင်း ဖြစ်ပါသည်။ အကုသိုလ်ဥပပီဠ-ကကံက တပါးသော ကုသိုလ်ကံကို တားမြစ်ရာ၌ သုနက္ခတ္တဝတ္ထုဖြင့် ထင်ရှားသိသာပေသည်[၁]။

ငရဲကြီးရှစ်ထပ်၌ အကျိုးပေးနိုင်သော အကုသိုလ်ကံ ရှိသော်လည်း နောက်နောက်ကပြုခဲ့သော အားကြီးသော ကုသိုလ်ဥပပီဠကကံ၏ တား မြစ် နှိပ်စက်မှုကြောင့် ဥဿဒငရဲတို့၌လည်းကောင်း၊ တိရစ္ဆာန်ဘုံ၊ ပြိတ္တာဘုံ၊ အသုရကာယ်ဘုံတို့၌လည်းကောင်း အကျိုးပေးရခြင်း၊ ခိုးသူတို့ကို သတ်ဖြတ်ရသည့် အကုသိုလ်ကံကို အနှစ်ငါးဆယ်ပတ်လုံး လွန်ကျူးခဲ့

---

၁။ အံ၊ ၄၊ ၂၊ ၁၀၃။ ပရမတ္ထဒီပနီဋီကာ၊ ၂၆၄။

သော်လည်း လက်ယာတော်ရှိ အရှင်သာရိပုတ္တရာအား နို့ဆွမ်းလှူဒါန်း ရသည့် ကုသိုလ်ဥပပီဠကကံ၏ တားမြစ်နှိပ်စက်မှုကြောင့် ဝါတကာဠက မည်သော ခိုးသူသပ်ယောကျ်ား၏ တာဝတိံသာနတ်ပြည်၌ ဖြစ်ရခြင်း စသည်တို့သည် ကုသိုလ်ဥပပီဠကကံက တပါးသော အကုသိုလ်ကံကို တားမြစ်နှိပ်စက်ခြင်း ဖြစ်ပေသည်[၁]။

ကံတပါးကြောင့်ဖြစ်သော ခန္ဓာအစဉ်ကို တားမြစ်ရာ၌ ကုသိုလ်ဇနက ကံကြောင့် လူ့ခန္ဓာကိုယ်ကို ရရှိပြီးသော်လည်း ပဝတ္တိအခါ၌ အကုသိုလ် ဥပပီဠကကံ၏ နှိပ်စက်မှုကြောင့် အနာရောဂါထူပြောခြင်း၊ စည်းစိမ်ဥစ္စာ ပျက်စီးခြင်း၊ ရာထူးဌာနန္တရ လျော့ကျခြင်းစသည်တို့သည် ကံတပါး ကြောင့်ဖြစ်သော ခန္ဓာအစဉ်ကို အကုသိုလ်ဥပပီဠကကံက တားမြစ်နှိပ်စက် ခြင်းပင် ဖြစ်သည်[၂]။

နှိပ်စက်ပုံ (၃)မျိုး။ ။ထို့ပြင် ဥပပီဠကကံသည် ကုသိုလ်ဇနကကံ၊ အကု- သိုလ် ဇနကကံတို့ကို နှိပ်စက်ရာတွင်—

(၁) ဇနကကံများ လုံးဝအကျိုးပေးခွင့်မရအောင်လည်းကောင်း၊

(၂) အကျိုးပေးခွင့် ရနေသည့်အခါ၌ပင် အကျိုးပေးမထက်သန် အောင်လည်းကောင်း၊

(၃) ပေါက်ရောက်ပြီးသော သစ်ပင်ချုံနွယ်များကို ဓား တုတ်စသည် တို့ဖြင့် နှိပ်စက်သည့်အခါ ကြာရှည်စွာ မစည်ပင်နိုင်သကဲ့သို့ ကံတပါးတို့ပေးထားအပ်သော အကျိုးဝိပါက်အစဉ်ကို မစည် ပင်အောင် ကြာရှည်စွာမတည်အောင်လည်းကောင်း—

နည်းသုံးမျိုးဖြင့် နှိပ်စက်လေ့ရှိပေသည်။

---

၁။ ပရမတ္ထဒီပနီမဟာဋီကာ၊ ၂၁၀။အံ၊ ဋ္ဌ၊ ၂။ ၁၀၉။
၂။ ပရမတ္ထဒီပနီမဟာဋီကာ၊ ၂၁၀။

ထိုတွင် အကျိုးပေးခွင့်မရအောင် နှိပ်စက်ရာ၌—ကျမ်းပြုဆရာများသည် ကျမ်းမပြုမီ ရှေးဦးစွာ "နမောတဿ" စသည်ဖြင့် ရတနာသုံးပါးတို့ကို ရှိခိုးပူဇော်လေ့ရှိကြသည်။ ထိုရှိခိုးပူဇော်ရာ၌ ဖြစ်ပေါ်လာသော ကုသိုလ်စေတနာကို ပဏာမကုသိုလ်စေတနာဟုခေါ်သည်။ ထိုပဏာမကုသိုလ်စေတနာသည် ကျမ်းပြုခြင်းကိစ္စ၌ ကျမ်းမပြီးအောင် အန္တရာယ်ပြုနိုင်သော အကုသိုလ်များကို အကျိုးပေးခွင့် မရအောင် ကာကွယ်နှောင့်ယှက် နှိပ်စက်၏။ ယခုကာလ၌ ဆရာသမား၊ မိဘဘိုးဘွား၊ သက်ကြီး ဝါကြီးများကို ပြစ်မှားမှု၊ သူတော်သူမြတ်တို့အား ပြစ်မှားမှု အကုသိုလ်ကံသည် ရှေးရှေးကုသိုလ်ကံများ အကျိုးပေးခွင့်မရအောင် တားမြစ်နှိပ်စက်၏။

အကျိုးပေး မတက်သန်အောင် နှိပ်စက်ခြင်းကား ပင်ကိုက မျက်စိနား နှာ အင်္ဂါစုံသော လူ့ဘဝကိုပေးနိုင်သည့် ဇနကကုသိုလ်ကံရှိသော်လည်း အကုသိုလ်ကံနှောင့်ယှက်မှုကြောင့် ကျိုးယွင်းသောဒုပပါပဲ ဇစ္စန္ဓအကျိုးကိုသာ ပေးရခြင်း၊ အဇာတသတ်မင်း၏ ခမည်းတော် ဗိမ္ဗိသာရမင်းကြီးကို သတ်ရ ပိတုဃာတက အကုသိုလ်ကံကြီးသည် အဝီစိဟိုင်အောင် အကျိုးပေးရန်ရှိသော်လည်း ဘုရားရှင်နှင့် သာသနာတော်ကို ကြည်ညိုသော ကုသိုလ်ကံများက နှောင့်ယှက်နှိပ်စက်မှုကြောင့် အဝီစိငရဲကြီး၏ အခြေအရံဖြစ်သော ဥဿဒငရဲငယ်၌သာ အကျိုးပေးခြင်းမျိုးတည်း။

အကျိုးပေးကြာရှည်စွာ မတည်အောင်နှိပ်စက်ခြင်းမှာ--ကုသိုလ်ဇနကကံစွမ်းကြောင့် လူ့ခန္ဓာကိုယ်ကို ရပြီးဖြစ်သော်လည်း ပဝတ္တိအခါဝယ် အကုသိုလ်ကံ၏ နှိပ်စက်မှုကြောင့် ရောဂါဘယနှိပ်စက်ခြင်း၊ သွေးမျိုးကုဏ်သိန်စည်းစိမ်ရာထူးများ ပျက်ပြားလျက် စိတ်စက်မကြည်သာခြင်း စသည်တို့သည် ကုသိုလ်ကံ၏အကျိုးကို အကုသိုလ်ကံက နှိပ်စက်ခြင်းပင်တည်း။ အကုသိုလ်ကံ၏ အကျိုးဝိပါက်အစဉ်ကို ကုသိုလ်ကံက နှိပ်စက်ပုံမှာ ကျမ်းဂန်များ၌ အထင်အရှား မလာချေ။ အကုသိုလ်ကံကြောင့် ခွေး နဂါး ဂဠုန် စသည်ဖြစ်ရသော ခန္ဓာအစဉ်ဝယ် အကုသိုလ်ကံ အလိုကျအောင်

ဆင်းရဲသမျှ မဆင်းရဲရပဲ အစားအသောက်စသည်ကို ရရှိအောင် စီမံတတ်သော ကုသိုလ်ကံသည် အကုသိုလ်ကံ၏အကျိုးဝိပါက်အစဉ်ကို နှိပ်စက်ရာ ရောက်သည်ဟု ပြောဆိုမှတ်ပြုကြပေသည်။ ထို့ပြင် အကုသိုလ်ကြောင့် ဖြစ်သော အကျိုးဝိပါက်အစဉ်ကို အကုသိုလ်ကပင် ထပ်မံနှိပ်စက်သော အရာလည်းရှိသေးသည်။ ဥပမာ–အကုသိုလ်ဇနကကံကြောင့် ဖြစ်လာရသော ခွေးခန္ဓာဝယ် အစာတတ်၍ ခွေးပိန်ခွေးနာဖြစ်အောင် အကုသိုလ်ကံက နှိပ်စက်ပုံမျိုးကဲ့သို့ပင်ဖြစ်သည်။

## ဥပဃာတကကံ

ဥပဃာတကကံဆိုသည်မှာ ကံတပါးကိုလည်းကောင်း၊ ကံတပါးကြောင့် ဖြစ်ပေါ်လာသည့် အကျိုးခန္ဓာအစဉ်ကိုလည်းကောင်း သတ်ဖြတ်တတ်သော ကုသိုလ်စေတနာ အကုသိုလ်စေတနာများဖြစ်သည်၊ ထိုကံကိုပင် ကံတပါးကိုကပ်၍ ဖြတ်တတ်သောကြောင့် "ဥပစ္ဆေဒက" ကံဟုလည်း ခေါ်ပါသည်[၁]။

ထိုဥပဃာတကကံသည်—

၁။ တပါးသောကုသိုလ်ကံကို သတ်ဖြတ်တတ်သော အကုသိုလ် ဥပဃာတကကံ၊

၂။ တပါးသော အကုသိုလ်ကံကို သတ်ဖြတ်တတ်သော ကုသိုလ် ဥပဃာတကကံ—

ဟူ၍ နှစ်မျိုးရှိပေသည်။

ယင်းနှစ်မျိုးတွင် အဇာတသတ်မင်း၏ တဘဝလုံး ဘုရားသခင်အား ဆည်းကပ်ခြင်းစသော ကုသိုလ်ကံများကို ဖခင်ကြီးဗိမ္ဗိသာရဘုရင်အား သတ်ခြင်းဟူသော ဥပဃာတကကံက တားမြစ်သတ်ဖြတ်သည်။ ထို့ပြင် သေခါနီးအချိန်၌ ကုသိုလ်ကံ၏အစွမ်းကြောင့် သုဂတိနိမိတ်ကပ်လာရာမှ ကဖန် အကုသိုလ် ဥပဃာတကကံက ထင်လာသော သုဂတိနိမိတ်ကိုတား

---

၁။ အံ၊ ဋ္ဌ၊ ၂။ ၁၁၀၊ ဝိသုဒ္ဓိ၊ ၂။ ၂၃၆။

မြစ်သတ်ဖြတ်သည်။ ထိုသို့တားမြစ်သတ်ဖြတ်ချက်ကြောင့် ဒုဂ္ဂတိနိမိတ် ထင်လာ၍ အပါယ်ဘုံ၌ ဖြစ်စေသည်၊ ဤသည်မှာ အကုသိုလ် ဥပဃာတကကံက ကုသိုလ်ကံကို သတ်ဖြတ်ပုံဖြစ်ပါသည်[၁]။

အင်္ဂုလိမာလမထေရ်အကြောင်း စာဖတ်ပရိသတ်များ သိပြီးဖြစ်ပါသည်။ အင်္ဂုလိမာလ ခိုးသူကြီးဘဝတွင် ကျူးလွန်ခဲ့သည့် အကုသိုလ်ကံများကား မလွန်များလှသည်။ သို့သော် အရဟတ္တမဂ်ကို ရသည်နှင့် တပြိုင်နက် မဂ်စေတနာဟူသော ကုသိုလ်ဥပဃာတကကံက ထိုအကုသိုလ် အားလုံးကို ချေမှုန်းသတ်ဖြတ်ပစ်လိုက်ပေသည်။ သို့ပြင် သေခါနီးကာလ၌လည်း အကုသိုလ်ကံအစွမ်းကြောင့် ဒုဂ္ဂတိနိမိတ်ထင်လာစဉ် တဖန် ကုသိုလ်ဥပဃာတကကံက ထင်လာသော ဒုဂ္ဂတိနိမိတ်ကို တားမြစ်သတ် ဖြတ်သည်။ ထိုသို့ တားမြစ်သတ်ဖြတ်ချက်ကြောင့် သုဂတိနိမိတ်ထင်လာ၍ နတ်ပြည်၌ဖြစ်စေသည်[၂]။

ထင်ရှားသည်မှာ၊ သောဏဂိရိ၌ပေါ် ပေါက်သော ကျောင်း၌ သီတင်း သုံးနေသော မဟာနာဂ အမည်ရှိသော ထေရ်၏ ဖခင်သည် မုဆိုးတော်ကြီးသည် သန်သန်မာမာရှိစဉ်ကမုဆိုးအလုပ်ဖြင့် နွားများဖြင့် အသက်မွေးခဲ့၏၊ အိုမင်းမစွမ်းဖြစ်လာသည့်အခါမှ သားတော်ထံကျောင်း ရဟန်းပြုနေသည်။ မကျန်းမာ၍ သေခါနီးအချိန်ရောက်သည့်အခါ မုဆိုးလုပ်ခဲ့သည့်အကုသိုလ် ကံကြောင့် တောင်ခြေ၌ ခွေးကြီးများ မိမိကိုကိုက်ကြသည့်ဟန်ဖြင့် ဂတိနိမိတ်များထင်လာ၍ "ခြောက်ပါဟဲ့ သားရဲ့"ဟု ဟစ်ကြာဆက်ကာအော် ဟစ်ရာသည်။ ထိုအခါ ရဟန်းသားတော်က "အဘ ဘာဖြစ်နေလို့လဲ ခြင်းကြီး"ဟု မေးသည့်အခါ "ခွေးကြီးတွေ၊ ခွေးကြီးတွေ"ဟု ပြန်ပြောရာ ငရဲဂတိနိမိတ် ထင်နေကြောင်း မဟာနာဂအမည်ဖြစ်သော သားတော်က သိသဖြင့်တိ နောက်"ငါ့လိုသားရှိ ပါလျက် ငရဲဘုံဖြစ်ရန် မသင့်ရှေလော"ဟု သားတော်ထေရ်က ပန်းများကို ဆွတ်ခူး၍ ဘုရားကျောင်းတော်သို့ ပန်းများ ကပ်လှူစေသော ဦးပဉ္စင်း ကြီးကို ထောင်မလောင်းနိုင်ဘဲ ထမ်း၍ ရုပ်ပွါးတော်ရှေ့သို့ ယူထားသည်။

---

၁။ မ၀ိဋ္ဌ၊ ၂၊၁၁၁-၁။ ၂။ အံ၊ဋ္ဌ၊ ၂။၁၁၀-၁။ ၃။ အဘိ၊ဋ္ဌ၊ ၂။၄၂၀။

သားဖြစ်သူရဟန္တာမထေရ်က "ဦးပဥ္စင်းကြီးအတွက်ပန်းပူဇော်ထားသည်၊ ကြည်ညိုပါ" ဟု တိုက်တွန်းသဖြင့် ကြည်ညိုဝမ်းမြောက်သည့်ခဏ၌ခွေးကြီး နိမိတ်များ မသင်တော့ပဲ နတ်သမီး နိမိတ်များ ပြောင်းလဲထင်လာရာ "ဟဲ့ သားရဲ့ ဖယ်ပေးပါ၊ ဖယ်ပေးပါ၊သားရဲ့ မိထွေးများသာနေတယ်" ဟု ယောင်ယမ်းပြောဆိုနေစဉ် စုတိစိတ်ကျ၍ နတ်ပြည်သို့ရောက်ရလေသည်[၂]။

ဤသို့ ကုသိုလ်ဥပဃာတကကံက ထင်လာသော ဒုဂ္ဂတိနိမိတ်ကိုတား မြစ်၍ သုဂတိနိမိတ်ထင်စေကာ နတ်ပြည်၌ ဖြစ်စေနိုင်ပေသည်။

ကုသိုလ် ဇနကကံ၏အစွမ်းကြောင့် လူနတ်ခန္ဓာအစဉ်ကို ရရှိလာရာ အကုသိုလ်ဥပဃာတကကံ၏ တားမြစ်နှိပ်စက်မှုကြောင့် အသက်တမ်း မကုန်မီ လက်ကလေးသေရခြင်းသည် ကံတပါးကြောင့် ရလာသောခန္ဓာ အစဉ်ကို အကုသိုလ် ဥပဃာတကကံက တားမြစ်သတ်ဖြတ်သည် မည် ပေသည်။

သတ်ဖြတ်ပုံ (၃)မျိုး

ကံတပါး၏ အကျိုးဝိပါက်ခန္ဓာအစဉ်ကို သတ်ဖြတ်ရာ၌—

၁။ သတ်ရုံသာသတ်သော ဥပဃာတကကံ၊

၂။ သတ်ပြီးနောက် အခြားသောဇနကကံကို အကျိုးပေးခွင့်ပြုသော ဥပဃာတကကံ၊

၃။ သတ်ဖြတ်ပြီးနောက် မိမိကိုယ်တိုင်ပင် ပဋိသန္ဓေအကျိုးကို ဆက် လက်ပေးသော ဥပဃာတကကံ—

ဟူ၍ (၃)မျိုးရှိပြန်သည်။

---

၁။ အဘိ၊ဋ္ဌ၊၂။၄၂၀။

၂။ ပ၊ဋ္ဌ၊၄။၁၇၀။

ထိုတွင် ဓမ္မပဒဋ္ဌကထာ၌လာသော စက္ခုပါလမထေရ်ဝတ္ထု၌ ဆေးဆရာဘဝ တုန်းကပြုခဲ့သောအကုသိုလ်ဥပဃာတကကံ၏ သတ်ဖြတ်မှုကြောင့်ကုသိုလ် ဇနကကံက စီမံထားအပ်သော စက္ခုပသာဒကမ္မဇရုပ်၏ ပျက်စီးသွားရ ခြင်း၊ အရှင်မဟာမောဂ္ဂလာန်၏ ရှေးဘဝကအမိကိုသတ်ခဲ့သော အကုသိုလ် ကံကြောင့်ခိုးသား ငါးရာ၏ လက်ချက်ဖြင့် ပရိနိဗ္ဗာန်စံတော်မူရခြင်းတို့ မှာ ကံတပါး၏အကျိုးကို သတ်ရှုံးသောသတ်၍ နောက်ထပ် အကျိုးမဆက် သော ဥပဃာတကကံများ၏ လက်ချက်ပေတည်း[၁]။

ဗိမ္ဗိသာရမင်းသည် ရှေးဘဝက ဘုရားယင်ပြင်တော်ပေါ်မှာ ဖိနပ်စီးခဲ့ ဘူးသော အကုသိုလ် ဥပဃာတကကံ၏ လက်ချက်ကြောင့် ခြေဖဝါးကို ဓားခွဲခံရပြီးနောက် အခြားသော ကုသိုလ်ဇနကကံအတွက် ဇနဝသဘ နတ်ပြည်၌ ဖြစ်ရ၏။ သာမာဝတီ အမျိုးရှိသော မောင်းမတို့သည် ရှေးဘဝက အကုသိုလ်ဥပဃာတကကံကြောင့် မီးလောင်၍ သေဆုံးပြီး နောက် ကုသိုလ်ဇနကကံအတွက် နတ်ပြည် ဗြဟ္မာ့ပြည်တို့သို့ တက် ရောက်ကြရလေသည်။ ဂင်္ဂါမုဒ္ဒါမြစ်နား၌နေသော ရဟန်းငါးရာတို့သည် ရှေးဘဝ သားမုဆိုးဖြစ်ခဲ့စဉ်က သားငှက်တို့ကိုသတ်ဖြတ်ခဲ့သော အကုသိုလ် ဥပဃာတကကံကြောင့် ရဟန်းတုရဟန်းယောင် မိဂလဏ္ဍိက၏ သတ်ဖြတ် မှုကိုခံရပြီးနောက် တပါးသောကုသိုလ်ဇနကကံကြောင့် နတ်ပြည်၌ဖြစ်ကြ ရသည်။ ဤသည်တို့ကား မိမိကသတ်ရှုံးသောသတ်၍ အခြားသော ဇနက ကံကို အကျိုးပေးခွင့်ပြုသော ဥပဃာတကကံဖြစ်သည်[၁]။

ဒုသီမာရ်နတ်သည် ကကုသန်မြတ်စွာဘုရား၏ လက်ယာတော်ရံ အဂ္ဂသာဝက အရှင်ဝိဓုရ၏ ဦးခေါင်းတော်ကို ကျောက်ခဲဖြင့် ပေါက်၏။ နန္ဒမည်သော နတ်ဘီလူးတယောက်သည် အရှင်သာရိပုတ္တရာ၏ ရိတ်ပြီး ခါစ ဦးခေါင်းပြောင်ပြောင်ကို လက်ဖြင့်ခေါက်၏။ ဂေါဓာဝရမင်းသည် အလောင်းတော် ခန္တိဝါဒီရှင်ရသေ့ကို သေကြောင်အောင် ရိုက်စက်၏။ ယို

---

၁။ ပရမတ္ထဒီပနီ မဟာဋီကာ၊၂၁၂။ အနုဒီပနီ၊၁၅၄။

နတ်များနှင့် မင်းတို့၏ ခန္ဓာအစဉ်ကို ထိုအကုသိုလ်ကံက သတ်ဖြတ်ရှ၍ ထိုအကုသိုလ်ကံကြောင့်ပင် အဝီစိငရဲ၌ ပဋိသန္ဓေ နေရပြန်သည်။ ဤသို့ လျှင် ကံတပါး၏ အကျိုးကို သတ်ဖြတ်ပြီးနောက် မိမိကိုယ်တိုင်ပင် ပဋိသန္ဓေကျိုးကို ဆက်လက်ပေးသော ဥပဃာတကကံမျိုးလည်း ရှိပေ သည်[၁]။

## အကျိုးပေးစဉ်အားဖြင့် စေတနာ ၄-မျိုး

တနည်းအားဖြင့် စေတနာမည်သော ကံတရားသည် အကျိုးပေးစဉ် အားဖြင့်—

၁။ ဂရုကကံ=အကျိုးအပြစ် ကြီးမားသောကံ၊

၂။ အာသန္နကံ=သေခါနီး၌ အောက်မေ့အပ် ပြုအပ်သောကံ၊

၃။ အာစိဏ္ဏကံ=အမြဲလေ့ကျက် ကိုးပွားစေသောကံ၊

၄။ ကဋတ္တာကံ=အမှတ်မဲ့ သာမန်ပြုလုပ်သောကံ—

ဟူ၍ (၄)မျိုး ရှိသည်။

### ဂရုကကံ

ထိုတွင် ဂရုကကံဆိုသည်မှာ— ကြီးလေးသော အကျိုးကိုပေးသည့် ကံမျိုး ဖြစ်သည်။ (ဂရု=ကြီးလေးသော အကျိုးကို +က=ပြုတတ် သောကံ) ကြီးလေးသော အကျိုးကို ပေးခြင်းဆိုသည်ကား အခြားကံ များက ထိုကံ၏အကျိုးပေးမှုကို မခုခံမတား ဆီးနိုင်သဖြင့် သေသုံးသည် နှင့်တပြိုင်နက် ဧကန်အကျိုးပေးသော (အကျိုးပေးမြဲသော)ကံမျိုးဟု အဓိပ္ပာယ်ရှိပေသည်။

ကုသိုလ်ဂရုကံနှင့် အကုသိုလ်ဂရုကံများ။ ။ထိုဂရုကကံများကား ကုသိုလ် အရာ၌ တန်ခိုး အာနုဘော် ကြီးမားသော ဈာန်ဂရုကံများနှင့် ကုသိုလ်များဖြစ်၍ အကုသိုလ်အရာတွင် အပြစ်ကြီးမားသော ပဉ္စာနန္တရိယကံနှင့် နိယတမိစ္ဆာဒိဋ္ဌိကံများတည်း။

---

၁။ ပါ၊၁၊၄၀၇-၄၁၅။ မဋ္ဌ၊၂၊၃၁၂-၃၂၀။

ဆက်ဦးအံ့ — ဂရုကကံဟူသည် ပင်ကိုသဘောအားဖြင့် ကြီးလေးသောကံပင်ဖြစ်၏။ တပါးသောကံများက လွှမ်းမိုးအားဆီးနိုင်မှု၊ မလွှမ်းမိုးမတားဆီးနိုင်မှုမှာ ဤကြီးလေးသောသဘောနှင့်မသက်ဆိုင်။ ထို့ကြောင့် အာနန္တရိယကံ ၂-ပါး ၃-ပါး ပြုမိရာ၌ ကံတခုက လွှမ်းမိုး၍ အကျိုးပေးခြင်း၊ မဟဂ္ဂုတ်စျာန် ၂-ပါး ၃-ပါး စသည်ရရာ၌ အထက်အထက်စျာန်က လွှမ်းမိုး၍ အကျိုးပေးခြင်းတို့ကြောင့် အကျိုးမပေးရသော ကံများ၌ ဂရုကဟူသော အမည်မပျက်၊ ပင်ကိုသဘောအားဖြင့် ကြီးလေးသောကံများဖြစ်၍ ဂရုကကံအမည် ရမြဲရပေသည်။

အကုသိုလ် ဂရုကကံ ၅-မျိုး။ ။အကုသိုလ်အရာ၌ ပဉ္စာနန္တရိယကံ ဆိုသည်မှာ အာနန္တရိယကံ ငါးပါး ဖြစ်သည်။ သေဆုံးကွယ်လွန်ပြီးနောက် အခြားမဲ့ ဒုတိယဘဝနှင့် အကျိုးပေးလေ့ရှိသော ကံမျိုးကို အာနန္တရိယကံဟုခေါ်သည်။ ထိုကံသည်—

၁။ မာတုဃာတကကံ=အမိကို သတ်သောကံ၊

၂။ ပိတုဃာတကကံ=အဖကို သတ်သောကံ၊

၃။ အရဟန္တဃာတကကံ=ရဟန္တာကို သတ်သောကံ၊

၄။ လောဟိတုပ္ပါဒကကံ=ဘုရားရှင်၌သွေးခြေဥအောင်လုပ်သောကံ၊

၅။ သံဃဘေဒကကံ=သံဃာအချင်းချင်း သင်းခွဲသောကံ—
ဟူ၍ ငါးမျိုးရှိသည်။

ထိုတွင် အမိကို သတ်အောင် လှုံ့ဆော်ပေးသည့် စေတနာကို မာတုဃာတကကံ၊ အဖကိုသတ်အောင် လှုံ့ဆော်ပေးသည့် စေတနာကို ပိတုဃာတကကံဟု ခေါ်သည်။ အမိအဖမှန်းသိသိ- မသိသိ သေစေလို၍ သတ်မိလျှင် ဂရုကကံ ထိုက်၏။ မိဘတို့က တိရစ္ဆာန်ဖြစ်လျှင် သို့မဟုတ် မိမိက တိရစ္ဆာန်ဖြစ်လျှင် အာနန္တရိယကံ မထိုက်သော်လည်း အာနန္တရိယကံ လောက်နီးနီး အပြစ်ကြီးလှ၏။ အခြားသူကို သေစေလို၍ သေနတ်ဖြင့်

ပစ်ခတ်ရာ မိဘတို့ မတော်တဆ ထိမှန်လျှင်လည်း မာတုဃာတကကံ၊ ပိတုဃာတကကံများ ထိုက်သည်ဟု တတိယပါရာဇိက အဋ္ဌကထာစသည်၌ ဖွင့်ဆိုထားပေသည်။

ရဟန္တာပုဂ္ဂိုလ်အား သတ်ကြောင်းဖြစ်သော စေတနာကို အရဟန္တ- ဃာတကကံဟု ခေါ်သည်။ ရဟန္တာမဖြစ်မီ သတ်သော်လည်း ရဟန္တာ ဖြစ်ပြီးမှ သေခဲ့လျှင် ထိုဘဝဇီဝိတိန္ဒြေအစဉ်ကို လျှင်စွာချုပ်မည်သော ကြောင့် အရဟန္တဃာတကပင် ဖြစ်သည်။

လောဟိတုပ္ပါဒကကံ ဆိုသည်မှာ ဘုရားရှင်၏ မပြိုကွဲနိုင်သေးမယိုထွက် နိုင်သော ခန္ဓာကိုယ်၌ သွေးခြေဥအောင် ပြုလုပ်ကြောင်းဖြစ်သော စေတနာပင်ဖြစ်သည်။ ထင်ရှားစေဦးအံ့ - အရှင်ဒေဝဒတ်သည် ဂိဇ္ဈကုဋ် တောင်ခြေ၌ စင်္ကြံကြွတော်မူနေသော ဘုရားရှင်ကို ယန္တရားဖော်ဆင်၍ ကျောက်တုံးကြီးဖြင့် ပစ်သတ်သည်၊ ကျောက်တုံးကြီး ပြိုကျအလာတွင် တောင်ထွတ်နှစ်ခု ခံသောကြောင့် ကျောက်တုံးကြီးဖြင့် မထိမိပဲ ထို ကျောက်တုံးမှ ကျိုးပဲ့ကွာကျသောကျောက်ခဲဖြင့် ဘုရားရှင်၏ ခြေမတော်ကို ထိခိုက်ရာ ခြေတော်၌ သွေးခြေဥသွားလေသည်။ ဤကဲ့သို့ ဘုရားရှင်၏ ခန္ဓာကိုယ်တော်၌ သွေးခြေဥအောင် ပြုလုပ်မှုမျိုးကို လောဟိတုပ္ပါဒကကံဟု ခေါ်သည်။ ဤသွေးခြေတော်ဥအောင် ပြုလုပ်မှု သည် သေစေလိုသော စေတနာဖြင့် ပြုသောကြောင့် ပါဏာတိပါတ ကမ္မပထ မမြောက်သော်လည်း (အနန္တရိယကံ အလိုအားဖြင့်) ဗျာပါဒ ကမ္မပထ မြောက်သည်ဟု ဆိုသင့်ပေသည်။

သံဃာတော်အချင်းချင်း ကွဲပြားအောင် ပြုလုပ်ကြောင်း စေတနာ သည် သံဃဘေဒကကံ မည်ပါသည်၊ သိမ်တခုတည်း၌ ရဟန်း သံဃာ အချင်းချင်း အတူတကွ ကံမပြုပဲ သူ့ဘက်ငါ့ဘက် နှစ်စုခွဲ၍ တပြိုင်နက် ကံပြုအောင် အားထုတ်စီမံသဖြင့် ဒါယမြောက်ခဲ့သော် ကွဲပြားအောင် ကြံဆောင်စီမံသော ပုဂ္ဂိုလ်မှာ သံဃဘေဒကကံထိုက်၏။ မတရားဘက်၌ လိုက်ပါအားပေးသော ပုဂ္ဂိုလ်များသည်လည်း အပြစ်ကြီးမားလှ၏။

တသိမ်တည်းပင် ဖြစ်သော်လည်း တဘက်ပြီးမှတဘက်က ကံပြုခြင်း ကံဒွါရကွဲပြားခြင်း စသည်တို့မှာ သံဃဘေဒကကံနှင့်မဆိုင်။ တသိမ်တည်းဝယ် ကံကြီးကံငယ် ခွဲခြားလျက် တပြိုင်နက် ကံပြုမှ သံဃဘေဒကကံဖြစ်သောကြောင့် လူသာမဏေတို့မှာ သံဃဘေဒကကံ မထိုက်နိုင်ပါချေ။ သို့သော် ရပ်ရွာနယ်ပယ်တို့၌ သံဃာတော်အချင်းချင်း ကွဲပြားအောင် ကြံဆောင်အားထုတ်သူတို့မှာ သူတို့အတွက် ဆိုင်ရာဝယ် အကုသိုလ်တိုးပွားရသောကြောင့် သံဃဘေဒကကံလောက်နီးနီး အပြစ်ကြီးလေးလှ၏။

ဤအာနန္တရိယကံ ၅-ပါးတွင် တပါးပါးကို ပြုမိလျှင် သေသည်၏အခြားမဲ့၌ အဝီစိငရဲသို့ ရောက်ရ၏။ အဇာတသတ်မင်းသည် အဖကိုသတ်၍ ပိတုဃာတကကံ ဖိုက်သောကြောင့် အဝီစိငရဲ၏အခြံအရံဥဿဒငရဲ၌ ကျရောက်ရသော်လည်း အဝီစိတွင် အပါအဝင်ပင်ဖြစ်၏။ ဤကံ ၅-ပါးတွင် သံဃဘေဒကကံသည် အပြစ်အကြီးဆုံးဖြစ်၏။ အဝီစိငရဲကြီးတွင် ထိုငရဲဘုံသက်ကုန်သည်အထိခံရသော ကပ္ပဋ္ဌိတိယကံတည်း။ ကြွင်းသောကံလေးပါးကို ကပ္ပဋ္ဌိတိယကံများဟု အဆိုမရှိချေ။ ထိုက်သင့်သမျှ ခံကြရမည်။

ထို့ကြောင့် ကံ ၅-ပါးလုံးပြုမိလျှင် သံဃဘေဒကကံက အခြားကံ ၄-ပါးကို လွှမ်းမိုး၍ ပဋိသန္ဓေကျိုးပေး၏။ အခြားကံများအတွက် အဝီစိ၌ဖြစ်ဖွယ်မရှိ။ သို့သော် နောင်အခွင့်သင့်ရာဘဝ၌ ပဝတ္တိကျိုးကိုကား ပေးပေမည်။ ရှေ့ကံ ၄-ပါးလုံးကို ပြုမိလျှင် လောဟိတုပ္ပါဒကကံ အကျိုးပေး၏။ ရှေ့ကံသုံးပါးလုံးပြုမိလျှင် အရဟန္တဃာတကကံက အကျိုးပေး၏။ ရှေ့ဆုံးကံ ၂-ပါးလုံးကို ပြုမိလျှင် မိဘနှစ်ဦး သီလရှိချင်း မရှိချင်း တန်းတူဖြစ်ခဲ့သော် အမိကသာ၍ ကျေးဇူးများသောကြောင့် မာတုဃာတကကံက အကျိုးပေး၏၊ အဖက အမိထက် သီလသာနေပါမူ ပိတုဃာတကကံက အကျိုးပေးလေသည်။ နိယတမိစ္ဆာဒိဋ္ဌိစေတနာအကြောင်းကို ရှေ့တွင် ဖော်ပြခဲ့ပြီးလေပြီ။

ကုသိုလ်အရာ၌ မဟာဂုတ်ကုသိုလ်စေတနာ ၉-ပါးသည်လည်း အခြားမဲ့ ဒုတိယဘဝ၌ ကေန်အကျိုးပေးမြဲသောကြောင့် ဂရုကကံမည်သည်။

## အာသန္နကံ

အာသန္န သဒ္ဒါသည် အနီးဟု အဓိပ္ပာယ်ရ၏။ ထို့ကြောင့်အာသန္နကံဆိုသည်မှာ သေခါနီးကာလ၌ (မရဏာသန္န ဇောဝီထိသို့ မရောက်မီ ) ပြုခဲ့ပြီးသည်ကိုပြန်၍ အောက်မေ့သောကံသည်လည်းကောင်း၊ သေခါနီးကာလ၌ ကရားနာခြင်း အလှူဒါနပြုခြင်း သီလဆောက်တည်ခြင်း ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းခြင်းစသော ကံသည်လည်းကောင်း အာသန္နကံ မည်ပါသည်[၁]။

ထင်ရှားစေဦးအံ့။ အချို့ကုသိုလ်ကံ အကုသိုလ်ကံများကို ကာလအတန်ကြာက ပြုခဲ့ပြီးသည့်နောက် ထပ်ခါထပ်ခါ သတိမရပဲ သေခါနီးနောက်မှ သတိရတတ်၏။ ထိုကံမျိုးသည် အာသန္နကံမည်၏။ သေခါနီးမှ တရားနာခြင်း၊ ပန်းသီမီးပူဇော်ခြင်း၊ တယောက်နှင့်တယောက် သတ်ပုတ်ရိုက်နှက်ခြင်းစသော ကံမျိုးကိုလည်း အာသန္နကံဟု ခေါ်ပါသည်။

ဒမိဠဂေါဝါရိကမည်သော တံငါသည်တယောက်သည် အနှစ်ငါးဆယ်ပတ်လုံး ငါးမျှားခြင်းဖြင့် ပါဏာတိပါတကံကို ပြုခဲ့သော်လည်း သေခါနီးအချိန်တွင် စူဠပိဏ္ဍပါတိကတိဿမထေရ်ထံ၌ သရဏဂုံနှင့် ငါးပါးသီလဆောက်တည်လိုက်ရသော ကုသိုလ်အာသန္နကံကြောင့် စာတုမဟာရာဇ်နတ်ပြည်၌ ဖြစ်ရလေသည်[၂]။

မဟာဝါစကာသအမည်ရှိသော ဥပါသကာသည် သောတာပန်ဖြစ်ရန် ရည်မှန်း၍ အနှစ်သုံးဆယ်ပတ်လုံး ၃၂-ကောဋ္ဌာသ ကမ္မဋ္ဌာန်းကို စီးဖြန်းအားထုတ်သော်လည်း ဩဘာသနိမိတ်မျှ မရသောကြောင့် "ဘုရားသာသနာတော်သည် သံသရာမှထွက်မြောက်ကြောင်း ဖြစ်မည်မထင်"ဟု

၁။ ဇာ၊ ဋီ၊ ၂။ ၁၀၂။ ဝိဘာဝိနီဋီကာ။ ၁၆၇။
၂။ အ၊ ဋ္ဌ၊ ၂။ ၁၀၇-၈။

အယူမှားယွင်း ဖောက်ပြန်၏။ ထိုအယူမှားယွင်း ဖောက်ပြန်မှု အကုသိုလ် အာသန္နကံ၏ အစွမ်းကြောင့် သေဆုံးကွယ်လွန်သည့်အခါ မဟာဂင်္ဂါမြစ်၌ ကိုးဥသဘရှည်သော မိကျောင်းပြိတ္တာကြီး ဖြစ်ရရှာပေသည်[၁]။

## အာစိဏ္ဏကံ

အာစိဏ္ဏဟူသော ပါဠိကား မြန်မာလို "အမြဲမပြတ်၊ ဆည်းပူး လေ့လာအပ်၊ တိုးပွားစေအပ်ခြင်း"ဟု အဓိပ္ပာယ်ရပါသည်။ ထို့ကြောင့် အကုသိုလ်အရာ၌ သတ်ခြင်း ခိုးခြင်း စသည်တို့ဖြင့် အမြဲအသက် မွေးမှုသည်လည်းကောင်း ကုသိုလ်အရာ၌ ပိဏ္ဍပါတ်ဆွမ်းလောင်းလှူ ခြင်း, ငါးပါးသီလ ဆောက်တည်ခြင်း, ဘာဝနာကမ္မဋ္ဌာန်းစီးဖြန်း ခြင်း, စာပေသင်ကြားပို့ချမှု စသည်တို့ကို အမြဲမပြတ် လေ့လာ ဆည်းပူးမှုသည်လည်းကောင်း အာစိဏ္ဏကံဖြစ်ပါသည်။ ထို့ပြင် အကြိမ် ကြိမ် အဖန်ဖန် ထပ်ကာလဲလဲ ပြုလုပ်နေမှု အာစိဏ္ဏကံ မည်သည်မဟုတ်၊ တကြိမ်ကုသိုလ်ပြုပြီးသည့်နောက် ထိုကုသိုလ်ကို ထပ်ကာလဲလဲ ကြိမ်ဖန် များစွာ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေမှုသည်လည်းကောင်း၊ တကြိမ် အကုသိုလ်ပြုပြီးနောက် ထိုအကုသိုလ်ကို အကြိမ်ကြိမ်အဖန်ဖန် စိုးရိမ် ပူပန်နေမှုသည်လည်းကောင်း အာစိဏ္ဏကံ မည်ပါသည်[၂]။

## ကဋတ္တာကံ

ဂရုကကံ အာသန္နကံ အာစိဏ္ဏကံတို့မှ အလွတ်ဖြစ်သော အတိတ်ဘဝ ပစ္စုပ္ပန်ဘဝတို့၌ အမှတ်မဲ့ပြုအပ်သော ကုသိုလ်အကုသိုလ်ကံမျိုးကို ကဋ- တ္တာကံဟု ခေါ်သည်။ သူရူးပစ်လိုက်သော တုတ်သည် အမှတ်မရှိသော အရပ်၌ ကျသကဲ့သို့ ဂရုကကံစသော ကံသုံးပါးမရှိသော် ကဋတ္တာကံသည် အကျိုးပေး၏[၃]။

**ကံလေးမျိုးတို့ အကျိုးပေးပုံ။** ။ထိုနည်းခဲ့ပြီးသော ဂရုကကံစသော ကံ လေးမျိုးလုံး ပင် ပဋိသန္ဓေ အကျိုးကို ပေးပါသည်။ ယခု ဤကံလေးမျိုးကို စဉ်ကားခြင်းမှာလည်း ပဋိသန္ဓေ

---

၁၊ အံ၊ ၄၊ ၂။ ၁၀၈။ ၂။ အံ၊ ၄၊ ၂၊ ၀၅။ ဝိဘာဝိနီဋီကာ၊ ၁၆၉-၇၀။
၃။ ပရမတ္ထဒီပနီဋီကာ။ ၂၁၄။

အကျိုးပေးသည့် အလှည့်အကြိမ်အစဉ်အားဖြင့် စဉ်ထားခြင်းဖြစ်ပါသည်။ ထို့ကြောင့် ကံ ၄-မျိုးလုံးရှိသူတို့၌ နောက်ဘဝမှာ ဂရုကကံက ပဋိသန္ဓေကျိုးကို ပေး၏၊ လောကီစျာန်လည်းမရ၊ အာနန္တရိယကံ နိယတမိစ္ဆာဒိဋ္ဌိကံလည်းကင်းကြ၍ ဂရုကကံမရှိသော ပုဂ္ဂိုလ်များ၌ အာသန္နကံစသော ကံသုံးမျိုးရှိလျှင် အာသန္နကံက ပဋိသန္ဓေကျိုးကို ပေး၏။ ဂရုကကံ အာသန္နကံမရှိပဲ လတ်တလောသေဆုံးရသူ မေ့မေ့မူးမူးနှင့်သေဆုံးရသူများ၌ အာစိဏ္ဏကံစသော ကံ ၂-ပါးရှိလျှင် အာစိဏ္ဏကံက ပဋိသန္ဓေကျိုးကို ပေးလေသည်။

ဤစကားစဉ်အရ ဂရုက၁သော ဈာန်ကံ ၁-မျိုးသည် ယခုမျက်မှောက်ဘဝ၌ ပြုသောကံများတည်း၊ ကဋတ္တာကံကား ယခုဘဝ၌ အမှတ်တမဲ့ ပြုထား၍ ဂရုကစသောအဖြစ်သို့ မရောက်သောကံများနှင့် ရှေးရှေးဘဝတို့၌ ပြုခဲ့ပြီးသောကံများဟည်း။ ထို့ကြောင့် ကဋတ္တာကံနှင့် မည်သူမျှ မကောင်းနိုင်ကြပေ။ ဂရုကကံစသော ဈာန် ၁-ပါးမရှိလျှင် ဤကဋတ္တာကံသည်ပင် ပဋိသန္ဓေကျိုးကို ပေးရလေသည်။ ဤအဓိပ္ပာယ်ဖြင့် နောင်တမလွန်ဘဝအတွက် ဂတိကောင်းဖို့မကောင်းဖို့မှာ ယခုလက်ရှိဘဝတွင် အားရပါးရထူထောင်ထားသောကံတို့၏ လက်ချက်သာဖြစ်သည်။ ထိုကံများ မရှိမှ ရှေးဘဝက ကံများအကျိုးပေးခွင့်ရနိုင်ပေသည်ဆိုသည့်အချက်မှာပေါ်လွင်သိသာပါသည်။ ထို့ကြောင့် ဒုတိယဘဝ၌ အားရကျေနပ်နိုင်မည့် ပဋိသန္ဓေကိုရနိုင်ဖို့ လက်ရှိဘဝတွင် ကြိုးစားအားထုတ်သင့်ကြသည်။

အာသန္နကံနှင့် အာစိဏ္ဏကံပြဿနာ။ ။အာသန္နကံ၊ အာစိဏ္ဏကံ ၂-မျိုးတွင် ဒုတိယဘဝ၌ ပဋိသန္ဓေကျိုးပေးပုံကိုမင့်ပဲပင်ကို သဘောအတိုင်းဆိုပါက အာသန္နကံထက် အာစိဏ္ဏကံက အားကောင်း၏၊ ထို့ကြောင့် အင်္ဂုတ္တိုရ်အဋ္ဌကထာနှင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာတို့၌ "ယဂ္ဂရုကံ၊ ယဗ္ဗဟုလံ၊ ယဒါသန္နံ၊ ကဋတ္တာကပ္ပံ"ဟု အာသန္န

---

၁။ အံ႒၊၂။၁၀၄-၅။ ဝိသုဒ္ဓိ၊၂။၂၃၆။

ကံ၏ ရှေက အာစိဏ္ဏကံကိုထား၍ အစဉ်တမျိုးစဉ်ထားသည်။ ထို့ကြောင့် အင်္ဂုတ္တိုရ်ဋီကာနှင့် ဝိသုဒ္ဓိမဂ်ဋီကာ[1] တို့၌ "ဂရုကကံသည် ကျန်ကံသုံးပါးတို့၏ ရှေးဦးစွာအကျိုးပေးသည်။ ဂရုကကံမရှိသော် အာစိဏ္ဏကံအကျိုးပေးသည်။ အာစိဏ္ဏကံမရှိသော် အာသန္နကံအကျိုးပေးသည်။ အာသန္နကံမရှိသော် ကဋတ္တာကံအကျိုးပေးသည်" ဟု ဖွင့်ဆိုတော်မူကြခြင်းဖြစ်သည်။ သို့ဖြင့်၍ ဤကံလေးပါး၏ ရှေနောက်ဇီစဉ်ပုံမှာ ဗုဒ္ဓရှင်တော်မြတ်ဘုရား၏ မဟာကမ္မဝိဘင်္ဂဉာဏ်အရာသာဖြစ်သည်။ သာဝကတို့၏ ဉာဏ်အရာမဟုတ်ဟု ဝိသုဒ္ဓိမဂ်မဟာဋီကာ၌ ကောက်ချက်ချထားတော်မူသည်။ (ယဗ္ဗဟုလံဆိုသည်မှာ အာစိဏ္ဏကံပင်ဖြစ်သည်)။

ဤသို့ ပင်ကိုသဘောအားဖြင့် အာသန္နကံထက် အာစိဏ္ဏကံက အားရှိသော်လည်း တမလွန် (ဒုတိယ)ဘဝ၌ ပဋိသန္ဓေကျိုးပေးရာတွင် မရဏာသန္နဇောဝီထိနှင့် နီးကပ်နေသော အာသန္နကံသာလျှင် သာလွန်၍ အရေးပါ အရာရောက်၏၊ မှန်၏၊ မရဏာသန္နဇော၌ ကံ ကမ္မနိမိတ် ဂတိနိမိတ်တပါးပါးသည် ပဋိသန္ဓေကျိုးပေးမည့်ကံ၏အစွမ်းကြောင့် ထင်လာရမြဲဓမ္မတာဖြစ်၏။ ထိုသို့ထင်စေနိုင်သောကံသည် အမှန်ပဋိသန္ဓေကျိုးကို ပေးရတော့သည်။ ထိုကဲ့သို့ မရဏာသန္နဇော၌ နိမိတ်တပါးပါးထင်စေဖို့ကိစ္စကိုလည်း ရှေးရှေးက အလေ့အကျက်များခဲ့သော အာစိဏ္ဏကံထက် မရဏာသန္နဇောနှင့် နီးကပ်လျက်ရှိသော အာသန္နကံက သာလွန်၍ ဆောင်ရွက်နိုင်ဖွယ်ရှိ၏။

ဤအဓိပ္ပာယ်ကို ရည်ရွယ်၍ အင်္ဂုတ္တရအဋ္ဌကထာ[2] စသည်၌ နွားခြံကြီးထဲတွင် အားခွန်ဗလကောင်းသော နွားငယ်၊ လိမ္မာသော နွားပျိုများ ရှိနေကြသော်လည်း နွားခြံတံခါးကို ဖွင့်လိုက်သည့်အခါ ခြံတံခါးအနီး၌ရောက်နေသော အားအင်ချိနဲ့သည့် နွားအိုကြီးကသာ ခြံတံခါးဝနှင့် နီးသောကြောင့် ရှေ့ဆုံးကထွက်ရသကဲ့သို့ အာစိဏ္ဏကံစသည့်အခြားကံများ ရှိသော်လည်း အာသန္နကံသည်သာ သေခါနီးကာလနှင့် နီးသည့်အတွက်

---

၁။ အံ၊ဋီ၊၂။၁၀၂။ ဝိသုဒ္ဓိဋီ၊၂။၃၇၇။
၂။ အံ၊ဋ္ဌ၊၂။၁၁၇။

ထိုက်ကသာ ပဋိသန္ဓေကျိုးကို ပေးသည်ဟု ဥပမာဆောင်ပြထားလေသည်။ ဤနည်းအရ အာသန္နကံက အာစိဏ္ဏကံထက် ရှေဦးစွာအကျိုးပေးလှည့်ကျသောကြောင့် အာသန္နကံကို အာစိဏ္ဏကံ၏ ရှေမှာချ၍ သင်္ဂဟအဋ္ဌကထာ၌ စဉ်ပြထားခြင်း ဖြစ်ပါသည်။

အကျိုးပေးကာလအားဖြင့် စေတနာလေးမျိုး။ ။တနည်း အား ဖြင့် စေတနာမည်သော

ကံတရားသည် အကျိုးပေးရာကာလကို အစွဲပြု၍ –

၁။ ဒိဋ္ဌဓမ္မဝေဒနီယကံ= လက် ရှိ ဘဝ ၌ ပင် ပဝတ္တိအကျိုးပေးသောကံ၊

၂။ ဥပပဇ္ဇဝေဒနီယကံ= သေပြီးဒုတိယဘဝ၌ ပဋိသန္ဓေ ပဝတ္တိအကျိုးပေးသောကံ၊

၃။ အပရာပရိယာယဝေဒနီယကံ= တတိယဘဝမှ နိဗ္ဗာန်ရသည့်အထိ ပဋိသန္ဓေကျိုးပဝတ္တိကျိုးတို့ကို ပေးသောကံ၊

၄။ အဟောသိကံ= လုံးဝအကျိုးမပေးသောကံ –

ဟူ၍လေးမျိုးရှိပြန်သည်။

## ဒိဋ္ဌဓမ္မဝေဒနီယကံ

ထိုတွင် ဒိဋ္ဌဓမ္မဝေဒနီယကံဆိုသည်မှာ မျက်မှောက်ထင်ထင် တွေ့မြင်ရသော ပစ္စုပ္ပန် အတ္တဘော၌(ဝါ) လက်ရှိဘဝ၌ ခံစားအပ်သောကံမျိုးဖြစ်သည်။ "ခံစား" ဟူသော စကားသည် အကြောင်းကံနှင့်မဆိုင်၊ အကျိုးဝိပါက်နှင့်သာဆိုင်၏။ အကြောင်းကံကို ခံစား၍မဖြစ်၊ အကျိုးဝိပါက်ကိုသာ ခံစား၍ဖြစ်သည်။

ထို့ကြောင့် အကျိုးဝိပါက်၏– "ဝေဒနီယ" (ခံစားအပ်) ဟူသောနာမည်ကို အကြောင်းကံပေါ်တင်စား၍ ဖလူပစာရအားဖြင့် အကြောင်းကံကိုပင် "ဝေဒနီယ"(ခံစားအပ်)ဟု ဆိုထားသည်၊ လက်ရှိ ပစ္စုပ္ပန်ဘဝ၌ပင် အကျိုးပေးသောကံဟုဆိုလိုသည်။ (ဒိဋ္ဌဓမ္မ၊ မျက်မှောက်ထင်ထင်တွေ့မြင်ရသော ပစ္စုပ္ပန်အတ္တဘော၌- ဝါ·လက်ရှိဘဝ၌။ ဝေဒနီယ၊ ခံစားအပ်သောကံ)။

**ဒိဋ္ဌဓမ္မဝေဒနီယကံနှင့် ပဝတ္တိကျိုး**

တရားကိုယ်အားဖြင့် ကုသိုလ် အကုသိုလ် ပထမဇောစေတနာသည် ဒိဋ္ဌဓမ္မဝေဒနီယကံဖြစ်သည်။ ဤပထမဇောစေတနာသည် ဇောခုနစ်ကြိမ်တွင် အစဆုံးဖြစ်ရသည့်အတွက် မိမိရှေ့က အာသေဝနသတ္တိဖြင့် ထောက်ပံ့ကူညီချက်ကို မရသောကြောင့် ဒုတိယ၊ တတိယစသော ဇောစေတနာများလောက် အားမရှိပါချေ။ ထို့ကြောင့် အခြားဒုတိယ၊ တတိယစသော ဇောစေတနာများကဲ့သို့ ပဋိသန္ဓေကျိုးကို ရွက်ဆောင်၍ ဘဝသစ်တမျိုး ဖြစ်ပေါ်လာအောင် မထူထောင်နိုင်။ လက်ရှိဘဝ၌သာ ဒသဟိတ်ကုသလဝိပါက် ဒွိဟိတ်ကုသလဝိပါက် အကျိုးများနှင့် ကမ္ဘာရုပ်၊ ကမ္မပစ္စယဥတုဇရုပ် အကျိုးများဟူသော ပဝတ္တိကျိုးမျှကိုသာ ဖြစ်ထွန်းပေါ်ပေါက်စေနိုင်ပေသည်[၁]။

**ဒိဋ္ဌဓမ္မဝေဒနီယကံ အကျိုးပေးပုံ** ဤဒိဋ္ဌဓမ္မဝေဒနီယကံ၏ အကျိုးပေးပုံကို ဝတ္ထုသာဓကများဖြင့် ရှင်းပြပါမည်။ ပုဏ္ဏမည်သော ဆင်းရဲသားသည် နိရောဓသမာပတ်မှ ထပြီးစ ဖြစ်သော အရှင်သာရိပုတ္တရာမထေရ်ကြီးအား နံနက်စောစော မျက်နှာသစ်ရေကို လှူဒါန်း၏၊ ဇနီးသည် ဘာဂိဏီက ထမင်းလှူဒါန်းဆက်ကပ်၏။ ထိုကုသိုလ်များကြောင့် ဇနီးမောင်နှံတို့မှာ ထွန်ချေးခဲများက ရွှေတုံးရွှေခဲများ၍ နေ့ချင်းပင် သဌေးဖြစ်သွားကြ၏။ ကာကဝဠိယဇနီးမောင်နှံတို့သည် နိရောဓသမာပတ်မှ ထပြီးစဖြစ်သော အရှင်မဟာကဿပထေရ်မြတ်ကြီးအား ယာဂုသွမ်းလှူဒါန်း၏၊ ထိုကုသိုလ်ကြောင့် ၇-ရက်အတွင်း၌ ရွှေအိုးငွေအိုးများကိုရ၍ သဌေးဖြစ်လေသည်။

ထိုသို့ သဌေးဖြစ်ကြသည့်အခါ ကောင်းသောအာရုံများကို မြင်ရကြားရမှုကြောင့် အဟိတ်ကုသလဝိပါက် စက္ခုဝိညာဉ်စသည်နှင့် ခန္ဓာကိုယ်ဝယ် ကုသိုလ်ကမ္မဇရုပ်များ တိုးပွားခွင့်ရလေသည်။ သဌေးဖြစ်အောင် ပိုးပွားလာကြသော ဥစ္စာများကား ကံကြောင့်ဖြစ်ပေါ်လာ

---

၁။ ပရမတ္ထဒီပနီမဟာဋီကာ။ ၂၁၈။

သော ရုပ်ဝတ္ထုများဖြစ်၍ ကမ္မပစ္စယဥတုဇရုပ်များဟု ခေါ်သည်။ ဤကား ဒိဋ္ဌဓမ္မဝေဒနီယကုသိုလ်ကံကြောင့် လက်ရှိဘဝ၌ ထင်ထင်ရှားရှား အကျိုးပေးသော သာဓကများဖြစ်၏[၁]။

ကောင်းသောအမှုကို ပြုသဖြင့် သူတော်ကောင်းစသည်တို့၏ ချီးကျူးမှု၊ ချီးမြှောက်ထောက်ပံ့မှုတို့ကို ခံရခြင်းသည်လည်းကောင်း၊ ထိုက်သည့်အလျောက် လောကီဝတ္တရားဖြင့် အစိုးရတို့၏ အချီးအမြှောက်အမအစကို ခံရခြင်းတို့သည်လည်းကောင်း ကုသိုလ်ဒိဋ္ဌဓမ္မဝေဒနီယကံ၏ မထင်ရှားသော အကျိုးတရားများဟု ဆိုသင့်ပေသည်[၂]။

နန္ဒလုလင်သည် ဥပ္ပလဝဏ်မည်သော ရဟန္တာထေရီမအား မတရားကျင့်သည့် အကုသိုလ်ကြောင့် မြေချင်းမြေမျို၍ ဘဝဆုံးရသည်။ နန္ဒနွားသတ်သမားသည် အနှစ် ၅၀-ပတ်လုံး နွားသတ်ခြင်းဖြင့် အသက်မွေးခဲ့၏၊ တနေ့တွင် ထမင်းပွဲ၌ အမဲသားဟင်းမပါသောကြောင့် နွားအရှင်တကောင်၏ လျှာကို လှီးဖြတ်၍ မီးကင်စားနေစဉ်ပင် လျှာပြတ်ကျပြီး သေဆုံးရသည်၊ သေဆုံးပြီးသည့်နောက် ငရဲသို့ ကျရရှာ၏[၃]။

နန္ဒဘီလူးသည် အရှင်သာရိပုတ္တရာ၏ ရိတ်ပြီးစ ဦးခေါင်းပြောင်ပြောင်ကို လက်ဖြင့်ခေါက်၏၊ ထိုအကုသိုလ်ကြောင့်ပင် "ပူလှချည့်၊ လောင်လှချည့်"ဟု မြည်တမ်းကာ အဝီစိငရဲကျရလေသည်။ဤသည်တို့မှာ ဒိဋ္ဌဓမ္မဝေဒနီယ အကုသိုလ်ကံကြောင့် မျက်မှောက်ဘဝ၌ပင် ထင်ထင်ရှားရှား အကျိုးပေးသော သာဓကများဖြစ်ပါသည်[၄]။

မကောင်းမှုဒုစရိုက်များကို ပြုကျင့်သဖြင့် သူတော်ကောင်းတို့၏ ကဲ့ရဲ့မှုကို ခံရခြင်း၊ ထိုက်သည့်အလျောက် အစိုးရအပြစ်ဒဏ်ကို ခံရခြင်းများမှာ အကုသိုလ်ဒိဋ္ဌဓမ္မဝေဒနီယကံ၏ မထင်ရှားသော အကျိုးတရားများဖြစ်သည်ဟု ဆိုသင့်ပေသည်။

---

၁။ မဋ္ဌ၊၄-၄-၅။

၂။ ပရမတ္ထသံခိပ်ဋီကာ ၂၉၀။

၃။ ဝိဋ္ဌ၊၁။၂၃၇၊ ဓမ္မပဒဋ္ဌ၊၂။၂၁၃ ၄။

၄။ မဋ္ဌ၊၄။၅-၆။

ဤပထမဇောစေတနာဟူသော ဒိဋ္ဌဓမ္မဝေဒနီယကံသည် ပဝတ္တိအကျိုးကို ပေးသည်ဟုဆိုသော်လည်း အခါခပ်သိမ်း ပေးနိုင်ကြသည် မဟုတ်၊ အကြောင်းအထောက်အပံ့များစွာ စုံညီမှ အကျိုးပေးနိုင်သည်။ ချဲဦးအံ့– ဤပထမဇောစေတနာသည် ရှေ့ဦးဆုံးဖြစ်သော ဇောဖြစ်၍ မိမိကို အာသေဝနသတ္တိဖြင့် ထောက်ပံ့ကူညီသည့် ဇောမရှိသည့်အတွက် အလွန်အားနည်းပေသည်၊ ထို့ကြောင့် ကုသိုလ်ဒိဋ္ဌဓမ္မဝေဒနီယကံ ဖြစ်လျှင် ဆန့်ကျင်ဘက် အကုသိုလ်တို့၏ လွှမ်းမိုးနှိပ်စက် နှောင့်ယှက်မှုကို မခံရပါမှ မျက်မှောက်ဘဝ၌ အကျိုးပေးနိုင်ပါသည်။ ဆန့်ကျင်ဘက် ကုသိုလ် အကုသိုလ်တို့၏ လွှမ်းမိုးနှိပ်စက်မှုများ မရှိသည်တိုင်အောင် ကုသိုလ် အရာ၌ ဂတိသမ္ပတ္တိ၊ ကာလသမ္ပတ္တိ၊ ဥပဓိသမ္ပတ္တိ၊ ပယောဂသမ္ပတ္တိဆိုသည့် ထူးခြားသောအကြောင်း အထောက်အပံ့အကူအညီတို့ကိုလည်းကောင်း၊ အကုသိုလ်အရာ၌ ဂတိဝိပတ္တိ၊ ကာလဝိပတ္တိ၊ ဥပဓိဝိပတ္တိ၊ ပယောဂဝိပတ္တိဆိုသည့် ထူးခြားသောအကြောင်း အထောက်အပံ့ အကူအညီတို့ကိုလည်းကောင်း ပဌမဇော အားကောင်းလောက်အောင် ရရှိပါမှ ဒိဋ္ဌဓမ္မကျိုးကို ပေးနိုင်သည်[၁]။

ဒိဋ္ဌဓမ္မ ဝေဒနီယကံ၏ အင်္ဂါ ၄-ပါး။ ။ထို့ပြင် ရဟုပဒ သုခသာမဂေဿ ဝဏ္ဏနာ၌–

၁။ အလှူခံပုဂ္ဂိုလ်သည်အနာဂါမ်၊ ရဟန္တာအမျိုးမျိုး ဖြစ်ရခြင်း= ဝတ္ထုသမ္ပဒါ၊

၂။ လှူသော ပစ္စည်းမှာ တရားလမ်းဖြင့် ရှာဖွေရရှိအပ်သော ပစ္စည်းဖြစ်ခြင်း= ပစ္စယသမ္ပဒါ၊

၃။ အလှူရှင်က စေတနာ သုံး တန် လုံး ထက်သန်ရခြင်း= စေတနာသမ္ပဒါ၊

၄။ အလှူခံပုဂ္ဂိုလ်က နိရောဓသမာပတ်မှ ထပြီးစဖြစ်၍ လွန်ကဲသော ဂုဏ်နှင့် ပြည့်စုံခြင်း= ဂုဏာတိရေကသမ္ပဒါ–

ဟု ဒိဋ္ဌဓမ္မကျိုးပေးဖို့ရာ အကြောင်းလေးမျိုး လာသောကြောင့်၊ သို့သော်

---

၁။ ဝိဘာဝိနီဋီကာ။၁၇၁။

ထိုအကြောင်းလေးပါးမှာ ဒါနကုသိုလ်စေတနာ၏ ဒိဋ္ဌဓမ္မကျိုးပေးရာ၌သာ ဆိုင်၏၊ အခြားကုသိုလ်တို့နှင့်မဆိုင်ဟု မှတ်သားရမည်[၁]။

ထိုဒိဋ္ဌဓမ္မဝေဒနီယကံသည် ကုသိုလ်ဖြစ်စေ၊ အကုသိုလ်ဖြစ်စေ ကာက-ဝဋ္ဋိယသဒ္ဒေး နန္ဒလုလင်တို့ကဲ့သို့ ပြုလုပ်လွန်ကျူးပြီး ၇-ရက်အတွင်း အကျိုးပေးသော "ပရိပက္ကဒိဋ္ဌဓမ္မဝေဒနီယကံ"၊ ၇-ရက်လွန်ပြီးမှ အရွယ် ၃-ပါးတွင် တရွယ်ရွယ်၌ အကျိုးပေးသော "ဒိဋ္ဌဓမ္မဝေဒနီယမတ္တကံ"ဟူ၍ နှစ်မျိုးနှစ်စား ရှိပေသည်[၂]။

## ဥပပဇ္ဇ ဝေဒနီယကံ

ဥပပဇ္ဇဝေဒနီယကံကား– ပထမဘဝ၏ အနီးဖြစ်သော ဒုတိယ ဘဝသို့ရောက်၍ (ဝါ) အခြားမဲ့ဘဝ၌ ရရိခံစားရသော ကံမျိုးဖြစ်သည်။ ဒုတိယဘဝ၌ အကျိုးပေးသောကံဟု ဆိုလိုပါသည်။ ဤကံသည် တရား ကိုယ်အားဖြင့် ဇော ၇-ကြိမ်တို့တွင် နောက်ဆုံးသတ္တမဇော၌ရှိသော စေတနာဖြစ်၏။ ဒါန သီလစသောကုသိုလ်မှု၊ သူ့တပါးအသက်သတ်ခြင်း ပါဏာတိပါတစသော အကုသိုလ်မှုများသည် ဤသတ္တမဇော အခိုက် ရောက်မှ အထမြောက်ကြ၏။

ရှင်းပြဦးအံ့– ထိုကုသိုလ်မှု အကုသိုလ်မှုကိုပြုရာ၌ ရှေ့ဇောများဖြင့် အထမမြောက်သေး၊ ရှေ့ဇောများသည် သတ္တမဇောအားဖွံ့အောင် အထောက်အပံ့များသာ ဖြစ်ကြ၏။ သတ္တမဇောကျမှသာ ဆိုင်ရာကိစ္စများ ပြီးစီးနိုင်၏။ ထို့ကြောင့် "အမှုကိစ္စများကို ပြီးမြောက်စေနိုင်၍ သန္နိဋ္ဌာန်ကျ ဆုံးဖြတ်ချက်ချကြောင်း ဖြစ်သော သတ္တမဇောစေတနာသည် ဥပပဇ္ဇ-ဝေဒနီယကံမည်၏"ဟု ဝိဘာဝိနီဋီကာစသည်တို့၌ မိန့်ဆိုကြခြင်း ဖြစ်ပေ သည်။ ဤသို့ သတ္တမဇောစေတနာသည် ကံအထမြောက်မှု၌ အချုပ်အချာ ဖြစ်၏။ ထို့ကြောင့်ပင် ဤသတ္တမဇောစေတနာသည် ပဋိသန္ဓေကျိုးကို ပေးနိုင်သောစေတနာတို့တွင် ရှေဦးစွာထွက်၍ ဒုတိယဘဝတွင် ပဋိသန္ဓေ

---

၁။ ဓမ္မပဒဋ္ဌ၊ ၂။၅၃။ ၂။ မဏိ၊ ၄။၃။

ကျိုးကို ပေးစွမ်းနိုင်လေသည်။ (ဥပပဇ္ဇ=အနီးဖြစ်သော ဒုတိယဘဝသို့ ရောက်၍ (ဝါ) အခြားမဲ့ဘဝ၌ + ဝေဒနီယ = ခံစားရခြင်း အကျိုးရှိသောကံ)။

ထိုဥပပဇ္ဇဝေဒနီယကံသည် ဒုတိယဘဝတွင် ပဋိသန္ဓေကျိုး ပဝတ္တိကျိုး နှစ်မျိုးလုံးကို ဖြစ်စေ၊ တမျိုးမျိုးကိုဖြစ်စေ အကျိုးပေးသောကံမျိုး ဖြစ်သည်။ ထိုကံသည် ဒုတိယဘဝတွင် ပဋိသန္ဓေကျိုးကို မပေးသော်လည်း ပဝတ္တိကျိုးကို ပေးနိုင်ပေသည်၊ မှန်၏၊ စမ္မေယျဇာတ်၌ အလောင်းတော် စမ္မေယျနဂါးမင်းသည် ရှေးဘဝကနဂါးမင်းစည်းစိမ်ကို တောင့်တ၍ ဒါန သီလစသော ကုသိုလ်ကောင်းမှုများကို ပြုလုပ်ခဲ့၏၊ သေဆုံးသောအခါ အကုသိုလ်ကံကြောင့် အဟိတ်တိရစ္ဆာန်ဖြစ်သော နဂါးပဋိသန္ဓေနေ၍ နဂါးမင်းဖြစ်လာခဲ့ပါသည်။ ဤ၌ ရှေးဘဝကပြုလုပ်ခဲ့သော ဒါန သီလ စသည့် ကုသိုလ်ကောင်းမှုများသည်ပဋိသန္ဓေကျိုးကို မပေးလိုက်ရပါချေ။ သို့သော် ထိုကုသိုလ်ကောင်းမှုများကြောင့် ပဝတ္တိအခါ၌ကား ကြီးကျယ်သော နဂါးစည်းစိမ်ကို ခံစားရလေသည်။ ဤသို့ ဒုတိယဘဝ၌ ပဋိသန္ဓေကျိုးကို မပေးရသော်လည်း ပဝတ္တိကျိုးမျှကိုပေးသော ဇာတ်ဝတ္ထုပေါင်းများစွာ ရှိပေသည်[၁]။

ထိုဥပပဇ္ဇဝေဒနီယကံသည် အခြားမဲ့ဒုတိယဘဝ၌ အကျိုးပေးသောကံ ဖြစ်သောကြောင့် ကုသိုလ်အရာတွင် သမာပတ် ၈-ပါးသည်လည်းကောင်း၊ အကုသိုလ်အရာတွင် အာနန္တရိယကံ ၅-ပါးနှင့် နိယတမိစ္ဆာဒိဋ္ဌိကံတို့သည် လည်းကောင်း ဥပပဇ္ဇဝေဒနီယကံများ ဖြစ်ပေသည်[၂]။

အပရာပရိယာယ ဝေဒနီယကံ။ ။အပရာပရိယာယ ဝေဒနီယကံဆိုသည် မှာ တတိယဘဝမှစ၍ နိဗ္ဗာန်ရသည် တိုင်အောင် အခွင့်သာတိုင်း ပဋိသန္ဓေကျိုး၊ ပဝတ္တိကျိုးတို့ကို ဖြစ်စေ နိုင်သောကံမျိုး ဖြစ်သည်။ ဤကံသည် တပုဂ္ဂိုလ်အားဖြင့် ဇာတ် ၇-ကြိမ်

၁။ ဇာတ္ထ၄။၄၅၇-၄၇၂။ ၂။ အံဋ္ဌ၂။၁၀၄။

တို့တွင် အလယ်ဇောငါးချက်ရှိ စေတနာပင်ဖြစ်သည်။ ဤစေတနာများသည် ဒွေးရွေးဇောများ၏ အာသေဝနအကြောင်းဖြင့် ထောက်ပံ့ကူညီမှုကို ရရှိကြသောကြောင့် အလွန်အားကောင်းကြသည်။ ထို့ကြောင့် တတိယဘဝမှစ၍ ဘဝမဆုံးမချင်း သံသရာအတွင်း၌ အခွင့်သင့်ရာဘဝတွင် အကျိုးပေးနိုင်သည်၊ အပရာပရိယာယဝေဒနီယကံမှ လွတ်သောသတ္တဝါမည်သည် မရှိချေ[၁]။

"ကောယ စေတနာယ ကမ္မေ အာယူဟိတေ ကော ပဋိသန္ဓိ ဟောတိ"–

ဟူသော အဋ္ဌသာလိနီအဋ္ဌကထာအဖွင့်၌ "စေတနာတခုဖြင့် ကံကို အားထုတ်လျှင် တခုသောပဋိသန္ဓေ ဖြစ်၏၊ (ဝါ) စေတနာတခုလျှင် ပဋိသန္ဓေကျိုးတမျိုးပေး၏"ဟု အဓိပ္ပာယ်ယူ၍ အပရာပရိယာယဝေဒနီယကံသည် ဇောစေတနာ ၅ ချက်ရှိသည့်အတွက် ပဋိသန္ဓေကျိုးငါးမျိုးကို ပေး၏ (၅-ဘာပဋိသန္ဓေရ၏)ဟု ပြောစမှတ်ပြုကြသည်။ ဤကျမ်း၌ကား ထိုအဋ္ဌသာလိနီစကားကိုပင်ထောက်၍ အပရာပရိယာယဝေဒနီယကံသည် စေတနာ ၅ တန်လုံးမှ ပဋိသန္ဓေကျိုးတမျိုးသာ ပေးခွင့်ရှိသည်ဟု ယူလိုပေသည်။

ထင်ရှားစေဦးအံ့-"ကောယ စေတနာယ ကမ္မေ အာယူဟိတေ" ပါဌ်၌ စေတနာဟူသည် ဇောနှင့် ယှဉ်သော စေတနာစေတသိက်တည်း။ ကံကား ကိုယ် နှုတ် စိတ်တို့၏ အမှုအရာတည်း။ ထိုကံကို ဇောစေတနာတခုတည်းဖြင့် ထမြောက်အောင် အားမထုတ်နိုင်၊ ဝီထိတခုတွင် ပါဝင်သော ဇော ၇-ကြိမ်ဖြင့် အားထုတ်မှ ကံတခု ထမြောက်နိုင်သည်။ ထိုဇောစေတနာ ၇-ကြိမ်လုံးကိုပင် သဘောတူသောကြောင့် စေတနာတခုဟု ဆိုထားသည်၊ ထို့ကြောင့် "သတ္တမဇောအတွက် ပဋိသန္ဓေတကျိုး၊ အလယ်ဇော ၅-ချက်အတွက် ပဋိသန္ဓေ ၅-ကျိုး"ဟူသော စကားသည် လားလားမှ ပသင့်။ တဝိထိပါ ဇောစေတနာအားလုံးအတွက်မှ ပဋိသန္ဓေ

၁။ ပရမတ္ထဒီပနီဋီကာ၊ ၂၁၉။ ဆံဋ္ဌ၊ ၂။၁၀၄။

ကျိုးတချက်သာ ရနိုင်သည်။ သို့ဖြစ်၍ ဥပပဇ္ဇဝေဒနီယကံ (သတ္တမဇော စေတနာ)သည် ဒုတိယဘဝ၌ ပဋိသန္ဓေကျိုးပေးခဲ့လျှင် အလယ်ဇော (၅)ချက်က နောက်ထပ် ပဋိသန္ဓေကျိုး မပေးနိုင်၊ ပဝတ္တိအကျိုးကိုသာ ဆိုင်ရာဘဝ၌ ပေးခွင့်ရှိတော့သည်။ သတ္တမဇော ပေးပြီးနောက် အလယ်ဇော ၅-ချက်က ထပ်၍ပဋိသန္ဓေကျိုး ပေးဦးမည်ဆိုလျှင် အာနန္တရိယ နိယတမိစ္ဆာဒိဋ္ဌိ သတ္တမဇောတို့အတွက် အဝီစိ၌ ဖြစ်ပြီးနောက် အလယ်ဇောများအတွက် အဝီစိ၌ပင် ထပ်၍ ဖြစ်ရလိမ့်ဦးမည်။ ထိုကဲ့သို့လည်း ဖြစ်ရိုးမဟုတ်။

"နာနာစေတနာ ဟိ ကမ္မ အာယူဟိဘော နာနာ ဟောတိ ပဋိသန္ဓိ" ဟူသော အဋ္ဌသာလိနီအဖွင့်၌လည်း နာနာ စေတနာအရ တဝိထိ၌ပါသော ဇောစေတနာ ၇-ကြိမ်ကို ဆိုလိုရင်းမဟုတ်၊ ပုဗ္ဗစေတနာ မုဉ္စစေတနာ အပရစေတနာအမျိုးမျိုးကို ဆိုလိုရင်းဖြစ်သည်။ ထိုစေတနာအမျိုးမျိုး ဖြင့် ကံကိုအားဆုတ်လျှင် ပုဗ္ဗအပရ စေတနာတို့ အတွက်ကြောင့် ပဋိ-သန္ဓေကျိုး များစွာဖြစ်နိုင်သည်ဟူလို။

ဤအဆုံးအဖြတ်နှင့် စပ်လျက် ထောက်ထားချက်များမှာ လက္ခဏာ-သံယုတ်၊ စတုတ္ထပါရာဇိကပါဠိတော် အဋ္ဌကထာနှင့် ဝိမတိဝိနောဒနီဋီကာ တို့တည်း။ ညွှန်ပြပေအံ့—နွားသတ်သမားတယောက်သည် နွားသတ်မှုကံ ကြောင့် နှစ်ပေါင်းများစွာ ငရဲ၌ ကျက်ရ၏။ ထိုနွားသတ်မှုကံ အကြွင်း အကျန်ကြောင့် ဂိဇ္ဈကုဋ်တောင်မှာ အရိုးစုပြိတ္တာ ဖြစ်လာသည်။ ဤ ဝတ္ထု၌ အချို့ဆရာတို့ အယူအတိုင်းဆိုလျှင် နွားသတ်မှု ပါဏာတိပါတကံ ကို ထမြောက်အောင် ပြုလုပ်သော ဝီထိ၌ ပါဝင်သော ဇောစေတနာ-၇ ကြိမ်တွင် သတ္တမဇောဟူသော ဥပပဇ္ဇဝေဒနီယကံကြောင့် ငရဲ၌ ကျ၍ ထိုဝီထိ၌ပါသော အလယ်ဇော ၅-ချက်တွင် တချက်ချက် အပရာပရိယာ-ယဝေဒနီယကံကြောင့် ပြိတ္တာဖြစ်ရသည်ဟု မှတ်ယူဖွယ်ရှိ၏။ အမှန်မှာ ကား ထိုအတိုင်းမဟုတ်၊ နွားသတ်မှုပြုစဉ်က ပါဏာတိပါတကံ တကြိမ် ထမြောက်ဖို့ရာ ပုဗ္ဗစေတနာ၊ မုဉ္စစေတနာ၊ အပရစေတနာများဖြစ်၏။

မဟဂ္ဂုတ်စေတနာမှာ ကံထမြောက်သည့် တဝီထိ၌ပါသော ဇောစေတနာတို့တည်း။ ကံအထမမြောက်မီ ရှေ့အဖို့က ဝီထိပေါင်းများစွာ ပါရှိသော စေတနာများကို ပုဗ္ဗစေတနာဟု လည်းကောင်း၊ နောက်အဖို့၌ စေတနာများစွာကို အပရစေတနာဟုလည်းကောင်း ခေါ်၏။

ထိုတွင် မုဥ္စစေတနာ၌ ပါဝင်သော သတ္တမဇောကြောင့် ရေ၌ ပဋိသန္ဓေနေရပြီးနောက် ပုဗ္ဗစေတနာ အပရစေတနာတို့တွင် ဝီထိတခုခု၌ ပါသော အလယ်ဇော စေတနာကြောင့် ပြိတ္တာဖြစ်လာရသည်ဟု ဖွင့်ပြီ၊ အလယ်ဇောစေတနာ ၅-ချက်တို့ ပဋိသန္ဓေတကြိမ်ပေးရာ၌ "မည်သည့်ဇောက ပေးသနည်း၊ ဒုတိယဇောက ပေးသလော၊ ဆဋ္ဌဇောက ပေးသလော"ဟု မစေ့ကြောထိုက်၊ သင့်ရာတချက်ချက်အတွက် ပဋိသန္ဓေတကျိုးသာ ထွက်သည်ဟု မှတ် ဟူ၍သင်္ဂြိုဟ်ဘာသာဋီကာတွင် ဆုံးဖြတ်ထားပေသည်။

ထို့ပြင် "အပရာပရိယာယဝေဒနီယကံသည် တတိယဘဝမှစ၍ နိဗ္ဗာန်ရသည့် ဘဝတိုင်အောင် ပဝတ္တိကျိုးကို ပေးနိုင်သည်" ဟူသောစကားအရ မည်သည့် အပရာပရိယာယဝေဒနီယကံကို အကြိမ်များစွာ ထပ်ကာထပ်ကာ အကျိုးပေးနိုင်သည်"ဟု မှတ်ယူကြ၏။ ထိုကဲ့သို့ မမှတ်ယူထိုက်၊ ပိမိသတ္တိရှိသမျှ အကျိုးပေးပြီးဖြစ်သော် နိဗ္ဗာန်မရမီလည်း ထိုစေတနာများ၏ အစွမ်းသတ္တိ ကုန်ဆုံးကြရသည်သာ။ အကျိုး မပေးရသေးသျှင်သာ နောက်ဆုံးဘဝတိုင်အောင် သတ္တိပါနိုင်သည်ဟု ဆိုလိုသည်။ များစွာသော ဇာတ်နိပါတ်တို့၌ သဗ္ဗညုပါဟကောင်ကို သတ်မိ၍ ငရဲကျက်ရပြီးနောက် ထိုသတ္တဝါ၏ အမွေ အရေအမှတ်နှင့် အညီ အပျ (ပုဗ္ဗ အပရ စေတနာများစွာအတွက်) အသတ်ခံရ၍ချည်း သေရကြောင်း၊ နောက်ဆုံး အရေအတွက်ဖြစ်သည့်ဘဝ၌ အသတ်ခံရသော်လည်း ပစ္စေကဗုဒ္ဓါတော့မည် ဖြစ်၍ ဝမ်းမြောက်ကြောင်းကို ပြသောဝတ္ထုတွေများစွာ ရှိလေသည်။ နိမိယဇာတကအဋ္ဌကထာ၌လည်း "အပရာပရိယဝေဒနီယကံသည် အကျိုးမပေးရလျှင် မပျက်စီး"ဟု ဟိုက်ရိုက်ပြသဖြင့် အကျိုးပေးပြီးသည့်အခါမှ ပျက်စီးပျောက်ကွယ်သည်ဟု အဓိပ္ပာယ်ပြလျက် ရှိသည်။

## အဟောသိကံ

အဟောသိကံဆိုသည်မှာ ကံတရားသာဖြစ်၍ ထိုကံ၏အကျိုးတရား လုံးဝမဖြစ်ပဲ မပေါ်ပေါက်လာသည့်ကံမျိုးဖြစ်သည်။ (အဟောသိကမ္မ = အဟောသိကံ။ ကမ္မ = ကံသာလျှင် + အဟောသိ = ဖြစ်၏)။ ထိုကံသည် တရားကိုယ်အားဖြင့် သီးခြားမရှိချေ။ ပထမဇောစေတနာ (ဒိဋ္ဌဓမ္မဝေဒနီယကံ)၊ အလယ်ဇော ၅-ချက် စေတနာ (အပရာပရိယာယဝေဒနီယကံ)၊ သတ္တမဇော စေတနာ (ဥပပဇ္ဇဝေဒနီယကံ)တို့သည်ပင် အဟောသိကံ၏ တရားကိုယ်များ ဖြစ်ပါသည်။

အဓိပ္ပာယ်မှာ ပထမဇောစေတနာဟူသော ဒိဋ္ဌဓမ္မဝေဒနီယကံသည် မျက်မှောက်ဘဝ၌ အကျိုးမပေးသော်လည်းကောင်း၊ အလယ်ဇော ငါးချက်ဟူသော အပရာပရိယာယဝေဒနီယကံသည် တတိယဘဝမှနိဗ္ဗာန် ရသည့်တိုင်အောင် အကျိုးမပေးခဲ့သော်လည်းကောင်း၊ သတ္တမဇောစေတနာ ဟူသော ဥပပဇ္ဇဝေဒနီယကံသည် ဒုတိယဘဝ၌ အကျိုးမပေးခဲ့သော် လည်းကောင်း အဟောသိကံဖြစ်သည်ဟု ဆိုလိုပေသည်။

ပုန်၏၊ ပစ္စုပ္ပန်ဘဝ၌ ဒိဋ္ဌဓမ္မအကျိုးပေးနိုင်လောက်သော ကံအများ ကို အားထုတ်ထားလျှင် ကံတခုကသာ ဒိဋ္ဌဓမ္မအကျိုးကို ပေးနိုင်၏၊ ကြွင်း သော ကံများသည် အဟောသိကံဖြစ်ကြရသည်။ ဥပပဇ္ဇဝေဒနီယကံများ ကို အားထုတ်ထားရာ၌လည်း ကံတခုက ပဋိသန္ဓေကျိုးကို ပေးလျှင် ကြွင်း သောကံများသည်ပဋိသန္ဓေကျိုးကိုမပေးနိုင်၊ ပဝတ္တိအကျိုးကိုကား ပေးနိုင် သေး၏။ ပဝတ္တိကျိုးကိုမျှမပေးနိုင်လျှင် အဟောသိကံ ဖြစ်ကြရလေသည်။

ပဉ္စာနန္တရိယကံ ငါးမျိုးလုံးကို လွန်ကျူးထားရာ၌ အစွမ်းသတ္တိ အသက်ဆုံးဖြစ်သော သံဃဘေဒကကံကသာ ပဋိသန္ဓေကျိုးကို ပေးသည်၊ ကြွင်းသော အာနန္တရိယကံလေးမျိုးသည် အဟောသိကံဖြစ်ကြရသည်။ ဈာန်သမာပတ် ၈-ပါးလုံးကို ရသူ၌ တပါးသာ ပဋိသန္ဓေကျိုးကို ပေး၏၊ ကြွင်းသော ဈာန်သမာပတ်များသည် အဟောသိကံ ဖြစ်ကြရသည်[၁]။

၁။ အဘိ၊ဋ္ဌ၊၂။၄၃၄။အံ၊ဋ္ဌ၊၂။၁၀၄-၅။

အပရာပရိယာယဝေဒနီယကံကား နိဗ္ဗာန်ရ၍ သံသရာစက်ပြတ်မှ အဟောသိကံ ဖြစ်သည်၊ သံသရာစက်ရဟတ် မပြတ်လည်နေသေးလျှင် အဟောသိကံ မဖြစ်ပေ။

ဤကဲ့သို့အဟောသိကံ ဖြစ်ရသောကံများကား အတော်များများရှိပေသည်။ ကမ္မပထမမြောက်သော စားရင်းသောက်ရင်း သွားရင်းလာရင်း ဖြစ်သည့် သာမန်ကုသိုလ် အကုသိုလ်ဇောစေတနာများ များစွာရှိပေသည်။ ထိုစေတနာများသည် ပဝတ္တိကျိုးမျှကို ပေးနိုင်ထောက်ပံ့နိုင်သည်ဟု ဆိုရသော်လည်း သန္တာန်အစဉ်၌ သတ္တိအရာမထင်ရှားရစ်ပဲ ပြီးပြီး ပျောက်ပျောက် အဟောသိကံလောက်ဖြစ်သော ဇောစေတနာတို့သာ များဖွယ်ရှိလေသည်။ အချုပ်ဆိုရသော် အဟောသိကံဆိုသည်မှာ သီးခြားကံတမျိုးမဟုတ်၊ ပဋိသန္ဓေကျိုး ပဝတ္တိကျိုး လုံးဝမပေးသော ဒိဋ္ဌဓမ္မဝေဒနီယကံ ဥပပဇ္ဇဝေဒနီယကံနှင့် အပရာပရိယာယဝေဒနီယကံတို့ပင် ဖြစ်ပါသည်။

ထိုကံများကို ပထမဇော ဒုတိယဇော တတိယဇောမှ နိဗ္ဗာန်အထိ စသည်ဖြင့် အကျိုးပေးရာ အချိန်ကာလ နယ်နိမိတ် သတ်မှတ်ပိုင်းခြားထားသောကြောင့် ပါကကာလကံများဟု ခေါ်ရလေသည်။

အကျိုးပေးခြင်း နှိုင်းယှဉ်ပုံ။ ။ယခုကာလ၌ ချက်ခြင်း သဌေးဖြစ်သွားမှု၊ ချက်ခြင်း မြေမျိုမှု၊ လျှာပြတ်မှုများကို အလွန်ကြီးကျယ်သော အကျိုးအပြစ်များဟု ထင်မှတ်ကြ၏၊ ချက်ခြင်း သဌေးဖြစ်မှုနှင့် ပဋိသန္ဓေသစ် ဘဝသစ်ကို ထူထောင်၍ နတ်ပြည်၌ ဖြစ်ရမှုနှစ်မျိုးကို နှိုင်းယှဉ်ကြည့်လျှင် အလွန်ကွာခြားကြောင်း ထင်ရှားပေသည်။ ချက်ခြင်းသဌေးဖြစ်မှုကား ဒိဋ္ဌဓမ္မဝေဒနီယကံ၏ အကျိုးတည်း၊ ပဋိသန္ဓေသစ် ဘဝသစ်ကို ထူထောင်၍ နတ်ပြည်၌ဖြစ်ရမှုကား ဥပပဇ္ဇဝေဒနီယကံ၊ အပရာပရိယာယဝေဒနီယကံ တမျိုးမျိုး၏ အကျိုးဖြစ်သည်။

---

၁။ ပဋ္ဌာန်း ၂။ ၁၀၅။ ပိ၊ လူ၊ ၂၊ ၂၃၆။

ဤနေရာ၌ ဒိဋ္ဌဓမ္မဝေဒနီယကံသည် ဥပပဇ္ဇဝေဒနီယကံ အပရာပရိယာယဝေဒနီယကံများကဲ့သို့ သတ်ပဋိသန္ဓေကျိုးကို မပေးနိုင်ပဲ နောက်တဆင့်မျိုးစေ့ရဖို့ အသီးမသီးနိုင်သည့် လေပွင့်မျှကဲ့သို့ အဟိတ်ဝိပါက်မျှဖြစ်သော ပဝတ္တိအကျိုးကိုသာ ပေးနိုင်လေသည်။ ဘဝသစ်တခုကို ထူထောင်နိုင်ဖို့ကား မလွယ်ကူလှ။ အလွန်အားကောင်းသောကံဖြစ်မှ ဘဝတခုကို ထူထောင်နိုင်သည်၊ ပဌမဇောစေတနာကား အစဆုံးဇောဖြစ်သောကြောင့် အင်အားမရှိသေးချေ၊ ထို့ကြောင့် အခြားကံများကဲ့သို့ ဘဝသစ်တခုကို မထူထောင်နိုင်ပဲ ပဝတ္တိကျိုးမျှကိုသာ ပေးရခြင်းဖြစ်သည်၊ သို့ဖြစ်၍ ဒိဋ္ဌဓမ္မအကျိုးကား ကြီးကျယ်သော အကျိုးမျိုး မဟုတ်ချေ။

အကျိုးပေးရာဌာနအားဖြင့် တနည်းအားဖြင့် စေတနာမည်သော ကံတာ စေတနာလေးမျိုး ပေးသည် အကျိုးပေးရာဌာနအားဖြင့်—

၁။ အကုသိုလ်ကံ

၂။ ကာမာဝစရကုသိုလ်ကံ

၃။ ရူပါဝစရကုသိုလ်ကံ

၄။ အရူပါဝစရကုသိုလ်ကံ

ဟူ၍ လေးမျိုးရှိသည်။

**၁။ အကုသိုလ်ကံ။** ။အပြစ်လည်းရှိ၊ မကောင်းကျိုးကိုလည်း ပေးတတ်သော (ဝါ) ကုသိုလ်နှင့် ဆန့်ကျင်ဘက် ဖြစ်သော တရားကို အကုသိုလ်ဟု ခေါ်သည်။ ထိုအကုသိုလ်တရား ၁၂-ပါး၌ရှိသော အကုသိုလ်စေတနာ ၁၂-ပါးသည် အကုသိုလ်ကံ မည်၏။

ထိုတွင် ဥဒ္ဓစ္စစေတနာမှတပါး အခြားအကုသိုလ်စေတနာ ၁၁-ပါးသည် အပါယ် ၄-ဘုံ၌ "အကုသလဝိပါက် ဥပေက္ခာသန္တီရဏ" ဟူသော အပါယ်ပဋိသန္ဓေကျိုးကို ဖြစ်ပေါ်စေနိုင်၏။ ပဝတ္တိအခါ၌မူကား ဥဒ္ဓစ္စစေတနာနှင့်

တကွ အကုသိုလ်စေတနာ ၁၂-ပါးလုံးပင် ကာမ ၁၁-ဘုံတို့၌ အကုသလ-ဝိပါက် ၇-ပါးဟူသော ပဝတ္တိကျိုးကို ဖြစ်စေနိုင်၏။ အသညသတ်ကြဉ်သော ရူပ ၁၅-ဘုံ၌ကား စက္ခုဝိညာဉ်၊ သောတဝိညာဉ်၊ ကာယဝိညာဉ်တို့မှ တပါး ကျန်အကုသလဝိပါက် ၄-ပါး ဟူသော ပဝတ္တိကျိုးကိုသာ ဖြစ်စေနိုင်၏။ ဥဒ္ဓစ္စ အကုသိုလ်စေတနာမှာ ပဝတ္တိအကျိုးမျှကိုသာ ပေးနိုင်၍ ပဋိသန္ဓေ အကျိုးကို မပေးနိုင်[၁]။

ထိုအကုသိုလ်ကံသည် ကံ၏ဖြစ်ကြောင်း ကမ္မဒွါရအားဖြင့် ကာယကံ ဝစီကံ မနောကံဟု သုံးမျိုးပြားသည်။ ထိုသုံးမျိုးတွင် သူတပါးအသက်သတ်မှု (ပါဏာတိပါတကံ) သူဥစ္စာခိုးမှု (အဒိန္နာဒါနကံ)၊ ကာမတို့၌ဖောက်ဖောက်ပြားပြား မှောက်မှောက်မှားမှားပြုကျင့်မှု(ကာမေသုမိစ္ဆာစာရကံ) သုံးပါးတို့ကို ကိုယ်ဖြင့်ပြုလုပ်မှုများဖြစ်၍ အကုသိုလ်ကာယကံဟု ခေါ်သည်၊ လိမ်လည်ပြောဆိုမှု(မုသာဝါဒကံ)၊ ချောပြစ်ကုန်းတိုက်စကားပြောဆိုမှု (ပိသုဏဝါစာကံ၊) ဆဲရေးတိုင်းထွာခြင်းစသည်ဖြင့် ကြမ်းကြမ်းတမ်းတမ်းပြောဆိုမှု (ဖရုသဝါစာကံ)၊ မဟုတ်မမှန် ကောင်းကျိုးမဲ့သောစကားကို ပြောဆိုမှု(သမ္ဖပ္ပလာပဝါစာကံ) လေးပါးတို့ကို နှုတ်ဖြင့်ပြောဆိုမှုများဖြစ်၍ အကုသိုလ်ဝစီကံဟုခေါ်သည်။ သူ့ဥစ္စာပါးစည်းစိမ်ကို တောင့်တကြံစည်မှု (အဘိဇ္ဈာ)၊ သူတပါးပျက်စီးသွားစေလိုမှု(ဗျာပါဒ)၊ ပြားယွင်းသောအယူကို ယူမှု(မိစ္ဆာဒိဋ္ဌိ)သုံးပါးတို့ကို စိတ်ဖြင့်ကြံစည်မှုများ ဖြစ်၍ အကုသိုလ်မနောကံဟု ခေါ်သည်[၂]။

၂၊ **ကာမာဝစရကုသိုလ်ကံ**။ ။ကာမာဝစရကုသိုလ်စေတနာ၊ ၈-ပါးသည် ကာမာဝစရ ကုသိုလ်ကံမည်၏၊ ထိုကုသိုလ်စေတနာ ၈-ပါးသည် များသောအားဖြင့် ကာမ ၁၁-ဘုံ၌ ဖြစ်တတ်သောကြောင့် ကာမာဝစရ (ကာမ=ကာမ ၁၁-ဘုံ၌+အဝစရ=အများ

---

၁။ ဝိဘာဝိနီဋီကာ။ ၁၇၈-၉။
၂။ အဘိဓမ္မတ္ထသင်္ဂဟ-၃၄၊ ၃၅၊

အားဖြင့် ဖြစ်ဟတ်သောတရား) အမည်ရ၍ အပြစ်လည်းကင်း၊ကောင်း ကျိုးပေးခြင်း သဘောလည်းရှိသောကြောင့် ကုသိုလ်အမည်ကို ရပေသည်။

ထိုကာမာဝစရကုသိုလ်ကံ ဂ-ပါးသည် ကာမသုဂတိ ၇-ဘုံ၌ မဟာဝိပါက်စိတ် ဂ-ပါးဟူသော ပဋိသန္ဓေအကျိုးကို ဖြစ်စေနိုင်၏။ ပဝတ္တိအခါ၌ကား ကာမဘုံ ရူပဘုံတို့၌ ထိုက်သည့်အားလျော်စွာ မဟာဝိပါက်စိတ် ဂ-ပါး၊ အဟိတ်ကုသလဝိပါက်စိတ် ဂ-ပါး အကျိုးတရားတို့ကို ဖြစ်စေပေသည်[၁]။

ဤကာမာဝစရကုသိုလ်ကံသည်အခြားရူပကုသိုလ်စသောကုသိုလ်များထက်သည်း အရေအတွက်များသည်၊ ကုသိုလ်ဖြစ်ရာဌာနအားဖြင့်လည်း ကျယ်ဝန်းသည်၊ လှူဒါန်းပေးကမ်းမှုမျိုးစုံကို ပြုရာ၌လည်း ထိုကုသိုလ်ဂ-ပါးတွင် တပါးပါးဖြစ်သည်။ ငါးပါး ဆယ်ပါးစသော သီလများကို စောင့်ထိန်းရာ၌လည်း ထိုကုသိုလ် ဂ-ပါးတွင် တပါးပါးဖြစ်သည်။ အယုတ်ဆုံးအားဖြင့် ရူပကုသိုလ် အရူပကုသိုလ်ဆိုသည့် ဈာန်တရားများရအောင် အားထုတ်ရာ၌လည်းကောင်း၊ လောကမှ လွန်မြောက်ကြောင်း မဂ်တရား ဖိုလ်တရားများကို ရအောင်အားထုတ်ရာ၌လည်းကောင်း ဤကာမာဝစရကုသိုလ်ကံ ဂ-ပါးအနက် ပညာဉာဏ်ပါသော ကုသိုလ်စိတ် ၄-ပါးကို အခြေခံ အရင်းအနှီးပြုကာ အားထုတ်ကြရသည်။ ထို့ကြောင့် ထိုကုသိုလ်စိတ် ဂ-ပါးကို "မဟာ"ဟူသောပုဒ်ဖြင့် အထူးပြုကာ "မဟာကုသိုလ်ကံ ဂ-ပါး"ဟု အမည်ပေးကြပေသည်။

ထိုမဟာကုသိုလ်စေတနာတို့သည် ပဝတ္တိအခါ၌ အပါယ်လေးဘုံတို့၌ ကြီးကျယ်ခမ်းနားသော စည်းစိမ်ချမ်းသာတို့ကို ဖြစ်စေနိုင်သည်။တန်ခိုးကြီးကုန်သော နဂါး ဂဠုန် ဆင်အာဇာနည် မြင်းအာဇာနည် ခွေးအာဇာနည်စသော သတ္တဝါတို့၏ ခန္ဓာအစဉ်၌ ချမ်းသာခြင်း တန်ခိုးကြီး

၁။ အဘိဓမ္မတ္ထသင်္ဂဟ။၃၄-၃၅။

ခြင်း အစွမ်းသတ္တိရှိခြင်းစသော ပဝတ္တိအကျိုးများသည် မဟာကုသိုလ်စေတနာ၏ အကျိုးများဖြစ်သည်။ အခြားအပါယ်ဘုံသားတို့အားလည်း ဣဋ္ဌာရုံများနှင့် တွေ့ကြုံဆုံဆည်းရသည့်အခါများ၌ ဖြစ်ပေါ်လာသော ချမ်းသာမှုများသည်လည်း ထိုစေတနာ၏ အကျိုးတရားများ ဖြစ်သည်။ ထို့ပြင် ရူပဗြဟ္မာကြီးသန္တာန်၌လည်း ဣဋ္ဌာရုံနှင့်ပေါင်းဆုံမိသည့်အခါ စက္ခုဝိညာဉ်စသော အဟိတ်ကုသလ ဝိပါက်များဖြစ်လေ့ရှိရာ မဟာကုသိုလ်စေတနာသည် ရူပဘုံ၌လည်း ပဝတ္တိအကျိုးကို ပေးနိုင်ပေသည်[၁]။

တိဟိတ်ကုသိုလ်နှင့် ဒွိဟိတ်ကုသိုလ်။ ။ဤ မဟာကုသိုလ်ဟူသော ကာမာဝစရ ကုသိုလ်စေတနာသည် တိဟိတ်ကုသိုလ် စေတနာ၊ ဒွိဟိတ်ကုသိုလ်စေတနာဟူ၍ နှစ်မျိုးရှိပြန်၏၊ ထိုတွင် အမောဟစေတသိက်တည်းဟူသော ဉာဏ်မပါပဲပြုလုပ်သော ဉာဏဝိပ္ပယုတ် မဟာကုသိုလ်စေတနာလေးပါးသည် ဒွိဟိတ်ကုသိုလ်စေတနာဖြစ်သည်၊ ထိုကုသိုလ်များ၌ ဟိတ်အားဖြင့် အလောဘ, အဒေါသဟိတ်နှစ်ပါးသာပါဝင်သောကြောင့်ဒွိဟိတ်ကုသိုလ်ဟုခေါ်သည်။ အမောဟဟိတ်တည်းဟူသော ဉာဏ်ဦးဆောင်၍ ပြုလုပ်သည့် ဉာဏသမ္ပယုတ် မဟာကုသိုလ်လေးပါးသည် တိဟိတ်ကုသိုလ်စေတနာများဖြစ်သည်။ ထိုကုသိုလ်များတွင် အလောဘ, အဒေါသ, အမောဟ ဟိတ်သုံးပါးလုံးပါဝင်သောကြောင့် ထိုကုသိုလ် စေတနာများကို တိဟိတ်ကုသိုလ်စေတနာဟု ခေါ်သည်။

ဤနေရာ၌ ဉာဏ်ဆိုသည်မှာ ကမ္မဿကတာဉာဏ်နှင့် ဝိပဿနာဉာဏ်များဖြစ်သည်။ ဉာဏ်ကို အဘိဓမ္မာကျမ်းများ၌ ပညိန္ဒြေစေတသိက်ဟူ၍လည်းကောင်း၊ အမောဟစေတသိက်ဟူ၍လည်းကောင်း ခေါ်ဝေါ်သုံးစွဲ၏။ ကုသိုလ်ပြုလုပ်ရာ၌ ထိုဉာဏ်နှစ်ပါးတွင် တပါးပါး ဦးဆောင်ပြုလုပ်ရန် အထူးလိုအပ်၏။ ကမ္မဿကတာဉာဏ်ဆိုသည်မှာ ကံနှင့် ကံ၏ အကျိုးကို ယုံကြည်သောဉာဏ် (ဝါ) ကံသာ မိမိကိုယ်ပိုင်ဥစ္စာရှိသည်ဟု

၁။ ပရမတ္ထဒီပနီမဟာဋီကာ၊ ၂၃၉။

သိသောဉာဏ်မျိုး ဖြစ်သည်။ အဓိပ္ပါယ်မှာ– လောက၌ ကုသိုလ်ကံ, အကုသိုလ်ကံတို့ အမှန်တကယ်ရှိကြ၏၊ ကုသိုလ်ကံပြုလျှင် ကောင်းကျိုး ခံရမည်၊ အကုသိုလ်ကံပြုလုပ်လျှင်မကောင်းကျိုးခံရမည်။ သတ္တဝါမှန်သမျှ မိမိတို့ပြုလုပ်သည့်ကံသာ ကိုယ်ပိုင်ဥစ္စာရှိသည်ဟု အမှန်ယုံကြည်သိမြင် သောဉာဏ်ဟု ဆိုလိုပါသည်။

ရုပ်တရား နာမ်တရားတို့၌ အမြဲမရှိ အနိစ္စ၊ ဆင်းရဲအစု ဒုက္ခ၊ အစိုးတရ အနှစ်သာရမရှိ အနတ္တဟု ရှုမြင်သောဉာဏ်ကို ဝိပဿနာဉာဏ်ဟု ခေါ်သည်။ ကုသိုလ်ပြုသည့်အခါ ''ငါ ယခုပြုလုပ်တာ ကုသိုလ်ကံပဲ၊ ဒီကုသိုလ်ကံဟာ အမှန်ကောင်းကျိုးပေးနိုင်တယ်'' လို့ ဆင်ခြင်သိမြင်သည့် ကမ္မဿကတာဉာဏ်အပြင် ဝိပဿနာဉာဏ်ပါဖြစ်လျှင် ထိုကုသိုလ်သည် သာ၍ အားကောင်းထက်မြက်ပေသည်။ ထို့ကြောင့် ကုသိုလ်ပြုစဉ် အခါဝယ် ကမ္မဿကတာဉာဏ်ဖြစ်စေ၊ ဝိပဿနာဉာဏ်ဖြစ်စေ ဉာဏ်တခုခု ပါလျှင် တိဟိတ်ကုသိုလ်ဖြစ်သည်။

ကုသိုလ်ပြုစဉ် ထိုကဲ့သို့ နားလည်သိမြင်သော ကမ္မဿကတာဉာဏ်၊ ဝိပဿနာဉာဏ် ကိုမပါဘဲ ကလေးသူငယ်နှင့် လူရိုင်းများပြု သကဲ့သို့ တော်စွာ လျော်စွာ အမှတ်တမဲ့ပြုလျှင် ဉာဏ်မပါသည့်အတွက် ဒွိဟိတ်ကုသိုလ်မျိုး သာဖြစ်သည်။

**အယုတ်အမြတ် ကုသိုလ်ကံ(၄)မျိုး။** ။အထက်တွင်ပြဆိုခဲ့သော တိဟိတ် ကုသိုလ် ဒွိဟိတ်ကုသိုလ်ဖြစ်မှုသည် ပြုလုပ်ဆဲ မုဉ္စစေတနာအခိုက်အတန့်ကို အစွဲပြု၍ ကွဲပြားခြားနားကြခြင်းဖြစ်သည်။ ပြုလုပ်ဆဲ မုဉ္စစေတနာအခိုက်၌ ဖော်ပြပါဉာဏ်များပါလျှင် တိဟိတ်ကုသိုလ်ဖြစ်၍ မပါလျှင် ဒွိဟိတ်ကုသိုလ်ဖြစ်၏။ ဤတိဟိတ်ကုသိုလ် ဒွိဟိတ်ကုသိုလ်တို့ကို အယုတ်အမြတ် ခွဲခြားသတ်မှတ်ရာ၌ကား ကုသိုလ်မပြုလုပ်မီ ရှေးပုဗ္ဗစေတနာအခိုက်နှင့် ကုသိုလ်ပြုပြီးနောက်အပရစေတနာအခိုက်တို့၌ ကုသိုလ်စိတ်ဖြစ်ပုံ မဖြစ်ပုံတို့ကို ကြည့်ရှု၍ သတ်မှတ်ခြင်း ဖြစ်ပါသည်။ အကျဉ်းအားဖြင့်ဆိုရလျှင် ကုသိုလ်မပြုမီ ရှေးအဖို့၌ သော်

လည်းကောင်း၊ ကုသိုလ်ပြုပြီးနောက်ပိုင်း၌သော်လည်းကောင်း၊ အကုသိုလ် မရောပဲ ကုသိုလ်စိတ် စေတနာချည်းသာ ခြံရံနေလျှင် ထိုကုသိုလ်သည် တိဟိတ်ကုသိုလ်ဖြစ်စေ၊ ဒွိဟိတ်ကုသိုလ်ဖြစ်စေ မြင့်မြတ်သောကုသိုလ်မျိုး ဖြစ်သည်။ အပြန်အားဖြင့် ကုသိုလ်မပြုမီ ရှေ့အဖို့၌သော်လည်းကောင်း၊ ကုသိုလ်ပြုပြီး နောက်ပိုင်း၌သော်လည်းကောင်း အကုသိုလ်စိတ်များ ခြံရံနေလျှင် ထိုကုသိုလ်ကို တိဟိတ်ဖြစ်စေ ဒွိဟိတ်ဖြစ်စေ အညံ့စား ကုသိုလ်မျိုးဟု ခေါ်ပေသည်။

ချုပ်ပြဦးအံ့– ပါဠိလိုအမြတ်စားကို "ဥက္ကဋ္ဌ" အညံ့စားကို "ဩမက" ဟု သုံးနှုန်း၏။ လှူဒါန်းပေးကမ်းတော့မည်ဟု ကြံစည်သည်မှစ၍ မလှူမီ ပုဗ္ဗစေတနာ အခိုက်၌ အချို့မှာ ကုသိုလ် ဖြစ်ပြောက်ရေးကိုသာ တွေး တောနေ၏။ ကုသိုလ်နှင့်စပ်သော ဇောများ ထပ်ထပ်ဖြစ်နေ၏။ ကုသိုလ်ပြုမှု အထမြောက်ပြီးသည်နောက် အပရစေတနာ အခိုက်မှာ လည်း လွန်စွာအားရ၏။ ငါ ကြံစည်ခဲ့သော ကုသိုလ်ကြီး အထမြောက် သွားပေပြီ၊ ငါ အရတော်လေစွ စသည်ဖြင့် ဝမ်းမြောက်လျက် ရှိ၏၊ ထို ကုသိုလ်မျိုးသည် ရှေ့ရော နောက်ပါ ကုသိုလ်များ ခြံရံလျက်ရှိသော ကြောင့် အလွန်အားရှိသည့် အမြတ်စား ဥက္ကဋ္ဌ ကုသိုလ်မျိုး ဖြစ်သည်။ ပြုသောကုသိုလ်က တိဟိတ်ဖြစ်လျှင် တိဟိတ်ဥက္ကဋ္ဌကုသိုလ်၊ ဒွိဟိတ်ဖြစ် လျှင် ဒွိဟိတ်ဥက္ကဋ္ဌ ကုသိုလ်ဟု ခေါ်ပေသည်။

အချို့မှာ ပုဗ္ဗစေတနာအခိုက်၌ ဝမ်းမြောက်ဝမ်းသာမှု မရှိ၊ မလှူချင် လှူချင်နှင့် နှမြောဘွန့်တိုနေခြင်း၊ တစုံတရာအတွက် မကျေမနပ်ဖြစ်ခြင်း၊ မိမိဂုဏ်သတင်း ကြီးလိုခြင်း၊ အထောက်အပံ့ အကူအညီကို မျှော်လင့် ခြင်း၊ ပူဇော်သက္ကာရပြုမှုကို ခံယူလိုခြင်းစသော အကုသိုလ်များ ရှေ့သွား လျက်ရှိ၏၊ ကုသိုလ်ပြုပြီးနောက် အပရစေတနာ အခိုက်မှာလည်း "ငါ ကုသိုလ်ပြုမိတာ မှားလေခြင်း၊ ကုသိုလ်ပြုလုပ်တဲ့အတွက် ငါ့ပစ္စည်း ဆုတ်ယုတ်သွားတယ်၊ ကြွေးတင်သွားတယ်" စသည်ဖြင့် နှလုံးမသာမယာ ဖြစ်တတ်ကြ၏။ ထိုကုသိုလ်မျိုးမှာ ရှေ့နောက်အဖို့တို့၌ အကုသိုလ်များ

ခြံရံလျက်နေသောကြောင့် များစွာအားမရှိသော အညံ့စား ဩမက ကုသိုလ်မျိုးဖြစ်ရလေသည်။ ထိုကုသိုလ်သည် တိဟိတ်ဖြစ်လျှင် တိဟိတ် ဩမကကုသိုလ်၊ ဒွိဟိတ်ဖြစ်လျှင် ဒွိဟိတ်ဩမကကုသိုလ်ဟု ခေါ်ဆိုရသည်။

**ဆက်ဦးအံ့**– ကုသိုလ်ကောင်းမှုပြုပြီးနောက် ရက်ပေါင်း, လပေါင်း, နှစ်ပေါင်း အတော်ကြာသည့်အခါ ထိုကုသိုလ်ကို သတိရတိုင်း ၊အလွန် အမင်း ဝမ်းမြောက်ခြင်း ထပ်ကာထပ်ကာ ဖြစ်နေတတ်၏။ ဤသို့ကုသိုလ် စိတ် တဖန်ထပ်၍ထုံမွမ်းမှုကို''အာသေဝန''ရသည် အထုံရသည်ဟု ခေါ်၏၊ ထိုအခါ မူလကကုသိုလ်သည် အမြတ်စား ဥက္ကဋ္ဌ ကုသိုလ်မျိုး ဖြစ်ပါက အလွန်အလွန် မြင့်မြတ်သော(ဥက္ကဋ္ဌုက္ကဋ္ဌ)ကုသိုလ်မျိုးဖြစ်သွား၏။ဩမက ကုသိုလ်ဖြစ်ပါက မူလကထက် အားရှိမြင့်မားလာသော (ဩမကုက္ကဋ္ဌ) ကုသိုလ်အဖြစ်သို့ ရောက်ရ၏။

ထိုသို့မဟုတ်ပဲ ကုသိုလ်ပြုပြီးနောက် ရက်,လအတော်ကြာသည့်အခါ "ငါကုသိုလ်ပြုမိတာ မှားလေခြင်း"ဟု စိတ်နှလုံးမသာယာမှု (ဝိပ္ပဋိသာရ) ဖြစ်လျှင် ထိုနှလုံးမသာယာမှုက မူလ ကုသိုလ်ကိုပြန်၍အားသေးအောင် ပြုရရောက်သောကြောင့် မူလကုသိုလ်သည် အမြတ်စားဥက္ကဋ္ဌဖြစ်လျှင် ဥက္ကဋ္ဌဩမက အဖြစ်သို့ လျောကျရလေသည်။ မူလကအညံ့စား ဩမက ဖြစ်နေလျှင် သာ၍ညံ့သွားသဖြင့်ဩမကောမက အဖြစ်သို့ လျောကျ ရလေသည်။ ထို့ကြောင့် ကုသိုလ်တမျိုးလျှင် အတန်းအစား ၆-မျိုး ခွဲနိုင်ပေသည်။

ထိုဥက္ကဋ္ဌစသော ကုသိုလ်များ၌လည်း ဆန္ဒဝီရိယစိတ်နှင့် ဝီမံသခေါ် ပညာတို့ ထက်သန်လျှင် ထက်သန်သလောက် အကျိုးပေးတတ်၏။ ညံ့လျှင်ညံ့သလောက် အကျိုးယုတ်လျော့၏။ လို့ ပြင် ပုဗ္ဗစေတနာအခိုက် ၌သာ အကုသိုလ်ခြံရံ၍ အပရစေတနာအခိုက်၌ ကုသိုလ်ခြံရံသော ကုသိုလ် မျိုး၊ ပုဗ္ဗစေတနာ အခိုက်၌ ကုသိုလ်ခြံရံ၍ အပရစေတနာ အခိုက်၌ အကုသိုလ်ခြံရံသော ကုသိုလ်မျိုးတို့လည်း ရှိပေသေးသည်။

**အကြမ်းအားဖြင့်** ကာမာဝစရကုသိုလ်ကံကို အယုတ်အမြတ်အားဖြင့် ခွဲခြားရလျှင် အောက်ပါအတိုင်း လေးမျိုးရပေသည်။

(၁) ကုသိုလ်ပြုဆဲ၌လည်း ဉာဏ်နှင့်ယှဉ်၍ပြု၏။ ကုသိုလ်မပြုမီ ရှေ့ပိုင်းနှင့် ကုသိုလ်ပြုပြီး နောက်ပိုင်းတို့၌လည်း လောဘ, ဒေါသ, စသော အကုသိုလ်များကင်း၏။ ထိုကုသိုလ်ကို တိဟိတ်ဥက္ကဋ္ဌ ကုသိုလ်ဟု ခေါ်၏။

(၂) ကုသိုလ်ပြုဆဲ၌မူ ဉာဏ်နှင့်ယှဉ်၍ ပြု၏။ ကုသိုလ်မပြုမီ ရှေ့ပိုင်းနှင့် ကုသိုလ်ပြုပြီး နောက်ပိုင်းတို့၌ကား လောဘ, ဒေါသ စသော အကုသိုလ်များ ဖြစ်ပွားခဲ့သည်။ ထိုကုသိုလ်မျိုးကို တိဟိတ်ဩမကကုသိုလ်ဟု ခေါ်သည်။

(၃) ကုသိုလ်ပြုဆဲ၌ကား ဉာဏ်နှင့်မယှဉ်ပဲ ကလေးသူငယ်များကဲ့သို့ အမှတ်တမဲ့ပြု၏။ ကုသိုလ်မပြုမီ ရှေ့ပိုင်းနှင့် ကုသိုလ်ပြုပြီး နောက်ပိုင်းတို့၌မူ လောဘ, ဒေါသ စသော အကုသိုလ်များ ကင်းစင်၏၊ထိုကုသိုလ်မျိုးကို ဒွိဟိတ်ဥက္ကဋ္ဌကုသိုလ်ဟုခေါ်သည်။

(၄) ကုသိုလ် ပြုဆဲ၌လည်း ဉာဏ်မပါပဲ ကလေးသူငယ်များပမာ အမှတ်တမဲ့ပြု၏။ ကုသိုလ်မပြုမီ ရှေ့ပိုင်းနှင့် ကုသိုလ်ပြုပြီး နောက်ပိုင်းတို့၌လည်း လောဘ, ဒေါသ စသော အကုသိုလ် တရားများ ဖြစ်ပွားခဲ့သည်။ ထိုကုသိုလ်မျိုးကို ဒွိဟိတ်ဩမက ကုသိုလ်ဟု ခေါ်သည်။

အယုတ်အမြတ် ကုသိုလ်ကံ ၃-မျိုး။ ။ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ သီလနိဒ္ဒေသ၌ လာသည့် ကုသိုလ် အယုတ်,အလတ်

အမြတ် ခွဲနည်း သုံးမျိုးကိုလည်း မှတ်သားနည်းယူဖွယ်ဖြစ်၍ ဖော်ပြလိုပါသည်။ ထိုသုံးမျိုးမှာ–

(၁) ဂုဏ်သတင်းပျံ့သင်း ကျော်ကြားမှုကို လိုလားသောစိတ်ဖြင့် ပြုလုပ်သော ကုသိုလ်ဓစ္ဆန္ဒသည် အညံ့စားကုသိုလ်စေတနာ ဖြစ်၏။

(၂) ကုသိုလ်၏အကျိုးတရားကို လိုလားတပ်မက်သော စိတ်စေတနာ ဖြင့် ပြုလုပ်သော ကုသိုလ်စေတနာသည် အလတ်စားကုသိုလ် စေတနာဖြစ်၏။

(၃) ဤဒါနမှု သီလမှုစသည်တို့ကား ပြုသင့်ပြုထိုက်သော အမှုများ တည်းဟု နှလုံးသွင်းကာ အရိယာသူတော်ကောင်းတို့၏ အလေ့ သဘောကို နည်းယူပြုလုပ်သော ကုသိုလ်စေတနာသည် အမြတ် စား ကုသိုလ်စေတနာဖြစ်၏[၁]။

ဟူ၍ဖြစ်သည်၊ ဤသုံးမျိုးတို့တွင် ပဌမကုသိုလ်မျိုးကား ဂုဏ်ပကာသန စိတ်ထားဖြင့် ပြုလုပ်သော ကုသိုလ်မျိုးဖြစ်၍ လူ့ဘုံ နတ်ဘုံတို့၌ ဖြစ်ရ ခြင်း ဘဝသမ္ပတ္တိ၊ စည်းစိမ်ဥစ္စာ ရတနာတို့နှင့် ပြည့်စုံခြင်း ဘောဂသမ္ပတ္တိ တို့ကိုမျှပင် လှလှအကျိုးပေးနိုင်သော ကုသိုလ်မျိုး မဟုတ်ပါ၊ ပါရမီ ကုသိုလ်ဖြစ်ဖို့ကား အလွန်အလှမ်းဝေးပေသည်။

ဒုတိယကုသိုလ်မျိုးကား အကျိုးကိုလိုလားသောစိတ်ဖြင့် အလှူခံ ပုဂ္ဂိုလ်ကို အယုတ်အမြတ် ရွေးလှူခြင်း၊ အကျိုးကြီးရာသောနည်းလမ်း ကို ရွေးချယ်မှုတို့နှင့်ပြုသော ကုသိုလ်မျိုးတည်း၊ ထိုကုသိုလ်မျိုးမှာ ဘဝ သမ္ပတ္တိ၊ ဘောဂသမ္ပတ္တိတို့ကိုကား ကောင်းကောင်းအကျိုးပေးနိုင်ပါသည်။ သို့ရာတွင် ပါရမီကုသိုလ်မျိုးကား မဟုတ်ချေ။

တတိယကုသိုလ်မျိုးမှာမူ အလုပ်အမှုကိုသာအလေးဂရုပြုသည်။ အကျိုး ကိုမမျှော်လင့်၊ မိမိလက်ရှိ ပစ္စည်း ဥစ္စာတို့ကို သူတပါးတို့နှင့် မကန့်မကွက် ဆက်ဆံသည်ကိုပြု၍ သုံးဆောင်ပုံသည် အရိယာသူမြတ်တို့၏ အစဉ်ထုံး တမ်း သွားမြဲလမ်း ပေတည်း။ အရိယာလောင်း သူတော်ကောင်းတို့၏ အစဉ်ထုံးတမ်း ကျင့်မြဲလမ်းပေတည်း။ ငါသည်လည်း အလောင်းအလျာ အရိယာတို့၏ လမ်းစဉ်ကို လိုက်လိုက်သည်၊ မိမိပိုင်ထိုက်သော ပစ္စည်း ဥစ္စာကို သူတပါးတို့နှင့် ကန့်ကွက်ကွက် မဆက်ဆံသည်ကိုပြု၍

---

၁။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ။ ပ၊၁၃။

သုံးဆောင်ခြင်းသည်အနုဗာလပုထုဇဉ်တို့၏ အစဉ်ထုံးတမ်း သွားမြဲလမ်း ပေတည်း။ ငါသည် ထိုအန္ဓပုထုဇဉ်တို့၏ လမ်းကို လိုက်ခြင်းငှာမထိုက်၊ ဤသို့ နှလုံးထား၍ မိမိပိုင်ထိုက်သော ပစ္စည်းဥစ္စာများကို အယုတ်အလတ် အမြတ်မရွေး မျှဝေလှူဒါန်း ပေးကမ်းစွန့်ကြဲသော ဒါနကုသိုလ်သည် အရိယဘာဝ(အရိယာသူတော်ကောင်းတို့၏ အဖြစ်သနစ် ထုံးတမ်းဓလေ့) ကိုမှီ၍ ပြုသောကုသိုလ်မည်၏။ ပါရမီကုသိုလ်မျိုးတည်း၊ သီလမှု, နိက္ခမမှု စသည်တို့၌လည်း ဤနည်းအတိုင်း အကျိုးကို မမျှော်ကိုးပဲ အလုပ်အမှု ကိုသာ အလေးဂရုပြု၍ ပြုလုပ်နိုင်မှသာ ပါရမီကုသိုလ်မျိုး ဖြစ်သည်ဟု မှတ်ရမည်။

တနည်းအားဖြင့်—

(၁) တဏှာ၏အလိုဖြင့် ဘဝသမ္ပတ္တိ, ဘောဂသမ္ပတ္တိတို့ ပြည့်စုံရန် ရည်ရွယ်၍ကျင့်သော သီလကုသိုလ်စေတနာသည် အယုတ်စား ကုသိုလ်စေတနာမည်၏၊

(၂) မိမိတဦးတည်း ဝဋ်ဆင်းရဲမှ ထွက်မြောက်ရန် ရည်ရွယ်၍ ကျင့်သော သီလကုသိုလ်စေတနာသည် အလတ်စား ကုသိုလ် စေတနာမည်၏၊ ပါရမီမြောက်ကုသိုလ်လည်း ဖြစ်၏၊

(၃) ခပ်သိမ်းသော သတ္တဝါတို့ ဝဋ်ဆင်းရဲမှ ထွက်မြောက်ရန်ရည်ရွယ် ၍ ကျင့်သော သီလကုသိုလ်စေတနာသည် အမြတ်စားကုသိုလ် စေတနာ မည်၏၊ ပါရမီမြောက်ကုသိုလ်မျိုး ဖြစ်၏[၁]။

တနည်းအားဖြင့် ဝဋ်ကိုမှီသော ကုသိုလ်နှစ်မျိုး၊ ဝဋ်ကိုမမှီသော ကုသိုလ်နှစ်မျိုးဟူ၍ အယုတ်အမြတ် ကုသိုလ်လေးမျိုး ရှိ၏၊ ထိုလေးမျိုး မှာ—

(၁) တဏှာကိုမှီတွယ်သော တဏှာနိဿိတကုသိုလ်၊

(၂) ဒိဋ္ဌိကိုမှီတွယ်သော ဒိဋ္ဌိနိဿိတကုသိုလ်၊

---

၁။ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ပ၊ ၁၃။

(၃) လောကုတ္တရာကုသိုလ်(ဝဋ္ဋအနိဿိတ)၊

(၄) လောကုတ္တရာ၏ အခြေမူလ အဆောက်အဦဖြစ်သော(ဝဋ္ဋအနိဿိတ) လောကီကုသိုလ်-

တို့ ဖြစ်သည်[၁]။

ထိုတွင် လူ့ဘဝ, နတ်ဘဝတို့၌ဖြစ်ခြင်း ဘဝသမ္ပတ္တိ၊ စည်းစိမ်ဥစ္စာ ရတနာတို့နှင့်ပြည့်စုံခြင်း ဘောဂသမ္ပတ္တိတို့ကို တဏှာဖြင့် လိုလားတောင့်တ၍ ပြုလုပ်သော ကုသိုလ်စေတနာသည် တဏှာနိဿိတကုသိုလ်ကံ မည်၏၊ ပါရမီကုသိုလ်မျိုး မဟုတ်ပေ။

ဒါနမှု့ လောကီသီလမှု တခုခုသော ပဗ္ဗဇ္ဇိတနိက္ခမမှု စသည်၌ တည်၍ ဤအကျင့်သည်သာလျှင် သံသရာမှ စင်ကြယ်စေနိုင်၏၊ ဤအကျင့်အပြင် စင်ကြယ်စေနိုင်သော နည်းလမ်းမရှိဟု ဝိဂသ္ဘနာမှက်ဖိုလ်တို့ကို ပစ်ပယ်၍ ပြုသောကုသိုလ်ကံစေတနာသည် ဒိဋ္ဌိနိဿိတကုသိုလ် မည်၏၊ ကုလားဘုန်းကြီးတို့၏ ကုသိုလ်မျိုးတည်း။ ပါရမီကုသိုလ်မျိုးမဟုတ်၊ ဤ (၂)မျိုးတို့သည်ပါရမီမျိုးမဟုတ်သော "ဝဋ္ဋနိဿိတ" ကုသိုလ်မျိုးတို့ ဖြစ်ကြသည်။

ဘဝသမ္ပတ္တိ, ဘောဂသမ္ပတ္တိတို့ကို လိုချင်တောင့်တမှု တဏှာလောဘပါသော စိတ်လည်းမရှိ၊ ဒိဋ္ဌိသဘောလည်း မသက်ရောက်ပဲ မိုးကောင်းကင်သဖွယ် အတွယ်အတာ ပမျိုပူ၍ဗောဓိဉာဏ်တည်းဟူသော တဖက်ကမ်းသို့ တမ်းတမ်းစူးစူး အထူးရည်ရွယ်၍ စင်ကြယ်သောစိတ်ဖြင့် ပြုအပ်သော ဒါနမှု့ သီလမှုစသော ကုသိုလ်များသည်သာ လောကုတ္တရာ၏ အခြေမူလ အဆောက်အဦဖြစ်၍ ပါရမီကုသိုလ်မျိုး ဖြစ်ပေသည်။

ယခုကာလ၌ "ဤကုသိုလ်ကြောင့် နိဗ္ဗာန်ကို ရရပါလို၏၊ အကြင်မျှလောက် နိဗ္ဗာန်ကို မရသေး၊ ထိုမျှလောက်ကာလ၌...."စသည်ဖြင့် နိဗ္ဗာန်နှင့် သမ္ပတ္တိနှစ်ပါးတို့ကို တွဲဖက်တောင့်တ၍ ပြုကြသောကုသိုလ်များကို ပါရမီကုသိုလ်ဟူ၍ကား မဆိုရ၏။ သို့သော် ထိုကုသိုလ်များသည် ဗောဓိဉာဏ်ကို မြန်မြန်ဆိုက်စေနိုင်သော ကုသိုလ်မျိုးကား မဟုတ်ချေ။

၁။ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ပ၊ ၁၂။

**ထင်ရှားစေဦးအံ့**–ဝိပဿီဘုရားရှင်မပွင့်မီ သာသနာ့ပအခါ၌ ညီအစ်ကို နှစ်ဦးတို့သည် ကြံခင်းစိုက်ပျိုးသည့် လုပ်ငန်းဖြင့် အသက်မွေးကြ၏၊ ညီဖြစ်သူမှာ ဇောတိကသဋ္ဌေးလောင်း ဖြစ်သည်၊ တနေ့တွင် ကြံခင်းသို့ ကြွလာသည့် ပစ္စေကဗုဒ္ဓါအရှင်မြတ်အား ညီနောင်နှစ်ဦးတို့ ကြံရည် လှူဒါန်း၍ ဆုအသီးသီး တောင်းလိုက်ကြသည်။ အစ်ကိုကြီးက "အရှင် ဘုရားသိသောရသောတရားကိုသိရပါလိုရရပါလို၏" ဟုတိုတိုဆုတောင်း၏။ ညီဖြစ်သူ ဇောတိကသဋ္ဌေးလောင်းကမူ "အရှင်ဘုရား သိသော ရသော တရားကို သိရပါလိုရရပါလို၏" ဟု ဆိုပြီးနောက် "အကြွင်းမဲ့လောက်ချီ ပြန်၍ သမ္ပတ္တိနှစ်ပါးတို့ကို နောက်ဖျားကဆွယ်၍ ဆုတောင်း၏" ဆုတောင်း တိုသည့် အစ်ကိုမှာ ဝိပဿီဘုရားအပွင့်တွင် သံသရာဝဋ်မှ ကျွတ်သွား၏၊ ညီဖြစ်သူ ဇောတိကအလောင်းမှာမူ ဆုတောင်းရှည်သည့်အတွက် ဝိပဿီ ဘုရားလက်ထက်တွင် အကျွတ်တရား မရရှာပဲ ဘုရားခြောက်ဆူကျော်လွန် ပြီး ဂေါတမဘုရားလက်ထက်မှာမှ အကျွတ်တရား ရလေတော့သည်။

**သဘောယုတ္တိကား**– ကုသိုလ်ပြုစဉ်အခါ၌ ဘဝသမ္ပတ္တိ တဏှာ၊ ဘောဂ သမ္ပတ္တိတဏှာ အစေးအညှိ ဆက်တွဲခဲ့သည်ဖြစ်သော် ထိုကုသိုလ် အကျိုး ပေးရာဘဝတို့၌ ဤ ထိုစည်းစိမ်နှင့် ယှဉ်တဏှာညှိ၍မရ၊ ခွဲ၍မရအောင် အကြပ်အတည်း ဖွဲ့စည်းလေ၏၊ အထွတ်အမြတ်တရားနှင့် တွေ့သော်လည်း တရားဘက်သို့ မပါနိုင်ရှိလေ၏။ ကုသိုလ်ပြုစဉ်အခါ၌ ဘဝတဏှာ၊ ဘောဂတဏှာ အသုံးအလဲ့ရှိ၊ ဝိဝဋ္ဋ(ဝဋ်ဆင်းရဲကိုမမှီသောတရားသဘော) မျိုးသက်သက် ဖြစ်ခဲ့သည်ရှိသော် ထိုကုသိုလ်အကျိုးပေး၍ ပဒေသာပင်၊ ကေရာဇ်၊ စကြာမန္တာတ် စည်းစိမ်ဖြင့်ပင် တည်ငြားသော်လည်း တရားနှင့် တွေ့ခဲ့လျှင် ထိုစည်းစိမ်ကို ခဏချည်း စွန့်လွှတ်လိုက်နိုင်၏၊

ဤကား ယခုပြဆိုခဲ့သည့် ကြံစိုက်ပျိုးရေးလုပ်သူ ညီနောင်နှစ်ဦးတို့ ဝတ္ထုကပြဆိုသော သဘောအဓိပ္ပါယ်ဖြစ်သည်။ ထို့ကြောင့် နောက် ဆက်လက်၍ ဖြည့်ကျင့်ရန် လူ့ဘဝကိုပင် တောင့်တသော်လည်း၊ ခံစား စံစားလိုသည့် စိတ်ကို ဥရိပ်ကာမျှ မသိစေမူ၍ ပါရမီဖြည့်ဖို့စိတ်ဖြင့်သာ တောင့်တရမည်။

မေတ္တာကသင်္ခေရာ်က် ကျွန်ဖြစ်သော ပုဏ္ဏားသည် ပစ္စေကဗုဒ္ဓါကိုဖူးမြင်၍ဆွမ်းလှူသောအခါ ဆုတောင်း နေရာမကျသည့်အတွက် ဘဝအဆက်ဆက် ကျွန်ချည်းဖြစ်ရလေသည်။ စူဠသုဘဒ္ဒါကျွန်မသည် ပစ္စေကဗုဒ္ဓါကို သစ်သီးဆွမ်းလှူရာ ဆုတောင်းချော်၍ အလောင်းတော်ဆင်မင်းကိုသတ်သဖြင့် ငရဲသို့ကျရလေသည်။ ရှေးဘဝ၌ ပစ္စေကဗုဒ္ဓါကိုတွေ့ကြသော ကုသမင်းကြီးနှင့် ပပဝတီတို့သည်လည်း ဆုတောင်းမတတ် အတန်ငယ်ရှဲ့ကြ၍ ကသိလင်တဒုက္ခအသေ့ထွေ့ ဖြစ်ကြရသည်၊ ဤသို့လျှင် ကုသိုလ်ပြုကြရာတွင် ဆုတောင်းချော်ကြသဖြင့်မကောင်မလှ ဖြစ်ကြကုန်သော ဝတ္ထုနိပါတ်ဇာတ်ဆုဇဝင်ဘို့သည် အသွန်ပင်များလှကုန်၏။

ကာမာဝစရကုသိုလ်ကံများ အကျိုးပေးပုံ။ ။လှူဒါန်းပေးကမ်းခြင်းဒါနကုသိုလ်၊ ၅-ပါး ၈-ပါး ၁၀-ပါး စသည်ဘို့ကိုစောင့်ထိန်းမှု သီလကုသိုလ်များနှင့် ဈာန်မဂ်ဖိုလ်အထိ မရောက်သေး မရသေးသော သမထဘာဝနာ၊ ဝိပဿနာဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းအားထုတ်မှု ဘာဝနာကုသိုလ်များမှာ ကာမာဝစရကုသိုလ်များပင်ဖြစ်ပါသည်။

ထိုကာမာဝစရကုသိုလ်ကံ (၈) ပါးသည် လူ့ဘုံ နတ်ဘုံဟူသော ကာမသုဂတိ ၇-ဘုံတို့တွင် ကဘုံဘုံ၌ မဟာဝိပါက်စိတ် ၈-ပါး၊ အဟိတ်ကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ် ၁-ပါး အားဖြင့် ကာမသုဂတိပဋိသန္ဓေကိုးပါးကို ဖြစ်စေနိုင်ပေသည်။ ပဋိသန္ဓေကိုးပါးကို ဖြစ်စေနိုင်ခြင်းဆိုသည်မှာ ထိုကာမသုဂတိခုနစ်ဘုံတို့၌ ယိုစိတ်ကပါးပါးဖြင့် ပဋိသန္ဓေနေ၍လူအမျိုးမျိုး နတ်အဖုံဖုံဖြစ်ခြင်းပင်ဖြစ်သည်။

ပဝတ္တိအခါ၌မူ ကာမသုဂတိ(၇)ဘုံ၌ မဟာဝိပါက် ၈-ပါး၊အဟိတ်ကုသလဝိပါက် ၈-ပါးအားဖြင့် (၁၆)ပါးသော အကျိုးဝိပါက်စိတ်များကိုလည်းကောင်း၊ အပါယ်လေးဘုံ၌ အဟိတ်ကုသလဝိပါက် ၈-ပါးတို့ကိုလည်းကောင်း၊ ရူပာ၅-ဘုံ၌ ဃာနဝိညာဉ် ဇိဝှါဝိညာဉ် ကာယဝိညာဉ်မှတပါး အဟိတ်ကုသလဝိပါက်(၅)ပါး တို့ကိုလည်းကောင်း ပဝတ္တိကျိုးအ

ဖြစ် ဖြစ်ပေါ်စေနိုင်၏။ထိုတွင် ကာမသုဂတိ(၇)ဘုံ၌ လူ့ စည်းစိမ်၊နတ်စည်းစိမ်ဘို့ကိုရရှိခံစားရခြင်း၊ စိတ်ချမ်းသာမှု ကိုယ်ချမ်းသာမှုကိုရရှိခြင်း၊ အလိုရှိအပ် နှစ်သက်မြတ်နိုးအပ်သောဥယျာဉ် ရေကန် ဘုံဗိမာန် အဆင်တန်ဆာအဆောက်အဦစသည့် ဣဋ္ဌာရုံများကို မြင်တွေ့ရခြင်း ရရှိပိုင်ဆိုင်ခြင်း စသည်တို့သည်ပင်(၁၆) ပါး သော အကျိုးဝိပါက်များ ဖြစ်ခြင်း ဖြစ်ပါသည်။ ထိုစိတ်များသည် ဘဝင်ကိစ္စ၊ တဒါရုံကိစ္စ မြင်ခြင်း ဒဿနစသောကိစ္စ၊ သမ္ပဋိစ္ဆိုင်းကိစ္စ စသည်ဖြင့် သူ့ ကိစ္စနှင့်သူ ဆောင်ရွက်ကြသည်။

နဂါး ဂဠုန် ဆင်အာဇာနည် မြင်းအာဇာနည် ခွေးအာဇာနည် စသော သတ္တဝါတို့၏ ခန္ဓာအစဉ်၌ ကြီးကျယ်ခမ်းနားစွာသော စည်းစိမ်ကို ခံစားရခြင်း၊ တန်ခိုးကြီးခြင်း၊ ဣဋ္ဌာရုံများနှင့် တွေ့ကြုံဆုံဆည်းရခြင်းတို့သည် အပါယ်ဘုံများ၌ အဟိတ်ကုသလဝိပါက် ၈-ပါး အကျိုးတရားတို့ ဖြစ်ပွားခြင်းပင် ဖြစ်သည်၊

ရုပ်ဗြဟ္မာကြီးများသည် လူ့ဘုံသို့လာ၍ ဘုရားဖူး တရားနာကြသည့် အခါ၌ဖြစ်စေ၊ ရူပဘုံ၌ပင် ဣဋ္ဌာရုံများကို မြင်ရကြားရကြသည့် အခါ၌ ဖြစ်စေ အဟိတ်ကုသလဝိပါက် ၅-ပါးတို့ ထိုက်သည့်အားလျော်စွာ ဖြစ်နိုင်ကြပေသည်။

အကျဉ်းချုံ့၍ ဆိုရသော်—ရှေးတွင်ဖော်ပြခဲ့သည့် အယုတ် အလတ် အမြတ်ကုသိုလ်တို့တွင် အမြတ်စားတိဟိတ်ဥက္ကဋ္ဌ ကုသိုလ်ကံဖြစ်ပါက ထိုကံကြောင့် လူ့ဘုံ နတ်ဘုံဟူသော သုဂတိဘုံ၌ တိဟိတ်မဟာဝိပါက် ဉာဏသမ္ပယုတ်စိတ် ၄-ပါးတွင် တပါးပါးဖြင့် ပဋိသန္ဓေနေ၍ ဉာဏ်ပညာ ထက်မြက်သည့် တိဟိတ်ပုဂ္ဂိုလ်အမျိုးအစား ဖြစ်နိုင်သည်။ ပဝတ္တိအခါ၌မူ အထက်ဖော်ပြပါ အတိုင်း(၁၆)ပါးသော အကျိုးဝိပါက် စိတ်များကို ဖြစ်ပေါ်စေနိုင်၏။

တိဟိတ်ဩမကကုသိုလ်နှင့် ဒွိဟိတ်ဥက္ကဋ္ဌ ကုသိုလ်များကြောင့်ကား ထိုသုဂတိဘုံများ၌ မဟာဝိပါက် ဉာဏဝိပ္ပယုတ်စိတ် ၄-ပါးတို့တွင် တပါးပါးဖြင့် ပဋိသန္ဓေနေ၍ ဉာဏ်ပညာကင်းသော ဒွိဟိတ်ပုဂ္ဂိုလ်မျိုး ဖြစ်နိုင်သည်။ ပဝတ္တိအခါ၌လည်း မဟာဝိပါက်ဉာဏဝိပ္ပယုတ် ၄၊ အဟိတ်ကုသလဝိပါက် ၈၊ ပေါင်း ၁၂ ပါးသော အကျိုးကိုပေး၏။

ဒွိဟိတ်ဩမက ကုသိုလ်ကံကြောင့်မူ လူ့ဘုံနှင့် စာတုမဟာရာဇ်နတ်ဘုံတို့၌ အဟိတ်ကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ်ဖြင့် ပဋိသန္ဓေနေကြ၍ ပဋိသန္ဓေကပင် မျက်စိကန်းသူ၊ နားတိုင်းသူ၊ ဆွံ့အသူ၊ နပုံးပဏ္ဍုက်စသော လူအညံ့စားများနှင့် ဝိနိပါတိကအသူရာခေါ်သည့် တစ္ဆေပြိတ်စသော နတ်အညံ့စားများ ဖြစ်ကြရသည်။ ပဝတ္တိအခါ၌လည်း အဟိတ်ကုသလဝိပါက် ၈-ပါးကို ပြဆိုအပ်သည်။

ကာမကုသိုလ်စိတ်သည် အကျိုးပေးရာ၌ အလွန်ကျယ်ပြန့်သည်။ အရာကျယ်လှသည်။ ဘဝသစ်တခုကို လူဆောင်ခြင်းဆိုသည့် ပဋိသန္ဓေကျိုးကို ပေးစွမ်းနိုင်သော ဇနကသတ္တိရှိသကဲ့သို့ နိဗ္ဗာန်ရောက်သည့်တိုင်အောင် ဘဝအဆက်ဆက်တို့၌ ပဝတ္တိအကျိုး ဘုံမျိုးမျိုးကိုလည်း ပေးနိုင်သော အပရာပရိယကမ္မသတ္တိလည်းရှိ၏။ ထို့ပြင် ဈာန် မဂ်ဖိုလ်တရားများကို ရအောင်အားထုတ်ရာ၌ ပရိကံ ဥပစာ အနုလုံ ဂေါတြဘူ ကုသိုလ်ဇောများ အဖြစ်ဖြင့် အခြေခံအကြောင်းတရားများလည်း ဖြစ်ကြသည်။ အယုတ်ဆုံး ဈာန်ဝင်စားရာ(ဈာနသမာပတ်)၊ ဖိုလ်ဝင်စားရာ(ဖလသမာပတ်)၊ နိရောဓသမာပတ် ဝင်စားရာတို့၌ပင်သော်သည်း ကာမကုသိုလ်ဉာဏသမ္ပယုတ်စိတ်တို့ပါ ရသည်ချည်းဖြစ်၏။ ဤသို့ အရာကျယ်လှသဖြင့် မဟာပုဒ်ဖြင့် အထူးပြုကာ "မဟာကုသိုလ်"ဟု ခေါ်ခြင်းဖြစ်သည်။

လောက၌ သူသူငါငါ ပြုလုပ်နေကြသော ကုသိုလ်တို့မှာ ကာမကုသိုလ်သာ များကုန်၏။ ထိုကုသိုလ်ပြုရာ၌ အမှန်အပြတ် ဖြစ်နိုင်သမျှဖြစ်အောင် ပြုလုပ်ဖွယ်ကြရန် ယောက်ပါကုသိုလ် ၆-မျိုးကို နောက်ဆုံးတင်ပြလိုက်ပါသည်။

၁။ မိမိသဘောအလျောက် ပြုသောကုသိုလ် (သယံကာရကုသိုလ်)၊

၂။ သူတပါးပြုသည်ကိုမြင်၍ ပြုသောကုသိုလ် (ပရံကာရကုသိုလ်)၊

၃။ မိမိလက်ဖြင့် ကိုယ်တိုင်ကိုယ်ကျ ပြုသောကုသိုလ် (သာဟတ္ထိက-ကုသိုလ်)၊

၄။ သူတပါးကိုစေခိုင်း၍ ပြုသောကုသိုလ်(အသာဟတ္ထိကကုသိုလ်)၊

၅။ ကံ၊ ကံ၏အကျိုးကို သိမြင်နားလည်၍ ဉာဏ်နှင့်ယှဉ်ပြီးပြုသော ကုသိုလ် (သမ္ပဇာနကတကုသိုလ်)၊

၆။ ကံ၊ ကံ၏ အကျိုးကိုမသိပဲ ဉာဏ်ကင်း၍ပြုသော ကုသိုလ်(အသမ္ပ-ဇာနကတကုသိုလ်)—

တို့ဖြစ်သည်၊ (၁)(၃)(၅) အမှတ်ပြ ကုသိုလ်တို့သည် ကျန်ကုသိုလ်များ ထက် သာလွန်မွန်မြတ်ကြ၏။ ထို့ကြောင့် ကုသိုလ်ပြုလုပ်ကြရာ၌-သူတပါးကို ကြည့်မနေပဲ ကိုယ့်သဘောအလျောက် ကိုယ်တိုင်ကိုယ်ကျ ကံ၊ ကံ၏အကျိုးကို သိမြင်နားလည်သော အသိဉာဏ်ခေါင်းဆောင်သည့် ကုသိုလ်စိတ် အပြည့်အဖြင့် အားထုတ်ပြုလုပ် သင့်ကြပေသည်။

၃။ ရူပါဝစရကုသိုလ်ကံ။ ။ရူပါဝစရကုသိုလ်စေတနာ ၅-ပါးသည် ရူပါဝစရကုသိုလ်ကံမည်၏။ ထိုကုသိုလ်စေတနာ ၅-ပါးသည် များသောအားဖြင့် ရူပဘုံများ၌ ဖြစ်တတ်သောကြောင့်လည်းကောင်း၊ ရူပဘုံ၌ ပဋိသန္ဓေအကျိုးကို ဖြစ်ပေါ်စေတတ်သော ကြောင့်လည်းကောင်း ရူပါဝစရဟူသော နာမည်ကို ရရှိခြင်းဖြစ်သည်။ (ရူပ၊ ရူပ ၁၅-ဘုံ၌+အဝစရ၊ များသောအားဖြင့် ဖြစ်တတ်သောတရား)။ ထိုစေတနာများကို အပြစ်လည်းကင်း ကောင်းကျိုးပေးခြင်း သဘော လည်းရှိသောကြောင့် ကုသိုလ်ကံဟု ခေါ်သည်[၁]။

---

၁။ ဝိဘာဝိနီဋီကာ။၃၄။

ထိုရူပကုသိုလ် ၅-ပါးတွင်ပါဝင်ကြသော ဝိတက် ဝိစာရ ပီတိ ဝေဒနာ ဧကဂ္ဂတာတို့သည် ကသိုဏ်းစသော အာရုံတို့ကို စူးစိုက်စိုက်ရှုတတ်သောကြောင့် လည်းကောင်း၊ ကာမစ္ဆန္ဒစသော နီဝရဏတရားတို့ကို လောင်မြိုက်တတ်သောကြောင့် လည်းကောင်း ဈာန်ဟုခေါ်သည်။ ထို ဝိတက်စသော ဈာန်တို့နှင့်အတူ ယှဉ်တွဲ၍ ဖြစ်သော ကုသိုလ်ကံ ၅-ပါးကို ဈာန်စေတနာဟုခေါ်ပေသည်။ထိုကုသိုလ်တို့သည်ကိလေသာကို နှစ်ပေါင်းကြာညောင်းစွာ ပယ်ခွာထားနိုင်စွမ်းလည်းရှိ၏၊ ကြီးကျယ်သော အကျိုးပေးမှုလည်းရှိ၏။ဈာန်သမာပတ်ဝင်စားသည့်အခါ၌ ရှည်လျားသောစိတ်အစဉ်လည်း ရှိပေသည်။ ထို့ကြောင့်မဟဂ္ဂုတ် (မဟဂ္ဂတ) ဟူ၍လည်း ခေါ်လေသည်။ ကြီးမြတ်ခြင်းသို့ ရောက်သောတရားဟု အဓိပ္ပါယ်ရသည်။ တနည်းအားဖြင့် ဆန္ဒ ဝီရိယစသောအဓိပတိတရား ၄-ပါးထက်သန်၍ မြင့်မြတ်သောပုဂ္ဂိုလ်တို့ ကျင့်ရသည့်တရားမျိုးဖြစ်သောကြောင့် မဟဂ္ဂုတ်ဟု ခေါ်ခြင်းဖြစ်သည်[၁]။

ထိုကုသိုလ်ကံများကို လှူဒါန်းပေးကမ်းခြင်းဒါန၊ ကိုယ်နှုတ်တို့ကို စောင့်ထိန်းမှုသီလတို့ဖြင့် မရရှိနိုင်၊ ပွားများအားထုတ်မှုဘာဝနာကုသိုလ်ဖြင့်သာ ရရှိနိုင်၏။ စိတ်၌သာဖြစ်၍ မနောကံပေါ်ျိုးသာရှိသည်။ ထိုရူပါဝစရကုသိုလ်ကံသည်—

၁။ ဈာန်အင်္ဂါ ၅-ပါးရှိသော ပထမဈာန်ကုသိုလ်ကံ၊

၂။ ဈာန်အင်္ဂါ ၄-ပါးရှိသော ဒုတိယဈာန်ကုသိုလ်ကံ၊

၃။ ဈာန်အင်္ဂါ ၃-ပါးရှိသော တတိယဈာန်ကုသိုလ်ကံ၊

၄။ ဈာန်အင်္ဂါ ၂-ပါးရှိသော စတုတ္ထဈာန်ကုသိုလ်ကံ၊

၅။ ဈာန်အင်္ဂါ ၂-ပါးရှိသော ပဉ္စမဈာန်ကုသိုလ်ကံ—

ဟူ၍ ငါးမျိုးရှိ၏။

---

၁။ အဘိ၊ဋ္ဌ၊ ၁၊၈၇၊ ၂၁၁။အဘိဓမ္မတ္ထသင်္ဂဟ၊၄၊၃၅။

## ရူပကုသိုလ်ကံ(၃)မျိုးစိတ်တို့ကွဲပြားပုံ

ထိုငါးမျိုးတွင် ပထမစျာန်ကုသိုလ်ကံသည် စျာန်ကို အားထုတ်စဉ် အခါ၌ဖြစ်ပေါ်ခဲ့သော ဆန္ဒ၊ဝီရိယ၊စိတ်၊ဝိမံသတို့၏အထက်အနှံ့ ကိုလိုက်၍ သုံးမျိုးကွဲပြားသွားသည်။ စျာန်တရားတို့၌ ဆန္ဒ၊ ဝီရိယ၊ စိတ္တ၊ ဝီမံသ (ပညာ)ဟူသော အဓိပတိတရား လေးပါးတို့တွင် တပါးပါးသည် အမြဲ အဓိပတိတပ်၏၊ အဓိပတိတပ်ခြင်းဆိုသည်မှာ ထိုတရားလေးမျိုးတွင် အလွန်အင်အားကောင်းသည့် တပါးပါးက အကြီးအမှူး၊ ဦးစီးနာယက၊ ပဓာနရှေ့ဆောင်ပြုခြင်းဖြစ်သည်။ ထိုအခါ အတူတကွ ဖြစ်ဖော်ဖြစ်ဖက် ရုပ်တရား၊ နာမ်တရားအားလုံးတို့ အဓိပတိကိစ္စကို ဆောင်ရွက်သော တရား၏နောက်သို့လိုက်ပါကြရ၏၊

ဥပမာ–လိုချင်မှုဆန္ဒ တရားသည်အဓိပတိကိစ္စတပ်၍ ဆန္ဒ၏အားစွမ်း ထက်သန်ကြီးမားနေလျှင် ထိုဆန္ဒကို ခေါင်းဆောင်ပြုကာ အတူဖြစ်ဖက် ရုပ်တရား နာမ်တရားတို့သည် ပြုလိုသောအမှုကို ပြီးစီးအောင် ရွက်ဆောင် ကြရ၏။ဤသည်မှာ အဓိပတိတပ်ခြင်း၏ အဓိပ္ပါယ်ဖြစ်ပါသည်။

စျာန်ကိုရအောင် အားထုတ်စဉ်က ဆန္ဒ၊ဝီရိယ၊စိတ္တ၊ ဝိမံသ တရားတို့ ယုတ်ညံ့အားနည်းနေလျှင် စျာန်ရသည့်အခါ ထိုအဓိပတိတပ်သော တရား တို့ နှံ့ညံ့နေပါသည်၊ ထိုစျာန်မျိုးကို ပရိတ္တစျာန်ဟုခေါ်၏၊ ထို့အတူ စျာန်ရသည့်အခါ အဓိပတိတပ်သောတရားကအားအလယ်အလတ်ရှိလျှင် မဇ္ဈိမစျာန်ဖြစ်သည်၊ အဓိပတိတပ်သောတရားက ထက်မြက်အားကောင်း လျှင် ပဏီတစျာန်ဟုခေါ်သည်။ ဤသို့ ပထမစျာန်စသော ရူပကုသိုလ်ကံ တို့သည် ဆန္ဒ၊ ဝီရိယ၊ စိတ္တ၊ ဝိမံသဟူသော အဓိပတိတရားတို့၏အထက် အနှံ့ကိုလိုက်၍ ပရိတ္တစျာန်၊မဇ္ဈိမစျာန်၊ ပဏီတစျာန်ဟု သုံးမျိုးသုံးစား ကွဲပြားလေသည်[၁]။

---

၁။ အဘိ၊ ဋ္ဌ၊၁၊၂၅၇။

## ရူပကုသိုလ်ကံများ အကျိုးပေးပုံ

ရူပကုသိုလ်ကံများတွင် ပရိတ္တဖြစ်သော ပထမဈာန်ကုသိုလ်ကံသည် ပထမဈာန်သုံးဘုံတွင် အညံ့စားဖြစ်သော ဗြဟ္မပါရိသဇ္ဇာဘုံ၌ ပထမဈာန် ဝိပါက်ဖြင့် ပဋိသန္ဓေနေသော ဗြဟ္မပါရိသဇ္ဇာဗြဟ္မာကို ဖြစ်ပေါ်လာစေ၏။ မဇ္ဈိမဖြစ်သော ပထမဈာန်ကုသိုလ်ကံသည် ပထမဈာန်သုံးဘုံတွင်အလတ်တန်းစားဖြစ်သော ဗြဟ္မပုရောဟိတာဘုံ၌ ပထမဈာန်ဝိပါက်ဖြင့် ပဋိသန္ဓေနေသော ဗြဟ္မပုရောဟိတာဗြဟ္မာကိုဖြစ်ပေါ်လာစေ၏။ ပဏီတဖြစ်သော ပထမဈာန်ကုသိုလ်ကံသည် ပထမဈာန်သုံးဘုံတွင် အထက်တန်းစား ဖြစ်သော မဟာဗြဟ္မာဘုံ၌ ပထမဈာန်ဝိပါက်ဖြင့် ပဋိသန္ဓေနေသော မဟာဗြဟ္မာကြီးကို ဖြစ်ပေါ်လာစေသည်။

ပရိတ္တဖြစ်သော ဒုတိယဈာန် တတိယဈာန်ကုသိုလ်ကံတို့သည် ဒုတိယဈာန်သုံးဘုံတွင် အညံ့စားဖြစ်သော ပရိတ္တာဘာဘုံ၌ ဒုတိယဈာန်ဝိပါက်ဖြင့် ပဋိသန္ဓေနေသော ပရိတ္တာဘာဗြဟ္မာကြီးတို့ကို ဖြစ်ပေါ်လာစေသည်။ မဇ္ဈိမဖြစ်သော ဒုတိယဈာန်၊ တတိယဈာန်ကုသိုလ်ကံတို့သည် ဒုတိယဈာန်သုံးဘုံတွင် အလတ်တန်းစားဖြစ်သော အပ္ပမာဏာဘာဘုံ၌ ဒုတိယဈာန်ဝိပါက်ဖြင့် ပဋိသန္ဓေနေသော အပ္ပမာဏာဘာဗြဟ္မာကြီးတို့ကို ဖြစ်ပေါ်လာစေသည်။ ပဏီတဖြစ်သော ဒုတိယဈာန် တတိယဈာန် ကုသိုလ်ကံတို့သည် ဒုတိယဈာန်သုံးဘုံတွင် အထက်တန်းစားဖြစ်သော အာဘဿရာဘုံ၌ ဒုတိယဈာန်ဝိပါက်ဖြင့် ပဋိသန္ဓေနေသော အာဘဿရဗြဟ္မာကြီးတို့ကိုဖြစ်ပေါ်လာစေသည်။

ပရိတ္တဖြစ်သော စတုတ္ထဈာန်ကုသိုလ်ကံကြောင့် တတိယဈာန်သုံးဘုံတွင် အညံ့စားဖြစ်သော ပရိတ္တသုဘာဘုံ၌ စတုတ္ထဈာန်ဝိပါက်ဖြင့်ပဋိသန္ဓေနေသော ပရိတ္တာသုဘာဗြဟ္မာကြီးများဖြစ်ကြရသည်။ ထို့အတူ မဇ္ဈိမဖြစ်သော စတုတ္ထဈာန်ကုသိုလ်ကံကြောင့် တတိယဈာန် သုံးဘုံတွင် အလတ်တန်းစားဖြစ်သော အပ္ပမာဏသုဘာဘုံ၌ စတုတ္ထဈာန်ဝိပါက်ဖြင့် ပဋိသန္ဓေနေသော အပ္ပမာဏသုဘာဗြဟ္မာကြီးများ ဖြစ်လာကြရသည်။ ပဏီတဖြစ်

သော စတုတ္ထစျာန်ကုသိုလ်ကံကြောင့် တတိယစျာန်သုံးဘုံတွင် အထက်တန်းစားဖြစ်သော သုဘကိဏှာဘုံ၌ စတုတ္ထစျာန်ဝိပါက်ဖြင့် ပဋိသန္ဓေနေသော သုဘကိဏှာပြဟ္မာကြီးများဖြစ်လာကြရ၏။

အဘိညာဉ်ကိစ္စမတပ်၊သာမန်ဖြစ်သော ပဉ္စမစျာန် ကုသိုလ်ကံသည် စတုတ္ထစျာန်ဘုံတို့တွင် တဘုံအပါအဝင်ဖြစ်သော ဝေဟပ္ဖိုလ်ဘုံ၌ ပဉ္စမစျာန်ဝိပါက်ဖြင့် ပဋိသန္ဓေနေသော ဝေဟပ္ဖိုလ်ပြဟ္မာကြီးတို့ကို ဖြစ်ပေါ်စေလေသည်။ထိုပြဟ္မာကြီးတို့သည် ပဉ္စမစျာန်ကုသိုလ်ကံကြောင့် ကမ္ဘာ ငါးရာအထိ အသက်ရှည်ကြ၏။ စျာန်ရ တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်များ အနေဖြင့် အမြင့်ဆုံးရောက်နိုင်သော "ပုကုဇ္ဇနဘဝဂ်" ခေါ်သည့်ဘုံ ဖြစ်သည်။

သာသနာ့ပအခါ၌ ကမ္မကိရိယဝါဒီအယူရှိသော တိတ္ထိတို့သည် စိတ်ရှိနေ၍သာ တပ်နှစ်သက်ခြင်း အမျက်ထွက်ခြင်း တွေဝေခြင်း စသည့်ဒုက္ခများနှင့် တွေ့ကြုံကြရ၏။ ထိုစိတ်မရှိပါက အလွန်ချမ်းသာပေမည်၊ မျက်မှောက်ဘဝမှာပင် နိဗ္ဗာန်ရောက်သူဖြစ်မည်ဟု ယူဆကာ "သညာသည် အနာရောဂါနှင့်တူ၏၊ အိုင်းအမာပြည်ဖြစ်၏၊ စိတ်သည် စက်ဆုပ်ဖွယ်ရှာဖွယ် ကောင်း၏" စသည်ဖြင့် သညာကို စက်ဆုပ်သည့် သညာဝိရာဂဘာဝနာကို ပဉ္စမစျာန်ဝင်စားပြီးအထမှာ ပွါးများ၏။ ထိုသညာ ဝိရာဂဘာဝနာ အရူပဝိရာဂဘာဝနာ ပေါက်လျှင် သညာအပေါ် နာမ်တရားအပေါ်၌ လုံးဝစက်ဆုပ်သောကြောင့် မူလရပြီးသော ပဉ္စမစျာန်အတွင်း၌ သညာဝိရာဂဓာတ် အရူပဝိရာဂဓာတ်[illegible]ပြီ။ ထိုသညာဝိရာဂဓာတ် ဝင်ပြီးဖြစ်သော ပဉ္စမစျာန်ကုသိုလ်ကံကြောင့် ထိုကံ၏အလိုကျအတိုင်း နာမ်တရားလုံးဝမရှိသော အသညသတ်ဘုံ၌ ဇီဝိတနဝက ကလာပ်ခေါ် ရုပ်တရားဖြင့် ပဋိသန္ဓေနေကာ အသညသတ်ပြဟ္မာကြီးဖြစ်ရ၏။ ပဝတ္တိအခါ၌ ကမ္မဇရုပ်နှင့် ဥတုဇရုပ်များသာ ဆက်လက်ဖြစ်ပွါးနေသည်။ ကာမဘုံတွင် သေဆုံးခဲ့စဉ်က ဣရိယာပုတ်အတိုင်းပင် ထိုင်၍သော်လည်းကောင်း၊ ရပ်၍သော်လည်းကောင်း၊ လျောင်း၍သော်လည်းကောင်း ကမ္ဘာ ငါးရာပတ်လုံး ရွှေရုပ်တုံးကြီးကဲ့သို့ တည်နေပေသည်။

အနာဂါမ်ပုဂ္ဂိုလ်တို့၏ ပဥ္စမစျာန်ကုသိုလ်ကံသည် သုဒ္ဓါဝါသငါးဘုံ၌ ထိုက်သင့်သလို ပဥ္စမစျာန်ဝိပါက် ပဋိသန္ဓေဝိညာဉ်ကို ဖြစ်ပေါ်စေ၏။ ပဥ္စမစျာန်ရသော အနာဂါမ်ပုဂ္ဂိုလ်သည် သဒ္ဓိန္ဒြေလွန်ကဲလျှင် အဝိဟာဘုံ၌၊ ဝီရိယိန္ဒြေလွန်ကဲလျှင် အတပ္ပါဘုံ၌၊ သတိန္ဒြေလွန်ကဲလျှင် သုဒဿာဘုံ၌၊ သမာဓိန္ဒြေလွန်ကဲလျှင် သုဒဿီဘုံ၌၊ ပညိန္ဒြေလွန်ကဲလျှင် အကနိဋ္ဌဘုံ၌ အသီးသီး ဖြစ်ကြရသည်။ ဒေါသစသော ကိလေသာ အညစ်အကြေးတို့ စင်ကြယ်ပြီးသော အနာဂါမ်ပုဂ္ဂိုလ်၊ အရဟတ္တမဂ်ပုဂ္ဂိုလ် ရဟန္တာပုဂ္ဂိုလ်တို့ နေနေထိုင်ရာဘုံဖြစ်၍ သုဒ္ဓါဝါသဘုံခေါ်သည် (သုဒ္ဓ=ကိလေသာ စင်ကြယ်သော ပုဂ္ဂိုလ်တို့၏+အာဝါသ=နေထိုင်ရာဘုံ)။

အဘိညာဉ်နှင့် ပဋိသန္ဓေအကျိုး။ ။ဈာန်ပဥ္စမစျာန် ကုသိုလ်ကံ အရာ၌ ထိုပဥ္စမစျာန် ကုသိုလ်ကံသည် ဝေဟပ္ဖိုလ်ဘုံ၌ ပဥ္စမစျာန်ဝိပါက်ကို ဖြစ်ပေါ်စေ၏၊ သညာဝိရာဂဘာဝနာ ပွားထားသော ပဥ္စမစျာန်ကုသိုလ်ကံမှာ အသညသတ်ဘုံ၌ ရုပ်ပဋိသန္ဓေကျိုးကို ဖြစ်ပေါ်စေ၏၊ အနာဂါမ်ပုဂ္ဂိုလ်တို့၏ ပဥ္စမစျာန်ကုသိုလ်ကံကား သုဒ္ဓါဝါသငါးဘုံ၌ ဣန္ဒြေအလိုက် ပဥ္စမစျာန်ဝိပါက် ပဋိသန္ဓေဝိညာဉ်ကို ဖြစ်ပေါ်စေသည်။

တန်ခိုးအကျိုးမျိုး ဖြစ်ပေါ်စေရအောင်ဝင်စားသော ပဥ္စမစျာန်ကုသိုလ်မှာမူ အထက်ဖော်ပြပါ ပဥ္စမစျာန်ကိုကဲ့သို့ ပဋိသန္ဓေကျိုးကို မဖြစ်ပေါ်စေနိုင်ပါချေ။ အကြောင်းကား မဟဂ္ဂုတ်ကုသိုလ်တို့သည်တူသောအာသေဝနကို ရမှအားရှိ၍ ပဋိသန္ဓေကျိုးပေးနိုင်သည်၊ အဘိညာဉ်ကုသိုလ်မှာ ထိုကဲ့သို့တူသော အာသေဝနကိုမရသောကြောင့် ပဋိသန္ဓေကျိုးမပေးနိုင်ဟု နာမရူပပရိစ္ဆေဒအဋ္ဌကထာ၌ ဖွင့်ဆိုထား၏။ တူသောအာသေဝနကိုရမှုဟူသည်ကား ဇောဇောရာ၌ မဟဂ္ဂုတ်ဇောချင်းတူ၍ ထိုတူသောမဟဂ္ဂုတ်ဇောဘို့တွင် ရှေးရှေးဇော၏ ကျေးဇူးပြုခြင်းကို ခံရမှုတည်း။ ဈာနဝီထိကို ကြည့်လျှင် ဈာန်တကြိမ်သာကျသော အာဒိကမ္မိကဝီထိ၊ အဘိညာဝီထိ တို့၌ ဈာန်ဇောသည် ဘုံအားဖြင့် မဟဂ္ဂုတ်ချင်းတူသော ရှေးရှေးဇောမှ

အာသေဝနသတ္တိဖြင့် ကျေးဇူးပြုမခံရ၊ သမာပတ်ဝင်စားသော(ဈာနသမာပတ္တိ) ဝီထိ၌သာ ဈာန်အကြိမ်များစွာဖြစ်၍ မဟဂ္ဂုတ်ချင်းတူသော ရှေးရှေးဇောမှ ကျေးဇူးပြုခံရသည်။ ထို့ကြောင့် နာမရူပပရိစ္ဆေဒကျမ်းအလို အာဒိကမ္မိကဝီထိက မဟဂ္ဂုတ်ကုသိုလ်ဈာန်နှင့် အဘိညာဝီထိကပဥ္စမဈာန်တို့သည် ပဋိသန္ဓေကျိုးကို မပေးနိုင်ဟု ဆိုရန် ရှိပေသည်။

ထိုတွင် အာဒိကမ္မိက ဝီထိကဈာန်သည် တူသော မဟဂ္ဂုတ်ဇောမှ အာသေဝနကိုမရ၍ အကျိုးမပေးဟူသောစကားကို ပထမစဉ်းစားသင့်၏၊ ဈာန်မရသော (သုက္ခဝိပဿက) အနာဂါမ်ပုဂ္ဂိုလ်တို့သည် သေခါနီး လောလောဆယ်မှာ ကေန်အ္မှန် ဈာန်ရ ရ၏။ ထိုဈာန်ကို နောက်ထပ်လည်း ဝင်စားချိန်မရတော့ပြီ၊ ထိုသေခါနီးမှ ရသော အာဒိကမ္မိကဈာန်သည် ဗြဟ္မာပြည်၌ ပဋိသန္ဓေကျိုးပေးနိုင်ပုံကိုထောက်လျှင် အာဒိကမ္မိကဝီထိမှ ဈာန်သည် ပဋိသန္ဓေကျိုးပေးနိုင်ကြောင်း သိသာပေသည်။

အဘိညာဉ်ဇောများလည်း အကြိမ်များစွာ အဘိညာဝီထိများကျနေပါလျှင် အားမရှိဟုမဆိုနိုင်၊ အားရှိလွန်းသည့်အတွက် ချက်ချင်းလက်ငင်း တန်ခိုးအမျိုးမျိုးဖြစ်အောင် စွမ်းဆောင်နိုင်ကြသည်။ ထိုသို့အားရှိသော်လည်း မိမိတို့ကပင် ပဥ္စမဈာန်၏အကျိုးအရာမှာ တည်သောကြောင့်လည်းကောင်း၊ တန်ခိုးအမျိုးမျိုးဖြစ်ပေါ်လာခြင်းသည်ပင် အဘိညာဉ်၏အကျိုးဖြစ်သောကြောင့် လည်းကောင်း နောက်ကပ် အကျိုးပေးခွင့်မရှိတော့ချေ။ ထိုတန်ခိုးများ ပေါ်လာဖို့ရန် ရည်သန်အားထုတ်အပ်သော အဘိညာဉ်ဖြစ်ရကား လိုအကျိုးများပေါ်လာသည်နှင့်တပြိုင်နက် ရည်ရွယ်ချက် ပြီးမြောက်သဖြင့် အဘိညာဉ်အင်အားလည်း ကုန်ခန်းလျော့သွားလေသည်ဟု ဆိုလိုပေသည်။

ရူပကုသိုလ်ကံများနှင့် နိကန္တိတဏှာ။ ။''ပရိတ္တ (အညံ့စား) ဖြစ်သော ရူပါဝစရ ပထမဈာန်ကုသိုလ်ကံကြောင့် ဗြဟ္မပါရိသဇ္ဇာပထမဈာန်ဘုံ၌ ဖြစ်ရ၏''စသော ဥပဒေသကား နိကန္တိတဏှာစသည်တို့မရှိရာ ခိုးရာအားဖြင့် အကျိုးပေးရာဌာနကို ညွှန်းဆို

သော သတ်မှတ်ချက်ဖြစ်သည်။ နိကန္တိတဏှာနှင့် စေတောပဏိဓိတွေ့ရှိပါလျှင် ထိုသတ်မှတ်ချက်အတိုင်းမဟုတ်ပဲ တမျိုးပြောင်းလဲ၍ ဖြစ်တတ်သေး၏။ ထိုတွင် နိကန္တိတဏှာဆိုသည်မှာ ရှေးရှေးကအနေအထိုင်များခဲ့သော ဘုံဘဝကို နှစ်သက်တွယ်တာမှု၊ ထိုဘုံအဝ၌ ဖြစ်ရန်တောင့်တမှု မျိုးဖြစ်သည်၊ စေတောပဏိဓိကား စိတ်၏တောင့်ထမှု ဆန္ဒတည်း။ သီလ စင်ကြယ်ပါက စေတောပဏိဓိအတိုင်း ပြည့်စုံနိုင်ပုံကို "ရဟန်းတို့....သီလရှိ သော ပုဂ္ဂိုလ်အား သီလကား စင်ကြယ်ခြင်းကြောင့် စိတ်၏ တောင့်တ ခြင်း (စေတောပဏိဓိ)သည် ပြည့်စုံနိုင်၏" ဟု အင်္ဂုတ္တိုရ်ပါဠိတော်၌ ဟော ကြားထားပေသည်။

ဈာန်ကိုရပြီးသော ပုထုဇဉ်ပုဂ္ဂိုလ် သည် စုတေခါနီး၌ နိကန္တိတဏှာ ဖြင့် ကာမဘုံကို တွယ်တာလျှင် ဈာန်ကွယ်ပျောက်၍ နတ်ပြည်တထပ် ထပ်သို့ ရောက်ကြရာ၏။ ဈာန်ရသောဘာဝနာ၊ သကဒါဂါမိပုဂ္ဂိုလ်တို့သည် ဈာန်မှမယုတ်လျှင် သုဒ္ဓါဝါသမှတပါး အခြား ဗြဟ္မာဘုံများတွင် အလိုရှိ ရာဘုံတွင် ဖြစ်နိုင်ကြ၏။ ဗြဟ္မာဘုံသို့ရောက်ပြီးသော တိဟိတ်ပုထုဇဉ် ဗြဟ္မာကြီးသည်ပင် လူ့ဘုံစသော ကာမသုဂတိဘုံများ၌ ဖြစ်လိုသော စေတောပဏိဓိရှိခဲ့လျှင် ဈာန်မှယုတ်လျော့ကျ ကာမဘုံ၌ ဖြစ်နိုင်ပေ၏။

ဤနေရာ၌ တိဿခေါ် မဟာဗြဟ္မာကြီးအကြောင်းကို သာဓက အဖြစ် ထောက်သွားနိုင်ပေသည်။ တိဿဗြဟ္မာကြီးကား ပထမဈာန် သုံးဘုံတွင် မဟာဗြဟ္မာဘုံ၌ရှိသော ဗြဟ္မာမင်းကြီးတည်း။ ထိုဘုံ၌ သက် တမ်းကုန်လုနီး၍ အထက်ဗြဟ္မာဘုံသို့ တက်ရန် ဈာန်ပွားပြီးလေပြီ။ အရှင် အာနန္ဒာ၏ တပည့်ကြီးများဖြစ်၍ ဘုရားရှင်ကို ဖူးမြင်လိုက်ကြရသော သဗ္ဗကာမီမထေရ်စသော ရဟန္တာမထေရ်ကြီးတို့သည် ဒုတိယ သံဂါယနာ တင်ပွဲအပြီးတွင် ဆင်ခြင်ကြည့်ကြရာ နောင်အနှစ် ၁၁၈-နှစ် ကြာမြင့်သည့် အခါ ကျကဲ့သို့ပင် သာသနာ့ အညစ်အကြေး ဘေးရန်များ ပေါ်လာ ပေဦးမည်ဟု မြင်၏။ ထိုအခါ သာသနာ့ အညစ်အကြေးများကို မည်သူ ဖြေရှင်းသုတ်သင်နိုင်မည်နည်းဟု ထပ်လက် ဆင်ခြင်ကြည့်ကြရာ လူ့ဘုံ

နက်ဘုံတို့တွင် ဖြေရှင်းပေးနိုင်စွမ်းသည့် ပုဂ္ဂိုလ်ကို မမြင်ပဲ မဟာဗြဟ္မာဘုံက တိဿဗြဟ္မာကြီးသာ ဖြေရှင်းနိုင်မည်ကို မြင်တော်မူကြသတဲ့၊ ထိုအခါ ရဟန္တာမထေရ်ကြီးအချို့သည် မဟာဗြဟ္မာဘုံသို့ ကြွရောက်ကာ တိဿဗြဟ္မာကြီးအား ထိုအချိန်တွင် သာသနာတော် သန့်ရှင်းရေးကို ဆောင်ရွက်ပေးရန် တောင်းပန်ကြသည်။

တိဿဗြဟ္မာကြီးလည်း တာဝန်ယူပါမည်ဟု ဝမ်းသာအားရ ကတိပြုလိုက်လေသည်။ အချိန်ရောက်သည့်အခါ ဗြဟ္မာ့ဘုံမှ စုတေ၍ မောဂ္ဂလိပုဏ္ဏေးမ၏ဝမ်း၌ ပဋိသန္ဓေနေလေသည်။ မွေးဖွားလာသည့်အခါတွင် တိဿအမည်တွင်၍ နောင်သောအခါ ဘုရားသာသနာသို့ ဝင်လာပြီး အရှင်မဟာမောဂ္ဂလိပုတ္တတိဿ မထေရ်ဖြစ်လာသည်။ သာသနာတော်တွင် ရှုပ်ထွေးနေသော သာသနာအညစ်အကြေးများကို သုတ်သင်ရှင်းလင်း၍ အကြီးအမှူး ဦးစီးခေါင်းဆောင်ပြုကာ တတိယသံဂါယနာ တင်ခဲ့ပေသည်[၁]။

ဤတိဿဗြဟ္မာကြီးဝတ္ထု၌ တိဿဗြဟ္မာကြီးသည် အထက်ဗြဟ္မာဘုံ၌ ဖြစ်နိုင်သည့် ဈာန်သမာပတ်ရပြီးသော မဟာဗြဟ္မာမင်းကြီး ဖြစ်လျက် စေတောပဏိဓိကြောင့် ကာမဘုံ၌ ဖြစ်သည်ကို တွေ့ရ၏။ သာရတ္ထဒီပနီဋီကာ၌ ဤသို့ ဖြစ်ခြင်းမှာ ပုဂ္ဂိုလ်တိုင်း စေတောပဏိဓိကြောင့် မဖြစ်နိုင်၊ ပြုအပ်သော ကောင်းမှုအထူးရှိကြ၍ ဘုန်းဂုဏ်ကြီးမားသူများသာ စေတောပဏိဓိအစွမ်းကြောင့် ဖြစ်နိုင်ပေသည်။ ကာမဘုံ၌ ဖြစ်ခြင်းသည် ကာမာဝစရကုသိုလ်ကံ၏ အစွမ်းဖြစ်သည်။

ကာမာဝစရကုသိုလ်ကံမှာ အင်အားသေးသော်လည်း ဈာန်ကံထက် ပိုး၍ အင်အားကြီးမားသော ဈာန်ကုသိုလ်ဂရုကကံ၏အကျိုးပေးမှုကို တားမြစ်နိုင်စွမ်းမရှိပါချေ။ သို့သော်လည်း "ရဟန်းတို့ ...သီလရှိသော ပုဂ္ဂိုလ်အား သီလတရား၏ စင်ကြယ်ခြင်းကြောင့် စိတ်၏ဆောင်တခြင်းသည် ပြည့်စုံ၏" (ဣဇ္ဈတိ ဘိက္ခဝေ သီလဝတော စေတောပဏိဓိ ဝိသုဒ္ဓတ္တာ)ဟု ဘုရားရှင်

---

၁။ ပါရာဇိကကဏ္ဍအဋ္ဌကထာ၊ ၂၉။

ဟောသားခတ်မှုသောကြောင့် ကာမဘုံ၌ ဖြစ်လိုသော စေတောပဏိဓိတရားသည် ဈာန်ဂရုကကံ၏ အကျိုးကို တားမြစ်လိုက်သဖြင့် ကာမာဝစရကုသိုလ်ကံသည် အကျိုးပေးခွင့်ရခြင်း ဖြစ်သည်ဟု ရှင်းပြထားပေသည်[၁]။

ရူပ, အရူပဗြဟ္မာဘုံ၌ဖြစ်ကြသော သောတာပန်၊ သကဒါဂါမ်အရိယာပုဂ္ဂိုလ်တို့မှာ ကာမဘုံ၌ ပြန်မဖြစ်ကြတော့ပဲ ထိုဘုံတို့၌သာ ပရိနိဗ္ဗာန်ပြုကြ၏။ ထိုအရိယာတို့သည် ဈာန်ကြောင့်ကာမဘုံသို့ ပြန်မလာရကား ဈာနအနာဂါမ်ပုဂ္ဂိုလ်တို့မည်၏။ ရူပါဝစရသမာပတ် ၄-ပါး၊ အရူပါဝစရသမာပတ် ၄-ပါး ပေါင်းသမာပတ် ၈-ပါးကိုရသော ပုဂ္ဂိုလ်များသည် ထိုဈာန်များအနက် မိမိအလိုရှိရာ သောသားဘားသည့် ဈာန်က ပဋိသန္ဓေကျိုးကို ပေး၏။

၄။ အရူပါဝစရကုသိုလ်ကံ။ ။အရူပါဝစရကုသိုလ်စေတနာ ၄-ပါးသည် အရူပါဝစရကုသိုလ်ကံမည်၏။ ထိုကုသိုလ်စေတနာ ၄-ပါးသည် များသောအားဖြင့် အရူပဘုံများ၌ ဖြစ်တတ်သောကြောင့်လည်းကောင်း၊ အရူပဘုံ၌ ပဋိသန္ဓေကျိုးကို ဖြစ်ပေါ်စေတတ်သောကြောင့်လည်းကောင်း အရူပါဝစရဟူသော နာမည်ကို ရရှိခြင်းဖြစ်သည်။ (အရူပ=အရူပ ၄-ဘုံ၌+အဝစရ=များသောအားဖြင့် ဖြစ်တတ်သောတရား)။ ထိုစေတနာများကို အပြစ်လည်းကင်း၊ ကောင်းကျိုးပေးခြင်းသဘောလည်း ရှိသောကြောင့် ကုသိုလ်ကံဟုလည်း ခေါ်သည်။

ထိုအရူပါဝစရကုသိုလ်စိတ်သည် ဥပေက္ခာ၊ ဧကဂ္ဂတာဟူသော ဈာန်အင်္ဂါနှစ်ပါးရှိသော ဈာန်စိတ်ဖြစ်သည်။ ကောင်းကင်ပညတ် စသောအာရုံတို့ကို စူးစူး စိုက်စိုက် ရှုတတ်သောကြောင့်လည်းကောင်း၊ နီဝရဏတရားတို့ကို လောင်မြိုက်တတ်သောကြောင့်လည်းကောင်း ဈာန်မည်၏။ ထိုဈာန်စိတ်နှင့်အတူဖြစ်သည့် စေတနာကို အရူပါဝစရကုသိုလ်ကံဟု

---

၁။ သာရတ္ထဒီပနီဋီကာ၊ ပ။ ၁၁၄-၁၁၅။

ခေါ်သည်။ထိုကုသိုလ်ကံကို ပွားများအားထုတ်မှု ဘာဝနာကုသိုလ်ကြောင့်သာ ရနိုင်သည်။ စိတ်၌သာဖြစ်၍ မနောကံ ကုသိုလ်တမျိုးသာ ဖြစ်၏။ ထိုအရူပါဝစရကုသိုလ်ကံသည်—

၁။ အာကာသာနဉ္စာယတနကုသိုလ်ကံ၊

၂။ ဝိညာဏဉ္စာယတနကုသိုလ်ကံ၊

၃။ အာကိဉ္စညာယတနကုသိုလ်ကံ၊

၄။ နေဝသညာနာသညာယတနကုသိုလ်ကံ—

ဟူ၍ လေးမျိုးရှိသည်။

အင်္ဂါတိက္ကမဈာန်နှင့် ရူပဈာန်၌ အောက် အောက်ဈာန်၏ အင်္ဂါကို အာလမ္ဗနာတိက္ကမဈာန် ပယ်ခွါနိုင်မှ အထက်အထက်ဈာန်များ ဖြစ်နိုင်ကြသည်။ ထို့ကြောင့် ရူပဈာန်များကို အင်္ဂါတိက္ကမဈာန်ဟုခေါ်သည်၊ (အင်္ဂ=ဈာန်အင်္ဂါကို+တိက္ကမ=လွန်မြောက်သောဈာန်)။ အရူပဈာန်မှာမူကား ဥပေက္ခာ၊ ဧကဂ္ဂတာဟု ဈာန်အင်္ဂါ ၂-ပါးစီ အညီအမျှရှိသောကြောင့် ဈာန်အင်္ဂါကို လွန်ဖွယ်မလို။ အောက်အောက်ဈာန်၏ အာရုံကို လွန်မြောက်နိုင်မှ အထက်အထက်ဈာန်များ ဖြစ်ပေါ်လာကြသည်။ ထို့ကြောင့် အရူပဈာန်ကို အာလမ္ဗနာတိက္ကမဈာန်ဟုခေါ်သည်။

အရူပဈာန်အားထုတ်ရာ၌ ရည်မှန်းချက်များ။ ။ထို အရူပါဝစရဈာန်ကို သာသနာပ အခါ၌သာ ကြိုးစား အားထုတ်ကြသည်မဟုတ်၊ သာသနာတော်တွင်း၌လည်း အားထုတ်ကြသည်။ သို့ရာတွင် အားထုတ်သူတို့ ရည်ရွယ်ချက်ခြင်း မတူကြချေ။ သာသနာပအခါ၌ ရသေ့ ပရိဗိုဇ်တို့သည် ရုပ်တရား၌ အပြစ်မြင်၍ ရုပ်တရား၏ နယ်နိမိတ်ကို လွန်မြောက်ရန်ဟူသော ရည်ရွယ်ချက်ဖြင့် အားထုတ်ကြ၏။ ရုပ်တရားတို့မည်သည် အလွန်ရန့်ရင်း၏၊ အလွန်ရန့်ရင်း

သော ကိလေသာတို့၏ အာရုံလည်းဖြစ်၏၊ ရုပ်ကြီးကို ထိန်းသိမ်းမွေးမြူရသည့် ကိစ္စကား အလွန်ကြီးလေး၏၊ အတွင်းဘေးရန် အပြင်ဘေးရန်တို့ ဝိုင်းရံလျက်ရှိ၏။ အပါယ်ဘေးနှင့် အလွန်နီး၏၊ ရုပ်တရားသည် အနှစ်မရှိ၊ အရှည်အကြာမခိုင်၊ ယိုယွင်းလွယ်၏၊ ရူပါဝစရစျာန်သည် ရုပ်နိမိတ်၌ တွယ်တာသောစျာန်ဖြစ်၍ အနှစ်မရှိ၊ ရုပ်၌သာယာသည့် နိကန္တိတဏှာတည်းဟူသော သံကြိုးအနှောင်အဖွဲ့ရှိနေသည်ဖြစ်၍ ရုပ်နိမိတ်ကို လွန်မြောက်နိုင်သော အစွမ်းသတ္တိမရှိ၊ ထို့ကြောင့် ရုပ်နိမိတ်နှင့် မစပ်မရှက်သော ကောင်းကင်နိမိတ်ဖြစ်သောစျာန်ကို ရလိုကြခြင်းဖြစ်သည်။

သာသနာတော်တွင်း၌ ဘုရားတပည့်သား ရဟန်းတော်များမှာမူကား အရူပစျာန်များသည် အထူးသိမ်မွေ့၏၊ သမာဓိအားရှိ၍ အထူးအားကောင်းရကား ဝိပဿနာ၏ အခြေပါဒကနှင့် အဘိညာဉ်၏အခြေပါဒကပြုရန် အလွန်ကောင်း၏၊ ရုံဖန်ရံခါ ဝင်စားနေရန်လည်း အလွန်သင့်လျော်သည့် စျာန်မျိုးဖြစ်သည်ဟု ထင်မြင်ယူဆကြသည်။ ထိုယူဆချက်အတိုင်း ဝိပဿနာနှင့် အဘိညာဉ်တို့အတွက် အခြေပါဒကပြုရန် ရည်ရွယ်၍ ထို အရူပစျာန်ကို ကြိုးစားအားထုတ်ကြခြင်း ဖြစ်သည်။

**အရူပစျာန်များရအောင် အားထုတ်နည်းများ** ပထမ အရူပကုသိုလ်စျာန်များကို အလိုရှိသော ရူပါဝစရစျာနလာဘီပုဂ္ဂိုလ်သည် ရှေးဦးစွာ "ဓိရုပံ၊ ဓိရုပံ" (ရုပ်ကြီးသည် စက်ဆုပ်ရွံရှာဖွယ် ကောင်းပေစွ၊ ရုပ်ကြီးသည် စက်ဆုပ်ရွံရှာဖွယ်ကောင်းပေစွ)ဟု စီးဖြန်းရ၏။ ရရှိထားသော ပဥ္စမစျာန်ကိုလည်း စတုတ္ထစျာန်၌ ပါရှိသော သုခနှင့် နီးကပ်နေသဖြင့်လည်း မငြိမ်သက်ဟု ထင်၏။ အထက် အရူပစျာန်ကို ထောက်လျှင် ရန့်ရင်းကြမ်းတမ်းသေး၏ဟု အပြစ်မြင်၏။ ထို့ကြောင့် ရူပါဝစရပဥ္စမစျာန်၌ ထပ်နဝ်သက်ခြင်းကိုစွန့်၍ အာကာသကသိုဏ်းမှတပါး ကျန်ကသိုဏ်း ၉-ပါးတို့တွင် ပထဝီကသိုဏ်းစသော တပါးပါးကို အလိုရှိသော အရပ်ပိုင်းခြားပြီး "ပထဝီ၊ ပထဝီ" စသည်ဖြင့် စီးဖြန်းရ၏။ ထိုစီးဖြန်းသောဘာဝနာအဟုန်ကြောင့် ကြည့်ရှုတိုင်း ကြည့်

ရှုတိုင်းသော အရပ်မျက်နှာ ကောင်းကင်အားလုံးသည် ပထဝီကသိုဏ်း ဝန်းသာ ထင်၏၊ နေ၊ လ၊ နက္ခတ်၊ တာရာ၊ တော၊ တောင်၊ သစ်ပင် စသော တစုံတခုကိုမျှ မမြင်တော့ချေ။ ထိုသို့ ပထဝီနိမိတ်ထင်လာသော အခါမှ မိမိထင်လာသော ပထဝီကသိုဏ်းဝန်းနိမိတ်ကိုခွါရ၏။ နိမိတ်ခွါ ခြင်းဆိုသည်မှာ မိမိရသော ကသိုဏ်းဝန်းနိမိတ်ကို နှလုံးမသွင်းပဲနေခြင်း ပင် ဖြစ်သည်။

ဤသို့ ထင်နေသော ကသိုဏ်းဝန်းကို အာရုံမပြု၊ နှလုံးမသွင်းတော့ပဲ ကသိုဏ်းဝန်းပျံ့နှံ့ရာအရပ်ကို "အာကာသော အနန္တော၊ အာကာသော အနန္တော" (ကောင်းကင်သည် အဆုံးအပိုင်းအခြားမရှိ)ဟု ကောင်းကင် ကိုသာ စိတ်ဖြင့် နှလုံးသွင်း ဆင်ခြင်ပွားများရ၏။ သို့ပွားများမှုကို ပရိ-ကမ်ပြုသည်ဟု ခေါ် သည်။ ဤသို့ ပရိကမ်ပြုဖန်များလျှင် ထမင်းအိုးဝတွင် ဖုံးထားသော အဝတ်ကို ဖွင့်လှပ်လိုက်သည့်အခါ အဝတ်ကွယ်ပျောက်၍ မျက်နှာဝဟင်းလင်း ပေါ်ပေါက်လာသကဲ့သို့ ကသိုဏ်းဝန်းကွယ်ပျောက် ၍ ကသိုဏ်းဝန်းပျံ့နှံ့ရာအရပ်အားလုံး၌ ကောင်းကင်ဟင်းလင်းဖြစ်၍ ထင်လာသည်။ ဤသို့ မူလကသိုဏ်းကို နှလုံးမသွင်းပဲ ခွါ၍ရအပ်သော ထမင်းအိုးဝကဲ့သို့ ဟင်းလင်းပွင့်ထင်လာသည့် ကောင်းကင်နိမိတ်ကို အာရုံ ပြု၍ "အာကာသော အနန္တော၊ အာကာသော အနန္တော"ဟု အဖန်ဖန် အထပ်ထပ် ကြိမ်ဖန်များစွာ ပွားများရာ၏။

ထိုသို့ စီးဖြန်းပွားများရာ၌ ရူပပဉ္စမဈာန်အဇပါ၌ နှစ်သက်တွယ်တာ မှု နိကန္တိတဏှာမကွာမီအတွင်း၌ဖြစ်သော မဟာကုသိုလ်သည် ပရိကမ္မ-ဘာဝနာ အဆင့်ဖြစ်သည်၊ ထိုနိကန္တိတဏှာကွာသည်မှစ၍ ဂေါတြဘူစိတ် ဖြစ်သည့်အထိ ဥပစာရဘာဝနာ အဆင့်တည်း။ ဤဥပစာရဘာဝနာ အစွမ်းဖြင့် နေ့ညမပြတ် ပွားများအားထုတ်သည့်အခါ ပရိကံ၊ ဥပစာရ၊ အနုလုံ၊ ဂေါတြဘူ ဟူသော ကာမကုသိုလ်ဇော လေးကြိမ်စောပြီးနောက် ပဉ္စမဈာန်ပါဒကဖြစ်ပေါ်သော အာကာသာနဉ္စာယတနကုသိုလ်ဈာန်စိတ် ဖြစ်ပေါ်လာလေတော့၏။

ဝိညာဏဉ္စာယတနစျာန်ကိုအလိုရှိသော စျာနလာဘီယောဂီပုဂ္ဂိုလ်သည် အာကာသာနဉ္စာယတနစျာန်ကို အဖန်ဖန်ဝင်စား၍ အသွားကျသည့်အခါ အာကာသာနဉ္စာယတနစျာန်မှအထတွင် "ငါရပြီးသော အာကာသာနဉ္စာယတနစျာန်သည် ရူပပဉ္စမစျာန်တည်းဟူသော ရန်သူနှင့်နီးလှ၏၊ အဖန်ဖန်မလေ့လာပဲ အမှတ်တမဲ့နေလျှင် ရူပပဉ္စမစျာန်သို့ လျှောကျဖွယ်ရှိသည်၊ ဒုတိယာရုပ္ပခေါ် ဝိညာဏဉ္စာယတနစျာန် သောက်သည်း မငြိမ်သက်" ဟု အပြစ်ရှုပြီးလျှင် ကောင်းကင်ပညတ်ကို အာရုံမပြုတော့ပဲ လွန်မြောက်၍ ပထမာရုပ္ပဝိညာဏ်ကို အာရုံပြုကာ "အနန္တံ ဝိညာဏံ" ဟု အဖန်ဖန်ပွားများလတ်သော် ထိုအာရုံ၌ စွဲမြဲလျက် ပထမာရုပ္ပဝိညာဏ်၌ နိကန္တိတဏှာ ကင်းကွာသည့်အခါ ဥပစာရဘာဝနာသို့ရောက်၏။ ထို့နောက် ဆက်လက်အားထုတ်လျှင် ဒုတိယာရုပ္ပဝိညာဏ်ခေါ်သော ဝိညာဏဉ္စာယတနကုသိုလ်စျာန် ဖြစ်ပေါ်လာပေသည်။

အာကိဉ္စညာယတနစျာန်ကို အလိုရှိသော စျာနလာဘီယောဂီပုဂ္ဂိုလ်သည် မိမိ ရထားသော ဝိညာဏဉ္စာယတနစျာန်ကို အဖန်ဖန်ဝင်စား၍ အသွားကျသည့်အခါ ဝိညာဏဉ္စာယတနစျာန်မှ အထတွင် "ငါရအပ်ပြီးသော ဝိညာဏဉ္စာယတနစျာန်သည် အာကာသာနဉ္စာယတနစျာန်တည်းဟူသော ရန်သူနှင့်နီး၏၊ တတိယာရုပ္ပစျာန်လောက်လည်း မငြိမ်သက်" ဟု အပြစ်ရှုပြီးလျှင် ပထမာရုပ္ပဝိညာဏ်တည်းဟူသော အာရုံကိုလွှတ်၍ ထိုပထမာရုပ္ပဝိညာဏ်၏ မရှိခြင်းတည်းဟူသော နတ္ထိဘာဝပညတ်အာရုံကို မှန်းလျက် 'နတ္ထိ ကိဉ္စိ၊ နတ္ထိကိဉ္စိ' (စိုးစဉ်း အနည်းငယ်မျှမရှိတော့ပြီ) ဟု စီးဖြန်း၏၊ စီးဖြန်းပါများလတ်သော် ထိုအာရုံ၌စွဲမြဲလျက် ဒုတိယာရုပ္ပဝိညာဏ်၌ နိကန္တိတဏှာကင်းကွာသည့်အခါ ဥပစာရဘာဝနာသို့ရောက်၏၊ ထို့နောက် ဆက်လက်အားထုတ်လျှင် တတိယာရုပ္ပဝိညာဏ်ခေါ်သော အာကိဉ္စညာယတနကုသိုလ်စျာန် ဖြစ်ပေါ်လာပေသည်။

နေဝသညာ နာသညာယတနစျာန်ကို အလိုရှိသော စျာနလာဘီယောဂီပုဂ္ဂိုလ်သည် ရှေးနည်းအတိုင်း မိမိရပြီးသော တတိယာရုပ္ပစျာန်ကို လေ့လာ၍ အသွားကျသည့်အခါ စျာန်မှအထတွင် 'ငါရထားသော

အာကိဉ္စညာယတနစျာန်သည် ဝိညာဏဉ္စာယတန စျာန်တည်းဟူသော ရန်သူနှင့်နီးကပ်လှ၏၊ စတုတ္ထာရုပ္ပခေါ် နေဝသညာနာသညာယတနစျာန်လောက်လည်း မငြိမ်သက်၊ သညာသည် အိုင်းအမာ ဆူးငြောင့်နှင့်တူ၏၊ နေဝသညာ နာသညာယတနသမာပတ်ကား မွန်မြတ်လှပေ၏'ဟု အာ-ကိဉ္စညာယတနစျာန်ကို အပြစ်ရှုလျက် နေဝသညာ နာသညာယတနစျာန်ကို မွန်မြတ်သည်ဟုယူဆပြီး နတ္ထိဘော ပညတ်အာရုံကို စွန့်လွှတ်လွန်မြောက်၍ တတိယာရုပ္ပစျာန်ကို အာရုံပြုကာ 'သန္တမေတံ၊ ပဏီတမေတံ' (ဤတတိယာရုပ္ပစျာန်သည် မရှိခြင်းကိုပင် အာရုံပြုနိုင်သည့်အတွက် ငြိမ်သက်ပါပေစွ၊ မွန်မြတ်ပါပေစွ)ဟု အဖန်ဖန်ပွားများရသည်၊ ပွားများဖန်များ၍ ဝိညာဏဉ္စာယတနစျာန်၌ နိကန္တိတဏှာ ကင်းကွာသည့်အခါ ဥပစာရဘာဝနာသို့ ရောက်၏၊ ထို့နောက် ဆက်လက်အားထုတ်လျှင် စတုတ္ထာရုပ္ပခေါ် နေဝသညာ နာသညာယတနကုသိုလ်စျာန် ဖြစ်ပေါ်လာလေသည်။

**အရူပကုသိုလ်ကံများအကျိုးပေးပုံ။** ။ထိုအရူပကုသိုလ်စျာန် လေးပါး၌ ရှိသောစေတနာ(၄)ပါးကို အရူပကုသိုလ်ကံဟုခေါ်သည်၊ ထိုတွင် အာကာသာနဉ္စာယတန ကုသိုလ်ကံစေတနာကြောင့် အာကာသာနဉ္စာယတနဘုံ၌ အာကာသာနဉ္စာယတနဝိပါက်စိတ်စေတသိက် ၃၀-ဟူသော နာမ်တရားများဖြင့် ပဋိသန္ဓေနေကာ အာ-ကာသာနဉ္စာယတန အရူပဗြဟ္မာကြီး ဖြစ်လာပြီး မဟာကပ်ပေါင်း နှစ်သောင်းအသက် ရှည်ကြ၏။

ထို့အတူ ဝိညာဏဉ္စာယတန ကုသိုလ်ကံစေတနာကြောင့် ဝိညာ-ဏဉ္စာယတနဘုံ၌ ဝိညာဏဉ္စာယတနဝိပါက်စိတ်၊ စေတသိက် ၃၀-ဟူသော နာမ်တရားများဖြင့် ပဋိသန္ဓေနေကာ ဝိညာဏဉ္စာယတနအရူပဗြဟ္မာကြီး ဖြစ်လာပြီး မဟာကပ်ပေါင်း လေးသောင်းအသက်ရှည်ကြ၏၊ အာကိဉ္စ-ညာယတနကုသိုလ်ကံ စေတနာကြောင့် အာကိဉ္စညာယတနဘုံ၌ အာကိဉ္စ-ညာယတနဝိပါက်စိတ်၊ စေတသိက် ၃၀-ဟူသော နာမ်တရားများဖြင့်

ပဋိသန္ဓေနေကာ အာကိဉ္စညာယတန အရှုပဗြဟ္မာကြီးဖြစ်လာပြီး မဟာကပ်ပေါင်း ခြောက်သောင်း အသက်ရှည်ကြ၏၊ နေဝသညာ နာသညာယတနကုသိုလ်ကံစေတနာကြောင့် နေဝသညာ နာသညာယတနဘုံ၌နေဝသညာ နာသညာယတနဝိပါက်စိတ် စေတသိက် ၃၀-ဟူသော နာမ်တရားတို့ဖြင့် ပဋိသန္ဓေနေကာ နေဝသညာ နာသညာယတန အရှုပဗြဟ္မာကြီး ဖြစ်လာပြီး မဟာကပ်ပေါင်း ရှစ်သောင်း အသက်ရှည်လေသည်။

**ပြုလုပ်ပုံအားဖြင့် စေတနာ ၄-မျိုး။** ။တနည်းအားဖြင့် စေတနာမည်သော ကံတရားသည် ပြုလုပ်ပုံ, အကျိုးပေးပုံကို အစွဲပြု၍–

၁။ ကဏှ ကဏှ ဝိပါကကံ၊
၂။ သုက္က သုက္က ဝိပါကကံ၊
၃။ ကဏှသုက္က ကဏှသုက္က ဝိပါကကံ၊
၄။ အကဏှအသုက္က အကဏှအသုက္က ဝိပါကကံ–

ဟူ၍ လေးမျိုးရှိပါသည်။

**၁။ ကဏှကဏှဝိပါကကံ။** ။ထိုတွင် ပြုလုပ်စဉ်က မည်း၍ မည်းသော အကျိုးရှိသော အမည်းကံ, အမှောင်ကံကို ကဏှ ကဏှဝိပါကကံခေါ်သည်(ကဏှ=ပြုလုပ်စဉ်က မည်း၍+ကဏှဝိပါက မည်းသော အကျိုးရှိသောကံ)။မည်းသောကံဆိုသည်မှာ ကမ္မပထမြောက်သော အကုသိုလ်ကံမျိုးဖြစ်၏။ ထိုကံကြောင့် အပါယ်လေးဘုံတို့၌ ဖြစ်ရခြင်း၊ လူ့ဘုံ၌ လူသတ္တဝါများ ဖြစ်လာရသော်ငြားလည်း ရုပ်ဆင်းအင်္ဂါ မလှမပခြင်း၊ ကိုယ်အင်္ဂါချို့တဲ့ခြင်း၊ ဘုန်းကံနည်းပါး ဆင်းရဲနွမ်းပါးခြင်း စသည်တို့ကား မည်းသောအကျိုးများဖြစ်ပါသည်။

**၂။ သုက္က သုက္ကဝိပါကကံ။** ။ပြုလုပ်စဉ်က ဖြူစင်၍ ဖြူစင်သော အကျိုးရှိသော အဖြူကံ အလင်းကံကို သုက္က သုက္က ဝိပါကကံဟု ခေါ်သည်။ (သုက္က=ပြုလုပ်စဉ်က ဖြူစင်၍+သုက္ကဝိပါက=

ဖြူစင်သောအကျိုးရှိသည့်ကံ)။ အဖြူကံဟူသည် ကမ္မပထမြောက်သော ကုသိုလ်ကံများဖြစ်သည်။ ထိုဖြူသောကံကြောင့် နတ်ပြည်စသော သုဂတိဘုံတို့၌ဖြစ်ရခြင်း၊ လူ့ဘဝ၌ ဥပဓိသမ္ပတ္တိ ဘောဂသမ္ပတ္တိတို့နှင့် ပြည့်စုံ၍ ဘုန်းကံကြီးမားခြင်းစသည်တို့ကား ဖြူသောအကျိုးများဖြစ်ပေသည်။

၃။ ကဏှသုက္က ကဏှသုက္ကဝိပါကကံ။ ။ပြုလုပ်အားထုတ်စဉ်၌ အမည်းအဖြူရော၍ အမည်း အဖြူရောသော အကျိုးရှိသည့် အမည်းအဖြူကံ၊ အမှောင်အလင်းကံကို ကဏှသုက္က ကဏှသုက္ကဝိပါကကံဟု ခေါ်သည် (ကဏှသုက္က=အမည်းအဖြူရော၍+ကဏှသုက္ကဝိပါက=အမည်းအဖြူရောသော အကျိုးရှိသည့်ကံ)။ အမည်းအဖြူကံကား ကုသိုလ် အကုသိုလ်နှစ်မျိုး ရောနှောပြုသော မိဿကကံမျိုးတည်း။ ထိုကံကြောင့် ဖြစ်ပေါ်လာသည့် ဆင်းရဲချမ်းသာ နှစ်မျိုးကို အမည်းအဖြူရောသော အကျိုးဟုခေါ်၏၊ ဥပမာ– အကုသိုလ်ကံကြောင့် တိရစ္ဆာန်ဘုံတွင် မင်္ဂလာဆင်မျိုး၌ဖြစ်၍ ကုသိုလ်ကံကြောင့် ပဝတ္တိအခါ ချမ်းသာကို ခံစားရခြင်းမျိုးကိုလည်းကောင်း၊ ကုသိုလ်ကံကြောင့် မင်းမျိုး၌ ဖြစ်ရသော်လည်း အကုသိုလ်ကံကြောင့် ပဝတ္တိအခါ၌ ဆင်းရဲကို ခံစားရခြင်းမျိုးကိုလည်းကောင်း အမည်း အဖြူရောသော အကျိုးဟု ဆိုသည်။

၄။ အကဏှအသုက္က အကဏှအသုက္ကဝိပါကကံ။ ။ပြုလုပ်အားထုတ်စဉ်၌ အမည်း အဖြူမှလွတ်၍ မမည်း မဖြူ အကျိုးရှိသည့် မမည်း မဖြူသောကံ၊ မမှောင်မလင်းသော ကံကို အကဏှအသုက္က အကဏှအသုက္ကဝိပါကကံဟု ခေါ်သည် (အကဏှအသုက္က=ပြုလုပ်စဉ်အမည်းအဖြူလွတ်၍+အကဏှအသုက္ကဝိပါက=မမည်း မဖြူ အကျိုးရှိသောကံ)။ မမည်းမဖြူသောကံ ဆိုသည်မှာ ကံကုန်ခြင်းကို ပြုတတ်သည့် မဂ်ဉာဏ်လေးပါးဖြစ်သည်။ ထိုမဂ်ဉာဏ်လေးပါးသည် မည်းသော အကျိုးကိုလည်းမပေး၊ ဖြူသောအကျိုးကိုလည်း မပေးပဲ အလွန်ဖြူစင်သည့် ဖိုလ်လေးပါးတည်းဟူသော အကျိုးကို ဖြစ်ပေါ်စေပါသည်။

**ဖြစ်ရာဌာန ၈သော အားဖြင့် စေတနာ ၈-မျိုး။** တနည်းအားဖြင့် စေတနာမည်သော ကံတရားသည် ဖြစ်ရာဌာန (ဂတိ)၊ ရုပ်အင်္ဂါလက္ခဏာ (ဥပဓိ)၊ အားထုတ်ခြင်းလုံ့လ (ပယောဂ)၊ ခေတ်ကာလ (ကာလ)၊ ပြည့်စုံမှု ချို့တဲ့မှုတို့ကို အစွဲပြု၍ အကုသိုလ်ကံ ၈-မျိုး၊ ကုသိုလ်ကံ ၈-မျိုး အားဖြင့် (၁၆) မျိုးရှိ၏။ ထိုတွင် အကုသိုလ်ကံ ၈-မျိုးကား—

၁။ ဂတိသမ္ပတ္တိ ပဋိဗာဠှ အကုသိုလ်ကံ၊

၂။ ဥပဓိသမ္ပတ္တိ ပဋိဗာဠှ အကုသိုလ်ကံ၊

၃။ ကာလသမ္ပတ္တိ ပဋိဗာဠှ အကုသိုလ်ကံ၊

၄။ ပယောဂသမ္ပတ္တိ ပဋိဗာဠှ အကုသိုလ်ကံ၊

၅။ ဂတိဝိပတ္တိ အကုသိုလ်ကံ၊

၆။ ဥပဓိဝိပတ္တိ အကုသိုလ်ကံ၊

၇။ ကာလဝိပတ္တိ အကုသိုလ်ကံ၊

၈။ ပယောဂဝိပတ္တိ အကုသိုလ်ကံ—

တို့ဖြစ်သည်[၁]။

**၁။ ဂတိသမ္ပတ္တိ ပဋိဗာဠှ အကုသိုလ်ကံ။** ။ထိုတွင် ဂတိသမ္ပတ္တိ ပဋိဗာဠှ အကုသိုလ်ကံ ဆိုသည်မှာ လူ့ဘုံ နတ်ဘုံတို့၌ဖြစ်ခြင်း ဂတိသမ္ပတ္တိ၏ တားမြစ်ချက်ကြောင့် အကျိုးပေးခွင့်မရသော အကုသိုလ်ကံဖြစ်၏၊ မှန်၏၊ တယောက်သောသူအား များစွာသော အကုသိုလ်ကံတို့ရှိကြ၏၊ ထိုအကုသိုလ်ကံများသည် အပါယ်လေးဘုံ၌ဖြစ်ခြင်း ဂတိဝိပတ္တိရှိပါမှ အကျိုးပေးနိုင်ကြသည်။ သို့ရာတွင် ထိုသူအား ကုသိုလ်ကံကြောင့် လူ့ဘုံ နတ်ဘုံ ဟူသော ဘုံတို့၌ဖြစ်၍ ဂတိသမ္ပတ္တိ

၁။ အဘိ၊ ၂၃၅။

ရှိနေ၏။ ထို့ကြောင့် အကျိုးပေးခွင့်မရကြသော အကုသိုလ်ကံများကို ဂတိသမ္ပတ္တိ ပဋိဗာဠ္ဍ အကုသိုလ်ကံဟု ခေါ်ပါသည်၊ (ဂတိသမ္ပတ္တိ=ဂတိ ပြည့်စုံခြင်း၏+ပဋိဗာဠ္ဍ=တားမြစ်ချက်)[၁]။

၂။ ဥပဓိသမ္ပတ္တိ ပဋိဗာဠ္ဍ အကုသိုလ်ကံ၊ ။ဥပဓိရုပ်လက္ခဏာ ကိုယ်အင်္ဂါ ပြည့်စုံခြင်း ဥပဓိ သမ္ပတ္တိ၏ တားမြစ်ချက်ကြောင့် အကျိုးပေးခွင့်မရသော အကုသိုလ်ကံကို ဥပဓိသမ္ပတ္တိပဋိဗာဠ္ဍ အကုသိုလ်ကံဟုခေါ်၏။ မှန်၏၊ လူတဦးတွင် များစွာသော အကုသိုလ်ကံများရှိရာ ထိုအကုသိုလ်ကံများသည် ဥပဓိ ရုပ်လက္ခဏာ ကိုယ်အင်္ဂါချို့တဲ့မှ အကျိုးပေးနိုင်၏။ သို့သော် ထိုသူမှာ ကုသိုလ်ကံကြောင့် ဥပဓိရုပ်လက္ခဏာနှင့် ပြည့်စုံလျက်ရှိရာ ထိုအကုသိုလ် ကံများ အကျိုးပေးခွင့် မရပဲ ရှိလေသည်။

ဥပမာ–အကုသိုလ်ကံကြောင့် ယုတ်ညံ့သောအမျိုး၌ ဖြစ်ရစေကာမူ ဥပဓိသမ္ပတ္တိကြောင့် ယုတ်ညံ့သောအလုပ်ကို မလုပ်ရပဲ ဘဏ္ဍာစိုး စသော ရာထူးများ၌ ခန့်ထားခံရခြင်းမျိုးဖြစ်သည်။

ဘာတိကမင်းလက်ထက်၌ နွားသတ်သမားများကိုဖမ်း၍ မင်းထံ ခေါ်ဆောင်လာကြသည်။ နွားသတ်သမားတို့၏ သမီးတယောက် သည် အလွန်တရာ အဆင်းလှပ၍ ဥပဓိ ရုပ်လက္ခဏာနှင့် ပြည့်စုံ၏။ ထို့ကြောင့် မင်းကြီးက ထိုသတို့သမီးကို မောင်းမအရာ၌ထား၍ ချီးမြှောက်၏။ ကျန်ရှိသော ဆွေမျိုးများမှာလည်း ထိုသတို့သမီး၏ အရှိန် အဝါကြောင့် ချမ်းချမ်းသာသာ အသက်မွေးကြရသည်။ ဤသည်မှာ ဥပဓိသမ္ပတ္တိ တားမြစ်ချက်ကြောင့် အကုသိုလ်ကံများ အကျိုးပေးခွင့် မရသော သာဓကပင်ဖြစ်သည်[၂]။

---

၁။ အဘိ၊ဋ္ဌ၊၂။၄၂၁-၂။
၂။ အံ၊ဋ္ဌ၊၂၊၁၁၁။

၃။ ကာလသမ္ပတ္တိ ပဋိဗာဠ္ဟ အကုသိုလ်ကံ။ ။ခေတ်ကောင်း အခါကောင်း ဟူသော ကာလသမ္ပတ္တိ တား မြစ်ချက်ကြောင့် အကျိုးမပေးနိုင်သည့် အကုသိုလ်ကံများသည် ကာလသမ္ပတ္တိပဋိဗာဠ္ဟ အကုသိုလ်ကံဖြစ်၏၊ မှန်၏၊ လူဘဦးတယောက်၌ များစွာသော အကုသိုလ်ကံတို့ ရှိကြ၏။ ထိုအကုသိုလ်ကံ များသည် ခေတ်ဆိုး ကာလဆိုးဟူသော ကာလဝိပတ္တိနှင့်ကြုံမှသာ အကျိုးပေးနိုင်ခွင့် ရှိလေသည်။ သို့သော် ထိုသူမှာ ကုသိုလ်ကံကြောင့် ခေတ်ကောင်း ကာလ ကောင်းဟူသော ကာလသမ္ပတ္တိ၌ ဖြစ်၏။ထို့ကြောင့် ကုသိုလ်ကံများသာ အကျိုးပေးခွင့်ရ၍ ထိုအကုသိုလ်ကံများမှာ အကျိုးပေးခွင့် မရချေ။ ဤကား ကာလသမ္ပတ္တိဘားမြစ်ချက်ကြောင့် အကုသိုလ်ကံများ အကျိုး ပေးခွင့် မရခြင်းပင် ဖြစ်သည်[၁]။

၄။ ပယောဂသမ္ပတ္တိပဋိဗာဠ္ဟအကုသိုလ်ကံ။ ။မှန်ကန်သော အားထုတ်မှု လုံ့လနှင့်ပြည့်စုံခြင်း ပယော ဂသမ္ပတ္တိ၏ တားမြစ်ချက်ကြောင့် အကျိုးပေးခွင့်မရသည့် အကုသိုလ်ကံ များကို ပယောဂသမ္ပတ္တိပဋိဗာဠ္ဟ အကုသိုလ်ကံဟု ခေါ်သည်။ ချဲ့ဦးအံ့— တစုံတယောက်သောသူ၌ များစွာသော အကုသိုလ်ကံများရှိရာ လုံ့လ ကြိုးကုတ် အားထုတ်မှုမရှိ ပယောဂဝိပတ္တိဖြစ်ပါမှ ထိုအကုသိုလ်ကံများ အကျိုးပေးနိုင်သည်။ သို့ရာတွင် ထိုသူသည် ကုသိုလ်ကံကြောင့် မှန်သော အားထုတ်လုံ့လဝီရိယနှင့် ပြည့်စုံလျက်ရှိရာ ထိုအကုသိုလ်ကံများ အကျိုး ပေးခွင့်မရ၊ ကုသိုလ်ကံများသာ အကျိုးပေးခွင့်ရလျက် ရှိလေသည်။ ဤကား ပယောဂသမ္ပတ္တိ တားမြစ်ချက်ကြောင့် အကုသိုလ်ကံများအကျိုး ပေးခွင့်မရခြင်းပင် ဖြစ်သည်[၁]။

၅။ ဂတိဝိပတ္တိအကုသိုလ်ကံ။ ။အပါယ်လေးဘုံ၌ ဖြစ်ခြင်းဟူသော ဂတိ- ဝိပတ္တိ အခွင့်ကောင်းကိုရ၍ အကျိုးပေး သော အကုသိုလ်ကံကို ဂတိဝိပတ္တိအကုသိုလ်ကံဟု ခေါ်၏၊ မှန်၏၊

---

၁။ အဘိ၊ဋ္ဌ၊၂၈၄၂၂။

တစုံတယောက်သောသူ၌ များစွာသော အကုသိုလ်ကံများရှိရာ ထို အကုသိုလ်ကံများသည် လူ့ဘုံ နတ်ဘုံတို့၌ ဖြစ်ခြင်းဟူသော ဂတိသမ္ပတ္တိနှင့် ကြုံခဲ့လျှင် အကျိုးပေးနိုင်ခွင့် မရချေ။ သို့သော် ထိုသူသည် အကုသိုလ်ကံကြောင့် အပါယ်ဘုံ၌ဖြစ်လာရာ ဂတိဝိပတ္တိနှင့်ကြုံသဖြင့် ထိုအကုသိုလ်ကံများ အကျိုးပေးခွင့် ရလေသည်။ ဤသည်မှာ ဂတိသမ္ပတ္တိ တားမြစ်ချက်ကြောင့် အကျိုးမပေးစွမ်းနိုင်သော အကုသိုလ်ကံတို့ ဂတိဝိပတ္တိကြောင့် အကျိုးပေးခွင့်ရလာခြင်း ဖြစ်သည်[၁]။

၆။ ဥပဓိဝိပတ္တိအကုသိုလ်ကံ။ ။ဥပဓိရုပ်လက္ခဏာ ကိုယ်အင်္ဂါချို့တဲ့မှုကြောင့် အကျိုးပေးသော အကုသိုလ်ကံကို ဥပဓိဝိပတ္တိ အကုသိုလ်ကံဟုခေါ်၏။ ထင်ရှားစေဦးအံ့–တယောက်သောသူ၌ အကုသိုလ်ကံတို့ များစွာရှိ၏။ ထိုအကုသိုလ်ကံများသည် ရုပ်ဆင်းအင်္ဂါ ကြွန်အင်လက္ခဏာနှင့် ပြည့်စုံခြင်း ဥပဓိသမ္ပတ္တိဖြစ်လျှင် အကျိုးပေးခွင့်ပရချေ။ သို့ရာတွင် ထိုသူသည် တခုသော အကုသိုလ်ကံကြောင့် ဥပဓိရုပ်လက္ခဏာ ချို့တဲ့လာခဲ့ရာ ထိုအကုသိုလ်ကံများ အကျိုးပေးခွင့် ရလာကြသည်။ ဥပမာ မြတ်သောအမျိုး၌ ဖြစ်သော်လည်း ဥပဓိရုပ်လက္ခဏာ ချို့တဲ့ရှာသောကြောင့် အခွန်တောင်းလာသူ မင်းမှုထမ်းက အိမ်ကျွန်မဟု မှတ်ထင်ကာ ပျက်ရယ်ပြုခြင်းခံရသော ကောတလဝါပီရွာနေ သူဌေးကြီး၏ အိမ်ရှင်မကဲ့သို့တည်း။ ဤကား ဥပဓိသမ္ပတ္တိ တားမြစ်ချက်ကြောင့် အကျိုးပေးနိုင်ခွင့် မရှိသော အကုသိုလ်ကံများ ဥပဓိဝိပတ္တိကြောင့် အကျိုးပေးခွင့် ရလာခြင်းဖြစ်သည်[၂]။

၇။ ကာလဝိပတ္တိအကုသိုလ်ကံ။ ။ခေတ်ပျက် ကာလပျက် ခေတ်ဆိုး ကာလဆိုးနှင့် ကြုံကြိုက်၍ အကျိုးပေးခွင့်ရသော အကုသိုလ်ကံကို ကာလဝိပတ္တိ အကုသိုလ်ကံဟု ခေါ်၏။ မှန်၏။ တစုံတယောက်သောသူ၌ များစွာသော အကုသိုလ်ကံများရှိရာ

၁။ အဘိ၊ဋ္ဌ၊၂။၄၂၂။
၂။ အဘိ၊ဋ္ဌ၊၂။၄၂၃။

ထိုအကုသိုလ်ကံများသည် ခေတ်ကောင်း ကာလကောင်းဖြစ်လျှင် အကျိုးပေးနိုင်ခွင့် မရှိချေ။ သို့သော် ထိုသူမှာ တခုသော အကုသိုလ်ကံကြောင့် ခေတ်ဆိုး ကာလဆိုးဟူသော ကာလဝိပတ္တိအချိန်၌ လာကြုံကြိုက်လေရာ အကုသိုလ်ကံများ အကျိုးပေးခွင့်ရလာသည်။ ဤကား ခေတ်ကောင်း အချိန်ကောင်းဟူသော ကာလသမ္ပတ္တိ တားမြစ်ချက်ကြောင့် အကျိုး မပေးစွမ်းနိုင်သော အကုသိုလ်ကံများသည် ခေတ်ပျက် ကာလပျက် ဟူသော ကာလဝိပ္ပတ္တိကြောင့် အကျိုးပေးခွင့်ရခြင်း ဖြစ်ပေသည်[၁]။

၈။ ပယောဂဝိပတ္တိအကုသိုလ်ကံ။ ။မမှန်ကန်သော ကြိုးစားအားထုတ်မှု (ဝါ) လုံ့လမကြိုးစား မအားထုတ်မှု ဟူသော ပယောဂဝိပတ္တိကြောင့် အကျိုးပေးခွင့်ရသော အကုသိုလ်ကံမျိုးကို ပယောဂဝိပတ္တိ အကုသိုလ်ကံဟု ခေါ်သည်။ ချဉ်းအံ့–ထိုအကုသိုလ်ကံများသည် မှန်ကန်သော ကြိုးစားအားထုတ်မှုဟူသော ပယောဂသမ္ပတ္တိ ရှိခဲ့လျှင် အကျိုးပေးနိုင်ခွင့် မရနိုင်ချေ။ သို့သော် ထိုသူ၌ မှားယွင်းသော အားထုတ်မှုဟူသော ပယောဂဝိပတ္တိ၌ကည်လျက် များစွာသော သူ့အသက် သတ်မှု၊ သူ့ဥစ္စာခိုးမှုစသည့် အကုသိုလ်ကံများကို ကြိုးစားအားထုတ်၏။ ထိုသူကို ဥစ္စာနှင့်တကွ ဖမ်း၍ မင်းထံပို့ကြ၏။ မင်းက ညှဉ်းဆဲမှုအမျိုးမျိုးကိုပြု၍ သတ်စေ၏။ ဤကား ပယောဂသမ္ပတ္တိ တားမြစ်ချက်ကြောင့် အကျိုးမပေးစွမ်းနိုင်သော အကုသိုလ်ကံများသည် ပယောဂဝိပတ္တိကြောင့် အကျိုးပေးခွင့် ရလာခြင်းပင် ဖြစ်သည်[၂]။

ကုသိုလ်ကံ (၈)မျိုးကား—

၁။ ဂတိဝိပတ္တိပဋိဗာဠ္ဟကုသိုလ်ကံ၊

၂။ ဥပဓိဝိပတ္တိပဋိဗာဠ္ဟကုသိုလ်ကံ၊

၃။ ကာလဝိပတ္တိ ပဋိဗာဠ္ဟကုသိုလ်ကံ၊

---

၁။ အဘိ၊ဋ္ဌ၊၂။၄၂၃။
၂။ ဆုံ၊ဋ္ဌ၊၂။၁၁၂။

၄။ပယောဂဝိပတ္တိ ပဋိဗာဠ္ဟကုသိုလ်ကံ၊

၅။ဂတိသမ္ပတ္တိကုသိုလ်ကံ၊

၆။ဥပဓိသမ္ပတ္တိကုသိုလ်ကံ၊

၇။ကာလသမ္ပတ္တိကုသိုလ်ကံ၊

၈။ပယောဂသမ္ပတ္တိကုသိုလ်ကံ—

တို့ဖြစ်သည်[၁]။

၁။ဂတိဝိပတ္တိပဋိဗာဠ္ဟကုသိုလ်ကံ။ ။ထိုတွင် ဂတိဝိပတ္တိပဋိဗာဠ္ဟကုသိုလ်ကံဆိုသည်မှာ အပါယ်ဘုံတို့၌ဖြစ်ခြင်းဟူသော ဂတိဝိပတ္တိ၏တားမြစ်ချက်ကြောင့် ကောင်းကျိုးပေးခွင့်မရသောကုသိုလ်ကံမျိုးဖြစ်ပါသည်၊ မှန်၏— တစုံတယောက်သောသူ၌ များစွာသော ကုသိုလ်ကံတို့ရှိကြ၏။ ထိုကုသိုလ်ကံများသည် လူ့ဘုံနတ်ဘုံတို့၌ ဖြစ်မှုဟူသော ဂတိသမ္ပတ္တိရှိခဲ့ပါလျှင် အကျိုးပေးနိုင်ကြသည်။ သို့သော် ထိုသူသည်တစုံတခုသော အကုသိုလ်ကံကြောင့် ငရဲ အသူရကာယ်ဟူသော ဂတိဝိပတ္တိ၌ဖြစ်၏။ ထို့ကြောင့်ကုသိုလ်ကံများ အကျိုး ပေးခွင့် မရပဲ အကုသိုလ်ကံများသာ အကျိုး ပေးခွင့်ရကြသည်။ ဤကား ဂတိဝိပတ္တိတားမြစ်ချက်ကြောင့်ကုသိုလ်ကံများအကျိုး ပေးခွင့် မရခြင်းဖြစ်သည်[၂]။

၂။ဥပဓိဝိပတ္တိပဋိဗာဠ္ဟကုသိုလ်ကံ။ ။ဥပဓိရုပ်သဏ္ဌာန ချို့တဲ့ခြင်းဟူသောဥပဓိဝိပတ္တိ၏ တားမြစ်ချက်ကြောင့် အကျိုး ပေးခွင့်မရသောကုသိုလ်ကံမျိုးကို ဥပဓိဝိပတ္တိပဋိဗာဠ္ဟကုသိုလ်ကံဟု ခေါ်၏၊ လူတဦးတယောက်တွင် များစွာသော ကုသိုလ်ကံတို့ရှိကြ၏။ ထိုကုသိုလ်ကံများသည် ကိုယ်လက်အင်္ဂါမချို့တဲ့ပဲ ဥပဓိရုပ်လက္ခဏာကောင်းမွန်ခြင်းဆိုသည့် ဥပဓိသမ္ပတ္တိအင်္ဂါနှင့်ညီညွတ်မှ အကျိုးပေးနိုင်

၁။ အဘိ၊ ၂၊၃၅၁။

၂။ အဘိ၊ ၄၊ ၂၊၅၂၄။

ခွင့်ရှိကြသည်။ သို့သော် ထိုသူသည် တစုံတခုသော အကုသိုလ်ကံကြောင့် ဥပဓိရုပ်လက္ခဏာချို့တဲ့လျက် ရှိရာ ထိုကုသိုလ်ကံများ အကျိုး ပေးခွင့်မရ တော့ချေ။

ထင်ရှားစေဦးအံ့ – ဥပဓိရုပ်လက္ခဏာချို့တဲ့နေသူသည် ဘုရင့်သား တော်ပင် ဖြစ်သော်ငြားလည်း ဘုရင်ဖြစ်နိုင်သည့် အခွင့်အရေးတို့မရ နိုင်။ ထို့ အဘူ စစ်သေနာပတိချုပ်၏သားပင်ဖြစ်လင့်ကစား စစ်သေနာ ပတိရာထူးကို ရနိုင်မည်မဟုတ်။ ရှေးအခါက သီရိလင်္ကာခေါ် သီဟိုဠ် ကျွန်း ကို အုပ်စိုးသောဘုရင်ကြီး၌ သားတော်တပါးထွန်းကားခဲ့ရာ မိဖုရားအား ဆုတော်ပေးမည်ဟု ဝန်ခံကတိပြုခဲ့၏၊ မင်းသားကလေးသည် ၇– နှစ် ၈–နှစ်သား အရွယ်တွင် နန်းတော်ရင်ပြင်၌ ကြက်ဘိုက် ကစားရာ ကြက်ခွပ်သိုက်သဖြင့် မင်းသားကလေးမှာ မျက်စိနှစ်ကွင်း အလင်း မရဖြစ်ခဲ့ရသည်။

ထိုမင်းသားကလေး ၁၆-နှစ်သားအရွယ်ရောက်သည့်အခါ မယ်တော် မိဖုရားကြီးက ဘုရင်ကြီးထံ သားတော်အား မင်းမြှောက်ရန် ဆုကို တောင်း၏။ ထိုအခါ ဘုရင်ကြီးက သားတော်ကလေးမှာ ကိုယ်အင်္ဂါ လက္ခဏာချို့တဲ့သောကြောင့် သီရိလင်္ကာကျွန်းကြီးတွင် ဘုရင်မြှောက်ခွင့် မပေးပဲ နာဂခေါ် ကျွန်းငယ်ကလေး၌သာ မြို့စားနယ်စားအဖြစ် ပေးခဲ့ ရသည်။ ဤသို့ မင်းသားကလေးမှာ ဘုရင့်သားတော်ဖြစ်သော်ငြားလည်း ဥပဓိရုပ်လက္ခဏာချို့တဲ့ရှာသောကြောင့် တကျွန်းလုံးကို အုပ်ချုပ်ရသည့် မင်းမဖြစ်လာပဲ ကျွန်းငယ်ကလေးကိုအုပ်ဝိုးရသည့် နယ်စားရာထူးဖြင့်သာ ကျေနပ်ရရှာလေသည်။ ဤကား ဥပဓိဝိပတ္တိတားမြစ်ချက်ကြောင့် ကုသိုလ် ကံများ ပြည့်ပြည့်စုံစုံအကျိုးပေးခွင့်မရသောသာဓကောင် ဖြစ်ပေသည်[၁]။

၃။ ကာလဝိပတ္တိ ပဋိဗာဠှကုသိုလ်ကံ။ ။ခေတ်ပျက် ကာလပျက်ဟူသော ကာလဝိပတ္တိတားမြစ်ချက်ကြောင့် အကျိုးပေးခွင့်မရသောကုသိုလ်ကံများကို ကာလဝိပတ္တိပဋိဗာဠှကုသိုလ်ကံ

---

၁။ အဘိ၊ဋ္ဌ၊၂။၄၂၅။

ဟုခေါ်၏။ မှန်၏၊ တစုံတယောက်သောသူ၌ ကုသိုလ်ကံများစွာရှိ၏။ ထိုကုသိုလ်ကံများသည် အချိန်ကောင်းကာလကောင်းမျိုးနှင့် ကြုံကြိုက်မှသာ အကျိုးပေးခွင့်ရကြ၏။ သို့သော် ထိုသူသည် တစုံတခုသော အကုသိုလ်ကံကြောင့် ခေတ်ဆိုး ကာလဆိုးထဲ၌ဖြစ်ရရာ ထိုကုသိုလ်ကံများမှာ အကျိုးပေးခွင့် မရတော့ချေ။ ဤကား ကာလဝိပတ္တိတားမြစ်ချက်ကြောင့် ကုသိုလ်ကံများအကျိုးပေးခွင့် မရခြင်းပင်ဖြစ်သည်[၁]။

၄။ ပယောဂဝိပတ္တိပဋိဗာဠ္ဟကုသိုလ်ကံ။ ။မှားသော အားထုတ်ခြင်း ဟူသော ပယောဂဝိပတ္တိ၏ တားမြစ်ချက်ကြောင့် အကျိုးပေးခွင့်မရသောကုသိုလ်ကံများကို ပယောဂဝိပတ္တိပဋိဗာဠ္ဟကုသိုလ်ကံဟုခေါ်သည်။ မှန်၏ ပုဂ္ဂိုလ်တဦး၌ ကုသိုလ်ကံများစွာရှိ၏။ ထိုကုသိုလ်ကံများသည် မှန်ကန်သော ကြိုးစားအားထုတ်မှုဟူသော ပယောဂသမ္ပတ္တိအကူအညီကိုရလျှင် အကျိုးပေး နိုင် ခွင့် ရှိ၏၊ သို့သော် ထိုသူသည် သတ်ဖြတ် ခိုးဆိုးသောအားဖြင့် မှားယွင်းသော ကြိုးစားအားထုတ်မှုဟူသော ပယောဂဝိပတ္တိ၌ တည်လျက်ရှိ၏၊ ထို့ကြောင့် မိဘိနှင့်အမျိုးတူ အနွယ်ဘူများကပင် ထိမ်းမြားလက်ထပ်မှုကို မပြုကြ။ "မိန်းမသိုက်စားသူ၊ ဧသသောက်ကြူးသူ၊ အလောင်းအစားဝါသနာပါသူ" ဟု အဝေးမှရှောင်သွားကြ၏။ ထို့ကြောင့် ကုသိုလ်ကံများအကျိုးပေးခွင့် မရတော့ချေ။ ဤကား ပယောဂဝိပတ္တိတားမြစ်ချက်ကြောင့် ကုသိုလ်ကံ များအကျိုး ပေးခွင့်မရခြင်းပင်ဖြစ်သည်။[၁]

၅။ ဂတိသမ္ပတ္တိကုသိုလ်ကံ။ ။လူ့ဘုံ နတ်ဘုံတို့၌ဖြစ်ခြင်းဟူသော ဂတိသမ္ပတ္တိနှင့် ပြည့်စုံသောကြောင့် အကျိုးပေးသောကုသိုလ်ကံကို "ဂတိသမ္ပတ္တိကုသိုလ်ကံ"ဟု ခေါ်၏။ ချဲ့ဦးအံ့၊ တစုံတယောက်သောသူအား ကုသိုလ်ကံတို့များစွာရှိကြ၏၊ ထိုကုသိုလ်ကံတို့သည် အပါယ်ဘုံတို့၌ဖြစ်ခြင်းဟူသော ဂတိဝိပတ္တိဖြစ်ခဲ့လျှင် အကျိုးပေးနိုင်ခွင့် မရှိပါချေ၊ သို့ရာတွင် ထိုသူသည် တခုသောကုသိုလ်ကံကြောင့် လူ့ဘုံ နတ်ဘုံဟူသော ဂတိသမ္ပတ္တိ၌ ဖြစ်ရအကျိုး ပေးခွင့်ရကြလေသည်။

၁။ အဘိဋ္ဌ၊ ၂၊ ၄၂၂။

ဤကား ဂတိဝိပတ္တိတားမြစ်ချက်ကြောင့် အကျိုးမပေး စွမ်း နိုင် သော ကုသိုလ်ကံများ ဂ တိ သ မ္ပ တ္တိ ကြော င့် အကျိုးပေးခွင့်ရလာခြင်းပင် ဖြစ်သည်[၁]။

၆။ **ဥပဓိသမ္ပတ္တိကုသိုလ်ကံ။** ။ဥပဓိချပ်လက္ခဏာ, ကိုယ်အင်္ဂါပြည့်စုံမှု ဟူသော ဥပဓိသမ္ပတ္တိကြောင့် အကျိုးပေးသောကုသိုလ်ကံမျိုးကို ဥပဓိသမ္ပတ္တိကုသိုလ်ကံဟု ခေါ်၏။ မှန်၏၊ လူတဦးတယောက်၌ ကုသိုလ်ကံများစွာရှိ၏၊ ထိုကုသိုလ်ကံများသည် ဥပဓိ ရုပ်လက္ခဏာချို့တဲ့မှု ဥပဓိဝိပတ္တိဖြစ်နေလျှင် အကျိုးပေးနိုင်ခွင့်မရှိချေ၊ သို့သော် ထိုသူသည်တခုသောကုသိုလ်ကံကြောင့် ဥပဓိရုပ်လက္ခဏာ ကိုယ် အင်္ဂါတို့နှင့်ပြည့်စုံခြင်း ဥပဓိသမ္ပတ္တိရှိလေသော် ဆိုကုသိုလ်ကံများ အကျိုး ပေးခွင့်ရရှိကြကုန်၏၊ ထိုဥပဓိရုပ်လက္ခဏာကိုယ်အင်္ဂါတို့နှင့် ပြည့်စုံသူသည် ဘုရင့်သားတော်ဖြစ်ခဲ့ပါမူ မိမိထက်အသက်ကြီးသည့် နောင်တော်မင်းသား များကိုပင် ကျော်လွန်၍ မင်းအဖြစ်ကိုရနိုင်သည်၊ အိမ်ရှေ့မင်း၏သား ဖြစ်ခဲ့မူ ဖခင်ကွယ်လွန်သော် အိမ်ရှေ့မင်းသော်လည်းကောင်း၊ စစ်သူကြီး သော်လည်းကောင်း၊ ဘဏ္ဍာစိုးသော်လည်းကောင်း ဖြစ်နိုင်သည်။ ဤသည် မှာ ဥပဓိဝိပတ္တိတားမြစ်ချက်ကြောင့် အကျိုးမပေးနိုင်သော ကုသိုလ်ကံ များသည် ဥပဓိသမ္ပတ္တိရှိမှုကြောင့် အကျိုးပေးခွင့်ရလာခြင်းပင်ဖြစ်သည်[၁]

၇။ **ကာလသမ္ပတ္တိကုသိုလ်ကံ[၂]။** ။ခေတ်ကောင်း, အချိန်ကောင်း၌ ဖြစ်ခြင်းကာလသမ္ပတ္တိ ရှိမှုကြောင့် အကျိုး ပေးခွင့်ရသော ကုသိုလ်ကံများကို ကာလသမ္ပတ္တိကုသိုလ်ကံဟု ခေါ်၏။ ထိုကုသိုလ်ကံများသည် ခေတ်ပျက်,အခါပျက်(ကာလဝိပတ္တိ)ဖြစ်လျှင် အကျိုးမပေးနိုင်ချေ၊ သို့သော်ထိုသူသည် တစုံတခုသော ကုသိုလ်ကံ ကြောင့် ခေတ်ကောင်း,အခါကောင်း ဟူသော ကာလသမ္ပတ္တိနှင့် ကြုံတွေ့ ရ၍ ထိုကုသိုလ်ကံများ အကျိုးပေးခွင့် ရလာကြသည်။ ထင်ရှားစေဦးအံ့၊

---

၁ ။အဘိ၊ဋ္ဌ၊၂၊၄၂၆။
၂။ ဒ. ဘိ၊ဋ္ဌ၊၂၊၄၇၀—၂။

သီဟိုဠ်ကျွန်း၌ ဗြဟ္မဏတိဿခိုးသူ သူပုန်နှိပ်စက်၍ ခေတ်ပျက်, ကာလပျက် (ကာလဝိပတ္တိ) နှင့် ကြုံကြိုက်နေသောကြောင့် မဟာသောဏထေရ် အမှူး ရှိသော ရဟန်းတော်များသည် ကုသိုလ်ကံများ ရှိလင့်ကစား ထိုကုသိုလ် ကံများသည် ကာလဝိပတ္တိကြောင့် အကျိုးမပေးနိုင်သဖြင့် သစ်မည်စည် သီး၊ သစ်ခေါက်၊ သစ်ခွံ၊ ကြာရိုး စသော အစာအာဟာရများဖြင့်သာရောင့် ရဲတင်းတိမ်၍ နေကြရရှာလေသည်။

ဗြဟ္မဏတိဿခိုးသူဘေးကြီး ကင်းငြိမ်း၍ မင်းကျင့်တရား(၁၀)ပါးနှင့် အညီ! အုပ်ချုပ်သော ပိတုမဟာရာဇာနန်းတက်လာသည့်အခါ မြို့ရွာ နယ်ပယ်များ ပြန်လည် စည်ကားလာ၏၊ ရဟန်းတော်များလည်း ဆွမ်း, သင်္ကန်း, ကျောင်း, ဆေးဟူသောပစ္စည်းလေးပါးပေါများလာကြသည်၊ မဟာသောဏထေရ်တပါးတည်းကို အကြောင်းပြု၍ ရသောပစ္စည်း လေးပါးသည်ပင် ရဟန်းပေါင်းများစွာသုံးဆွဲ၍ မကုန်နိုင်တော့ချေ။

ဤကား ခေတ်ပျက်, ကာလပျက်(ကာလဝိပတ္တိ)၌ ကုသိုလ်ကံအကျိုး ပေးခွင့် မရ၍ လာဘ်လာဘနည်းပါးကြသော်ငြားလည်း ခေတ်ကောင်း, ကာလကောင်း (ကာလသမ္ပတ္တိ)၌ ကုသိုလ်ကံအကျိုးပေးခွင့်ရ၍ လာဘ် လာဘပေါများသော ဝတ္ထုသာဓကပင် ဖြစ်ပေသည်။

၈။ ပယောဂသမ္ပတ္တိကုသိုလ်ကံ[၁]။ ။မှန်ကန်သော အားထုတ်မှု ဟူသော ပယောဂသမ္ပတ္တိကြောင့် အကျိုးပေး နိုင်သော ကုသိုလ်ကံမျိုးကို ပယောဂသမ္ပတ္တိကုသိုလ်ကံဟု ခေါ်၏။ တစုံ တယောက်သောသူအား များစွာသော ကုသိုလ်ကံ ရှိရှိကြ၏၊ ထိုကုသိုလ် ကံများသည် မှားယွင်းသော အားထုတ်မှု (ပယောဂဝိပတ္တိ) ဖြစ်ခဲ့လျှင် အကျိုးပေးနိုင်ခွင့်မရချေ။ သို့သော် ထိုသူသည် တစုံတခုသော ကုသိုလ်ကံ ကြောင့် မှန်ကန်သောအားထုတ်မှု၌ တည်၍ ကောင်းမှုကုသိုလ်များကို ဆည်းပူး၏၊ ငါးပါး, ဆယ်ပါးစသော သီလများကို စောင့်ထိန်း၏၊ ဤသို့ ပယောဂသမ္ပတ္တိနှင့် ပြည့်စုံခဲ့လျှင် တိုင်းပြည် အုပ်ချုပ် မင်းလုပ်သူများက

---

၁။ အဘိ၊ဋ္ဌ၊၂၄၃၃။

ပင် ဆင်ယာဉ် မြင်းယာဉ်စသော လက်ဆောင်ပဏ္ဏာများနှင့် မင်းသမီးတို့ကိုပင် ထိုသူ့နှင့်တော်သည်ဟု ပို့စေကြကုန်၏။ ရှယာန်းထော်များ ဖြစ်မှုအခြံအရံများ၏ ဘုန်းကြီး၏ စသည်ဖြင့် ကုသိုလ်ကံများအကျိုးပေးခွင့် ရလာကြလေသည်။

ထင်ရှားစေဦးအံ့၊ ကူဋကဏ္ဍမင်းသည် တိပိဋကစူဠနာဂမထေရ်ကို ကြည်ညို၏၊ တခါနိမ်တွင် မထေရ်မြတ်၏ လက်ညှိုး၌ အနာတလုံးပေါက်လေသည်၊ မင်းကြီးသည် မထေရ်၏ ဆေးဂါအခြေအနေကို မေးရန် ကျောင်းသို့လာ၏၊ မထေရ်ကို ကြည်ညိုလွန်းသဖြင့် ပြည်ပေါက်လုနီးနေသော မထေရ်၏ လက်ညှိုးကို ပါးစပ်၌ ငုံထားရာ ပါးစပ်တွင်း၌ပင်အနာသည် ပြည်ပေါက်၏၊ မင်းကြီးသည် သွေးပြည်ဘို့ကို ထွေးမပစ်ပဲ အမြိုက်ရသာကဲ့သို့ မျိုချလိုက်သည်၊ထိုမထေရ်ပျံလွန်တော်မူသောအခါ မင်းကြီးသည် မီးအိုးကင်းကို ခေါင်းပေါ်ချက်၍ 'ဓမ္မလှည်းယာဉ်ကြီး၏ ဝန်ရိုးကျိုးပါပြီ'ဟု ဆိုကာ ငိုကြွေးမြည်တမ်းရှာလေသည်။ ဤသည်မှာ မထေရ်၌ ပယောဂသမ္ပတ္တိကြောင့် ဘုန်းတန်ခိုးကြီးသော သာဓကပင် ဖြစ်သည်။

ဤကံ ၁၆-ပါးတို့ကား ဝိဘင်းပါဠိတော်၌ ဟောကြားသောကံတို့ ဖြစ်သည်၊ ထိုကံအားလုံး ဇနကစသော ကံများ၌ အကျုံးဝင်ကြ၏၊ ထိုဇနကစသောကံများကို အကျဉ်းချုံးလျှင် 'ဒိဋ္ဌဓမ္မဝေဒနီယကံ,ဥပပဇ္ဇဝေဒနီယကံ' အပရာပရိယာယဝေဒနီယကံ'ဟု သုံးမျိုးသာ ကျန်သည်၊ ထိုကံ ၃-ပါးကား အကျိုးပေးရာကာလမပြောင်းရွှေ့ကြ၊ မိမိအကျိုးပေးရမည့်ကာလ၌သာ အကျိုးပေးကြတော့၏[၁]။

## ၇။ စေတနာ အကြောင်း အခြား သိကောင်းစရာများ

ရှေးဘဝကံက ယခုဘဝ၌ အကျိုးပေးနိုင်ပုံ။ ။ရှေ့အခန်းတွင် အကုသိုလ်ကံ, ကာမာဝစရကုသိုလ်ကံ ရူပါဝစရကုသိုလ်ကံနှင့် အရူပါဝစရကုသိုလ်ကံတို့က နောက်ဘဝ၌ ပဋိသန္ဓေ

---

[၁] ဆံဋ္ဌ၊ ၂၁၁၄။

အကျိုး၊ ပဝတ္တိအကျိုးအမျိုးမျိုးတို့ ဖြစ်ပေါ်စေပုံကို စုံလင်စွာဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ ဤနေရာ၌ 'ရှေးရှေးဘဝတို့က ပြုလုပ်ခဲ့သော ထိုထိုကုသိုလ်ကံစေတနာ၊ အကုသိုလ်ကံစေတနာတို့သည် ထိုဘဝ ထိုခဏ၌ပင် ချုပ်ငြိမ်းခဲ့လေပြီ ဖြစ်ရကား ယခုဘဝ၌ အဘယ်သို့ ပဋိသန္ဓေအကျိုး ပဝတ္တိအကျိုးတို့ကို ဖြစ်ပေါ် ဖွံ့ဖြိုးစေနိုင်ပါသနည်း'ဟု မေးစရာရှိပေသည်။

ဤအမေးကို အတန်ငယ် ရှင်းလင်းဖြေဆိုပါမည်။ စေတနာခေါ် ကံတရားတို့ ချုပ်ငြိမ်းခြင်းမည်သည်–

၁။ စေတနာ၏ ချုပ်ငြိမ်းခြင်း (စေတနာနိရောဓ)

၂။ ကံအရှိန်အဟုန်အာနုဘော်၏ ချုပ်ငြိမ်းခြင်း (ကမ္မဝေဂ-နိရောဓ)ဟူ၍ နှစ်မျိုးရှိသည်။

ထိုနှစ်မျိုးတွင် ရှေးဘဝကပြုလုပ်ခဲ့သော စေတနာတို့သည် နာမ်တရားတို့၏ သဘောတံထွာ၊ ဓမ္မတာအတိုင်း ဥပါဒ်အားဖြင့် ဖြစ်ပေါ်လာပြီး ဘင်သဘောဖြင့် ချုပ်ငြိမ်းသွားကြ၏၊ ထိုသို့ ဖြစ်ပြီးပျက် သဘောဖြင့် စေတနာတို့၏ ချုပ်ငြိမ်းသွားခြင်းကို စေတနာနိရောဓဟု ခေါ်သည်။ဤသို့ စေတနာတရား ချုပ်ငြိမ်းသွားသော်ငြားသည်း စေတနာကံ၏ အရှိန်အဟုန်အာနုဘော်မှာကား ချုပ်ငြိမ်းသွားသည်မဟုတ်၊ နောက်ဘဝတို့၌ အခွင့်သင့်သည့်အခါ အကျိုးပေးရန် အကြောင်းတရားအနေဖြင့် ကျန်ရှိနေပေသေးသည်၊ ထိုကံ၏ အရှိန်အဟုန်သည် ပဋိသန္ဓေအကျိုး ပဝတ္တိအကျိုး အမျိုးမျိုးတို့ကို အဖန်ဖန် ဖြစ်ပေါ်စေပြီးမှသာလျှင် ချုပ်ငြိမ်းသွားပေသည်။ ထို့ကြောင့် ဘုရားရှင်က —

"ရဟန်းတို့ ... စေ့ဆော်စိရင်၍ ဆည်းပူး ပြုလုပ်အပ်ကုန်ပြီးသော ကုသိုလ်ကံ, အကုသိုလ်ကံစေတနာတို့၏ အကျိုးတရားတို့ကို မခံစားရမူ၍ ပျောက်ပျက်ခြင်းကို ငါဘုရား ဟောကြားတော်မမူ"–

ဟု ဆုံးမလမ်းညွှန်တော်မူခဲ့ခြင်းဖြစ်ပါသည်။

"ကုသိုလ် အကုသိုလ်စေတနာသည် ချုပ်ငြိမ်းပြီးနောက်မှ ကြာချင်းကွာခြားရှည်လည်းကောင်း၊ ဘဝများစွာ ကွာခြားရှည်လည်းကောင်း၊ အကျိုးဝိပါက်တရားကို ဖြစ်ပေါ်စေ၏ဆိုသည့် သဘောကား သာမန်ဉာဏ်ဖြင့် သိနိုင်ခဲသောအရာ ဖြစ်၏၊ သာမန်စဉ်းစားလျှင် ယုံကြည်နိုင်ဖွယ်မရှိ၊ သို့သော်လောက၌ အကြောင်းတရား ထင်ရှားမရှိပါမှ အကျိုးပေးနေသည့်အရာများကို သတိထားကြည့်လျှင် များစွာတွေ့ရမည် ဖြစ်ပါသည်။ အမြော်အမြင်ရှိသော မိဘတို့သည် မိမိတို့သားသမီးများကို နုနု နယ်နယ် ငယ်ရွယ်စဉ်ကပင် ကျန်းမာစေကြောင်း အစာကောင်း, ဆေးကောင်းများကို ကျွေးမွေးကြ၏၊ ထိုဆေးအစာနှင့် ထိုဆေးအစာတို့ကြောင့် ဖြစ်သော ရုပ်တို့သည် အတော်အတန် ကြီးလာသည့်အခါ စွဲမြဲတည်ရှိကြတော့သည်မဟုတ်၊ သို့သော် ထိုသူငယ်တို့ ကြီးရင့်လာသည့်အခါ လူတကာထက် ကျန်းမာသန့်ရှင်းသော ရုပ်အဆင်းများကို ရရှိနိုင်ကြသည်။

ထို့ပြင် ငယ်ရွယ်စဉ်ကသင်ကြားထားသော လက်မှု၊ နှုတ်မှု၊ စိတ်မှု အတတ်တို့သည် ခန္ဓာကိုယ်တွင်း၌ စွဲမြဲတည်ရှိကြတော့သည်မဟုတ်၊ အချို့ အတတ်ပညာများကို မှတ်ပင်မမှတ်မိတော့ချေ။ သို့သော် ငယ်ရွယ်စဉ်က သင်ကြားမှုကြောင့် ကြီးရင့်သည့်အခါ ကျေးဇူးပြုလျက် အသိဉာဏ်တိုးတက်ကြပေသည်။ ထိုကဲ့သို့ အကြောင်းတရားမရှိပဲ ချုပ်ကွယ်ပြီးနောက်မှ ကျေးဇူးခံစားရသော်လည်း အခြားသူ ခံစားရသည်မဟုတ်၊ ထိုသူပင် ခံစားရသည်။ ဤသို့လျှင် ချုပ်ကွယ်ပြီးမှ ကျေးဇူးခံစားရသော အရာများ လောကမျက်မြင် အထင်အရှားရှိလေရကား ဤကုသိုလ် အကုသိုလ် စေတနာတို့ ချုပ်ကွယ်သွားပြီးမှ အကျိုးပေးမှု၌ ယုံမှားဖွယ် မရှိထိုက်တော့ချေ။

ဤနေရာ၌ ဗုဒ္ဓရှင်တော်မြတ်ဘုရား ဟောကြားတော်မူသော ပဋ္ဌာန်းတရားတော်တွင် နာနာက္ခဏိကကမ္မပစ္စည်း၏ ကြောင်းကျိုးဆက်ပုံကို သိမြင်နားလည်ရန် အထူးလိုအပ်ပေသည်။ အကျိုးတရားနှင့် ပြိုင်တူမဖြစ်ပဲ အကျိုးတရားမဖြစ်မီ ရှေးဘဝက ကြိုတင်ဖြစ်နှင့်သော အကြောင်းတရား

ကို နာနာက္ခဏိကကမ္မအကြောင်းဟုခေါ်သည် (နာနာ=အကျိုးတရားနှင့် တခြားစီ+ခဏိက=အချိန်၌ဖြစ်သော+ကမ္မ=စေတနာအကြောင်းကံ)။ ထိုအကြောင်းကံစေတနာသည် ယခုဘဝတွင် ဖြစ်ပေါ်ချုပ်ငြိမ်းသွားပြီး နောက် ထိုအကြောင်းကံ၏ အရှိန်အဟုန်အစွမ်းသတ္တိကြောင့် အနာဂတ်ဘဝသစ်တွင် ပဋိသန္ဓေဝိညာဉ်နာမ်ရုပ်စသော အကျိုးတရားတို့ဖြစ်ပေါ်လာခြင်းကို နာနာက္ခဏိကကမ္မပစ္စည်းဖြင့် ကျေးဇူးပြုသည်ဟု ဆိုလိုပါသည်။

ချွဲဦးအံ့–ကုသိုလ် အကုသိုလ်စေတနာတို့သည် ချုပ်ကွယ်သွားသည်ဟု ဆိုသော်လည်း ပြီးပြီးပျောက်ပျောက်ဆိုသလို ဘာမှအစအနမကျန်အောင် ချုပ်ကွယ် သွားကြသည်ကား မဟုတ်ပေ၊ ဥပါဒ် ဌီဘင်စေ၍ ပရမတ္ထအထည်ကိုယ်သဘော ပျောက်ကွယ်သွားသော်လည်း ကုသိုလ်အကုသိုလ်စေတနာ၏ သတ္တိမှာ ကျန်ရစ်ခဲ့လေသည်။ ကုသိုလ်ဇောစိတ် အကုသိုလ်ဇောစိတ်များကား အကျိုးဝိပါက်စိတ်များ ဖြစ်ပေါ်ပုံနှင့်မတူကြချေ။ ဝိပါက်စိတ်တို့ဖြစ်လာသည့်အခါ ညင်ညင်သာသာ ငြိမ်ငြိမ်သက်သက် ဖြစ်ပေါ်လေ့ရှိသော်လည်း ကုသိုလ်ဇောစိတ် အကုသိုလ်ဇောစိတ်တို့မှာ မငြိမ်မသက် တက်တက်ကြွကြွ ကြောင့်ကြဗျာပါရ ရှိကြသည်။

ချစ်ဖွယ်အာရုံတခု၌ လောဘစိတ်ဖြစ်ပုံ၊ မုန်းဖွယ်အာရုံတခု၌ ဒေါသစိတ်ဖြစ်ပုံနှင့် ရတနာသုံးပါး၏ ဂုဏ်ကိုလေးနက်စွာ အာရုံပြုရာ အလှူအတန်းရှင်လန်းစွာ ပေးကမ်းရာတို့၌ မဟာကုသိုလ်စိတ်ဖြစ်ပုံတို့ကိုကိုယ်တွေ့ကြုံခဲ့သမျှ ပြန်လည်စဉ်းစားကြည့်က ကုသိုလ်စိတ် အကုသိုလ်စိတ်တို့၏ တက်တက်ကြွကြွ ကြောင့်ကြ ဗျာပါရရှိမှုကို တွေ့မြင်ရမည်ဖြစ်ဖြစ်ပါသည်။ ထိုသို့ကုသိုလ်ဇောစိတ် အကုသိုလ်ဇောစိတ်တို့ ကြောင့်ကြဗျာပါရရှိမှုသည် စေတနာစေတသိက်၏အစွမ်းသတ္တိဖြစ်၏။

ဥပမာအားဖြင့်–စေတနာ စေတသိက်သည် အသင်းအဖွဲ့ တခုတွင် အတွင်းရေးမှူးနှင့်တူ၏၊ ထိုအသင်းအဖွဲ့၌ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အသင်းဝင်များရှိကြရာတွင် . အတွင်းရေးမှူးမှာ ကြောင့်ကြဗျာပါရ

အများဆုံးပုဂ္ဂိုလ်ဖြစ်သည်။ အသင်းကိစ္စအသာကို မိမိကိုယ်တိုင်လည်းရွက်ဆောင်ရသည်၊ အသင်းဝင်များကိုလည်း ဆိုင်ရာကိစ္စများကို ရွက်ဆောင်ကြရန် နှိုးဆော်ရသည်၊ အကြောင်းအားလျော်စွာ အစည်းအဝေးဖိတ်ခေါ်၍ အစည်းအဝေး တက်ရောက်ကြရန်လည်း တိုက်တွန်းလှုံ့ဆော်ရသည်။ အစည်းအဝေး အစီအစဉ်များကိုလည်း စီစဉ်ရသည် စသည်ဖြင့် အခြားအသင်းဝင်သူများထက်ပို၍ ကြောင့်ကြဗျာပါရများရလေသည်။

ထိုသို့ ကုသိုလ်စိတ် အကုသိုလ်စိတ်တို့၌ရှိသော စေတနာစေတသိက်သည် အသင်းအဖွဲ့၏ အတွင်းရေးမှူးပမာ လွန်စွာဗျာပါရများလှသောကြောင့် အခြားစိတ်စေတသိက်များထက်ပို၍ အစွမ်းသတ္တိရှိ၏၊ ပို၍အရှိန်အဝါအာနုဘော်ကြီး၏။ ထို့ကြောင့် ထိုစေတနာဟုခေါ်သော ကံတရားသည် နာမ်တရားတို့၏ ဓမ္မတာသဘောအရ ပြိုက်, တည်, ပျက်အားဖြင့် ချုပ်ကွယ်ပျောက်ဆုံးသွားသော်ငြားလည်း မိမိ၏ အရှိန်အဝါသတ္တိကို သတ္တဝါတို့၏သန္တာန်၌ မြုပ်နှံ ထားရစ်သကဲ့သို့ဖြစ်လေသည်။

တန်ခိုးအရှိန်အဝါ မထက်မြက်မထင်ရှားသော မိဘများကွယ်လွန်သွားသည့်အခါ ထိုမိဘတို့၏ အရှိန်အဝါသည် သားသမီးများအပေါ်၌ သိသိသာသာမကျန်ရစ်တော့ပဲ ထက်မြက် ထင်ရှား တန်ခိုးအရှိန်အဝါများရှိသော မိဘတို့ကွယ်လွန်သည့်အခါ၌သာ ထိုမိဘတို့၏ အရှိန်အဝါသည် သားသမီးတို့အပေါ်မှာ သိသိသာသာ ကျန်ရစ်သကဲ့သို့ဖြစ်သည်။

မျိုးစေ့တခုသည် ဆိုင်ရာသစ်ပင်ကို တကြိမ်ပေါက်ရောက်စေပြီးသည့်အခါ အသုံးမကျတော့သကဲ့သို့ အတိတ်ကံက မြုပ်နှံထားရစ်ခဲ့သည့် အရှိန်အဟုန်သတ္တိသည်လည်း ဆိုင်ရာအကျိုးကို ပေးပြီးသည့်အခါမှသာ အရှိန်အဟုန်ကုန်ခမ်းလေတော့သည်။ ထို့ကြောင့်စေတနာ ကွယ်ပျောက်ရာ၌ တရားကိုယ်သာ ကွယ်ပျောက်၍ သူ၏ နာနာက္ခဏိက ကမ္မသတ္တိမှာ မပျောက်မပျက် ဆက်လက်တည်ရှိရစ်၏၊ အကျိုးပေးပြီးသည့်အခါနှင့် အကျိုးပေးခွင့်မရ၍ အဟောသိကံဖြစ်သည့်အခါကျမှသာ ထိုစေတနာ၏ သတ္တိများ လုံးဝကင်းရှင်းသွားလေတော့၏။ ထို့ကြောင့် ပဋ္ဌာနပကရဏ အနုဋီကာ၌—

မှန်၏၊ အကြောင်းသတ္တဝါ သန္တာန်၌ ကုသိုလ် အကုသိုလ် စေတနာဖြစ်၏၊ ထိုသတ္တဝါ သန္တာန်၌ပင် ကာလ ဂတိ ဥပဓိ ပယောဂဟူသော အကြောင်းတို့နှင့် ပေါင်းဆုံညီညွတ်သည့်အခါ ထိုစေတနာ၏ အကျိုးတရားများဖြစ်ကြသော ဝိပါက် နာမက္ခန္ဓာနှင့် ကမ္မဇရုပ်တို့သည်ဖြစ်ကြပေလိမ့်မည်။ ထိုသတ္တဝါသန္တာန်၌ ထိုဝိပါက်နာမက္ခန္ဓာနှင့် ကမ္မဇရုပ်တို့ကို ဖြစ်ပေါ်စေနိုင်သည့်သဘောရှိသောသတ္တိထူးကို စွမ်းအားရှိသဖြင့် မြုပ်နှံ၍ စေတနာတရားချုပ်ငြိမ်းသွားခြင်းဖြစ်ပေသည်[၁]–

ဟု အနုဋီကာဆရာကြီး ဖွင့်ဆိုထားခြင်းဖြစ်ပေသည်၊

ဤနေရာ၌ ဥပမာဆောင်၍ပြရသော် လူတယောက်သည် အခြေအနေအရ မိတ်ဆွေတဦးထံမှ ကြွေးမြီချေးယူသည် ဆိုကြပါစို့၊ ထိုကြွေးယူခြင်းကိစ္စသည် ကြွေးယူ၍ရလျှင်ရခြင်း ပြီးငြိမ်း ချုပ်ပျောက်သွား၏၊ သို့ရာတွင် ကြွေးယူခြင်းအမှုကိုပြုခဲ့ဖူးလေသသောကြောင့် ထိုကြွေးယူခြင်းအမှုသည် နောင်တနေ့ နှင့်တနေ့ စသည်အချိန်ကျရောက်သည့်အခါ မိတ်ဆွေ၏ ကြွေးမြီကို ပြန်၍ ပေးဆပ်ရန်အတွက် အကြောင်းပစ္စည်းဖြစ်နေပေသည်။ ထိုကြွေးယူမှု ချုပ်ငြိမ်းပျောက်ပျက်သွားသော်ငြားလည်း ထိုကြွေးယူမှု၏ အရှိန်အဟုန် အစွမ်းသတ္တိ ရှိနေလေသောကြောင့် မိတ်ဆွေဖြစ်သူ၏ ကြွေးကို ကေန်ပေးဆပ်ရမည့်သဘော ကျရောက်နေ၏။ ကြွေးဝန်တင်၍နေလေ၏၊ ကြွေးကိုပြေလည်အောင် ဆပ်ပြီးသည့်အခါ၌မူကား တစုံတရာကြွေးဝန်ဟူ၍ မရှိတော့ပြီ။

ထို့အတူ မိမိပြုလုပ်လိုက်သော ကုသိုလ်ကံ အကုသိုလ်ကံသည် နောင်အကြောင်းညီညွတ်သည့်အခါ အကျိုးတရား ဖြစ်ပွားပေါ်ပေါက်လာစေရန်မျိုးထားမှု၊ အာမခံမှုဟူသော နာနာက္ခဏိက ကမ္မပစ္စယသတ္တိထူးကို ထားခဲ့ပြီး ချုပ်သွား၏၊ အကျိုးမပေးသေးသမျှ ကာလပတ်လုံး ကံကြွေးတင်လေ၏။ ထိုသို့ ကံကြွေးတင်နေခြင်းကြောင့် အကျိုးမပေးပဲမဖြစ်

---

၁။ ပဋ္ဌာနကျမ်း (ပဌာန) အနုဋီကာ၊ ၂၃၂၊

စင်စစ် အကျိုးပေးရမည်သာ ဖြစ်၏။ အကျိုးပေးပြီးသည့် အခါမှသာ ကံကြွေးပြေလည်၍ ထိုကံ၏အရှိန်အဟုန် သတ္တိ ကုန်ဆုံးသွားလေတော့သည်။ ဤကဲ့သို့ အတိတ်ဘဝက ပြုလုပ်ခဲ့သည့် ကုသိုလ်ကံ အကုသိုလ်ကံ စေတနာတို့ကြောင့် နောက်ဘဝသစ်တွင် ခန္ဓာအသစ်ဖြစ်ပေါ် ရခြင်းမှာ နာနာက္ခဏိကကမ္မပစ္စည်းအရ ကြောင်းကျိုးဆက်သွယ်ပုံ ဖြစ်ပါသည်။

ထို့ကြောင့် ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် ပဋ္ဌာန်းပါဠိတော်တွင်—

> အတိတ်ဖြစ်သော ကုသိုလ် အကုသိုလ်ကံ စေတနာသည် (ဝိပါက်) နာမ်ခန္ဓာ အကျိုးတရားတို့အားလည်းကောင်း၊ ကမ္မဇ ရုပ်တရားတို့အားလည်းကောင်း နာနာက္ခဏိကကမ္မပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေ၏[၁]—

ဟု ဟောတော်မူခြင်းဖြစ်ပေသည်။ ဤသို့ သတ္တဝါတို့၏ အတိတ်ကုသိုလ်ကံ အကုသိုလ်ကံ စေတနာသည် ဘဝသစ်တွင် ခန္ဓာသစ်ကို ဖြစ်ပေါ် ဖန်တီးနိုင်ပုံကို ပဋ္ဌာန်းဒေသနာတော်လာ နာနာက္ခဏိကကမ္မပစ္စည်းဖြင့် နားလည်နိုင်ပေသည်။

**ဝေးကွာသော အရပ်၌ ကံဘို့အကျိုးပေးနိုင်ပုံ။**

။ စေတနာကံ ဟူသော နာမ်တရားသည် ဥပါဒ်ဌီဘင်အားဖြင့် ဖြစ်တည် ချုပ်ပျက်သွားသော်ငြားလည်း ကံ၏ အရှိန်အဟုန် အစွမ်းအာနုဘော်မှာမူကား ထိုသတ္တဝါ၏ သန္တာန်၌ ကျန်ရစ်တည်ရှိနေသည်ဟုဆို၏။ ထိုသို့ဖြစ်လျှင် ကံကို ပြုလုပ်သော သတ္တဝါသည် ဤလူ့ပြည်၌ ကွယ်လွန် သေဆုံးသွားပါလျက် အလွန်ဝေးကွာလှသော ငရဲပြည်၊ နတ်ပြည်၊ ဗြဟ္မာ့ပြည်တို့၌ အဘယ်သို့ဖြစ်နိုင်ပါသနည်းဟု မေးဖွယ်ရှိပြန်၏။

---

၁။ ပဋ္ဌာနပါဠိ၊၁။၇၊၁၃၄။

အဖြေကား ဝေးလွန်းသော အရပ်မှာပင် ဖြစ်စေ၊ နီးလွန်းသော အရပ်မှာပင်ဖြစ်စေ၊ အောက် အရပ်မှာဖြစ်စေ၊ အထက်အရပ်မှာဖြစ်စေ ကံအရှိန် အဟုန် အာနုဘော်၏ ပြန့်နှံ့ခြင်း မည်သည် ကြံစည်၍မရနိုင် လောက်အောင် အရှိန်အဟုန်ရှိ၏။ အကျိုးဝိပါက်တို့ မည်သည်လည်း မိမိတို့ဖြစ်ထိုက်သော ဘုံဌာနမှာသာ ဖြစ်ကြကုန်၏။ ဌာနဘုံမလွဲပြောင်း၍ ဖြစ်လေ့မရှိကြ။ ရေဓာတ်ရှိသော ဝိပါက်သည် ရေဘုံ၌သာဖြစ်၏။ မြဟ္မာ ဓာတ်ရှိသော ဝိပါက်သည် ဗြဟ္မာဘုံ၌သာဖြစ်၏၊ ကံ၏ အရှိန်အဟုန် ပြန့်နှံ့ခြင်းနှင့် အကျိုးဝိပါက်များကို သဗ္ဗညုတဉာဏ်ရှင် ဘုရားသခင်တို့ပင် သော်လည်း တားဆီးပိတ်ပင်၍ မရနိုင်ပေ၊ ဤကား အကျဉ်းဖြေဆိုချက် ဖြစ်၏။

ခိုင်ဦးအံ့– ပကတိ လူသားတို့၏ အဆင်းအရောင်သည် ပြင်ပသို့ ထွက်မလေ့ရှိ၊ လူတို့၏အရိပ်ပမှု ကြည်လင်သောမှန်အပြင်၊ ရေအပြင် စသည်တို့၌ထင်သော သဘာဝရှိ၏၊ ကြေးမုံဖလ်မှန်စသည်တို့သည် ဆယ် တောင် တဆယ့်နှစ်တောင် ဝေးကွာသော်လည်း ထိုကြေးမုံ ဖလ်မှန် အကြည်ပေါ်၌ လူရိပ်ထင်၏။ အလွန်တရာကြည်လင်သော ကြေးမုံမှန်ပြင် များဖြစ်လျှင်မူ အလွန်တရာ ဝေးကွာသော အရပ်ကပင်သော်လည်း ထင် ပေသည်။ ကြေးမုံမှန်ပြင် စသည်တို့၏ ကြည်လင်ခြင်းသာ လိုရင်းပဓာန ဖြစ်၏၊ မှန်၏ကြည်လင်သော ကြေးမုံမှန်ပြင်စသည်ကား လူရိပ်လူပုံ ဖြစ် ပေါ်ခြင်းငှါ ထိုက်သော အရပ်ဌာနဖြစ်၏၊ ထို့ကြောင့် လူတို့၏အဆင်း သည်ကြေးမုံမှန်ပြင်စသော ကြည်လင်သောအရာများ မရှိခဲ့လျှင် အနီး အရပ်ဌာနမှာသော်လည်း မထင်ချေ။ ကြေးမုံမှန်ပြင် စသော ကြည်လင် သော အရာရှိခဲ့သော် အနီးမှာဖြစ်စေ၊ အဝေးမှာဖြစ်စေထင်၏။ သို့သော် လူရိပ်ရွေ့လျားသွားလာမှုကား မရှိပါချေ။

ဤဥပမာအတိုင်း ကံ၏အကျိုးဝိပါက်များ ဖြစ်ပေါ်ပုံကို မှတ်သား သင့်၏။ အရိပ်ထင်မှုမှာ လူ၏ ကိုယ်ကိုလည်းကောင်း၊ ကြည်လင်သော ကြေးမုံပြင်ကိုသည်းကောင်း၊ အသယ်စပ်ကြား၌ တည်ရှိသော အလင်းကို

လည်းကောင်း အစွဲပြု၍ အရိပ်ထင်ခြင်းဖြစ်သည်။ အခြင်း၏ သွားခြင်း လာခြင်းမရှိသောကြောင့် အနီးမှာ လျှင်မြန်စွာထင်သည်၊အဝေးမှာ နှေး နှေးထင်သည်ဟူ၍ ကွဲပြားခြားနားမှု မရှိချေ။ ကြေးမုံမှန်ပြင်၌တွင် ရပ်လိုက်လျှင် ဝေးသောမှန်မှာဖြစ်စေ၊ နီးသောမှန်မှာဖြစ်စေ တပြိုင်နက် အရိပ်ထင်လေသည်သာ ဖြစ်၏။

လူသည် ကံနှင့်တူ၏၊ မှန်၌ထင်သောအရိပ်သည် ကံကြောင့် ဖြစ်ပေါ် လာသော အကျိုးဝိပါက်များနှင့်တူ၏။ ဝေးသောမှန်၌ဖြစ်စေ နီးသော မှန်၌ဖြစ်စေ တပြိုင်နက် အရိပ်ထင်သကဲ့သို့ ကံ၏အရှိန်အဟုန် ပျံ့နှံ့ခြင်း အားဖြင့် ထိုက်သင့်သောဘုံဘဝတို့၌ အကျိုးဝိပါက် ပေါ်လာသည့်အခါ နီးသော လူ့ဘုံမှာဖြစ်စေ၊ ဝေးလှစွာသော အောက်အဝီစိမှာဖြစ်စေ အနှေးအမြန် အထူးမရှိပဲ ကံအားလျော်စွာအကျိုးဝိပါက် ပေါ်လာခြင်း ဖြစ်ပေသည်။

လူပုံလူရိပ်မှာ ရုပ်တရားလျှင် အရင်းခံရှိသောကြောင့် အလယ်ကြား၌ အကာအကွယ် ခြားနေလျှင် ထင်နိုင်သည် မဟုတ်ချေ။ အကျိုးဝိပါက် များမှာမူ စေတနာတည်းဟူသော နာမ်တရားလျှင် အရင်းမူလရှိသော ကြောင့် အကြား၌ မြေကြီး သမုဒ္ဒရာ မြင်းမိုရ်တောင် စသည်တို့ရှိနေ သော်လည်း အဆီးအတား အကာအကွယ်သဘော မသက်ရောက်ပါချေ။ ကြောင်းကျိုးညွှန်ပြ ပဋ္ဌာန်းဒေသနာ၌ အကျိုးဝိပါက်များကို ဖြစ်ပေါ်စေ ရာတွင် အာရမ္မဏပစ္စည်း(အာရုံကြောင်းတရား)၊ ဥပနိဿယပစ္စည်း(အား ကြီးသော မှီရာအကြောင်း)၊ နာနာက္ခဏိကကမ္မပစ္စည်း (အကျိုးနှင့် ကာလခဏသီးခြားဖြစ်သော ကံဟူသောအကြောင်း) တို့သည် အထူး ကျေးဇူးပြုသော အကြောင်း ပစ္စည်းများဖြစ်၏။ ဤပစ္စည်း သုံး မျိုးတို့ ကျေးဇူးပြုသောကြောင့် ကာလအားဖြင့် အလွန်ရှည် ကြာသော်လည်းကောင်း၊ ဌာနအားဖြင့် အလွန်ဝေးကွာသော်လည်း ကောင်း မိမိတို့၏ အကျိုးတရားများကို ဖြစ်ပွားပေါ် ပေါက်လာစေနိုင် သည်သာလျှင် ဖြစ်ပေသည်။

ဗုဒ္ဓအဘိဓမ္မာ (၁)၁၉-မ-မ-သ-စ

**ကံတရားနှင့်မျိုးစေ့။** ။ကံဆိုသည်မှာ မျိုးစေ့နှင့်သဘောတူပင် ဖြစ်သည်။ သစ်ပင်တို့သည် တပင်နှင့်တပင် တူကြသည်မဟုတ်၊ အချို့သစ်ပင်များက ချိုသောအရသာရှိသော သစ်သီးကိုသီး၍ အချို့သစ်ပင်များ ချဉ်သောအရသာရှိသည့် သစ်သီးကိုသီးကြသည်။ အကြောင်းရင်းကို ရှာဖွေစိစစ်ကြည့်လျှင် မျိုးစေ့မတူသောကြောင့် ဖြစ်သည်ဟု တွေ့ရ၏။ ထို့အတူပင် မျိုးစေ့တည်းဟူသော ကံအကြောင်းတရား မတူကြခြင်းကြောင့် မင်း၊ ပုဏ္ဏား၊ သဋ္ဌေး၊ သူကြွယ်၊ ကုန်သည်၊ လယ်လုပ် အရာရှိ၊ မင်းစေဟု လူတန်းစား ကွဲပြားခြားနားလာရသည်[၁]။

သရက်စေ့ကို စိုက်ပျိုးပါလျှင် သရက်ပင်ပေါက်၍ သရက်သီးကိုစားကြရပေသည်။ သံပရာစေ့ကိုစိုက်ပါမူ သံပရာပင်ပေါက်၍ သံပရာသီးကိုစားရသည်။ ထို့အတူ ကုသိုလ်ကံကို ပြုလုပ်သူသည် ကောင်းကျိုးကို စံရသကဲ့သို့ အကုသိုလ်ကံကို ပြုလုပ်သူမှာ မကောင်းကျိုး ခံရပည့်မှာ ယုံမှားဖွယ် မရှိချေ။ မှန်၏—ကုသိုလ်ကံသည် ကုသိုလ်ပြုသူနောက်သို့ အကျိုးပေးရန် အစဉ်လိုက်နေသည့်နည်းတူ အကုသိုလ်ကံသည်လည်း အကုသိုလ်ပြုသူနောက်သို့ အပြစ်ပေးရန်အတွက် အစဉ်တစိုက် လိုက်လျက်နေပေသည်[၂]။

**ကံကိုချည်းသာအားမကိုးရာ။** ။ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် "သတ္တဝါမှန်သမျှ ကံသာ မိမိတို့ကိုယ်ပိုင်ဥစ္စာရှိကြ၏" စသည်ဖြင့် ကံကို အရင်းမူလ ပဓာနအဖြစ် ဟောကြားတော်မူထားပါသည်။ သို့သော် စည်းစိမ်ဥစ္စာ ကြီးပွားတိုးတက်ရေးနှင့် တိုင်းပြည်ကြီးပွားတိုးတက်ရေး စသည်တို့အတွက်ကား ကံကိုချည်း အားမကိုးရ၊ ဉာဏ်ဖြင့်လည်း တီထွင်ကြံဆရသကဲ့သို့ မလျော့သော လုံ့လဝီရိယတို့ဖြင့်လည်း ကြိုးစား၍ အလုပ်လုပ်ကြရပေမည်။ သို့မှသာ အဖက်ဖက်က ကြီးပွားတိုးတက်လာနိုင်ပေသည်။ မှန်ပါသည်—ဤလူ့ဘုံလောကကြီးကား ကံ၏

---

၁။ မ၊၃။ ၂၄၄။ ပိလိန္ဒ။ ၆၇။ အဘိ၊၆။၃၃၆။ ဟသ၊၄၁။၁၀၇။

၂။ အဘိ၊ ၄၁၊ ၁၊ ၇၂။

အကျိုးသက်သက်ကို မှီခို၍ အသက်မွေးကြရသော ကမ္မဖလုပဇီဝိဘုံ မျိုးမဟုတ်၊ ထကြွနိုးကြား ကြိုးစားအားထုတ်မှုဘူဇသော လုံ့လဝီရိယ၏ အကျိုးကို မှီခိုအားထား၍ အသက်မွေးရသော ဥဋ္ဌာနဖလူပဇီဝိဘုံမျိုး ဖြစ်သည်ကို သတိပြုရမည် ဖြစ်ပေသည်[၁]။

မဟောက်ကဆ အသက်ဘေးနှင့်ကြုံတွေ့ရာ၌လည်း "ကံကောင်းလျှင် ဤဘေးမှ လွတ်မြောက်မှာပဲ"ဟု ကံကိုချည်းပုံ၍ အားမကိုးရ။ ဘေးလွတ်ရာလွတ်ကြောင်းကို ဉာဏ်ဖြင့် ကြံဆမြော်မြင်၍ လုံ့လဥဿာဟဖြင့် လွတ်မြောက်အောင် အားထုတ်ကြိုးပမ်းရပေသည်။ အလောင်းတော် မဟာဇနကမင်းသားသည် ပင်လယ်သမုဒ္ဒရာ၌ သင်္ဘောပျက်၍ အသက်ဘေးနှင့် ကြုံတွေ့ခဲ့ရ၏။ သို့သော်–၇-ရက်ပတ်လုံး မလျော့သော လုံ့လ ဝီရိယဖြင့် ကြိုးစားကူးခတ်ခဲ့ရာ မေခလာနတ်သမီးကယ်သဖြင့် အသက်ဘေးမှ လွတ်မြောက်ခဲ့သည့်အပြင် မိုလရည်မှန်းချက်အတိုင်း မင်းအဖြစ်ကိုပင် ရရှိခဲ့လေသည်။

အလောင်းတော်နှင့်အတူ ပါလာသော သင်္ဘောသားများကား လုံ့လမကူကြသဖြင့် ငရားငါးစာဖြစ်ကြရရှာသည်။ ဤ၀တ္ထု၌ အလောင်းတော် မဟာဇနကမင်းသည် ကံကိုချည်းအားကိုး အားထား ပြုခဲ့ပါမူ အခြားသင်္ဘောသားများနည်းတူ ပင်လယ်ကြောတွင် နစ်မြော သေဆုံးဖွယ်ရာ ရှိ၏၊ ဉာဏ်ဝီရိယကူမ၍သာ အသက်ဘေးမှ လွတ်မြောက် လာရခြင်း ဖြစ်ပေသည်။ ထီးနန်းအုပ်ချုပ် မင်းလုပ်ရခြင်းကား ကံ၏ကိစ္စ သာ ဖြစ်၏[၂]။

လုံ့လကြိုးကုတ် အားထုတ်ကြရာ၌လည်း ဉာဏ်မပါသော ဝီရိယသည် အကျိုးမပြီးသည့်အပြင် အချည်းနှီးပင် ဖြစ်တတ်သေး၏။ ဉာဏ်ဝီရိယ မဖက် ကံသက်သက်ကိုသာ ယုံကြည်မှုပါကား ပို၍အကျိုးမပြီး အချည်းနှီး ဖြစ်လေသည်၊ အဝါကပါး၌ တင်ါသည်ကယောက်သည် ငါးသုံးကောင်ကို ဖမ်းမိ၏။ ယင်းတွင် ကံကိုယုံကြည်သည့်ငါးက "ကံကောင်းလျှင် လွတ်မှာပဲ"

၁။ အံ၊ ၁။ ၄၅၂။ အံ၊ ဋ္ဌ၊ ၂။ ၃၃၇။
၂။ ဇာ၊ ဋ္ဌ၊ ၆။ ၃၉-၈၄။

ဟု မလှုပ်မရှက် ငြိမ်သက်စွာပင်နေ၏၊ ဉာဏ်နှင့်မဖက် ဝီရိယသက်သက်ကိုသာ အားကိုးသော ငါးကလည်း တံငါသည်၏လက်တွင်းမှ လွတ်ကင်းရန် ရုံခါရုံခါ ခုန်ကြည့်သောအားဖြင့် ကြိုးပမ်းရှာ၏။ သို့သော် ထိုငါးနှစ်ကောင်လုံး နောက်ဆုံးတွင် အသတ်ခံကြရသည်။ ဉာဏ်ရှိသော ငါးတကောင်ကမူ တံငါသည်အလစ်ကိုချောင်း၍ လစ်သည်နှင့်တပြိုင်နက် တကြိမ်တည်း မြစ်တွင်းသို့ ခုန်ဆင်းလွတ်မြောက်သွားလေသည်။ ဤသို့ မှုလရှိနေနှင့်သောကံကို ဉာဏ်ဝီရိယတို့ဖြင့် အားထောက်အကူပြုပါမှ အကျိုးပြီးမြောက်နိုင်သည်ဟူသော ရှင်တော်ဗုဒ္ဓ၏ ညွှန်ကြားချက်ကို မပျက်မကွက် လိုက်နာသင့်ကြပေသည်။ ကံကိုယုံ၍ မီးပုံအတွင်း ခုန်ဆင်းခဲ့ပါလျှင် မီးလောင်ခံရမည်မှာ သေချာ၏။ ကျားသောင်းကျန်းနေသည့် အရပ်သို့သွား၍ ကျားကိုက်ခံရသျှင်လည်း "ကံမကောင်း၍" ဟု ကံကြမ္မာကို ရိုးစွပ်၍မရနိုင်ချေ။ ထို့ကြောင့် ကျေးဇူးရှင် မန်လည်ဆရာတော်ဘုရားကြီးက—

"ကံဟုမူလ၊ သမ္ဘဝတို့၊ ဟောပြသည်မှာ၊ အရင်းသာရှင့်၊ ဥစ္စာဘောဂ၊ ဇီဝိတနှင့်၊ သုခပွားရန်၊ ဤလူ့ဘဝ်၌၊ ဉာဏ်ဝီရိယ၊ ပယောဂတည့်၊ ကာလဒေသ၊ ပုဂ္ဂလကို၊ နှိုင်းဆအပ်တုံ၊ ကံကိုယုံ၍၊ မီးပုံအတွင်း၊ မဆင်းဆိုက်စွာ၊ ကျားရဲရာလည်း၊ ကြမ္မာအကြောင်း၊ မရိုးကောင်းရှင့်၊ သူဟောင်းရှေးက၊ ဆိုကုန်ကြ၏၊ လုံ့လမထူ၊ ဉာဏ်မကူပဲ၊ အယူတချောင်း၊ ကံတကြောင်းမျှ၊ မကောင်းလည်းကံ၊ ကောင်းလည်းကံဟု၊ ကံကိုချည်းသာ၊ မကိုးရာဘူး၊ ပညာဉာဏ်ဖြင့်၊ သင့်မသင့်ကို၊ အခွင့်ရှု၍၊ အပြုလုံ့လ၊ ရှိအပ်စွတည့်၊ တံငါ့လက်တွင်း၊ နောက်သျှင်းတုံငြား၊ သုံးကောင်ငါးကို၊ မှတ်သားဝမ်းထဲ၊ နည်းယူစွဲလော့[၁]။

၁။ မဃဒေဝလင်္ကာသစ်။ ၁၇၆-၇။

ကံယုံကြည်မှုနှင့် ပုဗ္ဗေကတဟေတုဒိဋ္ဌိ။ ။ကံတရားကို ယုံကြည်လက်ခံထားကြသည့် ဗုဒ္ဓဘာသာ ကမ္မဝါဒီ ပုဂ္ဂိုလ်တို့သည် မြတ်ဗုဒ္ဓ၏ ကမ္မဝါဒကို တိကျပြတ်သားစွာ နားလည်သိရှိထားရန် အလွန်အရေးကြီး၏။ ဗုဒ္ဓမြတ်စွာသည် ကံနှင့်ပက်သက်၍–

သတ္တဝါတို့သည် ကံသာ ကိုယ်ပိုင်ဥစ္စာရှိ၏၊

ကံကပေးသော အမွေကို ခံယူရ၏၊

ကံသာ ဆင်းရဲကြောင်း၊ ချမ်းသာကြောင်းဖြစ်၏၊

ကံသာ ဆွေမျိုးမိတ်ရင်း သူငယ်ချင်းရှိ၏၊

ကံသာ အားထား ကိုးကွယ်ရာ ရှိ၏။

ကံကသာ သတ္တဝါတို့ကို အယုတ်အမြတ်ဖြစ်အောင် ဝေဖန်ဖန်တီးပေးသည်[၁] ဟု လမ်းညွှန်တော်မူထားခဲ့ပါသည်။

ဤမြတ်ဗုဒ္ဓ၏ ကမ္မဝါဒ၌ ကံဆိုသည်မှာ လွန်ခဲ့သည့် ဘဝများက ပြုလုပ်ခဲ့သည့် အတိတ်ကံများနှင့် ယခုလက်ရှိဘဝ၌ ပြုလုပ်သော ပစ္စုပ္ပန်ကံ ၂-မျိုးလုံးပင် ဖြစ်ပါသည်။ ဤကံ ၂-မျိုးလုံးကို အားကိုးယုံကြည်မှုသာ အယူမှန်သော ကမ္မဿကတာ သမ္မာဒိဋ္ဌိဖြစ်နိုင်သည်။

မှန်ပါသည်–အချို့ကမ္မဝါဒီပုဂ္ဂိုလ်တို့သည် အတိတ်ကံကို အလွန်အစွဲသန်ကြသည်။ ဘာမဆို အတိတ်ကံကိုချည်း ချကြသည်။ လက်ရှိဘဝ၌ ချမ်းသာမှု, ဆင်းရဲမှု, ကျန်းမာမှု, ပညာရှိမှု, ပညာမဲ့မှု ဖြစ်ပျက်သမျှ အစုစုတို့သည် ရှေးဘဝကပြုခဲ့သော အတိတ်ကံကြောင့် ဖြစ်ကြသည်ဟု အယူရှိကြသည်။ ယင်းပုဂ္ဂိုလ်များကား ကံနှင့်ပတ်သက်ရာ၌ တဖက်စွန်းရောက်သော ပုဂ္ဂိုလ်များတည်း။ပစ္စုပ္ပန်အကြောင်းကံကို လုံးဝပယ်ထား၍ အတိတ်ကံ အကြောင်းတရားတခုကိုသာ လက်ခံယုံကြည်သောကြောင့် ဧကပက္ခဟီနဝါဒ (ပစ္စုပ္ပန်အကြောင်းတဘက်ကို ပယ်သောအယူဝါဒ) ရှိသူများ ဖြစ်၏။

---

၁။ မ၊၃။၂၄၄။

ထိုအယူဝါဒရှိသူများသည် ဒိဋ္ဌိကြီးသုံးမျိုးတွင် 'ပုဗ္ဗေကတဟေတုဒိဋ္ဌိ' ခေါ် မိစ္ဆာဒိဋ္ဌိများ ဖြစ်ကြောင်း တိကအင်္ဂုတ္တိုရ်ပါဠိတော် တိတ္ထာယတန သုတ်၌ ဗုဒ္ဓရှင်တော်မြတ်ဘုရား ဟောကြားတော် မူထားပေသည်။ ပုဗ္ဗေကတဟေတုဒိဋ္ဌိဆိုသည်မှာ နိဂဏ္ဌတက္ကတွန်းတို့ကဲ့သို့ ဖြစ်ဖြစ်သမျှ ပြုပြုသမျှ ရှေးအတိတ်ကံကြောင့်ချည်းဖြစ်သည်ဟု မှားယွင်းစွာယူမှုမျိုး ဖြစ်ပေသည်။

အကယ်၍ ပုဗ္ဗေကတဟေတုဒိဋ္ဌိကို အယူမှန်ဟု လက်ခံခဲ့လျှင် အကျိုးမဲ့ မှုများ မြောက်မြားစွာ ဖြစ်ပေါ်လာမည် ဖြစ်ပေသည်။ ပုဗ္ဗေကတဟေတု ဒိဋ္ဌိဖြစ်သူသည် ရှေးကံက တိုက်တွန်းသောကြောင့် သတ္တဝါတို့သည် သူ့ အသက်ကိုသတ်ကြရ၏၊ သူ့ဥစ္စာကို ခိုးကြရ၏၊ မဖြတ်သောမေထုန်အကျင့် ကို ကျင့်ကြရ၏၊ လိမ်လည်ပြောဆိုကြရ၏၊ ကုန်းတိုက်ကြရ၏၊ အကျိုးမရှိ ပေါ့ပျက်သော စကားကို ပြောဆိုကြရ၏၊ ငြိုးဖွဲ့စောင်းမြောင်းကြရ၏၊ သူတပါးကို ညှဉ်းဆဲလိုသော စိတ်ရှိကြရ၏၊မှားသောအယူ ယူကြရ၏-ဟု တဘက်စွန်းရောက်သော အယူကို ယူ၏။

ထိုသို့ယူဆသဖြင့် ထိုပုဗ္ဗေကတ ဟေတုဒိဋ္ဌိရှိသူများအဖို့ သူတော်ကောင်း ပညာရှိဖြစ်ကြောင်း သူတော်ကောင်းတို့၏ တရားကို နာကြားခြင်း၊ အသင့်အတင့် နှလုံးသွင်းခြင်း၊ တရားအားလျော်စွာ ကျင့်ခြင်းစသော တရားတို့သည် အကျိုးမဲ့ပွား၊ အလကားတရားတို့သာ ဖြစ်ကြပေတော့၏။ အကြောင်းမှာ လူတော်လူကောင်းဖြစ်ရန်နှင့် လူမိုက်လူယုတ်မာဖြစ်ရန် အကြောင်းများသည် ရှေးကပြုခဲ့သော ကံအကြောင်း တရားများသာ ဖြစ်သည်၊ အခြားအကြောင်းတပါးမရှိဟု ယုံကြည်သော ကြောင့် ဖြစ်ပေသည်။

ထို့ပြင် ဤပုဗ္ဗေကတဝါဒကိုသာ အမြတ်ဟနိုး အားကိုးယုံကြည်သော သူတို့အား အကြင်အမှုကို ငါတို့ မချွတ်ကေန် အမှန်ပြုထိုက်၏၊ ထိုအမှုကို ငါတို့ ပြုကျင့်ကုန်အံ့ဟူ၍လည်းကောင်း၊ အကြင်အမှုကို ငါတို့ မပြုသင့် မပြုထိုက်၊ ထိုအမှုကို ငါတို့မပြုပဲ ရှောင်ကြဉ်ကုန်အံ့ဟူ၍လည်းကောင်း စိတ်ကောင်းဆန္ဒ၊ ဝီရိယမဖြစ်နိုင်ကြတော့ပေ။ အဘယ့်ကြောင့်ဆိုသော်

ပြုထိုက်သည်ကိုပြုခြင်း၊ မပြုထိုက်သည်ကို မပြုပဲ ရှောင်ကြဉ်ခြင်းများသည် ရှေးကံကြောင့်သာဖြစ်၏၊ စိတ်ကောင်းဆန္ဒ ဝီရိယတို့ကြောင့်ဖြစ်သည် မဟုတ်ဟု ယုံကြည်ထားသောကြောင့်ပင် ဖြစ်သည်။

ဤသို့ ပုဗ္ဗေကတဟေတု အယူဝါဒရှိသူတို့သည် ပစ္စုပ္ပန်ကံကို လုံးဝ ဘေးဖယ်ထားသဖြင့် မျက်မှောက်ဘဝ၌ ကောင်းသောအမှုကိစ္စများကို ဆောင်ရွက်လိုစိတ်၊ ဆောင်ရွက်မှု၊ မကောင်းသော ဒုစရိုက်မှုများကို ရှောင်ကြဉ်လိုစိတ်၊ ရှောင်ကြဉ်မှုတို့ ပရှိတော့ပဲ ဖြစ်မှုပျက်မှု ကောင်းမှု ဆိုးမှု အားလုံးအတွက် အတိတ်ကံလက်ချက်ဟု အတိတ်ကံကိုချည်း ပုံချ နေရကား တဘက်အစွန်းရောက်၍ မှားသောအယူဝါဒပင် ဖြစ်ပါသည်။

အမှန်စင်စစ်သော်ကား လောက၌ တိုးတက်မှု၊ ဆုတ်ယုတ်မှု၊ ချမ်းသာမှု၊ ဆင်းရဲမှု၊ ကျန်းမာမှု၊ ရောဂါရမှုစသော ကောင်းကျိုး ဆိုးပြစ်များသည် အတိတ်ဘဝက ပြုလုပ်ခဲ့သည့် အတိတ်ကံသက်သက်ကြောင့်ချည်း မဟုတ်ချေ။ မျက်မှောက်ပစ္စုပ္ပန်ဘဝ၌ ဉာဏ်ဦးဆောင်သည့် ကြိုးစား အားထုတ်မှု ဝီရိယကြောင့် ဖြစ်ပေါ်လာသော ပစ္စုပ္ပန်ကံသည်လည်း အရေးပါသော အကြောင်းတရားတခု ဖြစ်ပါသည်။ ရှေးဘဝကအတိတ်ကံ ပါလာသော်လည်း ထိုအတိတ်ကံသည် လက်ရှိဘဝ၌ ဉာဏ်ရှေ့ဆောင်၍ ကြိုးစားအားထုတ်သည့် ပစ္စုပ္ပန်ကံ၏ အကူအညီကိုမရပါက ထိုက်သင့် သလောက် အကျိုးတရား မဖြစ်ပွားနိုင်ချေ။

ပစ္စုပ္ပန်ကံ၏ အကူအညီကိုမရပဲ အတိတ်ကံသက်သက်ကြောင့် ဖြစ်ပေါ် ရသော အကျိုးတရားများကား ရှိပါသည်၊ ထိုအတိတ်ကံသက်သက် ကြောင့် ဖြစ်ရသည့် အကျိုးတရားများမှာ အပါယ်လေးဘုံ လူ့ဘုံ နတ်ဘုံ ဗြဟ္မာဘုံတို့၌ ပဋိသန္ဓေလေးမျိုးတွင် တမျိုးမျိုးဖြင့် ပဋိသန္ဓေ နေကာ အပါယ်ဘုံသားနှင့် လူ နတ် ဗြဟ္မာများ ဖြစ်လာရခြင်းသည် လည်းကောင်း၊ လူ နတ် ဗြဟ္မာ ဖြစ်ကြရာ၌လည်း မြင့်မြတ်သောအမျိုး၌ ဖြစ်ခြင်း၊ ယုတ်ညံ့သောအမျိုး၌ ဖြစ်ခြင်းများသည်လည်းကောင်း၊ ပဋိ- သန္ဓေတည်နေချိန်မှစ၍ မျက်စိ နား နှာခေါင်းစသည်တို့၏ ပြည့်စုံမှု ချတ်ယွင်းမှုရှိသည်လည်းကောင်း ပဋိသန္ဓေပညာ၏ ပြည့်စုံမှု ချတ်ယွင်း

မှုဘို့သည်လည်းကောင်း၊ ကြွင်းသော အင်္ဂါကြီးငယ် တင့်တယ်သော ရုပ်လက္ခဏာတို့နှင့် ပြည့်စုံမှု စသည်တို့သည်လည်းကောင်း၊ အတိတ်ဘဝက ပြုလုပ်ခဲ့သော သုစရိုက်ကံ ဒုစရိုက်ကံတို့ကြောင့်သာ ဖြစ်ပေါ်လာသော အကျိုးတရားများ ဖြစ်ပါသည်။

ထိုဆိုခဲ့ပြီးသော အကျိုးတရားတို့ကို ပစ္စုပ္ပန်ကံဖြင့် ဖြစ်ပေါ်အောင် မတတ်နိုင်ကုန်။ အတိတ်ကံကြောင့် ပဋိသန္ဓေတည်နေစဉ်ကပင် မျက်စိအကြည်ရုပ် မပါလာခဲ့သည့် ပဋိသန္ဓေကန်းအား ပဝတ္တိကာလတွင် လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါတစုံတယောက်သည်လည်းကောင်း၊ တန်ခိုးရှင်ကြီးသည်လည်းကောင်း၊ ပစ္စုပ္ပန်ဉာဏ်စွမ်း၊ ဝီရိယစွမ်း၊ တန်ခိုးစွမ်းတို့ဖြင့် မျက်စိအကြည်ရုပ်ကို ဖြစ်ပေါ်လာအောင် မတတ်နိုင်ပါချေ။

သို့ရာတွင် လက်ရှိဘဝ၌ စီးပွားဥစ္စာအဖြာဖြာနှင့် ပြည့်စုံခြင်း၊ ပညာတတ်မြောက်ခြင်း၊ အသက်ရှည်ခြင်း၊ အနာရောဂါကင်းခြင်း စသော အကျိုးတရားများ ဖြစ်ပွားလာရခြင်းကား အတိတ်ကံချည်း သက်သက် မဟုတ်ပါချေ။ လယ်ယာထွန်ယက် စိုက်ပျိုးခြင်း၊ တိရစ္ဆာန်များမွေးမြူခြင်း၊ ကုန်စည်ရောင်းဝယ် ဖောက်ကားခြင်း၊ သိပ္ပံပညာ ဝိဇ္ဇာပညာရပ်များကို သင်ကြားခြင်းစသည့် ပစ္စုပ္ပန်ကံ၏ အထောက်အကူပြုမှုကြောင့်သာ ထိုအကျိုးတရားများ ဖြစ်ပွားလာရခြင်းဖြစ်ပါသည်။

ထို့အတူ လက်ရှိဘဝ၌ပျက်စီးဆုတ်ယုတ်မှု အမျိုးမျိုးတို့ ဖြစ်ပေါ်လာရခြင်းသည်လည်း ပစ္စုပ္ပန်ကံ၏ အကူအညီရသောကြောင့် ဖြစ်ပေါ်လာခြင်း ဖြစ်ပေသည်။ ဤသို့ "ကံ" ဟူသော အရာ၌ အတိတ်ကံတမျိုးတည်းကိုသာ မယူပဲ အတိတ်ကံ ပစ္စုပ္ပန်ကံ နှစ်မျိုးလုံးကို ယူခြင်းသည်သာ ဗုဒ္ဓရှင်တော်မြတ်ဘုရား၏ ကမ္မဝါဒဖြစ်ပါသည်။

ထို့ကြောင့် ဗုဒ္ဓဘာသာ ကမ္မဝါဒီတို့သည် လက်ရှိဘဝ၌ အတိတ် ပစ္စုပ္ပန် နှစ်တန်သောကံကိုအားကိုးယုံကြည်မှုသာမဇ္ဈိမပဋိပဒါလမ်းဖြောင့် လမ်းမှန်သို့ရောက်၍ သမ္မာဒိဋ္ဌိအယူရှိသော ဗုဒ္ဓဘာသာ လူမျိုးအစစ် ဖြစ်

နိုင်ကြပေမည်။ ထိုသို့မဟုတ်ပဲ ဖြစ်ဖြစ်သမျှ ပြုပြုသမျှမှာ ရှေးဘဝကကံကြောင့်သာဟု ယူဆခဲ့ပါလျှင် နိဂဏ္ဌာတက္ကတွန်းတို့ယူသော ပုဗ္ဗေကတဟေတုဒိဋ္ဌိသို့ ဝင်ရောက်သွားမည်ကို သတိပြုစရာ ကောင်းလှပေသည်။ အတိတ်က ပြုခဲ့သောကံမှာ ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ အတိတ်ကံအတွက် ဆောင်ရွက်ဖွယ် စိုးစိမျှ မရှိတော့ပြီဖြစ်၍ အတိတ်ကံကို ပဓာနမပြု၊ လျစ်လျူရှုထား၍ ယခုဘဝ၌ ပြုသင့်ပြုထိုက်သော ဝီရိယကိုသာ ဉာဏ်နှင့်ယှဉ်၍ ပစ္စုပ္ပန်ကံကောင်းရန်အတွက် ကြိုးစားအားထုတ်သင့်ကြပေသည်။

**စေတနာပါ-မပါသာ ပဓာန။** ။လောက၌ တစုံတခုသော ကိုယ်မှု နှုတ်မှုတို့ကို ပြုလုပ်ပြောဆိုရာတွင် စေတနာပါမှု မပါမှုသာ လိုရင်းပဓာနဖြစ်ပေသည်။ ထင်ရှားစေဦးအံ့။ မျက်စိနှစ်ကွင်း အလင်းမရရှာသော ဇက္ခုပါလခေါ် ရဟန္တာမထေရ်မြတ်သည် မိုးရွာပြီးစ နံနက်စောစောထ၍ စင်္ကြံကြွတော်မူရာ ပိုးကောင်များစွာကို နင်းမိသဖြင့် ပိုးကောင် အမြောက်အများ သေကြေပျက်စီးကြရ၏၊ သို့သော် ထိုမထေရ်မြတ်အား သေစေလိုသော စေတနာမရှိသဖြင့် ပါဏာတိပါတ မဖြစ်ပေ[၁]။

ဗုဒ္ဓမြတ်စွာ သက်တော်ထင်ရှား ရှိတော်မူစဉ်အခါက သောတာပန် အရိယာဖြစ်သူ အမျိုးသမီးတဦးသည် မုဆိုးကြီးတယောက်နှင့် သင့်မြတ်ကာ အတူနေထိုင်ကြသည်၊ ထိုအမျိုးသမီးသည် ခင်ပွန်းဖြစ်သူ မုဆိုးကြီး စေခိုင်းသမျှ လေး၊ မြား၊ လှံ၊ ပိုက်ကွန်စသည်တို့ကို ယူဆောင်ပေးရသည်၊ ဇနီးသည် ယူဆောင်ပေးသော လေး၊ မြား စသည်ဖြင့် တောသတ္တဝါတို့၏ အသက်ကိုသတ်ဖြတ်သည်။ သို့ရာတွင် ဇနီးဖြစ်သူမှာ သတ္တဝါတို့ကို သတ်ဖြတ်ပါစေဟူသောရည်ရွယ်ချက်ဖြင့် လေး၊ မြားစသည်တို့ကို ယူဆောင်ပေးသည်မဟုတ်၊ သောတာပန် အရိယာဖြစ်၍ သတ္တဝါတို့အား သေစေလိုသော စေတနာလည်းမရှိ၊ ခင်ပွန်းသည်၏ စကားကို

---

၁။ ဓမ္မပဒဋ္ဌ၊၁၊၁၃။

လိုက်နာသောအားဖြင့်သာ ယူဆောင်ပေးရခြင်း ဖြစ်သည်။ ထို့ကြောင့် သေစေလိုသည့် စေတနာကင်းသော ဇနီးသည်မှာ ပါဏာတိပါတကံ မဖြစ်ပေ။ ဥပမာ သက်၌အနာမရှိက အဆိပ်ကိုကိုင်သော်လည်း အဆိပ် မသင့်သကဲ့သို့ ဖြစ်သည်[၁]။

ထို့အတူ မုဆိုး၏စေခိုင်းမှုကြောင့် တွန်းသံပေးကြရသော တယ်ခါ တယ်ကြက်စသည်တို့မှာလည်း သေစေလိုသော စေတနာမရှိသောကြောင့် ပါဏာတိပါတ မဖြစ်ပေ[၂]။

မိခင်၏စကားကို နားမထောင်ပဲ တောသို့ ထွက်ခွာသွားသော သားငယ်ကို "ကျွဲမကြီးခတ်၍ သေပါစေ" ဟု ကြိမ်ဆဲသော မိခင်၏စကား သည်လည်းကောင်း၊ အကျိုးလိုသားမှုဖြင့် တပည့် သားသမီးများကို ကြမ်းတမ်းစွာ ဝေါက်ငပ်းသဲဆို ကြိမ်းမောင်းကြသော ဆရာမိဘတို့၏ စကားသည်လည်းကောင်း၊ နှုတ်ထွက်ပင် ကြမ်းတမ်းသော်လည်း စိတ် စေတနာ မပါရှိသောကြောင့် (ဝါ) စိတ် စေတနာ နူးညံ့သောကြောင့် ဖရုသဝါစာမဖြစ်ဟု ကျမ်းဂန်များ၌ ဖွင့်ဆိုထားပေသည်။ သို့ရာတွင် "ဤသူကို ချမ်းသာစွာ အိပ်ပါစေ" ဟု ပြုံးရွှင်စွာသတ်မိန့်သော တရား သူကြီး၏စကားသည် နှုတ်ထွက်ပင်နူးညံ့သိမ်မွေ့စေကာမူ စိတ်စေတနာ ကြမ်းတမ်းသောကြောင့် (ဝါ) သေစေလိုသော စိတ်စေတနာပါရှိသော ကြောင့် ဖရုသဝါစာဖြစ်ပေသည်[၃]။

ကြမ်းတမ်းစွာပြောဆိုလေ့ရှိသော ပိလိန္ဒဝစ္ဆ ရဟန္တာအရှင်မြတ်သည် သူတပါးကို သူယုတ်ဟု ခေါ်ဝေါ်ပြောဆိုလေ့ရှိသော ပုဏ္ဏားမျိုး၌ ၅၀၀ ငါးရာပတ်လုံး အဆက်ဆက် ဖြစ်ခဲ့ဖူးသောကြောင့် တွေ့မြင်သူတိုင်းကို သူယုတ်-သူယုတ် (ဝသလ-ဝသလ) ဟုပြောဆိုလေ့ရှိသည်။ ထိုအကြောင်း ကို ဘုရားရှင်ထံ လျှောက်ထားကြရာ "အရိယာပုဂ္ဂိုလ်တို့ ပြောသည်

---

၁။ ဓမ္မပဒ-ဋ္ဌ၊ ၂၊ ၁၀။ ၂။ ဓာ၊ဋ္ဌ၊၁၊၅၉ ၆၁။

၃။ အဘိ၊ ဋ္ဌ၊ ၁၊ ၃၇၇။ ဝိ၊ ဋ္ဌ၊ ၁၊ ၃၃-၃၄။ ပ၊ ဋ္ဌ၊ ၁၊ ၂၀၄။ သံ၊ ဋ္ဌ၊ ၁၊ ၁၃၆။

သူတပါးကို ထိပါးပုတ်ခတ် ကဲ့ရဲ့ရှုတ်ချလိုသောစိတ် စေတနာတို့ဖြင့် ရှုန့်ရင်းကြမ်းတမ်းသောစကားကို မပြောဆိုကြ၊ အရိယာပုဂ္ဂိုလ်တို့အား ယုတ်မာကြမ်းတမ်းသော စေတနာမည်သည် မရှိ၊ ပိလိန္ဒဝစ္ဆမထေရ်သည် ဘဝအဆက်ဆက်က ပါလာခဲ့သော ဝါသနာအလျောက် ပြောဆိုခြင်းဖြစ်သည်၊ သို့ဖြစ်၍ ဖရုသဝါစာမဖြစ်''ဟု ဘုရားရှင်မိန့်တော်မူသည်[၁]။

အိပ်မက် စေတနာနှင့် အိပ်မက်ထဲတွင် ဘုရားဖူးရသည်၊ တရားနာရမိဘလင်သားတို့ဘေ နာသည်၊ သူအသက်သတ်ရသည်၊ သူ့ဥစ္စာခိုးရသည် စသည်ဖြင့် မြင်မက်သောသူ၏ ကုသိုလ်အိပ်မက်စေတနာ၊ အကုသိုလ်အိပ်မက်စေတနာတို့သည် အားရုံထင်လာမှု အားနည်းသောကြောင့် ပဋိသန္ဓေကျိုးကို မပေးစွမ်းနိုင်။ တပါးသော ကုသိုလ်စေတနာ အကုသိုလ်စေတနာတို့၏ ထောက်ပံ့ကူညီမှုကို ရပါမူ ပဝတ္တိကျိုးကိုကား ပေးစွမ်းနိုင်ပေသည်[၂]။

မိဘနှစ်ပါးတို့က သားသမီးများအား လုပ်ကျွေးပြုစုသော စေတနာနှင့် ခင်ပွန်းသည် မယားအားတို့က ဇနီးမယားတို့အား လုပ်ကျွေးပြုစုသော စေတနာတို့သည် ကုသိုလ်စေတနာများဖြစ်၍ ကောင်းကျိုးပေးနိုင်သည်။ ထိုစေတနာကို မဆိုထားဘိ ထိုသူတို့အချင်းချင်း ချစ်ခင်ကြသော မေတ္တာပါသည့် စေတနာသည်ပင် တဆင့်ထက်တဆင့် ရင့်ဧ၍ စကြဝတေးမင်းအဖြစ်တိုင်အောင်အကျိုးပေးနိုင်ကြောင်းကိုမာတုဂုဏသုတ်၌—

“သင်တို့သည် သားသမီးတို့ကို ချစ်ခင်ကြကုန်၏၊ ခင်ပွန်းသည် လင်ယောကျ်ားတို့အား ကြင်ယာသက်ထား ဇနီးမယားကိုက ချစ်ခင်ကြ၏၊ လင်ယောကျ်ားတို့ကလည်း ဇနီးမယားတို့အား ချစ်ခင်ကြ၏၊ မေတ္တာပါသမျှအားဖြင့် ထိုချစ်ခင်ကြခြင်းသည် စကြဝတေးမင်း၏ အဖြစ်ကိုပြုတတ်၏”

ဟူ၍ ဟောတော်မူသည်၊

၁။ အံဋ္ဌ၊ ၁၊ ၂၁၆။ ဓမ္မပဒဋ္ဌ၊ ၂၊ ၄၁၉-၄၂၀၊
၂။ အဘိဋ္ဌ၊ ၂၊ ၃၉၁၊ အံဋ္ဌ၊ ၃၊ ၇၂။ ဝိဋ္ဌ၊ ၂၊ ၁၀၉။

သားမယားတို့အား ချစ်ခင်ခြင်းသည် တဏှာအားဖြင့် ချစ်ခြင်း၊ မေတ္တာအားဖြင့် ချစ်ခြင်းဟူ၍ နှစ်မျိုးရှိသည်၊ ထိုနှစ်မျိုးတို့တွင် "ငါ့အား ခြေဆုပ်လက်နယ်ပြုခြင်း၊ ယပ်ခပ်ခြင်း၊ ကျွေးမွေးခြင်း၊ နာရေးဖျားတာ ပြုစုခြင်း၊ ကောင်းမှုပြုရာ ညီညာခြင်း၊ ဥစ္စာကို ထိန်းသိမ်းခြင်း စသော အမှုကိုပြုပေသည်"ဟု ဂုဏ်ကျေးဇူးကို ရှုမှန်းအောင့်မေ့၍ ချစ်ခြင်းသည် မေတ္တာအားဖြင့် ချစ်ခြင်းမည်၏။ ထိုမေတ္တာသည် မဟာကုသိုလ်ပင်ဖြစ်ရကား မြတ်သောအကျိုးကို ပေး၏ဟု မနောရထပူရဏီ ကျမ်း၌ရေးသား ဆုံးဖြတ်ထားပေသည်[၁]၊

**ကံတူအကျိုးပေးပုံ။** ။ဇာတ်တော်များ၌ ကံတူအကျိုးပေးပုံမှာများစွာ ပါရှိပေသည်၊ရှေးရှေးက စိတ်တူကံတူ ပြုခဲ့သော ကံတို့သည် နောင်အခါ၌လည်း အတူအကျိုးပေးတတ်ကြ၏။ ဒါနအတူ ပြုခြင်း၊ သီလအတူဆောက်တည်ခြင်း၊ အတူပြုခွင့်မရသည့် အခါ၌လည်း တယောက်ပြုနေသည်ကို တယောက်က သဘောကျခြင်း၊ အိမ်ရှင်လင် ယောကျ်ားပစ္စည်းရှာ၍ အိမ်သူက ထိုပစ္စည်းဖြင့် ကုသိုလ်ပြုသည်ကို ဝမ်း မြောက်ခြင်း စသော ကုသိုလ်များကို "ကံတူ"ဟု ဆိုလိုပေသည်။ ထို ကဲ့သို့ ကံတူပြုရာ၌ ပညာရှိ သူတော်ကောင်းခြင်းဖြစ်လျှင် တယောက် စကားတယောက်နားထောင်ကာ မခွဲမခွာနေလိုသော သမ္မာဆန္ဒဖြင့် တယောက်နှင့်တယောက် ငဲ့ညှာသောတဏှာဆန္ဒများလည်း ကုသိုလ်၏ ရှေ့အဖို့ နောက်အဖို့မှာ မကင်းပဲရှိတတ်၏။ ထိုကုသိုလ်ကံ အကျိုးပေး သောအခါ သမ္မာဆန္ဒ, တဏှာဆန္ဒအလိုကျအောင် ထိုသူ နှစ်ယောက်တို့ အတူတွေ့ဆုံရတတ်၊ အတူအကျိုးခံစားရတတ်ပေသည်။ ဤအရာမျိုးကို "ကံတူအကျိုးပေး"ဟု ခေါ်သည်။

ထိုကဲ့သို့ တယောက်နှင့်တယောက် ငဲ့ညှာမှုဆန္ဒပြင်းပြလှသော ကုသိုလ် ရှင်တို့သည် သံသရာသံ၌ ပါရမီဖြည့်ဖက် အဖြစ်ဖြင့် ကျင်လည်ကာ တပျော် တပါး အလောင်းတော်များဖြစ်ရပုံကိုလည်း ဘုရားရှင်နှင့် ယသော်ဓရာ

---

၁။ မနောရထပူရဏီကျမ်း၊၁၅၇။

မိဖုရား၊ ရှင်မဟာကဿပနှင့် မယ်ဘဒ္ဒါ၊ မဟာကပ္ပိနမင်းနှင့်အနောဇာတို့ အပြင် မကောင်းသူ မကောင်းကြောင်းဖြစ်၍ ပါလာကြသောရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလာန်၊ ရှင်အနုရုဒ္ဓါ၊ ရှင်ရာဟုလာ၊ ခေမာထေရီ၊ ဥပ္ပလဝဏ်ထေရီမိထွေးတော် ဂေါတမီ၊ သုဒ္ဓေါဒနမဟာရာဇာတို့၏ ဝတ္ထုကြောင်းများဖြင့် ကောင်းကောင်းကြီး ယုံကြည်သင့်ကြပေသည်။

အကုသိုလ်ကံအရာမှာလည်း စိတ်တူသဘောတူပြုလျှင် ကံတူအကျိုးပေးပင်ဖြစ်၏။ ရှေးအခါက ဇနီးမောင်နှံနှစ်ဦးတို့သည် လှေပျက်၍ လူမရှိသော ကျွန်းငယ်တခုသို့ ရောက်သွားသည်။ ထိုကျွန်း၌ အစာမရကြသဖြင့် ငှက်ကလေးများကိုသတ်၍ စားကြရ၏၊ ထိုမကောင်းမှုအတွက် ငရဲကျပြီးနောက် ဘုရားလက်ထက်၌ ဥတေနမင်း၏သားဘော် ဗောဓိမင်းသားနှင့်မိဖုရားဖြစ်လာကြသည်။ ရှေးကငှက်ကလေးများကိုသတ်စားခဲ့သော ကံကြောင့် သားသမီးမရပဲ ရှိလေသည်။

ငှက်ငယ်ကလေးများကို သတ်စားစဉ်က မိန်းမက သဘောမတူခဲ့လျှင် မိန်းမအတွက် သားသမီးရထိုက်၏။ ယောကျ်ားက သဘောမကျလျှင်လည်း ယောကျ်ားအတွက် သားသမီးရထိုက်၏၊ ထိုဇနီးမောင်နှံ နှစ်ယောက်တို့မှာမူ စိတ်တူကိုယ်တူသတ်ခဲ့သောကြောင့် လုံးဝ သားသမီးမရနိုင်ပဲ ရှိလေသည်။ ဤသို့ စသည်ဖြင့် စိတ်တူကိုယ်တူပြုခဲ့သော အကုသိုလ်ကံများ၏ ကံတူအကျိုးပေးတတ်ပုံကို သတိထား၍ တယောက်က အကုသိုလ်မှုကိုပြုသည့်အခါ တယောက်က သဘောမကျပဲ တားမြစ်ရန် သတိပြုဘင့်ကြပေသည်။ ထို့ကြောင့် မဃဒေဝလင်္ကာသစ်၌—

"အကုသိုလ်နှင့် ကုသိုလ်နှစ်ပါး၊ ကံတရားကား၊ မယားပြုရာ၊
စိတ်မပါလျှင်၊ လင်မှာမရ၊ လင်ပြုကလည်း၊ မယားအိမ်သူ၊ စိတ်
မတူသော်၊ မုတ်ယူမှန်စွာ၊ မရရာဘူး"[၁]—

ဟု ညွှန်ကြားထားခြင်းဖြစ်ပေသည်။

---

၁။ မဃဒေဝလင်္ကာသစ်၊ ၂၃၇ အပိုဒ် (၂၇၉)

တယောက်ကုသိုလ်ကံကြောင့် လောက၌ ဆရာတပည့်တစု၊ မိသား
အများစံရပုံ တစု၊ ဆွေမျိုးတစု စသည်ဖြင့်အစုအဖွဲ့
များရှိလေရာ တယောက်ယောက်၏
ကုသိုလ်ကံအကျိုးကို အစုအဖွဲ့ပါဝင်သူများလည်း ထိုက်တန်သလောက်
ခံစားကြရ၏။ သိဟိုဠ်ကျွန်း ဘာတိကမင်းလက်ထက်၌ နွားသားစားသူ
များကို ဖမ်းဆီး၍ ဒဏ်ဘပ်လေရာ ဒဏ်ငွေမဆောင်နိုင်ကြသဖြင့် နန်း
တော်တွင်း၌ အမှိုက်သုတ်သင်သူများအဖြစ် စေခိုင်းထားလေသည်။ ထို
သူတို့အထဲတွင် အဆင်းလှသူကလေးတယောက်ကို ရှင်ဘုရင်မြင်၍ ထို
သူကလေးကို နန်းတွင်းတွင် "သာမာဒေဝီ"ဟူသော ဘွဲ့အမည်ဖြင့် နန်း
တွင်းသူအဖြစ် ချီးမြှောက်လိုက်၏။ သူကလေး၏ ဆွေမျိုးများကိုလည်း
အပြစ်မှ လွတ်စေပြီးလျှင် ချမ်းသာစွာ အသက်မွေးနိုင်လောက်အောင်
ချီးမြှောက် မ,စလေသည်။ ဤကား တယောက်ကုသိုလ်ကြောင့် ဆွေမျိုး
များ၌ အကျိုးရပုံ ဖြစ်သည်။

မြန်မာဘုရင်များ လက်ထက်၌လည်း ပထမကျော် အောင်မြင်ခဲ့လျှင်
ထိုပထမကျော် အောင်မြင်သူ၏ မိဘများအပြင် မွေးချင်းပေါက်ဖော်
နီးစပ်ရာ ဆွေမျိုး ၁၅-ဦးအထိဈေး၊ ပွဲ၊ ကင်း၊ ကူးတို့စသည့် အခွန်တော်
များ၊ သဿမေဓအခွန်တော်များနှင့် မင်းတိုင်း ၁၂- မှုတို့မှ လွတ်ငြိမ်း
ချမ်းသာခွင့်များ ရကြခြင်းသည်လည်း တယောက်ကံကြောင့် အများ
အကျိုး ခံစားရပုံဖြစ်သည်။ ထို ပြင်နန္ဒမင်းသား၏ ကုသိုလ်အကျိုးဆက်
ကြောင့် ပဒေသာပင်ပေါက်၍ နိုင်ငံသူ နိုင်ငံသားအားလုံး ချမ်းသာကြရ
ခြင်းသည်လည်း တယောက်ကံကြောင့်အများ ခံစားရပုံဖြစ်ပါသည်။

ဘုန်းကံပါရမီ ကြီးမားသောပုဂ္ဂိုလ်ကောင်း တဦးတယောက်ပေါ်
ပေါက် ဖြစ်ထွန်းလာသည်ရှိသော် "တယောက်ကောင်း၊ အပေါင်းချမ်း
သာ"ဆိုသကဲ့သို့ လူများစွာတို့ အကျိုးစီးပွား ဖြစ်ထွန်းကြ၏။ ချမ်းသာ
သုခရရှိကြပေသည်။ ကုသိုလ်ကံကြီးလျှင် ကြီးသည့်အလျောက် များစွာ
သောသူတို့ ခိုကိုးကြရ၏။ ဥပမာ–သဌေးကြီးတယောက် ဖြစ်ထွန်းလျှင်
ထိုသဌေးကိုမှီ၍ အသက်မွေးကြကုန်သော သူတို့မှာ ချမ်းသာကြီးပွားကြ

ကုန်၏။ မင်းကောင်းတပါး ပေါ်ထွန်းလာသည်ရှိသော် ထိုမင်း၏ တိုင်းနိုင်ငံမှာ ချမ်းသာကြီးပွားကြကုန်၏။ စကြဝတေးမင်းကြီး ပေါ်ပေါက်လာသောအခါ ကျွန်းငယ်များနှင့်တကွ လေးကျွန်းလုံး၌ နေကြကုန်သောသူတို့မှာ ချမ်းသာကြီးပွားကြကုန်၏။ သုံးလောကထွတ်တင် သဗ္ဗညုဘုရားရှင် ပွင့်ပေါ်တော်မူလာသောအခါ၌မူ ဇာတိ၊ အာဏာ၊ ဝိသယာဟူသော လောကဓာတ် ၃ ပါး၌ နေထိုင်ကြကုန်သော လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့မှာ နိဗ္ဗာန်တိုင်အောင်သော အကျိုးကိုရ၍ ချမ်းသာကြီးပွားကြရပေကုန်၏။ ထို့ကြောင့် ဗုဒ္ဓမြတ်စွာက—

ရဟန်းတို့—လောက၌ တဦးတယောက်သော ပုဂ္ဂိုလ် ထွန်းလင်း ပေါ်ပေါက်လာခဲ့သော်၊ လူအပေါင်း၏ အကျိုးစီးပွားဖြစ်ခြင်းငှာ လူအပေါင်း၏ ချမ်းသာခြင်းငှာ ဖြစ်ပေါ်လာခြင်းဖြစ်သည်[၁]—

ဟု ဟောတော်မူခြင်းဖြစ်သည်။ ယို့အဘူ မျက်မှောက်ခေတ်၌လည်း ဆွေမျိုးအုပ်စုတွင် ကံသူးချွန်သူ တစုံတယောက် ထွန်းကား ပေါ်ပေါက်လာပါက ဆွေမျိုးသားချင်းများ မိတ်ဆွေသင်္ဂဟများ အခြံအရံများ အားလုံး ကောင်းကျိုးခံစားရပုံကို လေ့လာ တွေ့ရှိနိုင်ပါသည်။

**တယောက် အကုသိုလ်ကံကြောင့် အများခံရပုံ[၂]** ကုသိုလ်ကံကြီးသူတဦးတယောက်၏ ကုသိုလ်ကံသည် အခြားဆွေမျိုး မိတ်သင်္ဂဟတို့၏ ကုသိုလ်ကံအား အကျိုးပေးရန် အထောက်အကူပြုနိုင်သကဲ့သို့ အကုသိုလ်ကံကြီးသူ၏အကုသိုလ်ကံသည်လည်း အခြားပုဂ္ဂိုလ်များ၏ အကုသိုလ်ကံအား အကျိုးပေးရန် အထောက်အကူ ပြုနိုင်ပေသည်။ လယ်ရှားစေဦးအံ့—ကဿပဘုရားရှင် လက်ထက်တော်၌ သူကြွယ်တယောက်၏ ကျောင်းဘုန်းကြီးတပါးသည်

---

၁။ အံ၊၁၊၂၂။

၂။ ဓာတကအဋ္ဌကထာ ၁၊ပ၂၅၁။ မေပဒအဋ္ဌကထာ ပ၂၉၄။

သီလရှိ၏၊ အနေအထိုင်ကောင်း၏၊ သို့သော် ကျောင်းဒကာသူကြွယ် ခဏခေတ္တလာရောက်ပို့ထားသည့် အာဂန္တုရဟန္တာအား ကျောင်းဒကာ ကြည်ညိုသည်ကို သည်းမခံနိုင်ပဲ ကုသမစ္ဆရိယ အကုသိုလ်တရား ဖြစ်ပွား လျက် ရှိလေသည်။ ထို့ကြောင့် သူကြွယ်အိမ်သို့ နံနက်ဆွမ်းစားသွားခါ နီး၌ အာဂန္တုကိုယ်တော်မနိုးအောင် ခေါင်းလောင်းကို လက်သဲဖြင့် ထိုး၍ ကြွသွားလေသည်။ အိမ်ရောက်၍ သူကြွယ်က အာဂန္တုကိုယ်တော် အကြောင်း မေးသည့်အခါ—

> ဒကာကြီးရဲ့ကိုယ်တော်ဟာ အင်မတန် အအိပ်ကြီးတယ်၊ မနေ့က ဒကာကြီးရဲ့အိမ်မှာ အစားကောင်း အသောက်ကောင်း များ စားသောက်ပြီး နှင်းကန် အိပ်နေတယ်၊ ခေါင်းလောင်း ထိုး တာတောင် မနိုးလို့သာ ခဲ့တယ်—

ဟု ပြောလေသတဲ့။

ကျောင်းဒကာမှာ လိမ္မာပါးနပ်သူဖြစ်၍ သူဘုန်းကြီး၏ စိတ်ထားကို ရိပ်စားမိ၏။ ထို့ကြောင့် ကျောင်းဘုန်းကြီးအား ဆွမ်းကပ်ပြီးနောက် "ဤခဲဖွယ်ဘောဇဉ်များကို အာဂန္တုကိုယ်တော်အား လှူပါ"ဟု သပိတ် ထဲ၌ ထည့်ပေးလိုက်၏။ ကျောင်းဘုန်းကြီးက မကျေနပ်၊ "သည်လို ဆွမ်းကောင်းတွေ စားနေရလျှင် ဒီကိုယ်တော် ငါ့ကျောင်းက သွဲချ တောင် သွားတော့မှာ မဟုတ်ဘူး"ဟု ကျောင်း၌ ဆက်လက် နေထိုင် ပည်ကို ဝန်တိုသော အာဝါသမစ္ဆရိယ၊ မိမိထက်သာသည်ကို မနာလို သော ဣဿာတို့ကြောင့်ကျောင်းဒကာလှူဒါန်းလိုက်သည့် ဆွမ်းများကို လမ်းမှာ သွန်ပစ်လိုက်လေသည်။

အာဂန္တုရဟန္တာ အရှင်မြတ်သည် ကျောင်းဘုန်းကြီး၏ စိတ်ဓာတ်ကို သိတော်မူ၍ စောစောကပင် ကောင်းကင်ခရီးဖြင့် လိုရာအရပ်သို့ ကြွနှင့် ပြီးဖြစ်လေသည်။ ကျောင်းဘုန်းကြီးသည် ကျောင်းသို့ရောက်၍ ရှာဖွေ ရာ အာဂန္တုကိုယ်တော်ကို မတွေ့သည့်အခါ "ဒီကိုယ်တော်ဟာ

ကေန်ရဟန္တာဖြစ်မှာပဲ၊ ငါ့စိတ်သဘောကို သိတဲ့အတွက် တပါးအရပ်သို့ ကြွသွားတာဖြစ်မယ်၊ ငါဟာ ဝမ်းရေးကြောင့် ရဟန်းတို့နဲ့ မသင့်မလျော်တဲ့အမှုကို ပြုမိလေပြီ" ဟု ကြီးစွာသော စိတ်နှလုံး မချမ်းမသာခြင်းဖြစ်လေသည်။ ထိုဘုန်းကြီးမှာ မကြာမီစုတေ၍ ငရဲသို့ ရောက်ရလေသည်။

ထိုငရဲမှ တက်ပြီးနောက် ဘီလူးဘဝ-၅၀၀၊ ခွေးဘဝ ၅၀၀-တို့၌ အစာဝအောင် မစားရသည်သာ များလေ၏။ ထိုကဲ့သို့ ဆင်းဆင်းရဲရဲဖြင့် ကျင်လည်ခဲ့ရာ ကဿပ်ဘုရားရှင်လက်ထက်တော်၌ အိမ်ခြေတထောင်ရှိသော တံငါသည်ရွာဝယ် တံငါသည်မ ဝမ်း၌ ပဋိသန္ဓေနေရလေသည်။ ထိုသူ ပဋိသန္ဓေနေသည့် နေ့မှစ၍ တံငါရွာကြီးတရွာလုံး ငါးရှာမရရှိသာမက မိး ၇-ကြိမ်လောင်၍ မင်းဒဏ် ၇-ကြိမ်ခံရသည်၊ တရွာလုံး ခဏချက်ချင်း ဆိုသလို ဆုတ်ယုတ်လေ့ာပါး ဆင်းရဲသွားကြ၏။

ထိုအခါ စဉ်းစားဉာဏ်ရှိသူ လူကြီးများက "ငါတို့ရွာဝယ်မှာ ကံဆိုးသူ ရှိလိမ့်မယ်၊ ရွာကို တဝက်စီခွဲကြစို့" ဟု တိုင်ပင်ပြီး တဝက်စီခွဲကြသည်။ ထိုအခါ ထိုကိုယ်ဝန်ပါသောဘက်၌ ဒေးနည်းတူ ဆင်းရဲပြန်သဖြင့် ထပ်၍ ထပ်၍ ခွဲကြရာ နောက်ဆုံး၌ ထိုကိုယ်ဝန်ရှိသော မိဘတို့တအိမ်သာ သီးခြား ဖြစ်နေလေသည်။ ထို့နောက် မိခင်မှာ ဆင်းရဲစွာ ဖွားမြင်ပြီး သူငယ်ကလေး သွားလာနိုင်သည့်အခါ ခွက်ကလေးကို ကလေးလက်၌အပ်၍ မိခင်ခမြာထွက်ပြေးရှာလေတော့သည်။ ကလေးငယ်လည်း ထိုခွက်ကလေးဖြင့် တောင်းရမ်းစားသောက်၍ ဆင်းရဲငြိုငြင်စွာအသက်မွေးရရှာ၏။ ဤသို့ဖြင့် ၇-နှစ်သားအရွယ် ရောက်လာ၍ တနေ့တွင် အိမ်တအိမ်၏ တံခါးဝ၊ ထမင်းအိုးဆေးရေ စွန့်သွန်ရာဌာနတွင် ကျီးငှက်ပမာ ထမင်းလုံးတလုံးစီ ရှာဖွေကောက်ယူစားနေစဉ် သာဝတ္ထိပြည်ထဲ ဆွမ်းခံဝင်လာသည့် တရားစစ်သူကြီး အရှင်သာရိပုတ္တရာမထေရ်ကြီး မြင်သွားလေသည်။

ဟိုအခါ ရှင်သာရိပုတ္တရာမထေရ်ကြီးသည် အလွန်သနားတော်မူသဖြင့် ကျောင်းတော်သို့ ခေါ်သွားကာ ကိုယ်ဘိုင် ခဲဖွယ်ဘောဇဉ်များ ကျွေးမွေး၍ ကိုယ်တိုင်ပင် ရေချိုးပေးပြီး ရှင်ပြုပေးလိုက်လေသည်။ ထိုနောက်

ဗုဒ္ဓအဘိဓမ္မာ (၁) ၂၀-ပ-ပ-သ-ဖ

အသက်နှစ်ဆယ်ပြည့်၍ ရဟန်းခံပေးရာ လောသကတိဿ ရဟန်းဟု အမည်တွင်၏။ ရဟန်းဘဝတွင် ဝိပဿနာတရားကို ပွားများအားထုတ်ရာ ရှေးရဟန်းဘဝတုန်းက သီလရှိသော ပုဂ္ဂိုလ်ဖြစ်သည့်အတွက် ရဟန္တာ ဖြစ်သွားလေသည်။ ထိုသို့ ရဟန္တာဖြစ်သွားသော်လည်း ဘုန်းကံနည်းပါး လာဘ်လာဘ ရှားပါးလှပေသည်။ အသဒိသ အလှူကြီးပေးလှူသော်လည်း ထိုရဟန်းမှာ ဆွမ်းဝအောင် မဘုဉ်းပေးရရှာပေ။ အသက်ရှင်ရှိမျှသာ စားသောက်ရ၏။ ထိုရဟန်း၏ သပိတ်ထဲသို့ ယာဂုတဇွန်းမျှ ထည့်လိုက်ရုံဖြင့် သပိတ်ပြည့်သွားပြီဟု အလှူရှင်တို့စိတ်တွင် ထင်သွား၏။ တခါတရံ ထိုရဟန်း၏သပိတ်ထဲသို့ ယာဂုခဲဖွယ်စသည်တို့ကို လှူဒါန်းမည် ပြုသည့်အခါ အလှူရှင်တို့၏ လက်ကဲ၌ ယာဂုစသည်တို့ ပျောက်နေတတ် ပေသည်။

ထိုရဟန်း ပရိနိဗ္ဗာန်စံမည့်နေ့၌မူ ဆရာရင်းဖြစ်သူ အရှင်သာရိပုတ္တရာ မထေရ်ကြီးက "ဒီနေ့ ငါ့တပည့် ပရိနိဗ္ဗာန်စံတော့မယ်၊ ငါသည် ငါ့တပည့် အား အစားအစာအောင် လှူဒါန်းကျွေးမွေးသင့်ပေသည်" ဟု ကြံစည် ပြီး မိမိနှင့်အတူ ဆွမ်းခံခေါ်သွားလေသတဲ့၊ ထိုအခါ ထိုရဟန်းအတွက် ကြောင့် အရှင်သာရိပုတ္တရာ ကိုယ်တော်ကြီးပင် ကန်တော့ဆွမ်းမျှကိုပင် မရတော့ချေ။ ထို့ကြောင့် ထိုရဟန်းကိုပြန်လွှတ်လိုက်ပြီး ရှင်သာရိပုတ္တရာ တပါးတည်းဆွမ်းခံကြွမှ ဆွမ်းရလေတော့သည်။

အရှင်သာရိပုတ္တရာလည်း အိမ်ဟာအိမ်တွင် ဆွမ်းဘုဉ်းပေးပြီးလျှင် အိမ်ကလူများကို ထိုရဟန်းထံသို့ဆွမ်းပို့လွှတ်လိုက်ရာ လွှတ်လိုက်သူများမှာ သတိမေ့ပြီး လမ်းတွင်ချ၍စားပစ်လိုက်ကြလေသည်။ ထိုအကြောင်းကို အရှင်သာရိပုတ္တရာကျောင်းပြန်ရောက်မှသိရလျှင် ကောသလမင်းထံသွား၍ စတုမဓုအလှူခံကာ ထိုရဟန်းအား ကျွေးရလေသည်။ ထိုသို့ကျွေးရာ၌ လည်း သပိတ်ကိုလွှတ်ပေးလိုက်လျှင် သပိတ်ပါကွယ်မည်စိုးသောကြောင့် အရှင်သာရိပုတ္တရာ ကိုယ်တော်တိုင် သပိတ်ကိုကိုင်၍ ကျွေးတော်မူမှ ထိုစတုမဓုကို အဝဘုဉ်းပေး၍ပရိနိဗ္ဗာန်စံရလေသည်။

## အာနန္ဒာသဌေး

ထို့အတူ တယောက်ကံကြောင့်အများခံရသည့် ဝတ္ထုတခုရှိသေးသည်။ ထိုဝတ္ထုမှာ– ဓမ္မပဒအဋ္ဌကထာ၊ ဗာလဝဂ်၌လာသော အာနန္ဒာသဌေးကြီး ဝတ္ထုဖြစ်သည်။ ဗုဒ္ဓရှင်တော်ဘုရား သက်တော်ထင်ရှားရှိစဉ်က သာဝတ္ထိပြည်၌ အာနန္ဒာခေါ်သော သဌေးတဦးရှိ၏။ ကုဋေရှစ်ဆယ် ကြွယ်ဝချမ်းသာ၏။ သို့သော် မပေးကမ်း မလှူဒါန်းလို၊ အလွန်နှမြောဝန်တိုသော သဘောရှိ၏။ လဝက်တိုင်းလဝက်တိုင်း ဆွေမျိုးများကို စည်းဝေး စေပြီး ပစ္စည်းဥစ္စာများကို မသုံးဖြုန်းကြရန် ဆုံးမ၏။ သားဖြစ်သူ မူလသိရိကိုမူ "ချစ်သား- ကုဋေလေးဆယ်လောက်သော ပစ္စည်းဥစ္စာကို များတယ်လို့ မယူဆနဲ့၊ ရှိရင်းပစ္စည်းဟောင်းများကို မလျော့သွားအောင် မပေးမကမ်းပဲ စုဆောင်းထားပြီး ပစ္စည်းသစ်များကိုသာ တိုးပွားအောင် ကြံဆောင်အားထုတ်ရမယ်" စသည်ဖြင့် ကာဒနသုံးကြိမ် ဆုံးမလေ့ရှိသတဲ့။

ထိုအာနန္ဒာသဌေးကြီး သေဆုံးသွားသည့်အခါ မြေ၌မြှုပ်ထားသည့် ရွှေအိုးကြီးငါးလုံးကို သားဖြစ်သူ မူလသိရိအား မပြောကြားမိခဲ့ချေ။ ထိုအာနန္ဒာသဌေးကြီးသည် သာဝတ္ထိပြည် တံခါးအနီးရှိ ဒွန်းစဏ္ဍားရွာ တရွာက ဒွန်းစဏ္ဍားမယားဝမ်း၌ ပဋိသန္ဓေနေလေသည်။ ထိုကလေး ပဋိသန္ဓေနေချိန်မှစ၍ ထိုဒွန်းစဏ္ဍား ရွာသားအားလုံး အလုပ်အကိုင် အဆင်မပြေကြတော့ချေ။ လုပ်သလောက် အခကြေးငွေများကို မရရှာကြ။ ထမင်းဟင်းကိုလည်း စားလောက်ရုံမျှသာရကြ၏။ ထို့ကြောင့် သူတို့အထဲ၌ "ကံဆိုးသူ" ရှိမည်ဟု တိုင်ပင်ကြပြီး ရွာကိုအထပ်ထပ် ခွဲပိုင်းကြရာ နောက်ဆုံး ထိုအာနန္ဒာသဌေးဘဝက လာသူ၏ အမိ အဖ တို့သာ ကြွင်းကျန်လေတော့သည်။ ဤသို့ ထိုသူငယ်၏ကံကြောင့် ဒွန်းစဏ္ဍားတရွာလုံး မကောင်းကျိုးခံရလေသည်။

ဤဝတ္ထုများတွင် ကဿပဘုရားရှင်လက်ထက်က ပြုခဲ့သော မကောင်းမှုကံကြောင့် ထိုပုဂ္ဂိုလ်တို့သာမက ယိုပုဂ္ဂိုလ်တို့ နေထိုင်ရာ တရွာလုံး မကောင်းကျိုး ခံစားရပုံ၊ အရှင်သာရိပုတ္တရာ ကိုယ်တော်ကြီးပင် ထို

ရဟာန်းနှင့်ဘွဲ့၌ ဆွမ်းခံဝင်ရာ ဆွမ်းမရပုံတို့မှာ တယောက်၏ မကောင်းမှုကံက အခြားသက်ဆိုင်သူများကိုလည်း ကံအရှိန်ခတ်တတ်ကြောင်း ညွှန်ပြသည့် သက်သေသာဓကတို့ပေတည်း။

**ဒဏ်ခံရတတ်ပုံ။** ။အချို့ ကုသိုလ်ကံများသည် ကံပြုသူက အစောင့်အရှောက် အနေအထိုင်ကောင်းလှ၍ ထိုသူကို တိုက်ရိုက်ထိခိုက်အောင် မဘတ်နိုင်လျှင် ထိုသူနှင့် ဆက်နွယ်သော မိဘ၊ ဆရာ၊ သား၊ သမီး၊ ကျေးကျွန်နှင့် တပည့်၊ ဒါယကာ၊ ဒါယိကာမများကို ထိခိုက်စေတတ်၏။ ထိုကဲ့သို့တစုံတယောက်ကိုထိခိုက်သွားလျှင် "ဒဏ်ခံသွားရှာသည်" ဟု ပြောစမှတ်ပြုကြ၏။ ထိုသို့ သက်ဆိုင်သူက ဒဏ်ခံသွားသောအခါ အကုသိုလ်ကံရှင်မှာလည်း စိတ်ဒုက္ခရောက်ရသောကြောင့် တနည်းအားဖြင့် ကံပြုသူကိုလည်း ညှဉ်းဆဲပြီးပင် ဖြစ်လေသည်။ ထို့ကြောင့် မဃဒေဝလင်္ကာသစ်၌—

"အခံပုညာ၊ ရှိကြသူမှာ၊ ဇာတာမူလ၊ ဇနမ[1]၌၊ ပါပဂြိဟ်၊ စီးနင်းကျလည်း၊ ကိုယ်မှတပါး၊ ဆွေရိုးများနှင့်၊ ကျွဲနွားမျှသာ၊ ပျက်စီးရာ၏၊ ကိုယ်မှာချမ်းမြေ့၊ ဘေးတွေ့ဘူး[2]—

ဟု မာန်လည်ဆရာတော်ဘုရားကြီး မိန့်ဆိုတော်မူခြင်းဖြစ်သည်။

**ကုသိုလ်ကံ များသူနှင့် နည်းသူ။** ။လောကတွင် လှူဒါန်းမှု၊ သီလ ဆောက်တည်မှု၊ ကမ္မဋ္ဌာန်း ဘာဝနာ စီးဖြန်းအားထုတ်မှု ဟူသော ကုသိုလ်ကောင်းမှု၌ ပျော်မွေ့သူ လူသူတော်ကောင်းများရှိသကဲ့သို့ အမြဲလို ခိုးဆိုးတိုက်ခိုက် လုယက်သတ်ဖြတ် စားသောက်နေသူ လူယုတ်မာများလည်း ရှိကြ၏။ ထိုသူနှစ်မျိုးသည် သာမန်အကုသိုလ်ကံတခုကို ကိုယ်စီကိုယ်င ပြုမိကြသည့်အခါ သူတော်ကောင်း၌ ထိုအကုသိုလ်ကံမှာ အကျိုးပေးခွင့် မရတတ်ပေ။ များစွာသောကောင်းမှုကံတို့က ထိုကံကို ဖုံးလွှမ်းလိုက်ကြ၏။ ယုတ်မာသူ

၁။ ဇနမ—ဖြစ်ပုံ။ ၂။ မဃဒေဝလင်္ကာသစ်၊ ၃၈၃။

၌မှ ထိုအကုသိုလ်ကံကို ကာကွယ်ဖို့ရန် အားကိုးလောက်သည့် ကုသိုလ်ကံ မရှိရကား ထိုအနည်းငယ်မျှသော အကုသိုလ်ကံသည်ပင် လွတ်လွတ်လပ်လပ် အကျိုးပေးနိုင်တော့၏။ ဓားတန်ငယ်ဆင်ရွားဧဦးအံ့ တည့်တွင် သမှေး သားနှင့် ဘိန်းစားတို့သည် အိမ်တအိမ်မှကြက်ကို တကောင်စီ ခိုးယူကြ၏။ ကြက်ရှင်ကသိ၍ လိုက်ရှာသည့်အခါ ကြက်တကောင်ကို သမှေးသားထံ၌ တွေ့ရ၏။ သို့ရာတွင် သမှေးသားကို သူခိုးဟု မစွပ်စွဲဝံ့သည့်ပြင် ချော့ချော့ မော့မော့နှင့် ကြက်ကို ပြန်တောင်းယူရ၏။ ဘိန်းစားကိုမူ ရဲဌာနသို့တိုင်၍ ထောင်ချလိုက်သည်နှင့် တူပေသည်။

တနည်းအားဖြင့် ဆားတပိဿာကို ရေတော်မြစ်ထဲ၌ချသော် ရေ၏ အရသာမပျက်သကဲ့သို့ ကုသိုလ်ကံများစွာရှိသူ၌ အကုသိုလ်ကလေးအတွက် မကောင်းကျိုးအရသာ မပေါ်ထွက်နိုင်ချေ။ ထိုဆားတပိဿာကို ရေအင်အား နည်းသည့် သောက်ရေအိုးတလုံးထဲ၌ထည့်လိုက်လျှင်သောက်ရေများ အားလုံး ပျက်သွားသကဲ့သို့ ကုသိုလ်ကံအကာအကွယ် အနည်းငယ်မျှရှိသူ၌ အထိုက်အလျောက် အကုသိုလ်ဖြစ်လျှင် ထိုရှိရင်း ကုသိုလ်ကလေးများ၏ သတ္တိပင် ပျက်ပြားတော်လေသည်။

ဤသို့လျှင် ကာမာဝစရကုသိုလ်ကံ အကုသိုလ်ကံတို့သည် "ရေများ ရေနိုင်၊ မီးများမီးနိုင်" ဆိုသကဲ့သို့ ပြားရာကနိုင်သော သဘောရှိရကား များစွာသောကုသိုလ်များကို အနည်းငယ်သောအကုသိုလ်က မနှောင့်ယှက် နိုင်ပါသော်လည်း အနည်းငယ်သောကုသိုလ်ကို အနည်းငယ်သောအကုသိုလ် ကပင် အနှောင့်အယှက်ပေးနိုင်သောကြောင့် လူ့ဘိုင်းလူ့ဘိုင်း ကုသိုလ် ခံဘပ်ကြီးများကို ခိုင်ခံ့စွာ ဖော်ဆောက်တည် ထားသင့်ကြပေသည်။

**ကုသိုလ်ကအကုသိုလ်ထက်အားကြီးပုံ။** ။ကာမကုသိုလ် တရားတို့သည် မိမိနှင့်ဆန့်ကျင်ဘက်အကုသိုလ် တရားတို့ကို မိမိဖြစ်ဆဲ တည်ဆဲခဏ၌ အခိုက် အဘန့် အားဖြင့် ပယ် ခြင်း (တဒင်္ဂပဟာနသတ္တိ)။ မဟဂ္ဂုတ်ကုသိုလ်တို့သည် ကာမစ္ဆန္ဒစသော နီဝရဏ

အကုသိုလ်တို့ကို ကာလအတန်ကြာအောင် ပယ်ခွာသားခြင်း (ဝိက္ခမ္ဘန-ပဟာနသတ္တိ)။ မဂ်ကုသိုလ်များသည် ဆိုင်ရာအကုသိုလ်တရားတို့ကို နောက်ထပ်တဖန် ပြန်၍မဖြစ်နိုင်အောင်အပြီးတိုင် အကြွင်းမဲ့ပယ်ရှားဖျက်ဆီးခြင်း (သမုစ္ဆေဒပဟာနသတ္တိ)ဟူသော အစွမ်းသတ္တိသုံးမျိုးဖြင့် အကုသိုလ်တို့ကို ပယ်ဖျောက်နိုင်ခြင်းကြောင့် ကုသိုလ်သည် အကုသိုလ်ထက် အားကြီးကြောင်း ထင်ရှားသိသာ၏[၁]။

ကုသိုလ်သည် အဖန်တလဲလဲပွါးများအပ်၊ ထုံအပ်သော အာသေဝန-သတ္တိရသောကြောင့် အားကြီး၍ အကုသိုလ်မှာမူ ပွါးများအပ်၊ ထုံအပ်သော အာသေဝနသတ္တိမရှိသောကြောင့် အားနည်းသည်[၂]။

ကုသိုလ်တို့၌ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ၊ ဟိရိ၊ ဩတ္တပ္ပ ဟူသော အား (၇) ပါး ပါဝင်ခြင်းကြောင့် အားကြီးသည်။ အကုသိုလ်၌ကား အထက်ပါအားများမရှိ၊ အဟိရိကအနောတ္တပ္ပအား ၂-ပါးသာရှိ၍ ထိုအားများသည်လည်း ဆန့်ကျင်ဘက်နှင့် တွေ့သည့်အခါ မတုန်မလှုပ်ခံနိုင်ရည်ရှိသော အားများမဟုတ်ကြ။ ဆန့်ကျင်ဘက်တရားတို့ကို ခိုင်ခံ့ရုံသာ စွမ်းနိုင်သောတရားများ ဖြစ်သည်။ ထို့ကြောင့် အကုသိုလ်သည် ကုသိုလ်ထက် အားနည်းသည်ဟု မှတ်ယူနိုင်သည်[၃]။

မိလိန္ဒပဥှာ ပါဠိတော်၌လည်း မိလိန္ဒမင်းကြီးက – အကုသိုလ်သည် ချက်ချင်း လက်ငင်း ဝိပါကမှုအကျိုးပေးများခြင်းကြောင့် လည်းကောင်း၊ အကျိုးပေးမြန်ခြင်းကြောင့် လည်းကောင်း၊ ကုသိုလ်ထက်အားကြီးသည် မဟုတ်လောဟု သာဓကဥပမာစုံလင်စွာဖြင့် လျှောက်ထားရာ အရှင်နာဂ-သေနမထေရ်က ကုသိုလ်ကသာ 'အကုသိုလ်ထက် အားကြီးကြောင်းကို အထောက်အထား ယုတ္တိသာဓကဥပမာတို့ဖြင့် ဖြေကြားတော်မူရာ မိလိန္ဒ

---

၁။ . အလင်္ကာ၊ ဋီ၊ သစ်၊ ဟောင်း။ ၅၁။
၂။ အဘိ၊ ဋ္ဌ၊ ၁။ ၁၆၇-၈၊ ၂၉၇။ ဝိဘာဝိနီဋီကာ၊ ၂၂၃။
၃။ မူလဋီကာ၊ ၁။ ၂၉။ အဘိဓမ္မာဝတာရဋီကာသစ်၊ ၁။ ၁၇၆။

မင်းကြီးသည် သာဓုခေါ်၍ ကုသိုလ်၏ အားကြီးသည့်အဖြစ်ကို ဝန်ခံရလေသည်။ အကျယ်ကို သိလိုပါမူ မိလိန္ဒပဉှာပါဠိတော် ၂၈၀ နှင့် မြန်မာပြန် (၃၀၀) တို့၌ကြည့်နိုင်ပါသည်။

**ကံအကျိုးပေးဆန်းကြယ်ပုံ။** ။အလုံးစုံသော သတ္တဝါတို့သည် အစမထင်သော အနမတဂ္ဂသံသရာပြင်၌ ကျင်လည်ကြရာတွင် အောက်ဆုံးဖြစ်သော အဝီစိငရဲကြီးမှသည် အထက်ဆုံး ဘဝဂ်ခေါ်သည့် နေဝသညာ နာသညာယတနဘုံအထိ ဘုံပေါင်း သုံးဆယ့်တဘုံအတွင်း၌ ကျင်လည်ကြရကုန်၏။ ထိုဘုံများကား သတ္တဝါများတည်းခိုရန် စရပ်ကြီးများသဖွယ် ဖြစ်ကြကုန်၏။ သတ္တဝါတို့သည် ကံအားလျော်စွာ ကျင်လည်ကြရသည်ရှိသော် နတ်အဖြစ်သို့လည်း ရောက်ကြ၏။ ဗြဟ္မာအဖြစ်သို့လည်း ရောက်ကြ၏။ မဟာဗြဟ္မာအဖြစ်သို့လည်း ရောက်ကြ၏။ ထိုမှအထက်၌ ဒုတိယစျာန် ဗြဟ္မာ၊ တတိယစျာန် ဗြဟ္မာ၊ ဝေဟပ္ဖိုလ်ဗြဟ္မာ၊ အသညသတ်ဗြဟ္မာ အဖြစ်သို့လည်း ရောက်ကုန်၏။ ထိုမှအထက် အရူပဗြဟ္မာအဖြစ်သို့လည်း ရောက်ကြ၏။ ထိုသို့ အထက်အထက်ဘုံတို့၌ ဖြစ်ကုန်သော်လည်း စိတ်မချရသေးပဲ တဖန်အပါယ်ငရဲသို့ ကျရောက်ရပြန်ကုန်၏။

ထိုသို့ ကမ္မဝိပါကတန်ခိုးဖြင့် မြေလျှိုးမိုးပျံ ကျင်လည်ကြရပုံသည် အလွန်ဆန်းကြယ်လှသောကြောင့် ထိုကံ၏အစွမ်းကို သာမန်လူသားတို့ ကြံစည်ခြင်းငှာ လိုက်သောအရာမဟုတ်ချေ။ ယနေ့ပင်လျှင် တန်ခိုးအာနုဘော်ကြီးသော နတ်မင်းကြီး၊ ဗြဟ္မာမင်းကြီးဖြစ်၍ ဝမ်းနားစွာ ခံစားစံစားနေရ၏။ နက်ဖြန်သဘက်တွင် ခွေး ဝက် ကြက်ငှက်တိရစ္ဆာန် ဖြစ်နိုင်၏ဟု ဆိုထိုက်၏။ ဤသို့ဖြစ်ရခြင်းမှာ ကံအကျိုးပေးအစွမ်းက မကြံစည်နိုင်လောက်အောင် ဆန်းကြယ်၍နေသောကြောင့် ထိုသို့ကျင်လည်မှု ဆန်းကြယ်ပုံကို လူသာမန်တို့ မကြံစည်နိုင်ကုန်။ အပါယ်ဘုံတွင် အကျုံးဝင်သော ပြိတ္တာဘုံ၊ တိရစ္ဆာန်ဘုံတို့၌ သတ္တဝါအမျိုးမျိုးတို့

အထူးထူးအထွေထွေ ဖြစ်နေကြပုံကို ကြည့်ရှုဆင်ခြင်လျှင် သာ၍ပင် ကံအကျိုးပေးဆန်းကြယ်၍ ကြံနိုင်ဖွယ်ရာအကြောင်းမရှိသော အချက်သို့ ထင်ရှားကုန်၏။

ထို့ပြင် လူတိရစ္ဆာန်တို့ ကိုယ်ခန္ဓာတွင် ရှေးကံကြောင့်ဖြစ်ပွားနေကြသော ကမ္မဇရုပ်များ ရှိကြ၏။ ထိုကမ္မဇရုပ်တို့သည် ကြံစည်၍မရနိုင်လောက်အောင် ဆန်းကြယ်သော ရုပ်များဖြစ်ကြ၏။ ကမ္မဇရုပ်တို့ အကြွင်းမဲ့ချုပ်ငြိမ်းသွားသည့် ခန္ဓာကိုယ်ကြီးကို တဖန်ပြန်၍ ရှင်အောင် ကြိုးစားသူသည် ရူးသွပ်ခြင်း ဟူသော ဆုသာဘ်ကိုသာ ရရှိမည်။ အကြောင်းမှာ ထိုရုပ်တရားတို့သည် မစွပ်ပွန်၌ဖြစ်သော လူတို့၏အစွမ်းနှင့် မည်သို့မျှ မသက်ဆိုင်ပဲ ရှေးအကိဘ်ကံ၏ အဆာသာဖြစ်သောကြောင့်ဖြစ်သည်။

ထို့မှတပါးလည်း ကံ၏အစွမ်းကြောင့် ဖြစ်ကုန်သော သဏ္ဍဝါတို့၏ သန္တာန်၌ ရုပ်နာမ်တို့၏ ကည်ထောင်ဖြစ်ပွား၍ နေပုံသည်လည်း လွန်စွာဆန်းကြယ်၏။ လူသတ္တဝါချင်း အတူတူဖြစ်ကျက် အချို့မှာ အသက်ရှည်၍ အချို့မှာ အသက်တိုကြ၏။ အချို့မှာ အနာရောဂါများ၍ အချို့မှာ အနာရောဂါနည်းကြ၏။ အချို့မှာ ရုပ်ဆင်းအင်္ဂါ လှပတင့်တယ်ကြ၍ အချို့မှာ အရုပ်ဆိုး အကြည့်ဟန်ကြ၏။ အချို့မှာ တန်ခိုးအာဏာကြီးမားကြ၍ အချို့မှာ တန်ခိုးအာဏာ ပြင်းအမျိုန်အပါ နည်းပါးကြ၏။ အချို့မှာ ပစ္စည်းဥစ္စာ ရွှေငွေရတနာများ ကြွယ်ဝချမ်းသာကြ၍ အချို့မှာ ထမင်းနပ်မှန်အောင် မစားရသည်အထိ ဆင်းရဲကြ၏၊ အချို့မှာ အဆင့်အတန်းမြင့်သော အမျိုး၌ဖြစ်၍ အချို့မှာ အဆင့်အတန်းနိမ့်သော အမျိုး၌ဖြစ်ကြ၏။ အချို့မှာ ပညာရှိ၍ အချို့မှာ ပညာမဲ့ကြသည်။ ဤသို့မတူကွဲပြားခြားနားကြပုံ၊ ပုံပန်းသဏ္ဌာန်နှင့်တကွ တည်ရာဌာနအားဖြင့် ရုပ်နာမ်တို့၏ ဖြစ်နေပုံတို့သည် သာမန်လူသားတို့ ကြံစည်ဆင်ခြင်၍ ရနိုင်သော အရာမဟုတ်ပေ။ ဘုရားရှင်တို့၏ ဉာဏ်ဟော်အရာသာ ဖြစ်သည်။

သူတို့သုံးဦး။ ။ကံအကျိုးပေး ဆန်းကြယ်ပုံကို ပြဆိုဦးအံ့–ဗုဒ္ဓရှင်တော်မြတ်ဘုရား သက်တော်ထင်ရှားရှိတော်မူစဉ်ကာသည်းဝတ္ထိမြို့တော်၏ တံခါးအနီးတွင် ဒွါရမည်သော ရွာတရွာရှိ၏။ ထိုရွာကို မီးလောင်သည့်အခါ မီးလောင်ပြီး လေအဟုန်ဖြင့် ကောင်းကင်သို့ လွင့်တက်သွားသော မြက်ကရွတ်ခွေတခုသည် ကောင်းကင်တွင် ပျံလာသော ကျီးတကောင်၏ လည်ပင်းတွင် ဝင်စွပ်မိလေသည်။ ထိုကျီးမှာ ကျွယ်လောင်စွာ အော်မြည်ကာ မြေသို့ကျ၍ သေရရှာသည်။

မဟာသမုဒ္ဒရာ၌လည်း သင်္ဘောကြီးတစင်းသည် ရွက်တိုက်စက်ခုတ်၍ သွားနေဆဲမှာပင် ရုတ်တရက် ရပ်သွား၏၊ ရွက်လည်းရ စက်လည်းကောင်းလျက် သင်္ဘောကြီးရပ်ဟန့်သွားသည့် အချက်ကို လေ့လာရှာဖွေကြရာမည်သည့်ချွတ်ယွင်းချက်ကိုမျှ မတွေ့ကြသဖြင့် "သင်္ဘောမှာ ကံဆိုးသူပါနေပြီ" ဟု ယူဆပြီး မဲချကြသည်။ စာရေးတံမဲသည် သင်္ဘောသူကြီးကတော်၏ လက်၌သာ သုံးကြိမ်တိုင်တိုင် ကျလေသည်။ ထိုအခါသင်္ဘောသူကြီးသည် မိမိမိန်းမအပေါ်က် လူအများကို မပျက်စီးကောင်းပေဟုဆိုပြီး ထိုလေ့သူကြီးကတော်၏ လည်တွင် သဲအိုးကိုချည်၍ သမုဒ္ဒရာထဲသို့ ပစ်ချလိုက်စေသည်။ ထိုအခါမှသာ သင်္ဘောကြီးသည် ရှေးနည်းအတိုင်း ဆက်လက်ပြေးသွားနိုင်လေ တော့သည်။

ရဟန်းခုနစ်ပါးသည်လည်း တောင်ခြေရင်းရှိ လိုဏ်တခု၌ သီတင်းသုံးနေတိုင်စဉ် အာက်မှ တောင်ထွတ်ကြီးတခု ပြိုကျ၍ လိုဏ်ပေါက်ဝ ပိတ်သွားလေသည်၊ ခုနစ်ရက်ကြာမှ ကျောက်ဆောင်ကြီး အလိုလိုလိမ့်သွား၍ ပွင့်လေသည်။

ထိုဆန်းကြယ်သောအဖြစ်အပျက်ကြီးသုံးခုတို့အကြောင်းကို ဇေတဝန်ကျောင်းတော်၌ ရှင်တော်မြတ်ဘုရား တရားဟောကြားတော်မူနေစဉ် လျှောက်ထားကြသည်။ ထိုအခါ၌ ရှင်တော်ဘုရားသည် ထိုပုဂ္ဂိုလ်သုံးဦးတို့၏ အတိတ်အကြောင်းကို ပြန်ပြောင်း ဟောကြားတော်မူသည်။ ထို

သုံးဦးတို့တွင် ကျီးသတ္တဝါသည် ရှေးလူဖြစ်စဉ်ဘဝ၌ နွားကြမ်းတကောင်ကို ဆုံးမ၍မရသောကြောင့် နွား၏လည်တွင် ကောက်ရိုးစည်းကို ဖွဲ့ချည်လျက် မီးတိုက်ပြီးလွှတ်လိုက်၏၊ နွားကြမ်းကြီးမှာ ထိုမီးလောင်မှုကြောင့် ပျက်စီးဆုံးရှုံးသွားရလေသည်။ ထိုကံဟောင်းကြောင့် ယခု ကျီးဖြစ်သောဘဝတွင် ကောင်းကင်ပျံသွားစဉ်မှာပင် လည်တွင်မီးကွင်းစွပ်၍ သေဆုံးရခြင်းဖြစ်သည်။

လှေသူကြီး ကတော်မှာလည်း ရှေးဘဝက မိန်းမတယောက်ပင်ဖြစ်၏၊ ခွေးတကောင်သည် မိမိတောထဲသို့ ဝင်သည့်အခါ၌ဖြစ်စေ၊ ပြန်လာသည့်အခါ၌ ဖြစ်စေ မိမိနောက်သို့ တကောက်ကောက်လိုက်လျက်နေသည်၊ သူမြင်သူများက "ဒို့ ခွေးမုဆိုး ထွက်လာပြီဟေ့"ဟု ပျက်ရယ်ပြုကြ၏၊မိမိခွေးကိုလည်းမလိုက်အောင် မည်သို့မျှမလုပ်နိုင်ချေ၊ ထို့ကြောင့် ခွေး၏လည်တွင် သဲအိုးကိုဆွဲကာ ရေယဉ်၌နှစ်သတ်ပူးခဲ့သည်၊ ထိုကံဟောင်းကြောင့် သင်္ဘောသူကြီးကတော် ဖြစ်လာချိန်ကျင် ယခုကဲ့သို့ သမုဒ္ဒရာထဲတွင် သဲအိုးဆွဲ၍ ပစ်ချင်ရလေသည်။

လိုဏ်ပိတ်ခံရသော ရဟန်းမှာလည်း ရှေးဘဝက နွားကျောင်းသားဖြစ်ခဲ့ရာ ဖွတ်တကောင် တွင်းထဲဝင်သည်ကို မြင်၍ သစ်ရွက်တို့ဖြင့် တွင်းကို ပိတ်ဆို့သွားခဲ့သည်၊ ခုနစ်ရက်ကြာမှ ထိုနေရာသို့ရောက်၍ တွင်းကိုဖွင့်ကြည့်ရာ အငတ်၍ အားပြတ်ပြီးထွက်လာသည့် ဖွတ်ကို မြင်ရ၍ သနားသဖြင့် ချမ်းသာစွာလွှတ်လိုက်သည်၊ ထိုကံဟောင်းကြောင့် လိုဏ်ပိတ်ခုနစ်ရက်ခံရခြင်း ဖြစ်လေသည်ဟု အတိတ် ဇာတ်ကြောင်းပြန်ကာ အောက်ပါတရားကို ဟောကြားတော်မူပါသည်။

"မကောင်းမှုကို ပြုခဲ့သောသတ္တဝါသည် ကောင်းကင်၌ပင် ကည်နေသည်ဖြစ်စေ၊ သမုဒ္ဒရာအလယ်၌ပင် တည်နေသည်ဖြစ်စေ၊ တောင်ခေါင်းတွင်း၌ပင် ဝင်အောင်းနေသည်ဖြစ်စေ၊ ထိုပြုခဲ့သည့်မကောင်းမှု

ကံ၏အကျိုးမှ မလွတ်မြောက်နိုင်ချေ။ ကြွ ဩကာသလောကတွင် မကောင်းမှုကံ၏ အကျိုးပေးမှုမှ လွတ်မြောက်နိုင်သည့် အရပ်ဆိုသည်မှာ လုံးဝမရှိပါချေ။[၁]

**သေကံမရောက် သက်မပျောက်သူနှစ်ဦး။** ။ကံအကျိုးပေး ဆန်းကြယ်ပုံကိုမျက်မှောက်ခေတ်အဖြစ်အပျက်များဖြင့် ဆက်လက်တင်ပြပါဦးမည်။လွန်ခဲ့သည့် နှစ်နှစ်လောက်က မြန်မာနိုင်ငံအထက်ပိုင်းမြို့ကြီးတမြို့တွင် အသက်(၁၁)နှစ်ရွယ်အမျိုးသမီးငယ်တဦးမှာ ကိတ္တတခုဖြင့် ကားသပ်မကြီးဘေးမှ လမ်းလျှောက် လာပါသည်။ ထိုအချိန်တွင် လော်လီကားကြီးတစင်းမှာထိုကလေးမနောက်မှ သူသွားသည့်ဘက်သို့ပင် ဦးတည်မောင်းနှင်လာရာ ထိုကလေးမလေးနှင့် ပေ(၄၀)ကွာသန့်အရောက်တွင်ဗြိတ်သွားရင် ချော်သွင်းသွားပြီးထိုကလေးမလေးရှိရာဘက်သို့ တိုးသွားနေသည်။ ယင်းသို့ ကားကြီးမိမိဘက်သို့လာနေသည်ကိုပင် ကလေးမလေးမှာ နောက်ပြန်မကြည့်နေ၍ မသိရှာချေ။ သို့သော် အနီးမှ အမျိုးသားကြီးတဦးက မြင်ရသဖြင့် အလျင်အမြန်ပြေးသွားပြီး ထိုကလေးမလေးကို ဘေးသို့တွန်းလိုက်ရာ ထိုကလေးမလေးလွတ်သွားပြီး အမျိုးသားကြီးမှာ ထိုကားကြီးတိုက်၍ ကွယ်လွန်သွားရရှာလေသည်။

ထို့အတူ လွန်ခဲ့သည့်နှစ်က မွန်ပြည်နယ်၊အပေါင်မြို့အနီး ဇင်းကျိုက်ရွာကလေးတွင် ကလေးမိခင်တဦးသည် ကားလာနေစဉ် လမ်းဖြတ်ကူးသည့် သားငယ်အား ကားတိုက်မိမည်စိုးသောကြောင့် နောက်မှလိုက်၍ ဖမ်းရာ သားငယ်ကလေး လွတ်သွားပြီး မိခင်မှာ ကားတိုက်သေဆုံးရရှာသည်။

**အမိနိုင်ငံပြန်လိုသည့်သင်္ဘောသား။** ။ထို့ပြင် မကြာမီကမြန်မာသူငယ်ချင်းနှစ်ယောက်တို့သည် နိုင်ငံခြားသင်္ဘောကုမ္ပဏီတခုစီတွင် သင်္ဘောသားများအဖြစ် ဝင်ရောက် အမှုထမ်း

---

၁။ အဘိ၊ ဋ္ဌ ၁၊၃၁၃။ ဓမ္မပဒပါဠိ၊ ၃၂။

နေကြပါသည်။ ထိုနှစ်ယောက်အနက် တယောက်မှာ မြန်မာနိုင်ငံရှိ မိဘများထံသို့ ကားတစ်စောင်ပို့လိုက်ရာ မိဘများထံသို့ ကားရောက်ရှိနေပြီဖြစ်ပါသည်။ ထိုအချိန်တွင် သူငယ်ချင်း နှစ်ယောက်တို့အမှုထမ်းကြသည့် သင်္ဘောနှစ်စင်းမှာ စင်္ကာပူနိုင်ငံတွင် ဆုံမိကြပါသည်။ မိဘများ ထံသို့ ကားပို့ထားသည့် သင်္ဘောသား အမှုထမ်းသည့် သင်္ဘောမှာ အခြား တနိုင်ငံသို့ ဆက်လက်ထွက်ခွာရမည်ဖြစ်၍ သူငယ်ချင်း၏သင်္ဘောမှာ မြန်မာနိုင်ငံသို့ ထွက်ခွါရမည်ဖြစ်ပါသည်။ ထို့ကြောင့်မိဘများထံ ကားပို့ထားသည့်သင်္ဘောသားကလေးမှာ ကားနှင့်ပတ်သက်သည့် စိမ့်စရာ ကိစ္စများကို မိဘများထံ ပြန်စိမ့်လိုသဖြင့် မိမိသူငယ်ချင်းကို တောင်းပန်ကာ သင်္ဘောအရာရှိများ၏ သဘောတူညီချက်ကို ရယူ၍နေရာချင်းလဲလိုက်ကြပါသည်။

သို့ဖြင့် မိဘများထံ ကားပို့ထားသည့် မြန်မာသင်္ဘောသားကလေးမှာ မြန်မာနိုင်ငံသို့ ထွက်ခွါလာသည့်သင်္ဘောကို စီးနင်းလိုက်ပါလာပါသည်။ ကံမကောင်း အကြောင်းမလှချင်တော့ ယင်းသင်္ဘောကြီးမှာမြန်မာနိုင်ငံသို့ မရောက်မီ လေမုန်တိုင်းကျကြောင့် သမုဒ္ဒရာပြင်၌ နစ်မြုပ်သွားလေရာ ထိုမြန်မာသင်္ဘောသားကလေးမှာလည်း အခြားသင်္ဘောသားအများစုနှင့် အတူ ပျက်စီးသေဆုံးသွားရရှာပါသည်။ ကံတရားက အကျိုးပေးဆန်း ကြယ်လှပေစွတကား။

လက်မှတ်ပရမကဝယ်သောဘုန်းတော်ကြီး။ ။ဒုတိယကမ္ဘာစစ်ကြီးငြိမ်း ပြီးစကာလ ၌ ထားဝယ်မြို့ သား ကျောင်းထိုင်ဘုန်းတော်ကြီး တပါးသည် ညောင်တုန်းမြို့ ရွှေဟသာ်တာရတိုက်၊ ကျေးဇူးရှင်ဆရာသခင်များထံသို့ အဖူးမြော်လာခဲ့ပါသည်။ ထိုဘုန်းတော်ကြီးသည် ထားဝယ်မြို့သို့အပြန်တွင် ထားဝယ်မြို့သို့ဝင်သည့် ဒေဒယ်မဆိုက်ခေါ် ခရီးသယ်တင်သင်္ဘောကြီးနှင့် လိုက်ပါရန်သင်္ဘော လက်မှတ်သွားယူပါသည်။ လက်မှတ်ရောင်းရှာ၌ ပန်နေရှာက သင်္ဘောလက်မှတ်ကုန်သွားပြီဖြစ်ကြောင်း လျှောက်ထားရာ ဘုန်းတော်ကြီးကသင်္ဘော

လက်မှတ်ရအောင် စီစဉ်ပေးဖို့ အတန်တန်တောင်းပန်သည်။မန်နေဂျာက "အရှင်ဘုရား၊ သိတ်လိုက်ချင်နေရင် နက်ဖြန်နံနက်ဇောဇော တခေါက် လာကြည့်ပါ၊ ကံကောင်းလျှင် အရှင်ဘုရားလက်မှတ်ရမှာပဲ" ဟု ပြန် လျှောက်ထားလိုက်သည်။

မန်နေဂျာ ပြောထားသည့်အတိုင်း နောက်တနေ့ နံနက်စောစော တခေါက်သွားရာ အခြားပျက်ကွက်သူ၏ လက်မှတ်ကိုရရှိ၍ ထို အဒမ်မဆင်သင်္ဘောကြီးဖြင့် ထားဝယ်သို့ ပြန်ခဲ့သည်၊ အဒမ်မဆင် သင်္ဘောကြီးကား ထားဝယ်သို့ဝင်ကာနီးတွင် ညအချိန်နစ်မြုပ်သွား လေရာ ထိုဘုန်းတော်ကြီးမှာလည်း ခရီးသည်ပေါင်းများစွာနှင့် အတူ ပျံလွန်တော်မူရရှာသည်။ လက်မှတ်အရောင်းဌာနက မန်နေဂျာ ပြော လိုက်သည့် "ကံကောင်းလျှင်" ဆိုသောစကားမှာ ကံအကျိုးပေး ဆန်း ကြယ်မှုကြောင့် ယိုဘုန်းတော်ကြီးအတွက်ပြောင်းပြန်ဖြစ်သွားရပေသည်။

ထို့ပြင် ကူးတို့သင်္ဘောစီးလက်မှတ်ယူပြီးမှ ခရီးသည် များလွန်း၍ ပြန်လည်ဆင်းနေခဲ့သဖြင့် ကူးတို့သင်္ဘောနှင့်မြှုပ်သွားရာဘဝင်မသေဘဲ ကျန် နေသူများရှိသကဲ့သို့ လေယာဉ်လက်မှတ်ယူပြီးမှ အချိန်မီ ရောက်မလာ သဖြင့် ကျန်ရစ်ခဲ့ရာ ယိုလေယာဉ်ပျက်ကျရာတွင် မပါဝင်ပဲ အသက်ရှင်သူ များလည်း ရှိပေသည်။

ဤသို့လျှင် ကံအကျိုးပေးကား မကြံစည်နိုင်လောက်အောင်ပင်ဆန်း ကြယ်လှပေသည်။ယို့ကြောင့် ဗုဒ္ဓရှင်တော်ဘုရားက—

> ရဟန်းတို့၊ ကြံစည်၍ မရနိုင်သော (ဝါ) မကြံစည်သင့် မကြံ ထိုက်သော ကံ၏အကျိုးကို မကြံစည်သင့်၊ မကြံစည်ထိုက်၊ ထိုကံ အကျိုးပေးပုံကို ကြံစည်စဉ်းစားသောသူသည် ရူးသွပ်ရုံ၊ ပင်ပမ်း ဆင်းရဲရုံမှတပါး အခြားအကျိုးမရှိ[၁] –

ဟု လမ်းညွှန် ဟောကြားတော်မူခဲ့ခြင်း ဖြစ်ပါသည်။

---

၁။ အံ၊၁၊၃၄၂။

## ၈။ စေတနာကြောင့် ဘဝစက်ဝန်း (သံသရာ) လည်ပုံ

ယခုပစ္စက္ခအခြေအနေကိုကြည့်လျှင် လက်ရှိဘဝ၌ မိမိတို့ ချမ်းသာရေးကိုသာ မြော်တွေး၍ သတ်မှု, ခိုးမှု, လာဘ်စားမှု,အဂတိလိုက်စားမှု, မကောင်းကြံစည်မှု စသည့် အကုသိုလ် ဒုစရိုက်မှုများကို အပြစ်မရှိသည့်အလား အားပါးတရ အားထုတ်နေကြသည်ကို တွေ့ရသည်။ တမလွန်ဘဝကောင်းစားရေးအတွက်လည်း လူချမ်းသာ,နတ်ချမ်းသာ,ဗြဟ္မာ့ချမ်းသာတို့ကိုရည်မျှော်ကာ ဒါနမှု, သီလမှု, ဘာဝနာမှု များကိုပြုကြသည်။ ထိုဘဝနှစ်ပါး ကောင်းစားရေးအတွက် ကြိုးစား အား ထုတ်ကြသည့် ကုသိုလ်မှု, အကုသိုလ်မှုများကို သင်္ခါရ ဟုခေါ်သည်။

ကိုသင်္ခါရနှစ်မျိုးတွင် မကောင်းမှုအကုသိုလ်သင်္ခါရကြောင့် ဒုဂ္ဂတိဟုဆို အပါယ်ပဋိသန္ဓေ [illegible]ဖြစ်ကာ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ် ဟူ၍ သက္ကာဝါအမျိုးမျိုးဖြစ်လာကြသည်။ ကုသိုလ်သင်္ခါရ (ပုညာဘိသင်္ခါရ၊ အာနေဉ္ဇာဘိသင်္ခါရ) [illegible] ဝိညာဏ်အမျိုးမျိုး ဖြစ်[illegible] [illegible] ဖြစ်လာကြသည်။ [illegible] သင်္ခါရကြောင့် [illegible] မြင်သိစိတ်, [illegible] များ ဆက်လက် ဖြစ်ကြသည်။

ဝိညာဏ်ကြောင့်နာမ်ရုပ်ဖြစ်သည်။ ။[illegible] စိတ်များ ဖြစ်လာသည်နှင့် [illegible] [illegible] သေဇော, [illegible] လည်း မိးတွင်ရှိ[illegible] [illegible] အတူပါလာကြသည်။ ထို[illegible]ဖြစ်သော [illegible], နာမ်, ရုပ်တို့[illegible] ဝိညာဏ်သည် [illegible]ခေါင်းဆောင်ဟည်း။ ထို့ကြောင့် ဝိညာဏ်[illegible] နာမ်ရုပ်ဖြစ်သည်ဟု [illegible] [illegible] [illegible] [illegible] အဆောက်အဦကြောင့် [illegible] [illegible] ရုပ်များ အဆက်မပြတ် ဖြစ်[illegible]ကြသည်။

**နာမ်ရုပ်ကြောင့်အာယာတန (၆) ပါးစသည် ဖြစ်ခြင်း**

စေတသိက်ခွဲသုံးပါး ဟူသောနာမ် တရားနှင့် ရုပ်များကြောင့် မျက်စိ,နား, နှာ, လျှာ, ကိုယ်,စိတ်ဟူသော အာယာတန (၆)ပါးဖြစ်သည်။ အာယာတန (၆)ပါးကြောင့် အာရုံ,အာယတန, ဝိညာဏ်တို့ပေါင်းဆုံမှု အတွေ့ဖဿဖြစ်သည်။ အတွေ့ဖဿ ဖဿ ကြောင့် အာရုံကိုခံစားမှုဝေဒနာပေါ်လာ၏၊ ခံစားမှုဝေဒနာကြောင့် တပ်မက်တွယ်တာမှု၊ လိုချင်တောင့်တမှုတဏှာဖြစ်၏။ ထိုသည်ဟုတဏှာကြောင့် လက်ရှိဘဝလောကစည်းစိမ်ဟူသော ဘောဂသမ္ပတ္တိ၊ဟနောက်ဘဝချမ်းသာ ဟူသော ဘဝသမ္ပတ္တိတို့ကိုမရမနေလိုချင်မှု စွဲလမ်းမှုဥပါဒါန်ဖြစ်လာသည်။ ဥပါဒါန်ကြောင့်ကောင်းသောအလုပ် (ကုသိုလ်)၊ မကောင်းသောအလုပ် (အကုသိုလ်)တို့ကိုပြုလုပ်အားထုတ်ခြင်း [illegible] ဘဝဖြစ်လာ၏။ ပ[illegible]င်း ကမ္မဘဝကြောင့် ဘဝသစ်၌ [illegible]ခြင်း [illegible]လာ၏။ ဇာတိ ကြောင့်အိုခြင်း(ဇရာ)၊သေခြင်း(မရဏ)၊ [illegible]ကြောင့်ကြခြင်း(သောက) ငိုကြွေးမြည်တမ်းခြင်း(ပရိဒေဝ)၊ ကိုယ်ဆင်းရဲခြင်း (ဒုက္ခ)၊ စိတ်ဆင်းရဲ ခြင်း(ဒေါမနဿ)၊ [illegible]ခြင်း (ဥပါယာသ) [illegible]ဆက်များဖြစ်လာကြသည်။

**အာသဝကြောင့်အဝိဇ္ဇာဖြစ်သည်။**

။ ဤအိုးရိမ်ကြောင့်ကြခြင်း(သောက)၊ စိတ်ဆင်းရဲ (ဒေါမနဿ)၊ ပြင်းစွာ ပင်ပန်းသင်းရဲ (ဥပါယာသ)တို့သည် [illegible] စေတ သိက်များဖြစ်သည်။ [illegible]ကြောင့်သော [illegible] အဝိဇ္ဇာ [illegible] မောဟလည်း အမြဲ [illegible] ပါသည်၊ [illegible] ငိုကြွေးမြည်တမ်း ခြင်းမှာလည်း အဝိဇ္ဇာမကင်းသူကိုသာ [illegible] ဆင်းရဲမှုဒုက္ခဖြစ် လာသည့်အခါ စိတ်ဆင်းရဲမှုဒေါမနဿနှင့်အဝိဇ္ဇာလည်း ဆက်လက်ဖြစ်လာ ဟပ်သည်။ထိုသောက စသည်တို့ [illegible] ဆိုသော်လည်း [illegible] "ကာမာသဝ [illegible]" [illegible] အကြောင်း [illegible] မှာသာပတရားများသာဖြစ်ပါသည်။ဆိုလိုသည်မှာ သောကစသည်ဖြစ်ခြင်း

မှာ အာသဝေါမကင်းသေးသောကြောင့် ဖြစ်သည်၊ အာသဝေါမကင်း သေးက အာသဝကြောင့် သောကစသည်နှင့်တကွ အဝိဇ္ဇာလည်း ဖြစ်ပြန် သည်ဟူ၍ ဖြစ်ပါသည်။

အဝိဇ္ဇာကြောင့်သင်္ခါရဖြစ်သည်။ ။အဝိဇ္ဇာ တိမ်သလာ စွဲနေကြသော သတ္တဝါများသည် အာရုံ၏အမှန် သဘောတရားများကို ထိုးဖောက်မမြင်နိုင်ရကား ဒုက္ခအတိဖြစ်သောရုပ် နာမ်တို့၏ အပြစ်အနာအဆာတို့ကို မမြင်စွမ်းနိုင်ပါချေ။ မြင်သမျှကြား သမျှ၊ တွေ့သမျှအာရုံတို့ကို သာယာဖွယ်၊ နှစ်သက်ဖွယ်အသွင်ဖြင့်သာ ထင်မှတ် မှားကြသည်။ ထို့ကြောင့် လက်ရှိဘဝ၌ ချမ်းသာရေးအတွက် မင်းပြစ် မင်းဒဏ်ခံရခြင်း အပါယ်ကျခြင်း စသောအပြစ်များကို မမြင်နိုင် မကြောက်နိုင်ပဲ ခိုးမှု သတ်မှုစသော အကုသိုလ်ဒုစရိုက်မှုများကို လွန်ကျူး ကြသည်။ အဝိဇ္ဇာမှောင်ချထားမှုကြောင့် လူ့စည်းစိမ်၊ နတ်စည်းစိမ်၊ ဗြဟ္မာ့ စည်းစိမ်တို့၏ အပြစ်ကိုမမြင်ပဲ ထိုချမ်းသာများအတွက် ဒါန, သီလ, ဘာဝ နာကုသိုလ်တို့ကို အဆင်းရဲ အပန်းခံကာ ကြိုးစားအားထုတ်ကြသည်။ ထိုကုသိုလ်အကုသိုလ်များကို အကျိုးတရားကို ပြုစီမံတတ်သောကြောင့် သင်္ခါရဟုခေါ်သည်၊ ထိုသင်္ခါရများကား အဝိဇ္ဇာ ဖုံးလွှမ်းထားမှုကြောင့် ဖြစ်ပေါ်လာရခြင်းဖြစ်သည်၊ ဤနည်းအားဖြင့် ရုပ်, နာမ်, ခန္ဓာအစဉ် တို့သည်ကြောင်းကျိုးဆက်ကာ မပြတ်မစဲ ထပ်ကာလဲလဲ လှည့်ပတ် ဖြစ်ပေါ် နေကြပေသည်။ ။

## ၉။ စေတနာချုပ်ငြိမ်းကင်းပြတ် သမြင်း ဘဝစက်ဝန်း(သံသရာ)

## အလည်ရုပ်ပုံ

စေတနာခေါ် ကုသိုလ် အကုသိုလ်သင်္ခါရတို့ဖြစ်ပေါ်လာကြောင်း တရား ကား "အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်သည်"(အဝိဇ္ဇာပစ္စယာသင်္ခါရာ)ဟူသော ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်အရ အဝိဇ္ဇာအမှောင်တရား ဖြစ်ပါသည်။ ထို့ကြောင့် ဘဝသံသရာဆွက်ရပ်သိမ်းတွင် အဝိဇ္ဇာအကြွင်းမဲ့ချုပ်ငြိမ်းမှု သာ လိုရင်းပဓာနဖြစ်သည်။ဝဋ်တရားများ၏ ဦးခေါင်းပမာ လွန်စွာအရေး

ပါသည့် အဝိဇ္ဇာအမှောင်ခေါတ် အဆုံးသတ် ချုပ်ငြိမ်းခဲ့လျှင် သခ်ါရဝဋ္ဋတရားများ ချုပ်ငြိမ်းတော့သည်သာ ဖြစ်၏။

အဝိဇ္ဇာကား အလွန်အစွမ်းသတ္တိထက်သော နာမ်ခေါတ်တမျိုးတည်း။ ထိုအဝိဇ္ဇာခေါတ်ကို ဝိဇ္ဇာခေါတ်ကမှ သတ်နိုင်သည်။ ဒါနမှု သီလမှုတို့ကလည်း မသတ်နိုင်၊ သမထဘာဝနာမှုကလည်း မသတ်နိုင်၊ အရိယဝိဇ္ဇာဂေါတ်ဖြင့်သာ သတ်နိုင်ပါသည်။ အရိယဝိဇ္ဇာခေါက်ဆိုသည်မှာ အနိစ္စဝိဇ္ဇာ၊ ဒုက္ခဝိဇ္ဇာ၊ အနတ္တဝိဇ္ဇာဟူသော ဝိပဿနာ ဝိဇ္ဇာနှင့် မဂ္ဂဝိဇ္ဇာ၊ ဖလဝိဇ္ဇာခေါတ်ကြီးတို့ဖြစ်ပါသည်။ ထိုအရိယဝိဇ္ဇာခေါတ်များဖြင့် အဆင့်ဆင့် သတ်မှ မှောဟတည်းဟူသော အဝိဇ္ဇာခေါတ်ကြီး သေနိုင်သည်။ "အာသဝသမုဒယာ အဝိဇ္ဇာသမုဒယော" ဒေသနာတော်အရ ကာမာသဝစသော အာသဝတရားများ မချုပ်ငြိမ်းသေးသမျှအာသဝကြောင့်ဖြစ်သော အဝိဇ္ဇာခေါတ်လည်း ဆက်လက် ရှင်သန်နေမည်သာ ဖြစ်ပေသည်။

အရိယဝိဇ္ဇာခေါတ်များဖြင့် ပယ်သတ်ရာတွင်လည်း အနာဂါမိမဂ္ဂဝိဇ္ဇာ၊ ဖလဝိဇ္ဇာခေါတ်တို့ဖြင့် ပယ်သတ်ပြီးသည့်အထိ အဝိဇ္ဇာတည်းဟူသော အမှောင်ခေါတ်မှာ လုံးဝချုပ်ဆုံး ပျောက်ကွယ်မသွားသေးပါချေ။ ဆိုလိုသည်မှာ သောတာပန် သကဒါဂါမ် အနာဂါမ်အရိယာပုဂ္ဂိုလ်များ ဖြစ်နေသည့် တိုင်အောင် အဝိဇ္ဇာအမှောင်ခေါတ် ဖုံးလွှမ်းလျက် ရှိနေပေသေးသည်၊ သို့သော် အဝိဇ္ဇာခေါတ်မှာ တဆင့်ထက် တဆင့် ပါး၍ပါး၍ သွားပြီဟု ဆိုလိုပါသည်၊

နောက်ဆုံး အရဟတ္တမဂ် ဝိဇ္ဇာဉာဏ်ကြီး ပေါ်လာသည့်အချိန်၌ကား (ဝါ) ရဟန္တာပုဂ္ဂိုလ်ဖြစ်သွားသည့် အချိန်၌ကား အာသဝေါတရားကုန်ခန်း၍ အဝိဇ္ဇာခေါတ်လည်း အကြွင်းမဲ့ချုပ်ငြိမ်းသွားလေတော့၏။ အဝိဇ္ဇာအမှောင်ထုကြီး ဖယ်ခွါချုပ်ငြိမ်း သွားသည်နှင့်တပြိုင်နက် သခ်ါရဟူသော ကုသိုလ် အကုသိုလ်စေတနာစသည်တို့လည်း မပေါ်လာတော့ပဲ ဘဝစက်ဝန်းကြီး အလည်ရပ်ကာ သံသရာ ယွက်ရပ်လပ်ပေါက်ပါတော့သည်။ဤကား စေတနာဟူသော သခ်ါရပြတ်သဖြင့် ဘဝစက်ဝန်းအလည် ရပ်သွားပုံပင် ဖြစ်သည်။

# ဧကဂ္ဂတာ (သမာဓိ) စေတသိက်

ဧကဂ္ဂတာ[၁] အာရုံတခု၌ စိတ်တည်တံ့ခြင်း တည်ကြည်ခြင်းသဘော (သမာဓိ)[၂]

### စိတ်၏တည်ကြည်ခြင်းသဘောသုံးမျိုး

(က) အာရုံတခု၌ စိတ်၏တည်တံ့ခြင်း, တည်ကြည်ခြင်းမျှ ဖြစ်သော သဘောသည်လည်းကောင်း၊

(ခ) အာရုံတခု၌ စိတ်၏တည်တံ့ကြောင်း, တည်ကြည်ငြိမ်သက်ကြောင်းဖြစ်သော (ဝါ)အာရုံတခု၌ စိတ်ကိုတည်တံ့အောင်, ငြိမ်သက်တည်ကြည်အောင် ပြုလုပ်တတ်သော သဘောသည်လည်းကောင်း၊

(ဂ) အာရုံတခု၌ တည်တံ့တတ်သော, ငြိမ်သက် တည်ကြည်တတ် (ဝါ) မိမိကိုယ်တိုင် အာရုံတခု၌ ငြိမ်သက် တည်ကြည်တတ်သော သဘောသည်လည်းကောင်း ဧကဂ္ဂတာ စေတသိက်မည်ပါသည်။

### ၁။ ဧကဂ္ဂတာ စေတသိက်၏ လက္ခဏာ

ဧကဂ္ဂတာခေါ် သမာဓိသည် အာရုံတပါးသို့ မိမိကိုယ်တိုင် မရွေ့ရှားခြင်း၊ ယှဉ်ဘက်သမ္ပယုတ်တရားတို့ကို မပြန့်လွင့်စေခြင်း သဘောလက္ခဏာ ရှိသည်[၃]။

---

၁။ ဧက+အဂ္ဂ+တာ၊ဧက=တခု၊ အဂ္ဂ=အာရုံရှိသည်၊တာ=ဖြစ်။

၂။ သံ+အာ+ဓာ+ဣ၊ သံ=ကောင်းစွာ အာ+ဓာ+ဣ= အာဓာန=ဌပန= ထားခြင်း၊ အာရုံတခု၌ စိတ်ကို ကောင်းစွာထားခြင်း = တည်ကြည်ခြင်း။ ပဏ္ဍိမဥ္ဇူ၊၈၊၂၄၈။

၃။ အဘိ၊ဋ္ဌ၊၁၊၁၆၂။ ဘံ၊ဒိပ်၊ဋီ၊ပ၊၁၁၆။

သဘောအားဖြင့် မရွေ့ရှားပုံ။ ။အာရုံတပါးသို့ မိမိ မရွေ့ရှားခြင်း ဆိုသည်မှာ ဧကဂ္ဂတာသည် အာရုံ တပါးသို့ မိမိ သဘောအားဖြင့် မရွေ့ရှားခြင်းပင် ဖြစ်သည်၊ ကေဂ္ဂတာကို သမာဓိဟူ၍လည်းခေါ်၏၊ ဤကေဂ္ဂတာခေါ် သမာဓိ၏ သဘောလက္ခဏာကို ဗုဒ္ဓမြတ်စွာ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ဂိသာခမည်သော ဥပါသကာတဦးက အရှင်မဓမ္မဒိန္နာဘိက္ခုနီအား–

"အရှင်မ....သမာဓိဆိုသည်မှာ အဘယ်ပါနည်း"

ဟု လျှောက်ထားရာ အရှင်မဓမ္မဒိန္နာက–

ဒါယကာ....စိတ်၏အာရုံတမျိုးတည်းသာ ရှိခြင်းသည် သမာဓိတည်း"——

ဟု ဖြေတော်မူခဲ့သည်[၁]။

ဤပါဠိတော်အရ ကေဂ္ဂတာခေါ် သမာဓိဆိုသည်မှာ စိတ်၏အာရုံတမျိုးတည်းသာ ရှိခြင်းဖြစ်သည်၊ စိတ်သည် အာရုံအမျိုးမျိုးသို့ ရွေ့ရှားခြင်းမရှိပဲ မိမိသဘောအားဖြင့်ပင် အာရုံတမျိုးတည်း၌ တည်နေခြင်းဖြစ်သည်၊ အဆင်းရူပါရုံမှ အသံသဒ္ဒါရုံသို့ ဖြစ်စေ၊ရူပါရုံတခုမှ အခြားရူပါရုံတခုသို့ဂျက်ဇေ မရွေ့ရှားပဲ အာရုံတခု၌ တခဏမျှတည်နေခြင်းသည် လည်းကောင်း၊ ထိုအာရုံ၌ ကြာမြင့်စွာ တည်နေခြင်းသည်လည်းကောင်း စိတ်၏ အာရုံတမျိုးတည်းသာ ရှိခြင်းဖြစ်၍ ကေဂ္ဂတာသမာဓိဟု ခေါ်သည်။

အာရုံနှင့်စိတ်တွေ့ကြုံသောအခါ အချို့သောစိတ်တို့သည် အာရုံ၌တည်နေရုံမျှဖြစ်ပြီး အခြားအာရုံတမျိုးသို့ ရွေ့ရှားသွားတတ်၏၊အာရုံတခုကို အမှား အမှန် အကောင်း အဆိုးပဆုံးဖြတ်နိုင်ပဲ ယုံမှားနေသောစိတ်သည် ထိုအာရုံ၌ တည်နေရုံမျှသာတည်နေသောစိတ်မျိုးဖြစ်သည်။ အမှား

၁။ ပ၊၁၊၃၇၅။

အမုန်,အကောင်းအဆိုး တမျိုးမျိုးသောအာရုံ၌ ကြာကြာမတည်၊ တခဏ မျှသာတည်နေပြီး ထက်ဝန်းကျင်ဝေ့လည်လည် ယုံမှားကာ "ဟုတ်မှဟုတ် ပါမည်လား" စသည်ဖြင့် အကောင်းလိုလို အဆိုးလိုလို ထို့ဤ ရွှေ့ရှား နေတတ်၏၊ အချို့သောစိတ်သည် အခြားအာရုံတမျိုးသို့ မရွှေ့မလည်ပဲ အာရုံတမျိုးတည်း၌ ကြာမြင့်စွာတည်နေတတ်၏။

စိတ်ပါလက်ပါ ငါးများနေသည့်အခါ လောဘဦးစီးသော အကုသိုလ် စိတ်သည် ငါးတည်းဟူသော အာရုံတမျိုးတည်း၌ ကြာမြင့်စွာတည်နေ တတ်၏၊ စိတ်ပါလက်ပါ ဘုရားရှိခိုးသည့်အခါ သဒ္ဓါဦးစီးသော ကုသိုလ် စိတ်သည် ဘုရားတည်းဟူသော အာရုံတမျိုး၌ ကြာမြင့်စွာတည်နေ တတ်၏၊ ထိုစိတ်များသည် အခြားအာရုံတမျိုးမျိုးသို့ မရွှေ့မလည် ငြိမ်ငြိမ် သဘောအားဖြင့် တည်ကြည်နေ၏၊ ဤသည်မှာ ငါးတည်းဟူသော အာရုံ, သို့မဟုတ် ဘုရားတည်းဟူသော အာရုံတမျိုး၌ ဧကဂ္ဂတာကျနေခြင်း အစွမ်းကြောင့်ဖြစ်သည်၊ ဤသို့တခဏမျှ ငြိမ်သောအားဖြင့် စိတ်တည် ရှု၍ မရွှေ့မလည် ကြာမြင့်စွာတည်နေသည့်သဘောကို ဧကဂ္ဂတာ သမာဓိဟုခေါ်သည်။

မြင်ရ အာရုံတို့မည်သည် တခုတည်းပင် ဖြစ်သော်လည်း သဘော အမျိုးမျိုးရှိ ဖြစ်၍စုံ၏၊ ရူပါရုံတခုတည်းကိုပင် လူအများဝိုင်းကြည့် သောအခါ စိတ်အမျိုးမျိုးဖြစ်သွားတတ်ခြင်း၊ ပုဂ္ဂိုလ်တယောက်တည်းပင် ကြည့်သော်လည်း မကြာ မကြာ စိတ်အမျိုးမျိုးပြောင်းသွားတတ်ခြင်း တို့မှာ အာရုံ၏ သဘောအမျိုးမျိုးရှိကြောင်း ထင်ရှားသော သာဓကများဖြစ်သည်၊ ထို့ကြောင့် တခုသောအာရုံ၏ သဘောအမျိုးမျိုး တို့ ခဏမျှဖြစ်စေ, ကြာမြင့်စွာဖြစ်စေ စိတ်၏တည်တံ့မှု တည်ကြည်မှုသဘောကို ဧကဂ္ဂတာ သမာဓိဟုခေါ်သည်။ ဤသို့ ဧကဂ္ဂတာ သမာဓိသည် အာရုံတပါး၌ ငြိမ်သောအားဖြင့် မရွှေ့မှား ဖြစ်ပေါ်တတ်သည်။

၁ [illegible]

**သုတ္တန်ကေဂ္ဂတာနှင့် အဘိဓမ္မာ ကေဂ္ဂတာ**

ဤ၌ စိတ်၏အာရုံတခု၌ ကြာမြင့်စွာတည်တံ့မှု၊ တည်ကြည်မှုသဘောကို သုတ္တန်နည်းအရ ကေဂ္ဂတာဟု ခေါ်ဆိုခြင်းဖြစ်ပြီး စိတ်၏ ဥပါဒ်၊ ဌီ၊ ဘင် အခိုက်အတန့်တခဏမျှ အာရုံတခု၌တည်တံ့မှု၊ တည်ကြည်မှု သဘောကို အဘိဓမ္မာနည်းအရ ကေဂ္ဂတာဟုခေါ်ဆိုခြင်းဖြစ်သည်။

**သမ္မယုတ်တရားတို့ကို မပျံ့လွင့်အောင်ပြုပုံ**

ကေဂ္ဂတာခေါ် သမာဓိသည် အာရုံတပါးသို့ မရွေ့ရှားပဲ မိမိသဘောအားဖြင့် တည်ကြည်ရုံမျှသာမက ယှဉ်ဘက်စိတ်စေတသိက်တို့ကို ထိုထိုအာရုံသို့ မပျံ့လွင့်အောင် အာရုံတခုတည်း၌ တည်တံ့နေအောင်လည်း ပြုလုပ်တတ်ပေသည်၊ ကေဂ္ဂတာခေါ် သမာဓိ၏အစွမ်းကြောင့်ပင် ယှဉ်ဖက် စိတ်စေတသိက်တို့သည် ထိုထိုအာရုံသို့ မပျံ့လွင့်ပဲ တခုတည်းသောအာရုံ၌ တည်တံ့နေနိုင်ကြသည်။

သတ္တဝါတို့၏စိတ်သည် အဆင်း (ရူပါရုံ)မှ အသံ (သဒ္ဒါရုံ) သို့လည်းကောင်း၊ အလိုရှိအပ်သောအဆင်း (ဣဋ္ဌရူပါရုံ)မှ မလိုလားအပ်သော (အနိဋ္ဌရူပါရုံ)သို့လည်းကောင်း၊ သာယာဖွယ်ကောင်းသော(ဣဋ္ဌသဒ္ဒါရုံ) ကိုနာခံနေရာမှ မနှစ်မြို့ဖွယ်ကောင်းသော အသံ (အနိဋ္ဌသဒ္ဒါရုံ)များသို့လည်းကောင်း၊ ပညာရေးအကြောင်းကို စဉ်းစားနေရာမှ စီးပွားရေးအကြောင်း၊ သားရေး သမီးရေး အကြောင်းသို့လည်းကောင်း ပြေးသွားပျံ့လွင့်၍နေတတ်လေသည်။ ဘုရားရှိခိုးယင်း တရားနာယင်းပင် ထိုထိုပျံ့လွင့်၍ တွေးချင်ရာ တွေးနေတတ်ခြင်း၊ လက်ငင်းသောအကြောင်းအရာ ပျိုးကိုစဉ်းစားနေရာမှ အတိတ်ဖြစ်စဉ်အမျိုးမျိုးသို့ ပျံ့လွင့်သွားတော့ နေတတ်ခြင်းစသည်တို့မှာ စိတ်၏ပျံ့လွင့်ခြင်းများပင်ဖြစ်သည်။

ကေဂ္ဂတာသည် ထိုကဲ့သို့ အာရုံအမျိုးမျိုးသို့ ပျံ့လွင့်၍နေသော ယှဉ်ဘက် စေတသိက်တရားများကို အာရုံတမျိုးတည်း၊ တအာရုံတည်း၌ တခဲတည်းမျှပင်ဖြစ်စေ တည်တံ့အောင် တည်ကြည်အောင် ပြုလုပ်တတ်သည်၊ ထို့ကြောင့် ကေဂ္ဂတာခေါ် သမာဓိသည် ယှဉ်ဖက်သမ္မယုတ်တရားတို့ကို မပျံ့လွင့်စေခြင်း လက္ခဏာရှိသည်ဟု ဖွင့်ဆိုကြသည်။

**ကေဂ္ဂတာသမာဓိနှင့် ဈာန်-ဣန္ဒြေ-ဗိုလ်** ။ ။ ကေဂ္ဂတာ စေတသိက်ကို သမာဓိဟူသော အမည်ဖြင့် အဘိဓမ္မာအဖွင့် ကျမ်းများတွင် ကုသိုလ်ဆိုင်ရာ,ဈာန်, မဂ်အရာ စသည်များ၌သာ များသောအားဖြင့် ဖွင့်ဆို သုံးနှုန်းထားသည်ကို တွေ့ရသည်။ဈာန်အရာတွင် စူးစိုက်စွာတည်ကြည်မှု, မဂ်အရာတွင် မဖောက်မပြန် မှန်ကန်သောတည်ကြည်မှု၊ ဣန္ဒြေအရာတွင် အစိုးတရ တည်ကြည်မှု၊ ဗိုလ်အရာတွင် မတုန်မလှုပ်တည်ကြည်မှု၊ ကမ္မဋ္ဌာန်းဘာဝနာအရာတွင် စိတ်၏ငြိမ်ဝပ်ပိပြားမှုသဘောများဖြစ်သဖြင့် အားကောင်းသော ကေဂ္ဂတာ သမာဓိသဘောမျိုးဖြစ်သည်၊ အာရုံ၌တည်ကာမျှဖြစ်သော ရိုးရိုးကေဂ္ဂတာသမာဓိမျိုးမဟုတ်ပေ၊ ယင်းကို ကေဂ္ဂတာသမာဓိမှာ အရှင်မဓမ္မဒိန္နာ အမိန့်ရှိသည့်အတိုင်း "စိတ်၏ အာရုံတမျိုးတည်းသာရှိခြင်း" နှင့် အာရုံတခု၌စိုက်ဟည်တံ့ခြင်း(တည်ကြည်ခြင်း) သဘောများသာ ဖြစ်သင့်သည်၊ ဤသဘောတို့သည် ကေဂ္ဂတာခေါ် သမာဓိ၏ သဘောအားလုံးကိုခြုံမိငုံမိ၏၊ "စိတ္တဿေ ကဂ္ဂတာ စိတ္တဿဌိတိ"ဟူသော ဘုရားစကားတော်နှင့်လည်း ညီညွတ်လေသည်။

**စိတ်ဖြစ်တိုင်း ကေဂ္ဂတာဖြစ်ပုံ။** ။ကေဂ္ဂတာသည် ကောင်းမှု, မကောင်းမှုကုသိုလ်, အကုသိုလ်စသည်အားလုံး၌ပင် စိတ်ဖြစ်တိုင်း ဖြစ်တိုင်းပါဝင်သော သဘောတရားဖြစ်သည်၊စိတ်ဖြစ်သည့်တချိန်တည်းမှာပင် အာရုံနှင့် စိတ်ချိတ်မိလျက်ရှိသည်၊စိတ်သည် အာရုံနှင့်ကင်း၍ စိတ်ချည်းသက်သက် မဖြစ်နိုင်။ ထိုမှာတွင် အာရုံနှင့်စိတ် ချိတ်မိခြင်းကို ကေဂ္ဂတာခေါ်သည်မဟုတ်၊ ယင်းသည် အာရုံနှင့်စိတ်ဆုံဖွေ့ခြင်းသာဖြစ်သည်၊အနီရောင်ပန်းကပ္ပင့်ကိုမြင်ရာ၌ မြင်သိစိတ်ဖြစ်သည်နှင့် တချိန်တည်းမှာပင် အနီရောင်ပန်းအဆင်းအာရုံနှင့် ချိတ်မိလျက်ရှိသည်၊ သို့ရာတွင် မြင်သိစိတ်နှင့် အဆင်းအာရုံတို့ ချိတ်မိ ဆုံမိမှုကို ကေဂ္ဂတာမခေါ်၊ မြင်သိစိတ်၏ အနီရောင် ပန်းအဆင်းအာရုံ၌ တခဏမျှပင်ဖြစ်သော်လည်း တည်တံ့မှု, တည်ကြည်မှုသဘောကိုသာ ကေဂ္ဂ-တာခေါ်သည်၊ ထို့ပြင် ဤတည်တံ့မှုကေဂ္ဂတာ သဘောသည် မြင်သိစိတ်

နှင့် အနီရောင်ပန်းအဆင်း အာရုံတို့ကို တွေ့ဆုံပြီး နောက်မှ ဖြစ်ပေါ်လာသည်မဟုတ်၊ တွေ့ဆုံသည်နှင့် တပြိုင်နက် တည်တံ့မှုသဘော ကေဂ္ဂတာလည်း ဖြစ်ပေါ်လာလေသည်။

ထို့ပြင် ဤမြင်သိစိတ်၏ အာရုံ၌ တည်တံ့မှုသဘောသည် ပကတိ ရိုးရိုးကေဂ္ဂတာများအနက် တည်တံ့ရုံတည်ကြည်ရုံမျှဖြစ်သည့် အားနည်းသော ကေဂ္ဂတာသာဖြစ်သည်၊ ဈာန်ကိစ္စ၊ ဗိုလ်ကိစ္စတပ်သော ကေဂ္ဂတာသမာဓိမျိုးမဟုတ်၊ မြင်သိစိတ်၊ ကြားသိစိတ် စသည်တို့၏အာရုံ၌ တည်တံ့မှု သမာဓိသည် အားထုတ်မှုဝီရိယမှုကင်းသဖြင့် အစိုးတရ တည်တံ့မှု၊ မတုန်မလှုပ် တည်တံ့မှုသဘောများ မဖြစ်နိုင်ပဲ အာရုံ၌တည်တံ့ရုံမျှ တည်ကြည်ရုံမျှသာဖြစ်သည်၊ အလားတူပင် ဘုရား၊ တရား စသည်များ၌ ယုံမှားသောစိတ်သည်လည်း ဘုရားအာရုံ၊ တရားအာရုံ၌ ဆုံးဖြတ်နိုင်ခြင်းသဘော မရှိသောကြောင့် စိတ်တည်တံ့ရုံမျှ၊ တည်ကြည်ရုံမျှသာဖြစ်သည်၊ အကုသိုလ်ဆိုင်ရာ ရိုးရိုးသမာဓိ၊ အားနည်းသော သမာဓိသာဖြစ်သည်၊ သမာဓိဣန္ဒြေ၊ သမာဓိဗိုလ် မဟုတ်။

အကုသိုလ်မှုဆိုင်ရာ စိတ်ပါလက်ပါ ငါးများနေသော သမာဓိနှင့် စိတ်ပါလက်ပါ ဘုရားရှိခိုးသော သမာဓိ၊ တရားနာသော သမာဓိ၊ ဒါနမှု၌ ရေစက်ချနေသော သမာဓိ၊ စာပေဆိုင်ရာ စိတ်ဝင်စားစွာ လေ့လာနေသော သမာဓိ စသည်တို့မှာ ထပ်ခါထပ်ခါ ကေဂ္ဂတာကျသမာဓိ ရနေသော သဘောများဖြစ်၍ မိစ္ဆာသမာဓိပင်လျှင် သမာဓိဣန္ဒြေ၊ သမာဓိဗိုလ် စသည်တို့ ဖြစ်နိုင်ပေသည်။ ထို့ကြောင့် ကသိုဏ်းဝန်း စသည့် အာရုံ တခုခုကိုယူရာ၌ ထိုအာရုံပေါ်မှာ ကြာရှည်စွာ ထပ်ခါထပ်ခါ အာရုံပြုနိုင်ခဲ့လျှင် "သမာဓိရပြီ- သမာဓိအားကောင်းလာပြီ" ဟု ပြောဆိုလေ့ရှိကြ၏၊ သမာဓိဓာတ်ခံ ကောင်းသူမှာ အနေအထိုင်လည်း တည်ကြည်ပြီး အပြောအဆိုလည်း တည်ငြိမ်၏၊ သွားလာသောအခါ၌လည်း ဣန္ဒြေရပြီး ပေါင်းသင်းဆက်ဆံမှု၌ ဖြောင့်မတ်တည်ကြည်လေသည်။ သို့ရာတွင် ရွဲ့စဲ့ရာ မစွဲလမ်းအောင်လည်း သတိထားအပ်ပေသည်။

အချုပ်အားဖြင့်ဆိုရလျှင် ဧကဂ္ဂတာခေါ် သမာဓိဆိုသည်မှာ- စိတ်မလှုပ်ရှားမှု, စိတ်မပျံ့လွင့်မှု, စိတ်တည်တံ့မှု, တည်ကြည်မှု, ငြိမ်သက်မှု, တည်ငြိမ်မှု, စိတ်၏ တည်တည်တံ့တံ့ စူးစိုက်မှု, အာရုံတခု၌ ခိုင်ခန့်တည်ငြိမ်မှု, စိတ်၏ ငြိမ်ဝပ်ပိပြားမှု, အာရုံတခု၌ စိတ်ကို ကောင်းစွာထားမှု စသည်တို့ ဖြစ်ပါသည်။ ဤသဘောတရား အားလုံးတို့မှာ သမာဓိ အနုအရင့် သဘောကွာခြားခြင်းမှတပါး ဘုရားလက်ထက်တော်က ဘိက္ခုနီမဓမ္မဒိန္နာအမိန့်ရှိသည့် "စိတ်၏ အာရုံတမျိုးတည်းသာရှိခြင်း" သဘောများပင်ဖြစ်သည်။ ထို့ကြောင့် ယင်းတို့ကို ဧကဂ္ဂတာသမာဓိဟု ခေါ်သည်။

## ဧကဂ္ဂတာသမာဓိ၏ လက္ခဏာတမျိုး

ဧကဂ္ဂတာသမာဓိသည် အကြီးအမှူး အဖြစ်ဟူသော ပါမောက္ခ သဘောလက္ခဏာရှိသည်[1]။

**အကြီးအမှူး ပဓာနဖြစ်ပုံ။** ။မိလိန္ဒပဉှာ ပါဠိတော်တွင်[2] မိလိန္ဒမင်းကြီးက အရှင်နာဂသိန် မထေရ်ကျော်အား သမာဓိ၏ လက္ခဏာသဘော လျှောက်ထားပုံကို တွေ့ရ၏။ မိလိန္ဒမင်းကြီးက—

> "အရှင်ဘုရား နာဂသေန၊ သမာဓိသည် အဘယ်လက္ခဏာ ရှိပါသနည်း"-

ဟု လျှောက်ထားရာ မထေရ်မြတ်က—

> "မင်းမြတ်... သမာဓိသည် ကြီးမှူး- ပြဋ္ဌာန်းခြင်းပါမောက္ခ လက္ခဏာရှိ၏၊ ဟူသမျှသောတရား အားလုံးတို့သည် သမာဓိလျှင် ပြဋ္ဌာန်းကုန်၏၊ သမာဓိ၌ ညွတ်ကုန်၏၊ သမာဓိ၌ ကိုင်းကုန်၏၊ သမာဓိ၌ ရှိုင်းကုန်၏"-

ဟု မိန့်တော်မူကာ "စုလစ်မွန်းချွန် ဥပမာ၊ ပြည့်ရှင်မင်း ဥပမာ" တို့ဖြင့် ဖြေတော်မူသည်ကို တွေ့ရ၏။

---

၁။ အဘိဋ္ဌ၊၁၊၁၆၁။ ၂။ မိပြန်၊၄၁။

သမာဓိနှင့် စုလစ်မွမ်းချွန် ဥပမာ။ ။ဧရပ်, တန်ဆောင်း, ပြာသာဒ် စသော အဆောက်အဦများတွင် ထုပိကာခေါ် စုလစ်မွမ်းချွန် အထွတ်သည် အခြားသော အခြင်, ထုပ်, လျှောက်, ဒိုင်း, မြား စသည်တို့ကို ဖွဲ့လျက်တည်သောကြောင့် အခြင်, ထုပ်,လျှောက် စသည်တို့၏ အကဲ, အဦး, အမှူး ပဓာနဖြစ်၏။ ထို့အတူ သမာဓိနှင့် ယှဉ်သောစိတ်သည် ကုသိုလ်တရားအားလုံးတို့ကို ပြီးစေတတ်သောကြောင့်ထိုကုသိုလ်တရားအားလုံးတို့၏ အကဲအဦးအမှူးပဓာနဖြစ်၏။ ကုသိုလ်တရား အားလုံးတို့သည် သမာဓိ၌ ညွတ်ကိုင်းကြရလေသည်။ ထို့ကြောင့် ကေ႒တာသမာဓိကို ပါမောက္ခ လက္ခဏာရှိသည်ဟု ဖွင့်ဆိုကြလေသည်။ တဆက်တည်းမှာပင် မိလိန္ဒမင်းကြီးက—

“ထိုထက်အလွန် ဥပမာပြုတော်မူဦးလော”

ဟု လျှောက်ထားပြန်ရာ ပဒေါရ်ဖြတ်က ပို၍ထင်ရှားအောင် ပြည့်ရှင်မင်း ဥပမာကို မိန့်တော်မူပြန်၏။

သမာဓိနှင့် ပြည့်ရှင်မင်းဥပမာ။ ။စစ်သည်ဗိုလ် များစွာတို့နှင့် စစ်မြေပြင်သို့ ချီတက်သောမင်းသည် စစ်သည်တော်များစွာတို့၏ အကြီးအမှူးဖြစ်သကဲ့သို့ ထို့အတူ ကေ႒တာခေါ် သမာဓိသည် ကုသိုလ်တရား အားလုံးတို့၏ အကြီးအမှူး ပဓာနဖြစ်၏။ ထို့ကြောင့် ကေ႒တာသမာဓိကို ပါမောက္ခလက္ခဏာရှိသည်ဟု ဖွင့်ဆိုကြလေသည်။

သမာဓိနှင့် ထီးဖြူရုံ ဥပမာ၊ ။ပါဠိတော်လာ ဥပမာများအပြင် အဘိဓမ္မာသရုပ်ပြဒီပကကျမ်း၌ ထီးဖြူရုံဥပမာဖြင့်လည်း ဖွင့်ဆိုထား၏။ ထီးဖြူရုံ ခေါ်ချုပ်သည် ထီးရိုး, ထီးရွက်စသည်တို့၏ အကြီးအကဲအမှူး ဖြစ်သကဲ့သို့ သမာဓိသည်လည်း ကုသိုလ်တရား အားလုံးတို့၏ အကဲအဦး အကြီးအမှူးဖြစ်သည်ဟု သမာဓိကို ထီးခရိုင်ချုပ်နှင့် ဥပမာပေးလားပါသည်[၁]။

၁။ သရုပ်ပြဒီပကာ၊ပ၊၄၁၀၊၄၁၁။

## ၂။ ကေဂ္ဂတာ၏ ဆောင်ရွက်မှုရသ (၂)မျိုး

ကေဂ္ဂတာစေတသိက် ဆောင်ရွက်သည့် လုပ်ငန်းကိစ္စသည်–

(၁) အတူဖြစ်ဖော် ဖြစ်ဖက် နာမ်တရားများကို ဖရိုဖရဲမကြဲအောင် ပေါင်းစုပေးခြင်းကိစ္စ (သဟဇာတသမ္ပိဏ္ဍနရသ)၊

(၂) အာရုံ၌ ပျံ့လွင့်မှုသဘောရှိသော ဥဒ္ဓစ္စကို ဖျက်ဆီးခြင်းကိစ္စ (ဥဒ္ဓစ္စဝိဒ္ဓံသနရသ)၊

ဟူ၍ နှစ်မျိုးရှိပါသည်။

### ၁။ အတူဖြစ်ဖက် နာမ်တရားတို့ကို ပေါင်းစုပေးခြင်းကိစ္စ

အာရုံတခု၌ တည်ပါး၍ ကေဂ္ဂတာသည် အတူတကွ ယှဉ်ဖော်ယှဉ်ဖက် စိတ်စေတသိက်၊ သမ္ပယုတ်တရားများကို ဖရိုဖရဲ မကြဲစေမှု ပေါင်းစုခြင်းကိစ္စ(သဟဇာတသမ္ပိဏ္ဍနရသ)ရှိသည်[၁]။

**ပေါင်းစုပေးပုံနှင့် ရေဥပမာ။** ။**ရေသည် မုန့်မှုန့်ဆပ်ပြာမှုန့်စသည်ကို ဖရိုဖရဲ မကြဲရအောင် ပေါင်းစုသကဲ့သို့ ကေဂ္ဂတာလည်း ယှဉ်ဖက် သမ္ပယုတ်တရားများကို စည်းစည်းလုံးလုံးရှိအောင် ပေါင်းစုခြင်းကိစ္စကို ဆောင်ရွက်သည်၊ သိမှုသဘောစိတ်နှင့် ထိုစိတ်ကို ချယ်လှယ်တတ်သော စေတသိက်များသည် **အာရုံတခု၌** ပေါင်းစုသည်၊ အကင်းရှုပါ၍ အသိ သရုပ်ရုံသို့လည်းကောင်း၊ **ဆန်း** [illegible] သို့စည်းပူးအားလျော်စွာ ကိုကို ကျိုကျို အလည်လည်သို့ ပြေးသွားပျံ့လွင့်လျက် ဖရိုဖရဲပျံ့ကြဲသကဲ့သို့ ဖြစ်နေသော သဟဇာတသမ္ပယုတ်တရားများကို ဖရိုဖရဲပျံ့ကြဲခွင့်မပြုပဲ စည်းစည်းလုံးလုံးရှိအောင် ပေါင်းစုပေးခြင်းသည် **ကေဂ္ဂတာ၏** ဆောင်ရွက်မှုကိစ္စရသပင် ဖြစ်သည်။

---

** အာရုံတခု၌ ကပ်လျက် ကေဂ္ဂတာက ယှဉ်ဖက်သမ္ပယုတ်တရားများကို ဖရိုဖရဲ မကြဲအောင် ပေါင်းစုသည်ကို ရေနှင့်ဥပမာပြု၍ ဖွင့်ဆိုကြသည်။

၁။ အဘိ၊ဋ္ဌ၊၁၊၁၆၂။

**ဘုရင်မင်းမြတ်ဥပမာ။** ။အာရုံတခု၌ တည်းသဲ့မှုကေဂ္ဂတာကို ဘုရင်မင်းမြတ်နှင့် ပုံစံ ဖွင့်ဆိုကြသည်^၁။

စစ်ပွဲတပွဲတွင် နှစ်ဘက်သော စစ်တပ်တို့ တဘက်နှင့်တဘက် ပစ်ခတ်တိုက်ခိုက်ကြသောအခါ တဘက်စစ်တပ်မှာစစ်အင်အားနိမ့်ကျ၍ တပ်သားများ ဝိတ်ခတ်ကျဆင်းလျက် ဖရိုဖရဲ ကွဲပျက်လုမတတ် ဖြစ်နေတော့၏။ ထိုအခါ ယင်းစစ်ဘပ်မှ ဘုရင်မင်းမြတ်သည်ကိုယ်တိုင် ချေကန်းစစ်မျက်နှာသို့ ရောက်လာပြီးဖရိုဖရဲပြိုကွဲလုမတတ် ဖြစ်နေသော စစ်တပ်ကို မပြိုမကွဲဖရိုဖရဲ မရှိရအောင် တပ်သားများ စိတ်ဓာတ်အင်အားရှိလာပြီး စည်းစည်းလုံးလုံးရှိအောင် ကွပ်ကဲကြီးကြပ် ပေါင်းစုပေးသကဲ့သို့ ကေဂ္ဂတာသည်လည်း ဖရိုဖရဲ ပျံ့ကြဲသကဲ့သို့ ဖြစ်သော [illegible]ယှဉ်ဖက်တရားများကို စည်းစည်းလုံးလုံးဖြစ်အောင် ပေါင်းစုပေးခြင်းကိစ္စကို [illegible]သည်။

## ၂။ ပျံ့လွင့်မှုဥဒ္ဓစ္စကို ဖျက်ဆီးခြင်းကိစ္စ

အာရုံတခု၌ တည်တံ့မှု ကေဂ္ဂတာသည် စိတ်ကို အာရုံတခု၌ အညီအညွတ် ကောင်းစွာထားခြင်းဖြင့် [illegible] ကြည်လင်မှု မတုန်မလှုပ် ဘည်ကြည်မှုသည် ဖြစ်ပေါ်လာသောအခါ ပျံ့လွင့်မှု(ဥဒ္ဓစ္စ)ကို ဖျက်ဆီးတတ်သော (ဥဒ္ဓစ္စပိဒ္ဓံသန) ကိစ္စကိုလည်း [illegible]သည်^၂။

**ဥဒ္ဓစ္စကိုဖျက်ဆီးပုံ။** ။ဟုတ်ဘား[illegible] [illegible] သူတော်စင်သည် စိတ်ကို မြေ[illegible] [illegible]ပန်း)အစရှိသော [illegible] [illegible] [illegible] [illegible] [illegible] [illegible] [illegible] [illegible] [illegible] [illegible] [illegible] ရှင့်လျက် သမာဓိအဆင့်လည်း ဖြစ်[illegible] [illegible] [illegible]အခါ အာရုံ၌ အညီအညွတ် ကောင်းစွာထားမှု [illegible] [illegible] ပျံ့လွင့်နေတတ်သော ဥဒ္ဓစ္စကို ဖျက်ဆီးခြင်း[illegible] [illegible]သည်။

ပျံ့လွင့်မှုဥဒ္ဓစ္စကို ဖျက်ဆီးခြင်း [illegible] [illegible]သော ကိစ္စရသ[illegible] [illegible] ဖြစ်သည်။

---

၁။ အဘိဓာန်[illegible]။ ၂။ [illegible]။

သမ္ပတ္တိရသ(အကျိုးရသ)။ ။အာရုံတခု၌ တည်တံ့မှု ကေဂ္ဂတာသည် ဆိုခဲ့သည့်အတိုင်း စီးဖြန်းမှုဘာဝနာအဆင့် အတန်းမြင့်မားလာပြီး အစိုးတရ တည်ကြည်မှု၊ မတုန်မလှုပ်တည်ကြည်မှု စသည့် သမာဓိသဘောများ ဖြစ်ပေါ်လာသောအခါ ပျံ့လွင့်မှု(ဥဒ္ဓစ္စ)ကို ဖျက်ဆီးခြင်းကိစ္စကို ဆောင်ရွက်လေသဖြင့် ယင်းပျံ့လွင့်မှု(ဥဒ္ဓစ္စ)ကို ဖျက်ဆီးနိုင်စွမ်းသော ဂုဏ်သတ္တိနှင့်လည်း ပြည့်စုံတော့သည်။ ထိုကဲ့သို့ ဥဒ္ဓစ္စကို ဖျက်ဆီးနိုင်သော ဂုဏ်သတ္တိနှင့် ပြည့်စုံခြင်းသည် သမ္ပတ္တိရသ (အကျိုးရသ)ဖြစ်သည်။ ယို့ကြောင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ မြန်မာပြန်၌ "ဥဒ္ဓစ္စကို ဖျက်ဆီးနိုင်သော အစွမ်းသတ္တိနှင့် ပြည့်စုံခြင်းဂုဏ်ရှိ၏" ဟု မိန့်ဆိုလေသည်[1]။

## ၃။ ကေဂ္ဂတာ၏ ပစ္စုပဋ္ဌာန်(၂)မျိုး

ကေဂ္ဂတာ၏ ပစ္စုပဋ္ဌာန်သည်–

(၁) ငြိမ်သက်သောတရားဟု ရှေးရှုထင်ခြင်း(ဥပသမပစ္စုပဋ္ဌာန်)၊

(၂) ဉာဏ်ဟူသောအကျိုးတရားကို ဖြစ်ပွားစေသည်ဟု ရှေးရှုထင်ခြင်း(ဉာဏပစ္စုပဋ္ဌာန်)၊

ဟူ၍နှစ်မျိုးရှိပါသည်။

## ၁။ ငြိမ်သက်သောတရားဟု ရှေးရှုထင်ခြင်း

အာရုံတခုၡ်တည်ကြည်မှုသမာဓိသည် ငြိမ်သက်သောသဘောတရားဟု ယောဂီပုဂ္ဂိုလ်တို့ဉာဏ်ဖြင့် ရှေးရှုထင်လာသော အခြင်းအရာရှိသည်[2]။

အာရုံတခု၌ငြိမ်သက်ပုံ။ ။အာရုံတခု၌ တည်တံ့မှု ကေဂ္ဂတာသည် ကောင်းမှုကုသိုလ်ဆိုင်ရာတွင် စူးစိုက်စွာ တည်တံ့မှု၊ အစိုးတရတည်တံ့မှု၊ မတုန်မလှုပ်တည်တံ့မှုသဘောများ ဖြစ်ပေါ်လာပြီး အာရုံတခု၌ စိတ်ငြိမ်သက်စွာ တည်ကြည်မှု သမာဓိသဘောဖြစ်

၁။ ဝိသုဒ္ဓိ၊ပြန်၊ပ၊၁၅၃။
၂။ အဘိ၊ဋ္ဌ၊၁၊၁၆၂။

လာ၏။ ထိုသို့ဖြစ်ပေါ်လာသော သမာဓိသည် အဋ္ဌကထာအဆိုအရ လေငြိမ်သောအရပ်၌ ထွန်းညှိ၍ ထားအပ်သော ဆီမီးလျှံ၏ တည်ငြိမ်ခြင်းနှင့်တူလေသည်။

ဆီမီးလျှံ၏ငြိမ်သက်ခြင်းနှင့်တူပုံ။ ။လေငြိမ်သော အရပ်၌ ထွန်းညှိ၍ ထားအပ်သောဆီမီးလျှံသည် မယိမ်းမယိုင် ဖြောင့်မတ်တည်ငြိမ်သကဲ့သို့ စိတ်၏ တည်ကြည်မှု သမာဓိသည် ထိုထိုအာရုံသို့ ယိမ်းယိုင်လှုပ်ရှားခြင်းမရှိ၊ တခုတည်းသော အာရုံ၌သာ ငြိမ်သက်စွာ တည်ကြည်လေသည်။

ရှင်းပါဦးမည်။ယောဂီသူတော်စင်သည်မြေဝိုင်း(ပထဝိကသိုဏ်း) အာရုံကို မြန်မာလို'မြေ၊မြေ'၊ပါဠိလို'ပထဝီ၊ပထဝီ'ဟုအဖန်ဖန် စီးဖြန်းသောအခါ ထိုယောဂီ၏စိတ်သည် မြေဝိုင်း(ပထဝီကသိုဏ်း)ဟူသော အာရုံတခု၌သာ ငြိမ်သက်စွာ တည်၍နေသည်။ စီးဖြန်းမှုအရှိန်ရလေလေ တည်ကြည်ငြိမ်သက်မှု သမာဓိအားကောင်းလေလေဖြစ်၏၊ထိုအခါ ယောဂီသူတော်စင်၏ စိတ်သည် လေငြိမ်သောအရပ်၌ ထွန်းညှိ၍ထားအပ်သော ဆီမီးလျှံ၏ တည်ငြိမ်ပုံကဲ့သို့ မြေဝိုင်း(ပထဝီကသိုဏ်း)ဟူသော အာရုံပေါ်မှသွေဖီ၍ မသွားပဲ ပျံ့လွင့်မှု ဥဒ္ဓစ္စမည်မျှပင်ဆွဲသော်လည်း တုန်လှုပ်ထကြွခြင်းမရှိ ငြိမ်သက်စွာတည်ရှိလေသည်။ ထို့ကြောင့် သူတော်စင် ယောဂီသည် သမာဓိ၏သဘောကို ဆင်ခြင်လိုက်သည့်အခါ "ငြိမ်သက်သောသဘောတရား"ဟုဉာဏ်အား ထွေရှုထင်လာလေသည်၊ထိုသို့ ထင်လာသောကြောင့် အာရုံတခု၌ တည်တံ့မှုသမာဓိသည် ငြိမ်သက်သောသဘော (ဥပသမပစ္စုပဋ္ဌာန်)ရှိသည်ဟု ဖွင့်ဆိုကြသည်။

## ၂။ ဉာဏ်ဟူသောအကျိုးတရားကို ဖြစ်ပွားစေသည်ဟု ရှုထင်ခြင်း

အာရုံတခု၌ တည်ကြည်မှုသမာဓိသည် ဉာဏ်တည်းဟူသောအကျိုးကို ရှေးရှုဖြစ်စေတတ်သော အကြောင်းတရားရှိသည်[၁]။

၁။ အဘိ၊ဋ္ဌ၊၁၊၁၆၂။

သမာဓိက ဉာဏ်ကို ဖြစ်စေနိုင်ပုံ။ ။ယောဂီတို့ သမာဓိအလုပ်ကမ္မဋ္ဌာန်း အားထုတ် ကြရာ သမာဓိ အရှိန်တောက်၍ ကမ္မဋ္ဌာန်းပေါက်မြောက်သည့်အခါတွင် ထိုယောဂီတို့သန္တာန်၌ ဖြစ်ပေါ်လာသောတည်ကြည်မှု သမာဓိသည်အစိုးတရတည်ကြည်မှု၊ မတုန်မလှုပ် တည်ကြည်မှု စသော သဘောများ ထင်ရှားလာ၏၊ ထိုကဲ့သို့ တခုသော ကမ္မဋ္ဌာန်းအာရုံပေါ်၌ အစိုးတရတည်ကြည်မှု၊ မတုန်မလှုပ် တည်ကြည်မှုသဘောများကို ရရှိလေသောအခါ ထိုသမာဓိသည် ဟုတ်တိုင်းမှန်စွာ သိလွယ် မြင်လွယ်ခြင်းဉာဏ်ဟူသော အကျိုးကို ဖြစ်စေတတ်ပေသည်၊

မှန်ပေသည်၊ စာပေကျမ်းဂန်ကို သင်အံ လေ့ကျက်ရာတွင် သမာဓိရှိသူတို့မှာ တတ်လွယ်, မြင်လွယ်, သိလွယ်သော်လည်း သမာဓိမရှိသူ, သမာဓိ နည်းပါးသူတို့မှာ တတ်မြောက်ရန် ခက်ခဲကြပေသည်၊ အချို့သော ယောဂီ၌ ကမ္မဋ္ဌာန်းအားထုတ်ယင်း စာပေကို လေ့လာကြရာ ကမ္မဋ္ဌာန်း အားမထုတ်ပဲ သင်ကြားသူများထက် တတ်လွယ် မြင်လွယ်, သိလွယ်ကြသည်ဟု ဆိုကြပေသည်၊ စာပေကို လေ့လာရာ၌ စာပေကို စိတ်ဝင်စားမှု၊ စာပေသည်းဟူသော အာရုံတခု၌ တည်ကြည်မှုသမာဓိမရှိပဲ စိတ်က တောင်ရောက်, မြောက်ရောက်ဖြင့်လေ့လာသူများမှာ "ပိုးသာကုန် မောင်ပိုစောင်းမတတ်" ဆိုသကဲ့သို့ အချိန်တွေကုန်သော်လည်း အကျိုးမပြီး အချည်းနှီးသာ ဖြစ်ကြလေသည်၊

တရားအားထုတ်၍ စာပေကို လွယ်လင့်တကူ တတ်မြောက်ခြင်းမှာ တရားအားထုတ်သောအခါတွင် ဖြစ်ပေါ်သော သမာဓိ၏ အစွမ်းကြောင့် အလွယ်တကူ သိမြင်ခြင်း ဉာဏ်ဟူသောအကျိုး ဖြစ်ပေါ်ခြင်းပင် ဖြစ်လေသည်၊ ထို့ကြောင့် အင်္ဂုတ္တရ၌ "တည်ကြည်မှု သမာဓိရှိသောသူသည် ဟုတ်တိုင်းမှန်စွာ သိမြင်ပေသည်"[၁] ဟု ဘုရားဟောကြော်မူခဲ့ကြောင်းဖွင့်ဆိုထားသည်။

---

၁။ သံ၊ ၃၊ ၁၀၁၊ ၂။

## ၄။ ကေဂ္ဂတာ၏ အနီးကပ်ဆုံးအကြောင်း=ပဒဋ္ဌာန်

အာရုံတခု၌ တည်တံ့မှု ကေဂ္ဂတာသည် တခုသော အာရုံလျှင်နီးစွာသောအကြောင်းရှိသည်၊ (ကောလမ္ဗုအာပဒဋ္ဌာန်)။

**အနီးကပ်ဆုံး အကြောင်းဖြစ်ပုံ။** ။ကေဂ္ဂတာသည် စိတ်၏ တခုသောအာရုံရှိခြင်းပင်ဖြစ်ရကား တခုသောအာရုံသည် ကေဂ္ဂတာ၏ အနီးကပ်ဆုံးအကြောင်းဖြစ်သည်၊ ယင်း တခုသောအာရုံကြောင့် ကေဂ္ဂတာဖြစ်လာရသည်၊ စိတ်က အာရုံအများသို့ပျံ့လွင့်ပြေးသွားနေလျှင် ကေဂ္ဂတာ မဖြစ်နိုင်ပေ။ ပုထုဇဉ်တို့စိတ်သည် "ပုထုဇ္ဇနော ဥမ္မတ္တကော" ဟု ဆိုသည့်အတိုင်း အာရုံတခု၌ မတည်၊ ထိုထို ဤဤ အလိုလိုသော အာရုံများသို့ ပြေးသွား၍နေတတ်ပေသည်၊ "စိတ်သွားတိုင်းကိုယ်မပါ" ဟု ပြောဆိုခြင်းမှာ စိတ်သည် အာရုံတခု၌ တည်တံ့မှုမရှိပဲ အာရုံအများသို့ ပြေးသွားပျံ့လွင့်တတ်ပုံကိုပေါ်လွင်စေသည့်အချက်တရပ်ဖြစ်သည်၊ ထို့ပြင် "အလုပ်ခွင်မှာ စိတ်ဝင်စားမှုမရှိ" ဟု ပြောဆိုခြင်းများသည်လည်း စိတ်သည်အာရုံတခု၌ တည်တံ့မှုမရှိ၊ အာရုံအများသို့ ပြေးသွားကြောင်းထင်ရှားစေသော အထောက်အထားများဖြစ်သည်။

ဤကဲ့သို့ စိတ်က အာရုံအမျိုးမျိုးသို့ပျံ့လွင့်ပြေးသွားနေလျှင် ကေဂ္ဂတာ မဖြစ်နိုင်၊ စိတ်က အာရုံတခု၌ တည်တံ့နေပါမှ ကေဂ္ဂတာဖြစ်လာနိုင်သည်၊ ထို့ကြောင့် တခုသောအာရုံသည် ကေဂ္ဂတာ၏ အနီးကပ်ဆုံးအကြောင်း ဖြစ်သည်၊ သင့်သောအားဖြင့် နှလုံးသွင်းမှု(ယောနိသောမနသိကာရ),မသင့်သောအားဖြင့် နှလုံးသွင်းမှု(အယောနိသောမနသိကာရ) စသောအကြောင်းများမှာ ကေဂ္ဂတာ၏ဝေးသော အကြောင်းများသာဖြစ်သည်။ ထို့ကြောင့် ကေဂ္ဂတာကို တခုသောအာရုံလျှင် နီးစွာသောအကြောင်းရှိသည်ဟု ဖွင့်ဆိုကြသည်။

**သုခပဒဋ္ဌာန်။** ။အာရုံတခု၌ တည်ကြည်မှုကေဂ္ဂတာကို ချမ်းသောအားဖြင့် သုခလျှင် နီးစွာသော အကြောင်းရှိသည်။[၁]

---

၁။ အင်္ဂုံ၊ ဋ္ဌ၊ ၁၊ ၁၄၂။

## သုခသည် ကေဂ္ဂတာ၏ အနီးကပ်ဆုံးသော အကြောင်းပဒဋ္ဌာန်ဖြစ်ပုံ

ဝိတက်, ဝိစာရ, ပီတိ, သုခ, ကေဂ္ဂတာ ဟူ၍ ဈာန်အင်္ဂါငါးပါးရှိ၏၊ ယင်းငါးပါးအနက် ကေဂ္ဂတာ၏ အနီးကပ်ဆုံး ပဒဋ္ဌာန်မှာသုခဖြစ်ကြောင်း ထင်ရှားလှသည်၊ မှန်၏၊ ဆိုခဲ့သည့် ဈာန်အင်္ဂါငါးပါးတို့သည် မိမိတို့ကိစ္စကို အသီးသီး ဆောင်ရွက်လျက်ရှိကြသည်၊ ထိုသို့ ဆောင်ရွက်ကြရာ၌ ဝိတက်က ယှဉ်ဖက်သမ္ပယုတ်တရားစုကို အာရုံတခုသို့ရောက်နေအောင် မနေမနားတင်ပေးပါမှ ဝိစာရက အာရုံကို ထပ်တလဲလဲ စွဲမြဲစွာ သုံးသပ်ခြင်းသဘောကို ဆောင်ရွက်နိုင်ပေသည်။

ဝိစာရက အာရုံကို ထပ်ကာလဲလဲသုံးသပ်ပေးပါမှ ပီတိက အာရုံကိုနှစ်သက်ခြင်းသဘောကို ဆောင်ရွက်နိုင်ပါမည်။ပီတိက အာရုံကိုနှစ်သက်ပါမှလည်း သုခက အာရုံ၏ အရသာကိုခံစားခြင်း သဘောကို ဆောင်ရွက်နိုင်ပါမည်၊ သုခက မှန်မြတ်သော အရသာကို ခံစားပါမှ ကေဂ္ဂတာက တခုတည်းသော အာရုံ၌ စိတ်ကိုတည်တံ့စေခြင်း ကိစ္စကို ဆောင်ရွက်နိုင်ပါမည်။

ဤဆိုခဲ့သည့် စကားအစဉ်အရ ကေဂ္ဂတာ၏ အနီးကပ်ဆုံးသော အကြောင်းမှာ သုခဖြစ်နေသည်ကို ထင်ရှားစွာ တွေ့နိုင်လေသည်။ အခြားဝိတက်, ဝိစာရ စသည်တို့ကား ကေဂ္ဂတာ၏ အနီးကပ်ဆုံးသော အကြောင်းမဟုတ်ပဲ ဝေးသော(ဒူရ) အကြောင်းများသာ ဖြစ်ကြလေသည်။

သုခနှင့်စတုတ္ထဈာန်။ ။ကေဂ္ဂတာ၏ အနီးကပ်ဆုံးသော အကြောင်းသည် သုခဖြစ်သည်ဟု ဆိုသော်လည်း စတုတ္ထဈာန် စသည်မှာ သုခမရှိသောကြောင့် ယင်းစတုတ္ထဈာန်၌ရှိသော ကေဂ္ဂတာ၏ အနီးကပ်ဆုံးသောအကြောင်းမှာ သုခမဖြစ်နိုင်၊ ထို့ကြောင့် သုခသည် ကေဂ္ဂတာ၏ အနီးကပ်ဆုံးသော အကြောင်းဖြစ်သည်ဟု ဆိုခြင်းသည်

များသောအားဖြင့် ဖြစ်သည်ကို ရည်ရွယ်၍ ဆိုခြင်း ဖြစ်လေသည်၊ ထို့ကြောင့် အဋ္ဌကထာ၌ "သုခသည် ကေဂ္ဂတာ၏ ပဒဋ္ဌာန်ဖြစ်သည်ဟုဆို ရာ၌ ဝိသေသအားဖြင့် ဖြစ်သည်ကို ဆိုလိုပေသည်" ဟု ဖွင့်ပြ၍ ဋီကာ၌ "ဝိသေသအားဖြင့် ဖြစ်သည်ဟု အဋ္ဌကထာဆရာဆိုသည်မှာ များသော (ယေဘုယျ)အားဖြင့်ဖြစ်သည်ကို ဆိုလိုရင်းဖြစ်၏[၂]" ဟု ထပ်ဆင့်ဖွင့်ပြပေ သည်။ အနုဋီကာ၌ကား–သုခသည် သမာဓိ၏ အထူးဝိသေသအားဖြင့် အနီးကပ်ဆုံး အကြောင်းဖြစ်နိုင်ပုံကို "ချမ်းသာမှုသုခရှိသူ၏ စိတ်သည် တည်ကြည်၏" ဟု ဟောတော်မူချက်ကို ကိုးကားလျက် ဝိသေသဆိုသည် မှာ အလွန်အကဲ အထူးဝိသေသအားဖြင့် ဖြစ်ခြင်းမျိုးကို ဆိုနိုင်သေး ကြောင်း ဖွင့်ဆိုလေသည်[၃]။

## စတုတ္ထဈာန်၌ရှိသော ကေဂ္ဂတာ၏ အနီးကပ်ဆုံးသော အကြောင်း

ဆိုခဲ့သည့် စကားများအရ စတုတ္ထဈာန်၌ သုခမရှိသောကြောင့် ယင်း စတုတ္ထဈာန်၌ရှိသော ကေဂ္ဂတာ၏ အနီးကပ်ဆုံးသော အကြောင်းမှာ သုခမဖြစ်လျှင် အဘယ်သည် စတုတ္ထဈာန်၌ရှိသော ကေဂ္ဂတာ၏ ပဒဋ္ဌာန် ဖြစ်သနည်း။

အဖြေကား–ယင်းဧကဂ္ဂတာ၏ အနီးကပ်ဆုံးသော အကြောင်းမှာ လျစ်လျူရှုမှု ဥပေက္ခာဖြစ်သည်။

ရှင်းပါဦးမည်–ဤ၌ ဥပေက္ခာဆိုသည်မှာ လျစ်လျူရှုမှုတည်း။ လျစ် လျူရှုမှုဆိုသည်မှာလည်း ပစ်ထားမှုသဘောမဟုတ်၊ ချမ်းသာမှုသုခ သဘော, ဆင်းရဲမှုဒုက္ခသဘောသို့ မရောက်စေပဲ အာရုံ၌ စိတ်ကို အလယ် အလတ် တည့်မတ်ပေးမှုသဘောပင် ဖြစ်သည်။ ယင်းသို့ဖြစ်သော် စိတ်ကို အာရုံသို့ အလယ်အလတ် တည့်မတ်ပေးမှု ဥပေက္ခာသဘောမဖြစ်လျှင်

၁။ အဘိဋ္ဌ၊၁၊၁၆၂။ ၂။ ပူလဋီ၊ဂဂ။ ၃။ အနုဋီ၊ ၉၅။

တခုတည်းသောအာရုံ၌ တည်တံ့မှု ကေဂ္ဂတာသဘော ဖြစ်လာလိမ့်မည် မဟုတ်ချေ။ ထို့ကြောင့် သုခမရှိသော စတုတ္ထဈာန်၏ အနီးကပ်ဆုံး အကြောင်းမှာ အာရုံ၌ အလယ်အလတ် တည့်မတ်ပေးမှု ဥပေက္ခာသာ ဖြစ်သင့်ပေသည်။

## သုခသည် သမာဓိ၏ နီးစွာသောအကြောင်း

ဆိုခဲ့သည့် ဈာန်အင်္ဂါငါးပါးအနက် အာရုံကို စူးစိုက်စွာရှုမှု ကေဂ္ဂတာသည် အာရုံ၌ အညီအညွတ် ကောင်းစွာထားမှု သမာဓိသဘော၊ အာရုံတခု၌ တည်ကြည်မှု သမာဓိသဘောရှိသည်ဖြစ်ရာ ယင်းစိတ်၏တည်ကြည်မှု သမာဓိမှာလည်း စိတ်ချမ်းသာမှု သုခသဘောမရှိလျှင် ယင်းသမာဓိသဘောလည်း ရှိနိုင်လိမ့်မည်မဟုတ်ချေ။ မှန်၏။ တရားအားထုတ်သော ယောဂီသူတော်စင်သည် မြေဝိုင်း (ပထဝီကသိုဏ်း ဝန်း)အာရုံပေါ်၌ စိတ်ကို တည်ကြည်ငြိမ်သက်အောင် မြန်မာလို "မြေ၊ မြေ"၊ ပါဠိလို "ပထဝီ၊ ပထဝီ"ဟု အဖန်ဖန်စီးဖြန်းရာ၌ စိတ်ချမ်းသာမှုသုခမရှိပဲ စိတ်ဆင်းရဲမှု၊ စိတ်ကြောင့်ကြမှုများ ဖြစ်နေလျှင် ထိုယောဂီသည် မည်မျှပင်အားထုတ်သော်လည်း ၎င်းစိတ်သည် မြေဝိုင်း = ပထဝီကသိုဏ်း အာရုံပေါ်၌ ငြိမ်သက်တည်ကြည်ခြင်း သမာဓိဖြစ်နိုင်လိမ့်မည် မဟုတ်ပါချေ။

ဆိုလိုသည်မှာ – စိတ်ချမ်းသာမှုသုခမဖြစ်လျှင် သမာဓိမရ၊ သမာဓိမရလျှင် ယထာဘူတလမ်းမှန်ကျအောင်မသိ၊ ယထာဘူတကျအောင်မသိလျှင် မည်မျှပင်အားထုတ်သော်လည်း ဈာန်မဂ်ဖိုလ်မရနိုင်၊ သုခရှိမှသမာဓိရ၍ သမာဓိရမှ ယထာဘူတလမ်းမှန်ကျအောင်သိပြီး၊ ယထာဘူတသိမြင်ပါမှ ဈာန်မဂ်ဖိုလ်ကို ရရှိနိုင်သည်ဖြစ်ရာ ဈာန်မဂ်ဖိုလ်ကိုရနိုင်ခြင်း၏ အနီးဆုံး အကြောင်းမှာ ယထာဘူတလမ်းမှန်ကျအောင် သိမြင်ခြင်းဖြစ်၍ ယင်း ယထာဘူတသိမြင်နိုင်ခြင်း၏ အနီးဆုံးအကြောင်းမှာ သမာဓိရရှိမှုဖြစ်ပြီး ယင်းသမာဓိရနိုင်ခြင်း၏ အနီးကပ်ဆုံးအကြောင်းမှာ စိတ်ချမ်းသာမှု သုခသာဖြစ်လေတော့သည်၊ ထို့ကြောင့် အဋ္ဌကထာ၌ "ချမ်းသာမှုသုခရှိ

၀သာလူ၏ စိတ်သည် ကောင်းစွာတည်ကြည်၏" ၁ ဟူ၍ လည်းကောင်း၊ "ကောင်းစွာတည်ကြည်မှု သမာဓိရှိသော သူသည် ဖဿာတူတလမ်းမှန်ကျအောင်သိမြင်၏" ဟူ၍လည်းကောင်း ဘုရားရှင် ဟောကြားတော်မူကြောင်းဖွင့်ဆိုခဲ့ပေသည်။ ထို့ကြောင့် သုခသည် သမာဓိ၏ အနီးကပ်ဆုံးသော အကြောင်းဖြစ်သည်ဟု ဖွင့်ဆိုကြလေသည်။

## ကေဂ္ဂတာစေတသိက် အပျိုးပျိုးပြားပုံ

ဓာတ်အားဖြင့် ကေဂ္ဂတာ ၁-မျိုး။ ။အာရုံတခု၌ တည်တံ့မှု ကေဂ္ဂတာ သမာဓိသည် မပျံ့လွင့်ခြင်း သဘော (အဝိက္ခေပလက္ခဏာ)အားဖြင့် ၁မျိုးတည်းသာရှိသည်၊ အကုသိုလ်, ကုသိုလ်, အဗျာကတဓာတ်အားဖြင့်ကား–

(၁) အကုသိုလ်ကေဂ္ဂတာ၊

(၂) ကုသိုလ်ကေဂ္ဂတာ၊

(၃) အဗျာကတကေဂ္ဂတာ–

ဟူ၍ သုံးမျိုးကွဲပြားလေသည်။

### ၁။ အကုသိုလ်ကေဂ္ဂတာ

သတ္တဝါတို့၏သန္တာန်၌ အကုသိုလ်စိတ် ဖြစ်ပေါ်လာသည့်အခါ ထိုအကုသိုလ်စိတ်၌ ယှဉ်တွဲပါရှိသော ကေဂ္ဂတာစေတသိက်ကို အကုသိုလ်ကေဂ္ဂတာဟုခေါ်သည်၊ ထို ကေဂ္ဂတာသည် အကုသိုလ်စိတ်ကို ဆိုင်ရာအကုသိုလ်အာရုံ၌ တည်တံ့အောင် ဆောင်ရွက်ပေးသည်။

သတ်မှုဆိုင်ရာ။ ။ဥပမာ–သူ့အသက်ကိုသတ်မှု(ပါဏာတိပါတကံ)ဆိုင်ရာတွင် တဘက်ရန်သူကို သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ရာ၌ ပစ်ခတ်သည့်အခါ ကျည်ဆံလွဲချော်မသွားအောင်၊ တဖက်ရန်သူကို တည့်တည့်ထိမှန်အောင် တဖက်ရန်သူပေါ်၌ စိတ်စိုက်ပြီး ပစ်ခတ်

---

၁။ အဘိ၊ ဋ္ဌ၊၁၊၁၆၂။

သတ်ဖြတ်ပေလိမ့်မည်။ ထိုအခါ ပစ်ခတ်သူ သန္တာန်ဝယ် ဖြစ်ပေါ်သည့် ဒေါသစိတ်(ဒေါသမူစိတ်)သည် တဘက်ရန်သူတည်းဟူသော ဒေါသဖြစ်ဖွယ်အာရုံ၌ စိတ်စူးစိုက်တည်တံ့လေသည်။

ထို့ပြင် လူတဦးကို မုန်းထား၍ ဓားဖြင့်ခုတ်သတ်ရာ လူသတ်သမားသည် မပျံ့လွင့်သောစိတ်ဖြင့် မိမိခုတ်သိုက်သည့် ဓားချက်မလွဲစေရအောင် အသတ်ခံရသူအပေါ်၌ စိတ်စိုက်၍ခုတ်သတ်ပေလိမ့်မည်၊ ထိုအခါ ဆိုခဲ့သည့်နည်းတူ ဒေါသစိတ်သည် ဒေါသဖြစ်ဖွယ် အာရုံ၌ စိတ်တည်တံ့လေသည်။

**ခိုးမှုဆိုင်ရာ။** ။ဥပမာ–သူတပါးပစ္စည်း ကိုခိုးမှု (အဒိန္နာဒါနကံ)ဆိုင်ရာတွင် သူတပါးပိုင် ရွှေထည်ပစ္စည်းတခုကိုခိုးယူရာ၌ ခိုးသူ၏သန္တာန်၌ဖြစ်သော လိုချင်တပ်မက်မောမှု လောဘစိတ်(လောဘမူစိတ်)သည် အခြားအာရုံတပါးသို့ မပျံ့လွင့်ဘဲ ရွှေထည်းဟူသော ခိုးချင်ဖွယ် မက်မောဖွယ်အာရုံတခု၌သာတည်၍ ခိုးပေလိမ့်မည်။ ထိုအခါ ခိုးသူ၏သန္တာန်ဝယ်ဖြစ်ပေါ်သည့် လောဘစိတ်သည် ရွှေထည်းဟူသော ခိုးရာပါပစ္စည်းအာရုံ၌ စိတ်စူးစိုက်တည်တံ့လေသည်။

**မိစ္ဆာစာရမှုဆိုင်ရာ။** ။အလားတူပင် – ကာမဂုဏ်တို့၌ မှားယွင်းမှု (ကာမေသုမိစ္ဆာစာရကံ)ဆိုင်ရာတွင် အမျိုးသမီးတဦးကို အလိုမတူပဲ လွန်ကျူးရာ၌ ကျူးလွန်သူသည် မိမိ၏ရာဂတဏှာစိတ်ကို ကာမချမ်းသာကို ခံစားလိုသည့်ဘက်၌ စိတ်စိုက်၍ လွန်ကျူးမှုကို ပြုပေလိမ့်မည်၊ ထိုအခါ လွန်ကျူးသူ၏သန္တာန်ဝယ် ဖြစ်ပေါ်သည့် ရာဂတဏှာစိတ်သည် ကာမဂုဏ်ချမ်းသာတည်းဟူသော တပ်နှစ်သက်ဖွယ်အာရုံ၌ စိတ်တည်တံ့လေသည်၊ ဤသို့ အကုသိုလ်ဆိုင်ရာတွင် အကုသိုလ်စိတ်၏ ပင်ကိုသဘောအားဖြင့် အာရုံတခု၌ တည်တံ့မှုကို အကုသိုလ်ဧကဂ္ဂတာဟု ခေါ်သည်။ ယင်းအကုသိုလ်ဧကဂ္ဂတာသည် ဒေါသဖြစ်ဖွယ်အာရုံ၌ ဒေါသစိတ်တည်တံ့အောင်၊ ခိုးမှုဆိုင်ရာ လောဘဖြစ်ဖွယ်

အာရုံ၌ လောဘစိတ်တည်တံ့အောင်၊ ကာမဂုဏ်မှုဆိုင်ရာ အာရုံ၌ ရာဂ တဏှာစိတ်တည်တံ့အောင် အသီးသီး ဆောင်ရွက်ပေးလေသည်။ ထို့ကြောင့် အဋ္ဌကထာ၌[၁]—

> သူ့အသက်ကိုသတ်ခြင်း အစရှိသော အမှုတို့၌သော်မှလည်း မပျံ့လွင့်သည်၏ အဖြစ်ကြောင့် စိတ်၏တခုတည်းသော အာရုံရှိသည်၏အဖြစ်သည် ဖြစ်၏၊ ချဲ့ဦးအံ့၊ လူတို့သည် စိတ်ကိုကောင်းစွာထား၍ မပျံ့လွင့်သော စိတ်ရှိကုန်သည်ဖြစ်၍ မချွတ်မယွင်းကုန်သော (မလွဲမချော်ကုန်သော) လက်နက်တို့ကို သတ္တဝါတို့၏ ကိုယ်တို့၌ ကျနိုင်စေကုန်၏၊ ခိုးဖို့ဆိုင်ရာအာရုံ၌ ကောင်းစွာထားအပ်သော စိတ်ရှိကုန်သည်ဖြစ်၍ သူတပါးတို့၏ဥစ္စာကို ခိုးဆောင်ကြကုန်၏၊ ကာမဂုဏ်ချမ်းသာကို ခံစားမှုဟူသော တခုသောကိစ္စရှိသောစိတ်ဖြင့် ကဲ့ရဲ့ဖွယ်ကိုက်စွာ ယုတ်မာသော အကျင့်သို့ ရောက်ကြကုန်၏၊ ဤသို့လျှင် အကုသိုလ်၏ ဖြစ်ခြင်း၌လည်း စိတ်တခုတည်းသော အာရုံရှိသည်၏ အဖြစ်သည် ဖြစ်၏—

ဟု ဖွင့်ဆိုထားလေသည်။

ဤသို့အားဖြင့် အထက်တွင်ဖော်ပြခဲ့သည့် လူသတ်ကောင်၊သူခိုး၊မုဒိမ်းကောင်တို့သန္တာန်ဝယ် ဖြစ်ပေါ်သည့် ဒေါသစိတ်၊လောဘစိတ်၊တဏှာရာဂစိတ်တို့၏ဆိုင်ရာအကုသိုလ်အာရုံအသီးသီး၌ တည်တံ့မှုကေဂ္ဂတာများသည်လည်းကောင်း၊ အလားတူပင် ဒေဝဒတ်သည် ဘုရားရှင်အား သတ်ရန် တောင်ပေါ်မှကျောက်တုံးများလှိမ့်ချရာ၌ ဒေဝဒတ်သန္တာန်တွင် ဖြစ်ပေါ်သည့် ဒေါသစိတ်၏အာရုံတခု၌ တည်တံ့မှု၊ ဖခင်ဗိမ္ဗိသာရမင်းကြီးကိုသတ်ရာ၌ သားတော် အဇာတသတ်သန္တာန်တွင် ဖြစ်ပေါ်သည့်ဒေါသစိတ်၏ ဗိမ္ဗိသာရမင်းကြီးတည်းဟူသော အာရုံတခု၌ တည်တံ့မှု၊ မိခင်၏ လက်ညှိုးကို ဖြတ်ယူရန်အမှိုက်သော အင်္ဂုလိမာလသန္တာန်တွင် ဖြစ်ပေါ်သည့် ဒေါသစိတ်၏ မိခင်တည်းဟူသော အာရုံတခု၌ တည်တံ့မှု ကေဂ္ဂတာများသည်လည်းကောင်း အကုသိုလ်ကေဂ္ဂတာများပင် ဖြစ်သည်။

---

၁။ ဧဘာ၊ဋ္ဌ၊၁၊ ၂၉၀။

အကျဉ်းချုပ်အားဖြင့်— ကေဂ္ဂတာသည် စိတ်မှန်သမျှနှင့် ဆက်ဆံသဖြင့် အကုသိုလ်စိတ် ဖြစ်တိုင်းဖြစ်တိုင်း ကေဂ္ဂတာ ပါဝင်သည်သာ ဖြစ်သည်၊ ယင်းအကုသိုလ်စိတ် ဖြစ်တိုင်းဖြစ်တိုင်း ပါဝင်လျက်ရှိသော ကေဂ္ဂတာကို အကုသိုလ်ကေဂ္ဂတာဟု ခေါ်သည်။

**၂။ ကုသိုလ် ကေဂ္ဂတာ။** ။ကုသိုလ် ကေဂ္ဂတာမှာ— ဘုရားရှိခိုးခြင်း၊ တရားနာခြင်း သမထ ဝိပဿနာ အားထုတ်ခြင်းတို့၌ သိသာထင်ရှားပါသည်။

**၃။ အဗျာကတ ကေဂ္ဂတာ။** ။အဗျာကတ ကေဂ္ဂတာဟူသည် ကုသိုလ် အကုသိုလ်ဟုမဆိုထိုက်သည့် အဗျာကတ စိတ်များဖြစ်ခါ ဆိုင်ရာအာရုံတခု၌ တည်တံ့မှု ကေဂ္ဂတာပင် ဖြစ်သည်။

**အဗျာကတ ကေဂ္ဂတာဖြစ်ပုံ။** ။အကုသိုလ် ကုသိုလ်မှုဆိုင်ရာ မည်သည့် အလုပ်ကိုမျှ မလုပ်ပဲ အိပ်နေစဉ်အခါ စသည်များ၌ အိပ်နေသောသူ၏ သန္တာန်၌ဖြစ်သော ဘဝင်စိတ်၏ အတိတ်အာရုံတခု၌ တည်တံ့မှုကိုပင် အဗျာကတကေဂ္ဂတာဟု ဆိုရပေသည်၊ ထို့ပြင် မြင်သိစိတ် စက္ခုဝိညာဏ်၏ မြင်သိဖွယ်အာရုံတခု၌ တည်တံ့မှုသည်လည်း အဗျာကတ ကေဂ္ဂတာပင် ဖြစ်သည်။

အကျဉ်းချုပ်အားဖြင့် အကျိုးဝိပါက်စိတ်များနှင့် ပြုကာမျှမတ္တ ပြုခြင်းမျှသာ ဖြစ်သော ကြိယာစိတ်များ ဖြစ်တိုင်းဖြစ်တိုင်း ပါဝင်လျက်ရှိသော ကေဂ္ဂတာသည် အဗျာကတ ကေဂ္ဂတာဖြစ်သည်။

**အဗျာကတ ကေဂ္ဂတာနှင့် အားနည်းမှု။** ။အဗျာကတ ကေဂ္ဂတာလည်း အကုသိုလ်ကေဂ္ဂတာကဲ့သို့ပင် အားနည်းလေသည်၊ မှန်ပေသည်၊ မြင်သိစိတ် (စက္ခုဝိညာဏ်) သည် အမြင်ခံ အဆင်းရူပါရုံ၌ တည်တံ့၍ ကေဂ္ဂတာဖြစ်ရာ၌ ဥပါဒ်၊ ဌီ၊ ဘင်

အခိုက်အတန့်တည်ကာမတ္တ တည်ခြင်းမျှသာ ဖြစ်လေသည်၊ ထို့ကြောင့် အဋ္ဌကထာ၌[1] "ဤမြင်သိစိတ် (စက္ခုဝိညာဉ်) သည့် အားနည်း၏၊ စိတ်၏တည်ကာမတ္တ (ဌိတိ) မျှကိုသာ ရအပ်၏" ဟု ဖွင့်ဆိုလေသည်။

**အကုသိုလ်ဧကဂ္ဂတာနှင့် ကုသိုလ်ဧကဂ္ဂတာ နှိုင်းယှဉ်ပုံ**

အကုသိုလ် ဧကဂ္ဂတာသည် ကုသိုလ်ဧကဂ္ဂတာနှင့်နှိုင်းစာပါက အားနည်းလေသည်။

အကုသိုလ်တရားများမှာ အပယ်ခံ (ပဟာတဗ္ဗ) သဘောတရားများဖြစ်ကြပြီး ကုသိုလ်သဘောတရားများမှာ ပယ်တတ်သော (ပဟာယက) သဘောတရားများ ဖြစ်ကြလေသည်။

လောက၌သတ်သူ၊ အသတ်ခံရသူ နှစ်ဦးအနက် အသတ်ခံရသူမှာ သတ်သူအောက် အားနည်း၍ အသတ်ခံလိုက်ရခြင်း ဖြစ်သကဲ့သို့ ထို့အတူပင် အကုသိုလ် သဘောတရားများမှာ အပယ်ခံများဖြစ်၍ ကုသိုလ် သဘောတရားများအောက် အားနည်းကြပေသည်။

ဥပမာ- အကုသိုလ် ဆိုင်ရာဖြင့် ဧကဂ္ဂတာ၏ တည်တံ့မှုမှာ- အကုသိုလ်နှင့်ဆိုင်ရာ သဘောများနှင့် ရောနှောလျက် ရှိသည်ဖြစ်ရာ အကုသိုလ်မှုဆိုင်ရာ မနှစ်မြို့ဖွယ်အာရုံတို့၌ သန့်ရှင်းစွာ တည်တံ့နိုင်ခွင့်ရနိုင်လိမ့်မည် မဟုတ်ပါ။

ထို့ပြင် အကုသိုလ်၊ ကုသိုလ်သဘောတရားတို့၏ အားနည်းမှု အားကြီးမှုများနှင့် စပ်လျဉ်း၍ အဋ္ဌကထာ၌[2] ဥပမာ ဥပမေယျများဖြင့် အောက်ပါအတိုင်း ဖွင့်ဆိုထားသည်ကိုလည်း မှတ်သားအပ်ပေသည်။

"ဥပမာဆောင် ထင်ရှားအောင် ပြဆိုဦးအံ့၊ မြူမှုံ (ဖုံ) ထရာ အချပ်ကို ရေဖြင့်ဖျန်း၍ တံမြက်လှည်းအပ်သည်ကို ပြုအပ်သည်ရှိသော် အနည်းငယ်သော ကာလပတ်လုံးသာလျှင် မြူသည် ငြိမ်သက်စွာ တည်နေ၏။ ခြောက်လေ ခြောက်လေသော် တဖန် ပင်ကို ပြကတေ့သော

---

၁။ အဘိ၊ဋ္ဌ၊၁၊၁၁၃။ ၂။ အဘိ၊ဋ္ဌ၊၁၊၁၈၀၊ နိဿယ၊ ဒု၊ ၁၄၂။

သဘောဖြင့်သာသျှင် ထသကဲ့သို့ ဤအတူ အကုသိုလ် အဖို့အရာ၌ ကေဂ္ဂတာသည် အားမရှိ။ (ပါဠိတော်၌ "သက်ဝင်၍တည်ခြင်း" ဟု ဟောတော်မူသည်မှာ ပါဏာတိပါတ စသော မကောင်းမှုကိုပြုရာဝယ် အခိုက်အတန့်ပင် ဖြစ်စေကာမူ ထိုအာရုံ၌ သက်ဝင်၍တည်မှု ကံထမြောက်ကြ၏၊ ထိုထမြောက်ရုံမျှ သက်ဝင်၍ တည်သည်ကို ရည်ရွယ်၍ ဟောတော်မူခြင်းဖြစ်သည်၊ အားရှိ၍ ဟောတော်မူခြင်း မဟုတ်ပေ) ထိုမှတပါး ထိုမြူထရာအရပ်ကို အိုးတို့ဖြင့် ရေကို သွန်းဖြန်း၍ ပေါက်တူးဖြင့်တူးဆွ၍ မြေကြီးခဲတို့ကို ထုရိုက်ခြင်း၊ ရေဖြင့်နယ်ခြင်း၊ ဆောင့်ချခြင်းတို့ကိုပြု၍ လိမ်းကျံအပ်သည်ရှိသော် ကြေးမုံမှန်၌ အရိပ်သည် ထင်သကဲ့သို့ အရိပ်ထင်၏၊ အနှစ်တရာလွန်သော်လည်း ထိုခအာဠ်ပြုအပ်သကဲ့သို့ဖြစ်၏၊ ဤအကုသိုလ် အဖို့အရာ၌ ကေဂ္ဂတာသည် အားရှိ၏" ဟူ၍ ရှင်းလင်းဖွင့်ဆိုထားလေသည်။

သမာဓိ (၂) မျိုး

၁။ ဥပစာရသမာဓိ= အပ္ပနာဈာန်၏ အနီး၌ဖြစ်သော သမာဓိ။

၂။ အပ္ပနာသမာဓိ= ခိုင်မြဲသော သမာဓိ= ဂေါတြဘူ၏ အခြားမဲ့၌ ဖြစ်သော ကေဂ္ဂတာ= မဟဂ္ဂုတ်စိတ်၊ လောကုတ္တရာစိတ်၌ ရှိသော သမာဓိ[1]။

တနည်း သမာဓိ (၂) မျိုး

၁။ လောကီသမာဓိ=ကာမ၊ ရူပ၊ အရူပ ဟုဆိုအပ်သော ဘုံသုံးပါး၌ လောကီစိတ်များနှင့်အတူဖြစ်သော ကေဂ္ဂတာ။

၂။ လောကုတ္တရာသမာဓိ= လောကုတ္တရာအရိယာမဂ်၊ ဖိုလ်များနှင့် ယှဉ်သော သမာဓိ[1]။

---

၁။ ဝိသုဒ္ဓိ၊ ၁၊၈၁။

တနည်း သမာဓိ (၂) မျိုး

၁။ သပ္ပီတိကသမာဓိ= စတုက္ကစျာန် နည်းအားဖြင့် ပဌမစျာန်၊ ဒုတိယစျာန်၊ စျာန် (၂) မျိုး, ပဥ္စကစျာန် နည်းအားဖြင့် ပဌမ၊ ဒုတိယ၊ တတိယစျာန်၊ စျာန် (၃) မျိုးတို့၌ ရှိသော ကေဂ္ဂတာ။

၂။ နိပ္ပီတိကသမာဓိ=ကြွင်းသောစတုတ္ထစျာန်၊ ပဥ္စမစျာန်၊စျာန် (၂) မျိုးတို့၌ ရှိသော ကေဂ္ဂတာ[၁]။

တနည်း–သမာဓိ (၂)မျိုး

၁။ သုခသဟဂတသမာဓိ=စတုက္ကစျာန်နည်းအားဖြင့် စျာန်(၃) မျိုး ပဥ္စကစျာန်နည်းအားဖြင့် စျာန်(၄)မျိုးတို့၌ ရှိသော ကေဂ္ဂတာ။

၂။ ဥပေက္ခာသဟဂတသမာဓိ=ကြွင်းစျာန်၌ရှိသောကေဂ္ဂတာ[၁]။

သမာဓိ (၃)မျိုး

၁။ ခဏိကသမာဓိ= နုံ့သောကာမာဝစရစိတ်၌ရှိသော အနည်းငယ် တည်ကြည်ခြင်း ကေဂ္ဂတာ။

၂။ ဥပစာရသမာဓိ= ထက်သော ကာမာဝစရ စိတ်၌ရှိသော ကေဂ္ဂတာ။

၃။ အပ္ပနာသမာဓိ= မဟဂ္ဂုတ်စိတ်နှင့် လောကုတ္တရာစိတ်တို့၌ ရှိသော သမာဓိ[၂]။

တနည်း–သမာဓိ (၃)မျိုး

၁။ ဟီနသမာဓိ=ရခါစ ဂုဏ်ကာစဖြစ်သော (အညံ့စားသမာဓိ)။

၂။ မဇ္ဈိမသမာဓိ=လွန်စွာမပွားအပ်သော အလယ်အလတ်ဖြစ်သော သမာဓိ။

၃။ ပဏီတသမာဓိ = လွန်စွာပွားအပ်ပြီး၍ ဝသီဘော်ရောက်သော မွန်မြတ်သော သမာဓိ[၃]။

---

၁၊ ဝိသုဒ္ဓိ၊၁။၈၁။ ၂။ အနုဂ ဏ္ဍနာ၊၃။၂၁၀။ ၃။ ဝိသုဒ္ဓိ၊၁။၈၂။

တနည်း – သမာဓိ (၃)မျိုး

၁။ သဝိတက္ကသဝိစာရသမာဓိ= ဥပစာရသမာဓိနှင့်တကွ ပထမ ဈာန် သမာဓိ။

၂။ အဝိတက္ကဝိစာရမတ္တသမာဓိ= ပဉ္စကဈာန်နည်း ဒုတိယဈာန် သမာဓိ။

၃။ အဝိတက္ကအဝိစာရသမာဓိ=စတုက္ကဈာန်နည်း၌ ဒုတိယဈာန် အစရှိသော ဈာန်များ၊ ပဉ္စကနည်း၌ တတိယဈာန်အစရှိသော သုံးပါးသောဈာန်တို့၌ ရှိသောဧကဂ္ဂတာ[၁]။

တနည်း – သမာဓိ (၃)မျိုး

၁။ ပီတိသဟဂတသမာဓိ=စတုက္ကနည်း၌အစ(၂)ပါးသောဈာန်၊ ပဉ္စကနည်း (၃)ပါးသော ဈာန်တို့၌ရှိသော ဧကဂ္ဂတာ။

၂။ သုခသဟဂတသမာဓိ=တတိယဈာန် စတုတ္ထဈာန်၌ရှိသော ဧကဂ္ဂတာ။

၃။ ဥပေက္ခာသဟဂတသမာဓိ= အဆုံးဖြစ်သောဈာန်၌ ရှိသော ဧကဂ္ဂတာ[၁]။

တနည်း–သမာဓိ (၃)မျိုး

၁။ ပရိတ္တသမာဓိ = ကာမာဝစရစိတ်၌ ယှဉ်သောသမာဓိ။ (အားနည်းသော ကာမာဝစရတရားကို ပရိတ္တဟုခေါ်သည်)

၂။ မဟဂ္ဂတသမာဓိ=ရူပ၊အရူပဈာန်စိတ်တို့၌ယှဉ်သောသမာဓိ။

၃။ အပ္ပမာဏသမာဓိ=လောကုတ္တရာစိတ်၌ ယှဉ်သောသမာဓိ[၁]။

---

၁။ ဝိသုဒ္ဓိ၊၁။၈၂။

သမာဓိ (၄)မျိုး

၁။ ကာမာဝစရသမာဓိ=ကာမာဝစရစိတ်၌ ရှိသော ဧကဂ္ဂတာ။

၂။ ရူပါဝစရသမာဓိ=ရူပစိတ်၌ ရှိသော ဧကဂ္ဂတာ။

၃။ အရူပါဝစရသမာဓိ=အရူပစိတ်၌ရှိသော ဧကဂ္ဂတာ။

၄။ အပရိယာပန္နသမာဓိ=လောကုတ္တရာသမာဓိ[၁]။

တနည်း–သမာဓိ (၄)မျိုး

၁။ ဆန္ဒာဓိပတိသမာဓိ= ဆန္ဒကို အကြီးအမှူးပြုသော စိတ်၏ တည်ကြည်မှု။

၂။ ဝီရိယာဓိပတိသမာဓိ=ဝီရိယကို အကြီးအမှူးပြုသော စိတ်၏ တည်ကြည်မှု။

၃။ စိတ္တာဓိပတိသမာဓိ=စိတ်ကို အကြီးအမှူးပြုသော စိတ်၏ တည်ကြည်မှု။

၄။ ဝီမံသာဓိပတိသမာဓိ=ဝီမံသကို အကြီးအမှူး ပြုသော စိတ်၏ တည်ကြည်မှု—

ဟူ၍ အဓိပတိအစွမ်းဖြင့်(၄)မျိုးဖြစ်သည်[၁]။

သမာဓိ (၅)မျိုး

၁။ ပထမဈာနသမာဓိ။ ။ရှေးဦးစွာ ကသိုဏ်းစသော တခုသောသော အာရုံ၌ တုန့်လှုပ်ခြင်းမရှိပဲ ရှုမြင်ထင်ရှဲ ခိုင်ခြဲ တည်ငြိမ်သောသမာဓိ။

၂။ ဒုတိယဈာနသမာဓိ။ ။နှစ်ကြိပ်မြောက် ကသိုဏ်းစသော တခုသော အာရုံ၌ တုန်လှုပ်ခြင်းမရှိပဲ ရှုမြင်ထင်ရှဲ ခိုင်ခြဲ တည်ငြိမ်သော သမာဓိ။

---

၁။ ဝိသုဒ္ဓိ၊၁၊၈၅။

၃။ တတိယဈာနသမာဓိ။ ။သုံးကြိမ်မြောက် ကသိုဏ်းစသော တခုသော သမထအာရုံ၌ တုန်လှုပ်ခြင်းမရှိပဲ ရှုမြင် ထင်စွဲ ခိုင်မြဲတည်ငြိမ်သော သမာဓိ။

၄။ စတုတ္ထဈာနသမာဓိ။ ။လေးကြိမ်မြောက် ကသိုဏ်းစသော တခုသောအာရုံ၌ တုန်လှုပ်ခြင်းမရှိပဲ ရှုမြင်ထင်စွဲ ခိုင်မြဲတည်ငြိမ်သော သမာဓိ။

၅။ ပဉ္စမဈာနသမာဓိ။ ။ငါးကြိမ်မြောက် ကသိုဏ်းစသော တခုသော အာရုံ၌ တုန်လှုပ်ခြင်းမရှိပဲ ရှုမြင်ထင်စွဲ ခိုင်မြဲ တည်ငြိမ်သော သမာဓိ[၁]။

သမာဓိ၏အမည်ထူးများ

အာရုံတခု၌တည်ကြည်မှု သမာဓိ၏ အမည်ထူးများမှာ—

၁။ သမထ၊

၂။ အဓိစိတ္တ၊

၃။ အပ္ပနာ-

ဟူသောအမည်များ ပင်ဖြစ်သည်။

(၁)သမထအမည်ကိုရခြင်း

သမထဟူသည် ကာမဂုဏ်ကို နှစ်သက်တွယ်တာတတ်သော ကာမစ္ဆန္ဒ-နီဝရဏစသော ကိလေသာ စသည်တို့ကို ငြိမ်းအေးစေမှုပင် ဖြစ်သည်။ တရားကိုယ်မှာ မဟာကုသိုလ်နှင့် ဈာန်စိတ်များ၌ ရှိသော သမာဓိပင် ဖြစ်သည်[၂]။

ပုထုဇဉ်သမာဓိ။ ။ထိုသမာဓိသည် နီဝရဏကိလေသာ အပူခတ်တို့ကို ငြိမ်းသက် အေးမြစေတတ်ပေရာ ပုထုဇဉ်တို့ ကမ္မဋ္ဌာန်း စတင်အားထုတ်ကြသောအခါ ၎င်းတို့၏ သန္တာန်၌ မဟာကုသိုလ် စိတ်

---

၁။ ဒိပနီပေါင်းချုပ်၊၁၊၁၅၁။ ၂။ ဘာသာဋီ၊၆၂၆။ အဘိဋ္ဌ၊၁။၁၈၉၊ ၁၇၅။

စေတသိက်များ ဖြစ်ကြပေသည်။ ကမ္မဋ္ဌာန်းပေါက်၍ ဈာန်အထမြောက်သောအခါ ရူပပထမဈာန် စိတ် စေတသိက်များ ဖြစ်ကြပေသည်။ ထိုဖြစ်ပေါ်လာသော စိတ်များတွင် ဧကဂ္ဂတာခေါ် သမာဓိသည် အချုပ်အချာဖြစ်သည်။ ထိုသမာဓိသည် ထကြွသောင်းကျန်းလေ့ရှိသော နီဝရဏကိလေသာအပူခေါတ်ဘိုကို ငြိမ်သက်အေးစေတတ်လေသည်၊ ထို့ကြောင့် ပုထုဇဉ်တို့၏သန္တာန်၌ ဖြစ်သောသမာဓိသည် သမထအမည်ကို ရရှိလေသည်[၁]။

ရဟန္တာသမာဓိ။ ။ရဟန္တာဖြစ်ပြီးမှ လောကီဈာန်ကို အားထုတ်ရာ၌ ထိုကဲ့သို့ ကိလေသာအပူခေါတ်တို့ကို ငြိမ်ဝပ်စေဖွယ်မလိုပါ။ အာရုံများစွာကို ယူနေရသည့်အတွက် မငြိမ်မသက်ဖြစ်လျက်ရှိသော စိတ်ကို(ဝါ)သမာဓိမရခင် အာရုံအမျိုးမျိုးကို ယူနေရသဖြင့် မငြိမ်မသက်ဖြစ်လျက်ရှိသောစိတ်ကို ငြိမ်သက်စေတတ်သည် ဖြစ်သောကြောင့် သမထအမည်ကို ရရှိခြင်းဖြစ်သည်[၁]။

ဒုတိယဈာန်စသည်ရှိသော သမာဓိ။ ။ဒုတိယ ဈာန်စသည်၌ ရှိသော သမာဓိမှာ ကိလေသာကိုလည်း ငြိမ်သက်စေဘွယ်မလို၊ စိတ်ကိုလည်း ငြိမ်သက်စေဘွယ်မလိုပါ၊ ဝိတက်စသော ရုန့်ရင်းသော ဈာန်အင်္ဂါကို ငြိမ်းစေတတ်သောကြောင့်သာ သမထဟူသောအမည်ကို ရရှိခြင်း ဖြစ်လေသည်[၂]။

## (၂)အဝိစိတ္တအမည်ကိုရခြင်း

အဝိစိတ္တဟူသည် လွန်ကဲမြင့်မြတ်သော သမာဓိဖြစ်သည်။ ဤ၌စိတ်ကို အဦးပြု၍ သမာဓိစေတသိက်ကို အဓိစိတ္တဟုဆိုခြင်းဖြစ်သည်၊ မဂ်သမာဓိ ဖိုလ်သမာဓိကို မှူးအားဖြင့် အဓိစိတ္တခေါ်သည်၊ ဝိပဿနာ၏ အခြေခံ သမာပတ္တိသမာဓိကို ဥပစာအားဖြင့် အဓိစိတ္တဟု ခေါ်သည်[၃]။

---

၁။ ဘာသာဋီ။၆၂၆။ အဘိ၊ဋ္ဌ၊၁။၁၈၉။၁၇၅။
၂။ ဘာသာဋီ။၆၂၆။
၃။ ပဋိသံ၊ဋ္ဌ၊၂။၇၃၊၇၆။

## (၃) အပ္ပနာအမည်ကို ရခြင်း

အမှန်စင်စစ်၊ အပ္ပနာဆိုသည်မှာ သမ္ပယုတ္တတရားတို့ကို အာရုံသို့ ရှေးရှုတင်ပေးတတ်သည့် ဝိတက်၏အမည်ဖြစ်သည်။ ဝိတက်စသော ဈာန်အင်္ဂါတို့နှင့် အတူဖြစ်သောကြောင့် ဈာန်ကိုလည်း အပ္ပနာဟုခေါ်သည်။ ဈာန်အင်္ဂါတို့တွင် သမာဓိသည် ပဓာနဖြစ်သည်။ ထို့ကြောင့် သမာဓိကိုလည်း အပ္ပနာဟု ခေါ်သည်[၁]။

### ဣန္ဒြေ၊ ဗိုလ်စသောအမည်ကို ရခြင်း

ဣန္ဒြေမည်ပုံ။ ။အာရုံတခု၌တည်ကြည်မှုသမာဓိသည် ဣန္ဒြေထိုက်သော တရားများတွင်ပါဝင်၏။ မိမိနှင့်သက်ဆိုင်သော တရားများအား မိမိအလိုအတိုင်း ဖြစ်စေနိုင်သောတရားကို ဣန္ဒြေဟု ဆိုရ၏။ သမာဓိသည် မိမိနှင့်သက်ဆိုင်သော မိမိနှင့်အတူဖြစ်သော သမ္ပယုတ်တရားတို့ကို မိမိအလိုအတိုင်း မပျံ့လွင့်ခြင်းသဘောသို့ လိုက်စေတတ်၏။ ထို့ကြောင့် ဣန္ဒြေကိစ္စတပ်၍ ဣန္ဒြေအမည်ကိုရသည်၊ ယင်းကဲ့သို့ဣန္ဒြေကိစ္စတပ်သောကြောင့် ပျံ့လွင့်ပူဥဒ္ဓစ္စသည်ပင် သမာဓိအလိုသို့လိုက်ရလေသည်။

ဥဒ္ဓစ္စသည်သမာဓိအလိုသို့ လိုက်၊ မလိုက် ဥဒ္ဓစ္စနှင့် ဧကဂ္ဂတာသမာဓိတို့သည် သဘောအားဖြင့် ဆန့်ကျင်ကြ၏။ ဥဒ္ဓစ္စမှာပျံ့လွင့်တုန်လှုပ်သောသဘောဖြစ်သည်၊ ဧကဂ္ဂတာသမာဓိကား မပျံ့လွင့်မတုန်လှုပ်ဘဲတည်ကြည်၏။ ဧကဂ္ဂတာ သမာဓိသည် စိတ်မှန်သမျှနှင့် ဆက်ဆံသဖြင့် ဥဒ္ဓစ္စစိတ်၌ ဥဒ္ဓစ္စနှင့် ဧကဂ္ဂတာတို့အတူဖြစ်သောအခါ ဥဒ္ဓစ္စသည်သမာဓိအလိုသို့လိုက်၍ သို့မဟုတ် သမာဓိသည် ဥဒ္ဓစ္စအလိုသို့လိုက်၍ အတူဖြစ်နိုင် မဖြစ်နိုင် စိစစ်ရန် လိုအပ်လေသည်။

မဏိသာရမဉ္ဇူအဆို။[၁] ။မပျံ့လွင့်မှုဧကဂ္ဂတာသမာဓိသည် ပျံ့လွင့်မှုဥဒ္ဓစ္စကို ဖြားယောင်းသွေးဆောင်နိုင်၏။ ဥပမာ– မြင်းစီးအဘတ် ကျွမ်းကျင်သူသည် မြင်းကြမ်းကိုစီးသောအခါ မြင်း၏အလိုသို့ အတန်ငယ်ဖြားယောင်းလိုက်ပါပြီးနောက် မိမိအလိုသို့ လိုက်

---

၁။ ဝိသုဒ္ဓိ၊ ဋီ၊ ၁။ ၃၃၃။ သာရတ္ထ၊ ဋီ၊ ၂၊ ၂၆၁။

ဓအောင် ဆွဲဆောင်စီးနင်းသကဲ့သို့ သမာဓိသည် ပျံ့လွင့်မှုသဘော ဥဒ္ဓစ္စ အလိုသို့ ၁-ဝီထိခန့်ဖြစ်စေ၊ ၂-ဝီထိ၊ ၃-ဝီထိခန့်ဖြစ်စေ အတန်ငယ်လိုက်၍ ပျံ့လွင့်ပြီးနောက်မှ မပျံ့လွင့်မှုသဘော မိမိအလိုသို့ လိုက်ပါစေကာ အတူ တကွ ဖြစ်နိုင်ကြလေသည်။

ပရမတ္ထသရူပအနုဝဏ္ဏနာအလို[1]။ ။ပရမတ္ထသဘောတို့သည် မြင်းကြမ်း ကို စီးသည့် ဥပမာကဲ့သို့ မဖြစ်နိုင်၊ မပျံ့လွင့်မှု တည်ကြည်မှု သမာဓိသည် ပျံ့လွင့်ဘုန်လှုပ်မှု ဥဒ္ဓစ္စအလိုသို့ လိုက်၍အနည်းငယ်မျှပျံ့လွင့်၍ မသွားပါ။

"သမာဓိသည်ပျံ့လွင့်မှု ဥဒ္ဓစ္စကိုလွှမ်းမိုးတတ်သဖြင့် အတူဖြစ်ဖက် တရားတို့အပေါ် အစိုးတရဖြစ်၏၊ထို့ကြောင့် ဣန္ဒြေမည်၏"—

ဟု အဋ္ဌကထာ၌[2] ဆိုထား၏။ သမာဓိသည် ဣန္ဒြေကိစ္စတပ်၏၊ မိမိနှင့်အတူ ဖြစ်ဖက်တရားတို့ကို မိမိအလိုအတိုင်း မပျံ့လွင့်ခြင်းသဘောသို့ လိုက်ပါ စေနိုင်၏၊ ဣန္ဒြေစစ်စစ်၊ သမထစစ်စစ်ကေန်ဖြစ်သော သမာဓိသည် ဣန္ဒြေ ကိစ္စမတပ်သော ဥဒ္ဓစ္စနောက်သို့ အနည်းငယ်မျှလိုက်၍ ပျံ့လွင့်မှုသဘော မဖြစ်နိုင်၊ ပျံ့လွင့်မှုသဘောဥဒ္ဓစ္စကသာလျှင် သမာဓိနှင့်အတူဖြစ်ရသဖြင့် မပျံ့လွင့်မှုသဘောသို့လိုက်ကာ အတူဖြစ်ရလေသည်။

ဥဒ္ဓစ္စ၏ ပျံ့လွင့်မှု သဘောဆိုသည် မှာလည်း ဥဒ္ဓစ္စ စေတသိက်နှင့် ဥဒ္ဓစ္စစိတ်တို့အတူဖြစ်သော အခါ၌သာ လက္ခဏာတူ သဘာဝချင်းဖြစ်၍ စိတ်ဘူကိုယ်တူ သဘောတူဖြစ်သော လူဆိုး ၂-ဦးကဲ့သို့ပျံ့လွင့်မှု သဘော ဖြစ်ရပေသည်။ ဣန္ဒြေကိစ္စတပ်သဖြင့် မိမိထက်တန်ခိုးကြီးသော သမာဓိ နှင့်အတူဖြစ်ရသော အခါ၌မူ အာဏာရှိသူ အစိုးရသူတို့ လာသောအခါ လူဆိုးများ မဆိုးဝန့်သကဲ့သို့ ပျံ့လွင့်မှုဥဒ္ဓစ္စသည် မပျံ့လွင့်ပဲ သမာဓိ အလိုသို့လိုက်၍ အတူဖြစ်ရလေသည်။

---

၁။ ပရမတ္ထအနုဝဏ္ဏနာ၊ပ။ ၂၃၄-၃၅။
၂။ အဘိ၊ဋ္ဌ၊၁။၁၆၅။

ဒီပနီအလို[၁]။ ။ကေဂ္ဂတာ၏ သဘောလက္ခဏာတွင် ပြဆိုခဲ့သည့်အတိုင်း အာရုံတရားသည် တခုဘည်းပင် ဖြစ်သော်လည်း– သဘော အမျိုးမျိုးဖြစ်နိုင်သည်၊ ထိုသဘောအမျိုးမျိုးတို့၌ ပျံ့လွင့်ခြင်းသို့ မရောက်စေပဲ၊ တခုသောသဘော၌ တခဏမျှဖြစ်သော စိတ်၏ မပျံ့လွင့် မတုန်လှုပ်သော အခြင်းအရာသည်ဖြစ်နိုင်၏။ ထို့ကြောင့်ပျံ့လွင့်ခြင်း လက္ခဏာရှိသော ဥဒ္ဒစ္စ၌ မပျံ့လွင့်ခြင်းလက္ခဏာရှိသော ဧကဂ္ဂတာယှဉ်နိုင်၏၊ ဆိုလိုသည်မှာ စိတ်သည် အာရုံနှင့်မကင်းနိုင်၊ စိတ်ဖြစ်ပေါ်လာလျှင်-အာရုံတခု၌ တခဏပင်ဖြစ်စေ တည်တံ့ရပါသည်၊ ဥဒ္ဒစ္စသည်အာရုံ၌ပျံ့လွင့်သော်လည်း ဥဒ္ဒစ္စစိတ်ဖြစ်ပေါ်လာလျှင် တခဏပင်ဖြစ်စေ၊ အာရုံတခု၌ တည်တံ့ရပေဦးမည်။ ထို့ကြောင့်တခုသော အာရုံ၌ ဥဒ္ဒစ္စစိတ်၏ တည်တံ့သော အခြင်းအရာသည် ဖြစ်နိုင်လေသည်၊ ထို့ကြောင့် ဥဒ္ဒစ္စစိတ်၌ ဧကဂ္ဂတာယှဉ်နိုင်လေသည်။

ဗိုလ်မည်ပုံ။ ။အာရုံတခု၌ တည်ကြည်မှုသမာဓိသည် ဗိုလ်ကိစ္စတပ်သော တရားများတွင်ပါဝင်၏၊ မှန်၏၊ ဗိုလ်ဟူသည်မှာ– လှုပ်ရှား မယိုင်မြဲခိုင်တတ်သောတရားများကို ခေါ်ဆိုခြင်းဖြစ်၏၊ သမာဓိသည်ဆန့်ကျင့်ဘက်အကုသိုလ်ကြောင့် မိမိကိုယ်တိုင်လည်း မလှုပ်ရှားအတူဖြစ်ဖက် သမ္ပယုတ်သရားတို့ကိုလည်း မလှုပ်ရှားစေတတ်သည့်ပြင်ဆန့်ကျင်ဘက်ဖြစ်သော အကုသိုလ်များကိုပင်ပယ်ရှားဖြိုဖျက်နိုင်သော ပဟာယကသတ္တိရှိပေသည်၊ ထို့ကြောင့် ထိုသမာဓိသည် ဗိုလ်ကိစ္စတပ်၍ ဗိုလ်အမည်ရလေသည်။

ဗောဇ္ဈင်မည်ပုံ။ ။အာရုံတခု၌ တည်ကြည်မှုသမာဓိသည် ဗောဇ္ဈင်ကိစ္စတပ်သောတရားများတွင်လည်းပါဝင်ပေသည်၊ဗောဇ္ဈင်ဆိုသည်မှာ–ယောဂီပုဂ္ဂိုလ်တို့သည် သစ္စာလေးရပ်တရားမြတ်ကို အကြွင်းတရားအပေါင်းဖြင့် သိရ၏။ ထိုတရားအပေါင်းကို ဗောဇ္ဈင်ဟု ခေါ်ဆို၏။ သမာဓိသည်လည်း ထိုသစ္စာ-၄-ရပ်တရားမြတ်ကို သိရခြင်း၏အကြောင်းဖြစ်လေသည်၊ ထို့ကြောင့်ဗောဇ္ဈင် ကိစ္စတပ်သော တရားများတွင်လည်း ပါဝင်လေသည်။

---

၁။ ပရမတ္ထဒီပနီ။၉၂။

မဂ္ဂင်မည်ပုံ။ ။အာရုံတခု၌ တည်ကြည်မှုသမာဓိသည် မဂ္ဂင်ကိစ္စလည်း တပ်၏၊ မှန်၏၊ မဂ္ဂင်ဟူသည်မှာ သုဂတိသို့ ရောက်ဖို့ရာ လမ်းကြောင်း၊ ဒုဂ္ဂတိသို့ရောက်ဖို့ရာ လမ်းကြောင်းဖြစ်သော တရားအပေါင်း၏အစိတ်အင်္ဂါကို မဂ္ဂင်ဟုဆိုအပ်ပေသည်။ သမာဓိသည် ကောင်းမှု တည်ကြည်မှုသမ္မာသမာဓိအမည်ကို ခံယူသောအခါ သုဂတိသို့ ရောက်ဖို့ရာ လမ်းကြောင်းဖြစ်၏၊ ဖောက်ပြန်မှားယွင်းသောတည်ကြည်မှုမိစ္ဆာသမာဓိအမည်ကို ခံယူသောအခါ ဒုဂ္ဂတိသို့ ရောက်ဖို့ရာ လမ်းကြောင်းဖြစ်၏။ ထို့ကြောင့် ထိုသမာဓိသည် မဂ္ဂင်ကိစ္စလည်း တပ်သောတရားဖြစ်လေသည်။

**ဣန္ဒြေ၊ ဗိုလ်၊ မဂ္ဂင်မမည်သောကောဂ္ဂတာ။** ။ဝိစိကိစ္ဆာစိတ်၌ရှိသော ကောဂ္ဂတာသည် သာမန်ကောဂ္ဂတာသာဖြစ်သည်၊ အထူးသတ္တိကောင်းသောကောဂ္ဂတာ မဟုတ်ပေ၊ မှန်၏၊ အဆိုပါ ကောဂ္ဂတာသည် "တည်ကြည်ပါတယ်"ဟု ဆိုသော်လည်း ယုံမှားသံသယများသော ဝိစိကိစ္ဆာက အာရုံပေါ်၌ စွဲစွဲမြဲမြဲ မရှိသောကြောင့် ထိုဝိစိကိစ္ဆာနှင့် ယှဉ်ရသည့်အတွက် ကောဂ္ဂတာလည်း အာရုံပေါ်၌ မစွဲမြဲနိုင်၊ ထို့ကြောင့် ထိုဝိစိကိစ္ဆာစိတ်၌ရှိသော ကောဂ္ဂတာသည် ဣန္ဒြေ၊ ဗိုလ်၊ မဂ္ဂင်ကိစ္စ မတပ်ပေ။

**ဈာနင်မည်ပုံ။** ။သမာဓိသည် ဈာနင်ကိစ္စတပ်သော တရားများတွင်လည်း ပါဝင်၏၊ ဈာနင်ဟူသည် ဆိုင်ရာအာရုံကို ရှေးရှေးအာရုံပုံထက် လွန်ကဲ၍ စူးစူးစိုက်စိုက် ရှုတတ်သောဈာန်တရား၏ အစိတ်အင်္ဂါများဖြစ်သော ဝိတက်စသည့် တပါးစီတပါးစီကို ဈာနင်ဟု ခေါ်ဆိုခြင်းဖြစ်၏။ ယောဂီတို့ သန္တာန်၌ ဖြစ်သော ကောဂ္ဂတာခေါ် သမာဓိသည် ဆိုင်ရာကမ္မဋ္ဌာန်းအာရုံကိုစူးစူးစိုက်စိုက် ရှုတတ်သောသဘော ရှိသောကြောင့် ဈာနင်ကိစ္စတပ်သော တရားများတွင် ပါဝင်လေသည်။

**ဈာနင်အမည်မရသောကောဂ္ဂတာ။** ။ကောဂ္ဂတာခေါ် သမာဓိသည် ဈာနင်ကိစ္စ တပ်သည်ဟု ဆိုသော်လည်း ဒွေပဉ္စဝိညာဏ်၌ရှိသော ကောဂ္ဂတာမှာ ဈာနင်ကိစ္စမတပ်ပေ။ မှန်ပေသည်၊ ဈာနင်ဆိုသည်မှာ အာရုံထဲ၌စူးစိုက်ဝင်သွား၍သကဲ့သို့ထင်မြင်လောက်အောင်

ရှုတတ် အာရုံယူတတ်သော တရားဖြစ်၏၊ ဒွေပဥ္စဝိညာဏ်၌ ဝိတက်ဝိစာရ စသည့် စေတသိက်များ မရှိပေ။ အာရုံသို့ တင်ပေးမည့် ဝိတက်မရှိပါလျှင် အဘယ်မှာ အာရုံကို စူးစိုက်စွာ ယူနိုင်မည်နည်း၊ အာရုံကိုစူးစိုက်စွာ မယူနိုင်လျှင် ဈာနင်အမည်လည်း မရထိုက်ပါ။

**ဈာနင်အမည်ရသောသမာဓိ၏ သမာဓာနသဘော** အထက်တွင် ဖော်ပြပါ ဈာနင်ကိုစွတပ်သောကေဂ္ဂတာခေါ် သမာဓိသည် အာရုံ၌ ကောင်းစွာထားခြင်းကိစ္စဖြင့် ယှဉ်ဖက်သမ္ပယုတ်တရားတို့ကို မိမိအလိုသို့လိုက်စေလျက် တခုတည်းသော အာရုံ၌ ကောင်းစွာထားခြင်း (သမာဓာန) သဘောရှိပေသည်[၁]။

ယင်းသမာဓိ၏ ကောင်းစွာထားမှုသည်–

(၁) အာရုံ၌ စိတ်ကိုကောင်းစွာထားခြင်းနှင့်[၂]

(၂) အာရုံ၌ စိတ်ကို အညီအမျှထားခြင်းဟူသော သဘော နှစ်မျိုးကို ဆောင်ပေသည်[၃]။

**အာရုံ၌ စိတ်ကိုကောင်းစွာထားခြင်း။** ။အာရုံ၌ စိတ်ကိုကောင်းစွာ ထားခြင်းဆိုသည်မှာ ကာမဂုဏ်တို့၌ နှစ်သက်တွယ်တာမှု(ကာမစ္ဆန္ဒ)စသော သမာဓိ၏ဆန့်ကျင်ဘက်သဘောတရားတို့မှ ဝေးကွာမှုကြောင့် စိတ်၏တွန့်ဆုတ်ခြင်း (လီန) သဘောမရှိအောင် ထားခြင်း၊ ပျံ့လွင့်မှုဥဒ္ဓစ္စ၏ မရှိခြင်းကြောင့် စိတ်ကို တွန့်လည်းမတွန့် ပျံ့လည်းမပျံ့လွင့်ရအောင် ထားရှိခြင်းသဘောကို ဆိုလိုပေသည်။

---

၁။ ဝိဘာဝနီဋီကာ၊ ၉၂၊ ၉၃။
၂။ သံ+အာဓိ၊ သံ=သမ္မာ=ကောင်းစွာ၊ အာ+ဓာ+ဣ=အာဓိ=ထားခြင်း။
၃။ သံ+အာဓိ၊ သံ=သမံ–အညီအမျှ၊ အာ+ဓာ+ဣ=အာဓိ=ထားခြင်း။

**အာရုံ၌စိတ်ကိုအညီအမျှထားခြင်း။** ။အာရုံ၌ စိတ်ကို အညီအမျှထားခြင်း ဆိုသည်မှာ အာရုံ၌စိတ်ကို သဒ္ဓိန္ဒြေနှင့် ပညိန္ဒြေ ၂-ပါးညီမျှအောင် ထားရှိမှု၊ ဝီရိယိန္ဒြေနှင့်သမာဓိန္ဒြေ ၂-ပါးညီမျှအောင် ထားရှိမှုမျိုး ဖြစ်သည်၊ သတိန္ဒြေမှာကား ညီမျှစရာ မလိုပေ[၁]။

**တနည်း။** ။စိတ်ကိုအညီအမျှ ထားခြင်း ဆိုသည်မှာ တခုတည်းသော အာရုံ၌ သဒ္ဓိန္ဒြေစသော ငါးပါးသော ဣန္ဒြေတို့၏ အချင်းချင်း တပါးကိုတပါး မလွန်စေ၊ အညီအမျှ ဖြစ်စေသည်၏ အစွမ်းဖြင့် အဆိုပါဣန္ဒြေတို့၏ ယုတ်မှု၊ လွန်ကဲမှုကိစ္စများမရှိအောင် ညီညီမျှမျှထားရှိခြင်းသဘောကို ဆိုလိုပေသည်[၂]။

**ဣန္ဒြေတို့ကိုအညီအမျှထားရှိခြင်း။** ။ဤတွင် ဈာနင်ကိစ္စ တပ်သော သမာဓိသည် သိဒ္ဓိန္ဒြေစသည်တို့ကို အဘယ်သို့လျှင် အညီအမျှ ထားပိုပါသနည်းဟု မေးဖွယ်ရှိပေသည်၊ ဤ မေးခွန်းကို ဖြေဆိုရာ၌ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ စသည်တို့တွင် လာရှိသည့် အတိုင်း ဖြေဆိုနှန်ဖြစ်သော်လည်း အလွန်ကျယ်လွန်းမည် ဖြစ်သဖြင့် အောက်ဖော်ပြပါ မန်လည်ဆရာတော်ဘုရားကြီး၏ မဃဒေဝလင်္ကာသစ်ကို ဖော်ပြအပ်ပါသည်။

"သဒ္ဓါပညာ၊ သမာဓိဝီရိ၊ စောင်းနှယ်ညှိလော့၊ လောကီ
ဓမ္မတာ၊ လူ့ဘုံမှာလျှင်၊ [illegible]ဆွန်း၊ ကုန်ရှုံဖြိုးဝှန်၊ ညာဏ်မလွန်
နှင့်၊ သားမွန်လိမ္မာ၊ [illegible]အရာ၌၊ ပညာမဘက်၊ သဒ္ဓါထက်က၊
နက်၏ဆင်းရဲ၊ အမြဲမှန်ပွာ၊ သဒ္ဓါနုန့်ဆွန်း၊ တွန့်ရှဲညာဏ်ကွန်၊ ပညာ
လွန်သော်၊ ဝက်န်ကောက်ကျစ်၊ ကျိုးမဖြစ်ဘူး၊ စင်စစ်ထိုပြု၊
သမာဓိများ၊ ပျင်းရိပွား၏၊ အားထုတ်လွန်က၊ ပြန့်တတ်စွရှင့်၊

---

၁။ ဋီကာကျော်နိဿယ(အဖွင့်ဇနက)၁၂၆။   ၂။မဏိမဉ္ဇူ။၂၊၂၄၀။

ဝီရိယဆိုး၊ ဒိုးညည့်ကိုနှိုးမူ၊ သူခိုးဖြစ်တတ်၊ ဟူထုံလတ်၏။ မပြတ်စိတ်ကါ သတိမလော်၊ ညီမျှသော်သာ၊ ကျိုးထင်ရာခဲ့၊ သေချာမှတ်သိ၊ မလွန်ဘိနှင့်၊ ဉာဏ်ယိုယောက်ကျား၊ မှားလတ်သောအခါ၊ ဆေးလွန်နာကို။ ဆရာနောက်ဆက်၊ အကုခက်သို့၊ ဖျက်၍အမြဲ၊ ပြင်နိုင်ခဲ၏၊ ထူးကဲလက္ခဏာ၊ ဆားပမာလျှင်၊ ဟင်းလျာတိုင်းညှိ၊ ကျေးဇူးရှိသို့၊ သတိမှန်တိုင်၊ မလွန်နိုင်ငြား၊ ဤတရားကို၊ငါသွား မင်းစစ်၊ မလစ်ရစ်နှင့်[၁]။

ပညာအားနည်း၊ သဒ္ဓါသည်းက၊ အရည်းမည်ကာ၊ယူမိစ္ဆာ၌၊ သဒ္ဓါလေးမြတ်၊ ဆည်းကပ်တတ်၏၊ ပရမတ်အရာ၊ မလိမ်မာပဲ၊ သဒ္ဓါနူနှံ့နဲ၊ ပညာကဲလည်း၊ အလွဲပြေးဝင်၊ အမြင်ယွင်းစွ၊ တိမ်းပါးကြလျက်၊ မီးပြသမား၊ တွင်းကျွမ်းမှားသို့၊ ဆယ်ပါးကောင်းမှု၊ လှူဝတ္ထုကို၊ စွန့်ပြုမလွှတ်၊ စိတ္တုပ္ပါဒ်မျှ၊ ဒါနအလှူ၊ မြောက်သောဟူ၍၊ အယူဘောက်လွဲ၊ မိစ္ဆာစွဲ၏[၂]။

ထို့ပြင် မဟာသတိပဋ္ဌာနသုတ် နိဿယ၌လည်း–

"သဒ္ဓါလွန်လျှင်-ကွန့်သည်၊

ပညာလွန်လျှင်-ဆွန့်သည်၊

ဝီရိယလွန်လျှင်-ပြန့်သည်၊

သမာဓိလွန်လျှင်-တွန့်သည်"

ဟု နာမည်ကျော် ဆရာတော်ဦးဗုဓ်က အတိုချုပ် မိန့်ဆိုတော်မူပါသေးသည်။

---

၁။ မဃဒေဝလင်္ကာ၊ပိုဒ်၊၁၉၂၊ဝိသုဒ္ဓိ၊ပ၊၁၂၆၊အဘိ၊ဋ္ဌ၊၂၊၂၆၄။
၂။ မဃဒေဝလင်္ကာ၊ပိုဒ်၊၃၁၉၊ဝိသုဒ္ဓိ၊ပ၊၁၂၆၊ဝိသုဒ္ဓိမဟာဋီ၊ပ၊၁၅၃။

မဇ္ဈိမပဋိပဒါလမ်းစဉ်။ ။ဤသို့လျှင် "သဒ္ဓါ၊ပညာ၊သမာဓိဝီရိယ၊စောင်းနှယ် ညီလော့" အစရှိသည်ဖြင့် မှဿဒေဝလက်ာသစ်၌ စပ်ဆိုတော်မူသည်နှင့်အညီ သဒ္ဓိန္ဒြေစသည်တို့၏ ယုတ်မှု၊လွန်မှုကိစ္စများ မရှိအောင် မလျော့မတင်း စောင်းကြိုးညှင်းသို့ ညီညီမျှမျှ ၂ မဇ္ဈိမပဋိပဒါ လမ်းစဉ်အရ အာရုံ၌ ထားရှိခြင်းသဘောကို သမာဓိ၏စိတ်ကို အညီအမျှ ထားရှိခြင်း ဟုဆိုပေသည်။

ဤတွင် အဆိုပါ မိန့်ဆိုတော်မူချက်များနှင့် စပ်လျဉ်း၍ ကောက်ချက်ချရပါမူ ဘုရားရှင်၏ အလိုတော်မှာ သဒ္ဓါစသော ဣန္ဒြေတို့ကို တပါးနှင့် တပါး အယုတ်အလွန်မရှိအောင် အညီအမျှ ထားရှိရန်ဖြစ်ပေသည်၊ ဤသို့ ညီမျှစေခြင်းအားဖြင့် ဘုရားရှင်သည် ရှေ့နောက်ဝဲယာ ဘယ်ညာ ၂ မတိမ်း မစောင်းသော အလယ်အလတ် တည့်မတ်သော မဇ္ဈိမပဋိပဒါ လမ်းစဉ် ကောင်းတရပ်ကို ချမှတ်ခြင်းဖြစ်သည်ဟု ဆိုနိုင်ပါသည်။

## သမာဓိအကြောင်း အခြားသိကောင်းစရာများ

**သမာဓိသမာဓာနနှင့် သီလသမာဓာန၂ပါးအထူး**

သမာဓိ၏ကောင်းစွာထားခြင်း(သမာဓာန)ဆိုသည်မှာ မိမိကိုယ်တိုင် လည်း ပျံ့လွင့်ခြင်း မရှိ၊ ယှဉ်ဘော်ယှဉ်ဘက် သမ္ပယုတ်တရားတို့၏လည်း မပျံ့လွင့်ခြင်း၏အကြောင်း၊ဖြစ်လေသည်။

သီလ၏ ကောင်းစွာထားခြင်း(သမာဓာန)ဆိုသည်မှာကား ကိုယ်ဖြင့် ပြုလုပ်မှု(ကာယကံ)စသည်တို့ကို ကောင်းစွာထားခြင်း၊ စောင့်စည်းခြင်း ပင် ဖြစ်သည်။

ထို့ကြောင့် ဝိသုဒ္ဓိမဂ် မဟာဋီကာ၌ သမာဓိ၏ကောင်းစွာထားခြင်း သည် ယှဉ်ဘက် သမ္ပယုတ်တရားတို့၏မပျံ့လွင့်ခြင်း၏ အကြောင်း၏အဖြစ် တည်း။ သီလ၏ ကောင်းစွာထားခြင်းသည် ကာယကံစသည်တို့ကိုကောင်း စွာထားခြင်း စောင့်ရှောက်ခြင်းတည်းဟု ဖွင့်ဆိုလေသည်[၁]။

---

[၁] ဝိသုဒ္ဓိမဟာဋီ၊ ပ၊ ၂၇။

**ဥပစာရသမာဓိနှင့် အပ္ပနာသမာဓိအထူး**

စိတ်၏တည်ကြည်မှု သမာဓိသည် ဥပစာရအခိုက်အတန့်၌ နီဝရဏတို့ကို ပယ်ခြင်းဖြင့် စိတ်၏ တည်ကြည်မှုကို ရရှိသည်။ ဈာန်ကိုရသော အပ္ပနာ အခိုက်အတန့်၌ကား ဈာန်အင်္ဂါထင်ရှားဖြစ်ပေါ်ခြင်းဖြင့် စိတ်၏တည်ငြိမ်မှုကို ရရှိခြင်းဖြစ်သည်။

ထို့ပြင်–ဥပစာရသမာဓိဖြစ်သောအခါ ယောဂီ၏စိတ်သည် ရုံခါနိမိတ်ကို အာရုံပြု၍ ရုံခါဘဝင်သို့ သက်ရောက်လေဘည်။

ဥပမာ–နုနယ်သောကလေးသူငယ်ကို မ,ထူ၍ထားရာ အဖန်ဖန်မြေသို့ လဲကျဘိသကဲ့သို့ ထို့အတူ ဥပစာရအခိုက်၌ အားအစွမ်းမရှိသေး ကြောင့် ရုံခါနိမိတ်ကို အာရုံပြုသော်လည်း ရုံခါဘဝင်သို့ သက်ရောက်ရ လေသည်။

အပ္ပနာသမာဓိဖြစ်သောအခါ၌ကား ဈာန်စိတ်သည် နေ့ရေညဥ့်ပါ ကုသိုလ်ဇောစိတ်အစဉ်များဖြစ်ပြီး (၀ါ) ကုသိုလ်ဇောချည်းဖြစ်၍ ကမ္မဋ္ဌာန်းအာရုံ၌ တည်လေသည်။

ဥပမာ–အားရှိသော ယောကျ်ားသည် နေရာမှထ၍ တနေ့ပတ်လုံး ရပ်နိုင်ဘိသကဲ့သို့ ဤအတူ အပ္ပနာအခိုက်အတန့်၌ ဈာန်အင်္ဂါတို့သည် အားရှိလေသောကြောင့် နေ့ရေညဥ့်ပါ ကုသိုလ်ဇောချည်းဖြစ်၍ ကမ္မဋ္ဌာန်းအာရုံ၌တည်လေသည်[၁]။

**တည်ကြည်မှု သမာဓိကို ပွားပုံ။** ။တည်ကြည်မှုသမာဓိကိုပွားပုံမှာ- သီလ ကို သုတ်သင်၍ ကင်းကြယ်သောသီလ၌ တည်သော ယောဂီသူတော်စင်သည် ကြောင့်ကြမှု ပလိဗောဓများကို ဖြတ် ပယ်၍ ကမ္မဋ္ဌာန်းပေးတတ်သော မိတ်ဆွေကောင်းကို ချဉ်းကပ်ပြီးလျှင် မိမိ၏စရိုက်ငါသနာအားလျော်သော တပါးပါးသောကမ္မဋ္ဌာန်းကိုယူ၍သင့် လျော်သောနေရာ၌နေပြီး ဘာဝနာပွားခြင်း အတိုင်းများကို မယုတ်စေမူ၍

၁။ ဝိသုဒ္ဓိ၊ ၀၊ ၁၂၃။

ပွားများအပ်ပေသည်၊ ဤကား အကျဉ်းမျှသာဖြစ်ပေသည်၊ သမာဓိဘာဝနာပွားနည်းအကျယ်ကို ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ၊ ကမ္မဋ္ဌာနနိဒ္ဒေသပိုင်းတွင် ကြည့်ရှုနိုင်ပါသည်[၁]။

သမာဓိ၏အကျိုးအာနိသင်။ ။အာရုံတခု၌တည်ကြည်မှုသမာဓိကို ပွားစေခြင်းကြောင့် ရအပ်သော အကျိုးငါးမျိုးရှိပေသည်၊[၂] ယင်းငါးမျိုးမှာ—

(၁) မျက်မှောက်သော ကိုယ်၏အဖြစ်၌ ချမ်းသာစွာနေရခြင်းအကျိုးရှိသည် (ဒိဋ္ဌဓမ္မသုခဝိဟာရ)၊

ဧင်းအကျိုးမှာ ရဟန္တာအရှင်မြတ်တို့ ဈာန်ဝင်စားကြရာ တည်ကြည်သော စိတ် ရှိ တေ ာ် မူ ကြ သ ဖြ င့် တနေ့ပတ်လုံး ချမ်းသာစွာနေကုန်အံ့ဟု နှလုံးသွင်းတော်မူကြပြီး အထက်တွင် ဆိုခဲ့သည့် အပ္ပနာသမာဓိကို ပွားစေတော် မူကြလေသည်၊ ထိုရဟန္တာအရှင်မြတ်တို့၏ အပ္ပနာသမာဓိကို ပွားစေတော်မူကြခြင်းသည် မျက်မှောက်သော ကိုယ်၏အဖြစ်၌ ချမ်းသာစွာနေရခြင်း အကျိုးအာနိသင် ရှိလေသည်၊ ယင်းအကျိုးကိုပင် ဆိုလိုပေသည်။

(၂) ဝိပဿနာဟူသော အကျိုးအာနိသင်ရှိသည်(ဝိပဿနာနိသံသ)၊

ဧင်းအကျိုးမှာ သမာပတ်မှထ၍ တည်ကြည်သောစိတ်ဖြင့် ဝိပဿနာ ရှုကုန်အံ့ဟု နှလုံးသွင်းကြပြီး သမာဓိကို ပွားစေကြကုန်သော, သေက္ခပုထုဇဉ် ပုဂ္ဂိုလ်တို့အား ဝိပဿနာလျှင်နီးစွာသော အကြောင်း ရှိသော ကြောင့် အပ္ပနာသမာဓိဘာဝနာသည် ဝိပဿနာဟူသော အကျိုးအာနိသင်ရှိလေသည်၊

---

၁။ ဝိသုဒ္ဓိ၊ပ၊ဂ၆။
၂။ ဝိသုဒ္ဓိ၊ပ၊၃၆ဂ၊၆၉။ ဝိသုဋီ၊ပ၊ဟာဋီ၊ဒု၊၅၄၀။

တဏှာသံကိလေသ စသည်တို့ဖြင့် ညစ်နွမ်း၍ အလွန်ကျဉ်းမြောင်းသော သံသရာဝဋ်၌ အကျိုးစီးပွားအား သင့်လျော်သောနည်းဖြင့် ဥပစာရသမာဓိကို ပွားစေခြင်းသည် လည်း ဝိပဿနာဟူသော အကျိုးအာနိသင် ရှိသည်ပင်ဖြစ်သည်၊ ယင်းအကျိုးကိုပင် ဆိုလိုပေသည်။

(၃) အဘိညာဉ်ဟူသော အကျိုးအာနိသင်ရှိသည်(အဘိညာနိသံသ)

၎င်းအကျိုးမှာ သမာပတ်-၈-ပါးကို ဖြစ်စေသောသူသည် အဘိညာဉ်၏ အခြေတည်ရာဖြစ်သော စတုတ္ထစျာန်ကို ဝင်စား၍ သမာပတ်မှ ထလေသောအခါ တဦး တယောက် တည်း သာ ဖြစ်သော်လည်း အရာအထောင်မက ဖြစ်စေနိုင်သော အဘိညာဉ်တို့ကို တောင့်တ၍ ဖြစ်စေသောသူအား ရှေးဘဝက ပြီးစေအပ်သော အဘိညာဉ်ရခြင်း၏ အကြောင်း အဓိကာရရှိခဲ့သော် အဘိညာဉ်လျှင်နီးစွာသော အကြောင်းရှိသောကြောင့် အပ္ပနာသမာဓိဘာဝနာသည် အဘိညာဉ်ဟူသော အကျိုးအာနိသင်ရှိပေသည်။ ယင်းအကျိုးကိုပင် ဆိုလိုပေသည်။

(၄) ဘဝအထူးကို ရောက်ခြင်း အကျိုးအာနိသင်ရှိသည်(ဘဝဝိသေသာနိသံသ)၊

၎င်းအကျိုးမှာ မယုတ်သောစျာန်ရှိသည်ဖြစ်၍ ဗြဟ္မာဘုံလောက၌ ဖြစ်ကုန်အံ့ဟု ဗြဟ္မာပြည်၌ ဖြစ်ခြင်းကို တောင့်တသော်လည်းကောင်း၊ မတောင့်တသော်လည်းကောင်း ပုထုဇဉ်ပုဂ္ဂိုလ်တို့သည် စျာန်သမာဓိမှ မယုတ်ကုန်သည် ဖြစ်အံ့၊ စျာန်မလျောသော ပုဂ္ဂိုလ်တို့၏ ဗြဟ္မာ့ပြည်ဟူသော ဘဝအထူးကို ဆောင်တတ်သည်၏အဖြစ်ကြောင့် အပ္ပနာသမာဓိဘာဝနာသည်

ပြဟ္မာ့ပြည်ဟူသော ဘဝအထူးသို့ ရောက်ခြင်းအကျိုးအာနိသင် ရှိလေသည်၊ ဤ၌ဘုရားရှင်သည် ယင်းသို့ ဟောတော်မူသော်လည်း ဥပစာရ သမာဓိ ဘာဝနာ သည်လည်း ကာမသုဂတိ ဟူသော ဘဝအထူးကို ဆောင်တတ်သည်ပင် ဖြစ်ပေသည်၊ ယင်းကဲ့သို့ အကျိုးများကိုပင် ဆိုလိုပေသည်။

(၅) နိရောဓသမာပတ်ဟူသော အကျိုးအာနိသင်ရှိသည်(နိရောဓာနိသံသ)၊

ၚင်းအကျိုးမှာ သမာပတ် ၈-ပါးတို့ကိုဖြစ်စေပြီး နိရောဓ သမာပတ်ကို ဝင်စားကြကုန်သော အရိယာအရှင်မြတ်တို့သည် (၇) ရက်ပတ်လုံး စိတ်မရှိပဲ မျက်မှောက်သော ကိုယ်၏အဖြစ်၌ ချုပ်ခြင်း၊ ငြိမ်းခြင်းသို့ရောက်၍ ချမ်းသာစွာနေကုန်အံ့ဟု နှလုံး သွင်းတော်မူကြပြီး ဈာန် သမာဓိကို ပွား စေ ကြ ကုန် ၏။ ထိုအရိယာ အရှင်မြတ်တို့၏ အပ္ပနာသမာဓိ ဘာဝနာသည် နိရောဓသမာပတ်ဟူသော အကျိုးအာနိသင် ရှိပေသည်၊ ယင်း အကျိုးကိုပင် ဆိုလိုသည်။

ဤသို့လျှင်–မျက်မှောက်သောကိုယ်၏ အဖြစ်၌ ချမ်းသာစွာနေရခြင်း အစရှိသော ငါးပါးအပြားရှိသော ဤအကျိုး အာနိသင်များသည် သမာဓိကို ပွားခြင်း၏ အကျိုးအာနိသင်များ ဖြစ်ကြလေသည်။

သမာဓိကို ပွားခြင်းသည် ယင်းကဲ့သို့ များစွာသောအကျိုးအာနိသင် ရှိသဖြင့်လည်းကောင်း၊ ကိလေသာအညစ်အကြေးကို လျှော်ဆေးသုတ် သင်တတ်သဖြင့်လည်းကောင်း ယင်းသမာဓိ ဘာဝနာဟူသော ယောဂ၌ ပညာရှင်တို့ မမေ့မလျော့ ကြပါလေနှင့်ဟု ဝိသုဒ္ဓိမဂ် အဋ္ဌကထာဆရာ တိုက်တွန်းတော်မူလေသည်။

သမာဓိ၏ဘန်ခိုး။ ။အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း အပ္ပနာသမာဓိ ဘာဝနာသည်အဘိညာဉ်ဟူသော အကျိုးအာနိသင် ရှိပေရာ ယင်းအဘိညာဉ်သည်ဣဒ္ဓိဝိဓအစရှိသောအားဖြင့် ငါးပါးရှိပေသည်၊

ထိုငါးမျိုးအနက် ရှေးဦးစွာသော ဣဒ္ဓိဝိဓ အဘိညာဉ်၌ ဣဒ္ဓိဆယ်မျိုး(တန်-ခိုးဆယ်မျိုး)ရှိ ပြန်လေသည်။ အဆိုပါဆယ်မျိုးအနက် သမာဓိ ဝိပ္ဖါရဣဒ္ဓိခေါ် တည်ကြည်မှုသမာဓိ၏ ပျံ့နှံ့မှုအဟုန်ကြောင့် ဖြစ်ပေါ်လာသော တန်ခိုးများကို အကျဉ်းချုံး၍ ဖော်ပြလိုပေသည်။

## သမာဓိဝိပ္ဖါရဣဒ္ဓိ

သမာဓိ၏ပျံ့နှံ့မှုအဟုန်ကြောင့် ဖြစ်ပေါ်လာသော တန်ခိုးဆိုသည်မှာ ပထမဈာန်စသော သမာဓိမှ ရှေးအနီး ဥပစာရခဏ၌ လည်းကောင်း၊ နောက်သမာပတ်လေ့ ကျင့်သည်အဆုံး၌လည်းကောင်း၊ ထိုသမာပတ်ဝင်စားဆဲခဏ၌လည်းကောင်း ထိုဈာန်တည်ကြည်မှု သမာဓိ၏ အစွမ်းကြောင့်ဖြစ်သော အထူးကိုပင် ဆိုလိုပေသည်၊ မှန်ပေသည်၊ ပထမဈာန်စသည်ဖြင့် နီဝရဏစသော တရားတို့ကိုပယ်ခြင်းကိစ္စ ပြည့်စုံသောကြောင့် သမာဓိဝိပ္ဖါရဣဒ္ဓိမည်၏ ဟူ၍ အဆိုအမိန့် ရှိပေသည်။

| | |
|---|---|
| သမာဓိဝိပ္ဖါရဣဒ္ဓိ ဖြစ်ပေါ်သောပုဂ္ဂိုလ်များ | သမာဓိဝိပ္ဖါရဣဒ္ဓိ ခေါ်သမာဓိပျံ့နှံ့မှု အဟုန်ကြောင့် တန်ခိုးဖြစ်ပေါ်သော ပုဂ္ဂိုလ်များမှာ– |

(၁) အရှင်သာရိပုတ္တရာမထေရ်၊

(၂) အရှင်သဉ္ဇီဝမထေရ်၊

(၃) အရှင်ခါဏုကောဏ္ဍညမထေရ်၊

(၄) ဥတ္တရာဥပါသိကာ၊

(၅) သာမာဝတီဥပါသိကာတို့ ဖြစ်လေသည်။

| | |
|---|---|
| အရှင်သာရိပုတ္တရာ၏ သမာဓိတန်ခိုး | အထက်ဖော်ပြပါ ပုဂ္ဂိုလ်များအနက် အရှင်သာရိပုတ္တရာမထေရ်မြတ်သည်ကား ပေါတကန္ဒရခေါ် တောကျောင်း တကျောင်း၌ အရှင် |

မဟာမောဂ္ဂလာန်နှင့်အတူ သိတင်းသုံးနေတော်မူ၏၊ ထိုစဉ် တနေ့သော အခါဝယ် လရောင်ဖြင့် တောက်ပြောင် တင့်တယ်လျက်ရှိသော လွင်တီး ခေါင်၌ ကြည်ညိုဖွယ်ရာ သိတင်းသုံး ထိုင်နေတော်မူပေသည်၊

ထိုအခါ ဘီလူးကြမ်းတကောင်သည် ၎င်း၏ အဖော်ဘီလူးက တားမြစ် သည်ကိုမနာခံပဲ အရှင်သာရိပုတ္တရာ မထေရ်မြတ်၏ ဆံရိတ်ပြီး ဦးခေါင်း တော်ပြောင်ပြောင်ကို ရိုက်ပုတ်လေ၏၊ ထိုကဲ့သို့ ရိုက်ပုတ်ခြင်းကြောင့် ထွက် ပေါ်လာသော ရိုက်ပုတ်သံသည် မိုးခြိမ်းသံကဲ့သို့ မြည်၏ဟု ဆိုပေသည်။ မထေရ်မြတ် အရှင်သာရိပုတ္တရာသည် ထိုဘီလူးရိုက်သော ခဏ၌ပင် သမာ ပတ်ကို ဝင်စားတော်မူလိုက်ပေသည်။ ထို့ကြောင့် မိုးကြိုးပစ်သကဲ့သို့ ပြင်း ထန်စွာ ရိုက်ပုတ်သော်လည်း တစုံတရာ နာကျင်ခြင်းရှိတော်မမူပေ၊ ထို ကဲ့သို့ တစုံတရာ နာကျင်ခြင်းရှိတော်မမူသည်၏ အဖြစ်သည် သမာဓိပျံ့ နှံ့ခြင်းအဟုန်ကြောင့် ဖြစ်သောတန်ခိုး ဖြစ်ပေသည်[၁]။

အရှင်သဉ္ဇီဝမထေရ်၏ သမာဓိတန်ခိုး

အရှင်သဉ္ဇီဝမထေရ်ကား–ကကုသန် မြတ်စွာ ဘုရား၏ လက်ဝဲရံ အဂ္ဂသာဝကတဆူ ဖြစ် တော်မူပေသည်။ ထိုအရှင် နိရောဓသမာပတ် ဝင်စားနေတော်မူသည်ကို နွားကျောင်းသားတို့က သေနေပြီထင်မှတ်၍ မြက်ထင်းစသည်ကို ရှာဖွေစုပုံပြီး မီးသင်္ဂြိုဟ်ကြလေသည်၊ ထိုကဲ့သို့ ပြု လုပ်ကြသော်လည်း အရှင်မထေရ်၏ ခန္ဓာကိုယ်ကို မဆိုထားဘိ အရှင် မထေရ်ဝတ်ဆင်ထားသော သင်္ကန်းချည်မျှင်ကိုမျှ မီးလောင်ခြင်းကျွမ်းခြင်း မရှိပေ။ ထိုကဲ့သို့ ဖြစ်ခြင်းသည် အစဉ်အတိုင်း ဝင်စားတော်မူအပ်သော သမာပတ်၏ အစွမ်းဖြင့် ဖြစ်ပေါ်လာသော သမာဓိ၏ အာနုဘော်ပြည့်စုံ မှုကြောင့် ဖြစ်ပေါ်လာသော တန်ခိုးဖြစ်လေသည်[၁]။

အရှင်ဝါကုကောဏ္ဍည၏ သမာဓိတန်ခိုး။

ထိုအရှင်သည် ပင်ကိုယ်ကပင် သမာပတ်ဝင် စားခြင်း အလေ့အလာများပေသည်။ တနေ့ သော [illegible]ညဝယ် တောအုပ်အတွင်းတနေ

---

၁။ ဝိသုဒ္ဓိ၊၁၊၄၉၉။

ရာ၌ သမာပတ်ဝင်စား၍ နေတော်မူ၏၊ ခိုးသားငါးရာတို့သည် ဥစ္စာထုပ်ကို ခိုးယူလာကြပြီး ထိုအရှင် သမာပတ်ဝင်စားရာသို့ ရောက်သောအခါ "ယခု ငါတို့နောက်သို့ လိုက်၍ ဖမ်းဆီးသူရှိတော့မည်မဟုတ်၊ ဤနေရာမှာ အမောဖြေ နားနေကြပါစို့" ဟု ပြောဆိုပြီး ထိုအရှင်သမာပတ်ဖြင့် နေတော်မူသည်ကို မြင့်မောက်သော သစ်ငုတ်တိုဟု မှတ်ထင်၍ ခိုးယူလာသော ပါသမျှဥစ္စာထုပ်ကို မထေရ်မြတ်၏ အပေါ်၌ စုပုံတင်ထားမိကြလေသည်။

ခိုးသားငါးရာတို့သည် အမောပြေလေသော အခါ သွားကြရန် ပြင်ဆင်လျက် ပထမဆုံးတင်ထားသော ဥစ္စာထုပ်ကို နောက်ဆုံးယူစဉ် အချိန်စေ့သဖြင့် မထေရ်သည် သမာပတ်မှ ထလေ၏။ ထိုအခါ မထေရ်၏ လှုပ်ရှားသော အခြင်းအရာကိုမြင်၍ ငါးရာသောခိုးသားတို့သည် ကြောက်လန့်သဖြင့် အော်ဟစ်ကြကုန်၏။ ထိုစဉ် မထေရ်မြတ်က "အိုဒါယကာတို့ မကြောက်ကြလေနှင့် ငါကား အခြားမဟုတ် ရဟန်းသာတည်း" ဟု မိန့်လေ၏၊ ခိုးသားတို့သည် မထေရ်ကို ရှိခိုးကြပြီး လွန်စွာကြည်ညိုလှသဖြင့် ရဟန်းပြုကြ၍ ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာချည်း ဖြစ်ကြလေသည်။ ဤ၀တ္ထု၌ ဥစ္စာထုပ် ငါးရာတို့ဖြင့် ဖိထားသောမထေရ်၏ တစုံတရာ မနာမကျင်သောအဖြစ်သည် သမာဓိ၏ အာနုဘော်ပြည့်စုံမှုကြောင့် ဖြစ်ပေါ်လာသော တန်ခိုးဖြစ်လေသည်[၁]။

**မယ်ဥတ္တရာ၏ သမာဓိတန်ခိုး။** ။တခါသော် ပြည့်တန်ဆာမ သိရိမာလာသည် တဏှာမာန်မူ ငြူစူလျက် ပုဏ္ဏသဌေး၏ သမီးချစ် မယ်ဥတ္တရာ၏ ဦးခေါင်းပေါ်သို့ ကျိုက်ကျိုက်ဆူဆီပူများကို သောင်းချလေသည်။ ထိုအခိုက် မယ်ဥတ္တရာသည် မေတ္တာစျာန်ကို ဝင်စားလိုက်သဖြင့် ပိန်းကြာဖက်တွင် ရေမတင်သကဲ့သို့ ဆီပူသည် လျှောကျလေ၏။ ဤသို့ ဆီပူမလောင်သောအဖြစ်သည် သဌေးသမီး မယ်ဥတ္တရာ၏ သမာဓိပျံ့နှံ့မှုအဟုန်ကြောင့် ဖြစ်သော တန်ခိုးဖြစ်လေသည်[၁]။

---

၁။ ဝိသုဒ္ဓိ၊ ဒု။ ၈-၉။

**မိဖုရားခေါင်ကြီး သာမာဝတီ၏ သမာဓိတန်ခိုး** သာမာဝတီကား – ဥဒေနမင်း၏ မိဖုယားခေါင်ကြီးဖြစ်သည်၊ မာဂဏ္ဍိမုဏ္ဍားသည် သမီးအိမ်မှုတ်ထားသော်တူမှ မာဂဏ္ဍီကို မိဖုရားခေါင်ကြီးဖြစ်စေချင်လှသဖြင့် သာမာဝတီ၏ စောင်းခွက်ထဲ၌ မြွေဟောက်ကို သွင်းထားစေပြီး ဥဒေနမင်းကြီးအား "အရှင်မင်းကြီး, သာမာဝတ်သည် အရှင်မင်းကြီးကို သတ်လိုသဖြင့် မြွေဟောက်ကို စောင်းခွက်တွင်းမှာထည့်လျက် သွားလေရာရာ ယူဆောင်ပါသည်"ဟု ဥဒေနမင်းကြီးအား ဂုံးတိုက်စကား လျှောက်ထားလေသည်။ ဥဒေနမင်းသည် ထိုမြွေကို မြင်၍ အမျက်တော်ထွက်သဖြင့် သာမာဝတီကို သတ်ရန်လေးတင်၍ အဆိပ်လူးမြားကို တပ်လေ၏၊

သာမာဝတီသည် မိမိအခြံအရံ ငါးရာနှင့် အတူ ဥဒေနမင်းကို မေတ္တာဖြင့် ပျံ့နှံ့ စေ၏။ ဥဒေနမင်းသည် မြားကို ပစ်လွှတ်ခြင်းလေးကိုလည်း ချခြင်းငှာ မစွမ်းနိုင်ရှိသာမက ခန္ဓာကိုယ်သည်လည်း ကဆတ်ဆတ်တုန်လျက် ရှိတော့၏၊ထိုအခါ သာမာဝတီက "အရှင်မင်းကြီး ပင်ပန်းတော်မူပါသလား" မေးလျှောက်လေလျှင် "မှုင်မိဖုရား, အလွန်ပင်ပန်းလှပါပြီ"ဟု ဆိုလေ၏။ ယင်းသို့ဖြစ်လျှင်"လေးကိုချတော်မူပါ"ဟု ဆိုလေသော် မြားသည် မင်းကြီး၏ ခြေရင်း၌ အလိုအလျောက်ကျလာလေ၏၊ သာမာဝတီက "အရှင်မင်းကြီး မပြစ်မှားကောင်းသူအား မပြစ်မှားသင့်"ဟု ဆိုဆုံးမလိုက်ပေသည်။ ဤသို့ ဥဒေနမင်း မြားကိုမပစ်လွှတ်နိုင်ခြင်းသည် သာမာဝတီ၏ သမာဓိပျံ့နှံ့မှုအာဟုန်ကြောင့် ဖြစ်သော တန်ခိုးဖြစ်လေသည်[၁]။

**ပရမတ္ထသရူပဘေဒနီ။** ။ဖော်ပြပါအဓိပ္ပာယ်ကို ရည်ရွယ်၍ ဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီးသည် ပရမတ္ထသရူပဘေဒနီ၌ အောက်ပါအတိုင်း စပ်ဆိုတော်မူခဲ့ပေသည်။

---

၁။ ဝိသုဒ္ဓိ၊ ၂၊ ၉၁၊ ၁၀။

"ရှစ်သမာပတ်၊ ခါသုံးမှဘ်၌၊ ပစ္စတ်ပယ်ခွါ၊[၁] ကေပေါတာ-ချောက်၊ ဘီလူးခေါက်တည်း၊ သေပျောက်ကျင်နှာ၊ ဆိတ်စာမရှိ၊ ထေရ်သာရိလည်း၊ တစ်ထိုမှ၊ သဥ္စဝကို၊ နိရောဓဝင်၊ အသေထင်၍၊ မီးတင်ဝိုင်းစု၊ ထိုအတူပင်၊ ခါဏုတွင်ထ၊ ကောဏ္ဍညကို၊ စောရငါးရာ၊ ဘဏ္ဍာထုပ်ဖိ၊ မသေရှိ၏၊ သေဋ္ဌိဓိတာ၊ ဥတ္တရာကို၊ ဝန်တိုလှစွာ၊ သိရိမာဟု၊ ပြည့်တန်ဆာမ၊ ဆီပူချလျှင်၊ ဝင်ထ-မေတ္တာ၊ သာမာဝတီ၊ မာဂဏ္ဍီကြောင့်၊ ဥတိန-ခင်၊ လေးကိုတင်၍၊ မနှင်မချ၊ နိုင်ရလေဘိ၊ဘေးမထိသား၊ သမာဓိဝိပ္ဖါ"ဟု စပ်ဆိုတော်မူသည်[၂]။

## သမာဓိကို မထူထောင်နိုင်က သံသရာ၌ အူကြောင်ကြောင် ဖြစ်မည်

လောက၌ ရေတို့မည်သည် အတားအဆီးမရှိ အလွတ်ထားခဲ့လျှင် နိမ့်ရာသို့ စီးဝင်ပြေ ဓမ္မတာဖြစ်သည်၊ ထို့အတူ သတ္တဝါတို့၏ စိတ်မည်သည်လည်း အာရုံတခု၌ တည်ကြည်မှုရအောင် မလုပ်ပဲ လွှတ်ထားခဲ့လျှင် မကောင်းရာသို့သာ တွင်တွင်သွားမြဲ ဓမ္မတာဖြစ်သည်။ ထို့ကြောင့်ပင် "ပါပသ္မိံ ရမတေ မနော (စိတ်သည် မကောင်းရာ၌သာလျှင် မွေ့လျော်တတ်၏)ဟု ဓမ္မပဒပါဠိတော်၌[၃] ဗုဒ္ဓဟောတော်မူခဲ့ပေသည်[၄]။

ထို့ပြင် – "ပုထုဇ္ဇနော ဥမ္မတ္တကော"ဟု အဆိုအမိန့်ရှိသည်နှင့်အညီ ပုထုဇဉ်သတ္တဝါတို့၏ စိတ်သည် စိတ်ရူးစိတ်နှောက် စိတ်ဖောက်လွင့်မျိုးသာ ဖြစ်သည်။ လောကတွင် စိတ်ပနှံ့သော အရူးများသားက လူ

---

၁။ ပစ္စတ်ပယ်ခွါ=(ပစ္စတ်=ပစ္စတ္တ=အသီးသီး)အသီးသီးပယ်ခွါခြင်း (ပထမစျာန်ဖြင့် နီဝရဏကို ပယ်ခွါခြင်း ။ပ။ နေဝသညာနာသညာယတနသမာပတ်ဖြင့် အာကိဉ္စညာယတန သညာကိုပယ်ခွါခြင်းသည် သမာဓိပျံ့နှံ့သော၊ သမာဓိအဟုန်ကြောင့် ဖြစ်သော သမာဓိဝိပ္ဖါရမည် ဆိုပေသည်၏)

၂။ ပရမတ္ထသရုပဘေဒနိ၊ ဒု၊ ၄၁၃။

၃။ ဓမ္မပဒ၊၁၁၆။ ၄။ ဒီပနီပေါင်းချုပ်၊ ၂၃၂။

ကောင်း သူကောင်းဟု အများက အသိအမှတ်ပြုခြင်းခံရသော သူတို့သည်ပင် သမာဓိကို ပြုစုပျိုးထောင်ခြင်းမရှိပါက စိတ်ကိုအစိုးမရသောအရူး (သူရူး)တို့သာ ဖြစ်ကြလေသည်[၁]။

**စိတ်ကိုအစိုးမရသူ အရူးနှင့်တူ။** ။စိတ်သည် တံခါး၆-ပေါက်(၆-ဒွါရ)တို့၏ အနီးအပါး ဥပစာ၌ အာရုံ ၆-ပါးသို့ ပြေးသွားလွင့်ပါး လေ့ရှိသည်၊ ဥပမာဆိုကြပါစို့ — စိတ်မနှံ့သူတဦးသည် ထမင်းစားချိန်မှန်းပင် မသိ၊ ရောက်မိရောက်ရာ သွားလာ၍ နေတတ်ပေသည်။ သက်ဆိုင်ရာ အုပ်ထိန်းသူများက ချော့မော့၍ ထမင်းကျွေးသောအခါ ငါးလုပ်ခြောက်လုပ်မျှ မျိုမိစားမိလျှင် ထမင်းပန်းကန်ကိုသွန်မှောက်၍ ထသွားပေလိမ့်မည်၊ ထမင်းကို ဝအောင်စားလိုမှ စားပေလိမ့်မည်၊ ထမင်းစားရာ၌ ပြီးစီးရုံမျှပင် စိတ်ကိုအစိုးရခြင်းမရှိပေ၊ စကားပြောဆိုရာ၌လည်း စကားဝါကျတခု ချောမောရုံမျှပင် စိတ်ကိုအစိုးမရပေ။ အစတခြား အလယ်တခြား အဆုံးတခြား ကတောက်ကတက် အမြီးအမောက်မတဲ့သော စကားများသာ ဖြစ်နေတတ်ပေသည်။

ထို့အတူ သတ္တဝါဘို့၏ စိတ်သည်လည်း ဘုရားကိုရှိခိုးမည်၊ ဘုရားဂုဏ်ကို ကြည်ညိုသောအလုပ်ကို ငါလုပ်မည်ဟု ဦးတည်ကြပါလျက် စိတ်ကိုအစိုးမရကြသည့်အတွက် ဣတိပိ သောကပုဒ် ဆုံးသည့်တိုင်အောင် ဘုရားဂုဏ်တော်၌ စိတ်ကို တည်ငြိမ်စွာနေအောင် အစိုးမရကြပေ။ ဘုရားကိုလွှတ်၍ ထိုထိုအာရုံတပါးသို့ အခါများစွာ လွင့်သွားလွင့်ပါးလျက် ရှိကြပေသည်။ ထိုကဲ့သို့ဖြစ်ရသည်မှာ မိမိ၏စိတ်ကို အစိုးကရ ဖြစ်အောင် သမာဓိကို မထူထောင်ကြသော ကြောင့် ဖြစ်သည်[၂]။

**စိတ်ကိုအစိုးမရသူ ခွေးရူးပြန်သူနှင့်တူ။** ခွေးရူးပြန်သူသည် အာလောင်ရှက်သိပ် ပူလောင်လှ၍ ရေဂျုံရာသို့ ပြေးလေရာ အလွန်အေးမြလှစွာသော ရေအိုင်ကို တွေ့မြင်ရသော်လည်း ရေအိုင်တွင်းသို့မဆင်းဝံ့ရေကိုပင်မမြင်ဝံ့မကြည့်ဝံ့ပဲ ရှောင်လွဲ၍ပြေးသွားသကဲ့

၁။ ဒီပနီပေါင်းချုပ်၊ ၂၇၂။ ၂။ ဒီပနီပေါင်းချုပ်၊ ၂၇၀၊ ၇၁၊ ၇၂။

သို႔ ထိုအတူမင္ သမာဓိကို ပြဳစုပ်ိဳးေထာင္မႈမရွိေသာ သူတို႔သည္လည္း အလြန္ေအးျမေသာ ဘုရားအာ႐ုံႏွင့္ ေတြ႔ရေသာ္လည္း ဘုရားဂုဏ္ေတာ္သို႔ ထိေရာက္ေအာင္ မၾကည္ညိဳႏိုင္ၾက ဘုရားဂုဏ္ေတာ္၌ မသက္ဝင္ႏိုင္ၾက (ဘဲ) အာ႐ုံတပါးသို႔သာ စိတ္ထြက္၍ သြားေပသည္။

**ဣတိပိေသာ တပုဒ္ဆုံးေအာင္ သမာဓိမရွိၾက**

ဣတိပိေသာစေသာ ဂုဏ္ေတာ္ကို ႐ြတ္ဆိုစဥ္ တျခားတပါးသို႔ စိတ္ထြက္၍ သြားသျဖင့္ အ႐ြတ္အဆို ခ်ြတ္ယြင္းခဲလသည္၊ အ႐ြတ္အဆိုခ်ြတ္ယြင္းတိုင္း ခ်ြတ္ယြင္းတိုင္းအစက ျပန္ေကာက္ၿပီး ႐ြတ္ဆိုခဲ့လွ်င္ ႏွစ္ႏွစ္သုံးႏွစ္ၾကိဳင္ေအာင္ပင္ ဘုရားရွိခိုးေသာ္လည္း ဣတိပိေသာ တပုဒ္အဆုံးသို႔ ေရာက္မည္မဟုတ္ေပ။

**ႏွုတ္ႏွင့္သာအဆုံးသတ္ၾကရပုံ။**

။အခ်ိဳ႕မွာ ဣတိပိေသာ တပုဒ္ဆုံး သြားေသာ္လည္း ဣတိပိေသာ တပုဒ္ဆုံးႏိုင္ေသာက္ေသာ သမာဓိရွိ၍ မဟုတ္ပဲ ႏွုတ္တက္ရွရွ ေၾကညက္လွေသာေၾကာင့္သာ အဆုံးသို႔ေရာက္ၾကရေပသည္၊ သဒၶါသတၱာ အစရွိေသာ ျဗဟၼဝိဟာရသမထ အလုပ္ႀကီးကို ဦးတည္ၾကပါေသာ္လည္း သမာဓိကို ပြဳစုပ်ိဳးေထာင္ျခင္း မရွိသျဖင့္ စိတ္ကိုမႏိုင္ၾကသည့္အတြက္ စိတ္မွာ လြင့္ခ်င္ရာလြင့္၍ ေနသျဖင့္ ေမတၱာပို႔ ပရိတ္႐ြတ္ ဘုရားရွိခိုးစသည္၌ ႏွုတ္ႏွင့္သာ အဆုံးသတ္ၾကရေပသည္။

**စိတ္မဒိုင္သူႏွင့္ ပဲ့မႏိုင္သည့္ ေလွသူႀကီးဥပမာ**

အနမတဂၢ သံသရာႀကီးသည္ ျပင္းထန္စြာ စီးဆင္းေနေသာ ျမစ္ပင္လယ္ႀကီးႏွင့္ တူေပသည္၊ သမာဓိလက္နက္ကို မကိုင္သျဖင့္ စိတ္မခိုင္သူ သဘၻာဂါအေပါင္းသည္ ေလွဘက္ကို မႏိုင္ေသာ ေလွသူႀကီးႏွင့္တူေပသည္။ စိတ္သည္ ေလွႏွင့္တူသည္၊ ေလွတက္ကိုမႏိုင္ေသာ ေလွသူႀကီးသည္ ျမစ္ပင္လယ္ေရယာဥ္ေၾကာဘြင္ ေမ်ာခ်င္တိုင္း

---

၁။ ဒီပနီေပါင္းခ်ဳပ္၊ ၂၇၀၊ ၇၁၊ ၇၂။

မျှော၍ နေသကဲ့သို့ သမာဓိလက်နက်ကိုမကိုင်သော စိတ်မခိုင်သူသတ္တဝါ အပေါင်းသည် အနမတဂ္ဂသံသရာကြောတွင် မျှောချင်တိုင်း မျှော၍နေကြ ပေသည်။ ထို့ကြောင့် သမာဓိလက်နက်ကို စိတ်ခိုင်အောင်စွဲကိုင်သင့်ကြ လေသည်[၁]။

## သမာဓိကိုထူထောင်မှ အူကြောင်ကြောင်ဘဝမှလွတ်မည်

ဘုရားသာသနာနှင့်ကြုံကြိုက်သော ယခုအခါတွင် သမာဓိကိုထူထောင် သင့်ကြပေသည်။ အာဠာရနှင့် ဥဒကရသေ့တို့သည် သမာဓိကိုထူထောင် ကြသူများ ဖြစ်ကြသော်လည်း သာသနာပတွင် လုပ်ခဲ့ကြ၍ လောကဦး ဘုရားပွင့်ရာ သာသနာနှင့် ကြုံကြိုက်သောအခါတွင် ၎င်းတို့မှာ ရုပ်ဖြစ် ရှစ်ပါး၌ပါဝင်သော အရူပဘုံသို့ ရောက်နေတော့သဖြင့် ဘုရားပေါင်းတရာ တထောင်ပွင့်သော်လည်း ကျွတ်ခွင့်မရပဲရှိနေကြပေသည်၊ဘုရားမြတ်စွာ၏ သာသနာနှင့်ကြုံကြိုက်ရာ ယခုအခါတွင် သမာဓိကို ထူထောင်လိုက်ပါက စိတ်ရူးခိတ်နှောက် စိတ်လေလွင့်များ ကင်းပျောက်ပေလိမ့်မည်။သမာဓိ ကိုထူထောင်ပါမှ အူကြောင်ကြောင်ဘဝမှ လွတ်ကင်းရပေလိမ့်မည်။

**သမာဓိကိုထူထောင်ကြပါစို့။** ။အနမတဂ္ဂသံသရာဘဝ၌ ဗလပွ လွင့် ပါး ပေါက်လွတ်ပဲစား ဖြစ်၍နေသော စိတ်ရူးစိတ်နှောက်တို့ကို ပျောက်ကင်းစေခြင်းငှါ သမာဓိက္ခန္ဓမဂ္ဂင်သုံးပါး ကို ထူထောင်ရန် လိုအပ်ပေသည်၊မဂ္ဂင် ၈-ပါးကို အုပ်စု အနေအထား အားဖြင့် ခွဲခြားလိုက်ပါလျှင်--

၁။ သီလက္ခန္ဓ(သီလအုပ်စု)

၂။ သမာဓိက္ခန္ဓ(သမာဓိအုပ်စု)

၃။ ပညာက္ခန္ဓ (ပညာအုပ်စု)

ဟူ၍ သုံးမျိုးသုံးစား မှတ်သားနိုင်ပေသည်၊ ယင်းသုံးမျိုးအနက် သမာဓိ

---

၁၊ ဒီပနီပေါင်းချုပ်။ ၂၃၂။၃၃။

အုပ်စုမှာ သမ္မာဝါယာမ သမ္မာသတိ သမ္မာသမာဓိသုံးမျိုးပင်ဖြစ်၍ ယင်းသုံးမျိုးသော သမာဓိက္ခန္ဓမဂ္ဂင်ကို ထူထောင်ရန်ဖြစ်သည်၊ အဆိုပါသမာဓိကွန္ဓမဂ္ဂင်သုံးပါး ထူထောင်မှုဆိုသည်မှာလည်း ကသိုဏ်း ၁၀-ပါးအစရှိသော သမထကမ္မဋ္ဌာန်းလေးဆယ်တွင် တခုခုကိုတည်ထောင်မှု အထူးသဖြင့် အာနာပါနကမ္မဋ္ဌာန်းကို တည်ထောင်မှုပင်ဖြစ်ပေသည်[၁]။

အာနာပါန ကမ္မဋ္ဌာန်းအလုပ်ကို နေ့ရှည်ရက်များ ကြီးပွားထမြောက်အောင် အားထုတ်နိုင်ပါမူ ဗောဓိပက္ခိယတရား ၃၇-ပါးတို့ကို ပွားများမှုအကုန်ပြီးစီးနိုင်သည်[၂]။

**အာနာပါနဖြင့် သမာဓိကိုထူထောင်ပုံ။** ။ဃရာဝါသသမ္ဗာဓ၌နေကြကုန်သောသူတို့သည် နေ့အခါတွင် အားထုတ်ခွင့်မရနိုင်သော် ညအခါ မအိပ်စက်မီ ၁-နာရီခန့်၊ ၂-နာရီခန့် နံနက်၌ မထမီ တနာရီမျှပင်ဖြစ်စေ အာနာပါနအလုပ်ကို အားထုတ်သင့်ကြပါသည်။ အားထုတ်ပုံမှာ –

"သတော၀ အဿသတိ၊ သတော၀ ပဿသတိ"

ဟူသော ပါဠိတော်မြတ်နှင့်အညီ ပိုင်းခြားသောနာရီတွင်း၌ မိမိစိတ်ကို ထွက်သက် ဝင်သက်အာရုံမှတပါး အခြားသို့ မထွက်စေမူ၍ ထိုနာရီအတွင်းတွင် ထွက်သက်ဝင်သက် အာရုံ၌သာ မိမိစိတ်ကိုတည်ငြိမ်စွာ နေအောင် ကာယိကဝီရိယ၊ စေတသိကဝီရိယ ၂-ပါးနှင့် အားထုတ်၍ ရှုကြရမည်။

**ဝီရိယ ၂-ပါး။** ။ကာယိကဝီရိယဆိုသည်ကား မိမိပိုင်းခြားသော နာရီအတိုင်းတနေ့တရက်မျှ မပျက်မကွက်စေရအောင် ပယ်ကြလုံ့လဝီရိယကိုပြုမှုဖြစ်သည်၊ စေတသိကဝီရိယဆိုသည်ကား ထွက်သက်ဝင်သက်တည်းဟူသောအာရုံမှ တခြားတပါးသောအာရုံသို့ စိတ်ကို

---

၁။ ဒီပနီပေါင်းချုပ်။ ၃၂၄။

၂။ အာနာပါနဒီပနီ။ ၁၅။

မထွက်စေရအောင် ကြောင့်ကြစိုက်ဆုတ်ခြင်း၊ ငိုက်မြည်းမှု၊ မှိုင်ငေးမှု၊ မယ့်မောမှုမရှိစေရန် မိမိစိတ်ကို ထွက်သက်ဝင်သက်တည်းဟူသော အာရုံ၌ အတွင်လုံ့ဆော်ပေးမှုဖြစ်သည်။

**စိတ်အမှတ်ပြုမှု မြဲအောင်လုပ်။** ။နှာခေါင်းဝ၌ မိမိစိတ်ကို အခိုင်အမြဲစိုက်ထား၍ ထိုအရပ်၌ ထွက်သက်လေခပ်သောအခါ (ဝါ) ထိတွေ့ရသောအခါ "ထွက်သက်"ဟူ၍, ဝင်သက်လေထိတွေ့သောအခါ "ဝင်သက်"ဟူ၍ စိတ်အမှတ်ပြုမှုမြဲအောင် လုပ်ရမည်။ ထိုသို့အားထုတ်သောကာယိကဝီရိယ စေတသိကဝီရိယ ၂-ပါးသည် သမ္မာဝါယာမမဂ္ဂင်မည်၏။ထိုသို့အားထုတ်၍ လခွဲ၊ ၁-လ၊ ၂-လစသည် ကြာမြင့်သောအခါ ထွက်သက်ဝင်သက်၌ သတိတရားသည် ခိုင်စွာရပ်တည်၏။ ထိုသတိတရားသည် သမ္မာသတိ မဂ္ဂင်မည်၏။ ထွက်သက် ဝင်သက် အာရုံ၌ စိတ်၏တည်ငြိမ်ခြင်း သမာဓိတရားသည် တိုးပွား၍လာ၏၊ ထိုသမာဓိတရားသည် သမ္မာသမာဓိမဂ္ဂင်မည်၏၊ သမာဓိက္ခန္ဓမဂ္ဂင်သုံးပါး ထူထောင်မိ၏၊ စိတ်ရူး၊ စိတ်နှောက်သည် တနေ့တခြား ပျောက်ကင်း၍ သွား၏။

ကမ္မဋ္ဌာန်းအာရုံနှင့် ကျွေကြုံလျှင် မိမိတို့စိတ်ကို အစိုးမရမှုသည် လူတိုင်းမှာပင် သိမြင်ထင်ရှားလျက် ရှိကြ၏၊ လောက၌ စိတ်ကိုအစိုးမရကြသော သူရူးသူနှမ်းများသည် လောကအရေးအရာတို့၌ အသုံးမကျဖြစ်၏၊ ထိုအတူ လောက၌ လူကောင်းသူကောင်း ဆိုရသော သူတို့သည် ကမ္မဋ္ဌာန်းအရာ၌ကား စိတ်ကိုအစိုးမရကြသော သူရူးသူနှမ်း အရာ၌ပင် တည်ကြကုန်၏၊ ကမ္မဋ္ဌာန်းမှုနှင့်ပင် ကျွေကြုံလျှင် အသုံးမကျ ရှိနေကြကုန်၏၊ ထို့ကြောင့် စိတ်ရူးစိတ်နှောက်တို့ကို ပျောက်ကင်းကြစေခြင်းငှာ ဤသမာဓိက္ခန္ဓမဂ္ဂင်သုံးပါးကို အားထုတ်ကြရာ၏[၁]။

**စိတ်ရူး စိတ်နှောက် ပျောက်နိုင်ပုံ။** ။သမာဓိက္ခန္ဓမဂ္ဂင်သုံးပါး ထူထောင်မိလျှင် ဥပစာရဘာဝနာ အပ္ပနာဘာဝနာ အဆင့်သို့ မရောက်ကြသေးသော်လည်း တနေ့ တနေ့လျှင်

---

၁။ ဒီပနီပေါင်းချုပ်၊ ပ။၂၀၂၊၂၀၃။

၁-နာရီအတွင်း၊ ၂-နာရီအတွင်းမှာ အာနာပါနအာရုံ၌ မိမိစိတ်ကို တည်ငြိမ်စွာ သမာဓိရအောင် ထားနိုင်ပါလျှင် အလိုရှိရာကမ္မဋ္ဌာန်း၌ စိတ်ကို ထားခြင်းငှာ လွယ်ကူပေးတော့သည်၊ သမာဓိကွန္ဒြေမဂ္ဂင်သုံးပါး ထူထောင်မိ၍ စိတ်၏စင်ကြယ်မှု (စိတ္တဝိသုဒ္ဓိ) ဖြစ်လေသောအခါ ငါ၊ ငါ့၊ ငါ ဟု စွဲလမ်းမှု (သက္ကာယဒိဋ္ဌိ) ၏ အစီးအပွားဖြစ်ကုန်သော သူတပါးစည်းစိမ်ကို မတရားယူလိုမှု(အဘိဇ္ဈာ), သူတပါးပျက်စီးဖို့ရန် ကြံစည်မှု(ဗျာပါဒ), အယူမှားမှု (မိစ္ဆာဒိဋ္ဌိ) ဟူသော မနောဒုစရိုက် သုံးပါးတို့ ကင်းကွာ၍ ဒိဋ္ဌိ၏ မနောကံထကြွလှုပ်ရှားမှုကြီး မရှိတော့ပဲ ငြိမ်ဝပ်၍သွားပေတော့၏၊ ဈာန်မဂ် စသည်ကို တားမြစ်ပိတ်ပင်တတ်သော နီဝရဏတရားတို့ကြောင့် ဖြစ်သော စိတ်ရှုးစိတ်နောက် စိတ်လေစိတ်လွင့်များ ကင်းပျောက်လျက် မဂ်လမ်း ဖိုလ်လမ်း နိဗ္ဗာန်စခန်းသို့ ဖြောင့်တန်းစွာ ဝင်ရောက်နိုင်မည် ဖြစ်ပါသတည်း[၁]။

---

၁။ ဒီပနီပေါင်းချုပ်၊ ပ။ ၂၀၃။

# ဇီဝိတိန္ဒြေ စေတသိက်

### ၁။ ဇီဝိတိန္ဒြေပြည့်ပုံ

ဇီဝိတိန္ဒြိယ–ဌ– ဇီဝိတ+ 'ဣန္ဒြိယ= ဇီဝိတိန္ဒြိယ၊ ဇီဝိတ=အသက်၊ ဣန္ဒြိယ=အစိုးရခြင်း၊ ဇီဝိတိန္ဒြိယ= အသက်ရှင်သန်မှုကို အစိုးရခြင်း၊ ထို့ကြောင့်—

(က) သမ္ပယုတ်တရားတို့ကို အသက်ရှင်စေတတ်သော သဘောသည် လည်းကောင်း၊

(ခ) မိမိကိုယ်တိုင်လည်း အသက်ရှင်တတ်သော သဘောသည် လည်းကောင်း၊

(ဂ) အသက်ရှင်ခြင်းမျှဖြစ်သော သဘောသည် လည်းကောင်း ဇီဝိတိန္ဒြေမည်၏[၁]။

### ၂။ ဇီဝိတိန္ဒြေ၏ လက္ခဏာ

ဇီဝိတိန္ဒြေစေတသိက်သည် မိမိနှင့် အတူတကွဖြစ်သော နာမ်တရား တို့ကို အစဉ်မပြတ် စောင့်ရှောက်ခြင်း သဘောလက္ခဏာရှိသည်[၂]။

**နာမ်တရားတို့ကို စောင့်ရှောက်ပုံ။** ။ဇီဝိတိန္ဒြေ စေတသိက်နှင့် အတူ တကွ ဖြစ်သည့် တရားများမှာ သတ္တဝါတို့သန္တာန်ဝယ် ဇီဝိတိန္ဒြေ စေတသိက်နှင့် အတူတကွ ဖြစ်ပေါ်နေသည့် စိတ်, စေတသိက် နာမ်တရားများ ဖြစ်သည်။

သတ္တဝါတို့ သန္တာန်တွင် ထိုနာမ်တရားတို့ သက်တမ်းစေ့ တည်တံ့နေအောင် ဇီဝိတိန္ဒြေ စေတသိက်က စောင့်ရှောက်သည်၊ စောင့်ရှောက်ပုံကို အဘိဓမ္မာကျမ်းဂန်များ၌ ရေ, နို့ထိန်း, လှေလှော်သူ ဥပမာများဖြင့် ထင်ရှားအောင် ဖွင့်ဆိုကြသည်[၃]။

---

၁။ ဝိသုဒ္ဓိ၊ ၂။၃၄၄။
၂။ အဘိ၊ဋ္ဌ၊၁။၁၆၇။
၃။ အဘိ၊ဋ္ဌ၊၁။၁၆၇။

ရေဥပမာ။ ။ရေသည် ကြာကို စိမ်းစိုရှင်လန်းအောင် စောင့်ရှောက်၏၊ ကြာပင်တို့ မညှိုးမခြောက်ရအောင် ရေက စောင့်ရှောက်သည်၊ ကြာပင်တို့ စိမ်းရှင်လန်းဆန်း ရှင်သန်နေခြင်းသည် ရေက စောင့်ရှောက်သောကြောင့် ဖြစ်သည်၊ ထို့အတူ ဇီဝိတိန္ဒြေသည် ဖဿ, ဝေဒနာ စသည့် နာမ်တရားတို့ သက်တမ်းစေ့ တည်တံ့နေအောင် စောင့်ရှောက်၏၊ နာမ်တရားတို့ သက်တမ်းစေ့ တည်တံ့ရှင်သန်နေခြင်းသည် နာမ်ဇီဝိတိန္ဒြေ စောင့်ရှောက်သောကြောင့် ဖြစ်သည်၊ ဖဿ, ဝေဒနာ စသည့် နာမ်တရားတို့သည် သတ္တဝါတို့ ပဋိသန္ဓေတည်နေသည်မှစ၍ ခန္ဓာငါးပါးတို့ အပြီးသတ် ချုပ်ငြိမ်းသည့်တိုင်အောင် မိမိတို့ လက္ခဏာများလျော်စွာ ဖြစ်ပေါ်၍နေသည်။ ဤသို့ ဖြစ်ပေါ်နေမှုကို နာမ်တရားတို့ အသက်ရှင်သန်နေသည်ဟုဆိုသည်။ ဤသို့ နာမ်တရားတို့ အသက်ရှင်သန်နေအောင် ဇီဝိတိန္ဒြေစေတသိက်က စောင့်ရှောက်ရသည်။ နာမ်တရားတို့သည် ဇီဝိ-တိန္ဒြေမရှိက အသက်မရှင်နိုင်၊ ဇီဝိတိန္ဒြေနှင့်ကင်း၍ အသက်ရှင်နိုင်ခွင့်မရှိ၊ နိဗ္ဗာန်မရောက်သေးသမျှ နာမ်တရားတို့ အသက်ရှင်သန် ဖြစ်ပေါ်မှုသည် နာမ်ဇီဝိတိန္ဒြေလက်တွင်းမှာ ရှိသည်။ ထို့ကြောင့် နာမ်တရားတို့ကို သက်တမ်းစေ့ အသက်ရှင်သန်မှုအပေါ် ဇီဝိတိန္ဒြေစေတသိက်ကအစိုးရ၏။

ငါနှင့်ကင်း၍ သင်စိတ်အစဉ် နာမ်တရားတို့မှာ အသက်ရှင်နိုင်ခွင့်မရှိ၊ ထို့ကြောင့် သင်တို့၏ အသက်ရှင်သန်မှုသည် ငါ၏လက်တွင်းမှာ ရှိနေ၏ သင်တို့၏ အသက်ရှင်သန်မှုကို ငါအစိုးရ၏-

ဟုဆိုဘိသကဲ့သို့ နာမ်တရားတို့ အသက်ရှင်မှုကို ဇီဝိတိန္ဒြေကအစိုးရသည်၊ ထို့ကြောင့် ဇီဝိတိန္ဒြေစေတသိက်ဆိုသည်မှာ နာမ်တရားတို့ အသက်ရှင်သန်မှု၌ အစိုးရမှု၊ နာမ်တရားတို့ အသက်ရှင်နေအောင် စောင့်ရှောက်ထိန်းသိမ်းနေသည့် သဘောတရားကို ဇီဝိတိန္ဒြေစေတသိက်ဟုခေါ်သည်[၁]။

အချုပ်အားဖြင့် ဆိုရသော် ဇီဝိတိန္ဒြေစေတသိက်ဆိုသည်မှာ--နာမ်ခန္ဓာအစဉ် မပျောက်မပျက်စေရန် စောင့်ရှောက်ထိန်းသိမ်း နေသည့်

၁။ သံခိပ်၊ဋီ၊ ၂။၁၁၇။၁၁၈။

သဘောတရားကိုခေါ်သည်။(ဝါ)ပဋိသန္ဓေမှစ၍ ဘဝင်္ဂါတ်သိမ်း ချုပ်ငြိမ်းသည့်အထိ နာမ်တရားများ အစဉ်မပြတ်ဖြစ်စေနိုင်သည့် သတ္တိထူးကို ဇီဝိတိန္ဒြေစေတသိက်ဟုခေါ်သည်။

ထင်ရှားရှိခိုက်သာ စောင့်ရှောက်ပုံ။ ။ရေ့ဥပမာ၌ နှစ်မျိုးခွဲခြားမှတ်သားသင့်သည်၊

(၁) ရေကန်ရှိရေ–

(၂) ကြာရိုးကြာစွယ်အတွင်းရှိရေ–

ဟူ၍နှစ်မျိုးဖြစ်သည်။

၁။ ရေကန်ရှိရေ။ ။ရေကန်ရှိရေသည် ကြာပင်ကို စိမ်းရှင်လန်းဆန်းအောင် စောင့်ရှောက်သော်လည်း ကြာပင်ထင်ရှားရှိခိုက်သာ စောင့်ရှောက်နိုင်၍ ကြာပင်မရှိက မစောင့်ရှောက်နိုင် ထို့အတူ ဇီဝိတိန္ဒြေစေတသိက်သည် နာမ်တရားတို့ကို သက်တမ်းစေ့တည်ရှိအောင် စောင့်ရှောက်သော်လည်း နာမ်တရားတို့ မချုပ်မပျောက်ထင်ရှားရှိခိုက်သာ စောင့်ရှောက်နိုင်သည်၊ သက်တမ်းစေ့၍ ချုပ်ပျောက်ပြီးနောက် မစောင့်ရှောက်နိုင်။

၂။ ကြာရိုးကြာစွယ်အတွင်းရှိရေ။ ။ကြာရိုးကြာစွယ်အတွင်းရှိရေသည် ကြာရိုးကြာစွယ်အတွင်းမိမိထင်ရှားရှိခိုက်သာ ကြာရိုးကြာစွယ်ကို စိမ်းရှင်လန်းဆန်းအောင် စောင့်ရှောက်နိုင်သည်၊ ထို့အတူ ဇီဝိတိန္ဒြေစေတသိက်သည် မိမိထင်ရှားရှိဆဲခဏ၌သာ နာမ်တရားတို့ သက်တမ်းစေ့ တည်ရှိအောင် စောင့်ရှောက်နိုင်သည်။[၁]

ဤ၌ ဆိုလိုသည့် သဘောမှာ သားသမီးက မိဘကို စောင့်ရှောက်ရာ၌ သားသမီးနှင့်မိဘတို့ အသက်ထင်ရှား ရှိခိုက်၌သာ စောင့်ရှောက်နိုင်

---

၁။ ၄၃၊၃။၃၁၉။ အဘိ၊ဝတ္ထုရင်း၊သစ်။၃၀၃။

သကဲ့သို့ ဇီဝိတိန္ဒြေစေတသိက်က နာမ်တရားတို့ကို စောင့်ရှောက်ရာ၌ မိမိ ဇီဝိတိန္ဒြေစေတသိက်နှင့်နာမ်တရားတို့ ထင်ရှားရှိခိုက်သာ စောင့်ရှောက်နိုင်သည်ဟု ဆိုလိုပါသည်။

နို့ထိန်း(ကလေးထိန်း)ဥပမာ။ ။ဇီဝိတိန္ဒြေ စေတသိက်က မိမိထင်ရှားရှိခိုက် နာမ်တရားတို့ကိုစောင့်ရှောက်ရာ၌ နို့ထိန်းနှင့်တူ၏၊ နို့ထိန်းသည် သူတပါးဝမ်းမှ သူတပါးကြောင့်ဖြစ်ပေါ်လာသော ကလေးငယ်တို့ကို ကျွေးမွေးယုယ စောင့်ရှောက်၏၊ မိမိကိုယ်တိုင်ကမူ သားငယ်၊ သမီးငယ်၊ ကလေးငယ်များဖြစ်ပေါ်လာအောင် မစွမ်းနိုင်၊ ထို့အတူ ဇီဝိတိန္ဒြေစေတသိက်သည် မိမိထင်ရှားရှိခိုက် ယှဉ်ဖက်နာမ်တရားတို့ကို စောင့်ရှောက်သော်လည်း တပါးသောကံစသော အကြောင်းတရားတို့ကြောင့် ဖြစ်ပေါ်လာသော ယှဉ်ဖက်နာမ်တရားတို့ကိုသာ စောင့်ရှောက်သည်၊ မိမိကိုယ်တိုင်ကမူ ကံစသော တပါးသော အကြောင်းတရားတို့ကဲ့သို့ မဖြစ်ပေါ်သေးသော တရားများ ဖြစ်ပေါ်လာအောင် မစွမ်းနိုင်။

လှေလှော်သူဥပမာ(ကိုယ့်ကိုယ်ကိုယ်စောင့်)။ ။ဇီဝိတိန္ဒြေ စေတသိက်သည် ယှဉ်ဖက် နာမ်တရားတို့ကို စောင့်ရှောက်သည်ဟု ဆိုရာ၌ မိမိဇီဝိတိန္ဒြေစေတသိက်ကို မည်သည့်တရားက စောင့်ရှောက်သနည်းဟူမူ—

> လှေကို တဘက်ကမ်းသို့ ပို့ဆောင်သော လှေသမားသည် ပို့ရင်းက လှေကိုသာ ပို့ဆောင်သော်လည်း လှေနှင့်မိမိသည် ဆက်စပ်တည်နေသဖြင့် မိမိကိုသည်း ပို့ဆောင်ရာရောက်သကဲ့သို့ ဇီဝိတိန္ဒြေ စေတသိက်သည်လည်း ယှဉ်ဖက် နာမ်တရားတို့ကိုသာ စောင့်ရှောက်၏၊ သို့ရာတွင် မိမိသည် ယှဉ်ဖက် နာမ်တရားတို့နှင့် ဆက်စပ်တည်ရှိနေသဖြင့် မိမိကိုယ်ကိုလည်း စောင့်ရှောက်သည် မည်ပေသည်[၁]။

---

၁။ အဘိ၊ဋ္ဌ၊ဝိဘာဝနီ၊သစ်။၃၀၁။

ဤ၌ ဆိုလိုသည်မှာ–ပျော်ပွဲရှင်ပွဲသို့ သားသမီးများကို လိုက်ပို့သော မိဘများသည် မိမိကိုလည်း ပျော်ပွဲရှင်ပွဲသို့ ပို့ဆောင်ပြီးသားဖြစ်သကဲ့သို့ ထို့အတူ ဇီဝိတိန္ဒြေစေတသိက်က ယှဉ်ဖက်နာမ်တရားတို့ကိုစောင့်ရှောက် သောအခါ မိမိသည်လည်း ယှဉ်ဖက်နာမ်တရားတို့နှင့် အတူဖြစ်သော ကြောင့် မိမိကိုလည်း မိမိပင် စောင့်ရှောက်ရာ ရောက်သည်ဟုဆိုလိုပါ သည်။

## ၃။ ဇီဝိတိန္ဒြေစေတသိက်၏ ရသ

ဇီဝိတိန္ဒြေစေတသိက်သည် မိမိနှင့်အတူတကွဖြစ်သည့်နာမ်တရားတို့ကို သန္တတိအစဉ် ပြတ်၍မသွားရန် စိတ်, စေတသိက်, နာမ် အစဉ်ဆက်ကာ ဆက်ကာ ဖြစ်အောင် ဆောင်ရွက်ခြင်း ကိစ္စရှိသည်[၁]။

**နာမ်အစဉ်ဖြစ်အောင် ဆောင်ရွက်ပုံ။** ။သတ္တဝါတို့ သန္တာန်တွင် ဇီဝိတိန္ဒြေစေတသိက်နှင့်အတူ စိတ်, စေတသိက် နာမ်တရားများ ထာဝစဉ် ဖြစ်ပေါ်၍နေသည်၊ နာမ်တရား တို့သည် သတ္တဝါတို့သန္တာန်ပယ် ဖြစ်,ပျက်လက္ခဏာဖြင့် ဖြစ်ပေါ်နေကြ ခြင်းဖြစ်သည်၊ ဖြစ်လိုက်,ပျက်လိုက်၊ အခုဖြစ်, အခုပျက်လက္ခဏာဖြင့်ဖြစ် ပေါ်နေကြသည်။ ရေမြှုပ် ရေပွက်ပေါင်းကလေးများပမာ တဖြစ်တည်း ဖြစ်၍ တပျက်တည်း ပျက်နေကြသည်၊ ပဋိသန္ဓေမှစပြီး နိဗ္ဗာန်မရောက် သေးသမျှ ဖြစ်ပျက်, ဖြစ်ပျက်လက္ခဏာဖြင့် ဆက်ကာဆက်ကာ ဖြစ်ပေါ် နေသည်၊ ဤသို့ ဖြစ်ပေါ်နေမှုကို နာမ်သန္တတိ နာမ်အစဉ် ဖြစ်နေခြင်းဟု ခေါ်သည်။

ယင်းနာမ်အစဉ်ကို ဇီဝိတိန္ဒြေကဖြစ်စေသည်၊ နာမ်အစဉ်ဆက်ကာ ဆက်ကာ ဖြစ်နေအောင် နာမ်အစဉ်ပြတ်မသွားအောင် ဇီဝိတိန္ဒြေက ဆောင်ရွက်သည်၊ သတ္တဝါတို့သန္တာန်တွင် နာမ်တရားများ ယင်းကဲ့သို့ ဖြစ်ပြီးနောက် ပျက်သွားခြင်းဖြင့် မပြတ်မလတ် ဆုံးပါး၍ နေသော်လည်း သန္တတိနာမ်အစဉ်ကား ပျက်မသွားပေ၊ ဇီဝိတိန္ဒြေ၏ ဆောင်ရွက်မှုကြောင့်

---

၁။ ဟဘိ၊ ၄၊ ၁။ ၁၆၇။

ထပ်ကာထပ်ကာ အပန်ဖန်အသက်ရှင်ပြန်၍ နိဗ္ဗာန်မရောက်မချင်း ဆက်တိုက် ဖြစ်ပေါ်နေလေသည်။ ဤသို့ စိတ်၊ စေတသိက်နာမ်အစဉ် ပြိုကွဲပျက်စီးမသွားအောင် ဆောင်ရွက်ခြင်းသည် ဇီဝိတိန္ဒြေ စေတသိက်ကိစ္စဖြစ်သည်။

စိမ်းလန်းစိုပြေသော သစ်သီးသစ်ရွက်မှ အရည်ဓာတ်သည် မိမိနှင့်အတူဖြစ်သည့် အသီးအရွက်ကို မညှိုးမနွမ်း မပိန်မခြောက်ရအောင် ဆောင်ရွက်သကဲ့သို့ ထို့အတူ ဇီဝိတိန္ဒြေစေတသိက်သည် မိမိနှင့်အတူဖြစ်သည့်စိတ်၊စေတသိက်၊ နာမ်တရားတို့ အစဉ်တစိုက် ဆက်ကာဆက်ကာ ဖြစ်ပေါ်ရှင်သန်နေအောင် ဆောင်ရွက်သေသည်။ ယင်းသို့ ဇီဝိတိန္ဒြေက မဆောင်ရွက်ပါလျှင် သတ္တဝါတို့သန္တာန်ဝယ် စိတ်၊ စေတသိက်၊ နာမ်အစဉ်ကြီး ပြိုကွဲပျက်စီးသွားမည်သာ ဖြစ်သည်၊ ထို့ကြောင့် ဇီဝိတိန္ဒြေစေတသိက်သည် နာမ်အစဉ်ဖြစ်ပေါ်အောင် ဆောင်ရွက်ခြင်းကိစ္စရှိသည်ဟု ဖွင့်ဆိုလေသည်။

## ၄။ ဇီဝိတိန္ဒြေစေတသိက်၏ ပစ္စုပ္ပဋ္ဌာန်

ဇီဝိတိန္ဒြေစေတသိက်သည် အတူဖြစ်ဖက် စိတ်၊စေတသိက် နာမ်တရားတို့ကို ချုပ်ပျက်မှု၊ ဘင်ခဏမတိုင်မီ တည်တံ့အောင် ထားတတ်သောတရားဟု တရားလေ့လာသူတို့ဉာဏ်မှာ ရှေ့ရှုထင်မြင်ခြင်းအခြင်းအရာရှိသည်[၁]။

ဘင်ခဏမတိုင်မီတည်တံ့အောင် ထားပုံ။ ။ဇီဝိတိန္ဒြေ စေတသိက်သည် ပဋိသန္ဓေမှစ၍စုတိကျအောင် သို့မဟုတ် နာမ်ခန္ဓာအစဉ် အကြွင်းမဲ့ချုပ်ငြိမ်းသည့်တိုင်အောင် သတ္တဝါတို့သန္တာန်ဝယ် ဖြစ်ပေါ်လျက်ရှိ၏။ ဇီဝိတိန္ဒြေစေတသိက်နှင့်အတူဖြစ်ဖက် စိတ်၊စေတသိက် နာမ်တရားများလည်း အတူဖြစ်ပေါ်၏၊ ယင်းသို့ဖြစ်ပေါ်သောအခါ ပထမဆုံး စတင်ဖြစ်ပေါ်မှုကို ဥပါဒ်ခဏ၊ ယင်းနောက်ပင်ကိုအတိုင်း တည်နေမှုကို ဌီခဏ၊ ယင်းနောက် ချုပ်ပျက်သွားမှုကို

---

၁။ အဘိဋ္ဌ၊၁။၁၆၇။

ဘင်ခဏဟု ခေါ်သည်။ ဇီဝိတိန္ဒြေစေတသိက်သည် အတူဖြစ်ဖက်နာမ်တရားတို့ကို ဆိုခဲ့သည့် ခဏသုံးပါးမျှ တည်တံ့လျက် ရှင်သန်နေအောင် စောင့်ရှောက်သည်၊ ထို့ကြောင့် ယင်းဇီဝိတိန္ဒြေစေတသိက်သည် အတူဖြစ်ဖက်နာမ်တရားတို့ကို ခဏသုံးပါးကာလမျှ တည်တံ့အောင်ထားတတ်သော တရားဖြစ်သည်။

ခဏသုံးပါးကာလမျှ တည်တံ့အောင် ထားတတ်သည်ဟု ဆိုသော်လည်း ဘင်အခိုက်အတန့် ဘင်ခဏသို့မရောက်မီသာ တည်တံ့အောင် စွမ်းဆောင်နိုင်သည်၊ ချုပ်ပျက်ဆဲ ဘင်ခဏ၌ကား တည်တံ့အောင်မစွမ်းဆောင်နိုင်ပေ။

**ဆိပ်ိးဥပမာ။** ။ကုန်ခန်းဆဲ ဆီ မီးစာတို့သည် မီးလျှံမီးတောက်ကို တည်တံ့အောင် မစွမ်းဆောင်နိုင်သကဲ့သို့ ဇီဝိတိန္ဒြေသည်လည်း မိမိကိုယ်တိုင် ပျက်ဆဲချုပ်ဆဲဖြစ်သောကြောင့် ဘင်ခဏဘင်အခိုက်တွင် အတူဖြစ်ဖက် နာမ်တရားတို့ကို တည်တံ့အောင်မထားနိုင် မစွမ်းဆောင်နိုင်ပဲ ပျက်ဆဲဘင်ခဏမတိုင်မီသာ ထားတတ်လေသည်၊ ထို့ကြောင့် ဇီဝိတိန္ဒြေစေတသိက်ဟူ ပျက်ဆဲခဏမတိုင်မီသာ တည်တံ့စေနိုင်သည့်တရားဟု ဖွင့်ဆိုကြလေသည်။

## ၅။ ဇီဝိတိန္ဒြေစေတသိက်၏ ပဒဋ္ဌာန်

ဇီဝိတိန္ဒြေစေတသိက်သည် မိမိစောင့်ရှောက်မှု၏အစွမ်းကြောင့် တည်တံ့နေသော အတူဖြစ်ဖက်နာမ်တရားလျှင် နီးစွာသောအကြောင်းရှိသည်[၁]။

**နာမ်တရားများနီးစွာသော အကြောင်းဖြစ်ပုံ** ဇီဝိတိန္ဒြေစေတသိက်နှင့် အတူဖြစ်ဖက်နာမ်တရားများဆိုသည်မှာ သတ္တဝါတို့သန္တာန်ဝယ် ပဋိသန္ဓေမှစ၍ ဇီဝိတိန္ဒြေဖြစ်ပေါ်နေ၏၊ ဤသို့ဖြစ်ရာ၌ ဇီဝိတိန္ဒြေတပါးသာ ဖြစ်သည်မဟုတ်၊ စိတ်စေတသိက် နာမ်တရားများလည်း ဖြစ်ကြသည်၊ ထို့ကြောင့် အတူဖြစ်ဖက်နာမ်တရားများဆိုသည်မှာ ဖဿ ဝေဒနာစသည့်စေတသိက်များနှင့် စိတ်

၁။ အဘိ၊ဋ္ဌ၊၁။၁၆၇၊

တရားများဖြစ်သည်။ ယင်းနာမ်တရားတို့သည် ဇီဝိတိန္ဒြေအစွမ်းကြောင့် အသက်ရှင်သန်တည်တံ့၍နေကြ၏။ထို့ကြောင့် ယင်းနာမ်တရားများသည် မိမိဇီဝိတိန္ဒြေ၏ စောင့်ရှောက်မှု အစွမ်းကြောင့် တည်တံ့နေသော တရားများဖြစ်သည်၊ ဇီဝိတိန္ဒြေစေတသိက်၏ နီးစွာသောအကြောင်းမှာ ယင်း အတူဖြစ်ဖက်နာမ်တရားများဖြစ်သည်၊ ဤတွင်အကြောင်းဟူရာ၌—

(၁) နီးကပ်သော အာသန္နအကြောင်း-

(၂) ဝေးကွာသော ဒူရအကြောင်း-

ဟူ၍ နှစ်မျိုးရှိသည်၊ ဇီဝိတိန္ဒြေစေတသိက်သည် သတ္တဝါတို့၏ ရှေးအတိတ်ကံတရားကြောင့် ဖြစ်ပေါ်နေသည်၊ ထို့ကြောင့် ရှေးအတိတ်ကံသည် အသက်ရှင်သန်မှုဇီဝိတိန္ဒြေ၏ ဝေးသောဒူရအကြောင်းဖြစ်သည်၊ အတူဖြစ်ဖက်နာမ်တရားတို့မှာ ဇီဝိတိန္ဒြေစေတသိက်၏ နီးကပ်သော အာသန္နအကြောင်းဖြစ်သည်၊ သတ္တဝါတို့သန္တာန်ဝယ် အတူဖြစ်ဖက် စိတ်,စေတသိက်, တရားများဖြစ်ပါမှ ဇီဝိတိန္ဒြေ ဖြစ်နိုင်သည်၊ ဇီဝိတိန္ဒြေဖြစ်မှလည်းစိတ်,စေ- တသိက် တရားများ ဖြစ်နိုင်၏၊ ဇီဝိတိန္ဒြေ နှင့်အတူ ဖြစ်ဖက်နာမ်တရားတို့သည် ကျွန်းကိုင်းမှီ၊ ကိုင်းကျွန်းမှီဟူသကဲ့သို့ အညမညပစ္စည်း ပစ္စယုပ္ပန်တရားများ ဖြစ်ကြသည်၊ သတ္တဝါတို့ သန္တာန်တွင် အသက်ဇီဝိတိန္ဒြေဖြစ်သောအခါ အတူဖြစ်ဖက် စိတ်ဝိညာဉ်လည်းဖြစ်သည်၊ ယင်း စိတ်ဝိညာဉ်ကို ဇီဝိတိန္ဒြေကအသက်ရှင်သန်အောင် စောင့်ရှောက်သည်၊ ထို့ကြောင့် စိတ်ဝိညာဉ်သည် ဥပါဒ်၊ ဌီ၊ ဘင် ခဏသုံးပါး အခိုက်အတန့်အတွင်း သက်တမ်းစေ့ တည်တံ့နိုင်ခြင်းဖြစ်သည်၊ သို့ရာတွင် စိတ်ဝိညာဉ်မဖြစ်ပါလည်း အသက်ရှင်သန်မှု ဇီဝိတိန္ဒြေ မဖြစ်နိုင်။

စိမ်းစိုသော သစ်သီးသစ်ရွက်အတွင်းရှိ အရည်ဓာတ်သည် သစ်သီးသစ်ရွက်များမညှိုး မခြောက်ရအောင် စောင့်ရှောက်သည်၊ ထို့ကြောင့် စိမ်းရှင်လန်းဆန်းတည်တံ့ နိုင်ကြသည်၊ သို့ရာတွင် သစ်သီးသစ်ရွက်များမရှိပါလည်း အရည်ဓာတ်မတည်နိုင်၊ မရှိနိုင်သကဲ့သို့ ဖြစ်သည်၊ ထို့ကြောင့်ဇီဝိ- တိန္ဒြေစေတသိက်သည် အတူဖြစ်ဖက်ရုပ်,နာမ်တရားများလျှင် နီးစွာသော အကြောင်းရှိသည်ဟု ဖွင့်ဆိုကြသည်။

### ၆။ ဇီဝိတိန္ဒြေအကြောင်း အခြားသိကောင်းစရာများ

**ဇီဝိတိန္ဒြေနှစ်မျိုး။** ။ဇီဝိတိန္ဒြေသည် ရုပ်ဇီဝိတိန္ဒြေ,နာမ်ဇီဝိတိန္ဒြေ ဟူ၍ နှစ်မျိုး ရှိသည်။ ရုပ်ဇီဝိတိန္ဒြေက ရုပ်ပိုင်းဆိုင်ရာ ရုပ်တရားများ အသက်ရှင်သန်နေအောင် စောင့်ရှောက်၏၊ ထို့ကြောင့်ရုပ်ဇီဝိတိန္ဒြေကို ရုပ်တရားတို့၏အသက် ရုပ်သက်ဟုခေါ်သည်၊နာမ်ဇီဝိတိန္ဒြေက နာမ်ပိုင်းဆိုင်ရာနာမ်တရားများအသက်ရှင်သန်နေအောင်စောင့်ရှောက်၏၊ ထို့ကြောင့် နာမ်ဇီဝိတိန္ဒြေကို နာမ်တရားတို့၏အသက် နာမ်သက်ဟု ခေါ်ဆိုကြသည်။

ထို့ပြင် ဇီဝိတိန္ဒြေစေတသိက်ကို နာမ်ဇီဝိတိန္ဒြေဟု ခေါ်သည်၊ရုပ်ဇီဝိတကို ရုပ်ဇီဝိတိန္ဒြေဟုခေါ်သည်၊ သတ္တဝါတို့သည် ထိုဇီဝိတိန္ဒြေနှစ်မျိုးဖြင့် အသက်ရှင် သန်နေကြသည်၊ ထိုဇီဝိတိန္ဒြေနှစ်မျိုး ပျက်စီးသွားသည်ကိုပင် သတ္တဝါများ သေသည်ဟု ခေါ်ဆိုကြသည်[၁]။

**သက်ရှိသတ္တဝါတို့၏အသက်။** ။သိပ္ပံအဆို ဇီဝခေါ်အသက်ကို သိပ္ပံလောကဉ်မည်သည့်အရာဖြစ်သည်ဟူ၍ တိကျစွာမပြောနိုင်ကြောင်း၊ သို့ရာတွင်အကြား ,,အမြင်,, အတွေ့အကြုံတို့ကို အခြေပြု၍ပြောရသော် ဇီဝခေါ်အသက်ဟူသည်သဇီဝခန္ဓာကိုယ်ကိုဖွဲ့စည်းထားသောတရားများနှင့် အစဉ်သဖြင့်ဆက်စပ်နေကြောင်း၊ ဇီဝကင်းမဲ့သောရုပ်ကို အနှံ့အပြားများစွာတွေ့နိုင်သော်လည်း ရုပ်ကင်းမဲ့သောဇီဝကိုမူ ရှာ၍မတွေ့ကြောင်း၊ ထို့ကြောင့် ဇီဝခေါ်အသက်ဆိုသည်မှာ ရုပ်နှင့်ခွဲ၍မရအောင် ဆက်စပ်လျက်ရှိသောအရာ ဖြစ်ဖွယ်ရှိကြောင်း မြန်မာ့စွယ်စုံကျမ်း၌ ဖော်ပြထားသည်[၂]။

ဗုဒ္ဓအဘိဓမ္မာ၌ ဇီဝဆိုသည်မှာ ဇီဝိတိန္ဒြေခေါ်ဆိုကြောင်း၊ နှစ်ပေါင်းများစွာကြာမြင့်သော ကာလကပင် အတိအကျဆိုခဲ့သည်၊ ဗုဒ္ဓအဘိဓမ္မာကဆိုခဲ့သည့် ဇီဝိတိန္ဒြေခေါ်အသက်မှာ ရုပ်,နာမ်ဇီဝိတိန္ဒြေ နှစ်မျိုးဖြစ်ရာ လူ၏ခန္ဓာကိုယ်တွင် ရုပ်နာမ်ခန္ဓာအစဉ်ကို မပျောက်ပျက်စေရန် အစဉ်မ

၁။ ဝိသုဒ္ဓိ၊ဋ္ဌ၊၂။၃၄၄။ အဘိ၊ဋ္ဌ၊၁။၂၁၂။ ၂။ စွယ်စုံ၊၄။၃၂၈။

ပြတ် ဖြစ်ပေါ်စေနိုင်သော သတ္တိထူးဖြစ်သည် (ဝါ)ရုပ်၊ နာမ်၊ ခန္ဓာ အစဉ်မ ပျက်စေရန် စောင့်ထိန်းနေသည့် သဘောတရားတခုဖြစ်သည်၊ ယင်းသတ္တိ ထူးဖြင့် လူ၏ခန္ဓာကိုယ်တွင် ရုပ်ပိုင်းဆိုင်ရာ ရုပ်ခန္ဓာအစဉ်များနှင့် နာမ် ပိုင်းဆိုင်ရာ နာမ်ခန္ဓာအစဉ်များတို့ ရှင်သန်နေကြသည်၊ ယင်းသည် ပရ မတ်သဘောတရား ဖြစ်၍ သိမ်မွေ့လှသည်၊ ထို့ကြောင့် ယင်းကို လက်ဆုပ် လက်ကိုင် သိနိုင်ရန်အတွက် နည်းလေးမျိုး ရှုထောင့် လေးမျိုးမှာ- လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်တို့ဖြစ်သည်။ ဗုဒ္ဓအဘိဓမ္မာက ပြ ဆိုခဲ့သည့်ဇီဝိတိန္ဒြေခေါ် အသက်ကို လက္ခဏာရှုထောင့်မှ ဆင်ခြင်သုံးသပ်၍ လည်းကောင်း၊ ရသရှုထောင့်မှ ဆင်ခြင်သုံးသပ်၍လည်းကောင်းစသည်ဖြင့် ရှုထောင့် လေးမျိုးမှ ကြည့်ရှုဆင်ခြင်ရမည် ဖြစ်သည်၊ ထိုလေးမျိုးဖြင့် ဆင်ခြင်သုံးသပ်နိုင်ရန် ဝီရိယနှင့် ဉာဏ်အားကို အဆင့်မြင့်အောင် ထူ ထောင်ရမည်ဖြစ်သည်၊ ထိုအခါ လူ၏ခန္ဓာကိုယ်တွင် ဇီဝခေါ် အသက် ဆိုသည်မှာ ဤလက္ခဏာရှိသော သဘောတရားတည်း (လက္ခဏာ)။ ဤ ကိစ္စကို ဆောင်ရွက်နေသော တရားတည်း(ရသ)။ ဤသို့ ဤပုံ အခြင်း အရာရှိသော သဘောတရားတည်း ( ပစ္စုပဋ္ဌာန် )။ ယင်း ဖြစ်ပေါ်လာ စေရန် အနီးကပ်ဆုံးသော အကြောင်းတရားကား ဤတရားပင်တည်း (ပဒဋ္ဌာန်)ဟု ပြတ်ပြတ် သားသား ဉာဏ်၌ ထင်လာမည် ဖြစ်သည်။

ထို့ကြောင့် ဇီဝိတခေါ် အသက်ကို ပြတ်သားစွာသိလိုပါလျှင် ဉာဏ်အား ဝီရိယအားကို အဆင့်မြင့်အောင် ထူထောင်ပြီး အဘိဓမ္မာသဘောတရား များကို လေ့လာမှုနှင့် သမထဝိပဿနာ အားထုတ်မှုကို အခြေခံလျက် ထို လေးမျိုးသော ရှုထောင့်များမှ ဆင်ခြင်သုံးသပ်ကြရန်ဖြစ်သည်။

**အသက်နှင့် ရုပ်နာမ်။** ။ဗုဒ္ဓအဘိဓမ္မာက ပြဆိုထားသည့် ဇီဝခေါ် အသက်မှာ-ရုပ်ကင်းမဲ့သော ဇီဝရှိသကဲ့သို့ နာမ်ကင်းမဲ့သော ဇီဝလည်းရှိသည်၊ ရုပ်ကင်းမဲ့သောဇီဝကို နာမ်သက်သက် သတ္တဝါ အရူပဗြဟ္မာများ၌ တွေ့ရပြီး နာမ်ကင်းမဲ့သော ဇီဝကို ရုပ်သက် သက်သတ္တဝါ အသညသတ်ဗြဟ္မာများ၌ တွေ့ရသည်၊ နာမ်သက်သက် ဇီဝရှိ သည့် သတ္တဝါများ တည်ရှိနိုင်ပုံကိုလည်း အဘိဓမ္မာသဘောသီအချို့က

ဤသို့ ယူဆကြသည်၊ အထက်ကောင်းကင်တွင် အသံသဒ္ဒရုပ်များ (ရေဒီယိုအသံလှိုင်းစသည်)တည်ရှိသည်မှာ အထင်အရှားပင်ဖြစ်သည်၊ အသံရုပ်သည် ဩဠာရိကရုပ်ကြမ်းဖြစ်သည်၊ ရုပ်ကြမ်းများပင် တည်နိုင်သေးလျှင် အရူပ, အသညသတ်တို့၌ သိမ်မွေ့လှသည့် နာမ်ဇီဝနှင့် ရုပ်နုရုပ်ဇီဝတို့ တည်ရှိနိုင်သည်ကို မယုံမှားသင့်ဟု ယုံကြည်ကြသည်၊ ရုပ်ဇီဝ, နာမ်ဇီဝ နှစ်မျိုးလုံးကိုမူ လူ,နတ်, တိရစ္ဆာန်များနှင့် ရူပဗြဟ္မာတို့၌ တွေ့ရ၏။

**သဝိညာဏကနှင့် အဝိညာဏက။** ။ရုပ်, နာမ် ဇီဝိတိန္ဒြေနှစ်မျိုးကို အစွဲပြု၍ ဤဇီဝိတိန္ဒြေနှစ်မျိုးတွင် တမျိုးမျိုးရှိသူများကိုလည်းကောင်း၊ ရုပ်, နာမ်ဇီဝိတိန္ဒြေနှစ်မျိုးလုံးရှိသူများကိုလည်းကောင်း, သဝိညာဏက သက်ရှိဟုခေါ်ပြီး ယင်း ဇီဝိတိန္ဒြေများ မရှိသည့် တော, တောင်, ရေ, မြေ, သမုဒ္ဒရာစသည့် အရာဝတ္ထုများကို အဝိညာဏက သက်မဲ့ဟုခေါ်သည်။

တော, တောင်, ရေ, မြေ, သမုဒ္ဒရာစသည်တို့၌ နာမ်တရားများမရှိသဖြင့် နာမ်ဇီဝိတိန္ဒြေလည်းမရှိ၊ ရုပ်တရားများအနက် အဋ္ဌကလာပ်ရုပ်ရှစ်ခုရှိသော်လည်း ရုပ်ဇီဝိတိန္ဒြေမပါ၊ သက်ရှိ, သက်မဲ့ဟူရာ၌ ဇီဝိတိန္ဒြေနှစ်မျိုးရှိ,မရှိသည်သာ အဓိကလိုရင်းဖြစ်၏၊ ထို့ကြောင့် ဇီဝိတိန္ဒြေမရှိသော တော, တောင်, ရေမြေစသည်တို့ကို အဝိညာဏက သက်မဲ့ဟုခေါ်သည်။

**သစ်ပင်သည် သက်ရှိလော သက်မဲ့လော။** ။ဘုရားသခင်လက်ထက်တော်က အာဠဝီပြည်သားရဟန်းတို့သည် အဂ္ဂါဠဝစေတီပန်းကျောင်တွင် သစ်ပင် ဝါးပင်များကို ခုတ်ထွင်ရှင်းလင်းကြကုန်၏၊ ထိုအခါ လူဒါယကာတို့က ကဲ့ရဲ့ပြစ်တင်ကြသဖြင့် ထိုရဟန်းတို့အား ဘုရားရှင်က ဤသို့ ပြစ်တင်ရှုတ်ချတော်မူ၏။

> "အချီးနှီးဖြစ်သော ယောကျ်ားတို့၊ သင်တို့သည် အဘယ်ကြောင့် သစ်ပင်ကို ခုတ်ဖြတ်ကုန်ဘိသနည်း၊ အချီးနှီးဖြစ်သော ယောကျ်ားတို့၊ လူဒါယကာတို့သည် သစ်ပင်၌ အသက်ရှိ၏ဟုမှတ်ထင်ကြကုန်၏[၁]။

---

၁။ ဝိ၊ပြန်၊ ၂။၁၅၆။

ဤသို့ ဗုဒ္ဓမြတ်စွာ မိန့်မြွက်တော်မူသည်ကို ထောက်၍ သစ်ပင်ကို သက်မဲ့ အဝိညာဏကဟု ယူဆတော်မူကြောင်း ထင်ရှားစွာ သိနိုင်သည်။

မိလိန္ဒပဉ္ဟာပါဠိတော်၌လည်း [၁]–

"အရှင်ဘုရား နာဂသေန၊ သစ်ပင်သည် စိတ်စေတနာမရှိအံ့၊ သို့ဖြစ်ပါမူ ကြိုးပင်သည် ဘာရဒွါဇပုဏ္ဏားနှင့်အတူ စကားပြော၏–ဟူသောစကားသည် မှားရာ၏၊ ကြိုးပင်သည် ထိုပုဏ္ဏားနှင့် အတူ အကယ်၍ စကားပြောသည်ဖြစ်အံ့၊ သစ်ပင်သည် စိတ်စေတနာမရှိဟူသော ထိုစကားသည် မှားရာ၏။

မင်းမြတ်၊ "သစ်ပင်သည် စိတ်စေတနာမရှိ"ဟု ဘုရားမြတ်စွာ သည် ဤစကားကိုလည်း ဟောတော်မူအပ်၏၊ ကြိုးပင်သည် လည်း ဘာရဒွါဇပုဏ္ဏားနှင့်အတူ စကားပြော၏၊ ဤစကားကို လည်း လောကပညတ်အားဖြင့်သာ ဆိုအပ်၏၊ မင်းမြတ် စိတ် စေတနာမရှိသော သစ်ပင်ကား စကားပြောခြင်းသည်မရှိ၊ သစ် ပင်သည် စကားပြော၏ဟူသော စကားကား လောကပညတ် သာတည်း"

ဟု မိန့်တော်မူသည်ကို လည်းကောင်း။

ထို့ပြင် ဥဒကသတ္တဇီဝပဉ္ဟာ၌–[၂]

"အရှင်ဘုရား နာဂသေန၊ ဤရေသည် မီး၌ကြိုချက်အပ် သော် ဖျစ်ဖျစ် မည်၏၊ အသံအမျိုးမျိုးထွက်၏၊ရေသည်အသက် ရှိပါသလော၊ အခြားသောဝတ္ထုတို့က နှိပ်စက်အပ်သည်ဖြစ်၍ အသံပြုပါသလော၊ အချို့သော တိတ္ထိတို့သည် ရေကို အသက်ရှိ ၏ဟု ရေအေးကိုပယ်လျက် ရေကိုပူစေပြီးလျှင် သုံးဆောင်ကြကုန် ၏။

မင်းမြတ်၊ ရေသည် အသက်မရှိ ရေ၌အသက်ဇီဝသည် လည်း ကောင်း၊သတ္တဝါသည်လည်းကောင်း မရှိ၊ မီး၏အပူနှင့် ကြီးမား

၁။ မိလိန္ဒ။၁၇၃။ ၂။ မိလိန္ဒ။၂၅၃။

ပြင်းထန်မှုကြောင့် ရေသည် ဖျစ်ဖျစ်မည်၏၊ အသံအမျိုးမျိုး ထွက်၏”-

ဟု မိန့်တော်မူသည်ကို လည်းကောင်း။

ထို့ပြင် သီလက္ခန်အဋ္ဌကထာ၌-[၁]

မင်္ဂလိဂေါသာလက “သလေးမုယောစသည့် မြက်သစ်ပင်တို့ကို ကြီးပွားစည်ပင်ခြင်းသဘောရှိ၍ အသက်ရှိသည်ဟု ယူဆကြောင်းကို လည်းကောင်း”ယင်းအဋ္ဌကထာ၌ပင်-[၂]

နိဂဏ္ဌနာဋ္ဌပုတ္တက “ရေအေး၌ သတ္တဝါဟု ယူဆကြောင်းကို လည်းကောင်း” မူလပဏ္ဏာသ အဋ္ဌကထာ၌[၃]-

“သံ့ ကြေး စသည်များကို အသက်ရှိသည်ဟု နှလုံးသွင်းကြသည်များကိုလည်းကောင်း”

မိန့်မြွက်ဖွင့်ဆိုကြ၏၊ ယင်းအဆိုအမိန့်များကို ဗုဒ္ဓဝါဒက လက်မခံသောကြောင့်သစ်ပင်, တော, တောင်, ရေ, မြေစသည့် အရာဝတ္ထုများသည် စိတ်စေတနာမရှိ၊ အသက်လည်းမရှိ သတ္တဝါလည်းမဟုတ် အဝိညာဏက သက်မဲ့များသာဖြစ်သည်မှာ ထင်ရှားလေသည်။

သာရတ္ထဋီကာရှင်းလင်းချက်။ ။သစ်ပင်၏ သက်ရှိ, သက်မဲ့နှင့် စပ်လျဉ်း၍ သာရတ္ထဋီကာတွင် ဤသို့ ဖွင့်ဆိုထား၏။[၄]

“သစ်ပင်စသည်တို့၌ စိတ်မရှိသောကြောင့် အသက်မရှိ၊ စိတ်မရှိသည်၏ အဖြစ်ကို ခုတ်ဖြတ်သောအခါ စိတ်ရှိသော သတ္တဝါတို့ကဲ့သို့ ကြောက်၍ ထိတ်လန့် တုန်လှုပ်ခြင်း မရှိသည်ကိုလည်းကောင်း၊ ခုတ်ဖြတ်သော်လည်း စည်ပင်ပေါက်ပွားတတ်သည်ကို လည်းကောင်း၊ ဓာတ်တူသဘော ရှိသည်ကို လည်းကောင်း၊

၁၊ ဒီ.ဋ္ဌ၊၁။၁၄၆။ ၂၊ ဒီ၊ဋ္ဌ၊၁။၂၅၁

၃၊ မ၊ဋ္ဌ၊၁။၂၈။ ၄။သာရတ္ထာဋီ၊၁။၁၉။

ယောနိလေးမျိုး၌ ပါဝင်ခြင်း မရှိသည်ကိုလည်းကောင်း ထောက်၍ သိအပ်၏။

ဆက်ဦးအံ့၊ ကြီးပွားခြင်း သဘောကား သန္တာ, ကျောက်သလင်း, ရွှေစသည့် ရာဇနာမျှား၌လည်း ရှိသည်ပင်ဖြစ်၏၊ ထို့ကြောင့် သစ်ပင်စသည်တို့၏ ကြီးပွားခြင်းသည် အသက်ရှိသည်၏ အဖြစ်၌ အကြောင်းမဟုတ်နိုင်။

မန်ကျည်းပင် စသည်တို့၏ အိပ်ခြင်းသည် လူတို့၏ကြုံ့ည်ခြင်း (ပရိကပ္ပ)မျှသာဖြစ်၏၊ ထို့ကြောင့် သစ်ပင်စသည်တို့၏အာရုံယူမှု ဆိုသည်မှာ လူတို့၏ ကြံစည်ခြင်း (ပရိကပ္ပ) မျှသာ ဖြစ်သည်"၊ ဤသို့ဖွင့်ဆိုသည်ကိုထောက်၍လည်း သစ်ပင်တို့သည် အဝိညာဏကသက်မဲ့သာ ဖြစ်ကြလေသည်။

**အဘိဓမ္မာအဆို။** ။ဗုဒ္ဓအဘိဓမ္မာတွင် အသက်ဟုသည်မှာ ဇီဝိတိန္ဒြေကို ခေါ်သည်၊ အသက်နှင့် ငါပါက်နွေကို ကပ်းပေးသည်၊ ဇီဝိတိန္ဒြေသည် ကံကြောင့်ဖြစ်သည်၊ သတ္တဝါတို့သန္တာန်တွင် ပဋိသန္ဓေမှစ၍ ဖြစ်ပေါ်လာ၏၊ ထို့ကြောင့် ကံကြောင့်ဖြစ်သောသတ္တဝါတို့၏ သန္တာန်၌သာ ဇီဝိတိန္ဒြေရှိသည်၊ ကံကြောင့်မဖြစ်သော အရာဝတ္ထုများ၌ ဇီဝိတိန္ဒြေမရှိ၊ သစ်ပင်၌ စိတ်စေတနာမရှိ၊ ထို့ကြောင့် ကုသိုလ်, အကုသိုလ်ကံကို မပြုလုပ်တတ် ယင်းသို့ကံမပြုလျှင် ကံကြောင့်ဖြစ်သော ဇီဝိတိန္ဒြေလည်းမရှိ၊ ထို့ကြောင့် သစ်ပင်၌ ဖြအပ်သောရုပ်ရှင်မျိုးဟူ၍ ဇီဝိတိန္ဒြေမပါ၊ ရုပ်, နာမ်ဇီဝိတိန္ဒြေနှစ်မျိုးလုံးမရှိသောကြောင့် ဇီဝိတိန္ဒြေ၏ စောင့်ရှောက်မှုမှ ကင်းသဖြင့် ကမ္ဘာဇရုပ်, နာမ်အစဉ် ဆက်စပ်ဖြစ်ပေါ်မှုမရှိပေ၊ ကံကြောင့်ဖြစ်သော သတ္တဝါတို့၌ ဇီဝိတိန္ဒြေ စောင့်ရှောက်မှုကြောင့် ကမ္ဘာဇရုပ်, နာမ် အစဉ် ဆက်စပ်မှုရှိသည်။

သတ္တဝါတို့သန္တာန်၌ ဖြစ်ပြီးသော နာမ်တရားများ၊ ဖြစ်, ပျက်လကွာကာအတိုင်း မပြတ်မလပ် ဆုံးပါး၍မနေ ဘဲလည်း ဇီဝိတိန္ဒြေစောင့်ရှောက်မှုကြောင့် နာမ်တရားများ ထပ်ကာထပ်ကာ အဖန်ဖန်အသက်ရှင်

ပြန်၍ နိဗ္ဗာန်မရောက်မီတိုင်အောင် ဆက်စပ်ဖြစ်ပေါ်နေသည်၊ ဤသို့ အဆက်မပြတ် ဖြစ်ပေါ်ရှင်သန်မှုကို နာမ်သံသရာဟုခေါ်သည်၊ သစ်ပင်တို့၌ ဤကဲ့သို့ နာမ်သံသရာကျင်လည်မှုမရှိ၊ ဥတုကြောင့်ဖြစ်သော ရုပ်ခန္ဓာ၏ ဖြစ်ပျက်မှုအစဉ် ရူပသန္တတိသာရှိသည်၊ နာမ်သံသရာ နာမ်သန္တတိ အစဉ်၏ကျင်လည်မှုသည် နိဗ္ဗာန်မရောက်မီတိုင်အောင်ရှိပြီး ရုပ်ခန္ဓာ, ရုပ်သန္တတိ အစဉ်၏ကျင်လည်မှုသည် တဘဝလျှင် တခါသေမြဲဖြစ်သည်။

သစ်ပင်တို့၏ တိုးပွားကြီးပွားမှု ဆုတ်ယုတ်မှုမှာ အသက်ရှိ၍မဟုတ်၊ ဗီဇနိယာမ၏ သဘောအရသာဖြစ်သည်၊ နိယာမဒီပနီတွင်[၁] အောက်ပါအတိုင်း ဖော်ပြထားသည်—

" ဗီဇနိယာမဆိုသည်ကား တစုံတယောက်သော ပုဂ္ဂိုလ်, သတ္တဝါဖြစ်သူ မပြုမပြင်ပါပဲလျက် ပြုပြင်ဘိသကဲ့သို့ မြက်သစ်ပင်တို့၌ မျိုးစေ့၏တန်ခိုးဖြင့် မဖောက်မပြန်ပဲ အစဉ်မြဲသောအမှုအရာအထူးကို ဆိုသည်၊ကုလားပဲ, ဂျုံတို့၏ မြောက်အရပ်သို့မျက်နှာမူခြင်း၊ ဒက္ခိဏာနွယ်အမျိုးတို့မှာ သစ်ပင်ကို တောင်အရပ်မှ နွယ်ခြင်း၊ နေကြာပန်းတို့မှာ နေရှိရာဖျက်နှာမူခြင်း၊ မာလောနွယ်မှာ သစ်ပင်ရှိရာသို့ ရွှေရှုခြင်း၊ အုန်းသီးတို့မှာ ထိပ်၌အပေါက်ရောက်ခြင်း၊ ထိုထိုမျိုးစေ့တို့မှဖြစ်သော အပင်တို့၏ အသီးတို့သည် မျိုးစေ့နှင့်တူစွာ သီးခြင်း စသည်ဘို့သည် ဗီဇနိယာမတန်ခိုးတို့ပေတည်း။

ဟူ၍လည်းကောင်း။

သခက်, ပိန္ဒဲအစရှိကုန်သော သခါရလောကတို့၏ ဟရိတခေါ်သော ဗီဇဓာတ်ကြီးသည် အသက်မရှိ၊ စိတ်မရှိ၊ ဉာဏ်မရှိ၊ ထိုသို့ ဖြစ်ပါလျက် အပင်အသစ် အသစ်ပေါက်ပွားရန် ကိစ္စမှာ အဘယ်မျှလောက် တန်ခိုးကြီးသည်ဟု သိမြင်ကြကုန်ပြီ၊

ဟူ၍လည်းကောင်း။

---

၁။ ဒီပနီအပါဒ်ချုပ်၊ ၁။ ၂၉၊ ၇၇၀။ ၇၇၁။

> အချို့သောသစ်ပင်တို့၌ ဤဗီဇနိယာမ စီရင်ချက်ကြောင့် တင့်တယ် ဆန်းကြယ်လျက်ရှိသော အပင်သဏ္ဌာန်၊ အကိုင်းသဏ္ဌာန်၊ အခက်, အရွက်, အပွင့်, အသီးသဏ္ဌာန်တို့ကို လူဖြစ်သူ ပန်းချီဆရာတို့ပင် တူအောင် မရေးနိုင်ကြကုန်၊ ဗီဇနိယာမ၏ အစွမ်းတည်း-

ဟူ၍လည်းကောင်း ဆိုထား၏။

**စိတ်ရှိသည် အသက်ရှိသည်ဟု** ဗီဇဓာတ်၏ သတ္တိထူးကြောင့် ထိကရုန်း ထင်မှတ်ရအောင်စွမ်းဆောင်ပုံ ပင်တို့ကဲ့သို့ ထိလိုက်လျှင် တွန့်ခြင်း၊ ဆေးဂမြင်းပင်တို့ကဲ့သို့ လူသံမကြားလျှင် ဆန်းပြားစွာလှုပ်ရှား၍ လူသံကြားလျှင် ငြိမ်နေခြင်း၊ ကင်မွန်းပင်၊ သဘော်ပင်၊ ကုက္ကိုပင်တို့ကဲ့သို့ နေဝင်လျှင်အိပ်ခြင်း၊သဏ္ဌာနက်,ကျောက်ခက်, ဆား, ဆပ်ပြာတို့ကဲ့သို့ အလုံအလျောက် ကြီးထွားနေခြင်းစသည်တို့မှာ အသက်ရှိသည် စိတ်ရှိသည်ဟု ထင်မှတ်လောက်အောင် ထူးဆန်း၏၊ ဤသည်တို့မှာ ဗီဇဓာတ်၏ စွမ်းဆောင်ချက်များသာဖြစ်သည်၊ အသက် ဝိညာဉ်ရှိ၍မဟုတ်ပေ။

**အသေအရှင်ပြဿနာ။** ။သစ်ပင်များသေသည့်,ရှင်သည်ဟု ပြောဆိုကြခြင်းမှာ ဗီဇဓာတ်ကိုအစွဲပြု၍ ခေါ်ဝေါ်ကြခြင်းသာဖြစ်သည်။ ဒီပဲယင်းဆရာတော်၏ ပရမတ္ထစက္ခုကျမ်းတွင်[၁]–

> ဗီဇရုပ်ကိုအစွဲပြု၍ ဗဟိဒ္ဓသဏ္ဌာန်၌ အသေအရှင်ဝေါဟာရဖြစ်သည်၊ အဇ္ဈတ္တသဏ္ဌာန်ဇီဝိတရုပ်နှင့်အလားတူ၏၊ဗီဇရုပ်ရှိသော သစ်ပင် သစ်စေ့စသည်တို့သည် အာပေါဓာတ်၊ ဩဇာဓာတ် ထောက်ပံ့အပ်သော ဥတုနှင့်ပေါင်းစပ်ထိတွေ့ရသောအခါ ပေါက်ရောက်စည်ကား ပွားများစည်းစိမ် ရှင်ကြလေကုန်၏-

ဟူ၍ ဖော်ပြထားသည်၊ ထို့ပြင် သမ္မောအဋ္ဌကထာ၌[၂]–

---

၁။ ပရမတ္ထစက္ခု။ ၂၀။ ၂။ အဘိဋ္ဌ၊ ၂၊၉၅။

"ဇီဝိတိန္ဒြေ၏ ပြတ်စဲခြင်းဟူသော ဤစကားရပ်ဖြင့် ဇီဝိတိန္ဒြေနှင့် စပ်သော သက်ရှိသတ္တဝါ၏သေဆုံးခြင်းမည်သည်ဖြစ်၏၊ဇီဝိတိန္ဒြေ နှင့် မစပ်သော သက်မဲ့ချုပ်၏ သေဆုံးခြင်း မည်သည်မရှိ။ 'ကောက်ပင်သေသည်,သစ်ပင်သေသည်'ဟူသော စကားများမှာ ဝေါဟာရမျှသာဖြစ်သည်၊ အနက်သဘောအားဖြင့် ဤစကားတို့သည် ကောက်ပင်စသည်တို့၏ ကုန်ခြင်း, ပျက်စီးခြင်းသဘောကို ပြခြင်းသာဖြစ်သည်"—

ဟူ၍လည်းကောင်း။ ကထာဝတ္ထုအဋ္ဌကထာ၌[၁]—

"ထိုရုပ်, နာမ်ဇီဝိတိန္ဒြေတို့ကြောင့်သာလျှင် သတ္တဝါသည် အသက်ရှင်၏။ထိုဇီဝိတိန္ဒြေတို့၏ ပျက်စီးခြင်းကြောင့် သေဆုံး၏ဟု ဆိုအပ်၏"—

ဟူ၍လည်းကောင်း ဖွင့်ဆိုထား၏၊ ဤမိန့်ဆိုချက် ဖွင့်ဆိုချက်များအရ သစ်ပင်များသေသည်, ရှင်သည်ဟုပြောဆိုခြင်းမှာ ဗီဇဓာတ်ကိုအစွဲပြု၍ ခေါ်ဝေါ်ကြခြင်းသာဖြစ်သည်။ ဗီဇဓာတ်သည် သက်ရှိသတ္တဝါသန္တာန်ရှိ ဇီဝိတရုပ်နှင့် အလားတူသည်၊ ဇီဝိတရုပ်ကိုအစွဲပြု၍ သတ္တဝါသေသည်, ရှင်သည်ဟုအသေအရှင်ဝေါဟာရဖြစ်သကဲ့သို့ ဗီဇဓာတ်ကိုအစွဲပြု၍သစ်ပင်များသေသည်, ရှင်သည်ဟု အသေအရှင်ဝေါဟာရဖြစ်ရသည်။

ဗီဇဓာတ်ရှိသောသစ်ပင် ချုံနွယ်များနှင့် မျိုးစေ့တို့သည် မြေ, ရေဓာတ်ရှိသော အာပေါဓာတ် သြဇာဓာတ် ထောက်ပံ့အပ်သော ဥတုနှင့်ပေါင်းစပ်ထိတွေ့မှုကို ရသောအခါ အပင်များပေါက်လာပြီး တိုးတက်ကြီးပွားကာ စိမ်းလန်းစိုပြေ အသက်ရှင်သန်နေကြသည်၊ မြေ, ရေ, လေဓာတ်, ဥတု သြဇာဓာတ်တို့ ဖောက်ပြန်သည်နှင့် တပြိုင်နက် သေဆုံးကြလေသည် ထို့ကြောင့် သစ်ပင်များသေသည် ရှင်သည်ဟု ပြောဆိုကြခြင်းမှာ သစ်ပင်တို့အသက်ရှိ၍ ပြောဆိုကြခြင်းမဟုတ်ကြောင်း မှတ်သားရမည် ဖြစ်သည်။

---

၁။ အဘိ၊ဋ္ဌ၊၂၊၂၁။

**အကျဉ်းချုပ်မှတ်သားရန်။** ။အချုပ်အားဖြင့် ဆိုရသော် သစ်ပင်၏ သက်ရှိ၊ သက်မဲ့နှင့်စပ်လျဉ်း၍—

"ကံ၊ စိတ်၊ ဥတု အာဟာရကြောင့်ဖြစ်သော အဇ္ဈတ္တရုပ်နာမ်ခန္ဓာ၏ဖြစ်ပျက်အစဉ်ကိုသာ သဝိညာဏက သက်ရှိဟု ဗုဒ္ဓအဘိဓမ္မာက သတ်မှတ်သည်၊ ဥတုကြောင့်သာဖြစ်ပေါ်သည့် ဗဟိဒ္ဓရုပ်ခန္ဓာ၏ဖြစ်ပျက်အစဉ်ကို အဝိညာဏက သက်မဲ့ဟုသတ်မှတ်သည်။ ယင်းသို့သတ်မှတ်ရခြင်း အကြောင်းမှာလည်း ဇီဝိတိန္ဒြေများရှိ-မရှိသာလျှင် ပဓာနဖြစ်သည်၊ သစ်ပင်တို့၌ ဇီဝိန္ဒြေ နှစ်မျိုးလုံးမရှိပဲ ဥတုကြောင့်ဖြစ်သော ဗဟိဒ္ဓရုပ်၏ ဖြစ်ပျက်အစဉ်သာရှိ၏။ ထို့ကြောင့် အဝိညာဏက သက်မဲ့များသာဖြစ်လေသည်။

**ဇီဝိန္ဒြေ၏စောင့်ရှောက်ရာ ကာလအဆုံးအဖြတ်** ဇီဝိတိန္ဒြေ၏ စောင့်ရှောက်ရာကာလမှာ သမာနဝါဒီဆရာတို့၏အဆိုအရ နာမ်ဇီဝိတိန္ဒြေဖြစ်စေ၊ ရုပ်ဇီဝိတိန္ဒြေဖြစ်စေ အတူဖြစ်ဖက်သဟဇာတ်တရားတို့၏ ဖြစ်ဆဲဥပါဒ်မှု၍ စောင့်ရှောက် ထောက်ပံ့သည်ဟုဆို၏၊ အချို့သော ကေစိဆရာတို့ကမူ နာမ်ဇီဝိတိန္ဒြေသာလျှင် ဖြစ်ဆဲဥပါဒ်ခဏမှစ၍ စောင့်ရှောက်ထောက်ပံ့နိုင်သည်၊ ရုပ်ဇီဝိတိန္ဒြေမှာ တည်ဆဲဌီခဏကာလမှစ၍ စောင့်ရှောက်ထောက်ပံ့နိုင်သည်ဟု ဆိုသည်။ ထိုကေစိဆရာတို့၏အဆိုကို အဘိဓမ္မာဝတာရဋီကာတွင်[၁] ပဋ္ဌာန်းပါဠိတော်ကို ထောက်ပြလျက် ပယ်ချထားသည်။

ဆိုလိုသည်မှာ ပဋ္ဌာန်းကျမ်း၌[၂] အသညသတ်ပြဟ္မာတို့၏ ဣန္ဒြိယပစ္စည်းသည် ကဗ္ဗပစ္စည်းနှင့်တူ၏ဟု ဟောတော်မူသောကြောင့် ရုပ်ဇီဝိတိန္ဒြေသည် ဖြစ်ဆဲဥပါဒ်ခဏမှစ၍ ကျေးဇူးပြုသည်ဟု ဆုံးဖြတ်လေသည်။

---

၁။ အဘိ၊ဝတာရ၊ဋီ၊သစ်။၃၀၁။ ၂။ ပဋ္ဌာန်း၊၁။၂၆။

**နာမ်ဇီဝိတိန္ဒြေသည် နာမ်ရုပ်နှစ်ပါးတို့ကို စောင့်ရှောက်သလော**

ဇီဝိတိန္ဒြေ စေတသိက်၏ အခြင်းအရာ (ပစ္စုပဋ္ဌာန်) တွင် ပျက်ဆဲဘင်ခဏ၌ မိမိ ကိုယ်တိုင်က ချုပ်ဆဲဖြစ်၍ သူတပါးကို မတည်တံ့စေနိုင်ဟု ဆိုသဖြင့် မိမိ ချုပ်ပြီးနောက် မချုပ်သေးသော အဘူဖြစ်ခဲ့သည့် စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်တို့ကို နာမ်ဇီဝိတိန္ဒြေက မစောင့်ရှောက်နိုင်ကြောင်း ထင်ရှားလေသည်။ ထို့ပြင် ဓမ္မသင်္ဂဏီပါဠိတော်၌[၁] "နာမ်တရားတို့၏အသက်" ဟူ၍နာမ်ဇီဝိတိန္ဒြေက နာမ်တရားတို့ကို စောင့်ရှောက်ခြင်းကိုသာ ဟော တော်မူသည်၊ အဋ္ဌကထာ၌လည်း[၂] "နာမ်တရားတို့ဟူသည် ဇီဝိတိန္ဒြေ စေတသိက်နှင့် ယှဉ်ဖော်ယှဉ်ဖက် သမ္ပယုတ်ဖြစ်သော နာမ်တရားတို့ပင် တည်း" ဟူ၍ သမ္ပယုတ်နာမ်တရားများဖြင့် ဖွင့်တော်မူသည်။ ထို့ပြင် ဇီဝိတိန္ဒြေစေတသိက်၏လက္ခဏာ၌လည်း "မိမိနှင့် ခွဲခြား၍ မရကုန်သော တရားတို့ကို စောင့်ရှောက်ခြင်း လက္ခဏာ ရှိ၏" ဟူ၍ မိန့်ဆိုသည်။ ထို့ကြောင့် နာမ်ဇီဝိတသည် နာမ်တရားတို့ကိုသာ စောင့်ရှောက်သည်။

**စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်တို့ကိုလည်း စောင့်ရှောက်သည် မဟုတ်လော**

"သဟဇာတတရားတို့ကို စောင့်ရှောက်ခြင်းကိစ္စ၌ အစိုးရခြင်း ကိစ္စနှင့် ယှဉ်ခြင်း ကြောင့် ဣန္ဒြေမည်၏၊ ထို့ကြောင့် ဇီဝိတိန္ဒြေမည်၏" ဟူ၍ ဋီကာ၌ ဖွင့်ဆိုသော ကြောင့်[၃] စိတ္တဇရုပ်, ကမ္မဇရုပ်တို့သည်လည်း သဟဇာတတရားများပင် ဖြစ်၍ ယင်းတို့ကိုလည်း စောင့်ရှောက်သည် မဟုတ်လော။

ထို့ပြင် "မိမိတို့၏ ဥစ္စာဖြစ်ကုန်သော အကျိုးပစ္စုပ္ပန် တရားတို့ကို လည်း စောင့်ရှောက်တတ်၏" ဟု အဋ္ဌကထာ၌[၄] ဖွင့်ဆိုသောကြောင့် ရုပ်တရားတို့သည်လည်း အကျိုးပစ္စုပ္ပန်ပင်ဖြစ်၍ နာမ်ဇီဝိတိန္ဒြေသည် ရုပ်နာမ်နှစ်ပါးကိုပင်စောင့်ရှောက်သည်မဟုတ်လော-ဟု၍ သို့မေးရန်ရှိသည်။

---

၁။ အဘိ၊၁၊၂၀။ ၂။ အဘိဋ္ဌ၊၁။၁၉၃။

၃။ ဝိဘာဝနီဋီ။၁၀၆။ ၄။ အဘိဋ္ဌ၊၁၁၆၇။

အင္ဂုတ္တရပါဠိ[1] "ပျက်ဆဲဘင်ခဏမှ အထက်၌မဖြစ်စေ, မတည်စေ, မမျှစေနိုင်၊အဘယ်ကြောင့်ဆိုသော် မိမိ၏လည်းကောင်း ဖြစ်စေ,တည်စေ, မျှစေအပ်သော တရားတို့၏လည်းကောင်း မရှိခြင်းကြောင့်တည်း" ဟု ဖွင့်ဆိုသောကြောင့် နာမ်ဇီဝိတသည် ချုပ်ပျက်သည်မှနောက်၌ မိမိလည်းမရှိ၊ စောင့်ရှောက်အပ်သော တရားစုလည်း မရှိသောကြောင့် မစောင့်ရှောက်နိုင်ရကား သမ္ပယုတ်နာမ်တရားကိုသာ အကျိုးပစ္စယုပ္ပန် ယူရပါမည်၊ "မိမိချုပ်ပြီးနောက် သဟဇာတ် တရားစုလည်း မရှိသောကြောင့်" ဟု ဖွင့်ဆိုသည်ကိုထောက်လျှင် ရုပ်တရားများကိုမဆိုလို၊ နာမ်တရားတို့ကိုသာ ဆိုလိုကြောင်း ထင်ရှား၏၊

အဘယ်ကြောင့်ဆိုသော် နာမ်ဇီဝိတချုပ်ပြီးနောက် သဟဇာတ်ဖြစ်သည့် စိတ္တဇရုပ်, ကမ္မဇရုပ်တို့မှာ (၁၆)ချက် အသက်စေ့အောင် ကျန်ရစ်သောကြောင့် ဖြစ်သည်၊ စောင့်ရှောက်ခြင်း အနုပါလနလက္ခဏာနှင့် စပ်လျဉ်း၍ ဘုရားဟော ပါဠိတော်မူရင်းအတိုင်း သမ္ပယုတ်နာမ်တရားတို့ကိုသာ ယူရမည်၊ အကျိုးပစ္စယုပ္ပန်ဖြစ်ကာမျှဖြစ်သည့် စိတ္တဇရုပ်, ပဋိသန္ဓေ ကမ္မဇရုပ်များကို မယူသင့်ပေ၊ ထို့ကြောင့် နာမ်ဇီဝိတသည် နာမ်ကိုသာ စောင့်ရှောက်ပါသည်၊ နာမ်,ရုပ် နှစ်ပါးကို မစောင့်ရှောက်ပါ[2]။

ရုပ်,နာမ်ဇီဝိတိန္ဒြေတို့ အတူချုပ်ကြပုံ။ ။နာမ်ဇီဝိတိန္ဒြေခေါ် ဇီဝိတိန္ဒြေ စေတသိက်သည် ဥပါဒ်, ဌီ, ဘင် ခဏငယ် သုံးချက်မျှ အသက်ရှိ၏၊ ယင်းခဏငယ် သုံးချက်သည် စိတ္တက္ခဏတချက်ဖြစ်သည်၊ စိတ္တက္ခဏပေါင်း ၁၇- ချက်သည် ရုပ်ဇီဝိတိန္ဒြေ၏ အသက်ဖြစ်သည်၊ ရုပ်သက်,နာမ်သက် ဖြစ်သော ရုပ်,နာမ်ဇီဝိတိန္ဒြေတို့သည် ချုပ်သောအခါ စုတိစိတ်၏ ဘင်ခဏငယ် နှစ်ပါးစုံ တပြိုင်နက်အတူ ချုပ်ကြလေသည်၊ ထို့ကြောင့် ကထာဝတ္ထုအဋ္ဌကထာ၌—[3]

---

၁။ အ၊ဘိဋ္ဌ၊၁။၁၆၇။ ၂။ ဝိဝိ ဋီကာ၊ဟာသုံးဝိ။ကု၊

၃။ အဘိ၊ဋ္ဌ၊၃၊၂၁၂။

"မှန်၏၊ စုံတိဆဲခဏဝယ် ရုပ်,နာမ် ဇီဝိတိန္ဒြေတို့သည် အတူ
တကွသာလျှင် ပျက်ကုန်၏"—
ဟု ဖွင့်ဆိုလေသည်။

**ဇီဝိတိန္ဒြေအစဉ်(၂)မျိုး။** ။သတ္တဝါတို့ သန္တာန်တွင် ရုပ်ဇီဝိတိန္ဒြေ အစဉ် နာမ်ဇီဝိတိန္ဒြေအစဉ်ဟူ၍ အစဉ်နှစ်မျိုးရှိသည်၊ ရုပ်ဇီဝိတိန္ဒြေအစဉ်မှာ တဘဝလျှင် သတ္တဝါများ သေဆုံးသည့်အခါ တခါတခါ အစဉ်ပြတ်၏၊ နာမ်ဇီဝိတိန္ဒြေ အစဉ်မှာကား အစဉ်ပြတ်သည်ဟူ၍ မရှိပေ၊ အနမတဂ္ဂသံသရာဝယ် အနန္တရစသော ပစ္စည်း တဆက်တည်း ဆက်စပ်လျက် ကြောင်း,ကျိုး ဆက်ကာဆက်ကာ အစဉ်မပျက် နိဗ္ဗာန် မရောက်သေးသမျှ ဆက်လက်ဖြစ်ပေါ်၍ နေလေသည်[၁]။

**ဇီဝိတိန္ဒြေ အစဉ် (၂) မျိုး ပျက်ပုံ။** ။ရုပ်,နာမ် ဇီဝိတိန္ဒြေတို့ကို ဓား လက်နက် စသည်တို့ဖြင့် ဖျက်ဆီးရာ၌ ရုပ်ဇီဝိတိန္ဒြေကိုသာ ဖျက်ဆီး၍ရသည်၊ နာမ်ဇီဝိတိန္ဒြေကိုကား ဓား လက်နက် စသည်တို့ဖြင့် ဖျက်ဆီး၍မရ၊ အဘယ်ကြောင့်ဆိုသော် နာမ်ဇီဝိတိန္ဒြေသည် သူ့အလိုလိုပင် ဥပါဒ်, ဌီ, ဘင်, ခဏငယ်အစဉ်အားဖြင့် ချုပ်ပျက်လျက်ရှိသောကြောင့် ဖြစ်သည်၊ ရုပ်ဇီဝိတိန္ဒြေကို ဖျက်ဆီး၍ ရသည်ဟု ဆိုရာ၌လည်း သတ္တဝါတို့သန္တာန်တွင် ဇီဝိတိန္ဒြေ အစဉ်အဆက်ဖြစ်နေမှုကို ဖျက်ဆီးခြင်းကိုသာ ဆိုလိုသည်၊ ရုပ်ဇီဝိတိန္ဒြေသည် ရုပ်တရားတို့ ထုံးစံအတိုင်း စိတ္တက္ခဏ ၁၇- ချက် အသက်မပြည့်သေးလျှင် မည်မျှပင် နှောင့်ယှက်ခြင်းကို ပြုစေကာမူ ချုပ်ပျက်သွားလိမ့်မည် မဟုတ်ပေ၊ စိတ္တက္ခဏ ၁၇- ချက်ပြည့်လျှင်လည်း ရုပ်ဇီဝိတိန္ဒြေ သည် အလိုလို ချုပ်ပျက်မည်သာ ဖြစ်သည်၊ စင်စစ်အားဖြင့် ရုပ်ဇီဝိတိန္ဒြေ ပျက်စီးရခြင်းမှာ သတ္တဝါတို့၏ သန္တာန်တွင် ဇီဝိတိန္ဒြေအစဉ် ဆက်ကာဆက်ကာ ဖြစ်နေမှုကို ဖျက်ဆီးခြင်းကြောင့် ပျက်စီးရခြင်း ဖြစ်သည်။

---

၁။ ဓမ္မနိပေါင်းချုပ်၊၁။၄၄၆။

ထင်ရှားအောင် ဖွင့်ဆိုရပါလျှင် သတ္တဝါတို့ သန္တာန်တွင် ရုပ်ကလာပ်များသည် အစဉ်အဆက် ဆက်ကာဆက်ကာ ဖြစ်ပျက်လျက်ရှိ၏၊ ထို ရုပ်ကလာပ်များတွင် ရုပ်ဇီဝိတိန္ဒြေ ဇီဝိတရုပ်ကလာပ်လည်း ပါဝင်၏၊ ဇီဝိတရုပ်ကလာပ်တခု ချုပ်သွားလျှင် နောက်နောက် ဇီဝိတကလာပ်များ ဆက်လက်ဖြစ်ပေါ်စေရန် ကျေးဇူးပြုခဲ့သည်၊ ရုပ်ဇီဝိတိန္ဒြေနှင့် ရုပ်ခန္ဓာအသစ်တို့သည် ဖြစ်ချုပ်လက္ခဏာ နိယာမအတိုင်း ဖြစ်ပေါ်လိုက်, ချုပ်ပျက်သွားလိုက် စသည်ဖြင့် အစဉ်မပျက် ဆက်ကာဆက်ကာ ဇီဝိတကမ္မဇရုပ်များ ဖြစ်နေရာဝယ် တဦးတယောက်က ဓား, လက်နက် စသည်တို့ဖြင့် ခုတ်ဖြတ်လိုက်၏၊ ထိုသို့ခုတ်ဖြတ်လိုက်ခြင်းသည် ဇီဝိတရုပ်၏ မှီရာ မဟာဘုတ်တို့ကို ဖြတ်လိုက်ခြင်းပင်ဖြစ်၏၊ ထိုသို့ ခုတ်ဖြတ်လိုက်သည့် အခါ ယင်းမဟာဘုတ်တို့နှင့်အတူ ယင်းတို့ကို မှီနေသည့် ရုပ်ဇီဝိတိန္ဒြေလည်း ရုပ်ကိုဋ်ကုံးစံအတိုင်း ၁၇- ချက် အသက်စေ့ကာ ချုပ်ပျက်လေ၏၊ ရုပ်ဇီဝိတိန္ဒြေချုပ်ပြီးနောက် အသားတူ မဟာဘုတ်နှင့် ဇီဝိတိန္ဒြေရုပ်များ ဆက်ကာဆက်ကာ ဖြစ်ပေါ်လာအောင် ကျေးဇူးပြုခဲ့သော်လည်း အထိ ခိုက် ခံလိုက်ရသည့်အတွက် ရုပ်ခန္ဓာအစဉ် ကြာမြင့်စွာ ဖြစ်ပေါ်စေရန် များစွာ ကျေးဇူးပြုနိုင်ခြင်း ပရိတော့ပေ၊ ဓားဖြင့်ခုတ်လိုက်သည့် ဒဏ်ရာ ဒဏ်ချက်အလိုက် အနှေးနှင့်အမြန် ရုပ်ဇီဝိတိန္ဒြေ အစဉ်အဆက် ပျက်စီး လေတော့သည်။

ဤသို့ ရုပ်ဇီဝိတိန္ဒြေ ပျက်စီးသောအခါ နာမ်ဇီဝိတိန္ဒြေလည်း ပျက်စီး လေတော့သည်၊ အဘယ်ကြောင့်ဆိုသော် နာမ်ဇီဝိတိန္ဒြေသည် ရုပ်ဇီဝိ- တိန္ဒြေနှင့် တဆက်တည်းရှိသောကြောင့်ပင် ရုပ်ဇီဝိတိန္ဒြေကို ဖြတ်လိုက် လျှင် ထိုရုပ်ဇီဝိတိန္ဒြေနှင့်တကွ နာမ်ဇီဝိတိန္ဒြေ၏ မှီရာ ဟဒယဝတ္ထုပါ ပျက်စီးသဖြင့် ဟဒယဝတ္ထုကိုမှီ၍ဖြစ်သော နာမ်ဇီဝိတိန္ဒြေလည်း ပျက်စီး ရလေတော့သည်[၁]။

---

၁။ ဝိ၊ ၄၊ ၂၈၃။ သာရတ္ထ၊ ၂၊ ၂၅၃-၂၅၆။ ပါရာဇိကဏ်ဘာသာဋီကာ ။ ၃၊ ၂၈၃။

## ကာလ(၃)ပါးနှင့် ဇီဝိတိန္ဒြေ

အသက်ဇီဝိတိန္ဒြေသည်—

(၁) အသက်ရှင်ဆဲ — ပစ္စုပ္ပန်ဇီဝိတိန္ဒြေ၊

(၂) အသက်ရှင်ပြီး — အတိတ်ဇီဝိတိန္ဒြေ၊

(၃) အသက်ရှင်လတ္တံ့ — အနာဂတ်ဇီဝိတိန္ဒြေ—

ဟူ၍ (၃)မျိုးရှိ၏။ ထိုတွင် ဇီဝိတိန္ဒြေကို ပြတ်စဲစေရာ၌ အသက်ရှင်ပြီး အတိတ်ဇီဝိတိန္ဒြေသည် ချုပ်ပြီးဖြစ်၏၊ အသက်ရှင်လတ္တံ့ အနာဂတ်ဇီဝိတိန္ဒြေလည်း ဖြစ်ပေါ်လာသေးသည် မဟုတ်(ဝါ)မဖြစ်သေး၊ ထို့ကြောင့် ယင်းနှစ်မျိုးသည် ထင်ရှားမရှိ၊ ယင်းတို့ကို ပြတ်စဲအောင်ပြု၍ မရ၊ အသက်ရှင်ဆဲပစ္စုပ္ပန်ဇီဝိတိန္ဒြေကိုသာ ပြတ်စဲစေနိုင်၏၊ ရုပ်ဇီဝိတိန္ဒြေပြတ်လျှင် နာမ်ဇီဝိတိန္ဒြေလည်း ပြတ်စဲတော့၏၊ အသက်ရှင်ဆဲ ပစ္စုပ္ပန်ဇီဝိတိန္ဒြေလည်း (၃)မျိုးရှိသည်—

(၁) ခဏပစ္စုပ္ပန်ဇီဝိတိန္ဒြေ၊

(၂) သန္တတိပစ္စုပ္ပန်ဇီဝိတိန္ဒြေ၊

(၃) အဒ္ဓါပစ္စုပ္ပန်ဇီဝိတိန္ဒြေ—

ဟူ၍(၃)မျိုးဖြစ်၏။

(၁) ခဏပစ္စုပ္ပန်ဇီဝိတိန္ဒြေဆိုသည်မှာ—ဥပါဒ်၊ ဌီ၊ ဘင်၊ ခဏ (၃)ပါး ခဏငယ်(၃)ချက် ကာလနှင့်စပ်သည့် ဇီဝိတိန္ဒြေဖြစ်သည်။

(၂) သန္တတိ ပစ္စုပ္ပန်ဇီဝိတိန္ဒြေဆိုသည်မှာ—(ရူပသန္တတိ၊ ရုပ်ဇီဝိတိန္ဒြေအတွက်) နေပူမှလာ၍ နေရိပ်သို့ဝင်သော သူအား အပူရှပ်အစဉ်မပျက်မီကာလသည်လည်းကောင်း၊ ချမ်းအေးသော အရပ်မှ ပူနွေးသောအရပ်သို့ ဝင်သောသူအား

---

၁။ သာရတ္ထ၊ ၂၊ ၂၅၄။ ဝိဋ္ဌ၊ ၂။၃၉။

ချမ်းအေးသော ရုပ်အစဉ်မပျောက်မီ ကာလသည်လည်းကောင်း၊ အပြင်ဘက်အလင်းရောင်မှ အခန်းတွင်းသို့ဝင်သော အခါ ရုတ်တရက်မမြင်ရသေးပဲ မှောင်မိုက်နေရာ အမှောင်ရုပ်အစဉ်မပျောက်မီ ကာလသည်သည်းကောင်း၊ ရုပ်အစဉ်ဖြစ်ဆဲပစ္စုပ္ပန် သန္တတိပစ္စုပ္ပန်ဟု ခေါ်သည်။ ယင်းရုပ်အစဉ်ဖြစ်ဆဲပစ္စုပ္ပန်နှင့် ဆက်စပ်သည့် ဇီဝိတိန္ဒြေကို သန္တတိပစ္စုပ္ပန် ဇီဝိတိန္ဒြေဟု ခေါ်သည်။

အရူပသန္တတိ နာမ်ဇီဝိတိန္ဒြေအတွက် ခုဒ္ဒကဘာဏကထေရ်တို့၏အလို ဇောဝီထိ(၃) ကြိမ် (၈) ကြိမ်မျှ၊ သံယုတ္တဘာဏကထေရ်တို့၏ အလို ဇောဝီထိ(၂)ကြိမ်(၃)ကြိမ်မျှ နာမ်ဇီဝိတိန္ဒြေ အစဉ်ဖြစ်၍ ချုပ်လတ္တံ့သော ကာလသည် သန္တတိပစ္စုပ္ပန်ဖြစ်သည်၊ ယင်းပစ္စုပ္ပန်နှင့် စပ်သည့် ဇီဝိတိန္ဒြေကို သန္တတိပစ္စုပ္ပန် ဇီဝိတိန္ဒြေ ဟု ခေါ်သည်။

(၃) အဒ္ဓါပစ္စုပ္ပန်ဇီဝိတိန္ဒြေဆိုသည်မှာ ပဋိသန္ဓေနေသည်မှ သေသည့်အထိ ကာလသည် အဒ္ဓါပစ္စုပ္ပန်ဖြစ်သည်၊ ယင်းပစ္စုပ္ပန်နှင့် စပ်သည့် ဇီဝိတိန္ဒြေကို အဒ္ဓါပစ္စုပ္ပန်ဇီဝိတိန္ဒြေဟု ခေါ်သည်။

ထိုတွင် ခဏပစ္စုပ္ပန်ဇီဝိတိန္ဒြေမှာ–အလိုလိုဖြစ်ပြီး ချုပ်သွားသောကြောင့် ဇီဝိတိန္ဒြေကို ဖြတ်၍မရ၊ သန္တတိ၊ အဒ္ဓါပစ္စုပ္ပန်ဇီဝိတိန္ဒြေ(၂)မျိုးကိုသာ ဖြတ်စဲစေနိုင်သည်၊ အဘယ်ကြောင့်ဆိုသော် ရုပ်ဇီဝိတိန္ဒြေကို ဖြတ်လိုက်ပါက ထိုအဖြတ်ခံရသော ဇီဝိတိန္ဒြေသည် ယင်းသို့ဖြတ်သဖြင့် အားနည်းနေသော ရုပ်အစဉ်အား ကျေးဇူးပြုခဲ့၏၊ ထို့ကြောင့် သန္တတိပစ္စုပ္ပန်နှင့် အဒ္ဓါပစ္စုပ္ပန်တို့သည် ယင်းတို့ ပိုင်းခြားအပ်သော (တဘဝအတွက် အရှည်ဆုံးသောကာလသို့) မရောက်နိုင်တော့ပဲ ချုပ်ရလေတော့

သည်။ ထို့ကြောင့် ယင်း ဇီဝိတိန္ဒြေ (၂) မျိုးကိုသာ ပြတ်စဲစေနိုင်လေသည်။

**ဦးခေါင်းပြတ်နှင့်ဇီဝိတိန္ဒြေ။** ။စစ်မြေပြင်တွင် အရှိန်နှင့် ပြေးလာသူ တယောက်၏ ဦးခေါင်းကို သန်လျက်နှင့် ဖြတ်လိုက်၏၊ ခေါင်းပြတ်ကောင်သည် အရှိန်နှင့်ပြေးနေရာက တယောက်က ဆီးရိုက်လိုက်မှ လဲကျသွားတော့၏၊ ခေါင်းပြတ်ကောင် ပြေးနေစဉ်ဝယ် အသက်ဇီဝိတိန္ဒြေရှိ- မရှိ။

ဦးခေါင်းကို ဖြတ်လိုက်စဉ်ကပင် သေပြီးဖြစ်သည်၊ ထို့ကြောင့် အသက်ဇီဝိတိန္ဒြေမရှိတော့၊ ဇီဝိတိန္ဒြေမရှိပဲ ခေါင်းပြတ်ကောင် ပြေးနေသည်မှာ ပရမတ္ထမပွတို၏ ရှေး၌ဟည်နှင့်သော အရှိန်အဟုန်တို့ကြောင့် ပြေးသွားခြင်း၊ အရပ်တပါးသို့ ရောက်သွားခြင်းသာ ဖြစ်သည်[၁]။

ထိုအခွင့်တွင် လေတိုက်၍ သစ်ရွက်လွင့်သွားခြင်းပျိုး မဟုတ်၊ ဇီဝိတိန္ဒြေ၏ မှီရာစိတ်အစဉ်သည် ခေါင်းပြတ်ကောင်၌ မရှိပါလျှင် ခြေကြွခြင်း၊ ခြေချခြင်း၊ ပြေးသွားခြင်း မဖြစ်နိုင်။ ရှေးအရှိန်အဟုန်မရှိပဲလည်း မြွေ့ကင်းစသော သတ္တဝါတို့ နှစ်ပိုင်းပြတ်ရာ၌ နှစ်ပိုင်းလုံးပင် ကာလ အတန်ကြာအောင် ဟိုဘက်သည်ဘက် သွားနိုင်ကြောင်း တွေ့ရသည်။ ယင်းနှစ်ပိုင်းတွင် ဟဒယဝတ္ထုပါသော အပိုင်း၌ တည်သောစိတ်သည် နှစ်ပိုင်းလုံးဟလှုပ်စိအာရုံပြုကာ ကာယဝိညာဉ်စိတ် ဖြစ်နိုင်သည်၊ စိတ်ဖြစ်ကဝေဒနာပါပြီးဖြစ်၍ နာကျင်မှုဖြစ်နိုင်လေသည်၊ ထို့ကြောင့် ခေါင်းပြတ်ကောင်ပြေးသွားနေစဉ်ဝယ် ပိတ်ရော ဇီဝိတိန္ဒြေပါရှိသေးသည်[၂]။

---

၁။ သာရတ္ထ၊ ၂။ ၂၇၈။ ဝိ၊ ဋ္ဌ၊ ၂။ ၇၂။
၂။ ဝိမတိ၊ ၁။ ၂၃၉။

ဤ၌ သာရတ္ထဋီကာနှင့် ဝိမတိဋီကာတို့ ဝိဝါဒကွဲနေသော အင်္ဂုတ္တိုရ် အဋ္ဌကထာဘက် ဦးခေါင်းပြတ်သွားသျှင် လူသည် လက်ခြေတို့ကို မထိန်းသိမ်းနိုင် မစောင့်ရှောက်နိုင်တော့ကြောင်း ဖွင့်ဆိုထားသည်ကို တွေ့ရသည်၊ ထို့အတူ ရွှယ်စုံကျော်ဆင်ကျမ်း၌လည်း —

“ခေါင်းပြတ်၍လွန့်၊တတွန့်တွန့်၊စွန့်ရန်ဝိညာဉ်ကြွင်းလိမ့်နည်း” ဟူသော အမေးကို ဦးခေါင်းပြတ်ပြီးကိုယ်တလွန့်လွန့်နေသော သတ္တဝါ၌ ဇီဝိတိန္ဒြေနှင့် စိတ်ဝိညာဉ်တို့ မရှိတော့ကြောင်း၊ ဦးခေါင်းပြတ်သည်နှင့်တပြိုင်နက် နာမက္ခန္ဓာလေးပါး၊ရုပက္ခန္ဓာတရားတို့ ချုပ်သွားပြီဖြစ်ကြောင်း၊ ပြတ်ပြီးလျက် လှုပ်ရှားနေခြင်းမှာ သက်မဲ့အဝိညာဏကဗာဟိရ ရုပ်မျှသာဖြစ်သည်။ ကြိမ်၊နွယ်၊သစ်ခက်တို့ကို ခုတ်ဖြတ်လိုက်သည့်အခါ ထိခိုက်မှုအရှိန်အဟုန်ကြောင့် နောက်ကာလ အတန်ကြာအောင် လှုပ်ရှားနေခြင်းမျိုးကဲ့သို့ ဦးခေါင်းပြတ်ပြီးသော်လည်း စိတ္တဇရုပ်အဟုန်ကြောင့် အလုံးစုံသော ဥတုဇရုပ် အဆက်ဆက်သာ တုန်လှုပ်နေခြင်းဖြစ်ကြောင်း ဖြေရှင်းထားသည်။[၁]

ဤပြဿနာနှင့်စပ်လျဉ်း၍ သတပဒီကပုစ္ဆာ ဝိသဇ္ဇနာဘက်ဝင် မာန်လည် ဆရာတော်ကမေး၍ မင်းကွန်းတောရ ဆရာတော်က ဖြေဆိုထားရာ မှတ်သားဖွယ် ကောင်းလှသည်။

မန်လည်အမေး။ ကြွက်၊ အိမ်မြှောင်၊ မြွေမြီးတို့၊ ပြတ်ပြီးလျက်
ဖျပ်ဖျပ်ခုန်၊ ဆပ်ဆပ်တုန်ဖြစ်ငြား။ ။တပိုင်းစိ
ဝိညာဉ်ပါ၊ဝေဒနာကွဲကြသလား။ ။

စိတ်ဝိညာဉ်နှစ်ဖြာပြတ်သည့်ဟု၊ ပိဋကတ်ကျမ်းဂန်
မြွက်မရှိတန်လေလား။ ။အသိဉာဏ်ထွေပြား
လို့၊ ဝေဝါးဘွဲ့အရာ။ ။ဝိမတိဆရာနှုန်းကိုလဲ၊
ဉာဏ်နှလုံးမကျတတ်လွန်းလို့ပါ။ ။ သဘာဝ
ထက် ဝိဒ္ဒသာ၊သည်ဒိဋ္ဌာလိမ္မာပါသော်လို၊ စိန်

၁။ ရွှယ်စုံကျော်ဆင်၊ ၂။ ၈၄။

တပ်တဲ့သီလဝင်ဉာဏ်တော်၊ ကျမ်းပြုအမော်။ ။
ဖြတ်လိုက်ပါ့ဆရာကျော်ငယ်၊ မညှာတော်မူစေမ်း
နှင့်လေး............

မင်းကွန်းအဖြေ။ ကြွက်၊ အိမ်ခြောင်၊ မြွေမျိုးတို့၊ ဖြတ်ပြီးလျက်ဖျတ်ဖျတ်
ခုန်၊ ဆတ်ဆတ်တုန်လှုပ်ရှား။ ။တလှည့်စိဝေဒနာယှဉ်၊
စိတ်ဝိညာဉ်သတ္တိဖြင့်ငြား။ ။ယုတ္တိမေးလို့ သိစွမ်းသာ၊ရှင့်
စောဒနာကို ဖြေပေးသား၊ အသံဉာဏ်ထွေပြားလို့ ဝေ
ဝါးပါနှင့်သည်အရာ။ ။ဝိမတိဆရာနှုန်းကိုလ၊ဉာဏ်နှလုံး
ကျသင့်လှပေတော့သည်သာ။ ။သဘာဝနှင့်ဒိဋ္ဌကွာ၊
တသိတ်စာမတူမျှလို့၊ပရမတ္ထသဘာဝါ၊ သိကော်လှပါ။ ။
သဗ္ဗညုတဉာဏ်အရာကို မိစ္ဆာဉာဏ်ကင်းစေကွဲ့လေး။ ။

မင်းကွန်းဆရာတော်၏ ဆိုလိုရင်းမှာ ကြွက်၊ အိမ်မြှောင်တို့အမြီးပြတ်ရာ ၌နှစ်ပိုင်းလုံးစိတ်ပြောင်းနိုင်၍ နှစ်ပိုင်းလုံးနာကျင်နိုင်ကြောင်း၊ ဤ၌ စိတ်ဝိညာဉ်၏တန်ခိုးသတ္တိကို သံသယမရှိသင့်ကြောင်း။ ထို့ပြင် သဘာဝနှင့် ဒိဋ္ဌသည် အလွန်ကွာကြသည်၊ ပရမတ္ထသဘောဟူသည်လည်း သဗ္ဗညုတဉာဏ်အရာသာဖြစ်သည်၊ ဗုဒ္ဓဝိသယ၌ လွန်၍မကြံသင့်ကြောင်းကို ပိဋကသုံးပုံတွင် အဋ္ဌကထာဆရာတို့ ဆုံးဖြတ်တော်မူသည်။ ထို့ကြောင့် ဤ၌ဝိမတိဆရာတော်၏ အဆုံးအဖြတ်ကိုသာ ပိတိကျကျစေ့စေ့စပ်စပ်သဘောကျအောင်ကြံသင့်သည်၊ ဝိမတိဆရာတော်ထက်လွန်၍ မကြံသင့်ဟုဆုံးဖြတ်တော်မူကာ အထက်တွင်ဆိုခဲ့ဘည့် စွပ်စွဲကျော်ထင်ကျမ်းကို ယုတ္တိမရှိဟု ပယ်ချလားလေသည်[၁]။

ကိုယ်စောင့်ဇီဝိတိန္ဒြေ။ ။ဇီဝိတိန္ဒြေသည် သတ္တဝါကို မသေအောင် စောင့်ရှောက်သောတရားဖြစ်သည်၊ သံယုတ်ပါဠိတော်တွင် သတ္တဝါကိုမသေအောင် စောင့်ရှောက်သောကိုယ်စောင့်တရားသုံးပါးကို ဟောတော်မူသည်။

---

၁။ သတပဒီကာ။၄၇။

"ဇီဝိတိန္ဒြေဟူသော အသက်၊ ကမ္မဇတေဇော ဟူသောအခိုးအငွေ့၊ ဝိညာဉ်(ဤတရားသုံးပါးတို့သည်) ဤကိုယ်ကိုစွန့်သွားကြသောအခါ ဤခန္ဓာကိုယ်သည် စွန့်ပစ်အပ်သည်ဖြစ်၍ စိတ်စေတနာ စေ့ဆော်မှုမရှိပဲ ပိုးလောက်စသည်တို့၏အစာဖြစ်၍ အိပ်နေရ၏၊"[၁]

ဤ ဒေသနာတော်အရ၊ (၁) ရုပ်ဇီဝိတိန္ဒြေ၊ နာမ်ဇီဝိတိန္ဒြေခေါ်သော အသက်။ (၂) ဥသ္မာဟုလည်းကောင်း၊ ကမ္မဇတေဇောဟုလည်းကောင်း ခေါ်သောကိုယ်ငွေ့ (၃) ဝိပါက်ဝိညာဏ် ဤသုံးမျိုးတို့ ခန္ဓာကိုယ်၌မရှိလျှင် သတ္တဝါသေဆုံးသည်မည်၏။ သတ္တဝါတို့မသေအောင် စောင့်ရှောက်တတ်သောတရားဟူ၍လည်းကောင်း၊ ကိုယ်စောင့်တရားသုံးပါး ဟူ၍လည်းကောင်း ခေါ်ဆိုကြလေသည်။[၂]

**ဇီဝိတိန္ဒြေသည် ဝဋ္ဋဒုက္ခတို့၏ ဦးခေါင်း**

အဝိဇ္ဇာသည် ကိလေသာတို့၏ အချုပ်အခြာဖြစ်သကဲ့သို့ အသက်ဇီဝိတိန္ဒြေသည် ဝဋ္ဋဒုက္ခတို့၏ အချုပ်အခြာဖြစ်သည်၊ ထို့ကြောင့်ပင် အဝိဇ္ဇာကို ကိလေသာတို့၏ ဦးခေါင်းဆိုသကဲ့သို့ ဇီဝိတိန္ဒြေကိုလည်း ဝဋ္ဋဆင်းရဲဒုက္ခတို့၏ဦးခေါင်းဟူ၍ဆိုသည်။ ဇီဝိတိန္ဒြေအစဉ်ဖြစ်နေသမျှ ဝဋ္ဋဆင်းရဲဒုက္ခတို့နှင့် မကင်းနိုင်၊ ဇီဝိတိန္ဒြေအစဉ်သည် ပရိနိဗ္ဗာနစုတိခေါ် ရဟန္တာတို့၏ စုတိကျမှ အဆုံးသတ်သည်၊ ဇီဝိတိန္ဒြေအစဉ်ပျက်လျှင် ဝဋ္ဋဒုက္ခတို့အကြွင်းမဲ့ ချုပ်ငြိမ်းပေသည်၊ ဇီဝိတသမသီသီခေါ်သည့် ရဟန္တာအရှင်မြတ်တို့မှာ အသက်ဇီဝိတိန္ဒြေနှင့် အဝိဇ္ဇာတို့တပြိုင်နက် ချုပ်ငြိမ်းသည်ဟူ၍ပင် အဆိုရှိသည်၊ အစဉ်အားဖြင့်မူ အဝိဇ္ဇာနှင့် ဇီဝိတိန္ဒြေတို့သည် ချုပ်ငြိမ်းရာခဏ တူညီကြသည်မဟုတ်ပေ၊ အဝိဇ္ဇာ၏ ချုပ်ငြိမ်းရာခဏမှာ အရဟတ္တမဂ်ခဏဖြစ်ပြီး ဇီဝိတိန္ဒြေနောက်ဆုံးချုပ်ရာ ခဏမှာ ပရိနိဗ္ဗာနစုတိခေါ် ရုပ်နာမ်ခန္ဓာတို့အကြွင်းမဲ့ချုပ်ငြိမ်းရာခဏဖြစ်သည်၊ အရဟတ္တမဂ်သည် ကိလေသာတို့၏ ဦးခေါင်းဖွယ်ဖြစ်သည့် အဝိဇ္ဇာကို ကုန်စေနိုင်သကဲ့သို့ ရဟန္တာတို့၏ စုတိသည်လည်း ဝဋ္ဋဒုက္ခတို့၏ ဦးခေါင်းသဖွယ်ဖြစ်သည့် ဇီဝိတိန္ဒြေကိုကုန်စေနိုင်သည်။

---

၁။ သံ၊မြန်၊၂။၁၀၉။ ၂။ သံ၊၂။၁၁၇။

သို့ရာတွင် အဝိဇ္ဇာကို ကုန်စေနိုင်သည့်အရဟတ္တမဂ်စိတ်သည် ဇီဝိတိန္ဒြေကို ကုန်စေခြင်းငှာ မစွမ်းနိုင်၊ ဇီဝိတိန္ဒြေကို ကုန်စေနိုင်သည့် ရဟန္တာတို့၏ စုတိသည်လည်း အဝိဇ္ဇာကို ကုန်စေရန် မစွမ်းနိုင်၊ ဇီဝိတသမသီသီပုဂ္ဂိုလ်များသည် အရဟတ္တမဂ်ရ၍ အဝိဇ္ဇာပြတ်ဇလေသောအခါ စုတိစိတ်ကျ၍ ဇီဝိတိန္ဒြေလည်း ချုပ်လေသောကြောင့် အဝိဇ္ဇာနှင့် ဇီဝိတိန္ဒြေတို့ တပြိုင်နက် ချုပ်ကြသည်ဟု ဆိုခြင်းဖြစ်သည်။ ဝီထိစဉ်အရ စိတ်အစဉ်ဝီထိ ကွာခြားမှုမရှိပဲ မဂ္ဂဝီထိနောင်၊ မရဏာသန္နဝီထိဖြစ်သည်ကိုပင် စိတ်အစဉ်အလှည့် အကြိမ်အားဖြင့် တူမျှသည်ဟု ဆိုအပ်သောကြောင့် အဝိဇ္ဇာနှင့် ဇီဝိတိန္ဒြေတို့ တပြိုင်နက် ချုပ်ကြသည်ဟု ဆိုခြင်းဖြစ်သည်၊ အရဟတ္တမဂ်ကြောင့် အဝိဇ္ဇာအကြွင်းမဲ့ ချုပ်လေလျှင် ကိလေသာအားလုံးတို့လည်း ချုပ်ငြိမ်းကြသည်ဖြစ်၍ ကိလေသာ၏ ဦးခေါင်းမှာ အဝိဇ္ဇာဖြစ်သည်။ ထို့အတူပင် ရဟန္တာတို့၏ စုတိတွင် အသက်ဇီဝိတိန္ဒြေအကြွင်းမဲ့ချုပ်ငြိမ်း၏၊ ဇီဝိတိန္ဒြေချုပ်ငြိမ်းသောအခါ ဝဋ္ဋဒုက္ခလည်း ချုပ်ငြိမ်းလေသောကြောင့် ဝဋ္ဋဒုက္ခကိုယ်၏ ဦးခေါင်းသည် ဇီဝိတိန္ဒြေဖြစ်သည်[၁]။

**ဇီဝိတိန္ဒြေ၏အစွမ်း။** ။အဝိဇ္ဇာသည် အရဟတ္တမဂ်တွင် အဆုံးသတ်သော်လည်း အသက်ဇီဝိတိန္ဒြေသည် ရဟန္တာတို့၏ စုတိကျမှ လက်စသတ်သည်၊ အရဟတ္တမဂ်တွင် အဝိဇ္ဇာရန် အေးသွားသော်လည်း ဇီဝိတိန္ဒြေရှိနေသေးလျှင် ဝဋ္ဋဒုက္ခတို့ရှိနေသေး၏၊ ရဟန္တာတို့၏ စုတိမရောက်မီအထိ ဇီဝိတိန္ဒြေဒုက္ခကို ခံရပေဦးမည်၊ အရဟတ္တမဂ်, ဖိုလ်ကိုရ၍ ရဟန္တာအဖြစ်ကို ရရှိကြသော်လည်း ပရိနိဗ္ဗာန်မပြုမီကာလအတွင်း ဇီဝိတိန္ဒြေအတွက် သင့်လျော်သည့် အာဟာရများကို သုံးဆောင်ရခြင်းစသည့် ဒုက္ခများကို ခံကြရပေဦးမည်၊ ဤမျှ ဇီဝိတိန္ဒြေ၏ အစွမ်းသတ္တိသည် ထက်လှပေသည်။

**ဇီဝိတိန္ဒြေကြာမြင့်စွာရှင်သန်ရေး။** ။ကျန်းမာ၍ ဇီဝိတိန္ဒြေကြာမြင့်စွာရှင်သန်ရေးသည် (ဝါ) ကျန်းမာစွာ အသက်ရှည်ရေးသည် လောကကွင် အရေးအကြီးဆုံးဖြစ်သည်။

---

၁။ အဘိ၊ဋ္ဌ၊၃၊၂၇။

ဗုဒ္ဓအဘိဓမ္မာ (၁) ၂၆—ပ-ပ-သ-၈

"ရဟန်းတို့ – ပယ်ဖျောက်နိုင်ခဲသော တပ်မက်ခြင်း အာသာတို့သည် (၁) လာဘ်လာဘကို တပ်မက်ခြင်းအာသာ (၂) အသက်ရှည်လိုခြင်းအာသာဟူ၍ နှစ်မျိုးရှိပေသည်"–

ဟူသော အင်္ဂုတ္တိုရ်ပါဠိတော်[၁] နှင့်အညီ လူတိုင်းပင် ဇီဝိတိန္ဒြေရှင်သန်လိုကြသည်။

"အထူးအားဖြင့် အနာရောဂါစသည့် အန္တရာယ်များ မဖြစ်ခြင်းကို ဆရာတို့ တောင့်တကြကုန်၏"–

ဟူသော ဝိဘာဝိနီဋီကာနှင့်အညီ[၂] အနာရောဂါကင်း၍ ကျန်းမာခြင်းကို ဆရာတို့ အထူးပင်လိုလား တောင့်တကြသည်၊ ဓမ္မပဒပါဠိတော်တွင်[၃]–

"လာဘ်ဟူသမျှတို့တွင် ရောဂါကင်းရှင်း ကျန်းမာခြင်းသည် အမြတ်ဆုံး အဖိုးအတန်ဆုံးဖြစ်၏"–

ဟူ၍လည်းကောင်း၊ အင်္ဂုတ္တိုရ်ပါဠိတော်တွင်[၄]–

"ရောဂါကင်းရှင်း ကျန်းမာခြင်းကို လူတိုင်းအလိုရှိသင့်၏၊ နှစ်သက်သင့်၏ ကျန်းမာခြင်းသည် လူတိုင်း၏ စိတ်နှလုံးကို ရွှင်ပြုံးစေနိုင်၏၊ ကျန်းမာခြင်းကား လောကတွင် ရခဲသောအရာဝတ္ထုတခုပင်ဖြစ်၏၊ ထိုထိုအရေးကိစ္စဟူသမျှ၌ မဆင်မခြင် ပြုလုပ်ခြင်းသည် ကျန်းမာခြင်း၏ ရန်သူဖြစ်သည်၊ လျော်ကန်သင့်မြတ် ကျန်းမာအောင် ပြုလုပ်ခြင်းသည် ကျန်းမာကြောင်းပင် ဖြစ်သည်"–

ဟူ၍လည်းကောင်း၊ ပဥ္စအင်္ဂုတ္တရပါဠိတော်တွင်[၅]–

"ကမ္ဘာ့ဥာဏ်းကို အားထုတ်နိုင်စွမ်းရှိသော အစားအစာဟူသမျှကို ကြေကျက်စေနိုင်သည့် ပါစကဝပ်မီးနှင့် ပြည့်စုံစေရမည်"

ဟူ၍လည်းကောင်း စသည်ဖြင့် ကျန်းမာမှု၊ ဇီဝိတိန္ဒြေရှင်သန်မှု အရေး

---

၁။ အံ။၁။၈၆။
၂။ ဝိဘာဝိနီ။၇၁။
၃။ ဓမ္မပဒပါ။၄၃။
၄။ အံ၊၃။၃၆၄။
၅။ အံ၊၂၊၅၈။

ကြီးပုံကို များစွာပင် ဟောကြားတော်မူခဲ့သည်၊ ကျန်းမာ၍ ဇိဝိတိန္ဒြေ ကြာမြင့်စွာ ရှင်သန်ခြင်းအားဖြင့် ဗုဒ္ဓမြတ်စွာ၏ ရည်မှန်းချက် ပန်းတိုင် ဖြစ်သည့် မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ရရာ ရကြောင်း ကမ္မဋ္ဌာန်းဘာဝနာ အားထုတ် ခြင်း၊ နည်းလမ်းကောင်းများကို ကြိုးပမ်းနိုင်ကြမည် ဖြစ်သည်၊ ပိဋကတ် တော်များတွင် ကျန်းမာ၍ ဇိဝိတိန္ဒြေကြာမြင့်စွာ ရှင်သန်နိုင်ကြောင်း နည်းလမ်းကောင်းများကိုလည်း ဟောကြားတော်မူခဲ့သည်၊ ယင်းတို့ အနက် ကျန်းမာ၍ အသက်ရှည်ကြောင်း နည်းလမ်းကောင်းအချို့ကို ဖော်ပြလိုသည်—

> "မယားတယောက်၊ လင်တယောက်ထက်၊ မဖောက်ဘယ်မျှ၊ သန္တောသဟု၊ ဖြဟ္မစရိယာ၊ ကျင့်မြတ်စွာလည်း၊ မဟာဓမ္မ-ပါလပုဏ္ဏား၊ အမျိုးသားတို့၊ တရားဆောင်တယ်၊ ကင်းအပါယ်နှင့်၊ သူငယ်ဟူသမျှ၊ ငယ်ကမသေ၊ ထောင်သက်နေ၏"[၁]-

ဟူသော မဃဒေဝလင်္ကာနှင့်အညီ မဟာဓမ္မပါလဇာတ်တော်လာ ပုဏ္ဏား ကြီးဇနီးမောင်နှံနှစ်ဦးတို့သည် မိမိဇနီး မိမိခင်ပွန်းမှတပါး အခြားသူများ နှင့် ဖောက်ပြန်မှုမရှိ စောင့်စည်းကြ၏၊ ကုသလကမ္မပထတရား (၁၀)ပါး တို့ကို ကျင့်သုံးကြ၏၊ ထို့ကြောင့်ဖြစ်လျှင် ပျက်မြဲဓမ္မတာသဘောရှိသော် လည်း ၎င်းတို့ မျိုးနွယ်စဉ်ဆက်တွင် ငယ်ရွယ်နုနယ်ချိန်မှာ သေဆုံးခြင်း မရှိ၊ ကျန်းမာစွာဖြင့် အသက်ဇိဝိတိန္ဒြေကြာမြင့်စွာ တည်နေပြီး သက် ကြီးရွယ်အိုရောက်မှ သေဆုံးခြင်းများသည်လည်းကောင်း။

ဗာကုလထေရဝတ္ထု၌[၂] မျက်မှောက်ကာလ အချို့သော ဒါနရှင်တို့ ဆေးရုံ ဆေးပေးခန်းများကို တတ်အားသမျှပါဝင်လှူဒါန်းခြင်း၊ စုပေါင်း သံဃာ့ဆေးရုံတည်ဆောက်ခြင်း၊ လမ်းခင်းတံတားဆောက်ခြင်း၊ ခရီး လမ်းဆုံများ၌ အေးရိပ်သာများ ဆောက်လုပ်လှူဒါန်းခြင်းစသည်များ ကဲ့သို့ ဗာကုလမထေရ်မြတ်၏ ရှေးအတိတ် နှစဉ်ကာလက မြတ်စွာဘုရား နှင့် အများသံဃာတို့အား ဆေးလှူဒါန်းခြင်း၊ ကုသိုလ်ကြွင်း၊ ကျောင်းကို

---

[၁] မဃဒေဝ၊အပိုဒ်။၃၂၇၊ [၂] ၂၊အံ၊ဋ္ဌ၊၁။၂၃၆၊

ကျောင်းပျက်များ ပြုပြင်ခြင်းစသည့် ဒါနကုသိုလ်ကြောင့် ပစ္စက္ခတွင် အယုတ်သဖြင့် ကျန်းမာရေးအတွက် ဆေးတခွက်မျှပင် မသုံးဆောင်ရပဲ အသက်ရာကျော် (တရာ့ခြောက်ဆယ်) ဇီဝိတိန္ဒြေ ကြာမြင့်စွာ တည်နေရခြင်းများသည် လည်းကောင်း။

မဟာဝံသကျမ်းလာ သီရိလင်္ကာခေါ် သီဟိုဠ်ကျွန်း မဟာဝသဘမင်းကြီးကား အာယုဒီဃပါရဂူတို့ တွက်ချက်ဆုံးဖြတ်ချက်များအရ နောင်အသက် (၁၂)နှစ်ခန့်သာ နေရတော့မည်ဖြစ်၏၊ ထိုစဉ် ယင်းပညာရှင်တို့အား ငွေဒင်္ဂါးတစ်ထောင်ပေး၍ မည်သူကိုမျှ မပြောရန်မိန့်တော်မူပြီး သံဃာတော်အရှင်မြတ်တို့အား ပင့်ဖိတ်ကာ ကျန်းမာ၍ ဇီဝိတိန္ဒြေ ကြာမြင့်စွာ ရှင်သန်စေနိုင် အသက်ရှည်စေနိုင်ကြောင်း နည်းကောင်းများကို မေးလျှောက်၏၊ အရှင်မြတ်တို့က—

"မင်းကြီး—

(၁) ရေစစ်အလှူကိုဖြစ်စေ၊
(၂) ကျောင်းဇရပ်စသည့် အေးရိပ်သာများကိုဖြစ်စေ၊
(၃) ဆေးပစ္စည်းအလှူကိုဖြစ်စေ ပေးလှူရမည်၊
(၄) ကျောင်းအိုဇရပ်အို စသည်များကိုမွမ်းမံပြင်ဆင်ရမည်၊
(၅) ငါးပါးသီလ ဆောက်တည်ပြီး မကျိုးမပေါက်အောင် စောင့်ထိန်းရမည်
(၆) ဥပုသ်သီတင်းနေ့များတွင် ရှစ်ပါးသီလ စောင့်ထိန်းရမည်"—

ဟု ဟောတော်မူကြ၏၊ ဝသဘမင်းကြီးသည် အရှင်သူမြတ်တို့ မိန့်တော်မူချက်များအရ လိုက်နာကျင့်သုံးလေရာ နှစ်ပေါင်း(၄၄)နှစ်တိုင်တိုင် နန်းစံသွားရကြောင်း နည်းလမ်းကောင်းများသည်လည်းကောင်း။

ဓမ္မပဒပါဠိအဋ္ဌကထာလာ[၁] ဒီဃာယုသတို့သားကား ဘုရားရှင်နှင့် ရသေ့ သူတော်စဉ်တို့ ဟောပြောတော်မူချက်များအရ (၇)ရက်သာ အသက်ရှည်မည့်သူဖြစ်၏၊ သို့ရာတွင် ဗုဒ္ဓမြတ်ဂေါတမက—

၁။ ဓမ္မပဒ၊ ပါ။ ၂၉၊ ဋ္ဌ။ ၄၂၃။

"ရတနာသုံးပါးတို့အား အမြဲရှိခိုးခြင်း အလေ့ရှိလျက် အသက် သိက္ခာဂုဏ်ကြီးသူတို့ကို အရိုအသေပြုတတ်သူအား အသက် (အာယု)။ အဆင်း(ဝဏ္ဏ)။ ချမ်းသာခြင်း(သုခ)။ ခွန်အား(ဗလ) အကျိုးတရား လေးပါးတို့ ပွားကုန်၏"–

ဟူ၍ နည်းလမ်းညွှန်ပြတော်မူသဖြင့် လိုက်နာကျင့်သုံးရာမှ အသက် (၁၂၀)တိုင်တိုင် ကျန်းမာ၍ ဇီဝိတိန္ဒြေကြာမြင့်စွာ ရှင်သန်ကြောင်း နည်းလမ်းကောင်းများသည်လည်းကောင်း။

ဂိရိမာနန္ဒသုတ်တော်လာ[၁] ဂိရိမာနန္ဒထေရ် မကျန်းမမာစဉ် ဘုရားရှင် နည်းညွှန်တော်မူသဖြင့် အရှင်အာနန္ဒာ ဟောကြားတော်မူအပ်သော သညာ(၁၁)ပါး တရားတော်များသည်လည်းကောင်း၊ အခြားသော ဗောဇ္ဈင်သုတ် စသည့် ပရိတ်တော်ဓမ္မများနှင့် မဟာဝဂ္ဂသံယုတ်ပါဠိတော် လာ[၂] ဘုရားရှင်သည် ဣဒ္ဓိပါဒ်(၄)ပါးကိုကြိမ်ဖန်များစွာ ပွားများထားပြီး ဖြစ်၍ ဘုရားရှင်အလိုရှိခဲ့သော် အာယုကပ်ပတ်လုံးဖြစ်စေ ထိုထက်လွန်က၍ ဖြစ်စေ တည်နေနိုင်ကြောင်း ဟောကြားတော် မူခြင်းများသည် လည်းကောင်း။

ထို့ပြင် ဗဟုဿုတနှင့်ပြည့်စုံသည့် အဆွေခင်ပွန်းကောင်းတို့ကို ဆည်း ကပ်ခြင်းအားဖြင့် မိတ်ကောင်း၊ ဆွေကောင်း သူကော်ကောင်းတို့က အသက်ရှည်ရာရှည်ကြောင်း နည်းလမ်းကောင်း ညွှန်ကြားချက်များအရ လိုက်နာကျင့်သုံးခြင်းများသည်လည်းကောင်း၊ ကျန်းမာ၍ အသက်ဇီဝိ- တိန္ဒြေကြာမြင့်စွာ တည်ကြောင်း နည်းလမ်းကောင်းများပင် ဖြစ်သည်။

ထို့ပြင် သဂါထာဝဂ္ဂ ,သံယုတ်ပါဠိတော်လာ[၃] စိတ်ချမ်းသာသဖြင့် ကိုယ်ခန္ဓာကျန်းမာ၍ ရှင်လန်းပုံ၊ စိတ်မချမ်းသာသဖြင့် ကိုယ်ခန္ဓာ မကျန်း မမာဖြစ်ရပုံများကို ဟောကြားတော်မူသည့် စိတ်ပျိုကိုယ်နုဒေသနာတော်

---

၁။ အံ၊ ၃။ ၇၄၂။ ၂။ သံ၊ ၃။ ၂၂၇။
၃။ သံ၊ ၁။ ၅။

နှင့် စိတ်ထောင်းကိုယ်ကြေ ဒေသနာတော်များသည်လည်းကောင်း ဇီဝိတိန္ဒြေ ရှင်သန်ရေးအတွက် များစွာမှတ်သားဖွယ်ကောင်းသည့် ဒေသနာတော်များဖြစ်သည်။ ယင်းမှာ–

"အကြင်ရဟန်းတို့သည်၊ အတိတ်ကဤုံ၊ ဖြစ်ပျက်ပုံကို၊ တအုံနွေးနွေး၊ ပြန်လည်တွေး၍၊ မစိုးရိမ်ကြကုန်၊ အနာဂတ်ရေး၊ ကြိုတင်တွေးရှုံ၊ မရောက်သေးမရှိသေးသည့်အရာကိုလည်း မမျှော်လင့် မတောင့်တကုန်၊ ပစ္စုပ္ပန်ကျကျ လက်ရှိပစ္စက္ခအခြေအနေမျှဖြင့်သာ မျှတရောင့်ရဲလေ့ ရှိကြကုန်၏။

ထို့ကြောင့် ထိုရဟန်းတို့အား ကိုယ်ရေအဆင်း ကြည်လင်ရခြင်းဖြစ်သည်။

လူပိုက်တို့သည် အနာဂတ်ရေး ကြိုတင်တွေး၍ မရောက်သေးမရသေးသောတရားကို မျှော်လင့်တောင့်တခြင်းကြောင့်လည်းကောင်း၊ အတိတ်ကဤုံ ဖြစ်ပျက်ပုံတို့ကို၊ တအုံနွေးနွေး ပြန်လည်တွေးတော စိုးရိမ်ခြင်းကြောင့် လည်းကောင်း၊ အလွန်ပူကျက်သည့် ကျောက်ပြားထက်တွင်၊ ဖြတ်လျက်တင်ထား၊ ကျူပင်စိမ်းအလား ခြောက်ကပ်သွားကြကုန်၏"–

ဟူ၍ ဖြစ်သည်။

အဘိဓမ္မာသဘောအရလည်း၊ အသက်ဇီဝိတိန္ဒြေကြာမြင့်စွာ ရှင်သန်နိုင်မည့်အကြောင်း နည်းလမ်းကောင်းများကို ပြဆိုနိုင်သည့်ပင် ဖြစ်သည်၊ အဘိဓမ္မာသဘောအရ–

"ရုပ်ခန္ဓာ၏ ပေါ့ပါးမှု (လဟုတာ), နူးညံ့မှု(မုဒုတာ) တို့ကို အမှုကိစ္စတို့၌ ကောင်းမွန်ခံ့ငြားမှု(ကမ္မညတာ), ရုပ်သုံးပါးသည် ဥတု, စိတ်, အာဟာရတို့တွင် တပါးပါးကြောင့် ထိုက်သလိုဖြစ်၏"[၁]–

ဟူသောသင်္ဂဟနှင့်အညီ ကောင်းသောဥတု, ကောင်းသောအာဟာရ,

---

၁။ အဘိဓမ္မတ္ထသင်္ဂဟ၊ ၄၂။

ကောင်းသော စိတ်တို့ဖြင့် ပြုပြင်ပါက ရုပ်ခန္ဓာ၏ ပေါ့ပါးမှု၊ နူးညံ့မှု ထိုထိုကိစ္စအမှုတို့၌ ကောင်းမွန်ခန့်ငြားမှုတို့သည် ကျန်းမာမှု ကောင်းမွန်လာမည်ဖြစ်သည်၊ဇီဝိတိန္ဒြေရှင်သန် အသက်ရှင်ရေးသည် ကျန်းမာမှုသာလျှင် အဓိကဖြစ်သည်။

> ကိုယ်နှင့်လျော်ကပ်ပတ်၍ လည်းကောင်း မြတ်သောဥတုကို၊ လည်းကောင်း၊ အာဟာရကိုလည်းကောင်း၊ မပျံ့လွင့်ပဲ ခိုင်မြဲတည်ငြိမ်အောင် စိတ်ကိုပြုပြင်ခြင်းကိုလည်းကောင်း၊ စိတ်တွင်အမြဲမှီဝဲလေ့လာနိုင်သူတို့အား အာပေါလွန်၍ လေးလံမှု၊ ပထဝီလွန်၍ တောင့်တင်းမှု၊ ဝါယောလွန်လွန်းကာ ရုပ်တည်ရာမရမှုဟုဆိုအပ်သော ထိုဓာတ်တို့၏ ဖောက်ပြား၍ ခြောက်ခြားမှုသည် ငြိမ်းပျောက်၍ ဤရုပ်ခန္ဓာသည် ပေါ့ပါးလျှင်မြန်လေ၏။[၁]—

ဟူသည်နှင့်အညီ ဥတုကောင်း၊ အာဟာရကောင်း၊ စိတ်ကောင်းအောင် ပြုပြင်နိုင်က ကျန်းမာနိုင်ကြောင်း ဖွင့်ဆိုသည်၊ ကျန်းမာလျှင် ဇီဝိတိန္ဒြေရှင်သန်မည်သာဖြစ်သည်။

> ယောဂီပုဂ္ဂိုလ်တို့သည် ယနေ့ ငါတို့သည် ကောင်းသောဥတု၊ ကောင်းသောအာဟာရကိုရ၍ စိတ်လည်းတည်ကြည်ငြိမ်သက်၍ ငါတို့၏ကိုယ်သည် ပေါ့ပါးလျှင်မြန်ပေ၏၊ နူးညံ့ပျော့ပြောင်းပေ၏၊ အမှုကိစ္စတို့၌ ခန့်ငြားပေ၏[၂]—

ဟူ၍ ဖွင့်ဆိုခြင်းသည်လည်း ထိုနည်းအတူပင်ဖြစ်သည်၊ ဤမိန့်ဆိုချက်များအရ ရုပ်ခန္ဓာ၏ ပေါ့ပါးမှု နူးညံ့မှု အမှုကိစ္စတို့၌ ကောင်းမွန်ခန့်ငြားမှုတို့သည်ကျန်းမာကြံ့ခိုင်မှုများ ကောင်းမွန်အောင် လုံ့လဝီရိယစိုက်ထုတ်ရမည့်ပြင် ဤဘဝကို စီပံပေးလိုက်သည့် ဇီဝိတိန္ဒြေကိုလည်း ထောက်ပံ့ကူညီမှုကို ပြုရပါမည်။

---

၁။ ပရမတ္ထသံခိပ်၊ ၎ိ၊ ၂။ ၂၀၇။ ၂။ အဘိ၊ ဋ္ဌ၊ ၁။ ၁၆၇။

အကြင် အကြင် ရအပ်ပြီးသော ဘဝသမ္ပတ္တိ၏ အကြောင်း ဖြစ်သည့် အတိတ်ကံအား ထောက်ပံ့ကူညီခြင်း၏ အစွမ်းဖြင့် ထိုက်သည် ဖြစ်စေအပ်သော အကျိုးဝိပါက်၏ (ပ) အလိုရှိအပ်သောအကျိုး၏ ပြည့်စုံခြင်းကို တားမြစ်တတ်ကုန်သော ရောဂါစသည့်အန္တရာယ်တို့၏ မဖြစ်ခြင်းကို ပြီးစေနိုင်၏[၁]—

ဟူသော ဝိဘာဝနီဋီကာနှင့် အတိတ်ကံကိုကူညီထောက်ပံ့ရာ၌ အကောင်းဆုံးသောနည်းမှာ ရတနာသုံးပါးအား ပူဇော်ခြင်းဖြစ်သည်၊ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးတို့ကို ရှိခိုးပူဇော်မှုသည် ကောန်ဒိဋ္ဌဓမ္မအကျိုးကို ပေးစွမ်းနိုင်သည်၊ ဒါနပြုရာ၌ ခမ္ပိယလဒ္ဓဖြစ်ခြင်း၊ ဒါနစေတနာကြီးမားထက်သန်ခြင်း၊ အလှူခံပုဂ္ဂိုလ်၏ အနာဂါမ်ရဟန္တာဖြစ်ခြင်း၊ သမာပတ်မှ ထပြီးခါစဖြစ်ခြင်းဟု အင်္ဂါလေးပါးပြည့်စုံမှ ဒိဋ္ဌဓမ္မအကျိုးပေးနိုင်သည်၊ ဘုရားကိုရှိခိုးခြင်း ပဏာမစေတနာကား ခေတ်၏ပြည့်စုံခြင်း၊ အဇ္ဈာသယ၏ပြည့်စုံခြင်း၊ အင်္ဂါနှစ်ပါး ပြည့်စုံရုံမျှဖြင့် ရောဂါစသော အန္တရာယ်ကို ကာကွယ်ခြင်းစသည့် ဒိဋ္ဌဓမ္မအကျိုးပေးနိုင်ပါသည်၊ ခေတ်၏ပြည့်စုံခြင်းမှာ မိမိရှိခိုးအပ်သော ကောင်းမှုတို့၏ စိုက်ပျိုးရာ၊ ရတနာသုံးပါး၏အပြစ်ကင်း သန့်ရှင်းလှသည့် ဂုဏ်တော်များနှင့် ပြည့်စုံခြင်းဖြစ်သည်၊ အဇ္ဈာသယ၏ ပြည့်စုံခြင်းမှာ ရှိခိုးသောပုဂ္ဂိုလ်၏ ကြီးမားသော သဒ္ဓါဆန္ဒ ဖြစ်သည်၊ ထိုဆန္ဒကား ကြောက်၍ရှိခိုးခြင်း၊ တစုံတရာလာဘ်ကိုတောင့်တ၍ ရှိခိုးခြင်း၊ [illegible] ရှိခိုးခြင်း၊ မိရိုးဖလာ ယုံကြည်၍ ရှိခိုးခြင်းစသည်မျိုးမဟုတ်ဘဲ ဂုဏ်ပဒေသာ၌ ထူးမိုက်သောအလိုဆန္ဒဖြစ်သည်။

ထိုအင်္ဂါနှစ်ပါးနှင့် ညီညွတ်စွာ ရတနာသုံးပါးကို ရှိခိုးခြင်းအားဖြင့် ရောဂါစသည့် အန္တရာယ်များကို ကာကွယ်နိုင်ပြီး လက်ငင်းဒိဋ္ဌ ကျန်းမာချမ်းသာ၍ ဇီဝိတိန္ဒြေကြာမြင့်စွာ ရှင်သန်နိုင်ပါသည်။

---

၁။ ဝိဘာဝိနီ၊ ဋီ၊ ၇၀။

ဆိုလိုသည်မှာ—အသက်ရှည်ရေး ဇီဝိတိန္ဒြေရှင်သန်ရေးသည် ဥတု့စိတ် အာဟာရတို့ကို ပြုပြင်ရုံမျှ ကျန်းမာကြံ့ခိုင်ရေးကို ပြုလုပ်ရုံမျှဖြင့် မလုံလောက်ပါ၊ ဘယ လာဘစသည်များကို ကြဉ်ရှောင်ကာ သမ္မာဆန္ဒ ပြင်းပြစွာဖြင့် နေ့စဉ်ဘုရားရှိခိုးခြင်း၊ ဂုဏ်တော်ပုတီးစိပ်ခြင်းများကို ပြုလုပ်ခြင်းအားဖြင့် အတိတ်ကံကိုလည်း အားရှိအောင် ကူညီထောက်ပံ ရန်ဖြစ်သည်။

ရှေးရှေးဘဝပြုခဲ့ကြသည့်အကုသိုလ်မှု အကုသိုလ်ကံတို့သည် ဤဘဝ၌ မကျန်းမာအောင် အနှောင့်အယှက် ပေးတတ်ကြသည်၊ ယင်းတို့သည် ကပ်၍ နှိပ်စက်တတ်သည့် ဥပပိဠကကံအသွင်ဖြင့်လည်းကောင်း၊ တခါ တည်းသေကြေအောင် ဇီဝိတိန္ဒြေ အစဉ်ပြတ်အောင် ပြုလုပ်တတ်သည့် ဥပစ္ဆေဒကကံအဖြစ်ဖြင့် လည်းကောင်း၊ အန္တရာယ်ပြုတတ် ဝင်ရောက် နှောင့်ယှက်တတ်ကြသည်၊ ကံ စိတ် ဥတု အာဟာရတို့ ပြုပြင်အပ်သည့် ကို ခန္ဓာကိုယ်ငယ် ရောဂါစသည့် အန္တရာယ်များဖြစ်ရာ၌ ဥတု အာဟာရ၌ယင်းမှု စိတ်ချမ်းသာမှုတို့မှာ နှိပ်စက်သောအကြောင်းများသာဖြစ်သည်၊ ထိုကဲ့သို့ချွတ်ယွင်းမှု စိတ်ချမ်းသာမှုတို့၏ အရင်းခံအကြောင်းမှာ ဥပ ပိဠက ဥပစ္ဆေဒကခေါ်သည့် ယင်းအကုသိုလ်ကံများ၏ အကျိုးပေးခွင့် ကြုံလာခြင်းများဖြစ်သည်။

ယင်းကံတို့သည် အခွင့်ကောင်းကို စောင့်မျှော်နေသည့်ပမာ ဤဘဝ တွင် ဥတု အာဟာရစိတ်တို့ ချွတ်ယွင်းဖောက်ပြန်လာသည့်အခါ ဝင်ရောက် နှောင့်ယှက် တတ်ကြသည်၊ [illegible] ကြာမြင့်စွာ ရှင်သန်မှုအကျိုးငှာ ရှေးကံများကို [illegible] ဖြင့် တားမြစ်ကာ နှောင့်ယှက်တတ်ကြသည်၊ ဘုရား တရားသံဃာ ရတနာသုံးပါးကို နေ့စဉ်ရှိခိုးခြင်း၊ ဂုဏ်တော်ပုတီးစိပ်ခြင်း အားဖြင့် အန္တရာယ် ပြုတတ်သော ထိုကံတို့ကို တားမြစ်မှု [illegible] ဖြစ် ပေါ်တတ်သည့် အနာရောဂါဖြစ်မှုများကို ကာကွယ်နိုင်ပါသည်။ ဤဘဝ တွင်အတိတ်ကုသိုလ်ကံကို ကူညီထောက်ပံ့ခြင်းများကို ပဋ္ဌာနမေတ္တာနာဂ လက်ငင်းဒိဋ္ဌ အကျိုးရအောင် ပြုလုပ်နိုင်ပါသည်။ထို့ကြောင့် ဤဘဝတွင်

ကျန်းမာချမ်းသာ၍ အသက်ဇီဝိတိန္ဒြေကြာရှည်စွာ ရှင်သန်လိုပါက ကျန်းမာရေး လေ့ကျင့်ခန်းများကို ပြုလုပ်ခြင်းဖြင့်မတင်းတိမ်ပဲ အတိတ်ကုသိုလ်ကံအားရှိလာအောင် နေ့စဉ်ဘုရားရှိခိုးခြင်းဂုဏ်တော်ပုတီးစိပ်ခြင်းများကို ပြုလုပ်ကြရန်ဖြစ်ပါသည်။

ဖြစ်ချုပ်ခြင်းလက္ခဏာနှင့် ဇီဝိတိန္ဒြေ။ ။ကျန်းမာ၍ ဇီဝိတိန္ဒြေ ရှင်သန်ရေးသည် လောကတွင် အရေးအကြီးဆုံးဖြစ်ကြောင်း ဖော်ပြခဲ့သည်။ ယင်းသို့ဆိုခြင်းမှာ ဗုဒ္ဓမြတ်စွာ၏ ရည်မှန်းချက်ပန်းတိုင် အစစ်ဖြစ်သည့် မဂ်, ဖိုလ်, နိဗ္ဗာန်ကို မရသေးမီကာလအတွင်း ကျန်းမာစွာဖြင့် ဇီဝိတိန္ဒြေ ရှင်သန်နေခြင်းအားဖြင့် မဂ်, ဖိုလ်,နိဗ္ဗာန်ရရာရကြောင်း နည်းလမ်းကောင်းများကို ကြိုးပမ်းနိုင်ကြရန်ဖြစ်သည်၊ စင်စစ်အားဖြင့်ဆိုရသော် ယင်းဇီဝိတိန္ဒြေ ရှင်သန်နေမှုသည် ပရမတ္ထသဘောအရ ရုပ်,နာမ်,ခန္ဓာတို့ အစဉ်မပြတ် ဖြစ်နေခြင်းသာဖြစ်သည်၊ ထို့ကြောင့် ဝိသုဒ္ဓိမဂ်မဟာဋီကာ၌—

ဖြစ်ကုန်၏ဟူသည် အသက်ရှည်ခြင်းတည်း၊ မှန်၏၊ အသက်ရှင်ခြင်းသည်လည်း မပြတ်ဖြစ်ခြင်းပင်တည်း—

ဟူ၍ ဖွင့်ဆိုလေသည်။ အသက်ရှင်သန်မှုကို အစဉ်မပြတ် ဖြစ်ခြင်းဟု ဆိုလျှင်—

"ဖြစ်လျှင် ပျက်ပြဲ ဟလဲ့တံတွာ ဝဋ္ဋတာ"

ဟူသည်နှင့်အညီ ဖြစ်,ပျက်လက္ခဏာသဘောအရ ဖြစ်လာလျှင် ပျက်ရမည်မှာ မုချဖြစ်သည်၊ အသက်ရှင်သန်ဖြစ်ပေါ်မှုသည် မှိုငုံပေါ် ပေါက်လာသည်နှင့်တူ၏၊ မှိုငုံသည် ယိပ်ဖျားဖြင့် မြေမှုန့်ကိုယူ၍ မြေမှုန့်ကို ဦးထိပ်ပေါ်တင်၍ ပေါ် ပေါက်လာသကဲ့သို့ ထို့အတူ ဇီဝိတိန္ဒြေဖြစ်ပေါ်မှုသည် ရင့်ရော်မှုသဘော ပြက်စဲမှုသဘောကို ဦးထိပ်ပေါ်ရွက်လျက် ဖြစ်လာရ၏၊ မှိုငုံသည် တရံတခါ တစုံတခုသောအရပ်၌ မြေမှုန့်နှင့်ကင်း၍ ဖြစ်နိုင်စကောင်း

သော်လည်း ဇီဝိတိန္ဒြေအစဉ်ဖြစ်မှုကား တစုံတခုသောအကြောင်းကြောင့် ရင့်ရော်မှု သဘော အစဉ်ပြတ်စဲမှု သဘောတို့နှင့် ကင်း၍ မဖြစ်နိုင်ချေ။

ဇီဝိတိန္ဒြေနှင့်တကွသော ပဋိသန္ဓေစိတ်သည် ဥပါဒ်ဖြစ်ပေါ်လာသည့် အခါ ယင်းသို့ဖြင့်ပေါ်လာသည်၏ အခြားမဲ့၌ပင် ရင့်ရော်မှုသဘောသို့ ရောက်ကာ တောင်ထွတ်ပေါ်မှကျသည့် ကျောက်တုံးကဲ့သို့ ယှဉ်ဘက် သမ္ပယုတ်ခန္ဓာတို့နှင့်အတူ ချုပ်ပျက်ရမည်မှာ ဧကန်ဖြစ်သည်။

နေခြည်ထိရောက် နှင်းရေပေါက်သည် ပျက်စီးသွေ့ခြောက် လွင့်ပျောက်သွားသကဲ့သို့ ထို့အတူ ဇီဝိတိန္ဒြေ ရှင်သန်မှုသည်လည်း ဖြစ်,ပျက် လက္ခဏာသဘောအားဖြင့် ကြာမြင့်စွာ တည်လိမ့်မည်မဟုတ်၊ အသက် ဇီဝိတိန္ဒြေ ဖြစ်ပေါ်လာသည့်မှစ၍ အရှေ့အရပ်မှ ထွက်ပေါ်လာသည့် နေသည် နောက်မဆုတ်တမ်း ရှေ့သို့သာ လှမ်းသကဲ့သို့ ရောက်လေရာရာ တွင် အနည်းငယ်မျှ နောက်သို့ပြန်၍မဆုတ်၊ တစထက်တစ ဝင်ခြင်း ပျောက်ကွယ်ခြင်းတို့သာ ရှေ့ရှုလေသကဲ့သို့ အသက်ဇီဝိတိန္ဒြေနှင့် ပြည့်စုံမှု ဆိုသည်မှာလည်း ချုပ်,ပျောက် ပျက်စီးခြင်း သဘောသို့သာ ရှေ့ရှုလေ သည်၊ စင်စစ်အားဖြင့် ရုပ်, နာမ်ဇီဝိတိန္ဒြေတို့ ရှင်သန်နေမှုသည် အစာ, အာဟာရ စသည့် အကြောင်းများနှင့်စပ်၍ ရှင်သန်နေရခြင်း ဖြစ်သည်၊ မှန်၏၊ ရုပ်,နာမ် ဇီဝိတိန္ဒြေတို့သည် အာဟာရနှင့်လည်း စပ်၏၊ မဟာ ဘုတ် ဓာတ်ကြီးလေးပါးနှင့်လည်းစပ်၏၊ အချမ်း, အပူ ဥတုနှင့်လည်း စပ်၏၊ ဣရိယာပုထ်နှင့်လည်း စပ်၏၊ ထွက်သက် ဝင်သက်နှင့်လည်း စပ်၏။

"သဗ္ဗေ သတ္တာ အာဟာရဋ္ဌိတိကာ" နှင့်အညီ ရုပ်, နာမ် ဇီဝိတိန္ဒြေ တို့သည် အစာ, အာဟာရကို သင့်တင့်လျောက်ပတ်စွာ ရရှိမှသာလျှင် တည်နေနိုင်ကြသည်၊ အစာအာဟာရကို မရပဲသော် ရုပ်,နာမ် ဇီဝိတိန္ဒြေ တို့ ပြတ်စဲကြမည်သာဖြစ်သည်၊ ဤဇီဝိတိန္ဒြေပုံသည် ဓာတ်ကြီးလေးပါး တို့ ညီညွတ်မျှတမှသာလျှင် တည်နေနိုင်ကြပြီး ပျက်ပြားသော် မတည် နိုင်၊ ဣရိယာပုထ် ညီညွတ်မျှတမှသာလျှင် တည်နေနိုင်ကြ၏၊ တပါးပါး

သော ဗ္ဗရိယာပုထ်တို့ လွန်ကဲခြင်းအားဖြင့် မမျှတခဲ့သော် မတည်နေနိုင်ပေ၊ ဤနည်းအတူပင် ထွက်သက် ဝင်သက် လေတို့၏အညီအညွတ်မျှတမှုကိုရရှိမှသာလျှင် တည်နေနိုင်မည်ဖြစ်၏၊ ပြင်ပသို့ထွက်သော လေအတွင်းသို့ မဝင်သော်လည်းကောင်း၊ အတွင်းသို့ဝင်သောလေ ပြင်ပသို့မထွက်သော်လည်းကောင်း ဇီဝိတိန္ဒြေ ပြတ်စဲကြမည်သာ ဖြစ်သည်။

ထို့ပြင် သဗ္ဗာဝါတို့ ဇီဝိတိန္ဒြေခေါ် အသက်၏ ကြာမြင့်သည့်အရွယ်၊ သေဆုံးမည့်ရောဂါ၊ သေဆုံးမည့်အချိန်၊ အသေကောင် ပစ်ချရာအရပ်၊ လားရာဂတိ, ဤငါးမျိုးတို့ကို သက်ရှိဇီဝလောကတွင် ကြိုတင်ခန့်မှန်း၍ မရနိုင်သည့် သဘောတရားများအဖြစ် အဆိုအမိန့်ပြုခဲ့ကြသည်၊ အသက်ဇီဝိတိန္ဒြေသည် ဤမျှသာ ရှင်သန်လိမ့်မည်၊ ဤကာလကုန်ဆုံးခဲ့သော် ပြတ်စဲမည်သာ ဖြစ်ပေ၏ဟူ၍ အတိအကျ သတ်မှတ်၍မရနိုင်၊ ကလလရေကြည် ခဏ၌လည်းပြတ်စဲနိုင်၏၊ အခြားအချိန်ကာလများ၌လည်း ပြတ်စဲနိုင်သည်ပင်။

ထို့ပြင် ပရမတ္ထသဘောအရ အသက်ဇီဝိတိန္ဒြေ၏ သက်တမ်းသည် ကိုတောင်းလှသည်၊ စိတ်တခု၏ ဖြစ်,ပျက်ခြင်းမျှသာ သက်တမ်းရှိသည်၊ ရထားဘီးသည် လိမ့်နေသော်လည်း ဟင်းလင်းဘီးတွင် တပ်ဆင်ထားသော အကွပ်ဝကမှာ တတွင်းကျွံ၍သာ လိမ့်၏၊ ရပ်သောအခါတွင်လည်း ထင်းအကွပ်ပပဝ နေရာမျှ၌သာ ရပ်၏၊ ထို့အတူ ဇီဝိတိန္ဒြေ ရှင်သန်မှုသည်လည်း စိတ်တခု၏ ဖြစ်ခြင်းမျှလောက်သာ သက်တမ်းရှိ၏၊ အသက်ဇီဝိတိန္ဒြေသည်လည်းကောင်း၊ ခန္ဓာကိုယ် အတ္တဘောသည်လည်းကောင်း ဆင်းရဲချမ်းသာကို ခံစားမှု ဒုက္ခ, သုခဝေဒနာ တို့သည်လည်းကောင်း၊ အားလုံးသော ဓမ္မသဘောတို့သည် နိစ္စ, အတ္တ မဟုတ်ကြကုန်၊ အနိစ္စ,

အနတ္တတို့သာ ဖြစ်ကုန်၏၊ ဤသို့ဖြစ်ချုပ် လက္ခဏာသဘောအရ အသက်ဇီဝိတိန္ဒြေကို ကြိမ်ဖန်များစွာ ဆင်ခြင်နိုင်ပါလျှင် ဇီဝိတိန္ဒြေမမြဲခြင်းလျှင်ခိုင်မြဲသောသတိကို ရရှိနိုင်ပါသည်၊

ဤသတိကို ရရှိခြင်းအားဖြင့် အသက်ဇီဝိတိန္ဒြေတို့၌ ငြိကပ်တွယ်တာခြင်း တဏှာကို ပယ်စွန့်နိုင်ပါသည်၊ ဇီဝိတိန္ဒြေ၏ ဖြစ်ချုပ် လက္ခဏာကို အဖန်ဖန် အောက်မေ့ခြင်းအားဖြင့် လည်း သင်္ခါရဓမ္မတို့၏ အမြဲမရှိခြင်းသဘောကို မှတ်တတ်သည့် အနိစ္စသညာကို လေ့လာရာ ရောက်သည့်ပြင် အနိစ္စသညာကို လေ့လာခြင်းအားဖြင့် ဒုက္ခသညာ၊ အနတ္တသညာတို့လည်း ထင်လာနိုင်သည်မှာ ကေန်ဖြစ်သည်၊ ယင်းတို့ဖြစ်လျှင် ဗုဒ္ဓမြတ်စွာ၏ အဓိကရည်မှန်းချက် ပန်းတိုင်ဖြစ်သည့် မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ကိုလည်း ကေန်ပင် ရရှိနိုင်မည် ဖြစ်ပေသည်။

# မနသိကာရ စေတသိက်

မနသိ=စိတ်၌+ကာရ=ပြုခြင်း။

မနသိကာရ၊ စိတ်၌အာရုံကိုပြုခြင်း[၁](နှလုံးသွင်းခြင်း)

နှလုံးသွင်းပုံသုံးမျိုး

(က) အာရုံ၌ အစဉ်မပြတ်နှလုံးသွင်းခြင်းမှု သဘောလည်းကောင်း၊

(ခ) အာရုံ၌ အစဉ်မပြတ် မိမိကိုယ်တိုင် နှလုံးသွင်းတတ်သော သဘောသည်လည်းကောင်း၊

(ဂ) မိမိနှင့်အတူ ဖြစ်ဖော်ဖြစ်ဖက် နာမ်တရားတို့ကို အာရုံ၌ အစဉ်မပြတ် နှလုံးသွင်းအောင် ပြုလုပ်တတ်သောသဘောသည်လည်းကောင်း၊

မနသိကာရ မည်လေသည်[၂]။

### ၁။ မနသိကာရစေတသိက်၏လက္ခဏာ

မနသိကာရ စေတသိက်သည် အတူဖြစ်ဖော်ဖြစ်ဖက် ဖြစ်သော စိတ် စေတသိက် နာမ်တရားတို့ကို အာရုံသို့ စိုင်းနှင်ခြင်း အာရုံသို့ ဖြောင့်ဖြောင့်သွားစေခြင်း လက္ခဏာရှိ၏[၃]။

အာရုံသို့ဖြောင့်စွာသွားစေပုံ။ ၂။စိတ် စေတသိက် နာမ်တရားများအနက် တွေ့ထိပုံဖဿ၊စောင့်ရှောက်မှု ဇီဝိတိန္ဒြေ၊ နှလုံးသွင်းပုံ မနသိကာရတို့သည် သဟ္ဂုမထင်ရှား သိမ်မွေ့ခက်ခဲသည့်

---

၁။ အဘိဓမ္မာဝတာရ-ဋီကာ၊ပ၊၃၈၈။ ၂။ အဘိဂုဏ္ဍ၊ပ၊၂၈၃။
၃။ အဘိ၊ဌ၊၁၊၁၁၇။

သဘောတရားမျာ း ဖြစ်ကြသည်။ ဤသဘောတရား သုံးမျိုးအနက် မနသိကာရဆိုသည်မှာ သတ္တဝါတို့သန္တာန်တွင် စိတ်ဖြစ်ပေါ်လာတိုင်း စိတ်နှလုံးထဲ၌ အာရုံကို (ဝါ) အာရုံ၌ စိတ်နှလုံးကိုသွင်းပေးတတ်သော သဘောတရား ဖြစ်သည်[၁]။

အနီရောင်အဆင်းအာရုံ—ရူပါရုံတခုကို တွေ့မြင်ရသောအခါ အနီအဆင်း ရူပါရုံနှင့် မြင်သိစိတ်တို့ တိုက်ဆိုင်မိကြ၏။ ဤသို့ စိတ်နှင့်အာရုံ တွေ့ကြသည်မှာ မြင်သိစိတ်ဝိညာဉ်၌ အာရုံပေါ်လာအောင် နှလုံးသွင်းပေးမှုသဘောကြောင့် ဖြစ်၏။ မြင်သိစိတ်ဝိညာဉ် ဖြစ်ပေါ်နေသမျှ အနီရောင်အဆင်း အာရုံမှ မဆိတ်အောင် အာရုံနှင့် စိတ်ဖြောင့်စွာဖြစ်ရလေအောင် ထာဝစဉ်နှလုံးသွင်းမှု မြဲတည်း၌ အာရုံကို သွင်းပေးမှုကိုပြုလုပ်ရသည်။ ဤနှလုံးသွင်းမှု သဘောကိုပင် မနသိကာရဟု ခေါ်သည်။

ဤတွင် နှလုံးသွင်းမှုသဘောမှန်သမျှကို မနသိကာရစေတသိက်ဟု မခေါ်နိုင်၊ အချို့သော နှလုံးသွင်းမနသိကာရမှာ ဝီထိခေါ် စိတ်တို့၏ ရှေ့နောက်စိတနီး ဖြစ်ပေါ်မှုစိတ်ဖြစ်စဉ်ကို စီရင်တတ် ဖြစ်စေတတ်၏။အချို့သော နှလုံးသွင်းမနသိကာရမှာ ဇောဟု ခေါ်ဆိုသည့် ခံစားစိတ်အစဉ်ကို ဖြစ်စေတတ်လေသည်။ ဤကဲ့သို့ ဝီထိစိတ်အစဉ် ဇောစိတ်အစဉ်တို့ကို ဖြစ်ပေါ်စေနိုင်သည့် နှလုံးသွင်းမနသိကာရများကို မနသိကာရစေတသိက်ဟု မခေါ်ရပေ။ ဤ၌ မနသိကာရ စေတသိက်ဆိုသည်မှာ သတ္တဝါတို့သန္တာန်ဝယ် စိတ်ဖြစ်ပေါ်နေသမျှ အာရုံမှ မဆိတ်အောင် စိတ်ကို အာရုံဆီသို့ဦးတည်ပေးမှု ညွှတ်ကိုင်းပေးမှု အာရုံနှင့်စိတ် ဖြောင့်မတ်အောင် ပြုပေးမှု သဘောသာဖြစ်သည်။ ဤသဘာဝသတ္တိသည် မိမိကိုယ်တိုင်လည်း နှလုံးသွင်းမှုသဘောရှိရုံသာမက ယှဉ်ဖော်ယှဉ်ဖက် နာမ်တရားတို့ကိုလည်း အာရုံသို့ ဖြောင့်ဖြောင့်သွားစေရန် စိုင်းနှင်ခြင်း လက္ခဏာရှိလေသည်။

---

၁။ ပရမတ္ထသံခိပ်၊ ပ။၁၁၈။

ရထားထိန်းဥပမာ။ ။ရထားမောင်းနှင်သူ ရထားမှူး ရထားထိန်းသည် မိမိစီးနင်းလိုက်ပါသည့် ရထားမှ မြင်း ၂-ကောင်တို့ကို လိုရာစခန်းသို့ ဖြောင့်တန်းအောင် တကောင်ထက်တကောင် နောက်မကျ ရှေ့မကျအောင် ညီညာဖျဖျသွားစေရန် နှလုံးသွင်း၍မောင်းနှင်သကဲ့သို့ ထို့အတူ မနသိကာရစေတသိက်သည်လည်း အတူဖြစ်ဖက် နာမ်တရားတို့ကို အာရုံသို့ ဖြောင့်ဖြောင့်မတ်မတ် သွားစေရန် နှလုံးသွင်း၍ စိုင်းနှင်ခြင်း မောင်းနှင်ပေးခြင်း သဘောလက္ခဏာရှိလေသည်။ ဤနှလုံးသွင်း မနသိကာရကြောင့်ပင် အဘူဖြစ်ဖက် နာမ်တရားတို့သည် အာရုံမှ ဆိတ်သုဉ်းခြင်းမရှိပဲ အာရုံတခုခုကို အမြဲရယူလျက် ရှိကြသည်။ ယင်းသဘောတရား မရှိလျှင် ထိုနာမ်တရားတို့သည် မည်သည့်အာရုံကိုမျှ မရယူနိုင်ကြပေ။ ကောင်းမကောင်းသော အာရုံအလုံးစုံတို့သည် ဤနှလုံးသွင်းမှုရှိမှ ထင်လာနိုင်ကြသည်။

## ၂။ မနသိကာရစေတသိက်၏ ရသ

မနသိကာရစေတသိက်သည် မိမိနှင့်အတူဖြစ်ဖက် စိတ် စေတသိက် နာမ်တရားတို့ကို အာရုံနှင့်ယှဉ်စေခြင်း ကိစ္စရှိ၏[၁]။

အာရုံနှင့်ယှဉ်စေပုံ။ ။သက်ရှိသတ္တဝါအားလုံးတို့ သန္တာန်ဝယ် နေ့စဉ်နှင့်အမျှ စိတ် စေတသိက် နာမ်တရားများအမြဲဖြစ်လျက်ရှိသည်။ ယင်းတို့အနက် နှလုံးသွင်းမနသိကာရ နာမ်တရားသည် မိမိနှင့်အတူဖြစ်ဖော်ဖြစ်ဖက် စိတ် စေတသိက် နာမ်သဘောတရားတို့ကို အာရုံနှင့်ယှဉ်စေခြင်း ကိစ္စကို ဆောင်ရွက်ပါသည်။ အဖြူရောင်အဆင်း အာရုံတခုကိုတွေ့မြင်ရာ၌ အဖြူရောင်ဟုသိသော ယှဉ်ဖက် စိတ် စေတသိက်တို့ကို အဖြူရောင်အဆင်းအာရုံနှင့် ယှဉ်စပ်ပေးခြင်းမှာ မနသိကာရစေတသိက်၏ ဆောင်ရွက်မှုရသဖြစ်သည်။ အဖြူရောင်ကို တွေ့မြင်သည်နှင့်တပြိုင်နက် နှလုံးသွင်း မနသိကာရဖြစ်ပေါ်လာကာ အာရုံကို နှလုံးသွင်း

၁။ အဘိ၊ဋ္ဌ၊၁။၁၃၃။

ခြင်းဖြင့် အပြုရောင်ဟုသိသော ယှဉ်ဖက်စိတ်စေတသိက်တို့ကို အပြုရေးင် အဆင်းအာရုံနှင့် ယှဉ်စပ်ပေးသည်။ ဤသို့နှလုံးသွင်းခြင်းဖြင့် အာရုံနှင့် စိတ်ကို ယှဉ်စပ်ပေးမှုကြောင့် အာရုံသည် ပျောက်ကွယ်မသွားပဲ စိတ်ဖြစ်နေသည်နှင့်အမျှ တည်ရှိနေခြင်း ဖြစ်သည်၊ (ဝါ) ယင်းသို့ အာရုံနှင့် စိတ်ကို ယှဉ်စပ်ပေးမှုကြောင့် သတ္တဝါတို့ သန္တာန်ဝယ် ဖြစ်ပေါ်လျက်ရှိသော *စိတ်တို့သည် အာရုံနှင့်မကင်းပဲ ထာဝစဉ်အာရုံတခုခုကို ရယူနေကြခြင်းဖြစ်သည်။ ယင်းသို့ ယှဉ်စေခြင်းကိစ္စရှိသည်ဟုဆိုလျှင် စေတနာဝိတက်စေတသိက်တို့လည်း အတူဖြစ်ဖက် နာမ်တရားတို့ကို ဖွဲ့စပ်ခြင်း အာရုံသို့တင်ပို့ခြင်း သဘောရှိသောကြောင့် ထိုတရားသုံးမျိုးတို့ ခြားနားပုံကို သိရန်လိုအပ်ပါသည်။

**ဝိတက် စေတနာ မနသိကာရအထူး။** ။ဝိတက် စေတနာ မနသိကာရ အထူးကို အဘိဓမ္မာအဖွင့်ကျမ်းများစွာတို့၌ အလေးထား ဖွင့်ဆိုလျက် ရှိသည်ကို တွေ့ရသည်။ ယင်းတို့ အနက် အများနားလည်နိုင်လောက်သည့် သဘောအဓိပ္ပာယ်မှာ ဤသို့ ဖြစ်သည်။

**လှေပြိုင်သူဥပမာ။** ။လောကတွင် လှေအပြေးပြိုင်ကြသောအခါ ပြိုင်ပွဲဝင်လှေတစင်း၌ ဦးပိုင်းကပန်းဆွတ်သူနှင့် အလယ်ပိုင်းက လှော်ခတ်သူ ပဲ့ပိုင်းက ပဲ့ကိုင်သူ ဤသုံးယောက်တို့ တပြိုင်နက်လှော်ခတ်ကြ၏။ ယင်းတို့အနက် အလယ်ဝမ်းကလှော်ခတ်သူ၏ အဓိကတာဝန်မှာ ပန်းတိုင်သို့ အမြန်ရောက်အောင် လှော်ခတ်ရန်ဖြစ်၏။ ပဲ့ပိုင်းကပဲ့ကိုင်သူ၏အဓိက တာဝန်မှာ ပန်းတိုင်သို့ ဖြောင့်ဖြောင့်မတ်မတ် သွားအောင် ပဲ့ပေးရန်ဖြစ်၏။ ဦးပိုင်းကလှော်ခတ်သူ၏ အဓိကတာဝန်ကား ပန်းတိုင်အရောက်တွင် အရအမိ ပန်းဆွတ်ရန်ဖြစ်လေ၏။ ဤဥပမာအတိုင်းဝိတက် မနသိကာရစေတနာတို့သည် အာရုံကို တပြိုင်နက်ယူကြရာ ဝိတက်၏ အဓိကတာဝန်မှာ ယှဉ်ဖက်နာမ်တရား တည်းဟူသော လှေကိုအာရုံ ပန်းတိုင်သို့ ရောက်သွားအောင် အတွင်နှင်လျက် တင်ပို့ပေးခြင်းဖြစ်၏၊ လှေ၏ဝမ်းက လှော်ခတ်သူနှင့်တူလေသည်။ မနသိကာရ၏တာဝန်မှာနှလုံး

* ဗုဒ္ဓအဘိဓမ္မာ (၁) ၂၇- ပ-မ-သ-စ

သွင်းမှုပြုခြင်းအားဖြင့် ယှဉ်ဖက်နာမ်စိတ်စေတသိက် တရားတည်းဟူသော လှေကိုအာရုံပန်းတိုင်သို့ ရှောရှောရှူရှူ ရောက်သွားအောင် ဖြောင့်မတ်ပေးခြင်းဖြစ်၏၊ ပဲ့ပိုင်းက ပဲ့ကိုင်သူနှင့်တူ၏။ စေတနာကားယှဉ်ဖက်နာမ်သမ္ပယုတ်တရားတည်းဟူသောလှေကို အာရုံပန်းတိုင်၌ စပ်ဖွဲ့ပေးသောကြောင့် ဦးပိုင်းမှ ပန်းဆွတ်သူနှင့် တူလေသည်။ဤသို့အားဖြင့် ဝိတက် မနသိကာရ စေတနာတို့သည် အတူဖြစ်ဖက်နာမ်တရားတို့ကို အာရုံပေါ် သို့အရောက်တင်ပို့ခြင်း အာရုံနှင့်ဖြောင့်မတ်စွာ အညီအမျှယှဉ်စေခြင်း အာရုံတရားနှင့် စပ်ဖွဲ့ပေးခြင်းတို့ဖြင့် အသီးအသီး ဆောင်ရွက်လျက် ရှိကြလေသည်[၁]။

## ၃။ မနသိကာရစေတသိက်၏ ပစ္စုပဋ္ဌာန်

မနသိကာရစေတသိက်သည် အာရုံရှိရာသို့ ရှေးရှုသည်၏ အဖြစ်လျှင် ထင်သောအခြင်းအရာရှိ၏[၂]။

**အာရုံရှိရာသို့ရှေးရှုပုံ။** ။နှလုံးသွင်းမှုသဘော မနသိကာရစေတသိက် ဖြစ်ပေါ်လာသောအခါ အာရုံရှိရာသို့ ရှေးရှုသွတ်လျက်ရှိသည်။ အထက်တွင်ဆိုခဲ့သည့် ရထားထိန်းဥပမာ၌ ရထားထိန်းသည် မိမိလိုရာခရီး ရထားဆိုက်ရောက်မည့်အရပ်ဆီသို့ ပျက်နှာမူကာ, ထိုရောက်လိုရာ အရပ်ဆီသို့ ရှေးရှုသွတ်လျက်ရှိသကဲ့သို့ အလားတူပင် မနသိကာရစေတသိက်သည် နှလုံးသွင်းခြင်းအားဖြင့် အာရုံဆီသို့ ရှေးရှုသွတ်လျက်ရှိလေသည်၊ ထိုကဲ့သို့ အာရုံရှိရာသို့ ရှေးရှုလျက်တည်နေမှုသဘောသည် မနသိကာရစေတသိက်၏ အခြင်းအရာ ပစ္စုပဋ္ဌာန်ဖြစ်သည်။

**သတိနှင့် မနသိကာရအထူး။** ။ဤသို့ မနသိကာရစေတသိက်က အာရုံသို့ ရှေးရှုခြင်းသဘောရှိသည်ဆိုလျှင် သတိစေတသိက်လည်း အာရုံသို့ ရှေးရှုဖြစ်တတ်သောသဘောရှိသဖြင့် မည်သို့ခြားနားပါသနည်းဟု မေးဖွယ်ရှိလေသည်။အဖြေကား – သတိစေတသိက်၏ အာရုံသို့ ရှေးရှုဖြစ်ခြင်းသဘောမှာ အာရုံ၌မမေ့မလျော့သောအားဖြင့် ရှေးရှုခြင်းဖြစ်သည်။ မနသိကာရစေတသိက်၏ အာရုံသို့ရှေးရှုခြင်းသဘော

၁။ သင်္ဂြိုဟ်ဘာသာဋီကာ၊၁၀၇။ ၂။ အဘိ၌ဋ္ဌ၊၁၊၁၃၇။

မှာအာရုံ၌ကောင်းစွာယှဉ်လျက် ရှေးရှုဖြစ်တတ်သောသဘောဖြစ်သည်။ ထို့ပြင်မနသိကာရမှာ ကောင်းသောနှလုံးသွင်းမှုရှိသလို မကောင်းသော နှလုံးသွင်းမှုလည်းရှိသည်။ ယှဉ်ဖက်စိတ်စေတသိက် နာမ်တရားတို့ကို ကောင်းသော အာရုံဆီသို့ရှေးရှုညွှတ်စေခြင်းမျိုးလည်းရှိသလို မကောင်းသောအာရုံဆီသို့ ရှေးရှုညွှတ်စေခြင်းမျိုးလည်းရှိသည်။ အောက်မေ့မှုသတိကား ဤသို့မဟုတ်၊ ကောင်းသော ကုသိုလ်အာရုံဆီသို့သာလျှင် မမေ့မလျော့သောအားဖြင့် ရှေးရှုညွှတ်စေပါသည်။ ဆိုလိုသည်မှာ သတိသည် ကောင်းသော ကုသိုလ်ဆိုင်ရာ၌သာဖြစ်၏။ မကောင်းသော အကုသိုလ်နှင့်မဆိုင် သတိအမြဲရှိလျှင် ကောင်းသည်သာဖြစ်ရာ သတိပိုသည်ဟူ၍မရှိ၊ လိုသည်သာရှိ၏။ မနသိကာရကား အကုသိုလ် ကုသိုလ်ကောင်းဆိုး နှစ်တန်ရောထွေးနေသဖြင့် ကောင်းသောနှလုံးသွင်းမှုဖြစ်ရန် သတိဖြင့် ဆင်ခြင်နှလုံးသွင်းရလေသည်။

**တိဿရဟန်းကြီး၏ မကောင်းသောနှလုံးသွင်း** သတိ မနသိကာရတို့နှင့်စပ်လျဉ်း၍ ဓမ္မပဒ အဋ္ဌကထာလာ သာဓကအချို့ကို ဖော်ပြလိုပါသည်။ သာဝတ္ထိပြည်ဇာတိ၊ တိဿအမည်ရှိ ရဟန်းကြီးတပါးသည် တခုသောဇနပုဒ်ကျောင်းသို့ ကြွရောက်ဝါဆိုခဲ့၏။ ထိုကျောင်းမှအလျား အနံကောင်းမွန်သည့် အဝတ်အထည် တစကိုရခဲ့လေ၏။ ဝါလကင်းလွတ် သိင်္ဘင်းကျွတ်သည့်အခါ ထိုအဝတ်ပိုင်းကို ယူဆောင်လာကာ သာဝတ္ထိပြည်သို့ ပြန်ကြွလာပြီး—သင်္ကန်းချုပ်၏၊ ထို့နောက်—

"မနက်ဖန်ကျလျှင် ဤသင်္ကန်းကို ငါကောင်းကောင်း ဝတ်ရုံလိုက်မည်—

ဟု နှလုံးသွင်းပြီး သင်္ကန်း၌ ကပ်ငြိမှုတဏှာကို ဖြစ်စေကာ သင်္ကန်းတန်းပေါ်သို့ ခေါက်တင်ထား၏။ ထိုနေ့ညပိုင်းရောက်သောအခါ အစာမကြေ ရောဂါဖြင့် ပျံလွန်တော်မူပြီး ထိုသင်္ကန်း၌ပင် သန်းကြီးသတ္တဝါဖြစ်ရရှာသည်[၁]။ ဤ၌ တိဿရဟန်းကြီး၏ နှလုံးသွင်း မနသိကာရမှာ မကောင်းသော နှလုံးသွင်းခြင်း မနသိကာရမျိုး ဖြစ်သည်။

၁။ ဓမ္မပဒ၊ ၄၊ ၂။ ၂၁။

**မျှောက်မင်း၏ သတိနှင့် မနသိကာရ။** ။ထို့ပြင် ဇာတ်အဋ္ဌကထာ[1] လာ ကယ်တင်ရှင် ဘုရားလောင်း မျှောက်မင်းအား ကျောက်တုံးဖြင့် ထုသတ်သော ပုဏ္ဏားယုတ်၏ နှလုံးသွင်းမျိုးမှာလည်း မကောင်းသော နှလုံးသွင်းမျိုးပင် ဖြစ်ပြီး ထိုပုဏ္ဏားယုတ်၏အပေါ် စိတ်မဆိုးအပြစ်မယူပဲ သတိကို လက်ကိုင်ပြုကာ–

"ဘေးကင်းရာသို့ အရောက်ပို့ဆောင်အံ့"–

ဟူသော ဘုရားလောင်းမျှောက်မင်း၏ နှလုံးသွင်းမျိုးမှာကား ကောင်းမြတ်သော နှလုံးသွင်း မနသိကာရမျိုးဖြစ်လေသည်။

### ၄။ မနသိကာရစေတသိက်၏ ပဒဋ္ဌာန်

မနသိကာရစေတသိက်သည် အာရုံလျှင် နီးစွာသော အကြောင်းရှိသည်။

**အာရုံသည်အနီးကပ်ဆုံး အကြောင်းဖြစ်ပုံ** အကြောင်းတရားများစွာအနက် အကျိုးတရားတစုံတရာဖြစ်မှုအတွက် အနီးကပ်ဆုံး အကြောင်းကို ပဒဋ္ဌာန်ဟု ခေါ်သည်။ ဤ၌ မနသိကာရစေတသိက်၏ အနီးကပ်ဆုံး အကြောင်းမှာ အာရုံဖြစ်သည်။ မှန်ပေသည်။ နှလုံးသွင်းရမည့် အာရုံရှိမှ နှလုံးသွင်း မနသိကာရ ဖြစ်နိုင်၏။ လူတဦးကို သတ်ဖြတ်ရာ၌ အသတ်ခံရသူမှာ သတ်သူ၏ စိတ်စိုက်ရာ အာရုံတရားဖြစ်သည်။ ထိုအာရုံကြောင့် ဖြစ်ပေါ်လာသည့် နှလုံးသွင်းကား မနသိကာရစေတသိက်တည်း။ ထိုစေတသိက်နှင့်အတူ ဖြစ်ပေါ်လာသည့် စိတ်မှာ ဒေါသစိတ်ဖြစ်သည်၊ ယင်းအတူ ဖြစ်ဖက် ဒေါသစိတ်ကို အသတ်ခံရသူတည်းဟူသော အာရုံတရားနှင့် ဖြောင့်စွာ ဖြစ်အောင် ပြုပေးမှု စိတ်ကိုအာရုံဆီသို့ ဦးတည်ပေးမှု သဘောမှာ မနသိကာရစေတသိက်၏ သဘောလက္ခဏာဖြစ်ပြီး၊ ယင်းဒေါသစိတ်နှင့် အာရုံကို စပ်ယှဉ်အောင် လုပ်ဆောင်ခြင်းကား ထိုစေတသိက်၏ ဆောင်ရွက်မှုရသဖြစ်

၁။ ဇာ၊ဋ္ဌ၊၅။၇၇။

သည်။ ထို့ပြင် ထိုစေတသိက်၏ အသတ်ခံရသူတည်း ဟူသော အာရုံတရားဆီသို့ မျက်နှာမူသကဲ့သို့ ရှေ့ရှုညွတ်ကိုင်းနေပုံအခြင်းအရာမှာ ပစ္စုပဋ္ဌာန်ဖြစ်သည်။ ဤ၌ သတ်ဖြတ်သူဝယ် ဆိုခဲ့သည့် နှလုံးသွင်းမှုသဘော ဖြစ်လာရခြင်းမှာ အကြောင်းမဲ့ ဖြစ်လာရသည်မဟုတ်၊ အကြောင်းရှိ၍ ဖြစ်ရပါမည်။ အကြောင်းပေါင်းများစွာကြောင့်ပင် ဖြစ်လာရပေသည်။ ယင်းအကြောင်းများတွင် အဓိကအနီးကပ်ဆုံးမှာ အသတ်ခံရသူက တစုံတရာ အန္တရာယ်လုပ်ခည်ပြုခြင်း စသောအကြောင်းဖြစ်၏။ ဤအကြောင်းကြောင့် ထိုကဲ့သို့ နှလုံးသွင်းရခြင်းဖြစ်သည်။ ထို့ကြောင့် ဤကဲ့သို့ ဖြစ်ရပ်မျိုး၌ နှလုံးသွင်း မနသိကာရ၏ အနီးကပ်ဆုံး အကြောင်းကိုရှာသော် အသတ်ခံရသူတည်းဟူသော အာရုံတရားဖြစ်ကြောင်း သိသာပါသည်။

အလားတူပင် ကုသိုလ်ကောင်းမှုဆိုင်ရာ ဒါနမှု သီလမှု ဘုရားရှိခိုးမှု စသည်များတွင် ဘုရားရှိခိုးရာ၌ ဘုရားအာရုံကြောင့် ဖြစ်ပေါ်လာသည့် ဘုရားရှိခိုးသူ၏ ကောင်းသော နှလုံးသွင်း မနသိကာရစေတသိက်သည် ရှိခိုးခြင်းကုသိုလ်စိတ်ကို ဘုရားအာရုံဆီသို့ ဖြောင့်မတ်အောင် ဦးတည်စေမှု သဘောမှာ ယင်း၏ သဘောလက္ခဏာပင် ဖြစ်သည်။ ထိုကုသိုလ်စိတ်နှင့် ဘုရားအာရုံကို စပ်ယှဉ်ပေးမှု လုပ်ဆောင်ချက်ကား ရသသဘောဖြစ်၏။ ဘုရားအာရုံဆီသို့ မျက်နှာမူသကဲ့သို့ ရှေ့ရှုညွတ်နေပုံအခြင်းအရာမှာ ပစ္စုပဋ္ဌာန်ဖြစ်သည်။ ဤ၌ ဘုရားရှိခိုးသူ၏ နှလုံးသွင်းမှာ ဆိုခဲ့သည့် နည်းတူ ဘုရားအာရုံကြောင့် ကောင်းသောနှလုံးသွင်း ဖြစ်ပေါ်လာသည်။ နှလုံးသွင်းရမည့် ဘုရားအာရုံရှိပါမှ နှလုံးသွင်းမှု မနသိကာရဖြစ်နိုင်ပါသည်၊ ထို့ကြောင့် ဤမနသိကာရစေတသိက်သည် အာရုံလျှင် နီးစွာသော အကြောင်း ရှိသည်ဟု ဖွင့်ဆိုကြသည်။

### မနသိကာရအပျိုးမျိုး

မနသိကာရ ၃-မျိုး

၁။ ဝီထိပဋိပါဒကမနသိကာရ (ပဉ္စဒွါရာဝဇ္ဇန်းစိတ်)၊

၂။ ဇဝနပဋိပါဒကမနသိကာရ (မနောဒွါရာဝဇ္ဇန်းစိတ်)၊

၃။ အာရမ္မဏပဋိပါဒကမနသိကာရ(မနသိကာရစေတသိက်) ဟူ၍ မနသိကာရ ၃-မျိုးရှိသည်[၁]။

**၁။ ဝီထိပဋိပါဒကမနသိကာရ။** ။ဝီထိပဋိပါဒက မနသိကာရ ဆိုသည် မှာ ဝီထိ=ဝီထိစိတ်အစဉ်ကို+ ပဋိပါဒက=စီရင်တတ် ဖြစ်ပေါ်စေတတ်သော+မနသိကာရ= နှလုံးသွင်းဆင်ခြင်မှု၊ ဝီထိစိတ်အစဉ်ကို ပေါ်လာစေနိုင်သော နှလုံးသွင်း ဆင်ခြင်မှုကို ဝီထိပဋိပါဒကမနသိကာရဟု ခေါ်သည်။ တရားကိုယ်မှာ–ပဉ္စဒွါရာဝဇ္ဇန်း စိတ် ဖြစ်သည်။ မှန်ပေသည်၊ ဤ၌ ဝီထိစိတ်အစဉ်ဟူသည် သတ္တဝါတို့မှာ စက္ခုအစရှိသည့် ပသာဒငါးခုတို့၌ အာရုံထင်လာသည့်အခါ စိတ္တနိယာမ သဘောအရ စီကာ စဉ်ကာ ဖြစ်ပေါ်နေသည့် စိတ်အစဉ် ဝီထိပင် ဖြစ်သည်။ ဥပမာ–မျက်စိပသာဒ၌ အဆင်းရူပါရုံထင်လာသည့်အခါ ဘဝင် အစဉ်ပြတ်ကာ–

"ပဉ္စဒွါရာဝဇ္ဇန်း စက္ခုဝိညာဉ် သမ္ပဋိစ္ဆိုင်း သန္တီရဏ
ဝုဋ္ဌော ဇော ၇-ကြိမ် တဒါရုံ ၂-ကြိမ်"–

ဟူ၍ စိတ်အစဉ်ဝီထိဖြစ်ပေါ်၏၊ ဤစိတ်အစဉ်ဝီထိ၌ ပဉ္စဒွါရာဝဇ္ဇန်းခေါ် ပသာဒငါးခု၌ ထင်လာသည့် အာရုံကို ဆင်ခြင် နှလုံးသွင်းတတ်သည့် အာရုံဆင်ခြင်စိတ်တမျိုးသည် မိမိ၏ရှေး၌ဖြစ်ပေါ်သော ဘဝင်စိတ်အစဉ် ကိုဖြတ်ကာ စက္ခုဝိညာဉ်ခေါ် မြင်သိစိတ်အစရှိသည့် ဝီထိစိတ်များကိုပေါ် လာစေနိုင်၏။ ထို့ကြောင့် ယင်းပဉ္စဒွါရာဝဇ္ဇန်းစိတ်ကို ဝီထိပဋိပါဒက- မနသိကာရဟုခေါ်လေသည်။

တနည်းဆိုရသော်–ဆိုခဲ့သည့်စိတ်အစဉ်ဝီထိ၌ ပဉ္စဒွါရာဝဇ္ဇန်းခေါ် အာရုံဆင်ခြင်စိတ်တမျိုး၏ ရှေးဖြစ်သော စိတ်များမှာ ဘဝင်စိတ်များ သာဖြစ်သည်။ နောက်စိတ်များကိုကြည့်လျှင် စက္ခုဝိညာဉ်စသည့် ဝီထိ စိတ်အစဉ်အတန်းကို တွေ့ရသည်။ ထို့ကြောင့် ဤပဉ္စဒွါရာဝဇ္ဇန်းစိတ်

---

၁၊ အဘိ၊ဋ္ဌ၊၁။၁၇၇၊

သည် ရှေးဖြစ်သောဘဝင်စိတ်အစဉ်နှင့်မတူ ထူးခြားသော စကျွဝိညာဉ်စသော နောက်စိတ်များဖြစ်ပေါ်အောင် စီရင်တတ်လေသည်။ မှန်၏၊ သတ္တဝါတို့၏သန္တာန်ဝယ် စက္ခုအစရှိသော ပသာဒများ၌ အဆင်းရူပါရုံအစရှိသည့် အာရုံများထင်လာမှုမရှိခဲ့သော် (ဝါ) ပသာဒနှင့် အာရုံတို့ တိုက်ဆိုင်မှု မရှိသော် အကျိုးဝိပါက် ဘဝင်များသာ ဖြစ်ပေါ်လျက်ရှိပါသည်။ ဤသို့ဘဝင်စိတ်များ ဖြစ်ပေါ်နေရာမှ ပသာဒနှင့်အာရုံတို့ အခါအခွင့်သင့်၍ ရုတ်တရက် တိုက်ဆိုင်ကြသောအခါ ထင်လာသော အာရုံကို နှလုံးသွင်းဆင်ခြင်သည့် ပဉ္စဒွါရာဝဇ္ဇန်းစိတ်ဖြစ်၏။ ဤစိတ်က နှလုံးသွင်းပေးမှု ပြုသောကြောင့် ထိုအဆင်းအာရုံကို မြင်သော မြင်သိစိတ် စက္ခုအစရှိသည့်ဝိထိစိတ်များ ပေါ်ပေါက်လာရပေသည်။

ဤတွင်ဆိုခဲ့သည့် ပဉ္စဒွါရာဝဇ္ဇန်းစိတ်ဖြစ်ပေါ် လာခြင်းမှာ ဘဝင်စိတ်များနှင့်စက္ခုဝိညာဉ်စိတ်တို့၏အကြား အချက်အချာကျသည့်နေရာတွင်ဖြစ်၏။ဤပဉ္စဒွါရာဝဇ္ဇန်းစိတ်ဖြစ်ပေါ်လာမှုကြောင့် ဘဝင်စိတ်အစဉ်များ ပြတ်ထွက်သွားခြင်း၊ ဤစိတ်ကနှလုံးသွင်းပေးမှုကြောင့် စက္ခုဝိညာဉ်စသော ဝိထိစိတ်များ ဖြစ်ပေါ်လာခြင်းဆိုသည့် ထူးခြားသောစိတ်အစဉ်များ ပြောင်းလဲဖြစ်ပေါ်စေနိုင်ပါသည်။ ထို့ကြောင့် ပဉ္စဒွါရာဝဇ္ဇန်းစိတ်ကို ဝိထိပဋိပါဒကမနသိကာရဟု ဖွင့်ဆိုကြလေသည်။

၂။ ဇဝနပဋိပါဒကမနသိကာရ။ ။ဇဝနပဋိပါဒကမနသိကာရဆိုသည်မှာ (ဇဝန=ဇောစိတ်အစဉ်ကို+ပဋိပါဒက =စီရင်တတ်ပေါ်လာစေတတ်သော ၊ မနသိကာရ=နှလုံးသွင်းဆင်ခြင်မှု) ဇောစိတ်အစဉ်ကိုဖြစ်စေတတ် ပေါ်လာစေတတ်သော နှလုံးသွင်းဆင်ခြင်မှုကို ဇဝနပဋိပါဒက မနသိကာရဟုခေါ်၏။ တရားကိုယ်မှာ မနောဒွါရာဝဇ္ဇန်းစိတ်ဖြစ်သည်၊ ဤ၌ ဇောစိတ်အစဉ်ဆိုသည်မှာ အဟုန်ပြင်းစွာ ဖြစ်ပေါ်တတ်သည့် အာရုံခံစားစိတ်ဖြစ်သည်။ ထိုစိတ်တို့ အကြိမ်ကြိမ်စီကာစဉ်ကာဖြစ်ပေါ်မှုကို ဇောစိတ်အစဉ်ဟုခေါ်၏။ အထက်တွင်ဆိုခဲ့သည့် ဝိထိစိတ်အစဉ်အတန်းဝယ် ဝုဋ္ဌောဇေါ် မနောဒွါရာဝဇ္ဇန်းစိတ်ပါဝင်၏။ ထိုစိတ်သည်လည်းဘဝင်မှ နေ၍တွင် ထင်လာသည့်အာရုံကို ဆင်ခြင်နှလုံးသွင်း...

တတ်သော အာရုံဆင်ခြင်စိတ်တမျိုးဖြစ်သည်။ ယင်းစိတ်သည် မိမိရှေး၌ ဖြစ်သည့် သမ္ပဋိစ္ဆိုင်း=(အာရုံကို လက်ခံသည့်စိတ်) သန္တီရဏ=(အာရုံကို စုံစမ်းထောက်လှန်းသည့်စိတ်)များနှင့်မတူ ထူးခြားသော နောက်နောက်သောဇောစိတ် = (အာရုံခံစားစိတ်)အစဉ်ကို ပေါ်လာစေတတ်ပါသည်။

ထို့ပြင် ယင်းစိတ်သည် ပဿာဒငါးပါး၌ ပေါ်လာသောစိတ်အစဉ်= (ပဉ္စဒွါရဝီထိ) တွင် ဝုဋ္ဌောအမည်ဖြင့် အာရုံကိုသတ်မှတ်ပေးကာ ဘဝင်မနောဒွါ၌ဖြစ်ပေါ်လာသော စိတ်အစဉ်=(မနောဒွါရဝီထိ)တွင် မနောဒွါရာဝဇ္ဇန်း နာမည်ဖြင့် အာရုံခံစားတတ်သည့် ဇောစိတ်အစဉ်ကို ဣဋ္ဌအာရုံ ဣဋ္ဌ အခြင်းအရာကို ခံစားစေခြင်းဖြင့်လည်းကောင်း၊ အနိဋ္ဌအာရုံ အနိဋ္ဌအခြင်းအရာကို ခံစားစေခြင်းဖြင့်လည်းကောင်း ပိုင်းခြားဆုံးဖြတ်ခြင်း၊ နှလုံးသွင်းစီခံခြင်းများကိုပြုလေသည်။ ထို့ကြောင့် ထိုမနောဒွါရာဝဇ္ဇန်းစိတ်ကို ဇဝနပဋိပါဒကမနသိကာရဟုခေါ်သည်။

၃။ အာရမ္မဏပဋိပါဒကမနသိကာရ။ ။အာရမ္မဏပဋိပါဒကမနသိကာရ ဆိုသည်မှာ (အာရမ္မဏ=အာရုံ +ပဋိပါဒက=စီရင်တတ် ပေါ်လာစေတတ်သော+မနသိကာရ = နှလုံးသွင်းဆင်ခြင်မှု)အဆင်းရူပါရုံအစရှိသည့် အာရုံကိုဖြစ်စေတတ်သော နှလုံးသွင်းဆင်ခြင်မှုကို အာရမ္မဏပဋိပါဒကမနသိကာရဟု ခေါ်သည်။ တရားကိုယ်မှာ အထက်တွင်ဖွင့်ဆိုခဲ့သည့် မနသိကာရ စေတသိက်ပင်ဖြစ်သည်။

## မနသိကာရ ၃-မျိုး

### အထူးထပ်မံရှင်းပြခြင်း

မနသိကာရသုံးမျိုးအထူးကို ထင်ရှားအောင် ထပ်ရှင်းရသော် သတ္တဝါတို့သန္တာန်၌ ဖြစ်ပေါ်နေသည့်စိတ်ကို လေ့လာကြည့်လျှင် အာရုံသစ်ထင်လာမှုမရှိသည့်အခါ ပြုခဲ့ဆိုခဲ့လုပ်ခဲ့ဖူးသည့် အတိတ်အာရုံများ ထင်မြင်နေပြီး သိမှုသဘောကင်းမဲ့နေသည့်အလား ဖြစ်ပေါ်လျက်ရှိရာမှ-

ဥပမာ–အိပ်ပျော်နေစဉ်အခါ ဖြစ်ပေါ်နေသည့် ဘဝင်စိတ်များသည် အတိတ်မှတစုံတရာ ပြုလုပ်ခဲ့ခြင်းစသည့် အာရုံများကို အာရုံပြုထင်မြင်နေပြီးသိမှုသဘောကင်းမဲ့နေသည့်အလား ဖြစ်ပေါ်နေရာမှ ကျယ်လောင်သောအသံဖြင့် နှိုးလိုက်သည့်အခါသဒ္ဒါရုံနှင့်ရုတ်တရက် တိုက်ဆိုင်မိတော့၏၊ယင်းနောက်လန့်နိုးပြီး ဘဝင်စိတ်များ ပြတ်ထွက်သွားကာအသစ်ပေါ်လာသည့်အသံသဒ္ဒါရုံကိုနှလုံးသွင်းဆင်ခြင်ခြင်း=(ပဉ္စဒွါရာဝဇ္ဇန်းစိတ်) ထိုအသံကိုကြားသိခြင်း=(သောတဝိညာဉ်)ထိုအသံသဒ္ဒါရုံကိုခံယူခြင်း=(သမ္ပဋိစ္ဆိုင်းစိတ်)ထိုအသံသဒ္ဒါရုံကို စုံစမ်းထောက်လှမ်းခြင်း=(သန္တီရဏစိတ်) အလိုရှိအပ်သော ဣဋ္ဌအသံ၊သို့မဟုတ် အလိုမရှိအပ်သော အနိဋ္ဌအသံဟု ပိုင်းခြားမှတ်သားခြင်း (ဝုဋ္ဌောခေါ် မနောဒွါရာဝဇ္ဇန်း) ယင်းသဒ္ဒါရုံ၏ အရသာကိုအကြိမ်ကြိမ်ခံစားခြင်း=(ဇောခေါ် အာရုံခံစားစိတ် အစဉ်) အစရှိသည့်စိတ်အစဉ် ဝီထိများ ဖြစ်ချုပ်သဘောဖြင့် ဖြစ်ပေါ်လျက်ရှိ၏၊ ဤစိတ်အစဉ်ဝီထိ၌ သဒ္ဒါရုံကို နှလုံးသွင်း ဆင်ခြင်သည့် ပဉ္စဒွါရာဝဇ္ဇန်းစိတ်သည် အထက်တွင်ဆိုခဲ့သည့်အတိုင်း ဖော်ပြပါ ဝီထိစိတ်အစဉ်ကို ဖြစ်ပေါ်စေနိုင်သော နှလုံးသွင်းစိတ်ဖြစ်သည်၊ ထို့ကြောင့် ယင်းကို ဝီထိပဋိပါဒကဟု ကျမ်းဂန်များက မိန့်ဆိုသည်၊ ဖော်ပြပါ ဝီထိစိတ်အစဉ်၌ ဣဋ္ဌအနိဋ္ဌကို ပိုင်းခြားဆင်ခြင်တတ်သည့် ဝုဋ္ဌောခေါ် မနောဒွါရာဝဇ္ဇန်းစိတ်သည်လည်း ယင်းနောက်တွင် ဖြစ်ပေါ်သည့် ဇောစိတ်အစဉ်ကို ပေါ်လာစေတတ်သော နှလုံးသွင်း တမျိုးပင်ဖြစ်သည်၊ ထို့ကြောင့် ယင်းစိတ်ကို ဇဝနပဋိပါဒကမနသိကာရဟု ခေါ်သည်။

ဆိုခဲ့သည့် ဝီထိစိတ်အစဉ်၌ အာရုံသစ်မထင်မီ ဖြစ်ပေါ်လျက်ရှိသော ဥပမာ– အိပ်နေစဉ် ဖြစ်ပေါ်လျက်ရှိသည့် ဘဝင်စိတ်များသည် သိမှုသဘော ကင်းနေသည့်အလား ဖြစ်နေ၏၊ စိတ်တို့မည်သည်လည်း မည်သည့်စိတ်မဟူ အာရုံနှင့် ကင်း၍မဖြစ်နိုင်သောကြောင့် ဘဝင်စိတ်များ ပြက်သည်နှင့် တပြိုင်နက် အတူယှဉ်တွဲ ဖြစ်ပေါ်လာသည့် မနသိကာရ စေတသိက်က နှလုံးသွင်း ဆင်ခြင်ခြင်းဖြင့် ပြောဆိုပြုလုပ်ခဲ့ဘူးသော အတိတ်အာရုံများကို ပေါ်လာစေပါသည်၊ ထို့ကြောင့် ယင်းမနသိကာရ

စေတသိက်ကို အာရမ္မဏပဋိပါဒက မနသိကာရဟု ကျမ်းဂန်များက မိန့်ဆိုကြလေသည်။

ဤတွင် မနသိကာရ သုံးမျိုးတို့၏ ခြားနားပုံကို ဆိုခဲ့သည့် ဝိထိစိတ်အစဉ်၌ ပေါ်လွင်ထင်ရှားစွာ တွေ့မြင်ရသည်၊ မှန်ပေသည်၊ အိပ်နေစဉ်ဖြစ်ပေါ်သည့် ဘဝင်စိတ်များ အာရုံမှ ဆိတ်သုဉ်းခြင်း မရှိအောင် မနသိကာရ စေတသိက်က အတိတ်အာရုံများကို ထင်လာစေတတ် ဖြစ်စေတတ် နှလုံးသွင်း စီရင်တတ်ပါသည်၊ ဤသို့ အိပ်နေစဉ် အခါများတွင် ဝိထိစိတ်များ ဖြစ်ပေါ်မှုမရှိသောကြောင့် ပဉ္စဒွါရာဝဇ္ဇန်း-မနောဒွါရာဝဇ္ဇန်းဟု ဆိုအပ်သော အာဝဇ္ဇန်း ၂-မျိုးဖြင့် နှလုံးသွင်းဆင်ခြင်မှုများ ဖြစ်ပေါ်ခြင်းမရှိပဲ ဘဝင်စိတ်များအတွက် မနသိကာရ စေတသိက်၏ နှလုံးသွင်းဖြင့်သာ အတိတ်အာရုံများ ဖြစ်ပေါ်လာခြင်းဖြစ်သည်၊ ထို့ကြောင့် ယင်းနှလုံးသွင်း စေတသိက်ကို အာရမ္မဏပဋိပါဒက မနသိကာရဟု ခေါ်လေသည်။

အထက်တွင် ဆိုခဲ့သည့်အတိုင်း အိပ်ပျော်နေစဉ် ခေါ်နှိုးသဖြင့် အာရုံသစ် ထင်လာသောအခါ၌ကား ယင်း အသစ်အာရုံကို ဆင်ခြင်နှလုံးသွင်းတတ်သည့် ပဉ္စဒွါရာဝဇ္ဇန်းစိတ် ဖြစ်ပေါ်လာခြင်း၊ ထိုစိတ်က ဆင်ခြင်နှလုံးသွင်းမှုကြောင့် စက္ခုဝိညာဉ် အစရှိသော ဝိထိစိတ်များ ဖြစ်ပေါ်ရခြင်းကို ဝိထိပဋိပါဒက မနသိကာရဟု ခေါ်ပြီး ဂုဏ္ဍောခေါ် မနောဒွါရာဝဇ္ဇန်းစိတ်ကြောင့် ဇောစိတ်အစဉ် ဖြစ်ပေါ်ရခြင်းကိုကား ဇဝနပဋိပါဒက မနသိကာရဟု ခေါ်လေသည်။

မနသိကာရ ၂-မျိုး

**အသုံးများသော မနသိကာရ။** ။ဆိုခဲ့သည့် မနသိကာရ ၃-မျိုးအပြင် ထိုထိုကျမ်းဂန်တို့၌ အသုံးများသော မနသိကာရ ၂-မျိုးကိုလည်း တွေ့ရသည်။ ယင်းမှာ—

၁။ ယောနိသော မနသိကာရ၊

၂။ အယောနိသော မနသိကာရ—
ဟူ၍ ဖြစ်သည်။

ယောနိသော မနသိကာရ ဆိုသည်မှာ ယောနိသော= သင့်သော အကြောင်းအားဖြင့် (ဝါ) အသင့်အားဖြင့်+ မနသိကာရ= နှလုံးသွင်းခြင်း၊ သင့်မြတ်သော နှလုံးသွင်းမှု (ဝါ) နှလုံးသွင်းလိမ္မာမှုကို ယောနိသော မနသိကာရဟု ခေါ်သည်၊ ဤမနသိကာရ ၂-မျိုးမှာ မနသိကာရ စေတသိက်မဟုတ်၊ ဆိုခဲ့သည့် ပဉ္စဒွါရာဝဇ္ဇန်းနှင့် ဇောစိတ်အစဉ်ကို ဖြစ်ပေါ်စေနိုင်သော မနောဒွါရာဝဇ္ဇန်း ၂-မျိုးကို ခေါ်ဆိုခြင်းဖြစ်သည်၊ သို့ရာတွင် ထိုစိတ်တို့ဖြစ်ပေါ်သည့်အခါ မနသိကာရ စေတသိက်ပါဝင်၏၊ မနသိကာရ စေတသိက်မပါပဲလည်း ထိုစိတ်များ ဖြစ်နိုင်လိမ့်မည် မဟုတ်ပေ၊ ထို့ကြောင့် ယောနိသော မနသိကာရကို ပညာနှင့်ယှဉ်သော မနသိကာရ စေတသိက်၊ အယောနိသောမနသိကာရကို မောဟနှင့်ယှဉ်သော မနသိကာရ စေတသိက်ဟူ၍လည်း ကောက်ယူခြင်းဖြစ်သည်။

အာဝဇ္ဇန်း ၂-မျိုးအနက် မနောဒွါရာဝဇ္ဇန်းသည် ဒွါရငါးပါး၌ဖြစ်ပေါ်လာသော စိတ်အစဉ်(ပဉ္စဒွါရဝီထိ)တွင် ဝုဋ္ဌောအမည်ဖြင့်လည်းကောင်း၊ မနောဒွါရ၌ ဖြစ်ပေါ်လာသော စိတ်အစဉ် (မနောဒွါရဝီထိ)တွင် မနောဒွါရာဝဇ္ဇန်း နာမည်ဖြင့် လည်းကောင်း ဖြစ်ပေါ်လာ၍ ကုသိုလ်ဇောစိတ် အကုသိုလ်ဇောစိတ်တို့အား အနန္တရပစ္စည်း သမနန္တရပစ္စည်း စသည်တို့ဖြင့် ကျေးဇူးပြုသည်ဟု ပဋ္ဌာန်းပါဠိတော်တွင် ဟောတော်မူ၏၊ မှန်ပေသည်၊ ထိုအာဝဇ္ဇန်းစိတ်သည် ကုသိုလ်အစဉ် ဖြစ်ပေါ်လာရေးတို့၌ အရေးပါလှသည့် လမ်းခွဲမှတ်တိုင်ကြီးသဖွယ် ဖြစ်သည်၊ တနည်းဆိုရသော် ကုသိုလ် အကုသိုလ်လမ်းနှစ်သွယ်အနက် တဘက်ဘက်သို့ ပဲ့ကိုင်လမ်းညွှန်ပေးသည့် ပဲ့သမားကြီးနှင့်လည်း တူပါသည်၊ ထိုစိတ်က ပိုင်းခြားဆုံးဖြတ်မှု နှလုံးသွင်းဆင်ခြင်မှု လိမ္မာသော်(ဝါ) အကောင်းဘက်မှ ရှုမြင်ဆင်ခြင်ခဲ့သော် ကုသိုလ်စိတ်များ ဖြစ်လာပြီး ပိုင်းခြားဆုံးဖြတ်မှု နှလုံးသွင်းဆင်

ခြင်မှု မလိမ္မာခဲ့သော်(ဝါ) အဆိုးဘက်မှ ရှုမြင်ခဲ့ပါလျှင် အကုသိုလ်စိတ်များ ဖြစ်လာနိုင်ပါသည်[၁]။

ထို့ကြောင့် ထိုမနောဒွါရဝဇ္ဇန်းစိတ်သည် ကုသိုလ်စိတ်အစဉ် အကုသိုလ်စိတ်အစဉ်တို့ဖြစ်ပေါ်လာမှုတွင် သေချာ်အကျဆုံး အနီးကပ်ဆုံး အကြောင်းဖြစ်သည်။ ထိုစိတ်က နှလုံးသွင်းလိမ္မာမှု (ယောနိသော မနသိကာရ)ကိုစွဲကို ဆောင်ရွက်လျှင် ကုသိုလ်စိတ်အစဉ် ဖြစ်လာပါမည်။ နှလုံးသွင်းမလိမ္မာမှု (အယောနိသော မနသိကာရ)ကိုစွဲကို ဆောင်ရွက်ခဲ့လျှင် အကုသိုလ်စိတ်အစဉ်ဖြစ်လာပါမည်။ ထို့ကြောင့် အင်္ဂုတ္တိုရ်ပါဠိတော်၌[၂]—

"ရဟန်းတို့ မသင့်လျော်သော အကြောင်းအားဖြင့် နှလုံးသွင်းသောသူအား မဖြစ်ပေါ်သေးသော အကုသိုလ်တရားတို့သည်လည်း ဖြစ်ပေါ်ကုန်၏၊ ဖြစ်ပေါ်ပြီးသော ကုသိုလ်တရားတို့သည်လည်း ဆုတ်ယုတ်ကုန်၏၊ ရဟန်းတို့ မသင့်လျော်သောအားဖြင့် နှလုံးသွင်းခြင်းသည် များစွာအကျိုးမဲ့ခြင်းငှာ ဖြစ်၏။ ရဟန်းတို့ သင့်လျော်သော အကြောင်းအားဖြင့် နှလုံးသွင်းသောသူအား မဖြစ်ပေါ်သေးသော ကုသိုလ်တရားတို့သည်လည်း ဖြစ်ပေါ်ကုန်၏၊ ဖြစ်ပေါ်ပြီးသော အကုသိုလ်တရားတို့သည်လည်း ဆုတ်ယုတ်ကုန်၏။ ရဟန်းတို့ သင့်လျော်သော အကြောင်းအားဖြင့် နှလုံးသွင်းခြင်းသည် များစွာအကျိုးရှိခြင်းငှာဖြစ်၏။

ဟု ဟောတော်မူခဲ့လေသည်။

## သင့်လျော်အောင် နှလုံးသွင်းရပုံ

မိလိန္ဒပဉှာပါဠိတော်၌ "နှလုံးသွင်းကောင်းခြင်းသည် ကုသိုလ်တရားအားလုံးတို့အား အရင်းမူလဖြစ်သည်။ မိုးသည် မြက်သစ်ပင်စသည်ကို စောင့်ရှောက်သကဲ့သို့ နှလုံးသွင်းကောင်းခြင်းဖြင့် သူတော်ကောင်းတရား

---

၁။ အဘိဋ္ဌ၊၁။၁၃၇။ ၂။ အံ၊၁၊မြန်။၁၅။၂၂၀။ အံ၊၁၊ပြန်။၁၊၆၊၂၁။

ကို စောင့်ရှောက်အပ်၏”[၁] ဟူ၍ မိုးဥပမာပေး၍လည်းကောင်း၊ စက္ကဝက်ငှက်သည် အသက်ဆုံးတိုင်အောင် နှလုံးသွင်းခြင်းကို မစွန့်အပ်”ဟူ၍ စက္ကဝက်ငှက်ဥပမာ ပေး၍လည်းကောင်း[၂]။ “ကြက်သည် ခဲတုတ်စသည်တို့ဖြင့် ပစ်ခတ်သော်လည်း မိမိနေအိမ်ကို မစွန့်သကဲ့သို့ သူတော်ကောင်းသည် ထိုထိုအမှုကိစ္စများကို ပြုလုပ်နေသော်လည်း ကောင်းသောနှလုံးသွင်းမှုကို မစွန့်လွှတ်အပ်”[၃] ဟူ၍ ကြက်ကို ဥပမာပေး၍လည်းကောင်း၊ “တီးတုတ်ငှက်သည် သေရည်ကို သောက်မိသော် ထွေးအံ့ပစ်သကဲ့သို့ သူတော်စင်သည် ကောင်းသော နှလုံးသွင်းခြင်းဖြင့် မနှစ်မြို့ဖွယ်စိတ်ကို ထွေးအံ့ပစ်လေသည်”[၄] ဟူ၍တီးတုတ်ငှက်ကို ဥပမာပေး၍လည်းကောင်း၊ လှေသူကြီးသည် နေ့ညမပြတ် မမေ့မလျော့ လုံ့လစိုက်ကာ လှေကိုသွားစေသကဲ့သို့ သူတော်စင်သည် နေ့ညမပြတ် မမေ့မလျော့ အားထုတ်ကာ ကောင်းသောနှလုံးသွင်းခြင်းဖြင့် စိတ်ကို မှတ်အပ်လေသည်”[၅]ဟူ၍လှေသူကြီးကို ဥပမာပေး၍လည်းကောင်း ဟောတော်မူခဲ့လေသည်။

ထို့ပြင် အင်္ဂုတ္တိုရ်ပါဠိတော်၌လည်း “နှလုံးသွင်းကောင်းခြင်းသည် များစွာအကျိုးရှိခြင်းငှာ ဖြစ်သကဲ့သို့ ထို့အတူ အကျိုးရှိခြင်းငှာဖြစ်သော အခြားတစုံတရာသော တရားမျှကိုလည်းမမြင်။ နှလုံးသွင်းကောင်းခြင်းသည် များစွာအကျိုးရှိခြင်းငှာ ဖြစ်၏”[၆]ဟူ၍ ဟောတော်မူရာ နှလုံးသွင်းကောင်းခြင်းသည် များစွာသောအကျိုးကိုဖန်တီးနိုင်၏။ ထို့ကြောင့် အရာရာတွင် ကုသိုလ်ဖြစ်စေရန် သင့်လျော်အောင် နှလုံးသွင်းရပါမည်။

စိတ်နာဖွယ်မဟုတ်။ ။အာရုံခြောက်ပါးနှင့် တွေ့တိုင်း ယောနိသောမနသိကာရဖြစ်အောင် ကြိုးစားရပါမည်။

ဥပမာ–အပြစ်မရှိပဲ အကဲ့ရဲ့ခံရလျှင်–

---

၁ မိလိန္ဒ။၃၉၆။ ၂။ မိလိန္ဒ။၃၈၆။ ၃။ မိလိန္ဒ။၃၅၀။
၄။ မိလိန္ဒ။၄၀၁။ ၅။ မိလိန္ဒ။၃၆၁။ ၆။ အံ၊၁၅။

"သူမသိလို့ ကဲ့ရဲ့ရှာသည်၊ ထင်တိုင်းပြောဆိုတတ်ခြင်းမှာ မစောင့်စည်းသူတို့ ဓမ္မတာပင်၊ အမှန်အတိုင်း သူသိပါက သူ့မှား မိသည့်အတွက် စိတ်မကောင်းရှာ ဖြစ်ပေမည်၊ ယခု ငါအကဲ့ရဲ့ ခံရသည်မှာလည်း အပြစ်မရှိသူကို ကဲ့ရဲ့ဖူး၍ ဖြစ်ပေမည်၊ ငွေ့ ကြွေးရှိလို့ခံရသည်မှာ စိတ်နာဖွယ်မဟုတ်ပါ"—

စသည်ဖြင့် နှလုံးသွင်းရမည်။

ဘုရားအဆုံးအမ နာခံနိုင်ရမည်။ ။တနည်း ဆိုရသော် ကဲ့ရဲ့ခြင်းသည် လူတိုင်းနှင့်သက်ဆိုင်သော လောကဓံ တရားဖြစ်သည်။ ဗုဒ္ဓမြတ်စွာသော်မှ တွေ့ကြုံရသေး၏၊ ငါ့မှာ အဘယ့် ကြောင့် မတွေ့ကြုံပဲရှိချိမ့်မည်နည်း၊ လောကဓံနှင့်တွေ့၍ စိတ်ဖောက်ပြန် ခြင်းမှာ လူတိုင်းနှင့်ဆိုင်၏၊ သည်းခံနိုင်ခြင်းကား မြင့်မြတ်သောပုဂ္ဂိုလ် မွန် သူတော်ကောင်းတို့နှင့်သာ ဆိုင်၏၊ ငါသည် မြင့်မြတ်သောသူတော် ကောင်းလမ်းစဉ်ကိုသာ လိုက်မည်၊ ဗုဒ္ဓမြတ်စွာဆုံးမတော်မူသည်မှာ—

လူဆိုးများက မိမိကိုယ်ကို လွှဖြင့်တိုက်သော်လည်း စိတ် မဆိုးရဘူး၊ ဆိုးခဲ့လျှင် ဘုရားမြတ်စွာ၏ အဆုံးအမကို နာခံသူ မဟုတ်၊ ဤကဲ့ရဲ့မှုမှာ လွှဖြင့်တိုက်ဖြတ်ခြင်းထက် များစွာ ခံသာ ပါသည်၊ အဘယ့်ကြောင့် ဘုရားမြတ်စွာ၏ အဆုံးအမကို မနာ ခံနိုင်ပဲရှိအံ့နည်း—

ဟူ၍ ဆုံးမတော်မူသည်။

ထိုပြင် သင့်လျော်အောင် နှလုံးသွင်းပုံကို နောက်တနည်း မှတ်သား နိုင်ပါသေး၏၊ ယင်းမှာ—

ရန်တုံ့ပြုသည်နှင့်တူ

"ကဲ့ရဲ့သူဟူသည်မှာ ဒေါသပြင်းထန်သော စိတ္တုပ္ပါဒ်နှင့် စိတ္တဇ ရုပ်သာတည်း၊ခန္ဓာငါးပါး ရုပ်နာမ် ၂-ပါးမျှသာဖြစ်၏၊ကဲ့ရဲ့တတ် သောသူ ဟူ၍ တသီးတခြားမရှိပါချေ၊ထိုရုပ် ထိုနာမ်တို့မှာလည်း

ကဲ့ရဲ့ဆဲမှာပင် ချုပ်ပျက်ခဲ့လေပြီ၊ ယခု စိတ်ဆိုးရော မရှိတော့၊ မရှိသည့်နောက်မှ စိတ်ဆိုးနေလျှင် ရုပ်သစ်နာမ်သစ်များ ပေါ်၍ သာ ကျရောက်ပေမည်၊ ထို့ကြောင့် ယခုမှ စိတ်ဆိုးနေလျှင် မိဘ များကို စွန့်၍ သေဆုံးသွားပြီးမှ သူတို့၏ သားမြေးများကို ရန် တုံ့မူသည်နှင့်သာတူပါချိမ့်မည်၊ ကဲ့ရဲ့ခံရသော သင်သည်လည်း ခန္ဓာငါးပါးမျှသာဖြစ်၏၊ ထိုရုပ်ထိုနာမ်တို့ကား ယခင်ကပင် ချုပ် ပျောက်ခဲ့လေပြီ၊ ယင်းတို့၏ အကျိုးဆက်ဖြစ်သော လက်ရှိရုပ်နာမ် များက စိတ်ဆိုးနေလျှင် မိဘလက်ထက်ကမတတ်နိုင်၍ သားမြေး တို့၏လက်ထက်ကျမှ ရန်တုံ့ မူသည်နှင့်သာတူချေတော့မည်–

အစရှိသည်ဖြင့်လည်းကောင်း၊ နှလုံးသွင်းရပါမည်။ အချုပ်အားဖြင့် ဆိုရ သော် ကုသိုလ်ဖြစ်စေရန် သင့်လျော်အောင် နှလုံးသွင်းမှု မှန်သမျှ ယောနိသောမနသိကာရဟူ၍ မှတ်သားရပါမည်။

နှလုံးသွင်းမကောင်းမှု

ကောင်းသောနှလုံးသွင်းမှုမှာ– များစွာ အကျိုးရှိသကဲ့သို့မကောင်း သောနှလုံးသွင်းမှု(အယောနိသောမနိကာရ)သည် များစွာအကျိုးမဲ့ကို ဖြစ်စေပါသည်။ ထို့ကြောင့် အင်္ဂုတ္တိုရ်ပါဠိတော်၌–

"နှလုံးသွင်းမကောင်းခြင်းသည် များစွာအကျိုးမဲ့ကို ဖြစ်စေ သကဲ့သို့ ဤအခြား အကျိုးမဲ့ခြင်းငှါဖြစ်သောအခြားတစုံတခုသော တရားကိုမျှလည်း မမြင်၊ နှလုံးသွင်းမကောင်းခြင်းသည် များစွာ အကျိုးမဲ့ခြင်းငှါဖြစ်၏[၁]-

ဟု ဟောတော်မူလေသည်။ ဤနှလုံးသွင်းကောင်းမှု မကောင်းမှုများ နှင့်စပ်လျဉ်းသည့် သာဓကများကို ဖော်ပြပါမည်။

---

၁။ အံ၊၁။၁၇။

ခါးပိုက်နှိုက် ၂-ဦး နှလုံးသွင်း

ဘုရားလက်ထက်တော်က သူငယ်ချင်းခါးပိုက်နှိုက် ၂-ဦးတို့သည် ဇေတဝန်ကျောင်းတော်တွင် ကျင်းပသည့် ဘုရားရှင်၏တရားပွဲကို တရားနာပရိသတ်များနှင့်အတူလိုက်ပါသွားခဲ့၏၊ တယောက်က ဘုရားတရားတော်ကို ရိုသေစွာ နှလုံးသွင်းကာ ကြားနာသဖြင့် သောတာပတ္တိဖိုလ်သို့ ရောက်ပြီး သောတာပန်အဆင့်အထိ ဖြစ်နေ၏။ နောက်တယောက်မှာ နှလုံးသွင်းလွဲမှားပြီး တရားနာသူတယောက် ပုဆိုးစွန်၌ ထုပ်ယူလာသော ပိုက်ဆံ ၂၅-ပြားကို အလစ်နှိုက်ပြီးယူခဲ့၏၊ ထိုခေတ်က ၂၅-ပြားသည် ထိုသူ၏အိမ်၌ ထမင်းနှင့်ဟင်း ချက်ပြုတ်လောက်သော တန်ဖိုးရှိကြောင်း ကျမ်းဂန်များ၌ဆို၏။ ထို့ ကြောင့်ပင် သောတာပန်ဖြစ်သွားသူ ခါးပိုက်နှိုက်ကို အဖော်သူငယ်ချင်း ခါးပိုက်နိုက်က နှလုံးသွင်းလွဲမှားစွာဖြင့် ပြောင်လှောင်ပြက်ရယ်ပြုသည်မှာ –

> မင်း–အလွန်တော်လို့ ကိုယ့်အိမ်မှာ (တနပ်စာ) ထမင်းဖိုး ဟင်းဖိုးမျှကိုဘောင် ရအောင် မစွမ်းနိုင်ခဲ့ဘူး–

ဟူ၍ဖြစ်၏။(တွံ အဘိပဏ္ဍိတတာယ အတ္တနော ဂေဟေ ပါကဘတ္တမ္ပိ လဒ္ဓုံ န နိပ္ပောဒေသိ)။ထိုအခါ သောတာပန်ဖြစ်သွားသူခါးပိုက်နှိုက်က ဤသို့ ကောင်းစွာနှလုံးသွင်း၏–

> "သူမသိရှာလို့ သူကိုယ်သူ လူလိမ္မာပညာရှိဟု ထင်မှတ်နေ ရှာသည်"-

ဟူ၍ အောက်မေ့နှလုံးသွင်းပြီး ထိုအကြောင်းကို ဘုရားမြတ်စွာအား လျှောက်ထားရာ ဘုရားရှင်က အောက်ပါအတိုင်း အမိန့်တော်မှုရှိခဲ့လေ သည်။

> "မသိမလိမ္မာသောသူမိုက်ပင်ဖြစ်စေကာ ငါမသိတတ်ဘူး၊မိုက် တယ်ဟုသိလျှင်တော်သေး၏၊ ကိုယ့်ထက် တတ်သိလိမ္မာသောသူ တို့၏ အဆုံးအမကို နာခံ၍ လူလိမ္မာပညာရှိတယောက် ဖြစ်နိုင်

သေး၏၊ မသိမလိမ္မာသော လူမိုက်ဖြစ်ပါလျက် 'ငါဟာပညာရှိပဲ' ငါတတ်သိတယ် နားလည်တယ်ဟု ထင်မှားလျက် နေသောသူ သည်ကား လူမိုက်အစစ်ပေတည်း၊ မိမိလောက်တတ်သိနားလည် သည့်သူမရှိဘူးဟု အောက်မေ့လျက် မည်သူ၏ဩဝါဒကိုမျှ မနာခံ သောကြောင့် ထိုသို့သောသူမှာ လူမိုက်ဘဝမှ တက်လမ်းမရှိပြီ၊ လူလိမ္မာပညာရှိ မဖြစ်နိုင်တော့ပြီ၊ထို့ကြောင့်ထိုလူမျိုးကို'လူမိုက် အစစ်'ဟု ခေါ်ရမည်။

ဟူ၍ မိန့်တော်မူ၏။

## နှလုံးသွင်းပြောင်းပါ

ပိဋကမှာ အကုသိုလ်စိတ်များဖြစ်ပေါ်နေလျှင် ကုသိုလ်စိတ်ဖြစ်အောင် နှလုံးသွင်း ပြောင်းပေးရပါသည်၊ ဥပမာ -

အမျိုးသမီးတည်းကိုတွေ့သောအခါ မကောင်းသောနှလုံးသွင်းမိသဖြင့် ကိလေသာစိတ်ဖြစ်ပေါ်လာသောျင် အမိအရွယ်ဖြစ်ပါက အမိအရင်းကဲ့သို့ နှလုံးသွင်းကာ၊ အမနှမအရွယ်ရှိပါက အမ နှမအရင်းကဲ့သို့ နှလုံး သွင်းပြီး၊ သူ၏ဆင်းရဲမှုစသည်ကို မြော်တွေး၍ သနားခြင်းကရုဏာအဖြစ် ချမ်းသာစေလိုခြင်း မေတ္တာအစစ်ကို ဖြစ်စေရပါမည်။ ထိုမှတပါး အမျိုး သမီး၏ သဏ္ဍာန်၌ရှိသော မျက်ရည် မျက်ချေး နှပ် တံတွေး ချွဲ သလိပ် ကျင်ကြီးကျင်ငယ်သော စက်ဆုပ်ဖွယ်တို့ကိုသာ ကွက်၍ အဖန်ဖန် နှလုံး သွင်းလျက် အသုဘသညာကိုဖြစ်စေရပါမည်။ထို့ပြင် ထိုအမျိုးသမီးတည်း ဟူသော အာရုံကိုပယ်ဖျောက်၍ စာပေ ကျမ်းဂန်ကို ကြည့်ခြင်း၊ မေးခြင်း၊ ပြောဟောခြင်း၊ ဝေယျာဝစ္စ ပတ်ကြီး ဝတ်ငယ်တို့ကို ပြုခြင်း စသည်ဖြင့် ကုသိုလ်စိတ်အစဉ် ဖြစ်လာအောင်လည်း နှလုံးသွင်းရပါမည်။

---

၁။ ဓမ္မပဒပါဠိ။ ၂၂။ ဓမ္မပဒဋ္ဌကထာ။ ၂၉၉။

ဗုဒ္ဓအဘိဓမ္မာ (၁) ၂၄-၁၀-၁၁-၁

**ကုသိုလ်မပြတ်ဖြစ်ပါစေ**

ထို့ပြင် သတိပဋ္ဌာန်အဋ္ဌကထာတို့၌လာသောနည်းအတိုင်း ကျမ်းဂန်မပြတ်ဆင်ယှူခြင်း ပို့ချခြင်း ကျက်မှတ်ခြင်း ကြည့်ခြင်း ကြံခြင်း ရွတ်ဖတ်ခြင်း သေနာသနဝတ်စသည်ကို မပြတ်ပြုခြင်း တရားဟောခြင်း ဆွေးနွေးမေးမြန်းခြင်း တရားကိုသာ ပြောဟောခြင်း နာခံခြင်း စသည်တို့ဖြင့်ဆင်ခြင်နှလုံးသွင်းသော ကုသိုလ်ပိုင်းဆိုင်ရာလုပ်ငန်းများကို အမြဲမပြတ် ပြုလုပ်အပ်၏။ ဤသို့ အကုသိုလ်စိတ်များဖြစ်ခွင့်မရအောင် နှလုံးသွင်းပါလျှင် ကုသိုလ်စိတ်များ မပြတ်ဖြစ်စေနိုင်လေသည်။

**လိုတရနေသည့် ရုက္ခစိုးနတ်ကြီး**

နှလုံးသွင်းကောင်းသဖြင့် လိုတ ရနေသည့် ရုက္ခစိုးနတ်ကြီးအကြောင်းဤ၌ မှတ်သားသင့်ပါသည်။

ရှေးအခါ ဒွါရဝတီအမည်ရှိသော မြို့တော်မှာ အင်္ကုရအမည်ရှိသောကုန်သည်တဦးသည် ကုန်သန်းရောင်းဝယ်ပြုလုပ် အသက်မွေး၏၊တနေ့သောအခါ ကုန်ရောင်းသွားရာ တောအုပ်အတွင်းမှ ရုက္ခစိုးနတ်ကြီးတဦးနှင့်တွေ့လေသည်။ ရုက္ခစိုးနတ်ကြီးကား အလှန်ထူးဆန်း၏၊ သူ၏လက်တွင်းမှစားဖွယ်သောက်ဖွယ်များ အလိုလိုထွက်ပေါ်၏၊ အဝတ်အစား အသုံးအဆောင်များနှင့် ရွှေငွေရတနာများလည်း အလိုရှိတိုင်း သူ့လက်တွင်းမှာထွက်ပေါ်နေ၏။ လိုတရနေသောရုက္ခစိုးနတ်ကြီးဖြစ်၏။ အင်္ကုရတို့ကုန်သည်တစုနှင့်တွေ့သောအခါ အမျိုးမျိုးသောအစားအစာများဖြင့် ညှော်ဝတ်ပြု၏၊ ရတနာရွှေငွေအသုံးအဆောင်များ သုံးလို့မကုန်နိုင်အောင်ပေးစွန့်လိုက်သေး၏၊ ထိုအခါအင်္ကုရကုန်သည်က စည်းစိမ်ဥစ္စာများ လက်ထဲက အလိုလိုရနေသည်မှာ အဘယ်ကောင်းမှု ကုသိုလ်ကြောင့်ဖြစ်ကြောင်းမေးမြန်းလေ၏။ထိုအခါရုက္ခစိုးနတ်ကြီးက သူ၏အာဘောကောင်းမှုဖြစ်ကြောင်း ကုန်စင်ကို ပြန်ပြောင်း ပြောဆိုလေ၏။

## အထည်ချုပ်သမားဘဝ

ရှေးအခါက ရောရှဝအမည်ရှိသောမြို့တမြို့မှာ အထည်ချုပ်သမားဖြစ်ခဲ့ဖူးကြောင်း၊အလွန်ဆင်းရဲလှသဖြင့် အလှူဒါနမလှူဒါန်းနိုင်ခဲ့ကြောင်း၊ သို့ရာတွင်သူ့အိမ်အနီးမှာ အာသယ့်ခေါ် သဌေးကြီးတဦးက အလှူဒါနများပေးလှူခဲ့ကြောင်း၊ထိုစဉ်သဌေးကြီးအိမ်သို့ အလှူခံပုဂ္ဂိုလ်များ လာသောအခါ "အလှူရှင်အာသယ့်သဌေးကြီး၏ အိမ်ကဘယ်မှာလဲ၊ ဘယ်ကသွားရမလဲ" ဟု မေးမြန်းကြ၏။ ထိုအခါ သူကနှလုံးသွင်းလိမ္မာစွာဖြင့် ပြောပြလမ်းညွှန်ခဲ့ကြောင်း၊ နှလုံးသွင်းပုံမှာ—

> ငါ့မှာတော့ လှူစရာမရှိလို့ မလှူနိုင်ဘူး၊ သူများမှာ လှူစရာရှိလို့ လှူနိုင်ကြတယ်၊ လှူဒါန်းတဲ့လူမှာလဲ ကုသိုလ်ဖြစ်ပါစေ၊ အလှူခံပုဂ္ဂိုလ်များမှာလဲ အလိုရှိတာ ရကြပါစေ—

ဟု ယောနိသောမနသိကာရဖြင့် နှလုံးသွင်းကာ—

> အလှူရှင် အာသယ့်သဌေးကြီး၏ အိမ်ဆိုတာ ဟောဟိုက အိမ်ပါပဲ၊ ဒီကသွားပါ၊ အဲဒီကသွားယင်ရောက်ပါတယ်—

ဟုဝမ်းမြောက်ဝမ်းသာ စေတနာကောင်းစွာဖြင့် အလှူအိမ်ရှိရာသို့(လက်ဖြင့်လမ်းညွှန်ခဲ့၏) ။ယင်းကောင်းမှုကြောင့် ယခုလို ရက္ခစိုးနတ်ကြီးဖြစ်လာကြောင်း၊ ဖြစ်လာသည့်အခါမှာလည်း ဆိုခဲ့သည့်အတိုင်း ရှေးဘဝတုန်းက သူတပါးအလှူကို ဝမ်းမြောက်ဝမ်းသာ လက်ဖြင့် လမ်းညွှန်ခဲ့သည့်အတွက် ယခုအခါမိမိလက်ကပင် အလိုပြည့်စည်းစိမ်ဥစ္စာများစွာကို လိုတိုင်းရနေကြောင်း ရက္ခစိုးနတ်ကြီးက ပြောပြလေသည်၊ ၁၉

## အပြင်အထင် မကောင်းသောပြိတ္တာ

ထိုနောက်အကုရတို့ကုန်သည်တစုသည် ထိုစခန်းမှထွက်လာပြီး တော်တော်သွားမိသည့်အခါ တနေရာမှာ လက်များကောက်ကွေးနေပြီး မျက်နှာတွန့်ရှုံ့လျက် အပြင်အထင်မကောင်းအောင် ဖြစ်နေသည့်ပြိတ္တာတကောင်ကိုတွေ့ရ၏၊ အကုရတို့ကုန်သည်တစုက—

သင့်မှာ ဘယ်လိုမကောင်းမှုကို ပြုခဲ့သဖြင့် ဤကဲ့သို့ဖြစ်နေရပါသနည်း—

ဟုမေးမြန်းသော့အခါ ထိုပြိတ္တာက—

သူဟာအရင်ဘဝက အဘယသုဒ္ဓေးကြီးရဲ့အလှူမှာ စိမံဆောင်ရွက်ခဲ့ရတဲ့အကြီးအကဲ နာယကဖြစ်ခဲ့ပါတယ်၊ သို့ပေမယ့် အလှူခံပုဂ္ဂိုလ်များလာတိုင်းလာတိုင်း သူ့စိတ်ထဲမှာ မချမ်းမသာဖြစ်နေခဲ့တယ်၊ သူမှာ ပစ္စည်းဥစ္စာပေးလှူခဲ့ခြင်းလဲ မရှိခဲ့ဘူး၊ သူများပစ္စည်းပေးလှူနေတဲ့အခါ ဆောင်ရွက်ရုံမျှသာရှိပါတယ်၊ စေတနာကောင်းကောင်းနဲ့ ယောနိသောမနသိကာရ သင့်တင့်အောင်နှလုံးသွင်း၍ ဆောင်ရွက်မယ်ဆိုယင် ကုသိုလ်များစွာ ရနိုင်ပါတယ်၊ သို့သော်လဲ သူဟာအလှူခံပုဂ္ဂိုလ်တွေလာတိုင်း စိတ်မချမ်းမသာဖြစ်ပြီး မသင့်မတင့် နှလုံးသွင်းမိလို့ တဘက် မျက်နှာလှည့်ကာ စောင်းရွဲ့တွန့်ရှုံ့တဲ့ အမူအရာ မကြည်မသာ လုပ်ခဲ့မိပါတယ်၊ အဲဒါကြောင့် သူမှာ ယခုလိုတောတွင်းမှာ ပြိတ္တာ ဖြစ်လာခဲ့ရပါတယ်[၁]—

ဟု ပြောပြလေသည်။ ထိုစဉ်က အင်္ကုရအမည်ရှိသော ကုန်သည်မှာ ဂေါတမဗုဒ္ဓမြတ်စွာ ပွင့်လာသည့်အခါ တာဝတိံသာ အဘိဓမ္မာတရားပွဲကြီး၌ လက်ဝဲဘက် တနေရာတွင် တရားနာနေသည့် အင်္ကုရနတ်သားပင် ဖြစ်လေသည်။

## မနသိကာရနှင့် အရိယာမဂ်

အရုဏ်တက်ခြင်းသည် နေထွက်ခြင်း၏ ရှေ့ပြေး ပုဗ္ဗနိမိတ် ဖြစ်သကဲ့သို့ နှလုံးသွင်းကောင်း ရှိခြင်းသည် အင်္ဂါရှစ်ပါးရှိသော အရိယာမဂ် ဖြစ်ပေါ်လာရန် ရှေ့ပြေး နိမိတ်ဖြစ်သည်[၂]။ သမ္မဒါဘရား ခုနစ်ပါးတွင်လည်း

၁။ ပေတ၊ဋ္ဌ၊၁၁၁။ ၂။ သံ၊၃။ ၂၄။ ၂၈၊

နှလုံးသွင်းမှုသည် တပါးအပါအဝင် ဖြစ်၏။ နှလုံးသွင်းကောင်းမှုကို သိရခြင်းဖြင့် အရိယာမဂ်ကို ပွားများမည့်သူ ဖြစ်ကြောင်း အကဲခတ်နိုင်သည်ဟု ဓါတကအဋ္ဌကထာ၌ ဖွင့်ဆိုထားပါသည်[၁]။

နှလုံးသွင်းကောင်းတော့ သောတာပန်ဖြစ်

သောတာပန်ဖြစ်ရန် အကြောင်းလေးမျိုးရှိ၏–

၁။ သူတော်ကောင်းကို ဆည်းကပ်ခြင်း၊

၂။ သူတော်ကောင်းတရား ကြားနာခြင်း၊

၃။ နှလုံးသွင်းကောင်းခြင်း၊

၄။ လောကုတ္တရာတရားကို ကျင့်သုံးခြင်း-

ဟူ၍ ဖြစ်၏။ ယင်းလေးမျိုးအနက် နှလုံးသွင်းကောင်းမှုနှင့် လောကုတ္တရာတရားကိုးပါးကို ကျင့်သုံးမှုဟူသည် အလွန်အရေးကြီးသော အကြောင်းများ ဖြစ်သည်၊ လောကုတ္တရာတရားမြတ်ကို နှလုံးသွင်းကောင်းစွာဖြင့် အားထုတ်သူတို့မှာ သောတာပန် ဖြစ်သွားကြသော သာဓကများ များစွာပင် တွေ့ရ၏၊ ယင်းတို့အနက် အချို့ကို ထုတ်ပြပါမည်။

**ငါးများသပာ အရိယ**

တနေ့သောအခါ ဘုရားရှင်သည် သာဝတ္ထိမြို့၏ မြောက်တံခါးအနီးရွာတရွာ၌ ဆွမ်းခံပြီး ရဟန်းသံဃာများနှင့်အတူ ပြန်ကြွလာတော်မူ၏။ ထိုအခါ ငါးများနေသော အရိယအမည်ရှိသည့် လူတယောက် သံဃာတော်များနှင့် ဘုရားရှင်ကို မြင်၍ ငါးများတံကို ချထားပြီး ရပ်လျက်နေ၏။ ထိုပုဂ္ဂိုလ်၏ အကျွတ်တရား ရနိုင်ပုံအကြောင်း ဥပနိဿယကို ဘုရားရှင်က ကြိုတင်သိမြင်တော်မူခဲ့ပြီး ဖြစ်၏။ ထို့ကြောင့်–

---

၁။ ဓါတက၊ ၃၄၊ ၉၇။

"အသင် အဘယ်မည်ရှိသနည်း"

ဟု မေးတော်မူရာ ထိုသူက—

"အရိယအမည် ရှိပါသည်ဘုရား"

ဟု လျှောက်ထားသောအခါ ဘုရားရှင်က—

"သင်ကဲ့သို့ ညှဉ်းဆဲသတ်ဖြတ်သောသူသည် အရိယ မမည်၊ အရိယဟူသည်မှာ မညှင်းဆဲတတ်"

ဟူ၍ မိန့်တော်မူပြီး အောက်ပါ ဂါထာကို ဟောတော်မူ၏၊

> အကြင် ဒေါသစသော အကြောင်းကြောင့် သတ္တဝါကို ညှဉ်းဆဲသတ်ဖြတ်၏၊ ထိုဒေါသစသော အကြောင်းကြောင့် သတ္တဝါတို့ကို ညှဉ်းဆဲသတ်ဖြတ်သူကို 'အရိယ'ဟူ၍ မခေါ်ဆိုရ၊ ခပ်သိမ်းသော သတ္တဝါတို့ကို ညှဉ်းဆဲခြင်းမရှိသောသူကိုသာ 'အရိယ'ဟူ၍ ခေါ်ဆိုအပ်၏—

ဟူ၍ ဟောတော်မူသည်။ အရိယသည် ဘုရားရှင်၏ ဒေသနာတော်ကို ကောင်းစွာ နှလုံးသွင်းဆင်ခြင်၍ ကြားနာ၏၊ ဒေသနာတော်အဆုံး၌ ငါးမျှားသမား အရိယသည် သောတာပန် ဖြစ်သွားလေသည်[၁]။

ဤ၌ အရိယခေါ် ငါးမျှားသမားသည် ရှေးအဖို့က သီလမစင်ကြယ်ပဲ တရားနာ၍ အားထုတ်စဉ်မှာ နည်းလမ်းကျကျ အားထုတ်မှု နှလုံးသွင်းမှု ယောနိသောမနသိကာရကြောင့် သောတာပန် ဖြစ်သွားရပုံမှာ အတုယူဖွယ် မှတ်သားဖွယ်တရပ် ဖြစ်လေသည်။

### မလ္လိကာမိဖုရားကြီးနှင့် နှလုံးသွင်း

ဘုရားရှင် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ပသေနဒီကောသလမင်းကြီးသည် အတုမရှိသော အသဒိသဒါနကြီးကို ပေး

---

၁။ ဓမ္မပဒ၊ ၄၊ ၂၊ ၂၅၀။

လှူခဲ့လေသည်။ အသဒိသအလှူကြီး၌ တနေ့တည်း စွန့်ကြဲပေးကမ်းလှူဒါန်းသော ဥစ္စာတို့မှာ တဆယ့်လေးကုဋေ ထိုက်ထန်ကုန်၏။ဘုရားရှင်အား လှူဒါန်းသောထီးဖြူ ထိုင်တော်မူရာပလ္လင် သပိတ်ခြေ ခြေဆေးအင်းပျဉ်ဤလေးမျိုးတို့မှာလည်း အဖိုးမဖြတ်နိုင်အောင် ထိုက်တန်ကုန်၏။ ဤကဲ့သို့ သူတထူး၏အလှူနှင့်မတူ ထူးခြားလှသည့် အသဒိသအလှူခေါ် အလှူထူးကြီးကို မိဖုရားကြီး မလ္လိကာနှင့်အတူ ပေးလှူခဲ့လေသည်။

တနေ့သောအခါ၌မူ မလ္လိကာမိဖုရားကြီးသည် ရေချိုးခန်းသို့ ဝင်၍မျက်နှာသစ်ပြီး ခြေသလုံးကိုရေဆေးရန် ကိုယ်ကိုညွတ်ကိုင်း၏၊ ထိုစဉ်နောက်မှပါလာသည့် မိဖုရားကြီး၏ခွေးသည် မိဖုရားကြီးကိုယ်ကို ညွတ်ကိုင်းစဉ် မေထုန်မှုကို ပြုကျင့်လေသည်။ မိဖုရားကြီးသည်လည်း အတွေ့ကိုသာယာမိကာ ငြိမ်သက်လျက်နေမိလေ၏။ ယင်းဖောက်ပြန်သည့် အမှုအရာကို ပြာသာဒ်ထက် လေသာပြတင်းမှ ကောသလမင်းကြီးက အမှတ်မထင် မြင်လိုက်ရလေသည်။ မိဖုရားကြီးလာသောအခါ–

"ဟယ်....အယုတ်တမာမ– ပျက်စီးလေတော့လော့၊ အဘယ့်ကြောင့် ဤအမှုကို သင်ပြုဘိသနည်း"—

ဟုဆိုလေ၏။ ထိုအခါ မိဖုရားကြီးက–

"အရှင်မင်းကြီး အကျွန်ုပ် အဘယ်အမှုကို ပြုမိပါသနည်း"

ဟု မေးမြန်းလေ၏။ ဘုရင်ကြီးက–

"သင်သည် ခွေးနှင့် မေထုန်မှုကို မဖွယ်ရာ ပြုဘိ၏"

ဟု ဆိုလေ၏။ ထိုအခါ မိဖုရားကြီးက–

"အရှင်မင်းကြီး ဤအမှုကို ကျွန်ုပ်မပြုရပါ"

ဟု ဆို၏။ ထိုအခါ ဘုရင်ကြီးက–

"ငါကိုယ်တိုင် မြင်တွေ့၏၊ သင့်စကားကိုငါမယုံ၊ ဟယ်အယုတ်တမာမ–ပျက်စီးလေတော့"

ဟု ဆိုလေ၏၊ ထိုအခါ မိဖုရားကြီးက–

"မြတ်သောမင်းကြီး-ဤရေချိုးအိမ်သို့ မည်သူဝင်ဝင်လေသာပြတင်းမှကြည့်ရှုလျှင် တယောက်တည်းကိုပင်နှစ်ယောက်ထင်မြင်တတ်၏"

ဟု မဟုတ်မမှန် လိမ်ပြောလေ၏။ ထို့နောက်—

"အရှင်မင်းကြီးမယုံလျှင် ဤရေချိုးခန်းသို့ ဝင်တော်မူပါ၊ အကျွန်ုပ်သည် လေသာပြတင်းမှ ကြည့်ပါအံ့"

ဟု ဆိုလေ၏။ ထိုသို့ပြောလေလျှင် မင်းကြီးသည်ယုံကြည်ပြီး ရေချိုးခန်းသို့ ဝင်လေ၏။ မိဖုရားကြီးသည် လေသာပြတင်းမှ ရပ်ကြည့်ကာ—

"မိုက်တွင်းနက်လှသောမင်းကြီး—အဘယ့်ကြောင့် ဆိတ်မနှင့် မှိဝဲဘိသနည်း"

ဟု ဆိုလေ၏။ ထိုအခါ မင်းကြီးက—

"မိဖုရား ငါမည်သည့်အမှုကိုမျှ မပြုပါ"

ဟု ဆိုသော် မိဖုရားကြီးက—

"အကျွန်ုပ်ကိုယ်ဘိုင် မြင်ရပါသည်၊ သင်မင်းကြီးစကားကို မယုံနိုင်ပါ"

ဟု ဆို၏။ ထိုအခါ မင်းကြီးသည် မိဖုရားကြီးစကားကို ယုံကြည်လေတော့၏။

မလ္လိကာမိဖုယားကြီးသည် "ဤမင်းကြီးကား ငါ၏မှားသောစကားကို ယုံကြည်လေပြီ၊ ငါလှည့်စားသည်ကို ခံရရှာ၏၊ ငါသည်မကောင်းမှုကို ပြုမိလေပြီ၊ ဘုရင်မင်းမြတ်ကြီးကိုလည်း မဟုတ်မမှန် စွပ်စွဲမိလေပြီ၊ ငါ၏အမှုကို ဘုရားသခင်သိတော်မူပေအံ့၊ အဂ္ဂသာဝကနှစ်ပါးနှင့် ရှစ်ကျိပ်သော အသီတိ မဟာသာဝကတို့လည်း သိတော်မူကြကုန်အံ့၊ ငါသည် လွန်ပင်လေးသော အမှုကိုပြုမိ၏" ဟု နောင်တတဖန် ပူပန်မိလေ၏။

မိဖုရားကြီးသည် အရွယ်ကြီးရင့် သေဆုံးခါနီးသောအခါ ရှေးအခါက လှူဒါန်းခဲ့သည့် ကုသိုလ်ကောင်းမှုများကို မအောက်မေ့၊ နှလုံး မသွင်းမိပဲ ဆိုခဲ့သည့် မိမိ၏ မကောင်းသဖြင့် ပြုမူချက်ကိုသာ အောက်မေ့ နှလုံးသွင်းမိပြီး ကွယ်လွန်လေ၏။ ထို့ကြောင့် မလ္လိကာမိဖုရားကြီးသည် ရှေးဦးစွာ ငရဲ၌ ခုနစ်ရက်ခံရပြီးမှ အတိတ်က ကောသလမင်းကြီးနှင့် အတူ လှူဒါန်းခဲ့သည့် အသဒိသ အလှူဒါနများကို ပြန်လည်အောက်မေ့ နှလုံးသွင်းမိကာ တုသိတာနတ်ပြည်သို့ ဖြစ်ရလေသည်[၁]။

## ယောနိသော နှင့် ကောင်းရာသုဂတိ

ဆိုခဲ့သည့် ဝတ္ထုသာဓကများအနက် အရိယမည်သော ငါးမျှား သမားတဦးနှင့် ခါးပိုက်နှိုက်တို့မှာ ရှေးအခါက နှလုံးသွင်း မှားယွင်းစွာ ဖြင့် အကုသိုလ်မှုကိုပြုကြသူများဖြစ်သော်လည်း ဘုရားတရားတော်ကို ကောင်းစွာနှလုံးသွင်း၍ ကြားနာရာ၌ သောတာပန်အဆင့်အတိ ဖြစ်သွား ကြပုံကို တွေ့ရ၏။ မလ္လိကာမိဖုရားကြီးကား ရှေးအခါက အသဒိသ အလှူကြီးကို ကောသလမင်းကြီးနှင့်အတူ ပေးလှူခဲ့၏၊ သို့ရာတွင် သေခါနီးဝယ် ထိုအလှူဒါနများကို နှလုံးမသွင်းမိပဲ မိမိခွေးနှင့်မှားမိ၍ လိမ်လည်မိခဲ့သည်ကို နှလုံးသွင်းမိသဖြင့် လောလောဆယ် ငရဲ၌(၇)ရက် ခံလိုက်ရ၏။ ထို့နောက်မှ အလှူဒါနကို ပြန်လည်နှလုံးသွင်းနိုင်သဖြင့် ငရဲမှလွတ်ကာ နတ်ရွာသို့ ရောက်ရလေ၏။

## သေခါနီးရှင်ပြု

သတ္တဝါတို့ သေခါနီးဝယ် နှလုံးသွင်း မနသိကာရ မည်မျှအရေးကြီး ကြောင်း ထင်ရှား၏၊ ထို့ကြောင့် ဗုဒ္ဓဘာသာဝင်တို့သည် သေခါနီးဝယ် နှလုံးသွင်းကောင်းအောင် ပရိတ်တရားနာစေခြင်း၊ သားငယ်မြေးငယ် များ ရှင်ပြုပေးခြင်း၊ ပန်းရေချမ်းများဖြင့်လည်းကောင်း၊ သာယာ သော ကြေညာသံများ ထိုးဝယ်၍လည်းကောင်း ပြုပြင်ပေးကြသည်။

---

၁။ ဓမ္မပဒဋ္ဌကထာ၊ ၂၊ ၇၅။

အကယ်၍ နှလုံးသွင်းမှားယွင်းမိကာ ပြိတ္တာဘုံသို့ ဖြစ်သွားခဲ့သော် ဆွမ်းသွတ် အမျှအတန်းဝေခြင်းဖြင့် ပြုခဲ့ဘူးသည့် ရှင်ပြုကုသိုလ်များကို ပြန်လည်သတိရကာကောင်းစွာနှလုံးသွင်းမိပါလျှင်ထိုပြိတ္တာဘုံဘဝမှ လွတ်မြောက်၍ ကောင်းရာသုဂတိ ရောက်ရှိနိုင်လေသည်။

## အမျိုးသမီးငါးရာနှင့် နှလုံးသွင်း

ဘုရားလက်ထက်တော်က သာဝတ္ထိပြည်မှ အမျိုးသမီးငါးရာတို့သည် ဘုရားကျောင်းတော်သို့ သွားရောက်ဥပုသ်စောင့်ကြသည်။ ထိုအမျိုးသမီးတို့ကို ဝိသာခါ ဒါယိကာမကြီးက "အဘယ်အကျိုးငှါ ဥပုသ်စောင့်ကြပါသနည်း"ဟု မေးမြန်းလေသည်။ ထိုအခါ သက်ကြီးအဖွားအိုတို့က–

"နတ်တိုင်းစည်းစိမ်အလို့ငှါ ဥပုသ်စောင့်ကြပါသည်"

ဟူ၍လည်းကောင်း၊ အရွယ်အလတ်စား အမျိုးသမီးတို့က–

"လင်တူမိန်းမတို့အပေါ် ကင်းဝေးအောင် ဥပုသ်စောင့်ကြပါသည်"–

ဟူ၍လည်းကောင်း၊ အရွယ်နုသူ အမျိုးသမီးတို့က–

"သားဦးယောကျ်ားဖွားရန်အလို့ငှါ ဥပုသ်စောင့်ကြပါသည်"

ဟူ၍လည်းကောင်း၊ အပျိုစင်အမျိုးသမီးတို့က–

"မြန်မြန်ခိုနာလိုက်လိုပါသဖြင့် ဥပုသ်စောင့်ကြပါသည်"–

ဟူ၍လည်းကောင်း အမျိုးမျိုးဖြေဆိုကြလေသည်။

ထိုအခါ ဝိသာခါ ဒါယိကာမကြီးက ထိုအမျိုးသမီးတို့ကို ဘုရားထံ ခေါ်သွားကာ ဥပုသ်စောင့်ရာ၌ ရည်ရွယ်ချက် မတူကြပုံ အကြောင်းစုံကို လျှောက်ထားလေ၏။ ထိုအခါ ဘုရားရှင်က–

"ဝိသာခါ–ဤသတ္တဝါတို့၏ (ကိုယ်ကျင့်ဂုဏ်) ဇာတိအစရှိကုန်သော ဂေါရကုန်းမည်သည်ကား လှံတံဖြင့် ယက်ဆွဲသော နွားကျောင်းသားနှင့်တူကုန်၏၊ ပဋိသန္ဓေနေခြင်းသည် အိုခြင်းထံသို့,

အိုခြင်းသည် နာခြင်းထံသို့ နာခြင်းသည် သေခြင်းအထံသို့ ပို့
လွှတ်ပြီးလျှင် ခေးမဖြင့် ဖြတ်ပိုင်းကြကုန်သကဲ့သို့အသက်ကိုဖြတ်
ပိုင်းကြ၏။ ဤသို့ပင် ဖြစ်သော်လည်း ဝဋ်ကင်းရာ နိဗ္ဗာန်ကို
တောင့်တသော သူတို့မည်သည် မရှိကုန်။ သံသရာဝဋ်ကိုသာလျှင်
တောင့်တကြကုန်၏[၁]။

ဟု မိန့်တော်မူလေသည်။

ဤ၌ အမျိုးသမီးငါးရာတို့၏ ရည်ရွယ်ချက်အသီးသီးကို လေ့လာ
ကြည့်လျှင် တယောက်နှင့်တယောက် ရည်ရွယ်ချက်ခြင်းမတူကြသည်ကို
တွေ့ရပါမည်။ ဤကဲ့သို့ ရည်ရွယ်ချက်ခြင်း မတူကြသောကြောင့်သာဖြစ်
ပါသည်။

အဖွားအိုတို့ ရည်ရွယ်ချက်ကိုထောက်၍ နှလုံးသွင်းပုံကို ခန့်မှန်း
ရလျှင်-

ငါတို့အသက်ကြီးပြီ၊ သေဖို့ရာ မဝေးတော့၊ မသေမီဥပုသ်
စောင့်ပြီး နတ်ချမ်းသာကို ဆုတောင်းမည်-

ဟူ၍ နှလုံးသွင်းရှိပုံကို ခန့်မှန်းနိုင်သည်။ ထို့ကြောင့်အဖွားတို့က "နတ်တို့
ဝည်းစိမ်အလို့ငှါ စောင့်ကြသည်" ဟု ဖြေဆိုခြင်း ဖြစ်ကုန်ပါသည်။

အရွယ်အလတ်စား အမျိုးသမီးတို့ ရည်ရွယ်ချက်ကိုထောက်၍ နှလုံး
သွင်းပုံကို ခန့်မှန်းရလျှင်-

မယားကြီး မယားငယ်ဖြစ်ရသည့် ဘဝမျိုးသည် အလွန်
ဆင်းရဲလှပါသည်၊ မကောင်းပါ။ ဥပုသ်စောင့်မှု ကုသိုလ်ပြုလုပ်
လျှင် ထိုအဖြစ်ဆိုးဘေးမှ ကင်းဝေးနိုင်သည်-

ဟူ၍ နှလုံးသွင်းပုံရပါသည်။ ထို့ကြောင့် ၎င်းတို့က "လင်တူ မိန်းမတို့
ဘေးမှကင်းဝေးအောင် စောင့်ကြပါသည်" ဟု အဖြေပေးခြင်းဖြစ်ပါသည်။

---

၁။ ဓမ္မပဒဝတ္ထု၊ တါဖြ။

အရှယ်နှသူ အမျိုးသမီးတို့ရည်ရွယ်ချက်ကိုထောက်၍ နှလုံးသွင်းပုံကို ခန့်မှန်းရလျှင်–

အိမ်ထောင်ကျလျှင် သမီးမိန်းကလေး ဦးစွာရခြင်းထက် သားယောကျ်ားလေး ဦးစွာရခြင်းက မြတ်သည်၊ ဥပုသ်စောင့်ခြင်းကုသိုလ်လုပ်လျှင် သားဦးဖွားရလိမ့်မည်–

ဟူ၍ နှလုံးသွင်းရှိပုံကို ခန့်မှန်းနိုင်သည်၊ ထို့ကြောင့်ပင် ၎င်းတို့က "သားဦးယောကျ်ားဖွားရန်အလို့ငှါ စောင့်ပါသည်"ဟု အဖြေပေးခြင်း ဖြစ်ပါသည်။

အပျိုစင်အမျိုးသမီးတို့ ရည်ရွယ်ချက်ကိုထောက်၍ ၎င်းတို့နှလုံးသွင်းကို ခန့်မှန်းရလျှင်–

အရွယ်ကြီးမှ အိမ်ထောင်ကျခြင်းထက် နုပျိုစဉ် အိမ်ထောင်ကျခြင်းက ပိုကောင်းမည်၊ ဥပုသ်စောင့်မှုကုသိုလ်ပြုလုပ်လျှင် နုပျိုစဉ် ယောကျ်ားနောက် အမြန်လိုက်ရလိမ့်မည်–

ဟူ၍ နှလုံးသွင်းပုံရပါသည်၊ ထို့ကြောင့်ပင် ၎င်းတို့က "မြန်မြန်ခိုးရာလိုက်လိုပါသဖြင့် ဥပုသ်စောင့်ကြပါသည်" ဟု ဖြေဆိုခြင်း ဖြစ်နိုင်လေသည်။

ဤသာဓကအရ သတ္တဝါတို့သည် မိမိတို့ဘဝအခြေအနေအရ အလိုဆန္ဒအဇ္ဈာသယအလိုက် နှလုံးသွင်းပုံချင်း မတူကြပုံ၊ နှလုံးသွင်းအမျိုးမျိုးရှိကြပုံကို သိနိုင်ပေသည်၊

နှလုံးသွင်းမကောင်းမှုကြောင့် ကြောက်ခွဲဖွယ်ရာ ဖြစ်ရပ်များ

ယောနိသော အယောနိသော နှလုံးသွင်းမှုနှင့်ပတ်သက်၍ ဓမ္မပဒလာ[၁] ကြောက်ခွဲဖွယ် ဖြစ်ရပ်များမှာ မှတ်သားဖွယ် ကောင်းလှပါသည်။

---

၁။ ဓမ္မပဒအဋ္ဌကထာ၊၁၊၂၉။

သဗ္ဗညု ဗုဒ္ဓမြတ်စွာသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် မိန်းမမြူတဦးကို အကြောင်းပြု၍ ကြေကွဲဖွယ် ဖြစ်ရပ်များကို ဟောကြားတော်မူခြင်းဖြစ်သည်။

ဖခင်သေဆုံးသွားပြီးနောက် တဦးတည်းသောသားယော်က မိခင်အား ကောင်းမွန်စွာ လုပ်ကျွေး၏၊ မိခင်သည် ချစ်စွာသော သားအား မိဗိ အလိုကျဖြစ်အောင် အိမ်ထောင်ချပေးလိုသဖြင့် သားအား အသိပေး တိုင်ပင်၏၊ သားဖြစ်သူက "အမိကိုသာ လုပ်ကျွေးနေပါရစေ" ဟု အကြိမ်ကြိမ် ငြင်းပယ်ပြောဆို၏၊ နောက်ဆုံး မိခင်ကို ပြောမရသဖြင့် မိမိကြိုက်နှစ်သက်သည့် အမျိုးသမီးတဦးကို မိခင်အားပြောပြကာ အိမ်ထောင်ပြုလိုက်လေသည်၊ ထိုအိမ်ကောင်ရှင် အမျိုးသမီးမှာ သားသမီး မထွန်းကားပဲ မိန်းမမြူဖြစ်နေ၏၊ ထို့ကြောင့် မိခင်က သားဖြစ်သူအား ပိဘ မျိုးရိုး စဉ်ဆက်အသွယ်ငှာ အခြား အမျိုးသမီးတဦးနှင့် အိမ်ထောင် ပြုရန်ပြော၏ ထိုအကြောင်းကိုပင် မိန်းမမြူ အမျိုးသမီး သိသွားသော အခါ ဤသို့ နှလုံးသွင်းမိလေ၏။

သားသမီးဘိမည်သည် ဖိဘစကားကို မလွန်ဆန်နိုင်၊ ထို့ကြောင့် နောက်မိန်းမတယောက် ယူမည်မှာ ကေန်ဖြစ်သည်၊ ယင်းသို့ ဆိုလျှင် ငါ့ကို ကျွန်မသာဖွယ် ထားလိုပေလိမ့်မည်၊ အခြားအမျိုးသမီး တဦးကို ငါကိုယ်တိုင် ရှာဖွေပေးမှ တော်ပေမည်–

ဟူ၍ နှလုံး ပြုမိလေသည်၊ နှလုံးသွင်း မိတ်ကူးအတိုင်းပင် အခြားအမျိုးသမီးတဦးကို ရှာဖွေ၍ ပေးစားလေသည်။

ထိုနောက် မယားကြီး မိန်းမမြူသည် ဤသို့ နှလုံးသွင်းမိလေသည်။

အကယ်၍ မယားငယ်မှာ သားသမီး ဖြစ်ထွန်းခဲ့လျှင် သူသာ လျှင် အိမ်ဥစ္စာ ပိုင်ဆိုင်သူ ဖြစ်ပေလိမ့်မည်၊ ထို့ကြောင့် သူကို ဖြစ်နိုင်သည့်နည်းဖြင့် သားသမီး မရအောင် ပြုလုပ်မှသင့်မည်–

ဟု မှားယွင်းမတော်သော နှလုံးသွင်းကာ အကျိုးမဲ့ ပြုလုပ်လျက် ကိုယ်ဝန်ကျ

ဆေးကို မသိအောင် အစာအာဟာရများနှင့် ရော၍တိုက်ပြီး ကိုယ်ဝန် ပျက်အောင် ဖျက်ဆီးလေသည်။

သေခါနီးဝယ်

မယားကြီး မိန်းမမြူသည် ဤနည်းဖြင့် မယားငယ်အား ကိုယ်ဝန် ပျက်အောင် ပြုလုပ်သည်မှာ နှစ်ကြိမ်ရှိပြီဖြစ်သည်၊ ထိုအခါ အိမ်နီးချင်း တို့က သိရှိပြီး "မယားကြီးကို အသိမပေးပြောကြားခြင်း မပြုရန်" တိုက် တွန်းကြ၏၊ ထိုကြောင့် နောက်တကြိမ် ကိုယ်ဝန်တည်သောအခါ အသိ မပေးတော့ပဲ နေခဲ့လေသည်၊ မယားကြီး မိန်းမမြူသည် ကိုယ်ဝန်မရှိ သေးဟု မှတ်ထင်ကာ စောင့်မြော်နေရာမှ မယားငယ်ကိုယ်ဝန် အရင့် အမာ ရောက်ချိန်ကျမှ သိသဖြင့် ကိုယ်ဝန်ကျဆေး ကျွေးသော်လည်း ပျက်မကျပဲ ကန့်လန့်ဖြစ်ကာ မယားငယ်မှာ အနိစ္စရောက်သွားရရှာသည်၊ ယူးခြားချက်မှာ သေခါနီးဝယ် ဤသို့ ဆုတောင်းမှုကို ပြုသွားလေသည်။

ငါသည် ဤဘဝမှ စုတေပြနေ သေလွန်ခဲ့သော် ဘီလူးမ ဖြစ်ရ ပြီး သင်နှင့် သားသမီးငယ်များကို စားရသည့်ကိုယ် ဖြစ်ရပါလို၏–

ဟူ၍ ဖြစ်သည်၊ ဤဆုတောင်းမှုကို လေ့လာကြည့်လျှင် "သင့်ကို ငါ ဂလဲ့စားချေမည်" ဆိုသည့် ထိုသူငယ်မ၏ မသင့်မတင့် နှလုံးသွင်းရှိပုံကို မှန်းဆနိုင်သည်။

ကြောင်နှင့်ကြက်

မယားငယ် ကွယ်လွန်သောအခါ ထိုအိမ်၌ ကြောင်မဖြစ်လေသည်၊ ယို့နောက် မယားကြီး မိန်းမမြူလည်း လင်ယောကျ်ား လက်ချက်ဖြင့် သေဆုံးကာ ကြက်မဖြစ်လေ၏၊ ကြောင်မသည် ကြက်မ၏ အဥတို့ကို စားသောက်ဂလဲ့စား ချေလေ၏၊ ထိုအခါ ကြက်မက "ကြောင်မသည် ငါ၏ဥတို့ကို စားပြီးနောက် ငါ့ကိုစားချေတော့မည်" သိရှိကာ "ဂလဲ့စား ချေမည်" ဟူသော မသင့်လျော်သည့် နှလုံးသွင်းမှုကိုပြုကာ ဤသို့ ဆုတောင်းပြန်လေသည်။

"ဤဘဝမှ စုတေမနေ သေလွန်သော် ထိုကြောင်မကို သားသမီးများနှင့်တကွ စားရသည့်ကိုယ် ဖြစ်ရပါလို၏"

ဟူ၍ ဖြစ်သည်။

**ကျားသစ်မ နှင့် သမင်မ**

ထို့နောက် ကြက်မသည် ဘဝပြောင်းကာ ကျားသစ်မဖြစ်ပြီး ကြောင်မသည် သမင်မ ဖြစ်လေ၏၊ သမင်မ သားဖွားသောအခါ ကျားသစ်မသည် သုံးကြိမ်တိုင်တိုင် ကိုက်စားလေရာ သမင်မလည်း ယခင်နည်းတူ "ငါလည်းစားချေမည်" ဟူသော မသင့်မတင့် နှလုံးသွင်းကာ ဆုပန်လေသည်။

ဤဘဝမှ စုတေသော် ထိုကျားသစ်မကို သားငယ်များနှင့်တကွ စားရသည့်ကိုယ် ဖြစ်ရပါလို၏--

ဟူ၍ ဖြစ်သည်။

ဘဲလူး နှင့် လူ

ထို့နောက် သမင်ဘဝမှ စုတေသော် ဘီလူးမဖြစ်၍၊ ကျားသစ်မကား သာဝတ္ထိပြည်ဝယ် တခုသောအမျိုး၌ အမျိုးသမီးတဦး ဖြစ်လေသည်၊ အရွယ်သို့ရောက်သောအခါ အနီးရွာတရွာသို့ သွားရောက် အိမ်ထောင်ကျလေသည်၊ သားဖွားသောအခါ ဘီလူးမသည် ချစ်မှုသော သူငယ်ချင်းကဲ့သို့သော အသွင်ဆောင်ကာ "ငါ၏ သူငယ်ချင်းမ အဘယ်မှာရှိ" ကြောင်းမေးပြီး အိမ်ခန်းအတွင်း သားဖွားနေကြောင်း သိရသောအခါ ပိန်းခလေး သားကျားလေး ခဲ့ကြားကိုလိုဟန်ဖြင့် ခလေးကိုဆွဲယူကိုက်စားသွားလေသည်။ ဤသို့ဖြင့် ဒုတိယအကြိမ် သားဖွားချိန် ရောက်သောအခါ ယောကျ်ားနှင့် တိုင်ပင်၍ မိဘအိမ်သို့ တိတ်တဆိတ်သွား၍ မီးဖွားလေသည်။

ဘီလူးမ ရှာပုံတော်ထွက်

ထိုအချိန်တွင် ဘီလူးမသည် ဝေဿဝဏ်နတ်မင်းကြီးထံ ရေပို့ရသည့် အလှည့်ရောက်နေသဖြင့် သွားနေရ၏၊ ရေပို့ပြီးသောအခါ အမြန်သွား ရောက်ရှာဖွေရာ မတွေ့ရသဖြင့် မသင့်မဘင့်နှလုံးသွင်းမှုကိုပြုကာ—

မည်သို့ဖြစ်စေ ငါ့လက်တွင်းက သင်မလွတ်ကင်းနိုင်—

ဟု ကြိမ်းဝါးလျက် မြို့တွင်းသို့ အပူတပြင်း လိုက်သွားလေသည်။

ဘုရားထံတော်သို့

ကလေးမိခင်သည်လည်း ဖွားမြင်ပြီးနောက် ရေချိုးအမည်ပေးကာ သားငယ်ကို ရင်ခွင်ပိုက်ချီ၍ သင်္ချိုင်းများနှင့်အတူ ဘုရားကျောင်းဝင်း ဖြတ်ကာ လျှောက်သွားသည် လမ်းခုလတ်တွင် ဘီလူးမနှင့်ရင်ဆိုင်တိုးတွေ့၍ ဟစ် အော်မြည်ကာ ပြေးပြီး ဘုရားရှင်ထံ အတင်းဝင်ပြေးရလေ၏။ ဘုရားခြေရင်း ဝပ်စင်းကာ သားငယ်ကိုချပြီး လျှောက်ထား၏။

ဘုန်းတော်ကြီးကောင်းသော မြတ်စွာဘုရား— အရှင်ဘုရား
တို့အား ဤသားကလေးကိုလှူပါ၏၊ ရှင်မြတ်ကြီးသည် ကယ်ဆယ်တော်
မ၏သားငယ်အတွက် အသက်ကယ်မ တော်မူပါဘုရား—

ဟူ၍ လျှောက်ထားလေသည်။

ဘီလူးမသောတာပန်တည်

ဘီလူးမသည် ကျောင်းတွင်းဝင်ရန် ကြိုးစားရာ တံခါးမှုန်နှစ်စောင့် နေသော သုမနနတ်မင်းက ဝင်ခွင့်မပေးပဲနေ၏၊ ထိုအခါ ဘုရားမြတ်စွာ သည် အရှင်အာနန္ဒာမထေရ်အား ဘီလူးမကိုခေါ်စေပြီး တရားဟော တော်မူသည်။

အသင်တို့သည် အဘယ့်ကြောင့် ဤသို့ပြုဘိသနည်း၊ ငါဘုရား ရှင်၏ရှေ့မှောက် မရောက်လာသော်၊ မြွေနှင့် မွေ့ပါတို့ကဲ့သို့လည်း ကောင်း၊ ဝံနှင့်ကြို့ ပင်စောင့်နတ်ကဲ့သို့လည်းကောင်း၊ ကျီးနှင့်

ခင်ပုပ်ငှက်ကဲ့သို့ လည်းကောင်း ကမ္ဘာမဆုံးမချင်း ရန်ငြိုးပွား ခြင်းတို့သည်သာဖြစ်ကုန်ရာ၏၊ အဘယ့်ကြောင့် ရန်တုန့်မူခြင်း ပြုကြ ဘိသနည်း၊ တဦးနှင့်တဦး ရန်တုန့်မမူမှသာလျှင် ငြိမ်းချမ်းရေးကို ရနိုင်၏၊ ရန်တုန့်မူနေသဖြင့် ဘယ်သော အခါမှ ရန်လက်စမသိမ်းပဲ ငြိမ်းချမ်းရေးကိုရနိုင်မည်မဟုတ်"-

ဟူ၍ ဟောတော်မူသည်၊ ဘီလူးမသည် တရားတော်ကို ကောင်းစွာနှလုံး သွင်းလျက် နာကြား၏။

တရားတော်၏အဆုံး၌ ဘီလူးမသည် သောတာပတ္တိဖိုလ်၌ တည်လေ သည်၊ ထို့နောက် ဘုရားရှင်သည် ကလေးမိခင်အား သားငယ်ကို ဘီလူးမ အား ပေးစေ၏၊ ဘီလူးမသည် သူငယ်ကိုဖက်ယမ်းနမ်းရှုံ့ပြီး ပြန်ပေး ကာ ဆာလောင်မွတ်သိပ်သဖြင့် ငိုပြည်တမ်း၍ နေ၏။ ဘုရားရှင်သည် ကလေး မိခင်အား ဘီလူးမကို အိမ်ခေါ်သွားစေပြီး နေရာပေးစေကာ ယာဂုစသည်တို့ဖြင့် လုပ်ကျွေးစေ၏။

ဘီလူးမ ကျေးဇူးဆပ်ခြင်း

ကလေးမိခင်သည် ဘီလူးမကို မိမိအိမ်ခေါင်လျှောက်၏ အထက်၌ နေရာပေးပြီးယာဂုဦး ထမင်းဦးတို့ဖြင့် ပြုစုကျွေးမွေး၏။ထို့နောက်ဘီလူးမ သည် အခြားသူတို့ စပါးထောင်းသောအခါ ကျည်ပွေ့ဖြင့် ဦးထိပ်ကို ပုတ်ခတ်သကဲ့သို့ ခံစားရ၏။ ထို့ကြောင့် ဘီလူးမအား ရွာ၏အပ သင့်တော် ဆိတ်ငြိမ်သော တနေရာ၌ထားကာ ပြုစုကျွေးမွေးကြ၏။ ထိုအခါ ဘီလူးမ သည် "ငါ့အား ကျေးဇူးအထူးများပေးသည် ကျေးဇူးတုန့်ပြန်အံ့" ဟု ကောင်းစွာနှလုံးသွင်းကာ—

"ဤနှစ်၌ ကောင်းစွာ မိုးရွာသွန်းအံ့၊ ကြည်းကုန်းအရပ်၌ ကောက်စပါးစိုက်သင့်၏၊ ဤနှစ်၌ မိုးကောင်းစွာမရွာ-ချိုင့် ဝှမ်းရာ မြေနိမ့်ရာတို့၌ ကောက်စပါးစိုက်သင့်၏—

ဟုကျေးဇူးကုန့်ပြန်ပြောဆို၏။ ကိုယ်ကြံ့နှစ်၍ မြို့ရွာနေ လူအပေါင်းသည်

ဘိလူးမအား ပူဇော်သက္ကာရကိုပြုကြသည်မှာ ယခုတိုင်ပင် အချို့အရပ်များ၌ ပြုလုပ်လျက်ရှိကြလေသည်။

## နှလုံးသွင်းမှု သတိပြု ဆင်ခြင်

ဤဝတ္ထု၌ မိန်းမမြို့ သားသမီးမရခြင်းက အစပြုကာ တဦးနှင့်တဦး တယောက်နှင့်တယောက် ဗိုလ်တလှည့် ငါးပြုံတလှည့် နိမ့်ချီတခါ မြင့်ချီတလှည့်၊ ဘတပြန် ကျားတပြန်သဘော နှလုံးသွင်းကြသည်နှင့်အမျှ ဆိုးရွားလှသည့် ကြေကွဲဖွယ် ဖြစ်ရပ်ဆန်းတို့ကို နမူနာယူကာ နှလုံးသွင်းမည်မျှ အရေးကြီးလှကြောင်း သတိပြုကြရန်ဖြစ်ပါသည်။

## ဘယောနိသောနှင့် မြေပြိုတ္တာ

ကဿပဘုရားရှင်လက်ထက်တော်အခါက သုမင်္ဂလခေါ် သူဌေးကြီးတဦးသည် ဘုရားရှင်အား ဂန္ဓကုဋိကျောင်းတော်ကြီးတဆောင် ဆောက်လုပ်လှူဒါန်း၏။ ကျောင်းကြီးမှာ ရွှေအုပ်တို့ဖြင့် မြေကိုခင်း၍ ဥသဘာနှစ်ဆယ် ပမာဏရှိသော အရပ်ဝယ် ထိုမျှလောက် ဥသဘာနှစ်ဆယ်ပမာဏရှိသော ဥစ္စာတို့ဖြင့် ဆောက်လုပ်လှူဒါန်းခြင်းဖြစ်၏။ ထို့ပြင် ကျောင်းပူဇော်ပွဲကြီးကိုလည်း ပြုလုပ်စေပါသည်။ တနေ့သောအခါ၌မူ သုမင်္ဂလသူဌေးကြီးသည် နံနက်စောစောကပင် ကဿပမြတ်စွာဘုရားထံတော်သို့ သွားရာ မြို့တော်တံခါးအနီး ဇရပ်တဆောင်ဝယ် ဖန်ရည်ဆွန်းသော အဝတ်ကိုခေါင်းမြီးခြုံလျက် ခြေထောက်များ၌မူ ဖုန်အလိမ်းလိမ်း ပေကျံနေကာ အိပ်နေသောသူခိုးတယောက်ကိုတွေ့ရလေ၏။ ထိုအခါသူဌေးကြီးက–

"ဤသူသည် ခြေဖနောင့်များပေကျံလျက်ရှိ၏၊ ညဉ့်နက်သန်းခေါင် သွားလာသူပ်ရှားကာ အိပ်သောသူ ဖြစ်ပေအံ့"

ဟုဆိုလိုက်ပါလေ၏။ အိပ်နေသော သူခိုးသည် မျက်နှာကို ဖွင့်ကြည့်ကာ သူဌေးကြီးကိုမြင်လေလျှင်–

"ရှိစေတော့ သင့်အား ပြုအပ်သောအမှုကိစ္စကို သိစေအံ့"

ဟု ရန်ငြိုးဖွဲ့ကာ သဒ္ဒေးကြီး၏လယ်ကိုလည်းကောင်း၊အိမ်ကိုလည်းကောင်း ခုနစ်ကြိမ်စီတိုင်တိုင် မီးတိုက်ဖျက်ဆီး၏၊ နွားခြံမှနွားတို့၏ ခြေတို့ကိုလည်း ထို့အတူ ခုနစ်ကြိမ်တိုင်တိုင်ပင် ခုတ်ဖြတ်ပစ်၏။ ထိုမျှဖြင့် မကျေနပ်သေးပဲ သဒ္ဒေးကြီးအနှစ်သက်ဆုံး အမြတ်နိုးဆုံးသောအရာမှာ ဂန္ဓကုဋိကျောင်းတော်ကြီးပင် ဖြစ်ကြောင်း စုံစမ်းသိရှိရသဖြင့် ထိုကျောင်းတော်ကြီးကိုလည်း မီးတိုက်ဖျက်ဆီးလေ၏။ ဘုရားရှင်ကြွလာသည့်အခါ ဘုဉ်းပေးရန် အသင့်ပြုလုပ်ထားသော သောက်ရေ သုံးဆောင်ရေတို့ကိုလည်း ဖျက်ဆီးလေ၏။

## သဒ္ဒေးကြီးလက်ခမောင်းခတ်ခြင်း

သဒ္ဒေးကြီးသည် ရှင်းလှူဒါန်းသည့် ဂန္ဓကုဋိကျောင်းတော်ကြီး မီးလောင်သည်ဟု သိရသောအခါ သွားရောက်ကြည့်ရှုပြီး သံချည်တပင် ပျားမျှလည်း နှလုံးမသာမယာမဖြစ်မူ၍ လက်ဝဲလက်ရုံးကိုခွေပြီး လက်ယာလက်ဖြင့် ပြင်းထန်စွာ လက်ခမောင်းခတ်လေ၏။

## သဒ္ဒေးကြီးနှလုံးသွင်းကောင်းပုံ

ထိုအခါသဒ္ဒေးကြီးကို ကြားသိသူလူအများက မေးမြန်းကြ၏။

"သဒ္ဒေးမင်း– ဤမျှလောက်သော ဥစ္စာကို ကုန်လွတ်၍ ဆောက်လုပ်လှူဒါန်းအပ်သော ဂန္ဓကုဋိ ကျောင်းတော်ကြီး မီးလောင်နေပါလျက် အဘယ့်ကြောင့် လက်ခမောင်းခတ်ပါ သနည်း"–

ဟု မေးမြန်းကြ၏။ ထိုအခါသဒ္ဒေးကြီးက—

"အမောင်တို့– ငါသည် ဤမျှသော ကောင်းမှုကိုပြု၍ ပီး အာရုံသည်ကိုလှည့် ပယ်ကာခဲ့သော ဘုရားရှင်၏ သာသနာတော်ကို ဥစ္စာကို မြှုပ်နှံသိုမှီး သိမ်းဆည်းရအပ်ပေ၏၊ ကဖန် ဤမျှလောက်

> သော ဥစ္စာကိုစွန့်၍ ဘုရားရှင်အတွက် ဂန္ဓကုဋိကျောင်းတော်ကြီး ဆောက်လုပ် လှူဒါန်းရပေအံ့”ဟု နှလုံးသွင်းကာ နှစ်သက် ဝမ်းမြောက်သောစိတ်ရှိသည်ဖြစ်၍ လက်ခမောင်းခတ်ခြင်း ဖြစ်ပေ သည် အမောင်တို့”—

ဟု ပြောဆိုလေ၏။ ထို့နောက် သဌေးကြီးသည် နောက်တဖန်ထိုမျှ ပမာဏ ရှိသော ဥစ္စာကိုစွန့်ကာ ဂန္ဓကုဋိကျောင်းတော်ကြီးကို ဆောက်လုပ်ပြီး ရဟန်းနှစ်သောင်း အခြံအရံရှိသော ကဿပဘုရားရှင်အား လှူဒါန်းပြန် လေ၏။

ရန်သူအား ရှေးဦးစွာ အမျှဝေခြင်း။ ။သဌေးကြီး ထိုသို့ပြုလုပ်ပုံကို တွေ့ မြင်ရသောအခါ ခိုးသူသည် ဤသို့

ကြံစည်လေ၏။

> “ငါကား သဌေးကြီးကို မသတ်မူ၍ မျက်နှာပျက်အောင်ပြုခြင်း ငှာ မတတ်နိုင်သေးပါ တကား၊ ရှိစေတော့၊ ထိုသဌေးကြီးကို သတ်တော့အံ့” –

ဟု ကြံစည်လျက် ခါးဝတ်ပုဆိုးကြား၌ ဓားငယ်ကိုဝှက်ကာ ၇-ရက်ပတ်လုံး ကျောင်းတော်၌ သွားလာလှည့်လည် ချောင်းမြောင်း၏၊ သို့သော် အခွင့် မရပဲ ရှိလေ၏။သဌေးကြီးသည် ၇-ရက်ပတ်လုံး ဘုရားအမှူးရှိသော ရဟန်း သံဃာအား လှူဒါန်း၍ ရှိခိုးလျက်—

> “ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား— လူတယောက် သည် တပည့်တော်၏လယ်ကိုလည်းကောင်း၊အိမ်ကိုလည်းကောင်း၊ ၇-ကြိမ်စီတိုင်တိုင် မီးတိုက်ဖျက်ဆီးပါသည်၊ ၇-ကြိမ်တိုင်တိုင်ပင် နွားခြံမှနွားတို့၏ ခြေထောက်တို့ကိုခုတ်ဖြတ်ပါသည်၊ ယခုအခါ ဂန္ဓကုဋိကျောင်းတော်ကိုလည်း ထိုလူပင် မီးတိုက်ဖျက်ဆီးပါလိမ့် မည်၊ တပည့်တော်သည် ဤအလှူ၌ ရှေးဦးစွာသော ကုသိုလ် အဖို့ကို ထိုလူအား အမျှပေးဝေပါ၏ဘုရား”-

ဟုလျှောက်ထားလေ၏။

**သူခိုးက တောင်းပန်ပုံ**

သူခိုးသည် သင်္ဘေးကြီးလျှောက်ထားသောစကားကို ကြားရသောအခါ ဤသို့ နှလုံးသွင်းဆင်ခြင်မိလေ၏။

"ငါသည် ဝန်လေးသောအမှုကို ပြုမိလေသည်၊ သင်္ဘေးကြီးကား အနည်းငယ်မျှပင် အမျက်ထွက်ခြင်းမရှိ၊ အလှူ၏ကုသိုလ်အဖို့ကို လည်း ငါ့အားသာလျှင် ဦးစွာပေးဝေ၏၊ ငါသည် သင်္ဘေးကြီး အပေါ်၌ များစွာပြစ်မှားမိ၏။ သူတော်ကောင်းကို ပြစ်မှားသော ငါ၏ထိပ်၌ နတ်တို့လက်နက်မိုးကြိုးစက်သည် ကျပေရာ၏"- ဟု ကြံ၍ သင်္ဘေးကြီးခြေရင်း၀ယ် ၀တ်စင်းလျက်-

"အရှင်သင်္ဘေးမင်း- ကျွန်တော့အား သည်းခံတော်မူပါ"

ဟု တောင်းပန်ကာ အကြောင်းစုံကို ပြန်လည်ပြောဆိုလေ၏။ သင်္ဘေးကြီး ကလည်း ထိုပြစ်မှားမှုများအတွက် သည်းခံခွင့်လွှတ်ကြောင်း ပြောဆို၏။ သူခိုးသည် ထိုပြစ်မှုများကို ပြုမိသောကြောင့် အဝီစိငရဲ၌ ကြာမြင့်စွာ ခံစားရပြီး နောက်ဆုံး၌မူ အကျိုးဆက်အားဖြင့် အလျား ၂၅-ယူဇနာ ရှိသောစပါးကြီးမြွေ ပြိတ္တာကြီးဖြစ်လေသည်။ ထိုပြိတ္တာကြီး၏ ဦးခေါင်းမှ မီးလျှံသည် အဆုံးအမြီးဖျားတိုင်အောင် အဆုံးအမြီးဖျားမှ မီးလျှံသည် လည်း ဦးခေါင်းတိုင်အောင် ဦးခေါင်း မြီးဖျား ၂-ပါးသောအရပ်မှ မီးလျှံ, တို့သည်အလယ်၌ သက်ဝင်စုဝေးတည်နေလျက် တောက်လောင်၏ဟု ကျမ်းဂန်များ၌ ဖွင့်ဆိုလေသည်[၁]။

**အမျှမဝေ ကုသိုလ်မရ**

ဂေါတမဗုဒ္ဓမြတ်စွာ ပွင့်တော်မူလာသည့်အခါ ဗိမ္ဗိသာရမင်းကြီးသည် ပထမဦးစွာသောနေ့၌ အလှူကြီး ပေးလှူခဲ့၏။ ထိုစဉ်က ဗိမ္ဗိသာရမင်း ကြီး၏ အတိတ်ဘဝက ဆွေမျိုးတော်စပ်ခဲ့ကြသည့် ရှမ်သေင်းလေး

၁။ ဓမ္မပဒဋ္ဌ၊ ၂။၃၉။

ယောင်သော ပြိတ္တာတို့သည် ညအချိန်ဝယ် ကြောက်လန့်ဖွယ်ကောင်းသော အသံကို ဟစ်အော်မြည်တမ်းကြကုန်၏။ ဗိမ္ဗိသာရမင်းကြီးအား ကိုယ်ထင်ရှားပြကြကုန်၏၊ နံနက်မိုးသောက်သောအခါ ဗိမ္ဗိသာရမင်းကြီးသည် ဝေဠုဝန်ကျောင်းတော်သို့သွားကာ ဘုရားရှင်အား အကြောင်းစုံဖြစ်ပျက်ပုံကို လျှောက်ထား၏၊ ဘုရားရှင်က—

"ဒကာတော်မင်းကြီး— ဤကမ္ဘာမှ ပြန်၍ရေသော် (၉၂) ကမ္ဘာထက်၌ ဖုဿဘုရားရှင် လက်ထက်တော်အခါ သင်မင်းကြီး၏ ဆွေမျိုးသားချင်းများ ဖြစ်ကြသည့် ထိုပုဂ္ဂိုလ်တို့သည် ရဟန်းသံဃာတော်တို့အား ရည်ညွှန်းလှူဒါန်းအပ်သော အလှူဆွမ်းဝတ်ကို အဦးအဖျား စားသောက်ကြသောကြောင့် ပြိတ္တာဘုံ၌ ဖြစ်နေကြကုန်၏၊ ယမန်နေ့က သင်မင်းကြီးပေးလှူဒါန်းသော အလှူ၌ အမျှပေးဝေပါသဖြင့် ကုသိုလ်အဖို့ကို မရသောကြောင့် ဤသို့ ကြောက်လန့်ဖွယ်ကောင်းသော အသံကို ဟစ်အော်မြည်တမ်းကြကုန်၏"-

ဟု မိန့်တော်မူ၏။ ထိုအခါ ဗိမ္ဗိသာရမင်းကြီးသည် နောက်ထပ်တဖန် ဘုရားအမှူးရှိသော သံဃာတော်များကို ပင့်ဖိတ်လှူဒါန်းကာ—

"မြတ်စွာဘုရား၊ ဤအလှူဒါနကို ပေးလှူသည့်အချိန်မှစ၍ ထိုဆွေမျိုးပြိတ္တာတို့အား နတ်ဝတ္ထု၌ ဖြစ်သော ထမင်းအဖျော်စားဖွယ် သောက်ဖွယ်များ ပြည့်စုံပါစေသတည်း"—

ဟု ဟု မိန့်ပြီး ဗိမ္ဗိသာရမင်းကြီးသည် အမျှပေးဝေ၏။ ယင်းအမျှပေးဝေသောအခါ ၌ပင် ဆောင့်တသည့်အတိုင်း နတ်ဘုံ၌ ဖြစ်သော ထမင်းအဖျော်စားဖွယ် သောက်ဖွယ်များ ထင်ရှားဖြစ်လာကြကုန်၏။

အဝတ်မဲ့သည်း ကိုယ်လုံးပါးဘာပ

တဖန် ပုံးသောက်ခဲ့သောနေ့၌မူ အဝတ်မဲ့သည်း အချည်းနှီးဖြစ်ကာ ကိုယ်ထင်ရှားပြသကြပြန်၏၊ ထိုသို့ဖြစ်ပုံကို ဘုရားရှင်အား လျှောက်ထားပြန်ရာ—

"မင်းကြီး သင်သည် အဝတ်သက်န်းတို့ကို မပေးလှူရကုန်သေး"–

ဟု မိန့်တော်မူသောကြောင့် တဖန် ရဟန်းသံဃာတို့အား သင်္ကန်းအလှူကို ပေးလှူပြန်၏။ ထိုနောက် မင်းကြီးသည်–

"ထိုပေးလှူသောခဏမှာပင် ဆွေမျိုးပြိတ္တာတို့အား နတ်တို့၌ဖြစ်သော အဝတ်တန်ဆာများဖြစ်စေကုန်သတည်း"–

ဟု ရည်မှန်းဘောင့်တလျက် အမျှပေးဝေ၏။ ထို့ကြောင့် ဆွေမျိုးပြိတ္တာတစုတို့သည် အမျှပေးဝေသော ခဏမှာပင် ပြိတ္တာအဖြစ် ပြိတ္တာဘဝမှ လွတ်မြောက်၍ နတ်ပြည် နတ်ဘဝ၌ ဖြစ်ကြလေသည်။[၁]

## အယောနိသောနှင့် ပြိတ္တာဘုံ

ဤဝတ္ထုကိုကြည့်လျှင် ဗိမ္ဗိသာရမင်းကြီး၏ ဆွေမျိုးပြိတ္တာတို့သည် အယောနိသောဖြင့် နှလုံးသွင်း မနသိကာရ လွဲမှားပြီး ရဟန်းသံဃာတို့ အဦးအဖျား စားမိရာမှ ပြိတ္တာဘုံ၌ ဖြစ်ကြရပြီး နောင် အမျှအတန်းပေးဝေသောအခါကျမှ ကောင်းမှုကုသိုလ်များကို ပြန်လည် နှလုံးသွင်းနိုင်ကာ ထိုပြိတ္တာဘဝမှ လွတ်မြောက်၍ နတ်ပြည်၌ ဖြစ်ကြရလေသည်။ ဤဝတ္ထုဖြင့်လည်း သတ္တဝါတို့ ဘဝကူးပြောင်းရာတွင် နှလုံးသွင်းမနသိကာရ မည်မျှ အရေးကြီးလှကြောင်း ထင်ရှားပါသည်။ ထို့ကြောင့် ယခုကာလ အသုဘရှုတရားနာ ရေစက်ချရာ၌ ရဟန်းပေါင်းဆုပြုတော်မူသော်–

"ပေတော ကာလကတော၊ဘာဝတပါးသို့ ပြောင်းသွားသော ပုဂ္ဂိုလ်သည်။ မရဏာသန္နကာလ၊သေခါနီးသောကာလ၌။အယောနိသောမနသိကာရကြောင့်၊မသင့်မဟင့်နှလုံးသွင်းမိသည်ဖြစ်၍။ ပေတဘဝေ၊ပြိတ္တာဘုံ၌။ သစေ ဥပ္ပဇ္ဇတိ၊ အကယ်၍ ဖြစ်ခဲ့ပါငြားအံ့။ တင်္ခဏေဝ၊ ထိုရေစက်သွန်းချ အမျှပေးဝေသောခဏ၌ပင်။

---

၁၊ ခုဒ္ဒကပါဌ၊ဋ္ဌ၊၁၇၂။

> တတော၊ ထိုပြိတ္တာဘုံဘဝမှ။ မုစ္စိတွာ၊ လွတ်မြောက်၍။ ဒိဗ္ဗာနိ၊ နတ်၌ ဖြစ်ကုန်သော။ ဘောဇနာနိ စ၊ ဘောဇဉ်တို့ကိုလည်းကောင်း။ ဒိဗ္ဗာနိ၊ နတ်၌ဖြစ်ကုန်သော။ ပါနာနိ စ၊ အဖျော်တို့ကိုလည်းကောင်း၊ လဘိတွာ၊ ရ၍။ အနုဘဝတု၊ အစဉ်သုံးဆောင် ခံစားနိုင်ပါစေသတည်း"—

အစရှိသည်ဖြင့် ရေစက်သွန်းချပြီး ထိုကုသိုလ်အဖို့ကို အမျှပေးဝေကြလေသည်။ အလားတူပင် မဟာပဒုမ တိဿရဟန်းကြီး နှလုံးသွင်းလွဲမှားပြီး သက်န်း၌ တွယ်တာကာ သန်းကြီးသတ္တဝါဖြစ်ရခြင်း စသည်တို့သည်လည်း နှလုံးသွင်း မနသိကာရ၏ ထင်ရှားသော သာဓကများ ဖြစ်ကြလေသည်။

## နှလုံးသွင်းမကောင်းလျှင်တဏှာ ကောင်းလျှင်ဘာဝနာ

အင်္ဂုတ္တိုရ်ပါဠိတော်လာ ရာဂဖြစ်ပေါ်ရန်အကြောင်း ၂-ရပ်မှာနှစ်သက်ဖွယ်အာရုံနှင့် နှလုံးသွင်း မကောင်းခြင်းတို့ဖြစ်သည်၊ နှစ်သက်ဖွယ်အာရုံနှင့် တွေ့ကြုံရသော်လည်း နှလုံးသွင်း မှန်ကန်ကောင်းမွန်ပါက ရာဂတဏှာ မဖြစ်နိုင်ပေ။ ထို့ကြောင့် ကောင်းမှု မကောင်းမှုကိစ္စဟူသမျှတို့၌ နှလုံးသွင်းမှု မနသိကာရအရေးပါလှသည်၊ အရေးကြီးလှပေသည်။ ပွဲလမ်းသဘင်ကြည့်ရာ၌ပင် နှလုံးသွင်းမကောင်းက တဏှာသဘောများ ဖြစ်ပွားနိုင်ပြီး၊ နှလုံးသွင်းလိမ္မာကောင်းမွန်ပါက ဘာဝနာကုသိုလ် ဈာန် မဂ်ဖိုလ်များကိုပင် ရနိုင်သည့် ဝတ္ထုသက်သေ အထောက်အထားများကို တွေ့ရလေသည်။

## အစုန်တဏှာနှင့် အဆန်ဘာဝနာ

ပွဲလမ်းသဘင်ကြည့်ရာဝယ် တဏှာနှင့် ဘာဝနာ၊ တဏှာအဖြစ်များသည်ဟု ဆိုနိုင်၏။ အဘယ်ကြောင့်ဆိုသော် ဖလာကပ္ပ အကောင်းအဆိုး ၂-မျိုးတွင် အဆိုးသည် စုန်ဆင်းသော သဘောဖြစ်ပြီး၊ အကောင်းဘက်သည် ဆန်တက်ရမည့် အဆန်သဘောဖြစ်၏။ အကုသိုလ်ပိုင်းဆိုင်ရာ

အပါယ်လေးပါးသို့ ဦးတည်ညွတ်ကိုင်းသောသဘော စိတ်နေ စိတ်ထား များသည် အစုန်သဘောဖြစ်၏၊ ကုသိုလ်ပိုင်းဆိုင်ရာ နတ်ရွာသုဂတိ ဈာန် မဂ် ဖိုလ်နိဗ္ဗာန်သို့ ဦးတည်ညွတ်ကိုင်းသော သဘော စိတ်နေသဘောထားများသည် ပုထုဇဉ်တို့အဖို့ ဆန်တက်ရမည့် သဘောတရားများ ဖြစ်သည်။ ထို့ကြောင့် တဏှာနှင့် ဘာဝနာတွင် တဏှာအဖြစ်များနိုင် ဖွယ်ရှိ၏။ သို့ရာတွင် နှလုံးသွင်း လိမ္မာပါက ဘာဝနာအဆန်ဘက်သို့ ကောင်းစွာဆန်တက်နိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် "မကြည့်တတ်လျှင် တဏှာ ကြည့်တတ်လျှင် ဘာဝနာ" ဟူ၍လည်း မိန့်ဆိုကြလေသည်။

## ပွဲကြည့်တတ်၍ ရဟန္တာဖြစ်ပုံ

ထေရဂါထာပါဠိတော်လာ ဘုရားရှင်လက်ထက်တော်က သာကီဝင် မင်းသား နာဂသမာလသည် ဘုရားရှင်ထံမှောက် သဒ္ဓါပေါက်၍ ရဟန်း ပြုလေသည်။ နာဂသမာလ ရဟန်းတော်သည် ရံခါ ဘုရားရှင်ကို လုပ်ကျွေးပြုစုရ၏၊ တနေ့သောအခါ၌မူ နာဂသမာလရဟန်းတော်သည် ဆွမ်းခံကြွစဉ် လမ်းခုလတ်တနေရာဝယ် ကပွဲတပွဲကို အမှတ်မထင် တွေ့ရ လေသည်။ ထိုအခါ မထေရ်က အသင့်အားဖြင့် နှလုံးသွင်းပုံမှာ–

> "ဤသို့ ကပြလှုပ်ရှားမှုကား စိတ္တဇလေကြောင့် လှုပ်ရှားနေ ခြင်းမျှသာ ဖြစ်လေသည်"-

ဟူ၍ဖြစ်၏။ ဤသို့ သာနှန်လာဘာဝကို နှလုံးသွင်းပြီး အဖြစ်အပျက်ကို ဆင်ခြင်ကာ အားထုတ်ရာမှ အရဟတ္တဖိုလ်ရ၍ ရဟန္တာဖြစ်ခဲ့လေသည်။ ထို့ကြောင့် မထေရ်မြတ်သည် မိမိ၏အကျင့် ပဋိပတ်ကို–

> "ငါသည် ဆွမ်းအလို့ငှာ ရွာတွင်းသို့ဝင်သွားစဉ် (လက်ဝတ် တန်ဆာတို့ဖြင့်) တန်ဆာဆင်ထားသော ကင့်ကာယ်သောအဝတ်ကို ကိုဝက်သော ယိုကချေသည်ပါန်းမကုံ သေမင်းလောင်ထားသော ကျော့ကွင်းကဲ့သို့ တွေ့မြင်ရ၏။

ထို့ကြောင့် ငါ့အား (စက်ဆုပ်ရွံရှာဖွယ်)ဟု အသင့်အားဖြင့် နှလုံးသွင်းမှု ဖြစ်ပေါ်လာ၏၊ အပြစ်ဟုထင်မြင်သော အာဒီနဝ- ဉာဏ်သည် ထင်ရှားဖြစ်ပေါ်၏၊ ငြီးငွေ့မှု နိဗ္ဗိဒါဉာဏ်သည် (ငါ့နှလုံး၌) ကောင်းစွာတည်၏"[၁]-

အစရှိသည်ဖြင့် ရွတ်ဆိုပြောကြားတော် မူခဲ့လေသည်။

မဟ္တာရာဆရာတော်

ထို့ပြင် မင်းတုန်းမင်းလက်ထက်က မဟ္တာရာဆရာတော်ဘုရားကြီး၏ နှလုံးသွင်းပုံမှာလည်း များစွာ အတုယူဖွယ် ကောင်းလှပါသည်။ ဗုဒ္ဓအဘိ- ဓမ္မာစေတသိက်များအဖွင့် အတွဲ(၃)တွင် ကြည့်ရှုပါလေ။

ပနသိကောင်းမှ အယူမှန်မည်

အယူမှားမိစ္ဆာဒိဋ္ဌိနှင့် အယူမှန်သမ္မာဒိဋ္ဌိတို့မှာ မည်မျှအရေးကြီးကြောင်း ထင်ရှားပါသည်၊ မသူတော်တရားကိုကြားနာရခြင်း နှလုံးသွင်းမကောင်း ခြင်းသည် အယူမှား(မိစ္ဆာဒိဋ္ဌိ)ဖြစ်ရန် အကြောင်းများဖြစ်သည်။သူတော် ကောင်းတရားကို ကြားနာရခြင်း နှလုံးသွင်းကောင်းခြင်းသည် အယူမှန် (သမ္မာဒိဋ္ဌိ)ဖြစ်ရန် အကြောင်းဖြစ်သည်။ ထို့ကြောင့် နှလုံးသွင်းကောင်း မကောင်းသည် အယူမှား အယူမှန်ကို အဆုံးအဖြတ်ပေးနိုင်လေသည်၊ အယူမှားလျှင် သံသရာတွင် ပါးဝင်အောင် နစ်မွန်းလိမ့်မည်[၂]။

ယောနိသောနှင့်ဘုရားရှင်

သိဒ္ဓတ်ပါဠိတော်၌ ဘုရားရှင်သည် ကောင်းမွန်သော နှလုံးသွင်းရှိ တော်မူသည်။ ကောင်းမွန်လှသည့် နှလုံးသွင်းဖြင့် ဂုဏ်ကန်စွာ ကြိုးပမ်း အားထုတ်မှုကြောင့် သံသရာဘဝမှ လွတ်မြောက်ခဲ့သည်။ တပည့်သာဝက-

---

၁။ ထေရဂါထာ။ ၂၆၉။ ၄၂၂။ ၂။ အံ၊၁။ဂါ၊၈၇။ ပဋိ၊၁။၃၆၈။

ရဟန်းတော်တို့အားလည်း နှလုံးသွင်း ကောင်းခြင်း မှန်ကန်စွာ ကြိုးပမ်းခြင်းဖြင့် ဘဝမှ လွတ်မြောက်မှုကို အရယူကြရန် တိုက်တွန်းခဲ့လေသည်[၁]။

## ဘုရားဖြစ်ရန် မနသိကာရ အကြောင်းခံပုံ

နှလုံးသွင်း ကောင်းပါက ကောင်းသောလုပ်ငန်း ကောင်းသော ကုသိုလ်မှုဆိုင်ရာ၌ အထွတ်အထိပ်ဆုံးထိ အောင်မြင်မှုကို ရနိုင်၏၊ ဝိပဿီအစ ဂေါတမဗုဒ္ဓမြတ်စွာအဆုံး ခုနစ်ဆူကုန်သော ဘုရားရှင်တို့သည် ဘုရားမဖြစ်မီ ပဋိစ္စသမုပ္ပါဒ်နည်းအရ ကြောင်းကျိုးဆက်စပ်၍ ဟုန်ကန်သော သစ္စာတရားကို ရှာခဲ့ကြသည်။ ဤသို့ ဆက်စပ်ရှာဖွေရာတွင် ဇာတိ ဖြစ်ပေါ်လျှင် ဇရာ မရဏ ဖြစ်ရသည်၊ ဇာတိသည် ဇရာ မရဏ၏ အကြောင်းတရားဖြစ်သည် အစရှိသည်ဖြင့် ကြောင်းကျိုးဆက်ကာ ရှာဖွေခြင်းဖြစ်သည်။ ဤသို့ ပဋိစ္စသမုပ္ပါဒ်နည်းဖြင့် ဖြစ် ပျက် လက္ခဏာကို ထိုးထွင်း၍ သိတော်မူသည်။ အမှန်တရားကို ထိုးထွင်း၍ သိခြင်းဖြင့် သဗ္ဗညုတဘုရားအဖြစ်သို့ ရောက်ခဲ့သည်။ ဤသို့ သစ္စာတရားကို ထိုးထွင်း၍ သိနိုင်ခြင်း၏ အရင်းခံအကြောင်းမှန်ကိုရှာလျှင် ယောနိသောမနသိကာရ ခေါ် နှလုံးသွင်းကောင်းမြတ်မှုကို တွေ့ရပါမည်။ ထို့ကြောင့် ဘုရားဖြစ်နိုင်ရန်မှာ မနသိကာရ အကြောင်းခံဟု ဆိုရပါမည်[၂]။

## နှလုံးသွင်းကောင်းအောင် ကြိုးပမ်းပြုပုံ

နှလုံးသွင်း ကောင်းခြင်းသည် ဘုရားဖြစ်နိုင်သည်အထိ ကောင်းကျိုး အကျိုးရှိပါသည်။ ထို့ကြောင့် နှလုံးသွင်း ယောနိသော ကောင်းအောင် ကြိုးပမ်းကြရပါမည်။ ဗဟုသုတ အကြားအမြင်များအောင် လေ့လာ ဆည်းပူးခြင်း၊ ပညာရှိ သူတော်ကောင်းများကို ဆည်းကပ်နည်းယူ နာယူ မှတ်သားခြင်းများကို ပြုလုပ်ရပါမည်။ အကြားအမြင် များအောင်-

---

၁။ သံ၊ ၁။ ၁၀၆။

၂။ သံ၊ ၁။ ၂၄၆။ ၂၅၂။ ၃၂၇။

"ငါ၏သန္တာန်၌ အမြဲစိတ်ကောင်းနှလုံးကောင်းဖြစ်စေရမည်" ဟု သတိထားကာ အရာရာကို လုပ်ဆောင်သူမှာ မည်သည့်ကိစ္စမဟူ တွေ့ကြုံရာ အာရုံများ၌ နှလုံးသွင်းကောင်း ယောနိသောမနသိကာရ ဖြစ်တတ်ပါသည်။ ထို့ကြောင့်—

"နှလုံးသွင်းကောင်းအောင် ကြိုးပမ်းကြပါ"

နှလုံးသွင်းကောင်းလျှင် ဘုရားဖြစ်သည်အထိ နိဗ္ဗာန်ရောက်သည်အထိ အကျိုးကျေးဇူးရှိမည်ဖြစ်ပါသည်။

## နှလုံးသွင်းမကောင်းလျှင် အပါယ်ကျ၍ သံသရာလည်မည်

သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာခိုးယူခြင်း၊ သူ့တပါးသားမယား ပြစ်မှားခြင်း၊ မုသားပြောခြင်း၊ မူးယစ်သောက်စားခြင်းအစရှိသော အကုသိုလ်မှုဟူသမျှတို့မှာ ပြုလွယ် လွန်ကျူးလွယ် အားထုတ်လွယ်သော အကုသိုလ်မှုများဖြစ်ကြပါသည်။ ထို့ပြင် ဘုရားရှိမခိုးလိုခြင်း၊ တရားမနာလိုခြင်း၊ ဒါန သီလ ဘာဝနာမှု မပြုလိုခြင်း စသည်တို့မှာလည်းထို့အတူပင် ပြုလွယ် လွန်ကျူးလွယ်သော အကုသိုလ်မှုများပင် ဖြစ်ကြပါသည်။ ထို့ကြောင့် ထိုအကုသိုလ်မှုဘို့ကို "အနုသောတဓမ္မ=စုံဆင်းသောအစုံတရားများ၊ ရေစုံတရားများဟူ၍လည်းကောင်း၊ အသဒ္ဓမ္မ=မသူတော်တရားများဟူ၍လည်းကောင်း၊ ဗာလူပနိဿယ၊ လူမိုက်တို့ မှီဝဲဆည်းကပ်အပ်သော တရားများဟူ၍လည်းကောင်း ခေါ်ဆိုအပ်ပါသည်။

ထို အကုသိုလ်မှုတရားစုတို့ ဖြစ်ပေါ်မှုအကြောင်းရင်းမှာ မသင့်မတင့် နှလုံးသွင်းမှု=အယောနိသောမနသိကာရဖြစ်ပါသည်၊ (ဝါ) ထို အကုသိုလ်မှုကိုသည် မသင့်သောအားဖြင့် နှလုံးသွင်းမှု=အယောနိသော-မနသိကာရလျှင် အကြောင်းရင်းရှိကြပါသည်၊ ထိုအယောနိသောမနသိ-ကာရဖြစ်ပေါ်ရခြင်းမှာလည်း အတိတ်ဘဝက ကောင်းမှု မပြုခဲ့ဘူးခြင်း၊

သင့်လျော်လျောက်ပတ်သော အရပ်၌ မနေထိုင်ခဲ့ခြင်း၊ မိမိကိုယ်စိတ်နှစ်ပါးကို မစောင့်စည်း မထိန်းသိမ်းခဲ့ခြင်း၊ သူတော်သူမြတ်တို့ကို မဆည်းကပ်ခဲ့ခြင်း၊ သူတော်ကောင်းတရား မနာကြားခဲ့ခြင်း ဟူသော ဖောက်ပြန်မှု ဝိပတ္တိသဘောတို့ကြောင့် ဖြစ်ပေါ်လာရခြင်းဖြစ်ပါသည်။

မှန်ပေသည်၊ ရှေးက ကောင်းမှုမပြုခဲ့ဘူးလျှင် မသူတော်တို့ကျက်စားရာ မသင့်မလျော်သည့်အရပ်=အပ္ပတိရူပဒေသ၌ဖြစ်ရ၏။ ဤမသင့်လျော်သည့် အရပ်၌ဖြစ်ရသူတို့မှာ မိဘကောင်း ဆွေမျိုးကောင်း ဆရာသမားကောင်း တို့နှင့်မဆုံတွေ့ရပဲ မသူတော်များနှင့် ဆုံတွေ့ရခြင်း၊ မသူတော်များကိုသာ မှီခိုဆည်းကပ်ရခြင်း=အသပ္ပုရိသူပနိဿယ၊ထိုမသူတော်တို့၏ တရားကိုသာ ကြားနာနေရခြင်း=အသဒ္ဓမ္မသဝန အမှုတို့သာ ဖြစ်နေကြပါမည်၊ ထိုသို့ မသူတော်တို့ တရားကိုသာ ကြားနာနေရပါလျှင် မိမိကိုယ်စိတ်နှစ်ပါးကို လည်း စောင့်ထိန်းမှု မပြုနိုင်တော့ပဲ မိမိသန္တာန်ဝယ် တွေ့ရာမြင်ရာအာရုံ တို့၌ မသင့်မတင့် နှလုံးသွင်းမှု= အယောနိသော မသိကာရတရားများ ထပ်မနား ဖြစ်ပေါ်လျက်သာရှိနေပါမည်။ဤကဲ့သို့ အယောနိသောမနသိ-ကာရတရား ဖြစ်ပွားနေသူတို့မှာ—

> "ရဟန်းတို့· မသင့်သော နှလုံးသွင်းမှုပြုသောသူအား မဖြစ် ပေါ်သေးသော အကုသိုလ်မှု ပါပခမ္မတို့သည် ဖြစ်ပေါ်လာကုန် ၏၊ ဖြစ်ကုန်ပြီးသော ပါပခမ္မအကုသိုလ်တို့သည် လွန်စွာပွားများ ခြင်းသို့ ရောက်ကုန်၏"—

ဟူ၍ ဟောတော်မူသောကြောင့် မဖြစ်ပေါ်သေးသော အကုသိုလ်တရား များဖြစ်ပေါ်လာနိုင်သည့်ပြင် ဖြစ်ပေါ်ကုန်ပြီးသော ပါပဓမ္မ အကုသိုလ် တို့မှာလည်း စည်ပင်များပြားတိုးပွားလာနိုင်ကြပါသည်၊ ထိုအကုသိုလ် များသို့ တိုးပွားစည်ပင်ကြသည်နှင့်အမျှ ကုသိုလ်ဂုဏ်ကျေးဇူးတို့မှာလည်း ဆုတ်

ယုတ်နည်းပါး ပျက်ပြားရခြင်း၊ ပြန့်ပွားစည်ပင်မှု=မရှိခြင်း၊ ထိုကုသိုလ်တရားတို့ ပြန့်ပွားမှုမရှိသည်နှင့်အမျှအသဒ္ဓိယ=သဒ္ဓါတရားမရှိခြင်း၊ပမာဒ=ကုသိုလ်ကောင်းမှုတို့၌မေ့လျော့ခြင်း၊ကောသဇ္ဇ=ပျင်းရိခြင်း။ပမေဘာ=ပြင်းစွာတွေဝေခြင်း အစရှိသောညစ်ညူးကြောင်း သံကိလေသ အကုသိုလ်တရားတို့၏ အသင်းအပင်း ပါပမိတ္တတို့မှာ လွန်စွာတိုးပွားကြမည်မှာ မုချကေန်ပင်ဖြစ်ပါသည်။ ထိုအနုသောတမ္မခေါ် အကုသိုလ်ရေစုံတရားတို့ တိုးပွားခြင်းကြောင့် (ဝါ)အသဒ္ဓမ္မခေါ် မသူတော်တရားများ တိုးပွားခြင်းကြောင့် သေဆုံးရသည့် နောက်ကာလဝယ် အပါယ်ငရဲ ဝဋ်ဆင်းရဲသို့ ကျရောက်ကာ ဘဝသံသရာဝယ် မပြတ်ဆပ်ကာ ခြားရဟတ်ပမာ လှည့်ပတ်လျက်သာ ရှိနေကြပါမည်။

## နှလုံးသွင်းကောင်းလျှင် နိဗ္ဗာန်ရ၍ သံသရာစက် ရပ်မည်

သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ သူ့ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်း၊သူ့တပါးသားမယား မပြစ်မှားခြင်း၊မုသားပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊ မူးယစ်သောက်စားခြင်းမှ ရှောင်ကြဉ်ခြင်း အစရှိသော ကုသိုလ်ကောင်းမှု ဟူသမျှတို့သည် ရှောင်ကြဉ်ရန် ခက်ခဲသော အားထုတ်ဆန်တက်ရန် ခက်ခဲသော ကုသိုလ်ပိုင်းဆိုင်ရာ တရားများ ဖြစ်ကြပါသည်၊ ယို့ပြင် ဘုရားရှိခိုးမှု တရားနာမှု ဒါန သီလ ဘာဝနာအားထုတ်မှု အစရှိသည့် ကုသိုလ်မှုဆိုင်ရာတို့သည်လည်း ထို့အတူပင် ပြုလုပ်ရန် ခက်ခဲသော အားထုတ်ရန် ခက်ခဲသော ကုသိုလ်မှုတရားများဖြစ်ကြပါသည်။ ယို့ကြောင့် ထိုကုသိုလ်ပိုင်းဆိုင်ရာ တရားတို့ကို ပဋိသောတဝမ္မ=ဆန်တက်ရန် ခက်ခဲသော အဆန်တရား ရေဆန်တရားများဟူ၍လည်းကောင်း။ သဒ္ဓမ္မ=သူတော်တရားများဟူ၍လည်းကောင်း။သပ္ပုရိသူပနိဿယ၊ သူတော်ကောင်းမြတ်တို့ မှီခိုအပ်သော တရားများဟူ၍လည်းကောင်း ခေါ်ဆိုအပ်ပါသည်။

ထိုကုသိုလ်ကောင်းမှုတရားစုတို့ ဖြစ်ပေါ်နိုင်မှု အကြောင်းရင်းမှာ သင့်သော အကြောင်းအားဖြင့် နှလုံးသွင်းမှု ယောနိသောမနသိကာရ ဖြစ်ပါသည်၊ (ဝါ) ထိုကုသိုလ်ဓမ္မ ဟူသမျှတို့သည် အသင့်အတင့် နှလုံးသွင်းမှု ယောနိသောမနသိကာရလျှင် အကြောင်းရှိကြပါသည်။ ဤ ယောနိသောမနသိကာရ ဖြစ်ပေါ်လာနိုင်ခြင်း မှာလည်း ရှေးဘဝက ကောင်းမှုကုသိုလ် ပြုခဲ့ဖူးခြင်း၊ သင့်အပ်လျောက်ပတ်သော အရပ်၌နေခဲ့ဖူးခြင်း၊ မိမိကိုယ်စိတ်နှစ်ပါးကို စောင့်စည်းထိန်းသိမ်းခဲ့ခြင်း၊ သူတော်သူမြတ်တို့ကို ဆည်းကပ်ခဲ့ခြင်း၊ သူတော်ကောင်းတရား နာကြားခဲ့ဖူးခြင်းဟူသော သမ္ပတ္တိစက်တို့နှင့် ပြည့်စုံခြင်းကြောင့် ဖြစ်ပေါ်လာရခြင်းဖြစ်ပါသည်။

မှန်ပါသည်၊ ရှေးရှေးဘဝက ကုသိုလ်ကောင်းမှုကို ပြုခဲ့ဖူးခြင်းဟူသော ပုဗ္ဗေစကတပုညတာသမ္ပတ္တိစက်ရှိသူသည် သင့်တင့်လျောက်ပတ်သော သူတော်သူမြတ်တို့နေရာ "ပဋိရူပဒေသ" ခေါ်သော အရပ်၌ဖြစ်၏။ ထိုပဋိရူပဒေသသမ္ပတ္တိစက်ရှိသူသည် မိကောင်း ဖကောင်း ဆွေမျိုးကောင်း ဆရာသမားကောင်းဟူသော သူတော်ကောင်း သူမြတ်လောင်းတို့ကို မှီခိုဆည်းကပ်ရခြင်းဟူသော သပ္ပုရိသူပနိဿယစက်နှင့်ပြည့်စုံ၏၊ ထိုသပ္ပုရိသူပနိဿယစက်နှင့်ပြည့်စုံသူသည် သူတော်ကောင်းတရားကို နာကြားရခြင်းဟူသော သဒ္ဓမ္မသဝနစက်နှင့် ပြည့်စုံပါသည်။ ထိုသဒ္ဓမ္မသဝနစက်ရှိသူသည် မိမိကိုယ်ကိုလည်းကောင်း၊ မိမိစိတ်ကိုလည်းကောင်း၊ စောင့်စည်းထိန်းသိမ်းနိုင်ခြင်းဟူသော အတ္တသမ္မာပဏိဓိစက်နှင့် ပြည့်စုံပါသည်။ ဤအတ္တသမ္မာပဏိဓိစက်နှင့် ပေါင်းလျက် ပြည့်စုံနေသူတို့၏ သန္တာန်မှာ တွေ့မြင်ရာ အာရုံဝိုင်းတို့၌ ယောနိသောမနသိကာရတရား အဖြစ်များမည်သာ ဖြစ်ပါသည်။ ဤယောနိသောမနသိကာရတရား ဖြစ်ပွားသူတို့မှာ—

"ရဟန်းတို့— သင့်သောအားဖြင့် နှလုံးသွင်းမှု ပြုသူတို့အား မဖြစ်ပေါ်သေးသော ကုသိုလ်တရားများ ဖြစ်ပေါ်လာကုန်၏။

ဖြစ်ပေါ်ကုန်ပြီးသော ကုသိုလ်တရားများ လွန်စွာများပြား တိုးပွား စည်ပင်ကြကုန်၏"—

ဟူ၍ဟောတော်မူသောကြောင့် မဖြစ်ပေါ်သေးသော ကုသိုလ်တရား ကုသိုလ်ဇောများ စောနိုင်ဖြစ်ပေါ်လာနိုင် ကြပါသည်။ ဖြစ်ပေါ်ကုန်ပြီး သော ကုသိုလ်တရား ကုသိုလ်ဇောတို့မှာလည်း စည်ပင်များပြား တိုးပွား လာနိုင်ကြပါသည်။ ထိုကုသိုလ်တရားများ တိုးပွားစည်ပင်ကြသည်နှင့်အမျှ အကုသိုလ်ဓမ္မတို့မှာလည်း ဆုတ်ယုတ်နည်းပါး ပျက်ပြားရခြင်း၊ စည်ပင် ပြန့်ပွားမှုမရှိခြင်း၊ ထိုအကုသိုလ်ပါပဓမ္မတို့ ပြန့်ပွားမှုမရှိသည်နှင့်အမျှ ကုသိုလ်ကလျာဏဓမ္မတို့ ဖြစ်ပွားခြင်းကြောင့် ပါမောဇ္ဇ=ဝမ်းမြောက်ခြင်း၊ ပီတိ=နှစ်သက်ခြင်း၊ ပဿဒ္ဓိ=ကိုယ်စိတ်နှစ်ပါးငြိမ်းချမ်းခြင်း၊ သမာဓိ= တည်ကြည်ခြင်း၊ ယထာဘူတဉာဏ်=ဟုတ်တိုင်းမှန်စွာထိုးထွင်း၍သိခြင်း၊ နိဗ္ဗိဒါဉာဏ်၊ မဂ် ဖိုလ် ပစ္စဝေက္ခဏာဉာဏ်အဆက်ဆက် အကျိုးတရားများ ဖြစ်ပေါ်နိုင်ကြပါသည်။ မဂ် ဖိုလ် ပစ္စဝေက္ခဏာဉာဏ်များ ပေါ်ထွက်လာ သောအခါ အနုပါဒိသေသ နိဗ္ဗာန်ကို ကေန်ရနိုင် ရောက်နိုင်၍ သံသရာ စက်ရဟတ် အဆက် ပြတ်သွားပါတော့သည်။

## ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်သံသရာ

ပဋိစ္စသမုပ္ပါဒ်နည်းအရ ယောနိသော-အယောနိသော မနသိကာရ နှစ်မျိုးကြောင့် အနုလုံ ပဋိလုံအားဖြင့် သံသရာစက်ရဟတ် အဆက်မပြတ် လည်ပုံနှင့် သံသရာသက်ရဟာတ် အဆက်ပြတ်ပုံတို့ကို တင်ပြလိုပါသည်။

### အနုလုံ

မသင့်သောအကြောင်းအားဖြင့် နှလုံးသွင်းမှု အယောနိသောမနသိ- ကာရကြောင့် အကုသိုလ်တရားများ ထင်ရှားဖြစ်ပေါ်ရ၏၊ ထိုအကုသိုလ်မှု တရားစုတို့တွင် လောဘ ဒိဋ္ဌိ မောဟ အာသဝတို့ကြောင့် အဝိဇ္ဇာတရား ထင်ရှားဖြစ်ပေါ်ရ၏။ ထိုအဝိဇ္ဇာကြောင့် သင်္ခါရဖြစ်၏၊ သင်္ခါရကြောင့် ဝိညာဉ်ဖြစ်၏၊ ဝိညာဉ်ကြောင့် နာမ်ရုပ်ဖြစ်၏၊ နာမ်ရုပ်ကြောင့် သဠာ-

ယတနဖြစ်၏၊ သဠာယတနကြောင့် ဖဿဖြစ်၏၊ ဖဿကြောင့် ဝေဒနာဖြစ်၏၊ ဝေဒနာကြောင့် တဏှာဖြစ်၏၊ တဏှာကြောင့် ဥပါဒါန်ဖြစ်၏၊ ဥပါဒါန်ကြောင့် ဘဝဖြစ်၏၊ ဘဝကြောင့် ဇာတိဖြစ်၏၊ ဇာတိကြောင့် ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ စသည်တို့ဖြစ်ကြလေသည်။ ထို့နောက်တဖန် ဇရာ မရဏစသည်တို့ဖြင့် နှိပ်စက်အပ်ကုန်သော သတ္တဝါတို့အား အာသဝေါတရားများ ထင်ရှားဖြစ်ပေါ်လာပြီး ထိုအာသဝေါတရားတို့ကြောင့် အဝိဇ္ဇာတဖန်ဖြစ်ပေါ်ရပြန်သည်။ ဤသို့ အနုလုံအားဖြင့် သံသရာစက်ရဟတ် အဆက်မပြတ်လှည့်ပတ်လျက်ရှိနေပါမည်။

## ပဋိလုံ

သင့်သောအားဖြင့် နှလုံးသွင်းမှု ယောနိသော မနသိကာရကြောင့် ကုသိုလ်တရားများဖြစ်ပွားရ၏၊ ထိုကုသိုလ်ကောင်းမှုတရားစုတို့တွင် အသိအလိမ္မာ ဉာဏ်ပညာကို ဝိဇ္ဇာဟုခေါ်၏၊ ထိုဝိဇ္ဇာခေါ် ဉာဏ်ပညာတရားထင်ရှားဖြစ်ခြင်းကြောင့် အဝိဇ္ဇာမောဟချုပ်ရ၏၊ အဝိဇ္ဇာချုပ်ခြင်းကြောင့် သင်္ခါရချုပ်၏၊ သင်္ခါရချုပ်ခြင်းကြောင့် ဝိညာဉ်ချုပ်၏၊ ဝိညာဉ်ချုပ်ခြင်းကြောင့် နာမ်ရုပ်၊ နာမ်ရုပ်ကြောင့်သဠာယတန၊ သဠာယတနကြောင့် ဖဿ၊ ဖဿကြောင့် ဝေဒနာ၊ ဝေဒနာကြောင့် တဏှာ၊ တဏှာကြောင့် ဥပါဒါန်၊ ဥပါဒါန်ကြောင့် ဘဝ၊ ဘဝကြောင့် ဇာတိ၊ ဇာတိကြောင့် ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ စသည်တို့ချုပ်ပျက်ကြလေသည်။ ဤသို့ချုပ်ခြင်းကြောင့် ပဋိလုံအားဖြင့် သံသရာစက်ရဟတ် အဆက်ပြတ်ကာ အနုပါဒိသေသနိဗ္ဗာန်ကို ရောက်ရနိုင်ရောက်ရှိနိုင်ပါတော့သည်။

[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]

# နိဂုံး

ဤသို့အားဖြင့် အဘိဓမ္မာပိဋကလာ ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ၊ ဧကဂ္ဂတာ၊ ဇီဝိတိန္ဒြိယ၊ မနသိကာရဟူသော စေတသိက် ၇-မျိုးအကြောင်းကို လက္ခဏာ၊ ရသ၊ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်ဟူသော ရှုထောင့်လေးထောင့်မှရှုမြင်ဝေဖန်၍ မှတ်သားစရာ အဖြာဖြာတို့ဖြင့် တန်ဆာဆင်ကာ ရေးသားပြီးပေပြီ။ စာရှုပရိသတ်များလည်း ဤစေတသိက် ၇-မျိုး၏ သဘောကို အတော်အတန်နားလည် သဘောပေါက်သွားပြီဟု ယူဆပါသည်။ နောက်ဆုံး နိဂုံးချုပ်တင်ပြလိုသည်မှာ ဤစေတသိက် ၇-မျိုးသည် လောဘစသော အကုသိုလ်စေတသိက်များကဲ့သို့ အကုသိုလ်မှုများကို ပြုလုပ်သည့်အခါမှသာ ဖြစ်လာကြသည်လည်းမဟုတ်၊ သဒ္ဓါစသော ကုသိုလ်စေတသိက်များကဲ့သို့လည်း ကုသိုလ်မှုများကို ပြုလုပ်သည့်အခါမှသာ ဖြစ်လာကြသည်လည်း မဟုတ်ပါချေ။ အမှန်စင်စစ် ကုသိုလ်မှု အကုသိုလ်မှုများကို ပြုလုပ်သည့်အခါ၌ဖြစ်စေ၊ ဝိပါက်အကျိုးတရားများ ဖြစ်ပွားလာသည့်အခါ၌ဖြစ်စေ၊ ကြိယာအဗျာကတတရားများဖြစ်လာသည့်အခါ၌ ဖြစ်စေ စိတ်နှင့်အစဉ်အမြဲ ယှဉ်တွဲပေါ်လာရသော စေတသိက်များဖြစ်ပါသည်။ တနည်းအားဖြင့်ဆိုသော် စိတ်ဖြစ်တိုင်း အစဉ်အမြဲ ယှဉ်တွဲပါလေ့ရှိသော စေတသိက်များပင် ဖြစ်ပါသည်၊ထို့ကြောင့် ထိုစေတသိက် ၇-မျိုးကို ပါဠိလို "သဗ္ဗစိတ္တသာဓာရဏ" စေတသိက်များဟု အဘိဓမ္မာကျမ်းများ၌ နာမည်ပေးထားလေသည်။ စိတ်အားလုံးနှင့် ဆက်ဆံသော စေတသိက်များဟု အဓိပ္ပာယ်ရပါသည်။ (သဗ္ဗစိတ္တ=စိတ်အားလုံးနှင့်+ သာဓာရဏ=ဆက်ဆံသော၊ အတူဖြစ်သော စေတသိက်များ)၊ စိတ်ဖြစ်တိုင်းပါ စေတသိက်များဟု ဆိုလိုပေသည်။

ဆိုင်ရာအာရုံတခုကို အကြောင်းပြုပြီး စိတ်တခုဖြစ်ပေါ်လာသည့်အခါ ထိုစိတ်နှင့်အတူ အာရုံကို တွေ့ထိမှုဖဿ၊ အာရုံကို ခံစားမှုဝေဒနာ၊ အာရုံကို မှတ်သားမှုသညာ၊ စေ့ဆော်တိုက်တွန်းမှုစေတနာ၊အာရုံ၌တည်

ငြိမ်အောင်ထားမှု ကေုက္ကတာ၊ တွဲဖက်နာမ်တရားများကို စောင့်ရှောက်မှု ဇီဝိတိန္ဒြိယ၊ အာရုံကို နှလုံးသွင်းမှု မနသိကာရဆိုသည့် စေတသိက် ၇-မျိုး အနည်းဆုံးဖြစ်ရပေသည်။ ဤသို့ ဤစေတသိက် ၇-မျိုးအကြောင်းကို ထပ်ဆင့် မှတ်သားရန် ဖြစ်ပါသည်။

ထိုစေတသိက်များကား အဘိဓမ္မာဒေသနာတွင် ပါဝင်သည့် ပရမတ္ထသဘောတရားများဖြစ်၍ ထိုစေတသိက်တို့၏ သဘောအဓိပ္ပာယ်များကို အကျယ်ဖွင့်ဆိုရေးသားခြင်းအလုပ်မှာ နိဒါန်းတွင်တင်ပြခဲ့ပြီးသည့်အတိုင်း အလွန်မလွယ်ကူသော လုပ်ငန်းဖြစ်ပါသည်။သို့သော် သာသနာရေးဦးစီးဌာန၊ကျမ်းပြုဌာနစုမှကျမ်းပြုမှုးများသည် ပညာဉာဏ်နှင့် ဝီရိယခေတ်တို့ကို ဗိုလ်တင်ကာ ဆိုင်ရာပိဋကတော်များကို မွှေနှောက်၍ အတတ်နိုင်ဆုံးရွေးကောက်ဖွင့်ဆို ရေးသားထားကြသည်ကို စာရှုသူများ ရိပ်စားမိကြလိမ့်မည်ဟု ယုံကြည်ပါသည်။ အမှန်အားဖြင့် သဘောအဓိပ္ပာယ် ခက်ခဲနက်နဲသော အဘိဓမ္မာသဘောတရားဖြစ်သော်လည်း သိလွယ်ရှင်းလင်းသောဝါကျ, ပေါ်လွင်ထင်ရှားသော ဥပမာ လွယ်ကူသောဝေါဟာရအသုံးအနှုန်းတို့ဖြင့် ကြိုးစား၍ စီကုံးဖွင့်ဆိုထားကြရကား စာရှုသူများ နားလည် သဘောပေါက်ကြလိမ့်မည်ဟု မျှော်လင့်ပါသည်။ သို့သော် ဤကျမ်းစာအုပ်မျိုးမှာ ကာလပေါ် ဝတ္ထုစာအုပ်များကဲ့သို့ တကြိမ်ဖတ် စာအုပ်မျိုးမဟုတ်ပါချေ။ ထို့ကြောင့် တကြိမ်ဖတ်ရှုရုံဖြင့် နားမလည်သေးပါလျှင် ထပ်ကာ ထပ်ကာ ဖတ်ပါ စဉ်းစားပါ နားလည်လာပါလိမ့်မည်။ ထိုသို့မှ နားမလည်သေးသည့် အချက်များရှိနေသေးလျှင် တတ်သိနားလည်သည့် ဓမ္မမိတ်ဆွေများနှင့် ဆွေးနွေးပါဟု တိုက်တွန်းလိုက်ရပါသည်။

ဗုဒ္ဓအဘိဓမ္မာ စေတသိက်များ အဖွင့် အတွဲ (၁)

မှတ်သားဖွယ်ကောက်နုတ်ချက်

# အကၡရာစဉ်အညွှန်း

အက္ခရာစဉ် စာမျက်နှာ

[ အ ]


အကဏှအသုက္က အကဏှ
အသုက္ကဝိပါကကံ ၂၇၀
အကုသိုလ်ကံ အကျိုး
ပြေးလွတ်ရာ အရပ်မရှိ ၃၁၅
အကုသိုလ်ကကုသိုလ်ကို
ထောက်ပံ့ပုံ ၂၁၂
အကုသိုလ်ကိုအကြိမ်ကြိမ်
အထပ်ထပ်စိုးရိမ်ပူပန်
နေမှု ၂၂၅
အကုသိုလ် ဂရုကံ ၅-မျိုး ၂၂၁
အကုသိုလ် ဥပဃာတကကံ ၂၁၆
အကုသိုလ် ဥပပီဠကကံ ၂၁၃
အကုသိုလ် ကေဂ္ဂတာနှင့်
ကုသိုလ်ကေဂ္ဂတာ
နှိုင်းယှဉ်ပုံ ၃၄၃
အကုသိုလ် ကေဂ္ဂတာများ
၃၃၉-၃၄၁
အကုံရကုန်သည် ၄၃၄
အကုံရပေဘဝတ္ထု ၄၃၄-၄၃၆


ဆက္ခရာစဉ် စာမျက်နှာ

[အ]


အကျိုးဆက်အားဖြင့်
ဆင်ခြင်ခြင်း ၁၅၁
အကျိုးပေးကာလအားဖြင့်
စေတနာ၄-မျိုး ၂၂၈
အကျိုးပေးချင်း နှိုင်းယှဉ်ပုံ ၂၃၈
အကျိုးပေးစဉ် အားဖြင့်
စေတနာ ၄-မျိုး ၂၂၀
အကြီးအမှူး ပဓာနဖြစ်ပုံ ၃၂၈
အကြံ အသိမှားမှု ၁၇၃
အဂါတိက္ကမစျာန်နှင့်
အာလမ္ဗနာတိက္ကမစျာန် ၂၆၄
အဂုံလိမာလ၏
ဥပဃာတကကံ ၂၁၇
အစုန်တဏှာနှင့်
အဆန်ဘာဝနာ ၄၅၆
အဇာတသတ်မင်း၏
ဥပဃာတကကံ ၂၁၆
အညာဏုပေက္ခာ ၈၄

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[အ]** | |
| အညွှံစား ကုသိုလ်မျိုး | ၂၄၄ |
| အဋ္ဌကထာဝါဒ(ဖြေ) | ၄၁ |
| အတိုတ်အကုသိုလ်ကံများကို ကာကွယ်နည်း | ၄၀၉ |
| အတိတ်နှင့်ပစ္စုပ္ပန်က အမှတ်မထင်ပြုသောကံ | ၂၂၅ |
| အတ္တဝါဒကို ပယ်ဖျက်သည့် ဥပစာ ဖြေ | ၈ |
| အထည်ချုပ်သမား ဘဝ | ၄၃၅ |
| အဒ္ဓါပစ္စုပ္ပန် ဇီဝိတိန္ဒြေ | ၃၉၆ |
| အဓိစိတ္တအမည်ကိုရခြင်း | ၃၄၉ |
| အဓိ ဝိပါက စေတနာ | ၁၉၇ |
| အနိစ္စ, ဒုက္ခ, အနတ္တ သညာ ၃-မျိုး | ၁၃၈ |
| အနိစ္စသညာ ထင်လာလျှင် ဒုက္ခအနတ္တသညာတို့လည်း ထင်လာနိုင်သည် | ၄၁၃ |
| အနိစ္စသညာပွားခြင်းကြောင့် ရသောအကျိုး၆-မျိုး | ၁၅၅ |
| အနိဋ္ဌ ဖြေများ | ၂၈ |
| အပရစေတနာ | ၂၀၀ |
| အပရစေတနာ ချိတ်သော အပုတ္တကသူဌေးကြီး | ၂၀၄ |
| အပရာပရိယ ဝေဒနီယကံ | ၂၃၃ |
| အဝါယ်ကျခြင်းသည် မနသိကာရ၏အကြောင်း | ၄၆၀ |
| **[အ]** | |
| အပုညာဘိသင်္ခါရ | ၂၀၆ |
| အပုတ္တကသူဌေးကြီး | ၂၀၄ |
| အဗျာကတ ဂေဂ္ဂတာ | ၃၄၂ |
| အဘိညာဉ်နှင့် ပဋိသန္ဓေအကျိုး | ၂၅၉ |
| အဘိဓမ္မာအဆိုသက်ရှိသက်မဲ့ | ၃၈၆ |
| အဘိဓမ္မာ ဂေဂ္ဂတာနှင့် သုတ္တန်ဂေဂ္ဂတာ | ၃၂၅ |
| အမျိုးသမီးငါးရာနှင့် နုလုံးသွင်း | ၄၄၂ |
| အပြင်အထင် မကောင်းသော ပြိတ္တာ | ၄၃၅ |
| အမြင်အယူမှားမှု | ၁၇၄ |
| အမြတ်စားကုသိုလ်မျိုး | ၂၄၄ |
| အမြက်စား တိဟိတ် ဉက္ကဋ္ဌကုသိုလ် | ၂၅၂ |
| အပုတ်မှားမှု | ၁၇၃ |
| အပုတ်မှားမှု လေးမျိုး | ၁၇၉ |
| အဗျမဝေ ကုသိုလ်မရ | ၄၅၃ |
| အရဟန္တဃာတကကံ | ၂၂၁ |
| အရာကျယ်လှသဖြင့်'ပဟာ ကုသိုလ်'ဟုခေါ်ရခြင်း | ၂၅၃ |
| အရိယာမဖြည့်သော ငါးများသမား | ၄၃၇ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [အ] | |
| အရိယဝိဇ္ဇာခေတ် | ၃၂၁ |
| အရိယာနှင့် ပုထုဇဉ် | |
| ဝေဒနာချင်း မတူပုံ | ၉၂ |
| အရှုပကုသိုလ်ကံများ | |
| အကျိုးပေးပုံ | ၂၆၀ |
| အရှုပစျာန်အားထုတ်ရာ၌ | |
| ရည်မှန်းချက်များ | ၂၆၄ |
| အရှုပစျာန်များရအောင် | |
| အားထုတ်နည်းများ | ၂၆၅ |
| အရှုပါဝစရကုသိုလ်ကံ | ၂၆၃ |
| အရှင်အာနန္ဒာ၏ တပည့် | |
| အရှင်ဝင်္ဂီသထေရ် | |
| အသုဘသညာဖြစ်ပုံ | ၁၅၆ |
| အရှင်အာနန္ဒာ၏ သညာ | |
| ၁၀-ပါးတရား | ၄၀၅ |
| အရှင်ခါဏုကောဏ္ဍည၏ | |
| သမာဓိတန်ခိုး | ၃၆၃ |
| အရှင်မဟာမောဂ္ဂလ္လာန်၏ | |
| ဥပဿာတကကံ | ၂၁၉ |
| အရှင်မဟာသီဝမထေရ်ကြီး | |
| ဝတ္ထု | ၈၀–၈၃ |
| အရှင်ဝင်္ဂီသထေရ် | |
| ပဟာနသညာဖြစ်ပုံ | ၁၅၂ |
| အရှင်သာရိပုတ္တရာ၏ | |
| သမာဓိတန်ခိုး | ၃၆၂ |



| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [အ] | |
| အရှင်သဉ္ဇီဝမထေရ်၏ | |
| သမာဓိတန်ခိုး | ၃၆၃ |
| အယောနိသောနှင့် | |
| မြေပြိတ္တာ | ၄၅၀ |
| အယောနိသောနှင့် | |
| ပြိတ္တာဘုံ | ၄၅၅ |
| အယောနိသော | |
| မနသိကာရ | ၄၂၇ |
| အယုတ် အမြတ် | |
| ကုသိုလ်ကံ ၃-မျိုး | ၂၄၆ |
| အယုတ်အမြတ်ကုသိုလ်ကံ | |
| ၄-မျိုး .... .... | ၂၄၃ |
| အလမ္ဗုသာ နတ်သမီး | ၂၇ |
| အလှူအိမ်ကိုလမ်းညွှန်ရသည့် | |
| အကျိုး | ၄၃၅ |
| အလွန်နှမြောဝန်တိုသော | |
| သဌေးအကြောင်း | ၃၀၇ |
| အလွန့်အလွန် မြင့်မြတ်သော | |
| ကုသိုလ်မျိုး | ၂၄၅ |
| အဝိဇ္ဇာကို ဝိဇ္ဇာကသတ် | ၃၂၁ |
| အဝိဇ္ဇာကြောင့် သင်္ခါရ | |
| ဖြစ်ခြင်း | ၃၂၀ |
| အဝိဇ္ဇာ တဏှာ ဟူသော | |
| သံသရာစက်ခေါင်းကြီး | |
| ၂-လုံး | ၁၂၁–၃ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[အ]** | |
| အဝိဇ္ဇာနှင့် ဇီဝိတိန္ဒြေ တပြိုင်နက် ပြတ်သော ပုဂ္ဂိုလ် | ၄၀၁ |
| အဝိပါက စေတနာ | ၁၉၆ |
| အဝတ်မဆီး ကိုယ်လုံးတီး ဘဝ | ၄၅၄ |
| အသည်းသတ်ပြဟ္မာဖြစ်ပုံ | ၂၅၈ |
| အသမ္ဗဇာနကတကုသိုလ် | ၂၅၄ |
| အသာတဝေဒနာ | ၇၁ |
| အသိ ၃-မျိုး အထူး | ၁၂၈ |
| အသေ အရှင် ပြဿနာ | ၃၀၈ |
| အသုံးများသော မနသိကာရ | ၄၂၆ |
| အသက်အပိုင်းအခြားအလိုက် ဝေဒနာမတူပုံ | ၆၈ |
| အသက်နှင့် ရုပ်နာမ် | ၃၀၂ |
| အသက်ရှည်နည်းကောင်း ရသော မင်းတပါး | ၄၀၄ |
| အသက်ရှိသည်ဟု ထင်မှတ် အောင် စွမ်းဆောင်ပုံ | ၃၀၈ |
| အဟောသိကံ | ၂၃၇ |
| **[အာ]** | |
| အာစိဏ္ဏကံ | ၂၂၀ |
| အာဏတ္တိက ကုသိုလ် | ၂၅၄ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[အာ]** | |
| အာနန္ဒသုတ်(ပထမ) ဝေဒနာအကြောင်း | ၉၉ |
| အာနန္ဒာသဒ္ဓေး | ၃၀၇ |
| အာနာပါနဖြင့် သမာဓိ ယူထောင်ပုံ | ၃၇၀ |
| အာနေဉ္ဇာဘိ သင်္ခါရ | ၂၀၆ |
| အာဒီနဝဉာဏ် နိဗ္ဗိဒါဉာဏ် | ၄၅၈ |
| အာဒီနဝသညာကြောင့် ပစ္စေကဗုဒ္ဓါဖြစ်ပုံ | ၁၄၆-၇ |
| အာရမ္မဏပဋိပါဒက- မနသိကာရ | ၄၂၄ |
| အာရုံအမျိုးမျိုးကို မှတ် သားပုံ | ၁၂၅ |
| အာရုံနှင့် နာမ်တရား ယှဉ်စေပုံ .... .... | ၄၁၆ |
| အာရုံရှိရာသို့ ရှေးရှုပုံ | ၄၁၈ |
| အာရုံသို့ဖြောင့်စွာသွားစေပုံ | ၄၁၄ |
| အာရုံ၌ စိတ်ကို အညီအမျှ ထားခြင်း | ၃၅၅ |
| အာရုံ၌ စိတ်ကို ကောင်းစွာ ထားခြင်း | ၃၅၄ |
| အာသန္နကံ | ၂၂၀-၂၂၄ |
| အာသန္နကံနှင့် အာစိဏ္ဏကံ ပြဿနာ | ၂၂၆ |

အက္ခရာစဉ် စာမျက်နှာ

[အာ]

အာသဝကြောင့် အဝိဇ္ဇာ
ဖြစ်ခြင်း ၃၁၉
အာဟာရ အခိပ္ပာယ် ၃၀
အာဟာရ လေးပါး ၃၁
အာဟာရေ ပဋိကူလသညာ ၁၅၀
အားနည်းသော သမာဓိ ၃၂၇
အိပ်နေစဉ် ဘဝင်စိတ်များ ၄၂၅
အိပ်မက်စေတနာနှင့် မိဘ
လင်သားတို့ စေတနာ ၂၉၉
အိမ်မြှောင်, မြွေမြီးပြတ်ပြီး
ဖျတ်ဖျတ်ခုန် စိတ်ဝိညာဏ်
ရှိ မရှိ ၃၉၀

[ဣ]

ဣန္ဒြေတို့ကို အညီအမျှထား
ခြင်း ၃၅၅
ဣန္ဒြေ, ဗိုလ်,မဂ္ဂင် မမည်သော
ကောဋ္ဌာ ၃၅၃
ဣတိပိသော တပုဒ်ဆုံးအောင်
သမာဓိ မရှိကြ ၃၆၀
ဣသိ သိဂ် ရသေ့ ၂၆
ဣဿရနိမ္မာနဝါဒီ ၃၃

[ဥ]

ဥစ္စာရင်လို ဥစ္စာရင်ခဲ့
စေတနာ ၁၀၅
ဥစ္ဆေဒဝါဒီ ၃၃
ဥတု စိတ် အာဟာရ
ပြုပြင်လျှင် ကျန်းမာ ၄၀၇
ဥတ္တမပုရိသပုဂ္ဂိုလ် ၁၀၂
ဥဒ္ဒစ္စကိုဖျက်ဆီးပုံ ၃၃၁
ဥဒ္ဒစ္စစိတ်၌ ကောဋ္ဌာ
ယှဉ်နိုင်ပုံ ၃၅၂
ဥပစာရသမာဓိနှင့် အပ္ပနာ
သမာဓိ အထူး ၃၅၀
ဥပဃာတကကံ ၂၀၉-၂၁၆
ဥပဃာတကကံ၏
သတ်ဖြတ်ပုံ ၃-မျိုး ၂၁၀
ဥပတ္ထမ္ဘကကံ ၂၀၉
ဥပဓိဝိပတ္တိအကုသိုလ်ကံ ၂၇၄
ဥပဓိဝိပတ္တိ ပဋိဗာဠ္ဌ
ကုသိုလ်ကံ ၂၇၆
ဥပဓိသမ္ပတ္တိ ကုသိုလ်ကံ ၂၇၉
ဥပဓိသမ္ပတ္တိ ပဋိဗာဠ္ဌ
အကုသိုလ်ကံ ၂၇၂
ဥပပဇ္ဇဝေဒနီယကံ ၂၃၂
ဥပပတ္တိဘဝ ၁၉၅
ဥပပတ္တိဘဝ,ကမ္မဘဝ
၂-မျိုးဖြစ်ပုံ ၁၁၉

အက္ခရာစဉ် — စာမျက်နှာ

[ဥ]

ဥပပီဠကကံ ၂၀၉-၂၁၂
ဥပါဒါန်ကြောင့် ဘဝဖြစ်ပုံ ၁၁၉
ဥပါဒါန် လေးမျိုး ၁၁၈
ဥပေက္ခာဝေဒနာအညံ့စား ၅၈
ဥပေက္ခာဝေဒနာအမြတ်စား ၅၈
ဥပေက္ခာဝေဒနာနှင့်
မဟာသင်္ခပုဏ္ဏား ၅၇
ဥပေက္ခာဝေဒနာနှင့်
သမင်ခြေရာ ဥပမာ ၆၂
ဥပေက္ခာသည် ကေဂ္ဂတာ၏
ပဒဋ္ဌာန်ဖြစ်ပုံ ၃၃၇
ဥမ္မာဒန္တီနှင့်သိဝိဘုရင် ၁၆

[ဦး-ဧ]

ဦးခေါင်းပြတ်နှင့်ဇီဝိတိန္ဒြေ ၃၉၇
ဦးခေါင်းသဖွယ် ဇီဝိတိန္ဒြေ ၄၀၀
ဧကဂ္ဂတာ၏ အနီးကပ်
အကြောင်း- ပဒဋ္ဌာန် ၃၃၅
ဧကဂ္ဂတာ၏ ဆောင်ရွက်မှု
ရသ ၂-မျိုး ၃၃၀
ဧကဂ္ဂတာ၏ ပစ္စုပဋ္ဌာန်
၂-မျိုး ၃၃၂
ဧကဂ္ဂတာစေတသိက်
အမျိုးမျိုး ၃၃၉

[ဦး-ဧ]

ဧကဂ္ဂတာစေတသိက်၏
သဘောလက္ခဏာ ၃၂၃
ဧကဂ္ဂတာသမာဓိ၏
လက္ခဏာတမျိုး ၃၂၈
ဧကဂ္ဂတာ(သမာဓိ)
စေတသိက် ၃၂၂
ဧကဂ္ဂတာသမာဓိနှင့်
ဈာန်,ဣန္ဒြေ,ဗိုလ် ၃၂၆
ဧတ္တဝါဒီ ၃၃
ဧကန်အကျိုးပေးမြဲသောကံ ၂၂၀

[က]

ကံအကျိုးတရားကြံစည်သူ
ရူးသွပ်တတ်ခြင်း ၃၁၇
ကံအကျိုးပေးဆန်းကြယ်ပုံ ၃၁၁
ကံအရှိန်အဟုန်
ချုပ်ငြိမ်းခြင်း ၂၈၂
ကံကိုချည်းသာ
အားမကိုးရာ ၂၉၀-၂၉၂
ကံကိုယုံကြည်မှုနှင့်
ပုဗ္ဗေကတဟေတုဒိဋ္ဌိ ၂၉၃
ကံဆိုသည်မှာ ကိုယ်,နှုတ်,
စိတ်အလုပ် ၁၈၈
ကံတရားနှင့်မျိုးစေ့ ၂၉၀
ကံတူအကျိုးပေးပုံ ၃၀၀

| အကွဲရာစဉ် | စာမျက်နှာ |
|---|---|
| **[က]** | |
| ကံလေးမျိုးတို့အကျိုးပေးပုံ | ၂၂၅ |
| ကဋတ္တာကံ | ၂၂၀-၂၂၅ |
| ကဏှကဏှဝိပါကကံ | ၂၆၉ |
| ကဏှသုက္က ကဏှသုက္က ဝိပါကကံ | ၂၇၀ |
| ကမ္ဘာမဆုံးမချင်း ရန်ငြိုးပွားသူများ | ၄၄၉ |
| ကမ္မဘဝ,ဥပပတ္တိဘဝ | ၁၁၉ |
| ကမ္မဘဝခေါ်ဆိုပုံ | ၁၉၄ |
| ကမ္မသတ္တိ ၂-မျိုးဖြင့် ကျေးငှားပြုပုံ | ၁၉၀ |
| ကမ္မသကတညာဏ်ဆိုတာ ဘာလဲ | ၂၄၂ |
| ကလာဗုမင်း၏ ကံ | ၂၁၉ |
| ကာကဝဋ္ဋိယ ဇနီးမောင်နှံ တို့၏ ဒိဋ္ဌဓမ္မအကျိုး | ၂၂၉ |
| ကာမဂုဏ်၌ မမှီသော ချမ်းသာခံစားမှု | ၃၈ |
| ကာမဂုဏ်၌ မှီသောချမ်းသာ ခံစားမှု | ၃၃ |
| ကာမပုညာဘိသင်္ခါရကြောင့် ကာမဝိညာဏ်ဖြစ် | ၂၀၉ |
| ကာမသညာ,ဗျာပါဒသညာ ဝိဟိံသသညာ | ၁၄၀ |
| ကာမာဝစရကုသိုလ်ကံ | ၂၃၀ |
| **[ကာ]** | |
| ကာမာဝစရကုသိုလ်ကံများ အံကျိုးပေးပုံ | ၂၅၁ |
| ကာယသင်္ခါတနာ | ၁၉၉ |
| ကာယသမ္ဘာသနှင့် ဤသိသိဂ်ရသေ့ | ၂၆ |
| ကာယိယဝေဒနာ | ၇၀ |
| ကာလဝိပတ္တိအကုသိုလ်ကံ | ၂၃၄ |
| ကာလဝိပတ္တိပဋိဗာဠ ကုသိုလ်ကံ | ၂၃၃ |
| ကာလသမ္ပတ္တိကုသိုလ်ကံ | ၂၃၉ |
| ကာလသမ္ပတ္တိ ပဋိဗာဠ အကုသိုလ်ကံ | ၂၃၃ |
| ကာလသုံးပါးနှင့် ဇိဝိတိန္ဒြေ | ၃၉၅ |
| ကိစ္စအားလျော်စွာ စေတနာ ၄-မျိုး | ၂၀၉ |
| ကိစ္စနှင့် လက္ခဏာအထူး | ၁၃၂ |
| ကုသိုလ်အတန်းအစား ၆-မျိုးဖြစ်ပုံ | ၂၄၅ |
| ကုသိုလ်ဥပစ္ဆေဒကကံ | ၂၁၆ |
| ကုသိုလ် ဥပဃာတကကံ ကြောင့်နတ်ပြည်၌ဖြစ်ပုံ | ၂၁၃ |
| ကုသိုလ် ဥပပီဠကကံ | ၂၁၃ |
| ကုသိုလ်ကံ အကုသိုလ်ကံနှင့် စေတနာသုံးတန် | ၂၀၅ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[က]** | |
| ကုသိုလ်ကံများသူနှင့် နည်းသူ | ၃၀၈ |
| ကုသိုလ်ကောဂ္ဂတာ | ၃၄၂ |
| ကုသိုလ်က အကုသိုလ်ကို ထောက်ပံ့ပုံ | ၂၁၂ |
| ကုသိုလ်က အကုသိုလ်ထက် အားကြီးပုံ | ၃၀၉ |
| ကုသိုလ်ကို အကြိမ်ကြိမ် အထပ်ထပ်ဝမ်းမြောက် နေမှု | ၂၂၅ |
| ကုသိုလ်စိတ် မပြတ် ဖြစ်အောင် နှလုံး သွင်းနည်း | ၄၃၄ |
| ကုသိုလ်ဖြစ်အောင် နှလုံးသွင်းပုံ | ၄၃၃ |
| ကောသလမင်း၏ ၁၄-ကုဋေ အလှူကြီး | ၄၃၉ |
| ကိုယ်စောင့် ဇီဝိတိန္ဒြေ | ၃၉၉ |
| ကျီးတကောင်၏ ကံအကြောင်း | ၃၃၃ |
| ကျားသစ်မနှင့် သမင်မ | ၄၄၇ |
| ကျန်းမာခြင်း၏ရန်သူ | ၄၀၂ |
| ကျန်းမာခြင်းသည် အမြတ်ဆုံး | ၄၀၂ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[က]** | |
| ကျန်းမာမှုကောင်းရန် အဘိဓမ္မာသဘော | ၄၀၆ |
| ကျောင်းထိုင်ဘုန်းကြီးတပါး၏ အံ့ဖွယ်ဝဋ်ကြွေး | ၃၀၃-၆ |
| ကြာနှင့်ရေ ဥပမာ (ဇီဝိတိန္ဒြေ) | ၃၇၄ |
| ကြာမရှိလျှင် ရေက မစောင့်ရှောက် | ၃၇၅ |
| ကြာရိုး ကြာစွယ် အတွင်းရှိရေ | ၃၇၅ |
| ကြီးလေးသောအကျိုးကို ပေးသည့်ကံ | ၂၂၀ |
| ကြေးမုံ မှန်ပြင်နှင့် လူရိပ် ဥပမာ | ၂၁၈ |
| ကြိုတင်မသိနိုင်သော တရားငါးပါး | ၄၁၂ |
| ကြက်တောင် အကြောထုံး များကို မီးရှို့သည် ဥပမာ | ၁၄၈ |
| ကြောင်ကြောင်မြင်လျှက်နှင့် မှားကြပုံ | ၁၇၅ |
| ကြောင်မနှင့် ကြက်မ ဖြစ်ရသော လင်တူမိန်းမ | ၄၄၆ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ ခ ]** | |
| ခံစားပုံသုံးမျိုး | ၄၉ |
| ခံစားမှုမရှိသော ချမ်းသာ | ၁၀၂ |
| ခဏပစ္စုပ္ပန် ဇီဝိတိန္ဒြေ | ၄၉၅ |
| ခါးပိုက်နှိုက်နှစ်ဦး၏ နှလုံးသွင်း | ၄၃၂ |
| ခိုးမှုဆိုင်ရာ၌ စိတ်ဖြစ်ပုံ | ၃၄၀ |
| ခိုးရာမြန်မြန်လိုက်ရန် ညပုသ်စောင့်ခြင်း | ၄၄၂ |
| ခေါင်းဆောင်တပည့်ကြီးနှင့် တူပုံ | ၁၀၃ |
| ခေါင်းပြတ်ကောင် ပြေးနေစဉ် ဇီဝိတိန္ဒြေရှိ-မရှိ | ၃၉၇ |
| ခွေးထီးနှင့် မှားယွင်းသော မလ္လိကာမိဖုရား | ၄၃၉ |
| **[ ဂ ]** | |
| ဂတိဝိပတ္တိ အကုသိုလ်ကံ | ၂၇၃ |
| ဂတိဝိပတ္တိ ပဋိဗာဠ္ဌ ကုသိုလ်ကံ | ၂၇၆ |
| ဂတိသမ္ပတ္တိ ကုသိုလ်ကံ | ၂၇၈ |
| ဂတိသမ္ပတ္တိ ပဋိဗာဠ္ဌ အကုသိုလ်ကံ | ၂၇၀ |
| ဂရုကံ | ၂၂၀ |
| ဂလဲ့စားချေရန် ဆုတောင်းသူ | ၄၆၄ |



| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ ဂ ]** | |
| ဂိရိမာနန္ဒထေရ်၏ ရောဂါကို သညာဖြင့် ကုသပေးပုံ | ၁၅၅ |
| ဂေလညသုတ်(ပထမ) ဝေဒနာရှုပုံ | ၉၆-၉၉ |
| ဂေဟာဿိတ ဥပေက္ခာ | ၈၄ |
| ဂေဟာဿိတဒေါမနဿ | ၇၉၊၈၇ |
| ဂေဟာဿိတသောမနဿ ဝေဒနာ | ၇၇၊၈၆ |
| ဂုဏ်ပကာသနကုသိုလ် အကျိုးပေးမကောင်း | ၂၄၇ |
| **[ ဃ-စ ]** | |
| ဃရဲ၌ခုနစ်ရက်ခံရသော မလ္လိကာ | ၄၄၁ |
| ငါးမျှားသမား အရိယ | ၄၃၇ |
| ငါးမျှားသူနှင့် ဘုရားရှိခိုး သူတို့၏သမာဓိ | ၃၂၄ |
| ငယ်ရွယ်ချိန်မှာ မသေသော တရား | ၄၀၃ |
| ငြိမ်သက်သော ဆိမီးလျှံနှင့် တူပုံ | ၃၃၃ |
| ငြိမ်သက်သောတရားဟု ထင်ပုံ | ၆၁ |
| ငြိမ်သက်သောတရားဟု ရှေးရှုထင်ခြင်း | ၃၃၂ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ စ ]** | |
| စက္ခုဒွါရ၌ဖြစ်သော ဖဿ | ၁၃ |
| စက္ခုဒွါရ၌ ဝေဒနာသုံးမျိုး ဖြစ်ပုံ | ၅၃ |
| စက္ခုပါလမထေရ်နှင့် အကုသိုလ် ဥပဃာတက | ၂၁၉ |
| စက္ခုသမ္မဿနှင့် ဈာန်ရ ရခဲသည့်ကြီး | ၂၄ |
| စတုတ္ထဈာန်၌ ဇောဂ္ဂတာ၏ အနီးကပ်အကြောင်း | ၃၃၇ |
| စမ္မေယျနဂါးမင်း၏ ဥပဇ္ဇ- ဝေဒနီယကံ | ၂၃၇ |
| စာချောက်ရပ် ဥပမာ | ၁၃၆ |
| စိတ္တလတောင် မဟာထေရ် ဝတ္ထု | ၁၁၄ |
| စေတနာအကြောင်း အခြား သိကောင်းစရာများ | ၂၀၁ |
| စေတနာအလျောက် ကုသိုလ် အတန်းအစား ၆-မျိုးဖြစ်ပုံ | ၂၄၃-၅ |
| စေတနာ၏ချုပ်ငြိမ်းခြင်း | ၂၀၂ |
| စေတနာ၏ဆောင်ရွက်မှု ကိစ္စ | ၁၀၄ |
| စေတနာကြောင့် ဘဝစက်ဝန်း လည်ပုံ | ၃၁၀ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ စ ]** | |
| စေတနာကို ကံဟု ဘုရားဟောခြင်း | ၁၀၉ |
| စေတနာချုပ်ငြိမ်းလျှင် ဘဝ စက်ဝန်း အလည် ရပ်သည် | ၃၂၀ |
| စေတနာစေတသိက်၏ အစွမ်းသတ္တိ | ၂၀၄ |
| စေတနာစေတသိက်၏ နာမည်ထူးများ | ၁၀၀ |
| စေတနာ စေတသိက်၏ ပစ္စုပဋ္ဌာန် | ၁၀၆ |
| စေတနာ စေတသိက်၏ ပဒဋ္ဌာန် | ၁၀၇ |
| စေတနာ စေတသိက်၏ သဘော | ၁၀၂ |
| စေတနာထက်လျှင် ကံထက်၏ | ၁၀၉ |
| စေတနာနှင့် လက်သမား ဆရာကြီး | ၁၀၆ |
| စေတနာနှင့် လယ်ပိုင်ရှင် တူပုံ | ၁၀၅ |
| စေတနာနှင့် သခ်ါရ | ၁၉၃ |
| စေတနာ ပါ ပပါသာ ပမာန | ၂၇၉ |
| စေတနာ ၂-မျိုး | ၁၉၆ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ စ ] | |
| စေတနာ ၃-မျိုး | ၁၉၉ |
| စေတနာသုံးတန်နှင့် ပဋိသန္ဓေကျိုး | ၂၀၁ |
| စေတနာသုံးတန် ပြည့်ဝသော သုမနပန်းသည် | ၂၀၂ |
| စေတနာသည် 'ပစ္စယ' အကြောင်းတရား | ၁၈၉ |
| စေတသိက ဝေဒနာ | ၇၀ |
| စေ့ဆော်တိုက်တွန်းပုံ | ၁၈၃ |
| စစ်ဗိုလ်ကြီးနှင့် တူပုံ (စေတနာ) | ၁၈၄ |
| စိတ်အမှတ်ပြုမှု မြဲအောင်လုပ် | ၃၇၁ |
| စိတ်ကို အစိုးမရသူ အရူးနှင့်တူ | ၃၆၇ |
| စိတ်ကို အစိုးမရသူ ခွေးရူး ပြန်သည်နှင့်တူ | ၃၆၇ |
| စိတ်ကို အညီအမျှ ထားခြင်း | ၃၅၅ |
| စိတ်ကို ကောင်းစွာ ထားခြင်း | ၃၅၄ |
| စိတ်တည်ကြည်ခြင်း သဘော ၃-မျိုး | ၃၂၂ |
| စိတ်နာဖွယ် မဟုတ် | ၄၂၉ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ စိ ] | |
| စိတ်ဖြစ်တိုင်း ဧကဂ္ဂတာ ဖြစ်ပုံ | ၃၂၆ |
| စိတ်ဖြစ်တိုင်းပါသော ဝေဒနာ | ၉၀ |
| စိတ်ပျိုကိုယ်နု၊ စိတ်ထောင်း ကိုယ်ကြေ ဒေသနာတော် များ | ၄၀၆ |
| စိတ်မပိုင်သူသည် ပဲ့မနိုင်သော လှေသူကြီးနှင့် တူပုံ | ၃၆၈ |
| စိတ်ရူး စိတ်နှောက် ပျောက်နိုင်ပုံ | ၃၇၁ |
| [ဆ-ဇ] | |
| ဆိမ်းလျှံ ငြိမ်သက်ခြင်းနှင့် တူပုံ | ၃၃၃ |
| ဆုတောင်းချော်သဖြင့် မတော် မလျော် ဖြစ်ကြသူများ | ၂၅၁ |
| ဆုတောင်းရှည်သော ဇောတိက သဌေးလောင်း | ၂၅၀ |
| ဆားဟပ်သော ရေထဲချသည့် ဥပမာ | ၃၀၉ |
| ဆက်ဆံ ဆက်သွယ် ပေးခြင်း (ဝေဒနာ) | ၁၈၂ |
| ဇနကကံ | ၂၀၉ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ဇ] | |
| ဇနကကံ အကျိုးပေး အယူအဆ | ၂၁၀ |
| ဇနကကံကို အမျိုးမျိုး ထောက်ပံ့ပုံ | ၂၁၁ |
| ဇနကကံကို ဥပတ္ထမ္ဘကကံက ထောက်ပံ့ပုံ | ၂၁၁ |
| ဇဝန ပဋိပါဒက- မနသိကာရ | ၄၂၃ |
| ဇီဝခေါ် အသက်ဟူသည် | ၃၈၁ |
| ဇီဝိတ သမသီသီ ရဟန္တာ | ၄၀၀ |
| ဇီဝိတိန္ဒြေ အစဉ် ၂-မျိုး | ၃၉၃ |
| ဇီဝိတိန္ဒြေ၏ အစွမ်း | ၄၀၁ |
| ဇီဝိတိန္ဒြေ၏ စောင့်ရှောက်ရာ ကာလအဆုံးအဖြတ် | ၃၉၀ |
| ဇီဝိတိန္ဒြေ၏ ဆိမ်မီးဥပမာ | ၃၇၉ |
| ဇီဝိတိန္ဒြေ၏ နီးစွာသော အကြောင်း | ၃၇၉-၃၈၀ |
| ဇီဝိတိန္ဒြေ၏ ရေဥပမာ | ၃၇၄ |
| ဇီဝိတိန္ဒြေ၏ ဝေးသော အကြောင်းတရား | ၃၈၀ |
| ဇီဝိတိန္ဒြေ၏ သဘော လက္ခဏာ | ၃၇၃ |
| ဇီဝိတိန္ဒြေက နာမ်အစဉ် ဖြစ်အောင် ဆောင်ရွက်ပုံ | ၃၇၃ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ဇ] | |
| ဇီဝိတိန္ဒြေကြာမြင့်စွာ ရှင်သန်ရေး | ၄၀၁ |
| ဇီဝိတိန္ဒြေစေတသိက် | ၃၇၃ |
| ဇီဝိတိန္ဒြေစေတသိက်၏ ပဒဋ္ဌာန် | ၃၇၉ |
| ဇီဝိတိန္ဒြေစေတသိက်၏ ပစ္စုပဋ္ဌာန် | ၃၇၈ |
| ဇီဝိတိန္ဒြေစေတသိက်၏ ရသ | ၃၇၇ |
| ဇီဝိတိန္ဒြေမည်ပုံ | ၃၇၃ |
| ဇီဝိတိန္ဒြေ ၂-မျိုး | ၃၈၁ |
| ဇီဝိတိန္ဒြေသည် ဝဋ္ဋဒုက္ခတို့၏ ဦးခေါင်း | ၄၀၀ |
| ဇာတ်အားဖြင့် ကောဂ္ဂတာ ၃-မျိုး | ၃၃၉ |
| [ဈ-ည] | |
| ဈာနင် အမည်မရသော ကောဂ္ဂတာ | ၃၅၃ |
| ဉာဏသမ္ပယုတ်သညာနှင့် ဉာဏဝိပ္ပယုတ်သညာ | ၁၃၇ |
| ဉာဏ်ဖြင့် သိမြင်ရမည့် တရား ၇-ပါး | ၂၀၂-၃ |

အက္ခရာစဉ် စာမျက်နှာ

[ည]

ညာဏ်ရှိ ယောကျ်ား မှားလတ်သောခါ ဆေးလွန်နာသို့ ၃၅၆
ညာဏ်ဟူသော အကျိုးတရားကို ဖြစ်ပွားစေသည်ဟု ရှေးရှုထင်ခြင်း ၃၃၃

[တ]

တံလျှပ် ဥပမာ သညာ ၁၇၇
တဆင့်ထက် တဆင့် သာလွန်မွန်မြတ်သော ဈာန်ချမ်းသာ ၁၀၁
တဏှာကြောင့် ဥပါဒါန်ဖြစ်ပုံ ၁၁၇
တဏှာနိဿိတကုသိုလ် ၂၄၇-၉
တယောက် အကုသိုလ်ကံကြောင့် အများခံရပုံ ၃၀၃
တယောက်ကုသိုလ်ကံကြောင့် အများစံရပုံ ၃၀၂
တိဿမဟာဗြဟ္မာကြီး အကြောင်း ၂၆၁
တိဿရဟန်းကြီး၏ နှလုံးသွင်း ၄၅၆
တိဿရဟန်းကြီး၏ မကောင်းသောနှလုံးသွင်း ၄၁၉





အက္ခရာစဉ် စာမျက်နှာ

[တ]

တိဟိတ်ကုသိုလ်နှင့် ဒွိဟိတ်ကုသိုလ် ၂၄၂
တီကောင်ကို ကြာဆံထင်မှတ်သည့် ဥပမာ ၁၇၇
တုသိတာ နတ်ပြည်ရောက်သော မလ္လိကာ ၄၄၁
တောစောင့် ယောကျ်ားရုပ်ဥပမာ ၁၃၆
တောသမင် ဥပမာ သညာဝိပလ္လာသ ၁၇၄
တပ်မက်ခြင်း အာသာ ၂-မျိုး၄၀၂
တပ်မက်တွယ်တာမှု အဆင့်ဆင့် ၁၁၇
တည်ကြည်မှု သမာဓိကို ပွားပုံ ၃၅၇
တွယ်တာမှုကိုပယ်လျှင် ဒုက္ခမှလွတ်နိုင်၏ ၁၁၁-၂

[ထ-ဒ-ဓ]

ထင်ရှားရှိခိုက်သာ စောင့်ရှောက်ပုံ ၃၇၅
ဒမိဠ ဒေါဝါရိက တံငါသည် ၂၂၄
ဒါနနှင့် စေတနာ ၁၅
ဒိဋ္ဌိဓမ္မကျိုး ၄၀၇
ဒိဋ္ဌဓမ္မ ဝေဒနီယကံ ၂၂၀

| အကြွရာစဉ် | စာမျက်နှာ |
|---|---|
| **[ဒ-ဓ]** | |
| ဒိဋ္ဌဓမ္မ ဝေဒနီယကံ အကျိုးပေးပုံ | ၂၂၉ |
| ဒိဋ္ဌဓမ္မ ဝေဒနီယကံ၏ အင်္ဂါ၄ပါး | ၂၃၁ |
| ဒိဋ္ဌဓမ္မ ဝေဒနီယကံနှင့် ပဝတ္တိကျိုး | ၂၂၉ |
| ဒိဋ္ဌိနိဿိတ (ဒိဋ္ဌိကို မှီကွယ်သော)ကုသိုလ် | ၂၄၇-၉ |
| ဒီဃာဝု သတို့သား၏ အသက်ရှည်နည်းကြောင်း | ၄၀၅ |
| ဒုက္ခဆိုသည်ကား | ၁၆၇ |
| ဒုက္ခဝေဒနာနှင့် ဒေါမနဿ ဝေဒနာခွဲပုံ | ၅၁ |
| ဒုက္ခဝေဒနာနှင့် ပဋ္ဌာနစာရိ | ၅၆ |
| ဒုတိယဈာန်စသည်၌ ရှိသော သမာဓိ | ၄၄၉ |
| ဒုတိယာဘဝါဒ် အကျိုးပေး သော [illegible] | ၂၃[illegible] |
| ဒွိပိခေါ် တေရ်နတ်၏ [illegible] | ၂၁၉ |
| ဒဏ်ခံရကာပုံ | ၃၀၈ |
| ဒွါရဝတီ မြို့တော် | ၄၃၄ |
| ဓုပ်ပါပနေယာနှ၂ ၄ မျိုး | ၁၉၄ |
| ဓား လက်နက် စသည်တို့ဖြင့် မျက်[illegible]သော [illegible] | ၄၉၇ |
| | |
| **[န]** | |
| နတ်သမီးမြူဆွယ်၍ ချွန်ပျက်သော ရသေ့ငယ် | ၂၇ |
| နတ်သမီး အတွေ့ဖြင့် သုံးနှစ် မေ့နေသော ရသေ့ငယ် | ၂၇ |
| နန္ဒ နွားသတ်သမား၏ အကျိုးပေးအဆုံးအဖြတ် | ၂၃၅ |
| နန္ဒ နွားသတ်သမား၏ ဒိဋ္ဌဓမ္မကျိုး | ၂၃၀ |
| နန္ဒသတို့သား၏ ဒိဋ္ဌဓမ္မကျိုး | ၂၃၀ |
| နန္ဒမည်သော သတို့သား၏ ကံ | ၂၃၄ |
| နန္ဒယုလင်၏ ဒိဋ္ဌဓမ္မကျိုး | ၂၃၀ |
| နာဂသမာလသထေရ် | ၇၂၄ |
| နာနက္ခဝါဒ | ၄၇ |
| နာနာကမ္မဿ ကမ္မပစ္စည်း ကြောင်းကျိုး ဆက်ပုံ | ၂၇၃-၇ |
| နာမ်အချင်းချင်း ဖောက်ဖြစ်ပုံ နှင့် ပျဉ်းသိုးစား ဥပမာ | ၉-၁၀ |
| နာမ်ဝိဇ္ဇိတ်ခြေ | ၂၈၁ |
| နာမ် ဝိဝိတ်ခြေသည် နာမ် ရုပ်ကို စောင့်ရှောက်သလော | ၇၉၁ |
| နာမ် တရားတို့ကို စောင့်ရှောက်ပုံ | ၇၃၇ |
| နာမ်ကာယကို ပေါင်းရုံ [illegible]ခြင်းတွဲ | ၄၃၁ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ န ]** | |
| နာမ်ရုပ်ကြောင့် အာယတန ၆-ပါး စသည်ဖြစ်ခြင်း | ၃၁၉ |
| နိကန္တိ တဏှာ | ၂၆၀-၁ |
| နိစ္စ, သုခ, အတ္တ သညာ ၃-မျိုး | ၁၃၉ |
| နိယတ မိစ္ဆာဒိဋ္ဌိ စေတနာ | ၁၉၇ |
| နိရာမိသ အဒုက္ခမသုခ ဝေဒနာ | ၈၄ |
| နိရာမိသ ဒုက္ခဝေဒနာ | |
| နိရောဓ သမာပတ် ချမ်းသာ | ၁၀၀ |
| နို့ယိန်းဥပမာ (ဇီဝိတိန္ဒြေ) | ၃၇၆ |
| နေက္ခမ္မသညာ, အဗျာပါဒ သညာ,အဝိဟိံသသညာ | ၁၄၀ |
| နေက္ခမ္မဿိတ ဥပက္ခာဝေဒနာ | ၈၇ |
| နေက္ခမ္မဿိတ ဒေါမနဿ [illegible] | ၈၀ |
| နေက္ခမ္မဿိတ သောမနဿ ဝေဒနာ | ၇၈၊၈၆ |
| နေခြည်ယိုရောက် နှင်းရေ ပေါက်ပမာ | ၄၁၁ |
| နေသည့် ရွှေကိုသာ ကုမ်း [illegible] | ၄၁၁ |
| [illegible] (ဘုရား) | ၁၃၁ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ န ]** | |
| နှလုံးသွင်း၏ အကျိုးသာဓက များ | ၄၄၁ |
| နှလုံးသွင်းကောင်းတော့ သောတာပန်ဖြစ် | ၄၃၇ |
| နှလုံးသွင်းကောင်းဟု သမ္မာ ဒိဋ္ဌိ | ၄၅၈ |
| နှလုံးသွင်းကောင်းလျှင် သံသရာစက် ရပ်မည် | ၄၆၂ |
| နှလုံးသွင်းပုံ ၃-မျိုး | ၄၁၄ |
| နှလုံးသွင်းပြောင်းပါ | ၄၃၃ |
| နှလုံးသွင်း မကောင်းခြင်း၏ အကြောင်းများ | ၄၆၀-၁ |
| နှလုံးသွင်းမကောင်းမှု | ၄၃၁ |
| နှလုံးသွင်းမကောင်းမှုကြောင့် ကြေကွဲဖွယ်ရာ ဖြစ်ရပ် များ | ၄၄၄ |
| နှလုံးသွင်းမကောင်းလျှင် [illegible] ကောင်းလျှင် [illegible] | ၄၅၆ |
| နှလုံးသွင်းမှု ဘဟိုပူဆင်ခြင်း | ၄၅၀ |
| [illegible] | ၄၁၅ |
| [illegible] | ၁၁၂ |
| [illegible] | [illegible] |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|

[ န ]

နိုပ်စက်နာကျင်တတ်သော တရားဟု ထင်ပုံ ၆၁
နှိပ်စက်ပုံသုံးမျိုး(ဥပပိဋ္ဌက) ၂၁၄
နူတ်ဖြင့်သာ အဆုံးသတ် ကြရပုံ ၃၆၈
နွားခြံတွင်းက နွားအိုကြီး ဥပမာ(အာသန္နကံ) ၂၂၇

[ပ]

ပစ္စည်းထိန်း ဥပမာ(သညာ)၁၃၂
ပစ္စေကဗုဒ္ဓါ ဖြစ်သွားသော ဗာရာဏသီမင်း ၁၄၇
ပစ္စုပဋ္ဌာန် ၂-မျိုး ၃-၄
ပစ္စုပ္ပန်ဇဝိတိန္ဒြေ သုံးမျိုး ၃၈၅
ပဋ္ဌဒ္ဒါရာဝဇ္ဇန်းစိတ် ၄၂၂
ပဋ္ဌာနန္တရိယစေတနာ ၁၉၇
ပညာအားနည်း သဒ္ဓါ သည်းက ၅၆၃
ပညာ၌'ပ' သဒ္ဒါ ၁၆၀
ပညာ, သညာ, ဝိညာဏ်တို့၏ အသိထူးပုံ ၁၂၇
ပဋ္ဌာစာရီနှင့် ဒုက္ခဝေဒနာ ၅၆
ပဋ္ဌိစ္စသမုပ္ပါဒ် အနုလုံ ပဋိလုံ ၄၆၄-၅

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|

[ပ]

ပဋိစ္စသမုပ္ပါဒ် စက်ရဟတ် သံသရာ ၄၆၄
ပထမ အာနန္ဒသုတ် (ဝေဒနာဖြစ်ကြောင်း) ၉၉
ပဏာမစေတနာသည်လက်ငင်း အကျိုးရနိုင်ခြင်း ၄၀၉
ပဒဋ္ဌာန်၏ သဘောအဓိပ္ပာယ် ၄
ပယောဂဝိပတ္တိအကုသိုလ်ကံ ၂၇၅
ပယောဂဝိပတ္တိ ပဋိဗာဠ္ဌ ကုသိုလ်ကံ ၂၇၈
ပယောဂသမ္ပတ္တိ ကုသိုလ်ကံ ၂၈၀
ပယောဂသမ္ပတ္တိ ပဋိဗာဠ္ဌ အကုသိုလ်ကံ ၂၇၇
ပရံကာရကုသိုလ် ၂၅၄
ပရမတ်တရား လေ့လာ စိစစ်နည်း ၁
ပရိကမ္မသညာ, ဥပစာရသညာ, အပ္ပနာသညာ ၁၃၉
ပဟာနသညာဖြစ်ပုံ ၁၅၂
ပင်လယ်ပမာသညာသဘော ၁၂၉
ပါရမီကုသိုလ်မျိုးမဟုတ်သော ကုသိုလ် ၂၄၇
ပါရမီမျိုးဖြစ်သည့် ကုသိုလ် ၂၄၈
၂၄၉
ပိတုဃာတကကံ ၂၂၁

အက္ခရာစဉ် — စာမျက်နှာ

[ ပ ]

ပိလိန္ဒဝစ္ဆထေရ်၏ ဝစီကံ ၂၉၈
ပုညာဘိသင်္ခါရ ၂၀၅
ပုဏ္ဏဆင်းရဲသား၏ ဒိဋ္ဌဓမ္မကျိုး ၂၂၉
ပုထုဇဉ်နှင့်အရိယာ ၉၂
ပုထုဇဉ်၏သမာဓိ ၃၄၉
ပုဗ္ဗစေတနာ ၁၉၅-၂၀၀
ပုဗ္ဗစေတနာ၏အကျိုး ၂၀၃
ပုဗ္ဗစေတနာ ချို့တဲ့သော ပဋ္ဌပါပီနှင့်မင်းကုသ ၂၀၃
ပုဗ္ဗေတက ဟေတုဒိဋ္ဌိ ၂၉၃-၅
ပေါင်းစုပေးပုံနှင့် ရေဥပမာ ၃၃၀
ပျံ့လွင့်မှု ဥဒ္ဓစ္စကိုဖျက်ဆီးခြင်း ကိစ္စ ၃၃၁
ပြုလုပ်ပုံအားဖြင့် စေတနာ ၄-မျိုး ၂၆၉
ပွဲကြည့်တတ်၍ ရဟန္တာ ဖြစ်ပုံ ၄၅၇

[ ဖ ]

(ဖဿ) အနုဒီပနီဝါဒ ၄၄
ဖဿအာဟာရသည်ဘဝဆက် ရှည်စေနိုင်သောအချုပ် အကြောင်းတရား ၃၂

[ ဖ ]

ဖဿအားကောင်းလျှင် ဝေဒနာ တဏှာ အားကောင်းသည် ၂၃
ဖဿ၏ ဥပစာသဘော မုချ သဘော ၇-၈
ဖဿ၏ ဆောင်ရွက်မှု ကိစ္စ ရသနှင့် သမ္ပတ္တိရသ ၁၁
ဖဿ၏ ပဒဋ္ဌာန် ၂-မျိုး ၁၉
ဖဿကို အာဟာရခေါ်ပုံ ၃၀
ဖဿကို ရှေးဦးစွာ ဟောရပုံ ၄၀
ဖဿကြောင့် အယူဝါဒ အမျိုးမျိုးဖြစ်ပုံ ၃၂
ဖဿကြောင့် စစ်ပွဲကြီးဆင်နွှဲ ရခြင်း ၃၆
ဖဿကြောင့် ဝေဒနာ ဖြစ်ခြင်း ၁၀၄
ဖဿကြောင့် ဝေဒနာသုံးမျိုး ဖြစ်ပုံ ၁၃
ဖဿကြောင့် သံသရာလည်ပုံ ၄၅
ဖဿစသည်တို့ ဝေဒနာ အမည် မရပုံ ၅၈
ဖဿစေတသိက်၏ ပစ္စုပ္ပဋ္ဌာန် ၂-မျိုး ၁၂
ဖဿစေတသိက်၏ သဘော လက္ခဏာ ၉

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| **[ ဖ ]** | |
| ဖသာရှမ်းရည်နှင့် ဖဿ ၃၂-မျိုး | ၂၉ |
| (ဖဿ) ဠိကာဝါဒ | ၄၂ |
| ဖဿနှင့် ဝဍ္ဍိတ္တလမ္ပဟာဒ် | ၃၀ |
| ဖဿနှင့် ပဋ္ဌာန်း | ၃၉ |
| ဖဿနှင့် ဝေဒနာသဘော ပေါ်းလာင်းချက် | ၆၃-၆၆ |
| ဖဿ [illegible] သဘော အလည် [illegible] | ၄၆ |
| ဖဿ ၆-မျိုး | ၂၂ |
| ဖဿ ၁၉-မျိုး | ၃၀ |
| ဖဿသည် ဘဿပ်တို့ အားပေါ်လာနှင့်ကျပုံ | ၅၉ |
| ဖဿသည် ပေးဒုက္ခ၏ အကြောင်း | ၃၅ |
| [illegible] ထက်ထက် တော် | ၄၅၄ |
| [illegible] | ၄၁၀ |
| [illegible] စေတနာ ၆-မျိုး | ၂၇၀ |
| **[ ဗ - ဘ ]** | |
| [illegible] | ၄၀၃ |
| [illegible] ကြီး၏ [illegible] | ၁၄၇ |
| **[ ဗ - ဘ ]** | |
| ဗိမ္ဗိသာရမင်း၏ ဥပဿာတကကံ | ၂၁၉ |
| ဗိမ္ဗိသာရမင်းကြီး | ၄၅၃ |
| ဗိဇနီယာဝ | ၃၇၇ |
| ဗောဇ္ဈင်ပြည်ပုံ | ၄၅၂ |
| ဗေဒ်ဂျာကို ပြန်မြန်မရသော ကုသိုလ် | ၂၄၉ |
| ဗောဓိမင်းသားနှင့်မိဖုရား၏ အဟုသိုလ်ကံ | ၃၀၁ |
| ဗိုလ်အသည်ရပုံ | ၄၅၂ |
| ဘဝ(ကမ္မဘဝ) | ၁၉၄ |
| ဘဝကြောင့် ဇာတိစသည် ဖြစ်ရပုံ | ၁၂၀ |
| ဘဝ ၂-မျိုး | ၁၁၉ |
| ဘဝသုံးပါး၌ ဖြစ်စေသော ပဋိသန္ဓေတနာ တာရ | ၁၉၂ |
| [illegible] | ၃၇၀ |
| [illegible] | ၄၆၁ |
| [illegible] ပေါက်ပြတ် သိနိုင်ပုံ | ၁၄၉ |
| [illegible] | ၄၄၇ |

| အက္ခရာစဉ် | စာမျက်နှာ | အက္ခရာစဉ် | စာမျက်နှာ |
|---|---|---|---|
| [ဘ] | | [မ] | |
| ဘီလူးမက ကျေးဇူး | | မဏ္ဍလာသရာတော် | ၄၅၈ |
| ဆပ်ခြင်း | ၄၄၉ | မနသိကာရ၏ အနီးကပ်ဆုံး | |
| ဘီလူးမ သောတာပန် | | အကြောင်း | ၄၂၀ |
| ဖြစ်ခြင်း | ၄၄၈ | မနသိကာရကို အထူး | |
| ဘုရားအဆူဆူချစ်၍ | | ရှင်းလင်းပြခြင်း | ၄၂၄-၆ |
| ပကျတ်နိုင်ပုံ | ၁၄၂ | မနသိကာရစေတသိက်၏ | |
| ဘုရားအဆုံးအမကို | | ပစ္စုပဋ္ဌာန် | ၄၁၈ |
| နာခံနိုင်ရမည် | ၄၃၀ | မနသိကာရစေတသိက်၏ | |
| ဘုရားထံရောက်မှ ရန်ငြိုး | | ပဒဋ္ဌာန် | ၄၂၀ |
| ဆုတောင်းငြိမ်းခြင်း | ၄၄၈ | မနသိကာရစေတသိက်၏ | |
| ဘုရားဖြစ်ခြင်းသည်မနသိ | | ရသ | ၄၁၆ |
| ကာရ၏အကြောင်း | ၄၅၉ | မနသိကာရစေတသိက်၏ | |
| ဘုရားရှိခိုးရုံမျှဖြင့် ရောဂါကို | | လက္ခဏာ | ၄၁[illegible] |
| ကာကွယ်နိုင်ခြင်း | ၄၀၈ | မနသိကာရ(=နှလုံးသွင်း | |
| ဘုရင်မင်းမြတ်ဥပမာ | ၃၃၁ | ခြင်း) | ၄၁၄ |
| ဘေးဒုက္ခအပေါင်း၏ | | မနသိကာရနှင့် အရိယာမဂ် | ၄၃၆ |
| အကြောင်းရင်းဖော်သာ | ၃၅ | မနသိကာရ ၃-မျိုး | ၄၂၁ |
| | | မနသိကာရ ၂-မျိုး | ၄၂၆ |
| [မ] | | မနသိကာရသည် ... ပိုင်သူ | |
| | | နှင့်တူပုံ | ၄၁၇ ပ |
| မက္ခလိဂေါသာလ၏ | | မနောဒွါရိကပိုင်ဆိုင်ရာ ကာလ | [illegible] |
| သတ်ဝင်အကြံမှုအယူ | ၃၀၅ | မနောဒွါရ၌ ဝေဒနာ | |
| မဃဒေဝလင်္ကာ မှတ်စုရာ | ၃၅၅ | သုံးမျိုးဖြစ်ပုံ | ၅၃ |
| မဇ္ဈိမယုယ်ပယ်တော | | မနောဒွါရဝီထိဘုန်းပယ် | ၄၂၃ |
| ကျောင်းထိုင်ဘုန်းကြီး | ၃၀၄ | မနောသဥ္စေတနာ | ၁၉၉ |
| မဇ္ဈိမပဋိပဒါလမ်းစဉ် | ၃၅၇ | | |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[မ]** | |
| မနောသဉ္စေတနာဟာရ | ၁၉၁ |
| မနောသမ္ဖဿ | ၂၀ |
| မယားငယ်အားကိုယ်ဝန် ဖျက်ချသောမယားကြီး | ၄၄၆ |
| မလ္လိကာမိဖုရားကြီးနှင့် နှလုံးသွင်း | ၄၃၇ |
| မဟဂ္ဂုတ်စေတနာ | ၁၉၈ |
| မဟာအဋ္ဌကထာဝါဒ | ၅၀ |
| မဟာကုသိုလ်ဟု အမည်ရခြင်း အကြောင်း | ၂၄၁ |
| မဟာဓမ္မပါလဇာတ် | ၄၀၃ |
| မဟာဝသဘမင်း အသက် ရှည်နည်းကောင်း ရှာခြင်း | ၄၀၄ |
| မဟာဝါစကာလ ဥပါသကာ | ၂၂၄ |
| မဟာသံဃိက ဂိုဏ်းဝါဒ | ၅၀ |
| မဟာသခ်ပုဏ္ဏားနှင့် သုခဝေဒနာ | ၅၈ |
| မဟာသိဝမထေရ်ကြီး၏ နိရာမိသဒုက္ခဝေဒနာ | ၇၀-၇၃ |
| မဂ်စေတနာ | ၁၉၈ |
| မဂ်ဖိုလ်ရအောင် အရင်းအနှီး ပြုရသော မဟာကုသိုလ် | ၂၄၁ |
| မင်းကုသနှင့် ပဥ္စပါပီ | ၂၀၃ |
| **[မ]** | |
| မည်သည့်စေတနာမဆို ပဋိသန္ဓေကျိုးပေး နိုင်ခြင်း | ၂၀၂ |
| မယ်ဥတ္တရာ၏ သမာဓိ တန်ခိုး | ၃၆၄ |
| မာတုဃာတကကံ | ၂၂၁ |
| မိဂပဒဝလဉ္ဇနနည်း (ဥပေက္ခာ) | ၆၂ |
| မိစ္ဆာစာရမှုဆိုင်ရာ စိတ်ဖြစ်ပုံ | ၃၄၀ |
| မိစ္ဆာသညာခိုင်မြဲလျှင် ဘုရားအဆူဆူချွတ်၍ မကျွတ်နိုင်ပုံ | ၁၃၃ |
| မိမိလှူသောကျောင်း မီးလောင် လက်ခမောင်း ခတ်သော သဌေး | ၄၅၁ |
| မီးကျိုးတွင်းနှင့် မနော သဉ္စေတနာဟာရ | ၁၉၂ |
| မုဉ္စစေတနာ | ၁၉၅-၂၀၀ |
| မုဒုလက္ခဏ ဇာတ် | ၂၄ |
| မိန်းမရှာ ဥပမာ | ၁၃၆ |
| မျက်စိအတွေ့နှင့် ဥပမာများ | ၂၁ |
| မျက်နှာတွန့်ရှုတ်နေသော ပြိတ္တာ | ၄၃၅ |
| မျက်မမြင် ခြောက်ယောက် ဥပမာ | ၁၃၄ |

အက္ခရာစဉ် စာမျက်နှာ

[မ]

မျက်မှန်စိမ်းတပ်၍အစာကျွေး
ဥပမာ ၁၇၇
မျိုးစေ့ဥပမာနှင့်
နာနာကမ္မဏိက ကမ္မသတ္တိ ၂၇၅
မျောက်မင်း၏ သတိနှင့်
မနသိကာရ ၄၂၀
မှားမှားမှန်မှန် စွဲလမ်းတတ်ပုံ ၁၃၄
မှတ်သားပုံ (သညာ)
သဘော ၃မျိုး ၁၂၅

[ယ-ရ]

ယောနိသောနှင့် ကောင်းရာ
သုဂတိ ၄၄၁
ယောနိသောနှင့် ဘုရားရှင် ၄၅၇
ယောနိသော မနသိကာရ ၄၂၇
ရထားထိန်း ဥပမာ ၄၁၆
ရသ ၂-မျိုးသဘော အဓိပ္ပါယ် ၃
ရဟန်းတပါး၏ ကံတရား ၇၁၃
ရဟန္တာ၌ ကာယိက ဒုက္ခ
ဝေဒနာ ဖြစ်ခြင်း ၉၂
ရဟန္တာနှင့် ဒုက္ခဝေဒနာ ၉၁
ရဟန္တာဖြစ်လျှင် ဖြစ်ချင်း
ပရိနိဗ္ဗာန်ပြုသော
ပုဂ္ဂိုလ် ၄၀၀-၁
ရဟန္တာမဖြစ်၍ငိုသောရဟန်း ၇၂

အက္ခရာစဉ် စာမျက်နှာ

[ရ]

ရဟန္တာများ သခ်ျိုင်းရသုံးပါး
အားမထုတ် ၂၀၆
ရဟန္တာသမာဓိ ၃၄၉
ရည်ရွယ်ချက်အမျိုးမျိုးဖြင့်
ဥပုသ်စောင့်ခြင်း ၄၄၂
ရန်သူအားဦးစွာအမျှဝေခြင်း၄၅၂
ရန်သူအားမေတ္တာ
မပျက်သောသဒ္ဓေး ၄၅၂-၃
ရူပကုသိုလ်ကံများ အကျိုး
ပေးပုံ ၂၅၇
ရူပကုသိုလ်ကံများနှင့်
နိကန္တိတဏှာ ၂၆၀
ရူပကုသိုလ်ကံ ၃-မျိုးစိ
ကွဲပြားပုံ ၂၅၆
ရူပါဝစရကုသိုလ်ကံ ၂၅၄
ရေဒီယိုအသံလှိုင်း သဒ္ဒရုပ် ၃၇၃
ရေများရေနိုင်၊ မီးများမီးနိုင်၃၀၉
ရောဂါအန္တရာယ်
ကာကွယ်နည်း ၄၀၇
ရောဂါကြောင့် ခန္ဓာကိုယ်ကို
အပြစ်ဟုရှုခြင်း ၁၄၇
ရုပ်ဇီဝိတိန္ဒြေ ၃၇၁
ရုပ်နာမ် ဇီဝိတိန္ဒြေတို့ အတူ
တကွချုပ်ကြပုံ ၃၉၂
ရှင်ဘုရင်၏စားတော်ကဲဥပမာ ၅၉

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ ရ ]** | |
| ရှင်မဟာကောဋ္ဌိကနှင့် ရှင်သာရိပုတ္တရာ သညာ အမေးအဖြေ | ၁၂၅ |
| ရှမုတ်ဖန်များလျှင် ဒုက္ခ ဝေဒနာအမှန်သိမည် | ၁၁၃ |
| ရှေးဘဝကံက ယခုဘဝ၌ အကျိုးပေးပုံ | ၂၈၁ |
| **[ လ ]** | |
| လက္ခဏာ ရသ, ပစ္စုပဋ္ဌာန် ပဒဋ္ဌာန် ဆိုသည် အဓိပ္ပါယ် | ၁-၅ |
| လက္ခဏာနှင့် ကိစ္စအထူး | ၁၃၂ |
| လင်းနို့ကိုမရမကဝယ်သော ဘုန်းတော်ကြီးကံ | ၃၁၆ |
| လက်သမားဥပမာ (သညာ) | ၁၃၁ |
| လက်သမား ဆရာကြီးနှင့် ဝေဒနာ | ၁၀၆ |
| လင်ပါးနိုင်းချွေးလှည့်ပေးသော မိန်း | ၄၄၅ |
| လင်ဝတ္တုမိန်းမ ပျော်ရွှင်ရန် | ၄၄၂ |
| လယ်ထိုးမျှင်နှင့် ဝေဒနာကျပုံ | ၁၀၅ |
| လှည့်ကိုးအစဉ် | ၄၃၃ |
| လောသကတိဿ ရဟန္တာ၏ အတိတ်ပစ္စုပ္ပန်ဝတ္ထု | ၃၄၃-၆ |
| လောဘပါတပ္ပါကကား | ၂၂၁ |
| **[ လ ]** | |
| လုံးဝအကျိုးမပေးသောကံ | ၂၃၇ |
| လို-တ-ရမနေသည့် ရုက္ခစိုး နတ်ကြီး | ၄၃၄ |
| လွန်ကဲသောတရားများ | ၁၇၅ |
| လွန်စွာကျေးဇူးပြုတတ်သော အကြောင်းတရား | ၁၉၁ |
| လှေပြိုင်သူဥပမာ | ၄၁၇ |
| လှေလှော်သူ ဥပမာ (ဇီဝိတိန္ဒြေ) | ၃၇၆ |
| **[ ဝ ]** | |
| ဝဂ္ဂုမုဒါမြစ်နားနေ ရဟန်း ငါးရာ၏ ဥပဃာတကကံ | ၂၁၉ |
| ဝမ်းသာဝေဒနာ | ၁၉၉ |
| ဝဋ်ကြွေးရှိလို့ ခံရတာ စိတ်နာဖွယ်မဟုတ် | ၄၂၉ |
| ဝဋ္ဋအနိဿိတကုသိုလ် | ၂၄၉ |
| ဝဋ္ဋုပစ္ဆေဒ(ပို့ရာမခြား) သညာ ၆-မျိုး | ၁၄၅ |
| ဝါရသာပဿိသိရဟန္တာ | ၁၁၄ |
| ဝိညာဏ်ကြောင့် နာမ်ရုပ် ဖြစ်ခြင်း | ၃၁၀ |
| ဝိညာဏ်၌ ဝိ-သဒ္ဒါ | ၁၂၉ |
| ဝိညာဏ်,ပညာ,သညာအသိ ထူးခြားချက် | ၁၂၇ |

| အက္ခရာစဉ် | စာမျက်နှာ |
| --- | --- |

## [ဝ]


ဝိညာဏ်သည် မျက်လှည့်နှင့် တူပုံ ၁၆၅
ဝိတက်, ဝေတနာ, မနသိကာရ အရား ၄၁၇
ဝိပဿနာ ကမ္မဋ္ဌာန်းအရာ အသိ ၃-မျိုးအထူး ၁၂၀
ဝိသာခါနှင့် ဓမ္မဒိန္နာ သမာဓိ အမေး အဖြေ ၃၂၃
ဝိထိစိတ်မဖြစ်သောအချိန် ၄၂၆
ဝိထိဇောစိတ်အစဉ်နှင့် မနသိကာရ ၄၂၅
ဝိထိပဋိပါဒက မနသိကာရ ၄၂၂
ဝိရိယ ၂-ပါး ၃၇၀
ဝေဒနာအကြောင်း သိကောင်းစရာများ ၉၀
ဝေဒနာ၏ အဖြစ် ၁၀၀
ဝေဒနာ၏ ကြောက်မက်ဖွယ် အားကို သိရခြင်း ၁၀၉
ဝေဒနာ၏ ဆောင်ရွက်မှု ကိစ္စ (ရသ) ၇၇
ဝေဒနာ၏ နှစ်သက် သာယာ ဖွယ်ကို သိရခြင်း ၁၀၈
ဝေဒနာ၏ ပစ္စုပဋ္ဌာန် ၇၆
ဝေဒနာကို သဏ္ဍာန် အားဖြင့် ညီပြခြင်း ၇၄


| အက္ခရာစဉ် | စာမျက်နှာ |
| --- | --- |

## [ဝ]


ဝေဒနာကြောင့် တဏှာဖြစ်ပုံ ၁၁၆
ဝေဒနာကြောင့် ဘဝစက်ဝန်း လည်ပတ်ပုံ ၁၁၆
ဝေဒနာ=ခံစားခြင်း ၄၉
ဝေဒနာချုပ်ကြောင်း ကျင့်ရ မည့်တရား ၁၀၀
ဝေဒနာချုပ်ကြောင်း အကျင့်ကို သိရခြင်း ၁၀၆
ဝေဒနာချုပ်ခြင်းနှင့်ကို သိရခြင်း ၁၀၄
ဝေဒနာငါးမျိုးတို့၏ ပစ္စု- ပဋ္ဌာန်ကိုပြခြင်း [illegible]
ဝေဒနာစေတသိက် အမျိုးမျိုး ပြားပုံ [illegible]
ဝေဒနာစေတသိက်၏ အမည်သုံး အကြောင်း [illegible]
ဝေဒနာစေတသိက်၏ [illegible]
[illegible]
[illegible]
[illegible]
ဝေဒနာ[illegible]မျိုး
ဝေဒနာ[illegible]မျိုး[illegible] ရကာနုံခြင်း [illegible]
ဝေဒနာ[illegible] ပဋ္ဌာန်း [illegible] ၁၁၂

အက္ခရာစဉ် စာမျက်နှာ

[ ဝ ]

ဝေဒနာဖြစ်ခြင်းနှင့် ချုပ်ငြိမ်းခြင်း၏ အကြောင်းတရား ၁၀၀
ဝေဒနာ ၃-မျိုး ၇၁
ဝေဒနာ ၅-မျိုး ၇၂
ဝေဒနာ ၆-မျိုး၏ သရုပ် အဓိပ္ပာယ် ရှင်းလင်းချက် ၇၃-၇၆
ဝေဒနာ ၁၈-မျိုး ၈၄
ဝေဒနာ ၃၆-မျိုး ၈၅
ဝေဒနာ ၁၀၈-မျိုး ၈၉
ဝေဒနာရှုနည်း ပထမဂေလညသုတ် ၉၆-၉၉
ဝေဒနာသည် အရွယ်လိုက်၍ အားကြီး-အားသေးခြင်း ၆၈-၇၀
ဝေဒနာသည် ရှင်ဘုရင်နှင့် တူပုံ ၅၉
ဝေးကွာသောအရပ်၌ ကံ အကျိုးပေးနိုင်ပုံ ၂၀၇

[ သ ]

သံသဘေဒကကံ ၂၂၁
သံသရာစက်ခေါင်းကြီး ၂လုံး ၁၂၁-၃
သံသရာဘဝစက်ဝန်းလည်ပုံ ၁၂၁

အက္ခရာစဉ် စာမျက်နှာ

[ သ ]

သစ်တတရားစုကို ပြုပြင်စီမံတတ်သည့် တရား ၁၉၃
သင်္ခါရနှင့် စေတနာ ၁၉၃
သင်္ခါရနှင့် ဘဝအထူး ၁၉၅
သဘော်သူကြီးကတော်၏ ကံတရား ၃၁၃
သစ္စာနှင့်မိစ္ဆာ ၁၇၂
သစ္စာသညာနှင့် မိစ္ဆာသညာ ၂-မျိုး ၁၃၀
သညာ အထပ်ထပ် ရစ်ပတ် ပေွလိမ်ပုံ ၁၀၀
သညာ=အမှတ်ပြု၍သိခြင်း ၁၂၅
သညာ၏ အနီးကပ် အကြောင်း ၁၃၅
သညာ၏ ပစ္စုပဋ္ဌာန် ၁၃၄
သညာ၏ ပဒဋ္ဌာန် ၁၃၅
သညာ၏ ဝေးသော အကြောင်း ၁၃၇
သညာ၏ သဘော အကျဉ်းချုပ် ၁၃၃
သညာ၏ သဘောလက္ခဏာ ၁၂၅
သညာ၌ သံ-သဒ္ဒါ ၁၅၉
သညာက ပို၍မှတ်လေလေ ဝေဒနာက ပိုလေလေ ၁၇၆

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[သ]** | |
| သညာကို သီးခြားဟောခြင်း အကြောင်း | ၁၄၃ |
| သညာကို သိမ်းလျှင် ဒုက္ခ ငြိမ်းမည် | ၁၀၀ |
| သညာ ချုပ်ငြိမ်းစေနိုင်သည့် အကျင့် | ၁၄၄ |
| သညာ စေတသိက်၏ ဆောင် ရွက်မှု ကိစ္စ | ၁၃၁ |
| သညာတို့၏ အကျိုး | ၁၄၃ |
| သညာတို့၏ ချုပ်ငြိမ်းမှု | ၁၄၃ |
| သညာတို့၏ ထူးသောအဖြစ် | ၁၄၃ |
| သညာတို့၏ ဖြစ်ကြောင်း တရား | ၁၄၃ |
| သညာတို့ကို သိခြင်း | ၁၄၂ |
| သညာနှင့် ခန္ဓ ဒေသနာ | ၁၃၃ |
| သညာ,ပညာ,ဝိညာဏ် အသိ အထူး | ၁၂၇ |
| သညာ ပေ့ကြ ဒုက္ခဝေမည် | ၁၇၉ |
| သညာ,ဝိညာဏ်,ပညာ အဆုံးအဖြတ် | ၁၅၈ |
| သညာ, ဝိညာဏ်, ပညာ၌ အဋ္ဌကထာဋီကာတို့၏ အာဘော် | ၁၆၄ |
| သညာဝိပလ္လာသ၌ ကောသမင် ဥပမာ | ၁၇၄ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[သ]** | |
| သညာ ၄-မျိုး .... .... | ၁၄၁ |
| သညာ ၆-မျိုး .... .... | ၁၄၄ |
| သညာ ၇-မျိုး .... .... | ၁၄၆ |
| သညာ ၁၀-မျိုး .... .... | ၁၅၁ |
| သညာ ၁၁-မျိုး .... .... | ၁၅၇ |
| သညာ ၁၂-မျိုး .... .... | ၁၅၈ |
| သညာ ၁၀-မျိုး ပွားများ သော ဂိရိမာနန္ဒထေရ် | ၁၅၅ |
| သညာသည် တံလျှပ်နှင့်တူပုံ | ၁၆၅ |
| သညာသဘော ရှင်းလင်း ချက် | ၁၂၉ |
| သဒ္ဓေးကြီး နှလုံးသွင်း ကောင်းပုံ | ၄၅၁ |
| သတိနှင့် မနသိကာရအထူး | ၄၁၀ |
| သတိနှင့် သညာအထူး | ၁၃၁ |
| သတိပဋ္ဌာန်တရားနှင့် ဝေဒနာ | ၁၁၂ |
| သတိပဋ္ဌာန် လေးပါး | ၁၁၃ |
| သတိသမ္ပဇညရှိသူတို့ ဝေဒနာ ရှုပုံ | ၉၆ |
| သတ္တဋ္ဌာနိသုတ် (ခန္ဓဝဂ္ဂ- သံယုတ်) | ၁၀၂ |
| သတ္တဝါနှင့် သညာ | ၁၃၃ |
| သဒ္ဒါလွန်လျှင် ကွန့်သည် | ၃၅၆ |
| သန္တတိပစ္စုပ္ပန် ဇိဂံတိခြေ | ၃၉၅ |

| အက္ခရာစဉ် | စာမျက်နှာ |
| --- | --- |
| **[သ]** | |
| သန္နိဋ္ဌာပက စေတနာ= ပုဗ္ဗစေတနာ | ၂၀၅ |
| သဘောအားဖြင့် ပရွေ့ရှားပုံ (သမာဓိ) | ၃၂၃ |
| သောဏသညာ ၃-မျိုး ပွားများလျှင် ရအပ်သော အကျိုး ၇-ပါး | ၁၄၁ |
| သမထအမည်ကို ရခြင်း | ၃၄၀ |
| သမာဓိအကြောင်း အခြား အကြောင်းတရားများ | ၃၅၇ |
| သမာဓိအမျိုးမျိုး ပေါ်ပုံ များ | ၃၄၅–၃၅၀ |
| သမာဓိ၏ အကျိုးအာနိသင် ၅-မျိုး | ၃၅၉ |
| သမာဓိ၏ အမည်ထူးများ | ၃၄၀ |
| သမာဓိ၏ ဈာနင့် ရည်ပုံ | ၃၅၃ |
| သမာဓိ၏ တန်ခိုး | ၃၆၁ |
| သမာဓိ၏ ပစ္စုပ်မည်ပုံ | ၃၅၃ |
| သမာဓိ၏ သဘာဝဓာန သဘော | ၃၅၄ |
| သမာဓိက ပုဂ္ဂိုလ်ကို ဖြစ်စေနိုင်ပုံ | ၃၃၄ |
| သမာဓိကို ကူကောင်း ကြံပါကို | ၃၄၉ |

| အက္ခရာစဉ် | စာမျက်နှာ |
| --- | --- |
| **[သ]** | |
| သမာဓိနှင့် စုလစ်မွမ်းချွန် ဥပမာ | ၃၂၉ |
| သမာဓိနှင့် ထီးဖြူရှိဥပမာ | ၃၂၉ |
| သမာဓိနှင့်ပြည်ရှင်မင်း ဥပမာ | ၃၂၉ |
| သမာဓိမတူထောင်လျှင် အရှုးဖြစ်မည် | ၃၆၆ |
| သမာဓိ ပိဋကရတွက် | ၃၆၂ |
| သမာဓိသည်ဗောဇ္ဈင် အမည်ရပုံ | ၃၅၂ |
| သမာဓိသည်ဗိုလ်အမည်ရပုံ | ၃၅၂ |
| သဗ္ဗညုတဉာဏ်တော်ကိုပင် ပိဉာဏ်ကာ ရှေ့ဆောင် | ၁၆၃ |
| သဗ္ဗေ သတ္တာ အာဟာရဋ္ဌိတိကာ | ၁၁၁ |
| သမ္ဗောဓနကတကုသိုလ် | ၂၅၄ |
| သမ္ပတ္တဝိရတ(အကျိုးရသ) | ၃၃၂ |
| သမ္ပယုတ်တရားတို့ကို မြှုလ္လှင့်အောင်ပြုပုံ | ၃၂၅ |
| သယံကာရ ကုသိုလ် | ၂၅၄ |
| သဝိညာဏကနှင့် အဝိညာဏက | ၃၀၃ |
| သဝိပါကစေတနာ | ၁၂၆ |
| သဝိပါက စေတနာ ၂-မျိုး | ၁၉၇ |
| သသင်္ခါရိက | [illegible] |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[သ]** | |
| သက်ရှိနှင့်သက်မဲ့ | ၃၇၃ |
| သက်ရှိ သတ္တဝါတို့၏အသက် | ၃၇၁ |
| သင့်လျော်အောင်ရှုလုံးသွင်းပုံနှင့်ဥပမာအမျိုးမျိုး | ၄၂၇-၉ |
| သစ်ပင်က စကားပြောသလား | ၃၇၄ |
| သစ်ပင်တို့၌ ဇီဝိတိန္ဒြေ ၂ မျိုးလုံးမရှိ | ၃၉၀ |
| သစ်ပင်သည် သက်ရှိလော သက်မဲ့လော | ၃၇၃ |
| သတ်မှုဆိုင်ရာ၌ စိတ်ဖြစ်ပုံ | ၃၃၉ |
| သန်လျက်ခြောက်ပြီသည့် ဥပမာ | ၁၄၉ |
| သန်းကြီးသတ္တဝါဖြစ်ရရှာသော ရဟန်း | ၄၁၉ |
| သာတဝေဒနာ | ၇၁ |
| သာမညလက္ခဏာနှင့် သဘာဝလက္ခဏာ | ၂ |
| သာမာဝတီ၏ ဥပါသကာကို | ၂၇၉ |
| သာမာဝတီ၏ သမာပိ တန်ခိုး | ၃၆၅ |
| သာမိသ အဒုက္ခမသုခ ဝေဒနာ | ၇၃ |
| **[သာ]** | |
| သာမိသဒုက္ခဝေဒနာ | ၇၉ |
| သာမိသသုခဝေဒနာ | ၇၇ |
| သာယာအပ်သော တရားဟု ထင်ပုံ | ၆၀ |
| သာရတ္ထဒီပနီဋီကာ၏ သစ်ပင်၌ စိတ်မရှိ အဆုံးအဖြတ် | ၃၇၅ |
| သာဟတ္ထိက ကုသိုလ် | ၂၅၄ |
| သုက္ကသုက္ကဝိပါကကံ | ၂၆၉ |
| သုခနှင့်ဧကဂ္ဂတာဈာန် | ၃၃၆ |
| သုခပဒဋ္ဌာန် | ၃၄၅ |
| သုခဝေဒနာ အချင်းချင်း အဆင့်အတန်းကွာခြားပုံ | ၁၀၀ |
| သုခဝေဒနာနှင့်သောမနဿဝေဒနာဖြစ်ပုံ | ၅၀ |
| သုခဝေဒနာနှင့် သောရေယျသူဌေးသား | ၅၅ |
| သုခသည် ဧကဂ္ဂတာ၏ အနီးကပ်အကြောင်း | ၃၃၆ |
| သုခသည် သမာဓိ၏ နီးစွာသော အကြောင်း | ၃၃၀ |
| သုက္ခနှင့်ဧကဂ္ဂတာနှင့် အဘိဝဍ္ဎာ ဧကဂ္ဂတာ | [illegible] |
| သုမင်္ဂလခေါ် သာရေးကြီး သည် | [illegible] |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [သ] | |
| သူမန ပန်းသည်နှင့် စေတနာသုံးတန် | ၂၀၂ |
| သူခိုးက သဌေးအား တောင်းပန်ခြင်း | ၄၅၃ |
| သူတပါး အလှူ၌ မကြည်သာသော အကျိုး | ၄၃၆ |
| သူတို့ သုံးဦး၏ ဆန်းကြွယ်သော ကံတရား | ၃၁၃ |
| သေကံမရောက် သက်မပျောက်သူ ၂-ဦး | ၃၁၅ |
| သေခါနီး ဆုတောင်း မကောင်းပုံများ | ၄၄၆–၇ |
| သေခါနီး အောက်မေ့သောကံ | ၂၂၄ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [သ-ဟ] | |
| သေခါနီးရှင်ပြု | ၄၄၁ |
| သေသူကို ရှင်အောင် ကြိုးစားသူ | ၃၁၂ |
| သောတဒွါရ၌ ဖြစ်သောဖဿ | ၁၄ |
| သောတသမ္ဖဿနှင့် ပုဏ္ဏက နတ်ဘီလူး | ၂၅ |
| သောတာပန်ဖြစ် ရန် အကြောင်း ၄-မျိုး | ၄၃၇ |
| သောတာပန် ဖြစ်သွားသော ခါးပိုက်နှိုက် | ၄၃၂ |
| သောရေယျသဌေးသားနှင့် သုခဝေဒနာ | ၅၅ |
| သားဦးယောက်ျားရလို၍ ဥပုသ်စောင့်ခြင်း | ၄၄၂–၄ |
| ဟဒယဝတ္ထုကို မှီသော နာမ်ဇီဝိတိန္ဒြေ | ၃၉၄ |


မှတ်သားဖွယ်အက္ခရာစဉ်အညွှန်း ပြီးပြီ။

ပ-မ-သ-စ ၁၄၁—၂၃-၄-၇၄—၅၀၀၀-အုပ်။ (၂)